ဆရာထွန်း(တန်ခိုးရှာ)

# ဥဒိန္နရတု ကဗျာ



## ပဉ္စမအခန်း–အစနိဒါန်း

လောကီသိပ္ပ၊ ဣစ္ဆိတနှင့်၊ တိက္ခမန္တာ၊ ဉာဏ်နှစ်
ဖြာတွင်၊ ပန္နာကိစ္စ၊ နိသ္သယဖြင့်၊ သိပ္ပတခု၊
စိတ်ကပြုဘို့၊ သမုစိန်မြ၊ ဉဒိန္နဟု၊
သာဒကဝတ္ထု၊ ဖြစ်ပျက်မှု
ကို၊ ရှေ့ဦးတလီ၊ ကပျာ
ညွှင်းဟု၊ သာခြင်း
စီ၍၊ချိုအီ
သာယာယခုခါ
၌၊ သညာပျန့်ပျ၊ မောင်
အောင်သာဦးက၊ ရတုသာယာ၊ နက
ပျာဖြင့်၊ ခုတခါစီရင်ရုံ၊ အကြောင်းပြန်ပြီး
လျှင်၊ တောင်းပံကာ တိုက်တွန်း၍ ဆရာထွန်းဂဝိ
စိန္တာသည်၊ အသိအလိမ္မာ၊ ဗဟုသုတ–ပြုကြံရုံ၊ ယခု
ဒိဋ္ဌစီရင်ပြုလိုက်သော၊ အနုပီယ–ဥပမာကဲ့သို့သာ

# ဉဒိန္နရတုကဗျာ

စာရေးသူ ။ ။ တန်းခိုးရှာ၊ ဆရာထွန်း
စာအုပ်ရှင် ။ ။ မူပိုင် စစ်တွေမြို့ ဦးအောင်ထွန်းဦး

အခွင့်မရှိဘဲ ကူးယူပုံနှိပ်ထုတ်ဝေခြင်းမပြုရ။

# စကားချီး

လူမျိုးတစ်မျိုး၏ ယဥ်ကျေးတိုးတက်မှု ဘဝသရုပ်ကို ရေးသားကြရာတွင် ရေးသားကြသော၊ စာပေပညာအဆင့် အတန်းကို အကဲခတ်ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်ဟု ကမ္ဘာ့ပညာရှိကြီးများက မှတ်ချက်ချကြလေပြီ။

ထို့ကြောင့် ကျွန်တော်တို့ ရှေးရခိုင် စာဆိုတော် ပညာရှိကြီးများဖြစ်ကြသော ဥက္ကါပျံ၊ မဟာပညာကျော် အမတ်ကြီးများနှင့် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်လောက်က ထွက်ပေါ်လာခဲ့သော တန်းခိုးဆရာထွန်းစသော စာဆိုတော် ပညာရှိကြီးများသည် ရခိုင် ပျို့,ကဗျာ,လင်္ကာ,သာခြင်းတို့ဖြင့် ရခိုင်လူမျိုးတို့၏ ယဥ်ကျေးတိုးတက်မှု ဘဝသရုပ်ကို ဖော်ထုတ်ခဲ့ကြသဖြင့် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအထိ၊ ကျေးလက်တောရွာများနှင့်တကွ၊ ရခိုင်ပြည်အရပ် ရပ်တွင် နွားထိမ်း၊ ကျွဲကျောင်း၊ လောင်းစီးဖောင်မျှော၊ စာရေးစာချီ၊ ကုန်သည်၊ ပွဲစား၊ လယ်သမားပါမကျန် ရခိုင်ပီပီ၊ ရခိုင်ပျို့,ကဗျာ,လင်္ကာ သာခြင်းတို့ကို နှစ်ချိုက်စွာ ဘတ်ရှုကြပြီး မိမိတို့ဘဝ ပျော်ရွှင်မှု ချမ်းသာသုခကို ခံစားခဲ့ကြသော်လည်း ဒုတိယကမ္ဘာစစ်ကြီး မီးတဟုန်းဟုန်းတောက်ပြီးနောက် တိုင်းပြည်မငြိမ်မသက် စီးပွားရေးလည်း ပျက်ခဲ့ကြသဖြင့် နောက်ထပ် ဆက်လက်ကာ စာမူများကို မရိုက်နှိပ်နိုင်ကြတော့ဘဲ၊ ရှေးရခိုင် ပျို့,ကဗျာ,လင်္ကာ,သာခြင်းတို့မှာ ကွယ်ပျောက်လုနီးပါးဖြစ်နေသောကြောင့် ရှေးခေတ်ကကဲ့သို့ ရခိုင်သာခြင်းများကို ဘတ်ရှုသူများ၊ တဖန်များပြားလာစေရန် ကိုလည်းကောင်း၊ နှောင်းတခေတ် ရခိုင်စာဆိုတော်ပညာရှိကြီးများနှင့်၊ တန်ခိုးဆရာထွန်းတို့ပြုစုခဲ့ကြသော လက်ရာများ မပျောက်ပျက်စေရန်ကိုလည်းကောင်း၊ နှောင်းတခေတ် ရခိုင်စာဆိုတော်ပညာရှိများ ပြန်လည်ပေါ်ပေါက်လာစေရန်ကို လည်းကောင်း၊ ရည်ရွယ်လျက်၊ ကျွန်တော်သည် စီးပွားရေးကို ပဓါနမပြုဘဲ၊ ကြေးငွေအကုန်အကျခံပြီး ရှာဖွေစုဆောင်း လျက်၊ကျွန်တော်တစ်ဦးတည်း မူပိုင်အဖြစ် စာအုပ်များကို စက်တင်ပုံရိုက်ကာ အဘိုးနှုန်းချိုသာစွာဖြင့် ဖြန့်ချီရောင်းချ လိုက်ပါကြောင်း။

# ဥဒိန္နရတု။

## ရှေးဦးအစ–ပဏာမ။

### နမောတဿ ဘဂဝတော အရဟတော

### သမ္မာသမ္ဗုဒ္ဓဿတိ၊

မြတ်မင်္ဂလာ၊ ရတနာသုံး၊ အမြတ်ဆုံးတွင်၊ နှုံးမတုအပ်၊ သာတုလွတ်ဟု၊ မြတ်ဦးရှောင်၊ သုံးရပ်ဘောင် ခေါင်မကိုင်နှိုး၊ မန္ဓတ်စကြာ၊ နတ်ပြဟ္မာတို့၊ ကေသာဦးထိပ်စိုက်သား၊ တုမရာဇ်ထွတ်မှန်ဂူ၊ သင်သူကြားသူ၊ ညွှန်သူမရှိ၊ ကိုယ်တိုင်သိသည်၊ မုနိသယမ္ဘူဟု၊ စံမတူဘက်မမျှ၊ အဂ္ဂေါပုဂ္ဂလံ၊ အာရဟံသည် ကိုးတန်ဂုဏ်နဝနှင့် သုံးလောကမာရဇိန်၊ သဗ္ဗညုတ၊ တုမမျှသည်၊ လုဘမြတ်မုနိန်အား အကြိမ်ကြိမ် ပဏာမ၊ ကာယဝဇီ၊ မနောညီသည်၊ သုံးလီဦးနှိမ်ချ၍၊ ဝေနေယျနတ်နှင့် လူအပယာဒုက္ခ၊ ဘေးသယမှ၊ ကယ်မ-ထုတ်ဆောင်ယူ၍၊ ပြည်နိဗ္ဗူပို့ဆောင်တတ်၊ သုတ္တံဝိနယာ၊ ဘိဓမ္မာဟု၊ သုံးဖြာပရိယတ်နှင့်၊ ပိဋကတ်မြတ်ကျမ်းဂန်၊ ပရမတ်သဘော၊ မြတ်ဘုရား၏ တရားဓမ္မခံအား ကာယကံနှုတ်ဝဇီ ကိုယ်ရော၊ နှုတ်ရော၊ စိတ်မနောသည်၊ သုံးပါးအဥ္ဇလီဖြင့်၊ တင်ချီကာပဏာမ၊ တကြိမ်နှစ်ကြိမ်၊ ဆံဦးနှိမ်သည်၊ သုံးကြိမ်ရှိဦးချ၍ မြတ်ဗုဒ္ဓသားသယ်ာ၊ ဧကေသတ၊ ပဥ္စထဟဿ၊ စ-မကျန်အောင်၊ ရွံ့ညွှန်ကိလေသာအား တိချွေကာကြွင်းမဲ့သတ်၊ သမုစ္ဆေဒ၊ ပဟံစသည်၊ ပယ်ချအလုံးဖြတ်၍၊ အရဟတ်မြတ်လမ်းရှာ၊ လေးဖြာမဂ္ဂဋ္ဌာန်ဖလဋ္ဌာန်သည်၊ ရှစ်တန်အရိယာနှင့်၊ ကျင့်သိက္ခာဖြူစင်လှ၊ မင်္ဂဉာဏ်ဖိုလ်ဉာဏ်၊ မဆက်ဆံလည်း၊ ပုထုဇန်ကလျာဏအား၊ ပဏာမရိုသေစွာ၊ ဘုရားရှင်တော်၊ သားသယ်ာကို ပူဇော်ဦးချခါဖြင့်၊ နှိုင်းရှိုင်ရာမရ၊ မေရုဗဟိုလေးရောင်စိုသည် မြင်းမိုရ်ထက်မကတည်း။ မိနှင့်ဘဇရိယာ အနန္တဂုဏ်၊ ကျေးဇူးတုံကို၊ အာရုံပြုပြီးခါမှ၊ ရိုသေစွာ သက္ကစ္စ။ အဥ္ဇလီကမ္မာ၊ ဝန္ဒနာကေ၊ ပန်ထွာပြုပြီးမှလျှင် ဥဒိန္နဝတ္ထုကို၊ လင်္ကာရတု၊ သာယာမှုဖြင့် ယခုစီကုံးဆိုပိမ့်၊ စိတ်ကြည်ညိုပသန္န။ မိဘဆရာ၊ ရတနာအား ပူဇာကုသလကြောင့်၊ နတ်မေလှ-ရသူဒီ၊ ပဏာမက၊ နိဂုံးကျအောင်၊ စောင်မ-ကပ်ခါမှီလော၊ နှုတ်ဝဇီထုတ်ချီဟ၊ ချေးဖွဲ့ရေးနှုံး၊ ရှေးနည်းထုံးဖြင့်၊ စီကုံးကျွန်ုပ်ပြဆံ့၊ ဥဒိန္နရတုကို၊ နည်းနာကျကျ တွေးကာဆ၍ ကြည်မြနှုတ်သံချိုနှင့်၊ နည်းနာကိုလိုသူများ၊ ဗေပြည်သူ၊ လွယ်တကူလျှင်၊ ဝယ်သူဘတ်လေသော်ဝ်။

အလွယ်တကူ၊ ရွှေပြည်သူတို့၊ ဝယ်ယူဘတ်ကြ၊ ဥဒိန္နကို၊ ကုံးပြစီမည် ရှေးလွန်လေများမကြာ ကာလမြင့်ညောင်းထွက်စစ်ရှောင်းသော်၊ နှစ်ပေါင်းနှစ်ထောင်ကျော်က၊ မဇ္ဈိမာခေါ် သမိုက်၊ ဇမ္ဗူဒီပေ၊ ကျွန်းသပြေတွင်၊ အလယ်ဗဟိုရ်တိုက်၌၊ ထီးနန်းစိုက်မင်းစဉ်လာ၊ ရာဇာ့ဌာနီ၊ ကောသမ္ဗီဟု၊ သိင်္ဂီတိုင်းအောင်ချာကို၊ ချုပ်အာဏာပိုင်စိုးရ၊ ကြီးလှဘုန်းကံတန်ခိုးသန်သည်၊ ပူရံမင်းတပ္ပဟု၊ ဘွဲ့နာမသတင်းကျော်၊ ဆယ်ဖြာဒသ၊ သင်္ဂဟဟု၊ ရာဇမြတ်ဓမ္မာနှင့်၊ မြဲမကွာယွင်းမမှား၊ ကြီးငယ်မဟူ၊ တိုင်းပြည်သူကို၊ သည်းအူရင်၌ သားသို့၊ ချစ်သနားလွန်ကြင်နာ၊ တရားသဖြင့်၊ မမှားသင့်အောင်၊ မင်းကျင့်ညီအညာနှင့်၊ ချုပ်အချာအုပ်ခါစိုး၊ ကြာနှင့်ရေတူ၊ ရွှေပြည်သူအား၊ ထီးဖြူဖြန့်ကြက်မိုး၍ ကြီးတန်ခိုးစိုးစံပျော်၊ တရာ့တစ်ပါးမင်းအများတို့၊ ဆက်ငြားဖူးဘဏ္ဍာဖြင့်၊ နန်းသိင်္ဂါဘုံဗိမာန်၊ ညာမဟေသီ၊ ကေသဏီဟု၊ ဒေဝီတောင်နန်းစံနှင့်၊ မိုယ်းနတ်ဟန်ပုံတမျှ၊ ပတ္တမြားသလွန်၊ ဆောင်ကြာယံမှာ၊ မောင်နှံတူတကွလျှင်၊ သောလဿသဟဿ၊ မှူးပေါင်းမတ်ပေါင်း၊ ခဝတ်ညောင်းသည်၊ တသောင်းခြောက်ထောင်ရံလျက်၊ ညီလာခံမှန်မပျက်၊ သီဟာသန၊ အမည်ရသည်၊ ရာဇပလ္လင်ထက်က၊ ထီးကနက်ဖြန့်ကြက်ကာ၊ တိုင်းရေးပြည်ရေး၊ နိုင်ငံရေးကို၊ ဆွဲနဲ့စီမံကာဖြင့်၊ ရှေးစဉ်လာမင်းတို့နှုံး၊ ရာဇဝတီ၊ အညီ ထိုကျင့်ထုံးဖြင့်၊ လက်ကာသုံးမြဲမကွာ၊ လှဆင်းရွှေညီ၊ ကေသနီသည်၊ ဒေဝီတောင်နန်းညာနှင့်၊ တူစုံပျော်နေကြငြား၊ ထက်မိုးအာကာ၊ ဝတီသာဝယ်၊ ဣန္ဒာနတ်သိကြားသို့၊ ပျိုတော်များငါးရာရံ၊ မဂ္ဂင်လှိုက်ဖွင့်၊ ခုနှစ်ဆင့်ကော၊ နန်းမြင့်ဘုံဗိမာန်၌၊ တူမောင်နှံ ပျော်စံကြ။ လောကီချမ်းသာ၊ စံစားကားဖြင့်၊ မြင့်ကာသမယတွင်၊ တောင်နန်းမလှဒေဝီ ကြင်ရာမြောက်သား၊ လကျ်ာထားသည်။ မိဖုရားမဟေသီဟု၊ ကေသနီဒေဝီလှ၊ ပဋိသန္ဓေငြိကာတည်၍၊ ရေကြည်ကလလဖြင့် ပဌမသတ္တာယံ၊ ဒုတိယက၊ တတိယနှင့် စတုတ္ထပဥ္စမ၌၊ ရုပ်နှင့်နာမ်မကွာ၊ ဟတ္တပါဒ၊ခေါင်းသီသဟု ခက်မ ငါးဖြာပေါ်၍၊ ရင့်သံမာတဖြည်းဖြည်း၊ ဆယ်လ၊ သို့ကြိမ်၊ မဘွားမှီကို၊ ဝရဇိန်ကြောင် မျက်ရွဲသို့၊ ထိုကြောင်းရေးခြင်းရာကို ၊ ငယ်ကြင်မျောက်သား၊ လင်ယောကျ်ားအား။ လျှောက်ကြားပြောကာဆိုကာ၊ ညာနန်းခိုလှမဟေ။ သားပဋိသန်ရှိတုံပြန်၍၊ ကိုယ်ဝန်စွဲကပ်တည်က၊ ထိုင်းအနေသွားအလား၊ စားသောက်အိပ်နေ၊ သိမ်မွေ့စေဟု၊ မဟေမိဖုရားကို၊ လင်မင်းဖျားမိန့်တော်ထွေ၊ခြွေရွှစောင့်ကြပ်၊ ညည့်မလပ်အောင်၊ နောက်ထပ်ပေးတုံလေ၍ နန်းရဝေဆောင်တော်မှာ၊ ဟင်းသာဝမ်းဘဲ၊ မောင်နှံကဲ့သို့၊ အမြဲနေစံပျော်သည်၊ တောင်ညာဒေဝီနှင့်ထေ။

## (၁) တောင်ညာဒေဝီ–မဟေသီဟု၊ ကေသနီတွင်၊ ဆောင်ကြာရှင်ကို၊ ငှက်ဆင်သုတ်စန်း။

၁။ ။တောင်ညာနန်းမ၊ အစိုးရသည်၊ လှဆင်းညီ၊ ကေသနီအမည်ရ၊ ငါးပါးအင်္ဂါ၊ ညီညွတ်စွာသည်၊ သူဇာနတ်မိန်းမသို့စေ့ဆယ်လ-ပဋိသန်၊ မြင်တွားမည်ချက်၊ စစ်ရေတွက်သော်၊ နေ့ရက်မျှသာသာကျန်၏။ မြောက်လေပြုံတမြမြ၊ ဆီးနှင်းဝေလျှံ၊ သီတလွန်သည်၊ ဟေမန်သမယဟု၊ မကရာဖုသျှ-လ-ရာသီပြာသိုခေါ်ကြ၊ ထိုမာသသည်၊ ချမ်းမြမ့်ရိရိဖြင့်၊ ညာဒေဝီ မိဖုရားသားမွေးကမ္ဗလာ၊ နီတျာကို၊ ကိုယ်မှာလွှမ်းခြုံငြား၍၊ ပျိုတော်များ ခ-ညောင်းရန်၊ နန်းမြကြာညောင်၊ လသာဆောင်တွင်၊ နေရောင်၊ ဝင်းဝင်းခံ၍။ ခါတရံစံနေခစ်၊ ဟတ္ထိလိင်္ဂ၊ ခေါ်ဆိုကြသည်။ သကုဏငှက်ဆင်စစ်လျှင်၊ မိုးတိမ်တိုက်ထက်အာကာ၊ နေပျော်စံမြဲ။ ဟေဝန်ထဲက၊ ပျံမြဲအစာရှာ၍၊ ရှုကြည့်မျှော်ထိုခါတွင်၊ မိဖုရားချုံဝတ်၊ သက္ကလပ်ကို၊ နီတွတ်ရဲရဲမြင်၍၊ သားတစ်သွင်ထင်မှတ်နိုး၊ အကြင်ဥပမေ။ ကြက်သငယ်ကို၊ စွန်ဝယ်သုတ်ချီထိုးသို့၊ ပျံငုတ်ရှိုးသုတ်ထိုးလေ၊ တနန်းလုံးသား၊ ပျိုတော်များတို့၊ ကြောက်ငြားထိတ်လန့်ထွေဖြင့် ပြင်းစွာသည်ငိုကျွေးဘိ။ ဖရိုဖရဲ။ ဝင်ထွက်ပြေးသည်။ ကိုယ်လေးလက်ဝန်ရှိ၍၊ မိဖုရားပါတုံလေ၊ ပျံစဲကောင်းကင်၊ အာကာပြင်ကို၊ ငှက်ဆင်တက်တုံလေက၊ များခြွေရွှေဟိုက်ကျွေးကျော်၊ ပူရဲတပ္ပမည်နာမနှင့်၊ လင်လှမင်းရာဇာလည်း။ နေရာတော်ပလ္လင်က ဝတ်စားတန်ဆာ မစစ်ပါသည်၊ ကေသာဆံဖါးရာ့နှင့် မှူးမတ်များလူတကာ၊ အရေးတကြီး၊ လက်ခုတ်တီး၍ ခြောက်ခြိမ်းဟောတုံပါ၏၊ ထိုအခါ တပြိုင်နက်။ တစ်ယောက်မကျန်၊ ဟောကြပြန်သည်။ အသံအုပ်အုပ် ကျက်မျှထက်အပေါ်ရှုမျှော်ငြား။ ဟောကြစည်တွင်၊ ကြည့်မမြင့်သည်၊ ပေးခွင်တိမ်ကြားသို့၊ ရောက်လေငြားတုံသောခါ၊ မောင့်မှာဂမုံး။ ဒါလီကုန်းလို။ အဆုံးချ-တုံပါ၏။ ရှေးကြမ္မာကြောင်းရင်းစ၊ အလှလွှမ်းကြင်၊ တောင်နန်းရှင်ကို၊ ငှက်ဆင်ချီကာလ ၌။ လင်မင်းလှမကြံသာ၊ ဆင်ပြောင်ငါးစီးခွန်အားပြီးသည့်၊ ငှက်ကြီးဆောင် လေပါက၊ ရတနာရွှေဘုံနန်း၊ မောင်းမများစွာ၊ အပျိုတော်တို့ မျက်နှာမရွှင်လန်းဘဲ၊ လွန်ညိုးနွမ်းစိတ်ပူဆာ၊ ကြော် တို့ရှင်မ။ ထိပ်တင်လှဟု၊ တ-သငိုကြပါ၏။ ငါတို့မှာ တောင်နန်းရှင်၊ ဇောင်ပင်ကံဆိုး၊ ဇာဒါညိုးလို့၊ ခိုကိုးရာမမြင်ခဲ၊ ယခုတွင် ငှက်ဆင်ထိုး၊ ရှေ့ကပြုကံ၊ ကုသလံလေ၊ ဘယ်ကံဘယ်အကျိုးလိမ့်၊ မဟာမျိုးမဟာဆီ၊ ဒါလီပတ္တမြား၊ ရွှေရင်သားကို၊ မြင်တွားလုပါပြီတည်း၊ ရက်နာရီကြွင်းကာကျန်တို့ရှင်မင်းဖျား၊ မိဖုရားမှာ၊ ရင့်သောသားကိုယ်ဝန်နှင့် ပဋိသန်ရှိပြန်ခစ်၊ လေဖျံဆောင်သွေး၊ နန်းတော်ထဲမှာ၊ ချမ်းအေးသည်အဖြစ်ကြောင့်၊ ရှင်မ-ချစ်နေဆာလှုံ၊ ကာသိန်မြို့တိုင်း၊ ပုဆိုးပိုင်းကို၊ ရစ်ပိုင်းကိုယ်ပေါ်ချုံလျက်၊ ရွှေဘုံမှာနေလှုံခစ်၊ မဆွေမရာ။ ဝဲပျံသာ၍၊ မိစ္ဆာငှက်ဆင်မိုက်လျှင်၊ ဘာဇာဖြစ်ထိုးသုတ်ချီ၊ ညာတောင်စိုးရ တို့ရှင်မသည်၊ အလှကေသနီဟု၊ မဟေသီပါလီရ၊ ၊ငါတို့မကျန်၊ စိုးပူပန်သည် သိပ္ပံတို့ရှင်မလေ။

၂။ ။ထိပ္ပ'ရှင်မ၊ မမြင်ရဟု၊ တ-သကာ၊ ရံပျိုတော် ငါးရာလုံး၊ ညာနန်းရိပ်ခို၊ လှပြာညိုကြောင့်၊ ငိုယိုလွမ်းမဆုံးတည်း၊ တအုံးအုံး တညံညံ၊ မရာမထိုက်၊ တောမြိုင်တိုက်က၊ ငှက်မိုက်တိရစ္ဆာန်လျှင်၊ ဝဲကာပျံလာတုံငြား၊ ငှက်တို့ဘာသာ၊ စားစရာသည်၊ သူမှာအစားသျှားသို့၊ မဲသားငါးထို့အတူ၊ ပြေးပုံးမလွတ်၊ ဟုံးဟုံးခတ်၍၊ ထိုးသွတ်ဆောင်ကာယူလျက်၊ ညာနန်းသူတို့ ငှက်ဆင်လမ်းတွင်သေ၊ လှမောက်တော်လေ၊ တောင်ညာထွတ်တိရစ္ဆာန်၊ တို့လက်တံသို့၊ တောင်ဖန်ပေါင်းပေါင်းကျိုး၍ ခေါင်းစောက်ထိုးချ-မနေ၊ မြေကမ္ဘာမှာ၊ သေကာကျပါစေတည်း။ တချို့ဝယ်ငိုမည်ကျွေး၊ နေလကိုခေါ်၊ တိုင်ပြီးခါမှ၊ ကျိန်ကာဤသို့ ဆဲ၏။ ဖွဲယောင်ခါပြာရောင်လွှင့်၊ လက်နှင့်ဆွဲငင်၊ ခေါင်းဆံပင်တောင်လက်ပြတ်လို့၊ ငှက်သွတ်သေပါစေတည်း။ ငါးတို့နှယ်ပုံမဝေး။ ရန်သူမတော်၊ ငှက်ဆင်မှာလည်း၊ မှန်စွာဖော်နှင့်ကွဲ၍၊ ခါမမြဲ ကွဲလေစေ၊ ငိုလည်းငိုလျက်။ ဆယ်ချောင်းလက်ကို၊ ချိုးလျက်ကျိန်ဆဲထွယ်ဖြင့်။ စံရဝေရွှေနန်းတွင်၊ ရံရွယ်မောင်းမ၊ ဟူသမျှကိုပြသသွန်ကာသင်၍ အစ်မ-သွင်မိခင်မျှ၊ တနန်းလုံးတွင် အထွတ်တင်သည်။ တို့ရှင်ဘောင်နန်းမနှင့်၊ ကွဲခဲ့ရတို့များစွာ။ ရှည်ကြာဝေးလှ၊ မမြဲကြအောင်၊ ဘဝသံသရာက၊ မြတ်လှုဒါကုသလ။ စိတ်ထားမဖြူ။ ဘုရားဂူမှာ။ ဆုယူမကောင်းခဲ့၍၊ ကွဲကွာရကြတုံကျင်၊ အထင်ထွင်းယုတ်၊ ငှက်ဆင်သုတ်သည်။ ထိုသို့မဟုတ်ကျင်လည်း၊ အကြင်လူသူတထုး၊ စပ်ကြားနှစ်ထွင်၊ ကုန်းချောဝင်လို့၊ တို့လျှင်ဖျက်ခဲ့ဘူး၍၊ ထိုကျေးဇူးကံကြမ္မာအကြောင်းယခုမကောင်းမှုလျှင်၊ ယခုထက်ကြပ်ပါလျက်၊ ငါတို့မှ တူတကွ၊ ချစ်လျက်နှင့်သာ၊ မမြဲပါဘဲ၊ ကွဲကွာတုံခဲ့ရ၍ တို့ရှင်မ ရုပ်ပိုင်ပြင်၊ အမွေကိုမျှ၊ မမြင်ရဟု ဂမ္ဘပေါင်းများဖျင်တို့၊ လွမ်းပူပင်တတတ၊ မစဲအသံ၊ ငိုကြပြန်ကော၊ ပူရံမင်းထပ္ပက တောင်နန်းမ လှဒေဝီ၊ လက်ရှိတရား၊ သတိထားလည်း၊

မိဖုရားကေသနီကြောင့်၊ ဖြေမဆီနိုင်ပါဘဲ၊ ဗျာပါလွမ်းဆူ၊ ညာနန်းသူကြောင့်၊ လွမ်းပူရှိန် မခဲတည်း၊ အူအသည်းဆွဲလှိုက်ဖို မှိုင်းကာထိုင်ညီး၊ ဖျိုင်ဖျိုင်စီး၍ မင်းကြီးဤသို့ငို၏။ ဤပြည်ကို အစိုးရ။ သမဒန္တေလာ ငါရာဇာမှာ၊ ကံတော်ဆိုးကေ၊ အကျိုးပေမလှ၍ တီးတိုးဘ-ရိပ်အရာမီး-ရှစ်စင်းချုပ်။ ယွင်းမယုတ်အောင်၊ မင်းလုပ်ခဲတုံပါလည်း။ ရင်သည်းချာတစ်ယောက်မျှ၊ ကြဌန်းရေယျန်၊ နန်းမွေခံလေ၊ ဇကံသင်းမရ၍ ကုသလပြုကြပြန်၊ သားကောင်းရမျှခံကြောင်းပြုလျက် တောင်းဆုညာနန်းစံက ပဋိသန်ရှိပြန်ငြား၊ မွေးဘမွေခံ၊ နန်းဝေယျံမှား။ ပြည်တန်သားယောကျ်ားကို၊ တောင်ညာထား မထွားမှီ၊ ငှက်ဆင်ကြမ်းကြုတ်၊ အကျိုးယုတ်အောင်။ ယူသချီသည်။ ဒေဝီတောင်နန်းမ-လေး။

ဖြူဆွဖြူဆွဖြူဆွဖြူဆွဖြူဆွဖြူဆွဖြူဆွဖြူဆွ

## (၁) တောင်ညာဒေဝီ–မဟေသီဟု၊ ကေသနီတွင်၊ ဆောင်ကြာရှင်ကို၊ ငှက်ဆင်သုတ်စန်း။

၁။ ။တောင်ညာနန်းမ၊ အစိုးရသည်၊ လှဆင်းညီ၊ ကေသနီအမည်ရ၊ ငါးပါးအင်္ဂါ၊ ညီညွတ်စွာသည်၊ သူဇာနတ်မိန်းမသို့ စေ့ဆယ်လ-ပဋိသန်၊ မြင်တွားမည်ချက်၊ စစ်ရေတွက်သော် နေ့ရက်မျှသာသာကျန်၏။ မြောက်လေပျံ့ တမြမြ ဆီးနှင်းဝေလျှံ၊ သီတလွန်သည်၊ ဟေမန်သမယဟု၊ မကရာဖုသျှ-လ-ရာသီပြာသိုခေါ်ကြ၊ ထိုမာသသည်၊ ချမ်းမြမှုံရီရီဖြင့်၊ ညာဒေဝီ မိဖုရားသားမွေးကမ္ဗလာ၊ နီတျာကို၊ ကိုယ်မှာလွှမ်းခြုံငြား၍ ပျိုတော်များ ခ-ညောင်းရန်၊ နန်းမြကြာ ညောင်၊ လသာဆောင်တွင်၊ နေရောင်၊ ဝင်းဝင်းခံ၍ ခါတရံစံနေခစ် ဟတ္တိလိင်္ဂ၊ ခေါ်ဆိုကြသည်။ သကုဏ ငှက်ဆင်စစ်လျှင်၊ မိုးတိမ်တိုက်ထက်အာကာ၊ နေပျော်စံမြဲ၊ ဟေဝန်ထဲက၊ ပျံမြဲအစာရှာ၍၊ ရှုကြည့်မျှော်ထိုခါတွင်။ မိဖုရားချုံဝတ်၊ သက္ကလပ်ကို၊ နီတွတ်ရဲရဲမြင်၍၊ သားတစ်သွင်ထင်မှတ်နိုး၊ အကြင်ဥပမေ။ ကြက်သငယ်ကို၊ စွန်ဝယ်သုတ်ချီထိုးသို့၊ ပျံ့ငုတ်ရှိုးသုတ်ထိုးလေ၊ တနန်းလုံးသား၊ ပျိုတော်များတို့၊ ကြောက်ငြားထိန့်လန့်ထွေဖြင့် ပြင်းစွာသည်ငိုကျွေးဘိ။ ဖရိုဖရဲ။ ဝင်ထွက်ပြေးသည်။ ကိုယ်လေးလက်ဝန်ရှိ၍ မိဖုရားပါတုံလေ၊ ပျံစဲကောင်းကင်၊ အာကာပြင်ကို၊ ငှက်ဆင်တက်တုံလေက၊ များခြွေရွှေဟိုက် ကျွေးကျော်၊ ပူရဲတပ္ပ မည်နာမနှင့် လင်လှမင်းရာဇာလည်း။ နေရာတော်ပလ္လင်က ဝတ်စားတန်ဆာ မစစ်ပါသည်။ ကေသာဆံဖါးရာ့နှင့်၊ မှူးမတ်များ လူတကာ၊ အရေးတကြီး၊ လက်ခုတ်တီး၍ ခြောက်ခြိမ်းဟောတုံပါ၏။ ထိုအခါ တပြိုင်နက်။ တစ်ယောက်မကျန်၊ ဟောကြပြန်သည်။ အသံအုပ်အုပ် ကျက်မျှ၊ ထက်အပေါ်ရှုမျှော်ငြား။ ဟောကြစည်တွင်၊ ကြည့်မမြင်သည်။ ဝေးခွင်တိမ်ကြားသို့၊ ရောက်လေငြားတုံသောခါ၊ မောင့်မှာဂစုံး။ ဒါလီကုန်းလို။ အဆုံးချ-တုံပါ၏။ ရှေးကြမ္မာကြောင်းရင်းစ၊ အလှလွမ်းကြင်၊ တောင်နန်းရှင်ကို၊ ငှက်ဆင်ချီကာလ၌။ လင်မင်းလှမကြုံသာ။ ဆင်ပြောင်ငါးစီးခွန်အားပြီးသည့်။ ငှက်ကြီးဆောင်လေပါက။ ရတနာရွှေဘုံနန်း၊ မောင်းမများစွာ၊ အပျိုတော်တို့ မျက်နှာမရွှင်လန်းဘဲ၊ လွန်ညိုးနွမ်းစိတ်ပူဆာ၊ ကြော် တို့ရှင်မ။ ထိပ်တင်လှဟု၊ တ-သ ငိုကြပါ၏။ ငါတို့မှာ တောင်နန်းရှင်၊ ဇောင်ပင်ကံဆိုး၊ ဇာဒါညိုးလို့၊ ခိုကိုးရာမမြင်ခဲ့၊ ယခုတွင် ငှက်ဆင်ထိုး။ ရှေ့ကပြုကံ၊ ကုသလံလေ၊ ဘယ်ကံဘယ်အကျိုးလိမ့်၊ မဟာမျိုးမဟာဆီ၊ ဒါလီပတ္တမြား၊ ရွှေရင်သားကို၊ မြင်တွားလုပါပြီတည်း၊ ရက်နာရီကြွင်းကာကျန်၊ တို့ရှင်မင်းဖျား၊ မိဖုရားမှာ၊ ရင့်သောသားကိုယ်ဝန်နှင့် ပဋိသန်ရှိပြန်ခစ်။ လေဖျံဆော်သွေး၊ နန်းတော်ထဲမှာ၊ ချမ်းအေးသည်အဖြစ်ကြောင့်၊ ရှင်မ-ချစ်နေဆာလှုံ၊ ကာသိန်မြို့ တိုင်း၊ ပုဆိုးပိုင်းကို၊ ရစ်ပိုင်းကိုယ်ပေါ်ချုံလျက်၊ ရွှေဘုံမှာနေလှုံခစ်၊ မဆွေမရာ။ ဝဲပျံလာ၍ မိစ္ဆာငှက်ဆင်မိုက်လျှင်၊ ဘာဇာဖြစ်ထိုးသုတ်ချီ၊ ညာတောင်စိုးရ တို့ရှင်မသည်။ အလှကေသနီဟု၊ မဟေသီပါလီရေ၊ ။ ငါတို့မကျန် စိုးပူပန်သည် သိပ္ပံတို့ရှင်မလေ။

၂။ ။သိပ္ပံ'ရှင်မ၊ မမြင်ရဟု၊ တ-သကာ၊ ရံပျိုတော်ငါးရာလုံးညာနန်းရိပ်ခို၊ လှပြာညိုကြောင့်၊ ငိုယိုလွမ်းမ်ဆုံးတည်း၊ တအုံးအုံးတည်ညံ၊ မရာမထိုက်၊ တောမြိုင်တိုက်က၊ ငှက်မိုက်တိရစ္ဆာန်သျှင်၊ ဝဲကာပျံလာတုံငြား၊ ငှက်တို့ဘာသာ၊ စားစရာသည်၊ သူမှာအစာသျှားသို့၊ မဲသားငါးတို့အတူ၊ ပြေးပုံမလွတ်၊ ဟုံးဟုံးခတ်၍၊ ထိုးသွတ်ဆောင်ကာ ယူလျက်။ ညာနန်းသူတို့ ထိပ်တင်၊ ပါလေတုံရ၊ တို့ရှင်မကို ၊ မြင်ရ-မည်မထင်တည်း။ ထိုငှက်ဆင်လမ်းတွင်သေ၊ လှမောက်တော်လေ၊ တောင်ညာထွတ်လျှင်၊ သက်လွတ်ချမ်းသာစေဟု၊ ကျိန်ဆဲထွယ်လက်ကို ချိုးငှက်တိရစ္ဆာန်၊ တို့လက်တံသို့၊ တောင်ဖန် ပေါင်းပေါင်းကျိုး၍ ခေါင်းစောက်ထိုးခု-မနေ၊ မြေကမ္ဘာမှာ၊ သေကာကျပါစေတည်း။ အချို့ဝယ်ငိုမည်ကျွေး၊ နေလကို

ခေါ်၊ ထိုင်ပြီးခါမှ ကျိန်ကာဤသို့ ဆဲ၏။ ဖွဲ့ယောင်ခါပြာရောင်လွင့်။ လက်နှင့်ဆွဲငင်၊ ခေါင်းဆံပင်ကို မျှင်စိုင်ကိုင်၍လွှင့်၏။ တို့ဆံရှင့်လွင့်ပါလေ၊ ရှင်မ-က-လွတ်။ တောင်လက်ပြတ်လို့၊ ငှက်သွတ်သေပါစေသတည်း။ ငါးတို့နှယ်ပုံမဝေး၊ ရန်သူမတော်၊ ငှက်ဆင်မှာလည်း မှန်စွာဖော်နှင့်ကွဲ၍၊ ခါမမြဲ ကွဲလေစေ၊ ငိုလည်းငိုလျက်။ ဆယ်ချောင်းလက်ကို၊ ချိုးလျက်ကျိန်ဆဲတွယ်ဖြင့်။ စံရဝေရွှေနန်းတွင်၊ ရှုံရွယ်မောင်းမဟူသမျှကို ပြသသွန်ကာသင်၍၊ အစ်မ-သွင်မိခင်မျှ။ တနန်းလုံးတွင် အထွတ်တင်သည်။ တို့ရှင်တောင်နန်းမနှင့်။ ကွဲ့ခဲ့ရတို့များစွာ။ ရှည်ကြာဝေးလှ၊ မမြဲကြအောင်။ ဘဝသံသရာက။ မြတ်လှူဒါကုသလ။ စိတ်ထားမဖြူ။ ဘုရားဂူမှာ။ ဆုယူမကောင်းခ၍၊ ကွဲကွာရကြတုံလျက်၊ အထင်ထွင်းယုတ်။ ငှက်ဆင်သုတ်သည်။ ထိုသို့မဟုတ်ကျင်လည်း၊ အကြာင်လူသူတထူး၊ စပ်ကြားနှစ်ထွင်၊ ကုန်းချောဝင်လို့။ တို့လျှင်ဖျက်ခဲ့ဘူး၍၊ ထိုကျေးဇူးကံကြမ္မာ၊ အကြောင်းယခု၊ မကောင်းမှုလျှင်၊ ယခုထက်ကြပ်ပါလျက်။ ငါတို့မှ တူတကွ၊ ချစ်လျက်နှင့်သာ၊ မမြဲပါဘဲ၊ ကွဲကွာထုံခဲ့ရ၍ တို့ရှင်မ ရုပ်ပိုင်ပြင်၊ အမွေကိုမျှ၊ မမြင်ရဟု ဂုမ္ဘပေါင်းများဖျင်တို့၊ လွမ်းပူပင်တတတ၊မစဲမသံ၊ ငိုကြပြန်ကော၊ ပူရံမင်းထပွက တောင်နန်းမ လှဒေဝီ၊ လက်ရှိတရား၊ သတိထားလည်း၊ မိဖုရားကေသနီကြောင့် ဖြေမဆီနိုင်ပါဘဲ။ ဗျာပါလွမ်းဆု၊ ညာနန်းသူကြောင့်၊ လွမ်းပူရှိန်မခဲတည်း။ အူအသည်းဆွဲလှိုက်ဖို၊ မှိုင်ကာထိုင်ညီး၊ ဖျိုင်ဖျိုင်စီး၍ မင်းကြီးဤသို့ငို၏။ ဤပြည်ကို အစိုးရ။ သမဒန္ဓေလာ ငါရာဇာမှာ၊ ကံတော်ဆိုးကော၊ အကျိုးပေးမလှ၍။ ဘီးဘိုးက-ရိပ်အရာမီး-ရှစ်စင်းချုပ် ယွင်းမယုတ်အောင်။မင်းလုပ်ခဲတုံပါလည်း၊ ရင်သည်းချာတစ်ယောက်မျှ၊ ကြဋ္ဌန်းရေယုန်၊ နန်းမွေခံလေ၊ ဇာတ်သင်းမရ၍ ကုသလပြုကြပြန် သားကောင်းရမျှခံကြောင်းပြုလျက် တောင်းဆုညာနန်းစံက ပဋိသန်ရှိပြန်ငြား၊ မွေးဘမွေးခံ၊ နန်းဝေယုံမှား၊ ပြည်တန်သားယောက်ျားကို တောင်ညာထား မဘွားမှီ၊ ငှက်ဆင်ကြမ်းကြုတ်၊ အကျိုးယုတ်အောင်၊ ယူချီသည်။ ဒေဝီတောင်နန်းမ-လေး။

## (၂) ဟေမဟာမြိုင်ခွင်။ ပဒေါင်ပင်၌၊ ငှက်ဆင်ချီ

## ချ၍၊ ဒေဝီလှကေသနီသည်၊ သမုစိန်

## ဥဒိန်သားကို မြင်တွား

## ကာအဆွဲပို

## သောကြောင့် ကျွေးငို၍လွမ်းဆွတ်စန်း။

၃။ ။ဒေဝီနန်းမ၊ လှထက်လှသည်၊ လှဆင်းညီ၊ ကေသနီပါထိငြား။ မျိုးဇာမရီ၊ မဟာဆီကော၊ သာကီငါမင်းဖျားမှာ၊အားကိုးအားထား-ကင်းကြားကွာ၊ မယားလည်းဆုံး သားလည်းထုံးကော။ ယူကျုံးမရပါ၍၊ ကြင်ရာတော်ကွာကာကွဲ၊ မစဲငိုယို၊ ငါမင်းပျိုမှာ၊ တကိုယ်လုံးချင်းတည်းလျှင်၊ သားရင်သွေးမမွေးခင်၊ ကဠုနှိစွက်၊ ရန်သူငှက်လျှင်၊ ချီရွက်ဆောင်ခြင်းအင်ကြောင့်၊ တချက်ပင်မမြင်ရ၊ သမဒန္ဓေလာ၊ ငါရာဇာမှာ၊ ကံသော်ဆိုးကော၊ အကျိုးယုက်တုံလှ၍ တောင်းနန်းမ-လှကလျာ၊ မောင်နှံတူကွဲ၊ မစံရသည်။ နန်းမ-ဘုံသီဟာ၌၊ ကြင်သက်လျာပျက်ကာဆုံး၊ ပတ္တမြားမြက်ပုံ၊ သားသက်နှံဟုပြည်တန်နန်းညွှန့်တုံးခဲ့၊ ယူကျုံး၍မရရှာ၊ ဇေကဝုတ်၊ ပြည်ကိုချုပ်လို့၊ မင်းလုပ်ရတုံပါလည်း။ ဒုက္ခသာပိုကာများ၊ ပူရံတပ္ပမည်နာမ-နှင့်။နရငါမင်းဖျားမှာ၊ နောက်မယား၊ နောက်သားကို၊ တပင်လဲမူ၊ တပင်ထူကော၊ ကြင်သူယူမည်ဆိုလည်း ညာနန်းခိုသူ့အသွင်။ ကေသနီလှ၊ ဒေဝီမ-နှင့်၊ မူလ-တူမထင်တည်း။ ငယ်ကျွမ်းဝင် ကြင်သက်မျှ၊ လင်ကို ကြည်ညိုရှင်ရယ်ချို၍၊ ထင်လိုလိုက်တတ်လှလျက်၊ ရှိသမျှမိန်းမတွင်။ မိန်းမဥက္ကာ၌။ ဂုဏ်ဒြပ်နှင့် ညီညွတ်ပါတုံကျင်၍ သားထင်ကပိုကြင်စုံမက်၊ လင်ဝတ်ငါးဖြာ။ ဆိုရာမှာ၌၊ ပိုပါတုံသေးလျက်တည်း။ သို့အတွက်၊ မက်တော်မူ၊ တစေ့စေ့တွေး။ မြေ့မြေ့ဆွဲသည်။ မစဲနိုင်အောင် ပူလျက်၊ ညာနန်းသူလှနှင့်လျှင်၊ အတူတကွ၊ ဤလောကမှာ။ ပေါင်းရမည်မထင်ဟု၊ မေ့ဆွေလင်းညီးညူငို၊ မတ်ကြီးမှူးကြီးအသီးသီးတို့ ထိမ်းသိမ်းဖြေဖျော်ဆိုလျက်။ ကြမ္မာကိုယိုးပြီးထွယ်၊ ကြင်ရာနှမ၊ မျှော်ကာတ-လို့၊ လင်လှနေရလေ၏။ ညာမယေယည်နှထွသ်၊ အထက်ကောင်းကင်၊ အာကာပြင်က၊ ငှက်ဆင်ထိုးယူသွတ်၍၊ ရှေးကထိုမလွတ်သာ၊ စောက်ထိုးကျတွေ့၊ ရှောက်ကြည့်ချေသော်၊ အောက်မြေပထပျာနှင့်၊ ထက်အာကာဝေးကွာလျက်။ လှညက်မဟော၊ ငှက်၏ခြေကို၊ မေလျှင်မြဲမြဲတက်၍၊ ခန္ဓာသက်ညက်ညက်ကြေ၊ ပျက်မည်ကိုထောက်၊ စိုးလန့်ကြောက်၍ ရှောက်မကြည့်ဝန့်ချေတည်း၊ ဝါတုံလေထိုအခါ ဝဠာအမှုန်၊ မိုးမင်းရုံသို့တောင်ဟုန်ပြင်းထန်စွာဖြင့် လွန်တရာ၊ လျှင်မြန်လတ်၊

နှလုံးရင်အုံ၊ မေလျှင်တုံသည်။ မြင်သူဝမ်းပန်းလှုပ်မျှ၊ ဟေမန်ဝန်စပ်ရောက်လတ်လျှင်၊ သစ်တောရိပ်မြိုင်၊ နိဂြောဆိုင် သည်။ ပညောင်ခွကြားတွင်၌၊ထိုငှက်ဆင်ချီကာချ၊ ဒေဝီတောင်ညာ၊ ညောင်ပင်ပေါ်မှာ၊ ထိုခါသတိရ၍ သကုဏာသူ ဘာသာ၊ ချီဆောင်ယူငြားအစာများကို၊ ပေါက်စားမည်အခါ၌၊ လာလမ်းကိုကြည့်စည်ခစ်၊ ခြေလက်ခေါင်းကျင်၊ ဟောခါ တွင်ဝယ်၊ ငှက်ဆင်မေ့ကိုပစ်၍ မိုးတိမ်တိုက်အာကာပြင် ကြောက်လန့်တကြား၊ ပျံကာသွားသော်၊ မိဖုရားတောင်ညာ ရှင်သည် ညောင်ပင်ထက်ဖျားတွင် တည်းလေ။

၄။ ။ညောင်ပင်ထက်ဖျား၊ ကျံလိုက်ငြားလည်း၊ မိဖုရားလှမဟော၊ အသက်ခန္ဓာမပျက်ပါဘဲ ထိုခအါကျန် လိုက်ပေလည်း၊ ကြံအစည်၊ လွန်ခက်ခဲတိုင်းပြည်မြို့ရွာ၊ မဟုတ်ပါသည့်၊ ဟေမာမြိုင်တောထဲ၌၊ တကိုယ်တည်း ငိုကျွေးကာ၊ လက်ဝဲလက်ျာ၊ ညောင်ပင်ပေါ်မှ၊ ရှုမျှော်ကြည့်လေပါက၊ ဥတ္တရာ မြောက်အရပ်၊ ဟေမဝန္တာ၊ တောင်တန်းကာသည်၊ သေလာအထပ်ထပ်တိ၊ ထက်အောက်ရပ် သျှက်စပ်ကာ နှင်းခိုင်နှင်းခဲမှုံမဲမဲနှင့် အဝေးမမြင်သာတည်းနေပုံ မျက်နှာ ဒီသာရပ်၊ မသွားသာအောင်၊ မြူခိုးမှောင်သည်။ တောတောင်ထူကာထပ်လျက်။ ဒက္ခိရပ်လှည့်ပတ်ကာ၊ တောင် ညာချောညက်။ ညောင်ပင်မှ တချက်ကြည့်ရှုမျှော်က၊ မြို့ပြည်ရွာ ဝေးကွာခြား၊ တောနှင့်လွင်ပြင်၊ လူ့တိုင်းခွင်ကို၊ မမြင်နိုင်တုံငြားခဲ မိဖုရားလှတောင်ညာ ဝဲယာပတ်လှည့်။ ရပ်၍ကြည့်သော်၊ အရှေ့ဝိဒေဟာ၌။ မြောင်ဘီလာရန်ကာ ပတ်၊ လေးရပ်မျက်နှာ၊ ဝဲလက်ျာတွင်။ ဒီသာနယ်အရပ်၌၊ မြေမလတ်ပေါက်ယောက်ကျင်။ သစ်ပင်ငယ်ကြီး အသီးသီး ကော၊ တောကြီးစုံမြိုင်ခွင်၌၊ နေကိုပင်မမြင်ကွယ်၊ ဘယ်တွင် ရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ ထွေးထော်မသိချေ တည်း၊ မြောက်လေပြေတသုံသုံ၊ နေရောင်ခြည်ကင်း၊ မှောင်ကွယ်ခြင်းဖြင့်၊ ဆီးနှင်းပတ်လည်ချုံလျက်၊ တမှုံမှုံတမှိုင်းမှိုင်း၊ လေးမျက်နှာလုံး၊ မြူခြေဖုံးသည်၊ တောင်ကုံးတဆိုင်းဆိုင်းတိ၊ ရှိုအင်တိုင်းအထဲတွင်၊ ဆည်းတကြုံကြုံ၊ တည်ညည်လျှင်၊ လူသံမကြားကျင်ဘဲ၊ ချီသမင်ပြောင်ဆင်ကျား၊ ဟိန်းဟောက်ဆူညံ၊ တောလူဝံတို့၊ အူသံတသောသောနှင့် မိဖုရားညာ မဟေဘေးဘယာရောက်၊ တွေးကာထောက်သော်၊ လန့်ကြောက်သေလောက်တွေတည်း၊ နေအထိုင်လွန်ခဲခက်၊ ဗုဒ္ဓဟေ လျှင်၊ ရုက္ခေတွင်သည် ညောင်ပင်ခွကြားထက်က၊ ဆင်းသက်၍ မသွားသော ပြည်ရွာမနီး တောခရီးမှာ၊ ခပ်သိမ်းဘေးဘ ယာနှင့်၊ တွေးမျှော်ကာစေ့စေ့ထွက် အသက်အန္တြာယ်၊ ပျက်စီးတွယ်လျှင်၊ ထိုသည်ထိုအချက်၌၊ အခက်ကဲအခက်ဆုံး ပညောင်ပင်ဖျား။ ရွှေရင်သားကို၊ မြင်တွားအချိန်ကြုံ၍ ရွှေနှုတ်ငုံထားသည်နှယ်၊ လေကမ္ဗဇ လှုတ်ကာလ၌၊ ပုတ္တသားလူ ငယ်လျှင်၊ လှုတ်သျှားလေထိုကာလ၊ ထရေးထက်တုံ။ နှစ်ဘေးကြုံသည်၊ ဆွဲမုံမီးတမျှသို့။ သားပုတ္တာတွားမည်ခါ ဝမ်းမှာ ထိုးကန့်။ တရွံ့ရွံ့နှင့်မဆန့်မကုန်သာတည်း။ လွန်တရာနာကြင်လှ။ သားချင်းပေါက်ဘော်၊ ဆွေမပါသည်။ ပြည်ရွာမနီးကြ ဘဲ မိန်းမတို့ဓမ္မဒါ။ သားတွားသားမွေး။ လောကနည်းသည်၊ အရေးကြီးလှပါ၏။ မြို့ရွာမှာဖြစ်စည်ကာ၊ သွားထွားခါကြိမ်၊ ညှိုးကာဝိန်ကော၊ စိုးရိမ်မကင်းပါတည်း၊ မေ့မှာသော်တကာယ၊ တောကြီးရိပ်မြိုင်။ နိဂြောဆိုင်သည်၊ ပညောင်သစ်ပင်ခွ ၌၊ သားပုတ္တတွားအံ့ဌါကြုံရာခက်ခဲ၊ ဖယ်မလွဲအောင်၊ သေဘေးတွေ့ကြုံလှာသည်၊ ကံတော်ဆိုးလှ၏လေ။

၅။ ။ကံတော်ဆိုးစွ၊ ကျိုးမလှသည်၊ မျိုးမြနွယ် ညာမဟေမိဖုရား။ အရေးအရာ။ ဘေးဘယာကို၊ တွေးမျှော် ချင့်ထောက်ထားက၊ ကြောက်အားတော် လွန်ကြီးယွယ်။ ရတနာကြငှန်း၊ နဂရာနန်းကို၊ လွမ်းတ-ငိုလိုက်ကေက၊ ရွှေပြည် တော်ကောသမ္ဘီ၊ အမည်ပညတ်၊ သမိုင်းတတ်သည်။ တိုင်းမြတ်နေရပ်ဆီက၊ ကေသနီမိဖုရား။ ကြငှန်းရိပ်ငြိမ်၊ နန်းစည်းစိမ် ကို၊ မွှေ့သိမ်မေစံစား၍၊ မြင့်ရှည်လျှားကြာသောခါ။ သားပဋိသန်။ ရှိတုံပြန်၍၊ ကိုယ်ဝန်ရင့်သန်မာက၊ ဘွားမြော်လုအချိန် တံ၊ ဒသမာသေ့။ ဆယ်လ-စေ့၍။ နေ့သာကြွင်းကာကျန်၏။ ဘုံဗိမာန်နန်းရွှေဘုံ။ သားမွေးတန်ဆာ။ ကမ္ဗလာကို။ လွှမ်းကာရစ်သိုင်းချုံလျက်။ နေဆာလှုံမေစံခိုက်၊ အဟိတ်ပဋိသန်။ အတိတ်မှန်သည်။ တိရစ္ဆာန်ငှက်ဆင်မိုက်က။ လွန်ဆိုး ညစ်၊ ထိုးသုတ်ကာ။ ခန္ဓာအသက်။ မှန်မပျက်ဘဲ၊ အထက်အဇ္ဇောက၊ ညောင်ပင်မှာ ချီကာချ။ ငှက်ဆင်မိစ္ဆာ၊ ပျံသွားကာ ဖြင့် မှန်စွာမစား-ခလည်း။ သက်ဇီဝရှယ်မကြာ။ ဆောင်ကာတင်လျက် ညောင်ပင်ထက်မှာ၊ ပျက်မည်မေ့ ခန္ဓါတည်း။ ဟေမဝါသေလာဆီးလူ့တိုင်း၌ာနေ။ သမိုင်းသည် လူ့ပြည်နှင့်မနီးတည်း။ မြိုင်တောကြီးဆိတ်တည်ညံ၊ မြည်ထွန်ကျော်ကျွေး၊ ပျံကာဝဲသည်၊ ကျေးငှက်တိရစ္ဆာန်နှင့်၊ တောလူဝံပြောင်ဆင်ကျား၊ ဟိန်းသံဟောက်သံ၊ လန့်ကြောက်ဖွယ်ဝှန်အောင်။ မြည်တွန် တသောသောနှင့်။ ဆင်းသက်ငြားမသွားသော၊ မကြံသာချက်၊ ယရေထက်မှာ၊ အခက်ကြုံခြင်းရာက၊ ယခုသာအခါရ၊ ပတ္တမြားစိန်၊ သားနရိန်ကို၊ ဘွားချိန်မေကကျလို့၊ တကာယမေတကိုယ်။ ဘယ်လိုမွေးငြား၊ ဘယ်လိုဘွားမည်ကြောက်အား တော်က-ပိုလျက်၊ လှပြာညိုကေသနီ။ မေ့သင်မင်းမြက်၊ ပိုင်စိုးကွက်သည်၊ ပြည်မြတ်ကောမ္ဘီသ၌၊ သားဒါလီမွေးချိန်ကျ၊

ဆံတကျိုးသွင်။ ညှိုးပူပင်ကော၊ မေလျှင်မစိုးလှတည်း။ မွေးမိဘ-ထင်မင်းကျော်၊ ညာတကာမျိုးဆွေ၊ ညှိုးမငယ်အောင်။ ခြွေရွှယ်ရံငါးရာနှင့်၊ လက်သည်ကျော်ဆရာမ။ သမား-ဟောရား၊ ဆရာများနှင့်၊ သားကိုဘွားပါရက၊ ဆန်ကျိုးမျှမစိုးပါ။ စမုန်နက်ကြက်သွန်၊ ဒန့်သလွန်ကော၊ ကျိတ်မှုန်မဟာဂါနှင့်၊ ပီးရတ်နာလိမ်းရာဆေး။ ယ-သူ-ယို့သူ၊ မေ့ကိုမူလေ၊ ရေပူရေချမ်းပေး၍၊ စိုးရိမ်ဝေးအေးသာသာ၊ မေစံပျော်မြဲ၊ နန်းတော်ထဲမှာ၊ မွေးရလေတုံပါဘို့၊ ယခုမှာကြုံလှာနည်း၊ ဗုဒ္ဓဟောလျှင်၊ ရုက္ခေတွင်သည်၊ ညောင်ပင်ခွကြားထဲ၌၊ နန်းနှင့်ဝေးပြည်နှင့်ကွာ၊ မျိုးဆွေလေးပါး၊ လင်မင်းဖျားနှင့်၊ သမားခါတ်ဆရာက။ လက်သည်ကျော်မပါပြား၊ လေးညင်းဟိန်းခိုး၊ ဇာတိပိုဟု။ ထိုထိုဆေးနက်ပြားတို့၊ စာရွေးသားမာပါ တကယ်ဆိုလတ်၊ ဘယ်ကိုပွတ်မည်၊ မီးရတ်နာရောဂါနှင့်ကြောက်စရာတုံရွှေတည်း။ နိဗ္ဗြောခါမည်၊ ဤတောလယ်မှာ၊ သားငယ်မေကမွေးမည်၊ သေဘေးကြုံလှာထုံသေး၏လေ၊

၆။ ။သေဘေးဆုံလှာ၊ ရကုန်ချာမှာ၊ တုံကာဖိုဆွဲ၊ တကိုယ်တည်းလျှင်။ ကျွေးကာငို၊များထိုထိုအိုနတ်များ၊ ဝတိန်သခင်၊ သူဇာလင်သည်၊ အရှင်မိုးသိကြားနှင့်၊ ကျော်ထင်ရှား ဤတောမှာ၊ စုံမြိုင်တရိုး ဘုမ္မစိုးနှင့်၊ ရုက္ခစိုးရှင်ဒေဝါဟု၊ ဂုဏ်တေဇာလွန်ထူးမြတ် အေးဒါဏ်အမှောင့်၊ ရန်မနှောင့်အောင်၊ ညောင်စောင့်ရှင်နတ်မြတ်အား၊ ကျွန်ရိုညွှတ်တောင်းပံထွာ၊ ရောဂါဥပါဒ်၊ ကင်းကွာထွတ်အောင်၊ ဖြောင့်မတ်စောင့်ကြတ်ပါလော၊ ကံကြမ္မာဖန်လှာပြား၊ ဘွားလုချိန်ကြုံဝမ်း၌လှုံသည်၊ နှုတ်ငုံပတ္တမြားဟု၊ သန္ဓေသားဘွားမည်ခါ၊ ခါးကလည်းကြင်၊ ရင်ကလည်းဟိုက်၊ ဝမ်းကအိုက်လျက်၊ မထျိုက်မခိုက်သာ၍၊ ဖျိုက်နေကာ-တရွရွ၊ လွမ်းတ-ငိုယို၊ ကို့ကိုယ်ကိုလေ၊ ဝမ်းကိုလက်နှင့်မ-လျက်၊ ပင်ရုက္ခမြပညောင်၊ မဟာဗုဒ္ဓ၊ စိမ်းမြမြနှင့်၊ ကိုင်းမ-ထေးခွပြောင်၌၊ ညာနန်းတောင်ဆောင့်ခြောင်ထိုင်၊ ခေါင်းထက်တွင်၌၊ ညောင်ပင်ခက်ကို၊ လက်နှင့်လှမ်းကာကိုင်၍ မိမှိုင်မှိုင်တွေဝေဝေ၊ သန္ဓေရှိတ။ ကတ္တိယဟု၊ မိန်းမကိုယ်ဝန်သည်တို့၊ သားသူငယ်ဘွားလေနည်း၊ လောကထုံးစံ၊ မွေးဘွားဟံမှာ၊ ပူဆန်လွန်ဆင်းရဲလည်း၊ မေ၏နည်းမတူကွာ၊ မျိုးဆွေမိဘ၊ သားလင်စသည်၊ စောင်မကြည့်ရှုကာဖြင့်၊ သူတို့မှာရေးမကြီး ဝမ်းတွင်းဆရာ၊ မရှိပါသည်၊ မေ့မှာတကိုယ်ထီးတည်း။ ညောင်ပင်ကြီးအထက်တွင်၊ ငြိုငြိုငြင်ငြင်၊ ပင်ပင်ပန်းပန်းလွန်ခဲယမ်းသည်။ ချေမ်းသွယ်မမြင်တည်း၊ ကိုယ်ဝန်ကြင်ဘွားမည်ရေး၊ မီးထင်းဝေးကွာ၊ ဆေးမပါဘဲ၊ မေ့မှာလွန်ခက်ခဲဟု၊ ငိုကျွေးစည် ထိုအခစ်၊ သားသူငယ်ကို၊ ဘွားစေလို၍၊ ခါးကိုလက်နှင့် ဖျိုက်လျက်၊ ဝမ်း၌နေစွဲတည်ပြား၊ နန်းလောင်းနန်းလျှာ၊ ဘုန်းသမ္ဘာနှင့်၊ ပညာကြီးသောသားကို၊ ဘွားမြင်ပြား၊ ထိုခါတွင်၊ ပညောင်ဗုဒ္ဓသမုတ်ကြသည် ရုက္ခထိုညောင်ပင်၌၊ မွေးမိခင်မပင်ပန်းချမ်းချမ်းသာသာ၊ သားတွားရာမှာ၊ ရောဂါလွန်အေးချမ်းလျက်၊ ညှိုးမန္တမ်းထိုအခါ၊ နံနက်နှင်းဝေ၊ နေ့လယ်နေပူ၊ ညမူမိုယ်းလျှင် ရွာ၏ဤသုံးဖြာသုံးဥတု၊ စုံညီခစ်တွင်၊ သားရွှေစင်ကို၊ ဘွားမြင်ထိုအမှုကြောင့် ဘွဲ့ချီကျူမိဒေဝီ ရာသီသုံးခု၊ စုံလင်မှုကြောင့်၊ သားဦးမောင်ဥဒိန်ဟု၊ ကေသနီဒေဝီစစ်၊ ဆယ်လလွယ်ကာ၊ ဘွားမြင်ပါသည်၊ ရတနာသားတော်ချစ်အား၊ ရင်ခွင်ပိုက်နို့တိုက်ကာ၊ ချီကာပိုက်ဘက်၊ ညောင်ပင်ထက်တွင်၊ ကြုံထွက်နေစည်ခါ၌၊ သားသည်းချာငိုကာလ၊ ပုခွက်ယည်သာမရှိပါကော၊ ကမ္ဗလာကော်ဇောလှကို၊ ပညောင်ခွ-အခက်မှာ၊ လေးစွန်လေးဘက်၊ ချိုင်ကာကြက်၍ ပုခွက်ပြုပြီးခါမှ၊ ရတနာသားရွှေစင်၊ ကမ္ဗလာချောညက် ၊ ဖြန့်ကာကြက်ကော၊ ပုခွက်ပေါ်မှာတင်၍ မွေးမိခင်ချစ်မျက်ရှု၊ သားလှရွှေစင်၊ ပုလဲသွင်ကို၊ လွှဲငင်ဇယင်ကျူလေ။

## (၃) ကေသနီအမည်ရှိသော၊ မဟေသီမိဖုယားသည်။ သားတော်ရွှေစင်၊ ပုလဲသွင်ကို၊ လွှဲငင်ကာပြု၍၊ ဧယင်တော်ကျူစန်း။

၇။ ။ဧယင်သည်နု၊ လွဲငင်ပြု၍၊ ကျူခြင်းရာ။ တောင်ဒီပါသပြေကျွန်း၊ အဝန်းကျယ်စွာ။ ယူဇာဏာသည်၊ သချ်ာသောင်းတိုက်ခန်း၌။ အနန်းနန်းအပြည်ပြည်၊ ပတ်လည်ရံဝိုင်း၊ အတိုင်းတိုင်းဟု သမိုင်းစိုက်ကာတည်၍၊ စံရဝေဠှာနေချေ။ ကောသမ္ဘီမည်၊ သာမောတည်သည်၊ ရွှေပြည်နဂရ၌။ မောင့်အဘ-ခမည်းတော်။ ပူရံတပ္ပ။ ဘွဲ့နာမနှင့်၊ နရမင်းရာဇာက၊ နွေမဟာသာဂီယ။ ဘတ္တကမ္ဘာ၊ ပေါ်ဦးခါက၊ မဟာသမဒမှ၊ မျိုးဝံသ-ဆက်နွေလာ၊ မိဘ-ဘီးဘိုးကြီးတန်းခိုးနှင့်၊ သတိုးဇကရာဟု နေပမာတေဇာလင်း၊ သောလဿမည်၊ ဆဲ့ခြောက်ပြည်ကို၊ စိုးသည်အမင်းမင်းတို့၊ ထံတော်

ရင်းဝတ်ငင်းကာ၊ ဘဏ္ဍာကာရ၊ ဆက်လှာကြသည်၊ မောင့်ဘ-ခမည်းတော်တည်း၊ မိမာတာကေသနီ၊ မန္တရာဇ်မင်းကြီး၊ ချစ်မညီးသည်၊ သွီးလှသက်ဝီနှင့်၊ တူအညီဖူးစာမျှ၊ သားလှရွှေစင်၊ မိဘခင်တို့၊ ထက်ခွင်နေနှင့်လသို့၊ ပေါင်းဘက်ကြတူ မကွာ၊ မောင်နှံမခြား၊ ပျော်စံစားသည်၊ တရားနှင့်လျော်ညီစွာတည်း၊ သို့ပါသော်မြင့်ကြာငြား၊ အပွားအစီး၊ သားသွီးသည်၊ အသီးမထွန်းကား၍ သားတော်လှရတနာ၊ ရပါစေကြောင်း၊ ပံထွာညောင်းသည်၊ ဆုတောင်းပထနာကြောင့်၊ ရှေးကြမ္မာ ကံတော်မ၊ ကောင်းမှုကုသိုလ်၊ တောင်းဆုဆို၍ မောင့်ကိုသန္ဓေရလျက်၊ စေ့ဆယ်လ-မဖွားခင်၊ ပြာသိုဆန်းစ၊ သာချမ်းမြ သည်၊ ဆောင်းလ-ဖြစ်တုံကျင်၍၊ မွေးမိခင်မှန်စင်စစ် လွှမ်းချုံကမ္ဘလာ၊ နန်းဘုံသာမှာ၊ နေစာခံနေခစ်တွင်၊ ငှက်ဆင် မိုက်ထိုးသုတ်ကျင်၊ မဟာဝန၊ ဂန္ဓရဝယ်၊ ရုက္ခပညောင်ပင်၌၊ ချကာတင်ထိုအခစ်၊ သားငါးကိုယ်သွင်၊ စားမည်ဖျင်သော်၊ မိခင်ဟောကြော်ဟိုက်က၊ ငှက်မင်းစစ်လိင်တွင်၊ ကြောက်လန့်တကြား ပျံကာသွား၍၊ ချစ်သားမောင်ကိုပင်တည်း၊ ဘွားသန့်စင်မြင်ကာမွေးစက်ပျော်စေချင်၊ ဆွဲကာငင်ကော၊ မိခင်ဇယင်လွဲဘို့၊ ရွှေပြည်ကျေးဝေးကွာလို့၊ ဗုဒ္ဓဟေခတ်၊ ရုက္ခေထက်မှာ၊ ပုခွက်မရသာ၍ ကမ္ဘလာနီလွင်စွာ၊ ညောင်ပင်အထက်၊ တင်ကာကြက်ကော၊ ပုခွက်ရတနာသို့၊ မွေးမာတာပြင်ကာပြု၊ ဇလည်းယင်ယင်၊ မြညောင်ပင်မှာ၊ မိခင်လွဲကာကျူ၏၊ စက်ပါဦးမိသည်းအူ၊ ကောသမ်မည်ပြီး၊ ရွှေပြည်ကြီးမှာ၊ ထီးနန်း၊ စိုက်မည်သူတည်း၊ ယခုမူစက်တော်ခေါ် မပျော်ပါဘဲ မိရင်သွေးမှာ၊ ငိုကျွေးတကျော်ကျော်ဖြင့်၊ နွေမဟာသာဂီမျိုး၊ မိခင်သိပ်ကျင်၊ အိပ်စေချင်ကော၊ သားရှင်မောင်မဆိုးနှင့်၊ ကမ္ဘသာပဲပိုးနီတျာ၊ ပုခွက်ရည်ပင်၊ မဟုတ် ကျင်လည်း၊ ညောင်ပင်အထက်မှာ၌၊ သားသက်လျှာ စက်ပျော်ရေး၊ ပုခွက်အသွင်၊ မြညောင်ပင်မှာ၊ မိခင်ကိုင်ငင်လွဲ သည်၊ ဇလည်းယင်ယင်ဇလေ၊

၈။ ။ဇလည်းယင်ယင်၊ အိပ်စေချင်၍၊ လွဲငင်ကြိတ်ကြိတ်။ ပညောင်ရိပ်၌၊ စက်အိပ်ငြိ၊ ချိုကပျာ ဆိုကာကျွေး၊ သားကိုသိပ်လျှင်၊ အိပ်စေချင်၍၊ မိခင်ဤသို့လွဲ၏၊ ရွှေသွေးညိုမြလှရွှေစင်၊ ဆင်ယင်အမြဲ၊ လည်တွင်ဆွဲကော၊ ပုလဲပုံအသွင်သို့၊ ဆယ်လကြင်မိခင်ဘွား၊ ကောသမ္ဘီခေါ်၊ ပြည်တော်သာမှာ၊ နန်းလျှာနန်းလောင်းသားတည်း၊ ပြည်တိုင်း ကားကြဌနန်းတည်၊ စံမြန်းပျော်မြဲ၊ နန်းတော်ထဲမှာ မွေးရဘွားရပေက၊ ရွှေနှမ်းသွယ်၊ရွှေခြည်ကြက်၊ အတင့်အတယ်၊ လွန်ဆန်းကြယ်သည်၊ ဆင်စွယ်ရွှေပုခွက်၌၊ ရွှေညောင်ရွက် ကြက်ပြီးခါ' ရွှေဇာခြည်မျိုး၊ ရစ်ခြည်ထိုးသည်၊ ရွှေပိုးရွှေကွန် ချာနှင့်၊ ရွှေကတ္တီပါလွှမ်းကာကြက်၊ နုညံ့ဆန်းစွာ၊ ကမ္ဘလာသည်၊ မွေ့ရာအပေါ်ထက်၌၊ သာယူလျက်ချပြီးခါ ချိုနုသာယာ၊ တေးကပျာကို၊ ကျွေးကျော်နှပ်သံသာနှင့်၊ ရံရွှယ်တော်ပျိုဂုမ္ဗ၊ တဘက်ငါးရာ၊ ထိုင်ပြီးခါမှ၊ လွဲကာသိပ်ထုံကြ၍၊ သားတော်လှစက်ကာပျော်၊ အတန်ကြာသော်၊ မျိုးမဟာလျှင်၊ နိုးကာလ၊ သောခါ၌၊ ရေနံသာရွှေကတိုး၊ မိခင်သည်းအူ၊ သားမွေးကြူကို၊ သူယူငါရ-ချိုး၍၊ မှတ်-ခြင်-မျိုးကြမ်းပိုးယင်၊ ကိုက်မည်ကိုထား၊ သားအပါးမှာ၊ နားမှမနားခင်တည်း၊ လိုက်ကာနှင်မမြင်ရ၊ သားဖြူသားညို၊ များထိုထိုတို့၊ နို့ချိုကျွေးတုံကြလျက်၊ မြကြိုးခက်ပုခွက်ပေါ်၊ ကော်ဇောကမ္ဗလာ၊ ပန်းမွေ့ရာမှာ၊ အိပ်ပျော်လူးလဲကာဖြင့်၊ သားနန်းလျှာတဆတ်ဆတ်၊ မိခင်ပန်းငုံ၊ ရွှေနန်းဘုံမှာ၊ မြူးခုံကြီးတုံးလတ်က ကိုးနဝရတ် ကြိုးစလွယ်၊ ရတနာစိန်ကျောက်၊ ထိန်ထိန်တောက်ကို အပြောက်အပြိန်းခြေ၍၊ အသွယ်သွယ် ဆင်ဝတ်စား၊ ဦးပေါင်းသရဖူ၊ မိသည်းအူမှာ၊ ရွှေချူဘယက်များနှင့်၊ နန်းထက်ဘွားသားသက်ဝေ၊ ပြည်ကောသမ္ဘီ၊ ရွှေဘွဲ့ချီသည်၊ ဌာနီတိုင်းရွှေပြည်၌၊ အသရေ ဂုဏ်သီရိ၊ ရွှေလင်ပန်းတွင်၊ ချင်းသန့်စင်၍၊ သားရှင်ကျော်ကိတ္တိနှင့်၊ နွယ်အာဒိ-သာကီဝင်၊ ရွှေစင်ပတ္တမြား၊ အထွက်ထားသည်၊ နတ်သားပုံအသွင်သို့၊ သိန်ဂုဏ်အင်မည်စည်ပျ၊ ထီးဖြူမိုးလို့၊ စိုးမည်သူကော။ သည်းအူ မိသက်စုကို၊ မျက်ရှုပြုကြည့်ရှုကာ၊ သားလှရွှေစင်၊ တင့်တယ်အင်ကို၊ မိခင်မြင်ရပါဘို့၊ ယခုခါ ပမာတင်၊ သားရှင်ကံဆိုး၊ မိခင်ညိုးကေ တောင်ကျိုးငှက်အသွင်သို့၊ ဤညောင်ပင်အထက်မှာ၊ သားရှင်နန်းဆက်၊ စောင်ထံဗက်မှာ မစက်မပျော်ပါ ဘဲ၊တကျာငိုပါငြား၊ ကြောင်ဖါးမိညို၊ မြီးတန်ထိုသည်၊ ကြောင်အိုထိုထိုတောက၊ အဆီစားအသားမျို၊ အတိတ်ပါဘဲ၊ မိရင်သွေးမှာ၊ ကျွေးကြော်မောင်မငိုနှင့်၊ ကြောင်ဖားအို-လာပြီး၍ မအိပ်မပျော်၊ မတိတ်ပါသော်၊ ကိုက်ပါလှာတုံလှည့် လော၊ မငိုနဲ့သားမောင်ပျို၊ ရတုကပျာ၊ တကျော်ကျော်လျှင်၊ သာယာလွမ်းခြင်းဆို၍၊ သားငယ်ကိုအိပ်လိုရေး၊ ။ ဇလည်း ယင်ယင်၊ မြညောင်ပင်မှာ၊ မိခင်ကျူးကာလွဲလေ။

၉။ ။မိခင်ကျူး၏၊ သားကိုလွဲကော၊ ရင်သွေးတော်၊ များမကြာအိပ်ပျော်က၊ ရှေ့နေ့ဘဲယ်ညာ၊ အဖြာဖြာ ကို၊ မေတော်ကြံတွေးဆလို့ ညာနန်းမ-ကေသနီသားချော့ရာမှာ၊ လင်္ကာသွင်း၍၊ ငိုခြင်းဤသို့စီ၏၊ ငှက်ဆင်ချီဤတောမှာ၊ ညောင်ပင်ထက်ဖျား၊ မေမြင်သွားသည် သားလှရတနာကြောင့်၊ တချက်သော် ဝမ်းသာခဲ၊ သားလှမိခင်၊ တချက်လျှင်

လည်း၊ ထွက်ကျင်စမ်းပမ်းနဲ၏။ ငှက်ဆင်ဘေးလွတ်ဝေးကွာ၊ ရတနာပတ္တမြား၊ ညောင်ပင်ဖြားမှာ၊ သားကိုဘွားမြင်ပါလည်း၊ ဘေးဘယာနာမရှိ၊ ဒေဝီတောင်ညာ၊ ဆောင်နန်းပျော်မှာ၊ ကျန်းမာချမ်းသာဘိ၏၊ သားအမိ နှစ်ယောက်မှာ၊ ရွှေပြည်မနီး၊ ဂနိုင်ဆီးသည်၊ မြိုင်ကြီးဟေမဝါ၌၊ နီဂြောဓာပညောင်ထက်၊ ငတ်မွတ်ခေါင်ပါး၊ အကြောင်းအားဖြင့်၊ အစားအနေခက်၍၊ ခန္ဓာသက်ရက်မရှည်၊ သားငယ်ကိုဘက်၊ ညောင်ပင်ထက်မှာ၊ အသက်သေရမည်တည်း၊ ဤတောလယ်မြိုင်ခြေအောက်၊ သားမျိုးတွေရှာ၊ မုဆိုးကျော်တို့၊ ကယ်ကာသွားလာရောက်က၊ သားတယောက်မွေးမေတော်၊ ကောသမ္ဗီပြည်တိုင်း၌နေသို့၊ စာခွေပေး၍မှာအံ၊ မရောက်လှာတုံသော်လည်း သီလဖြူစင်၊ ကျင့်ဓူတင်နှင့်ရှင်ပင်မြတ်ရသေ့ကို၊ မေကြုံ၍တွေ့ပါချင်။ သားနှင့်မေတော်၊ သက်ခန္ဓာလျှင်၊ ချမ်းသာရမည်ထင်ထင်၏။ မဟုတ်လျှင်တုံသော်လည်း။ ကျေးသားလိမ္မာ၊ သာရကာအား လိုင်မှာစာခွေဆွဲ၍၊ ပြည်ထဲသို့စေလိုက်ချင် ဝမ်းနည်းဝမ်းသာအဖြာဖြာကို၊ စိတ်မှာကူးတုံကျင်၏။ သူ့ဘခင်မေ့လင်လှ၊ သားငယ်ရွှေစင်၊ ရုပ်ပိုင်ပြင်ကို၊ ခုလျှင်ရှုမြင်ရက၊ ကိုယ်ကာယထဲ ဝမ်းတွင်းရိုးမှာနီသည်၊ ခြင်ဆီခိုက်မျှ၊ ချစ်လို့မဝကျင်ဘဲ၊ တသက်တွင်ခါတထူး၊ သားဟုဆိုလျှင်၊ ရုပ်ပိုင်ပြင်ကို၊ မေ့လင်မမြင်ဘူး၍၊ ရှူးမတတ်သွတ်မည်သွင်၊ ဘယ်လှောက်ပင်လျှင်၊ ရွှင်လွှမ်းမောက်၍ ဝမ်းမြောက်ပါတုံကျင်လိမ့်၊ မယားလင်တူမကွာ၊ အောင်၌ာနီကောသမ္ဗီမှာ၊ လောကီဓမ္မတာဖြင့်၊ ရတနာသားတော်လှ၊ ငါတို့မောင်၊ နန်းဝေယျန်မှာ၊ တူစံနေပါရက မိနှင့်ဘ တလှည့်စီ၊ ပတ္တမြားပန်းခက်၊ သားနန်းဆက်ကို၊ ရွက်ကာပွေ့ကာချီ၍၊ စံ၌ာနီရွှေပြည်တွင်၊ ကေသနီခေါ်၊ မိမေတော်နှင့် ပီတာမွေးဘခင်တို့၊ ဘယ်လှောက်ပင် ပျော်ရွှင်ဘို့၊ သာလှအပ်ခါ၊ မိမာတာမှာ၊ ခြင်းရာအချို့ချို့ကို၊ ဤကဲ့သို့ ထွက်မကုန်၊ အသာယူလျက်၊ သားပန်းခက်ကို၊ ချီလျက်နမ်းပြီးတုံမှ၊ ရှုပါရုဏ်ပုံတမျှ၊ မေ့မှာငယ်လင်၊ သုဘခင်နှင့်၊ ရုပ်သွင်တူပါလှ၏၊ စကြာလမျက်နှာသွင်၊ မငိုစေလို၊ သားငယ်ကိုလျှင်၊ နို့ချိုတိုက်ပြီးကျင်မှ မွေးမိခင်ကေသနီ၊ အကြင်အချစ်၊ ရွှေင်စင်စစ်သို့၊ ရင်၌သားဥဒိန်နှင့်၊ နေမှိုင်မှိုင်ချိန်ညချမ်း၊ ကျေးငှက်တိရစ္ဆာန်၊ မြူပျော်ဟံနှင့်၊ ကျူးတွန်ပျံကာသန်းက၊ နန်းရဝေပြည်ကိုတ၊ ငိုလျက်မနေ၊ ယိုမျက်ရည်ကို၊ ဖြေဆေမေမရလေ။

## **(၄) အာလံကပ္ပ အမည်ရသော ရသေ့တပါးသည်။ မိဖုရားကေသနီဟု၊ မဟေသီတောင် နန်းရှင်ကို၊ ညောင်ပင်က–ချ– ဆောင်ခန်း၊**

၁၀။ ။ဖြေဆေမရ ညောင်ပင်လှကို ဖြာ-လျက်ပင်၊ ညနေဝင် မှိုင်းလျှင်ကျ၊ ယုံစန္ဒာလျှင်၊ ပေါ်ကာထွန်း၍၊ လ-ဝန်းထွက်ကာပလည်း၊ ချေမ်းမြ-လ-ပြာသို၊ ဆီးနှင်းကျမြောက်၊ တဖြောက်ဖြောက်နှင့်၊ ပေါက်ပေါက်ကျကာယို၍၊ စီးစိုစိုမှုံရီရီ။ လ-ရောင်မထွန်း၊ ကျမှောင်လွှမ်းသည်။ ချေမ်းလ-ရာသီ၌ကေသနီမိဖုရား၊ ဘွားစအရွယ်၊ လူမမည်ကေ၊ သူငယ်ရင်၌သားနှင့်၊ လွန်ဧငြေးချမ်းကာတုံ၊ ကာသိန်မြို့တိုင်း၊ ပုဆိုးပိုင်းကို၊ ရစ်သိုင်းခေါင်က ချုံလိုက်၊ မှိုင်းမှုံမှုံတမြမြ၊ ဟေမန်ခါမှီ၊ လ-ရာသီ၌၊ ဂုံလီဖျူးကာ-တ-လျက်။ ညောင်ပင်ခွအကိုင်းတွင်။ သားကိုပိုက်တက်။ ရင်ခွင်ထက်၌။ တင်လျက်မှီနေကျင်က၊ ကျား-သစ်-ဆင်-တောလူဝံ။ အူသံမဆဲ၊ ဟိန်းဟောက်ဟဲကေ၊ သဲသဲသောင်းသောင်းညံလျက်။ ချိန်လေးယံတညညလုံး၊ ဆီးနှင်းမှုံပြာ၊ စုံဟေမာတွင်၊ ချုံကာလွှမ်းပိတ်ဖုံးလျက်။ရွှေနှလုံးစိတ်မရွှင်၊ မြောက်လေညင်းညင်း။ သုတ်ဖျူးခြင်းဖြင့်၊ မိုးလင်းပါတုံကျင်လည်း၊ နေကိုပင်မမြင်လွန်း။ တောင်ညွှန့်ဖုံတုံ။ ဆီးနှင်းချုံ၍၊ ရောင်ဟုံမတောက်ထွန်းတည်း၊ ဆီးနှင်းဖြန့်ချေမ်းတုံ။ ကောသမ္ဗီမည်။ သာမောစည်သည်။ ရွှေပြည်ရွှေနန်းဘုံနှင့်။ ဝေးကွာတုံကြုံလှာရ။ မိခင်မဟေသီ၊ ကေသနီလျှင်၊ သက်ဝီဥဒိန္နနှင့်။ ရှေးကမ္မသကာ၊ ကံကိုယိုးငြား။ ကံတရားသာ၊ အားကိုးမှီခိုးရာဟု၊ ကံကိုသာကိုးရာမြင်၊ မဟာရုက္ခေ ဗုဒ္ဓဟေတု၊ ရှုတ်ပွေကိုင်းခက်တွင်၌။ မွေးမိခင်ရွှေရင်သွေး၊ ထဲနှလုံးဆူက၊ လွမ်းပူခါမစဲဘဲ။ ငိုကျွေး၍နေစည်ခါ ခရီးယူဇဏာ၊ နီးမကွာသည်၊ ဟေမာတောခန့်ဝါ၌၊ တောင်သေလာပပ္ပဒ၊ ဝတိန်သည်းအူဖန်ဆင်းလျှုသည်။ ရွှေဂူသင်ခမ်းမက။ တာပဿရသေ့ပျံ။ ဝိဇ္ဇာတမျှ၊ ဘိဉာဏ်ရသည်။ ဌာနထိုရပ်မွန်၌၊ ရှစ်ပါးစျာန်ပါဒက၊ အောင်ဆုပွင့်ရန်၊ ရသေ့မွန်သည်၊ ထရ်ပျံပုဂ္ဂလက။ မြနိစ္စယွင်းမသွယ်၊ သစ်သီးဝလံ၊ နေ့မကျန်လျှင်။ ရှာကြံလှည့်ပတ်လည်၍ မြတ်မထာရ်တာပဿ ရှေ့က။ အဟံ။ လာလေပြန်သော်၊ ဗိမာန်ညောင်နန်းမ၌။ လွန်လှပရုပ်ရှုပ် သားကိုပိုက်

ဘက်၊ ရင်ခွင်ထက်တွင်၊ ငိုလျက်တညံညံနှင့်၊ ခါတရံမမြင်ဘူး၊ အကျူးအလွန်ပြုတုံပြန်သည်၊ ဂုမ္ဘာန်နတ်ဘီလူးတို့၊ အထူးထူးအလွယ်လွယ်။ နာနာဘာဝ။ ဖန်ဆင်းပြလို့။ သီလ။ စမ်းတော့သည်လား။ မြတ်မထာရ်မေးလေလျှင်။ ဆောင်ကြ မာဟေသီကေသနီဟု။ ဒေဝီတောင်နန်းရှင်က၊ သြော်သခင်ရှင်ဘုရား၊ နဂါးကဠုန်သိကြားတုံက၊ ဂုမ္ဘာန်ဘီလူးများလျှင် မှန်ထင်ရှားမဟုတ်ပါ။ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီက။ ဒေဝီတောင်နန်းညာတည်း။ နွှေမဟာသာဂီမျိုး။ အလှလွမ်းကြင်။ တောင်နန်းရှင်ကို။ ငှက်ဆင်သုတ်ချီထိုး၍ ကံတော်ဆိုးကျိုးယုတ်မာ။ ရောက်လှာခဲရ။ ကျွန်ုပ်မ-အား ဇီဝ။ ကယ်ဆယ်ပါ လော။ နှုတ်သံသာတမြမြ၊ ရှိခိုးပံထွာ၊ တောင်ပန်ပါသော်၊ ထရ်ကျော်ရသေ့ကလည်း၊ တာပဿဆိုရာမှာ၊ သမထနည်းလမ်း၊ ကမ္မဋ္ဌာန်းကို၊ စီးဖြန်းဘာဝဏာနှင့်။ ဣတ္ထိယာမိန်းမကို၊ ကာမေသုစစ်၊ လက်ခြေတိုက်သော်၊ အပြစ်များစွာဆို၏။ အကုသိုလ်ကင်းလွတ်အောင်၊ ရွှေညောင်ဗုဒ္ဓ၊ ပင်ရုက္ခမှာ၊ လှေကဝါးထောင်၍ သူတော်ခေါင်ရှင်ရသေ့၊ ဉဒိန်မိခင်။ တောင်ညာရှင်အား၊ လျင်လျင်သက်စေ၏လေ။

၁၁။ ။လျှင်သက်မြောက်၊ ညောင်ပင်အောက်သို့၊ ရောက်လေလျှင်၊ မွေးမိခင်လှနတ်ရုပ်၊ ဉဒိန္နတွင်၊ သားရွှေ စင်ကို၊ ရင်မှာပိုက်ဘက်အုပ်၍၊ မှန်အဟုတ်ရသေ့ထံ၊ လိုက်ပြန်လေမြောက်၊ သင်ခမ်းရောက်သော်။ တယောက်တောင်နန်း စံက၊ ခြေရင်းထံမြဲမကွာ၊ ရှိရှိသမျှ၊ ဣတ္ထိယ-သည်၊ မိန်းမမမ္မဒါဖြင့်၊ ဝမ်းထဲမှာကြံကာဆ၊ တိုင်းပြည်မြို့ရွာ၊ မဟုတ်ပါသည်၊ မြိုင်ချစ်ဤတောဝ၌ သမဏတာပသီ ငါ့ကိုမချစ်၊ နှင်စွန့်ပစ်သော်၊ ရင်၌သားဉဒိန်နှင့်၊ တိုင်းဌာနီပြန်မရောက်၊ ခက်လှ မှန်စွာ၊ မကြံသာဘဲ၊ တောမှာခန္ဓာပျောက်အံ့။ မိန်းမလျောက်မမ္မဒါ၊ ရသေ့သူကောင်း၊ ပျက်စေကြောင်းကို၊ ဖျက်ယောင်း လှည့်မာယာဖြင့်၊ ပြုမှသာတော်လိမည်။ ဤသို့ကြံဆ၊ ဣတ္ထိယသည်၊ မိန်းမပရိယာယ်ဖြင့်၊ အထွယ်ထွယ်အထူးထူး၊ ဖေတပ္ပတုံ၊ ကာမဂုဏ်ဖြင့်၊ အာရုဏ်ရွှင်ပျော်မြူး၍၊ စိတ်ကြည်နူးချစ်စရာ၊ ရူပ၊ ကာယ၊ ပသာဒဖြင့်၊ မိန်းမမူအရာဖြင့်၊ ပြုလေပါထိုခန၊ တထောင့်ငါးရာ၊ ကိလေသာသည်၊ တဏှာစိတ်လောဘနှင့်၊ ကိုယ်ကယတူမကွာ၊ နှစ်ဘေနှစ်ကွဲ၊ သင်ခမ်း ထဲမှာ၊ ရသေ့ကိုသူတော်နှင့် တူနှစ်ဘော်နေပျော်ကြ။ ဉဒိန္နခေါ် သူသည်းချာကေ၊ သားတော်ကုမ္မရလည်း၊ ရုပ်ရူပ၊ သနားဘွယ်၊ မစီထော့ထော့၊ ပီတော့တော့ယဉ်၊ ချိုမြနှုတ်သံခြည်ဖြင့်၊ မိဘငယ်ခေါ်တတ်ငြား၊ ဘဝါးနုနယ်၊ သနားဘွယ် သည်၊ မြေဝယ်ချီလှမ်းသွားလျက် ကြင်သနားချစ်လောက်ဘွယ်၊ အာကာမိုးဝ၊ ဘုံက-ကျသည်၊ ဒေဝ၊ နတ်သူငယ်သို့၊ တက်အရွယ်ပျိုနုစစ်၊ တနှစ်ထက်တွင်၊ တနှစ်ဝင်သဉ်၊ လုလင်ဆဲ့ခြောက်နှစ်သို့၊ သက်တော်စစ်ရောက်သောခါ၊ အာလံကပ္ပ၊ တမည်ရသည်၊ တာပဿရသေ့ကျော်လည်း၊ ရင်သည်းချာသားတမျှ၊ သနားကြင်နာ၊ ချစ်စိတ်ဖြာသည်၊ မေတ္တာသိန္နေဟဖြင့်၊ ဂုဏ်သိပ္ပတတ်ပညာ၊ အဋ္ဌရသ၊ အစစကို၊ ပြသ-သင်လေပါက၊ ဆင်ဂါထာပညာမြတ်၊ အလွှတ် အခေါ်၊ စောင်းပညာကို၊ ကောင်းစွာလိမ္မာတတ်လျက်၊ အရပ်ရပ်မြတ်ပညာ၊ မင်းဉဒိန္န ကုမ္မာရကို၊ ပြသ-သင်နေခါ၌ ကျောင်းဝိဟာသင်ခမ်းထဲ။ လေးပုံဗေဒင် ကြွင်းမေ့မြင်သည်၊ သခင်ရှင်ရသေ့က၊ ခါတနေ့တရက်ဝယ်၊ အာကာတလတ်၊ လှည့်လည်ပတ်သည်၊ ထက်ရပ်နက္ခတ်ကြယ်ကို၊ ရှုမျှော်တွယ်ကြည့်တော်မူ၊ ကောသမ္ဗီပြည်၊ နက္ခတ်ကြယ်လျှင်၊ ညိုးငယ်နွမ်း ပါးသုံလျက်၊ ရောင်ဝါမှုံ၊ မတောက်ထွန်း၊ ဉဒိန်ရာဇာ၊ ခမည်းတော်လျှင်၊ ခန္ဓာပြောင်းခဲမှန်းကို၊ ကောင်းကင်လမ်းအာကာ ပြင်၊ နက္ခတ်တာရာ၊ ကြယ်တကာကို၊ ရှုမျှော်သိလေကျင်၍ ထဲဝမ်းတွင် သို့မထား၊ ဉဒိန်ရာဇာ၊ မွေးမေတော်အား၊ ထရ်ကျော်ရသေ့ပြောက၊ မိဖုရားကြားသောခါ၊ စက်ရာညောင်စောင်း၊ အတူလျောင်းသည်၊ ငယ်ပေါင်းငယ်ကြင်တော်ဟု ငယ်ကြင်ရာငယ်ကြင်ချစ်၊ ငယ်ကျွမ်းငယ်ကြင်၊ ငယ်ကခင်သည်၊ ငယ်လင်ငယ်မယားဖြစ်၍၊ ရှိုက်ရှိုက်တဖိုဖို၊ နှလုံးကြည်ကွဲ၊ အူအသည်းက၊ ပူဆွဲကျွေးကျော် ငိုသည်ရွှေကိုယ်မရွှင်လန်းတော့လေ၊

ဖြဆဖြဆဖြဆဖြဆ

## (၅) ဉဒိန္နသားသည်းချာသည်၊ ခမည်းတော်၏ ခြင်းရာကိုသိသောကြောင့်၊
## မွေးသည်မိ၊ကေ
## သနိကို၊ အလီလီတောင်းပံ၍၊
## နိုင်ငံတော်ကောသမ္ဗီကို၊ လှမ်းချီတော်မူစန်း

။ ။ဘဝင်မချမ်း၊ မရွှင်လန်းဘဲ၊ လွမ်းတငို၊ သားတော်မောင်လှ၊ ဉဒိန္နမှာ၊ ကြောင်းစသိချင်လို၍၊ တောင်မြင်းမိုရ်ပမာရှိ၊ ကျေးဇူးကြီးစွာ မိမာတာကို၊ ဆယ်ဖြာလက်အုပ်ပီး၍ သားရင်းသို့မေးသောခါ၊ မေတော်ရမ္မက်၊

သားကိုဘက်၍ ဖြစ်ပျက်သော်ထုတ်ကာဖြင့်၊ ကြောင်းခြင်းရာခုမကျန်၊ အကုန်ပြစ်ပြစ်၊ ဇာတိစစ်ကို၊ ဘော်လိုက်ပြော တုံပြန်က၊ သားသက်နှံဥဒိန္န၊ ထီးနန်းခရိုင်၊ ဘမင်းပိုင်သည်၊ နိုင်ငံရွှေပြည်မကို၊ ဩရသကျွန်ုပ်သည်၊ သားလျှင်ဖြစ်တွယ်၊ ဘမင်းသေသော်၊ အမွေရသင့်ငေ၊ လျှင်မနေသွားရကြောင်း၊ ဥဒိန်မောင်ပင်၊ မွေးမိခင်ကို၊ ခွင့်လျှင်ပန်ထွာတောင်းက၊ သားမင်းကောင်းမောင်ဥဒိန်၊ ဘခင်မင်းမြတ်၊ ပိုင်စိုးကွတ်သည်၊ တိုင်းမြတ်ကောသမ္ဗီက၊ ငှက်ဆင်ချီပါလတ်ငြား၊ စုံတေမရိပ်မြိုင်၊ နိပြောဆိုင်သည်။ ပညောင်သစ်ခွကြား၌၊ ဘွားမြင်ငြားမောင်ကိုပေ၊ ပြည်သူပြည်သားလူအများတို့ ထြင်ရှားမသိချေတည်း၊ ယခု ဝယ်၊ သားတော်ချစ်သွားလေသောအခါ၊ ဘပြင်ရွာဝယ်များစွာလူသူမိုက်တို့၊ မစီးစစ်မဆင် ခြင်၊ ဒေါသရန်စစ်သတ်ပုတ်ရိုက်၍၊ အပြစ်လုပ်လေကျင်က၊ သားပန်းပင်မိရင်သွေး၊ ဘော်ရွှေမပါ၊ ဘပြည်ရွာမှာ၊ မောင်သာတကိုယ်တည်းလျှင်။ လွန်ခက်ခဲယခုခါ၊ မိကိုပစ်ထား၊ သားမောင်သွားသော်၊ ကြောင်းလျားရေမလျော်ဟု၊ နှုတ်သံသာတမြမြ၊ မသွားစေ၌၊ ပြောလေပါသော်၊ သားတော်ဥဒိန္နက၊ နို့ရှင်မမွေးမိခင်၊ ကြောင်းခြင်းအင် သို့မဟုတ်၊ မဘွယ်မရာ၊ တောပေမာသည်၊ မြိုင်ချာဇနပုဒ်၌၊ မှန်အဟုတ် ရသေ့ထံနေပြန်ရငြား၊ ကျွန်ုပ်သားမှာ၊ သဘောစိတ်မည့် တည်း။ နန်းမွေခံမှန်တုံလျှက်၊ ဘခင်ဋ္ဌာနီ၊ ကောသမ္ဗီကို၊ ဤသည် ဤအချက်၌၊ ထီးနန်းဆက်မွေမခံ၊ နိုင်ငံမသွား ဤသည်တောမှာ။ ရှည်လျားနေတုံပြန်က၊ ရှေးဘုန်းကံပါသော်လည်း၊ တော၌နေသော်၊ သားနန်းလျာအား မှန်စွာကျိုး မပေးတဦး၊ နန်းနှင့်ဝေး-ပြည်နှင့်ကွာ။ ရင်သွေးတော်စစ်၊ ဧကရာဇ်၏သားချစ် ဖြစ်တုံပါလျက် ဤတောမှာဖြင့် တာရှည်၊ ဂုဏ်သိမ်ညိုးပုပ်၊ အကျိုးယုတ်အောင်၊ ကျွန်ုပ်မှန်မနေဟု၊ သားသက်ဝေပြောလေက၊ ကောသနီခေါ်မိမာတာမှာ၊ မဟာ တပဿအား၊ နားပါးချပြောစမ်းပါ၊ ဆိုခါကာလ၊ တာပဿမှာ၊ သင်မသား၊ နန်းလျာအား၊ တားမြစ်သော်နိုင်မထင်၊ တောကြက်တကောင်၊ ပမာဆောင်သော်၊ ချိုင့်လှောင်ထားသော သွင်သို့၊ ရှိတုံကျင်မှန်မခြား၊ ပြောစုပြော၌ာ၊ ရှိတုံပါသည်၊ ခြင်းရာကြောင်းစကားကို သင်မသား-မသွားခင်၊ လုံးစုံစုပေါင်း၊ မှာလိုက်ရှောင်းမှ၊ အကြောင်းကောင်းမည်ထင်၏၊ ငါကလျှင်မှန်တကယ်၊ မင်းဖြစ်လေအောင်၊ ဤတောတောင်က၊ ကြံဆောင်မလိုက်မည်လေ။

၁၂။ ။ကြံဆောင်မမည်ဆို၊ လေတုံငြား ထိုစကားကို၊ ကြားသောခါ၊ မြတ်မေတော်မိဖုရား၊ နေမျိုးသမ္ဘိန်၊ သမုစိန်ဟု၊ ဥဒိန်ရင်၌သားအား၊ ပြောစကားနားမနာ၊ အကြောင်းမဆိုင်၊ တားမနိုင်၍၊ အားယိုင်ခွေပြော့ကာဖြင့်၊ သားကိုသာမှန်တုံလတ်၊ ပေးအပ်စရာမြတ်မေတော်မှာ၊ ဂီဝါရွှေလက်စွပ်နှင့်၊ သက္ကလပ်ကမ္ဗလာ၊ ပြည်မှာရောက်ငြား၊ မိဝတ်စားကို၊ ချစ်သားပြလေပါလော၊ ခမည်းတော်မင်းကြီးသည်၊ ပူရံတပ္ပ၊ အမည်ရကော၊ နာမတွင်တုံပေ၏။ တိုင်းရွှေ ပြည်ကောသမ္ဗီ၊ အလှလွမ်းကြင်၊ တောင်နန်းရှင်သည်၊ မိခင်ကေသနီတည်း၊ ချစ်သက်ဝီရောက်သောခါ၊ ငါတို့ရှင်သား၊ မဟုတ်ငြားဟု၊ ပယ်သျှားမငြင်းသာအောင်၊ နန်းလောင်းလျာသားတော်မြတ်၊ မိခင်တန်ဆာ၊ ကမ္ဗလာနှင့်၊ ရတနာ ဤလက်စွပ်ကို၊ မှူးမတ်အားသက်သေခံ၊ ညွှန်ကာပြငြား၊ မိမိသားကို၊ မှာကြားပေးအပ်နှံ၏အသိဉာဏ်ပါဒက၊ သီလသမ္မာ၊ ဆောက်တည်ပါသည်၊ ဘိုးတော်ရသေ့ကလည်း၊ ဂုဏ်သိပ္ပမြတ်မန္တာန်၊ ဆင်များအပေါင်းရောက်စေကြောင်းလျှင်၊ နတ် စောင်းဂါထာပျံကို၊ စ-မကျန်သင်ပြပြီး၊ စောင်းကိုတီးကာ၊ ခေါ်တုံပါသော်၊ များစွာဆင်ယတ္တိတို့၊ အသီးသီးအသွယ်သွယ်၊ ကြီးငယ်ကစ၊ ရောက်လှာကြသော်၊ သင်ပြအပ်တုံလေက၊ မျိုးနန်းနွယ်သားတော်စစ်၊ ရသေ့ဘခင်၊ ကျေးဇူးရှင်အား၊ ခြေတွင်ဦးဖြင့်တိုက်၍၊ လက်ျာရစ်လှည့်ပြီးခါ၊ မေတော်မြတ်ဖွား၊ မိခင်အားကို၊ ညွှတ်တွားရှိပူဇော်က၊ မွေးမေတော်အလွန် စိုး၊ သားလှရွှေလှော်၊ နေမပျော်သည်၊ နွေသာမဟာမျိုးအား၊ ကြောင်းအကျိုးစပ်ပြီးခါ၊ များထိုထိုကို ငိုယိုနှောလို့၊ ဆိုပြောလိုက်ခြင်းရာက၊ မိသည်ချောမောင်ဥဒိန်၊ ကောသမ္ဗီကို၊ ခွန်ဆီစိုးမည်၊ မျိုးစစ်ဘိုးထိုက်စိန်က၊ အသမ္ဘိန်ခတ္တိယ၊ မွေးမိငါလျှင်၊ ကြေးမုံပြင်သို့ ရှုမြင်ကြည့်မဝတည်း၊ သားတော်လှမိသက်ဝေ၊ ဘ-ခြေရာကို ဘွေရှာစစ်လို့၊ သားချစ်လိုက်တော့မည်မည်လား၊ နားမတည်ပယ်ကာသျှား၊ မိခင်မေတော်၊ မနေသာအောင်၊ ပေမာတောထားလို့၊ ငါ့ချစ်သားသွားလေလျှင်၊ ဤသည်နေ့က၊ မိခင်လှနှင့်၊ မြင်ရမည်မထင်၍၊ ရွှေနို့ရှင်မိခင်အား၊ သားဥဒိန္န၊ ရုပ်ရှုပကို၊ ဝ-ဝ-ရှုကာ သွားဟု၊ ငိုယိုငြားဆိုပြောရာ၊ နန်းလျှာလောင်းစစ်၊ ဥပရာဇ်ကော၊ သားချစ်ရတနာက၊ ရွှေစိတ်တော်ညိုးငယ် ငယ်၊ ပဒုမ်ကြာမျိုး၊ နေဝါထိုးသို့ထဲခထိုးစိတ်မကြေလည်း၊ နန်းရဝေမည်ကဲ့သို့၊ ရွှေမြို့ဘယ်ပုံ၊ အလုံးစုံကို၊ အကုန်ရှုချင်လို့ လျှင်၊ ခွန်းဤသို့ဆိုတော်မူ၊ ငိုယိုပြီးလျှင်၊ ချိမ်မရွှင်ဘဲ၊ မိခင်စိုးမပူနှင့်၊ သားသည်းအူသွားမည်ခါ၊ မင်္ဂလာအကြောင်း၊ သားနန်းလောင်းလျှင်၊ မကောင်းဖြစ်တတ်ပါ၏။ သားသည်းချာအောင်ပါကြောင်း၊ ရွှေနို့တော်ရှင် မွေးမိခင်မှာ၊ ဆုလျှင် ပန်ကာတောင်းလော၊ သားနန်းလောင်းဆိုပြီးခါ၊ ဥတော်ထွင်ပြီး ဆင်တော်ကြီးကို၊ စီးနင်းသွားလေပါက၊ သောင်းထောင်ရာဆင်အပေါင်း၊ စည်းတစစ်လျှင် လိုက်ကြကျင်သည်၊ ။ နောက်တွင်သောင်းသောင်းလေး၊

၁၃။ ။နောက်တွင်သောင်းသောင်း၊ ဆင်အပေါင်းတို့၊ တောကြောင်းတွင်၊ သားရွှေစင်သွားသောခါ၊ ဗျာပါညှိုးချုံး၊ လျှမ်းတဆုံး ရှုမျှော်ကျင့်၊ တောညွန့်တောင်ညိုမှောင်ရိပ်ခို၍၊ သားကိုရှုမမြင်က ထဲဝမ်းတွင်သည်းအအူ၊ ရွှေနို့ရှင်မ၊ ဘဝင်ကပင်၊ သောကမီးသို့ပူ၍၊ လွမ်းတရှုညှိုးငယ်ငယ်၊ မျက်ရည်ယိုဖိတ်၊ ငိုမည်စိတ်ကို အံကြိတ်ဖြေကာဆယ်၍ မိသက်ဝေအောင်ပေကြောင်း၊ အောင်ဇေယျန္တ၊ ရည်မှန်းပြုလျက်၊ အောင်ဆုပဋ္ဌနာတောင်း၍၊ ရသေ့၊ ကျောင်းသင်္ခမ်းသာ၊ ပြန်လာလေရှောင်း၊ နေမကောင်းသည်၊ ဝမ်းခေါင်းရင်ဆာဆာနှင့်၊ တဇာဇာငိုကာကျွေး၊ မိခင်ဒေဝီ၊ ကေသနီမှာ၊ ဖြေဆီးနိုင်ရန်ခဲလည်း၊ လင်ရသေ့ထိုသူတော်၊ ဖြေဖျော်နားချ၊ တရားပြလည်း၊ သောကမကင်းပါဘဲ၊ မွေးမေတော်နေလေရ၊ တစိုးရိမ်ရိမ်၊ ညှိုးပိန်ပိန်ကေ ဥဒိန်သားမောင်ကလည်း၊ စိတ်သောက မကင်းပါ၊ မိခင်မဟေသီ ကေသနီဟု ဒေဝီတောင်နန်းညာကြောင့်၊ ဆယ်ကိုးခါမျက်နှာလှည့်၊ သားလှသည်းချာ၊ မိမာတာကို၊ ဆင်ပေါ်ထက်က ကြည့်၍၊ ပြန်ငဲ့ပြန်ကွက် မသက်သာ၊ စိတ်တော်ဖြေတင်း၊ ရောက်ခြင်းဖြန်း၍၊ ထမင်းပြည်အောင်ချာသို့၊ ရည်ရော်ကာတန့်မနား၊ ထမင်းပြည်ရွာ၊ ဘယ်ဆီမှာဟု သေချာမသိငြားလည်း၊ ဘိုးတော်ဖျားရသေ့ကျော်၊ မိန့်မှာနှုတ်ထွက်၊ စကားချက်နှင့်၊ မြောက်ဘက်ဟေဝန္တာက တောင်၊ မျက်နှာစူးစူးရည်ကောသမ္ဘီမည်၊ သာမောစည်သည်၊ ရွှေပြည်ရှိလိမ့်မည်ဟု၊ မျိုးနန်းနွှေမှတ်လေကျင်၊ တငဲ့ကွက်ကွက်၊ စေ့စေ့ထွက်က၊ တချက်စိတ်မရွှင်တည်း၊ တချက်တွင် ဘခင်ပြည်၊ ငါ့ကံအလျောက်၊ ဆော်ပင့်ထောက်က၊ ပေါက်မြောက်ရောက်တော့မည်ဟု၊ စိတ်ရွှင်ကြည်ရွှေနှလုံး၊ ဥတော်ခေါ်တွင်၊ တောမြိုင်ခွင်မှာ၊ ဆင်တော်ရွှေကျောက်တုံး၌၊ တေဇာဘုန်း၊ ထွန်းလင်းဖြာ၊ ဥဒိန်သားလှ၊ ဩရသမှာ၊ မွေးဘ-ရွှေပြည်တော်ကို ရည်ရွယ်ကာသွားတုံလတ်၊ တောကြားတောချောင်၊ တောသာခေါင်တောတောင်အထပ်ထပ်နှင့်၊ မြောင်နဂပတ်အဖြာဖြာ၊ သေလာညိုမှာမှိုင်း၊ တဆိုင်းဆိုင်းကေ၊ တံတိုင်းဆီး၍ ကာသို့၊ လှမ်းသွား၌ါလမ်းမရှိ။ ဥဒိန်ခေါ်တွင်၊ နန်းစည်းရှင်မှာ၊ သို့စင်ဖြစ်တုံဘိလည်း၊ ဆင်ဟတ္ထိများထိုထို၊ ပတ်လည်ရံဝန်း၊ စီးကာလှမ်းသော်၊ ကြောင်းလမ်းပင်မလိုတည်း၊ တညိုညိုတသုံသုံ၊ ရကုန်တရိုး၊ ခြုံကာမိုးကေ၊ မြူခိုးမှိုင်မှောင်ချုံလျက်၊ သစ်နွှေခြုံကိုင်းအခက်၊ စမ်းရေတမ်းခွန်၊ ဟေမာန်မှာ၊အလွန်ရောထွေးရှုက်လျက်။ အောက်အထက်၊ ရပ်မျက်နှာ၊ ကင်းပျောက်နေရောင်၊ မြောက်နှင့်တောင်ကို၊ လင်းရောင်ထင်မှားသာတည်း၊ သွားလေရာတောတန်း၊ ဥဒိန္နတွင် မောင်လုလင်မှာ၊ ပြောင်ဆင်စီးကာ၊ လှမ်း၍ မောမပန်းနွမ်းမနေ မတန့်မနားလှမ်းချီသွားသည်၊ တောလမ်းခရီးဝယ်တည်းလေ၊

၁၄။ ။ခရီးတော်လမ်း၊ ရိမပန်းဘဲ လှမ်းသွားရာ၊ သစ်သီးမှည့်ဝါတွေ့ကာလ၊ နရနန်းစိုင်၊ ဆင်နှင့်ရှိုင်၍ ကိုင်ကာရပ်ပြီးမှလျှင်၊ ဆင်ပေါ်က လှမ်းဆွတ်ယူ၊ လုံးငယ်လုံးကြီး၊ တောသစ်သီးကို စောထီးသုံးတော်မူ၍၊ နေမပူရောင်မသန်း၊ သစ်သီးပန်းစုံ၊ မွှေးသင်းထုံသည်၊ ရဂုံစုံမြိုင်လမ်းက၊ ထီးနန်းစိုက်သမိုင်းတည်၊ ကောသမ္ဘီတွင်၊ ဂုဏ်ပေါ်ထင်သည်။ ဘခင်တိုင်းရွှေပြည်သို့၊ မှတ်ရည်တော်မူပြီးခါ၊ ဟေမာဝန၊ သမုတ်ကြသည်။ ဥတ္တမြောက်မျက်နှာက ဒက္ခိဏလကျော်တောင်၊ ရွှေဘုန်ရောင်ရှိန်၊ သမုစိန်ဟု၊ ဥဒိန်မင်းသားမောင်က၊ ဆင်ပြောင်ကိုတက်ကာ စီးလွမ်းခြင်းလည်းဆို၊ မင်းလူပျိုမှာ၊ စောင်းကိုခါခါတီးလို့၊ တောခရီးသွားသောခါ၊ စမ်းဂနိုင်ချောက်၊ ပန်းမြိုင်အောက်ကို၊ လှမ်းရှောက်ရောက် လေပါက၊ အဖြာဖြာအသွယ်သွယ်၊ စမ္မယ်နော်ဇာ၊ အဝေယာကေ၊ စွယ်တော်ပန်းမိုးစွေနှင့် ပွင့်ဝေဝေရွှေငွေတူ၊ သရဘီနီဝါ ကတီပါကေ၊ မာလာခိုင်မဥ္ဇူနှင့်၊ စလတ်ဖြူစလတ်နီ၊ ကတ္တရီအင်ဂြင်းဂနိုင်တွင်းမှာ၊ ကြိုင်သင်းခိုင်နှင်းဇီကာ၊ ဆဲ့နှစ်လီရာသီပန်း၊ သော်က-ကန့်ကော်၊ စကားဝါနှင့်၊ ရင့်မာမောက်ထော်တန်းတို့၊ ခေါက်ရမ်းနှင့် ဂေါ်သဇင်၊ ချရား ကန့်ကော်၊စကဝါနှင့်၊ အာသာဂမုန်းအင်တို့၊ သူကုံးကျင်ထားသောနှယ်အခိုင်ခိုင်၊ တလှိုင်လှိုင်ကေ၊ ကြိုင်ကြိုင်မွှေးပျံ့ကြည် ၍၊ အရွှေအနီအဝါ၊ တွေ့ကြုံသူများ၊ ပန်းမြိုင်တော၌၊ မနော‌မြူးရွှင်ပျော်မျှ၊ ပန်းလိပ်ပြာပိဒုန်းပျား၊ နားတုံ၊ ရသာရုံနှင့်၊ ဝပ်မှုံဝစ်ဆံစားလျက်၊ ပန်းမြိုင်တောရောက်တုံလေ၊ မင်းသားလူပျို၊ စမ်းအိုင်ညိုတွင်၊ ရေချိုသုံးလို့၊ အန္တုံးတော်က ဖြေလျက်၊ နားကာနေထိုကာလ၊ သမင်ဒရယ်၊ ချိုသငယ်တို့၊ မြိုင်လယ်ထိုတောဝ၌၊ သုဘာဝမြူးရွှင်ပျော်၊ ညနေအေးမြ၊ တောင်ရင်း ဝဝယ်၊ ခုန်ကပြေးသန်းကာဖြင့်၊ တကျော်ကျော်ပင်ပေါ်ထက်၊ ဥဩဖိုးခေါင်၊ ချိုးညီနောင်ကေ၊ ဝါရောင်လင်းပြာငှက်တို့၊ ခေါ်နှုတ်ဆက်လူလိုလို၊ ဥဒိန်မင်းသား၊ နားနေငြားသော်၊ ကြားတိုင်းနားမှာချိုလို့၊ များထိုထိုငှက်မောင်နှံ တတောင်ပျံသန်း တတောင်လှမ်း၊ လွမ်းတကျွေးကျော်သံဖြင့်၊ အညံ့ညံ့တသဲသဲ၊ ဘော်ကွဲကွာသူ၊ ကြားရမူက၊ စိတ်ပူဝန်းနဲမျှပန်းနံ့မွှေးငှက်ကျွေးကျော်။ လေပြေညင်းညင်းနေဝင်းဝင်းနှင့်၊ မင်းလှဥပ္ပရာက၊ ရှုကာမျှော်ကြည့်လေကျင်၊ ဖူးပွင့်ပန်းမှန်၊ ကျေးငှက်သံနှင့်၊ အလွန်နှလုံးရွှင်၍၊ ထ-သွားချင်စိတ်မရှိ၊ ကမ္မဋ္ဌာန်းဆင်၊ ရဟန်းပျင်လျက်၊ မောင်လျှင် နေချင်သို့၌။ ဂုဏ်သီရိကြက်သရေဂ၊ ရှိုမြောင်ပတ်ဝန်းညိုတောင်တန်းနှင့်၊ စမ်းအိုင်ပန်းမြိုင်လယ်၌၊ လွမ်းမှိုင်ဘွယ်၊ ညနေချမ်း၊

နေမင်းရောင်ခြည်၊ မပြောင်ဝေကေ မှောင်ကွယ်ပိတ်ဖုံးလွှမ်း၍၊ ရှုမျှော်မှန်းလွမ်းဆွတ်ဘွယ်၊ မိခင်ကိုတမ်း၊ ပြည်ကိုလွမ်းသည်၊ စိတ်ဝမ်းမတည်ကြည်ဘဲ၊ ယိုမျက်ရေ ကြွေမတတ်၊ ကျေးငှက်ပန်းစုံ၊ ဖူးပွင့်ငုံသည်၊ ရကုန်မြိုင်တောရပ်လေ။

ဖ္ဏ္ဏဖ္ဏ္ဏဖ္ဏ္ဏဖ္ဏ္ဏ

## (၆) ဥဒိန်မင်းသားကျော်သည်၊ ဆင်များစွာရန်ကာ လျက်စံနဂရာဘခင်ပြည်သို့ လျှင်မနေ ရောလေ၍လူမိုလ်ခြေစုရုံးလျက်၊ နိဂုဏ်းရပ်စွန်၌၊ စီမံကာသစ်တပ်တည်၍၊ စစ်တိုက်မည်ကြံစည်ခန်း။

၁၅။ ။ရဂုန်တောရပ်၊ မသွားတတ်အောင်၊ လွမ်းဆွတ်ဘွယ်ယိုမျက်ရည်ကျကြွေလု။ မေတော်ကိုတန်း၊ ပြည်ရွာနန်းကို၊ မျှော်မှန်းဝမ်းပန်းနုမျှ၊သာပျန့်ပျူစိတ်တော်ဝယ်၊ မိခင်ကိုတမ်း၊ ကောင်းသင်ခမ်းကို၊ မျှော်မှန်းလွမ်းလိုက်တေက၊ နားမလည်ငယ်ကပင်၊ ထုတ်နှင့်ညစ်ကြေး၊ သုတ်သင်ကျွေးသည်၊ မွေမိရွှေနို့ရှင်အား၊ ငါခုလျှင်ရက်ရက်ခွဲ၊ ဘခင်အမွေ၊ တိုင်ရွှေပြည်ကို၊ လိုသည်ထိုအရေးကြောင့်၊ ရွှေရင်သွေးမိသက်ဝေ၊ ငါလျှင်သွားကြောင်း၊ ခွင့်ပံတောင်းသော်၊ သားကောင်းမသွားလေနှင့်၊ ရွှေမျက်ရည် ယိုကာစီး၊ မွေးသည်မိခင်၊ တားစည်းတွင်ပင်၊ ငါလျှင်ဆင်ပြောင်စီး၍ တောခရီးလာတုံလေ၊ မျက်ရည်ယိုစီး၊ ဆိုငိုညီးလို့။ မွေးမိနေလိုက်သည်ကို၊ ယခုဝယ်ပကတိ၊ မွေးမိရုပ်သွင်၊ စိတ်မှာထင်ကော၊ ငါလျှင်မြင်တုံမိ၍ ခုသတိရပြန်လျှင်၊ ကျေးဇူးကဲလွန်၊ မိခင်ထံကို၊ ပြန်ကာသွားပါချင်၏။ သို့ရာတွင် ယခုအခါ၊ ဤသည်အကွက်၊ ဤအချက်မှာ၊ ရကွက်-ရ၊ သင့်လျော်လျက်၊ နောင်အခါရမည်ရေး၊ ဘခင်မွေခံ၊ တဇကံလေ အမှန်ဝေးကြီးဝေး၍ လွန်ခက်ခဲလိမ့်မည်သာ စွန့်စားလျက်နှင့်၊ ဤအတွက်ကြောင့်၊ ရက်ရက်ခွဲ၍ လာ၏။ ရံမကွာခါတထူး၊ မိမာတာနှင့်၊ ငါလျှင်ဝေးအောင်၊ မခွဲမခွါဘူးတည်း၊ ဂုဏ်းကျေးဇူးအထူးတင်၊ မိခင်ရင်သို့၊ ငါဝင်စို့သည်၊ နို့ညှီမစင်ခင်တည်း၊ ယခုလျှင်ခွဲကာခွါကြောက်လျှင်သေခဲ၊ ထောက်မျှော်တွေးက ရဲလျှင်မင်းဖြစ်ကာဟု ထိုက်ရာမှာငါလျှင်နား၊ ယခုတဘန်၊ မိခင်ထံကို၊ ပြန်ကာလှည့်မသွားဘဲ၊ ယောကျ်ားမြတ်ရဲအာဇာ၊ ဆင်တော်နာခိန်၊ ဂဇာသိန်ကို ဥဒိန်စီးပြီးခါမှ ဝဲလက်ျာတသောင်းသောင်း၊ ရှေ့နောက်ဘယ်ညာ၊ ရံဝန်းကာ၍၊ များစွာဆင်အပေါင်းနှင့်၊ စောနန်းလောင်းဥပရာ၊ တောကျောင်းဝိဟာ၊ သင်ခမ်းသာမှာ၊ မေတော်တောင်နန်းညာကြောင့် ရွှေစိတ်တော်မရွှင်ပြုံး၊ နေ့ရောညည့်ပါ၊ လာသောခါလျှင်၊ ဟေမာတောလမ်းဆုံး၍၊ ကျူးတံတိုင်းပတ်ဝိုင်းကာ၊ ရေတွင်းရေကန်၊ ပြည့်ဖြိုးဝှန်သည်၊ ဥယျာဉ်တင့်တယ်စွာဖြင့်၊ ရွှေပြည်တော်မြို့ဌာနီ၊ ဘခင်မင်းမြတ်၊ ပိုင်စိုးကွတ်သည်၊ တိုင်းမြတ်သမ္ဘိကို၊ မောင်ဥဒိန်ရောက်လေငြား၊ မြို့တွင်းတဘန်၊ မဝင်ပြန်သည် ရပ်စွန်ပြည်အနား၌၊ ဆင်အများထားပြီးခါ၊ ရွှေပြည်တော်ကျေး။ နိုင်ငံရေးကို၊ စစ်ဆေးမေးမြန်းကာဖြင့်၊ ဉာဏ်ပညာလွန်ကြီးငြား၊ ကောသမ္ဘီပြည်၊ ရပ်စွန်နေသည်၊ ဗိုလ်ခြေလူအများကို၊ ကို့ထံပါးရအောင်ကြံ၊ သောင်းသောင်းရုရု၊ များဗိုလ်ထုကို၊ ပေါင်းစု ပြုစီမံ၏တည်းလေ။

၁၆။ ။ဗိုလ်ခြေလူထုကို၊ စည်းဝေးမှုဖြင့်၊ ပြုစီမံ၊ လေးမျှား၊ လှံသေနတ်ပြောင်း၊ ခဲယမ်းဂုလီ၊ တမ်းကာချီ၍၊ စုံစီလှံကတောင်းနှင့် ခရာမောင်ကြီးတုပ္ပါ၊ နောက်ကတတိုင် ရှေ့တတိုင်းသည် သံပြိုင်တီးမှုတ်ကာနှင့်၊ လွန်ဝမ်းသာအားကြီးရ၊ တချို့သူလျှင်၊ ကခုံကျင်သည်၊ အလျင်တိုက်ချင်စွနှင့်၊ တချို့က၊ ငြီးလျက်နေ၊ နိုင်ငံပတ်ကုန်းတပြည်လုံးကို၊ ထုံးလျှင်ဖြစ်စိမည်တည်း၊ တချို့ဝယ်လွန်ဝမ်းမြောက်၊ အရက်သေစာ၊မေရိယာကို၊ ဝစွာယစ်အောင်သောက်၍ လက်ခမောက်ခတ်တီးကာ၊ တချို့လူကြမ်း၊ လက်ရုံးတမ်းသည်၊ စွမ်းအားပြတုံပါလျက်၊ ကျေးရပ်ရွာနိဂုဏ်းတွင်၊ သိန်းသောင်းဗိုလ်ပါ။ လူတကာတို့ နန်းလျှာဘက်ကိုဝင်၍၊ စုံရုံးကျင်စီမံငြား၊ သူရဲဗိုလ်ပါ၊ စစ်အင်္ဂါကို၊ ညီညာအသင့်ထား၍၊ ဆင်များကို စောင်းနှင့်ခေါ်၊ ဥဒိန်စောထီး၊ ဥတော်ကြီးတွင်၊ စီးနင်းပြီးသောခါမှ၊ များဗိုလ်ပါမှုတော်ထမ်း၊ မြို့တော်သွားလေ၊ ဆင်တတ်ထည်၍၊ ပတ်လည်ရံကာဝန်းလျက်၊ အက္ခရာစာတမ်းရွှေပေလွှာ၊ ကြောင်းရာထူးကဲ ကောင်းစွာရေး၍၊ ပေးသွင်းလိုက်ခြင်းရာက၊ ကြီးကျယ်စွာဘုန်းတန်းခိုး၊ စကျ်ာသခင်၊ ဘက်မမြင်အောင်၊ ဆင်တော်ပေါင်းဆယ်မျိုးကို၊ ပိုင်အုပ်မိုးစိုးတုံပေ၊ ဥဒိန္နဟု ဘဝသခင်၊ ငါဘုရင်က အကြောင်းကြားလိုက်သဥ်တည့်၊ ဤရွှေပြည်နန်းနှင့်ထီး၊ မှုမျိုးတကာ၊

ဆောင်ရွက်ပါသည်။ မတ်တော်မှူးတော်ကြီးတို့ မီးနှင့်လေရေမြေသွင် တို့လျှင်ကဖြက်၊ ရှယ်လျှင်စပ်ဟု၊ မှတ်ကာပမာသွင်သို့ များလူရှင်ပန်းရှင်မညိုး၊ ပြည်သားပြည်သူ၊ မီးသို့ပူအောင်၊ စစ်မူခံမထိုးဘဲ၊ အမျိုးချင်းဆက်စပ်တွယ်။ ရွှေပြည်နန်းမြတ်၊ ကြဌန်းလွှတ်ကို၊ နှင်းအပ်ပါတုံမည်လော၊ ထိုသို့ပယ်မဟုတ်မုံ။ ကြောင်တကောင်ထွက်။ တမြုံကြွက်လျှင်၊ အသက်ခန္ဓာကုန်သို့၊ ဥဒါဟာရဏ်ထိုသည် ထုံလက်ရုံးချင်းဆိုင်၊ အားချင်းပြိုင်၍၊ ငါနိုင်သူအရှုံးဟု၊ ဘုန်းချင်ရှိုင်ပြိုင်မည်လော၊ သဘောလိုရာ၊ များဗိုလ်ပါတို့၊ ကြိုက်ရာဆိုကာ ပြောလေားကြောင်းစကားရေးပြီးထွယ်၊ ဥဒိန်မင်းမြတ်၊ သံအမတ်ကို၊ ခန့်လွှတ်မြို့တွင်းစေက၊ ထိုမြို့ပြည်ထီးနန်းလွှတ်၊ စောင့်ကြတ်တုံပြီး အသီးသီးသည်၊ လူကြီးမှူးနှင့်မတ်က၊ အောင်တပ်ထူစစ်သူကြီး၊ ရန်ဆီးရန်တား မြို့တကားကို၊ ဆို့ထားပိတ်ကာဆီး၍၊ အသီးသီးတိုင်ပင်ခံ၊ ရေးသားကောင်းစွာ၊ အက္ခရာဖြင့်၊ ရွှေလွှာ၌သို့ပြန်၏၊ ဆဒ္ဒါန်မြတ်ပြောင်းမာထင် ဆင်အထပ်ထပ်ရံကာပတ်သည်၊ ဆင်တပ်အိုသခင်တည်း၊ စစ်လျှင်ပြုခုမခံ၊ ငါတို့မှူးမတ်ထီးနန်းမြတ်နှင့်၊ မအပ်တိုင်းနိုင်ငံတည်း၊ အကြောင်းခံအထုပ္ပတ်၊ ထက်နတ်ပြည်ခွင်၊ စံလေကျင်သည်၊ ဘုရင်တို့မင်းမြတ်မှာ၊ တောင်ညာနတ်ကေသနီ၊ နေဆာတော်လှူ၊ ကမ္ဗလာချုံ၍၊ ဆောင်ယူငှက်ချီက၊ ညာဒေဝီထွက်မဟေဝမ်းမှာ ကိုဝန်၊ ပဋိသန်နှင့်၊ အမှန်ပါလေသည်ကြောင့်၊ ယခုဝယ်ထင်အရှား၊ သေသည်ရှင်သည်၊ ဤနှစ်မည်တွင်၊ ဘယ်သည်ကြောင်းစကားမျှဘို့ မကြားမထိချေသန္ဓေစွဲလမ်းကြောင်းထူးဆန်း၍၊ စူးစမ်းရှာတုံပေအံ့၊ သုံးနှစ်ဝယ်ဆိုင်းသင့်ကြောင်း၊ အပေါင်းမတ်ဝန်၊ သံတမန်အား၊ သဝန်ပြန်လိုက်ရှောင်းလေ။

## (၇) ။ ။ဥဒိန္နနန်းလောင်းလျှာ၏အကြောင်းအရာ
## အတုပ္ပတ္တိကို၊ မှူးမတ်တို့သိသော
## ကြောင့်၊ အဘိသိတ်သွင်း၍၊
## ထီးနန်းပြသာဒ်၊ အရပ်ရပ်
## တို့ကို၊ နှင်းအပ်စန်း၊

၁၇။ ။သဝန်လွှတ်ရှောင်း၊ အမတ်ပေါင်းတို့၊ အကြောင်းကို၊ လောင်းမင်းပျိုခြင်းဇာတိ၊ မိမိအတွက်၊ ရည်သံချက်ကို၊ နှစ်သက်စရာသိက၊ မျိုးသာဂိဥပွရာ။ စစ်နှစ်ဘက်က၊ လက်နက်ချ၍ ကိစ္စရာကြောင်းခြင်းရာကို၊ သင့်မြတ်သင့်မြတ်ကြောင်း၊ ကောသမ္ဘီပြည် ၊ ထိန်းအုပ်နေသည် ကြီးငယ်မတ်ဝန်ပေါင်းနှင့်၊ ကျိုးအကြောင်းပြောအံ့ငှါ၊ ဥဒိန္နမင်း၊ တကိုယ်ချင်းလျှင်၊ မြို့တွင်းဝင်လေပါ၍၊ အိုမတ်တော်မှူးတော်များ၊ ဘခမည်းတော်၊ စိုးစံပျော်သည်၊ ပြည်ရွာထီးနန်းများကို ဘယ်သူအားခုမပိုင်၊ သားသြရသ၊ ဥဒိန္နဟု၊ ရသင့်ငါသာဆိုင်၏ နန်းသုံးနန်းစိုင်ဟူသမျှ၊ လက်နက်ကရိယာ၊ အဖြာဖြာကေဇဝါပြောင်းမှစ၍၊ ဆင်နာဂပြောင်ဆဒါန်၊ဘရာမင်းစီးငြား၊ ယဉ်ရထားသည်၊ သိန္ဓောနတ်မြင်းပျံနှင့်စ-မကျန်အဖြာဖြာ၊ ဤထီးဤနန်းဤကြင့်န်းကို၊ သိမ်းမြန်းအပ်ကြပါဟု၊ သို့ခြင်းဆိုကာပြော၊ သိကြားလိမ္မာ၊ ပညာကျော်သည်၊ မဟာမတ်တပါးက၊ သြော်ချစ်သားမောင်လုလင်၊ ဘခင်အမွေ၊ ခံလှာပေသည်၊ ဘယ်ပြည်ဘယ်တိုင်းခွင်က၊ ဘယ်ဘုရင်ဘယ်မင်းသား၊ သိငြားရစေ၊ မောင်မျိုးနွယ်ကို၊ ခုဝယ်ဘော်၍ပြောလော၊ သို့ကြောင်းလျှာဆိုသောခါ၊ နန်းလျှာမောင်လှ၊ ဥဒိန္နမှာ၊ ချိုမြနုပ်သံသာနှင့်၊ အိုမတ်တော်မှူးတော်များ၊ ဤပြည်ဌာနီကောသမ္ဘီသည်၊ ကျော်ညီမည်ထင်ရှား၏။ ဘမင်းဖျားခမည်းတော်၊ ပူရံတပ္ပ ရာဇညဟု၊ နာမထွင်တုံပါ၏။ မြတ်မေတော်ကေသဏီ။ အလှလွမ်းကြင်၊ မွေးမိခင်ကို၊ ငှက်ဆင်ထိုးယူချီ၍၊ တောရပ်ဆီညောင်ခွဖျား ကျွန်ုပ်သီးချာ၊ သားပုတ္တာကို၊ မြတ်မေတော်ဘွားမြင်ငြား၍၊ ယူပိုက်ပြားရင်ခွင်တင်၊ မေတော်ဒေဝီ၊ ဘွဲ့တော်ချီသည်၊ ဥဒိန်သားမောင်ပင်ဟု၊ ဧယင်ယင်လွှဲကျူကာ၊ နေသည်အခစ်၊ မှန်စင်စစ်သည်၊ တော၌ရသေ့လာ၍၊ ဆောင်ယူလှာသင်ခမ်းထဲ၊ လေးပုံဗေဒင်၊ တတ်သိမြင်သည်၊ သခင်ရှင်ရသေ့က၊ ခါတနေ့ တရက်ခါ၊ အကာထက်ရပ်လှည့်လည်ပတ်သည်၊ နက္ခတ်ကြယ်တာရာအား၊ ကြည့်ရှုမျှော်သိတော်မှုံ၊ ဤရွာဤပြည်၊ နက္ခတ်ကြယ်လျှင်၊ ညိုးငယ်နွမ်းပါးသုံ၍၊ ရောင်ဝါမှုံမတောက်ထွန်း၊ ဘခင်ရာဇာခမည်းတော်လျှင်၊ ခန္ဓာပြောင်းခဲမှန်းကို၊ မို့ဝ-လမ်းအာကာပြင်၊ ဣသိမြတ်မွန်၊ ရသေ့ပျံမှာ၊ အမှန်သိကာမြင်၍၊ မိခင်ကိုခြင်းရာပြော၊ မေတော်ကျွေးငို၊ အရေးပို၍၊ ထိုထိုကြောင်းစကားကို၊ ကျွန်ုပ်သားမေးထုံလေ၊ အာဒိအရင်းဇာတိခြင်းကို၊ အလင်းသိတုံပေက၊ ဘ-အမွေရလိုငြား၊ မိခင်ဟန်ထွယ်၊ မနိုင်ပေသည်၊ သက်ဝေကျွန်ုပ်သားကို၊ ပေးလိုက်ငြားမိခင်မှာ၊ ကိုယ်တွင်ဝတ်ဆင်ဝတ်သက္ကလတ်ဟု၊

ထက်စွပ်ကမ္ဘလာကို၊ မယုံသော် မတ်တော်များ၊ မိခင်မာတာ၊ ဝတ်တန်းဆာကို၊ ရှုမျှော်ကြည့်ပါလောဟု၊ ထုတ်ယူပြားပြ ခြသာခါ၊ ပြည်သူပြည်သား၊ မှူးမတ်များတို့၊ ဝန်းလျားကြည့်ကြပါက၊ ဩော်မှန်စွာ ယွင်းမလွဲ၊ တို့မှာထိပ်တင်၊ တောင်နန်းရှင် သည့်ခင်မ-တန့်ဆာတည်းလေး။

၁၈။ ။ခင်မတန်းဆာ၊ ကမ္ဗလာမြတ်၊ ရွှေလက်စွပ်သည် မချွတ်မှန်၊ ထိုထိပ်အရှင်သား၊ ပါရမီတတန်၊ တန်ခိုးသံသည်၊ ဘုန်းကံကုသိုလ်အားကြောင့်၊ ရောက်လှာပြားတို့တိုင်းပြည်၊ အလုံးစုမွှက်မေတ္တာသက်၍၊ စုတ်စက်ခေါ်ကြ ထွယ်ဖြင့်၊ ပျိုတော်သည်နန်းသူပေါင်းရှင်မတန်းဆာ၊ ကမ္ဗလာကို၊ မျက်နှာဟတ်တုံရှောင်း၍ တသောင်းသောင်းငိုကြပေ၊ တို့ရှင်ဏီစား၊ တို့ရှင်သားကို၊ တို့အားမြင်ရသည်တည်း၊ တို့မှာဝယ်အရှင်ကြီး၊ ဘခင်ရာဇာ၊ ခမည်းတော်သည်၊ နတ်ရွာပျော် စံညီး၍ သားရင်းသွီးဥဒိန်မောင်၊ အရှင်သားလှုဩရသဟု၊ ဘကိုမြင်ရ-ယောင်သို့၊ တိုင်းပြည်ဘောင်လူရှင်များ၊ ဥဒိန်ရာဇာ၊ ရောက်တုံပါဟု၊ ကျော်ညာသတင်းကြားက၊ မြင်ချင်ပြားအသွယ်သွယ်၊ ယောကျ်ားမိန်းမ၊ ကြီးငယ်စသည်၊ များလှုလူဗိုလ်ခြေတို့၊ ကြောင်းလမ်းဝယ်စည်မပြတ်၊ သူ့ထက်ငါလျှင်၊ လာကြကျင်သည်၊ ရင်ကိုရင်ခြင်းထပ်မျှ၊ လူရဝတဝင်တချို့မှာ၊ ထမ်းပိုးရွက်ချီ၊ ပလက်ကျီသည်၊ ဂါရီလည်းနှင့်လာ၏၊ တချို့မှာထုံသော်က၊ ရေကြောင်းခရီး၊ လှေလောင်းစီး၍၊ ရပ်ပီးရွာဌာနက၊ လာလာကြပေါင်းများစွာ၊ တချို့လူများသွားလိုပြားလည်း၊ နာဖျားမကျန်းမာ၍ မလိုက်သာနေရပြား။ တချို့တို့မှာ၊ သွားလိုပါလည်း၊ လယ်ရာအလုပ်များ၍၊ ကိုယ်မအားမသွားသာ၊ တချို့မှာသွားလိုပြား၊ မယားဇနီး၊ သားသွီးကြောင့်၊ တားဆီးကန့်ကွက်ထား၍၊ လင်ယောကျ်ားညောကာမှိုင်၊ သူအိုတချို့၊ အားကျလို့ပင်၊ ငါတို့မသွားနိုင်၍၊ ထီးနန်းစိုင်ဥပွရာ၊ ငါတို့ရှင်သား၊ ရောက်တုံပြားလည်း၊ သွားလာမဖူးသာဟု၊ ပြောဆိုကာနေရလေ၊ အငယ်အကြီးအသီးသီးသည်၊ ခပ်သိမ်းလူဗိုလ်ခြေတို့၊ သွားကြလေတသောင်းသောင်း၊ ပြည်ကောသမ္ဘီ၊ တိုင်းဌာနီလျှင်၊ မညီပြောင်းလူ့စောင်းမျှ၊ မှူးမတ်ပေါင်းညီကြံစည်၊ တိုင်းပြည်မြို့ရွာ၊ ဘရိုက်ရာကို၊ ထိုခါနှင်းအပ်မည်ဟု၊ ဖြဟ္မဏပုဏ္ဏား ပေါင်း၊ ထီးဖြူရိပ်တွင်၊ ဘိသိက်တင်သည်၊ ရေစင်ဖြန့်ဆွမ်းလောင်းလျက်၊ ရှေးမင်းပေါင်းပုံပမာ၊ ထီးဖြူ-သင်းချပ်၊ သားမြီးယပ်ဟု၊ ဘိနပ်သံလျက်ပါတည်း၊ မင်းမြောက်တန်ဆာ ဆင်ကာဝတ်၊ ကောသမ္ဘီမည်၊ သာမောစည်သည်၊ ရွှေပြည် ရွှေနန်းအပ်လို့၊ မင်းအထွတ်ထိုင်တော်မူ၊ သီဟာဂနက် ရွှေနန်းထက်ဝယ်၊ ဖြန့်ကြက်ဆောင်ထီးဖြူဖြင့်၊ များဗိုလ်လူလွန် မြတ်လေး။ ဝမ်းမြောက်သာရွှင်၊ ထိုခါတွင်၌ပျော်၊ ရွှင်တသဲသဲနှင့်၊ သဘင်ပွဲနေ့မကျန်၊ တရောနဲပြီ၊ စောင်းပုလီသည်။ နာရီတီးမှုတ်သံနှင့်၊ တိုင်းနိုင်ငံလွန်ကြီးကျယ်၊ မင်းနေဌာနီ၊ ကောသမ္ဘီဟု၊ ကျော်ညီနှံ့စပ်ထွယ်ဖြင့်၊ အပြည်ပြည်ကုန်သည် များ၊ သွားလာထွက်ဝင်၊ ချောင်းမြစ်ခွင်၌၊ များဖျင်လှေသဘော်သို့၊ ရောက်လှာပြားကြတုံပြန်၊ တန်းဆာချောမော၊ ဆင်ဝတ်စားကို၊ မြားပြားဆိုင်းဒုက္ကန်၌၊ နေ့မကျန်ခါမစဲ၊ ရောင်းချဝယ်သူ၊ သဲ့သဲ့ဆူသည်၊ ဇမ္ဗူကျော်နှံ့ကြမျှ၊ များဘဲလူတကာ၊ တုတ်ကွည္ဆတ်ခ၊ ဥဒိန္နဟု၊ နာမ-တွင်သညာဖြင့်၊ သောင်းဒီပါကျော်ညာရ။ ။ပြည်ကိုအုပ်ကာ၊ စိုးစံပျော် သည်၊ သားတော် ဦးဒိန္နလေး။

## (၈) ဥဒိန္နမင်းရာဇာသည်၊ သာမာဝဒီသူဌေးသွီးကို၊ အရေးတကြီးထိမ်းဆောင်ကာဖြင့် တောင်ညာဒေဝီမဟေသီ မိဖုရားအရာထား၍၊ စံစားစန်း

၁၉။ ။ဥဒိန်ရာဇာ၊ စံပျော်နေပြား၊ တခန်းထား၍၊ စကားသွယ်။ ထုံးသက်သေသာတက၊ သာမာဝတီ၊ လှသိင်္ဂီကို၊ ကုန်းစီတနည်းပြအံ့၊ နဂရပြည်ဌာနီ၊ ဥဒိန်မင်းလှ၊ ပိုင်စိုးရသည်၊ တိုင်းမ-ကောသမ္ဘီ၌၊ ခုနစ်ထီးခုနစ်တံ၊ ငယ်ခါကစ၊ ပျိုရွယ်ကျအောင်၊ ဇီဝသေကြောင်းကြံလည်း၊ သူ၏ကံလွန်ကောင်းလှ၊ ရှေးကပေါင်းစု၊ အကြောင်းပြုသည်။ ကောင်းမှုကုသလကြောင့်၊ ငကောက်ရငယ်နံမည်၊ သူဌေးဖြစ်မှ၊ ယောသကဟု၊ နာမတွင်တုံပေလျက် မိဘမွေခံရပြား၊ သုကံခိုင်မြစ်၊ ကြံမဖြစ်သည်၊ ကျန်စစ်သတို့သားသို့၊ ယောသကသူဌေးမှာ၊ ကိတ္တိမတွင်ပြီး၊ ကြင်မညီးသည်၊ သွီးရတနာဟု၊ မိသာမာအမည်ရ၊ အဆင်းငါးဖြာ၊ ညီညွတ်စွာဖြင့်၊ နတ်ကညာပုံတမျှသို့၊ လှထက်လှလာထက်သာရှိရှိသမျှ၊ ပျိုမိန်းမထက်၊

အလှသာထက်သာလျက်၊ သွားအလာနေအထိုင်၊ ဖြူက္ကတ္တိယ၊ လူမိန်းမထက် ရူပယိုင်ထက်ယိုင်လျက်၊ ချောကိုယ်ပိုင်ဖြူနုလှပ်၊ မရှည်မတို၊ လှပြုံ့ချိုသည်၊ အပျိုဂုဏ်ဒြပ်နှင့်၊ ယွင်းမချွတ်ပြည့်စုံညီ၊ မျက်သားမျက်ရစ်၊ လွန်ပြေပြစ်၍၊ ကျစ်လစ်လွန်မွေ့သိမ်လျက်၊ ဘတ္တဝတီပြည်သူမ၊ မိတ်ဆွေရင်းသို့၊ ရှုမညီးကေ၊ သို့မိန်းမလှဟု၊ ယောသကမွေးစားပေ၊ တဆယ်နှင့်ခြောက်အရွယ်ရောက်ကေ၊ ပျိုပေါက်ဖြစ်တုံလေ၍၊ ထိုခါသည်ပြည်တော်တွင်၊ ကြတ္တိကာမြတ်၊ ရှိုင်တုံလတ်၍၊ နက္ခတ်ပွဲသဘင်ဟု၊ ပျော်ရွှင်ကာလူအများ၊ လှပချောစွာဆန်းကြယ်စွာသည်၊ တန်ဆာဝတ်စား၍၊ ပြည်သူများသွားကြရာ၊ ယောသကရင်သို့းကြင်မညီးသည်၊ သို့းမိသာမာလည်း၊ ဆန်းကြယ်စွာ တန်ဆာများရွှေဖျင်၊ ငွေဖျင်၊ လှစေချင်သည်၊ ကိုယ်တွင်ဆင်ဝတ်စားလို့ သနတ်ခါးမွှေးနံ့သာ၊ ကရမက်စန္ဒနံ၊ သရခံကို၊ လိမ်းကျံသုံးသတ်ကာဖြင့်၊ ပျိုကညာသူတို့နှုံး၊ သုံးတောင်တထွာ၊ ဆံကေသာကို ဖြေကာကျော့မော့ထုံး၍၊ ရွှေပန်းကုံးချပ်ကာပန်၊ လက်စွပ်လက်ကောက်၊ ထိန်ထိန်တောက်သည်၊ စိန်ကျောက်အဘိုးတန်နှင့်၊ ရွှေဇာပုံဖဲအင်္ကျီ၊ ငှက်ရောပန်းရော၊ လွန်ဆန်းပြားသည်၊ ပိုးချောရွှေထမိန်နှင့်၊ ရွှေဒါလီဆွဲတုံပေ၊ ရွှေခြည်ရစ်ထိုး၊ အမျိုးမျိုးသည်၊ ရွှေကြိုးအသွယ်သွယ်နှင့်၊ စိတ်တချီမြတဘက်၊ နားဒေါင်းနားကပ်၊ နဝရတ်လျှင် လျှပ်နှယ်တလက်လက်တိ၊ ရောင်ပြိုးပြက် ရွှေနိတုံသီဝင်းဝင်းကိန္နရီပုံတမျှသို့၊ ရှုမဝလှတင့်တယ်၊ မေဥဗ္ဗုတ္တာထိန်းတော်စသည်၊ များထရံခြွေနှင့်၊ က္ကန္ဒြာယ်ဟံသူယ သူဌေးမောင်နှံ့၊ နေပျော်စံသည် ဗိမာန်အိမ်ဌာနက၊ မေသာမလှပျိုမေ၊ ရှုမြင်မရေး၊ သဘင်ပွဲသို့၊ လှမ်း၍သွားကြလေသည်။ နတ်နှယ်ပုံတမျှသို့လေ။

၂၀။ ။နတ်နှယ်တမျှ၊ မေသာမလျှင်၊ သွားကြလေ၊ နန်းရဝေရွှေဘုံက၊ မင်းလှနရိန်၊ အသမ္ဘိန်ဟု၊ ရာဇိန်ဥဒိန္နလျှင်၊မုတ်သီဟပဉ္စရံ၊ လေသွန်လှိုက်ဖွင့်၊ ရွှေနန်းမြင့်က၊ အသင့်လေညှင်းခံ၍၊ ရွှင်ပျော်စံနေကာလ၊ သာမဝဒိ၊ ကုမ္မာရီကို ဥဒိန်ထိုမင်းလှလျှင်၊ မြင့်လေကမေတ္တာဟုံ။ ပျိုက္ကတ္တိယ၊ ပသာဒလျှင်၊ ဝဏ္ဏရူပါရုဏ်ကြောင့်၊ စုကာပုံချစ်ရမ္မက်၊ ထံပါးမကွာ၊ ကိုယ်ရံတော်အား ခေါ်ကာဆိုနှုပ်မြွက်၏၊ လှချောညက်ဆင်နိဂ္ဂိယ်၊ စံတူ-မျှဟံယူယနှင့်၊ ရူပထိုမိယ်က၊ အဘယ်သူကြင်ဇနီး၊ အဘယ်သူလျှင်၊ မွေးသုတ်သင်သည်၊ ရွှေရင်ချစ်သို့းဟု၊ ထိုမင်းကြီးမေးသောခါ၊ ထံပါးတော်မှောက်၊ မက်တယောက်လျှင်၊ လက်မြှောက်လျှောက်ခြင်းရာက၊ ငွေဥစ္စာပေါကြွယ်ဝ။ နာမပျန့်မွှေး၊ ဂုဏ်ထူးကဲသည်၊ သုဌေးယောသက၏၊ သို့းလှမိသာမာ၊ ကြင်ရာလင်သား၊ မရှိပြားသည်၊ လှချောပျိုကညာဟု၊ ကြောင်းခြင်းရာလျှောက်ကာလ၊ ဥဒိန္နခေါ်၊ သတင်းကျော်သည်၊ ရာဇာငါမင်းလှအား၊ သို့းလှဆက်မည်၊ ယောသကခေါ်၊ သူဌေးကျော်အား၊ မိန့်တော်ပြန်ကြချေဟု၊ ခိုင်းလွှတ်၊ စေသွားလေငြားယောသကထံ၊ မိန့်တော်ပြန်သော်ငြင်းဆံပယ်ကာ ရှားက၊ စောမင်းဖျားသိသောခါ၊ ရာဇာ့မျက်မာန်၊ ထွက်တုံပြန်၍၊ ပြင်းထမိန့်အာဏာဖြင့်၊ ရွှေငွေပါသိမ်းကြချေ၊ ခိုင်းစေတုံငြား၊ မတ်ဝန်များတို့၊ သွား၍ပြောလေက၊ သူ့သက်ဝေသို့းတော်၊ ရေဝံလှာတုံငြား၊ တိုင်ပင်ပြော၍၊ လျှောက်ကြားလိုက်ခြင်းရာက၊ ကျွန့်သည်းချာသို့းကို၊ ကြင်ရာဇနီး၊ ရှင်မင်းကြီးမှာ၊ မြှောက်ချီးသိမ်းပါလိုက၊ များထိုထိုခြွေရံပါ၊ ဆင်မြင်းရထား၊ ယည်ငါးပါးနှင့်သွား၍သိမ်းဆောင်ပါဟု၊ သို့ခြင်းရာလျှောက်မှာငြား၊ မင်းစေတော်ကျွန်၊ မတ်တော်ဝန်တို့၊ တဘန်ပြန်၍သွားလျက်၊ နားတော်ကြားလျှောက်သောခါ၊ ဥဒိန်မင်းဖျားစောတရားမှာ၊ ရထားဝါးကမ္ဗလာနှင့်၊ ခြွေရံပါဆောင်ကြချေ၊ မိန့်တော်တွယ်ငြားယည်ရထားနှင့်၊ လျှင်လျားသွားကြလေ၍၊ များခြွေရွှယ်စမကြွင်း၊ သူဌေးသို့း၊ လှစံသီကို၊ မင်းကြီးနန်းတော်တွင်းသို့၊ ယူဆောင်ကျင်းဆက်လေပြန်၊ မင်္ဂလာနိမိတ်၊ ထီးဖြူရိပ်၌၊ ဘလိသိက်အတူခံ၍၊ တောင်ညာစံနှင်းကာအပ်၊ သာမဝဒီ၊ မဟေသီဟု၊ ဘွဲ့ချီနာမတတ်လျက်၊ ရံဆည်းကပ်ပေါင်းပျိုတော်၊ ခုဗ္ဗုတ်ထွင်ပြီး၊ ထိန်းတော်ကြီးနှင့်၊ အနီးထံတော်မှာ၌၊ ရံငါးရာအပ်တုံပြန်၊ သာမဝတီမဟေသီကေ၊ ဒေဝီတောင်နန်းစံနှင့်၊ တူမောင်နှံမှန်မခြား၊ မင်း၏စည်းစိမ်၊ ရွှေနန်းအိမ်မှာ၊ ရိပ်ငြိမ်ပျော်စံစားလေ။

## (၉) ဥဒိန္နဝတ္ထုညွှန်း၊ ယခုတစန်း၊ ရပ်တံ့ရန်နိဒါန်း

၂၁၊ ။ဤတွင်ယခု၊ ဤဝတ္ထု၏၊ ရတုကို၊ စီကုံးဆို အကြောင်းမှာ၊ မြတ်စွာလုဘ၊ အတုလကေ၊ ဗုဒ္ဓလက်ထက်တော်၌၊ စောရာဇာဥဒိန္န၊ ဖြစ်ပျက်ခြင်းရာ၊ ထင်ရှားစွာသည်၊ ကျမ်းလာသဒကကို၊ ပဋ္ဌမလျှင်တလီ၊ ကပျာသံညင်းသာယားခြင်းဖြင့်၊ သာခြင်းဖွဲ့ကာစီ၍၊ ခါတလီယခုခါ၊ မောင်အောင်သာဦး၊ တောင်းပန်မှုကြောင့်၊ ရတုစီကုံးရာ၌၊ အထက်ကျော်ကိုထိုကာလ၊ တဦးဆရာပဏ္ဍိတာသည်၊ ရာဇာဥဒိန္နကို၊ သံချိုမြနာစေငှါ၊ သာယာယည်နု၊ စီကုံးပြုသည်၊ ရတုထိုကပျာကို၊

ကျွန်ဆရာငယ်ခါထူး၊ တရံတခါထူး တရံတခါ၊ ချိုသာယာဖြင့်၊ ဆိုကာပဘတ်ရွတ်ဘူး၏၊ စိတ်ကြည်နူးရွှင်စရာသာယာ ချိုညောင်း၊ ဆရာကောင်း၏၊ မူဟောင်းထိုကပျာကို ယခုခါ ရှာစူးစမ်း၊ မူဟောင်းအကျန်၊ မရပြန်သော် အကျွန်ဆရာထွန်း က၊ သာဆန်း၍စီကုံးရာ၊ ကာရန်လှပ၊ ချိုသံမြနှင့်၊ ရှေးကရတုစာ၌၊ နည်းနယာသံခေပ၊ စာအုပ်ထုတ်ငှါ၊ မသင့်လျှော် သည်၊ များစွာကျည်းပါးလှ၍၊ ဝိတ္တာရကုံးစီရင်။ အနည်းငယ်မျှ။ အဟောင်းကလည်း၊ ရသမျှပါကာဝင်၏၊ သို့ရာတွင် လောကီနည်း၊ အသင်အဟောင်း၊ နှစ်မျိုးပေါင်းတွင်၊ အဟောင်းကောင်း စမြလည်း၊ ယဉ်ကျေးစွာဖွဲ့လိုက်သည်။ ဘတ်ရှု နာကြား။ လူအများတွင်၊ နားရှိသူသိလိမည်တည်း။ တချို့ဝယ်နွားကျမ်းတတ်၊ သာခြင်းလင်္ကာ၊ ပျိုကပျာကို၊ မနာမဘတ် အပ်တည်း၊ နားကြားးဘတ်လူတကာ၊ အဝီဇိထဲ။ လွမ်းမည်ခဲသည်၊ ငရဲအပါယ်စာဟု၊ ပြောဆိုကာ စာရေးထုတ်ကျမ်းမှာ မရှိ၊ ပါဠိမလာ။ သူနှုပ်လျှာက၊ ပညာရှိယောင်လုပ်၍၊ လွန်အယုတ်ပြောဆိုပြန်၊ အယုတ်ထရ၊ နုပ်ပဇက၊ မုဿဝါဒကံ ကြောင့် ပတ္တာခံနည်းပမာ၊ တရားကိုမူ၊ အမှားယူ၍၊ ပြောသူငရဲစာထည်း၊ ကျမ်းမလာစာမရှိ။ သမွဖလာ၊ တေးကပျာ သည်၊ သယ်မှာသူတို့တွေလိမ့်။ နားမျက်စိမသိသူ။ ပညာအကန်း။ စာပေကျမ်းကို။ စမ်း၍မသိလူတို့။ သုကိုမူသနားဘွယ်၊ သိခြင်းသံများ၊ ကြားပြန်ငြားလို့၊ တရားရကြသည်ကို၊ စာပေမှာများစွာရှိ၊ သူမတွိပြန်၊ လူပြောသံကို၊ ထရံမကြားသိ၍၊ တေမိကရပြောသည်သာ။ သူသေအောင်ပြော၊ သိသူများတို့ကြားလို့ မယုံပါတည်း၊ ယခုခါဥဒိန္န၊ ကောသမ္ဘီပြည်၊ ဘအမွေ ကို၊ ရသည်သာမကတည်း။ မိသာမဝဒီကို၊ တောင်ညာနှင်းပြီး မင်းစောထီးလျှင် ချမ်းငြိမ်းနန်းရိပ်ခို၏၊ များထိုထိုဘုတ်နာ သူ။ ဆေးကွမ်းကိုစား ခိပ္ပါယ်ပြောလို့၊ ပန်းမောဖြေတော်မူလော၊ မှတ်နာယူကြပါစေ၊ စန္ဒပဇ္ဇောဒ၊ ကြောင်းကိစ္စကို၊ ဘော်ပြအုံးတော့မည်လေ။

## (၁၀) ဥဇ္ဇေနီရွှေပြည်မ–က၊ စန္ဒပဇ္ဇောဒ၊ မင်းဘုရင် သည်၊ ဥဒိန္နပြည်ကြီးရှင်အား။ သစ်ဆင်ရုပ် လုပ်၍၊ ဘမ်းချုပ်လှောင်ထားရာ။ ဆင်ဂါထာကိုမရ၊ ဝါသုလသွီးတော်ပါသွားစန်း၊

၂၂။ ။တခန်းရပ်ခို၊ တခန်းဆိုမည်၊ နားချိုပါ၊ ရွှေပြည်တော်တိုင်းရဋ္ဌ၊ ဥဇ္ဇေနီခေါ်၊ သမုတ်ကာဖြင့်၊ အောင်ချာ နဂရကို၊ စန္ဒပဇ္ဇောဒမင်းရာဇာ၊ ဂနက်စိုက်ထူ၊ ဆောင်းထီးဖြူနှင့်၊ ပြည်သူသတ္တဝါအား စိုးစံတော်မူကာလ၊ လူငခြေလျှင်၊ မြင်းနှင့်ဆင်သည်၊ ယည်လျှင်ငါးမျိုးရလျက်၊ တောင်နန်းမတွားမြင်မြော်၊ သွီးတော်လှ၊ တယောက်ရသည်၊ ဝါသုလမေ ဘတ္တာဟု၊ ဘွဲ့သညာတံဆိပ်ခတ်၊ ဩရသတွင်။ သားလှတင်၍၊ တပင်နန်းပြဿဒ်နှင့် ပန်းရံပတ်ပေါင်းပျိုတော်၊ အထိန်း အယကျွန်ဂုမ္ဘသည်၊ များလှရံငါးရာနှင့်၊ ဘ-ရာဇာထားကာလ၊ ပင်နန်းစံပျော်ရတနာကေ၊ ကညာသွီးလှဟု၊ ရုပ်ရူပလှ ချောသည်၊ အသားစက ဝါးငါးကလျာနှင့်၊ ရွှေကြာပဒုမ်ခိုင်သို့၊ မွှေးပျံ့ကြိုင်လှသည်ဟံ၊ နဖူးပါးပြင်၊ ကြောနှင့်ရင်ဝယ်၊ သဇင်ညင်းပွင့်ရံလျက်၊ ကေသာဆံထွာသုံးတောင်၊ ထုံးနှောင်လှာ၊ ဆီးသိမ်းသ၍၊ စိမ်းမြပုဒုံးရောင်သို့၊ ခုံးမျက်မှောင် ချိုကြွကြွ၊ ပထန်ပရစ်၊ လွန်ပြေပြစ်သည်၊ ဆန်းသစ်သုံးရက်လသို့ ဣတ္ထိယကြက်သရေ၊ အမူအလှ လူမမျှသည် ရူပအင်ငါး သွယ်ဖြင့်၊ တို့မရှယ်ငယ်မကြီး၊ မွေးမိဘခင်၊ မျက်ရှုဆင်သည်၊ တပင်မင်းသွီးဟု၊ ရွယ်မကြီးနုမဝယ် ပျိုကညာစစ် ထိုခါဖြစ်၍၊ ကြင်ချစ်သနားဘွယ်ဖြင့်၊ ချိန်အရွယ် တဆယ်ခြောက်၊ ဝါသုလတတ္တာ၊ သွီးတော်ဟု၊ ရတနာပုလဲကျောက်ကို၊ သားတယောက်သဘောထင်၊ စန္ဒပဇ္ဇောဒမည်နာမနှင့်၊ မွေးဘပြည်ကြီးရှင်က၊ နန်းတပင်ဆောက်ပြီးမှ၊ အထီးဟုဆို၊ သွီးပျိုအား၊ ယင်ဘိုမသန်းရဘဲ၊ ခွန်းဟ၍ထားတုံလေ။ ထိုခါကာလသမယသည် ဒီဝတနေ့ဝယ်၌၊ ရာဇာသည် ပဇ္ဇောဒ၊ ဆင်ယည်၊ မြင်းယည်ရထားယည်နှင့် ဥယျာဉ်ထွက်ခကြွ၍၊ မြောနရောက်သောခါ ဗိုလ်ပါပရိဿတ်၊ ဆင်မြင်းတပ်နှင့်၊ မှူးမတ်အစုံပါ၍၊ မြင်လေသော် ထိုမင်းမြတ်။ ဝမ်းမြောက်ဝမ်းသာ။ များဗိုလ်ပါတွင်။ မဟာမှူးတော်မတ်အား၊ သို့မေး လတ်မိန့်ခြင်းရာ မြင်းမှိုရ်တောင်ထွတ်။ လှည့်လည်ပတ်သည်။ နက္ခတ်ကြယ်တာရာသို့၊ ငါ့ထံမှာရံဆည်းကပ်။ သိန်းရကုသ်အပေါ်၊ မင်းမဟော်သို့၊ မဟာမှူးတော်မတ်တို့၊ တောင်ကျွန်းမြတ်ဒီပါမှာ။ တထီးတနန်း။ သိမ်းစံမြန်း၍၊ ငြိမ်းချမ်းမွေ့လျော်ကာဖြင့်။ မြတ်ရာဇာသမုတ္တိတရာ့တဖြာ၊ မကလာအောင် များစွာမင်းပေါင်းရှိလည်း၊ ဂုဏ်သီရိပြည့်စုံ

စွာ ငါကဲ့သို့သူ၊ ကျွန်းဇမ္ဗူမှာ၊ ဘယ်သူရှိတုံပါဟု၊ မင်းရာဇာပစ္စောဒ၊ ဤသို့ချီသာ၊ ထိုရာဇာမှာ၊ ဆိုကာမိန့်မြွက်ဟလေ၊

၂၃။ ။ဆိုကာမိန့်ငြား၊ ထိုစကားကို၊ ကြားသောခါ၊ မတ်မဟာအမဇ္ဇ၊ ရှိခိုးပန်ထွာ၊ လျှောက်ခြင်းရာက၊ မဟာသမတမှ၊ မျိုးစံသဆက်နွယ်လာ၊ နရာသဘ၊ ခတ္တိယဟု၊ ရာဇထွက်မဟာက၊ ရွှေနားတော်နာပါတော့၊ ကောသမ္ဗီမည်၊ သာမောစည်သည်၊ ရွှေပြည်နဂရ၍၊ ဥဒိန္နမင်းဖျားမှာ၊ အမြောက်လက်နက်၊ ဗိုလ်ရဲမက်သည်၊ ဤထက်မကပါတည်း သူ့ဘိုးတော်ရသေ့မြတ်၊ သင်လိုက်တုံပါ၊ ဆင်ဂါထာနှင့်၊ မှန်စွာစောင်းကိုတတ်၍ အရပ်ရပ်ဆင်တကာ၊ ခေါ်ဝါသမျှ မနေရသည်၊ သိပ္ပံဂုဏ်ပညာနှင့်၊ ဘုန်းသမ္ဘာလွန်ကြီးဘိ ဥဒိန်ရာဇာ၊ မည်တွင်ခေါ်သည၊ မင်းသားတစ်ဦးရှိဟု၊ မတ်ဂဝိ လျှောက်သောခါ၊ ရာဇနရ၊ ပဇ္ဇောဒမှာ မြွက်ဟမိန့်ခြင်းရာက၊ ထိုသို့သော်မှန်ချေက၊ ဥဒိန်ရာဇာ၊ ဆင်ပညာကို၊ တို့ရှင်မင်းလှ၊ ပစ္စောဒမှာ၊ အခုတတ်ချင်လိုက၊ ထိုမင်းကိုမှေသာ၊ ဆင်လွှတ်ဆင်ခေါ်၊ ထိုဂါထာကို၊ ကိုယ်တော်ရ-နိုင်ပါလိမ့်၊ သို့ကြောင်းရာလျှောက်လေက ဥဇ္ဇေနီတွင် ရွှေပြည်ရှင်သည်၊ ဘုရင်ထိုမင်းလှလျှင်၊ မိန့်မြွက်ဟပြောသည်မှာ၊ ရေးရာသိမြင်၊ ပညာရှိသည်၊ ဂဝိသေနင်္ဂါတို့၊ ဆင်ဂါထာတတ်မည်ထက်၊ ထိုရာဇိန္ဒကို၊ အရသာ၍ ခက်ဟု၊ ခွန်းမိန့်မက်ရွှေနုပ်ကျူ တချို့အမတ်၊ ကို့ရှင်မြတ်အား၊ ထပ်၍လျှောက်တော်မူ၏။ လွယ်တကူရမည်မှာ၊ ဥဒိန္နတွင်၊ ထိုဘုရင်သည်၊ ဆင်ဝါသနာပါ၏။ သို့ခြင်းရာမှန်အဟုတ်၊ သက်ဝိဉာဏ်ဝင်၊ ပုံအသွင်သို့၊ သစ်ဆင်ဟံအရုပ်ကို၊ ပြုလုပ်၍ဘမ်းရလျှင်၊ ထိုနရိန္ဒ၊ ဥဒိန္နအား၊ ရမည်အမှန်ထင်ဟု၊ လျှောက်တင်တော်မူလေက၊ နားတော်ကြားသော်၊ ထိုရာဇာမှာ၊ များစွာသဘောကျ၍ ထိုခဏချင်မကြာစံမြန်းပျော်ခြင်း၊ နန်းတော်တွင်းသို့ ချက်ချင်းဝင်ပြီးခါမှ၊ ပညာသည်ရှာပေငြား၊ ကြီးစွာသော ဆင်၊ ရုပ်အသွင်ကို၊ ခုလျှင်လုပ်လေလောဟု၊ ထိုမင်းဖျားဆိုသောခါ၊ လိမ္မာတတ်ငြား၊ လက်သွမ်းဟု၊ ယန္တရားစက်ဆရာတို့၊ ကြီးမားစွာဆင်အရုပ်၊ အသွင်အမူ၊ အရှင်ဟူသို့၊ တူအောင်ချက်ချင်းလုပ်၍၊ ဆေးချေသုတ်ဆင်ရေဟံ၊ နှစ်ချောင်းအစွယ်၊ အခြေလေးဘက်၊ နားရွက်မြီးနှာတံနှင့်၊ မြူတဆံယွင်းမခွ၊ လုပ်၍ပြီးသော် ထိုဆရာကို၊ များစွာဆုလာတ်ချ၍ ဥဒိန္နမင်းကို သည်ဟတ္ထိနာဂ၊ ဆင်နှင့်ပြ၍ ဘမ်းကျဆောင်ယူချေဟု၊ မိန့်တော်ထွေလွှတ်လေလျှင်၊ များစွာလူပေါင်း၊ ဆင်ဝမ်းခေါင်းတွင်၊ ပုန်းအောင်းခိုကာဝင်၍၊ ကြိုးကိုင်လျင်မနေ၊ တောဆင်ပြောင်များ၊ အရှင်သားသို့၊ ချီသွားကြတုံလေသည် ဥပါယ်တမည်တည်းလေး။

## (၁၁) တပြည်သားပျင်၊ ပရိယာယ်ဆင်ကို၊ မုန္ဒရီမုဆိုး မြင်၍ဥဒိန္နဘုရင်ထံလျှောက်တင်သော ကြောင့် ဆင်တမ်းရုံထွက်ချီစန်း

၂၃။ ။အရှင်အလား၊ ဆင်အများသို့၊ လှမ်းသွားချီ၊ ကောသမ္ဗီ၊ တိုင်း၌ာနေ၊ ရွှေပြည်ကြီးဟပ်၊ နယ်နီးစပ်တွင်၊ တောရပ်စုံမြိုင်ခြေ၌၊ လှည့်လည်ကာ လူးလာသွား၊ အရှင်သဏ္ဍာန်၊ ဆင်အဟံသို့၊ မြင်ပြန်လေတုံငြားက၊ လူအများယုံစရာ၊ ပြုလုပ်တုံငြား၊ ဆင်ချေးများကို၊ လမ်းနားပစ်ထားကာဖြင့်၊ လူများစွာဆင်ဝမ်းထွင်း၊ ချက်ပြုတ်သောက်စားပုန်းရှိုးငြား၍၊ သွားလာဂိုကာဝင်လျက်၊ နေလကျင်ထိုကာလ၊ ကောသမ္ဗီမည်၊ တိုင်း၌ာနေဟု၊ ရွှေပြည်နဂရက၊ လုတ္တကမုန္ဒရီ၊ ခွေးနီခွေး ကျားဒူးလေးမြားနှင့်၊ သွားလားမြိုင်တောဆီ၌၊ စိုင်-ပြောင်-ချီ-သမင်၊ တွေ့မြင်တိုင်းသတ်၊ တောမြိုင်ရပ်တွင် လှည့်ပတ်သွား-လေကျင်က၊ သစ်ဆင်ကိုမြင်သောခါ၊ တခါရံထူးမကြုံဘူးသည်၊ တလုံးတောင်ပူဇာမျှ၊ လွန်တရာကြီးတုံဘိ၊ တပြည်သားလျှင်၊ ဥပါယ်ပျင်သည်၊ သစ်ဆင်မှန်းမသိ၍ ပကတိတောဆင်ပြောင်၊ ထင်ယောင်ထင်မှား၊ ရှင်မင်းဖျားကို၊ သွားလားငါလျှင်ဆောင်၍ တောတောင်မှာ ဘမ်းစိမည်၊ မုဆိုးသူယုပ်၊ သစ်ဆင်ရုပ်ကို၊ အဟုတ်မှန်တုံပေ၍ လျှင်မနေသွား လေကျင်၊ မတ်ကြီးမှူးကြီး၊ အသီးသီးနှင့်၊ ကပ်နှိုးရှေ့တော်ဝင်၍၊ လျှောက်ကာတင်အကြောင်းမှာ၊ ဒီပါရိုက်ညောင်း၊ တိုက်တသောင်းမှာ၊ စိုက်ဆောင်းထီးဖြူကာလျက်။ ရွှေဘုန်းတော်၊ လွန်ကြီးလှ၊ စကျာသခင်၊ ပမာသွင်သို့၊ အရှင်စောနရလေ၊ နဂရသမိုင်းတွင်၊ အရှင်မင်းမြတ်၊ ပိုင်းစိုးထွတ်သည့် တိုင်းမြတ်နယ်အဝင်၌ ဆန္ဒါန်ဆင်၊ ထင်ပါလှ၊ သွားလားနေကျင်၊ တောမြိုင်ခွင်တွင်၊ ကျွန်လျှင်တွေ့မြင်ခ၏။ ငယ်ခါကယခုတိုင်၊ နာဂပတ္တိ၊ အသီးသီးတွင်၊ ကြီးသောဤဆင်ယည်သို့၊ ခါတုံစိုင်မမြင်ဘူး၊ ယခုတွေ့မြင်၊ တောမြိုင်ခွင်ဝယ်၊ ဆင်တွင်ဆင်အထူးဟု၊ သံတော်ဦးတင်လေလျှင်၊ ပြည်ကောသမ္ဗီ တိုင်း၌ာနီတွင်။ ဥဒိန်မင်းဘုရင်က၊ မုဆိုးလျှင်တွေ့မြင်ပေ၊ ဟတ္ထိခေါ်တွင်၊ ကြီးသောဆင်အား၊ အသင်ပြနိုင်မည်လော၊ မေးတုံလေ ထိုကာလ၊ ဘမ်းဆီးလိုလျှင်၊ ကိုယ်တော်ရှင်အား၊ ကျွန်လျှင်ယခုပြအံ့၊ လုတ္တကလျှောက်လေလျှင်၊ ဥဒိန်တွင်ပြီး၊

ဘုန်းနေမီးသို့၊ တိုင်းကြီးရွှေပြည်ရှင်က၊ မြင်ချင်လျှင် လိုက်ခဲ့ကြ၊ မုဆိုးနှင့်မူ၊ စောင်းကိုယူ၍အတူသွားကာလ၌၊ အမဇ္ဇ ပေါင်းများစွာ၊ ကိုယ်တို့အရှင်၊ ဘမ်းမည်ဆင်ကို၊ မြင်ချင်တုံကြပါ၍၊ ခြံရံကာလိုက်လေကြ၊ မုဆိုးဆောင်ကျင်၊ ဆင်ရုပ်သွင် ကို၊ မြင်အောင်ညွှန်၍ပြက၊ ဥဒိန္နမင်းဘုရင်၊ အသွင်ပြုလုပ်၊ သစ်ဆင်ရုပ်ကို၊ အဟုတ်မှတ်တုံကျင်၍ စောင်းကိုလျှင်တီး၍ ခေါ်၊ ရှေ့ကအသွင်၊ မလာကျင်သည်၊ သစ်ဆင်ဖြစ်တုံပါ၍၊ အခါခါခေါ်ပါငြား။ ။ စောင်းကိုတီးလေ၊ ဝေးလေလေကော၊ မနေဆုတ်ခွါသွားလေ။

၂၄။ ။ဆုတ်ခွါကာသွား၊ မလာငြားက၊ မင်းသားကျော်၊ ထိုခါရှက်တော်ရ။ ယမ်းကျမီးဟံ၊ ရာဇမာန်လျှင်၊ အလွန်ပြင်းပြင်းထ၍ နင်မျှလောက်တစီးဆင်၊ ဂါထာသရစ္ဆာယ်၊ ငါခေါ်သည်ကို ဘယ်ကြောင့်မလာကျင်ဟု၊ လျှင်မြန်စွာ လိုက်ကာသွား၊ နောက်ကပါတွေ မမှီပေကော၊ ဗိုလ်ခြေလူအများတို့၊ ပန်းဟိုက်မောနောက်ကကျန်၊ ဥဒိန်စောထီး၊ စောင်းကို တီး၍၊ ဟတ္ထိထိုမန္တာန်ကို၊ အတန်တန်အခါခါကြာကြာမနေ၊ လာပါစေဟု၊ သရစ္ဆာယ်ခြင်းအရာက၊ အောင်ဇေယျာအောင် ရာနည်း၊ ဗန္ဓုကာလ၊ ကေသရဟု၊ တိနခြသေ့်လေးနှင့်၊ ရေထဲတွင်ကြီးတန်ခိုး၊ ဧရာပတ၊ ဒဠှရတု၊ နာဂခုနှစ်မျိုးတည်း၊ ပိဿနိုးနတ်ဒေဝါ၊ ဝိရုဝိရူ၊ ပေါင်းလေးဦးသည်၊ စတုနတ်မဟာနှင့်၊ ခြောက်ပါးသာဝဿဝရော၊ ကသိုက်ဖွင့်ရာ၊ ဝတိန်သာ မှာ၊ ဣန္ဒာမိုးသိကြားက၊ တပါးသာအာဠာဝက၊ ဒြပ်ဂုဏ်မျိုးသုံးမည်ူးသည်၊ ကိုးယောက်နတ်ဒေဝနှင့်၊ ငါးသုဒ္ဓါပြဟ္မာနတ်၊ လှည့်လည်ခေါက်ခေါက်၊ လေးကျွန်းရောက်သည်နှစ်ယောက်မင်းမဏ္ဍတ်က၊ ဖိုအရဟတ်မြတ်ချမ်းသာ၊ လူနတ်အများ၊ အထွတ်ထားသည်၊ ရှစ်ပါးရဟန္တာနှင့်၊ ပဥ္စ၊ ဗုဒ္ဓါဖောင်တော်မှူး၊ ဘုရားရဟန္တာ၊ နတ်ပြဟ္မာတို့၊ ဂုဏ်တော်မြတ်ကျေးဇူး နှင့်၊ လွန်ကဲထူးတုမမြော်။ တန်းခိုးတေဇော်၊ အာနုဘော်ကြောင့်၊ ငါလျှင်ယခုခေါ်၏၊ ဆင်ဆယ်ဖြာမည်နာမ၊ ကာလာ ဝက၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍမည်တပွဟု၊ ပိင်္ဂလဂန္ဓမင်္ဂလာ၊ ဟေမာဥတော်သထ၊ ဆဒ္ဒန္တကော၊ ဒသဆင်ဆယ်ဖြာအား၊ ငါလျှင် ခေါ်လာနေကျ၊ ယခုဤဆင်၊ ပြောင်မာတင်သည်၊ နင်လျှင်မနေရဟု၊ ဥဒိန္နမင်းရာဇာ၊ ဂါထာမန်းပြီး၊ စောင်းတော်ကြီးကို တီး၍လိုက်သောခါ၌၊ များဗိုလ်ပါဆင်ဝမ်းတွင်း၊ စက်ကြိုးပန္ဒရား၊ ဆွဲကာသွားကော၊ နှီးနှောပြောတိုင်ပင်၍၊ လွန်ဝေးကျင် တဆတ်ဆတ်လိုက်ဘန်များလျှင်၊ သုတိုင်းခွင်သို့၊ ရောက်ကျင်အနီးကပ်က၊ အရပ်ရပ်ကင်းတပ်တည်၊ ဗိုလ်ခြေအသီးသီး၊ မြင်းနှင့်စီး၍၊ ဘမ်းဆီးယူဆောင်လေက၊ လျှင်မနေပါလေရ၊ တထီးပိုင်စံတနိုင်ငံတွင်၊ စန္ဒပဇ္ဇောဒဟု၊ မင်းရာဇာသာ ဝမ်းရွှင်၊ သတင်းတော်ရှိန်၊ မင်းဥဒိန်ကို၊ နှောင်အိမ်သွင်းပြီးကျင်မှ၊ ပွဲသဘင်ခံပြီးနောက်၊ ဆင်နှင့်ကြံစည်၊ ဘမ်းရပေဟု၊ အောင်သေအောင်ပွဲသောက်၍၊ ရွှင်ဝမ်းမြောက်နေကြလေ၊ ကောသမ္ဗီတွင်ပြီး၊ ရွှေပြည်ကြီး၏၊ အနီးတောရပ်ဝယ်၌၊ မတ်ဗိုလ်ခြေစောင့်နေကျင်၊ ဂုဏ်အင်မချို့၊ စုံလင်မြို့သည်၊ သူတို့မင်းဘုရင်လျှင်၊ ပြောင်မာတင်လိုက်ကာသွား၊ တောကြား မြိုင်ယံ၊ နောက်တဘန်၌၊ ပြန်၍မရောက်ငြားက၊ တဲနန်းများချပြီးထွယ်။ ။ စူးစမ်းချင့်နှိုင်။ နေ့ရက်ပိုင်းဖြင့်၊ စောင့်ဆိုင်း နေကြလေသည်။ ။ဗိုလ်ခြေမတ်များတို့လေ။

ဏ္ဍလဏ္ဍလဏ္ဍလဏ္ဍလ

## (၁၂) သာမဝတီ၊ ဒေဝီတောင်ညာ၊ မောင်မလာ၍၊ ဆောင်ကြာစွင်–ရိပ်နန်းက၊ ကြင်ရာတော်မိတ်ကကျွမ်းကို၊ စိတ်တမ်း၍လွမ်းငိုစန်း

၂၅။ ။စောင့်ဆိုင်းနေ့ညှ၊ နေလေကြသည်၊ ကာလဝယ်လှ၊ မဟေကြင်ရာလှ၊ သာမဝဒီ၊ တွင်သညီနှင့်၊ ဒေဝီတောင်နန်းမက၊ ဥဒိန္နလင်မဟာ၊ ဆင်တော်ဘမ်းမည်၊ နန်းရဝေက၊ လှမ်းချွေထွက်လေပါ၍၊ ရောက်သင့်လျှော် မှန်မရောက်၊ မလာမပြန်၊ မကြာတန်ဘဲ၊ ကြာဟံကိုသာထောက်က၊ ဆိုက်ကပ်ရောက်ဘေးနှင့်ဒါဏ်။ တစ်စုံတစ်ခု၊ မကောင်းမှုသည်၊ ယခုဆိုက်ရောက်ဟံကြောင့်၊ နန်းဝေယန်ပြန်မရောက်၊ ရွှေထီးသခင်၊ ပြည်ကြီးရှင်သည်၊ ငယ်ကြင်လင် ဘုန်းတောက်နှင့်၊ ခုမျက်မှောက်ပစ္စုပန်၊ ရှေးကတောင်းဆု၊ အကြောင်းပြုသည်၊ ကောင်းမှုကုသိုလ်ကံကြောင့်၊ တူမောင်နှံ ကြုံပြန်ရ၊ မေတ္တာလောင်းကာ၊ အကြောင်းပါ၍၊ ကောင်းစွာပေါင်းတော်ကြက၊ နှစ်-ကာလမကြာခင်၊ တောလယ်မုဆိုး၊ ငရဲအိုးလျှင်၊ သွယ်ပိုးကြမ္ဘာငင်၍၊ တစီးဆင်တွေ့မြင်ကြောင်း၊ သားမျိုးတွေ့ရှာ၊ မုဆိုးကျော်လျှင်၊ ပံထွာလျှောက်လှာရှောင်း က၊ မေ့ငယ်ပေါင်းစောင်းကိုယူ၊ နေလှံ့စံမြန်း၊ ရွှေဘုံနန်းက၊ ချီလှမ်းထွက်တော်မူ၍၊ တောမြိုင်ငူအတွင်းမှာ၊ ဆင်ပြောင် ကိုဘမ်း၊ စံရွှေနန်းသို့၊ ပြန်လှမ်းချီမလာဘဲ ယခုခါကြာလေနည်း၊ အရေးအရာဘေးဘယာကို မေးသာထောက်မျှော်တွေး က၊ စုံမြိုင်ထဲဟေမဝါပြောင်ဆင်ထိုးဝံ့အကျိုးမဲ့လျှင်၊ ဘော်တွေ့ကြုံခြင်းရာကြောင့်၊ မောင်မလာကြာသလားမဟုတ်ပေမူ၊ တောင်ငူတွင်၊ ရန်သူခြသေ့်ကျားနှင့် တွေ့ကြုံငြား ယခုခါအသမေ့ဇီဝေ၊ အန္တြာယ်လျှင်၊ ဖြစ်သည်ကြောင်းခြင်းရာကြောင့်

စာကြင်ရာကြင်သထား သို့မဟုတ်ပြန်၊ တဇကော်လျှင် ဝေဘန်မေစဉ်းစားက၊ မုဆိုးသားသုကိုပင်၊ တနိုင်ငံမင်း၊ ပိုင်စိုးနင်းသည်၊ တမင်မြို့ဘုရင်က၊ တရှုပင်စေကာလွှတ်၊ စံမြန်းလို့နေ၊ နန်းရဝေနှင့်၊ ဝေးမြေတောခြေရပ်သို့၊ လိမ်လှည့်ပတ်ဆောင်ပြီးခါ၊ တပြည်မင်းကြီး တစင်ထီးလျှင်၊ ဘမ်းဆီးယူခြင်းရာကြောင့်၊ မရောက်လာကြာသလား၊ သို့မဟုတ်လျှင် မေ့ဆွေလင်သည်၊ ဆင်ကိုဘမ်းတုံငြားက၊ စွမ်းခွန်အားကြီးမားသံ၊ မန္တာန်ကိုမန်း၊ ထိုအစွမ်းကြောင့်၊ အဘမ်းသူမခံ၍၊ ဟေမဝန်မြိုင်တောခြေ၊ ဝေးရာရပ်ခြား၊ ပြေးခွါသွား၍၊ ရက်များကြာလေသည်လား၊ မောင်လာမည်ခါချိန်တန်၊ ကနေ့လွန်မြောက်၊ မေ့ထံမှောက်မှာ၊ မရောက်လှာခြင်းဟံကြောင့်၊ စိတ်ပူဘန်အလွန်စိုး၊ သာမဝဒီ၊ မဟေသီကေ၊ ဒေဝီတည်ိုးညိုးနှင့်၊ ထဲတိတ်ခိုးမေင့်ကိုမျှော်၊ နောက်တော်ပါမြောက်၊ စုံရတယောက်မျှ၊ မရောက်မပေါ်လှာ၍၊ ကြောင်းခြင်းရာမသိရ၊ နန်းမရိပ်ခို၊ တငိုငိုနှင့်၊ လင်ကိုလွမ်းရှုတ-လို့၊ ဆယ်မရ-ကျ-မျက်ရည်၊ ၊ မောင့်ကိုခွန်းဟ၊ ဆောင်နန်းမ-လျှင်၊ လွမ်းတနေလေ၏လေး။

ꩤ꩜ꩤ꩜ꩤ꩜ꩤ꩜

## (၁၃) စောဘုန်းဖော်
## ဥဒိန္နသည်၊ စန္ဒပဇ္ဇော
## ဒမင်းကြီးသို့တော်၊ ဝါသုလ
## မေဘဒ္ဒာအားသွယ်
## ဆောင်ခေါ်၍၊ ပြည်တော်သို့ပြေးစန်း၊

၂၆။ ။တောင်ညာနန်းမ၊ ဆောင်ခန်းဝ၌၊ လွမ်းတ-နေ၊ စောဘုန်းကြွယ်ဥဒိန္န၊ နှောင်အိမ်သွင်းကာ၊ ထားလေပါသော်၊ များစွာစိတ်ဒုက္ခ၊ သုံးရက်မျှကြာသောခါ စောင့်ရံနေငြား၊ ထိုပြည်သားကို၊ စကားပြောခြင်းရာက၊ သင်တို့မှာ-ရာဇာမင်း၊ စိတ်ကတဘန်၊ မိန်းမဉာဏ်သို့၊ အလွန်မကောင်းခြင်းနှင့်၊ ဥဒိန်မင်း ငါ့ကိုသာ၊ ရန်သူအမှတ်၊ မာန်မူလတ်သို့၊ လှည့်ပတ်ဘမ်းပြီးခါမှ၊ လျင်မြန်စွာသတ်သော်သတ်၊ သက်ပြတ်ခန္ဓာ၊ မသတ်ပါက၊ လွှတ်သော်ယခုလွှတ်မှ၊ လွန်တင့်အပ်သင့်မြတ်မည်၊ ပြန်ကာမလွှတ်၊ မှန်မသတ်ဘဲ၊ နှောင်ခတ်ထားခြင်းသည်က၊ မရာဘွယ်မလျှောက်ပတ်၊ ရှိရှိသမျှ၊ က္ကတ္တိယသည်၊ မိန်းမတို့အတတ်ဖြင့်၊ မကြံအပ်မသင့်လျှော်၊ နေ့ရှည်ရက်များလျောင်ကာထားသည်၊ ကြောင်းလျားခုမတော်ဟု၊ ပြောသောခါ စောင်တံထား၊ ကိုယ်တို့သခင်၊ ရွှေပြည်ရှင်သည်၊ ဘုရင်မင်းထံသွား၍၊ ကြောင်းစကားလျှောက်သောခါ၊ မင်းပဇ္ဇောဒ၊ မျက်ဒေါသနှင့် မာနပြင်းထံစွာဖြင့်၊ လက်တော်မှာစွဲကိုင်ငြား၊ အသွားထံမြက်၊ အလွန်ထက်သည်၊ လျှံလက်သံလျက်ဒါးနှင့်၊ ထိုမင်းဖျားလပြီးထွယ်၊ အသင်မင်းသား၊ ဤစကားကို၊ ဆိုပြောလေတုံသည်ဟု၊ မှန်တကယ်ဟုတ်သလော၊ မေးငြားလေပြန်၊ တဇကော်လျှင်၊ အမှန်ငါကပြောဟု၊ သို့စကားဆိုသောခါ၊ နှောင်အိမ်သွင်းထား၊ သင်မင်းသားမှာ၊ လွတ်ငြားလိုချင်ပါက၊ ဆင်ဂါထာပညာလို-အိုမင်းဖျား၊ ယခင်ကပင် ငါ့ကိုလျှင်လေ၊ အသင်ဆိုမပြောတည်း၊ သင်ကြားချင် ပညာကို ညွှတ်ခရိုကျိုး၊ လက်စွဲမိုး၍ ရှိခိုးငါ့ကိုဆိုက၊ ရွှေ့နောက်ကိုကြံစည်းစား၊ ငါ့ကျွန်အသွင်၊ ငါ့လက်ဝင်သည်၊ ငါလျှင် ဘမ်းဆီးထားလျက်၊ ငါမင်းဖျားသူနှင့်သည်၊ ကျွန်နှင့်အရှင်၊ ဆိတ်နှင့်ဆင်သို့၊ ပုံပြင်တူလှပေ၍၊ ရှိခိုးမည်လွန်ခဲခက်၊ အသွားမြက်ကာ၊ ထက်လှစွာသည်၊ လက်မှာဒါးသံလျက်နှင့်၊ ချိမ်းခြောက်လျက် တောင်းမှသာ၊ ဂါထာကိုသည်၊ ပါတကယ်လျှင်၊ ရမည်မှတ်ပြီးခါမှ၊ ဆင်ဂါထာပညာမြတ်၊ ငါကိုမသင်၊ နေတုံကျင်က၊ ခုပင်ဦးလိုင်ဖြတ်အံ့၊ ရိုညွှတ်ကာရှိမခိုး၊ အသွားလျှံလက်၊ ဒါးသံလျက်ကို၊ ထိပ်ထက်ကိုင်ကာမိုးက၊ သာဂီမျိုးမင်းပီပီ၊ မတွန့်မတိုး၊ မလန့်စိုးသည်၊ အမျိုးဇာမရီတည်း၊ မင်းဥဒိန်မိန့်မြွက်ဟ၊ ယခုအခါ၊ ငါ့ခန္ဓာကို၊ သင့်သောအစိုးရလည်း၊ ငါ့သိပ္ပပညာကို၊ တဆံခြည်မျှ၊ စိုးမရကော၊ ငါ့ကိုသတ်ချင်လိုလည်း၊ ဦးလိုင်ကိုကိုင်ကာဖြတ်၊ ရှိမခိုးလျှင်၊ ငါမသင်သည်၊ သတ်ချင်ယခုသတ်လေ-

၂၇။ ။သတ်ချင်ယခု၊ သတ်ပါဦးဟု၊ သုကိုသည်၊ အာကလူဘင်း၊ ရဲရင့်ခြင်းကို၊ ထိုမင်းသိတုံလေက၊ သင့်ကိုသည်ရှိခိုးမူ၊ အကြင်သို့သော၊ မထင်ရှားကေ၊ တခြားထိုထိုလူကို၊ သင်တမူသင်မည်လော၊ ဥဒိန္နဆို၊ စောမင်းပျိုကို၊ မေးဆိုလေတုံငြားက၊ လူကိုထား-နွားကိုပင်၊ ငါ့ကိုရိုကျိုး၊ ရှိလျှင်ခိုးက၊ မြတ်နိုးငါကသင်အံ၊ ဆိုလေလျှင်၊ ထိုမင်းက၊ တခြားသူကို၊ သင်ချေဆိုသော်၊ ထိုသူတတ်ပြီးမှလျှင်၊ နောက်ကာလ၊ ငါရမည်၊ ဝါသူလတွင်ပြီး၊ ကြင်မညီးသည်၊ သိမ်းငါ့သက်ဝေအား၊ သင်ပါချေဆိုထုံလိုက်၊ ဆင်ဂါထာလျှင်၊ မတတ်ခထင်ကို၊ လင်နှင့်မယားဖြစ်လိမ့်၊ စိတ်ထဲ၌ မှတ်ပြီး

လျှင်၊ သူတို့နှစ်ပါး၊ မမြင်ငြားဘဲ၊ မထင်ရှားအောင်သင်အံ့၊ သူ့စိတ်တွင်မှတ်ပြီးထွယ်၊ ကျွန်မတွင် မြောက်၊ ဝဘိုပေါက်ဟု၊ တယောက်ဂုမ္ဘယ်ကို၊ သင်စိမည်ဆိုပြီမှ၊ သွားလေပြီးခဲ၊ သို့းတော်လေ၊ ကလျာဝါသူလကို၊ နားပါးချပြောင်ခြင်းရာ၊ အင်္ဂါမစုံ၊ ကျိုးပဲ့သုံသည်၊ ငနံ့တယောက်မှာ၌၊ ဆင်ဂါထာပညာကို၊ အလုစံသီး၊ ငါ့သို့းမှာ၊ အပြီးတတ်ချင်လိုက၊ ထိုသူ့ကို၊ ရှိခိုးထွေ၊ ဘခင်မျက်ရှု၊ လှယည်နုမှာ၊ ယခုသင်ပါချေဟု၊ ခိုင်းကာစေလွှတ်ပြီးခါ၊ ဂါထာကိုသင်ပါငြား၊ အခါများစွာ၊ ချတုံပါသည်၊ နှုပ်လျှာမစီအာ၍၊ ရှင်မင်းသားပြောသည်မှာ၊ ဟယ်ကျွန်ယုတ်မ၊ နင့်ပဇပ်မှာ၊ လျှာကထူလှပါ၍၊ ကျောက်နှင့် သာတိုက်ပြီးမှ၊ ဆင်ဂါထာကို၊ သင်ကာအလွယ်ရလိမ့်၊ ဥာဏ်ပုပ်မဆိုလေလျှင်၊ ပင်နန်းသူမ၊ ဝါသုလက၊ ဒေါသမာန်စိတ် ဝင်၍၊ ငါ့ကိုလျှင်သင်ငနံ့၊ ဘယ်သို့မိန်းမ။ ထင်မှတ်လှ၍။ ဂုမ္ဘဆိုဝေတုံလိမ့်။ ငါတမုံလူမိန်းမ နန်းလှရိပ်မြိုင်၊ တပင်မှာ၊ ပြိုင်သူဘက်မမျှတည်း။ ဝါသုလမေဘတ္တာ၊ ရှုပ-အဆင်း၊ လှပခြင်းကို၊ သတင်းသင်းမကျော်လား၊ သို့ခြင်ရာဆိုလေက၊ ပြည်ကောသမ္ဘီ၊ တိုင်းဌာနီကို။ ခွန်ဆီအစိုးရသား။ ဥဒိန္နငါဘုရင်၊ အင်္ဂါမစုံ၊ ညိုးကာသုံသည်၊ ငနံ့ဘယ်သို့ထင်ဟု၊ ကြောင်းခြင်းအင်ဆိုလေက၊ တယောက်ရုပ်သွင်၊ တယောက်လျှင်လေ၊ မြင်ချင်လေတုံကြ၍၊ စပ်ကြားက-ဆီး၍ကာ၊ ခြင်ထောင်ကိုမြှင့်၊ ယက်ကာလွှင့်၍၊ လှိုက်ဖွင့်ကြည့်ကြပါက၊ မေဘတ္တာဝါသုလ၊ ဥဒိန္နတွင်၊ မောင်ရုပ်သွင်ကို၊ ဂုဏ်ကြည့် မြင်ရှုမဝ၍ မောင်တော်လှ၊ ကြောင်းခြင်းရာ၊ သတင်းနေတော်သိန်၊ ဘုန်းတော်ရှိန်ကို နက်တိန်မသိပါ၍၊ နှမဂုဏ်တော် ဆိုကာပြော၊ မွေးတပြောတုံ၊ စကားယုံ၍ ငနံ့ထင်မိငြားလို့၊ မှားသမျှအပြစ်ဒါဏ်မခန့်မလေး ပြောဆိုရေးကို၊ သည်းညည်း ယခုခံဟု၊ အတောင်းပန်ခံပြီး၍၊ ညွှတ်ခရိုကျိုး၊ လက်စုံမိုးကော၊ ရှိခိုးတုံလေ၏လေ။

၂၈။ ။ရှိခိုးဦးချပြုကာလ၌၊ သာမ-မောင်၊ ဘုန်းတော်ရောင်ပြောင်ထွန်းပ၊ ရာဇနရိမ်၊ သမုစိန်ဟု၊ ဥဒိန် မင်းစောလှက၊ အိုနှမယည်နန်းသူ၊ ရှေ့ကုသလ၊ ပြုသမျှကြောင့်၊ ဘဝ၍လူ့ဘုံ၌၊ ယခုမုံတွေ့ကြုံကြ၊ နှမရုပ်သွင်၊ မျက်နှာပြင်ကို၊ မောင်မြင်ခါကစ၍၊ ကြည့်မဝရှုမကုန်၊ ကုသိုလ်ကုန်လတ်၊ ဘုံကြိုးပြတ်သည်၊ မိုးနတ်မေရုပ်ပုံသို့၊ စိတ်အာ ရုဏ်မောင်မှတ်ထင်၊ ကလျာရှုပ၊ ဝါသုလဟု၊ နှမ-ခိုင်သဇင်နှင့်၊ ရှေးယခင်ဘဝက၊ နှစ်ပါးအတူ၊ ဘုရားဂူမှာ၊ ဆူယူပံ တောင်းခဲ၍၊ ကြုံတွေ့ကြခုအတူ၊ ကညာပျိုစစ်၊ မောင့်ကိုကြိုက်သော်၊ မေချစ်လိုက်တော်မူလော၊ ညာနန်းသူမိဖုရား၊ တသောင်းခြောက်ထောင်၊ ရွှေများတော်မှာ၊ ညာတောင်မောင်က-တားလိမ့်နှုပ်ချိုပျားဆိုပြောရာ၊ အရွယ်ရောက်လျှင်၊ လှပျိုစင်တို့ ရှင်မြဲမမွဒါကြောင့်၊ ထိုအခါပင်နန်းစံ၊ မောင်ကပြောဟော၊ ထိုစကားကို၊ ပျိုချေမေလက်ခံ၍၊ တူမောင်နှံကြုံနှီး နှော၊ မင်းဥဒိန္န ဝါသုလ-ကို၊ သံမျှ၍သို့ပြော၏။ ပျိုနုချောလှပြာညို၊ လိမ်လည်လှည့်ပြား၊ ဘ-ဘုရားကို၊ စကား၍သို့ဆိုဟု များထိုထိုလိုကိစ္စ၊ ခြင်းရာစကား၊ ရှင်မင်းသားမှာ၊ သင်ကြားလွှတ်ကာလ၌၊ ဝါသုလမေဘတ္တာ၊ခမည်းတော်ပါး၊ သည်းချာ သွား၍ ချိုပျားနှုပ်မာယာနှင့်၊ ခမည်းတော်ဘဘုရားရွှံတွေ့ညီနံ၊ ငနံ့ထံသို့၊ အကျွန်ုပ်မ-သွား၍။ မန္တရားဆင်ဂါထာ၊ သင်ကြားသမျှ၊ အစစကို၊ နှုတ်ရငုံမိပါ၏။ သို့ပါသော် ပညာဂုဏ်မန်းမှုတ်ကာခေါ်၊ ဆင်ပေါင်းလာအောင်၊ အင်္ဂါမပြည့်စုံ တည်း၊ ထိုငနံ့ပြောသည်မှာ၊ ပီယန္တာတွင်လိုက်၊ ထိုဆေးမြစ်ပါ၊ ရွေးစစ်ပြုပြီးခါမှ၊ ဆင်ဂါထာအင်္ဂါမြောက်၊ ဆင်ယည်ဆင် ရိုင်း၊ ခေါ်ဝါတိုင်းကို၊ မဆိုင်းအကုန်ရောက်လိမ့်၊ သန်းခေါင်လျှောက်အချိန်ခါ၊ ဤသည်ယနေ့၊ ခါချိန်ပြည့်၍၊ ဤညည့် ညအခါ၌၊ ကြတ္တိကာကြယ်နက္ခတ်၊ စမ်းရှိုင်၍ ပ၊ ဒုတိယနှင့်၊ တတိယနဝင်းပါဒ်နှစ်၊ ဆေးတော်မြတ်ရှေးနှုတ်လို၊ တံခါးတပေါက် လှိုက်ထားမြောက်၍၊ ဆင်ပေါက်တစီးကိုလည်း၊ သို့းပျိုအလိုရှိ လက်ဆောင်မပါ၊ နောင်အခါ၌၊ ဂါထာမစူး ရှိလိမ့်၊ အဇရိဆရာကို ငနံ့ပင်ဖြစ်၊ ရုဏ်ကိုလိုက်၍၊ ထိုက်ရာပူဇော်လို၍၊ ကြေးငွေကိုလိုပါလှ၊ ပညာတော်သင်၊ ကျွန့်ကိုလျှင် လေ၊ ဘခင်အာဏာချ၍၊ သင်ပါရတုံသည်သာ၊ အင်္ဂါညီးသုံ၊ ထိုငနံ့သည် အစုံနံလှပါဟု၊ နှုပ်မာယာဆိုကာလ၊ ဘခင်ရာဇာ၊ ကြားသောခါ၌၊ များစွာအားပါးရ၍၊ သို့းလှသင်ချင်ရာ၊ ကြီးငယ်ကိစ္စ၊ လိုသမျှကို၊ စုံင-ပြုလေပါလော၊ နည်းနာသာကျ အောင်သင်၊ သို့းဖြစ်တုံ၊ မင်းကြီးယုံ၍၊ အကုန်လွှဲလိုက်ကျင်က၊ သုလင်ကိုသွားကာပြော၊ ယနေ့ညတွင်၊ ပြေးရကျင်အောင်၊ ပျင်ဆင်အသင့်ထားဟု၊ ရှင်မင်းသားဆိုသောခါ၊ ဝမ်းသာရွှင်ပ၊ လင်လျှင်ရဟု၊ ငါသူလမေဘတ္တာက၊ နေ့တိုင်းခါထက်မက၊ စိန်ကျောက်ရတနာ၊ ထိန်တောက်စွာဖြင့်၊ တန်ဆာဆင်ပြီးမှလျှင်၊ လိုသမျှအရာရာ၊ နံနက်ကပင်၊ စုံအလင်ကို၊ စီရင်ထားလေပါသည်၊ လိုရာကိစ္စတည်းလေး၊

၂၉။ ။အသင့်စီရင်၊ ထားပြီးကျင်မှ၊ နေဝင်သော်၊ ညည့်ချည်းဆာအခါကြိမ်၊ ညံညံဆိတ်ဆိတ်၊ နန်းတော်ရိပ် ၌၊ လူအိပ်ခါအချိန်ဝယ်၊ ရွှေထမိန်အင်္ကျီလိပ်၊ ဝါသုလဘတ္တာ၊ နံ့ဒေါင်းမှာလျှင်၊ ကောင်းစွာမြဲအောင် ကျိတ်၍ ငွေသုံးအိပ် ယူပြီးခါ၊ မယားနှင့်လင်၊ ပြောတိုင်ပင်၍၊ ဆင်ယည်စီးပြီးခါမှ၊ မြို့ဒွါရာမြောက်တံခါး၊ ဆင်ကိုမောင်းကာ၊ လျှင်မြန်စွာ

လျှင်၊ ထွက်ခွါပြေးကာသွားက၊ မိုးလင်းငြားတုံသောခါ၊ အရင်းဇာတိ၊ ခြင်းရာရှိကို၊ သိကြလေတုံပါ၍၊ များဗိုလ်ပါမှူးမတ်ပေါင်း၊ သွားကြလေပြန်၊ မင်းကြီးထံမှာ၊ ကိုယ်တော်ရင်သွီး၊ ကြင်မညီးသည်၊ သွီးမေဘတ္တာအား၊ ဆင်ဂါထာသင်သောသူ၊ အလွန်ရိုင်းပြား၊ မတရားသည်၊ ဘမ်းထားထိုသည်လူလျှင်၊ ခေါ်ဆောင်ယူသွားလေမြောက်၊ ကိုယ်တော်စီးကျင်၊ ယဉ်တော်ဝင်သည်၊ ဆင်တော်တစီးပျောက်၍၊ သန်းခေါင်လှောက်အချိန်တွင်၊ မြစ္စာပိတ်ထား၊ မြို့တံခါးကို၊ လှိုက်ငြားပြေးသွားကျင်ဟု သို့ကြောင်းအင်လျှောက်လေက၊ ရာဇာဘုရင်၊ မာန်တော်ဝင်သည် ယမ်းတွင်မီးပွားကျသို့၊ ခုလျှင်ဆွကြာမနေ၊ ဆင်မြင်းရတား၊ ယည်ငါးပါးကို၊ စီးငြားလိုက်ကြလေဟု၊ အာဏာသည် မိန့်မြွက်ဟ၊ သူရဲများစွာ၊ လိုက်လေပါသော်၊ လမ်းမှာနီးကာလ၍၊ ဥဒိန္နမင်းသားကျော်၊ ဝဲလက်ျာပါး၊ ကြေးငွေများကို၊ ကြဲငြားချသောခါ၍၊ လိုက်လာသူများပုံယင်၊ ရတနာငွေကြေး၊ လမ်းနားထဲမှာ၊ ဖွေးဖွေးဖြူ၍မြင်က၊ လိုပါချင်စိတ်လောဘ၊ သူ့ထက်ငါလျှင်၊ ကောက်ကြကျင်သော်၊ နောက်လျှင်သူတို့ကျက၊ ဝါသုလဘတ္တာကို၊ မေ့လင်မင်းဖျား၊ ရှင်မင်းသားမှာ၊ စကားဤသို့ဆို၏။ ဆင်တော်ကိုမောင်းနှင်မည်၊ ကြောက်အားတော်ပို၊ တယောက်ပျိုလျှင်၊ နောက်ကိုပြန်ကြည့်လေလော၊ သူတို့သည်လိုက်လာငြား၊ အကယ်၍ပင်၊ မှီမည်မြင်သော်၊ မေလျှင်မောင်ကိုပြောလော၊ ဆင်စီးငြားအရာဝယ်၊ မောင်ကဲ့သို့သူ၊ ကျွန်းဇမ္ဗူမှာ၊ အတူမရှိချေတည်း။ တောမြိုင်လည်သင်ခမ်းမှာ၊ ငယ်ကသီးသီး၊ ဆင်ကိုစီးလျက်၊ ကြီး၍မောင်လျှင်လာဟု၊ နှုပ်သံသာပြောဆိုငြား၊ မယားနှင့်လင်၊ တစီးဆင်နှင့်၊ လျင်လျင်မောင်းနှင်သွားက၊ စေလိုက်ငြားလူဗိုလ်ပါ၊ကျေးငွေကိုကောက်၊ ကုန်လေမြောက်သော်၊ နောက်ကလိုက်၍လာက၊ မေကြင်ရာမောင်ဘုရား၊ သူရဲဗိုလ်ပါ၊ နီး၍လာသည်၊ လျှင်စွာမောင်းနှင်သွားလော ရှုမြင်ငြားပျိုဘတ္တာ၊ ဘေးဘရာမောက်၊ တွေးကာထောက်သော်၊ လန့်ကြောက်စိုးရိမ်ပါဟု၊ နှမတော်ဆိုလေက၊ ရွှေရတနာ၊ ငွေသပြာကို၊ ဝဲယာကြဲကာချလျက်၊ စိတ်လောဘတတ်ကြပြန်၊ ကြောင်းလမ်းတရှောက်၊ ငွေကိုကောက်၍၊ နောက်က-ကျ-ကာကျန်လျက် တူမောင်နှံလျှင်မြန်ပြေး၊ ဗိုလ်ခြေအချို့သူရဲတို့နှင့်၊ ဤသို့ဆိုသောနည်းဖြင့်၊ ရွှေငွေကြေးရ-လေလျှင်၊ လင်နှင့်မယား၊ ရှင်မင်းသားကို ဘုရားဝမ်းပူထင်၍၊ ငွေလိုချင်လိုက်ပြန်လတ်၊ ကောသမ္ဗီတွင်၊ ရွှေပြည်ခွင်သို့၊ ရောင်ချင်အနီးကပ်က သူရဲတပ်ပြန်သွားလေ၊ မောင်ဥဒိန္န၊ ဝါသုလဟု၊ တူကွမောင်နှင့်မေတို့၊ အန္တြာယ်ကင်းကြည်ငြား၊ စိတ်ထားရွှင်ကြည်၊ ပြုံးကာရယ်ကော၊ ချစ်ဘွယ်ဆိုကာပြောလို့၊ တူနှစ်ပါးသွားကြထွယ်၊ ဗိုလ်ခြေမှူးမတ်၊ ရှုမြင်လတ်သော်၊ ဝန်းပတ်ဆောင်ကြလေသည်။ ။ အောင်စည်ယွမ်းလို့လေ၊

၃၀။ ။ဆောင်လေတုံငြား၊ ဤစကား၌၊ များလူရှင်၊ မင်းဘုရင်ပစ္စောဒ၊ တထီးရတနာ၊ သွီးတော်ဟု၊ သည်းချာဝါသူလကို၊ မွေးမိဘငယ်ကပင်၊ အညစ်အကြေး၊ သန့်စင်ရေးဖြင့်၊ ကျွေးမွေးပြုပြီးကျင်မှ ကြီးမြောက်စင်အရွယ်ရောက်၊ လှပ-ရိပ်မြိုင်။ တပင်တိုင်ဟု၊ ယိုင်ဆိုင်ဘုံနန်းဆောက်၍၊ ပြိန်းအပြောက်လှရာရာ၊ ရတနာရှိန်မောက်၊ ထိန်ထိန်တောက်အောင်၊ စိန်ကျောက်ဝတ်တန်းဆာဖြင့်၊ ပျိုငါးရာရံကာငြား၊ မကြောင်းမကြ၊ မတောင်းတ-အောင် မွေးဘမင်းကြီးထားလည်း၊ တပြည်သားယောက်ျားစင်၊ တခါရံထူး၊ မမြင်ဘူးသည်၊ ဝေးကျူးရပ်ပြည်ခွင်က၊ သူ့ဘခင်တမ်းလှောင်ထားဥဒိန္နတွင်၊ ရွှေပြည်ရှင်သည်၊ လုလင်ထိုမင်းသားကို၊ မြင်လေငြားသုစိတ်တွင်၊ အသက်တမျှ၊ ချင်ခင်လှ၍ သူ့ဘသူမိခင်ကို၊ သူမကြင်လင်နောက်လိုက်၊ မိဘမျိုးဆွယ်၊ များခြွေရွယ်နှင့်၊ တိုင်းပြည်ထီးနန်းပစ်၍၊ လင်အချစ်တယောက်ကို၊ အဆတရာ၊ မကသာအောင်၊ မေတ္တာရာဂပို၏၊ ခြင်းရာကိုမျှော်ထောက်ထား၊ အများရှင်လူ၊ သွီးဟူသည်၊ သည်းအူဖြစ်တုံငြားလည်း၊ ယုံငြားအားထားမပြုရာ ပစ္စောဒတွင်ပြီး၊ ထိုမင်းကြီးမှာ သွီးရတနာကြောင့်၊ ဆင်ဂါထာရမည်ဝေး၊ ဗူးကရေသာ ခမ်းတုံပါသို့၊ ရတနာရွှေငွေကြေးနှင့်၊ ကို့ရင်သွေးသွီးကျော်၊ ယည်တော်ဆင်ကြီး၊ ရွှေရင်သွီးနှင့်၊ တစီးဆုံးတုံပါ၏၊ မင်းသားကျော်ဥဒိန္န၊ ထွက်ပြေးတိမ်းရှောင်၊ ရန်သူဘောင်က၊ အောင်သည်ထက်မကလျှင်၊ ဝါသုလမေဘတ္တာ၊ တပြည်မင်းသွီး လှစံသီးကိုဇနီးရခဲပါ၍၊ များဗိုလ်ပါကြိုလှငြား၊ ကို့သနစ်ပုံ၊ ခြင်းမျိုးစုံကို၊ အကုန်ပြန်ကာပြောက၊ မှူးမတ်များဝမ်းသာရွှင်၊ ရွှေဘုံကြငှန်း၊ ချီကာလှမ်းမည်၊ လမ်းကိုတန်းဆာဆင်လျက်၊ ရွှေပြည်ရှင်ဝင်လေမြောက်၊ ရံသန်းရတနာ၊ စံမြန်းပျော်သည်၊ နန်းမှာလှန်းကာရောက်က၊ လွန်ဝမ်းမြောက်စိတ်ရွှင်ပျော်၊ ရုပ်ဝါရှုပတိုင်းလှသည်၊ ဝါသုလမေဘတ္တာနှင့်၊ တူနှစ်ဖြာရွှေလက်ထပ်၊ ဘိသိက်တင်ကာ၊ စိတ်ရွှင်ပျော်အောင်၊ မင်္ဂလာအခါမြတ်၌၊ နန်းပြာသဒ်ဘုံဗိမာန်၊ တဆောင်သီးခြား၊ ပျိုတော်များလျှင်၊ ခ-စားငါးရာရံလျက်။ မြောက်နန်းစံလှဒေဝီ၊ အမည်နာမ၊ ဝါသူ့လသည်။ မဖ္ဖိမ-မဟေသီဟု၊ ရွှေဘွဲ့ချီဒေဝီမြှောက်၊ တယောက်ထင်ပေါ်၊ နောက်ကြင်ရာလျှင်၊ ရွှင်ပျော်သာဝမ်းမြောက်အောင်၊ နန်းထက်အောက်သဘင်ခံ၊ ဒုရိယာမှုတ်တီး၊ အသီးသီးကော၊ ပွဲကြီးတည်ညံ့နှင့်တူ၊ မောင်နှံပျော်စံငြား၊ လက်ဝဲလက်ျာ၊ တူမကွာသည်၊ နှစ်ဘော်မိဖုရားနှင့်၊ ကျော်ထင်ရှားလွန်ကြီးကျယ်၊ ထီးဖြူဖြန့်မိုး၊ ဂုဏ်မညိုးအောင်၊ အုပ်စိုးစံပျော်နေသည်။ ။ ရွှေပြည်ရိပ်နန်းထဲလေ။

ဖြဿဖြဿဖြဿ

## (၁၄) မာဂန္ဒီပုဏ္ဏားကြီးမှာ၊ သမီးလှမာဂန္ဒီသည် စံမမှီအလွန်လှသောကြောင့် အဘက–လင်သျှာရှာစန်း။

၃၁။ ။စံပျော်နေငြား၊ တခန့်ထားလို့၊ ကြားနာဘွယ်၊ ရှေးသက်သေသာတက၊ စကားဆင်ချီ၊ မာဂန္ဒီအား၊ ကုံးစီတခန်းပြအံ့၊ တိုင်း၌ာနနိုင်ငံတော်၊ ဇမ္ဗူခစ်၌၊ ဂုရုရာဇ်ဟု၊ တွင်လိုက်ရွှေပြည်တော်၌၊ မာဂန္ဒီခေါ်တွင်ကြ၊ ဗေဒင်လေးပုံ၊ သိပ္ပဂုဏ်နှင့်၊ ပြည့်စုံပုဏ္ဏေားမ-မှာ၊ သင်ပုဏ္ဏာမာဂန္ဒီ၊ ရင်၌ပွားစီးချစ်မညီးသည်၊ သမီးမာဂန္ဒီဟု၊ ဆင်းကြံညီ တစ်ယောက်ရှိ၊ ငါးပါးအင်စုံ၊ ရူပရုဏ်သျှင်၊ ပြည့်စုံဂုဏ်သီရိနှင့်၊ ပျိုကြွတ္တိရွယ်ရောက်ခါ၊ သားရေဖြူဆွ၊ အမူလှသည်၊ ရူပ-လက္ခဏာနှင့်၊ အင်ငါးဖြာပြည့်စုံလင်၊ ရှိရှိသမျှ၊ ပုရိသတို့စိတ်က လိုဝါချင်၍၊ ပြောဆိုလျှင် လက်မခံ၊ ဘ-ပုဏ္ဏာကြီး၊ ငါ့သမီးလှကြောင့်၊ မိဘ-စိတ်ကြီးဝင်လျက်၊ မြင့်ကြာတစ်စုံတယောက်၊ ပြောဆိုသူလေ၊ လူလျှင်မရောက်ပေါက်ဘဲ။ နှစ်ဆယ် လျောက်ရွယ်ရောက်မူ၊ ထိုပုဏ္ဏာကြီး၊ ငါ့သမီးနှင့်၊ အပြီးထိုက်တန်သူကို၊ ငါခုမူရှာခိမည်၊ ပြည်ရွာလှည့်ပတ်၊ အရပ်ရပ်ကို၊ နှံ့စပ်ရှာတုံလေက၊ မြတ်စိန္ဒေသုံးလူ့ရှင်၊ ဗုဒ္ဓစက္ခု၊ သဗ္ဗညုနှင့်၊ ကြည့်ရှုသိကာမြင်၍ ကိုယ်တော်လျှင်တကာယ၊ ဂရုဏာတော်၊ ရှေ့ရှုကာဖြင့်၊ ဒေသဇာချီကာကြွ၍၊ ထိုပုဏ္ဏာတွေ့မြင်ခါ၊ ရောင်ဝါကြက်သရေ၊ တက်သည်နေသို့တင့်တယ် လက္ခဏာကို၊ ရှုမြင်တော်မူကာလ၊ မာဂန္ဒီခေါ်၊ ပျိုကညာလေ၊ ငါ့မှာသမီးလှနှင့်၊ ရုပ်ရူပတူမျှကျင်၊ မာဂန္ဒီခေါ်၊ ပုဏ္ဏာကျော် လျှင်၊ စိတ်မှာမှတ်ကာထင်၍၊ အိုလုင်ရှင်ပင်ကြီး မသင့်မလျော်၊ ရှက်စရာလျှင်၊ လက်မှာစိတ်ပုတီးနှင့်၊ သပိတ်ကြီးထမ်း ပြီးခါ၊ အိမ်တိုင်းလယ်ငြား၊ ဆွမ်းခံစားသည်၊ ကြောင်းလျှာခုမတော်တည်း၊ ငါ့သည်းချာသမီးချော၊ လှပယည်ကျေး၊ ငါ့ရင် သွေးနှင့် ပေးဇားထီးမြားထားဗိမ့်၊ ဆင်ဝတ်စွာ၊ လှပ-စွာ၊ တန်းဆာစုံလင်၊ ဆန်းစွာဆင်၍၊ ငါ့တွင်ရှိဥစ္စာနှင့်၊ တနေ့မှာ သုံးခါဝတ်၊ ကောင်းသောဩဇာ၊ အရသာကို၊ စားပါခါသုံးထပ်တည်း၊ လွန်မြင့်မြတ်တင့်အပ်ပေ၊ ငါ့မှာရင်သမီး၊ ချစ်သမီးကို၊ အပြီးယူပြမည်တည်း၊ ဤမှာသည်နေတုံလိုက်မှာထားပြီးခါ၊ ပုဏ္ဏာကျော်မှာ၊ လျင်စွာခြေပြင်းတိုက်၍၊ နေအိမ်ရောက်သော်၊ ဇနီးမယား၊ သမီးချောကို၊ ဆိုပြောခြင်းအရာက၊ လှပစွာဆင်ပျင်ကြ၊ သမီးလင်သျှာ၊ သွက်တော်ကို၊ ငါလျှင် တွေ့မြင်ခ၏။ လျှင်တဆွပြ-ကြမည်၊ သူ၏၊ သက်ဝီမာဂန္ဒီကို၊ ဤသို့ဆိုတုံလေကလျှင် မနေလိုက်လေကြ တရားမြတ်စွာ၊ စိန္ဒေယျာမှာ၊ ခြေတော်ရာသာပြ၍၊ ထိုကာလချီကြွလေ၊ ထိုသည်ပုဏ္ဏာ၊ ရှာမရကော၊ ဌာနဤရပ်ဝယ်၌၊ ရပ်ကာသည်နေလိုက်ကျင်၊ ညွှန်ကာလည်းပြ၊ ပုဏ္ဏေားမလျှင် ပါဒခြေရာမြင်က၊ သူ့လင်ကိုပြောသည်မှာ၊ တရား့ရှစ်ကွက် ပါဒစက်နှင့်၊ ချလျက်ဤခြေ ရာက၊ ကိလေသာကုန်သောသူ၊ ဓမ္မသာမိ၊ တုမရှိသည်၊ မုနိထွက်မှန်ကူဟု၊ သယမ္ဘူဘုရားရှင်၊ နှုံးထုမရ၊ သုံးလူ့ဘ-ဟု၊ ဗုဒ္ဓခြေရာပင်တည်း၊ ငါ၏လင်ပုဏ္ဏာသွတ်၊ ဆရာသာပြု၊ ဇာတခုလျှင်၊ လူမှုမသိတတ်တည်း၊ ဘုရားမြတ်ခြေရာသာ၊ ပြောဆိုတုံငြား၊ ပုဏ္ဏာကြားသော်၊ ဒေါသမျက်မာန်ပါ၍၊ ငါ့ထက်သာနင်ထိတတ်၊ လက်မှာကိုင်တွယ်၊ ကြိမ်လုံးငယ်နှင့်၊ ကြောဝယ်သုံးချက်သတ်၍၊ ဘုရားမြတ်ခြေရာကို၊ ဘယ်သူသင်ကြား၊ ထင်အရှားဖြင့်၊ နင့်အားပြောကာဆိုလို့၊ ခြင်းရာကို သိသနည်း၊ မတွယ်မရာ၊ နင်ပြောလှာသည်၊ ပညာမရှိဘဲနှင့်၊ လွန်မိုက်မဲဒိဋ္ဌိတွင်၊ မိန်းမစကဆုတ်၊ နင်သူဟုတ်မှာ၊ ကုတ်ကုတ်နေပါကျင်လော၊ ငါခုလျှင်မှန်တကယ်။ ။ သမီးလင်ရှာ၊သွက်တော်ကို၊ ရှာပါခိမည်လေ။

၃၂။ ။ရှာပါခိမည်၊ သွားလေတုံငြား၊ မြတ်ဘုရား၏၊ ထံပါးဝယ်၊ ရောက်တုံလေသည်ကာလ၊ ဖြဟ္မဏခေါ်၊ ပုဏ္ဏာကျော်မှာ၊ ညွှန်ကာလက်ညှိုးပြက၊ မြတ်ဗုဒ္ဓစိန္ဒေယျာ၊ ထံရင်တော်ပါး၊ ခေါ်ကာထားလို့၊ တရားဒေသနာဖြင့်၊ အဝိဇ္ဇာမိုက်မောဟ၊ တဏှာရောဂါ၊ အာသဝေါသည် ကာမောမက်လောဘနှင့်၊ လေးဩဃမကင်းသူ၊ အဝိဇ္ဇာပြုကပ်၊ ထူကာထပ်သည်၊ နတ်နှင့်သတ္တဝါတူတို့၊ တဏှာဟူဆာပူခြင်းကိလေသာဝဋ်၊ ကမ္မဝဋ်က။ မလွတ်မပြတ်ကင်း၍၊ ဆင်းအနံ့ ငါးအာရုဏ်၊ တွေ့ကြုံတုံလျက် ရွာသူဝက်သို့၊ မရှက်မကြောက်တုံဘဲ၊ ကာမဂုဏ်မစင်ပုပ်၊ နတ်လူသတ္တဝါ၊ မလွယ်သာ အောင်၊ ဆင်းကာစုန်းစုန်းမြုတ်၏။ အနုတ္တရငါတမူ၊ တဏှာမြူကင်း၊ ဆာပူခြင်းမှ၊ ရှင်းရှင်းလွတ်သောသူတည်း။ သင့်သည်း အူသမီးမှာ။ ရူပလှအဆင်းလှတုံလျှင်လည်း၊ မကင်းကိလေသာနှင့်၊ ချစ်စရာဘယ်မှာရှိ၊ ကျင်ကြီးကျင်ငယ်၊ မစင်ကြည်သည့်၊ ရွံ့ဘွယ်ညစ်အကျိနှင့်၊ အငွေ့မျိုးမျိုးအရိုးတွင်။ အကြောချင်းဆက်။ အသာစွက်၍။ နှိုက်သက်ဘွယ် မမြင်တည်း၊ အထက်ထွင်မျိုလည်ခြောင်း၊ ထိုကရှောက်လာ။ ထွက်စရာသည်။ အောက်မှာဒွါရကြောင်းနှင့်။ ၎င်း၏စပ်ကြားတွင်၊ ပြောင်ပဲစပါး။ နှမ်းမုယောကို။ ဆလားသိပ်ထားသွင်သို့၊ ပွားမစင် ခိုးအငွေ့။ သုံးဆဲ့နှစ်ဖြာ။ ဒွတ္တိံသာတို့။ ဝမ်းမှာပုန်းပုန်း ပြည့်ကျက်မြူတငွေ့ချစ်စရာ။ သင်တို့သက်နှင်း၊ သမီးရင်းမှာ။ အရှင်းမရှိပါတည်း၊ နှစ်မပါအကာဆိုး။ နတ်သမီးပင်။

ဖြစ်တုံကျင်လည်း။ မစင်ဖင်ပုပ်အိုးသို့။ မြတ်နိုးစရာ ရှာမတွေ့။ သင်တို့မောင်နှံ့။ ကိုယ်ဖြစ်ဟံကို။ ဉာဏ်ဖြင့်စေ့စေ့ကြည့်ဟု၊ သုံးဆယ်နှစ်ဒွတ္တိံသာ၊ ရုပ်နာမ်တရားအရင်းထား၍။ ဟောကြားပြပြီးခါမှ၊ လေးသစ္စာမြတ်ဓမ္မ ဘုရားမြတ်စွာ။ စောသတ္တာလျှင်၊ထပ်ကာတဘန်ပြက။ ထိုပုဏ္ဏတူမောင်နှံ့။ ဝိရတိစေထသိတ်။ ဝိပါက်စိတ်နှင့်။ တိဟိတ်ပဋိသန်ကြောင့်၊ သောတာပန်ဉာဏ်ကိုရ။ သာသနာထမ်းမြတ်ရာမှန်းသည် ရဟန်းပြုလိုကြ၍။ သို့မ်းလှမာဂန္ဒီ။ မိမိ၏အောက်တဝမ်းပေါက်သည်။ တယောက်ပုဏ္ဏညီအား၊ အိမ်ထောင်ပါအပ်ကာနှံ့၊ မိဘနှစ်ပါးမြတ်ဘုရား၏ ထံပါးနေလေပြန်က၊ သူ့သက်နှံ့သို့မ်းချော၊ မဆင်ပုပ်လို၊ ပုံထုတ်ဆို၍၊ ငါ့ကိုရှုတ်ချပြောလို့၊ လင်သားကောင်းရသောခါ၊ ဒုက္ခဘိစီး။ ဤရှင်ကြီးကို၊ ပျက်စီးခြင်းအရာသို့၊ ရောက်စေငှာကြံတော့မည်။ ပဋိပ္ပက္ခ။ စိတ်မာနနှင့်၊ ဝမ်းကကြံမှတ်နေ၏။ ညီအငယ်ဘထွေးက၊ မြတ်ဘုရားကိုဖျက်ဆီးလိုသည်၊ မျက်ငြိုမာန်ဒေါသကြောင့်၊ ဥဒိန္ဒမင်းသားထံ၊ မာဂန္ဒီမ၊ သို့မ်းလှကို၊ ဆက်သလေတုံပြန်၏ တည်းလေ။

ဖဆဖဆဖဆဖဆ

## (၁၅) မိဖုရားမေသာမာနှင့်၊ ခုဇ္ဇုတ္တရာ၊ ပန်းဝယ်ခါ၌၊ သောတာပန်ဖြစ်ပြန်ပြား၍၊ တရားဟောစန်း၊

၃၃။ ။ဆက်သလေတုံ၊ ရူပါဂုဏ်နှင့်၊ ပြည့်စုံညီ၊ မာဂန္ဒီပျိုမိန်းမ၊ မိုးကျသူဇာ၊ ပုံပမာသို့၊ မူရာအဆင်းလှ၍၊ ဥဒိန္ဒမင်းရာဇာ၊ ရှုမြင်တုံလျက်၊ ချစ်စုမွက်သည်၊ ကြင်ဘက်၊ သိမ်းပိုက်ကာဖြင့်၊ မိသာမာဝါသုလ၊ တောင်ညာမြောက်ညာ၊ အလယ်မှာ၌၊ ရတနာဘုံနန်းမ-ထက်၊ ဒေဝီလှမာဂန္ဒီ၊ အမူအလှ လူမကသည်၊ စူလမဟေသီဟု၊ ဘွဲ့သညီမြှောက်ချီပြား၊ တောင်နှင့်မြောက်ဝယ်၊ နှစ်ယောက်လယ်၌၊ အငယ်မိဖုရားဟု၊ ပျိုတော်များငါးရာရံ၊ သုံးယောက်မျောက်သားမိဖုရားနှင့်၊ မင်းသားနတ်နှယ်စံလျက်၊ တဝေယျန်တနန်းဝယ်၊ စားသောက်အိပ်စက်၊ ပျော်စံလျက်လျှင်၊ ခုနစ်ရက်စီနေ၏။ ဆောင်ရဝေဥဒိန်မောင်၊ ရွှေရောင်တောက်ထွန်း၊ ရွှေကြဲ၄န်းသည်၊ ရွှေနန်းဘုံသုံးဆောင်နှင့်၊ မြောက်နှင့်တောင်ဆောင်သီးခြား၊ မာဂန္ဒီမေ၊ လှမဟေကို၊ အလယ်မိဖုရားဟု ထိုသုံးပါးအထဲတွင်၊ ဒေဝီတောင်ညာ၊ မိသာမာကို၊ သာ၍မြတ်နိုးကျင်လျက်၊ ပန်းမှန်ဆင်မှုံနံ့သာ၊ အစည်ခလေ့၊ ခါမမေ့ကော၊ တနေ့ရှစ်သပြာလျှင် လောင်းမင်းကျော်ပေးကာအပ်၊ မိဖုရားသာမာ၊ မေခုဇ္ဇာကို၊ စေကာခိုင်း၍လွှတ်လျက်၊ နေ့မပြတ်ပန်းဝယ်ရာ၊ ငါးရာမောင်းမ၊ ထိန်းအုပ်ရသည်၊ ဂမ္ဘိခုဇ္ဇာက၊ ရှစ်သပြာထိုအနက်၊ တဝက်ဥစ္စာ၊ လေးသပြာကို၊ ထိန်းတော်ရှိုကာဝှက်၍၊ ပန်းဝယ်လျက်ယူသောခါ၊ အများအနည်းဒ၊ တဝက်ခွဲ၍ ပစ္စည်းလေးသပြာတို့၊ ဤနည်းသာမြင့်ကြာလှ၊ တနေ့ခါဝယ်၊ ပန်းဝယ်မည်ဟု။ သွားလေထိုကာလ၌၊ သုမနထိုပန်းသည်ဆွတ်ငြား၊ လက်မအား၍၊ တရားစောင့်ဆိုင်းနေလော၊ မသုံးလှူဆွေစိန္ဒေယျ၊ ငါတို့အိမ်ထဲ၊ ဆွမ်းတော်ကျွေးလို့၊ အရေးကြီးခဲလှဟု၊ သုမနဆိုသောခါ၊ အထိမ်းကျွန်မ၊ ခုဇ္ဇုတ္တမှာ၊ ခနနေလေပါက၊ စိန္ဒေယျာမြတ်ဘုရား၊ ဆွမ်းနုမောဒနာ၊ တရားတော်ကို၊ မွှက်တော်ရွှေနှုတ်ဟောက၊ လူအများတရားနာ၊ ငါလျှင်တယောက်၊ တငေါက်ငေါက်သည်၊ ညီးဟောက်ပျင်းစရာဟု၊ အထိန်းတော်ခုဇ္ဇုတ္တ ကြားကဝင်ကာ၊ တရားတော်ကို၊ ကြားနာလေကာလ၌၊ သမ္ပယုတ္တဉာဏ်ပညာ၊ ကမ္ဘာအလီလီ၊ ပါရမီလျှင်၊ ဇာဂီရင့်သံမာ၍၊ ဥပ္ပဒါသက္ကာယ၊ ကိုယ်ကလည်းကွာ်၊ မဂ်သောတာဟု၊ ‘ဖိုလ်မှာဝိထိကျက၊ ပီတိသောမနဿဖြစ်ပွားကာ၊ သူ့ဥစ္စာကို၊ ငါ့စိတ်တတ်သည်၊ မအပ်မလျှော်ပါဟု၊ ရှစ်အပြာပေးသည် ငွေ၊ နံ့သာပန်းစုံ၊ သုံးမကုန်အောင်၊ အကုန်ပေး၍ဝယ်လျက်၊ ဆက်တုံလေရှင်မ-ထံ၊ နေ့တိုင်းမက၊ ယနေ့မှ၌၊ များလှပန်းခိုင်ပန်းမန်တို့၊ ရွှေနန်းစံမောင်ဘုရား၊ ရတနာငွေမျိုးယနေ့တိုးမှာ၊ တိုး၍ပေးသလားဟု၊ မေးလေငြားတုံသောခါ၊ ပန်းနည်းပန်းများ၊ မေးစကားမှာ၊ ရှေ့သောနေ့တိုင်းခါ၌၊ ရှစ်သပြာပေးပါငြား၊ တဝက်ဘိုးဝယ်၊ တဝက်ငွေကို၊ ဝှက်ငွေကို၊ ဝှက်ကွယ်ကျွန်မ-စား၏၊ မှန်ထင်ရှားယနေ့ခါ၊ ပန်းဝယ်လိုငြား၊ လှမ်းချွေသွားသော်၊ ဘုရားဆွမ်းကျွေးရာ၌၊ တရားတော်ကြားနာရ၊ သူများဉစ္စာ၊ ငွေသပြာကို၊ မတော်စိတ်လောဘကြောင့်၊ အဒိန္နမဖြစ်ငှါ၊ ရှစ်သပြာတုံ၊ အလုံးစုံတို့၊ အကုန်ဝယ်ခဲ့ပါဟု၊ ဟုတ်မှန်ရာ ပြန်ကာပြော၊ နန်းမညာစံ၊ ရှင်မထံမှာ၊ လျှောက်ပံကြောင်းစကားလေ။

## (၁၆) သာမဝတီမိဖုရားနှင့်၊ ငါးရာသော ရံရွှယ်တော်တို့ပါ၊ ခုဇ္ဇုတ္တရာတရားဟော၍ တနန်းလုံးသား သောတာပန်ဖြစ်စန်း။

၃၄။ ။အကြောင်းလျှောက်ငြား၊ မှန်စကားကို၊ ပံကြားမူ၊ ညာနန်းသူမိဖုရား၊ ချွေရံများထုံ၊ ငါးရာစုံလျှင်၊

အကုန်နားမှာကြားက၊ မြတ်ဘုရားတရားတော်၊ ကြားနာကာမျှ၊ တခနနှင့်၊ ပါပဆိုးညစ်၊ ဒုစရိုက်ကိုစွန့်ပစ်ပယ်ပြီးခါမှ၊ ဟုတ်မှန်ရာပြန်ကာပြော ရိုးသားဖြောင့်မတ်၊ အကျင့်မြတ်နှင့်၊ ညီညွတ်ပြည့်စုံညားလို၊ ငါတို့များကြားနာလို၊ မေခူဇုတ္တ ကြားသမျှကို ဟောပြတောင်းပံဆိုက ညာနန်းခိုပျိုတော်များ၊ ဘုရားအလို၊ တရာကိုလျှင်၊ နားချိုကြားလိုညားက၊ မြင့်မြတ် သောနေရာပေါ်၊ ဓမ္မထိက၊ ပြုပြီးမှလျှင်၊ ငါကနေပြီးခါမှ၊ သေအချာဟောကာပြ၊ ပန်းမှူနန့်သာ၊ ရိုသေစွာလျှင်၊ ကိုင်ကာ ကြားနာကြပြု၊ ခုဇုတ္တာဆိုသောခါ၊ ငါးရာမောင်းမ၊ ချွေရံစသည်။ သာမမေတောင်ညာက၊ ရေနံ့သာချိုးစေညား၊နန်းပြဿဒ် မှာ မြင့်မြတ်ရာက၊ ခူဇာကိုသာထား၍၊ မောင်းမများရံငါးရာ၊ နံ့သာပန်းခိုင်၊ ကိုယ်စီကိုင်လျှက် ထို၍ရိုသေစွာဖြင့်၊ တရားတော်ကြားနာကြ၊ အဇရိယာ၊ မေခူဇာလျှင် ဒေသနာမြတ်ဓမ္မကို၊ သဝေမှမချွင်းပေ၊ အထွတ်ပတ္တမြား၊ မြတ်ဘုရား လျှင်၊ ဟောကြားတိုင်းအနေဖြင့်၊ ထိုခါသည်ဟောလေက၊ ငါးရာစုံစီ၊ ပါရမီလျှင်၊ ခါညီပြည့်တုံကြ၍၊ ပဌမဖလဋ္ဌာန်၊ ငါးရာအများ၊ ကြားနာသားတို့၊ ရငြားသောတာပန်တည်းဖြစ်လေပြန် ထိုကာလ၊ သာမဝဒီ လှဒေဝီမှာ ဤသည်နေ့ကစ၍ မြတ်ဗုဒ္ဓကျောင်းတော်ကို၊ သွား၍နာကြား၊ ထိုတရားကို၊ တို့အားဟောပါဆို၍ များထိုထိုမှုကိစ္စ၊ စေခံအမှု၊ ဘယ်တခုမှ၊ မပြုမလုပ်ရတည်း။ ငါးရာမျှအစေခံ၊ ကျွန်ရာကလွတ်၊ ဆရာမြတ်ဟု၊ အထွတ်ထားလေပြန်၍၊ နေ့မကျန်ကျောင်းကံသွား ဘုရားဘဂဝါ၊ တရားတော်ကို၊ နားမှာကြားနာငြား၍၊ ထိုတရားအတိုင်းသာ၊ ခူဇုတ္တရာကျောင်းကလာသော်၊ နန်းမှာဟော ပြကာဖြင့်၊ ဒေသနာမြတ်ဓမ္မ၊ အတ္တောလက္ခဏာ၊ အနက်လာကို အက္ခရာရှင်းမခွအောင်၊ မြတ်ဗုဒ္ဓဝဇနာ၊ ပညာပါရမီ၊ မြတ်ဇာဂီလျှင်၊ အညီပြည့်စုံပါ၍၊ ကျမ်းရွှေစာပရိယာတ်၊ သုတ္တံဘိဓမ္မာ၊ ဝိနယာဟု၊ သုံးဖြာပိဋကတ်ကို၊ ဆောင်နှုတ်လွှတ် တတ်တော်မူ၊ မောင်းမများပြောင်၊ ငါးရာခေါင်တွင်၊ ညာတောင်ယဉ်နန်းသူက သယမ္ဘူမြတ်ဘုရား၊ လက်ဝဲလကျ်ာ၊ ရံ၍ ပါသည်၊ သံဃာတော်အများကို ထင်အရှားဖူးမြော်ချင်၊ ငါးရာအများ၊ မိဖုရားနှင့်၊ နှီးနှောပြောတိုင်ပင်၍၊ ရှုကြည့်လျှင် မြင်ရုံလောက်။ ။ တောင်နန်းမတော်၊ ဆောင်ခန်းပေါ်မှာ၊ လေသာပဒင်းဖေါက်လေ။

ᨩᨩᨩᨩ

## (၁၇) သာမဝဒီမိဖုရားနှင့်၊ မုနိပတ္တမြားမာရဇိန် ကို၊ မာဂန္ဒီမနှာလို၍၊ ကြာစိုသည်၊ ကုံး ချောစကားဖြင့်၊ လင်မင်းဖျား–ဥ ဒိန္နထံအဘန်ဘန်ကြံစည် ၍လျှောက်စန်း။

၃၅။ ။လေသာပဒင်း၊ ဖေါက်တုံလျှင်း၍၊ နန်းတွင်းမှာ တောင်ညာပျော်မိဖုရား၊ ခုဇုတ္တရာ၊ ချုပ်အချာဖြင့်၊ ငါးရာမောင်းမများအား၊ မြတ်ဘုရားရဟန္တာ၊ ဒေသဇာမြန်း၊ ဤသည်လမ်းကို၊ ချီလှမ်းကြွ၍လာက၊ ဖူးမြော်ပါကြော်ရှင်မ၊ မြတ်ရူပဂုဏ်၊ အလုံးစုံကို၊ အကုန်ညွှန်၍ပြအံ့ စိန္ဒေယျရွှေကိုယ်တော်၊ ခြောက်သွယ်ရောင်းရွှမ်း၊ ပြောင်ပြောင်ထွန်း၍၊ ဆွမ်းခံချီကြွလာက အထိမ်းတော်ခူဇုတ္တအပါးကသာ၊ နေပြီးခါမှညွှန်ကာဤသို့ပြ၏။ လကျ်ာကရဟန္တာ၊ ပညာဆီမီး၊ ကျော်ကိတ္တိနှင့်၊ သာရိပုတ္တရာတည်း၊ လက်ဝဲတော်ဘယ်ဘက်က၊ မဟာမောဂ္ဂလန်၊ ထိုထရ်မွန်လျှင်၊ အာနန်ညီတော်လှ တည်း၊ ပိဏ္ဍောလထိုသံဃာ၊ ရှင်မကြည့်ရှု၊ သားရာဟုနှင့် ကာလုရဟန္တာတည်း၊ ရှင်မဟာကဿဗ၊ ဝဂ္ဂလိက၊ ဝင်္ဂီသနှင့်၊ ဘဒ္ဒိယကောဏ္ဍညတည်းရေ တနနာမဆို၊ ရှင်သီဝလိ၊ အင်္ဂုလိနှင့်၊ အသဇိရဟန်းအိုတည်း၊ ထိုပုဂ္ဂိုလ်နုရုဒ္ဓါ၊ မဟာစူဠ ဗန္ဓကနှင့်၊ ဘဒ္ဒိယရဟန္တာဟု၊ အပါးမှာနေပြီးမှ ခူဇုတ္တရာ၊ မိသာမာအား၊ ညွှန်ကာလက်ညိုးပြလျှက်၊ ရှိခိုးချပြီးခါ၊ ငါးရာမောင်းမ၊ တောင်ညာစသည်၊ နန်းကဖူးမြင်မြော်၏၊ ဤခြင်းရာအကြောင်းမှာ၊ ရွှေဘုံနန်းမ၊ အစိုးရသည်၊ ဥဒိန္န မင်းရာဇာက ရတနာသုံးပါးကို၊ သဒ္ဓါတိုးပွား၊ အကျိုးများအောင်၊ ကိုးစားမကြည်ညို၍ ကျောင်းတော်ကိုမသွားရ၊ တောင် နန်းမဟော်၊ ရံငါးရာတို့၊ ခြင်းရာဤကိစ္စကြောင့်၊ နန်းထက်ကဖူးကြရာ၊ မာဂန္ဒီဆို၊ ရာဟုဂြိုဟ်တက်၊ ကဲပိုဆိုးလှပါ၍၊ ဘဂဝါဂေါဓမ္မ၊ ကဲ့ရဲ့သဂြိုဟ်၊ စကားဆို၍၊ ငါ့ကိုအကျိုးရှုတ်ချဟု မျက်ဒေါသရန်ငြိုးသို့၊ ခြင်းရာဤသို့၊ သိန်ဂုဏ်ချို့အောင်၊ သင်တို့ဆဲကာဆိုဟု၊ လူဆိုးကို ကြေးငွေပေး၊ ဘုရားရဟန္တာ၊ ဆွမ်းခံရာမှာ၊ များစွာလူဆိုးဆဲ၏၊ ခုတနည်းအချက်ရှာ၊ ဖြူပဒင်းပေါက်၊ နန်းမှာဖောက်၍၊ ဝမ်းမြောက်ရှင်ဝမ်းသာလျက်၊ ဘုရားရဟန္တာဖူးမြော်မြင်၊ မာဂန္ဒီမိုက်၊ လင်မင်းစစ်အား၊ ကုန်းတိုက်လျှောက်ကာတင်၏၊ မေ့ဆွေလင်-ရှင်မင်းဖျား၊ သာမဝိဒီ၊ ဆင်းကြံညီသည်၊ ဒေဝီမိဖုရားကား၊ လင်ဝတ်ငါးပါး

ချွတ်ငြားကာ၊ ရှင်ကြီးဗုဒ္ဓဂေါ်မမွကို၊ လောဘတပ်မက်ပါ၍၊ နန်းတော်မှာ လေသာပေါက်၊ မသင့်မလျော်၊ သူလော်မာ၍၊ မျှားစွာပဒင်းဖေါက်လျှက်၊ မစောင့်ရှောက်က္ကန္ဓြောယ်၊ နေ့ညတိုင်းလှမ်း၊ ကျောင်းနှင့်နန်းကို၊ ကူးသန်းအောင်တပ်သွယ်၍၊ သူခိုင်းစေမေခုဇ္ဇ၊ သတိပြုကျင်၊ ကြည့်ရှုလျှင်မူမေ့လင်မြင်ပါရလိမ့်၊ မိသားမဝဒီမှာ၊ ဂေါ်မမွရှင်ကြီး၊ သုံးလူ့ထီးနှင့်၊ သွီးရဲစားပါဟု၊ ပြုမာယာယုံစလောက်၊ ခါခါလီလီ၊ မာဂန္ဒီမှာ၊ ပလီမာယာလျှောက်က၊ ဝဂ်ီအကောက်ကြံခြင်းရာ၊ ဤမိဖုရား၊ ကုန်းချောပြောသည်၊ သဘောမရိုးပါဟု၊ စိတ်တော်မှာ ထင်မှတ်ဘွယ်၊ ဂရုမတူ၊ သူ့အမူကြောင့်၊ လျစ်လျူပြုနေ၏ထေ။

၃၆။ ။လျစ်လျူပြုကာ၊ နေလေပါသော်၊ မာဂန္ဒီ၊ ညဏ်ပလီ၊ ဂမ္ဘီမျှမကြားစဘူး၊ သားစားကြူးသည်၊ တောသားဘီလူးမ-သို့၊ ညာနန်းရသူ့ကိုမြင်၊ မသာမချို၊ မနာလိုကေ၊ မျက်ငြိုမာန်စိတ်ဝင်၍၊ ကိုက်စားချင်ကောင်းမတတ်၊ မာန်ကိုဖြစ်လျှင်၊ မလျှော့ကျင်ကေ၊ ဝမ်းတွင်မြဲမြဲမှတ်၍၊ နန်းပြဿဒ်လှည့်ပတ်ကာ၊ အခါသယေ၊ မကြာလှခင်၊ ကာလတနေ့ခါ၌၊ မေ့သာမာလှဝဒီ၊ ရိပ်ငြိမ်သာချမ်း၊ ပျော်စံမြန်းသည်၊ ဘုံနန်းဗိမာန်အိမ်သို့၊ လင်ဥဒိန်ရှင်မင်းသား၊ ပျော်စံအံ့ငှါ လှည့်လည်ကာဖြင့်၊ မွေ့လျှော်ရောက်လာငြားက၊ ဖောက်လုပ်ထားပဒင်းကို၊ မိန့်ဆိုတုံရှောင်း၊ သိလိုကောင်းဟု၊ အကြောင်းမေးကာဆိုက၊ ညာနန်းခိုညိုပြာချော၊ သာမဝဒီ၊လက်ဦးချီ၍၊ ဤသို့လျှောက်လေငြား၏။ မြတ်ဘုရားသုံးလူရှင်၊ သံဃာရဟန်း၊ ပတ်ခုံဝန်း၍၊ ဆွမ်းရပ်ဆွမ်းခံဝင်က၊ ဖူးမြော်ချင်၊ စိတ်အာရုဏ်၊ လေသွန်နှင်းသောက်၊ ပဒင်းပေါက်လျှင်၊ ဖေါက်၍လုပ်တော်မုံဟု၊ လက်ဆယ်စုံ-ရုံကာလျှောက်၊ သာမဝဒီ၊ လှဒေဝီမှာ၊ ဤမျှပဒင်းပေါက်နှင့်၊ မလုံလောက်မဖူးသာ၊ အားရအောင်သည်၊ ဖူးလေစေဟု၊ ဖွင့်ချယ်လုပ်ပေးပါ၍၊ လင်မင်းကျော်နေပျော်စံ၊ တယောက်မဟေသီ၊ မာဂန္ဒီ၏၊ သိင်္ဂီနန်းဝေယျာန်သို့၊ ခါတဘန်ရောက်လေလျှင်၊ တောင်ညာစံမိ၊ ဂုဏ်သတ္တိကို သိပါလေတုံကျင်က၊ မိမိလင်ယုံကြည်အောင်၊ အကောက်ဝင်ဂန်၊ တနည်းကြံလို့၊ တိရစ္ဆာန်ကြက်ရှစ်ကောင်ကို၊ ခုယူဆောင်လာရမည်၊ ခိတ္တကျွေးမွေး၊ သူ့ဘထွေးကို၊ စာပေးမှာလိုက်ပေ၍၊ ကြာမနေလျှင်မြန်စွာ၊ ဘထွေးမိုက်ခေါင်၊ ကြက်ရှစ်ကောင်ကို၊ ယူဆောင်ရောက်တုံထာက၊ လင်မင်းကျော်နေအာဒိ၊ ကျွန်မလျှောက်သည်၊ ကြောင်းခိပ္ပါယ်ကို၊ ယုံကြည်ခြင်းမရှိက၊ မိသာမ-သူ့ထံဝယ်၊ သိသာရအောင်၊ ကြက်လေးကောင်ကို၊ ယူဆောင်ခန့်လွှတ်စေလော၊ ခုတကယ်လျှင်မကြာ၊ ဒေဝီချောညက်၊ ဤသည်ကြက်ကို၊ ချက်ပြုတ်စီရင်ကာဖြင့်၊ ငါ့ထံမှာ ဆက်ရမည်၊ ရှင်မင်းကိုယ်တော်၊ မိန့်အာဏာနှင့်၊ ပို့ကာခိုင်းလွှတ်စေက၊ ညာမဟေသူ့ဇာတိ၊ အရိပ်အခြေ၊ စိတ်အနေကို၊ အသေအချာသိဟု၊ ဂန္ဒီမိဆိုတိုင်းသာ၊ ဆောင်ကာယူလို့၊ တောင်ညာသို့လျှင်၊ အပို့စေလိုက်ပါက၊ မိသာမာလက်မှာဆက်၊ အကောက်ကြံဆောင်၊ ညာနန်းတောင်မှာ၊ လေးကောင်ထိုသည်ကြက်အား၊ သူ့အသက်သူ့ခန္ဓာ၊ ငါတို့မသတ်၊ ပြန်လို့လွှတ်သော်၊ မင်းမြတ်ထံတော်သာသို့၊ ပို့သောခါ မာဂန္ဒီ၊ အထင်အထင်း၊ အရှင်ရင်းသည်၊ လင်မင်းသိလေပြီထော၊ ခုတလီပို့ပါချေ၊ ဒေဝီချောညက်၊ ဤသည်ကြက်နှင့်ဆွမ်းချက်ပို့ပါချေဟု၊ ခိုင်းစေတော်မူပါဦး၊ မာယာအပလီ၊ မာဂန္ဒီမှာ၊ ကြံစီဤသို့ပြုလေ။

၃၇။ ။ကြံစီကာပြု၊ ဤဝတ္ထုကို၊ ခုပို့ချေ၊ ဆွမ်းချက်လေဆိုပေလျှင်၊ မသင်မချက်၊ ဤသည်ကြက်မှာ၊ အသက်အရှင်ပင်ဟု၊ ယခုသွင်ပြန်မလွှတ်၊ သူ၏ရှောက်ကို၊ ဆွမ်းပို့ဆိုသော်၊ ကြက်ကိုထားလို့၊ နွားကိုသော်လည်း သတ်စိမ့်၊ ရှင်မင်းမြတ်မယုံသော်၊ ဤတိရစ္ဆာန်ဆွမ်းပို့ရန်ဟု၊ တဘန်စေလိုက်ပါလော၊ မာဂန္ဒီဆိုကာလ၊ ရွှေထီးသခင်၊ပြည်ကြီးရှင်ကေ၊ သူ့လင်ဥဒိန္ဒလည်း၊ မေသာမ-တောင်ညာပျော်၊ အနီးအနက်၊ ဤသည်ကြက်ကို၊ ချက်ပြုတ်ကောင်းမွန်စွာဖြင့်၊ ကျောင်းတော်မှ ဆွမ်းပို့လေ၊ မာဂန္ဒီကျွန်၊ အစေခံအား၊ တဘန်ထပ်၍စေက၊ ထိုခါဝယ်အချက်တွင်၊ မာဂန္ဒီမှာ၊ ဥာဏ်လိမ်ကောက်နှင့်၊ ဘောက်လွှဲပြုကာပျင်လျက်၊ အရှင်ကိုဝှက်ကွယ်ကာ၊ ရှက်ကောင်းအနက်၊ လေးကောင်ကြက်ကို၊ အသက်သတ်ပြီးခါမှ၊ သင်ကြားကာ-မှာလိုက်ပေ၊ ဘုရင်မင်းဖျား၊ ရှင်ဘုရားအား၊ ကြက်သားဆွမ်းပို့လေဟု၊ ခိုင်းလွှတ်စေလာကာဆက်၊ နောက်ထပ်တခါ၊ ပို့အပ်လှာသည်၊ သတ္တဝါကူရ-ကြက်၌၊ သက်ဇီဝမရှိမူ၊ သန့်သန့်ရှင်းရှင်း၊ ဤကြက်ဟင်းမှာ၊ ပြစ်ကင်းပင်းသကူဟု၊ သိမ်းဆည်းယူလွယ်ကူထား၊ မာဂန္ဒီလျှင်၊ ထိုကြောင်းအင်ကို၊ ပြည့်ရှင်လင်မင်းဖျားအား၊ သူ့စကားပရိယာယ်၊ နှုပ်တွင်ကပျား၊ဝမ်းတွင်းမျှားသို့၊ ဆိုပြောလျှောက်လတ်သည်က၊ ယခုဝယ်ဘယ်သို့ရှိ၊ သာမဝဒီ၊ မသံထီဟု၊ ဥဒိန်ရှင်မင်းသိလော၊ မိမိ၏လင်သခင်၊ အဟာရခေါင်းပါး၊ အကြောင်းများကြောင့်၊ ကြက်သားစားပါချင်ဟု၊ ပေးအပ်လျှင်၊ ပြန်ကာလွှတ်၊ တကယ်မချက်၊ ဤသည်ကြက်ကို၊ အသက်ကိုမသတ်ဟု၊ နောက်ထပ်၍ပေးအပ်ကျင်၊ ရှင်မင်းရှုကြည့်၊ ဤသည်နေ့၌၊ သူ၏သယောက်လင်တို့၊ ဆိုပြန်လျှင်လက်ခံကာ၊ ဆွမ်းတို့အတွက်၊ ဤသည်ကြက်မှာ၊ အသက်မပါပါလော၊ ဥပမာယူကာနှုံး၊ သူတော်အသွင်၊ တူစွာဆင်သည်၊ ကြောင်လျှင်သိတင်းသုံးသို့၊ စိတ်နှလုံးမယုံသာ၊ အဖြူအမဲ၊ ဤနှစ်နည်း

ကို၊ ခွဲခြားသိရပါ၍၊ မိသာမာမိဖုရား၊ လင်မင်းကျော်လျှင်၊ ပညာရှိလည်း၊ သတိကြွတ်ထားလော၊ ဘုရားနှင့်သဘောတူ၊ ကိုယ်တော်ကိုသတ်၊ ရွှေပြည်မြတ်နှင့်၊ နန်းရပ်ဆောင်းထီးဖြူကို၊ သိမ်းကာမူယူလိမည်၊ ဂေါမ္မနှင့်၊ မျက်စ-ပစ်လို့ချစ်ကြိုက်ကြတုံသည်ကို၊ ရိပ်အခြေဘယ်သို့ ရှိ၊ ယခုကပင်၊ မေငယ်လင်လျှင်၊ မြက်မြင်ထင်လင်းသိဟု၊ မဒိဌိ-မာဂန္ဒီဘုရားဇိန၊ မိသာမအား စိတ်က-မသံထီ၍၊ ဉာဏ်ပလီကြံစီငြား၊ မဟုတ်မမှန်၊ အကောက်ဉာဏ်နှင့်၊ ကြံဘန်လျှောက်လေငြားက၊ လင်မင်းဖျားပြောသည်မှာ၊ လူ့ဘုံနတ်ရပ်၊ ခေတ်သုံးထပ်တွင်၊ လောကဓါတ် ဤလူ့ရွာ၌၊ ဘဂဝါမြတ်ဘုရား၊ ငါတို့သွင်မူ၊ အကြင်သူဟု၊ ရှင်လူသားမယားကို၊ ရှုမြင်ငြားသဘောတွင်၊ လူမြင်တိုင်းမုံး၊ မစင်တုံးသို့၊ တန္ဒုံးစိတ်တော်ထင်၍၊ သုံးလူ့ရှင်စိန္ဓေယျ၊ နတ်သွီးပမာ၊ လှတုံပါလည်း၊ တောင်ညာမိသာမအား အသုဘစိတ်ကထင်၊ စကြာမင်းကြီး၊ နွားကိုစီး၍၊ ခရီးသွားသောသွင်သို့၊ လူအမြင်မလျှောက်ပတ်၊ မြေနှင့်မိုးသွင်၊ သုံးလူ့ရှင်နှင့်၊ မစင်ဆီထောပတ်သို့၊ ဘက်စပ်ဟပ်မအပ်ပြန်၊ ၊အလွန်အယုတ်၊ မြတ်သမ္ဗုဒ်နှင့်၊ အဟုတ်မထိုက်တန်တည်းလေ။

၃၈။ ။အယုတ်အမြတ်၊ မဟုတ်အပ်ဟု၊ မှတ်တုံလေ၊ အထွေထွေအပြားပြား၊ မာဂန္ဒီဉာဏ်၊ ကောက်ဝင်န်နှင့်၊ လျှောက်ဘန်ထင်ဘန်များ၍၊ ရှင်မင်းသားစိတ်မှာမုံ၊ မယုံတဝက်၊ ယုံတဝက်နှင့်၊ စုမှက်ချစ်အာရုံဖြင့်၊ ရွှေနန်းဘုံလှည့်ကာ၊ သာမစံခန်း၊ ဘုံကြငှန်းကို၊ ကူးသန်းပျော်မွေ့ကာ၌၊ ထိုခြင်းရာဟုတ်မဟုတ်၊ စူးစမ်းဝေဘန်၊ ကြည့်တုံပြန်သော်၊ ဇက်မှန်မဟုတ်ဟု၊ လွန်မယုတ်သိသောခါ၊ မိဖုရားသာမာ၊ မလျှော်ရာလေ၊ လောမာမှုကို၊ မပြုမလုပ်ပါက ရွှေ့ထက်သာလွန်မြတ်နိုး၊ ဒါနမျိုးပြန်၊သီလကံကို၊ ချိုးခြံသုကောင်းကျိုးကြောင့်၊ တိုးလို့သာ မေတ္တာရစ်၊ ညာနန်းစံပျော်၊ မိသာမာမှာ၊ ဆံမွှာကျိုးမျှ၊ မညိုးမနွမ်းညစ်ဘဲ၊ မြူတရစ်ပြစ်မတင်၊ ဘုရင်ဇကေရာဇ်၊ သူ့လင်စစ်လျှင်၊ အချစ်တိုးကာဝင်က၊ ထိုကြောင်းအင်ရှုမြင်ငြား၊ ပုပ်ပြားသံထီ၊ မန်းစရီသို့၊ ဂန္ဒီမိဖုရားက၊ မရှုအားမမြင်ချင်၊ သာမဝတီ၊ လှဒေဝီကို၊ ဂုဏ်သိမ်ညှိုးအောင်၊ တိုးလို့ကြံဆင်ခြင်လျက်၊ အိပ်ရာတွင်အထွက်ခံ၊ ညာစံနွဲ့နှောင်း၊ ပျက်စီးကြောင်းကို၊ မကောင်းဝင်ဉာဏ်နှင့်၊ အဘန်ဘန်ကြံစည်က၊ နေ့ညမကျန်၊ အထွက်ခံသော်၊ အကြံတခု၍၊ သုအဘ-ဘထွေးထံ၊ မာဂန္ဒီမှာ၊ စာစီရေး၍၊ ပေးကြားမှာလိုက်ဟံကြောင့်၊ အလမ္ပါယ်ရှာပြီးနောင်၊ အစွယ်ချိုးမြောက်၊ အရေပြောက်နှင့်၊ မြွေဟောက်ငန်းတကောင်ကို၊ ဘမ်းယူဆောင်ပေးရလေ၊ မာဂန္ဒီမ၊ ထိုကာလ၌၊ ကြံဆ-စီမံထွယ်ဖြင့်၊ အချက်သည်ရှာနေငြား၊ မင်းစောနရိန်၊ သမုစိန်သို့၊ ဉဒိန်ရှင်မင်းသားလည်း၊ မိဖုရားသုံးယောက်ဝယ်၊ နန်းသုံးဆောင်လျှင်၊ ပြောင်ပြောင်တောက်အောင် ချီးမြှောက်ထားတုံလေ၍၊ တယောက်ဝယ်ရုံငါးရာ၊ အခါသမယ၊ တမာသဟု၊ တလတွင်တခါတည်း၊ လှည့်လည်ကာမွေ့လျော်ငြား၊ မေမာဂန္ဒီ။ သူ့နန်းအိမ်မှာ၊ အချိန်စေ့တုံငြား၍၊ မိဖုရားတောင်ညာထံ၊ သွားပြန်လိုငြား၊ လင်မင်းသားကို၊ စကားပြောဟံက၊ တောင်ညာစံမိဖုရား၊ သူ၏အထံ၊ မွေ့လျော်ရုံလျှင်၊ တတန်ခုမသွားနှင့်၊ တားမြစ်ငြားမင်းသားမောင်၊ ယနေ့သွားလား၊ မေ့စကားကို၊ ကြား၍နားမထောင်ဘဲ၊ ရှားကာရှောင်ခုမနေ၊ မိသာမာ၏ တောင်ညာနန်းသို့၊ ချီလှမ်းသွားတော့မည်လား၊ သွားတုံလေဇကေလျှင်၊ အန္တြာယ်မေးသန်း၊ မအေးချမ်းအောင်ဘေးဘျမ်းတွေ့မည်ထင်၏ ယနေ့တွင် ရှင်မင်းဖျား၊ သက်စုအသွင် မျက်ရှုဆင်သည် ငယ်လင်မေ့ထိပ်ထယားက မိဖုရားဆိုလျှင်ပင်၊ ဒေဝီမြှောက်ထား၊ လင်ယောကျ်ားမှာ၊ မျှောက်သားမေ့အပြင်ထက်၊ မကြင်သည်ချစ်မယား၊ ရှိငြားလေတုံ၊ မေ့သို့ မယုံမကြည်မှားနှင့်၊ ကြံစည်းစားသင့်တုံပေ။ ။ ဥပါယ်တမည်၊ ပရိယာယ်နှင့်၊ ကြံစည်လျှောက်လေ၏လေ-

၃၉။ ။ကြံစည်စည်းစား၊ လင်ယောကျ်ားအား၊ လျှောက်ထားကာ၊ သုမိန္ဒာမြင်ကာမက်၊ အကြောင်းမထံ၊ မကောင်းဟံကို၊ ပြန်ကာစေ့စေ့တွက်က၊ မြင်မက်ဟံအလွန်ဆိုး၊ အလျှံပြောင်လင်း၊ နန်းဆောင်တွင်းမှာ၊ မှန်ဂျင်းစိန်ဖူးကျိုးလို့၊ အစိုရိန်မေ မကင်း၊ မယားချင်းမူ၊ အတူတူကော၊ သူ့တို့ဖြစ်တုံလျှင်းလည်း၊ အချစ်ချင်းတူမထင်၊ အကြင်ဘရိယ၊ ရုပ်ရေလှလည်း၊ ဆယ်ဆမေကကြင်လျက်၊ ယခုတွင်လင်ဘုရား၊ ဝါသုလဘတ္တာ၊ နန်းတော်သာသို့၊ လှမ်းကာချီ၍သွားက၊ မေမတားမမြစ်ပါ၊ မေသာမနန်း၊ နေစံမြန်းရုံ၊ ချီးလှမ်းသွားလေသော်က၊ ကြင်သက်လျှာညာမဟော၊ ဆောင်ကြာနန်းမ၊ တောင်ညာရကို၊ ယနမကင်းချေတည်း၊ မေ့ချစ်ဆွေလင်မျက်ရှု၊ အလယ်နန်းနံစံ၊ မေသက်နှံလျှင်၊တောင်းပံခယပြု၏။ ဤယခုနေ့အခါမေ့လင်မင်းဖျား၊ တဘဝါးမျှမသွားမလားပါနှင့်၊ နောက်နောင်ခါသွားလိုသော်၊ ဝေဘန်စည်းစားသတိထား၍ ပျော်ပါးသွားလေပါလော၊ ထိုအခါ မေမတား။ ယခုအချက်၊ မြင်အိမ္မက်ကြောင့်၊ ကန့်ကွက်များစွာထားလည်း၊ မေ့စကားနားမထောင်၊ ရယ်ချိုပြုံးပြုံး၊ ရှုမဆုံးသည်၊ နန်းလုံးသူမ-မောင်က၊ သျှားကာရှောင်ဖယ်ပြီးထွယ်ဆောင်လာကြငှန်း၊ တောင်ညာနန်းကို၊ ချီလှမ်းသွားတော့မည်လား ယိုမျက်ရည်ကြွေကာကျ၊ မာဂန္ဒီမေပရိယာယ်မှာ၊ လေးဆယ်ထက်

ပင်ပို၏၊ တဝိုင်ဝိုင်တားမြို့က်ဟန်၊ မြတ်စွာဗုဒ္ဓ၊ တောင်နန်းမကို၊ ဝင်အကောက်ဥာဏ်နှင့်၊ စီမံကာကြံတန်မြောက်၊ ယခင်ဆို တွယ်၊ ကြောက်ကောင်းဘွယ်လေ၊ ထိုသည်ငန်းမြွေဟောက်ကို၊ စောင်းကောက်မှာထည့်ပြီးခါ၊ ရက်ရာပုဆို့၊ လက်ဆာတို့နှင့်၊ ဆို့ပိတ်ထားလိုက်ပါ၏။ တားမြို့က်သော်-နားမထောင်၊ စောင်းကိုယူငြား၊ သွားလိုအားနှင့်၊ မင်းသားဥဒိန်မောင်က၊ ညာနန်းတောင်-လှမ်းကာချီ၊ ဒိဋ္ဌိမိုက်မှား၊ မသိငြားသည်၊ မိဖုရားအလဇ္ဇီဟု၊ မာဂန္ဒီမိန်းမမိုက်၊ ထိုနေ့ကသော်၊ တညည့် ကြာလျှင် စောင်းကာပတ်ကာရစ်၍၊ နောက်ကလိုက်သွားပြီးခါ စောင်းထော်ကိုထား၊ ခေါင်းရင်းပါး၌၊ မင်းသားနေစံ ပျော်က၊ ပိုးလက်ဆာအဆို့မှိုက်၊ မာယာကြံစီ၊ မေဂမ္ဘီသို့၊ မာဂန္ဒီမိန်းမမိုက်က၊ လှိုက်ပစ်သောခါ၊ မမြင်လိုက်ငြား၊ ရှင် မင်းသားမှာ၊ စောင်းပါးဟတ်သောခါ၌၊ သတ္တဝါထိုမြွေဟောက်၊ အခေါင်းထဲဝယ်၊ အောင်း၍နေသည်၊ မြင့်ရှည်ကာလ မြောက်က၊ လမ်းအပေါက်မြင်သောအခါ၊ ဟူးဟဲဖြူမြောက်၊ ထိုစောင်းပေါက်က၊ လမ်းအပေါက်မြင်သောအခါ၊ ဟူးဟဲဖြူ မြောက်၊ ထိုစောင်းပေါက်က၊ လိုင်ခေါက်ထွက်ပြီးခါမှ၊ ကြောက်စရာပါးပျိုးမိုး၊ မင်းသားရာဇာ၊ ထိုအခါ၌၊ လန့်ကာပေါက် မည်စိုး၍၊ ကိုးရိုးကားရားပြေးသွားကာ၊ မာဂန္ဒီမိုက်၊ ထိုအခစ်တွင်၊ ဟိုက်၍ကျွေးကာကျော်လျက်၊ ပေါက်ကိုက်တော်မူ လေဟံ၊ လျှင်မြန်ပြေးလွှားလင်ယောကျ်ားအား၊ သွားလို့ဘက်လေပြန်၍၊ အလမ္ပယ်ရှာကြာချေ၊ ပရိယာယဝေဝုစ်၊ မှန်မဟုတ်ဘဲ၊ ဟံလုပ်ပြောတုံလေသည်။ ။ ယုံကြည်စေကြောင်းတည်းလေး။

၄၀။ ။ယုံကြည်စေဟု၊ မာယာမှုဖြင့်၊ ပြုပြီးခါ၊ တနန်းလုံးသား၊ လန့်တကြားလျှင်၊ ကြော်ဟောမောင်းမဲကာ ဖြင့်၊ မာဂန္ဒီဆိုခြင်းရာ၊ မေ့မောင်တော်မင်းဘုရား၊ မိန်းမလော်မာ၊ ထံတော်သာသို့၊ စံပျော်မသွားမှားနှင့်၊ မထောင်နားသွား သောခါ၊ အန္တြာယ်ပြစ်ဇာကေစစ်ကော၊ ဖြစ်မည်ထင်လှပါဟု၊ အခါခါတားပါလျှက်၊ မေ့စကားကို၊ နာမထောင်ဘဲ၊ ရှားရှောင် ပြုသည်ထွက်ကြောင့်၊ အသက်၏အန္တြာယ်၊ ခန္ဓာအလောင်း၊ ကံတော်ကောင်း၍ မပြောင်းမပျက်လေတည်း။ တဆိတ်ကေ လို-ခလို့၊ တသာထားကာ၊ မဟုတ်သော်မူ၊ ခန္ဓာပြောင်းရဘို့တည်း။ ဤကဲ့သို့မှုအရာ၊ အရိပ်အစောင်း၊ သူ့အကြောင်းသည်၊ မကောင်းလက္ခဏာကို၊ အခါခါပြောကာပြ၊ အိမ္မက်ကြောင်းရာ၊ မကောင်းပါဟု၊ ဆိုကာတားမရထည်း။ မိသာမ-မေဝဒီ၊ ဂေါ်မမ္မတွင်ငြား၊ စောဘုရားနှင့်၊ သဘောနှစ်ပါးညီ၍၊ ကြံစဉ်ကာသူလဉ့်ဗတ် ကျွန်မထိပ်တင်၊ ကိုယ်တော်ရှင်ကို၊ စီရင် သက်ဆုံးသတ်၍၊ နန်းပြသာဒ်ဆောင်းထီးဖြူ ဤမိန်းမသွတ်၊ ဘုရားမြတ်ကို၊ နှင်းအပ်လေတော်မူဘို့၊ သက်ကိုရှုသူလျှင် သတ်၊ မကောင်းကြံ့ကျင်၊ ငယ်ပေါင်းလင်အား၊ စောင်းတွင် မြွေကိုလွှတ်ဟု၊ ရင်ဘတ်ကိုလက်နှင့်မ၊ အဆိတ်ထံသည်၊ ထိုသည်မြွေ၏၊ အစွယ်သွားမကျဘဲ၊ လွတ်ခတော်မူလျက်လား၊ ပြည်ကြီးသခင်၊ ရွှေထီးရှင်သည်၊ ငယ်လင်ငယ်မြောက် သားဟု၊ သွားလာကာ သက်တော်မြတ် ပြတ်မသေ၊ အန္တြယ်မဖြစ် မြွေမကိုက်ဘဲ၊ ကျံလိုက်ပါတုံပေဟု၊ သို့ဆိုတွေမှုပြီးမှ၊ ဒေဝီတောင်ညာ၊ မိသာမာကို၊ မာန်ပါမျက်ဒေါသနှင့်၊ ပယောဂအားကြီးစွာ၊ ကမြင်းသံလှ၊ လင်းပြန်မမှာ၊ ရာဂပြင်းထံကာ ဖြင့်၊ ပြည့်တန်ဆာဗိုင်းဒါမ၊ကို့လင်ထက်ပင်၊ ဘုရားရှင်ကို၊ နတ်လျှင်မက်မောလှလို့၊ ရှောက်လင်နပျော်ပါးချင်၊ တောင်ညာ မိဖုရား၊ ချီးမြှောက်ထားလျက်၊ မထွက်စားမဆင်ခြင်ဘဲ၊ စောင်းခေါင်းတွင် မြွေကိုသွတ်၊ ငယ်ကျွမ်းသခင်၊ ရွှေနန်းရှင်သည်၊ လင်ကိုနင်ကသတ်ဟု၊ ပဇတ်ကတညောင်းပင်၊ မောင်မောင်းမဲမဲ၊ သွားကိုဖြဲလို့၊ ဟိန်းဟဲဆဲဆိုကျင်လျက်၊ လင်ဘုရင်နှစ်ပါး တွင်၊လင်ကိုထက်ပင်၊ ဘုရားရှင်အား၊ နင်လျှင်ချစ်မြတ်ကြင်လျက်၊ ပြည်ကြီးရှင် မေ့လင်ဖျား၊ ကောင်းကျိုးလိုညား၊ ကျွန့်စကားကို၊ ပြောကြားမောင်မယုံတည်း။ ယခုမုံကြံမှုသိ၊ ရွှေနန်းပိုင်သည်၊ မေ့လိုင်ဆွဲမှာ ဘေးကြီးတွေ့ကာထိလျက်၊ မေသိလို့လျှောက်ကာတင်၊ ကိုယ်တော်ရှင်တို့ စီရင်ချက်သော်၊ ဤကြက်သက်အရှင်ဟု၊ ပြန်၍လျှင်သူကလွှတ်၊ ဘုရားရှင် ကို၊ လှုလေဆိုသော်၊ ကြက်ကိုအသက်သတ်လျှက်၊ ဆွမ်းချက်ကပ်ခါကပင်၊ သာမသတ္တိ သူ့ဇာတိကို၊ မျက်စိထိအမြင်ဟု၊ များစွာပင်ပြစ်တင်၍။ ။ မာန်ပါမာနလို၊ ရွှင်မချိုကော၊ လင်ကိုပြောဆို၏လေ-

## (၁၈) ဥဒိန္နမင်းရာဇာသည်၊ ပြင်းထံစွာမျက်မာန နှင့်၊ သာမဝတီမိဖုရားကို၊ ငါးရာသော နန်းတွင်းသူတို့ပါ၊ ဘမ်းယူကာသ နန်းမညှာဘဲ၊ မြှားတော်နှင့် ကြွင်းမလွှတ်အောင်

C:\ Oo Daing Na Yatu Poem.p65

## ၁၀

## ခွင်းသုတ်တော်မူစန်း။

၄၁။ ။ပြစ်တင်ပြောဆို၊ စားမည်လိုသို့၊ ထိုခါတွင်၊ သူတို့လင်ဥဒိန္န၊ ရာဇာ့မျက်မှန်၊ တွက်တုံပြန်သည်၊ မီးလျှံယမ်းမှာကျသို့ မျက်ဒေါသတရှိန်ရှိန်၊ ငါ့ကိုတဖန်၊ သေကြောင်းကြံသည်၊ အတန်ကြာလေပြီးတည်း။ မာဂန္ဒီပြောဆိုတုံ၊ တဆံခြည်ပင်၊ ဘန်ဘတင်လည်း၊ ငါလျှင်ကြည့်မယုံ၍၊ ယခုမုံတွေ့ကြုံဘိ၊ ငါ၏အပြင်၊ မျက်ရှုဆင်လျက်၊ သူ့တွင်ရှောက်လင်ရှိလို့၊ မသိမမြင် လင်မမှတ်၊ စောင်းတွင်မြွေကို၊ ထည့်ကာသိုလျက်၊ ငါ့ကိုနင်ကသတ်၍၊ ရွှေပြည်ရပ်-တိုင်းနိုင်ငံ၊ ဘယ်သူ့ကိုပင်၊ နင်ချင်ခင်လျက်၊ လင်လျှင်ပြုလို့၊ ယခုနင်ကစံအံ့၊ သူတို့ဥာဏ်ကြံအစည်၊ ငါးရာမောင်းမ၊ ဣတ္ထိယသည်၊ မိန်းမတို့ပရိယါယ်နှင့်၊ ရှေ့တည့်ကာ၊ နောက်ကလိုက်၊ တနန်းလုံးပင်၊ ယခုတွင်၌၊ နင်တို့အလုံးမိုက်လို့၊ ကံထိုက်ရာရော်ကာနား၊ တယောက်မကြွဲ၊ သက်ဝိဥာဏ်ကို၊ ချန်၍လုပ်မထားဟု မြွားတော်မှာအဆိပ်ခပ်၊ ဘမ်းဆီးနှောင်ယူ၊ နန်းလုံးသူကို၊ အကုန်ယခုသတ်အံ့၊ နှောင်ခတ်ကြထုံသောခါ၊ မဟေညာရုံ၊ နန်းဝေယံမှာ၊ ခြွေရံပေါင်းငါးရာတို့၊ သက်ခန္ဓာ-သေဘေးကြုံ၊ ရင်အုံအထဲ၊ ဘုံငရဲသို့၊ အသည်းနှလုံးတုံလျက်၊ ငါတို့မုံ-ဇာကံဝဋ်၊ သစ်ခက်ခေါင်းတွင်၊ ကျသောသွင်သို့၊ ဘုရင်ရှင်မင်းမြတ်၏၊ ရာဇဝတ်ကပ်လာတုံ၊ ပြစ်မရှိဘဲ၊ ဘယ်အရေးကြောင့်၊ သေဘေးယခုကြုံလိမ့်၊ ရွှေနန်းဘုံအတွင်းမှာ၊ ရှင်ပင်ထွတ်ထား၊ မြတ်ဘုရား၏၊ တရားဘိမ္မာကို၊ မိခုဇ္ဇာဟောနာထုံး၊ တရားလည်းရ၊ အင်ညီမျှအောင်၊ သီလ-ဆောက်တည်သုံးလျက် တနန်းလုံးတို့ငါးရာ၊ ထိပ်တင်ရှင်မ၊ တောင်ညာရသည်၊ အလှမိသာမာနှင့်၊ စံပျော်ကာနေသည်ခစ်၊ ငါတို့သခင်ရွှေနန်းရှင်ဟု၊ ဘုရင်ရှင်မင်းစစ်က၊ စောင်းပိုက်ကာ ရွှင်ပျော်မြူး၊ ပြောင်ရွှမ်းရတနာ၊ တောင်းနန်းညာကို၊ ဆောင်တော်လှည့်ကာကူးလို့၊ ညဦးကစံပျော်နေ၊ ဘယ်တွင်တစ်၊ ပြစ်မတိကေ ယနိန်နက်ဝေ၌၊ ညာမဟေနန်းတော်တွင်း၊ ထန်ပြင်းစွာမျက်ဒေါသ၊ တောက်လောင်ပြောင်ညီး၊ အရောင်ပြီးသည်၊ လောင်မီးမိုယ်းကြိုးကျသို့၊ ဟိုရှေးကထုံးကိုဆောင်၊ အနောင်လည်းရောက်၊ ငါ့နွားပျောက်လျက် တယောက်နွားခိုးယောင်ဟု အနောင်ကိုငါမရိုး၊ ယခုခါတုံ၊ ပမာကြုံကေ၊ ထုံးပုံထိုမျိုးသို့၊ မိန်းမဆိုး-မာဂန္ဒီ၊ အယုံမရ၊ ကဆုံလမှာ၊ ထသည်ထိုလေပွီကြောင့်၊ သက်ဇီဝိသေဘေးရောက်၊ အထိုင်မသာ၊ မဆိုင်ရာမှာ၊ အနာဆိုးကြီးပေါက်သို့၊ တယောက်မှမကျန်ထွယ်၊ မြွားစာကျွေးကာ၊ ဘေးဘယာနှင့်၊ ငါတို့သေရမည်ဟု၊ ကျမျက်ရည်-စီးကာယို၊ မောင်းမအပြား၊ တသောသောဖြင့်၊ အမျာငါးရာ။ ငိုသည်၊ ရွှေကိုယ်နွဲ့နွဲ့ပျောင်းပျောင်းတည်းလေ။

၄၂။ ။နွဲ့နွဲ့ပျောင်းပျောင်း၊ တသောင်းသောင်းဖြင့်၊ ပေါင်းငါးရာ၊ မင်းရာဇဝတ်၊ ပြင်းစွာကပ်၍၊ မလွတ်နိုင်ကြခါ၌၊ သူဇာလင်ရှင်ဒေဝါ၊ ငါတို့တစု၊ မကင်းမှုကို၊ မပြုကြထုံပါဘဲ၊ ရှုစာနာမျှော်ထောက်ချင့်၊ ကျွန်တို့တထွယ်၊ သက်ဇီဝေလျှင်၊ ပျက်ကြွေမသေသင့်တည်း၊ လွတ်ရာခွင့်လွတ်သင့်ရာ၊ ဒြပ်တေဇာ၊ နတ်ဒေဝါတို့၊ ကယ်မစောင်မပါဟု၊ ကျွေးကျော်ကာတငိုငို၊ ညည့်ခါချိန်နက်၊ သစ်ပင်ထက်မှာ၊ ဇီရက်ငှက်တို့ပျိုသို့၊ များထိုထိုပျိုမောင်းမ၊ မစဲအသံ၊ တညံညံလျှင် ၊ ပူဘန်ငိုယိုကြက၊ မိသာမလှဝဒီ ဒေဝီပုလဲ မှိုင်ကာငဲသည်၊ ယိုင်ကေးမဟေသီက၊ သက်ဇီဝိပျက်ကြိမ်ငြား၊ သတိတော်ကို၊ စိတ်မှာမြဲစွာထားလို့ တရားမြတ်စိတ်သံဝေ၊ စီးသွယ်ယိုဖိတ်၊ ငိုမည်စိတ်ကို၊ အံကြိတ်ဖြေကာဆယ်လျက်၊ ရွှေပြဉ်မြတ်ထွတ်ဘုရင်ဥဒိန်တွင်ရှောင်း၊ ဘုရင်ကောင်းသည်၊ ငယ်ပေါင်းငယ်ကျွမ်းဝင်ဟု မေ့ထိပ်တင်လင်မင်းဖျား၊ ဟုတ်မဟုတ်တန်ယုတ်အလွန်ကို၊ ဝေဘန်မစင်းစားဘဲ၊ မြွားနှင့်ပင်တင်ကာလွှတ်၊ အသက်ဝိဥာဏ်၊ ပျက်စီးရန်လျှင်၊ မကျံစီရင်သတ်လည်း၊ လင်မင်းမြတ်မေ့ကိုသာ၊ ဝိဉာဏ်ဆုံးဖြတ်၊ ရုန်းမလွတ်အောင်၊ ကွတ်ညှပ်သတ်သင့်ပါ၏၊ ရုံငါးရာသူတို့ဝယ်၊ မပယ်မသျှား၊ တကယ်အားဖြင့်၊ သေငြားမထိုက်ပေတည်း၊ စေသည်ကျွန်-ထွန်သည်နွား၊ အလားတူစွာသူတို့မှာကို၊ ချမ်းသာပေသင့်ငြား၏။ ကြင်သနားချစ်စရာ၊ မေ၏အတွက်၊ ယနေ့ရက်မှာ၊ အသက်မသတ်ပါနှင့်၊ ချမ်းသာစွာ မျှော်ထောက်ချင့်၊ များခြွေရံအား၊ ရုပ်နာမ်ပြတ်အောင်၊ မသတ်ကောင်းပါသင့်တည်း၊ လွှတ်ခွင့်ထိုက်လွှတ်စေငှါ၊ အကြောင်းပြန်၍၊ တောင်းခံသောအခါ၌ လင်မင်းကျော်-မျက်တော်အိုက်၊ ရှေ့ဆောင်ဦးစီး၊ ပြုလုပ်ပြီး၍၊ အကြီးဥက္ကဋ္ဌမိုက်၍၊ စည်ဒရိုက်နောက်လိုက်ပါ။ ကြံဘော်ကြံဘက်၊ ငါ့အသက်ကို၊ ဆုံးပျက်သေစေငှါဖြင့်၊ ယခုခါပြုကြံဆောင်၊ ပြင်းထံဆိတ်တောက် အရေပြောက်သည်။ မြွေဟောက်ငန်းတကောင်နှင့်၊ သူ့ရှေ့ဆောင်နောက်ကလိုက်၊ အကြံချင်းတူ၊ နန်းလုံးသူပင်၊ အကုန်နင်တို့မိုက်လို့၊ အမြစ်ပါပယ်ကာဖြုတ်၊ ပမာပုံသွင်၊ ကျူပန်းပင်ကို၊ ထွင်ကာရှင်း-အောက်ကခုတ်၊ ကျူငုတ်မကျန်ကောင်း၊ များစွာအပုံ၊ ငါးရာစုံဟု၊ နန်းသူမိန်းမပေါင်းအား၊ ဆိုးကောင်ရှာငါမရွေး၊ ၎င်းများစွာ၊ပေါင်းငါးရာကို၊ မြားစာယခုကျွေးအံ့၊ အော်ဟိုက်ပြေးမလွတ်အောင်၊ အပန်းတကြီး၊ လမ်းအနီးက၊ ဘမ်းဆီးချိုင်ကာလှောင်၍၊ နှောင်ခတ်တုံဆောင်ယူငြား၊ တယောက်မကျိုင်၊ ရှေ့နောက်ပြိုင်ကေ၊ အစိုင်သင့်စွာထားက၊ မိဖုရားမေသာမာ၊ ခန္ဓာအသက်၊ မြွားလက်နက်နှင့် ပျက်ရသေသူအတူတူကို၊

ပူရာမရှိပါဟု၊ မရဏာနုဿတိ၊ အနိစ္စပါဒ၊ သင်္ခါရကို၊ စိတ်ကအောက်မေ့ဘိ၍၊ မိမိအထွက်မငဲ့ညှာ၊ကို့ထံနေငြား၊ ရံရွယ်များကို၊ စကားပြောခြင်းရာက ပေါင်းငါးရာပျိုတော်များ၊ နန်းလုံးသူမောင်၊ လက်ရုံးထောင်လို့ ဘုန်းခေါင်မောင် ဘုရားက၊ ငါတို့အားမနာလို၊ ပြစ်မရှိဘဲ၊ လွန်မိုက်မဲဟု၊ လေးပစ်သတ်မည်ဆို၏။ မာန်ဆံကိုမပါကောင်း၊ ။ ဗြဟ္မဝိဟာ၊ စီးဖြန်းကာဖြင့်၊ မေတ္တာထပ်ဆင့်လောင်းလေ။

၄၃။ ။မေတ္တာထပ်လောင်း၊ နန်းသူပေါင်းအား မြတ်ကြောင်းဆို၊ ကြောက်အားပိုငိုယိုငြား၊ ငါနှင့်တမူ၊ ကျိုးကြောင်းတူသည်၊ နန်းသူပျိုတော်များတို့၊ မြတ်ဘုရားတရားတော်၊ နားမှာဝဝ၊ ကြားနာရသည်၊ ဂုမ္ဗသူ့ပညာကြောင့်၊ အခါခါနာပါရ၊ ပါပဆိုးညစ်၊ ဒုဇရစ်ကို၊ မကြိုက်ပယ်ရှောင်ကြ၍၊ ကျင့်သီလညီမျှကာ၊ ငါတို့အားလုံး၊ တရားထုံးကို၊ စောင့်သုံးမြဲမကွာဘဲ၊ နှလုံးမှာ မှန်ဖြောင့်ဖြောင့်၊ နန်းတော်သူများ၊ ငါတို့အားကို၊ တရားပြန်၍ စောင့်လိမ့်၊ စိုးနှောင့်ခွာ စိတ်သာချ၊ ဒေါသဟူသည်၊ ဆံဖြူခြမ်းမျှ၊ မသန်းမရစ်ကြနှင့်၊ မာနလျှင်ထွက်တုံလတ်၊ မနာလိုလျက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်မည်သာမှတ်လော၊ မြဲမချွတ်လွှဲမသွယ်၊ ဗြဟ္မစိုရ်လေးပါး၊ တရားကို၊ သဘောထားကြလေဟု၊ ဤသို့သည်ဆိုပြီးခါ၊ မိသာမာလျှင်၊ မေတ္တာဟိတ်နှင့်၊ စိတ်မှာဓိဋ္ဌာန်ရာက၊ မေ့ကိုသာခန္ဓာဖြတ်၊ ရန်သူမှတ်ကျင်၊ ချစ်ငယ့်လင်က၊ သတ်ပင်ယခု သတ်လည်း၊ သက်ဆုံးပြတ်သေပါစေ၊ လင်မင်းလှအား၊ ဒေါသ-ဟူသည်၊ ဆံမြူချမ်းမျှ၊ မသန်းမရစ်ပေတည်း၊ ယခုဝယ် မာဂန္ဒီ၊ ဒေါသမျက်ငြို၊ ပျက်စေလို၍၊ မေ့ကိုမသံထိဘဲ၊ အလီလီအခါခါ၊ စည်းစိမ်အသက်၊ ထွားထွားညက်၍၊ ပျက်အောင် ကြံဆောင်ပါလည်း မေတ္တာသာစိတ်မှာရှိ၊ ဤသစ္စာလျှင်၊ မှန်ပါကျင်သော်၊ လေးတင်ပစ်တုံဘိလည်း၊ ထိမမှန်ဘေးဒါဏ် များ၊ ဝေးခြားဆယ်လံ၊ ဘေးနှင့်ဒါဏ်တို့၊ ပြန်၍သွားစေသားတည်း၊ ဤစကားမမှန်သော်၊ မြှားစူးတောင့်ရာ၊ မေ့ရင်မှာ လျှင်၊ ဝင်ကာဖောက်ရှိုပါဟု၊ ဓိဋ္ဌာန်ကာထားသောခါ၊ မိဖုရားအဇ္ဈိ၊ မာဂန္ဒီက၊ ဤသည်ယခုခါ၌၊ စီမံကာငါကြံစည်၊ ရန်သူမ-သတ်၊ မြှားလက်နက်နှင့်၊ ဥဒိန်ရာဇာ၊ မိသာမာကို၊ ဦးစွာထားပြီးမှလျှင်၊ ရင်ဝကိုစေ့စေ့ကြည့်၊ မြှားတော်စကျဲ၊ ရိန္ဒမာနှင့်၊ ချိန်ကာမောင်းတင်တဲ့လည်း။ မြူတင္ဝေ့မိသာမာ၊ ဒေါသဟူသည်၊ ဆံမြူခြမ်းမျှ၊ မသန်မစွမ်းပါဘဲ၊ ချစ်မေတ္တာ ချုံကာထား၊ မြှားကိုဖြုတ်လျှင်၊ မပြုတ်ကျင်၍၊ အားတင်လွှတ်လေငြားက၊ သရမြှားမင်းသားရင်ညို့က လွတ်ပြန်၊ တဘန် လှည့်လို့၊ ပြန်၍လာလေကျင်က၊ ဩော်အရှင်မိခင်ဘ၊ မြှားစူးရင်တွင်၊ ဝင်မည်ပျင်သည်၊ ကျွန်လျှင်မသေရဟု၊ မိသာမ အလှထံ၊ ခ-ယည္ဟတ်ပျောင်း၊ ချမ်းသာကြောင်းကို၊ ခွင့်တောင်းသည်းညည်းခံဟု၊ အတောင်းပံခံပြီးမှ။ ။ဥဒိန်ရာဇာ၊ ဘေးကျမ်းကွာ၍၊ လန်းစွာချမ်းသာရလေ။

၄၄။ ။ချမ်းသာရငြား၊ ဤစကား၌၊ ပြောဆိုရန်၊ ဘတ်ရွတ်သံနာခံငြား၊ ကြီးငယ်မဟူ၊ ရွှေပြည်သူသည်၊ ရှင်လူခပ်သိမ်းများတို့၊ မြတ်ဘုရားတရားတော်၊ မေတ္တာအရုံ၊ စိတ်မှာယုံ၍၊ လွှမ်းချုံထားခြင်းရာကြောင့်၊ မိသာမာငါးရာစ၊ မြှားဘေးဒါဏ်ကွာ၊ သက်ခန္ဓာလျှင်၊ ကျန်းမာချမ်းသာကြ၏။ မိသာမာ-ထုံးနည်းပုံ၊ ဘတ်ပါထုံငြား၊ ကြားနားသားတို့၊ အများစိတ်မှာယုံလော၊ မေတ္တာဟုံအာနုဘော်၊ ထိုအာရုဏ်ကို၊ ရမည်ဆိုသော် လူကိုမဆိုပါနှင့်၊ကေသရာခြသေ့်စစ်၊ ဒုဂတိပဋိသန်၊ အဟတ်ဥာဏ်နှင့်၊ တိရစ္ဆာန်အမှန်ဖြစ်လည်း၊ သားချစ်ကိုမေတ္တာဝင်၊ ဤသည်ရတု၊ ဘတ်ရွတ်ပြုသည်။ ဝတ္ထုပုံအသွင်သို့ ဘခင်ကိုလေးတင်သတ်၊ ညို့ကိုဆွဲငင်၊ လွှတ်ထုံကျင်လည်း၊ လက်တွင်မြှားမလွှတ်တည်း။ ဤနိပါတ်ဝတ္ထုလို၊ မေတ္တာရင်းခံ၊ ချမ်းသာဟံကို၊ ကျမ်းဂန်များစွာဆို၏။ ပေါင်းထိုထိုဘက်နာသူ၊ မိမိစိတ်မှာ၊ ချစ်မေတ္တာကို၊ နည်းနာအတုယူ လော၊ ယခုမူထိုကာလ၊ သက်လွတ်ချမ်းသာ၊ ဘေးဘျမ်းကွာသော်၊ ရာဇာဥဒိန္နလျှင်၊ စိတ်တော်က-မတ်ကြံစည်၊ သက်မရှိ ငြား၊ ပြလုပ်ထားသည်၊ လေးမြှားဖြစ်တုံပေလျက်၊ လွန်ကြီးကျယ်၊ မြတ်ဂုဏ်အင်၊ ကျင့်ဇာဂီတ၊ သင့်ညီမျှသည်၊ သာမ- သီလရှင်အား သိမြင်တော်မူသေးသည်၊ ရာဇာသနင်း၊ အာဏာချင်းသည်၊ မင်းဟုငါဖြစ်ပေလျက်၊ လွန်ကြီးကျယ်အာနု ဘော်၊ တောင်ညာနန်းမ၊ ကျင့်ညီမျှသည်၊ သီလဘာဝဏာနှင့်၊ သတ္တဝါယုတ်အမြက်၊ မြှားစူးလျှောက်ပင်၊ ထွက်ဆင်ခြင် သော်၊ ငါလျှင်မသိတတ်ဟု၊ ယောကျ်ားမြတ်ဖြစ်တုံပါ။ ဤသည်အတွက် ဤအချက်မှာ၊ ရှက်ကြောက်စရာသာတည်း။ ငါရာဇာမျာစွာမှား၊ မြှားပစ်သတ်ပြန်၊ သူ၏ထံမှာ၊ ဇက်ကျူးလွန်ပြားဟု၊ မိဖုရားသာမာ-ထံ၊ သီလအကျိုး၊ ကြီးတန်ခိုးကို၊ ဝတ်ရှိုးညွတ်ထွား၍၊ တောင်းပန်ခါ၊ သာမတွင်ခေါ်၊ ညာနန်းပျော်သည်၊ နှမတော်သည်းခံပါဟု၊ ဆိုလေသော်-သည် ကာလ၊ စိတ်မှာကြည်ညို၊ မေတ္တာပိုလျက်ထိုသည်နေ့က စ၍၊ ရှေ့ကထက်စိတ်အာရုဏ်၊ နေ့နေ့တိုင်းတိုး၊ ဆယ်တပိုးဖြင့်၊ မြတ်နိုးချစ်တော်မူ၍၊ နန်းလုံးလူ-သူတို့သက်ရှည်သရွေ့၊ ထိုသည်နေ့က၊ ဘေးမေ့ပေးပြီးခါမှာ၊ များစွာသည်ဆုတော်ချ၊ ၊ရှေးက-ထက်တိုး၊ ဂုဏ်မည်ိုးသည်၊ အကျိုးကျန်သီလ-လေ၊

၄၅။ ။အဋ္ဌင်္ဂီက၊ ကျင့်သီလနှင့်၊ ညီမျှကာ၊ လင်မင်းကျော်ဥဒိန္န မိန့်ဟတော်မူ၊ ယည်နန်းသူတို့၊ အလှူဖြူဒါနနှင့်၊ မြတ်ဓမ္မဒေသနာ၊ ပြသဟောပြော၊ ပုဂ္ဂိုလ်များနှင့်၊ တရားနေ့စည်နာ၍၊ ချမ်းသာစွာညာမဟော၊ လှလှပပ၊ ဟံယူယနှင့်၊ စံကြပျော်ကြလေလော၊ ဤခါသည်-ဤနေ့က၊ အသက်ခန္ဓာ၊ ငါရာဇာလျှင်၊ ရှည်ကြာနိုင်သမျှ၌၊ မြတ်ဗုဒ္ဓဘဂဝါဆည်းကပ်ဝတ်လျှောင်း၊ ညွတ်ခညောင်းသည်၊ ပုန်းအောင်းလဲလျှောင်းရာဟု၊ ရတနာမြတ်သုံးပါး၊ လှူဒါန်းပူဇော်၊ ကိုးကွယ်ရာလျှင် မြဲစွာနှလုံးထားအံ့၊ သို့ကြောင်းလျှားဆိုသောခါ၊ သာမဝဒီ၊ မဟေသီဟု၊ ဒေဝီတောင်နန်းညာက၊ မြတ်မောင်တော်အိုဘုရား၊ တရားဓမ္မာ၊ ဟောအံ့ငှာလျှင်၊ သဃ်ာတော်တပါးအား၊ ပင့်ဖိတ်ငြားအခါခါ၊ စံပျော်နေမြဲ၊ နန်းတော်ထဲမှာ၊ မြတ်လေးရိုသေစွာဖြင့်၊ ကြားနာတော်မူသိုရေး၊ လျှောက်ပတ်သင့်လျှော်ချင့်ကာမျှော်လို့၊ အခွင့်တော်မြတ်ပေးဟု၊ သံချိုအေးဆိုသောခါ၊ သာမဝဒီ၊ လှဆင်းညီအား၊ ဥဒိန်မင်းရာဇာက၊ နှမတော်ချင်သမျှလှူဒါန်းပူဇော်၊ ပင့်ဖိတ်ကာဖြင့်၊ ကြားနာလေပါကြဟု၊ မိန့်အာစ-ရသောခါ၊ ဓမ္မထိက၊ ပြုလုပ်ရသည်၊ ခုဇုတ္တရာက၊ ကျောင်းတော်မှာသွားပြီးခါ၊ ဘဂဝါထွတ်ထား၊ မြတ်ဘုရားအား၊ ညွတ်ထွားတောင်းလေပါက၊ အာနန္ဒာညီတော်အား၊ တရားဒေသနာ၊ သဃ်ဂြိုဟ်ငှာလျှင်၊ ခွင့်တော်ပေးသနား၍၊ ကြွချီသွားနန်းတော်မှာ၊ နှလုံးကိုယ်နှုပ် ထိန်းစောင့်ချုပ်သည်၊ ဥပုသ်နေ့တိုင်းခါ၌၊ အာနန္ဒာညီတော်သည်၊ နန်းတော်သူများ၊ ငါးရာအားကို၊ တရာသဃ်ဂြိုဟ်လေက၊ လှမဟေ-မေတောင်ညာ၊ ပူဇော်ချီးမြှင့်၊ ဘုံနန်းမြင့်၌၊ အသင့်စီမံကာဖြင့်၊ စုံငါးရာပိုးသင်္ကန်း၊ တယောက်တစုံ၊ ယည်နန်းသူတို့၊ ကြည်ဖြူကပ်လှူဒါန်း၏။ လဆုတ်ဆန်းပြည့်ကွယ်ရာ၊ ရှစ်အင်္ဂါ မြတ်သီလကို၊ ပက္ခနှစ်ကွာဟု၊ တလမှာလေးသီတင်း၊ ဆိုခဲတုံမြို့၊ သင်္ကန်းတို့ကို၊ ဤသို့လှူဒါန်းခြင်းဖြင့်၊ သီတင်းဘာဝဏာမကွာငြား၊ သီလစင်ဖြူ စိတ်ချင်းတူသည်၊ နန်းသူငါးရာများတို့၊ တရားမြတ်အာနိသင်၊ မျက်မြင်ဒိဋ္ဌခံစားရ၍၊ စိတ်ကလွန်ကြည်လင်လျက်၊ ရွှေထက်ပင်သာတော်မူ၊ မိဖုရားသာမာ၊ နန်းတော်သာ၌၊ ငါးရာယည်နန်းသူတို့၊ အလှူတော်လစ်မကင်း၊ မယိုမယုတ်၊ စိတ်ကိုယ်နှုပ်ကို၊ ထိမ်းချုပ်စောင့်စည်းခြင်းဖြင့်၊ သီတင်းတော်မြဲမကွာ၊ ရေကြာတမျှ၊ ရွှေပေါ်မြသို့၊ နေ့ညစံစားပျော်သည်။ ။ မင်္ဂလာကောင်းကျိုးတိုးပွားတည်းလေ၊

## (၁၉) မိဖုရားရံငါးရာနှင့်၊ သာမဝဒီစံမြန်းသော တောင်ညာနန်းရတနာသိင်္ဂီကို၊ မာဂန္ဒီ မီးမြိုက်ခန်း၊

၄၆။ ။မင်္ဂလာကောင်းကျိုး၊ တိုးထက်တိုး၍၊ ပြည့်ဖြိုးစုံ၊ ရွှေနန်းဘုံဆောင်မြင့်လယ်၊ ခြွေရံငါးရာ၊ မေတောင်ညာတို့၊ စံပျော်ငြိမ်းချမ်းနေက၊ စောဘုန်းကြွယ်ဥဒိန်မင်း၊ သုံးပါးရတနာ၊ ရိုသေစွာဖြင့်၊ ကြည်သာနှလုံးသွင်း၍၊ မင်းမြတ်တို့ ကျင့်အပ်ရာ၊ ဓမ္မဆယ်ပါး၊ သည်တရားနှင့်၊ မမှားမှန်ကန်စွာဖြင့်၊ ကြင်ရာတော်မိဖုရား၊ နန်းသုံးဆောင်ဆောက်၊ ဘုန်းရောင်တောက်၍၊ သုံးယောက်ဆွေမျောက်သားနှင့်၊ မျှုမတ်များပတ်ရံကာ၊ စည်းစိမ်တော်ခံ၊ ပျော်ပါးစံသော်၊ အတန်မြင့်ရှည်ကြာက၊ တရံရော်ခါတပါး၊ ဝါသုလဘတ္တာ၊ ကြင်ရာတော်ဟု၊ မြောက်ညာမိဖုရားနှင့်၊ မြင်းရထားစီးငြားထွယ်ဗိုလ်ခြေဝန်းရံ ပန်းဥယျာဉ်သို့၊ ထွက်စံပျော်စမွါယ်၍၊ မြင့်တာရှည်နေလေခစ်၊ ရိက်မှားကြံစည် မသံထီသည်၊ မာဂန္ဒီမိန်းမမိုက်က၊ ကုန်းချောတိုက်အဘန်ဘန်၊ သူကြံသမျှ၊ ပမာပြသော်၊ သဲရေကျအဟံတည်း၊ ညာနန်းစံမဟေသီ သီလသိတင်း၊ ဆောက်တည်ခြင်းသည် မကင်းကျင့်ဇာဂီနှင့်၊ ပါရမီတိုးကဲပွား၊ ကုသလပေါင်းစု၊ အကြောင်းပြုသည်၊ ကောင်းမှုအကျိုးများကြောင့်၊ ညိုးငြားကာမညစ်နွမ်း၊ သိမ်ဂုဏ်တင့်တယ်၊ ကြက်သရေလျှင်၊ တက်နေလပြည့်ဝန်းသို့၊ တောက်ထွန်းသည်မြင်လေလျှင်၊ ဒေါသမျက်ငြို၊ အလိုလိုသည်၊ ဝံတိုစိတ်မာန်ဝင်လျက်၊ မရှုချင်မမြင်ချိ၊ အဘိဇ္ဈာက၊ ဗျာပါဒနှင့်၊ မိစ္ဆေယယုတ်မာစိတ်ဖြင့်၊ မနေဆိတ်မနေသာ၊ အကောက်အလိမ်၊ အကြိမ်ကြိမ်ဖြင့်၊ ဥဒိန်လင်မင်းကျော်အား၊ တင်ပါသော်ချွာကာလွဲ၊ ဥပမာပုံ အကြံကုန်သော်၊ ကဋ္ဌုန်ဆားချက်နည်းသို့၊ မှန်မလွဲယခုတွင် ရွှေနန်းစံလျှင်၊ ပြန်လာမြောက်၍၊ မရောက်တုံလှာခင်၌၊ ငါ့စိတ်တွင်ချင်သမျှ၊ ယနေ့အခါ၊ မတွေ့လှာအောင်၊ ခုဇ္ဇာမိသာမအား၊ ခုတ်စပြီးလှီးစဖြတ်၊ မကြွင်းမှန်စွာ၊ သင်းခန္ဓာလျှင်၊ နန်းပါအလုံးကျွတ်အောင်၊ လက်စသတ်ကြံတော့မည်၊ ဝမ်းမှတ်စိတ်ထဲ၊ လုဘထွေးအား၊ စာပေးခေါ်တုံလေ၍၊ ရောက်လှါသည်ထိုကာလ မာဂန္ဒီဟု၊ သံထီးပုပ်သည်၊ အယုတ်အနတ္တက၊ သုဘကိုခုတကယ်၊ ။သူကြံသည်တိုင်း၊ နေမဆိုင်းအောင်၊ စေခိုင်းလွှတ်လိုက်လေ၏လေ။

၄၇။ ။ဆိုင်းမနေမှု၊ ခိုင်းစေပြုလို့၊ ခုသွားလေ၊ သာမပျော်စံ၊ နန်းဝေယျာန်ကို၊ မီးလျှံတိုက်ပါချေလော၊ သူ့ထံနေရံရွှယ်များ၊ ဆီးတားဟန့်ကြ၊ မတိုက်ရသော်၊ ဘထွေး၍သို့ပြောလော၊ ရှင်မင်းဖျားမိန့်တော်ထွယ်၊ နင်တို့စံမြန်း၊ ရွှေဘုံနန်းကို၊ ကျွမ်းအောင်မီးတိုက်လေဟု၊ ခိုင်းလွှတ်စေငါလာငြား၊ အရေးယူလို့၊ ဟန့်သူတို့ကို၊ ဤသို့ဆိုကာပြော၍၊ တံခါးကိုပိတ်ထားထွယ် နန်းဝေယျာန်ကို၊ ဆီသွန်ပြီးလျှင် မီးနှင့်တိုက်ပါချေဟု၊ ခိုင်းလွှတ်စေတုံသောခါ၊ အလွန်မိုက်မှား၊ ဘ-ပုဏ္ဏားလည်း၊ သျှင်လျှားသွားလေပါ၍၊ နန်းတော်မှာ၊ မုတ်တံခါး၊ အပေါက်တိုင်းလုံ၊ အလုံးစုံကို၊ အကုန်ပိတ်ကာထားလို့၊ ပုဏ္ဏားဆို-ထိုငရိုက်၊ စံမြန်းနေလို့၊ နန်းသည်တို့မှာ၊ ပုဆိုးပတ်ကာရစ်လျက်၊ ဆီးမှာနှိုက်လောင်းကာသွန်။ ပယောဂုတ်၊ ပုဏ္ဏယုတ်မှာ၊ ပြုလုပ်သူစီမံက ခြွေအရံအချို့မှာ၊ ပဇာကိစ္စ။ ရှိတုံလှလို့၊ ပုဏ္ဏပြုလုပ်ပါဟု၊ မေးလေသော် ထိုကာလ၊ ဘုရင်ဘုန်းလျှံ၊ ဤနန်းရံကို၊ မီးလျှံတိုက်လေတော့ဟု၊ အာဏာချလာရပါ၊ထိုသို့စကား၊ ပျိုတော်များကို၊ ဆိုပြောသောအခါ ၌၊ မဘွယ်မရာဤပုဏ္ဏား၊ အလျှင်အမြန်၊ သင်တဘန်လျှင်၊ ပြန်ကာခု-မသွားလား၊ ပျိုတော်များဆဲဆိုကာ၊ ပုဏ္ဏားမသွား၊ ထိုစကားကို၊ မိဖုရားကြားသောခါ၌၊ မင်းအာဏာမှန်ချေက၊ ဘယ်ဝါဘယ်သို့၊ ဆဲဆိုလို့လျှင်၊ သင်တို့မတားကြနှင့်၊ ဤပုဏ္ဏပြုပါစေ၊ ငါတို့အလုံး၊ သူတော်ထုံးကို၊ စောင့်သုံးကျင့်ဆောက်တည်၍ ယခုဝယ်အခါ၌၊ လူမိုက်နှင့်မူ၊ အတူတူလျှင်၊ ရန်သူရန်ဘက်ဖြစ်လျက်၊ သတ်ရိုက်မာန်ပါဆိုကာဆဲ၊ သည်းညည်းမခံ၊ လူဆိုးဟံသို့၊ အံတုဘက်ပြိုင်ခဲက၊ ခွေးမိုက်ကိုသတ်ရိုက်သူ သတ်သူလည်း-ခွေး၊ ခွေးလည်း-ခွေးကော၊ ထုံးနည်းပုံအတူသို့၊ အကြင်လူသူမိုက်ကို၊ ရန်တုံ့ရန်ဆက်၊ ရန်အမျက်ဖြင့်၊ ရန်ဘက်ပြုကာဆိုက၊ ရန်လိုလျှင် ရန်ပိုသည်၊ ရန်တုမျက်ငြိုး ရန်စပိုအောင်၊ မလိုအပ်တုံပေတည်း။ ယခုဝယ် ငါတို့မုံ၊ ရန်သူလက်ထဲ၊ သေတုံခဲလည်း၊ ငရဲအပါယ်ဘုံသို့၊ ရေစုံကိုတို့မသွား။ ။ ပယောဂဟုံ၊ လောဘကုန်၍ ဝိတ်တုံပါယ်တခါးလေ။

၄၈။ ။အပါယ်တံခါး၊ ပိတ်တုံငြားသည့်၊ သောတပန်၊ ဖြစ်လေပြန်မှန်မုချ၊ ယခုမျက်မှောက်၊ သေသည်လှောက်ကို၊ မကြောက်မလန့်ကြနှင့်၊ ပုဏ္ဏသွတ်မသည်တုံ၊ ရွှေဘုံနန်းထဲ စံပျော်မြဲလည်း၊ အရေးအခွင့်ကြုံက၊ ယခုမုံလွတ်တုံခဲ၊ တဘဝမှာ၊ သတ္တဝါတို့၊ တခါသေစမြဲကို၊ အချည်းနည်းသေခြင်းသည်၊ ဤခန္ဓာဆိုး၊ ဆံမြွာကျိုးမျှ၊ အကျိုးမရှိချေတည်း၊ ယခုဝယ်မှန်တကယ်၊ ရန်သူလက်ထဲ၊ သေတုံခဲသော်၊ ရောင့်ရဲသူတို့ဖြေလိမ့်၊ သေပါစေငါတို့မုံ၊ ဤနာမ်ရုပ်သည်၊ ပျောက်ကာကွယ်သော်၊ ရောက်မည်ထက်နတ်ဘုံသို့ ယခုတုံစိတ်လက်ချ၊ မီးတိုက်ပေ၍၊ သေမည်လှောက်ကို၊ မကြောက်မလန့်ကြနှင့်၊ ပုဏ္ဏားအားမတားပြန်၊ မျက်မာန်ကိုညွှန်၊ မတိုးတွန့်ဘဲ၊ စွန့်လို့သင်တို့ခံဟု၊ ညာနန်းစံတွယ်၊ အဝိဇ္ဇာအား၊ ပညာထိမ်း၍၊ တိမ်းတိမ်းမောမောနေက၊ ထိုခါသည်၊ ပုဏ္ဏမိုက်၊ ဆီမှာနှိုက်တွယ်၊ ပုဆို့ထည်ကို၊ နန်းသယ်တိုင်းမှာရစ်၍၊ မီးတိုက်သော်၊ လောင်ကာတက်၊ နန်းသူငါးရာ၊ မိသာမာတို့၊ ပါသည်ရှေ့ဝိပါက်ကြောင့်၊ ဗရဗွက်ကျွတ်ကျွတ်ညံ၊ မီးလျှံအရောင်ညီးပြောင်ပြောင်နှင့်၊ တောင်တိုက်တလားဟံသို့၊ ကြွင်းမကျန်နန်းရွှေဘုံ၊ တောင်ညာစိုးငြား၊ ချီးမြှောက်ထားသည်၊ မိဖုရားငါးရာစုံတို့၊ ကျွမ်းပြာပုံကုန်လေပြန်၊ အရောင်ညီးညီး၊ ပြောင်ပြောင်ပြီးသည်၊ မီးတောက်မီးလျှံကို၊ မြင်တုံပြန်ဉယျာန်က၊ မင်းဇောဉဒိန်။ သတိုးစိန်မှာ၊ စိုးရိမ်ကြီးမောက်လှ၍၊ စိတ်သောကမကင်းပါ၊ ရထားဆင်မြင်း၊ ဗိုလ်သင်းပင်းနှင့်၊ အပြင်းချီလာက၊ ရတနာနန်းရွှေဘုံ၊ ကုန်ကာကြွင်းမေ၊ စမ်းမတွေ့အောင်၊ ကျွမ်း၍မီးမှာကုန်လို့၊ ပြာပုံကိုတွေ့မြင်ခါ၊ စိတ်တော်ဆိုးလစ်၊ မင်းပင်ဖြစ်လည်း၊ ဝမ်း၌ရင်ဆာဆာနှင့်၊ နန်းတောင်ညာမိဖုရား၊ လှပဆင်းဝါနတ်ကညာသို့၊ ငါးရာမောင်းမများနှင့်၊ ခုနှစ်ပါးမယားမှာ၊ ကျေးဇူးကြီးဘိ၊ ဂုဏ်ထူးရှိသည်၊ မွေးမိပုံပမာသို့၊ မိသာမာမိဖုရား၊ သုံးယောက်လုံးတွင်၊ အကြီးတင်ကော၊ ငါလျှင်မြတ်နိုးငြားလျက်၊ အားကိုးအားထားပြုစရာ၊ ဣတ္ထိယခေါ်၊ မိန်းမသော်လည်း၊ ပညာရှိလက္ခဏာနှင့်၊ တိုင်ပင်ဘော်တိုင်ပင်ဘက်၊ ကျမ်းစာအရ၊ တော်လေးဝလျှင်၊ ပြည့်ခသည်အတွက်ကြောင့်၊ ကွက်ခြား၍မသွင်းသော၊ ရှိရှိသမျှ၊ ဣတ္ထိယတွင်၊ မိန်းမရတနာတည်း၊ လွန်တရာလိမ္မာလှ။ ။ ရွှေပြည်ဦးပိုင်၊ ထီးနန်းစိုင်လျှင်၊ မူးမှိုင်အားပါးကျလေ။

ဏ္ဍာဏ္ဍာဏ္ဍာ

## (၂၀) လင်မင်ဖျားဉဒိန်သည်၊ မာဂန္ဒီတီးတိုး၊
## ဆွေမျိုးအလုံး၊ အကုန်
## ပြုံးအောင်၊ သင်းဖုဏ်းစီရင်တော်မူစန်း၊

၄၉။ ။အားကျပါးကျ၊ မယားလှကြောင့်၊ သောကလောင်၊ မင်းဘုန်းခေါင်တဲဝမ်းတွင်၊ တစေ့စေ့တွေး၊

မြွေမြွေဆွေး၍၊ မအေးပူလောင်လင်လျက်၊ တောင်ညာရှင်ငယ်ကြင်ပေါင်း၊ သီလစင်ဖြူ ကျင့်အယူနှင့်၊ နန်းသူမိန်းမကောင်း၏အလောင်းကိုတချက်ပင်။ မမြင်လိုက်ရ၊ ညာနှမမှာ၊ ဘဝဆုံးရကျင်ဟု၊ ငယ်ပေါင်းလင်ဥဒိန္န။ ရဒက်မပြေ၊ ညာနှမမှာ၊ ဘဝဆုံးရကျင်ဟု၊ ငယ်ပေါင်းလင်ဥဒိန္ဒ ရဒက်မပြေ၊ တွက်တုံလေသော်။ မျက်ရည်စီးယိုကျ၍။ သောကမီးညီးမပြေ၊ မငြိမ်းပါနိုင်၊ ယိမ်းကာယိုင်လို့၊ မိမှိုင်လွန်တွေဝေလျက်၊ စိတ်ကြံစည်တွက်ဆင်ခြင်၊ ညာနန်းဆောင်၏၊ မီးလောင်ရေးကို၊ စစ်ဆေးတုံကျင်က၊ ကုန်အစင်သိနိုင်ရန်၊ မီးမြိုက်သူအား၊ မိုက်လူများကို၊ ထင်ရှားနိုင်ခဲပြန်လိမ့်၊ မျက်မန်ကိုသိန်းချုပ်၊ မပူဘန်၊ နှိုက်သက်ဟံလျှင်၊ အကြံငါကလုပ်မှ မှန်အဟုတ်ခုတကယ်မငြင်းသာဘိ၊ ခြင်းဇာတိကို၊ ငါသိနိုင်တော့မည်ဟု၊ စိတ်ကြံစည်ပြုတော်မူ၊ မိဖုရားမိုက်၊ စံနန်းစစ်ကို၊ မီးမြိုက်တိုက်သောသူအား၊ ရွှေထီးဖြူဆောင်းရန်ထိုက်၊ အဘယ်ကြောင့်မူ၊ ငါမင်းဖြူမှာ၊ ရန်သူမယားစစ်က၊ မိန်းမမိုက်ဝဂ်ီဥာဏ်၊ ငယ်လင်ငယ်ပေါင်း၊ ဖြစ်တုံရှောင်းလည်း၊ သေကြောင်းငါ့ကိုကြံသည်၊ အတန်တန်ရှိတုံကျင်၊ ရာဇဝတ်ဘေး၊ သတ်စေရေးဖြင့်၊ ငါပေးသုတ်သင်ခြင်းလည်း၊ သုဘခင်ယောသက။ ရာဇဝတ်တို့ဘေး၊ ကင်းလွတ်ရေးနှင့်၊ ညှည့်ဆဲမပြုရဟု၊ အစကအာမခံ၊ ဂတိတဝ၊ သုအဘနှင့်၊ ငါကရှိတုံပြန်၍၊ အပြစ်ဒါဏ်ပေးရန်ခက်၊ ယခုခါလျှင်၊ ရန်ငုတ်စင်အောင်၊ သုတ်သင်ပြုသည်ချက်၌၊ ငါ့အတွက်ကျေးဇူးတင်၊ မီးတိုက်သောသူ၊ ထိုသည်လူကို၊ ငါမူဆတ်ပါချင်ဟု၊ သို့ဆိုကျင်ပရိယာယ်၊ မာဂန္ဒီစစ်၊ မိန်းမမိုက်မှာ၊ မီးတိုက်ကျွန်မ-စေ၍၊ ဘထွေးသည်တိုက်တုံကျင်၊ အရှင်ရန်ငုတ်၊ မိန်းမ-ယုတ်ကို၊ ပယ်ဖြုတ်မေသုတ်သင်၏၊ သုဘခင်ပုဏ္ဏာမှာ ခရို့ခရမ်း၊ ရယ်ရွှင်လန်း၍၊ ဝမ်းပမ်းခတ်သာသာနှင့်၊ ကျွန်တော်ပင်ကိုယ်တိုင်သည်။ ။ နန်းမှာသွားလိုက်၊ မီးဖြင့်တိုက်လို့။ လောင်ချစ်ကျွမ်းတောက်လေသည်။

၅၀။ ။ကျွန်လျှင်တိုက်သည်၊ မှန်ပေထုငြား၊ ထိုစကားကို၊ ဆိုပြောရာ၊ ကျားခေါင်းမှာသန်းရှာသွင်၊ ထောင်ကာထားခြင်၊ ခုတ်သံကွင်းမှာ၊ လိုင်ဘမ်းစွပ်ကာဝင်သို့၊ မဆင်ခြင်မစည်းစား၊ ရာဇပရိယာယ်၊ ကြံလှည့်ဆယ်၍၊ ပြောသည်ထိုစကားကို၊ ပုဏ္ဏားမိုက်ကြားလေလျှင်၊ အကြံလည်းထုတ်၊ ဉာဏ်ဝေဝုစ်ကို၊ အဟုတ်အမှန်ထင်၍၊ ဆုတော်ပင်ရချင်ငြား၊ မီးပူတိုက်ကျင်၊ သူမိုက်အင်ကို၊ သူလျှင်ဘော်ပြောက၊ ရှင်မင်းဖျားကြားသောခါ၊ သို့မီးဘခင်၊ ယခုတွင်ဝယ်၊ သင်တို့နှစ်ယောက်မှာ၌၊ ညာတကာရိုးအနွယ်၊ မိမျိုးဘမျိုး၊ နွေရိုးဆင်းသက်၊ ခုနစ်ဆက်က၊ စစ်လျက်ခေါ်တုံချေလော၊ ရှိတုံပေလေသမျှ၊ ထိုက်ရာလျော်ရာ၊ ချင့်မျှော်ကာဖြင့်၊ ဆုတော်လာဘ်တော်ချအံ့၊ ဥဒိန္နဆိုသောခါ၊ မာဂန္ဒီ၊ သုအဘနှင့်၊ အားရရွှင်ဝမ်းသာ၍၊ ကျော်အညာခေါ်ပါက၊ တချို့သူလျှင်၊ လာပြီးကျင်မှ၊ ကျွန့်တွင်ချစ်နှမတည်း။ တချို့က-တူမတော်၊ တချို့ဦးရီးမိမောင်ကြီးနှင့်၊ မရီးကျွန်ုပ်မှာတည်း။ တချို့သော်-ငယ်ရောက်မ၊ တချို့တို့ဝယ်နှမငယ်ကေ၊ အယွေအရီးစသား၊ ဘိုးဘီးက-မြီးမြစ်ငယ်၊ ဦးရီးဘကြီး၊ အသီးသီးနှင့်၊ သို့မီးတော်ပါသည်ဟု၊ မျိုးအဆွေခံကြလှာ၊ သုအဘနှင့်၊ ကျွန့်အဘသည်၊ ညီနှ-အစ်ကိုပါတည်း။ ညာတကာမျိုးအဆွေ၊ တော်သူကသျှား၊ မတော်များလျက်၊ ဝေးခြားရပ်ရွာနယ်က၊ ပမာသည်ပုံလျှင်ဆောင်၊ သေချိန်နီးငြား၊ ကျားကိုက်နွားမှာ၊ တောနားရစ်ကာယောင်သို့၊ မီးလောင်ရုံကံလျှင်ထိုက်၊ အကြောင်းတခုမကောင်းမှုလျှင်၊ ပြုသည်ဒုစရိုက်ကြောင့်၊ လူငမိုက်အချို့သူ၊ လူယုတ်လူဆိုး၊ လူမရိုးကေ၊ သူခိုးဘိန်းဘင်းရှုတို့၊ တချို့မူဝမ်းပူကျစ်၊ ရွက်ပျက်ရွက်ဆိုး၊ အမျိုးမျိုးသည်၊ ပိုးထိုးလောက်ကိုက်တို့၊ လုခတ်တိုက်ယစ်မူးပျော်၊ တခါရုံထူးမမြင်ဘူးသည်၊ ဝေးကျူးရပ်များစွာက၊ ရောက်ကြလှာထသောသော၊ ဆွေမျိုးခံသူ၊ ဖွေးဖွေးဖြူမျှ၊ ထိုလူခပ်သိမ်းများကို၊ ရှင်မင်းဖျားမိန့်အာဏာ၊ ငါ့ထံမပြတ်၊ ရာဇဝတ်နှင့်၊ သူသတ်ဘရဝါတို့၊ ခွေးထက်သာ-တပ္ပာမိုက်၊ မိဖုရားအလဇ္ဇီ၊ မာဂန္ဒီဟု၊ သံထိမျိုးညစ်ကို၊ အမြစ်ပါချန်မထား၊ လူသူကျိုးမဲ့၊ ဆိုးတုံခဲ့၍၊ မျိုးစေ့မကျန်ငြားအောင်၊ ဆုတော်များချလိုက်မည်၊ ၊အမိန့်တော်ထွက်အာဏာစက်ကို၊ ထိပ်ထက်ရွက်ကြလေ၊

၅၁။ ။ထိပ်ထက်ရွက်လေ၊ ဆိုပေတုံပေပြီး ထိုမင်းကြီး၏၊ မိန့်အာဏာ၊ မာဂန္ဒီမိန်းမ-ယုတ်၊ မိဘမျိုးဆွီ၊ တကွရီကို၊ အညီဘမ်းဆီးချုပ်၍၊ ချိုင်နှောင်ထက်မြို့ပြင်မှာ၊ မသေမရှင်၊ ခုမျက်မြင်ပင်၊ ငင်၍ထုတ်ပြီးခါမှ၊ မြေပြင်မှာမြှုပ်ပြီးထွယ်၊ ငုတ်တုတ်ထားပြီး၊ ရှားမီးကြီးကို၊ ဆုံးပီတုံကြလေဟု၊ အာဏာသည် မိန့်တော်မှတ်၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်ကို၊ တချက်တည်းသာလွှတ်၍၊ ဆုံးဖြတ်တော်မူသောခါ၊ မာဂန္ဒီမ၊ မျိုးဆွေ စသည်၊ ကိုယ်မှသက်လိပ်ပြာလျှင်၊ လွင့်စိုင်ကွာထွက်ခွါပြေး၊ သေဘေးနှင့်ကြုံ၊ အရေးဆုံး၍၊ လုပ်တုံအူအသည်းနှင့်၊ ဟိုက်ကြွေးကျော်တသောင်းသောင်း၊ ယိုကျမျက်ရည်၊ ငိုကြပေကေ၊ မျိုးဆွေခံသူပေါင်းတို့၊ အလောင်စစ်ဖြစ်မသာ၊ မျိုးမတော်ဘဲ၊ လိုက်လာခဲ၍၊ ငိုကြွေးကြခြင်းရာက၊ ကျွန်တို့မှာမျိုးမဟုတ်၊ ကြမ္မာယွင်းယို၊ အလိုလိုပင်၊ ဆိုကာအမျိုးလုပ်၍၊ ကျွန်ုပ်တို့ဆုမလို၊ မျိုးဆွေမစပ်၊ တခြားရပ်

က၊ ပြန်လွှတ်ပါဟုဆို၏။ အလိုလိုခံသည်သာ၊ သေမင်းရွာကို၊ ရှာကာစစ်၍၊ လိုက်ကာငါတို့လားသို့၊ ဆွေမတော်မျိုးမစစ်၊ ဂရုန်းဂရင်း၊ အချင်းချင်းလျှင်၊ ရုန်းရင်းငြားခုံလတ်က၊ ထောင်မှုူးထောင်ကွတ် ဘရဝါချိုင်နှောင်မြဲကြတ်၊ ပြေးမလွတ်အောင်၊ ဆဲသတ်ထောင်းထုကာဖြင့်၊ ကြိမ်ဒဏ်ရာအထပ်ထပ်၊ သညာတွင်ပြီ၊ မာဂန္ဒီမှာ၊ အရီတထပ်ကျွတ်၍၊ နီတွတ်တွတ်သတ်ပြီးခါ၊ မြို့ပြင်မြို့စွန်၊ ဝင်ထုတ်ပြန်၍၊ သုသာန်သင်းချိုင်းမှာ၌၊ ထွင်းမျှားစွာတူးဘော်လုပ်၊ ခြေလက်ကိုချိုင်၊ မပြေးနိုင်အောင်၊ အလိုင်ထိစီမြှုပ်လျက်၊ ပြုတ်ပြုတ်စီခေါင်းများစွာ၊ မသေမရှင်၊ တန်းကြီးတင်သို့၊ မျက်မြင်ဆင်းရဲစွာဖြင့်၊ ကြွေးငိုကာတသဲသဲ၊ ဦးခေါင်းများမြောက်၊ ခုန်လောက်ဆောက်သို့၊ တယောက်မကျန်ခဲ့ဘဲ၊ တုံအသည်းမစဲပူ၊ ရှေးကမီးတိုက်၊ ဒုစရိုက်ကို၊ ပြုလိုက်ထို့အတူပင်၊ မျိုးခံသူလူအလုံး၊ အပေါ်ကဖြိုး၊ ကြောက်စနိုးလျှင်၊ ကောက်ရိုးနည်းငယ်ဖုံး၍၊ ခေါင်းပုံအောင်ထားပြီးလတ်၊ လက်မရှိမျှား၊ လယ်ထွန်နွားမှာ၊ သံသွားတတ်သည်အပ်နှင့်၊ အစပ်စပ်အဘန်ဘန်၊ ခရမ်းခြင်းသို့၊ ဤနွားတို့နှင့်၊ နင်းလို့တက်ကာထွန်လျက်၊ ကြွင်းမကျန်စုံတယောက်၊ ဟောသူ-အော်သူ၊ ကျွတ်ကျွတ်ဆူကေ၊ ချေးအူချေသေးပေါက်လေ။

ဏ္ဍာဏ္ဍာဏ္ဍာဏ္ဍာ

## (၂၁) ခုဇ္ဇုတ္တရာနှင့် သာမဝတီမိန်းမလှသည် ရှေးဘဝကပြုခဲ့သော-အကုသလများအကြောင်း၊

၅၂။ ။ချေအူချေသည်း၊ သွေးရဲရဲနှင့်၊ ပေါက်ကွဲကာ၊ ကျွေးတိုက်အော်တည်းည်း ပစ္စုပ္ပန်ငရဲ မသေသေးဘဲ၊ မစဲဒုက္ခခံ၍၊ ဟိုက်အော်သံည်မစဲ။ မီးခဲလျှံဝါ၊ တိုက်လိုက်ပါသော်၊ ယာမှာသစ်ငုတ်လဲသို့၊ ဆံနှုတ်မွေးကြွင်းမကျန်၊ မာဂန္ဒီမ၊ ဆွေမျိုးစသည်၊ သေကြလေတုံပြန်က၊ အမိုက်ဉာဏ်အနန္တ၊ မာယာကြံစီ၊ အလီလီဖြင့်၊ မာဂန္ဒီမိန်းမယုတ်မကို၊ ဥဒိန္ဒမိန့်အာဏာ၊ အထူးမြှောက်ချီး၊ ဆုလာဘ်ကြီးဖြင့်၊ ပေါက်သီးပေးခြင်းရာက၊ အရေလွှာခွါကာထား၊ အသားနုစွာ၊ သုခန္ဓာက၊ တပ္ပာလီးယူငြားလို့၊ ဆားလူးငြားမီးမှာကင်၊ မာဂန္ဒီအား၊ သူ့အသားကိုသူစားစေပြီးကျင်မှ၊ မသေခင်ရင်ကိုခွဲ၊ အသားများစွာ၊ ဆီနှင့်ကျွာလျက်၊ ကြီးစာငှက်စာကျွေး၍၊ အူအသည်းခွေးကိုလှူ မသေခင်သေး၊ ရှင်ရဲရဲလျှင်၊ မီးခဲထက်ပင်ပူ၏ သေခါမူ အဝေဖိ၊ ဤထုံးဤပုံ၊ အလုံးစုံကို၊ အကုန်ဆင်ခြင်ညို၍၊ မိမိသာကိုးကွယ်ရာ၊ ဘယ်သူမပြု မိမိမှုကို၊ ငင်လုမရပါတည်း။ ဘတ်ရှုကာ ကြားနာသား၊ အဘိဇ္ဈာနှင့်၊ ဗျာပါဒကို၊ ပဟာနပယ်ကာရှားလော၊ သူတပါး မနာလို၊ ကိုယ်တွင်နတ္တိ၊ ကျိုးမရှိဟု၊ သိကြပါစေဆို၏။ ထိုအခါ မင်းဥဒိန်၊ မာဂန္ဒီမျိုးလုံး၊ စည်းသီကုံးနှင့်၊ သင်းပုဏ်းအကုန်ချီ၍၊ ဥဒ္ဒေနီပြည်သူမ၊ မန္တပစ္စော၊ သိမ်းချောဟု၊ မိဖုရားဝါသုလနှင့်၊ တူတကွဆွေကြင်တော်၊ ပြည်ကောသမ္ဗီ တိုင်း၌ာနီကို၊ ခွန်ဆီအုပ်မိုးကာဖြင့်၊ စိုးစံပျော်မူလေငြား၊ ဤသို့ကုံးသီ၊ ဤဆင်ခြီတွင်၊ ဤသည်ဤစကား၌၊ မိဖုရားတောင်ညာပျော်၊ အထိမ်းအယ၊ ခြွေရံစသည်၊ မောင်းမရံငါးရာတို့၊ အရိယာမှန်စင်စစ်၊ ပဋ္ဌမဖလဌာန်၊ သောတာပန်ဟု၊ ဧကန်စင်စစ်ဖြစ်လျက်၊ မီးအတိုက်ခံရရှာ၊ ရှေးမကောင်းမှု၊ ဘယ်လိုပြု၍၊ ယခုဝိပါက်ပါဟု၊ ကျောင်းတော်မှသဃ်ာများ၊ ဤသို့ကြောင်းရေး၊ အနည်းနည်းဖြင့်၊ ဝေးဝေးဆွဲနွဲပြောက၊ မြတ်ဘုရားကြားလေပြန်၊ အမျှားသဃ်ာ၊ သိစေငှါဖြင့်၊ ထုတ်ဘော်ဟောခြင်းဟံက၊ ရှေးလွန်လေတုံသောခါ၊ သမိုင်းသာစည်၊ တိုင်း၌ာနေသည်၊ ရွှေပြည်မြို့ဗာရာ၌၊ မိသာမာမိဖုရား၊ မင်းသွီးဖြစ်ခါ၊ ဥပမာလျှင်၊ ငါးရာရံရွယ်များနှင့်၊ ရေကစားသွားလေတုံ၊ သီဒါမြစ်နား၊ ရေချိုးငြား၍၊ စပ်ကြားတောလမ်းခြံ၌၊ မီးကိုမုံလှုံလိုလတ်၊ ခြွေရံငါးရာ၊ မီးထင်ရှာ၍၊ တောမှာတိုက်ကာလွှတ်က၊ သမ္မပတ်ဝင်စားကာ၊ ရှင်ပစ္စေကာ၊ ကျောင်းဝိဟာလျှင်၊ မီးမှာလောင်၍ပါက၊ ဘပီတာဆရာမြတ်၊ မြင်လေထုံကျင်၊ ဤခြင်းအင်ကို၊ ဘခင်သိတုံလတ်က၊ ရာဇဝတ်မလွတ်သာ၊ မွေးဘဘုန်းခေါင်၊ မထိအောင်လျှင်၊ ကျွမ်းယောင်တိုက်လေပါဟု သွီတော်အာဏာပေး၊ ငါးရာအပျို လောင်ကျွမ်းလိုသည်၊ အကုသိုလ်ထိုကြောင်းရေးကြောင့်၊ ရှောင်ပြေး၍မလွှဲသာ၊ အကြောင်းနှင့်မူ၊ အကျိုးတူ၍၊ ထိုသူရံငါးရာတို့၊ အရိယာဖြစ်သော်လည်း။ ။မီးတိုက်အမှန်ခံရပြန်သည်၊ ဧကန်မှန်မလွဲလေ။

၅၃။ ။ဧကံမလွဲ၊ ခံရမြဲဟု၊ ထုံးနည်းနာ၊ ထုတ်ဘော်ကာဟောကာမှ၊ မီးတိုက်ခံကာ၊ ကြောင်းခြင်းရာကို ကောင်းစွာကြားနာရ၏၊ ခုဇ္ဇုတ္တရာမ-အကြောင်းကို၊ ကောင်းဆိုးနှစ်ပါး၊ အကြောင်းများကို၊ လျှောက်ကြားတောင်းပန်ဆိုက၊ မြတ်ဘုန်းမိုမုနိန္ဒ၊ သဗ္ဗညုထံ၊ အမြင်သံသည်၊ ဉာဏ်နှင့်ကြည့်ပြီးမှလျှင်၊ သာဝကများထိုထို၊ ဇာတိဇရ၊ ဗျာဒိမရဏ၊ ဘေးဘယကို တွေးဆကြောက်အားပို၍၊ ငါ့ထံကိုခိုဝင်ငြား၊ နိဗ္ဗာန်မဂ်ဖိုလ်၊ ရကြလိုသည်၊ ပုဂ္ဂိုလ်အိုချစ်သားတို့၊ ရှေးသရောထိုအခါ၊ ဗာရာဏမည်၊ သာလှစည်သည်၊ ရွှေပြည်တိုင်အောင်ချာ၌၊ ခုဇ္ဇုတ္တရာရှေးဘဝ၊ မောင်မမိသံ၊ နန်းဝေယျာန်မှာ၊

စေခံဖြစ်ကာလဝယ်၊ ပြဟ္မဒတ္တထိုရာဇာ၊ ပစ္စေကာရှစ်ပါးမြတ်ဘုရားကို၊ ဆွမ်းစားဖိတ်ပြီးခါမှ၊ နန်းတော်မှာကျွေးမွေးရာ၊ အသီးဘုရား၊ ခေါ်တွင်ငြားသည်၊ တပါးပစ္စေကာလျှင် ကျောက်တုံးတော်ကိုကိုင်းကာညွတ်၊ မောင်းမငါးရာ၊ အပျိုတော်တို့၊ ထိုခါရုံဆည်းကပ်၍၊ ဆွမ်းတော်မြတ်ကျွေးပြီးခါ၊ ပျိုတော်စံမြန်း၊ ညနေချမ်းတွင်၊နန်းမရွှေဘုံသာ၌၊ ခုဇ္ဇုတ္တရာထိုအလောင်း၊ သူနှင့်တမူ၊ အဘော်ဟူသည်၊ နန်းသူပျိုတော်ပေါင်းအား၊ တသောင်းသောင်းရယ်စရာ၊ ကမ္ဗလာချုံလွှမ်း၊ ထည်သက်န်းသို့၊ ဖြန့်ဝန်းဝတ်ပြီးခါမှ၊ သုလက်မှာဘက်ကာထား၊ သပိတ်သဘွယ်၊ သုဝဏ္ဏောလေး၊ ကြီးကျယ်ရွှေဖလားနှင့်၊ ဆွမ်းခံသွားပုံပမာ၊ ကျောက်တုံးကုန်းထွယ်၊ ရှင်ပစ္စေသို့၊ ရယ်ဘွယ်ပြီးခါမှ၊ ကုတ်ကုန်းကာသွားခါပြ ပျက်ရယ်ပြုလို၊ အကုသိုလ်လျှင်၊ ထိုသည်ဝိပါကကြောင့်၊ ပျိုငယ်ကခါးကုန်းထွယ်၊ မေခုဇ္ဇာတွင်ထ၊ ထိုကုမ္မလျှင်၊ ကဿပလက်ထက်တော်က၊ ငွေဥစ္စာပွား ကြွယ်ဝ၊ တိုက်ဂူပြောင်ညီး၊ သူဌေးကြီး၏၊ သမီးဖြစ်ကာလ၌၊ ရဟန်းမဘိက္ခုနီ၊ ခုဇ္ဇုတ္တရာအလောင်း၊ မိန်းမကောင်း၏။ စံညောင်းဗိမာန်အိမ်သို့၊ လှမ်းကြွချီရောက်တုံလိုက်၊ အငယ်ကပင်၊ အကျွမ်းဝင်သည်၊ ငယ်ကြင်ငယ်ပေါင်းဖြစ်၍၊ တန်းဆာ ဆင်ခေတ်ကြိုက်ကြုံလှာ၊ ဘီးထောက်မှန်နှင့်၊ ဝံထည့်တောင်းကို၊ ပြောင်း၍ပေးကမ်းပါဟု၊ ကံတော့ပါဆိုပြီးမှ၊ သီလစင်ဖြူ မြင့်မြတ်သူကို၊ စံယူခိုင်းကာလ၌၊ ရဟန်းမကြံဆင်ခြင်း၊ သူခိုင်းသမျှ၊ မပေးကမူ၊ ဒေါသမျက်မာန်ဝင်၍၊ သူသေလျှင် အဝေဇိ၊ စေခိုင်းကာညွှန်၊ ငါပြုပြန်လည်း၊ သူ့ကျွန်ဖြစ်တုံဘိအံ့၊ ရှုမြင်သိမူလေရာ၊ ဂရုလဟု၊ ထိုနှစ်ခုမှာ၊ လဟုဘက်ကိုညာ ၍၊ ကျွန်ဖြစ်သော်တော်သေးလျက်၊ ဤသို့ရည်ကာ၊ သူတောင်းရာကို၊ ပြောင်းကာပေးသည့်တွက်ကြောင့်၊ အဆက်ဆက်၊ ဘဝဝယ်၊ ကြောင်းကျိုးဆက်ဆံ၊ သူ၏ထံ၌၊ စေကျွန်ဖြစ်ရသည်ဟု၊ မြတ်စိန္ဒေနုတ္တရ။ ။ ဘဂဝါဗုဒ္ဓါအာလုပ်တော်က၊ ထုတ်ဘော်မိန့်မြွက်ဟလေ။

၅၄။ ။မိန့်တော်မြွက်ဟ၊ ပနက်ချသို့၊ မှတ်ကြရာ၊ မိခုဇ္ဇာထိုကုမ္မ၊ ပိဋကတ်သုံးပုံ၊ နှုပ်မှာငုံသည်၊ ဉာဏ်ဂုဏ် ကြောင်းကိစ္စက၊ ပစ္စေကမြတ်ဗုဒ္ဓါ၊ အဟာရခါတ်၊ ဝိက္ကပါတ်ဟု၊ ဆွမ်းရပ်ခံသောခါ၌၊ သပိတ်တော်ပူလေကျင်၊ ခုဇ္ဇုတ္တရာ အလောင်း၊ ထိုအကြောင်းကို၊ ကောင်းစွာသိမြော်မြင်က၊ မိမိတွင်ဆင်ယင်ဝတ်၊ လက်ကောက်တန်ဆာ၊ ရတနာကို၊ ကိုယ်မှာထိုခါချွတ်၍၊ အောက်ရပ်ကခံတော်မူ၊ လက်ကောက်ဆင်စွယ်၊ သပိတ်ခြေသို့၊ မှတ်ရည်ပြီးခါလှူ၍၊ သူမတူဘက် မမျှ၊ သုံးပုံပိဋကတ်၊ ပရိသတ်ကို၊ သိမှတ်အာကုန်ရ၍၊ လူမိန်းမအထဲမှာ၊ မြတ်စွာနှုတ်မြွက်၊ တရားဘက်က၊ ဧကဒက်ရတုံ ပါ၏၊ သောတာပန်မဂ်ဉာဏ်ရ မခက်အလွယ်၊ ခနငယ်နှင့်၊ ရသည်ကြောင်းကိစ္စက၊ ပစ္စေကဗုဒ္ဓါထံပညာဉာဏ်လျှင်၊ ရင့်သံစေမူ မေးမြန်းပြုသည်၊ ကောင်းမှုအာနိသံကြောင့်၊ သောတာပန်ဖြစ်ရပါ၊ ဤသို့မုက္ခ၊ ကောင်းဆိုးမျှ၍၊ ခုဇ္ဇုတ္တရာမ- တယောက်မှာ၌၊ ပေါင်းလေးဖြာကြောင်းကိစ္စ၊ အဆိုးအကောင်း၊ ရောရှက်ပေါင်း၍၊ ကျိုးကြောင်းလေးချက်ပြ၍၊ ဓမ္မာဒ- အဋ္ဌကထာ၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးကို၊ ကြောင်းကျိုးဤသို့လာ၏။ ရှေ့ခြင်းရာအဓိပ္ပါယ်ကို၊ အကြင်သူအား၊ ရှင်လူများတို့၊ နာကြားသိစေလို၍၊ ပြကာဆိုအကြောင်းမှာ၊ ဥဒိန္ဒရတု၊ စီကုံးပြုသည်၊ ကျွန်ုပ်ထွန်းဆရာက၊ ကျမ်းဂန်ရှာပြ သည်မှာ၊ ခုဇ္ဇုတ်ဖြစ်မူ၊ အကြောင်းလေးခုကို၊ အတုယူစေငှါနှင့်၊ မကောင်းရာပယ်ကာပစ်၊ ဇရိုက်လျှော်ရာ၊ ထိုက်တန်ငှါဖြင့်၊ ကြိုက်ရာလမ်းကိုလိုက်လော၊ ကျိုးအပြစ်ထောက်လိုက်သော် ဤသည်ရတု၊ ဖြစ်ပျက်မှုကို၊ ဘတ်ရှုကြသောခါ၌၊ ကြောက် စရာသံဝေဂ၊ ရကြစေရန်၊ ရှေးကျမ်းဂန်နှင့်၊ အကျွန်ထုတ်ဘော်ပြ၍၊ ဥဒိန္ဒရတုစာမူဟောင်းကိုစစ်၊ မရလိုက်၍၊ အသစ်လုပ်လိုက်ပါ၏။ တန်းခိုးရွှာဆရာထွန်း၊ ခါတ်တော်ထွန်းပြောင်၊ ဦးရာဇ်တောင်ဟု၊ မြတ်ခေါင်ထိုသည်ကျွန်း၌၊ မိဝမ်းကဘွားမြင်ခါ၊ စာရေးစီအောင်၊ ခဲကလောင်နှင့်၊ ဘဲတောင်ကိုင်၍ပါသို့၊ ဝါသနာပါသည်ဖြစ်၊ ဥဒိန္ဒခေါ်၊ ရတုစာကို၊ ပြုကာစီကုံးလိုက်သည်။ သက္ကရာဇ်တွက်စစ်ကာ၊ ဟိုင်းဆင်တစုံ၊ ကျားဂဠုန်တို့၊ ဆုံသည်ခုနှစ်မှာ၌၊ ကြတ္တိကာရှိုင်ရာဖြစ်၊ မိုဃ်းလေးလဆုံး၊ တန်ဆောင်မုန်းတွင်၊ စီကုံးဆုံးတုံလိုက်၏။ တန်းခိုး၌ ဘွားမြင်မြော်၊ ပဝတ္တိတွင်၊ နတ်ဆိတ်တောင်ပို့ရွာ ၌၊ စာသင်ကာနေပျော်တုံ့၊ ရတုလင်္ကာ၊ ဤကဗျာကို၊ စီကာကုံး၍ဆုံးက၊ စာနိဂုံးအုပ်လိုက်သည်၊ ကြီးငယ်မတူ၊ ရွှေပြည်သူ တို့ ဝယ်ယူဘတ်ကြလေလေ၊

**ပြီးပြီ**

✧✧✧✧✧✧✧✧✧

**ပဥ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ။**
**တုနည်းစိဝ**
**ရေးစီ၍ သလိုက်သည်၊**
**တေးဂီတထုံး၊ ဆေးပီယရှုံးလောက်အောင်**
**အကုန်းအဖွဲ့–ထုံးမလေ့နှင့်၊**
**အနွဲ့အခရာ၊ ဖွဲ့ကဗျာတို့တွင်**
**အလောင်းတော်–ဥဒိန္နကို၊**
**အနုပီယ**
**ပမာမယွင်းအောင်၊**
**သာခြင်း၊ သံကဗျာဆန်းနှင့်၊**
**ဆရာထွန်း**
**ရေးလိုက်သည်၊**
**မွေးမိခင်–ကေသနီ**
**နှင့်**
**သားဥဒိန်သာခြင်းသစ်၊**

စာရေးသူ၊ တန်းခိုးရွာ-ဆရာထွန်း၊
စာအုပ်ရှင်-ဦးအောင်ထွန်းဦး၊
အခွင့်မရှိဘဲ၊ ကူးယူပုံနှိပ်ထုတ်ဝေခြင်းမပြုရ။

ရခိုင်ပြည်စာပုံနှိပ်တိုက်၊ လမ္ဘကြီး-စစ်တွေမြို့။

## ၃၈

# ကဗျာဂီတ အာသီသ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အောင်မင်္ဂလံ၊ အောင်ဇေယျံလေ၊ အောင်သံကျူးလို့၊ အောင်ဆုပန်ကေ၊ အောင်လံကိုစိုက်၊ မစ္ဆိမေလေ၊ အောင်မြေတိုက်တွင်၊ ရန်စစ်အောင်ခြင်း၊ အောင်ဇေ ယျံလေ၊ မြေဘုမ္မိ၌၊ ဗောဓိပင်ဝယ်၊ ပလ္လင်အောင်နန်း၊ အောင်ကြငှန်းမှာ၊ အောင်ပန်း မင်္ဂလာ၊ ပန်ဆင်ကာဖြင့်၊ မေဃလာဂီရိ၊ ကြီးမြင့်ခေါင်ကေ၊ တောင်တရှိမျှ၊ ပြောင်ကြီးသနင်း၊ ထက်ရပ်ဘုံမှာ၊ ဂုဏ်ဒြပ်နှင့် မာရ်နတ်မင်းကို၊ အရင်းပဏာမ၊ ဗောဓိညောင်တွင်၊ အောင်ပြီးမှလျှင်၊ ပကပြဟ္မာ၊ နာဠာဂီရိ၊ ဟိတ္ထိဆင်ကေ၊ အင်္ဂုလိနှင့်၊ကုတ္ထိမိစ္ဆာ၊ စိဥ္စမာဏ၊ အာဠာဝက၊ ပနန္ဒကေ၊ သစ္စကပရိဗိုဇ်၊ ခါရှစ်တန်ကို၊ လှန်ကာတိုက်ကေ၊ ငမိုက်တက္ကသိုလ် များထိုထိုကို၊ ပုဂ္ဂိုလ်လူ့ဘ၊ အတုလလျှင်၊ ညာဏရှစ်တန်၊ မိုက်ရာရာကို၊ တိုက်ကာဖျက်ကေ၊ စကြာပုံ့ဟု၊ ပရမံခန္တီ၊ ဤသည် လက်နက် ပစ်တိုင်းအောင်လို့၊ ပြောင်ပြောင်ညီးကေ၊ လောင်မီးစက်နှင့်၊ တိုက်ဖျက် လွယ်ကူ၊ အောင်တော်မူကေ၊ အောင်သူများဘ၊ ခြောက်ရောင်လျှံကေ၊ သမ္ဗုဒ္ဓနှင့်၊ ဓမ္မသံဃာ၊ မြတ်သုံးဖြာကို၊ သုံးခါဦးချ၊ ထုံးကေဆံမှာ၊ ပန်ပြီးမှလျှင်၊ မမအာစရိ ကျေးဇူးဟုန်လေ၊ ဂုဏ်မမျှကေ၊ ဘနှင့်မိကို၊ မနသီကာယ၊ ပထမ ဒုတိယံ၊ တတိယံ လေ၊ ဆံဦးလျှော့လို့၊ ကန်တော့ပြီးခါ၊ လွန်သာယာကေ၊ ကဗျာဂီတ၊ ဂမုန်းသရဖီ၊ လုံးကာသီယောင်၊ ကုံးစီပြလို့၊ ဥဒိန္နဝတ္ထု၊ ဖြစ်ပျက်မှုကို၊ ယခုအခါ၊ လူတကာတို့၊ သဒ္ဒါရမ္မဏ၊ ပျားသကာသို့၊ ကြားနာရအောင်၊ အာစရိယာ၊ ထွန်းဆရာလျှင်၊ ကျမ်း စာကန္ဒတ်၊ စကြာယုန်သို့၊ ပုံနှိပ်လုပ်လို၊ ထုတ်လိုက်တော့မည်၊ ရှေးဦးစွာလေ၊ အာသီ သဖြင့်၊ ကန်တော့ရလေ။

### ကောသမ္ဗီပြည်ဝယ် ကေသနီမိဖုရားနှင့်
### နှစ်ပါးတူကွ ပူရံတပွမင်းကြီး
### ထီးနန်းစိုးစံ

အောင်မြေဝသုံ၊ အောင်ဇေယျုံလေ၊ ဘုံလောကဓာတ်၊ ဤကမ္ဘာလေ၊ မဟာ ကပ်တွင်၊ အမြတ်ခေါင်ထိ၊ လူနတ်ပြဟ္မာ၊ မြတ်ရာရာတွင်၊ သာတုလွတ်ကေ၊ မြတ်မု နိဟု၊ ဓိပတိမြတ်မွန်၊ မြတ်ဆုံးစွန်ကေ၊ မြတ်သမ္ဗုဒ္ဓ၊ သုံးလောကမှာ၊ ဂေါတမမြတ်စွာ၊ ဘဂဝါလေ၊ အာဏာစက်နှင့်၊ လက်ထက်တော်၌၊ မစ္ဆိမာသမိုက်၊ ဇမ္ဗူသပြေ၊ ပံသုမြေလေ၊ အလယ်တိုက်မှာ၊ ဧကရာဇ်ဆက်ထက်၊ အုပ်စိုးပိုင်ကေ၊ စည်မပျက်ဘဲ၊ ကနက်စိုက်ရာ၊ အမြစ်ဖြာလို့၊ အောင်ချာဌာနီ၊ ထက်နတ်ရွာသို့၊ လွန်ကျော်စောကေ၊ ကောသမ္ဗီကို၊ ခွန်ဆီစိုးရ၊ တန်ခိုးပလို့၊ ဒသဆယ်ပါး၊ စုတေ့သေသော်၊ ပါယ်မလားရန်၊ တရားသဖြင့်၊ မမှားသင့်အောင်၊ အကျင့်လည်းမှန်၊ ဆောက်စိုက်ထူကေ၊ ထီးဖြူ မိုးလို့၊ အုပ်စိုးစံသည်၊ ပူရံတပွ၊ မည်နာမနှင့်၊ နရရာဇာ၊ လူတကာကို၊ အာကာမိုး လို့၊ စိုးစံပျော်သော်၊ တောင်ညာမဟေသီ၊ ကေသနီဟု၊ ဒေဝီထွတ်ထား၊ နန်းရဝေမှာ၊ အသရေရှိကေ၊ မိဖုရားနှင့်၊ နှစ်ပါးတူကွ၊ မိုးနတ်ဟန်သို့၊ စိုးစံကြက၊ ကာလမြင့်စွာ၊ အတန်ကြာသော်၊ ရှေးခါပြုကြ၊ ကုသလလျှင်၊ ဥပဓေကံ၊ ဆော်စီမံ၍၊ ကိုယ်ဝန်တည် ငြား၊ ညာနန်းဆောင်မှာ၊ တောင်ညာထားလျှင်၊ သားပဋိသန်၊ ရှိလေပြန်သော်၊ ထိပ်စွန်လက်မြှောက်၊ မိမိလင်ကို၊ ဦးတင်လျှောက်ကေ၊ တစ်ယောက်နန်းမ၊ စံထဆွေမှာ၊ သန္ဓေယူသော်၊ စပ်ပူချဉ်ခါး၊ အဖြာဖြာလေ၊ ရသာများကို၊ မစားစေလို၊ ရွှေပြည် ရင်မှာ၊ ကြင်မယားကို၊ တားမြစ်ဆိုလို့၊ ထိုထိုမသျှား၊ အစေခံက၊ ခြွေရံများနှင့်၊ မိဖုရားဒေဝီ၊ ကေသနီကို၊ အစီအပြောင်၊ သောင်းခြောက်ထောင်တို့၊ ရံဆောင်ပြီး ထွယ်၊ ရွှေ့ထက်ပင်လေ၊ လင်မင်းဖျားမှာ၊ ထားတော့သည်လေ။

### မိဖုရား မဟေသီ ကေသနီကို
### ငှက်ဆင်ချီခန်း

ထားတုံလေကေ၊ မဟေညာရ၊ သောင်းခြောက်ထောင်တွင်၊ အခေါင်ထွန်း ကေ၊ တောင်နန်းမမှာ၊ ဂဗ္ဘာကိုယ်ဝန်၊ ပဋိသန်လျှင်၊ ရှိပြန်တုံတ၊ ပတ္တမြားရွှေကြုတ်၊ နှုတ်မှာငုံကေ၊ ပုံတမျှသို့၊ ကလယ ရေကြည်၊ ပထမလျှင် အစ တည်၍၊

နောက်ဝယ် တစ်နည်း၊ ပေသိတံလေ မှန်မလွဲကော၊ သွေးခဲသားထင်၊ ဖြစ်သည်မှန်လှ၊ ဓာတ်ငါး ဖြာတွင်၊ အာကာသကြောင့်၊ ခက်မငါးဖြာ၊ အသီးသီးလျှင်၊ ဖော်ပြခါမှ၊ ရင့်ရော် တုံဘိ၊ သတ္တမသတ္တဟံ၊ ပဋိသန်လျှင်၊ ရှိပြန်မိက၊ မျက်စိနားနှာ၊ စုံညီပေါ်ကော၊ ဇိဝှာကာယ၊ သတ္တဟလျှင်၊ ဒသမမြောက်၊ စေ့တုံလေကော၊ ထိုသည်နောက်၌၊ ထိုက်ရောက်ရာလေ၊ ဖြစ်ပေါ်ကြက၊ သတ္တဟသည်၊ စစ်တွက်ရေသော်၊ သုံးဆယ်နှစ် ရ၊ ကလလက၊ ကာယဒွါရေ၊ ရောက်ခါဝယ်၌။ ဆယ်သတ္တဟ၊ ပေါင်းသောခါလေ၊ ဒွါစတ္တဟု၊ သတ္တဟတွက်ရေ၊ ထိုခါဝယ်၌၊ မဟေဒေဝီ၊ ကေသနီမှာ၊ သက်ဝီပတ္တမြား၊ ပဋိသန်လေ၊ ကိုယ်ဝန်သားကို၊ မြင်ဖွားချိန်တန်၊ မြောက်ဟေဝန်က၊ လေပျံဆော် သွင်း၊ လူတကာတို့၊ ပူဆာဝေးကော၊ ချမ်းအေးခြင်းဖြင့်၊ ဆီးနှင်းဝေလျှံ၊ လေသွန်သွန် နှင့်၊ ဟေမန်သမယ၊ ဆောင်းရာသီလေ၊ အချိန်ကျလို့၊ နန်းမတောင်ညာ၊ ဒေဝီချာ မှာ၊ နီတျာရဲရဲ၊ လွန်နီးနွေးကော၊ သားမွေးကမ္ဗလာ၊ ခြုံပြီးခါမှ၊ ရတနာရွှေနန်း၊ အမိုးအကာ၊ မထားပါကော၊ လသာခန်းမှာ၊ ချမ်းအေးခစ်ကြုံ၊ နေဆာလှုံ၍၊ ရွှေဘုံ နန်းထဲ၊ ကိုယ်လုပ်ကျွန်နှင့်၊ စံနေဆဲမှာ၊ ပျံ့ဝဲမရှောင်၊ ဟေဝန်တောင်က၊ ဆင်ပြောင် ငါးစီး၊ အားလျှင်ပြီးကော။ ငှက်ကြီးထိလိက်ာ၊ ဝဲပျံလာ၍၊ ရှုမျှော်ကြည့်ကျင်၊ ညာနန်း ခေါင်၏၊ စောင်သားမွေးကို၊ ရဲရဲမြင်ကော၊ ယခင်ငှက်မင်း ပြင်းတောင်ဟုန်နှင့်၊ တစ်ဟုန်ချင်းဖြင့်၊ ပျံဆင်းတုံလတ်၊ ကြက်သူငယ်မြင်၊ ပမာထင်ကော၊ စွန်လျှင်သုတ် သို့၊ မလွတ်နိုင်ရာ၊ ထိုအခါ၌ ရံကာနေမြဲ၊ မောင်းမများဖျင်၊ နန်းတော်ခွင်ကို၊ ခိုဝင်ပြေးက၊ ကိုယ်လေးလက်ဝန်၊ ပဋိသန်နှင့်၊ ညာစံနန်းမ၊ အသက်မသေ ငှက်၏ ခြေမှာ၊ ပါလေရရေ။

ပါလေရကော၊ များလှပျိုတော်၊ ထိုအခါတွင်၊ ငိုကာလန့်ထိတ်၊ လျှင်မနေကော၊ ကြောက်သည်စိတ်နှင့်၊ လိပ်ပြိုလိပ်ပြာ၊ စိုင်ပြီးခါမှ၊ ဝင်ကာထွက်ပြေး၊ မိဖုရားတောင် ညာ၊ မရှောင်သာကော၊ ပါတုံခဲ့၍၊ ပျံ့ဝဲကောင်းကင်၊ အာကာပြင်ကို၊ ငှက်ဆင်တက်ခါ၊ တောင်ညာပျော်လျှင်၊ ပါတုံလေသည်၊ မြင်ကြပေကော၊ ထိုသည်အခါ၊ တစ်နန်းလုံး သား ပျိုတော်များတို့ ဟောကြော်ကာဖြင့်၊ များစွာအသီးသီး၊ လက်ခုပ်တီးကော၊ မှူးကြီးမတ်ဝန်၊ အတန်တန်နှင့်၊ ပူရတပ္ပ၊ အမည်ရကော၊ လင်လှရာဇာ၊ ထိုအခါ၌၊ နေရာတော်က၊ ဝတ်စားတန်းဆာ၊ မစစ်ပါဘဲ၊ လျင်စွာထလို့၊ များလှမှူးမတ်၊ ပရိတ် သတ်နှင့်၊ ပူရံတပ္ပ၊ အမည်ရကော၊ လင်လှရာဇာ၊ ထိုအခါ၌၊ နေရာတော်က၊ ဂတ်စား တန်းဆာ၊ မစစ်ပါဘဲ၊ လျင်စွာထလို့၊ များလှမှူးမတ်၊ ပရိသတ်နှင့်၊ ထက်ရပ်ကောင်း ကင်၊ ပျာကယာလေ၊ မော်ကာလှည့်လို့၊ ကြည့်တုံကျင်သော်၊ ငှက်ဆင်ဆေခြေမှာ၊ ကြင်ရာတော်လျှင်၊ ပါသည်ကိုမြင်၊ ထိုခါတွင်၌၊ ဘုရင်စောထီး၊ ရေးတကြီးဖြင့်၊ တီးလက်ခုပ်ခတ်၊ များထိုထိုလေ၊ ဗိုလ်မှူးမတ်တို့၊ ရပ်ကာလှန့်ခြောက်၊ ပွဲတင်ခြောက် မျှ၊ တစ်ယောက်မကျန်၊ တသောသောဖြင့်၊ ဟောကြပြန်ကော၊ အသံအုပ်ကျက်၊ တစ်ပြိုင်နက်လျှင်၊ ကြောက်မက်ဖွယ်သာ၊ ကျော်ကာကြွေးလို့၊ ကြော်ဟဲပါလည်း၊ ထိလိက်ာတွင်၊ မိုးကောင်းကင်က၊ ငှက်ဆင်ပျံပြေး၊ ထက်ဗဟိုတွင်၊ တိမ်ကိုခွဲ၍၊ အဝေးရောက်လျှင်၊ ကြည့်မမြင်သော်၊ ဘုရင်မင်းလှ၊ မိဖုရားဒေဝီ၊ ကေသနီလေ၊ ဒါလီကုံးကို၊ အဆုံးချလို့၊ သောကကြီးကျယ်၊ ပလ္လင်ပြင်မှာ၊ ထိုင်ကာတွဲလို့။ မှိုင်ငေး နေရေ၊ ခြွေရွှေသောင်းပြောင်း၊ ပျိုတော်ဟူကော၊ နန်းသူပေါင်းတို့၊ သောင်းသောင်း သဲသဲ၊ ထိုအခါလေ၊ ငိုကာကြွေးလို့၊ အိုလည်းထိပ်တင်၊ တောင်နန်းရှင်လေ၊ ဇောင်ပင် ကံဆိုး၊ ဇာဒါတော်ကော၊ ကြမ္မာညှိုးလို့၊ မျိုးမဟာဆီ၊ ညာမဒီမှာ၊ ဒါလီပတ္တမြား၊ ပဋိသန်လေ၊ ကိုယ်ဝန်သားကို၊ မြင်ဖွားမည်ဆဲ၊ စံမြန်းပျော်ကော၊ နန်းတော်ထဲမှာ၊ ချမ်းအေးခစ်ကြုံ၊ ကမ္ဗလာကို၊ လှမ်းကာသိုင်းလို့၊ တစ်ပိုင်းခြုံ၍၊ ခိုလှုံနေဆာ၊ ဆောင် လေသာမှာ၊ စံပျော်တုံငြား၊ မအပ်မရာ၊ ငှက်မိစ္ဆာမှာ၊ အစာသျှားသို့၊ သားငါးအတူ၊ ထိုးသုတ်ယူလို့၊ နန်းသူဒေဝီ၊ မဟေသီလျှင်၊ ပါလီတုံရ၊ တို့ထိပ်တင်လေ၊ သခင်မကို၊ မြင်ရမည်ပင်၊ စိတ်မထင်လို့၊ ငှက်ဆင်ကသေ၊ လှမောက်တော်လေ၊ တောင်ညာထွင့် ကော၊ လွတ်ပါစေဟု၊ မှတ်ရည်ဆဲဆို၊ ငိုလည်းငိုလို့၊ လက်ကိုလည်းချိုး၊ ငှက်တိရစ္ဆာန်၊ တို့လက်ထံသို့၊ တောင်ပံကျိုးလို့၊ ဇောက်ထိုးမနေ၊ မြေကမ္ဘာမှာ၊ အာကာသက၊ ကျပါစေဟု၊ ခြွေရွှေမောင်းမ၊ ဆဲကာဆိုလို့၊ ကြွေးငိုကြကော။ ။ ယိုကျမျက်ရည်၊ ရွှမ်းရွှမ်းတည်းလေ။

ယိုကျမျက်ရည်၊ ရွှမ်းရွှမ်းဝေလို့၊ ရံရွှေမောင်းမ၊ တချို့ကလည်း၊ ပြသသွန်သင်၊ ဦးထိပ်တင်ကော၊ မိခင်တမျှ၊ တစ်နန်းလုံးတွင်၊ အထွတ်တင်ကော၊ တို့ရှင်မနှင့်၊ ကွဲရ သည်မှာ၊ ငှက်မိစ္ဆာလေ၊ ဟေမာတောထဲ၊ တို့ပမာယောင်၊ အဖော်ကွဲလို့၊ ဖွဲ့ယောင်း လည်းခါ၊ ပြာယောင်လည်းလွင့်၊ ခေါင်းဆံပင်ကို၊ မျှင်စည်လွှင့်လို့၊ ရွှင့်ပါလေစေ၊ တို့ရှင်မကော၊ လှမဟေမှာ၊ သန္ဓေရင့်မာ၊ ဖွားမည်ခါ၌၊ မရာမဖွေ၊ ဤငှက်ဆင်ကြောင့်၊ တို့ရှင်မလျှင်၊ ပါရလေ၍၊ အမွေကိုမျှ ရုပ်ပိုင်ပြင်ကို၊ မမြင်ရဟု၊ တကာငိုကြွေး၊ အကြိမ်ကြိမ်လျှင်၊ ကျိန်ကာဆဲလို့၊ မစဲညံ့ညံ၊ များထိုထိုလေ၊ ပျိုဇမ္ဗူတို့ ငိုကြပြန်ကော၊ ပူရံတပ္ပ၊ တောင်ညာရှင်မှာ၊ လမင်းလှလည်း၊ နှမဒေဝီ၊ ကေသနီကြောင့်၊ ဖြေမဆည်နိုင်၊ ထီးနန်းပိုင်လျှင်၊ ဖြိုင်ဖြိုင်စီးယို၊ ပြည်ဘုရင်လေ၊ လင်မင်းကြီးလည်း၊ ဟီးချငိုရေ၊ ပြည်ကိုစိုးရ၊ တန်ခိုးပကော၊ သမ္မတနွယ်မျိုး၊ ငါရာဇမှာ၊ ကံတော်ဆိုးလို့၊

ဘိုးဘရိပ်ရာ၊ တိုင်း၌ာနေလေ၊ ပြည်ကိုချုပ်လို့၊ မင်းလုပ်ပါလည်း၊ ပုတ္တဓီတ-နန်းဝေ ယံကို၊ မွေခံငြားအောင် သားမရလို့၊ ရပါစေကြောင်း၊ ကုသလံလျှင်၊ ပြုပြန်ငြားလို့၊ သားဆုတောင်းကော၊ ငယ်ပေါင်းညာစံ၊ ပဋိသန်လျှင်၊ ရှိပြန်တုံငြား၊ နန်းဝေယံကို၊ မွေခံသားလျှင်၊ မြင်ဖွားပါစေ၊ စိတ်မှတ်ရည်၍၊ ခြွေရွှေအများ၊ နန်းဝေယျာန်မှာ၊ ဝန်းရံထားကော၊ မဖွားခင်ပင်၊ တောင်နန်းရှင်ကို၊ ငှက်ဆင်ထိုးချီ၊ ညာဒေဝီလျှင်၊ ပါလီခြင်းရာ၊ ငါရာဇာမှာ၊ ကြင်ရာလည်းဆုံး၊ နန်းမွေခံလေ၊ ဧကန်တုံးလို့၊ ယူကျုံးမရ၊ လွန်တရာလေ၊ ကံတော်ဆိုးကော၊ ကျိုးမလှ၍၊ သားလှရုပ်သွင်၊ တစ်ချက်တရာလေ၊ ကံတော်ဆိုးကော၊ ကျိုးမလှ၍၊ သားလှရုပ်သွင်၊ တစ်ချက်ပင်လေ၊ မမြင်လိုက်ရ၊ လူတကာကို၊ အာဏာချင်းကော၊ မင်းလုပ်ရလည်း၊ ဒုက္ခသားများ၊ ငါရာဇာလေ၊ မဟာဖွားမှာ၊ မယားလည်းဆုံး၊ သားလည်းတုံးကော၊ နှလုံးကြေကွဲ၊ မစဲငိုယို၊ ငါမင်းအို မှာ၊ တစ်ကိုယ်တည်းကော၊ ဤကဲ့သို့လျှင်၊ ဖြစ်ခြင်းအင်မှာ၊ တစ်ပင်လဲမူ၊ တစ်ပင်ထူ ကော၊ ကြင်သူကလျာ၊ ပျိုက္ကတ္တိယ၊ မိန်းမလှလျှင်၊ ရနိုင်သော်လည်း၊ ညာမဟေသီ၊ ကေသနီကော၊ ဒေဝီနှင့်မူ၊ အကြင်သူတို့၊ တူမည်မထင်၊ ငယ်ကျွမ်းဝင်လေ၊ ကြင်မ ယားကော၊ သားမိခင်က၊ လင်ကိုကြည်ညို၊ ရွှင်ရယ်ချိုလို့၊ လင်လိုလိုက်တတ်၊ ရှိရှိသမျှ၊ က္ကတ္တိယတွင်၊ မိန်းမမြတ်ကော၊ လင်ဝတ်ဆိုရာ၊ မလိုသာအောင်၊ ပိုပါဘိလျက်၊ အလှဒေဝီ၊ ကေသနီကို၊ ဤအတွက်ကြောင့်၊ စုံမက်မပြေ၊ နိုင်တော့ဘူးလေ။

## မိဖုရားမဟေသီ၊ ကေသနီကို၊ လွယ်ချီကာ၊ ငှက်ဆင်ဆောင်၍၊ ပညောင်ပင်မှာ တင်ထားလျက်၊ အကြင်သားကို မြင်ဖွားတော်မူခန်း

စုံမက်မယေမပြေ၊ ထွက်ကာစွေကော၊ မျက်ရည်ယိုစီး၊ ရွှေပြည်ရှင်ကော၊ လင်းမင်းကြီးလျှင်၊ ငိုညည်းတော်မူ၊ တိုက်ခန်းဆောင်မှာ၊ ကိုယ်ရောင်ထွန်းကော၊ တောင်နန်းသူမှာ၊ အမူအလှ၊ လူမကကော၊ ရူပလက္ခဏာ၊ နတ်ကညာလည်း၊ သာမည်မထင်၊ ပြန့်ရယ်ရွှင်လို့၊ လင်ဝတ္တရား၊ လွတ်မမှားအောင်၊ မယားအပြား၊ လက္ခဏာကို၊ တွက်ကာစစ်က၊ ခုနစ်ပါးမှာ၊ ပိုင်းခြားနှိုင်းညှို၊ ကျွန်က္ကတ္တိနှင့်၊ အမိ တမျှ နှမအတူ၊ ငါဘုရင်လေ၊ လင်ယောက်ကျားကို၊ သဘောဖြူကော၊ နန်းသူဒေဝီ၊ ကေသနီနှင့်၊ ရွယ်ညီတူကွ၊ လူ့၌ာနီလေ၊ ဤလောကမှာ၊ ပေါင်းရမည်ပင်၊ စိတ်မထင် ဟု၊ ဘုရင်မင်းကြီး၊ ညာနန်းဦးကြောင့်၊ ဆိုငိုညည်းက၊ ထီးသုံးနန်းသုံး၊ အရင်းပထမ၊ သမ္မတကော၊ ရှေ့ကထုံးနှင့်၊ နိဂုံးနီထွာ၊ အဖြာဖြာကော၊ ဥပမာ-ဥပမေ ၊ အသွယ်သွယ် ဖြင့်၊ ကြံစည်တုံပြီး၊ မှူးမတ်ကြီးတို့၊ ထိန်းသိမ်းဖြေဖျော်၊ ထားလေပါလေ၊ ကြမ္မာကိုယ်သိုး၊ ဖြစ်ရပာန်မှာ၊ ကံအကျိုးဟု၊ တညိုးတငင်ငင်၊ ကြင်ရာတော်ကို၊ မျှော်ကာတလို့၊ နေရရေလေ၊ မဟေညာနတ်၊ ထက်ကောင်းကင်က၊ ငှက်ဆင်သွယ်လို့၊ ရှေ့ဝင့်ကြမ္မာ၊ ပါလေပါကော၊ ပထဗျာမြေ၊ အာကာဘွေနှင့်၊ ကွာသည်အတွက်၊ ငှက်ဆင်ခြေကို၊ မေရေဖက်လို့၊ အသက်ဇီဝေ၊ ညက်ညက်ကြေလို့၊ သေမည်ကိုထောက်၊ ညာနန်းစံ မှာ၊ အလွန်ကြောက်လို့၊ အောက်မြေကိုသည်၊ မကြည့်ဝံ့ဘဲ၊ တွန်ရှုံ့ထွယ်ဖြင့်၊ ပါလေသောခါ၊ ထက်အာကာမှာ၊ ဝဋ္ဋာအမ္ဗုန်၊ မိုးမင်းရုံသို့၊ တောင်ဟုန်ပြင်းပြင်း၊ ဝဲကာပျံကော၊ လျင်မြန်ခြင်းဖြင့်၊ ဆီးနှင်းသည်းထန်၊ မြောက်လေပျံနှင့်၊ ဟေဝန်အနီး၊ ပညောင်ပင်မှာ၊ ဆောင်တင်ပြီးလျင်၊ မင်းသမီးဒေဝီ၊ ကေသနီကို၊ ချီကာလည်းချ၊ ထိုငှက်ဆင်နှင့်၊ ညောင်ပင်ခွမှာ၊ သကုဏဘာသာ၊ ဆောင်ယူပါသည်၊ အစာများကို၊ စားမည်ခါ၌၊ လာလမ်းကိုသည်၊ စောင်းကာလှည့်လို့၊ ကြည့်တုံတေလကော၊ မဟေ ညာနတ်၊ ကြောက်၍တုန်ပြာ၊ သံဟုန်ကဲကော၊ ကြွေးကြော်လတ်က၊ လန့်ဖျပ်မနေ၊ ထက်အာကာကို၊ ပျံဝဲကာကော၊ ပြေးလေသည်လေ။

ပြေးတုံလေကော၊ မဟေညာစံ၊ နိဂြောဆိုင်ကော၊ ပညောင်ခွ၌၊ ချကာကြံကော၊ ဘုန်းကံကြီးငြား၊ ဝမ်း၌တည်ကော၊ သန္ဓေသားကြောင့်၊ မိဖုရားတောင်ညာ၊ ငှက်အ စာလျှင်၊ ချမ်းသာသော်လည်း၊ ညောင်ညိုညိုမှာ၊ တစ်ကိုယ်တည်းလျှင်၊ လက်ဝဲဘယ်ညာ၊ လေးမျက်နှာကို၊ ပတ်ကားလည်းလှည့်၊ ညောင်ပင်ပေါ်က၊ မျှော်ရှုကြည့်သော်၊ ခိုးငွေ့မြူမှုန်၊ ဆီးနှင်းခြုံလို့၊ ရဂုံမြိုင်ယံ၊ ဆည်ကြံကြံနှင့်၊ ဟေမဝန်တောင်မင်း၊ တောသုံးတောင်လေ၊ မြိုင်ချောင်တွင်းကို၊ စာရင်းအဝင်၊ ဖြစ်ခြင်းအင်ကြောင့်၊ သစ်ပင်များမြောင်၊ တောတောင်ထူထပ်၊ ပန်းဂနိုင်နှင့်၊ စိမ့်မြိုင်ရပ်မှာ၊ မအပ်မရာ၊ ငှက်ရန်သူလေ၊ ဆောင်ယူခဲ့လို့၊ ရောက်၍လာကော၊ တောင်ညာမဟေ၊ ဘေးဘယာကို၊ တွေးကာထောက်လို့၊ ကြောက်စိတ်ပိုကော၊ ငိုလိုက်တေကော၊ ရွှေပြည်၌ာနီ၊ ကောသမ္ဗီတွင် ဒေဝီတောင်ညာ၊ ဖြစ်ခြင်းရာကြောင့်၊ ဝေဒါရိပ်ငြိမ်၊ နတ်စည်းစိမ်နှင့်

နှိုင်းချိန်မခြား၊ နန်းဝေယံမှာ၊ မေစံစားလို့၊ ရှည်လျားမြင့်ကြာ၊ ယခုခါ၌၊ သို့ဖြစ် သည်ကြောင့်၊ ရွှေပြည်ဘုရင်၊ မေ့ဆွေလင်မှာ၊ အလျင်ကထက်၊ မေတ္တာဟုန်နှင့်၊ ချစ်စုံမက်၍၊ ဆတက်တိုးငြား၊ မေ့သခင်လေ၊ ရှင်မင်းကြီးမှာ၊ ချီးမြှောက်ထားလို့၊ ဖွားလုချိန်တန်၊ လလျှင်စေ့လို့၊ နေသာကျန်ကော၊ ဗိမာန်ရွှေဘုံ၊ ကမ္ဘလာခြုံလို့၊ ခိုလှုံ နေဆာ၊ မေစံပျော်သော်၊ ကြမ္မာလည်းငင်၊ ယာဉ်ငှက်ဆင်လျှင်၊အရှင်လတ်လတ်၊ ကြက်သူငယ်ကို၊ စွန်ဝယ်သုတ်သို့၊ ထက်ရပ်ကောင်းကင်၊ အာကာပြင်က၊ ညောင်ပင်မှာချ၊ ငှက်မိစ္ဆာလျှင်၊ ပျံကာသွားကော၊ မစားခလည်း၊ ဇီဝရှည်ကြာ၊ မနေ သာဘဲ၊ သေပါရမည် ဤမြိုင်လယ်မှာ၊ လူနေမနီး၊ တိုင်းနှင့်ကွာကော၊ ရွာနှင့်ဝီးလို့၊ တောကြီးဆိတ်ညံ၊ တည်းကြံကြံနှင့်၊ လူသံမကြား၊ သစ်ကျားဘေးရန်၊ တိရစ္ဆာန်ကော၊ မြေသံများနှင့်၊ ဆင်းသွားခြင်းငှာ၊ မတတ်သာကော၊ အစာအဟာရ၊ ငှက်ဆောင်တင် ကော၊ ညောင်ပင်ခွမှာ၊ ဆာလှာငတ်မွတ်၊ အာဟာရပြတ်လို့၊ ခြောက်ကပ်မနေ၊ သက်မရှည်ဘဲ၊ မေနှမမှာ၊ သေရမည်လေ။

သေရမည်လေ၊ ဘယ်ဘယ်ညာညာ၊ အဖြာဖြာကို၊ မျှော်ကာချင့်မြှောက်၊ မေ့ခန္ဓာကို၊ ညှာမထောက်ပါ၊ တစ်ယောက်ပတ္တမြား၊ ရင်နှစ်သားကို၊ မဖွားခင်လျှင်၊ ဤညောင်ပင်မှာ၊ ဆောင်တင်ခဲမြောက်၊ သားသန္ဓေကို၊ မေလျှင်ထောက်လို့၊ လန့်ကြောက်စိုးရိမ်၊ နေမငြိမ်ကော၊ ကေသနီမိဖုရား၊ စိမ်းညိုလွင်လေ၊ ညောင်ပင်ဖျား မှာ၊ လွမ်းအားလည်းပို၊ စိတ်နုပျို့လို့၊ ငိုယိုလျက်ပင်၊ ညောင်ခွတွင်လေ၊ နေဝင်ချိန် ကျ၊ ရိပ်ဆာယာတို့၊ ပိတ်ကာလွှမ်းကော၊ ချမ်းမြမြနှင့်၊ တောင်ကကျူးကျော်၊ မျောက် ကဆော်လို့၊ ငှက်တော်ငှက်ကျား၊ ငှက်ငန္ဓားတို့၊ သောသောဆူညံ၊ ဥရွှေဒေါင်းတို့၊ ကျူးညောင်းတွန်ကော၊ အသံသာယာ၊ ငှက်နက်ကျော်တို့၊ ပျံကာရင့်ကျူး၊ သစ်တစ် ပင်က-တစ်ပင်ကူးလို့၊ မြူးထူးရွှင်ပျော်၊ သူ့ဘာသာလေ၊ မာဂဓနှင့်၊ ဖိုမခေါ်ကော၊ လင်းပြာချိုးညို၊ သံချိုချိုနှင့်၊ ဟံလို့ဟံရ၊ ကရဝိတ်မောင်နှံ၊ တိရစ္ဆာန်တို့၊ မြီးတံကော့ နှင့်၊ ပျံကတုံလျက်၊ နှင်းဝေဝေလေ၊ ညနေချမ်းတွင်၊ အိပ်တန်းထက်က၊ တောကြက် တောင်ပံ၊ ခတ်ကာတွန်ကော၊ သဒ္ဒံချိုမြ၊ ဖော်ကွဲသူတို့၊ စိတ်ပူကျွမ်းကော၊ လွမ်းကာ တအောင်၊ ဖိုမခေါ်ဆို၊ ရွှေကျီးညိုနှင့်၊ ဝံလို-ဝံလက်၊ သစ်တောက်ငှက်က၊ စီးရက်မိုးစီ၊ ငှက်ဖိုးခေါင်နှင့်၊ တောင်ဝီဆုံးကော၊ ပြုန်းပုတီးတို့ နာရီစောင်းသံ၊ တူရိယာပေါင်း၊ ငြိမ့်ကာညောင်းသို့၊ သောင်းသောင်းညံအောင်၊ တွန်ကာကျော်ကျူး၊ ပျံကာမြူးကော၊ ထူးထူးထွေထွေ၊ ကေသနီလေ၊ ဒေဝီနားမှာ၊ ကြားရပေကော၊ တားဆည်းမနိုင်၊ သဲကမ်းယိုင်သို့၊ ဖြိုင်ဖြိုင်မျက်ရည်၊ ထွက်ကာစွေလို့၊ ရွှေပြည်ကိုတမ်း၊ ပင်ညောင်ညို က၊ လင်ကိုလွမ်းလို့၊ ယဉ်နန်းတော်သူ၊ တကျူကျူနှင့်၊ တ-ရူလျက်ပင် နေမင်းဝင်လို့၊ မှိုင်းလျှင်လည်းကျ၊ ယုန်စန္ဒာလျှင်၊ ပျော်စံမြန်းကော၊ လဝန်းပလည်း၊ အေးမြရောင် ခြည်၊ မပြောင်ဝေဘဲ၊ မှောင်ကွယ်မှိုင်းမှိုင်း၊ တဆိုင်းဆိုင်းနှင့်၊ ညောင်ကိုင်းညောင် ခက်၊ ရောထွက်ယှက်လို့၊ ညောင်ခက်အုပ်မိုး၊ မှိုင်းမှောင်မှောင်နှင့်၊ ရောင်မထိုးကော၊ လွမ်းမိုးလည်းစွေ၊ မေလျှင်နေကော၊ ရွှေပြည်နန်းကို၊ လွမ်းသိရေလေ။

လွမ်းသိရေလေ၊ ရွှေပြည်ကြငှန်း၊ နေပျော်လှုံကော၊ ရွှေဘုံနန်းမှာ၊ နေဝန်းဝင်ချိန်၊ ညမှိုင်းရီဝယ်၊ ဗေဟီစည်ကြီး-တပိုကျော်ထွင်၊ ဆော်ကာဟီးလို့၊ မှုတ်တီးဖြေဖျော်၊ ခန်းဆောင်ကြာတွင်၊ လသာမီးရောင်၊ ညီးပြောင်ပြောင်နှင့်၊ ခြောက်ထောင် တစ်သောင်း၊ ပျိုတော်ဟူကော၊ နန်းသူပေါင်းတို့၊ ခညောင်းရံကာ၊ မေ့ထံလာ၍၊ နံ့သာ ဆယ်မျိုး၊ မွှေးပျံ့ကြည်ကော၊ ရေကတိုးကို၊ ချိုးလို့ပြီးခါ၊ လိမ်းစရာဟု၊ သွေးကာလည်း ထား၊ သုဝဏ္ဏကော၊ ရွှေဖလားနှင့်၊ ခစားဖြေဖျော်၊ ရံပျိုတော်တို့၊ မွေ့လျော်လေအောင်၊ မြကြာညောင်ကော၊ ခြင်ထောင်အတွင်း၊ ပန်းမွေ့ရာကို၊ ကြဲကာခင်းလို့၊ သင်းတပျံ့ပျံ့၊ ဂန္ဓာရုံလေ၊ ထုံရနံ့နှင့်၊ နူးညံ့ကမ္ဗလာ၊ ဒုတစ်ထွာမှာ၊ မွေ့လျော်တူကွ၊ လမင်းနှင့်သာ၊ စက်တော်ခေါ်ကော၊ ပျော်ပါရလို့၊ ခုမှုတစ်ခါ၊ မှိုင်းမှောင်မှောင်နှင့်၊ မြိုင်ချောင်စတွင်၊ ညောင်ခွပေါ်၌၊ မေသာခုဝယ်၊ စက်တော်ခေါ်ကော၊ ပျော်ဝံ့မည်လေ၊ တွေအာကာသ၊ ကြယ်ကိုပင်လေ၊ မမြင်ရကော၊ လ-ရောင်မထွန်း၊ သစ်တောရိပ်မြိုင်၊ နိဂြောဆိုင်ကော၊ ပင်ညောင်နန်း၌၊ စမ်းစမ်းမိုက်မှောင်၊ ထိုထိုတောင်က၊ ဆင်ပြောင်အူငြား၊ ပင်-ပညောင်လေ၊ မြိုင်ချောင်တောပါ၊ ကျားမင်းလည်းဟုံ၊ ပျားလည်းရုံလို့၊ တုံကာလန့် ထိတ်၊ တစ်ယောက်မေလျှင်၊ ကြောက်သည်စိတ်ကြောင့်၊ မအိပ်မစက်၊ ထိုညဉ့်တွင် လေ၊ ညောင်ပင်ထက်မှာ၊ ချမ်းလျက်လည်းတုံ၊ ကမ္ဗလာကို၊ လွှမ်းကာအုပ်လို့၊ ချုပ်ကာ ခြုံလည်း၊ မလုံနိုင်လို၊ လပြာသိုမှာ၊ ကျလိုဖြောက်ဖြောက်၊ ဆောင်းခါမှီကော၊ ရာသီ တွင်းမှာ၊ ဆီးနှင်းပေါက်နှင့်၊ မိုးသောက်အရုဏ်၊ အခါကြုံသော်၊ တုန်တဆတ်ဆတ်၊ ဒုက္ခပေါပုံ၊ ငရဲဘုံသို့၊ ကြုံပြန်လတ်ကော၊ ရဟတ်စကြာ၊ ထွက်ကာထွန်းလို့၊ နေဝန်းပေါ် လည်း၊ ရောင်ဝါပချင်း၊ ဆီးနှင်းမှုန်လေ၊ ခြုံနေခြင်းကြောင့်၊ ဝင်းဝင်းစက်စက်၊ နေရောင်ခြည်လေ၊ ပြောင်လာလက်လို့၊ မထွက်နိုင်ဖွယ်၊ မေသက်ဝေမှာ၊ အနေ လည်းခက်၊ ချမ်းမပြေကော၊ ယရေထက်မှာ၊ တည်လျက်သန္ဓေ၊ သားသူငယ်လျှင်၊ ဖွားမည်လည်းပြု၊ သည်အမှုကြောင့်၊ ပေါင်းစုဝိုင်းအုံ၊ အခက်ထဲမှာ၊ အခဲကြုံကော၊ ဆွဲပုံမီးနေ၊ အသည်းအူက၊

ပူလို့ညီးအောင်၊ ကြီးတော့သည်လေ။

ကြီးတော့သည်လေ၊ လေကမ္ဘ၊ ပတ္တမြားကြုတ်မှာ၊ သားပုတ္တာကို၊ လှုပ်ကာလ၌၊ အူမ အူသိမ်၊ တွန့်လိမ်ကန်ထိုး၊ သားသန္ဓေကို၊ ဖွားမည်စိုးလို့၊ တညိုး ငေငေ၊ ကြောက်စိတ်လည်းပို၊ နန်းရိပ်ခိုမှာ၊ ငိုလတ်တေက၊ ရွှေပြည်ဌာနီ၊ ကောသမ္ဘီမှာ၊ သက်ဝီပုတ္တာ၊ သားသန္ဓေကို၊ ဖွားပေရက၊ မေလှတစ်၊ စိုးရိမ်းရန်လေ၊ မှန်မရှိပါ၊ မိဘမျိုးဆွေ၊ မစိုးပေအောင်၊ ခြွေရွေမရှား၊ တတ်လိမ္မာကေ၊ ဆရာများနှင့်၊ သားငယ် ပုတ္တ သနားဖွယ်ကို၊ ဖွားပေကမူ၊ ယသူယို့သူ၊ လှုမေဖြူကို၊ ရေပူရေချမ်း၊ ဒုက္ခနှင့်ဝေး၊ မုချအေးလို့၊ ဆင်းရဲမရှိ၊ စိုးရိမ်ဖွယ်လေ၊ မေမသိပါ၊ ဇာတိချက်ကြွေ၊ ယခုဝယ်က၊ ရွှေပြည်ကြငှန်း၊ ရွှေနန်းနှင့်ကွာ၊ မကြံသာကေ၊ ဂန္ဓာမြိုင်နက်၊ နိဂြောဆိုင်က၊ ပင်ညောင်ထက်မှာ၊ အသက်အန္တရာယ်၊ ပျက်ကာကွယ်အောင်၊ သန္ဓေတော်သား၊ မေတစ်ကိုယ်လေ၊ ဘယ်လိုဖွားမည်၊ သမားဝေးကွာ၊ လက်သည်ခေါ်ကေ၊ ဆရာကင်း ဝေး၊ တစ်နည်းတစ်ဖုံ၊ အရေးဆုံလို့၊ တွေ့ကြုံခဲ့က၊ ဆေးဝါးနှင့်ကင်း၊ အေးမြခြင်းဖြင့်၊ မီးထင်းမရှိ၊ ဦးထိပ်တင်လေ၊ လင်မသိကေ၊ ဘမိနှင့်သျှင်း၊ ဉာတိကင်းလို့၊ ထမင်းဖြူ ဖြူ ဟင်းပူပူကို၊ ဘယ်သူကပေး၊ တောမြိုင်ငူမှာ၊ ဘယ်သူကျွေးမည်၊ အရေးတကြီး၊ အချည်းနှီးလျှင်၊ ပျက်စီးရမည်၊ ဘေးဘယာကို၊ တွေးမြော်ထောက်က၊ ကြောက်လှုရေလေ၊ ရွှေပြည်နန်းထဲ၊ သားရွှေစင်ကို၊ မေမြမွေးမူ၊ အေးအေးသာသာ၊ ငှက်မိစ္ဆာလျှင်၊ ထိုးကာယူချီ၊ ကေသနီကေ၊ ဒေဝီခေါ်ဆို၊ မေ့တစ်ကိုယ်ကို၊ မျိုမျိုထားထား၊ စားစား သောက်သောက်၊ ညာနန်းနေကေ၊ မေတစ်ယောက်မှာ၊ သည်လောက်တောင်မူ၊ ငှက်ရန်သူအား၊ မပူမကြောက်၊ ယခုမူလေ၊ အကူလှော်ကလို့၊ တစ်ယောက်မသေ၊ ဤဂနိုင်လေ၊ ပင်ညောင်ထက်မှာ၊ နှစ်သက်သေဟု၊ မျက်ရည်စီးယို၊ အဖြာဖြာကို၊ စာနာထောက်ကေ၊ ကြောက်တိုင်းငိုရေ။

ကြောက်တိုင်းငိုကေ၊ အိုအိုဘုရား၊ သူဇာလင်ဟု၊ ကျော်ထင်ရှားကေ၊ နတ်များ ကိုယ်တိုင်၊ ဝတီပိုင်နှင့်၊ စုံမြိုင်တရိုး၊ ကုသိုလ်ဟုန်လေ၊ ဂုဏ်တန်ခိုးနှင့်၊ ရုက္ခစိုးတွင်၊ ဤမြိုင်ခွင်မှာ၊ သစ်ပင်စောင့်ကြပ်၊ စိုးထွတ်တင်ကေ၊ အိုရှင်နတ်တို့၊ ဖြောင့်မတ်ကြည့် ရှု၊ သားမိခင်ကို၊ ညောင်ပင်ခွမှာ၊ စောင်မပြုပါ၊ ဖွားလုချိန်ကြုံ၊ ဝမ်း၌လုံကေ၊ နူတ်ငုံပတ္တမြား၊ မျိုးနန်းနွယ်လေ၊ သန္ဓေသားကြောင့်၊ ခါးကလည်းကျဉ်၊ ရင်ကလည်း တိုက်၊ ဝမ်းကအိုက်လို့၊ ဖြိုက်ကာရွရွ ကိုယ့်ကိုယ်ကိုလေ၊ ဝမ်းကိုမလို့၊ ရုက္ခပညောင်၊ လေးခွပြောင်မှာ၊ ဆောင့်ကြောင့်လည်းထိုင်၊ ခေါင်းထက်တွင်လေ၊ ညောင်ပင်ခက်ကို၊ လက်နှင့်ကိုင်၍၊ မိန့်မှိုင်တွေဝေ၊ အရေးဆုံးပျာ၊ တွေ့ကြုံဘိလည်း၊ သတိတည်လို့၊ သန္ဓေရှိထ၊ က္ကတ္တိယကေ၊ မိန်းမကိုယ်ဝန်၊ သားရင်းသွေးကို၊ မွေးဖွားဟန်မှာ၊ ပူပန် ဆင်းရဲ၊ မေနှင့်မူလေ၊ မတူကွဲကေ၊ ထူးကဲပိုမို၊ မေတစ်ကိုယ်လျှင်၊ ငြိုငြိုငြင်ငြင်၊ ညောင်ခွတွင်၌၊ ပင်ပင်ပန်းပန်း၊ မရွှင်လန်းအောင်၊ ဝမ်းတွင်းဆရာ၊ မရှိပါကေ၊ အဖော်ကင်းဝေး၊ ညောင်ညိုညိုမှာ၊ တစ်ကိုယ်တည်းလျှင်၊ မွေးရတော့သည်၊ တောမြိုင် ခွင်မှာ၊ ရှင်ဒေဝတို့၊ စောင်မစေဟု၊ မျက်ရည်ပျစ်ပျစ်၊ ဖွားစေလို၍၊ ခါးကိုဖြိုက်လို့၊ ဝမ်း၌သန္ဓေ၊ သားသူငယ်လျှင်၊ ဖွားမည်ကာလ၊ တရွရွကေ၊ ကမ္မဇဝါယော၊ သားပုတ္တာကို၊ လှုပ်ဆော်ငြားကေ၊ အာပေါရေဓာတ်၊ တစိုစိုကေ၊ စီးယိုစွတ်ကေ၊ ကာသ၊ ယောနိဝကို၊ ဖွင့်ထလှိုက်ကျင်၊ ရတနာလေ၊ နန်းလျာသားကို၊ ဖွားမြော်မြင် ကေ၊ ရွှင်ရွှင်လန်းလန်း၊ မွေးမိခင်လေ၊ မပင်ပန်းကေ၊ ချမ်းချမ်းသာသာ၊ ထိုအခါ၌၊ နေဝါထွက်စ၊ နံနက်တွင်လေ၊ နှင်းလျှင်ကျလို့၊ ညကိုမိုးရွာ၊ မွန်းလျှင်တည့်ကေ၊ နေ့လယ်ခါ၌၊ နေဝါထွန်းငြား၊ ဤသို့အားဖြင့်၊ သုံးပါးဥတု၊ စုံလင်မှုကြောင့်၊ သမုစိန် မြ၊ သားသက်ဝီကို၊ ဥဒိန္နဟု၊ နာမသညာ၊ တစ်ကမ္ဘာကို၊ တွင်ခေါ်လေစေ၊ ဘွဲ့နာမည် လေ၊ ရွှေတံဆိပ်ကို၊ နှိပ်လိုက်တေလေ။

နှိပ်ကာခတ်ကေ၊ မြတ်မဟေသီ၊ နတ်ဒေဝီသို့၊ ကေသနီမိဖုရား၊ မျက်နှာမြင် ၍၊ သန့်စင်ဖွားကေ၊ သားကိုချီရွက်၊ ထိုညောင်ပင်တွင်၊ ရင်ခွင်ထက်၌၊ တင်လျက် ပိုက်ထွေ၊ စို့ပါစေဟု၊ နို့ရည်ချိုမြိုက်၊ သားရွှေစင်ကို၊ မိခင်တိုက်လို့၊ စိုက်စိုက်လည်း ခေါ်၊ ကိုယ်ဖြစ်ဟန်ကို၊ ပြန်ကာလှည့်လို့၊ ကြည့်လိုက်ပါသော်၊ ဝမ်းသာဝမ်းနည်း၊ အသက်ရှင်၍၊ ငှက်ဆင်ဘေးက၊ လွတ်ဝေးချမ်းသာ၊ သားဖွားရာမှာ၊ ရောဂါမရှိ၊ အေးချမ်းသာ၍၊ ကျမ်းမာဘိလည်း၊ အမိနှင့်သား၊ ပညောင်ပင်နှင့်၊ တောင်ခွင် တောမှာ၊ အစားအနေ၊ သည်အတွက်ကြောင့်၊ အသက်သေမည်၊ လူ့ပြည်ကသာ၊ တောမုဆိုးတို့၊ သားမျိုးရှာ၍၊ လာသည်ခိုက်ကြုံ၊ တွေ့လိုဆုံသော်၊ ရွှေဘုံရဝေ၊ တိုင်း ဌာနေကို၊ စာခွေနှင့်သာ၊ ပြည်ကြီးရှင်၏၊ ရွှေရင်သားနှင့်၊ ထားတောင်ညာကို၊ ဆောင်ပါခလိုက်၊ မေ့သခင်လေ၊ ငယ်လင်ချစ်ကို၊ မှာလိုက်ပါချင်၊ စုံတစ်ယောက်မျှ၊ မရောက်ကျင်လည်း၊ မြိုင်ခွင်ဟေမာ၊ ဤတောမှာပင်၊ မွေ့လျော်စီးဖြန်း၊ ကမ္ဘန်းဌာန် နှင့်၊ ရဟန်း-ရသေ့၊ မေ့ကိုမူလေ၊ ကြုံလို့တွေ့ကေ၊ ယနေ့ကသော်၊ သက်ချမ်းသာ၍၊ တော်ပါလိမ့်မည်၊ အသွယ်သွယ်ကို ကြံစည်မျှော်ထွေး၊ ကျေးလိမ္မာကို၊ စာခွေဆွဲလို့၊ ပြည်ထဲသို့သာ၊ စေချင်ပါဟု၊ ထင်ရာရည်စူး၊ အထူးထူးကို၊ စိတ်ကူးနေကျင်၊ သားရွှေ စင်လျှင်၊ ရင်ခွင်ထက်မှာ၊ ငိုလေပါသော်၊ ဖြေဖျော်တုံလျက်၊ မြရိပ်ဆောင်ကေ၊ ပညောင်ထက်မှာ၊ ပုခက်ယဉ်သာ၊ မပါပါကေ၊ ကြံကာလည်းတွက်၊

တန်းဆာပြောင် ပြောင်၊ ကမ္ဗလာစောင်ကို၊ ညောင်ပင်ထက်၌၊ အခက်မှာထဲ၊ အမြစ်မြွာနှင့်၊ ရစ်ကာ ဆွဲကော၊ လွဲလို့သိပ်ချင်၊ ပုခက်သွင်၌၊ ယှက်တင်ပြီးထွေ၊ သားရွှေစင်ကို၊ ဧယင်ပြုကော၊ ကျူးလိုက်မည်လေ။

## ကေသနီ မိဖုရားဒေဝီ
## သားလှရွှေစင် ပုလဲသွင်ကို
## ဧယင်ကျူး၍ သားချော့စန်း

ကျူးလိုက်မည်လေ၊ သပြေလက်ယာ၊ မြေမျက်နှာတွင်၊ စကြာရဟတ်၊ ကျွန်းကြီး လေးသွယ်၊ ထက်နတ်ပြည်ကို၊ လှည့်လည်ပတ်ကော၊ မဏ္ဍပ်နွယ်ရိုး၊ ထီးနန်း ခရိုင်၊ အုပ်စိုးပိုင်ပျာ၊ စည်တိုင်းစိုးကော၊ တန်ခိုးနေမီး၊ ဘုန်းတော်ရောင်လေ၊ ပြောင် ပြောင်ညီးကော၊ ဘီးစကြာစိုး၊ ကြီးတန်ခိုးနှင့်၊ ဘိုးစက္ကဝဠ်၊ ဘမန္ဓာတ်တို့၊ နေနတ် သမုတ္တိ၊ တုမရှိကော၊ သာကီနွယ်ဝင်၊ သားရွှေစင်မှာ၊ ဖခင်ထိပ်ပွဲ၊ ကောသမ္ဗီလေ၊ ရွှေပြည်ကြီးမှာ၊ ထီးနန်းစံကော၊ ပူရံတပ္ပ၊ အမည်ရသည်၊ နေလတနုန်း၊ ဘက်မပေါ်နိုင်၊ စကြာပိုင်၍၊ ပြိုင်သူရှုံးလို့၊ ဘုန်းကျက်သရေ၊ တက်ဖြိုးဝေလို့၊ မျိုးနွယ် သန့်စင်၊ တောင်သပြေလေ၊ အောင်မြေကျွန်းမှာ၊ ထီးနန်းရှင်နှင့်၊ မိခင်မာတာ၊ မျိုးဆွေဥာလေ၊ နွယ်လာအမြစ်၊ သမ္မတက၊ စလို့စစ်လျှင်၊ မန္ဒရာဇ်ရင်သွီး၊ ချစ်မငြီး ကော၊ သမီးသက်ဝီ၊ ကေသနီကို၊ ဒေဝီတောင်ညာ၊ သားရွှေစင်လေ၊ ဖခင်မင်းမှာ၊ နှင်းပြီးခါမှ၊ နှစ်ဖြာမောင်နှံ၊ ရာပြည်ထောင်ကို၊ အခေါင်မိုးလို့၊ အုပ်စိုးစံသော်၊ နန်းရံနန်းညှောက်၊ ကြငှန်းဝေယံ၊ နန်းမွေခံကော၊ ပြည်တန်ကျောက်သို့၊ တစ်ယောက် ရတနာ၊ သားရွှေလှော်ကို၊ မေတော်သန့်စင်၊ သန္ဓေတည်၍၊ စံရွှေသားလျှင်၊ မဖွားခင်ကို၊ ငှက်ဆင်ချီငြား၊ ဤညောင်ပင်မှာ၊ ဆောင်တင်ထားလို့၊ မိခင်ဖွားလည်း၊ တိုင်း ကားရွာပြည်၊ မဟုတ်ချေ၍၊ ဗုဒ္ဓဟေခက်၊ ရုက္ခေထက်မှာ၊ ပုခက်ရတနာ၊ မရသာ ကော၊ ကမ္ဗလာနီလွင်၊ ညောင်နန်းသာမှာ၊ လွှမ်းကာကြက်ကော၊ ပုခက်သွင်သို့၊ မိခင်ပြု ပြင်၊ သားရွှေစင်ကို၊ တင်ကာလွှဲကော၊ ဧယင်ကျူးလည်း၊ မျက်ရှုရတနာ၊ စက်တော် ခေါ်ကော၊ ပျော်ပါနိုင်ပဲ၊ မြပုခက်လျှင်၊ မဟုတ်ကျင်၍၊ မိရင်သွေးမှာ ငိုကြွေးသလား၊ ပန်းမာလာယောင်၊ နန်းလျာသားလေ၊ ဘိုးဘွားဝံသာ၊ မျိုးမဟာဟု၊ နွယ်လာကိုကိုး။ သားရွှေစင်လေ၊ သင်မဆိုးနှင့်၊ ပိုးကမ္ဗလာ၊ ပုခက်ပေါ်မှာ၊ စက်ပျော်စေရေး။ ။ မြညောင်ပင်မှာ၊ မိခင်လွှဲကော၊ ဧလည်းယင်ယင်၊ ဧယင်ယင်လေ။

ဧယင်ယင်လေ၊ လွှဲငင်ကြိတ်ကြိတ်၊ နိဂြောဆိုင်လေ၊ ပညောင်ရိပ်မှာ၊ အိပ်ပါ စေကြောင်း၊ တဖျောင်းဖျောင်းနှင့်၊ ချိုညောင်းသာယာ၊ မိမာတာမှာ၊ ကဗျာတေးနှင့်၊ လွှဲခြင်းရာက၊ မေတော်မိခင်၊ ဝမ်း၌လွယ်၍၊ သန္ဓေရကော၊ ဆယ်လကြင်လို့၊ သဇင် ပုလဲ၊ ညောင်ပင်ပေါ်မှာ၊ မြင်ကာမွေးကော၊ ရင်သွေးရတနာ၊ ကောသမ္ဗီလေ၊ ရွှေပြည် ကြီးမှာ၊ ထီးနန်းလျာလေ၊ အောင်ချာဌာနေ၊ နန်းရဝေမှာ၊ သွန်းရွှေတမျှ၊ သားပန်း ပင်ကို၊ ဖွားမြင်ရက၊ မြပုခက်တွင်၊ အသွယ်သွယ်လေ၊ ရွှေချည်ထိုးကော၊ ရွှေကြိုးမျှင် နှင့်၊ ရွှေဖျင်ရွှေပြက်၊ နေအရောင်သို့၊ ရွှေညောင်ရွက်နှင့်၊ ပန်းခက်ပန်းနွယ်၊ ဆန်းတကြယ်ဖြင့်၊ အံ့ဖွယ်စီရင်၊ ပုခက်တွင်၌၊ အစုံရော၍၊ မှုန်ချောသက္ကလတ်၊ အထပ်ထပ်လျှင်၊ ခင်းစပ်ကောင်းစွာ၊ ပန်းမွှေ့ရာမှာ၊ မွေ့လျော်စေကြောင်း၊ ပျိုတော် ဟူကော၊ နန်းသူပေါင်းတို့၊ ချိုညောင်းသာယာ၊ တေးကဗျာနှင့်၊ လွှဲကာကြိတ်ကြိတ်၊ သားရွှေစင်ကို၊ မိခင်သိပ်လို့၊ စက်အိပ်ပျော်ပျော်၊ အတန်ကြာသော်၊ ပြန်ကာလည်းနိုး၊ နံ့သာကြည်ကော၊ ရွှေကတိုးနှင့်၊ ရေချိုးပြီးသော်၊ စို့မညီးကော၊ နို့ထိန်းတော်တို့၊ ဖြေဖျော် ချော့မော့၊ တစ်လှည့်စီလေ၊ ပွေ့ချီမ,လို့၊ ယုယမြတ်လေး၊ မွေးမိခင်၊ လက်ဝါးပြင်မှာ၊ တင်ကာမွေးလို့၊ ကြီးခဲတုံလတ်၊ အဆန်းတကြယ်၊ နန်းရဝေလေ၊ ရွှေပြာသာဒ်မှာ၊ နဝရတ်ကိုးသွယ်၊ ကြိုးစလွယ်နှင့်၊ မျိုးနွယ်သန့်စင်၊ ဆွေမဟာလေ။ နွယ်အာဒိကော၊ သာကီဝင်ဟု၊ ရွှေစင်ပတ္တမြား၊ အထွတ်လည်းတင်၊ နတ်လုလင်သို့၊ ဆင်ဝတ်စားလို့၊ မင်းသားမင်းမြေး၊ ရွှေလင်ပန်းတွင်၊ ချင်းသန့်စင်လို့၊ နန်းတွင်းမွေးကော၊ ရင်သွေး သည်းအူ၊ ဖရိုက်ရာကို၊ နောင်လာမိုးလို့၊ စိုးမည်သူကို၊ ထီးဖြူနှင်းဖို့၊ ကြမ္မာဖန်၍၊ ရှေးကံညှိုးကော၊ ဆိုးခလို့ဟု။ ဤသို့ဒေဝီ၊ သားချော့ရာမှာ၊ ကာရန်သွင်းလို့ ငိုချင်းစီဗျာ၊ ဒါလီမေ့သား၊ ဇောင်မငိုနှင့်။ ထိုထိုတောက၊ ကြောင်ဖားမြီးတို၊ မေ့သက်ဝီကို၊ အဆီ စားလို့၊ အသားမျိုကော၊ ကြောင်အိုလာ၍၊ မတိတ်ခါခါ၊ အိပ်မပျော်သော်၊ ကိုက်ပါ လှည့်ဟု၊ ချိန္တဲ့သံအေး၊ သားရေစင်ကို၊ မိခင်လွှဲကော၊ ဧလည်းယင်ယင်၊ ဧယင်ယင်လေ။

ဧယင်ယင်ကော၊ ညောင်ပင်ရုက္ခေ၊ ဗုဒ္ဓဟေကော၊ မေကေသနီ၊ မဟေသီဟု၊ ဒေဝီပန်းကုံး၊ အံ့မဆုံးကော၊

နန်းလုံးကျက်းသရေ၊ လှမဟေမှာ၊ ရွှေပြည်ကိုတမ်း၊ မေငိုလွမ်းကေ၊ ရွှေနန်းကိုတ၊ သားရွှေစင်ကို၊ မိခင်ချော့လို့ မွေးဖဘုရင်၊ သားပန်းပင် အား၊ မေ့လင်မင်းလှ၊ ရုပ်ပိုင်ပြင်ကို၊ မြင်ပါရက၊ ကာယကိုယ်၌၊ ရိုးတွင်းနီကေ၊ ခြင်ဆီခိုက်အောင်၊ ချစ်လို့မဝ၊ သားဟုဆိုလျှင်၊ တစ်သက်တွင်လေ၊ မမြင်ရလို့၊ ကြင်ဆဖြိုးမောက်၊ ဘယ်လှောက်ပင်လေ၊ ရွှင်ဝမ်းမြောက်မည်၊ တစ်ယောက်ကြင်ရာ၊ မေ့ကိုသော်လေ၊ ရတနာမျက်ရှု၊ သားရွှေစင်ကို၊ ဖွားမြင်မှုကြောင့်၊ ဆုတော်လာတ် တော်၊ ဦးထိပ်တင်ကေ၊ လင်မင်းမြတ်မှာ၊ နှင်းအပ်ပါမည်၊ အောင်ချာဌာနီ၊ ကောသမ္ဗီ မှာ၊ လောကီဓမ္မတာ၊ သားရွှေလွှာနှင့်၊ နှစ်ဖြာတူကွ၊ တို့မောင်နှံလေ၊ ပျော်စံရက၊ နှမတစ်လှည့်၊ မောင်တစ်လှည့်လျှင်၊ ပွေ့ကာချီကာ၊ မိမေတော်နှင့်၊ ပီတာဖခင်၊ ဘယ်လှောက်ပင်လေ၊ ပျော်ရွှင်ပါလို့၊ အချို့ချို့ကို၊ တွက်လို့မကုန်၊ သားဝမ်းဝင်လေ၊ သဇင်ပန်းကို၊ နမ်းပြီးတုံမှ၊ ပူလည်းပူလျက်၊ တကြုတ်ကြုတ်နှင့်၊ နှုတ်လည်းဆက်လို့၊ ချီရွက်ပြီးလျှင်၊ သူ့ဖခင်နှင့်၊ ရုပ်သွင်ရူပ၊ မေ့သည်းအူလေ၊ တူလှပါလို့၊ ရူပလက္ခဏာ၊ မြမျက်နှာမှာ၊ စကြာလသွင်၊ သားငွေစင်ကို၊ ရင်ခွင်မှာပိုက်၊ စို့ပါစေဟု၊ ရှုပ်ပွေကိုင်း ခက်၊ လေးခွပြောင်လေ၊ ပညောင်ထက်မှာ၊ ကြံတွက်ပြီးထွယ်၊ သားရွှေလွှာနှင့်၊ မေတော်လှတို့၊ နေရလေကေ၊ ဤဝယ်တစ်ခန်း၊ နောက်တစ်ဖန်လေ၊ ကာရန်ဆန်း နှင့်၊ ကမ္ဘဌာန်းပျော်မွေ့၊ ထိုဂနိုင်လေ၊ ထိုမြိုင်ကွေ့တွင်း၊ ရသေ့သူတော်၊ ကြောင်းခြင်း ရာကို၊ ထုတ်ဖော်တစ်သွယ်၊ ကဗျာသံဖြင့်၊ ကာရန်ဆန်းနှင့်၊ ညွှန်းပြမည်လေ။

**ဝေဒဒီပရသေ့ နှင့် အာလံကပ္ပရသေ့တို့အကြောင်း**
**၎င်းအာလံ ကပ္ပရှင်ရသေ့နှင့်**
**မိဖုရားတို့တွေ့ဆုံစန်း**

ညွှန်းပြမည်လေ၊ ထိုသည်မြိုင်ယံ၊ ဟေမဝန်မှာ၊ အာလံကပ္ပ၊ အမည်ရကေ၊ နာမသိမ်မွေ့၊ ထေရ်သခင်လေ၊ ရှင်ရသေ့လျှင်၊ ရှေးဦးခါဝယ်၊ ထိုမြိုင်ခြေတွင်၊ ဝေဒဒီပ၊ ရသေ့ကျော်လေ၊ တာပသတို့၊ လောကလူ့ဘောင်၊ ပြည်တည်ထောင်၍၊ အာခေါင်စိုးခြင်း၊ ပြည်နှစ်ပြည်လေ၊ မိတ်ဆွေချင်းကေ၊ မင်းမူကြရာ၊ များမကြာခင်၊ နှစ်ဖြာတူကွ၊ ထိုထိုဗိုလ်ခြေ၊ အို-နာ-သေ၍၊ သံဝေရလျက်၊ တောမြိုင်နက်ကို၊ ထွက်၍လာထွယ်၊ ရသေ့ထေရ်ဟု၊ ဖန်ရည်ဆိုးစွမ်း၊ ဓမ္မတာလေ၊ လျှော်သက်န်းနှင့်၊ သခ်မ်းပြင်ဆောက်၊ ရွှင်ဝမ်းမြောက်လျက်၊ တစ်ယောက်တခြား၊ ထိုခါမူလေ၊ နေတုံ ငြား၍၊ တရားတော်တိုင်း၊ များစွာခိုင်းလျက်၊ ကသိုဏ်းပရိကံ၊ အဘိညာဉ်နှင့်၊ ဈာန် ကိုကြိုးစား၊ မြင့်တာရှည်လေ၊ နေတုံငြားက၊ ပျက်ပြားဇီဝေ၊ ခန္ဓာကွယ်၍၊ ဝေဒဒီပ၊ မြတ်ရသေ့ထေရ်၊ ထက်နတ်ပြည်မှာ၊ ဖြစ်လေရကေ၊ ဒေဝဥပ္ပတ်၊ တန်ခိုးမြတ်သည်၊ မိုးနတ်ဖြစ်ခါ၊ တောမြိုင်ခြေလေ၊ လူ့ပြည်တွင်းကို၊ ဆင်းလို့လာပျာ၊ အာလံကပ္ပ၊ ရသေ့ကျော်လေ၊ တာပသကို၊ သိပ္ပပညာ၊ ဆင်ခေါ်မန္တန်၊ ချိုသံညောင်းကေ၊ နတ် စောင်းပျံကို၊ အပ်နှံပြီးထွယ်၊ တန်းခိုးတော်နှင့်၊ မိုးပေါ်ထက်ကို၊ တက်သွားလေကေ၊ မိတ်ဆွေနတ်သား၊ မ-လာငြားသို့၊ သင်ကြားသမျှ၊ မန္တန်ကျော်လေ၊ ဂါထာကောင်း နှင့်၊ စောင်းကိုရ၍၊ ကာလမကြာ၊ တစ်ရံခါ၌၊ မဟာတာပသ၊ သစ်သီးရှာလေ၊ သွားကာလ၌၊ ရက္ခခေါ်တွင်၊ ပညောင်ပင်က၊ အထင်အရှား၊ သူငယ်တန်လေ၊ ငိုသံ ကြားက၊ ခွဲခြားသိစေ၊ ထိုညောင်ပင်ကို၊ ရှင်ရသေ့လျှင်၊ ကြည့်တောသည်လေ။

ကြည့်တုံလေကေ၊ နတ်နှယ်တမျှ၊ ဆင်းရူပနှင့်၊ မိန်းမရုပ်သွင်၊ ညောင်ပင်ပေါ် ကို၊ မော်ကာကြည့်လို့၊ ရသေ့မြင်ကေ၊ သိချင်ကြောင်းရေ၊ ညာမဟေသီ၊ ကောသနီကို၊ ဤသို့မေးရေ၊ ဝေးလွန်းလှစွာ၊ ထိုဟေမာကို၊ ဘယ်ခါတထူး၊ မိန်းမဟူလေ၊ လူတစ် ယောက်ကေ၊ မရောက်ဖူးပဲ၊ ထူးထူးလွန်လွန်၊ မြင်ရဟန်မှာ၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗ နှင့်၊ ဒေဝများစွာ၊ အသူရာကေ၊ ပြိတ္တာစုန်းဖုတ်၊ နတ်မိစ္ဆာတို့၊ နာနာရုပ်ဖြင့်၊ ပြုလုပ် ပြီးထွက်၊ ကျင့်ဇာဂီလေ၊ ငါ့သီလကို၊ စမ်းတော့သည်လား၊ ပြုလေသမျှ၊ ကုသလကို၊ အမျှရစေ၊ မေတ္တာပို့ကေ၊ ငါတို့ဝေလျက်၊ နှုတ်ပယ်မုသား၊ သင်တစ်တန်လေ၊ မှန်ရာ ပြောဟု၊ မေးသောအခါ၊ သားမေတော်မှာ၊ ဆယ်ဖြာမြှောက်ကေ၊ လျှောက်ခြင်းရာက၊ အောင်ချာဌာနီ၊ ကောသမ္ဗီက၊ ဒေဝီတောင်ညာ၊ ပဋိသန်လေ၊ ကိုယ်ဝန်သားကို၊ ဖွားလုခါ၌၊ နေဆာစံလှုံ၊ ရွှေနန်းဘုံမှာ၊ လွမ်းခြုံကမ္ဗလာ၊ နေသောခါ၌၊ ပျံလာပြီးလျှင်၊ ကြမ္မာငင်၍၊ ၎က်ဆင်ထိုးချီ၊ မိုးတိမ်ဆီက၊ ဤသည်ညောင်ပင်၊ ခွကြားတွင်၌၊ ချတင်သောခါ၊ ကြောက်သည်ရေးကြောင့်၊ ဟစ်ကြွေးကြော်သော်၊ ပျံကာလည်းသွား၊ ရှိကိုယ်ဝန်လေ၊ သန္ဓေသားကို၊ ဖွားသည်အဟုတ်၊

မုသားကံဖြင့်၊ အကျွန်ုပ်လျှင်၊ ဝေဝုစ်ပရိယာယ်၊ အသွယ်သွယ်ဖြင့်၊ ကြံစည်ပြုလုပ်၊ နတ်မိစ္ဆာလေ၊ နာနာရုပ်ကော၊ စုန်းဖုတ်ပြိတ္တာ၊ ဧကေဝုစ်ကော၊ မဟုတ်ပါလေ၊ ကိုယ်တော်မြတ်လှ၊ ကျွန်ုပ်မကို၊ မ-စ-ကြည့်ရှု၊ မြရိပ်ဆောင်ကော၊ ပဉ္စောင်ခွက၊ စောင်မပြုမှု၊ အာယုသက်ရှည်၊ ချမ်းသာ မည်ဟု၊ လျှောက်လေသောခါ၊ ရသေ့ကျော်က၊ ရာဇဒေဝီ၊ မပဟေသီလျှင်၊ အညီစင်စစ်၊ သင်တစ်ဖန်လေ၊ အမှန်ဖြစ်က၊ ရာဇပရိယာယ်၊ ဆယ့်နှစ်မည်ကို၊ ခွဲဝေမုချ၊ သင်မ-ဆိုကော၊ ငါ့ကိုပြဟု၊ တာပသထေရ်၊ ညှိဆင်ခြင်၍၊ သိမြင်ရေးနှင့်၊ စစ်မေးရေလေ။

# မိဖုရားကေသနီသည် တာပသီ ရသေ့အကျော်ကို မွေ့လျော်အောင် နှောင်အိမ်အတွင်းသို့ လှောင်သွင်းကာ အကြောင်းပါ၍ ပေါင်းဖော်တော်မူခန်း

စစ်ကာမေးကော၊ ချိုအေးသာယာ၊ ညာနန်းစံမှာ၊ ပြန်လာခေါက်လို့၊ လျှောက်ခြင်းရာက၊ မဟာတာပသ်၊ ကျင့်သီလလံလေ၊ အလွန်မြတ်လို့၊ လူနတ်သာခု၊ ခေါ်ဝေါ်ပြုကော၊ အောင်ဆုပွင့်ရန်၊ ရညကင်ဖြင့်၊ ရှှင်ပျော်မွေ့ကော၊ ရသေ့ပျံ့လေ၊ ဟုတ်မှန်သမျှ၊ ယုတ်မလွန်ဘဲ၊ ထုတ်ပြန်ပြလို့၊ ရာဇပရိယာယ်၊ ဆိုတုံသည်က၊ မထေရ် သူမြတ်၊ အနည်းငယ်လေ၊ ခွဲဝေပြောမည်၊ ရွှေနားချပ်လော၊ ပွတ်ကြိုးငင်ဆွဲ၊ ရှင်ရသေ့လေ၊ မြေထဲကျောက်ခံ၊ ဆယ့်နှစ်တင်တွင်၊ မှည့်ခွံ့သရက်၊ တစ်ဧကေလေ၊ မှန်မပျက်ကော၊ လက်ဝှက်ကစား၊ တွင်းထားပွေးကြွက်၊ စက်ပွက်မီးခုံ၊ ဆယ့်နှစ်ပုံကို၊ စေ့စုံအောင်ပင်၊ မဆိုခင်ကို၊ ထိုရှင်ရသေ့၊ ကိုယ်တိုင်လေ့၍၊ စေ့အစုံလျှင်၊ သိလေကျင် ကော၊ သင်ဒကာမ၊ ချောကိုယ်ပိုင်နှင့်၊ ယဉ်နုလှလေ၊ ငါကတစ်မူ၊ ရှေးဦးအစ၊ အာကလူရာ၊ ထီးဖြူပိုင်ခြင်း၊ ပြည်ဗာရာကို၊ အာဏာချင်း၍၊ မင်းလုပ်သောခါ၊ မမွေ့လျော်ကော၊ ပမာချင့်နှိုင်း၊ ပြည်ဌာနီလေ၊ ကာသိန်တိုင်းကို၊ သချိုင်းအသွင်၊ စိတ်ကထင်၍၊ ဘုရင်ရိပ်ငြိမ်၊ မင်းစည်းစိမ်ကို၊ နှောင်အိမ်အဟန်၊ ဟောင်ညှီနံ့လို့၊ စံမပျော်မွေ့၊ ပန်းဂနိုင်နှင့်၊ စမ်းမြိုင်တွေ့မှာ၊ ရသေ့ရဟန်း၊ ကသိုဏ်းပန်းကို၊ စီးဖြန်း ပြီးထွယ်၊ ငါလျှင်နေကော၊ မပဟေတောင်ညာ၊ ဣတ္ထိယာကို၊ ကာမေသုစစ်၊ ရှောင် မကွယ်ဘဲ၊ လက်ခြေတိုက်က၊ အပြစ်ကြီးကျယ်၊ ငါတကယ်လည်း၊ သေမည်အမှန်၊ ဖြစ်ခြင်းဟန်ကြောင့်၊ စီမံကြံဆောင်၊ ပင်ရုက္ခမှာ၊ လှေကားထောင်၍၊ ညောင်ညိုကချ၊ ပင်အောက်မြေကို ရောက်လေကလျှင် တာပသခေါ်၊ ရသေ့ကျော်၏၊ နောက်တော်ကသည်၊ သားဥဒိန်ကို၊ ချီကာပိုက်လို့၊ လိုက်တုံလေက၊ ရောက်ပေတုံရှောင်း၊ သခ်မ်း ကျောင်းမှာ၊ မပေါင်းမဖော်၊ သင့်လျော်ရာက၊ မဟာတာပသ၊ သားမေတော်ကို၊ ထားကာလဉ်၊ ညာရမေဟ၊ စိတ်ကူးဉာဏ်နှင့်၊ ကြံလတ်တေကော၊ အကယ်စင်စစ်၊ ရသေ့ကျော်လေ၊ နှစ်ကာပစ်လို့၊ မချစ်မခင်၊ မစစ်ကျင်ကော၊ ငါလျှင်မှန်စွာ၊ ဤတောမှာပင်၊ ပြည်ရွာမရောက်၊ သားတစ်ယောက်နှင့်၊ သက်ပျောက်ဇီဝေ၊ မကြံ သာ၍၊ ခန္ဓာတုံးကော၊ ဆုံးရမည်လေ။

ဆုံးရမည်လေ၊ မထေရ်မြတ်မွန်၊ ရသေ့ပျံ့ကို၊ ညွှန်တဏှာတွင်း၊ သံယောဇဉ် လေ၊ ချည်နှောင်ခြင်းဖြင့်၊ မငြင်းသာအောင်၊ သွင်းကာနှောင်လို့၊ နောက်နှောင်တာ ရှည်၊ မေနှင့်မူလေ၊ အတူပေါင်းမှ၊ ကောင်းနိုင်မည်လေ၊ ကြံစည်တုံလျက်၊ နောက်တစ်ဖန်လေ၊ ပြန်ကာတွက်ကော၊ ရမ္မက်တဏှာ၊ ကိလေသာကို၊ ဖယ်ခွာကာ ဖြတ်၊ မင်းစည်းစိမ်ကို၊ ရေအိမ်မှတ်လို့၊ တောရပ်ဆောက်တည်၊ မြတ်မထေရ်ကို၊ လွယ်မည်မထင်၊ သို့ရာတွင်လေ၊ အကြွင်ရှိထ၊ ပုရိသတို့၊ ရာဂတဏှာ၊ ကုန်ကာခန်း ကော၊ ရဟန္တာလျှင်၊ ဖြစ်ခါပြီးမှ၊ ထိုမိန်းမတို့၊ ကြံဆခြင်းငှာ၊ ရာဂဓာတ်ဖြင့်၊ မတတ် သာကော၊ တဏှာလောဘ၊ ကာမောဃနှင့်၊ ရာဂမရှင်း၊ ပုထုဇဉ်လေ၊ အယဉ်ဖြတ်၍၊ လွင်မကင်းက၊ မင်းသော-ချင်းသော၊ ရသေ့ရဟန်း၊ ဈာန်ကမ္မဋ္ဌာန်းနှင့်၊ ပျံ့သန်းငြား လည်း၊ လောဘအာရုံ၊ မကင်းတုံသော်၊ ငြင်းခုံမလွတ်၊ မိုးပျံ့မြေလျှိုး၊ တိညာဉ်မျိုးဖြင့်၊ ဈာန်ကြိုးပြတ်မည်၊ မှတ်တုံပေ၍၊ ထေရ်ရသေ့ကျော်၊ မမွေ့လျော်အောင်၊ ထွေရာ ကိစ္စ၊ မိန်းမအာရုံ၊ ကာမဂုဏ်နှင့်၊ ဆော်လှုံ့ပြလို့၊ ကာယဝိညတ်၊ အရပ်ရပ်ဖြင့်၊ ဓာတ်သဘာဝ၊ ထိုခိုက်ကြအောင်၊ ဆိတ်ဆော့ပြောဆို၊ ရသေ့ချောက်ကို၊ တဏှာဓာတ် ဖြင့်၊ စပ်ယှက်လို၍၊ ထိုထိုရာရာ၊ အဖြာဖြာကော၊ မာယာပရိယာယ်၊ အသွယ်သွယ်ဖြင့်၊ ကြံစည်ပြုလုပ်၊ တဏှာဟူသည်၊ ဆာပူခြင်းဖြင့်၊ ကင်းမပြုတ်၍၊ ထိန်းချုပ်မခိုင်၊ မငြိမ်းနိုင်ကော၊ ယိမ်းယိုင်ပြောင်းညွှတ်၊ ဂူဥမင်မှာ၊ မူတင်လေ့ကော၊ ရသေ့မြတ်လျှင်၊ မအပ်မရာ၊ မာတုကာဟု၊ ပယ်ကာငြင်းခုံ၊ ထေရ်ပုဂ္ဂိုလ်ကို၊ မျက်ချီသွေးကော၊ ချွဲကာ မြူလို့၊ အမူအရာ၊ ရူပကာနှင့်၊ မာယာအပလီ၊ လှဒေဝီက၊ တီတီတာတာ၊ မလျော် ရာလေ၊ လော်မာမှုကို၊

ပြုသောခါ၌၊ ထေရ်ကျော်ရသေ့၊ ကျင့်သိမ်မွေ့လည်း၊ အတွေ ကိုသည်၊ မရှောင်ကြဥ်ဘဲ၊ မဟေညာနတ်၊ ကိလေသာလေ၊ တဏှာညွတ်က၊ မလွတ် နိုင်ရှာ၊ ညွတ်မှိုင်ကာဖြင့်၊ ယရာဝါသ၊ ဂဟေနှောင်ကော၊ တည်ထောင်ကြလို့၊ တူကွ ပေါင်းဖော်၊ ရသေ့ကျော်လျှင်၊ ပေးကာကျွေးမွေး၊ သစ်သီးရှာ၍၊ ဝိဟာထဲမှာ၊ ရင်သွေးသားလှ၊ ဥဒိန္နလည်း၊ ဒေဝသူငယ်၊ ပုံအလားကော၊ သနားဖွယ်ဖြင့်၊ ပြုံးရယ် ချောမော၊ အသာသာလေ၊ ထကာသွားကော၊ ဖဝါးချချီ၊ ကေသနီဟု၊ ဒေဝီမိခင်၊ သားရွှေစင်ကို၊ သုတ်သင်မြတ်လေး၊ ရသေ့ကျော်လျှင်၊ ဖွေရှာကျွေးကော၊ အေးအေး သာသာ၊ ချမ်းငြိမ်းတည်းလေ။

အေးအေးမယေသာသာ၊ ရသေ့ကျော်လျှင်၊ မေတ္တာလည်းမျှ၊ လောင်းသမ္ဘိန် လေ၊ ဥဒိန္နကို၊ သားလှအသွင်၊ စိတ်ကထင်၍၊ သွန်သင်ပြသ၊ ဆယ့်ရှစ်ဝကော၊ သိပ္ပ သိပ္ပံ၊ အတန်တန်ကို၊ စီမံကြံစည်၊ ထိုသူတော်လေ၊ တာပသမှာ၊ သင်ပြလေကော၊ အရွယ်လည်းမြောက်၊ တစ်ဆယ်ခြောက်သို့၊ စေ့ရောက်လေသော်၊ ခါတစ်နေ့၌၊ ရသေ့ကျော်လျှင်၊ ညခါသမယ၊ အဇ္ဈာလေ၊ အာကာသမှာ၊ သီဟဗျက္ခဇာ၊ ဂြိုဟ်တာရာတို့၊ မကွာမြဲတုံ၊ နိရထုံဟု၊ အခုန်အပြောင်း၊ ကြောင်းအကျိုးကော၊ ဆိုးအကောင်း နှင့်၊ အပေါင်းဂြိုဟ်ရပ်၊ စက်ရဟတ်သို့၊ နက္ခတ်ဝင်ထွက်၊ အချက်ချက်နှင့်၊ အထက်ပါရာ၊ လက္ခဏာကို၊ တွက်ကာဆင်ခြင်၊ ရှစ်မျက်နှာကို၊ ပတ်ကာလှည့်လို့၊ ကြည့်လေ ကျင်သော်၊ ရှုမြင်တုံငြား၊ ဂြိုဟ်အသွားနှင့်၊ ကောသမ္ဗီပြည်၊ နက္ခတ်ကြယ်လျှင်၊ ညိုးငယ် နွမ်းသုန်၊ အရောင်မှုန်၍၊ ဒိဋ္ဌမှတ်စု၊ ဣရုအမှာ၊ လောကီလမ်းမှာ၊ ကျမ်းရွှေစာနှင့်၊ စူဠာမုနိ၊ အမည်ရှိကော၊ အသီတိကျမ်း၊ ဓာတ်ဆန်းဓာတ်ပျက်၊ နရစက်နှင့်၊ နက္ခတ်အဟော၊ ဓာတ်သဘောမှာ၊ ကောသမ္ဗီမင်း၊ ဆောင်းထီးဖြူနှင့်၊ လူထိပ်နှင်းလျှင်၊ ကင်းဇီဝိန်ပြတ်၊ ရုပ်ကလာပ်တို့၊ နဝရတ်ရွှေဘုံ၊ ကွာကိန်းကြုံဟု၊ စိတ်ယုံလက်ချ၊ ရသေ့ထေရ်မှာ၊ ပြောလေကလျှင်၊ ဥဒိန္နမိခင်၊ ကြားသိကျင်သော်၊ ငယ်လင်ယော ကျား၊ ငယ်မယားကြောင့်၊ ချစ်အားလည်းပို၊ ယိုမျက်ရည်ကို၊ လက်ရွှေသုတ်ကော၊ ရှုပ်ရှုပ်ငိုရေ၊ အပျိုအရွယ်၊ သက်နုနယ်ကော၊ အငယ်ကပင်၊ ဆယ်ဆကြင်၍၊ လင်နှင့် မယား၊ နန်းရွှေဘုံမှာ၊ လက်ဆုံစားလို့၊ နှစ်ပါးအတူ၊ လူတကာကို၊ အုပ်ကာမိုးလို့၊ စိုးတော်မူကော၊ ကြည်ဖြူမြတ်လေး၊ ငှက်ဆင်ဟူကော၊ ရန်သူခွဲလို့၊ ကွဲခဲ့ရကျင်၊ သားဖ ခင်ကို၊ မမြင်လိုက်ရ၊ တို့မောင်နှံမှာ၊ ပန်ဆုတောင်းကော၊ မကောင်းခလို့၊ ဘဝတစ်ပါး၊ ပြောင်းသွားရလေ၊ ငယ်ကကြင်ကော၊ ငယ်ခင်ပွန်းကို၊ လွမ်းတော့သည်လေ။

လွမ်းတော့သည်လေ၊ ရွှေပြည်ကြငှန်း၊ သိမ်းစံမြန်းသည်၊ ထီးနန်းသခင်၊ ငယ် ကျွမ်းဝင်ကော၊ ငယ်လင်ယောကျ်ား၊ သီရိသရေ၊ ရှိပါစေဟု၊ ဆောင်းရွှေထီးနှင့်၊ ချီးမြှောက်စားလို့၊ မိဖုရားမဟေသီ၊ ကေသနီဟု၊ ဘွဲ့ချီသတ်မှတ်၊ မောင်းမများမြောင်၊ သောင်းခြောက်ထောင်တွင်၊ အခေါင်တပ်ကော၊ အထွဋ်လည်းတင်၊ မေ့ငယ်လင်လျှင်၊ ရွှေစင်ပတ္တမြား၊ မေ့သက်ဝီလေ၊ ဥဒိန်သားကို၊ မြင်ဖွားတုံဘိ၊ လင်မင်းကျော်လျှင်၊ ခြင်းဇာတိကို၊ မသိလေကျင်၊ တစ်ချက်ပင်လေ၊ မမြင်လေရ၊ နတ်ပြည်စံကော၊ သွေလွန်စွဟု၊ တ-သငိုခါ၊ ရသေ့ကျော်က၊ ဖြေဖျော်ဆုံးမ၊ ဖြစ်ပျက်ဟန်မှာ၊ မှန်သဘောဟု၊ တရားပြလျက်၊ ဥဒိန္နကုမ္မာ၊ သားနန်းလျာက၊ မာတာမိခင်၊ ငိုသည်မြင်သော်၊ ကြောင်းအင်သိရေး၊ မိမေတော်ကို၊ ခါခါမေးက၊ ရင်သွေးပတ္တမြား၊ ငါ့ချစ်သားကို၊ ပြောဟောလေလျှင်၊ ကြောင်းဇာတိကို၊ သိတုံကျင်သော်၊ ဖခင်တိုင်းပြည်၊ သွားလိမ့် မည်ကို၊ စိုးသည်တွက်တာ၊ မိဒေဝီလျှင်၊ ဥဒိန်သားကို၊ မပြောပါကော၊ ခါခါဖန်ဖန်၊ မေးလေပြန်သော်၊ ဖြစ်ဟန်ကြောင်းရေး၊ ထွက်ကာစွေကော၊ မျက်ရည်ရွှေးနှင့်၊ ရင်သွေးရတနာ၊ သားနန်းလျာကို၊ ချန်ကာမထား၊ မိခင်မာတာ၊ ဟုတ်မှန်ရာကို၊ ပြန်ကာပြောက၊ စိတ်ထားစိတ်နေ၊ မတည်ကြည်ကော၊ ရွှေပြည်နဂရာ၊ တိုင်းအောင် ချာကို၊ သွားလိုပါကြောင်း၊ မိခင်ထံမှာ၊ ခွင့်ပန်တောင်းသော်၊ သားကောင်းမောင်လှ၊ သမုစိန်သို့၊ ဥဒိန္နလေ၊ မွေးဖပြည်ရွာ၊ သွားလိုပါလည်း၊ တော်မည်မုချ၊ မဟုတ်လှပါ၊ မိမာတာကို၊ အောင်ချာဌာနီ၊ ကောသမ္ဗီက၊ ငှက်ချီဆောင်ကာ၊ ညောင်နန်းသာမှာ၊ ရတနာပတ္တမြား၊ သားပန်းပင်ကို၊ မိခင်ဖွားသည်၊ ကြောင်းလျာဇာတိ၊ တို့ပြည်သူလေ၊ လူမသိဘဲမွေးမိကိုထား၊ ဖခင်ပြည်ကို၊ သားငယ်သွားလို့၊ ရောက်ငြားခါဝယ်၊ ကေသနီ လေ၊ ဒေဝီသားဟု၊ ပြောတုံလေသော်၊ ယုံမည်မုချ၊ မဟုတ်လှဘူး၊ ဒုက္ခဆင်းရဲ၊ မွေးမိခင်ကို၊ ရှင်ရှင်ခွဲလို့၊ ရင်သွေးသည်းချာ၊ သွားမလျော်ဟု၊ မယ်တော်မိဖုရား၊ သားမင်းပျိုကို၊ ဆိုကာထားကော၊ မသွားစေချင်၊ စေချင်ကြောင်းလေ။

## ၄၇

## ကောသမ္ဗီ ပြည်တော်နန်းကို သားဥဒိန်း ရည်မျှော်မှန်းပြီးလျှင် တောလမ်းက လှမ်းချီတော်မူသော တောစခန်း

မသွားမယေစေချင်၊ သားရွှေစင်ကို၊ မိခင်မြစ်တား၊ သို့ဖြစ်ငြားလည်း၊ ချစ်သားဥဒိန်၊ အကြိမ်ကြိမ်လျှင်၊ နှိမ်ကာဦးချ၊ တုမမျှကော၊ ဂုဏကြီးထု၊အရာအ ထောင်၊ ပမာဆောင်သော်၊ တောင်မေရုထက်၊ ကျေးဇူးကြီးကျယ်၊ ဆပ်မကုန် အောင်၊ ဂုဏ်ဒြပ်နှင့်၊ မြတ်မဟေလေ၊ သေသေချာချာ၊ ကျွန်ုပ်စကားကို၊ ရွှေနားနာပါ၊ မြိုင်ချာတောအုပ်၊ ဉာဂန္ဓလေ၊ ဇနပုဒ်မှာ၊ ကျွန်ုပ်သည်းချာ၊ ယနေ့ကပင်၊ မမွေ့လျော် ပါ၊ နရသဘာ၊ ခတ္တိယဟု၊ ဖခမည်းတော်၊ မစံသာကော၊ ခန္ဓာပြတ်လို့၊ နန်းရပ်ပျော် သော်၊ ပြည်ရွာထီးနန်း၊ အခန်းခန်းကို၊ သိမ်းမြန်းအုပ်ချုပ်၊ နန်းပလ္လင်မှာ၊ မင်းလျှင်လုပ်လို့၊ ကျွန်ုပ်ပုတ္တာ၊ ဩရသလျှင်၊ နန်းမရဝေ၊ ဖခင်သေသော်၊ အမွေရ သင့်၊ ဖြစ်သဖြင့်လျှင်၊ ထောက်ချင့်လိုက်မူ၊ ဖရိုက်ရာကို၊ အုပ်ကာမိုးလို့၊ စိုးမည်သူ ကော၊ သည်းအူပတ္တမြား၊ ဖပီတာ၏၊ သားတော်စစ်ကော၊ ဖြစ်ပါငြားလျက် မသွားတုံ ပေ၊ တောမှာနေကော၊ ကျက်သရေသိမ်နုပ်၊ ခတ္တိယာလေ၊ မဟာဖွားကော၊ သားမဟုတ် သို့၊ တိမ်မြုပ် ညှိုးငယ်၊ မွေးမယ်တော်လေ၊ တွေးမြော်ချင့်က၊ မတင့်တယ်ပါ၊ အကယ် တန္တိ၊ ကျွန်ုပ်ကိုမူ၊ တိုင်းပြည်သူကော၊ လူမသိလည်း၊ မိမိဘုန်းကံ၊ မိမိဉာဏ်နှင့်၊ ကြံဖန်ပြီးမူ၊ ဖခင်နေကော၊ ရွှေပြည်ကြီးကို၊ သိမ်းလို့ယူမည်၊ ကြည်ဖြူမြတ်လေး၊ မွေးသည်မိခင်၊ ရွှေနို့ရှင်မှာ ခွင့်လျှင်ပေးပါ၊ တောင်းသောအခါ၌၊ မေတော်စိုး နှောင်း၊ သားနန်းလောင်းကို၊ အကြောင်းမဆိုင်၊ တားမနိုင်ကော၊ အားယိုင်ခွေပျော့၊ ရသေ့ကျော်အား၊ သားသည်းချာကို၊ တားပါတော့ဟု၊ မြွက်ဟဆိုသော်၊ ရသေ့ကျော်က၊ တွေးမြော်စဉ်းစား၊ တောကြက်တစ်ကောင်၊ ဖမ်းဆီးနှောင်ပျာ၊ ချိုင့်လှောင်ထား သို့၊ သင့်သားကိုသည်၊ တားမြစ်ပေလို့၊ နိုင်မည်မထင်၊ ထွက်ခွာဝေးအောင်၊ မပြေး ခင်ကို၊ ကြောင်းအင်စကား၊ ပြောစုပြောရန်၊ ကွင်းမကျန်အောင်၊ စီမံငြားလို့မှာ လိုက်ပါဟု၊ ငါကသော်လည်း၊ သင့်လျော်အောင်ပ၊ မစိုးသာအောင်၊ အကျိုး ဆောင်လို့၊ သားမောင်လှကို၊ စောင်မလိုက်မည်၊ ရသေ့ကျော်မှာ၊ တွေးမြော် ငြားကော၊ ပြောတော့သည်လေ။

### မိခင်မှာပုံတော်

ပြောတုံလေကော၊ မွေးသည်မိခင်၊ သားသက်ရှင်ကြောင့်၊ မရွှင်နွမ်းညှိုး၊ ကိုယ့်သည်းချာလေ၊ မဟာမျိုးကို၊ ကြောင်းကျိုးစပ်ကာ၊ မျှားထိုထိုကို၊ ငိုယိုငြားလို့၊ပြော ခြင်းရာက၊ မာတာမိခင်၊ မျက်ရှုဆင်၍၊ ကြည့်မြင်မဝ၊ အားမရကော၊ သားလှဥဒိန်၊ ကောသမ္ဗီကို၊ ခွန်ဆီစိုးမည်၊ ဖိုးထိုက်စိန်လေ၊ အသမ္ဘိန္န၊ ခေတ္တိယကော၊ ဝံသလည်းဖြစ်၊ ဖခြေရာကို၊ ဖွေရှာစစ်၍၊ သားချစ်သက်ဝေ၊ မိကိုပစ်လို့၊ လိုက်တော့မည်လား၊ တကယ်ဇကေန်၊ လိုက်မည်မှန်သော်၊ ဖိုးတန်စကား၊ မိမာတာလေ၊ မှာတော်ထားမည်၊ ချစ်သားရတနာ၊ မိသည်းခေါင်မှာ၊ ရှောင်မရှားဘဲ၊ ထောင်နားနာလော၊ အောင်ချာ ရွှေပြည်၊ ရောက်တုံလေသော်၊ မတ်ငယ်မတ်ကြီး၊ အသီးသီးသို့၊ ကြောင်းရေးစုံလင်၊ ယုံစေချင်ကော၊ ဖခင်နန်းစံ၊ ပူရုံတပ္ပ၊ ခမည်းတော်လေ၊ ဘွဲ့နာမနှင့်၊ နဂရဌာနီ၊ ကောသမ္ဗီတွင်၊ ကေသနီမိဖုရား၊ မဟေသီလေ၊ ဒေဝီဘွားကော၊ သားဥဒိန္န၊ ရင်သွေး မွေခံ၊ တဇကေန်ကော၊ မှန်ပါလှဟု၊ နာမသညာ၊ ပြောပြကာဖြင့်၊ မဟာသေန၊ အမဋ္ဌက၊ နန်းမမတ်ဝန်၊ အတွင်းဝန်နှင့်၊ ပြင်ဝန်လေးပါး၊ မှူးကြီးမတ်ငယ်၊ အသွယ်သွယ်လေ၊ နာမည်များကို၊ ပြောပြလေတုံ၊ မယ်ဝန်များတို့၊ ကြားမယုံသော်၊ ရွှေဘုံနန်းမှာ၊ မွေးမိခင်လေ၊ ဆင်ယင်လတ်လို့၊ ဝတ်တုံပါကော၊ ရတနာကျောက်မြတ်၊ ဖိုးသိင်္ဂီလေ၊ ဉာလက်စွပ်နှင့်၊ သက္ကလတ်ကမ္ဗလာ၊ ငှက်ချီရာမှာ၊ ပါလာတုံငြား၊ ကေသနီဟု၊ သညီရှိကော၊ မိဝတ်စားကို၊ ချစ်သားပြလေ၊ ထိုခါတုံ၌၊ အကုန်သိကေ-ယုံလိမ့်မည်။ မှာပေတုံလျက်၊ သားပန်းခိုင်အား၊ ရွှေလည်ဖက်လို့၊ အသက်တမျှ၊ မိမာတာလေ၊ မေတ္တာရိစလို့၊ ချစ်မဝကော၊ မိဘတံထွာ၊ သားတစ်ရာနှင့်၊ မျှားစွာနှစ်ကဲ၊ အတူထိုင် ကော၊ လည်ချင်းဆွဲလည်း၊ ရောင့်ရဲမပြေ၊ မကြည့်နိုင်ဘဲ၊ မိမာတာမှာ၊ ရတနာကျောက် ကော၊ တစ်ယောက်တည်းဇုံ၊ ခွဲရမည်ချက်၊ ဝမ်းထဲဆာပူ၊ သည်းနှင့်အူလေ၊ ပြုကာထွက် သို့၊ ခက်လှတော့သည်၊ သားရွှေစင်ကို၊ မိခင်နမ်းကော၊ လွမ်းစိတ်ဖြေရေ။

လွမ်းစိတ်ဖြေကော၊ မပြေနိုင်တုံ၊ ချစ်အာရုံနှင့်၊ စုံစုံမက်မက်၊ တသက်သက်ကော၊ စစ်စက်လည်းခေါ်၊ သားရင်သွေးကို၊ မခွဲသာ၍၊ သည်းချာသက်စု၊ တစ်ယောက်ကျူ ကော၊ သားဦးမေတော်၊ နေမပျော်ကော၊ ရွှေကြာနေထိုး၊

မလန်းသာကော၊ နွမ်းကာညှိုး သို့၊ စိုးလွမ်းသည်ပင်၊ သားရွှေစင်လည်း၊ ဘဝင်စိုးနှောင့်၊ စိတ်မရွှင်ကော၊ မိခင်ကြောင့်လျှင်၊ မဖြောင်မသက်၊ သို့ပါလျက်လည်း၊ စိတ်လက်တမ်းယမ်း၊ လူတို့ရွာ ကို၊ မျှော်ကာမှန်းလို့၊ ရွှေနန်းဘယ့်နှယ်၊ ရွှေပြည်ဘယ်သို့၊ ရွှေမြို့ဘယ်ပုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ရော်ကာရမ်းလို့၊ နန်းစည်ရှင်မှာ၊ ရောက်ချင်လိုဘိ၊ စိတ်တော်ရှိ၍၊ မွေမိကိုလျှင်၊ ထုတ်ကာဆို၍၊ နှုတ်ချိုပျားနှင့်၊ ပြောခြင်းအင်က၊ ဂုဏ်အင်နှိုင်းဘိ၊ တိုင်းမသိကော၊ မွေးမိမာတာ၊ မှားခြင်းရာကို၊ နားမှာဆတ်ဆတ်၊ တံဆိပ်ခတ်သို့၊ မှတ်မိပါပြီ၊ မိဒေဝီမှာ၊ ညှိုးပိန်ဒုက္ခ၊ သားဥဒိန်ကြောင့်၊ စိုးရိမ်နှောင်းကော၊ မကြောင့်ကြနှင့်၊ သားလှလိမ္မာ၊ မိခင်ဝတ်ကော၊ မြတ်တန်ဆာနှင့်၊ ကမ္ဗလာလက်စွပ်၊ ယူပြီးခါမှ၊ ဆယ်ဖြာညွှတ်၍၊ တုပ်ဝပ်ရိုကျိုး၊ ခါသုံးလီလျှင်၊ ဦးနှိမ်မိုးကော၊ ရှိခိုးပြီးခါ၊ မိမာတာကို၊ လက်ယာရစ်ပတ်၊ ပညာသင်၍၊ ဂုဏ်အင်ကဲကော၊ ရသေ့မြတ်ကို၊ ရိုကျိုး သုံးလီ၊ တာပသီက၊ လောကီပညာ၊ အရာရာတွင်၊ တေဇာထက်မြက်၊ လူအပေါ်မှာ အာဏာစက်နှင့်၊ စုံမက်ကြည်လင်၊ မျက်နှာမြင်ကော၊ ချစ်ခစ်စေရန်၊ ပီယံနုကိုပြုစီ မံ၍၊ မန္တန်လက်ဖွဲ့၊ ထေရ်သခင်လေ၊ ရှင်ရသေ့လျှင်၊ ခါးလှည့်နှုတ်ငုံ၊ အလုံးစုံကို၊ အကုန်စီရင်၊ သားရင်သွေးကို၊ ပေးပြီးကျင်မှ၊ ဆင်ခေါ်မန္တန်၊ စောင်းကိုတီးလို့ဟီး လိုက်ပြန်သော်၊ အသံကြားရာ၊ မနေသာကော၊ များစွာဆင်ပေါင်း၊ ထိုခါဝယ်၌၊ ရောက် လေရှောင်းကော၊ အလောင်းမင်း ကျော်၊ စောင်းတီးကာဖြင့်၊ ဥတေဘာ်သထ၊ ဂဇာတွင်ကော၊ ဆင်ဟတ္တိကို၊ စီးပြီးမှလျှင်၊ များလှသောင်းသောင်း၊ ရှင် မညောင်းအောင်၊ ဆင်ပေါင်းရနထွယ်၊ မင်္ဂလာလေ၊ အခါမှန်းကော၊ လှမ်းချီရေလေ။

လှမ်းချီလေကော၊ နန်းနွယ်နန်းဖွား၊ နန်းစည်ရှင်လေ၊ ဘုရင်သားကို၊ ဆင်များ ခြံရံ၊ သွားလေပြန်သော်၊ ညာစံမွေးမိ၊ ဝမ်းထဲဆာပူ၊ သည်းနှင့်အူကို၊ နုတ်ယူဘိသို့၊ သတိမတည်၊ စိတ်မကြည်ကော၊ မျက်ရည်ရွှမ်းရွှမ်း၊ ငိုသည်းချာလေ၊ ပြည်တော်နန်း ကို၊ ဖြောင့်တန်းရောက်ထွယ်၊ အောင်ပါလေကော၊ အောင်စေသတည်း၊ မျက်ရည်ယို ကော၊ စို့ရွှဲရွှဲနှင့်၊ ဝမ်းနည်းဝမ်းနု၊ ရွှေရင်အုံကို၊ ဖုံဖုံထုလို့၊ သက်စုလည်းရွှေး၊ သားရင် သွေးကို၊ အဝေးရောက်လျှင်၊ မျှော်ကာငဲ့လို့၊ ကြည့်မမြင်ကော၊ မိခင်ဒေဝီ၊ ကေသနီမှာ၊ ဖြေဆည်နိုင်ဘဲ၊ သားမင်းပျိုကြောင့်၊ ငိုကာကြွေးကော၊ ရသေ့သူတော်၊ ဆောင်ယူကာ ဖြင့်၊ ဖြေဖျော်နားချ၊ တညိုးငယ်ငယ်၊ စိုးမပြေဘဲ၊ နေလေရကော၊ သားလျှနရိန်၊ လောင်းဥဒိန်လည်း၊ ဒေဝီတောင်ညာ၊ မိမာတာကြောင့်၊ မသာစိတ်ထဲ၊ ရဲတင်းဖြည့် လည်း၊ ဝမ်းနည်းဝမ်းသာ၊ ဆယ်ကိုးခါလေ၊ မျက်နှာနောက်လှည့်၊ သားမင်းကျော်မှာ၊ ပြန်ကာကြည့်လို့၊ တငဲ့ကွက်ကွက်၊ စေ့စေ့တွက်က၊ တစ်ချက်မရွှင်၊ တစ်ချက်တွင် လည်း၊ ဖခင်တိုင်းပြည်၊ ငါ့ကံထောက်ကော၊ ရောက်တော့မည်ဟု၊ ရွှင်ကြည်နှလုံး၊ ဥဘော်တွင်လေ၊ ဆင်ကျောက်ကုန်းက၊ ရှေးဘုန်းတော်ရှိန်၊ မျိုးသမ္တိန်ကော၊ ဥဒိန်မင်း သား၊ ဖပြည်တော်ကို၊ ရည်ရော်သွားကော၊ တောကြားတောချောင်၊ တောသာခေါင် မှာ၊ မြောင်နဂါးပတ်၊ တောင်ထပ်ထပ်နှင့်၊ ဝန်းပတ်သေလာ၊ ဘယ်ညာတိုင်းကော၊ တံတိုင်းကာသို့၊ သွားရာအတိ၊ လမ်းမရှိလည်း၊ ဟတ္တိခေါ်ဆို၊ နန်းစည်ရှင်မှာ၊ ဆင်နှင့် လှမ်းသော်၊ လမ်းမလိုလေ၊ ညိုတသုံသုံ၊ ထိုရဂုံမှာ၊ ဟောဝန်တောမှာ၊ ရောထွေးယှက် လို့၊ အထက်နှင့်အောက်၊ နှင်းဖြောက်ဖြောက်နှင့်၊ ကင်းပျောက်နေရောင်၊ ရှေ့အ နောက်ကော၊ မြောက်နှင့်တောင်ကို၊ ထင်ယောင်ထင်မှား၊ မင်းလုလင်မှာ၊ ဆင်အများ နှင့်၊ မမောမပန်း၊ သွားစခန်းမှာ၊ တောလမ်းခရီး၊ စားကောင်းဖွယ်လေ၊ ငယ်အကြီး ကော၊ သစ်သီးမှည့်ဝါ၊ တွေ့သောခါလည်း၊ ဆင်ပေါ်ကရပ်၊ သီးမွှေးကြူကို၊ လှမ်းယူ ဆွတ်ကော၊ တောရပ်ရဂုံ၊ စုံစမ်းတော့လေ။

တောရပ်မယေရဂုံ၊ လမ်းကိုစုံကော၊ ကင်းငုံငယ်ကြီး၊ သရက်သီးတို့၊ ဆွတ်ပြီး ယူ၍၊ ရောင်းစားသူလေ၊ လူမတွေ့လို့၊ မှည့်ကာဝါဝင်း၊ အပင်ရင်းကို၊ မင်းဥပရာ၊ ဆင်နှင့်ကပ်ကော၊ ရပ်ပြီးခါမှ၊ ရွှီးကာဆွတ်ယူ၊ သုံးတော်မူကော၊ နေပူမသန်း၊ ထုံဂနိုင် လေ၊ စုံမြိုင်လမ်းက၊ ထီးနန်းစိုက်သည်၊ ဖခင်ပြည်လျှင်၊ ဘယ်မှာရှိသည်၊ စုံတစိမ့်၊ မသိချေဘဲ၊ မှတ်ရည်ပြီးခါ၊ မြောက်မျက်နှာက၊ ဒက္ခိဏာတောင်၊ မင်းသားမောင်မှာ၊ ဆင်ပြောင်ကိုစီး၊ မင်းလူပျိုမှာ၊ တစ်ကိုယ်တည်းဖြင့်၊ ခရီးခွန့်ရှည်၊ ရောက်လိုအားနှင့်၊ အင်းအိုင်ထူပြော၊ အကြင်သူလေ၊ လူမသွား၍၊ ကျူတောပတ်ရုံ၊ နွယ်ချုံပိတ်ဆီး၊ ဗျိုက်တောကြီးနှင့်၊ တစ်စီးရွှံ့ညွှန်၊ အတန်တန်ကို၊ လွန်ခဲ့တုံမြောက်၊ အေးရန့်လှိုင်၊ မွှေးပျံ့ကြိုင်ကော၊ ဂနိုင်ရောက်က၊ ကြက်မောက်နီဝါ၊ ကတ္တီပါက၊ မဟာလှေကား၊ ဂမုန်းအင်နှင့်၊ သဇင်ပန်းကော၊ ဒန်းဆပ်သွားဖြင့်၊ ချရားဒဝေ၊ ချပ်လွှာစုံလို့၊ ပွင့်ပုံ ဆန်းကော၊ ပန်းမိုးစွေက၊ ရွှေတူငွေတူ၊ စံပယ်ဖြူကော၊ မဥ္ဇူသက၊ သည်းတော်စွယ် တော်၊ အဝေယာလေ၊ ရွှေသော်ကနှင့်၊ ဒေါနရင့်မာ၊ ပွင့်ဝါဝါကော၊ မာလာသရဖီ၊ မှုန်ရွှေဖီက၊ ရိုးနီအင်ကြင်း၊ နေအရုဏ်တွင်၊ ပွင့်ပုံဆန်းကော၊ ပန်းခပင်းတို့၊ သင်းသင်း လှိုင်လှိုင်၊ ကြိုင်ကြိုင်အေးအေး၊ မွှေးမွှေးထုံထုံ၊ ပျားလိပ်ပြာတို့၊ ပျံကာသန်းလို့၊ ပန်းဝတ်မှုန်ကို၊ အာရုံခံစား၊ တွေ့ကြုံသူကော၊ လူအများလည်း၊ မနောမွေ့လျော်၊ စိတ်ရွှင်ပြုံးကော၊ နှလုံးပျော်လို့၊ ဂန္ဓာယတန၊ ပသာဒဖြင့်၊ ဃာနဝိဉာဏ်၊ ထိုမြိုင်ယံ မှာ၊ ခံစံစားရာ၊ တောသာယာကို၊ ရောက်တော်မူက၊

မျိုးနရိန်လေ၊ ဥဒိန္နမှာ၊ ဟဒယ ရွှင်ပြုံး၊ စမ်းအိုင်ညိုတွင်၊ ရေချိုသုံးလို့၊ အနုံးတော်ဖြေ၊ စခန်းသတ်လို့၊ တန့်ရပ်နေကော၊ လေပြည်ညင်းညင်း၊ တဝင်းဝင်းကော၊ သင်းတပျံ့ပျံ့၊ ထိုဂနိုင်လေ၊ မြိုင်လုံးနှံ့မျှ၊ ပန်းနံ့သင်းထုံ၊ ကျူးကျော်တုံကော၊ မြူးခုန်ကျေးငှက်၊ ထနောင်းခေါ်ကော၊ ပင်ပေါ်ထက် မှာ၊ ပျံတက်ခါနား၊ ကူသံသာကော၊ တွန်ကြော်ငြာလို့၊ ချိုးသားရင့်ယူ၊ တကျူကျူနှင့်၊ စိတ်ပူဝမ်းနည်း၊ မင်းသားဥပ္ပရာ၊ မိမာတာကို၊ မျှော်ကာတမ်းကော၊ လွမ်းမစဲလေ။

လွမ်းမစဲကော၊ ဝမ်းနည်းဝမ်းနု၊ သာပြန်ပြုမျှ၊ ကြည်နူးစိတ်ဝေ၊ မိမာတာကို၊ မျှော်ကာမှန်းကော၊ လွမ်းမိသည်က၊ အငယ်ကပင်၊ ဆယ်စကြင်ကော၊ သုတ်သင်ကျွေး မွေး၊ ရွှေနို့ရှင်ကို၊ ငါလျှင်ခွဲ၍၊ ခမည်းတော်မြတ်၊ လောကနတ်၏၊ ပိုင်ကွက်စိုးသည်၊ တိုင်းရွှေပြည်ကို၊ အမွေဆင်းသက်၊ ငါမင်းပျိုလျှင်၊ လိုသည်တွက်ကြောင့်၊ စုံမက်ချစ် ကြင်၊ မွေးမိခင်ကို၊ ခွင့်လျှင်ပန်ညောင်း၊ အခါခါကို၊ ငါလျှင်တောင်းက၊ သားကောင်း သက်ဝေ၊ မသွားလေနှင့်၊ မျက်ရည်ယိုစီး၊ ရေးတကြီးဖြင့်၊ မွေးမိနို့ရှင်၊ တားပါကျင်လည်း၊ သွားချင်အားကြီး၊ ဂဇာတွင်ကော၊ ဆင်ဟတ္ထိကို၊ စီး၍လာခါ၊ မိမာတာမှာ၊ ဘယ်ညာယိုထွက်၊ အသွယ်သွယ်ကော၊ မျက်ရည်စက်နှင့်၊ ညိုးလျက်နွမ်းခွေ၊ နေလိုက်သည်ကို၊ ခုဝယ်ပကတိ၊ စိတ်မှာထင်ကော၊ မြင်တုံမိ၍၊ သတိရကာ၊ အတွက်ပေါ်လို့၊ ငါလျှင်တစ်ဖန်၊ ကျေးဇူးဟုန်လေ၊ ဂုဏ်ထူးရှိကော၊ မိခင်ထံကို၊ ပြန်ကာသွားချင်၊ သို့ရာတွင်မူ၊ ဖခင်အမွေ၊ နန်းရွှေပြည်ကို၊ ဤသည်အခါ၊ ကြာမလင့်ခင်၊ ရသင့်လျော် လို့၊ သွားရပါမည်၊ ရံတစ်ခါထူး၊ မိမာတာနှင့်၊ ငါလျှင်ဝေးအောင်၊ မခွဲဖူးပါ၊ မွေးမိရင် ခွင်၊ ဝင်ကာစို့ကော၊ နို့ညှိပင်လျှင်၊ မစင်နိုင်သေး၊ ငါတစ်ဖန်လေ၊ အံကိုခဲလို့၊ လုံးချည်း တစ်ယောက်၊ မွေးဖပိုင်စံ၊ တောမြိုင်ယံက၊ နိုင်ငံရောက်အောင်၊ ကြောက်လျှင်သေခဲ၊ ရဲလျှင်မင်းဖြစ်၊ ရှေးထုံးပုံကို၊ လုံးခြုံစစ်လို့၊ ထိုက်ရာမှာနား၊ ငါတစ်ဖန်လေ၊ ပြန်မသွား ဟု၊ ယောက်ျားအာဇာနည်၊ ပါရမီနှင့်၊ သာကီနွယ်ဆက်၊ မျိုးနန်းနွယ်လေ၊ ဖြစ်သည် တွက်ကြောင့်၊ ရက်ရက်ရဲရဲ၊ မိမေတော်ကို၊ ငယ်ခါတည်းက၊ ခွဲ၍မနေ၊ ထိုမြိုင်ခြေက၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီလျှင်၊ ဘယ်ဆီမှာသည်၊ ရှိတုံလေဟု၊ ရိပ်ခြေတစိ၊ စူးစူး ရည်၍၊ သွားမည်လမ်းကို၊ မှန်းမသိဘဲ၊ ယမ်းမိယမ်းရာ၊ လောင်းဥဒိန်မှာ၊ နာဂိန်များ နှင့်၊ သွားလေပါကော၊ ဟေမာရဂုံ၊ စုံလမ်းတည်လေ၊ ဟေမာရဂုံ၊ တောစခန်းက၊ သွားလမ်းစုံကော၊ ယုန်ကြောင်ဒရယ်၊ ချေသူငယ်တို့၊ ညနေအေးမြ၊ တောမြိုင်ချောင် မှာ၊ တောင်ရင်းစဉ်၊ ဘာဝအလျောက်၊ သူ့နဂိုမှာ၊ ဦးချိုတောင်းနှင့်၊ ခုန်ပေါက်လူး လာ၊ မြူးထူးကာဖြင့်၊ မြေစာညွန့်ရှင်၊ ကျူးပန်းပင်ကို၊ လှမ်းငင်ကာစား၊ ရွှေသမင်တို့၊ မြောင်ခွင်နားမှာ၊ သွားလာမြူးပျော်၊ လောင်းမင်းကျော်မှာ၊ ဆင်ပေါ်ထက်က၊ အထူးထူးကို၊ ကြည့်ရှုရလို့၊ ဟဒယမြူးရွှင်၊ နာဂီတွင်ကော၊ ဆင်အများနှင့်၊ သွားလေ ကျင်သော်၊ မြိုင်ခွင်ပတ်ကုံး၊ သွားစခန်းမှာ၊ တောလမ်းဆုံးလို့၊ ကျုံးအတန်တန်၊ အုတ်တံတိုင်းဖြင့်၊ ပတ်ဝိုင်းရံကော၊ ဗိမာန်သီးသီး၊ လောကစံမှာ၊ စံမည်းကော၊ ပြည်ကြီးဌာနီ၊ ကောသမ္ဗီကို၊ ဥဒိန်မင်းမွန်၊ နတ်လမ်းညွှန်သို့၊ ရှေ့ကံထောက်လို့၊ ရောက်လေ ပြန်ကော၊ ရပ်စွန်ပြည်နား၊ ဆင်များစွာကို၊ တောမှာထားလို့၊ စဉ်းစားဝေဖန်၊ ပညာ ဉာဏ်နှင့်၊ စီမံတုံငြား၊ ထိုပြည်သူလေ၊ လူအများတွင်၊ သောက်စားမူးယစ်၊ ဖမ်းဆီး လုကော၊ ဒုစရိုက်ဖြင့်၊ လူမိုက်လူဆိုး၊ လူမရိုးကော၊ သူခိုးဓားပြ၊ ပထမရိက၊ အစကပင်၊ စောန်ရိန်လေ၊ ဥဒိန်ဘက်ကို၊ တစ်ဝက်ဝင်လို့၊ တိုင်ပင်စီမံ၊ တိုက်ဖျက်ရန်လျှင်၊ ဓားလှံသေနတ်၊ ဒိုင်းလွှားလှိုင်းချက်၊ ခဲယမ်းကူလီ၊ များစုံညီနှင့်၊ စစ်ချီတက်ရန်၊ လက်နက်ကိရိယာ၊ စုံလေပါကော၊ သေစာသောက်စား၊ တချို့များမှာ၊ စွမ်းအားကိုပြ၊ တချို့ကလည်း၊ ခုန်ကပြီးလျှင်၊ ယခုပင်လေ၊ တိုက်ချင်တော့သည်၊ တချို့ဝယ်က၊ ဤပြည်ပတ်ကုံး၊ တစ်တိုင်းလုံးကို၊ ထုံးကဲ့သို့ခြေ၊ ရေကဲ့သို့နှောက်၊ တိုက်ဖျက်ရန်ကို၊ ဆန်တစ်ကျိုးမျှ၊ စိုးမကြောက်ဟု၊ လက်ခမောင်းတီး၊ အသီးသီးလျှင်၊ ခတ်ဟည်း အောင်စည်၊ များဗိုလ်ခြေကို၊ ရလေသောခါ၊ နန်းစည်ရှင်မှာ၊ ဆင်အပေါင်းကို၊ စောင်းနှင့်ခေါ်၍၊ ဥပေါသထ၊ ဥဒိန်မောင်လျှင်၊ ဆင်ပြောင်ကြီးမှား၊ စီးပြီးမှလျှင်၊ များလှဗိုလ်ခြေ၊ အောင်တပ်ချီ၍၊ ဌာနီမြို့ကို၊ ဝန်းလို့နေရေ။

ဝန်းလို့နေကေ ဗိုလ်ခြေရံပတ်၊ မြို့တော်ပြင်က၊ ဆင်ချင်းတပ်လို့၊ စစ်တပ် လည်းတည်၊ လောင်တော်မင်းမှာ၊ ကြောင်းခြင်းသွယ်၍၊ ရွှေပေသဝဏ်၊ ရေးခြင်း ဟန်က၊ ဘုန်းကံတန်ခိုး၊ စကြာသခင်၊ ဘက်မမြင်အောင်၊ ဆင်ဆယ်မျိုးကို၊ အစိုးရ လည်း၊ မျိုးသမ္ဘာန်ကော၊ ဥဒိန္နဟု၊ ဘဝသခင်၊ ဆဒ္ဒန်ရှင်က၊ ကြောင်အင်းစကား၊ ရွှေပေလွှာနှင့် စည်ဆော်ငြားလို့၊ ကြားမှာလိုက်သည်၊ ဤမြို့ပြည်မှာ၊ မတ်ငယ် မောင်ကြီး၊ အောင်လံထူကော၊ စစ်သူကြီးတို့၊ မီးနှင့်ကရေ၊ လေနှင့်မြေသို့၊ ရှင်လျှင်က စပ်၊ များထိုထိုကို၊ တိုလျှင်ဖြတ်ဟု၊ သူမြတ်ပြည့်ညွှန်၊ ရှေးနိဂုံးကော၊ ထုံးပုံစံနှင့်၊ ဓားလှံ မကျိုး၊ ပန်းမညှိုးအောင်၊ အမျိုးဆက်စပ်၊ ထီးနန်းမြတ်ကို၊ နှင်းအပ်မည်လော၊ မဟုတ် ငြားလည်း၊ အလားပုံဆောင်၊ ကြောင်တစ်ကောင်လေ၊ မိညောင်တွက်ကြောင့်၊ အသက်ပျက်ပြုန်း၊ ကြွက်တစ်မြုံလျှင်၊ အကုန်ဆုံးသို့၊ လက်ရုံးချင်းဆိုင်၊ ဘုန်းချင်း ယှဉ်ကော၊ ပြိုင်တော့မည်လား၊ ဤနှစ်ပါးကို ခြားနားသေချာ၊ သဝဏ်လွှာနှင့်၊ ပြန်စာ ရေးကော၊ ပေးစမ်းပါဟု၊ မိန့်တော်ရွှေပေ၊

ပေးကမ်းလေသော်၊ ရွှေပြည်စိုးကွပ်၊ ပေါင်းသွယ်သွယ်နှင့်၊ စလွယ်ဝတ်ကော၊ မှူးမတ်သီးသီး၊ အောင်လံထူကော၊ စစ်သူကြီးတို့၊ ရံဆီးရံတား၊ မြို့တံခါးကို၊ ဆို့ထားပြီးလျှင်၊ လွှတ်သဘင်မှာ၊ တိုင်ပင်ဆွေးနွေး၊ သဝဏ်လွှာနှင့်၊ ပြန်စာရေး၍၊ ပေးသည်ခြင်းရာ၊ အကြောင်းမှာက၊ ဂဇာရောင်လွင်၊ ပြောင်မာတင်ဟု၊ ဆင်အထပ်ထပ်၊ မြို့ပြင်မှာလေ၊ ရံကာပတ်ကော၊ ဆင်တပ်သခင်၊ စစ်လျှင်ယှဉ်၍၊ ပြိုင်လာငြားကော၊ ဆင်များရှင်လေ၊ စစ်လျှင်မခံ၊ နိုင်ငံမအပ်၊တိုင်ပင် ခံကော၊ မတ်ဝန်ပေါင်းတို့၊ ကြောင်းထုပ္ပတ်မှာ၊ မင်းမြတ်ဘုရင်၊ ငါတို့ရှင်လျှင်၊ အကြင် ရုပ်နာမ်၊ နတ်ရွာစံ၍၊ ကံမကုန်မီ၊ ကေသနီဟု၊ ဒေဝီထွတ်ထား၊ ရင့်ကိုယ်ဝန်လေ၊ သန္ဓေသားကို၊ မဖွားခဲ့မီ၊ ငှက်ဆင်ချီ၍၊ ပါလေတုံကျင်၊ ကြောင်းခြင်းအင်မှာ၊ သေရှင် ကိစ္စ၊ ဘယ်သို့ရှိဟု၊ မသိရ၍၊ ကာလမကြာ၊ သုံးနှစ်တာကို၊ ဆိုင်းပါယခု၊ သတင်းနာ၍၊ ရှာကြိုးပမ်းကော၊ စုံစမ်းဦးမည်၊ ရွှေပေလွှာဖြင့်၊ ပြန်စာရေးကော၊ ပေးလိုက်တေလေ။

## ကောသမ္ဗီရွှေပြည်နန်းကို ရည်မှန်းသည်နှင့်အညီ မင်းဥဒိန်–သိမ်းမြန်း၍ ထီးနန်းစစန့်း

ပေးတုံလေကော၊ ရွှေပေအက္ခရာ၊ ရောက်လေပါကော၊ ခြင်းရာဇာတိ၊ ကြောင်း မျိုးစုံကို၊ အကုန်သိကော၊ မိမိအတွက်၊ မတ်တော်ဝန်တို့၊ ရည်သန်ချက်ကို၊ နှစ်သက် ဝမ်းသာ၊ ထိုအခါ၌၊ ဗိုလ်ပါရဲမက်၊ စစ်နှစ်ဖက်က၊ လက်နက်ချထွေ၊ ကြောင်းခြင်းရာ ကို၊ သက်ာရှင်းအောင်၊ လင်းကြမည်ဟု၊ ဆိုပေးပြီးလျှင်၊ ကိုယ်ရံတော်နှင့်၊ လောင်း လျှာမင်းမှာ၊ မြို့တွင်းဝင်၍၊ သဘင်လွှတ်နန်း၊ မြတ်ကြငှန်း၌၊ ရံဝန်းထပ်ထပ်၊ များထိုထိုကော၊ ဗိုလ်မှူးမတ်နှင့်၊ နူးနပ်အောင်သာ၊ ရှင်မင်းသားမှာ၊ ပြောခြင်းရာက၊ မဟာသေန၊ အမဇ္ဇတို့၊ ငါကထင်ရှား၊ မိဖုရားမဟေသီ၊ ကေသနီကော၊ ဒေဝီသားရာ၊ တိုင်းကားသာစည်၊ ဤသည်ပြည်ကို၊ အမွေဆက်ခံ၊ ကျွန်ုပ်နှင့်လျှင်၊ ရသင့်တန်ဟု၊ ပြန်ကာစကား၊ မှန်ရာပြောသော်၊ အများဗိုလ်ပုံ၊ ကြားမယုံ၍၊ သိန်ဂုဏ်ဒြပ်၊ ရွှေကြိုး သွယ်ဖြာ၊ စလွယ်ဝတ်ကော၊ မတ်ဝန်ရှင်တော်၊ အရင်းရှာ၍၊ ခြင်းရာရေးကို၊ မေးလတ် ရာက၊ ညမဟေသီ၊ ကေသနီ၏၊ သက်ဝီသားသည်၊ ခံတုံပေကော၊ ယုံကြည်စေရန်၊ သက်သေခံနှင့်၊ ပြည့္စွန်မှသာ- သင့်မသင့်ကို ချင့်ချိန်ပါမည်၊ ဆိုတုံလေကော၊ ကြီးငယ် သီးသီး၊ ရာထူးခံကော၊ မတ်ဝန်ကြီးတို့၊ ကြောင်းရေးသိစေ၊ ကျွန်ုပ်ရှင်းကော၊ လင်း ပြမည်လေ၊ ဤပြည်ဌာနီ၊ ကောသမ္ဗီကို ခွန်ဆီပိုင်စိုး၊ လူတကာကို၊ အာဏာမိုးကော၊ တန်ခိုးပေါ်ထင်၊ ပူရံတပ္ပ၊ မည်နာမနှင့်၊ မွေးဖခင်၏။ ညာတင်ဒေဝီ၊ ကေသနီကို၊ ငှက်ချီသွားရာ၊ တောမြိုင်သာတွင်၊ မဟာရက္ခေ၊ ဗုဒ္ဓဟေ၌၊ မသေအရှင်၊ ထိုငှက်ဆင် လျှင်၊ တင်ကာလည်းထား၊ ကျွန်ုံ့ကိုပင်လေ၊ မိခင်ဖွားလို့၊ တွင်းငြားနာမ၊ မေတော်ဒေ ဝီ၊ ရွှေဘွဲ့ချီကော၊ ဥဒိန္နဟု၊ ရက္ခပင်ပေါ်၊ မိနှင့်သားတို့၊ နေသောခါ၌၊ အာလာကပ္ပ၊ အမည်ရသည်၊ တာပသကျော်၊ တွေ့သောခါလေ၊ ဆောင်ကာမြတ်လေး၊ သခ်မ်း တွင်လေ၊ သုတ်သင်ကျွေးလို့၊ ကြီးကဲလတ်လျှင်၊ ပညာသင်ကော၊ ဖခင်ဇာတိ၊ ရှင်ရသေ့ ထေရ်၊ နက္ခတ်ကြယ်ကြောင့်၊ အတည်သိ၍၊ မွေးမိအထံ၊ ခွင့်တောင်းပန်လို့၊ အကျွန်ုပ် သည်၊ ဖမွေခံရန်၊ နိုင်ငံဆိုက်အောင်၊ လိုက်လာရေလေ၊ လိုက်လာရေလေ၊ ယုံကြည် စေရန်၊ အရင်းစစ်ကော၊ အမြစ်လှန်၍၊ ဖြစ်ဟန်စကား၊ ကြောင်းခြင်းရာကို၊ လောင်း လျှာပြောသော်၊ အများပရိသတ်၊ မင်းမှူးမတ်တို့၊ နူးညွတ်ယုံကျင်၊ တချို့လျှင်ကော၊ ဆင်ခြင်စဉ်းစား၊ နေခြင်းအင်ကို၊ မြင်လေငြားသော်၊ မင်းသားဥဒိန္န၊ လက်စွပ်တန် ဆာ၊ ကမ္ဗလာကို၊ ထုတ်ကာပြရေ၊ မုချတကယ်၊ မယုံကြည်သော်၊ ဤသည်တန်ဆာ၊ ကမ္ဗလာနှင့်၊ ရတနာလက်စွပ်၊ မွေးမိခင်၏၊ ဆင်အဝတ်ကို၊ အမတ်ပဏ္ဍိ၊ ပညာရှိတို့၊ သိသိသာသာ၊ သက်သေခံလျှင်၊ အကျွန်ုပ်ပြမည်၊ ကြည့်ကြပါဟု ထုတ်ကာလည်းပြ၊ ထိုခါမှုံ၌၊ ကြည့်တုံကြသော်၊ လှမဟေသီ၊ ကေသနီက၊ ဒေဝီရတနာ၊ တို့ရှင်မကော၊ လှမောင်တော်၏၊ တန်းဆာအစစ်၊ ဖြစ်ပါတော့သည်၊ ထိုခါဝေမှ၊ ယုံကြည်လေးမြတ်၊ မတ်ဝန်အိုတို့၊ ကိုယ်ကိုပွတ်လို့၊ ရွှေလွှတ်ကြငှန်း၊ ပြာသာဒ်နန်းမှာ၊ ပတ်ဝန်းဘယ်ညာ၊ မှူးမတ်များတို့၊ ပြောခြင်းရာက၊ တို့မှာရှင်ကြီး၊ ထက်နက်ယံကို ၊ ပျော်စံမှီး၍၊ ထီးညွှန့် နန်းရံ၊ ကွင်းမကျန်ကော၊ အမွေခံပြတ်ကင်း၊ သို့ဖြစ်ခြင်းကြောင့်၊ ခပင်းရှင်လူ၊ အကြင် လူတို့၊ ဆာပူကြောင့်ကြ၊ စိုးရိမ်မပြေ၊ ညှိုးသိမ်ငယ်၍၊ နေကာလ၌၊ ရှေးကကံကူ၊ ရှင်မမွေးကော၊ သားသည်းအူလျှင်၊ ထီးဖြူစိုးရန်၊ မသေမပျောက်၊ အရွယ်မြောက်၍၊ ရောက်လာပြန်ကော၊ ပုံစံယူနှုန်း၊ ပျိုးမအောင်ဘဲ၊ မိုးခေါင်တုန်းမှာ၊ အုံး၍တက်ကာ၊

တဖြိုးဖြိုးကော၊ သွန်းကြိုးရွာသို့၊ ပမာတူကျင်၊ ငါတို့တွင်၌၊ အရှင်ကိုယ်စား၊ အရှင်သား ကို၊ တို့ကားခုဝယ်၊ မျက်ရှုဆင်ကော၊ မြင်ရသည်ဟု၊ ကြည်ကြည်ညိုညို၊ များလူဗိုလ်တို့၊ ကောက်မျိုမတတ်၊ ပုဏ္ဏားကျော်နှင့်၊ မှူးတော်မတ်တို့၊ အထွတ်ဥကင်၊ သီဟာခွင်မှာ၊ ပင့်တင်ပြီးထွေ၊ ဘိသိက်တင်၍၊ ရေစင်သွန်းကော၊ နန်းအပ်မည်ဟု၊ ကြံစည်တိုင်ပင်၊ ပွဲကြီးဆင်၍၊ စီရင်တုံကြ၊ များထိုထိုလေ၊ ပျိုကုမ္ဘာတို့၊ ရှင်မတန်းဆာ၊ ကမ္ဗလာကို၊ မျက်နှာမှာဟပ်၊ တ-ကာဆို၍၊ ငိုပြန်လတ်က၊ လွှမ်းဆွတ်မပြေနိုင်တော့ဘူးလေ။

လွှမ်းဆွတ်မယေမပြေ၊ မြို့ရွှေပြည်၌၊ လမ်းငယ်မကြွင်း၊ သဲဖြန့်ခင်းလျက်၊ နန်းတွင်းနန်းပြင်၊ ကြည့်ရှုခမန်း၊ ထူးအဆန်းဖြင့်၊ တန်းဆာဆင်၍၊ ရေစင်ပန်းဆိုင်၊ မွှေးပျံ့ကြိုင်ကော၊ ပန်းခိုင်ကိုဆွဲ၊ ကြငှန်းဖေယျို၊ နန်းရွှေဘုံမှာ၊ ပန်းစုံကြဲလျက်၊ အံ့အဲ မကုန်၊ အမြိတ္တာနှင့်၊ လာဘဆုံ၍၊ ကြိုက်ကြုံနက္ခတ်၊ မင်္ဂလာလေ၊ အခါမြတ်၌၊ မှူးမတ် ကတော်၊ အထပ်ထပ်လျှင်၊ ရုံပတ်ကာဖြင့်၊ ဆရာပြာဟ္မဏ၊ ပါမောက္ခတို့၊ ဇေယျမလံ၊ အောင်ဖေယျံကော၊ အောင်သံရင့်ညောင်း၊ အောင်ဘာလေ လေ၊ အောင်စည်ကျူး ကော၊ အောင်ဆုတောင်းလျက်၊ အောင်ကြောင်းမပြတ်၊ အောင်လံဝေကော၊ အောင်မြေ နင်း၍၊ အောင်ခြင်းရွတ်လျက်၊ မင်းမြတ်သည်းဝင်၊ ထွက်မှန်ကူကို၊ ထီးဖြူသင်းချပ်၊ သားမြီးယပ်နှင့်၊ ဖိနပ်သန်လျက်၊ ပေါင်းစုံညီကော၊ ဤငါးချက်နှင့်၊ ဘယက်ဒူးတောင်၊ ရောင်စုံဖြိုးလို့၊ ပြိုးပြိုးပြောင်ကော၊ ဦးသျှောင်မကိုဋ်၊ အထွတ်စိုက်လို့၊ ဦးတိုက်ညွတ် ခ၊ လူ့သမ္ဘိန်လေ၊ ဥဒိန္နကို၊ သကလဘိသေ၊ မြတ်ဦးကင်းမှာ၊ ရေစင်သွန်းကော၊ ဖြန်းကြလေ၍၊ ရွှေပြည်နန်းမြတ်၊ ဆောင်းထီးဖြူကို၊ သိမ်းယူအပ်ကော၊ အထွတ်တိုင် တော်၊ မူပြီးခါမှ၊ ဗိုလ်ပါစစ်သည်၊ ပါလေသမျှ၊ သင့်ရာလျော်ရာ၊ ချင့်မြော်ကာဖြင့်၊ ဆုတော်ချလို့၊ နာဂထောင်သောင်း၊ တောဆင်ပေါင်းကို၊ စောင်းတော်တီးလတ်၊ ဆင်မန္တန်ကို၊ အပြန်ရွက်က၊ တောရပ်မြိုင်ခြေ၊ သွားကြလေကော၊ ထိုသည်အခါ၊ ရွှေပြည်တော်မှာ၊ နေပျော်သူများ၊ ဘုန်းရောင်ရှိန်ကော၊ ဥဒိန်မင်းကို၊ သတင်းကြားက၊ မြင်ငြားချင်ထွယ်၊ လာကြပေကော၊ ကြီးငယ်လူပေါင်း၊ တသောင်းသောင်းဖြင့်၊ ကုန်း ကြောင်းတစ်သွယ်၊ ရေကြောင်းတစ်ရပ်၊ မြစ်ချောင်းလယ်မှာ၊ လှေအပေါင်းလျှင်၊ လောင်းချင်းထပ်လျက်၊ ရတတ်ကြေးငွေ၊ လူကုန်သည်နှင့်၊ သူကြွယ်သူဌေး၊ ပလက် ကျီကော၊ ဂါရီလှည်းနှင့်၊ လမ်းဈေးအရပ်၊ များလူရှင်လေ၊ ရင်ချင်းထပ်မျှ၊ မင်းမြတ် ရာဇာ၊ မျက်နှာတော်ကို၊ မျှော်ကြည့်ရှုကော၊ ဖူးပြီးခါမှ၊ ဘဏ္ဍာဆက်သ၊ ကိုယ်စီကိုယ်စီ၊ မိမိအိမ်ကို၊ ပြန်လီကြရေ။

ပြန်လီကြကော၊ နရသနင်း၊ စောနရိန်လေ၊ ဥဒိန်မင်းဟု၊ သတင်းညာကြေ၊ ပန်းရနံ့သို့၊ ပျံ့နှံ့လေ၍၊ အပြည်ပြည်ထောင်၊ မင်းများမြောင်တို့၊ လက်ဆောင်ကစ၊ ဘူးဘဏ္ဍာလေ၊ ဆက်လာကြလို့၊ နာမပျံ့မွှေး၊ ခနကြေးနှင့်၊ သူဌေးသူကြွယ်၊ ထိုထို ပြည်က၊ ကုန်သည်အပေါင်း၊ နာဝါကြီးကျယ်၊ သဘော်လှေနှင့်၊ ရောက်ပေရှောင်း၍၊ ရောင်းချဝယ်ယူ၊ မြို့တော်ဈေး၌၊ သဲသဲဆူကော၊ ဇမ္ဗူကျော်စော၊ အံ့တသြမျှ၊ ကောသမ္ဗီမည်၊ သာမောစည်ကော၊ ရွှေပြည်အောင်ချာ၊ ထက်နတ်ရွာသို့၊ သာယာကြီး ကျယ်၊ လောင်းဥဒိန်လျှင်၊ သီဂီနန်းနှင့်၊ စံမြန်းနေကော၊ ထိုသည်ကာလ၊ မိသာမာကို၊ သိသာရအောင်၊ ပြသနည်းငယ်၊ စပ်ကာရန်ကို၊ သံချိုမြနှင့်၊ ဆိုပြမည်ကား၊ ရွှေပြည် ဌာနီ၊ ကောသမ္ဗီမှာ၊ စည်းစိမ်ကြွယ်ဝ၊ ထုပ်သပြာဟု၊ ဥစ္စာပေါကော၊ ဃောသကနှင့်၊ ဘဒ္ဒိယမြို့နေ၊ ဂုဏ်သရေဖြင့်၊ မိတ်ဆွေဖြစ်ကြ၊ သဟာယကော၊ ဘဒ္ဒဝတီ၊ သညီပျံ့မွှေး၊ ရှေးကုသိုလ်ကြောင့်၊ တို့သူဌေးမှာ၊ ရင်သွေးမိန်းမ၊ ထက်နတ်ပြည်က၊ သန္ဓေရကော၊ သာမာဝတီ၊ လူ့လောကီမှာ၊ ဂေါ်ရီအရွယ်၊ ကညာဆိုလေ၊ ပျိုမမြောက် ခင်၊ ရောက်ခါဝယ်၌၊ ထိုသည်နဂရ၊ ဘဒ္ဒိယမှာ၊ မိန်းမယောကျ်ား၊ အကြွင်သူကော၊ ရှင်လူများတို့၊ ခေါင်းပါးငတ်မွတ်၊ ကပ်ရောဂါလေ၊ ယဉ်းနာသက်၍၊ သက်ပြတ်ဇီဝိန်၊ ကြောက်မက်ဖွယ်လျှင်၊ သေကျေပျက်စီး၊ အချည်းနှီးကော၊ ပြုန်းတီးကြရာ၊ အန္တရာယ်လေ၊ သည်ကိုထောက်ကော၊ ကြောက်လှပါ၍၊ ဘဒ္ဒါတွင်ပြီး၊ သူဌေးကြီးလျှင်၊ ဇနီးမယား၊ သမီးချောကို၊ ပြောဟောတိုင်ပင်၊ ငါတို့လျှင်လေ၊ သက်ရှင်ချမ်းသာ၊ ဒုဗ္ဘိက္ခာကော၊ ရောဂါဘေးနှင့်၊ ဝေးလို့ကွာအောင်၊ တစ်ရွာတစ်ပြည်၊ ပျော်စံနေသည်။ မိတ်ဆွေသူဌေး၊ သူ့ထံခွင်ကို၊ သက်ရှင်ရေးနှင့်၊ ပြေးပါကြမည်၊ ဆိုတုံပေ၍၊ ရွှေငွေ ရတနာ၊ ပစ္စည်းဝန်နှင့်၊ ကျေးကျွန်များပါ၊ ထားပြီးခါမှ၊ မြင့်ကြာမနေ၊ ပြေးကြလေ ကော၊ မြိုင်ခြေတောလမ်း၊ သွားစခန်းမှာ၊ မောန္ဒမ်းကာရိ၊ ပန်းမချိဘဲ၊ အတိဒုက္ခ၊ သုံးယောက်စုံလေ၊ ရောက်ကုန်ကြလျက်၊ အာဟာရပြတ်ကင်း၊ လမ်းစပ်ကြားကော၊ တောအတွင်းမှာ၊ ထမင်းကင်တ်၊ သက်ဇီဝေလေ၊ သေမတတ်လျှင်၊ ပြည်မြတ်ဌာနီ၊ ကောသမ္ဗီကို၊ ညချိန်နေဝင်၊ ရောက်လေကျင်ကော၊ မြို့ပြင်ကကပ်၊ ဧည့်သည်ခိုကော၊ ထိုဇရပ်၌၊ ငတ်မွတ်နွမ်းနေ၊ အိပ်ကြလေကော၊ ထိုပြည်ဌာန၊ ဃောသကဟု၊ နာမတွင် ပြီး၊ စည်းစိမ်ဟုန်နှင့်၊ ဂုဏ်သိမ်မွှေးကော၊ သူဌေးကြီးမှာ၊ ဇနီးမယား၊ လင်ယောကျ်ား ကို၊ ပြောဟောတိုင်ပင်၊ ငါတို့တွင်၌၊ များဖျင်ခနေ၊ ယခုဝေလေ၊ ကြွယ်တုံကြကော၊ ရှေးကပြုဖန်၊ ကုသိုလ်ကံကြောင့်၊ ပစ္စုပ္ပန်ဘဝ၊ များရွှေငွေလေ၊ ပွားကြွယ်ဝလို့၊

ဒါနဆောက်ဦး၊ ယခုလှူမှု၊ နောင်မူဘဝ၊ လောကီဥစ္စာ ရတနာနှင့်၊ ချမ်းသာကြမည်၊ သို့ဖြစ်သည်ကြောင့်၊ ရွှေငွေဥစ္စာ၊ ထုပ်သပြာနှင့်၊ မဟာဒါန၊ ကုသလကို၊ ပြုကြတော့ မည်၊ စိတ်သံဝေဖြင့်၊ ကြံစည်တုံငြား၊ လင်သခင်နှင့်၊ တိုင်ပင်ပြောကော၊ သဘော ကြည်ဖြူ ကြည်ဖြူသောဝ်လေ။

## သာမာဝတီ၏ အတ္ထုပ္ပတ္တိ

သဘောမယေကြည်ဖြူ စိတ်ချင်းတူကော၊ အလှူမဏ္ဍပ်၊ လွန်လျော်ပတ် အောင်၊ ဆောက်လတ်ပြီးခါ၊ တစ်နေ့မှာ၌၊ သပြာတစ်ထောင်၊ ထုတ်ယူဆောင်၍၊ ကုန်အောင်စွန့်ကြ၊ ဒါနဟူသည်၊ အလှူပွဲဖြင့်၊ ပေး၍နေခါ၊ ဇရပ်မှာ၌၊ မှီကာနေငြား၊ သူဌေးတွင်လေ၊ လင်မယားတို့၊ ပြောဟောခြင်းရာ၊ ငါတို့မှာ၌၊ ခန္ဓာကာယ၊ သက်မ သေလည်း၊ နွမ်းနယ်လှ၏၊ ဟာရခေါင်းပါး၊ အကြောင်းများကြောင့်၊ ရေသားပိန်ကြုံ၊ ယခုတုံ၌၊ လူပုံမကျ၊ ယောသကထံ၊ ဝင်သွားပြန်၍၊ ဟန်မလှကော၊ ဟာရဖြည့်တင်း၊ တောင်းရမ်းခြင်းဖြင့်၊ ထမင်းရေစာ၊ စားသောက်ရ၍၊ ဝပြောခါမှ၊ ဝင်ပါကြမည်၊ ယခုဝယ်ကား၊ စားဖွယ်ရိက္ခာ၊ သုံးယောက်စာလျှင်၊ ဖွေရှာလိုငြား၊ သမီးငယ်ကို၊လက် စွဲခွက်နှင့်၊ အုတ်ကျက်သောင်းသောင်း၊ တချို့သူလေ၊ လူအပေါင်းဟု၊ ဖုန်းတောင်း ယာစကာ၊ သွာရာ၌လျှင်၊ လိုက်လေပါလည်း၊ များစွာသောင်းပြောင်း၊ လူသာမန်ကော၊ လှူခံပေါင်းတို့၊ တောင်းရာသို့လျှင်၊ တိုးမဝင်ဘဲ၊ အပြင်ကသည်၊ ရှက်ကြောက်ငဲ့၍၊ ရပ်ကြည့်နေသော်၊ ပေးသည့်အလှူ စီမံသူတို့၊ အမူအရာ၊ မိသာမာကို၊ မြင်ခေါ်ကာ လ၊ သမီးသွင်သို့၊ ထင်တုံကြ၍၊ လှပရုပ်ရည်၊ ဤမိငယ်က၊ ဣန္ဒြေထိန်းကျောင်း၊ မတိမ်းစောင်းဘဲ၊ မျိုးကောင်းသမီး၊ ဖြစ်တုံကျင်ဟု၊ ထင်တုံပြီးလျှင်၊ အနီးကပ်ကျင်၊ ကြောင်းရေးရာကို၊ မေးခြင်းအင်က၊ သင်မိန်းမငယ်၊ ပြင်ကနေ၍၊ ရှက်ပေတုံရှောင်း၊ ဘယ်ကြောင့်ပင်လေ၊ ဝင်မတောင်းဟု၊ အကြောင်းမေးခါ၊ ရှက်ကြောက်ရွံ့ကော၊ မဝံ့ပါဟု၊ ဆိုခါကာလ၊ အဘယ်မျှလျှင်၊ လိုတော့သနည်း၊ အကြောင်းရေးကို၊ မေးလေ ကြရာ၊ သုံးယောက်စာလျှင်၊ လိုပါတော့သည်၊ သနားဖွယ်ဖြင့်၊ ပြောလေသောခါ၊ သုံးယောက်စာလျှင်၊ ယူကာပေးငြား၊ လျင်မြန်စွာလေ၊ ပြန်ကာလွှားလို့၊ နှစ်ပါးမိဘ၊ ထံတော်သာမှာ၊ ရောက်ကာလ၌၊ ဆက်သလေကျင်၊ သူ့မိခင်လည်း၊ လင်ကိုမြတ်လေး၊ အနည်းငယ်သာ၊ ယူထားကာဖြင့်၊ များစွာကျွေးက၊ သူဌေးကြီးသည်၊ ငတ်မွတ်နေ၍၊ ခဲဖွယ်ရငြား၊ ဝမ်းမကန်အောင်၊ လွန်စွာစားက၊ စားပိုးလည်းနင်၊ ထို့သည့်ညဥ့်ပင်၊ စုတေခြင်းဖြင့်၊ မိုးလင်းသောခါ၊ မကြံသာကော၊ ခန္ဓာရုပ်နာမ်၊ မြေသုသာန်မှာ၊ မြှုပ်နှံတုံပြီး၊ မွေးမိခင်နှင့်၊ ကြင်သမီးတို့၊ ငိုညည်းပြီးထွေ၊ သာလာယံမှာ၊ မကြံတတ် ကော၊ လွမ်းဆွတ်နေကော။

လွမ်းဆွတ်နေကော၊ ထို့သည်အခါ၊ ညဥ့်မှောင်ပျောက်လို့၊ နေ့ရောက်ပါသော်၊ သာမာတွင်ပြီး၊ ချစ်သမီးလျှင်၊ ယိုစီးမျက်ရည်၊ ခပ်သိမ်းသူကို၊ လှူမဏ္ဍပ်သို့၊ ကပ်တုံ လေ၍၊ ခဲဖွယ်ရသာ၊ နှစ်ယောက်စာလျှင်၊ တောင်းခါယူပြီး၊ မိမာတာကို၊ စားပါပေး လို့၊ သမီးနည်းငယ်၊ စားတုံလေကော၊ မွေးသည့်မိခင်၊ သူ၏လင်သို့၊ ချင်သမျှသည်၊ ထမင်းဟင်းငါး၊ မကြွင်းငြားအောင်၊ စားတုံလေသော်၊ မကြေအစာ၊ ထိုသည်နေ့ကော၊ ညဥ့်အခါ၌၊ ခန္ဓာပြတ်ကွယ်၊ စုတေ့လေသော်၊ ကြံစည်မမြောက်၊ သမီးဖြူလေ၊ သူတစ်ယောက်ကို၊ ကူထောက်တုံငြား၊ နီးစပ်ရာလေ၊ ရပ်ရွာသားသို့၊ သနားကြည်ညို၊ ကြွင်းနဂိုရ်ကို၊ သင်္ဂြိုဟ်တုံကြ၊ အရပ်ကောင်းသော်၊ အလောင်းလှလို့၊ သာမာဝတီ၊ ဆင်းကြန်ညီလျှင်၊ စီစီညံ့ညံ့၊ သည်းနှင့်အူက၊ ပူလို့ဆွဲကော၊ ကြွေးငိုသံနှင့်၊ ကြွင်းကျန် တုံမြောက်၊ တငေါက်ငေါက်ကော၊ တစ်ယောက်တည်းသာ၊ ဇရပ်ပေါ်က၊ သွားကာရ ကြောင်း၊ တစ်ယောက်စာလျှင်၊ ဆိုကာတောင်က၊ ဝင်းဒါန၊ နေ့မကျန်ပင်၊ စီမံရကော၊ စိတ္တသူကြွယ်၊ ထိုအခါဝယ်၊ အဘယ်တွက်ကြောင့်၊ ယနေ့အခါ၊ တစ်ယောက်စာလေ၊ လာကာတောင်းကော၊ အပေါင်းအဖော်၊ သင့်မှာသော်ကား၊ ဘယ်ရွာရပ်သူ၊ ဘယ်သည်းအူကော၊ ဘယ်လူသမီး၊ ယခုဝယ်လေ၊ ဘယ်ကြောင်းရေးကြောင့်၊ ယိုးစီး မျက်ရည်၊ ပန်းကြာဖြူကို၊ နေပူထိုးယောင်၊ ညှိုးငယ်ငယ်နှင့်၊ ငိုပေသနည်း၊ အရင်း ရှာကော၊ ခြင်းရာမေးကော၊ အိုလည်းဖခင်၊ ကြောင်းရာများကို၊ မပြောချင်ပါ၊ ကျွန်ုပ် မှာကော၊ မြို့ရွာဌာန၊ ဘဒ္ဒိယမှာ၊ ဓနဥစ္စာ၊ ထုပ်သပြာနှင့်၊ လုပ်ရာကစ၊ ရာကုဋေလျှင်၊ ပွားကြွယ်ဝကော၊ သမီးရတနာ၊ ထိုမြို့ရွာမှာ၊ ရောဂါဥပဒ်၊ ဒုဗ္ဘိက်ကံလေ၊ မှန်မလွတ်လေ၊ ငတ်မွတ်ခေါင်းပါး၊ ဘေးအန္တရာယ်၊ လွန်ကြီးကျယ်ကော၊ သည်ကြောင်းများကြောင့်၊ နှစ်ပါးမိဘ၊ ကျွန်ုပ်မနှင့်၊ တူကွမကွာ၊ သက်ရှင်ရေးကြောင့်၊ ထွက်ပြေးလာကော၊ လမ်းမှာငတ်မွတ်၊ သက်ဇီဝေလေ၊ သေမတတ်ဘဲ၊

ဤရပ်ဤပြည်၊ ဤဌာနေကို၊ ရောက်ပေတုံကြ၊ ဤမြို့ရွာမှာ၊ လွန်ကျော်စောကေ၊ ယောသကဟု၊ မွေးဖမိတ်ဆွေ၊ ရှိပေတုံလည်း၊ အခြေမကျ သွားလိုပြန်သော်၊ ဟန်မရ၍၊ ပထမနေ့မှာ၊ သုံးယောက် စာလျှင်၊ တောင်းခါယူငြား၊ ဇရပ်တွင်၌၊ ဖခင်ဖျားမှာ၊ အစားလက်လွန်၊ ထိုသည်ညဥ့် ၌၊ စုတေ့ပြန်၍၊ ကြွင်းကျန်တုံရှောင်း၊ ဒုတိယမှာ၊ နှစ်ယောက်စာလျှင်၊ ရပါကြောင်း နှင့်၊ တောင်း၍ယူလျှင်၊ ကျွန့်ကိုမွေးကေ၊ ကျေးဇူးရှင်လည်း၊ ဖခင်ပမာ၊ သက်ခန္ဓာ လျှင်၊ အစာမကြေ၊ သေတုံလေ၍၊ ခုဝယ်အခါ၊ ကျွန်သာတစ်ယောက်၊ ကျန်ငေါက် တောက်ကြောင့်၊ တစ်ယောက်စာလျှင်၊ တောင်းပါတော့သည်၊ ကြောင်းမိပ္ပာယ်ကို၊ မျက်ရည်စီးယို၊ တငိုငိုလျှင်၊ ထိုထိုစကား၊ ဖြစ်ပျက်ဟန်ကို၊ ပြန်ကာပြောကေ၊ ကြား ကြားသမျှ၊ မိသာမာကို၊ မေတ္တာမျှလို့၊ စိတ္တသူကြွယ်၊ ယိုမျက်ရည်ကို၊ ဖျော်ဖြေသုတ် ပြီး၊ မေတ္တာဝင်ကေ၊ ကြင်မငြီးဘဲ၊ သမီးပြုထွယ်၊ ထိုအိမ်တွင်လေ၊ ခေါ်တင်ကျွေး ကေ၊ မွေးစားရေလေ။

မွေးစားလေကေ၊ နေ့စဉ်မပြတ်၊ တစ်ရက်မတူ၊ ခပ်သိမ်းသူကို၊ လျှုမဏ္ဍပ်၌၊ မလတ်မပြုတ်၊ မြတ်အယုတ်၊ အုတ်အုတ်ကျက်ကျက်၊ အချို့သူလေ၊ လျှုဝတ္ထုကို၊ လုအယက်ဖြင့်၊ သူ့ထက်ငါလျှင်၊ ရလိုကြောင်းနှင့်၊ တောင်းကြကျင်ကေ၊ များဖြင် သောင်းပြောင်း၊ အကြင်သူလေ၊ ရှင်လူပေါင်းတွင်၊ အကောင်းအဆိုး၊ အမျိုးမျိုးဖြင့်၊ အကျိုးအကန်း၊ ပြိုးအပြွမ်းလျှင်၊ မစွမ်းမသန်၊ အလှူခံတို့၊ မည်ံမစဲ၊ နားနှစ်ဝမှာ၊ ကြားရခဲသော်၊ မေးသည်ခြင်းရာ၊ မိသာမာက၊ ပီတာဖခင်၊ ကျွေးမွေးပြုကေ၊ ကျေးဇူး ရှင်လေ၊ များဖြင်လူသံ၊ အလှူခံအား၊ ဆိတ်ညံအောင်သည်၊ မကြံစည်လော၊ ထုတ်ကာဆိုလေ၊ နှုတ်ချိုပျူးဖြင့်၊ မေးငြားသောခါ၊ အဘယ်မှာလျှင်၊ ကြံပါနိုင်မည်။ ရှုမငြီးကေ၊ သမီးငယ်ဟု၊ ပြောလေသောခါ၊ ခပ်သိမ်းသူအား၊ လှူတင်းကုပ်ကို၊ ဝင်းလုပ်ကာဖြင့်၊ ရံကာတုံမြောက်၊ မွေးဖခင်မှာ၊ ထွက်ဝင်ပေါက်လျှင်၊ တစ်ယောက် ဆံ့ရုံ၊ ထားလေတုံကေ၊ ငြင်းခုံမရှိ၊ များစွာလူသံ၊ အလှူခံတို့၊ ဆိတ်ငြိမ်လိမ့်မည်၊ ဆိုတုံလေကေ၊ သူကြွယ်ဖခင်၊ စီမံပြင်သော်၊ များဖြင့်လှူခံ၊ ထိုကာလ၌၊ ရောက်ကြ ပြန်လည်း၊ အသံတိတ်တိတ်၊ ညံဆိတ်ဆိတ်ဖြင့်၊ နိမိတ်လက္ခဏာ၊ ထောက်ချင့်စာ၍၊ မဟာသေဋ္ဌိယ၊ ရတနာဟု၊ သပြာပေါကေ၊ ယောသကက၊ နေ့ညတိုင်းမူ၊ သဲသဲဆူမျှ၊ အလှူတင်းကုပ်၊ အကြောင်းမှာမူ၊ တောင်းလာသူကေ၊ လူချင်းရှုပ်လို့၊ အုတ်အုတ် ကျက်ကျက်၊ ယာစကာဖုန်းတောင်း၊ ခပ်သိမ်းသူလေ၊ လူအပေါင်းတွင်၊ အကောင်း အဆိုး၊ ပေါင်းနှစ်မျိုးဖြင့်၊ အကျိုးအကန်း၊ ဆိုးအသွမ်းဟု၊ ရဟန်းပုဏ္ဏား၊ ရောက်လာ သူလေ၊ ဟူသမျှကို၊ ဒါနကြည်ဖြူ ဘယ်အရေးကြောင့်၊ မပေးလျှုဟု၊ ခေါ်ယူစစ်ဆေး၊ သိလိုရေးကို၊ မေးမြန်းတုံလေ၊ ထိုသူကြွယ်က၊ လှူပေလျက်တာ၊ သို့ပါသော်လည်း၊ ယာစကားအများ၊ လူအပေါင်းတွင်၊ သူတောင်းစားတို့၊ မကြားအသံ၊ တိတ်တုံပြန်၍၊ ဆိတ်ညံခြင်းရာ၊ ကျွန်ုပ်မှာ၌၊ ဉာဏ်ပညာကြီး၊ ကြံတိုင်းပြီးကေ၊ သမီးစီမံ၊ အလှူခံ တို့၊ ဆိတ်ညံတော့သည်၊ ကြောင်းစကားကို၊ ပြောတုံလေကေ၊ သူကြွယ်သင့်မှာ၊ဤ မျှကြာအောင်၊ ရင်းချာသမီး၊ အစီးအပွား၊ ပကတိလျှင်၊ မရှိငြားဘဲ၊ ထူးခြားနိုင် မျှ၊ ယခုဝယ်မှ၊ ဘယ်ကရဟု၊ ယောသကသူဌေး၊ စစ်ကာဆေးသော်၊ လွှဲမဖယ်သာ၊မိ သာမာ၏၊ ခြင်းရာစကား၊ အရင်းကပင်၊ ရှင်းပြပြောကေ၊ ကြားရတုံကျင်၊ ထိုအခိုက် ၌၊ အပြစ်တင်၍၊ ငါ့တွင်မိတ်ဆွေ၊ သူဌေးကြီး၏၊ သမီးငယ်ကို၊ အဘယ်ကြောင့်လျှင်၊ ဝှက်ထားကျင်ဟု၊ ခေါ်တင်ချက်ချင်း၊ သူဌေးစံကေ၊ ဗိမာန်တွင်းမှာ၊ ချစ်ခြင်း မငြီး၊ ကိုယ့်ရင်သွေးသို့၊ သမီးပြုထွယ်၊ မိသာမာကို၊ ခြွေရွေများနှင့် ထားတော့သည်လေ။

## သာမာဝတီမိန်းမလှကို ဥဒိန္နမင်းရာဇာသည် ကြင်ရာတော် ဆောင်ကြာမဟေသီဟု တောင်ညာဒေဝီ နှင်းတော်မူစန်း

ထားတုံလေကေ၊ ခြွေရွှေငါးရာ၊ ပေါင်းများစွာတွင်၊ ခုဇ္ဇုတ္တရာတွင်ပြီး၊ မိန်းမ ကြီးလျှင်၊ အထိန်းပြုလုပ်၊ ပေါင်းငါးရာတွင်၊ ပေါ်ကချုပ်လို့၊ အုပ်ထိန်းပြီးခါ၊ တူမကွာ ကေ၊ မွေ့လျော်ရွှင်ပ၊ ဘုံဗိမာမှာ၊ ပျော်စံရကေ၊ သာမာဝတီ၊ လှနှင်းဆီလျှင်၊ ဂေါရီ လွန်မြောက်၊ သူ့နဂိုလေ၊ ပျိုတစ်ယောက်ဟု၊ ဆိုလောက်သောခါ၊ လက္ခဏာနှင့်၊ မျက်နှာမွေ့သိန်၊ ပုဏ္ဏမိန်သို့၊ စုံညီလှပ၊ ဆံတောက်ဆံကို၊ နောက်လှန်ချကေ၊ စိမ်းမြ ကေသာ၊ သုံးတောင်ထွာနှင့်၊ ပဋ္ဌာနှစ်အုံ၊ နံ့သာမှုန်ကေ၊ ကြာငုံအသွင်၊ နုရွှေရင်မှာ၊ သဇင်ညှင်းပွင့်၊ မျက်ခုံးမျက်မှောင်၊ လုံးနှာရောင်မှာ၊ ပြောင်မပိကေ၊ နိမ့်မမြင့်ဘဲ၊ အတင့်အတယ်၊ အပြေအပြစ်၊ သျှတ္တရတွင်၊ ကျမ်းအဝင်ကို၊ ဆန်းတင်စစ်က၊ ကျစ် လျစ်မွေ့သိမ်၊ ကလျာဏီဟု၊ ကာယိန္ဒြေ၊ ကိန္နရီလေ၊ ဒေဝီနွဲ့ယောင်၊ သိမ်မွေ့ထွယ် ဖြင့်၊ အနေအထိုင်၊ အယဉ်အကျေး၊ အဟဲအနေ၊ အရှုအကြည့်၊

အနွဲ့အမူ၊ စံမတူ အောင်၊ ဟန်ယူဟန်ရ၊ လှထက်လှလို့၊ မိန်းမရတနာ၊ မိသာမှာမှာ၊ အင်္ဂါပေါင်းစု၊ အသားမှာလေ၊ ဂွမ်းဝါနုသို့၊ မုဒုလက္ခဏာ၊ ထင်အရှားကေ၊ အင်ငါးဖြာတွင်၊ ကေသာကစ၊ မကျန်ရအောင်၊ မံသအထိ၊ ဆ-ဝိဝါရ၊ ငါးအင်္ဂါလေ၊ ကလျာဏနှင့်၊ က္ကတ္တိယဇာတ်၊ မိန်းမမြတ်ကေ၊ မိုးနတ်သမီး၊ လူတို့ပြည်မှာ၊ သန္ဓေမှီးလို့၊ စံသည်းရှုပ၊ အမူအရာ၊ လူထက်သာကေ၊ ကျော်၍လှလျက်၊ နတ်မိန်းမတူ၊ ကညာဆိုလေ၊ အပျို စစ်လျှင်၊ ဖြစ်တော်မူလို့၊ တိုက်ဂူပြောင်ညီး၊ သူဌေးစံကေ၊ ဗိမာန်ကြီးမှာ၊ သမီးရတ နာ၊ မိသာမာလျှင်၊ အခါတစ်ပါး၊ နက္ခတ်တွဲကေ၊ သဘင်ပွဲကို၊ ရှုကြည့်သွားမည်၊ သို့ဖြစ်ပေ၍၊ ပျိုမေထုံးစံ၊ နှုန်းမတန်အောင်၊ ဟန်ပန်လိုငြား၊ လှစေချင်ကေ၊ ဆင် ဝတ်စားလို့၊ ဆယ်ပါးနံ့သာ၊ ဂန္ဓမာနှင့်၊ စမ္ပာကတိုး၊ ပျိုကညာလေ၊ ကိုယ်မှာချိုးလို့၊ ဖိုးထိုက်ဖိုးတန်၊ ရွှေဇာပြန်နှင့်၊ နားပန်နားကပ်၊ စိန်ကျောက်အရောင်၊ ထိန်တောက် ပြောင်ကေ၊ ရောင်လျှပ်လျှပ်နှင့်၊ လက်ကျပ်လက်ကောက်၊ ဆန်းတကြယ်လေ၊ နှမ်း ချည်ထိုးကေ၊ ယိုးပန်းပြောက်မှာ၊ စိန်ကျောက်ကိုစီ၊ တောက်ထိန်ထိန်ကေ၊ သိင်္ဂီပုလဲ၊ တစ်သွယ်နှစ်သွယ်၊ မြကြိုးနွယ်နှင့်၊ လည်ဝယ်ဆွဲလို့၊ ယဉ်ကျေးနုလှ၊ ရှုမဝအောင်၊ ရှုပစံသီး၊ ဆံကေသီမှာ၊ ဆီမလိမ်းဘဲ၊ စိမ်းမြညိုပြောင်၊ ပိတုန်းရောင်ကို၊ ထုံးနှောင် သေသပ်၊ ရွှေနှမ်းချည်ကို ခြွေကာဆန်းကေ၊ ပန်းကုံးစွပ်လို့၊ ဆံချပ်ဆံထိုး၊ ဆန်းတကြယ်လေ၊ ဆင်စွယ်မျိုးနှင့်၊ ခါကြိုးဒွါဒရာ၊ ပိုးမုကာလည်း၊ ရိုးပါလှသည်၊ ပန်းစုံ ခြေကေ၊ ဘွာငွေရစ်ပတ်၊ ဖဲညွန့်အင်္ကျီ၊ ရွှေထဘီကို၊ သီကာဝတ်ကေ၊ မိုးနတ်သူဇာ၊ ပုံပမာသို့၊ ရှုပါဝဏ္ဏ၊ ပသာဒမှာ၊ လှပစုံလင်၊ တန်ဆာဆင်ကေ၊ ရှုချင်ကမန်း၊ သူ့အသွင်ကို၊ မြင်မခန်းကေ၊ နန်းထိုက်ဖိုးတန်၊ ဟန်၏တည်းလေ။

နန်းထိုက်မယေဖိုးတန်၊ ဟန်ထက်ဟန်ကေ၊ စံလွန်မိန်းမ၊ တန်ဆာစုံလင်၊ ကိုယ်သဇင်မှာ၊ ဆင်ပြီးမှလျှင်၊ များလှငါးရာ၊ ခြံရံကာ၍၊ ဥဇ္ဇာတွင်ပြီး၊ ယိမ်းမချွာ အောင်၊ ထိန်းတော်ကြီးနှင့်၊ မနီးမပါး၊ မိသာမာမှာ၊ ချီကာလှမ်းကေ၊ လမ်းစုံသွားလို့၊ ဖဝါးခြေလှမ်း၊ မကြမ်းတမ်းဘဲ၊ ထီးနန်းနီးဟပ်၊ ကြတ္တိကာနှင့်၊ ယှဉ်ကာစပ်လို့၊ နက္ခတ် သဘင်၊ ပွဲစုံဆင်ကေ၊ ရှုမြင်ရစေ၊ မိသာမာလျှင်၊ ပျိုတော်များနှင့်၊ သွားတုံလေကေ၊ ညနေချမ်းချမ်း၊ မင်းဥဒိန်မှာ၊ သိင်္ဂီနန်းနှင့်၊ စံမြန်းပျော်မွေ့၊ ခြသေ့်ခံကေ၊ လေသွန် ပေါက်ကို၊ ထောက်လို့ကြည့်ခါ၊ မေ၏ရုပ်သွင်၊ မြင်လေကျင်လေ၊ ကြည်ချင်စိတ်ဓာတ်၊ စံပျော်ရာသို့၊ ခေါ်ဝါပြုကေ၊ တစ်ဦးမတ်အား၊ လျောက်ပတ်တင့်တယ်၊ ဤမိငယ်က၊ ဘယ်သူ့သားမြေး၊ အရင်းရှာ၍၊ ခြင်းရာရေးကို၊ စစ်မေးကာလ၊ ဃောသကဟု၊ နာမပျံ့မွှေး၊ ဓနဟုန်ကြောင့်၊ သိန်ဂုဏ်ကဲကေ၊ သူဌေးရင်သွေး၊ ကြင်မငြီးသည်၊ သမီးရတနာ၊ မှန်စစ်စစ်ကေ၊ ဖြစ်တုံပါဟု၊ ခြင်းရာလျှောက်တင်၊ မင်းဘုရင်က၊ လင်ရှိမရှိ၊ အ-သာမိနှင့်၊ သာမနှစ်ပါး၊ ထိုစကားကို၊ မေးငြားလေကျင်၊ ဝန်မဟာက၊ ပန်ထွာပြုကေ၊ လျှောက်ဦးတင်ရေ၊ သားလင်နတ္ထိ၊ အသာမိကေ၊ က္ကတ္ထိရတနာ၊ ပျိုကညာဟု၊ လျှောက်တော်မူလိုက်၊ ရတနာလေ၊ ဥစ္စာထုပ်ကို၊ ခလုတ်တိုက်သို့၊ နှစ်ချစ်ဝမ်းသာ၊ ငါရာဇာမှာ၊ တောင်ညာနှင်းရန်၊ သူဌေးကြီးကို၊ မိန့်တော်ပြန်ဟု၊ တမန်လွှတ်ခါ၊ မတ်ဝန်များတို့၊ သွားလေပါ၍၊ ခြင်းရာကြောင်းရေး၊ မိန့်တော်သံကို၊ ပြန်တုံခဲ့သော်၊ သူဌေးလင်မယား၊ ပြောစကားမှာ၊ ပတ္တမြားပုလဲ၊ သမီးတော်လေ၊ ရတနာကျောက်ကေ၊ တစ်ယောက်တည်းကို၊ လည်ရွဲအသွင်၊ ငါတို့နှစ်ဦး၊ အာရုံပြု ၍၊ မျက်ရှုဆင်ကေ၊ ချစ်ကြင်မဝ၊ သည်ကိစ္စနှင့်၊ ထိုမှတစ်ပါး၊ ပြည်ဘုရင်လေ၊ ရှင်မင်းဖျားမှာ၊ မိဖုရားမောင်းမ၊ သောင်းသောင်းဆာကေ၊ များပါလှ၍၊ ငါ့သမီးဖြူ၊ ငါ့သည်းအူကို၊ ရန်သူအကြား၊ နန်းတောင်ငူကို၊ ဆောင်ယူသွားလို့၊ မထားနိုင်ပါ၊ ဆိုသောခါလျှင်၊ စေကာခန့်ထား၊ ဒြပ်ချွန်ကေ၊ မတ်ဝန်များတို့၊ သွားလာလျင်မြန်၊ စံပျော်ရာလေ၊ ထံတော်မှောက်၌၊ လျှောက်လေပြန်ကေ၊ အသမ္ဘိန္န၊ ခတ္တိယဟု၊ ဥဒိန္ဒရာဇာ၊ မိန့်အာဏာနှင့်၊ စာချွန်တံဆိပ်၊ သူဌေးနှစ်ဖော်၊ နေအိမ်တော်မှာ၊ ခတ်ကာနှိပ်လို့၊ အိမ်ရိပ်ကိုမှ၊ သူဌေးကိုလေ၊ မခိုရဘဲ၊ မိန့်ဟတော်ထွယ်၊ မတ်တော် ဝန်တို့၊ စောင့်ဖန်သားနှင့်၊ ထားကြသည်လေ။

ထားကြလေကေ၊ ထိုသည်အခါ၊ သမီးတော်လျှင်၊ ပြန်လာကာထ၊ သူဌေးတွင် လေ၊ ဂုဏ်အင်ရှိကေ၊ မိနှင့်ဖတို့၊ အိမ်မဂေဟာ၊ မနေသာ၍၊ ထွက်ခွာရကျင်၊ ကြောင်း ခြင်းအင်နှင့်၊ အိမ်တွင်တံဆိပ်၊ မင်းဂေဟာဟု၊ ခတ်ကာနှိပ်လို့၊ နိမိတ်လက္ခဏာ၊ ကြောင်းခြင်းရာကို၊ မြင်ခါကာလ၊ သမီးငယ်လေ၊ မေသာမမှာ၊ မိဘကိုသာ၊ ကြောင်း ရာရေးကို၊ မေးလေပါကေ၊ ပြန်ကာစကား၊ ခြင်းမျိုးစုံကို၊ အကုန်ပြောကေ၊ နှစ်ပါး မိပတိ၊ ကျေးဇူးဟုန်လေ၊ ဂုဏ်နန္တဖြင့်၊ ဖနှင့်မိတို့၊ ပြည်ကြီးသခင်၊ ရွှေထီးရှင်ကို၊ ဆန့်ကျင်ဘက်သည်၊ ပြုတုံပေ၍၊ မထီလေးစား၊ ခုတကယ်လေ၊ သည်ကြောင်းလျှာ ကြောင့်၊ ကြီးမားမင်းဒဏ်၊ ပြစ်မလွတ်ဘဲ၊ ဆိုက်ကပ်ဟန်ကို၊ ပြန်၍မနေ၊ ထံတော် သာမှာ၊ ပန်ထွာမြှောက်ကေ၊ လျှောက်ရမည်ကား၊ သက်ဝေသည်းအူ၊ သမီးဖြူကို၊ ရန်သူလက်ထဲ၊ တစ်ကိုယ်တည်းလျှင်၊ မပေးနိုင်ပါ၊ ရံငါးရာနှင့်၊ ဆောင်တော်မူက၊ ငြင်းမဖယ်သာ၊ မင်းရာဇာကို၊ နှင်းပါတော့မည်၊ ဖပီတာမှာ၊ ဆယ်ဖြာမြှောက်ကေ၊ ပန်လျှောက်ချေဟု၊ ဆိုလေသောခါ၊ သမီးတော်က၊ သည်းချာဖြစ်ငြား၊ ဖရင်သွေး ကေ၊ သမီးချော၏။ သဘောရှိရာ၊ မွေးဖမိတို့၊ မသိသာ၍၊

ပယ်ပါလိုက်သည်၊ ယခု ဝယ်က၊ အသေအချာ၊ သင့်ဇာတိကို၊ သိခြင်းရာကြောင့်၊ လျှောက်ပါခိမည်၊ ဆုံထုံပေ ၍၊ မနေလျှင်လျှား၊ ညီလာသဘင်၊ သီဟာခွင်ကို၊ ခိုဝင်ငြားလို့၊ မင်းဖျားရာဇာ၊ ရွှေ့တော်သာမှာ၊ ပန်ထွာတုတ်မြောက်၊ ဂုဏ်တစ်ဖန်၊ အကြောင်းပြန်ကော၊တောင်းပန် လျှောက်တော၊ ထက်အောက်မြေချာ၊ ဘက်မပေါ်ကော၊ စကြာသခင်၊ တစ်သောင်းမြေ မှာ၊ ဆောင်းရွှေထီးနှင့်၊ ပြည်ကြီးရှင်လေ၊ ဘုရင်မင်းကြီး၊ ကျွန့်သမီးကို၊ ချီးမြှောက် လိုသော်၊ ရုံငါးရာပါ၊ ဆောင်တော်မူက၊ မြတ်ရာဇာကို၊ အပ်ပါတော့မည်၊ ရွှေ့တော် ဝယ်၌၊ လျှောက်လေသောခါ၊ မင်းရာဇာမှာ၊ ငါးရာမက၊ လွန်များမြောင်ကော၊ ငါး ထောင်မျှလျှင်၊ မောင်းမပျိုတော်၊ ရှိတုံပါလည်း၊ ငါဆောင်တော့မည်၊ ဆိုလိုက်ပေ၍၊ ရွှေးချယ်တုံရှောင်း၊ မင်္ဂလာလေ၊ အခါကောင်းမှာ၊ ရွှေပေါင်းသွယ်သွယ်၊ ကြီးစလွယ် နှင့်၊ မတ်ငယ်မတ်ကြီး၊ အသီးသီးအား၊ မင်းကြီးရာဇာ၊ မိန့်အာဏာနှင့်၊ နန်းတော်ဝေ ယံ၊ သူဌေးကြီးနှင့် သမီးစံသည်၊ ဗိမာန်တစ်ရောက်၊ လမ်းတစ်လျှောက်တွင်၊ ဖျင် ပြောက်သင်ဖြူး၊ အထပ်ထပ်လျှင်၊ ခင်းစပ်ပူးလို့၊ ထူးထူးထွယ်ထွယ်၊ ဆေးစုံခြယ်၍၊ ဆန်းကြယ်ထုလုပ်၊ ဂဠုန်နဂါး၊ ယုန်နှင့်ကျားကော၊ ဗိတာန်ညောင်ရွက်၊ ထက်အပေါ် မှာ၊ မျက်နှာကြက်တွင်၊ ပန်းခက်ပန်းနွယ်၊ အသွယ်သွယ်ကော၊ ဝေဝေဖားဖား၊ အောင်လံဆူဆူ၊ တံခွန်ဖြူကို၊ စိုက်ကာထူလို့၊ ငှက်ပျောတစ်စိုင်၊ ကြံတစ်စိုင်လျှင်၊ ပြိုင်ကာစိုက်ပျိုး၊ သပြေပင်ကော၊ ရေစင်အိုးနှင့်၊ ဖြိုးဖြိုးဝေဝေ၊ တင့်အတယ်ဖြင့်၊ ဆန်းကြယ်စုံလင်၊ ကြောင်းဇင်းခါလေ၊ ဒွါရာလမ်းကို၊ တန်ဆာဆင်ရေ။

တန်ဆာဆင်ကော၊ သဘင်ပွဲကြီး၊ အသီးသီးတွင်၊ မှုတ်တီးတူရိယာ၊ အငြိမ့်ဖျော်လို့၊ ခရာသံစုံ၊ အကြမ်းအနု၊ လမ်းနှစ်ခုဖြင့်၊ ရှုမကုန်အောင်၊ ရုပ်ပုံကိုနှိုပ်၊ သွားလာ နေပျော၊ လည်ကာပတ်အောင်၊ ဓာတ်တံဆိပ်နှင့်၊ အရိပ်ပြပွဲ၊ ယိုးဒယားကချေ၊ သဘင် သည်ကော၊ လောင်းလှေပွဲနှင့်၊ ကျင်ပွဲတစ်ရပ်၊ ဇာတ်ပွဲတစ်ခြား၊ ဝိညာဉ်ဝင်ကော၊ အရှင်ပြောယောင်၊ သစ်သားကိုခုတ်၊ ပန်းပုဆရာ၊ လူပမာသို့၊ တူစွာလုပ်လို့၊ အရုပ် ထုပြီး၊ ကြိုးနှင့်သီ၍၊ ချီကာချကော၊ က,ရုပ်သေးဟု၊ ပွဲကြီးပွဲငယ်၊ ရယ်ရွှင်ဖွယ်ကော၊ ငွေယ်သာခြင်း၊ ပေါင်းခပင်းကော၊ စောင်းညင်းပတ္တလား၊ လူများစွာလေ၊ မြူးပျော် ကြောင်းကို၊ စောင်းတရောနှင့်၊ ကျွမ်းသမားတိုင်တက်၊ ကြည့်ကာမြင်လည်း၊ အထင် ခက်အောင်၊ မျက်လှည့်လက်လှည့်၊ နှစ်ယောက်ယှဉ်လို့၊ ပြိုင်ကာရပ်ကော၊ သတ်လက် ဖွဲ့က၊ ကြည့်ဖွယ်ရှုဖွယ်၊ ပွဲစုံကျင်းကော၊ ခင်းပြပေ၍၊ ရွှေထမ်းစင်တွင်၊ တန်ဆာဆင် လျက်၊ မင်္ဂလာအချိန်၊ ထိုနာရီမှာ၊ ဒေဝီအလောင်း၊ လှတင့်တယ်၍၊ ကျက်သရေရှိ ကော၊ မိန်းမကောင်းကို၊ အပေါင်းအဖော်၊ ရုံငါးရာပါ၊ ဆောင်ကာယူမြောက်၊ စံပျော် ငှာလေ၊ နင်းတော်ရောက်ကော၊ ဝမ်းမြောက်စရာ၊ ရေနံ့သာနှင့်၊ သွန်းခါချိုးငြား၊ ရွှေအထက်တွင်၊ မြကိုတင်သို့၊ ဆင်ဝတ်စားမှာ၊ မိဖုရားတန်ဆာ၊ စုံလင်စွာကော၊ ဒွါဒရာမျိုး၊ သုဝဏ္ဏလေ၊ ရွှေခါကြိုးနှင့်၊ ဆံထိုးဆံစူး၊ လွန်ဆန်းထူးကော၊ နဖူးဉဿျောင်၊ ထိန်ထိန်ပြောင်လို့၊ စိတ်တောင်ဘယက်၊ နီလာကြောင်ကော၊ ရောင်လိတ်လက်နှင့်၊ ကျက်သရေမင်္ဂလာ၊ ဆောင်အံ့ငှာလျှင်၊ တန်ဆာဆင်ပြီး၊ ဉဒိန်တွင်ကော၊ ရှင်မင်းကြီး နှင့်၊ ထိမ်းမြားဆက်စပ်၊ ပုဏ္ဏားကျော်လေ၊ ဆရာမြတ်တို့၊ ဆုယူတောင်းလို့၊ မင်းကောင်းနရ၊ လောင်းနရိန်လေ၊ ဉဒိန္နက၊ သာမာဝတီ၊ မဟေသီဟု၊ ဘွဲ့ချီသတ် မှတ်၊ နန်းညာတောင်လေ၊ တစ်ဆောင်အပ်လို့၊ ရုံပတ်ငါးရာ၊ ပေါင်းပျိုတော်နှင့်၊ နှစ်ဖြာမောင်မေ၊ စည်းစိမ်ဟုန်နှင့်၊ ရွှေဘုံနန်းမှာ၊ စံမြန်းနေရေ။

## နဂရုပ္ပတ္တိ သံစေပနိဒါန်း

ဤလည်းလည်းကော၊ ဤလည်း ယခု၊ ဤသို့စီကော၊ ဤဝတ္ထုကို၊ ဖတ်ရှုရအောင်၊ လူတကာတို့၊ နာပျော်မှုဖြင့်၊ ပြုကြံဆောင်သည်၊ တစ်ထောင်ရတနာ၊ စွန်းမှာရှစ်ဆယ်၊ ခြောက်ခုဝယ်၌၊ စစ်တွေနဂရ၊ ထက်နတ်ပြည်သို့၊ တည်ကာချလို့၊ နာမတံဆိပ်၊ သတင်းဟိတ်နှင့်၊ အင်္ဂလိပ်ဘုရင်၊ ကြီးတန်ခိုးနှင့်၊ စိုးမိုးကျင်၍၊ စီရင်ကြံစည်၊ မြို့စစ် တွေမှာ၊ ကြီးကျယ်ခမ်းနား၊ ရောင်းဝယ်ရာလေ၊ ဈေးနှော့များနှင့်၊ ရထားမြင်းဆင်၊ မြို့တွင်းပြင်သို့၊ ထွက်ဝင်သွားလာ၊ အကြင်သူလေ၊ လူခပင်းကော၊ တိုင်းရင်းသား နှင့်၊တခြားဘာသာ၊ သူတကာတွင်၊ ရေမာတခြား၊ မျိုးကွဲပြားကော၊ ကုလားတရုတ်၊ လူချင်းရှုပ်အောင်၊ အယုတ်အလတ်၊ အမြတ်သုံးပါး၊ လောကီဘာသာ၊ ဓမ္မတာဖြင့်၊ နေပျော်ငြားလျက်၊ သွားလာထွက်ဝင်၊ များလူရှင်တို့၊ ဂုဏ်အင်မချို့၊ ကျက်သရေလေ၊ ဝေမို့မို့နှင့်၊ မြို့ကိရိယာ၊ စုံလင်စွာနှင့်၊ အင်္ဂါငါးမည်၊ ဝပြောစည်၍၊ ကြီးကျယ်ဆောက် အုံ၊ ပြည့်စုံလင်လေ၊ အင်မချို့ကော၊ မြို့ကြီးသူတို့၊ တိုက်ဂူပြောင်ညီး၊ အသီးသီးလျှင်၊ သမီးမောင်နှံ၊ စည်းစိမ်ခံကော၊ ဗိမာန်အပေါင်း၊ ရိပ်ငြိမ်စံကော၊ သိပ္ပံကျောင်းနှင့်၊ တတ်ကောင်းစုံလျှင်၊ တချို့သင်လို့၊

ထိုပြင်တခြား၊ မြို့သူရွာကော၊ ရှင်သူများတို့ ကမ္ဗလာဖဲပိုး၊ အမျိုးမျိုးတို့ ဖိုးထိုက်ဖိုးတန်၊ ဆိုင်ဒုက္ကန်နှင့်၊ စွန့်ပါလိုကြောင်း၊ တခြား ပိုင်စံ၊ များနိုင်ငံက၊ ဝန်အပေါင်းကို၊ ရောင်းသူဝယ်သူ၊ သဲ့သဲ့ဆူလို့ ရှင်လူကြီးငယ်၊ သုံးဆောင်ရာလေ၊ တန်ဆာပေါင်းကို၊ ရောင်းချဝယ်ကော၊ စစ်တွေမြို့ထဲ၊ မြူနီစီပါယ်၊ တွင်နာမည်နှင့်၊ ထိုသည်ဈေးမှာ၊ ငွေကြေးများမြောင်၊ ရင်းပြီးနောင်၌၊ မောင်မောင် ကောက်ရ၊ တူနှစ်ဖြာကော၊ မဟာသဖြင့်၊ တကွပေါင်းသင်း၊ ဝန်စုံဆိုင်သည်၊ ဒုက္ကန် တည်ကော၊ ကြေးငွေရင်း၍၊ သာခြင်းစာအုပ်၊ မြို့ရန်ကုန်က၊ ပုံနှိပ်ထုတ်လို့ ပြုလုပ်စီ ရင်၊ အသီးသီးကို၊ ရောင်းပြီးကျင်မှ၊ နားတွင်ယိုင်နှု၊ မင်းဥဒိန်လေ၊ ဤဝတ္ထုကို၊ ဖတ်ရှုစေဌာ၊ ရွှေပြည်သူလေ၊ လူအပေါင်းကို၊ ရောင်းရသင့်စွာ၊ ထွန်းဆရာလျှင်၊ ကဗျာထုံးမှီ၊ စာယဉ်ကျေးဖြင့်၊ ရေးကုံးစီကော၊ ဤကာရန်စပ်၊ စခန်းသတ်၍၊ တန့်ရပ် ကြလေ၊ နောက်တစ်ဖန်မှာ၊ ကျန်နံပါတ်ကို၊ ဆက်စပ်သွယ်၍၊ စာပေအရ၊ မာဂဓီလေ၊ သံထီပုဒ်ကော၊ ယုတ်သမျှကို၊ ထုတ်ပြပြီးထွယ်၊ လောင်းဥဒိန်ကို၊ ဆင်ခြေဆုံးအောင်၊ ကုံးပြမည်လေ။

## တစ်စခန်းရပ်

တစ်ခန်းမယေပိုင်းဖြတ်၊ နောက်တစ်ဖန်လေ၊ ကာရန်ဆန်းနှင့်၊ တစ်ခန်းစပ် မည်၊ သောင်းရပ်ဌာနေ၊ မြေပံသုတွင်၊ ဇမ္ဗူဘွေ၌၊ ရွှေပြည်သိဂ်ီ၊ ဥဇ္ဇေနီ၊ ခွန်ဆီပိုင် သ၊ လွန်ကြီးကျယ်အောင်၊ ထီးစည်မိုးလို့ အစိုးရကော၊ စန္ဒပဇ္ဇော၊ စွမ်းဆောင်နိုင် ကော၊ သည်ငါးပါးကို၊ ပိုင်းငြားစိုးရ၊ ရှေးအကျိုးဟု၊ ပြည့်ဖြိုးစုံကော၊ ဂုဏ်တဝနှင့်၊ နရသနင်း၊ ထိုသည်မင်းမှာ၊ သားရင်းရတနာ၊ မရပါကော၊ ဓိတာတွင်ပြီး၊ ရှုပရုပ်သွင်၊ ငါးပါးအင်နှင့်၊ ကြင်မငြီးကော၊ သမီးတော်လှ၊ တစ်ယောက်ရလို့ ဝါသုလဘတ္တာ၊ ဘွဲ့ နာမည်လေ၊ ရွှေတံဆိပ်ကို၊ နှိပ်ပြီးခါမှ၊ ကညာပျိုပေါက်၊ လှတင့်တယ်ကော၊ အရွယ် ရောက်က၊ ဆောက်လုပ်ပြီးလျှင်၊ မွေးဖခင်မှာ၊ တပင်နန်းမ၊ နေပျော်ရန်လေ၊ ဗိမာန် ထွတ်ကော၊ ပြာသာဒ်လှနှင့်၊ ထိန်းယမကျန်၊ အစေခံကော၊ ခြွေရံအများ၊ သမီးတော်ကို၊ ဖြေဖျော်ခြင်းဖြင့်၊ နှင်းအပ်ထားလို့ လှချောကိုယ်ပိုင်၊ တပင်တိုင်မှာ၊ ဘက်ပြိုင်မရ၊ နတ်ကညာသို့ ဝါသုဋ္ဌကော၊ ဘတ္တတွင်ခေါ်၊ မည်သညာဖြင့်၊ ယဉ်ပါဘိခြင်း၊ ကျောနှင့် ရင်မှာ၊ သဇင်ညှင်းနှင့်၊ ဝါဝင်းသားရေ၊ သုဝဏ်ရွှေသို့ လက်ခြေညှံ့နု၊ ပန်းဝတ်လွှာ ကော၊ ဂွမ်းဝါမှုန့်သို့ မုဒုလက္ခဏာ၊ မေဘတ္တာမှာ၊ ကာယိန္ဒြေ၊ တိုမရှည်ကော၊ ကြီးကယ် ဆူကြုံ၊ ရှုပါရုံမှာ၊ တစ်စုံတစ်ခု၊ မြူမှုန်နုမျှ၊ ပြောစုပြောရန်၊ ခြောက်ပြစ်စင်ကော၊ အင်ငါးပါးနှင့်၊ ချောမောဟန်ကို၊ ဆိုရန်မရှိ၊ လှအပေါ်မှာ၊ ယဉ်ပါဘိကော၊ ပဋိရူပ၊ ကညာဆိုလေ၊ ပျိုက္ကတ္ထိကော၊ မိန်းမလှဟု၊ ဝါသုလဘတ္တာ၊ နန်းဝေယံမှာ၊ ခြွေရံများ နှင့်၊ စံစားပျော်ကော၊ အခါတစ်ပါး၊ မွေးဖပြည်ပိုင်၊ မွှေးပျံ့ကြိုင်ကော၊ ဥယျာဉ်တောကို၊ ပျော်ပါးအံ့ငှာ၊ သွားလေပါက၊ များစွာပရိသတ်၊ အတွင်းဝန်နှင့်၊ ပြင်ဝန်မတ်တို့ ရံပတ်မွှန်းဖြင်၊ ထိုဘုရင်မှာ၊ ဆင်ယာဉ်မြင်းယာဉ်၊ ရထားယာဉ်ကို၊ ဥယျာဉ်ထဲတွင်၊ ရှုကာမြင်သော်၊ သာရွှင်ဝမ်းမှာ၊ ကိုယ်တော်ရံလေ၊ မတ်ဝန်ရင်းကို၊ မေးခြင်းရာက၊ ငါကဲ့သို့မင်း၊ သပြေငူလေ၊ ဇမ္ဗူတွင်းမှာ၊ ဆင်မြင်းရထား၊ အင်ငါးပါးနှင့်၊ များပြား ဗိုလ်ပုံ၊ စည်းစိမ်ဟုန်ဖြင့်၊ ပြည့်စုံသူသည်၊ ရာဇာဓိကော၊ ရှိသိရေးလာ၊ မိန့်တော်ထွေ ပျာ၊ မေးလေငြားကော၊ ပလ္လွားဂုဏ်မာန်၊ တင်းကင်းတည်းလေ။

## ယန္တရားစက်ဆင်ပြီးလျှင် ဆင်အသွင်ပြုစီမံ၍ ထီးနန်းစံ မင်းဥဒိန်ကို လှည့်လိမ်၍ ဖမ်းယူစခန်း

ပ-လ္လွားယေဂုဏ်သံ၊ မေးလေပြန်ကော၊ ကိုယ်ရံတော်မတ်၊ မြွောက်ပနာဆင်၊ လျှောက်ကာတင်ကော၊ ရှင်မင်းမြတ်ထက်၊ ဒြပ်ဂုဏ်သိန်၊ တုမမှိန်ကော၊ ဥဒိန္နမင်း၊ တန်ခိုးထက်သန်၊ မိုးနတ်ဟန်သို့ ထွဋ်မှန်ကင်းမှာ၊ ဆင်မြင်းရထား၊ ပြည့်စုံလင်ကော၊ အင်ငါးပါးနှင့်၊ များပြားကိရိယာ၊ ဗိုလ်ပါရဲမက်၊ တစ်ဖက်ရန်ကို၊ လှန်ကာပစ်ကော၊ စစ်လက်နက်သို့ ဤထက်မက၊ တို့ကိုယ်တော်ထက်၊ သာပါလှလျက်၊ ထိုမှတစ်ရပ်၊ သူ၏ဘိုးတော်၊ ရသေ့ကျော်လေ၊ သင်ကာတတ်သည်၊ ဆင်လွှတ်ဆင်ခေါ်၊ ဂါထာမန္တန်၊ စောင်းသံဟီးလို့ တီးလိုက်ပြန်သော်၊ ဆဒ္ဒန်ဆင်မှ၊ မကျန်ငါ့အောင်၊ လာရတော့သည်၊ သို့ဖြစ်ပေ၍၊ ကြီးကျယ်ပညာ၊ ဂုဏ်တေဇာနှင့်၊ အာဏာဇိဒ္ဓိ၊ ကောသမ္ဗီမှာ၊ ဥဒိန်မင်းသား၊ တစ်မင်းရှိဟု၊

ကဝိမဟာ၊ လျှောက်လေပါကေ၊ ရာဇစန္ဒ၊ ပဇ္ဇောတက၊ သိပ္ပမန္တန်၊ ဂါထာပျံ့ကို၊ အလွန်လိုချင်၊ ထိုခြင်းအင်ကြောင့်၊ ဆင်ခေါ်မန္တန်၊ ဂုဏ်သိပ္ပကို၊ ရနိုင်ရန်လျှင်၊ အကြံပေးကာ၊ မတ်တစ်ယောက်လျှင်၊ လျှောက်ခြင်းရာက၊ ဘုန်းတော်ကြီးလှ၊ ရာဇာ့ဌာနီ၊ ကောသမ္ဗီက၊ ဥဒိန္နကို၊ ရနိုင်မှသာ၊ ထိုပညာကို၊ ကိုယ်တော်မင်းလှ၊ ယွင်းမခွအောင်၊ ရနိုင်တော့မည်၊ လျှောက်တုံလေက၊ ထိုသည်ဘုရင်၊ မတ်တော်များကို၊ ပြောခြင်းအင်က၊ ဆင်ဂါထာထက်၊ မင်းရာဇိန် လေ၊ ဥဒိန္နကို၊ အရခက်ဟု၊ နှုတ်မြွက်လိုက်လျှင်၊ ပညာရှင်တို့၊ ဆင်ခြင်စဉ်းစား၊ ထိုဘုရင်ကို၊ လျှောက်တင်ရှောင်းကေ၊ ကြောင်းစကားက၊ ယန္တယားစက်ဆင်၊ အသွင် လုပ်ကေ၊ ဆင်ရုပ်ပြင်လို့၊ စီရင်ကြံစည်၊ ဖမ်းတုံလေသော်၊ အလွယ်နှင့်ရ၊ အစီအမံ၊ ဤအကြံသည်၊ လျှော်ကန်လှဟု၊ ပန်သလျှောက်တင်၊ ထိုခါတွင်လေ၊ ဘုရင်ပဇ္ဇောတ၊ ရွှင်အားရ၍၊ ခဏမနေ၊ ဥယျာဉ်သာက၊ ချီကာလှမ်းလို့၊ နန်းရဝေကို၊ ရောက်လေ သောခါ၊ တတ်လိမ္မာကေ၊ ပညာသည်များ၊ မင်းအာဏာနှင့်၊ ခေါ်ဝါငြားလို့၊ ကြီးမား သောဆင်၊ လွင်အရုပ်လျှင်၊ လုပ်လေကျင်၍၊ အရှင်သဖွယ်၊ ဆင်ရေကဲ့သို့၊ ဆေးစုံ ခြယ်ကေ၊ အခြေလေးချောင်း၊ လွန်တင့်တယ်ကေ၊ စွယ်နှစ်ချောင်းနှင့်၊ နှာမောင်း မြီးတံ၊ သက်ဝင်ဟန်သို့၊ မျက်ဆန်နားရွက်၊ နှစ်ဖက်ယှက်၍၊ တက်တက်လည်းခတ်၊ ဟတ္ထိအသွင်၊ ပြီးတုံကျင်သော်၊ မြင်ပြန်လတ်ကေ၊ မင်းမြတ်ဘုရင်၊ ရွှင်ဝမ်းတော့လေ။

မင်းမြတ်မယေဘုရင်၊ ဆင်ကိုမြင်ကေ၊ သာရွှင်ဝမ်းမြောက်၊ ရဲစွမ်းသူလေ၊ လူသူရဲကို၊ ရွေးချယ်ကောက်လို့၊ လုံလောက်ကိရိယာ၊ ဆင်ဝမ်းတွင်းမှာ၊ သွင်းပြီးခါ မှ၊ ဗိုလ်ပါရဲမက်၊ လက်နက်အစုံ၊ ပစ်မကုန်အောင်၊ အလုံအလောက်၊ အရမနေ၊ဖမ်းကြချေဟု၊ စေလေမြောက်က၊ ဆင်ပေါက်ဝမ်းတွင်၊ သူရဲများလျှင်၊ ငါးရာဝင်၍၊ ကြိုးငင်ကြိုးဆွဲ၊ စက်နှင့်ဟုတ်ကျင်၊ သစ်ရုပ်ဆောင်လျှင်၊ အရှင်ကဲ့သို့၊ မနှေးလျင်မြန်၊ သွားလေပြန်၍၊ နိုင်ငံဌာနီ၊ လူလောကီမှာ၊ ကောသမ္ဗီမည်၊ သာမောစည်ကေ၊ ရွှေ ပြည်အဝင်၊ တောမြိုင်ခွင်မှာ၊ အထင်အရှား၊ လုပ်သည်ဆင်လျှင်၊ အရှင်လားသို့၊ ဝင်သွားလှည့်လည်၊ နေတုံပေ၍၊ ယုံကြည်စေရန်၊ ဆင်ချေးဟန်သို့၊ စီမံပြီးထွယ်၊  တောလမ်းများမှာ၊ ပစ်ထားလေကေ၊ ပရိယာယ်ဆင်၊ ထဲဝမ်းတွင်း၌၊ ခိုဝင်ဗိုလ်ခြေ၊  ချက်ပြုတ်စားလို့၊ သွားနေလေကေ၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီက၊ မုန္တိမုဆိုး၊ ငရဲသူ လေ၊ တောလူမျိုးမှာ၊ အားကြိုးရှာဖွေ၊ စုံမြိုင်ခြေကို၊ လှည့်လည်သွားလာ၊ ခွေးများ စွာကို၊ ခေါ်ဝေါ်ငြားလို့၊ ခွေးကျားခွေးကြောင်၊ မွေးမှုင်ထောင်ကေ၊ အူဟောင်ကိုက် ခဲ၊ ခွေးလိုင်ဖြူကေ၊ နားကူခွေးနှင့်၊ ခွေးစိတ်တရ၊ ခွေးမျိုးစုံကေ၊ ခွေးပုဏ္ဏက၊ ခွေးမ ခွေးနီ၊ ခွေးဇောင်းဂျီနှင့်၊ မြီးလျှင်ခုန်ဆွဲ၊ တောမြိုင်ယံမှာ၊ အလွန်ရဲကေ၊ အပြေးလည်း လျင်၊ ခွေးသမင်က၊ ခွေးတွင်အထူး၊ ခွေးဘီလူးနှင့်၊ မြားဒူးစူးလေး၊ ခွေးများမြောင်ကို၊ ခေါ်ဆောင်ခဲ့၍၊ အမဲသားကောင်၊ ထိုတောတောင်မှာ၊ တိမ်းရှောင်ပုန်းလျှိုး၊ ရနိုးနိုး ဖြင့်၊ မုဆိုးဒုသီ၊ မုန္တိမှာ၊ ဝက်ချေဒရယ်၊ ဂျီသငယ်ကို၊ ရှာဖွေကာလ၊ ထိုသည်ဆင်ကို၊ မြင်ကာလ၌၊ အေရဟတ္ထိ၊ ဧရာဝဏ်သို့၊ အလွန်ကြီး၍၊ ရပ်ဝီးကတန့်၊ အနီးကပ်ကေ၊ မဟာပ်ဝံ့ဘဲ၊ ကြောက်လန့်ဆုတ်ကာ၊ လာပြီးခါမှ၊ ရာဇာဘုရင်၊ ရွှေပြည် ရှင်ကို၊ လျှောက်တင်ကာလ၊ တစ်ခုခုကေ၊ ဆုလာဘ်ရမည်၊ မှတ်တုံပေ၍၊ မနေလျင် မြန်၊ အိမ်ကိုပြန်လို့၊ ဝေယံနန်းဘုံ၊ မုဆိုးကြီးမှာ၊ သွားပြီးတုံမှာ၊ လက်စုံမိုးမြောက်၊ မုဆိုး ကျော်၊ လျှိုးကာလျှောက်တေ၊ ဆင်ပေါက်ဟတ္ထိ၊ ပမာဆောင်ကေ၊ တောင် လောက် ကြီးလို့၊ ဘိုးဘေးလက်ထက်၊ အဆက်ဆက်က၊ တောနက်မြိုင်ခွင်၊ ဤသည် ဆင် ယောင်၊ မမြင်ဖူးပါ၊ ဝန္ဒနာနှင့်၊ ပန်ထွာမြောက်လို့၊ လျှောက်လေပါကေ၊ ရာဇာမင်းလှ၊ ဥဒိန္ဒမှာ၊ ဥပေါသထဆင်၊ စိတ်တော်ထင်၍၊ ငါလျှင်တကယ်၊ နတ်စောင်းသံလေ၊ မန္တန်စွမ်းနှင့်၊ ဖမ်းပြမည်လေ။

## ဥဒိန္နဘုရင် တောမြိုင်ခွင်မှာ ဆင်ဖမ်းရန် ထွက်တော်မူစန်း

ဖမ်းပြမည်လေ၊ မတ်ငယ်မတ်ကြီး၊ အသီးသီးအား၊ နှီးနှောတိုင်ပင်၊ လိုက်မည် ပြင်သော်၊ ညာတင်မြှောက်စား၊ ချီးမြှောက်ထားသည်၊ မိဖုရားသာမာ၊ လင်မင်းကျော် ကို၊ ဆယ်ဖြာမြှောက်ကေ၊ လျှောက်ခြင်းရာက၊ မောင်တော်ဘုရား၊ မေ့ထိပ်တင်ကေ၊ ရှင်မင်းဖျားလေ၊ တောကျား-တောဆင်၊ တောင်မြိုင်ခွင်မှာ၊ အရှင်ဖမ်းရန်၊ သွားမည် ကြံကေ၊ လျှော်ကန်တော့မည်၊ ဧကေဝုစ်ကေ၊ မဟုတ်ချေပါ၊ လွန်လေညဉ့်ခါ၊ သလွန် သာမှာ၊ စံပျော်အိပ်စက်၊ နိမိတ်တော်ထင်၊ စိတ်မရွှင်အောင်၊ မြင်အိပ်မက်က၊ ထိပ်တင်ဦးကင်း၊ မေ့ခေါင်တွင်လေ၊ ပန်ဆင်နေ့တိုင်း၊ တဆိုင်းဆိုင်းနှင့်၊ ခက်ကိုင်း

ညွှန့်ရှင်၊ မြင်မခန်းကေ၊ မြပန်းပင်ကို၊ အကြင်လူများ၊ လွယ်တကူလေ၊ နုတ်ယူသွား ဟု၊ မြင်ငြားအိပ်မက်၊ မေသက်ဝေမှာ၊ သည်အတွက်ကြောင့်၊ စိတ်စက်က လေး၊ အိပ်မက်ကောင်းအင်၊ မကောင်းအင်ကို၊ ဆင်ခြင်တွေးက၊ အရေးကြီးစွာ၊ စုံတစ်ခု လျှင်၊ မှုပြစ်ပေါ်၍၊ ဖြစ်ပါမည်ချက်၊ ရေးအရာကို၊ တွေးမြော်တွက်ကေ၊ အိပ်မက် ကောင်းပင်၊ ဤသည်ဆင်ဟု၊ ထင်မြင်တော့သည်၊ သို့ဖြစ်ပေ၍၊ နှမေကျွန်မ၊ မင်းစောနရိန်၊ မျိုးသမ္ဘန်ကြောင့်၊ စိုးရိမ်လှဟု၊ ညွှတ်ခပန်ထွာ၊ လင်မင်းဖျားကို၊ တားမြစ်ပါသော်၊ နရသဘ၊ ရွှေဘုန်းတော်ရှိန်၊ သမုစိန်သို့၊ ဥဒိန္နက၊ သာမာဝတီ၊ လှဒေဝီမှာ၊ စိုးရိမ်စရာ၊ စုံတစိမျှ၊ မရှိပါလေ၊ ပညာသတ္တိ၊ ဒြပ်ရှိသည်၊ ဟတ္ထိဂန္ဓ၊ အမည်ရသား၊ တေဇမောက်ဖြိုး၊ ပညာဟုန်လေ၊ ဂုဏ်တန်ခိုးကြောင့်၊ ဆယ်မျိုးသော ဆင်၊ မုန်ဝင်ခိုက်တွင်၊ ရိုင်းမိုက်ကျင်လည်း၊ မောင်လျှင်ခေါ်က၊ မန္တန်တေဇော်၊ အာနုဘော်ကြောင့်၊ မကြာလှကေ၊ လာရတော့၊ သို့ဖြစ်ပေ၍၊ ကြက်ငယ်ကိုလှော်က်၊ တောဆင်ပြောင်ကို၊ မောင်မကြောက်ကေ၊ တစ်ယောက်ဒေဝီ၊ မောင့်ကြောင့်မူလေ၊ ဆံမြုကျိုးမျှ ၊ မစိုးရိမ်နှင့်၊ ရိပ်ငြိမ်ဗိမာန်၊ နန်းဝေယံမှာ၊ ခြွေရံနှင့်သည်၊ မောင့်ကြင် ရာမှာ၊ သာရွှင်လန်းကေ၊ စံမြန်းလေဟု၊ မှာပေပြီးလျှင်၊ မတ်ဝန်ရှင်တို့၊ မြင်ချင်မူက၊ စွမ်းသန်သူလေ၊ ဟူသမျှကို၊ တူကွမကွာ၊ ကိုယ်ရံတော်ဟု၊ ခေါ်ဝါတုံရှောင်း၊ ပတ်ကာ ရံကေ၊ မတ်ဝန်းပေါင်းနှင့်၊ စောင်းကိုဆောင်ယူ၊ ကိုယ်တော်တိုင်လေ၊ တောမြိုင်နက် ကို၊ ထွက်တော်မူရေ။

ထွက်တော်မူကေ၊ ဆောင်ယူပြီးမှ၊ မုဆိုးကျော်ဟု၊ ခေါ်သမုတ်ကေ၊ လုတ္တက လျှင်၊ ညွှန်ပြလေကျင်၊ ဥာဏ်ဥပါယ်ကေ၊ ကြံစည်မှုဖြင့်၊ ပြုစီရင်သည်၊ ဆတင်ပရိ ယာယ်၊ မသိချေ၍၊ အကယ်ခုပင်၊ အသက်ရှင်ကေ၊ တောဆင်ရိုင်းမှတ်၊ နတ်စောင်းသံနှင့်၊ မန္တန်ရွတ်က၊ မဟပ်ရှောင်ခွာ၊ ဆင်မလာကေ၊ နောက်ပါခြွေရံ၊ မတ်တော်ဝန်ကို၊ အတန်ငဲ့ကွက်၊ ရှေ့ကအသွင်၊ မလာကျင်ကေ၊ သစ်ဆင်တွက်ကြောင့်၊ အရှက် တော်ရ၊ မျက်တော်မာန်လေ၊ ပြင်းထန်ထလို့၊ နာဂတောဆင်၊ ငါခေါ်ကျင်ကေ၊ နင်တကယ်ပ၊ မလာချေဘဲ၊ မနေရဟု၊ ဥဒိန္နမင်းကြီး၊ စောင်းကိုတီးလို့၊ ဟတ္ထိမန္တန်၊ ဩြောင်ဥုံတပ်၍၊ ရွတ်ခြင်းဟန်က၊ ဥုံ ဂဝံပမီး၊ အောင်သံဟီး၍၊ တြီးသီဟော၊ နာဂေါသတ္တာ၊ ပဥ္စပိဿနိုး၊ ကြီးတန်ခိုးနှင့်၊ လေးမျိုးမဟာရာဇ်၊ အချာစိုက်၍၊ ရှစ်ရ ဟန္ဒာ၊ ယက္ခာဇကေ၊ ဒွေးရာဇာနှင့်၊ ဗြဟ္မာပဥ္စ၊ က္ကန္ဒကကေ၊ နဝဒေဝေါ၊ ဆ-ဝသောက၊ လေးပါးသစ္စာ၊ ရှစ်ဝိဇ္ဇာနှင့်၊ မယာဓိပတိ၊ အရဟံလေ၊ သမ္ဗုဒ္ဓေါကေ၊ ငါးမုနိ၏၊ ကြီးဘိတေဇော်၊ ငါခေါ်ပြုကေ၊ အာနုဘော်ကြောင့်၊ ကာလာဝက၊ ဟတ္ထိ ဆင်ကေ၊ ဂင်္ဂေယျနှင့်၊ ပန္ဍြတပ္ပ၊ ပိင်္ဂလက၊ ဂန္ဓမင်္ဂလာ၊ ဟေမာဥပေါသထ၊ တန်ခိုး ထက်သန်၊ ဘိုးနှင်္ဂီကေ၊ ဆဒ္ဒန္တဟု၊ နာမတွင်ရိုး၊ တောမြိုင်ခွင်မှာ၊ ဆင်ဆယ်မျိုးတို့၊ ပုန်းလျှိုးမနေ၊ ငါ့အာဏာနှင့်၊ ခေါ်သမျှကို၊ လာရမည်ဟု၊ သရဖ္ဈာယ်မန်းမှုတ်၊ နတ်စောင်းသံနှင့်၊ မန္တန်စုတ်လည်း၊ ပြုလုပ်စီရင်၊ အသွင်လုပ်ကေ၊ ဆင်ရုပ်ဇကန်၊ ဖြစ်ခြင်းဟန်ကြောင့်၊ မန္တန်တေဇော်၊ အာနုဘော်လည်း၊ မပေါ်မထင်၊ ပမာတင်သော်၊ အကြင်ရောဂါ၊ သွေးလေပွမ်း၍၊ လုံးရမ်းနာကို၊ ချမ်းသာပါစေ၊ စိတ်မှတ်ရွယ်လို့၊ ရေကိုပက်ဖျန်း၊ မန္တန်ကျော်ဟု၊ ဂါထာစမ်း၍၊ မန်းလေ-ရမ်းလေ၊ ပမာနယ်သို့၊ ပရိယာယ်ဆင်၊ ထဲဝမ်းတွင်၌၊ ခိုဝင်နေငြား၊ တစ်ပြည်လူလေ၊ ရန်သူများတို့၊ ယန္တ ရားစက်ဆင်၊ ဇက်ကြိုးမျှင်ကို၊ ငင်ကာဆွဲကာ၊ ဝိညာဉ်ဝင်ကေ၊ အရှင်ကဲ့သို့၊ ပြေးခြင်း ရာကြောင့်၊ ဝေးကွာနိုင်မျှ၊ ရှေ့ပမာသို့၊ ခေါ်၍မရ၊ ဥဒိန္နဆို၊ စောမင်းပျိုမှာ၊ စောင်း ကိုတီးကာ၊ ရှက်သည်ဖြစ်၍၊ လိုက်ခြင်းရာကြောင့်၊ နောက်ပါခြွေရံ၊ မတ်တော်ဝန်တို့၊ အလွန်ဝေးကွာ၊ မင်းဥဒိန်ကို၊ မမီလိုက်ကေ၊ ကျန်လိုက်ရှာ၍၊ စောင့်ကာဆိုင်းထွယ်၊ သစ်နန်းတည်လို့၊ နေလေတုံကြ၊ စောနရိန်ကေ၊ ဥဒိန္နလည်း၊ နောက်ကလိုက်လျှင်၊ သူတို့နေကေ၊ ရွှေပြည်ကြီးနှင့်၊ နီးလတ်ကျင်သော်၊ ခိုဝင်ပုန်းအောင်၊ ဆင်ဝမ်းခေါင်း ကေ၊ လူပေါင်းများစွာ၊ ကိုင်လက်နက်နှင့်၊ ထွက်ပြီးခါမှ၊ ဝဲယာဖမ်းတွယ်၊ ဥဇ္ဇေနီသို့၊ ဥဒိန်မင်းကို၊ ဆောင်ကြဉ်းလေကေ၊ ဗိုလ်ခြေသဲ့သဲ့၊ သောင်းသောင်းတည်းလေ။

## မိသာမာ–လင်မိတ်ကျွမ် ကို၊ မှိတ်မပျော် မျှော်စိတ်တမ်းပြီးလျှင် ရိပ်နန်းက လွမ်းငိုစန်း

သဲသဲမယေ သောင်းသောင်း၊ တစ်ပြည်သူကေ၊ လူအပေါင်းတို့၊ လျှင်ကြောင်း မနေ၊ ဖမ်းဆောင်လေကေ၊ ရွှေပြည်ဌာနီ၊ ကောသမ္ဗီမှာ၊ ဒေဝီတောင်ညာ၊ မိသာမာ လျှင်၊ ကြင်ရာလင်ချစ်၊ ဟတ္ထိတွင်ကေ၊ တောဆင်မိုက်ကို၊ လိုက်၍ဖမ်းမည်၊ တောမြိုင် ခြေသို့၊ သွားလေသည်နောက်၊ ဦးထိပ်တင်ကေ၊ လင်တစ်ယောက်လျှင်၊ မရောက် မလာ၊ မပေါ်လှာကေ၊ ကြာလေသည်ချက်၊ အရေးအရာ၊ ဘေးဘယာကို၊ တွေးမြော် တွက်လို့၊ စိတ်စက်မကြည်၊ ညာနန်းခိုလေ။ ပျိုနှမမှာ၊ ငိုတော့သည်က၊ ရွှေပြည်သခင်၊ မေ့ဆွေလင်မှာ၊ တောဆင်ဖမ်းမည်၊ နန်းရဝေက၊ လှမ်းလေတုံကျင်၊

မြိုင်တောခွင်မှာ၊ အောင်မြင်သည်နောက်၊ ထက်နတ်အသွင်၊ ချစ်မြတ်ကြင်ကော၊ လင်တစ်ယောက် လျှင်၊ ရောက်ချိန်လည်းတန်၊ မေ၏ထံကို၊ ပြန်ချိန်လည်းသင့်၊ ကြောင်းခြင်းရာကို၊ မြော်ထောက်ချင့်က၊ ဆင်နှင့်အန္တရာယ်၊ မေ့ချစ်ဆွေလျှင်၊ ဖြစ်လေသလား၊ ဦးထိပ် တင်လေ၊ လင်သာမိကို၊ မသိရလေ၊ တောဝမြိုင်ယံ၊ ဟေမဝန်မှာ၊ ဘေးရန်ကများ၊ မေနှင့်ကြင်ကော၊ လင်မင်းဖျားမှာ၊ သစ်ကျားခြသေ့်၊ တောမြိုင်ခွင်မှာ၊ ရင်ဆိုင်တွေ့၍၊ မငဲ့စေသာ၊ ဘေးဘယာလေ၊ တွေ့ပါသလား၊ မဟုတ်ငြားကော၊ တောကြားမြိုင်ကွေ့၊ ထိုသည်ဆင်ကို၊ မြင်မတွေ့၍၊ ပတ်လှည့်ဖွေရှာ၊ နန်းဝေယံမှာ၊ မေ့ထံမှောက်သို့၊ မရောက်သာကော၊ ကြာလေသလား၊ စစရာရာ၊ အဖြာဖြာကို၊ မျှော်စဉ်းစားက၊ နှစ်ပါး မောင်နှံ၊ နန်းဝေယံမှာ၊ ပျော်စံနေခါ၊ ငရဲသူလေ၊ တောလူမျိုးဟု၊ မုဆိုးကျော်လျှင်၊ ဖလာစောင်းကန်း၊ မှန်ရဝေနှင့်၊ စံရွှေနန်းကော၊ ဆင်ဖမ်းအောင်သည်၊ ဇနက်သွယ် ၍၊ ဆောင်လေတုံကျင်၊ ဆင်မန္တန်ကို၊ အလွန်ကျွမ်းကော၊ စွမ်းဂုဏ်အင်ကြောင့်၊ငယ်ကြင်ယောက်ျား၊ နန်းစည်ရှင်လေ၊ လင်ဘုရားကို၊ ဆီးတားမနိုင်၊ တောရိပ်မြိုင်နှင့်၊ ဂနိုင်သို့ထွက်၊ နိမိတ်ထင်ကော၊ မြင်အိပ်မက်ကြောင့်၊ စိတ်လက်သော၊ အခါခါလေ၊ တားပါတုံလျက်၊ မေစကားကို၊ နားမထောင်ကော၊ ရှားရှောင်တွက်ကြောင့်၊ ချစ် လျက်နှင့်ပင်၊ နန်းဆောင်ခွင်မှာ၊ မကြင်ရဘဲ၊ ငယ်ကျွမ်းဝင်နှင့်၊ မေလျှင်တွဲလို့၊ဆင်းရဲပြိုပြင်၊ မေ့ကြောင်းအင်ကို၊ မောင်လျှင်မသိ၊ လင်မင်းမွန်မှာ၊ ဘေးရန်ထိလည်း၊ တစ်မိငါလျှင်၊ သိမမြင်ဘဲ၊ ရှိကျင်လေရ၊ နန်းမဥ္ဇူမှာ၊ တူတကွလျှင်၊ စံကြ သည်ခိုက်၊ တွေ့လိုကြုံကော၊ စုံတစ်ခုလျှင်၊ ဥပဒ်ဖြစ်ကော၊ သနစ်ဇာတိ၊ အရေးတယူ၊ အေးအပူကို၊ နန်းသူမိလျှင်၊ သိရပါဖို့၊ ကြမ္မာငင်ယောင်၊ တောဆင်ခွဲကော၊ ကွဲကြလို့လေ။

ကွဲကြလို့လေ၊ ဤသို့ကေတမ်းရမ်း၊ မောင်ရှိရာကို၊ လိပ်ပြာသန်းလို့၊ လွမ်းကြူကြူ စိတ်ညှိုးပူကော၊ ချိုးဖြူငှက်မ၊ ညနေညိုတွင်၊ ဖိုကိုတ,ယောင်၊ ဗျာယမဆိတ်၊ ငယ်ကကြင်လေ၊ လင်မိတ်ကျွမ်းကို၊ လွမ်းသည်စိတ်ကြောင့်၊ စက်အိပ်မွေ့ရာ၊ သလွန်သာမှာ၊ မေသာလူးလဲ၊ လှမေပျိုမှာ၊ တစ်ကိုယ်တည်းကြောင့်၊ အမွေးမကျုံ၊ ပန်းမပန်ကော၊ မှန်လျှင်မကြည့်၊ မေ၏ကံကို၊ ပြန်အောက်မေ့လို့၊ စေ့စေ့တွက်ကျင်၊ ငယ်ကပင်လေ၊ ဖခင်မိရင်း၊ ကစားရွယ်လေ၊ ငယ်သီးသီးက၊ ကြီးမပြင်းခင်၊ ထမင်း ရေစာ၊ တို့ပြည်ရွာမှာ၊ ရောဂါထူထပ်၊ ဒုဗ္ဘိက်လေ၊ မှန်မလွတ်၍၊ ဥပ္ပဒ္ဒဝါ၊ တွေ့ခြင်း ရာကြောင့်၊ ဥစ္စာကုဋေ၊ ဤခြွေရွှေနှင့်၊ ရွှေငွေရတနာ၊ ကျွဲလယ်ယာကော၊ သပြာ ပစ္စည်း၊ အဖြာဖြာလေ၊ ရတနာ၌ကို၊ စွန့်ပစ်ခဲ့၍၊ ထွက်ပြေးတိမ်းရှောင်၊ သက်ရှင် အောင်ကို၊ တောတောင်ချောင်ကြား၊ ကျားဆင်ပြောင်ကို၊ ရှောင်ကာရှားလို့၊ သားမိသုံးဖော်၊ သက်ဇီဝလေ၊ သေမတတ်အောင်၊ ငတ်မွတ်ကာဖြင့်၊ တစ်ရွာတစ်ပြည်၊ မသေကျန်ကော၊ ရှေးကံထောက်လို့၊ ရောက်တုံပေလည်း၊ တာရှည်မြင့်စွာ၊ မနေသာ ကော၊ အစာခေါင်းပါး၊ သည်ကြောင်းလျားကြောင့်၊ စားလိုက်တိုင်းပင်၊ မွေးမိခင်နှင့်၊ ဖခင်နှစ်ယောက်၊ မရဏာလေ၊ ခန္ဓာပျောက်လို့၊ တစ်ယောက်တစ်ရက်၊ မြေသုသာန် မှာ၊ ရုပ်နာမ်ပျက်ကော၊ မွေးထက်လည်းဆိုး၊ ဇာတာတိုင်လေ၊ မခိုင်ကျိုးလို့၊ ကိုးကွယ် ရာမေ့၊ မေတစ်ဖန်လေ၊ ကျန်တုံခဲ့လည်း၊ ရပ်နှင့်လည်းကွာ၊ မျိုးဆွေဉာလေ၊ ရွာနှင့် လည်းဝေး၊ ခြွေရွှေမပါ၊ မနေသာအောင်၊ အဖော်ကွဲလို့၊ မိလည်းမမြင်၊ မေ့ကိုကြင် သည်၊ ဖခင်မရှိ၊ ချေသငယ်လေ၊ မြိုင်ခြေထဲမှာ၊ ခဲခဲမွှဲယောင်၊ ရှိနေသည်ခိုက်၊ အလှူပေးကျင်၊ သူကြွယ်မြင်သော်၊ ကြင်ကာချစ်လို့၊ တထိုက်အေးကျင်၊ မကြာခင် လျှင်၊ အကြင်ဘဝ၊ ဘုရားဂူမှာ၊ လှူဒါနကြောင့်၊ မိဘအဟောင်း၊ ဖြစ်တုံရှောင်းဟု၊ အကြောင်းမသိ၊ ကျေးဇူးဟုန်လေ၊ ဂုဏ်ထူးရှိကော၊ မိရင်း-ဖရင်း၊ ပုံမယွင်းအောင်၊ ချစ်ခြင်းမငြီး၊ ကိတ္တမကော၊ ငါ့သမီးဟု၊ မြှောက်ချီးခေါ်ကျင်၊ အိမ်ပေါ်တင်၍၊ များဖြင် ခြွေရံ၊ အစေခံနှင့်၊ စံစံပပ၊ ဆန်းကြယ်စွာလေ၊ တန်ဆာများနှင့်၊ ထားကာလ၌၊ အေးမြချမ်းသာ၊ သူဌေးစံလေ၊ ဗိမာန်ကြီးမှာ၊ သမီးတော်ဟု၊ အကျော်စေရ၊ မိသာမာ မှာ၊ ရွှေကြာပန်းသို့၊ ချမ်းလှလို့၊ ဒုက္ခသုခံ၊ အတန်တန်လေ၊ ပူပန်နှစ်ရပ်၊ မေသက်နှံ့ မှာ၊ ခံသည်ဝဋ်လျှင်၊ ထပ်ထပ်ပြန်ပြန်၊ ပြောင်းပြောင်းတည်းလေ။

ထပ်ထပ်မယေပြန်ပြန်၊ အဖန်ဖန်လေ၊ ခံစံနှစ်ရပ်၊ ထပ်ထက်ထက်ကော၊ မ လွတ်နိုင်သေး၊ မိခင်ဖခင်၊ ငယ်ကပင်လေ၊ ရှင်ရှင်ကွဲလို့၊ သူဌေးမောင်နှံ၊ မွေးစားပြန်ကော၊ အတန်အတော်၊ သူရကန်ယောင်၊ ပူပန်ဝေးလို့၊ အေး ချမ်းသာကော၊ မောင်တော်ဘုရား၊ မေ့သခင်လေ၊ ရှင်မင်းသားလျှင်၊ သနားချစ်ခင်၊ မေတ္တာဝင်လို့၊ မမြင်စဖူး၊ ရှင်ကာ မြူးအောင်၊ အထူးအကဲ၊ အလေးအမြတ်၊ ကြိုးပြတ်ကြွေကော၊ မိုးမေနတ်သို့၊ အထွတ်လည်းတင်၊ ယာဥ်ထမ်းစင်နှင့်၊ ဆောင်ကြဥ်ယူပြီး၊ အသီးသီးကော၊ ချီးမြှောက် တုံကျင်၊ မောင်မေစုံကို၊ ထီးဖြူရိပ်တွင်၊ ဘိသိက်တင်လို့၊ မေ့လင်မင်းဖျား၊ ရွှေဖြင်ငွေ ဖြင်၊ လှစေချင်ကော၊ ဆင်ဝတ်ငြားလို့၊ မိဖုရားဒေဝီ၊ မဟေသီဟု၊ မြှောက်ချီဘွဲ့တပ်၊ နန်းဆောင်ကြာမှာ၊ တောင်ညာနတ်ကော၊ အထွတ်တင်ထား၊ ပြည်ကြီးရှင်လေ၊ လင်ဘုရားမှာ၊ ပတ္တမြားကျောက်စိန်၊ တောက်လျှံထိန်ကော၊ သိင်္ဂီပုလဲ၊ တပြောင် ပြောင်လေ၊ ကြောင်မျက်ရွဲကို၊ ဆွဲဆွဲဝတ်ဝတ်၊ ချွတ်ချွတ်ဆင်ဆင်၊ ဇာပင်ပြင်လည်း၊ အရှင်မင်းမြတ်၊ မေ့ကိုမူလေ၊

စုပုံအပ်လို့၊ နဝရတ်တန်ဆာ၊ ကမ္ဗလာလေ၊ ဆန်းပါနိုင် မျှ၊ ဝတ်စားမကုန်၊ တန်ဆာစုံကို၊ စုပုံမိုးကော၊ မေစိုးရလို့၊ ပပလွှားလွှား၊ မိဖုရားဓမ္မတာ၊ ရံရွှေတော်ကော၊ ပျိုတော်များနှင့်၊ ပျော်ပါးကာစံ၊ နန်းဝေယံမှာ၊ မောင်နှံနှစ်ဖြာ၊ တူမကွာကော၊ ဟသ်ာဖိုမ၊ မြရေကန်မှာ၊ ဝဲပျံသယောင်၊ ထလည်းတူပြိုင်၊ ကိုယ်ချင်း ယှဉ်ကော၊ ထိုင်လည်းတူဖက်၊ မြသလွန်မှာ၊ ပျော်စံစက်လို့၊ တစ်လက်ရာတည်း၊ ရွှေဟင်းလျာလေ၊ စားတော်ပွဲနှင့်၊ မင်း၏ရိပ်ငြိမ်၊ ဘုံနန်းအိမ်မှာ၊ မွေ့သိမ်ချမ်းမြ၊ မောင်မေမကွာ၊ တူနှစ်ဖော်လေ၊ ပျော်စံကြကော၊ ကာလများဖြင့်၊ မကြာခင်ကို၊ မြင်သည်အိပ်မက်၊ ကျွက်ကျွက်ဆူယောင်၊ ပူသည်တွက်ကြောင့်၊ တောနက်မြိုင် ချောင်၊ ထွက်ရအောင်ကို၊ ကြံဆောင်သွယ်ပိုး၊ တို့ရန်သူလေ၊ လူမုဆိုးကြောင့်၊ လန့်စိုး ရိမ်ဖွယ်၊ တို့မောင်နှံလေ၊ စံမည်ထဲမှာ၊ ကွဲရသည်ဟု၊ မျက်ရည်မျက်ခွက်၊ တစက် စက်နှင့်၊ နေ့ရက်မပဟူ၊ ညာနန်းသူမှာ၊ ပူနေသောခါ၊ ရံငါးရာတွင်၊ ဥဇ္ဇာတွင်ပြီး၊ ပူငြိမ်းငှာဟု၊ ထိန်းတော်ကြီးလျှင်၊ တားဆီးသိမ်းဆည်း၊ မိသာမာကို၊ သိသာငြား အောင်၊ ပြောပြသည်က၊ လူ့ပြည်လောက၊ ပထဝီမည်တွင်၊ ဤမြေပြင်မှာ၊ မြင်သမျှ ကော၊ မိန်းမများစွာ၊ ဟူရာရာမှာ၊ ပူဗျာမအေး၊ လူမှုဆောင်၍၊ တည်ထောင်ခဲက၊ သားကွဲလင်ကွာ၊ နည်းအများသာ၊ ပြောရပါမည်၊ ဓမ္မတာသဘော၊ လွတ်မငြိမ်းမူ၊ ခပ်သိမ်းသူလေ၊ တူမခြားကော၊ လင်သားကွဲကွာ၊ မိသာမာမှာ၊ ကြင်ရာချစ်လင်၊ တောမြိုင်ခွင်တွင်၊ ဆင်လျှင်ဖမ်းမည်၊ ဤရွှေနန်းက၊ ချီလှမ်းလေကော၊ မည်သည်ကိစ္စ၊ မသိရဘဲ၊ စီးကျမျက်ရည်၊ ငို၍နေကော၊ တော်မည်မထင်၊ နိမိတ်အကြောင်း၊ တိတ် အပေါင်းလျှင်၊ မကောင်းကျင်လေ၊ ဆင်ဗွေ မြင်းဗွေ၊ ကျွဲနွားဗွေထက်၊ နှုတ်ဗွေအမျိုး၊ လူတို့မှာလေ၊ သာ၍ဆိုးဟု၊ ဘေးဘိုးစဉ်လာ၊ ပြောခြင်းရာကြောင့်၊ မင်္ဂလာအ ကြောင်း၊ နိမိတ်ပေါင်းလည်း၊ မကောင်းဖြစ်တတ်၊ လောင်းဘုန်းဝေလေ၊ သွားသည် ရပ်ကို၊ ရည်မှတ်တုံရှောင်း၊ ပြုလှူဒါနှင့်၊ ဆုတော်တောင်းဟု၊ အကြောင်းလျှောက် ကာ၊ မိသာမာလျှင်၊ ထိုခါပြီးမှ၊ သတိရလို့၊ ဒါနလှူတာ၊ တစ်ခုခုလျှင်၊ ပြုပြီးခါမှ၊ စိတ်မှာရည်မှန်း၊ လင်မင်းခေါင်မှာ၊ ဆင်ပြောင်ဖမ်းလို့၊ အောင်ပန်းမင်္ဂလာ၊ အောင်ချမ်းသာ၍၊ အောင်ပါစေကြောင်း၊ အေးချမ်းသာယာ၊ ဘေးဘျမ်းကွာ၍၊ ကျန်းမာ ကြောင်းကို၊ ဆုတောင်းပြီးခါ၊ ပို့မေတ္တာနှင့်၊ စိတ်မှာရည်မှန်း၊ ချမ်းသာစေအောင်၊ ပန်းကြာညောင်နှင့်၊ ညာတောင်နန်းမှာ၊ ရေချမ်းလည်းတည်၊ ပန်းသပြေနှင့်၊ ညောင် ရေလည်းသွန်း၊ လင်မင်းကျော်လေ၊ သွားရာလမ်းကို၊ မျှော်တမ်းပြီးထွယ်၊ မိသာမာ မှာ၊ ပြည်တော်နန်းက၊ ရည်မှန်းနေရေ။

ရည်မှန်းနေကော၊ ဥဇ္ဇေတွင်ငြား၊ တစ်တိုင်းနေကော၊ တစ်ပြည်သားတို့၊ ယန္တရားစက်ဆင်၊ အသွင်လုပ်ကော၊ ဆင်ရုပ်ပြင်၍၊ များဖြင့်ဗိုလ်ခြေ၊ ဘုန်းတော်ရှိန် လေ၊ ဥဒိန်မင်းကို၊ ဆောင်ကြဉ်းလေ၍၊ ရောက်သည်ချက်ချင်း၊ လောင်းဥဒိန်ကို၊ နှောင်အိမ်သွင်း၍၊ ခြေချင်းခတ်ကာ၊ ထားပြီးခါမှ၊ ရာဇာမင်းလှ၊ ပဇ္ဇောတမှာ၊ အားရဝမ်းသာ၊ အောင်ပွဲခံ၍၊ ခြွေရံများနှင့်၊ ပျော်ပါးကာဖြင့်၊ နေတော်မူမြောက်၊ ငါးရက်ရောက်က၊ ဘုန်းတောက်ကာထိန်၊ လောင်းဥဒိန်မှာ၊ ဇီဝိန်အသက်၊မျက်မာန် မူကော၊ ရန်သူလက်မှာ၊ ပျက်ပါမည်လော့က်၊ မလန့်ကြောက်ဘဲ၊ စိတ်နောက်မာန်ပါ၊ ကိုယ်၏ထံမှာ၊ စောင့်ဖန်သားကို၊ ပြောခြင်းရာကား၊ သင်တို့မှာမင်း၊ မိန်းမဟန် သို့၊ အကြံဖျင်းနှင့်၊ သက်ကင်းဆုံးဖြတ်၊ ငါတို့မူလေ၊ ရန်သူမှတ်က၊ သတ်ချင်လျှင် သတ်၊ မသတ်ပါက၊ လွှတ်သော်လွှတ်သို့၊ မအပ်မရာ၊ ယခုမှာကား၊ ပြန်ကာမလွှတ်၊ မှန်မသတ်ဘဲ၊ နှောင်စကားဆိုသော်၊ ဝန်းပန်ရံကော၊ စောင့်ဖန်သားတို့၊ သွားပြီးခါမှ၊ ပန်ကာလျှောက်တင်၊ ထိုဘုရင်မှာ၊ လက်တွင်စွဲငြား၊ အသွားထန်၍၊ အလွန်ထက် ကော၊ သန်လျက်ဓားနှင့်၊ လျင်လျားမကြာ၊ လာပြီးခါမှ၊ ခြင်းရာစစ်ဆေး၊ ဤသို့ပြော ဟု၊ စကားမေးက၊ မလွဲမဖယ်၊ ထိုစကားကို၊ ငါပြောသည်ဟု ဆိုလေတုံကျင်၊ ထိုဘုရင်မှာ၊ အသင်မင်းသား၊ မသတ်ကျင်ဘဲ၊ လွှတ်ချင်ငြားက၊ မြတ်သောပညာ၊ ဆင်ဂါထာ ကို၊ သင်ပါဆိုလျှင်၊ ထိုဘုရင်ကို၊ လိုချင်ဖြစ်လာ၊ ငါ့ကိုမူလေ၊ လက်စုံမိုးကော၊ ရှိခိုး တော့ဟု၊ မြွက်ဟဆိုလျှင်၊ ထိုအခါ၌၊ ဆင်ခြင်စဉ်းစား၊ ငါ့ကျွန်အသွင်၊ ငါ့လက်ဝင် ကော၊ ဖြစ်ကျင်ငြားလျက်၊ အလားတူကျင်၊ ဆိတ်နှင့်ဆင်သို့၊ ငါလျှင်တစ်ဖန်၊ ရှိခိုး ရန်လျှင်၊ အလွန်လည်းခက်၊ တစ်ရာဇာလေ၊ သမ္ဘာလင်းကော၊ ငါမင်းထက်လျှင်၊ အသက်လည်းငယ်၊ သို့ဖြစ်ပေ၍၊ သတ်မည်အဟန်၊ ငါတစ်မူလေ၊ သူလျှင်ကြောက် အောင်၊ ခြောက်ခြိမ်းပြန်မှ၊ မန္တန်ကိုသည်၊ သင်ရမည်ဟု၊ မှတ်ပေတုံငြား၊ အသွား လျှံကော၊ သန်လျက်ဓားကို၊ မိုးထားပြီးလျှင်၊ သင် မသင်သော်၊ ငါလျှင် လတ်လတ်၊ ကိုယ်တော်တိုင်လျှင်၊ လည်ကိုဖြတ်အံ့၊ ဆိုလတ်သောခါ၊ လောင်းမင်းကျော်က၊ ခန္ဓာကာယ၊ ငါ့ကိုပင်လေ၊ သင်မင်းမျိုးမှာ၊ အစိုးရလည်း၊ ငါ့ပညာဉာဏ်၊ ဆင်မန္တန် ကို၊ တစ်ဆံခြည်မျှ၊ သင်ကိုယ်တိုင်လေ၊ ပိုင်ကာမိုးကော၊ စိုးမရလေ၊ ငါ့ကိုလတ်လတ်၊ ခုတစ်ဖန်လေ၊ သတ်ချင်သတ်ဟု၊ လောင်းမြတ်နန်းစံ၊ ကိုယ့်ကိုယ်တိုင်လေ၊ လည်ကို ဆန့်ကော၊ စွန့်လို့ခံရေ။

## ၆၁

## ဥဒိန္နမင်းရာဇာသည် ဝါသုလဓမေဘတ္တာနှင့် ပြည်တော်သို့ ထွက်ပြေးစန်း

ဆန့်လို့ခံကေ၊ အလွန်ရဲဝံ့၊ ဆင်မန္တန်ကို၊ မသင်လိုဘဲ၊ သက်ကိုစွန့်ကေ၊ မလန့် မကြောက်၊ သူ့ခန္ဓာကို၊ ညှာမထောက်ကေ၊ ယောကျ်ားအာဇာနည်၊ စွမ်းသတ္တိကို၊ သိတုံလေကေ၊ တစ်ပြည်စိုးငြား၊ လင်မင်းသားမှာ၊ သင်ကြားချင်မူ၊ ရှိခိုးသူကို၊ ဘယ်သူဘယ်ဝါ၊ ယုတ်မြတ်ရေးကို၊ မရွေးပါဘဲ၊ ဂါထာကိုသည်၊ သင်ပါမည်လော၊ စကားသွယ်ပျာ၊ မေးလေငြားက၊ သိကြားရာဇာ၊ ကိုယ်တိုင်လာလည်း၊ ပနာရိုကျိုး၊ ငါ့ကိုသော်လေ၊ အာစရိဟု၊ ရှိမခိုးကေ၊ အဖိုးထိုက်တန်၊ ဆင်မန္တန်ကို၊ အမှန်မသင်၊ ရိုညွတ်ကျိုးလို့၊ ရှိခိုးကျင်သော်၊ ခွေးပင်တစ်စစ်၊ ကျေးငှက်ပင်လေ၊ ဖြစ်ချင်ဖြစ်လည်း၊ သင်လိုက်တော့မည်၊ ဆိုတုံလေကေ၊ ထိုသည်မင်းဖျား၊ စိတ်ကူးဉာဏ်နှင့်၊ ကြံစည်းစား လို့၊ တခြားသူကို၊ သင်စေဆိုသော်၊ ထိုသူလည်းတတ်၊ နောက်မှသာလျှင်၊ ငါလည်း တတ်ကေ၊ သင့်မြတ်တော့မည်၊ ဧကဝုစ်ကေ၊ မဟုတ်ချေလေ၊ သက်ဝေပတ္တမြား၊ သမီး ချောကို၊ သင်ကြားခိုင်းလျှင်၊ မတတ်ခင်ကို၊ လင်နှင့်မယား၊ ရှင်မင်းသားနှင့်၊ ဖြစ်ငြား လိမ့်မည်၊ ပရိယာယ်နှင့်၊ သင်စေမှသာ၊ ဤအရာ၌၊ သင့်လျော်လိမ့်မည်၊ ရှင်မင်းသား ကို၊ ပြောလတ်တေက၊ ခိုင်စေတုံမြောက်၊ စားဖိုပေါက်ကေ၊ တစ်ယောက်ကျွန်မ၊ သူ့ကိုပင်လေ၊ သင်စေတော့မည်၊ ဆိုတုံပေ၍၊ မနေးလျှင်မြန်၊ နန်းသို့ပြန်ကေ၊ သက်နှံ့ သမီး၊ နန်းပင်တိုင်မှာ၊ လှယဉ်နုကေ၊ ရှုမငြီးကို၊ မင်းကြီးရာဇာ၊ ခေါ်ပြီးကာမှ၊ အင်္ဂါမစုံ၊ ကျိုးပဲ့သုံကေ၊ ငနုံင,အ၊ ဖိုးထိုက်တန်ကေ၊ မန္တန်ကိုသည်၊ သမီးဖြူမှာ၊ သင်ယူချေဟု၊ ခိုင်းစေပြီးလျှင်၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ကြအောင်၊ ပြုကြံဆောင်လို့၊ ခြင်ထောင်ကန့်လန့်ကာ၊ အသီးသီးကို၊ ကာပြီးခါမှ၊ ဂါထာကိုသည်၊ သင်စေလေက၊ ထိုသည်အခါ၊ ရှင်မင်းကျော်မှာ၊ ကန့်လန့်ကာဘက်က၊ ဆင်ဂါထာကို၊ သင်ကာချ ကေ၊ နှုတ်ကမပီ၊ ကရိုဏ်းဌာန်လေ၊ အသံလွတ်သော်၊ ညွတ်မညီလို့၊ ပြာရီကျွတ်မ၊ ကုမ္ဘဆိုကေ၊ စားဖိုပေါက်သည်၊ အိုမျောက်မလေ၊ လျှာကထူငြား၊ စကားမပီ၊ ဖဝါးရီ နှင့်၊ တူညီငြားလို့၊ သင်ကြားမတတ်၊ ကျောက်နှင့်သာလေ၊ တိုက်ကာပွတ်မှ၊ ထူးမြတ် ကြီးကျယ်၊ ဆင်ဂါထာကို၊ သင်ကာချကေ၊ ရတော့မည်လေ။

ရတော့မည်လေ၊ ဆိုလေသောခါ၊ ဝါသုလကေ၊ လှဘတ္တာက၊ ဟက်ကရာဟက် ကရီ၊ ဒေသီကေ၊ ဤသည်ငနုံ၊ ငါ့ကိုတုံလေ့၊ ရုပ်ပုံမပြ၊ ငါ့ပိုင်ပြင်ကို၊ မမြင်ရကေ၊ ဂုမ္ဘသာမှတ်၊ ငါ့ရုပ်သွင်ကို၊ မြင်ပြန်လတ်က၊ ဖတ်ဖတ်မောထွေ၊ အလိုလိုလေ၊ ချွေးယို ကျကေ၊ ငိုက်ရမည်လေ၊ ငါ့နှယ်မိန်းမ၊ တစ်ပင်တိုင်မှာ၊ ပြိုင်မမျှအောင်၊ ဝါသုလဘ တ္တာ၊ အလှကျော်ကေ၊ ငါမဟုတ်လော၊ မျက်မာန်ပို၍၊ ထိုစကားကို၊ ဆိုပြောသောခါ၊ လောင်းမင်းကျော်မှာ၊ ငါလာငနုံ၊ ပညာဂုဏ်နှင့်၊ ရွှေဘုံဌာနီ၊ ကောသမ္ဗီကို၊ ခွန်ဆီ စိုးရ၊ တန်းခိုးပကေ၊ ဥဒိန္နမင်းသား၊ ငါရာဇာကို၊ မကျော်လားဟု၊ ပြောပြီးမှသာ၊ ခြင်းဇာတိကို၊ သိကြပါကေ၊ ထိုခါကာလ၊ တစ်ယောက်ရုပ်သွင်၊ တစ်ယောက်ပင်လေ၊ မြင်ချင်ကြလို့၊ ကြားကပကတိ၊ ဆီးကာရှိကေ၊ ချူချိချူချာ၊ ကန့်လန့်ကာလေ၊ မြင့်ကာ လည်းတက်၊ ရွှင့်ကာထွက်အောင်၊ ပယ်ဖျက်ကာလ၊ မျက်နှာပြင်ကို၊ မြင်လေကြကေ၊ လှဆေးကိုစား၊ သူ့မိခင်လေ၊ မြင်ကာဖွားသို့၊ မနောမှတ်ကာ၊ ဝါသုလာဟု၊ လှဘတ္တာ မှာ၊ မောင်တော်ဘုရား၊ ကြောင်းဇာတိကို၊ မသိငြားလို့၊ ဆိုပြောမိရာ၊ နှမတော်လေ၊ ညာပုလဲကို၊ သည်းခံပါဟု၊ ပြင်ကာတောင်းပန်၊ အကြောင်းပြန်သော်၊ နန်းစံမင်းသား၊ သဘောကျလေ၊ ပီယမေတ္တာ၊ မောင်ကသော်မူ၊ ကြင်နာနှစ်ချစ်၊ လှမေပျိုလည်း၊ မောင့်ကိုချစ်က၊ လိုက်တော်မူပါ၊ ရွှေပြည်တော်မှာ၊ ဘမရာဒေဝီ၊ မဟေသီဟု၊ မြှောက် ချီးပြီးငြား၊ ရံရွှေငါးရာ၊ မေစံပျော်ဖို့၊ မောင်တော်ထားမည်၊ ပြောတုံလေကေ၊ လှရည် စံသီး၊ တစ်ပင်တိုင်လေ၊ ယဉ်နန်းမြင့်က၊ မင်းသမီးလည်း၊ ကွမ်းသီးကိုမူ၊ ကြိုက်တတ် သူအား၊ တောင်ငူသို့လျှင်၊ ပို့သောသွင်သို့၊ လုလင်မောင်တော်၊ ချီးမြှောက်တော်မူ၊ လိုက်ပါတော့မည်၊ ဆိုတုံလေကေ၊ နှမဘတ္တာ၊ အာမခံသည်၊ မှန်ပါလှက၊ ညကိုတိမ်း ရှောင်၊ မောင်တို့နေသည်၊ ရွှေပြည်ကျေးသို့၊ ပြေးရအောင်ကို၊ ကြံဆောင်ပြီးခါ၊ ဘရာဇာကို၊ မာယာပရိယာယ်၊ ဤစကားကို၊ ပြောပါချေဟု၊ ဆိုလေသောခါ၊ ဝါသုလ ကေ၊ လှကလျာက၊ ပီတာဖခင်၊ သီဟာခွင်ကို၊ ခိုဝင်ပြီးထွယ်၊ ခမည်းတော်ကို၊ ဆယ်ဖြာ မြှောက်ကေ၊ တင်လျှောက်တေလေ။

တင်ကာလျှောက်ကေ၊ လက်မြှောက်ချီကာ၊ မြင်းမိုရ်တောင်ထက်၊ ဂုဏ်ရောင် ကဲကေ၊ ခမည်းတော်လေ၊ အင်္ဂါမစုံ၊ ယင်ရုံရုံနှင့်၊ ငနုံထံမှာ၊ ဆင်ဂါထာကို၊ သင်ကာ ကျွမ်းကျင်၊ သို့ရာတွင်မူ၊ ဆင်ကိုခေါ်ရာ၊ မန္တန်ကျော်နှင့်၊ မဟာသြသထ၊ ဆေးတော် ကိုလေ၊ လိုပါလှလို့၊ ဤညအခါ၊ ထက်အာကာမှာ၊ တာရာနက္ခတ်၊ စန်းနှင့်ပြိုင်ပျာ၊

ယှဉ်တုံလတ်၍၊ ဆေးမြတ်တူးရန်၊ ခါချိန်တန်ကော၊ အလွန်တရာ၊ သင့်မြတ်ပါလို့၊ ပီတာမင်းကြီး၊ ဟတ္တိတွင်ကော၊
ဆင်တစ်စီးနှင့်၊ သမီးရတနာ၊ ထိုဆရာအား၊ ပူဇော် ကြေးငွေ၊ တစ်နည်းငယ်လျှင်၊ လိုသည်အပြင်၊ နန်းတော်ခွင်ကို၊
ထွက်ဝင်တံခါး၊ တစ်ပေါက်ထားဟု၊ လျှောက်ကြားသောခါ၊ ဖပီတာမှာ၊ များစွာအားရ၊ သမီးပျိုလေ၊ လိုသမျှကို၊
ရစေသတည်း၊ ကိုယ့်သက်ဝေကို၊ ယုံကြည်ရေးကြောင့်၊ ခွင့်ပေးသောခါ၊ မေဘတ္တာမှာ၊ ရတနာများမြောင်၊ ငွေသုံးထောင်ကို၊
ယူဆောင်တုံပြီး၊ အသွားလျင် ကော၊ ဆင်တစ်စီးကို၊ ယူပြီးသောခါ၊ လောင်းမင်းကျော်လေ၊ မှာသမျှကို၊
ရလေပါက၊နှစ်ဖြာမောင်နှံ၊ သန်းခေါင်ယံမှာ၊ စီမံကြံစည်၊ ဆင်ကိုစီးကော၊ ပြေးကြလေရေ၊ ရောင် ခြည်ပြောင်းဝင်း၊
မိုးလျှင်လင်းမှ၊ ဘမင်းရာဇာ၊ သမီးတော်၏၊ ခြင်းဇာတိကို၊ သိလေ ပါကော၊ အာဏာပြင်းထန်၊ လူခြေမြန်လေ၊
စေကျွန်တို့သည်၊ လိုက်ကာဝန်းပျာ၊ ဖမ်းကြချေဟု၊ ဆိုလေသောခါ၊ လျင်မြန်စွာလေ၊ ပြည်တော်ကသည်၊ လိုက်ကြပေ
သော်၊ ဝေးမြေရောက်လျှင်၊ မီမည်မြင်ကော၊ လင်နှင့်မယား၊ ရှင်မင်းသားမှာ၊ လမ်းနား ဝဲယာ၊ ငွေသပြာကို၊ ဆင်ပေါ်ကကြဲ၊
လိုက်လာသလေ၊ လူသူရဲတို့၊ ကြေးငွေကိုလျှင်၊ မြင်လေကျင်သော်၊ လိုချင်စိတ်ကတ်၊ ဣဌာရုံနှင့်၊ ကြုံကြိုက်ကြသော်၊
လောဘတပ် ၍၊ တန့်ရပ်ပြီးမြောက်၊ သူ့ထက်ငါပင်၊ ရလိုချင်ကော၊ မြင်တိုင်းကောက်က၊ နောက်ကျ နေကျင်၊ မယားလင်တို့၊
တိုင်ပင်ခြင်းရာ၊ ဝါသုလကော၊ နှမတော်လျှင်၊ ပြန်ကာနောက် လှည့်၊ ရန်သူများစွာ၊ လာမလာကို၊ ခါခါကြည့်လေ၊
ဤနေ့ရောက်အောင်၊ ယဉ်ဆင် ပြောင်ကို၊ မောင်လျှင်မောင်းမည်၊ ဆိုတုံပေ၍၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီက၊ ဥဒိန်
ရာဇာ၊ ဆင်စီးရာမှာ၊ ဆရာတက္ကသိုလ်၊ အလိုလိုပင်၊ ဆင်ကိုလည်းစီး၊ တောမြိုင်ခွင် မှာ၊ ဆင်နှင့်ကြီးလို့၊
ဆင်ချေးတောင်ပင်၊ လက်ဝါးပြင်က၊ မစင်တတ်သေး၊ အသွား လျင်အောင်၊ ဆင်မောင်းနည်းကို၊ မေညည်းနှမ၊
ညှိုးကာပိန်၍၊ စိုးရိမ်နှောင်းကော၊ မကြောင့်ကြနှင့်၊ မောင်ကမောင်းမည်၊ ချစ်မိုးစွေကော၊ နှမေကြည့်ငြား၊ များမဝေးပင်၊
ပါးနီးကျင်သော်၊ မြင်လျှင်ပြောဟု၊ စကားတိုင်ပင်၊ စီးတော်ဆင်ကို၊ လျင်စေကြောင်း နှင့်၊ မောင်းကာနှင်ရေ။

မောင်းကာနှင်ကော၊ ယခင်လူစွမ်း၊ ငခြေလျင်ဟု၊ ခေါ်တွင်ပြုကော၊ မင်းမှုထမ်း တို့၊ ဖမ်းမည်-ဆီးမည်၊
အားအံစိုက်၍၊ လိုက်တုံပေလည်း၊ ငွေနှင့်တွေ့လျှင်၊ ငြိနေကျင် လို့၊ မြင်တိုင်းကောက်ထွယ်၊ ငွေသပြာကို၊ ရှာမရမှ၊
လိုက်ကြလေသော်၊ နှမေဘတ္တာ၊ လိုက်လာသူလေ၊ ထိုလူများကို၊ မြင်သောခါ၌၊ မောင်တော်မင်းဖျား၊ မေတို့ပြည်က၊
ခြေလျင်သားတို့၊ လိုက်ငြားလာပြီ၊ သူတို့မီမည်၊ စိုးရိမ်လှပါ၊ ဆိုသောခါ၌၊ ဘတ္တာနှမ၊ ဝါသုလမှာ၊ ငွေစကိုသည်၊
ဝဲလက်ယာလေ၊ လမ်းမှာကျအောင်၊ ကြဲချလေဟု၊ ဆိုသည် ကာလ၊ ရတနာကို၊ ကြဲကာချကော၊ နောက်ကလိုက်သူ၊
ထိုငွေဖြူကို၊ မြင်မူစိတ်က၊ ငါတို့မှလေ၊ လူရွှေအိုးကို၊ အစိုးရဟု၊ မှတ်ကြတုံကျင်၊ တချို့လျှင်လေ၊ အထင်အရှား၊
ကောသမ္ဗီက၊ ဤမင်းသားသည်၊ ဘုရားဝမ်းပူ၊ ဆိုသောသူသာ၊ လူပင်စင်စစ်၊ ဖြစ် မည်မထင်၊ တချို့များတို့၊ ပြောတုံကျင်၍၊
သူလျှင်ငါရ၊ တောင်ငွေဖြူကို၊ ကောက်ယူ ကြလို့၊ နောက်ကျနေကျင်၊ ဤသို့နည်းဖြင့်၊ ပြေးကြကျင်၍၊ ဝေးခွင်ရပ်မြေ၊
ပြည် ကောသမ်လေ၊ နိုင်ငံကြီးနှင့်၊ နီးလတ်ပေသော်၊ လိုက်သည်လူများ၊ ကိုယ့်နိုင်ငံကို၊ ပြန်လို့သွားကော၊ မယားနှင့်လင်၊
ပျားနှင့်ယင်သို့၊ ကြင်ကြင်နာနာ၊ ထိုအခါမှ၊ လိုက် လာသူလျှင်၊ ကြည့်မမြင်ကော၊ ဆင်မနှင့်ပြေး၊ ရန်နှင့်ဝေးလျက်၊
ဘေးနှင့်လည်းကွာ၊ ဖြည်းသာသာဖြင့်၊ နှစ်ဖြာမောင်မေ၊ ချစ်ဖွယ်ပြောလို့၊ သွားကြလေကော၊ မြိုင်ခြေလမ်း တွင်၊
ပန်းများဖြင်ကို၊ ရှုမြင်လေတုံ၊ ယခုကြုံ၍၊ ပွင့်ပုံထူးဆန်း၊ ထိုသည်ပန်းကို၊ ခွဲခြမ်းသညာ၊ မောင်ဘုရားလျှင်၊ ပြောစမ်းပါဟု၊
မေးတော်မူက၊ ဝါသုလဆို၊ လှပြာညို ကော၊ ပျိုနှမစင်၊ ပန် လိုချင်ဟု၊ တောင်းကျင်တုံလတ်၊ ထိုသစ်ပင်တွင်၊ ဆင်နှင့်ကပ်၍၊
ရပ်ကာမောင်ညွှတ်၊ နှမညိုကြိုင်၊ သဇင်ခိုင်ကို၊ ကိုင်ကာဆွတ်လို့၊ မင်းမြတ်လုလင်၊ မေ့ခေါင်းတွင်လေ၊ ပန်ဆင်ပြီးမှ၊
စီးတော်ဆင်နှင့်၊ လင်မယားတို့၊ သွားကြလေကော၊ ဝါသုလဘတ္တာ၊ နှုတ်ပျူငှာနှင့်၊ မောင်တော်မင်းလှ၊ စံဌာနေလေ၊
ရွှေပြည်မလျင်၊ ဘယ်မျှဝေးကွာ၊ မောင့်နန်းတော်ကို၊ ဘယ်ခါရောက်မည်၊ နှုတ်သံခြေဖြင့်၊ ရယ်တမြုံ့မြုံ့၊ တပြုံ့ပြုံ့ကော၊
ပတုံ့ပလေ၊ တဏှာသံနှင့်၊ ဟန်ယူနွဲ့လို့၊ ညာသက်ထား လေ၊ ဤတောထွက်လျှင်၊ ပြင်တစ်ပြင်ကို၊ ဆင်နှင့်လည်းလှမ်း၊
တောင်တစ်တောင် နှင့်၊ မြောင်ကိုသန်းကော၊ စမ်းအိုင်နားတွင်၊ ပန်းမြိုင်ခွင်မှာ၊ ကန်းကျင်ပင်ကောက်၊ လမ်းစခန်းကို၊
လှမ်းကာရောက်က၊ ထိုနောက်တစ်ချက်၊ တစ်တောဝင်လို့၊ တစ်ပြင်ထွက်လျှင်၊ လက်လက်အရောင်၊ မောင့်နန်းဆောင်က၊
ထွန်းပြောင်ပဝင်း၊ တထိန်ထိန်လေ၊ စိန်မှန်ကင်းကို၊ သက်နှင်းနှမေ၊ ထိုကာလမှ၊ မြင်ရမည်ဟု ဆိုလေ သောခါ၊
စံဌာနေလေ၊ ရွှေပြည်ကျေးလျှင်၊ ဝေးသေးပါဟု၊ လိုရာစကား၊ မပီတစ်ခါ၊ ပီတစ်ခါလေ၊ ဆိုကာပြောလို့၊ နှစ်ပါးမကွာ၊
တောရိပ်မြိုင်က၊ ဆင်ယဉ်ကြီးကို၊ စီးကာလာလို့၊ အောင်ချာဌာနေ၊ ပြည်ကောသမ်လေ၊ နိုင်ငံကြီးနှင့်၊ နီးလတ်တေလေ။

နီးတုံလေကော၊ စောင့်နေတုံငြား၊ ကိုယ်တော်ရံလေ၊ မတ်ဝန်များတို့၊ မင်းဖျား မလာ၊ ကာလကြာဟု၊
ရှုမျှော်ကြည့်ကျင်၊ ဝေးခရီးက၊ ဆင်စီးမြင်သော်၊ တို့ရှင်မင်းလှ၊ လိုက်လေကျင်ကော၊ ဆင်ပြောင်ကြီးကို၊ ဖမ်းဆီးရဟု၊

စိတ်ကမှတ်ထွေ၊ ခရီးဆို၍၊ ကိုယ်တော်လှကို၊ ကြိုကြမည်ဟု၊ ဗိုလ်ခြေအလုံး၊ လိုက်လေကျင်သော်၊ ဆင်ကျောက် ကုန်း၌၊ ခပြုန်းခသွင်၊ နှစ်ယောက်မြင်ကေ၊ အထင်ရခက်၊ တချို့လျှင်လေ၊ ထင်တုံ ချက်က၊ ဆင်ထက်မက၊ တို့ရှင်မှာလေ၊ ကြင်ရာရဟု၊ စိတ်ကထင်မှတ်၊ မတ်ဝန်ကြီး တို့၊ ပါးနီးဟပ်၍၊ ရံပတ်ပြီးခါ၊ ခရီးဝေးက၊ ထဲနန်းသာကို၊ ရောက်တော်မူက၊ ကြောင်း ကုန်စင်ကို၊ သိချင်ရေးနှင့်၊ မေးလျှောက်ကြသော်၊ ဥဒိန္နရာဇာ၊ ရှင်ဝမ်းသာလို့၊ ခြင်းရာစကား၊ မတ်ဝန်များစွာ၊ ကိုယ်ရံတော်ကို၊ ပြန်ကာပြောလို့၊ ကြားကြသော ခါ၊ ဝမ်းပန်းသာ၍၊ ရာဇာဘုရင်၊ ငါတို့ရှင်သို့၊ သောင်းခွင်ဇမ္ဗူ၊ မြကျွန်းငူတွင်၊ ထီးဖြူဆောင်းခြင်း၊ ဘုန်းတော်ရောင်လေ၊ ပြောင်ရောင်ဝင်းလို့၊ နှစ်မင်းမရှိ၊ ငါတို့မှာ လေ၊ ရာဇာမိက၊ ဟတ္ထိမန္တန်၊ လိုခြင်းဟန်ကြောင့်၊ ကြံဖန်ဖမ်းကြ၊ ငါတို့ရှင်ကို၊ လက်ဝယ်ရလည်း၊ ပစ္စောတမင်း၊ ဘုန်းချင်းတစ်ဖန်၊ နှုန်းမတန်ကေ၊ အကြံဖျင်းနှင့်၊ ဆင်မင်းမန္တန်၊ ဂါထာပျံနှင့်၊ မတန်မထိုက်၊ တို့ပညာကို၊ တစ်ပါဒမျှ၊ မရလိုက်ဘဲ၊ ဖိုးထိုက်တုံပြီး၊ အသွားလျင်ကေ၊ ဆင်တစ်စီးနှင့်၊ သမီးကညာ၊ ရတနာရွှေငွေ၊ ပမာ ဆွေသော်၊ ဘူးရေသာခမ်း၊ ငါတို့ရှင်မှာ၊ သာရွှင်လမ်းလို့၊ နန်းကိုလည်းရောက်၊ ငါတို့မှာလေ၊ ရွှေကြာပန်းသို့၊ ဝမ်းလျှင်မြောက်ဟု၊ လက်ပမ်းပေါက်ခတ်၊ ပေါင်းစလွယ်လေ၊ တင့်တယ်ခြင်းနှင့်၊ မင်းမှူးမတ်တို့၊ မြင့်မြတ်အောင်သည်၊ နန်းတော်တွင်း ကို၊ သွင်းကြမည်ဟု၊ အောင်စည်အမြောက်၊ ပဲ့ထင်ချောက်အောင်၊ ပစ်ဖောက်တုံပြီး၊ အောင်လံထူကေ၊ စစ်သူကြီးတို့၊ တီးမှုတ်ခြိမ်းညံ၊ ရန်သူဘောင်မှာ၊ အောင်သည်ရေး ကြောင့်၊ အောင်ပွဲခံ၍၊ အောင်သံကျူးကာ၊ ဝင်လေပါကေ၊ နန်းမှာလည်းရောက်၊ မိသာမာကို၊ ရွှင်ပျော်လန်းကေ၊ ဝမ်းလျှင်မြောက်လို့၊ တစ်ယောက်ကညာ၊ နောက်ကြင်ရာကို၊ သစ္စာမဖောက်၊ ဆန်းလှလေအောင်၊ နန်းမြညောင်လျှင်၊ တစ်ဆောင်ဆောက်လို့၊ ချီးမြှောက်ပြီးခါ၊ ရံငါးရာကေ၊ များစွာမောင်းမ၊ အပျိုတော် တို့၊ ရံကာခလို့၊ မဖ္တိမဒေဝီ၊ မဟေသီဟု၊ ဘွဲ့ချီတုံရှောင်း၊ ပစ္စောတသည်းအူ၊ တစ်ပြည် သူလေ၊ ဖြူနွဲ့နှောင်းနှင့်၊ ပေါင်းသင်းဖော်သစ်၊ ဤသို့ဖြစ်၍၊ ချစ်ချစ်ခင်ခင်၊ ကြင်ကြင် နာနာ၊ သာသာကြည်ကြည်၊ ရယ်ရယ်ပြုံးပြုံး၊ မယားလင်တို့၊ ရွှင်နှလုံးဖြင့်၊ ရွှေဘုန်း တော်ပြောင်၊ ဆင်းကိုယ်ရောင်ဖြင့်၊ တောင်နှင့်မြောက်က၊ နှစ်ယောက်မောင်မှာ၊ ဘုံဆောင်နန်းလယ်၊ ချမ်းသာစွာလေ၊ စံပျော်မြန်းကေ၊ တစ်ခန်းနေရေ။

## မိဘာ ဘိဘိုး–ဆွေမျိုး စုနှစ်ဆက်ကစ၍
## နှာမသည်–မာဂဏ္ဍီတို့၏ အခန်း

တစ်ခန်းနေကေ၊ ဤသည်နိဒါန်း၊ ပြည်ကောသမ္ဗီ၊ မင်းဥဒိန်လေ၊ ဤအခန်း၌၊ ရွှေနန်းသခင်၊ ယာဉ်ငါးမျိုးကို၊ စိုးမိုးကျင်ကေ၊ ဘုရင်စန္ဒ၊ ပစ္စောတမှာ၊ ကိုယ်ကဖြစ် ပွား၊ ကိုယ့်သွေးသားဟု၊ သည်းကြားရင်သွေး၊ ချစ်မငြီးကေ၊ သမီးတော်လှ၊ မိုးနတ် သူဇာ ပုံပမာသို့၊ ဝါသုလကို၊ မွေးစကပင်၊ မိဖခင်တို့၊ ကျင်ငယ်ကျင်ကြီး၊ သူတို့ကိုယ် က၊ ယိုကာစီးလို့၊ နှပ်ချေးလိမ်းကျံ၊ တရှုတ်ရှုတ်နှင့်၊ စက်ဆုပ်ရွံ့အောင်၊ ညှီနံတုံလိုက်၊ ဤသိုဖြစ်လည်း၊ အညစ်အကြေး၊ အတန်တန်ကို၊ ခံကာမွေးလို့၊ ကြီးခဲ့သောခါ၊ သမီး တော်ဟု၊ ရတနာစိန်ကျောက်၊ ထိန်ထိန်တောက်အောင်၊ လက်ကောက်လက်ကြပ်၊ မိခင်ဖခင်၊ အလှမြင်အောင်၊ ဆင်ယင်ဝတ်လို့၊ အမြတ်တနိုး၊ လစ်မညှိုးအောင်၊ စိုက်ပျိုးပန်းပင်၊ ပုံအသွင်သို့၊ သန့်စင်ချေးသေး၊ အရွယ်ရောက်လို့၊ မြောက်ကာကြီး ကေ၊ သမီးရတနာ၊ ဖြစ်တုံပါလည်း၊ တစ်ခါရံထူး၊ ငယ်ကပင်လျှင်၊ မမြင်ဖူးဘဲ၊ မြူး ထူးစိတ်တွင်၊ ကောသမ္ဗီက၊ ဥဒိန္ဒကို၊ ခဏမြင်သော်၊ မိခင်မွေးဖ၊ တွေးရှုဆင်ခြင်၊ ကျေးဇူးအင်ကို၊ မမြင်ခဘဲ၊ မွေးဖရန်သူ၊ ရွှေငွေသိမ်းသန်း၊ ကုန်ကာခန်းအောင်၊ ဖမ်းဆီးယူသည်၊ လူတစ်ပြည်သား၊ တစ်ပိုင်စံကေ၊ နိုင်ငံခြားကို၊ လင်သားပြုဖွယ်၊ မိဖခင်ကို၊ ရှင်ရှင်ပစ်လို့၊ လိုက်တုံလေကေ၊ ဤသည် ဤထုံး၊ ဤနိဂုံးကို၊ နှလုံးသွင်း ကာ၊ လူတကာတို့၊ လိမ္မာကြစေ၊ ယခုဝယ်က၊ ရွှေပြည်စိုးရ၊ တန်းခိုးပသည်၊ ဥဒိန္ဒ မင်းသား၊ ကဗျာသံဖြင့်၊ ကာရန်စပ်ကို၊ ဖြတ်ကာထားလို့၊ စကားဆင်ခြင်၊ ရှေးထုံးမှီ ၍၊ ကုံးသီမပျက်၊ မာဂဏ္ဍီကို၊ စီကာဆန်းကေ၊ တစ်ခန်းဆက်မည်၊ အထက်အာကာ၊အ ဝန်းကိုးရာ၊ ဟိုးဟိုးကျော်လို့၊ ခေါ်ဝေါ်ကြသည်၊ မဖ္တိမတိုက်၊ မြေချာဥဂွင်၊ ခုတိုင်တွင် လို့၊ အဝင်ဖြစ်သား၊ ဂုရုရာဇ်တိုင်း၊ တဆိုင်းဆိုင်းဖြင့်၊ သမိုင်းနာမ၊ မှိုင်းညိုညိုနှင့်၊ထို ဌာန၌၊ ကမ္မသခေါ်၊ နိဂုံးရွာတွင်၊ မာဂဏ္ဍီလှ၊ ပညာဂုဏ်နှင့်၊ ပုဏ္ဏေးမမှာ၊ လင်က တစ်လီ၊ မာဂဏ္ဍီကေ၊ ညီလည်းတစ်ဝ၊ မာဂဏ္ဍီပင်၊ သညီရလို့၊ အလှစံသီး၊ ရှုမငြီး သည်၊ သမီးမာဂဏ္ဍီ၊ သုသက်ဝီမှာ၊ ဂေါ်ရီကကျူး၊ ငါးအင်္ဂါလျှင်၊ အတော်အတန်၊ သုသဏ္ဌာန်သည်၊ ဟန်ပန်လည်းရ၊ ကွတ္တိယကေ၊ မိန်းမကညာ၊ မူအရာဖြင့်၊ မျက်နှာ သိမ်မွေ့၊ဆံကေသာမှာ၊ ဆီမလိမ်းဘဲ၊

စိမ်းလဲ့လဲ့နှင့်၊ အကြည့်အရှု၊ အနုအချာ၊ အပြော အရယ်၊အနေအထိုင်၊ အယဉ်အကျေး၊ မာဂဏ္ဍီကို၊ ပန်းချီရေးသို့၊ ဆယ့်လေးငါးနှစ်၊ သက္ကရာဇ်မှာ၊ တွက်စစ်ဝင်သွယ်၊ ကုမ္ဘရီလေ၊ စုံညီရောက်ကော၊ မြောက်တော့သည်လေ။

မြောက်တော့သည်လေ၊ အရွယ်နုသီး ရှုမငြီးကော၊ မကြီးမငယ်၊ ကျက်သရေ နှင့်၊ တင့်တယ်စုံလင်၊ လှသည်မြင်ကော၊ လိုချင်ကြငြား၊ သူဌေးဟူကော၊ သူကြွယ်များ တို့၊ ဆိုပြောကြကျင်၊ သူ့သမီးကြောင့်၊ စိတ်ကြီးဝင်၍၊ ဖခင်ပုဏ္ဏား၊ သူ့သဘောမှာ၊ နုချောလှသီး၊ ငါ့သမီးကို၊ ဇနီးကြင်ရာ၊ အပ်နှင်းငှာလျှင်၊ မဟာစက္ကဝတ်၊ လေးဒီပါကို၊ အာဏာခြင်းကော၊ မင်းမန္ဓာတ်မှ၊ နှင်းအပ်တောင်ညာ၊ ထိုက်တန်ရာဟု၊ စိတ်မှာမှတ် ထင်၊ သို့ခြင်းအင်ကြောင့်၊ အကြင်လူများ၊ ထိမ်းမြားလိုဟု၊ ပြောဆိုငြားလည်း၊ စကား ဆက်ဆံ၊ လက်မခံဘဲ၊ ပယ်ကန်ငြင်းခုံ၊ သို့ဖြစ်တုံ၍၊ တစ်စုံတစ်ယောက်၊ မရောက် ပေါက်ဘဲ၊ တစ်ယောက်သမီး၊ သက်အရွယ်လျှင်၊ နှစ်ဆယ်နီးမျှ၊ ကြီးရင့်နေရာ၊ ထို အခါ၌၊ ပြည်တော်ဌာနီ၊ ကောသမ္ဗီတွင်၊ စည်းစိမ်ချမ်းသာ၊ ပြည့်စုံစွာဖြင့်၊ ပဝါရိက၊ ကက္ကုဋနှင့်၊ ဃောသကတွင်မြောက်၊ ရှေးကပြုဖန်၊ ကုသိုလ်ကံကြောင့်၊ ကြံ့တိုင်း မြောက်ကော၊ သုံးယောက်သူဌေး၊ သံသရာမှာ၊ နောင်ခါဘေးကို၊ ထောက်တွေးမျှော် ရှု၊ ကုသလံကို၊ စီမံပြု၍၊ ကောင်းမှုတိုးပွား၊ အကျိုးများအောင်၊ ဘုရားသတင်း၊ အကြောင်းရင်းကို၊ ကောင်းခြင်းစကား၊ သူတို့ဆရာ၊ ရသေ့ကျော်ကို၊ ဖော်ကာ ပြော ၍၊ ကြားကာလည်းသိ၊ ပြည်အောင်ချာလေ၊ သာဝတ္ထိမှာ၊ မုနိမြတ်စွာ၊ စိန္တေယျာကို၊ သွားကာပင့်ကြ၊ အခွင့်ရသော်၊ ကျောင်းဝိဟာကို၊ ကောင်းစွာအံ့လောက်၊ တစ်ကျောင်းစီလေ၊ အညီဆောက်လို့၊ ပြီးမြောက်သောခါ၊ ရွှေပြည်မကို၊ ချီကြွသောခါ၊ မြတ်ဇိနေ္ဒာ်လျှင်၊ ဉာဏ်တော်၌တွင်၊ မာဂဏ္ဍီယ၊ ထိုပုဏ္ဏကို၊ ဒိဋ္ဌမြင်သော်၊ ရှင်ပင်ဗုဒ္ဓ၊ သွားမြဲတန်းတွင်၊ လမ်းလွှဲကြွသော်၊ ပုဏ္ဏမယား၊ သူ့အိမ်ရှင်လေ၊ လင်ယောကျ်ားကို၊ စကားချုပ်ချယ်၊ ပြောလတ်သည်ကား၊ တည်ထောင်မချ၊ သားမိန်းမအား၊ ရင့်ရော် လေအောင်၊ မြင့်ရှည်ထားက၊ မောင်ဖားမိဘ၊ ဣန္ဒြေလေ၊ မတည်ပျက်ကော၊ အရှက် ရဟု၊ လောကစကား၊ ပြောသံများကို၊ စဉ်းစားဆင်ခြင်၊ စေ့စေ့တွေးလို့၊ ကြီးအောင် ထားဟု၊ ပြောဟောတုံကျင်၊ အပြစ်တင်ကော၊ လင်ပုဏ္ဏားကြီး၊ သို့တပြီးက၊ သမီးလင်လျာ၊ သမက်တော်ကို၊ ငါလျှင်မနေ၊ ယနေ့တွေ့အောင်၊ ရှာခဲ့မည်ဟု၊ သွားသည်ကာလ၊ ဗုဒ္ဓမြတ်စွာ၊ ရွှေကိုယ်တော်လေ၊ တစ်ကာယတည်း၊ ကြွ၍လည်း လာ၊ ပုဏ္ဏကျော်လေ၊ ရွာကလှည့်လို့၊ တွေ့လေပါကော၊ ရောင်ဝါခြောက်သွယ်၊ ကျက်သရေနှင့်၊ တင့်တယ်ဂုဏ်အင်၊ ရူပါရုံလေ၊ ပြည့်စုံလှလို့၊ ပုဏ္ဏမြင်ကော၊ သာရွှင် ဝမ်းမြောက်၊ ဝမ်းသာသောလေ။

## ပုဏ္ဏားလင်မယား မြတ်စွာဘုရားထံ
## အကျွတ်တရားရသော ကြောင့် သမီးလှ မာဂန္ဒီကို
## ညီပုဏ္ဏားအား အပ်ကြ၍ ဥဒိန္နမင်းမြတ်အား နှင်းအပ်စန်း

ဝမ်းမြောက်မယေသာရွှင်၊ ထိုပုဏ္ဏားလျှင်၊ ကြံ့ရကျင်၍၊ အသင်ယောကျ်ား၊ ကျွန့်ရင်သွေးကော၊ သမီးချောနှင့်၊ ထိမ်းမြားဆက်ဆံ၊ ထိုက်ခြင်းဟန်ကြောင့်၊ အကျွန် ခုဝယ်၊ သမီးဖြူ၏၊ ရုပ်ရူပကို၊ ယူပြမည်လေ၊ ဤသည်အခါ၊ ဤနေရာမှာ၊ နေပါ တုံလိုက်၊ ပုဏ္ဏားအိုမှာ၊ ထိုချက်ချင်းပင်၊ ခြေပြင်းတိုက်လို့၊ ဆိုက်ရောက်ကိုယ့်အိမ်၊ မာဂဏ္ဍီကို၊ စုံညီတန်ဆာ၊ လှစေချင်၍၊ မြင်မငြီးအောင်၊ ဆင်ပြီးခါမှ၊ မာတာပီတ၊ သမီးလှကို၊ မိဘမျိုးဆွေ၊ ကြင်စရာလေ၊ လင်လျာရသည်၊ ပြခဲ့မည်ဟု၊ သွားလေ သောခါ၊ ရပ်ရွာသားကော၊ လူများစွာတို့၊ မာဂဏ္ဍီယ၊ တို့ဌာနမှာ၊ နာမတွင်ပြီး၊ သမီးပျို ကြောင့်၊ ဂုဏ်ကိုပြကော၊ ပုဏ္ဏားကြီးမှာ၊ သမီးလင်လျာ၊ သမက်ရှာသည်၊ မြင့်ကြာပြီးမှ၊ ယခုရကော၊ သာမညလူ၊ မကမူ၍၊ သူသူငါငါ၊ လူတကာသို့၊ သုံးညာ ကာရ၊ ပုရိသလျှင်၊ ရှိကြတော့မည်၊ ဇကဝုစ်ကော၊ မဟုတ်ချေဟု၊ ရုပ်ရည်ရူပ၊ ဘယ်မျှ လှဟု၊ ကြည့်ကြတော့မည်၊ ရပ်ရွာသူလေ၊ လူအများလည်း၊ လိုက်သွားလေကော၊ ထိုသည်အခါ၊ စိန္တေယျာလျှင်၊ ခြေရာတော်သည်၊ ခိဋ္ဌာန်ချလို့၊ ကြွတုံလေကော၊ ထို သည်ပုဏ္ဏား၊ ထိုနေရာမှ၊ ရှာမရလို့၊ မယားကလျှင်၊ မေးလေကျင် ကော၊ လင်မာဂဏ္ဍီ၊ တစီစီဖြင့်၊ ဤနေရာတွင်၊ မိုးနတ်ဟန်သို့၊ မှန်စင် စစ်ကော၊ နေလိုက်ကျင်လျက်၊နင် လျှင်မှန်စွာ၊ မြန်မလာဘဲ၊ ကြန့်ကြာနှောင်နှေး၊ နေတုံပေကော၊ သည်အရေးကြောင့်၊ ယဉ်ကျေး ရုပ်သွင်၊ ထိုလုလင်လျှင်၊ ဘယ်တွင်သွားသည်၊ ခြင်းဇာတိကို၊ မသိချေဟု၊ ရှာဖွေလေလျှင်၊ ခြေရာမြင်သော်၊ ခုပင်ပကတိ၊ နင်မယုံသော်၊ ကြည့် လှည့်ခေါ်လို့၊ ခြေရာ ရှိဟု၊ သိသိသာသာ၊ ပြလေပါကော၊ ကြင်ရာမယား၊ စေ့အစုံလေ၊ ကြည့်တုံငြား က၊ ဘုရားခြေရာ၊ ရာရှစ်ကွက်ကော၊ စက်ပါဒါကို၊ လက္ခဏာစုံလင်၊ကုန် အစင်လျှင်၊ သိမြင်လေကော၊ ထိုခါတုံလေ၊ ပုဏ္ဏေားမမှာ၊ ပုဏ္ဏားကိုလျှင်၊ အပြစ်တင်လို့၊

ငါ့လင်အသွတ်၊ ကျမ်းဗေဒင်ကို၊ သင်တုံဘိလည်း၊ မသိတတ်ဘဲ၊ တန့်ရပ်နေရှာ၊ ဤခြေရာက၊ ယရာဝါသ၊ မှုကိစ္စကို၊ စိတ်ကမတပ်၊ တဏှာဟူသည်၊ ဆာပူခြင်းမှ၊ ရှင်းရှင်းလွတ်ကေ၊ ပရမတ်ထွတ်ဖျား၊ မြတ်ဘုရား၏၊ ဖဝါးခြေရာ၊ ဖြစ်တုံပါ၍၊ သမ္မာသမ္ဗောဓိ၊ နှုန်းတုမမြင်၊ သုံးလူ့ရှင်ကို၊ သင်မြင်တွေ့လည်း၊ မသိတုံကျင်၊ စိတ်ပေါ်လွင်လို့၊ အသွင်ထူးကေ၊ ရှူးသည်ထင်ဟု၊ လင်ကိုပြောခါ၊ များလူရှင်ကို၊ မြင်သည်တွက် ကြောင့်၊ ရှက်လှပါ၍၊ နင်သာငါ့ထက်၊ မိန်းမပျက်မှာ၊ ဆတွက်သိတတ်၊ ဤသို့ဆို၍၊ ကျောကိုသပ်က၊ ထက်ကြပ်မကွာ၊ အတူပါကေ၊ ရပ်ရွာလူများ၊ ဝဲယာကိုင်ပျာ၊ ဖြေဖျဉ်ထားက၊ ဘုရားမြတ်စွာ၊ စောထွတ်ချာလျှင်၊ သံဃာဝန်းရံ၊ ဆွမ်းတော်ခံကေ၊ ပြန်လာတုံ၍၊ ထိုနေရာမှာ၊ ကြုံကာတွေ့ကေ၊ရှုကြည့်မြင်တော်မူ၏တည်းလေ။

ရှုကြည့်မြင်ကေ၊ လင်ပုဏ္ဏားသွန်း၊ မယားကိုလေ၊ ဆိုကာဟောက်၍၊ ငေါက် ကာငမ်းလျက်၊ ရဟန်းဤရှင်၊ ဤသခင်ပင်၊ ငါမြင်လိုက်သူ၊ သို့ဖြစ်မူ၍၊ သည်းအူ နုသီး၊ ကျွန့်သမီးလည်း၊ ကျွန်းကြီးဇမ္ဗူ၊ တစ်သောင်းငူတွင်၊ ဘယ်သူကမျှ၊ ရူပကနှင့်၊ မိန်းမရတနာ၊ ဖြစ်ခြင်းရာကြောင့်၊ ဆင်းဝါတူငြား၊ အရှင်အားသာ၊ ထိမ်းမြားတော် မူ၊ သိမ်းကာယူဟု၊ သည်းအူမိန်းမ၊ သမီးလှကို၊ ပြကာအပ်ကျင်၊ မြတ်ရှင်ပင် လျှင်၊လင်နှင့်မယား၊ နှစ်ယောက်စုံလေ၊ သူတို့အားကို၊ တရားဒေသနာ၊ ဟောသည် မှာကား၊ တဏှာလောဘ၊ အာသဝေါကေ၊ ကာမောဃနှင့်၊ မောဟမြူမှောင်၊ ဘုံသုံး မည်လေ၊ သုံးဆယ့်တစ်ဟု၊ အမိုက်ထောင်က၊ ခွာရှောင်ထွက်ငြား၊ ဘဂဝါလေ၊ ငါဘုရားလျှင်၊ သားလှရတနာ၊ ရာဟုလာနှင့်၊ ကြင်ရာတစ်ဦး၊ နတ်ကညာသို့၊ ယသော်မှူးလျှင်၊ အထူးပင်လှ၊ သားစားကြူးသည်၊ ဘီလူးမသို့၊ စိတ်ကထင်မှတ်၊ မကြင်မနာ၊ မတွယ်တာကေ၊ ငါစွန့်လွှတ်လို့၊ မာရ်နတ်မင်းကြီး၊ ရှုမငြီးကေ၊ သမီးတော်လှ၊ မိုးဒေဝီလေ၊ ညီအစ်မဟု၊ လှပဆင်းဝါ၊ ထက်ဘုံရပ်က၊ နတ်ကညာတို့၊ တဏှာဒေဝီ၊ ရာဂီရာဂျာ၊ ငါဘုရားကို၊ ပြောဆိုလှာ၍၊ မာယာပရိယာယ်၊ အသွယ် သွယ်ဖြင့်၊ ပြုံးရယ်ချောမော၊ နတ်သမီးပင်၊ ဖြစ်ပြီးငြားလည်း၊ နှစ်ပါးလျက်ဆုံ၊ မြူးပျော်လှုံကေ၊ မေထုန်အမှု၊ ရွံ့ဖွယ်စရာ၊ ညွန်တဏှာကို၊ ငါမပြုကေ၊ ယခုခါလျှင်၊ အမှုအင်မှာ၊ သင်ပုဏ္ဏားကြီး၊ သင့်ရင်သွီးထက်၊ နတ်သမီးပင်ဖြစ်ပြီးကျင်လည်း၊ အမြင်ကဆိုး၊ ပမာတင်သော်၊ မစင်အိုးသို့၊ နှစ်မျိုး စုံမက်၊ နှစ်သက်စရာ၊ စုံတစ်မျှ၊ မရှိပါလေ၊ မျက်နှာပါးပြင်၊ အသားမျှင်နှင့်၊ ကြောခြင်ခြေလက်၊ စည်မပျက်ကေ၊ လည်ဆက်မိတ်ပါး၊ ရင်ခါးပုခုံး၊ ကာယဆိုကေ၊ တစ်ကိုယ်လုံးတွင်၊ အသုံးကျစရာ၊ ဉာဏ်မျက်စိဖြင့်၊ တွေ့အောင်ရှာသော်၊ ခြင်းရာပေါင်းစု၊ အပုပ်အစပ်၊ စက်ဆုပ်အပ် သည့်၊ တို့ရုပ်ဝတ္ထု၊ နှစ်ခုသုံးဆယ်၊ ဖိုးထိုက်မထိုက်၊ ကျိုးအပြစ်ကို၊ စိစစ်ချေသော်၊ အရေတစ်မျိုး၊ မသတီအောင်၊ ညှီပုပ်သိုးကေ၊ အရိုးအကြော၊ အသားအသွေး၊ အသည်းအဆုတ်၊ အပုပ်အစပ်၊ အထပ်ထပ်တိ၊ ချွေးနှပ်တံတွေး၊ ကတိုးအဟန်၊ ဖိုးမတန်ကေ၊ ဆံအမွေးနှင့်၊ ပြည်သွေးမစင်၊ ထဲဝမ်းတွင်၌၊ ကြေးနှင့်ဆီကြည်၊ ထွက်ကာစွယ်ကေ၊ မျက်ရည်ဦးနှောက်၊ ကျောက်ဟဒယ၊ ပိတ္တသည်းခြေ၊ အူခွေအူမ၊ စသည်ပေါင်းစု၊ အဌကလာပ်၊ သဟဇာတ်ကေ၊ ဓာတ်လေးခုဟု၊ ဝတ္ထုအပြင်၊ သင့် ရင်သွေးကေ၊ သမီးတွင်၌၊ ချစ်ခင်စရာ၊ သူ့ခန္ဓာမှာ၊ ရှိပါသလော၊ ဘဂဝါဗုဒ္ဓါ၊ အာလုပ်တော်က၊ ထုတ်ဖော်ဟောကေ၊ တရားသံချို၊ အေးအေးတည်းလေ။

သံချိုမယေအေးအေး၊ လှပျိုစင်လေ၊ သင့်ရင်သွေးမှာ၊ သုံးဆယ့်နှစ်ဖြာ၊ ပေါင်း ကာစပ်ကေ၊ ဒွတ္တိံသာတွင်၊ ကေသာအစ၊ မုတ္တအဆုံး၊ ဝတ္ထုကြီးငယ်၊ အသွယ်သွယ် ကို၊ ရွေးချယ်သုံးက၊ မုန်းစရာပင်၊ ဝတ်အထည်နှင့်၊ ကာကွယ်ရုန်းလို့၊ မဖုံးကျင်သော်၊ အမြင်ရခက်၊ ကာယဆိုကေ၊ တစ်ကိုယ်လုံးကို၊ သိမ်းရုံးတွက်က၊ အထက်လည်ချောင်း၊ အောက်ဌာနတွင်၊ ဒွါရကြောင်းနှင့်၊ ၎င်းစပ်ကြား၊ ပြောင်းစပါးကို၊ ဆာလားအိတ် တွင်၊ သွင်းကာနှိပ်ကေ၊ သိပ်ထားသွင်သို့၊ ဆင်ခြင်စေ့စေ့၊ ကိုယ်ဖြစ်ဟန်ကို၊ ဉာဏ် မျက်စိနှင့်၊ သိအောင်ကြည့်လေ၊ သင်၏သမီး၊ ချစ်မငြီးကေ၊ စံသီးရုပ၊ ဖိုးထိုက်ဖိုးတန်၊ မိုးနတ်ဟန်သို့၊ အလွန်လှလည်း၊ ညကစွန့်ကျင်၊ ပွားမစင်သို့၊ ထင်တုံတော့ သည်၊ သို့ဖြစ်ပေ၍၊ ခြေနှင့်တွေ့ထိ၊ တို့ခြင်းငှာလေ၊ ငါမရှိဟု၊ မုနိရှင်စော၊ သုံးဆယ့် နှစ်ဖြာ၊ ဒွတ္တိံသာကို၊ ထုတ်ဖော်ဟော၍၊ လေးပါးသစ္စာ၊ ပြသောခါ၌၊ အနာဂါမိ၊ မဂ်တွင်ခိုကေ၊ ဖိုလ်မှာထိလို့၊ ဝိစိကိစ္ဆာ၊ မရှိပါဘဲ၊ မာဂဏ္ဍီယ၊ အမည်ရကေ၊ ပုဏ္ဏား လင်မယား၊ ထင်အရှားဖြင့်၊ တရားမြတ်သိ၊ ပရိသတ်များစွာ၊ တရားနာတို့၊ သမာဓိ နှင့်၊ မိမိဇာဂီ၊ ပါရမီလေ၊ ဝသီအလိုက်၊ ဤအခိုက်၌၊ ထိုက်ရာလျော်ရာ၊ အကြင်သူ လေ၊ လူနှင့်နတ်တို့၊ ကျွတ်ကြပါရေ၊ မာဂဏ္ဍီဆို၊ ပုဏ္ဏားကြီးမှာ၊ သမီးပျိုအား၊ ညီကို အပ် နှံ၊ မြတ်ဗုဒ္ဓကေ၊ လူ့ဘထံ၌၊ နိဗ္ဗာန်ရည်မှန်း၊ သာသနာတွင်၊ လျှော်သက်န်းနှင့်၊ ရဟန်းပြုဖွယ်၊ ဘပုဏ္ဏားတို့၊ နေကြလေကေ၊ သက်ဝေရင်သွေး၊ ထိုသမီးလျှင်၊ ဘထွေး နှင့်သည်၊ ကျန်လိုက်ကေကေ၊ ကြုံစည်စိတ်က၊ ငါ့ကိုပင်လေ၊ မစင်အိုးနှင့်၊ ကျိုးရှုတ်ချလို့၊ ဗုဒ္ဓဘုရား၊ ငါမလိုဟု၊ ဆိုမပြောဘဲ၊ ခြေဖျားထိုး၍၊ တို့မကြည့်ဟု၊ ကျိုးမဲ့စကား၊ မနာလိုဘဲ၊ ငါ့ကိုပြောကေ၊ လင်သားလှပ၊ မကြာခင်လေ၊ ငါလျှင်ရမှ၊ ဒုက္ခဖိစီး၊ ဤရှင်ကြီးကို၊ ပျက်စီးလောက်အောင်၊

ထိုနောက်နောင်၌၊ ကြံဆောင်တော့ မည်၊ မှတ်နေလေကော၊ မြင့်ရှည်မကြာ၊ တစ်ရံခါ၌၊ ရာဇာမင်းလှ၊ ကောသမ္ဗီတွင်၊ ဥဒိန္နကို၊ ညွတ်ခရိုသေ၊ ဘပုဏ္ဏားလျှင်၊ ဆက်သပေကော၊ အလယ်နန်းမ၊ နှင်းပြီးမှ လျှင်၊ စူဠမဟေသီ၊ ဘွဲ့ထူးချီလို့၊ ဥဒိန်မင်းသား၊ ရံငါးရာလေ၊ အပ်ကာထားလို့၊ မိဖုရားသုံးဖော်၊ ကြင်ရာတော်နှင့်၊ မွေ့လျော်ပြီးထွယ်၊ နန်းသုံးဆောင်လေ၊ ပြောင် ပြောင်ထွန်းလို့၊ စံမြန်းနေရေ။

စံမြန်းနေကော၊ ဤဝယ်တစ်ခန်း၊ ဖြတ်ရပ်တန့်လို့၊ ဆန့်ကာတစ်ရပ်၊ ယခုအခါ၊ ဤကဗျာမှာ၊ အနာဂတ်ဖြင့်၊ စပ်ဟပ်ကုံးစီ၊ မာဂန္ဒီဟု၊ သံထည်ပုဒ်မ၊ ကြောင်းခြင်းရာ ကို၊ ဖော်ကာပြမည်၊ ဗုဒ္ဓပရမေ၊ ထိုနောက်ဝယ်၌၊ ပြည်ကောသမ္ဗီ၊ တိုင်းဌာနီသို့၊ ကြွချီတုံမြောက်၊ မြတ်ဘုန်းမော်ကော၊ ကိုယ်တော်ရောက်က၊ သုံးယောက်သူဌေး၊ လွန်မြတ်လေးလို့၊ အရေးတကြီး၊ ခရီးဝေးက၊ ဆီး၍ကြိုဆို၊ မြတ်ပုဂ္ဂိုလ်နှင့်၊ ထိုထို သံဃာ၊ အရိယာကို၊ ပင့်ကာဆောင်မြောက်၊ သဒ္ဓါကြည်ဖြူ၊ သူဌေးဟူကော၊ လူသုံးယောက်တို့၊ ဆောက်လုပ်ပြီးစီး၊ ကောက်ချီးခေါ်၍၊ ကျောင်းတော်ကြီးကို၊ သီးသီးသွယ်သွယ်၊ ပူဇေယဖြင့်၊ လှူကြပေ၍၊ လှည့်လည်ဆွမ်းကျွေး၊ မြို့ရွာသူကော၊ လူခပင်းလည်း၊ ပေါင်းစည်းအတူ၊ ဆွမ်းတော်ဖြူနှင့်၊ အလှူမကင်း၊ လူခပင်းတို့၊ သတင်းမကွာ၊ ပြည်နိဗ္ဗာန်ကို၊ စိတ်ကြံဆလို့၊ နေကြခါဝယ်၊ မာဂန္ဒီယုတ်၊ ဣတ္ထိယကော၊ မိန်းမပုပ်က၊ အနုတ္တရ၊ သုဂတဟု၊ ဗုဒ္ဓဘုရား၊ ထိုမြို့ရွာ၌၊ ရောက်ပါခြင်းကို၊ သတင်း ကြားက၊ ဂေါတမရှင်ကြီး၊ ငါ့ကိုတကယ်၊ ဣန္ဒြေလေ၊ မတည်ပျက်အောင်၊ ဖျက်ကာ ဆီးလို့၊ ရေစီးတစ်ခါ၊ ရေသာတစ်လှည့်၊ ခုတစ်မူလေ၊ ကြုံရပြန်ကော၊ ငါ့အလှည့်လေ၊ မမေ့ပါနိုင်၊ မရွှေ့ရည်သို့၊ ယနေ့တိုင်နာ၊ သို့ခြင်းရာကြောင့်၊ ဥပမာ-ဥပမေ၊ ထုတ်တုံ ပေသော်၊ ပျံသည့်ငှက်ခါး၊ နောက်တစ်ခါလေ၊ ရောက်ကာနားမှ၊ မြားနှင့်ပစ်ချ၊ ပမာနသို့၊ ငါကတကယ်၊ ယခုချက်မှာ၊ နှိပ်စက်မည်ဟု၊ မှတ်ရည်တုံငြား၊ သူ့ခြွေရံလေ၊ ကျေးကျွန်များနှင့်၊ ကြံငြားတုံလိုက်၊ မြို့ရွာပြည်မှာ၊ သေသောက်ကြူးဟု၊ မူးကာယစ် ကော၊ လူမိုက်လူကြမ်း၊ လူသရမ်းနှင့်၊ လူသွမ်းလူနုတ်၊ လူတကာတွင်၊ သာ၍ယုတ်ကော၊ လူပုတ်လူဆိုး၊ အမျိုးမျိုးလျှင်၊ ကြိုးထိုးဘိန်းသောက်၊ လေးပါးအပါယ်၊ ငရဲပြည်မှာ၊ နေအိမ်အောက်ကော၊ ရှက်ကြောက်မရှိ၊ ကောင်းကျိုးမလို၊ ဆိုးမည်ဆိုကော၊ မိုးကိုထိလို့၊ မသိမလိမ္မာ၊ အယူမှားကော၊ လူများစွာကို၊ ဥစ္စာကြေးငွေ၊ ပေးတုံပေ၍၊ စေကာခိုင်း လွှတ်၊ ဆရတ်ခရေ၊ ငါ့တိုင်းပြည်က၊ ရွင့်စေမှတ်လို့၊ မအပ်မရာ၊ ကြံလေပါကော၊ မုနိရတနာ၊ အရိယာလေ၊ သံဃာများနှင့်၊ ကြွသွားတုံကျင်၊ ဆွမ်းခံဝင်ကော၊ ယခင်လူ မျိုး၊ ငရဲအိုးကော၊ လူဆိုးအလဇ္ဇီ၊ ငဒုသီတို့၊ နေအိမ်ဈေးနှာ၊ သွားလာသူလေ၊ မထူ ထပ်ဘဲ၊ လူပြတ်ရာက၊ ခိုကာနေ၍၊ အကျိုးမဲ့အောင်၊ ကဲ့ရဲဆဲဆို၊ အိုးနားတိုနှင့်၊ မြို့ကိုလည်းငြား၊ နေတိုင်းလာပျာ၊ တောင်းကာစားကော၊ ယောကျ်ားအဆွေး၊ လူချင်းမ တူ၊ အကင်းယူ၍၊ လူအဖျင်းကော၊ ငပျင်းကြီးတို့၊ ထီးထီးမားမား၊ လူတိုင်းအိမ်ကို၊ ကိုယ်စီသွားလို့၊ အစားတစ်သပိတ်၊ လည်ကိုညိတ်ကော၊ အအိပ်ညဥ့်လုံး၊တမင်းဖြုန်း ကော၊ ခေါင်းတုံးထိပ်ပြောင်၊ လူအပေါ်မှာ၊ သူတော်ယောင်သို့၊ ကြောင်သီတင်းသုံး၊အ ဖျင်းဆုံးတို့၊ အုန်းရည်ထန်းရည်၊ တစ်ခပ်တစ်ကျည်၊ ငါတို့ညှဥ်းမည်၊ သောက်ကြည့် လေလော၊ မစင်ကိုမူ၊ ငါတို့လှူကော၊ ယူမည်လောလေ၊ မယားမရ၊ သားမရကော၊ဘဝ လည်းဆုံး၊ ခေါင်းလည်းတုံးလို့၊ အသုံးမဝင်၊ အကြင်သူတို့၊ ဇမ္ဗူတိုက်တွင်၊ လူဖြစ်ကျင် လျက်၊ ဇာပင်မသိ၊ ဘိန်းဘင်းရှုလို့၊ ကွမ်းဗုံခြောက်ပင်၊ မသောက်မိဟု၊ ပစိကိုက်ပြ၊ တချို့ကလည်း၊ အုတ်ခဲနှင့်ဝဲ၊ ဤသို့နည်းဖြင့်၊ဆဲရေးတိုင်းထွာ၊လေ၏တည်းလေ။

ဆဲရေးမယေတိုင်းထွာ၊ ထိုအခါ၌၊ အာနန္ဒာမည်၊ ကိလေမျှင်လျှင်၊ မစင်တတ် ကော၊ မြတ်မထေရ်က၊ သဗ္ဗညုတ၊ အတုလအား၊ ဦးချပြီးခါ၊ ဤမြို့ရွာက၊ လွတ်ရာတ ခြား၊ ရပ်တစ်ပါးကို၊ သွားပါကြမည်၊ မြတ်ဘုရားကို၊ လျှောက်ကြလေကော၊ စိန္တေဘုန်း လူ၊ အာနန်ထေရ်မှာ၊ ဘယ်အရေးဟု၊ မေးတော်မူသော်၊ လူသူအများ၊ တချို့ဝေလေ၊ ဤပြည်သားတို့၊ ပျားသကာတွင်၊ ပမာတင်သော်၊ မစင်စွန့်ကြ၊ ယခုဆိုကော၊ ထိုသည်ခွေးသို့၊ တွေးဆမရှိ၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုးကို၊ ကျိုးမသိဘဲ၊ မိမိအ ပြစ်၊ မိမိ၌ပင်၊ ကံထိုက်အောင်သာ၊ မနှိုင်းထုထိက်အောင်၊ ရိုင်းမိုက်ကာဖြင့်၊ တိုင်း ထွာဆဲဆဲ၊ အုတ်ကျောက်ခဲလည်း၊ ကြဲကြတော့သည်၊ သို့ဖြစ်ပေ၍၊ ဤပြည်အတွင်း၊ ထေရ်ပုဂ္ဂိုလ်တို့၊ မှီခိုခြင်းဖြင့်၊ သီတင်းသုံးတော်၊ မမူပါနှင့်၊ ပြည်ရွာရပ်ခြား၊ တိုင်း တစ်ပါးသို့၊ ကြွသွားကြမည်၊ ညီအာနန်မှာ၊ ပန်ကာမြှောက်လို့၊ လျှောက်တုံလေကော၊ အဘယ်ပြည်ရွာ၊ အာနန္ဒာလေ၊ ကြွပါမည်နည်း၊ မြတ်ဗုဒ္ဓါက၊ ထုတ်ဖော်ကော၊ ခမည်း လူ့ဘ၊ ခြောက်ရောင်ရှိန်ကော၊ မုနိန္ဒလေ၊ နဂရာသီရိ၊ အောင်ချက်သပြေ၊ တောင်ဒက္ခေ မှာ၊ မြေဘုမ္မိဟု၊ မြေဘုမ္မိဟု၊ သာဝတ္ထိဆို၊ ရာဇဂြိုဟ်နှင့်၊ တက္ကသိုလ်အာဠဝီ၊ ဝေသာလီ က၊ ကပ္ပိနဂရ၊ ပြည်အောင်ချာကော၊ ဗာရာဏာဟု၊ ရာဇဌာနေ၊ သမိုင်းတည်ကော၊ တိုင်းပြည်မများ၊ ထိုထိုမည်ကော၊ ဌာနေများသို့၊ ကြွသွားမှလျှင်၊ မြတ်ကိုယ်တော်နှင့်၊ သံဃာပေါင်းတို့၊ ကောင်းမည်ထင်ဟု၊ လျှောက်တင်သောခါ၊ ဘထွေးတော်၏၊ ပုတ္တပတ္တမြား၊ ငါနှင့်မူလေ၊ အတူဖွားကော၊ ငါးဧတဒဂ်၊

မပျက်ရငြား၊ နှုတ်မြွက်ကာ ဖြင့်၊ တင်ကာထားကေ၊ ချစ်သားထေရ်မွန်၊ သိလိမ္မာကေ၊ ညီအာနန်လေ၊ နိုင်ငံဌာနေ၊ ထိုထိုပြည်ကို၊ ကြွလေသောခါ၊ ဤမြို့ရွာသို့၊ များစွာဆဲရေး၊ တချို့သူတို့၊ ပြုတုံခဲ့သော်၊ ဘယ်ကျေးဘယ်ပြည်၊ အာနန္ဒာမှာ၊ ဘယ်ဌာနသို့၊ ကြွတော့မည်လေ၊ လူ့ပြည်ဌာန၊ လူ့လောကမှာ၊ ရှုတ်ချကဲ့ရဲ့၊ ဓမ္မတာကို၊ ခါမငဲ့နှင့်၊ ကျိုးမဲ့ကျိုးရှိ၊ ငါ့ချစ်ရှင်ကေ၊ သင်အသိကို၊ သတိမထား၊ လောကဓံလေ၊ မှန်ရှစ်ပါးမှာ၊ ဘုရားရဟန္တာ၊ ပါသည်ဝင်၍ လည်း၊ များဆုံးအလွန်၊ ခုနစ်ရက်ကေ၊ ပျောက်ပျက်ပြန်မည်၊ ခံကာသည်းညည်း၊ ပြစ်မေ့ဘေးနှင့်၊ ဆဲရေးသမျှ၊ ချင်းတို့ထံမှာ၊ ပြန်ကာကျမည်၊ လောကတရား၊ ထိုရှစ် ပါးနှင့်၊ မြတ်စွာဘုရား၊ ထုတ်ဖော်ဟောလို့၊ တားမြစ်ကာဖြင့်၊ ဣရိယာပထ၊ သပ္ပာ ယလျှင်၊ မျှတပြီးထွယ်၊ ဃောသိတာလေ၊ ဝိဟာကျောင်းမှာ၊ ကျိန်းအောင်းနေရေ။

## စုဇ္ဇုတ္တရာနှင့် သာမာဝတီတို့အခန်း

ကျိန်းအောင်နေကေ၊ တစ်သွယ်ထိုမှ၊ ဖွဲ့ကာစီပျာ၊ ဆင်ခြေညွှန်းကေ၊ တစ်ခန်း ပြမည်၊ သာမာဝတီ၊ လှဒေဝီအား၊ ဥဒိန်မင်းမွန်၊ သာလွန်တိုး၍၊ မြတ်နိုးဟန်ကြောင့်၊ ပန်းမန်နံ့သာ၊ ဆင်အံ့ဌာလျှင်၊ သပြာရှစ်ကျပ်၊ နေ့မပြတ်လျှင်၊ ပေးအပ်တော်မူ၊ ညာနန်းသူမှာ၊ အတူမကွာ၊ ရံငါးရာတွင်၊ ဥဇ္ဇာတွင်ပြီး၊ ပေါ်ကစီးကေ၊ အကြီးဥက္ကဌ၊ ပြုပြီးမှလျှင်၊ နေ့ညမကျန်၊ ဆောင်ကြဉ့်နန်းမှာ၊ တောင်နန်းစံဖို့၊ ပန်းမန်ဝယ်ရာ၊ ရှစ်သပြာတွင်၊ နှစ်ဖြာခွဲငြား၊ လေးသပြာကို၊ သိုကာထား၍၊ ဝယ်ငြားသောခါ၊ လေးသပြာဖို့၊ နံ့သာပန်းမန်၊ နေ့မကျန်လျှင်၊ ညာစံနန်းမ၊ သာမာဝတီ၊ မဟေသီလေ၊ ဒေဝီလှကို၊ ဆက်သလေရာ၊ အတန်ကြာသော်၊ ထိန်းတော်ကျွန်မ၊ ပန်းဝယ်မည်ဟု၊ သွားလေကလျှင်၊ သုမနဂေဟိန်၊ ပန်းသည်အိမ်တွင်၊ အစိန္တေယျ၊ မုနိန္ဒအား၊ ပဏ္ဍုကြိုင်မွှေး၊ မွန်မြတ်စွာလေ၊ ဆွမ်းတော်ကျွေးလို့၊ ပေးရန်ပန်းများ၊ လက်မအား၍၊ တနားနေပါ၊ ဆိုပြီးခါမှ၊ မြတ်စွာဘုရား၊ ဒေသနာကို၊ ထိုခါဟောလို့၊ အများတကာ၊ တရားနာကေ၊ ထိန်းတော်ကျွန်မ၊ ခုဇ္ဇုတ္တလည်း၊ ငါကတစ်ယောက်၊ တငေါက်ငေါက် လျှင်၊ စောင့်ရှောက်နေရ၊ အလိုလိုလေ၊ တစ်ကိုယ်တည်းကေ၊ ပျင်းရိစွာဟု၊ ဓမ္မဒေသ နာ၊ တရားတော်ကို၊ ကြားနာကာလ၊ ဉာဏ်ပညာလေ၊ သမ္မာလှ၍၊ နယတစ်ထောင်၊ နည်းပေါင်းဆောင်လို့၊ တွေ့မျှောင်ကခ်ါ၊ ဥပ္ပဒါန၊ သက္ကာယတို့၊ ကိုယ်ကကွာ၍၊ သောတာပတ္တိ၊ မဂ်မှာခိုပျာ၊ ဖိုလ်ကိုထိက၊ ပီတိသောမနည်၊ သူ့ဉစ္စာကို၊ ငါစိတ်တပ် ကေ၊ မအပ်ပါချေ၊ ရှစ်ကျပ်ငွေဖို့၊ ဝယ်ကာယူလျက်၊ ရှင်မထံမှာ၊ ဆင်ရန်ဆက်ကေ၊ နေ့တိုင်းထက်သာ၊ ပန်းမာလာလေ၊ များပါခြင်းကြောင့်၊ ရှင်မင်းကျော်မှာ၊ သပြာ ကြေးငွေ၊ ယနေ့ဖိုးမှာ၊ တိုးပေးရေလား၊ ညာနန်းနေမှာ၊ မေးလေငြားက၊ စကားမှန် ရာ၊ လွန်မယုတ်အောင်။ ကျွန်ုပ်မလျှင်၊ လျှောက်ရပါမည်၊ သပြာငွေကြေး၊ ရှင်မင်းပျို မှာ၊ ပိုမပေးပါ၊ ပန်းနည်းပန်းများ၊ ဆိုစကားမှာ၊ ရှေးသောအခါ၊ ရှစ်သပြာလျှင်၊ ပေးပါတုံငြား၊ တစ်ဝက်ဖို့ဝယ်၊ တစ်ဝက်ငွေကို၊ ဝှက်ကယ်ငြားလို့၊ ထားပါတော့သည်၊ ယနေ့ဝယ်က၊ ပန်းသည်အိမ်မှာ၊ မြတ်ဘုရား၏၊ တရားတော်ကို၊ ကြားနာခဲ့ရ၊ သည် ကိစ္စကြောင့်၊ လောဘတပ်ကာ၊ သူ့ဉစ္စာကို၊ ခိုးရာသို့ရောက်၊ အဒိန္နကံ၊ အပြစ်ဒဏ်ကို၊ အလွန်ကြောက်လို့၊ များမြောင်ဥစ္စာ၊ ရှစ်သပြာတို့၊ ဝယ်ခဲ့ပါသည်၊ ဟုတ်မှန်ရာကို၊ ထံတော်မှောက်မှာ၊ ပန်လျှောက်တေလေ။

ပန်လျှောက်လေ့ကေ၊ ခြွေရံအများ၊ ဒေဝီတောင်ညာ၊ ရံငါးရာတို့၊ နားမှာ ကြားက၊ တရားဟူသည်၊ လွန်ကြီးကျယ်လို့၊ မေခုဇ္ဇုတ္တ၊ ပန်းဝယ်ရာမှာ၊ ကြားနာမျှ နှင့်၊ ပါပဆိုးညစ်၊ ဒုစရိုက်ကို၊ စွန့်ပစ်ပြီးခါ၊ ငါ့ထံမှာ၌၊ ပန်ထွာစကား၊ ဟုတ်မှန်ရာ ကို၊ ပြန်ကာပြောလို့၊ ရိုးသားဖြောင့်မတ်၊ အကျင့်မြတ်နှင့်၊ ညီညွတ်တော့သည်၊ သို့ ဖြစ်ပေ၍၊ မေခုဇ္ဇုတ္တ၊ ငါတို့ကိုလေ၊ ထိုတရားလျှင်၊ ဟော၍ပြပါ၊ တောင်းပန်းထွာ ကေ၊ ကြားနာချင်မူ၊ ယဉ်နန်းသူမှာ၊ လူတို့တန်ဆာ၊ ပန်းနံ့သာဖြင့်၊ ပန်ထွာရိုသေ၊ မြတ်ဓမ္မကို၊ နာရမည်လေ၊ ကျွန်ဝယ်မှန်စွာ၊ မြင့်မြတ်ရာက၊ ဟောကာပြမည်၊ ဆိုတုံ လေကေ၊ မဟေညာရ၊ မေသာမက၊ များလှခြွေရံ၊ ဂုမ္ဘကျွန်နှင့်၊ ချိုး၍တင်အပ်၊ နန်းပြသာဒ်တွင်၊ မြင့်မြတ်နေရာ၊ ထားပြီးခါမှ၊ နံ့သာပန်းခိုင်၊ ကိုယ်စီကိုင်၍၊ စီရင် သင့်စွာ၊ ထိုင်ပြီးခါမှ၊ သာမာဝတီ၊ ဆင်းကြန်ညီသည်၊ ဒေဝီရတနာ၊ ရံငါးရာလေ၊ အဖော်များနှင့်၊ တရားနာကေ၊ ဆရာကျွန်မ၊ ခုဇ္ဇုတလျှင်၊ ဗုဒ္ဓမြတ်စွာ၊ ဒေသနာကို၊ အက္ခရာဇကေ၊ ယွင်းမခွဲအောင်၊ ဟောပြသောခါ၊ တောင်နန်းမကေ၊ လှသမာနှင့်၊ ငါးရာကျွန်မ၊ ပါရမီလေ၊ စုံညီကြလို့၊ ပထမ ဖလဋ္ဌာန်၊ သောတာပန်ဟု၊ အောင်သံဘွဲ့ ရ၊ အခိုက်ကြုံ၍၊ ဖြစ်တုံကြကေ၊ သာမာဝတီ၊ လှနှင်းဆီမှာ၊ ဤသည်နေ့က၊ ဂုမ္ဘဟူ ကေ၊ ခုဇ္ဇုတ္တလျှင်၊ မောင်းမငါးရာ၊ အထံမှာ၌၊ ကျွန်ရာကလွတ်၊ တတ်လိမ္မာကေ၊ ဆရာမြတ်ဟု၊ ခန့်လွှတ်သောခါ၊

ကျောင်းတော်သာကို၊ ကောင်းစွာသွား၍၊ တရားတော်ကို၊ ကြားနာခဲ့ပြီး၊ ကျောင်းကလာသော်၊ နန်းမှာဟောကေ၊ ပြန်သွားလူး လာ၊ ခေါက်သန်းတည်းလေ။

## မိဖုရား မာဂဏ္ဍီ မသတီသောကြောင့် ကြံစည်ကာ မာယာဆင်၍ လင်ကိုလျှောက်တင်ခန်း

ခေါက်သန်းမယေလူးလာ၊ များမကြာခင်၊ ပညာပါရမီ၊ ရှေးကပြုသည်၊ ကု သိုလ်ဟုန်ကြောင့်၊ အစိန္တေယျ၊ မုနိန္ဒ၏၊ ဇဝနလုံးစုံ၊ ထွန်းတောက်ပြီးကော၊ ခြောက် ပါးဂုဏ်နှင့်၊ သုံးပုံပိဋကတ်၊ သရုပ်အစုံ၊ နှုတ်မှာငုံ၍၊ အကုန်တတ်လို့၊ မြတ်ဇေတဒဂ်၊ တံဆိပ်တော်ကို၊ နှိပ်ကာမွှက်ကော၊ အောင်ချက်ဘွဲ့ရ၊ ဂုမ္ဗဟူကော၊ ခုဇ္ဇုတ္တလျှင်၊ ဓမ္မဒေ သနာ၊ ဟောလေပါ၍၊ ငါးရာမိန်းမ၊ တရားရလျက်၊ သာမာဝတီ၊ လှဒေဝီက၊ ပါရမီ ထွတ်ထား၊ ငါးမာန်အောင်လေ၊ ခေါင်တုလွတ်ကော၊ မြတ်ဘုရားနှင့်၊ အများသံဃာ၊ အရိယာကို၊ သဒ္ဓါကြည်ရွှင်၊ ရှုပါရုံနှင့်၊ ဂုဏ်တော်ထူးကို၊ ဖူးမြော်ချင်ဟု၊ တိုင်ပင်သော ခါ၊ ဆောင်နန်းတော်မှာ၊ လေသာတံခါး၊ ရှုမြင်ရုံလေ၊ ဖောက်တုံပြီး၍၊ ဘုရားရဟန္တာ၊ စုံအညီလေ၊ ဤသည်နန်းက၊ ဆွမ်းခံလာသော်၊ ဖူးပါရှင်မ၊ လက်ညှိုးညွှန်၍၊ ကျွန်ုပ်မလျှင်၊ ပြပါတော့မည်၊ ဆိုတုံလေကော၊ နန်းငယ်ပြုပေါက်၊ ခန်းဆောင်ကြားမှာ၊ လေသာဖောက်၍၊ ဝမ်းမြောက်သာရွှင်၊ နေကြကျင်ကော၊ ရှင်ပင်လုထွတ်၊ မြတ်စိန္တေလေ၊ သဗ္ဗညုကော၊ အတုလွတ်လျှင်၊ ရံပတ်များစွာ၊ ထေရ် သံဃာနှင့်၊ ပြည်တော်ဌာနီ၊ ကောသမ္ဗီတွင်၊ ကြွချီပြီးလျှင်၊ ခြောက်သွယ်ရောင်လေ၊ ပြောင်ပြောင်ရွှန်းလို့၊ ဆွမ်းခံဝင်ကော၊ ထိုတွင်ကာလ၊ ထိန်းတော်ဟူကော၊ ခုဇ္ဇုတ္တမှာ၊ ရှင်မရှုပါ၊ ညာလက်ယာက၊ ပညာဆီမီး၊ ရဟန္တာတွင်၊ ကျော်ကိတ္တိနှင့်၊ သာရိပုတ္တရာ၊ လက်ဝဲတော်က၊ မဟာမောဂ္ဂလန်၊ ထိုထေရ်မွန်က၊ အာနန်ညီတော်၊ ထိုသံဃာလျှင်၊ မဟာကဿပ၊ သက်ကြီးအိုလေ၊ ထိုရဟန်းသည်၊ ကောဏ္ဍညနှင့်၊ ရေဝတခေါ်၊ ထိုနောက်တော်က၊ သားရာဟုနှင့်၊ ကာလုဒါဟု၊ ခူဇာညွှန်ပြ၊ စေတနာလေ၊ သဒ္ဓါမြူး ကော၊ ဖူးပါရလို့၊ ရွှင်ပဝမ်းသာ၊ လှဒေဝီမှာ၊ ကျင့်သီလနှင့်၊ နေကြရာတွင်၊ မာဂန္ဒီဆို၊ ရာဟုဂြိုဟ်ထက်၊ ပိုကာဆွမ်းသွမ်း၊ မိဖုရားမ၊ ဣတ္ထိယကော၊ မိန်းမကြမ်းမှာ၊ ရဟန်းဂေါတမ၊ ဣန္ဒြေလေ၊ မတည်ပျက်ကော၊ အရှုက်ရအောင်၊ ငါ့ကိုဆိုပြော၊ တရားဟောလို့၊ လင်သားရစေ၊ ငါတစ်ဖန်လေ၊ ပြန်နှိပ်စက်ကော၊ လက်စားချေမည်၊ မာဂဏ္ဍီမှာ၊ သန္ဓေဆိုးနှင့်၊ ငြိုးသသိရေကော။

ငြိုးလို့နေကော၊ တာရှည်မကြာ၊ မိန်းမပျက်မှာ၊ အကွက်ရှာသော်၊ သာမာမိဖု ရား၊ ပြတင်းဟူကော၊ ပြုပေါက်ထားလို့၊ ဘုရားကိုလျှင်၊ ဖူးခြင်းအင်ကို၊ သိမြင်သောခါ၊ ဤအချက်မှာ၊ အကွက်ပေါ်ဟု၊ စိတ်မှာမှတ်ထင်၊ သူ့ဆောင်ခွင်မှာ၊ လုလင်မင်းသား၊ ခါတစ်ရံလေ၊ ပျော်စံစားသော်၊ မယားဂဏ္ဍီ၊ လက်ဦးချီလို့၊ ပလီမာယာ၊ သူကြပုံကို၊ ယုံကြည်လောက်အောင်၊ လျှောက်ခြင်းရာကား၊ သာမာမိဖုရား၊ မောင်ဘုန်းခေါင် မှာ၊ တောင်ညာထားလျှင်၊ ရိုးသားဖြောင့်မတ်၊ လင်၏ဝတ်နှင့်၊ ညီညွတ်၏လော၊ လင်မင်းကျော်လျှင်၊ ပညာရှိလည်း၊ သတိထားပါ၊ ဘုရားလုက၊ ဂေါတမကို၊ လောဘ တပ်ကာ၊ ရိုသေပါလည်း၊ သဒ္ဓါမစစ်၊ တစ်ထောင့်ငါးရာ၊ ကိလေသာကော၊ တဏှာရစ် လို့၊ ချစ်ကြိုက်တော့သည်၊ လျှောက်တုံလေကော၊ မဖွယ်မရာ၊ လင်မင်းသားလျှင်၊ ပြောသည်မှာကား၊ ဘဂဝါထွတ်ထား၊ သူ့မယားကို၊ ဘုရားတို့မှာ၊ ကြိုက်ချစ်ရေးနှင့်၊ ဝေခြင်းရာကြောင့်၊ မတော်စကား၊ သင်တစ်ဖန်လေ၊ ကြံမပြောနှင့်၊ မင်းသားဆို ခါ၊ မယုံပါသော်၊ ကိုယ်တော်မင်းလှ၊ သူပြုဟန်ကို၊ ဆန်တစ်စိတ်မျှ၊ ရိပ်မကျလို့၊ စိတ်ကကြည်ယုံ၊ သတိပြုကော၊ ကြည့်ရှုတုံလော၊ ရွှေဘုံနန်းမှာ၊ ပြတင်းပေါက်လျှင်၊ ဖောက်ပြီးခါမှ၊ ရှုမျှော်ကြည့်လိုက်၊ ဂေါတမနှင့်၊ မျက်စပစ်လို့၊ ချစ်ကြိုက်ကြပုံ၊ အလုံးစုံ ကို၊ မယုံမကြည်၊ သတိပြုကော၊ ကြည့်ရှုချေဟု၊ ဆိုလေသော်မူ၊ ရေးမယူဘဲ၊ လျစ်လျူပြု ကာ၊ တစ်ခါတစ်ရံ၊ သာမာဝတီ၊ စံပျော်မြန်းသည်၊ နန်းရွှေအိမ်သို့၊ ဥဒိန်ရာဇာ၊ ရောက်သောခါ၌၊ လေသာနှင်းသောက်၊ ပြတင်းပေါက်လျှင်၊ ဖောက်သည်ကြောင်း အင်၊ လင်မင်းကျော်မှာ၊ ခြင်းရာရေးကို၊ မေးလေကျင်သော်၊ လျှောက်တင်ခြင်း ရာ၊ မိသာမာက၊ မေတ္တာဆပွား၊ ရွှေထီးသခင်၊ ပြည်ကြီးရှင်ကော၊ လင်မင်းဖျား လေ၊ ဘုရားလူ့ဘာ၊ အတုလကို၊ မျက်ဝါးထင်ထင်၊ ရွှေနန်းဘုံက၊ အာရုံပြုပျာ၊ ဖူးမြင် ချင်လို့၊ တိုင်ပင်ကြံစည်၊ မြက်ရှင်ပင်ကို၊ ရှုမြင်လောက်အောင်၊ ဖောက်ပေးလေ ကော၊ မေဂဏ္ဍီမ၊ ထိုကြောင်းအင်ကို၊ မြင်ပြန်ရကော၊ စိတ်ကမသာ၊ အကြံရှာလို့၊ ပီတာခမည်း၊ သူ့ဘထွေးကို၊ စာရေးပြီးခါ၊ ကြောင်းခြင်းရာနှင့်၊ ကြားမှာတုံမြောက်၊ ကြက်ရှစ်ကောင်ကို၊ ယူဆောင်ရောက်က၊ အကောက်ကြံကျင်၊ လင်မင်းကျော်ကို၊ ပန်ထွာမြှောက်ကော၊ လျှောက်ကာတင်ရေ။

လျှောက်ကာတင်ကော၊ ယခင်ပထမ၊ ကျွန့်ထိပ်တင်လေ၊ လင်မင်းလှကို၊သာမာ ဝတီ၊ မဟေသီဟု၊ ဒေဝီစံသီး၊ ဂေါတမတွင်၊ လောကခွင်မှာ၊ ထိုရှင်ကြီးနှင့်၊ သမီးရည်း စား၊ ချစ်အာရုံကြောင့်၊ ဖြစ်တုံငြား၍၊ ရည်စားမျှော်မြောက်၊ ပြတင်း ပေါက်လျှင်၊ ဖောက်တော်မူသည်၊ လျှောက်တုံပေလည်း၊ မကြည်မယုံ၊ နေပါတုံ ကော၊ ခုမူတစ်ချက်၊ ထိုဒေဝီအား၊ ဤသည်ကြက်ကို၊ သူ့လက်နှင့်ပင်၊ ချက်စီရင်လို့၊ ဘုရင်ရာဇာ၊ ငါ့ထံ မှာလျှင်၊ ဆက်လာရမည်၊ စေတုံပေကော၊ မဟေသတ္တိ၊ မြတ်ကိုယ်တော်မှာ၊ ထိုခါသိ မည်၊ ပရိယာယ်နှင့်၊ ဆိုသည်တိုင်းသာ၊ စေခိုင်းပါကော၊ ဆောင်ကာယူလျက်၊ ညာနန်းတောင်မှာ၊ လေးကောင်ကြက်ကို၊ ပို့ဆက်လေခါ၊ သက်ခန္ဓာကို၊ ငါတို့မသတ်၊ ကြက်တိရစ္ဆာန်၊ သက်ရှိဟန်ကြောင့်၊ ပြန်ကာလွှတ်လို့၊ မင်းမြတ်ထံမှာ၊ ဆက်ပြန်လာ ကော၊ မာဂဏ္ဍီမ၊ နောက်တစ်ဖန်လေ၊ ပန်လျှောက်ခ လို့၊ သိရပြီလော၊ သာမာဝတီ၊ ထိုဒေဝီအား၊ ဤကြက်များကို၊ ဘုရားကိုသည်၊ စီရင် ချက်လေ၊ ဆက်ကပ်လေဟု၊ ပေးသည်ဖြစ်လျှင်၊ ဤသည်ကြက်ကော၊ သက်အရှင်ဟု၊ မသင်မဖျက်၊ မချက်မပြုတ်၊ မလုပ်မကြံ၊ ငြင်းပယ်ဆန်လို့၊ နေပြန်ဖို့လား၊ သလျှောက် ထားသည်၊ ဘုရားဆိုလျှင်၊ မချက်လိုဘဲ၊ ကြက်ကိုထားလို့၊ နွားကိုပင်လေ၊ စီရင်ပြီး ထွယ်၊ ရှင်မင်းထံသို့၊ ပြန်မ လွှတ်ဘဲ၊ သတ်စေမည်ဟု၊ ဆိုလေတုံကျင်၊ ထိုဘုရင်မှာ၊ သူတင်တိုင်းသည်၊ မှန်မယုတ် ကော၊ ဟုတ်ပမည်လား၊ ခုတစ်လီလေ၊ ဤကြက်သား ကို၊ ချက်ငြားစီရင်၊ ဘုရားရှင်ကို၊ ဆွမ်းလျှင်လောင်းလေ၊ တောင်ညာပျော်၏။ နန်တော်သို့လျှင်၊ ပို့လေ စေကော၊ ထိုသည်ခါလျှင်၊ မာဂဏ္ဍီလေ၊ ဉာဏ်လိမ်မှုဖြင့်၊ ပြုစီရင်၍၊ အရှင်ကို ပယ်၊ ကြက်အသေကို၊ ချက်ပေးပြီးမူ၊ ဆွမ်းတော်ဖြူကို၊ လှူပါစေလေ၊ ရှင်မင်းမြတ်မှာ၊ ပေးအပ်ချေဟု၊ မေဂဏ္ဍီကျွန်၊ အစေခံလျှင်၊ အပ်နှံတုံဘိ၊ ခုတကယ် လေ၊ ဤသည်ကြက်မှာ၊ သက်မရှိမူ၊ အပြစ်ကင်းကော၊ ပံ့သကူဟု၊ သိမ်းယူကာထား၊ ထိုကြောင်းလျာကို၊ မိဖုရားဂဏ္ဍီ၊ ရွှေပြည်ရှင်လေ၊ လင်မျက်ရှုဟု၊ မင်းဥဒိန်အား၊ ပလီမာယာ၊ ပြောခြင်းရာကား၊ ကိုယ်တော်စားချင်၊ ဆိုလေကျင်သော်၊ အရှင်လတ် လတ်၊ ကြက်သတ္တဝါ သက်ခန္ဓာကို၊ ငါမသတ်ဟု၊ ပြန်လွှတ်တုံငြား၊ ဘုရားကိုသည်၊ ဆွမ်းကပ်လေဟု၊ အပ်ပေငြားကော၊ သနားမည်မှာ၊ ထိုသည်ကြက်မှာ၊ သက်မပါသို့မြင် ပါလျက်သား၊ မေသာမာ၏၊ ခြင်းဇာတိကို၊ အသိသားနှင့်၊သတိထားတော်မူပါဦးလေ။

သတိမယေထားပါ၊ မိသာမာကို၊ ယုံတော်မူငြား၊ ရွှေနန်းစံမှာ၊ အလွန်မှားမည်၊ ဘုရားနှင့်လင်၊ နှစ်ပါးတွင်၌၊ လင်ကိုထက်ပင်၊ ဘုရားရှင်ကို၊ ချစ်ခင်လေတုံ၊ ကျွန့်စ ကားကို၊ ပြောမယုံကော၊ ကြံမှုသာသိ၊ ရွှေနန်းပိုင်ကော၊ မေ့လည်ဆွဲမှာ၊ ဘေးကြီးထိ လို့၊ တွေ့ပါရမည်၊ ယခုဝယ်၌၊ မထိမဲ့မြင်၊ ကိုယ်တော်ရှင်ဖို့၊ စီရင်ချက်သော်၊ ကြက်အ ရှင်ဟု၊ သူလျှင်အမှန်၊ ကြက်ကိုသတ်လို့၊ ဆွမ်းကပ်လေကျင်၊ ဤသို့ပြုကော၊ အမူအင် ကြောင့်၊ အရှင်မင်းဖျား၊ မြတ်ကိုယ်တော်မှာ၊ ပညာရှိလည်း၊ သတိထားပါ၊ မယား ကြင်ရာ၊ သာမာဝတီ၊ မြတ်ဘုရားနှင့်၊ သဘောညီ၍၊ ကြံစည်လှည့်ပတ်၊ ကိုယ်တော် ရှင်ကို၊ စီရင်သတ်၍၊ နန်းရပ်ထီးဖြူ ဘုရားမြတ်ကို၊ အပ်တော်မူမည်၊ အသွယ်သွယ် ဖြင့်၊ ကြံစည်ပြီးခါ၊ မာဂဏ္ဍီလေ၊ သံထီကောက်မှာ၊ လျှောက်ပြုပါလည်း၊ ခြင်းရာ ဥသုံ၊ သူဖြစ်ပုံကို၊ မယုံတစ်ဝက်၊ စိတ်အာရုံမှာ၊ ယုံတစ်ဝက်နှင့်၊ စုံမက်ချစ်ခင်၊ သို့ရာတွင် မူ၊ ဆင်ခြင်စဉ်းစား၊ မေသာမာ၏၊ ဆောင်တော်ကူးသော်၊ စုံစမ်းငြားက၊ ဘုရားမြတ်စွာ၊ စောသတ္ထာနှင့်၊ မရာမအပ်၊ လိပ်၏ကိုယ်မှာ၊ ဆိတ်ချိုတပ်ယောင်၊ ထောပတ် မစင်၊ ပုံအသွင်သို့၊ အရှင်ထွတ်ထား၊ မြတ်ဘုရားနှင့်၊ မိဖုရားသာမာ၊ မလျော်ရာကို၊ လော်မာမှုသည်၊ စုံတစ်ခုမျှ၊ မပြုချေဟု၊ ယုံကြည်စိတ်ထား၊ ခြင်းမျိုးစုံ ကို၊ သိတုံ ငြား၍၊ မိဖုရားတောင်ညာ၊ ကြင်ရာတော်ကို၊ သာ၍မြတ်နိုး၊ သူ့ကောင်း ကျိုးကြောင့်၊ တိုးလို့သာချစ်၊ မိသာမာမှာ၊ ဆံမြွာကျိုးမျှ၊ ညှိုးမညစ်ဘဲ၊ အပြစ်မပြု၊ စုံတစ်ခုလျှင်၊ အမူမမြင်၊ ပမာတင်သော်၊ ဘုရင်ရာဇာ၊ နော်ရထားလျှင်၊ ခါခါဖန်ဖန်၊ ဗိုလ်ခြေ ပေါင်းနှင့်၊ သေကြောင်းကြံလည်း သူ့ကံခိုင်မြိုက်၊ ကြိမ်ဖန်ဖန်လေ၊ ကြံမဖြစ်ဘဲ၊ ကျန်စစ်တွင်ငြား၊ ပြည်ပေါက္ကကို၊ နောက်စံစိုးကော၊ သတိုးသားသို့၊ ညှိုးငြားမညစ်၊ မြူတစ်ရစ်မျှ၊ အပြစ်မတင်၊ သူ့ကြောင်းအင်ကို၊ ရှုမြင်တုံငြား၊ ဝင်္ကန္ဒီဖြင့်၊ ကြံစည်ငြားကော၊ မိဖုရားအလဇ္ဇီ၊ မာဂဏ္ဍီမှာ၊ ဉာဏ်လိမ် ဉာဏ်ကောက်၊ ငါတစ်ဖန် လေ၊ ကြံတုံ မြောက်လည်း၊ ပပျောက်လေပြန်၊ သဲရေသွန်သို့၊ အကြံမမြောက်၊ ဖြစ်တုံ ပါလည်း၊ မာန်သာလျောက်၍၊ တစ်ယောက်မျှောက်မ၊ တောင်ညာရနှင့်၊ ဂေါတမ ရှင်ကြီး၊ သုံးလူ့ထီးအား၊ ပျက်စီးစေရန်၊ ဘယ်အကြံဖြင့်၊ စီမံရမည်၊ နေ့မကျန်လေ၊ ဝေဖန်ပြုကော၊ စိတ်ကူးရေလေ။

# ၇၀
# ဝဂ်န္တဉာဏ်ပလီနှင့် မာဂဏ္ဍီ
# အကောက်ကြံစန်း

စိတ်လျှင်ကူးကော၊ ထူးထူးထွေထွေ၊ ပရိယာယ်ဖြင့်၊ ကြံစည်စဉ်းစား၊ တစ်ဖက် သားကို၊ ပျက်ပြားစေရန်၊ အတွက်ခံကော၊ အကြံလည်းရ၊ မင်းစောနရိန်၊ သမုစိန်သို့၊ ဥဒိန္နမှာ၊ သရိယတွင်ငြား၊ ထင်အရှားဖြင့်၊ မိဖုရားသုံးယောက်၊ နန်းသုံးဆောင်လေ၊ ပြောင်ပြောင်ဆောက်လို့၊ တစ်ယောက်ငါးရာ၊ အပျိုတော်တို့၊ ရံကာပြီးမှ၊ မိန်းမရတ နာ၊ ငါးကလျာဖြင့်၊ ဝါသုလနှင့်၊ သာမာဝတီ၊ မာဂဏ္ဍီဟု၊ ဒေဝီဘွဲ့သ၊ အစေခံက၊ ခြွေရံများနှင့်၊ ထားပြီးမှလျှင်၊ တစ်လတစ်ကြိမ်၊ ရွှေနန်းအိမ်မှာ၊ စည်းစိမ်ခံငြား၊ မွေ့လျော်ကာဖြင့်၊ စံပျော်ပါးလို့ သွားလာလှည့်လည်၊ ထိုနေ့ဝယ်၌၊ မပေတောင်ညာ၊ ဆောင်တော်သာမှာ၊ မွေ့လျော်ကာဖြင့်၊ စံပျော်ပါးလို့ သွားလာလှည့်လည်၊ ထိုနေ့ ဝယ်၌၊ မပေတောင်ညာ၊ ဆောင်တော်သာမှာ၊ မွေ့လျော်ချိန်ကျ၊ သွားချင်လိုကော။ ထိုကာလ၌၊ သူ့ဘထွေးထံ၊ မာဂဏ္ဍီမှာ၊ စာစီရေး၍၊ ပေးခြင်းဟန်ကြောင့်၊ စီမံကြံ စည်၊ အလမ္ပာယ်နှင့်၊ အစွယ်ချိုးမြောက်၊ အရေပြောက်နှင့်၊ မြွေဟောက်တစ်ကောင်၊ ဖမ်းယူဆောင်လို့၊ လှုခေါင်စံသီး၊ ရှုမငြီးကော၊ သမီးတော်ထံ၊ ဆက်ရပြန်ကော၊ အခွန် ပြောက်ပြောက်၊ ကြောက်ကောင်းဖွယ်လေ၊ ထိုမြွေဟောက်ကို၊ စောင်းကောက်ထဲမှာ၊ ညဥ့်ခါကပင်၊ ထည့်ပြီးခါမှ၊ ပိတ်ကာဆို့ထား၊ ထိုခါတွင်လေ၊ ရှင်မင်းသားမှာ၊ မယား ကြီးထံ၊ သွားမည်ကြံကော၊ မာဂဏ္ဍီမိုက်၊ မာယာပို၍၊ ထိုအခိုက်တွင်၊ လင်ချစ်ဘုရား၊ မသွားပါနှင့်၊ မြစ်ကာတားက၊ မင်းသားဘုန်းခေါင်၊ နားမထောင်သော်၊ ကြံဆောင် လီဆယ်၊ ပရိယာယ်နှင့်၊ မျက်ရည်ယိုစီး၊ ရေးတကြီးဖြင့်၊ တားဆီးပြီးခါ၊ နန်းမြညိုလေ၊ ဗဟိုတွင်းမှာ၊ ငိုခြင်းရာက၊ မောင်တော်မင်းမြတ်၊ လောကနတ်ဟု၊ အထွတ် တင်ထား၊ မေ့သခင်ကော၊ လင်မင်းဖျားလေ၊ မသွားစေလို၊ တားကာဆိုလေ၊ ရယ်ချိုပြုံးပြုံး၊ ရှုမဆုံးလေ၊ နန်းလုံးသူမောင်၊ မေ့စကားကို၊ နားမထောင်ကော၊ ရှားရှောင်ပြီးထွယ်၊ မိသာမာလေ၊ တောင်ညာနန်းကို၊ လှမ်းတော့မည်လား၊ အကယ်စင်စစ်၊ မေ့စကားကို၊ ရှားကာပယ်လို့၊ သွားသည်ဖြစ်က၊ အပြစ်ကြီးကျယ်၊ မျိုးနန်းနွယ်မှာ၊ အန္တရာယ်ဘေး ကျမ်း၊ မအေးချမ်းအောင်၊ မှေးသန်းပြီးလျှင်၊ မှန်စင်စစ်ကော၊ ဖြစ်မည်ထင်ရေ၊ ဆင်ခြင်စဉ်းစား၊ သက်စုအသွင်၊ မျက်ရှုဆင်ကော၊ လင်မင်းဖျားမှာ၊ မယားဆိုလျှင်၊ မေ့အပြင်ကို၊ အကြင်မိဖုရား၊ ရှိပါငြားလည်း၊ ချစ်သောအာရုံ၊ မေ့ကိုမုံသို့၊ မယုံပါကဲ့၊ ရွှေပြည်ရှင်မှာ၊ ဆင်ခြင်နှိုင်းကော၊ စဉ်းစားကြည့်ပါ၊ ဤညဥ့်အခါ၊ သုပိန္နာလျှင်၊ ထင်လာသည်ချက် အကြောင်းမတန်၊ မကောင်းဟန်ကို၊ ကြံကာတွက်ကော၊ အိပ်မက် ကဆိုး၊ နန်းဝေယံတွင်၊ မှန်ကင်းကျိုးလို့၊ စိုးရိမ်မကင်း၊ သို့ဖြစ်ခြင်းကြောင့်၊ ရှင်မင်း ကိုသည်၊ အိပ်မက်ထင်ကော၊ မြင်တုံငြားလို့၊ တားမြစ်သည်လေ။

မြစ်ကာတားကော၊ မယားချင်းချင်း၊ ဖြစ်တုံးလျှင်လည်း၊ အချစ်ချင်းမူ၊ လင်မင်း ဖြူကို၊ တူမည်မထင်၊ သို့ဖြစ်ကျင်၍၊ ဆင်ခြင်စဉ်းစား၊ ဝါသုလတတ္တာ၊ နန်းတော်သာ ကို၊ လှမ်းကာသွားက၊ တာမြစ်တော့မည်၊ ဧကဝုစ်ကော၊ မဟုတ်ချေလေ၊ မေသာမာ နန်း၊ နေပျော်မြန်းရန်၊ ချီလှမ်းကာလ၊ မိသာမာလေ၊ တောင်ညာရကို၊ ယနမကင်း၊ ညှိုးကာပိန်အောင်၊ စိုးရိမ်ခြင်းကြောင့်၊ လင်မင်းမျက်ရှု၊ မေသက်နှံ့လေ၊ တောင်းပန် ပြုမည်၊ ယခုခါသည်၊ တစ်ဖဝါးမျှ၊ မသွားလေနှင့်၊ နောက်ဝယ်တစ်ဖန်၊ မေ့ဆွေလင် လေ၊ ရှင်မင်းဖျားမှာ၊ သွားလိုပြန်မူ၊ ဝေဖန်စဉ်းစား၊ သတိထားလို့၊ ပျော်ပါးပါလေ၊ သက်ဆုံးကြင်၍၊ မြင်မမုန်းကော၊ လင်ဘုန်ကြွယ်ဟု၊ လေးဆယ်မာယာ၊ ထိုထက်သာ ၍၊ ပိုပါသေးငြား၊ ဤသို့ဆို၍၊ ငိုကာတားလည်း၊ မင်းသားဘုန်းခေါင်၊ နားမထောင် ဘဲ၊ ရှားရှောင်ပြီးမူ၊ စောင်းကိုယူ၍၊ နန်းသူဒေဝီ၊ မေသာမာ၏၊ ဆောင်ကြာခန်းကို၊ လှမ်းကာချီသော်၊ မာဂဏ္ဍီမိုက်၊ တစ်ညဥ့်ကြာသော်၊ စောင်းကာရစ်၍၊ လိုက်လို့သွား ကာ၊ ချောင်းကြည့်ပါသော်၊ လောင်းလျာမင်းသား၊ သလွန်သာမှာ၊ စံပျော်ညောင်း ကော၊ ခေါင်းရင်းပါးက၊ ထားသည့်စောင်းမှာ၊ အဆို့မှိုက်ကို ဖွင့်လိုက်ပါသော်၊ သတ္တဝါ မြွေ၊ စောင်းကာရစ်၍၊ အောင်း၍နေကော၊ မြင့်ရှည်တုံမြောက်၊ ထိုမြွေဟောက်လျှင်၊ လမ်းပေါက်မြင်ကာ၊ တစ်ချက်တည်းဖြင့်၊ ထွက်၍လာကော၊ ဖြူဖြာရှုံးရှုံ၊ ဟူးဟဲမြည် မြောက်၊ ထိုသည်စောင်းမှာ၊ အခေါင်းပေါက်က၊ လိုဏ်ခေါင်းညွတ်ရှိုး၊ ပါးပျဉ်းမိုးကော၊ ဖရိုးဖရာ၊ သလွန်သာက၊ လျှောကာပြေးငြား၊ ရွှေပြည်ရှင်လေ၊ လင်မင်းသားကို၊ မယားဒေဝီ၊ မာဂဏ္ဍီလျှင်၊ ပလီမာယာ၊ ဟောကြော်ငြားလို့၊ ပြောခြင်းရာက၊ မောင်တော်ဘုရား၊ မိန်းမလော်မာ၊ စံပျော်ရာလေ၊ ထံတော်ပါးကို၊ မသွားစေချင်၊ အန္တရာယ်လေ၊ ဧကန်စစ်ကော၊ ပြုမည်ထင်ဟု၊ ကျွန်လျှင်မှန်စွာ၊ အခါခါလေ၊ တားပါ တုံလျက်၊ မေ့စကားကို၊ နားမထောင်ကော၊ ရှားရှောင်တွက်ကြောင့်၊ အသက်အန္တ ရာယ်၊ ပျက်ပါစေဟု၊ စောင်းတွင်မြွေလွှတ်၊ မိန်းမပျက်ချွာ၊ သက်ခန္ဓာကို၊ ကြံကာ

သတ်ဟု၊ ရင်ဘတ်ကိုမ၊ ထိုသည့်မြွေ၏၊ စွယ်မကျဘဲ၊ လွတ်ခလျက်လား၊ သို့ဆိုကျင်၍၊ လင်မင်းသားကို၊ သွားလို့လည်းဖက်၊ မေ့ထိပ်ပန်မှာ၊ ကံအကြောင်းလျှင်၊ ကောင်း သည့်တွက်ကြောင့်၊ အသက်မသေ၊ မြွေမကိုက်ခင်၊ ကျန်လိုက်လေဟု၊ ဆိုပေပြီးခါ၊ မိသာမာကို၊ မာန်ပါဒေါသ၊ ပယောဂနှင့်၊ ရာဂပြင်းထန်၊ ကမြင်းသံကော၊ လင်းပြန်ပြု မ၊ ပြည်တန်းဆာလေ၊ ဗိုင်းဒါမမှာ၊ လျှောက်နှင့်ပျော်ချင်၊ ကြောင်းခြင်းအင်ကြောင့်၊ စောင်းတွင်မြွေလွှတ်၊ ရွှေထီးသခင်၊ ပြည်ကြီးရှင်ကို၊ နင်လျှင်သတ်ဟု၊ ပါးစပ်တ ညောင်း၊ လဲရာမှာလေ၊ လှဲကာထောင်းယောင်၊ ဆဲမောင်းပြောဆိုလေ၏တည်းလေ။

## ဥဒိန္နမင်းရာဇာသည် သာမာဝတီမိဖုရားနှင့် ငါးရာသော နန်းတွင်းသူတို့ကို ဖမ်းယူကာ သနားမညှာဘဲ မြားတော်ဖြင့် ကြွင်းမလတ်အောင် စွင်းသတ်စန်း

ဆဲမောင်းမယေပြောဆို၊ စားမည်လိုသို့၊ ထိုသည်အခါ၊ တစ်ရာဇာဟု၊ အာဏာပြင်းကော၊ လင်မင်းကျော်မှာ၊ ပြင်းစွာအမျက်၊ ခြောင်းခြောင်းထွက်၍၊ အသက်သတ်ရန်၊ ငါ့ကိုကြံသည်၊ အတန်ကြာပြီး၊ မာဂဏ္ဍီလျှင်၊ လီလီဖန်ဖန်၊ ဘေးဘယာကို၊ တွေးမျှော်ထောက်လို့၊ လျှောက်တုံပြန်လည်း၊ တစ်ဆံမယုံ၊ ယခုတုံ၌၊ တွေ့ကြုံပကတိ၊ သူမှာလျှင်လေ၊ ရှောက်လင်ရှိလို့၊ သာမိလလင်၊ ငါဘုရင်ကို၊ စောင်း တွင်မြွေလွှတ်၊ သူကြံစည်ကော၊ အသေသတ်လို့၊ ပြည်ရပ်နိုင်ငံ၊ ဘယ်သူကိုပင်၊ နင်ချစ် ခင်ကော၊ လင်လျှင်ပြုလို့၊ ယခုစံမည်၊ အကြံအစည်၊ ပရိယာယ်နှင့်၊ ရှေ့တည်နောက် လိုက်၊ နန်းလုံးသူလေ၊ အကုန်မိုက်လို့၊ ကံထိုက်ရာနား၊ တစ်ယောက်မကျန်၊ သက်ဝိ ညဉ်ကို၊ ချန်မထားဘဲ၊ မြားမှာဆိပ်ခတ်၊ နန်းလုံးသူကို၊ အကုန်သတ်မည်၊ ဆိုတုံလေ ကော၊ ကြံစည်မတတ်၊ သေဘေးဆုံ၌၊ တွေ့ကြုံလတ်လို့၊ လှနတ်သာမာ၊ တောင်ညာပျော်နှင့်၊ ငါးရာခြွေရံ၊ ကြောက်ကာပိုကော၊ ထိုကာလ၌၊ ငိုကြဟန်က၊ ဇာကံနှိပ်စက်၊ ငါတို့မှာလေ ဇာဝိပါတ်လည်း၊ သစ်ခက်ခေါင်းတွင်၊ ကျသောသွင်သို့၊ ဘုရင်မင်းမြတ်၊ မျက်မာန်ပါ၍၊ ရာဇဝတ်ကို၊ မလွတ်နိုင်တုံ၊ မေတို့ဝယ်၌၊ ဘယ်အ ရေးကြောင့်၊ သေဘေးကြုံရေ၊ ရွှေဘုံနန်းမှာ၊ မြတ်ဘုရား၏၊ တရားတော်ကို၊ ခုဇ္ဇာ တွင်ငြား၊ အထိန်းတော်လေ၊ ထုတ်ဖော်ဟောလို့၊ တရားလည်းရ၊ အဌဂီလေ၊ အင်ညီ မျှအောင်၊ သီလကျင့်သုံး၊ တစ်နန်းလုံးလျှင်၊ ကျင့်ထုံးမကွာ၊ တို့ရှင်မကော၊ လှသာမာနှင့်၊ နေပျော် သည်ခိုက်၊ တို့ထိပ်တင်လေ၊ ရှင်မင်းစစ်လဆင်၊ ပျော်ပိုက်ရွှင်မြူး၊ တောင်နန်းသာကို၊ ဆောင်တော်ကူးလို့၊ ညဦးကပင်၊ စံပျော်ရွှင်ကော၊ ဘယ်တွင်တစိ၊ ပြစ်မထိဘဲ၊ ယနေ့နံနက်၊ တောင် သပြေမှာ၊ ရောင်ခြည်ထွန်းကော၊ နေဝန်းထွက်က၊ ရှစ်ချက်တီး ချိန်၊ ထိုနာရီမှာ၊ မာဂဏ္ဍီတွင်၊ ရာဂျီဝင်သို့၊ လျှောက်လျှင် ရောက်ချင်း၊ ငါတို့ငါးရာ၊ စံမြန်းပျော်ကော၊ နန်းတော်တွင်းမှာ၊ ဟန်ပြင်းဒေါသ၊ မိုးကြိုးကျသို့၊ ရှေးက ဆိုယောင်၊ ပမာ နှုန်းလို့၊ ထုံးကိုဆောင်သော်၊ အမောင်လည်းရောက်၊ ငါ့နွား ပျောက်လည်း၊ တစ်ယောက်နွားခိုး၊ သင့်ကို သော်လေ၊ ငါ မယိုးဟု၊ ဆိုရိုးလည်းရှိ၊ သို့ဖြစ်ဘိ၍၊ မိမာ ဂဏ္ဍီ ပမာပုံလျှင်၊ ကဆုန်လမှာ၊ ထလေပွေကြောင့်၊ ဤသို့ခုဝယ်၊ သေဘေး တုန်လေ့သည်လေ။

သေဘေးမယေတွေ့ဆုံ၊ ယနေ့ဘုံ၌၊ တွေ့ကြုံတုံလတ်၊ သူဇာလင်ကော၊ ရှင်နတ် မြတ်တို့၊ မအပ်မရာ၊ သပွေါမြွေနှင့်၊ သေစေမှုကို၊ မပြုပါဘဲ၊ ရှုမျှော်ထောက်ချင့်၊ တို့ငါးရာကို၊ ခန္ဓာဖြတ်၍၊ မသတ်သင့်ပါ၊ လွတ်ခွင့်လွတ်ရာ၊ နတ်ဒေဝါတို့၊ ကယ်ပါစေ ကြောင်း၊ ယိုမျက်ရည်နှင့်၊ လက်ဆယ်ချောင်းကို၊ ခေါင်းထက်တင်ကာ၊ ပေါင်းငါးရာ တို့။ နန်းတော်အထဲ၊ တသဲသဲကော၊ ကြော်ကြွေးကာငို၊ ညဥ့်ချိန်တွင်လေ၊ သစ်ပင် ထက်မှာ၊ ဆက်ရက်ပြုသို့၊ ထိုထိုမောင်းမ၊ ငိုယိုကြကော၊ သာမာဝတီ၊ ဒေဝီပုလဲ၊ မကြံနိုင်ကော၊ မှိုင်ကာငေးလို့၊ သေဘေးနှင့်ကြုံ၊ အရေးဆိုကော၊ တွေ့ကြုံတုံငြား၊ သတိတော်ကို၊ စိတ်မှာထားလို့၊ တရားသံဝေ၊ ငိုမည်စိတ်ကို၊ အံကြိတ်ဖြေလို့၊ ရွှေ ပြည်ဘုရင်၊ မိမိလင်ကို၊ ဦးတင်တုံမြောက်၊ မကြံသာ၍၊ ထံတော်မှောက်မှာ၊ ပန် လျှောက်ကာတင်၊ ရာပြည်ထောင်ကို၊ အခေါင်စိုးမည်၊ တန်ခိုးရှင်လေ၊ ဘုရင် မင်းဖျား၊ ဟုတ်မဟုတ်တန်၊ ဟုတ်အလွန်နှင့်၊ မှန်အမှားကို၊ စဉ်းစားဆင်ခြင်၊ မထင်မြင်၍၊ စီရင်ဆုံးဖြတ်၊ သက်ဝိညဉ်ကို၊ မကျန်သတ်လည်း၊ လင်မြတ်မင်းခေါင်၊ ညာနန်းတောင်တွင်၊ ရှေ့ဆောင်ဦးစီး၊ ပေါင်းငါးရာတွင်၊ ဆောင်းကာထီးသို့၊ အကြီး ဥက္ကဋ္ဌ၊ တောင်နန်းစံလေ၊ ကျွန်ုပ်မအား၊ မုချမှန်စွာ၊ သက်ဝိညာဉ်လေ၊ ကျန်မလတ် အောင်၊ သတ်သင့်ပါရေ၊ ငါးရာရံရွှေ၊ သူတို့ဝယ်က၊ မပယ်မရှား၊ တကယ်ဇကန်၊ စေသည်ကျွန်ကော၊ ထွန်သည်နွားသို့၊ အလားတူစွာ၊ ယနေ့ရက်မှာ၊

မေ့တွက်တာ ကြောင့်၊ ထောက်မျှော်ကာချင့်၊ မျှားခြွေရုံကို၊ ရုပ်နာမ်ပြတ်အောင်၊ မသတ်သင့်ပါ၊ လွတ်ခွင့်လွတ်ရန်၊ အကြောင်းပြန်လို့၊ တောင်းပန်သောခါ၊ မင်းရာဇာမှာ၊ မျက်တော် ချခိုက်၊ ပြောဆိုဟန်မှာ၊ အသံအိုက်နှင့်၊ မိုက်သောအကြံ၊ ငိုက်သောဥာဏ်ကော၊အ လွန်လည်းမိုက်၊ ဣတ္ထိယကော၊ မိန်းမမိုက်မှာ၊ အပြစ်အကျိုး၊ ပေါင်းနှစ်မျိုးကို၊ ကောင်း ဆိုးမသိ၊ မိုးကိုထိအောင်၊ ပရိယာယ်များစွာ၊ အဖြာဖြာဖြင့်၊ သူတော်အ ယောင်၊တူစွ ဆောင်လို့၊ ကြောင်သီတင်းသုံး၊ ကြွက်ကိုမြင်သော်၊ ရွှင်ပြုံးပြုံးဟု၊ ရှေးထုံး ဝေါဟာ ပြောခြင်းရာသို့၊ ကြံဖော်ကြံဖက်၊ ဘုန်းစက်ရှိန်နှင့်၊ ဥဒိန္နဟု၊ ငှါအသက်ကို၊ ဆုံးပျက် လေအောင်၊ မာယာမြှောင်၍၊ ရှေ့ဆောင်နောက်လိုက်၊ နန်းလုံးသူပင်၊ အကုန်မိုက် လို့။ အမြစ်ပါဖြုတ်၊ ပုံအသွင်မှာ၊ ကျူပင်ခုတ်က၊ ကျူငုတ်မကျန်၊ ပုံသဏ္ဍာန်သို့၊ အလွန်မိုက်ရှောင်း၊ များစွာအကုန်၊ ငါးရာစုံလေ၊ နန်းသူပေါင်းကို၊ ဆိုးကောင်းမရွေး၊ ငါရာဇာလေ၊ မြားစာကျွေးမည်၊ ဆုံတုံပေ၍၊ ငိုရယ်မလွတ်၊ မရှောင်တတ်အောင်၊ နှောင်ခတ်တုံငြား၊ တစ်ယောက်မကျန်၊ ရှေ့နောက်ပြိုင်ပျာ၊ ဆိုင်ကာထားက၊ ကျော် ဟောတိုက်ဟဲ၊ ငရဲရွာသို့၊ နန်းတော်ထဲမှာ၊ မစဲအသံ၊ ထက်ဝန်းကျင်မှာ၊ ပွဲတင်ကြဲ ယောင်၊ သဲသဲညံရေ။

သဲသဲညံကော၊ ခြွေရုံငါးရာ၊ ငိုသောခါ၌၊ တောင်ညာထွတ်ထား၊ နတ်အလား သို့၊ မိဖုရားသာမာ၊ မကြံသာကော၊ ခန္ဓာအသက်၊ ချစ်မြတ်ကြင်ကော၊ လင်မင်းသား၏၊ မြားလက်နက်နှင့်၊ ပျက်ရမည်သူ၊ အတူတူကို၊ ပူရာမရှိ၊ မရဏာဟု၊ ခေါ်သမုတ်ကော၊ နုဿတိဖြင့်၊ မိမိအတွက်၊ မငဲ့ကွက်ဘဲ၊ စုံမက်ချစ်ကြည်၊ ရုံငါးရာလေ၊ အဖော်များကို၊ ပြောလတ်တေက၊ ရုံရွှေခညောင်း၊ ငါနှင့်တစ်မူ၊ အတူတူကော၊ နန်းသူပေါင်းတို့၊ မကောင်းကျိုးဟုန်၊ ယခုကြုံ၍၊ ဆံဖြူတစိ၊ ငါတို့ထံ၌၊ သေဒဏ်ထိုက်အောင်၊ ပြစ်မရှိ ဘဲ၊ ဇီဝိမရဏ်၊ ရှင်မင်းမြတ်က၊ သတ်မည်ကြံလည်း၊ မျက်မာန်ဒေါသ၊ မပွားကြနှင့်၊ ဟောပြများစွာ၊ မြတ်ဘုရား၏၊ တရားတော်ကို၊ နားမှာဝဝ၊ ခုဇ္ဇုတ္တရာ၊ သူ့ပညာ ကြောင့်၊ ကြားနာရ၍၊ ပါပဆိုးညစ်၊ ဒုစရိုက်ကို၊ စွန့်ပစ်ပြီးခါ၊ ဤနန်းတော်မှာ၊ ငါတို့အလုံး၊ တရားထုံးကို၊ စောင့်သုံးဧကန်၊ တကယ်မှန်မူ၊ ပြန်၍ဖြောင့်ဖြောင့်၊ ပေါင်းငါးရာလေ၊ ငါတို့များကို၊ တရားစောင့်မည်၊ သို့ဖြစ်ပါ၍၊ ယုံကြည်စိတ်ချ၊ဒေါသ ဟူသည်၊ ဆံဖြူခြမ်းမျှ၊ မသန်းကြနှင့်၊ မာနလည်းထွက်၊ သူ့ကိုဖျက်က၊ ကိုယ်ပျက်တတ် သည်၊ ဗြဟ္မစိုရ်လေ၊ ထိုတရားကို၊ ထားကြလေဟု၊ ဆိုပေပြီးခါ၊ မိသာမာလျှင်၊ စိတ်မှာ လည်းကြံ၊ ကရုဏာလေ၊ မေတ္တာဟိတ်နှင့်၊ ခိဋ္ဌာန်ဟန်က၊ ခန္ဓာဆုံးဖြတ်၊ ကျွန့်ကိုမူ လေ၊ ရန်သူမှတ်လို့၊ သတ်ပင်သတ်ငြား၊ ယခုစိတ်တွင်၊ ဦးထိပ်တင်ကော၊ လင်မင်းဖျား ကို၊ ဒေါသဟူသည်၊ မေတစ်မူက၊ ဆံဖြူခြမ်းမျှ၊ မသန်းချေလေ၊ ကြံစည်လှည့်ဖြား၊ ယခုမြင်လေ၊ ထင်အရှားဖြင့်၊ မိဖုရားဒေဝီ၊ မာဂဏ္ဍီကို၊ မအီမသာ၊ မျက်မာန်ဟူသည်၊ မြူတခြမ်းမျှ၊ မသန်းပါဘဲ၊ မေတ္တာစိတ်ရှိ၊ ဤသစ္စာလျှင်၊ မှန်ပါဘိက၊ မထိလေးလှံ၊ ဘေးနှင့်ဒဏ်လျှင်၊ ပြန်ပါစေသား၊ ဟုတ်မမှန်ဘဲ၊ အကျွန်ပြောက၊ မြားသွားစကြာ၊ ကျွန့်ရင်မှာ၌၊ ဝင်ပါစေသား၊ စိတ်အကြံနှင့်၊ ခိဋ္ဌာန်ထားက၊ မိဖုရားလဇ္ဇီ၊ မာဂဏ္ဍီလျှင်၊ ဤခါ၌တွင်၊ ငါမာန်မူကော၊ ရန်သူကြီးတို့၊ ပျက်စီးအင်ကို၊ မြင်ပါရမည်၊ စောင်းမလှည့် ဘဲ၊ ကြည့်နေလေကော၊ ထိုသည့်အခါ၊ မိသာမာကို၊ ဦးစွာရှေ့က၊ ထားပြီးမှလျှင်၊ ရင်ဝကိုကြည့်၊ မြားနှင့်တည့်လည်း၊ မြူငွေ့အဟန်၊ မထွက်ပြန်ဘဲ၊ မျက်မာန်မပွား၊ မေတ္တာခေါ်တုံ၊ စိတ်အာရုံကို၊ လွှမ်းခြုံထားသို့၊ မြားကိုဖြုတ်လျှင်၊ မပြုတ်ကျင်ကော၊ အားတင် ကိုင်းညွတ်၊ ညှို့က လွှတ်လည်း၊ လွတ်ကာမသွား၊ ထိုဘုရင်လေ၊ ရှင်မင်း သားမှာ၊ ချထားခြင်းငှာ၊ မရပါဘဲ၊ ကြောင်းရာကိုလျှင်၊ မြနန်းဆောင်မှာ၊ တောင်ညာ ရကော၊ သာမမြင်သော်၊ အရှင်မင်းဖျား၊ ခြားတစ်ပါးသို့၊ မြားကိုလွှတ်ပါ၊ ထိုစကားကို၊ ဆိုသောခါ၌၊ ရာဇာဘုရင်၊ အောက်မြေပြင်ကို၊ စေနှင့်ပစ်မှ၊ ထိုခဏ၌၊ သရွေမြား၊ လျင်မြန်စွာလေ၊ လွှတ်ကာသွားသော်၊ အံ့ဩလက်ချ၊ မျက်မာန်ဟန်နှင့်၊ ဥဒိန္နလျှင်၊ စိတ်ကဆင်ခြင်၊ ငါဘုရင်လေ၊ အလျင်များစွာ၊ မြားစကြာကို၊ လက်မှာစွဲငြား၊ ပစ် သောခါလေ၊ လိုရာထားလျက်၊ ထင်ရှားခုခါ၊ မိသာမာကို၊ ခန္ဓာဖြတ်၍၊ သတ်အံ့ငှါ လျှင်၊ လွှတ်ကာမသွား၊ ဤကြောင်းလျာသည်၊ ထင်ရှားမျက်မြင်၊ ထိုခြင်းအင်ကို၊ဆင် ခြင်ကြံစည်၊ သက်မရှိငြား၊ ပြုလုပ်ထားကော၊ မြားစူးသည်လျှင်၊ ကြီးကျယ်ဂုဏ်အင်၊ ကျင့်ဇာဂီလေ၊ ညီအမျှဖြင့်၊ သီလရှင်ကို၊ သိမြင်သေးသည်၊ ငှါမှာဝယ်က၊ ရွှေပြည်း သနင်း၊ လူတကာကို၊ အာဏာချင်းကော၊ မင်းဖြစ်ပါလျက်၊ သာမာဝတီ၊ မဟေသီကို၊ ဤအချက်၌၊ ရှက်ကြောက်စရာ၊ မြတ်သောဂုဏ်ကို၊ စုံတစိမျှ၊ မသိပါလေ။

မသိပါလေ၊ ငါလျှင်စင်စစ်၊ အမွေးထူလေ၊ နားကူကြီးကော၊ ခွေးထက်မိုက်လို့၊ မြားပစ်ဝံ့သည်၊ မှတ်တုံပေ၍၊ ချိုးရေသစ်ကာ၊ ပြီးသောခါမှ၊ သာမာဝတီ၊ လှဒေဝီကို၊ ချီကာရွှင်လန်း၊ ပခုံးပေါ်မှာ၊ တင်ကာထမ်း၍၊ ရွှေနန်းကိုသာ၊ ပတ်သွားကာဖြင့်၊ ဂုဏ်သမာဓိ၊ သီလဟုန်နှင့်၊ ပြည့်စုံဘိဟု၊ မသိတုံငြား၊ ညာနန်းနေလေ၊ အသရေ ရှိသည့်၊ မိဖုရားအား၊ ပြစ်မှားကျူးလွန်၊ လေးသောဝန်ကို၊ သည်းခံတော်မူ၊ ဂုဏ်နံ့ ကြိုင်ကော၊ တစ်ခိုင်ပန်းသို့၊ ယဉ်နန်းသူတို့၊ အလှူဒါန၊ ဟူသမျှကို၊ စိတ်ကကြည်ဖြူ၊ ငဲ့မဆိုင်းနှင့်၊ နေ့တိုင်းလှူလေ၊ အယူဖောက်ပြန်၊ မိစ္ဆာဉာဏ်နှင့်၊ မာဂဏ္ဍီမိုက်၊ ကုန်း

ချောတိုက်၍၊ ပြစ်မှားမိကံ၊ အကြောင်းပြန်၍၊ တောင်းပန်သောခါ၊ မိသာမာက၊ မောင်တော်ဘုရား၊ ရှင်မင်းဖျားလည်း၊ ဘုရားမြတ်စွာ၊ စောထွတ်ချာနှင့်၊ ရတနာသုံး ပါး၊ နှလုံးထားလို့၊ ဘုရားကျောင်းကန်၊ သွားလေပြန်၍၊ အကျွန်ုပ်မ၊ တရားတော်ကို၊ ကြားနာရအောင်၊ ဓမ္မဒေသနာ၊ မြတ်တရားကို၊ ဟောနိုင်ပါသည်၊ သံဃာတစ်ပါး၊ ပင့်ဖိတ်ငြား၍၊ ပေးသနားပါ၊ ထိုစကားကို၊ ဆိုသောခါ၌၊ ရာဇာမင်းဖျား၊ ကျောင်း တော်သာကို၊ ကောင်းစွာသွား၍၊ တရားတော်နာ၊ မိဖုရားကို၊ ဟောအံ့ငှာလျှင်၊ သံဃာတစ်ပါး၊ ပင့်ဖိတ်ငြားလည်း၊ ဘုရားမြတ်မွန်၊ ညီအာနန်အား၊ လျော်ကန်သင့်မြတ်၊ အခွင့်လွှတ်၍၊ ပြာသာဒ်ဗိမာန်၊ နန်းဝေယံမှာ၊ ခြွေရံများစွာ၊ တရားနာကေ၊ ငါးရာရှိငြား၊ မိဖုရားအား၊ ဟောကြားပြသ၊ လွန်ကြည်ညိုကေ၊ ထိုကစ၍၊ တစ်လတစ် ကြိမ်၊ မိသာမာတို့၊ ပျော်စံမြန်းကေ၊ နန်းရွှေအိမ်မှာ၊ ညီအာနန္ဒာ၊ တရားတော်ကို၊ ဟောလာသမျှ၊ စိတ်ကြည်ဖြူကေ၊ လျူဒါနနှင့်၊ မိန်းမများစွာ၊ တရားနာလျှင်၊ ငါးရာ သက်နီး၊ နန်းတော်သူတို့၊ ကပ်လှူဒါန်းလို့၊ အေးချမ်းသာယာ၊ မိသာမာတို့၊ ရတနာ သုံးပါး၊ မြတ်သောဂုဏ်ကို၊ အာရုံစော၍၊ တရားတန်ခိုး၊ ကြီးပွားတိုးလို့၊ အကျိုးဂုဏ်အင်၊ အာနိသင်ကို၊ မျက်မြင်ဒိဋ္ဌ၊ လောကခံမှာ၊ ခံစားရလို့၊ စိတ်ကကြည်ဖြူ ယဉ်နန်း သူတို့၊ အလှူမကင်း၊ ဖြောင့်နှလုံးကေ၊ စောင့်သုံးခြင်းဖြင့်၊ သီတင်းမကွာ၊ ဘာဝနာ နှင့်၊ မွေ့လျော်ပြီးထွယ်၊ ညာမဟေလေ၊ မေသာမာတို့၊ နေကြလေကေ၊ ရွှေပြည်စိုးရ၊ တန်ခိုးပကေ၊ ဥဒိန္နရာဇာ၊ ထိုအခါမှ၊ ရတနာသုံးပါး၊ နှလုံးထား၍၊ တရားမကွာ၊ ကြင်ရာတော်လေ၊ သုံးဖော်ရှိငြား၊ မိဖုရားနှင့်၊ မတ်များဝန်းရံ၊ မှန်ကင်းထောင်ကေ၊သုံးဆောင်နန်းမှာ၊ စံမြန်းမွေ့လျော်၊ အတန်ကြာသော်၊ မာယာကြံစည်၊ မာဂဏ္ဍီလျှင်၊ လီလီဖန်ဖန်၊ ဝင်္ကကေ၊ မိန်းမဉာဏ်ဖြင့်၊ ကြံဖန်သမျှ၊ သဲရေသွန်ယောင်၊ အမှန်ကျ လို့၊ သာမာဝတီ၊ လှဒါလီမှာ၊ ပါရမီပေါင်းစု၊ ပအကြောင်းပြုကေ၊ ကောင်းမှုတိုးပါး၊ အကျိုးများကြောင့်၊ ညှိုးငြားမညစ်၊ ကျက်သရေလေ၊ နေတက်သစ်သို့၊ ဖြစ်လေတုံကျင်၊ ထိုကြောင်းအင်ကို၊ ရှုမြင်ကာလေ၊ မေဂမ္ဘီယောင်၊ ဂဏ္ဍီမမှာ၊ ဒေါသမျက်ငြို၊ အလိုလိုလေ၊ ဝန်တိုစိတ်က၊ မိစ္ဆေရဖြင့်၊ မာနတိုးပွား၊ တစ်ဖက်သားကို၊ ကိုက်စားမတတ်၊ ဝင်္ဂဉာဏ်နှင့်၊ ကြံပြန်လတ်လည်း၊ ချော်ချွတ်ကျလျက်၊ အကြံကုန်ကေ၊ ဂဠုန် ငှက်လျှင်၊ ဆားချက်သည်သွင်၊ မိမိလင်လျှင်၊ ဆောင်ခွင်လှည့်လည်၊ သူ့ထံမှောက်သို့၊ ရောက်တုံလေသော်၊ မေမာဂဏ္ဍိန်၊ မ-ပြာရီမှာ၊ အပလီမာယာ၊ အခရာနှင့်၊ မောင် တော်ဘုရား၊ ခါနက်ဖြလေ၊ ဥယျာဉ်တောသို့၊ ပျော်ပါးလှည့်လည်၊ နန်းတော်ထက်က၊ ထွက်ကြမည်ဟု၊ လျှောက်သည်ကာလ၊ အခွင့်ရကေ၊ သာမာဝတီ၊ ခုတလီ၌၊ ပထဝီ မှတ်၊ ခုတ်စပြီးကေ၊ လှီးစဖြတ်ယောင်၊ လက်စသတ်ထွယ်၊ ပိတ်တောစလျှင်၊ ကြံတော့မည်ဟု၊ ခိုင်စေပြီးခါ၊ သူ့ဘထွေးကို၊ စာပေးခေါ်၍၊ ရောက်ခါကာလ၊ မာဂဏ္ဍီဟု၊ သံထိပုတ်ကေ၊ မိယုတ်မမှာ၊ သုဘကိုသည်၊ စိတ်မှာဆင်ကေ၊ ချင်သည် တိုင်းကို၊ ခိုင်းလို့စေရေ။

## သာမာဝတီ ပျော်စံမြန်းသော၊ ရတနာကြေငှန်း၊ နန်းရဝေကို၊ မာဂဏ္ဍီစိုင်းစေ၍၊ ဆိုင်းမနေ ပုဏ္ဏားမိုက်သည် မီးမြိုက်သောအခန်း

ခိုင်းခန့်စေကေ၊ ငါသည်မှန်စွာ၊ နက်ဖြန်ခါတွင်၊ ရာဇထိပ်ပန်၊ ဤပြည်ကြီး မှာ၊ ထီးနန်းစံနှင့်၊ ပန်းမန်သာမော၊ ဥယျာဉ်တောမှာ၊ ပျော်ပါးနေခါ၊ မိသာမာနှင့်၊ ငါးရာခြွေရံ၊ ပျော်စံမြန်းကေ၊ နန်းဝေယံကို၊ မီးလျှံတိုက်လေ၊ မကြာစေနှင့်၊ အကယ်၍ လျှင်၊ သူ့ထံနေကေ၊ ရံရွှေများတို့၊ ဟန့်တားကျင်သော်၊ ဘုရင်ရာဇာ၊ မိန့်အာဏာနှင့်၊ ငါလျှင်တိုက်သည်၊ ဆိုတုံပေ၍၊ အထည်ပတ်ရစ်၊ နန်းဝေယံကို၊ ဆီသွန်ပြီးလျှင်၊ မီးနှင့်မြိုက်လေ၊ စေခိုင်းပေ၍၊ ရွှေပြည်စိုးရ၊ မင်းဥဒိန်လေ၊ နရိန္ဒလျှင်၊ တူကွအညီ၊ မာဂဏ္ဍီနှင့်၊ အချိန်ရောက်ခါ၊ ဥယျာဉ်တော်သို့၊ မွေ့လျော်ပျော်ပါး၊ များခြွေရံလေ၊ မတ်ဝန်းများနှင့်၊ ရထားမြင်းဆင်၊ စီမံပြင်၍၊ အုတ်အင်များစွာ၊ ရံကာငြားက၊ ပုဏ္ဏား ယုတ်မာ၊ သွားလေပါ၍၊ နန်းမှာရောက်ငြား၊ မုခ်တံခါးကို၊ ပိတ်ထားတုံလိုက်၊ သာမနေကေ၊ နန်သည်တို့မှာ၊ ပုဆိုးရစ်၍၊ ဆီနှစ်လောင်းသွန်၊ ပြုစီမံကေ၊ ခြွေရံများစွာ၊ ထိုပုဏ္ဏားကို၊ မြင်သောခါ၌၊ ပဇာကိစ္စ၊ ရှိတုံကြ၍၊ သင်ကယခု၊ ဤသို့ပြုဟု၊ အနုညာတ၊ ထိုရေးရာကို၊ မေးကာလ၌၊ နရရာဇိန်၊ မင်းဥဒိန်က၊ ဤအိမ်နန်း၌၊ ကြွင်းမကျန်အောင်၊ ဆီသွန်ပြီးကေ၊ မီးဖြင့်တိုက်ဟု၊ စေလိုက်တုံပါ၊ မင်းအာဏာနှင့်၊ ငါလျှင်ခုဝယ်၊ ဤအမှုကို၊ ပြုရသည်ဟု၊ ဆိုလေသောခါ၊ မဖွယ်ရာကေ၊ မိစ္ဆာပုဏ္ဏား၊ သင်တစ်ဖန်လေ၊ ပြန်မသွားလား၊ ဝိုင်းစုကာဖြင့်၊ လာတုံငြားလို့၊ အများခြွေရံ၊ ဆဲ ဆိုသံကို၊ ကြားပြန်ကာလ၊ မေးသာမာမှာ၊ နေရာကလျှင်၊

ထ၍လာကာ၊ ဤပုဏ္ဏား ကို၊ မတားပါနှင့်၊ ငါတို့အားလုံး၊ ယူမြင်မြော်ကေ၊ သူတော်ထုံးဖြင့်၊ စောင့်သုံးသစ္စာ၊ မြတ်တရားကို၊ မှတ်သားနာ၍၊ အရိယာမ၊ ဖြစ်ပြီးမှလျှင်၊ မာနမျက်မှန်၊ အန်လျှင် တုလို့၊ ရန်ပြုပြန်ကေ၊ မခံသည်းညည်း၊ မိုက်သောသူနှင့်၊ တူတုံခဲ၍၊ ခွေးကိုတစ်မူ၊ ရိုက်သတ်သူက၊ သတ်သူလည်းခွေး၊ ခွေးလည်းခွေးဟု ပြောမြဲဓမ္မတာ၊ အရှိသားကို၊ းသိငြားပါလျက်၊ မာန်ပါညစ်ကျူး၊ တိုကိုမူလေ၊ ရန်သူပြုလည်း၊ ရန်တုမျက်ငြိုး၊ မာန်မာနဖြင့်၊ ရန်စပိုအောင်၊ မဆိုပေအပ်၊ တို့ကိုမူလေ၊ သူမသတ်လည်း၊ လူနတ် ဖြဟ္မာ၊ တစ်ဘဝမှာ၊ သတ္တဝါတို့၊ တစ်ခါသေမြဲ၊ ဇဝကန်လေ၊ မှန်မလွဲကေ၊ အချည်း နှီးသည်၊ မြင့်တာရှည်အောင်၊ မနေရဘဲ၊ သေရမည်ထက်၊ ခုဝယ်တစ်မူ၊ ပုဏ္ဏားဟူ ကေ၊ ရန်သူလက်ထဲ၊ ငါတို့မူလေ၊ သေတုံခဲ့လည်း၊ ငရဲအောက်ပြည်၊ မလားချေဘဲ၊ အပါယ်တံခါး၊ ပယောဂဟုန်၊ လောဘကုန်၍၊ ပိတ်တုံငြားလျက်၊ ထက်ဖျားနတ်ဘုံ၊ ရောက်လိုတုံက၊ စိတ်ယုံလက်ချ၊ မီးတိုက်ပေ၍၊ သေမည်လျောက်ကို၊ မကြောက်ကြ နှင့်၊ ပုဏ္ဏားမိုက်ရန်၊ ခုမခံဘဲ၊ မာန်ကိုညွှန်ကေ၊ စွန့်လိုခံဟု၊ အကြံပေးသော်၊ ဥပေက္ခာ ဖြင့်၊ ရှုမျှော်ပြီးထွယ်၊ အဝိဇ္ဇာကို၊ ပညာထိန်း၍၊ ငြိမ်းငြိမ်းနေကေ၊ ဆီကြည်ဆွတ်နှိုက်၊ ပုဏ္ဏားမိုက်မှာ၊ မီးတိုက်သောခါ၊ မလွတ်သာကေ၊ ပါသည်ဝိပါတ်၊ အကုသိုလ်လေ၊ ထိုအတွက်ကြောင့်၊ ဗရပွက်ဆူညံ၊ ကြွေးကြော်သံနှင့်၊ မီးလျှံအရောင်၊ ညီးပြောင် ပြောင်ကေ၊ လောင်တိုက်တလား၊ နန်းရွှေဘုံကို၊ ပြုတုံငြားလို့၊ မီးပွားမီးလျှံ၊ လွန်ပြင်း ထန်၍၊ မကျင်မကြွင်း၊ နာမ်ဗလာလေ၊ ခန္ဓာကင်းကေ၊ မုန်ညင်းဆန်နှမ်း၊ ရတနာ နန်းဘုံ၊ ငါးရာစုံပါ၊ အကုန်ကျွမ်းရေ။

## မာဂဏ္ဍီဘီးဘိုး နွယ်အရိုးဟု
## ဆွေမျိုးတကုရှိကို
## မင်းဥဒိန် သင်ပုန်းချေခန်း

အကုန်ကျွမ်းကေ၊ ရွှေနန်းဗိမာန်၊ တပြောင်ပြောင်လေ၊ အရောင်ညီးကေ၊ လောင်မီးလျှံကို၊ မြင်ပြန်ကာလ၊ မင်းရာဇိန်လေ၊ ဥဒိန္နလျှင်၊ သောကညှိုးပိန်၊ စိတ်မ ငြိမ်ကေ၊ စိုးရိမ်မကင်း၊ သို့ဖြစ်ခြင်းကြောင့်၊ ချက်ချင်းမကြာ၊ ဗိုလ်ပါဆင်မြင်း၊ ဥယျာဉ်တွင်းက၊ အပြင်းလာလေ၊ ရတနာနန်းဘုံ၊ မိဖုရားတို့၊ ငါးရာစုံပါ၊ ပြာပုံကို သည်၊ မြင်တုံလေသော်၊ ရွှေပြည်သနင်း၊ ဘုန်းသမ္ဘာနှင့်၊ အာဏာချင်းကေ၊ မင်းမိ ပတိ၊ ဖြစ်တုံဘိလည်း၊ အမိနှင့်မူ၊ တူသည်မယား၊ သဘောထားနှင့်၊ မိဖုရားသာမာ၊ လှတောင်ညာကို၊ သာ၍ထမ်းပိုး၊ ဆယ်ဆတိုး၍၊ မြတ်နိုးတော်မူ၊ ရှိရှိကြငြား၊ မိန်းမ များနှင့်၊ လားမတူကေ၊ နန်းသူဥက္ကင်၊ သီလဟုန်ကေ၊ ဂုဏ်ဒြပ်နှင့်၊ ညီညွတ်လက္ခ ဏာ၊ ငါးကလျာဖြင့်၊ ရတနာမိန်းမ၊ ကျမ်းရွှေစာတွင်၊ တော်လေးဝကေ၊ ပြည့်ခလို့ သာ၊ မဟုတ်သော်မူ၊ ငါ၏မယား၊ မိဖုရားလျှင်၊ တော်လေးပါးမှာ၊ တစ်ပါးဝင်လို့၊ သို့စင်လှချော၊ မောင်ကြင်သူလေ၊ ဖြူသဘောနှင့်၊ မိဖုရားဟောင်း၊ နန်းရဝေမှာ၊ နေနှင့်လသို့၊ မိန်းမကောင်းအား၊ အလောင်းကိုပင်၊ ငါဘုရင်လျှင်၊ မမြင်လိုက်ရ၊ ထွက်တုံလေသော်၊ မျက်ရည်ကျလို့၊ သောကပူမီး၊ ဣန္ဒြေကို၊ တည်ကြည်ထိန်းလည်း၊ မငြိမ်းပါနိုင်၊ ယိမ်းကာယိုင်လို့၊ မိန့်မှိုင်းတွေဝေ၊ အတန်နေ၍၊ ကြံစည်ဆင်ခြင်၊ ရွှေနန်းဆောင်၏၊ မီးလောင်ရေးကို၊ စစ်မေးကျင်သော်၊ အထင်အရှား၊ မီးမြိုက်သူ လ၊ မိုက်လူများကို၊ သိကြားနိုင်ရန်၊ ဤအချက်တွင်၊ ခက်လှပြန်၍၊ မျက်မာန်ကိုချုပ်၊ ငါတစ်ဖန်လေ၊ ဟန်လျှင်လုပ်မှ၊ မဟုတ်တကယ်၊ ခြင်းဇာတိကို၊ သိနိုင်မည်ဟု၊ ကြံစည်ပြီးမူ၊ မိဖုရားမိုက်၊ ဤနန်းစစ်ကို၊ မီးတိုက်သူက၊ ထီးဖြူဆောင်းထိုက်၊ ကြောင်းသနစ်မှာ၊ မကိုင်ရှုပတ္တမြား၊ ဘုန်းတေဇာနှင့်၊ သမ္ဘာလင်းကေ၊ ငါမင်းဖျားမှာ၊ မယားရန်သူ၊ ဖြစ်ခဲမူ၍၊ လွယ်ကူခုလျှင်၊ ယူကာငင်ကေ၊ ကျူပင်ခုတ်လို့၊ ရန်ငုတ်စင် အောင်၊ သုတ်သင်သောသူ၊ ထိုသည်လူကို၊ ငါမူသိချင်၊ ဆိုလေကျင်သော်၊ အရှင်မသိ၊ မေ့အကြံနှင့်၊ စီမံဘိဟု၊ မိဂဏ္ဍီပင်၊ ဆိုကျင်တုံကေ၊ ဖခင်ပုဏ္ဏား၊ ခပ်ရှားရှားဖြင့်၊ လာငြားပြီးခါ၊ ကျားခေါင်းမှာ၌၊ သန်းရှာသောသွင်၊ ဆောင်ရွှေထီးနှင့်၊ ပြည်ကြီးရှင် ကို၊ ကျွန်လျှင်ခုဝယ်၊ ရွှေနန်းဆောင်ကို၊ ပြောင်ပြောင်ညီးအောင်၊ မီးတိုက်သည်ဟု၊ လျှောက်လေသောခါ၊ ထိုရာဇာမှာ၊ တော်ပေသပ၊ ထိုက်လျော်ရာကို၊ ဆုတော်ချရန်၊ မိဘမျိုးဆွေ၊ သင်တို့ဝယ်၌၊ ရှိလေသမျှ၊ ကြွင်းမကျန်အောင်၊ မျိုးသိဿတွင်၊ တစ်စ မလပ်၊ အရပ်ရပ်၌၊ စပ်ကာဟပ်ကာ၊ ရင်းအချာပါ၊ တော်ရာသမျှ၊ ရောက်ကြလှအောင်၊ ၊ ခေါ်ပါတော့ဟု၊ မင်းလှရာဇာ၊ ဆိုသောခါလျှင်၊ မာဂဏ္ဍီမိုက်၊ မျိုးဥာတကာ၊ ရှိလေရာကို၊ ကြော်ငြာလိုက်က၊ ဆိုက်ကပ်မေမှာ၊ ငယ်ယောက်မက၊ ဘကြီး-ဘထွေး၊ မိထွေး-မိကြီး၊ အသီးသီးကေ၊ မရီးတချို့၊ ဦးရီးတို့နှင့်၊ တချို့မှာသော်၊ ပုံလို့ဝေးငြား၊ မကွဲပြားဘဲ၊ မျောက်သားတော်လို့၊ ကျွန့်မှာအစ်မ၊ ကျွန်တလီလျှင်၊

သူ့ညီမဟု၊ ပေါင်မဘီဘိုး၊ ကောင်းအဆိုးကေ၊ အမျိုးကြီးငယ်၊ သေလိုသူလေ၊ လူငမျောက်တို့၊ ရောက်ကြသည်လေ။

ရောက်ကြလေကေ၊ မျိုးဆွေအစစ်၊ ဖြစ်သူကရှား၊ မစစ်သူလေ၊ လူလျှင်များ လို့၊ အလားပုံဆောင်၊ ကျားကိုက်နွားမှာ၊ တောစယောင်သို့၊ မီးလောင်ကံထိုက်၊ မကောင်းမှုကေ၊ ဒုစရိုက်နှင့်၊ လူမိုက်လူဆိုး၊ လူမရိုးကေ၊ သူခိုးသူဝှက်၊ ဘိန်းဘင်း လည်းရှူ၊ တချို့သူတို့၊ ဝမ်းပူကြက်နှင့်၊ ရွက်ပျက်ရွက်ဆိုး၊ အမျိုးမျိုးကေ၊ ပိုးထိုး လောက်ကိုက်၊ လူမိုက်များစွာ၊ ဝေးရပ်ရွာက၊ တစ်ခါရံထူး၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ဖူးဘဲ၊ ထူးထူးထွေထွေ၊ ရောက်လှာပေ၍၊ မျိုးဆွေတော်ကြ၊ မဟာယကေ၊ မိဘဘီဘိုး၊ နွယ်အရိုးဟု၊ ဆွေမျိုးခုနစ်ဆက်၊ စဉ်မပျက်ဘဲ၊ အုတ်ကျက်များစွာ၊ သေမင်းရွာကို၊ ရှာကာ စစ်တွယ်၊ ရှေ့တော်မှောက်သို့၊ ရောက်ကြလေသော်၊ ရွှေပြည်သခင်၊ ဘုရင် ရာဇာ၊ မာဂန်မေကို၊ မျိုးဆွေကြားမှာ၊ ထားပြီးခါမှ၊ ဘရဝါယောကျ်ား၊ သူသတ်မောင် လေ၊ ထောင်မှူးများတို့၊ မိဖုရားဒေဝီ၊ မာဂဏ္ဍီလျှင်၊ သံထီလည်းညစ်၊ ခွေးထက်သာကေ၊ တစ်ပွာမိုက်လျက်၊ အပြစ်အကျိုး၊ ပေါင်းနှစ်မျိုးကို၊ ကောင်းဆိုးမသိ၊ သူ့အဖပါ၊ မဒိဋ္ဌိကို၊ မျိုးစေ့တောင်မှ၊ မကျန်ရအောင်၊ မိဘမျိုးဆွေ၊ တကုရှိအား၊ အညီခုဝယ်၊ ဆုတော်ကြီးကို၊ ပေးရမည်ကား၊ မသေအရှင်၊ ခုမျက်မြင်ပင်၊ မြို့ပြင်သို့ထုတ်၊ ခြေလက်ချိုင်ပျာ၊ လည်လောက်မြှုပ်၍၊ ငုတ်တုတ်ထားထွေ၊ ရှားမီးကြီးကို၊ ဆုပေးလေ ဟု၊ ရွှေပြည်မင်းမြတ်၊ အမိန့်တော်နှင့်၊ အာဏာစက်ကို၊ တစ်ချက်လွှတ်၍၊ ဆုံးဖြတ် ကာပေး၊ ထိုအခါမှ၊ ငိုကာကြွေးကေ၊ သဲသဲသောင်းသောင်း၊ ချစ်ကြိုးနွယ်ကေ၊ မျိုးဆွေပေါင်းနှင့်၊ အလောင်းမသာ၊ မျိုးမတော်ဘဲ၊ လိုက်လာတုံငြား၊ အကြင် သူလေ၊ လူအများမှာ၊ အလကားသာ၊ ပုဏ္ဏားတို့နှင့်၊ မျိုးမတော်ပါ၊ တချို့မှာက၊ ငါတို့မဟုတ်၊ အလိုလိုလေ၊ ဆိုကာလုပ်ဟု၊ တုန်လှုပ်လဲပြို၊ အကျွန်ုပ်တို့၊ ဆုမလိုပါ၊ ထိုအခါတွင်၊ ဆိုကာငြင်းလတ်၊ အချင်းချင်းလျှင်၊ ရုန်းရင်းခတ်က၊ ထောင်ကွက်အာဏာ၊ ဘရဝါတို့၊ ဖမ်းကာနှောင်ခတ်၊ လဲပြိုကာဖြင့်၊ ပြေးကာပုန်းကေ၊ ရုန်းမလွတ်အောင်၊ သတ် ခတ်ထုထောင်း၊ မျိုးဆွေဟူကေ၊ ထိုသူများအား၊ နွားကိုမောင်းယောင်၊ သောင်း သောင်းမွမ်းဖြင့်၊ ဆောင်လေကျင်ကေ၊ မည်တွင်သညီ၊ မာဂဏ္ဍီကို၊ အရေတစ်ထပ်၊ တွတ်တွတ်နီကေ၊ ကြွေကာကျအောင်၊ ကြိမ်သတ်ပြီးလျှင်၊ ထုတ်လေကျင်ကေ၊ မြို့ပြင် ရောက်ခါ၊ မြေမျက်နှာမှာ၊ နက်စွာတွင်းများ၊ တူးတုံငြား၍၊ ချထားအညီ၊ ဖမ်းယူ မြောက်ကေ၊ တစ်ယောက်စီလျှင်၊ အိမ်တိုင်သဏ္ဍာန်၊ သဲမြေထီးဖုံး၊ ခေါင်းတစ်လုံးစီ၊ အုန်းသီးဟန်သို့၊ စီမံပြီးထွေ၊ မသေခင်လေ၊ မြေတွင်အုပ်ကေ၊ မြှုပ်ထားရေလေ။

မြှုပ်ထားလေကေ၊ မသေမရှင်၊ တန်းကြီးတင်လို့၊ မျက်မြင်ဆင်းရဲ၊ ကြွေးငို သံလေ၊ ညံမစဲဘဲ၊ ပွဲမဏ္ဍပ်အောက်၊ ခေါင်းပေါ်ပုံလေ၊ ခုံတောက်ဆောက်သို့၊ ကြောက်လျက်နှင့်ပေ၊ တချို့သေလို့၊ ငိုရယ်မလွတ်၊ ရှေးကြမ္မာလေ၊ ပါသည်ဝဋ္ဋ ကြောင့်၊ သူသတ်ဘရဝါ၊ သူတို့မှာလည်း၊ အပေါ်ကဖြိုး၊ ကြောက်စနိုးဖြင့်၊ ကောက် ရိုးနည်းငယ်၊ ခေါင်းအားလုံးကို၊ ဖုံးတုံပေ၍၊ လယ်မြေထွန်တပ်၊ မကျန်တလူ၊ ထိုသည် သူတို့၊ ချေးအူချေးသည်း၊ သွေးရဲရဲနှင့်၊ ပေါက်ကွဲသည်ဖြစ်၊ ယမ်းခင်းပြီးလျှင်၊ မီးနှင့်တိုက်က၊ စင်စစ်မှန်စွာ၊ မကျန်ရအောင်၊ ခန္ဓာပြတ်စဲ၊ တောင်ယာပြင်မှာ၊ သစ်ပင်ခုတ်ကေ၊ သစ်ငုတ်လဲသို့၊ ပြတ်စဲခန္ဓာ၊ ကုန်လေပါကေ၊ မာဂဏ္ဍီလှ၊ မိုက်ချက် သန်၍၊ အလွန်ယုတ်ကေ၊ မိပုပ်မကို၊ လင်လှမင်းကျော်၊ အမိန့်တော်နှင့်၊ ကြီးစွာဆု သည်၊ ချကြပေ၍၊ အရေကိုခွာ၊ ချင်းခန္ဓာက၊ တပွာအသား၊ လှီးယူငြားလို့၊ ဆားနှင့် လိမ်းကျင်၊ မီးတွင်ကင်လေ၊ အရှင်ရဲရဲ၊ မသေခင်လေ၊ ရင်ကိုခွဲလျက်၊ အသည်းကိုယူ၊ ခွေးကိုလှူ၍၊ အအူအဆုတ်၊ သူ့ခန္ဓာက၊ ယူကာနုတ်လို့၊ နုပ်နုပ်စဉ်းကား၊ ဆီနှင့်ကြော် ကေ၊ ကျီးစာကျွေးကျင်၊ လောကခွင်မှာ၊ မျက်မြင်ဆင်းရဲ၊ ဤသို့နည်းဖြင့်၊ ငရဲအပါယ်၊ သူလျှင်သေကေ၊ ဆိုဖွယ်မရှိ၊ များလူရှင်တို့၊ မြင်အသိကို၊ သတိထားပါ၊ ထိုအခါ၌၊ ရာဇာဥဒိန်၊ မာဂဏ္ဍီကို၊ စဉ်းတီတုံးနှင့်၊ သင်ပုန်းချေ၍၊ ကျေတုံပြီးမှ၊ မေဘတ္တာလေ၊ ပါသုလနှင့်၊ နရဘုန်းလူ၊ ကောသမ္ဗီကို၊ ခွန်ဆီမိုးကေ၊ စိုးတော်မူရေ၊ ရှင်လူမှတ်ပါ၊ မိသာမာလျှင်၊ အရိယာစစ်၊ ငါးရာစုံလေ၊ အကုန်ဖြစ်လျက်၊ ခုတကယ်လေ၊ ဘယ် အတွက်ကြောင့်၊ သေချက်မလှ၊ ရောင်ညီးအဟုန်၊ လောင်မီးပုံနှင့်၊ သေတုံရဟုများလှ သံဃာ၊ ကျောင်းတော်သာမှာ၊ ကြောင်းရာစကား၊ ပြောဟောသံကို၊ ကြားပြန်ငြား သော်၊ ဘုရားမြတ်မွန်၊ သံဃာများကို၊ ဟောခြင်းဟန်က၊ လွန်လေရှေးခါ၊ ပြည်ဗာ ရာတွင်၊ ငါးရာခြွေရံ၊ နန်းဗိမာန်၌၊ ပျော်စံနေပြီး၊ မင်းသမီးနှင့်၊ ချမ်းငြိမ်းသာကြည်၊ တစ်နေ့ဝယ်၌၊ လှည့်လည်သွားလာ၊ မြစ်ပင်လယ်မှာ၊ ရေကစား၍၊ ချမ်းငြားလေတုံ၊ လမ်းတောချုံ၌၊ မီးလှုံအံ့ငှာ၊ တိုက်လေပါကေ၊ ပစ္စေကာရှင်မြတ်၊ ထိုတောရပ်တွင်၊ သမာပတ်ဝင်ကာ၊ ကျောင်းဝိဟာလျှင်၊ လောင်ကာကျွမ်းကြင်၊ မြတ်ရှင်ပင်ကို၊ မြင်လေသောခါ၊ ဖပီတာ၏၊ ဆရာဖြစ်ကျင်၊ ဤကြောင်းအင်ကို၊ သိမြင်တုံလတ်၊ ငါတို့ မှာလေ၊ ရာဇဝတ်ကို၊ မလွတ်နိုင်ရာ၊ သို့တွက်တာကြောင့်၊ ဝိပါက်ပြစ်ဒဏ်၊ ခုဘဝ၌၊ ခံရဟန်ကို၊ မြတ်မွန်ဘုရား ရွှေနှုတ်တော်က၊ ထုတ်ဖော်ဟောသည်၊ တရားကျမ်းဂန်ညွှန်၏တည်းလေ။

တရားမယေကျမ်းဂန်၊ လမ်းအမှန်ဖြင့်၊ ပြည္ထွန်ဟောရာ၊ သံဃာများတို့၊ ကြား ပါရကေ၊ အထိန်းတော်ချုပ်၊ ရံငါးရာမှာ၊ ပေါ်ကအုပ်ကေ၊ ခုဇ္ဇုတ္တရာ၊ တစ်ယောက် မှာ၌၊ လေးဖြာယုတ်မြတ်၊ ဆိုးအကောင်းတို့၊ ကြောင်းထုပ္ပတ်ကို၊ အတပ်သိချင်၊ များသံဃာတို့၊ ထံတော်မှောက်မှာ၊ လျှောက်လေကျင်ကေ၊ ငါ့ရှင်အများ၊ ဘိက္ခဝေ လေ၊ ထေရ်ချစ်သားတို့၊ ရှေးသရောခါ၊ ဗာရာမည်ကေ၊ တည်သမိုင်းနှင့်၊ တိုင်းအောင် ချာတွင်၊ ခုဇ္ဇုတ္တရာမ၊ ရှေးဘဝက၊ မောင်းမမိသံ၊ နန်းဝေယံမှာ၊ ခြွေရံကျွန်မ၊ ဖြစ်ကာလ၌၊ ပြဟ္မဒတ္တရာဇာ၊ တစ်ရံခါ၌၊ ပစ္စေကာရှစ်ပါး၊ မြတ်ဘုရားအား၊ ဆွမ်းစားဖိတ်ကာ၊ နန်းတော်ထဲ၌၊ ကျွေးမွေးရာတွင်၊ ပစ္စေကာရှစ်ပါး၊ မြတ်ဘုရား အား၊ ဆွမ်းစားဖိတ်ကာ၊ နန်းတော်ထဲ၌၊ ကျွေးမွေးရာတွင်၊ ပစ္စေကာတစ်ပါး၊ ကျောက်ကုန်းတော်လေ၊ ကိုင်းကာညွတ်ကေ၊ မြတ်ဘုရားလျှင်၊ ပါပြားတုံထွယ်၊ ဆွမ်း ပန်းကိစ္စ၊ ကျွေးမွေးကြလို၊ ကြွသွားလေသော်၊ ညနေရောက်ခါ၊ နန်းဘုံသာ၌၊ ခုဇ္ဇုတ္တ ရာအလောင်း၊ ပျိုတော်ဟူကေ၊ နန်းသူပေါင်းကို၊ စုဆောင်းမြူးပျော်၊ ရယ်စရာဟု၊ ကမ္ဗလာဝတ်လုံ၊ သက်နန်းရုံသို့၊ လွှမ်းခြုံဝတ်ကာ၊ သူ့လက်မှာလျှင်၊ ဖက်ကာလည်းထား၊ သပိတ်သဖွယ်၊ သုဝဏ္ဏောလေ၊ ရွှေဖလားနှင့်၊ ကြွသွားဆွမ်းခံ၊ ပုံသဏ္ဌာန်သို့၊ အဟန် ပြုပြား၊ ရှင်ပစ္စေကာ၊ ပုံပမာသို့၊ ကုန်းကာသွားလို့၊ ပြပြားတုံထွယ်၊ အကုသလ၊ ဝိပါကကြောင့်၊ ဘဝဝယ်၌၊ ငယ်ခါကစ၊ သူ့ကျောက်ကုန်းလျှင်၊ ကုပ်ကုန်းရလို့၊ ဂုမ္ဗတွင်ထွယ်၊ ခုဇ္ဇုတ္တဟု၊ နာမမည်ရေ၊ ရှေးထုံးဟောင်းကေ၊ အကြောင်းမှာကား၊ ဘဂဝါလူ့ဘာ၊ တူမမျှသည်၊ ကဿပမြတ်စွာ၊ လက်ထက်မှာ၌၊ ဥစ္စာကြွယ်ဝ၊ သူဌေး ကြီး၏၊ သမီးလှလျှင်၊ ဖြစ်ရသောခါ၊ သူနှင့်မူလေ၊ ရွယ်တူမြောက်ကေ၊ တစ်ယောက် မှာက၊ အိမ်ရာမထောင်၊ လူတို့ဘောင်ကို၊ ခွာရှောင်ပြီးမှ၊ ဘိက္ခုနီလေ၊ ထေရီမလျှင်၊ ပြုထပြီးခါ၊ ဖိုလ်မဂ်ရလို့၊ ကာလကြာသော်၊ ခုဇ္ဇုတ္တရာအလောင်း၊ ငယ်ကပေါင်း၏၊ စံညောင်းပျော်မှီ၊ ဂေဟာအိမ်သို့၊ ကြွချီရောက်လိုက်၊ ငယ်ကပင်လေ၊ ကျွမ်းဝင်ဖြစ်၍၊ ကြုံကြိုက်ဆည်းတွင်၊ တန်ဆာဆင်ကေ၊ အရှင်မကောင်း၊ ကမ္ဗလာခြုလေ၊ တန်ဆာ မြတ်နှင့်၊ အဝတ်တောင်းကို၊ ပြောင်းလို့ဆိတ်ဆာ၊ ကန်တော့ပါ၏၊ ယူကာလှမ်းကေ၊ ကမ်းစမ်းပါဟု၊ တောင်းခါကာလ၊ ရဟန်းမက၊ တွေးဆဆင်ခြင်၊ သူခိုင်းခဲ့လို့၊ မပေး လျှင်လေ၊ မာန်ဝင်ဒေါသ၊ သူလျှင်သေသော်၊ ပါယ်ငရဲမှာ၊ ဇောက်ဆွဲကျမည်၊ ပေးထ အမှန်၊ ခိုင်းစေမှုကို၊ ငါပြုပြန်လည်း၊ သူ့ကျွန်စင်စစ်၊ ဘဝပေါင်းမှာ၊ ရှည်လျားစွာ လေ၊ ငါးရာဖြစ်မည်၊ မြင်သိလေ၍၊ ပါယ်ငရဲ၌၊ ခံရဟာန်ထက်၊ ကျွန်အဖြစ်လျှင်၊ အပြစ်သက်သာ၊ ဂရုလဟု၊ ထိုနှစ်ခုကို ထောက်ရှုကာဖြင့်၊ ခိုင်းရာအရေး၊ အဝတ် တောင်းကို၊ ပြောင်းကာပေး၍၊ ငရဲကပင်၊ လွတ်တုံကျင်လည်း၊ ဆင်ခြင်မနှိုင်း၊ သီလဆင်ဖြူ မြတ်သောသူကို၊ ဝန်ယူခိုင်းလို့၊ ဘဝတိုင်းမှာ၊ အစေခံလေ၊ ကျွန်မိန်းမ လျှင်၊ ဖြစ်ရပါရေ၊ ပစ္စေကမထေရ်၊ သပိတ်ခြေသို့၊ ဆင်စွယ်သက်ချင်း၊ စိတ်ကြည်ဖြူ နှင့်၊ လှူတုံခြင်းကြောင့်၊ ရှင်ရင်းဟောရွတ်၊ ပရိယတ်ဟု၊ ပိဋကတ်တော်သုံးပုံ၊ ပရမတ် ကို၊ ကပ်တော်မူဟု၊ မှတ်ယူကြပါ၊ သောတပန်လေ၊ မှန်စင်စစ်ကေ၊ ဖြစ်ခြင်းရာကား၊ ပစ္စေကာအထွတ်၊ ထံတော်မြတ်၌၊ ဆည်းကပ်ပြီးခါ၊ ပညာဉာဏ်လေ၊ ရင့်သန်ရေး ကို၊ မေးမြန်းကာဖြင့်၊ ဝိဇ္ဇာဘက်က၊ ဆည်းပူးခလို့၊ ပထမဖလဌာန်၊ တရားတော်ကို၊ နားမှာကြားလို့၊ သောတာပန်ဟု၊ ဓမ္မပဒ၊ ဌကထာမှာ၊ ဖော်ကာပြကေ၊ များလှတုံ ရှောင်း၊ ဖတ်နာသူလေ၊ သြော်လူပေါင်းတို့၊ အကောင်းအဆိုး၊ ပေါင်းနှစ်မျိုး၏၊ ကြောင်းကျိုးကိုရှု၊ ပေါင်းလေးခုတွင်၊ ဒုကိုကပစ်၊ သုကိုလိုက်လို့၊ မှတ်ထိုက်သောသူ၊ ဤကြောင်းရေးကို၊ နည်းနာယူဟု၊ ကြည်ဖြူစေတနာ၊ ကျွန်ဆရာထွန်း၊ စာပေကျမ်း နှင့်၊ ညွှန်းလို့မှာလို၊ ဒုရာဇီဝ၊ ဒုပါပကို၊ ရှောင်ကြတုံပါ၊ ဆရာလုပ်သည်၊ ကျွန်ုပ်မှာ ၌၊ သမ္မာဇီဝ၊ ပဥ္စင်္ဂီလေ၊ ကျင့်သီလနှင့်၊ ညီမျှစေကြောင်း၊ များလူဗိုလ်တို့၊ ဝမ်းကို ကျောင်းလည်း၊ မကောင်းသက်မွေး၊ ဒုစရိုက်နည်းကို၊ ဝေးစွာပယ်ရှား၊ အားလပ်ခါ ဝယ်၊ စာပြောဟောလို့၊ အများခေါ်ဝါ၊ ထွန်းဆရာဟု၊ သညာအစစ်၊ ပညာဉာဏ် လေ၊ စွမ်းသန်ရေးကြောင့်၊ တစ်နည်းဖြစ်လို့၊ သနစ်သနာ၊ စစ်ကာရှာသော်၊ ကဗျာ သာခြင်း၊ ဉာဏ်ရင့်သူလေ၊ လူတို့နားမှာ၊ စကားဖျင်းကို၊ ပယ်ခြင်းပြီးလျှင်၊ ဤကဗျာ သို့၊ စီကာချဲ့၍၊ မဖွဲ့ချင်လည်း၊ လင်္ကာစကားပြေ၊ ကျဉ်းအကျယ်လျှင်၊ သေသေသပ် သပ်၊ ထုံးပုံစံလေ၊ မှန်ညီညွတ်အောင်၊ စပ်ဟပ်စီရင်၊ ဆရာခံကေ၊ အကျွန်ုပ်လျှင်၊ ပြုလုပ်ချင်လည်း၊ အကြင်ရှင်လူ၊ ခိုင်းသူမရှိ၊ သို့ဖြစ်ဘိ၍၊ ဇာတိသနစ်၊ ခေတ်အလိုက် ဖြင့်၊ နှိုက်ချစ်ရာရာ၊ ဤကဗျာကို၊ စီကာကုံးလိုက်၊ သက္ကရာဇ်ကား၊ ဇော်ဒွေးအင်္ဂ သတ်၊ မိုးဝသန်လေ၊ ရွာသွန်းညှင်းကေ၊ သီတင်းကျွတ်၌၊ စပ်ဟပ်စီကုံး၊ သာမာဝတီ၊ မာဂန္ဒီတို့၊ ဤသည်ထုံးကို၊ နှလုံးမှာပိုက်၊ နှိုက်ချစ်ရာကို၊ စစ်ကာလိုက်လို့၊ အပြစ်အကျိုး၊ ပေါင်းနှစ်မျိုးကေ၊ ကောင်းဆိုးနှစ်သွယ်၊ ထိုက်လျှော်ရာကို၊ မျှော်ကာချင့်ကေ၊ ကျင့်ကြလေကေ။

ஐஐஐஐஐ

## အဆုံးဖြတ်၍ – နိဂုံးသတ်ငုံ့ခြင်း။

ဘုံလောကီ သည်ဌာနမှာလား၊ ကောသမ္ဗီရွှေပြည်မတွင်ဖြင့်၊ ဒေဝီလှကေသနီ၊ ဟေမန်တွင်းမှာလား၊ လေပြန်

ဖြန်းသောကြောင့် ချိုလွှမ်းကာထည်ကမ္ဗလာနှင့်၊ နေဆာတော်လှုံပျော်ချက်တွင်ဖြင့်၊ ဟေမာခေါ် ရကုန်နက်ဆီက၊ တောဌက်ဆင်ချီ၊ ပင်ရုကွေ့ရေလို့ သမုတ်ကြတာမို့၊ ဗုဒ္ဓရေဝေဝေမှောင်တော့၊ ရွှေပညောင်၊ ထက်အဖျားမှာလား၊ နေမရှွင်ပွေ့အင်ပွားကေ့အောင်၊ မေတခင်၊ ရွှေရင်သားကိုဖြင့်၊ မြင်ဘွားတော့သမုစိန်ငယ်၊ ဥဒိန္နရင်သွေး၊ ရှင်ရသေ့ရေနှင့်လေ၊ မြင်တွေ့ကာ-ပွေ့ယူဆောင်လို့၊ ရွှေဂူချောင်သခ်မ်းကျောင်းမှာလား၊ ပေါင်းဘက်ကာ တူမကွာပ၊ သားရတနာသဇင်ပန်းရေက၊ ကောသမ္ဗီရွှေပြည်နန်းကိုဖြင့်၊ ချီးလှမ်းကာ ရိပ်ဖြူမိုးတေဗျာ၊ စိုးစံလို့မြန်းတေမ၊ စပ်ကဗျာ ဘတ်ကာရှုသူတို့ရေ၊ ဆုံးစို့ဇာတ်လမ်း။

ဤတွင်ရွှေ့ကား၊ ဥဒိန္နသာခြင်း ပြီးဆုံးတည်း။

# နိဒါန်း

အဋ္ဌာရသ
သိပ္ပပညာ၊ အဖြာ
ဖြာတွင်၊ ကဗျာအတတ်
ကြံနည်းတမူ၊ စံမှီးယူ၍၊ ဥာဏ်
ကြီးသူတို့စပ်ပြီးလျှင်၊ ပြန်ဂဟပ်ဝဇ
န၊ ထပ်သုံးနပေ၊ စပ်ကုံးဖွေလျက်၊ မှတ်သုံး
စေပြကြသည်။ တဝါကျလျှင်
လေးလုံးအညီအညာ၊ ဤကဗျာ
ကိုစီကာကုံးဟု
အောင်ထွန်းဦး
အကြောင်းပြန်ပြီး၍
တောင်းပန်ကာ
ဘော်ညွှန်း၍ ဆရာထွန်း စီကာသလိုက်သည်။

# သုရိယနှင့် ကဋ္ဌနရခိုင်ရာဇဝင်သာခြင်း

စာရေးသူ ။ ။ တန်းခိုးရှာ၊ ဆရာထွန်း
စာအုပ်ရှင် ။ ။ ဦးအောင်ထွန်းဦး
မြူနီစီပါယ်ဈေး၊ ဂျေလိုင် ၄-၅။
စစ်တွေမြို့။

# ရခိုင်ရာဇဝင် ကဥ္စနဒေဝီသာချင်း။

**နမောတဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

မင်္ဂလာသီရိ၊ အောင်ဇေယျာလေ၊ ကျော်ကိတ္တိနှင့်၊ ရနိုင်ငါးတန်ဓဇဂ္ဂကေ၊ ဉာဏ်အစိန္တိ၊ အရဟံလေ၊ သမ္ဗုဒ္ဓေါကေ၊ ယောရနိဟု၊ ဗောဓိသစ္စာ ပွင့်တုံပါကေ၊ သမ္မာသမ္ဗုဒ်၊ မြတ်ထက်မြတ်ကေ၊ နတ်ဝိသုဒ်ဟု၊ ဝိမုတ်ရသ၊ ဓမ္မနက်သံ၊ စက်ဓမ္မခံကို၊ မင်္ဂဉာဏ်ရဖြင့်၊ လောကဝိဒူ၊ မည်တော်မူကေ၊ သုံးဆူလောက၊ သုံးဘဝတွင် မရတုပြိုင်၊ မရှိုင်တုဘက်၊ မထွက်ပြိုင်သူ၊ နတ်နှင့်လူထွင်၊ မတူတယောက်၊ ပုံနှုံးစရာ၊ ဘုံသုံးရွာတွင်၊ ပေါ်မပေါက်သည်၊ ကျော်ချောက်သတင်း၊ မင်းထက်မင်းဟု၊ သနင်းမြတ်စွာ၊ နတ်မဟာအား၊ ဝန္ဒနာမ၊ အထူးစိတ်တွင်၊ ဦးထိပ်ပြင်မှာ၊ တင်ပြီးမှလျှင်၊ ဓမ္မစကြာ၊ ဘဝဂ်ကျော်အောင်၊ မြွက်ဘော်ဟောကေ၊ တရားတော်ဟု၊ အပယာဒုက္ခ၊ ဘေးဘယမှ၊ ကယ်မထုတ်ဘော်၊ ကဲလွန်မြတ်ဘိ၊ ဂုဏ်ထူးရှိကေ၊ ဘိဓမ္မာကို၊ ပန်ထွာလေးမြတ်၊ ဆံဦးနှိမ်ကေ၊ သုံးကြိမ်ညွှတ်လို့၊ ပရမတ်မင်္ဂလာ၊ မြတ်သဃ်ာကို ဝန္ဒာနာမ၊ သက္ကစ္စဖြင့်၊ ကလျာဏပုထုဇန်၊ စမကျန်အောင်၊ အဟံမမ၊ သုံးရပ်ရတနာ၊ မြတ်သုံးဖြာကို၊ သုံးဒွါရဖြင့်၊ ဦးချပြီးခါ၊ မြတ်ဆရာနှင့်၊ မာတာပီတ၊ ကျေးဇူးမွန်လေ၊ ကြီးသံလှကေ၊ အနန္တငါးတွင်၊ တပါးဝင်ကေ၊ အကြင်ဘမိ၊ အာစရိကို၊ မနသိကာရ၊ သုံးလီဘန်ဘန်၊ ဝစီကံဖြင့်၊ ဆံဦးလျှော့လို့၊ ကံတော့ပြီးခါ၊ သို့မှသာလျှင်၊ လိုရာဆန္ဒ၊ ရှေးထုံးမှီ၍၊ ကုံးစီပြမှ၊ သူရသဒိ၊ ထက်ဘုံရပ်က၊ နတ်ဒေဝီတို့၊ ကပ်မှီစောင်မ၊ ဇဝနညာဏ်၊ ဟာသဉာဏ်ကို၊ ကြံတိုင်းရကေ၊ ပဏာမပုဗ္ဗ၊ ရှေးဦးခံ၍၊ ဉာဏ်ဇဝန၊ ဘန်ကာပြလို့၊ ဂီတလင်္ကာ၊ ဤကဗျာလျှင်၊ လောင်းတော်သုရိယ၊ သံတွဲခရိုင်၊ ပြည်ရခိုင်က၊ ကဥ္စနတို့၊ ရှေးကဖြစ်ဟံ၊ ထုံးပုံစံကို၊ ကာရန်လုံးညီ၊ နားသောတမှာ၊ နားပျော်ညှင်းအောင်၊ သာခြင်းသီ၍ စီကာလည်းကုံး၊ ရက္ခမဏ္ဍိုင်၊ ပြည်ရွှေခိုင်မှာ၊ ကြိုင်မဆုံးအောင်၊ သုံးပါကြလေ။ ။ သုရိယကုမ္မာ၊ ဤကဗျာကို၊ စီကာလုပ်ကေ၊ ထုတ်လိုက်တေလေ။

**အဝန်းကိုးရာ၊ မဇ္ဈိမာတွင် ကာသိက်ရာဇ်**
**တိုင်း၌၊ ဘုရားအလောင်းတော်**
**သုရိယကုမ္မာမင်းသားကို**
**ဘွားမြင်တော်မူစန်း။**

၁။ ။ပဏာမကေတပွံ၊ အစခံ၍၊ ကာရန်စုရုံး။ ပန်းကိုသီးသို့၊ စီကာကုံး၍ ဆုံးဆောင်ဆိုမည်၊ ပဏာမက၊ အစတည်ကေ၊ ဤမြေပံသု၊ ဘဒ္ဒခေါ်လေ၊ ကမ္ဘာမြတ်ဟု၊ ကပ်ပေါ်ဦးက၊ ဇမ္ဗူ့သပြေ၊ ယူဇနာလေ၊ သချ်ာပေါင်းသို့၊ တသောင်းကျယ်တွင်၊ အလယ်ဗဟိုရ်၊ မြေနဂိုရ်ဟု၊ မင်္ဂဖိုလ်ဆွတ်ခြွေ၊ သဗ္ဗညုကေ၊ သုံးလူ့ဆွေတို့၊ ရွှေသက်န်းရောင်၊ ထွန်းလင်းပြောင်သည်၊ အောင်မြေဘုမ္မိ၊ အံ့မကုန်အောင်၊ ဂုဏ်သီရိနှင့်၊ ဗောဓိရောက်ရာ၊ မဇ္ဈိမာတွင်၊ ကာသိက်ရာဇ်၊ တိုင်းအောင်ချာကို၊ အာဏာလွှမ်းကေ၊ ထီးနန်းစိုက်လို့၊ ဧကရာဇ်ရာဇာ၊ စိုးစံကာဖြင့်၊ ဆယ်ဖြာဓမ္မ၊ သင်္ဂဟနှင့်၊ နာယက ဂုဏ်၊ နေ့တိုင်းတိုးလို့၊ ပြည့်ဖြိုးစုံလျက်၊ ရွှေဘုံနန်းမ၊ ရံညီလာတွင်၊ သီဟာသထက်၊ ကာသိဂ်မင်း၊ ဘုန်းတော်ဟုံလေ၊ ဂုဏ်သတင်းနှင့်၊ မှန်ဂင်းစိုက်ထူ၊ ချုပ်အချာဖြင့်၊ အုပ်ကာမိုးလို့၊ စိုးတော်မူကေ၊ ထီးဖြူရိပ်အောက်၊ မင်းမောင်နှံမှာ၊ကံ အလျောက်ဖြင့်၊ နန်းညှောက်နန်းရံ၊ နန်းမွေခံလေ၊ ဇက်ံလည်းရှား၊ ညာမဟေလေ၊ အသေရေရှိကေ၊ မိဖုရားမှာ၊ အပွားအစီး၊ ရှားပါးဘိလို့၊ သားသွီးရတနာ၊ မရှိပါကေ၊ ရှည်ကြာသမယအခါကျက၊ သီလသမ္မာ၊ ဆောက်တည်ကာဖြင့်၊ ရတနာပတ္တမြား မိဖုရားလျှင်၊ သားရစေကြောင်း၊ ကောင်းမှုကူ၍၊ ဆုယူတောင်းသော်၊ အလောင်းနတ်သား၊ ရံငါးရာလေ၊ အဘော်များနှင့်၊ မိဖုရားဝမ်းဝယ်၊ သန္ဓေတည်ကေ၊ ထိုသည်ညည့်တွင်၊ တောင်နန်းရှင်မှာ၊ မြင်သည်အိပ်မက်၊ သုရိယတွင်၊

နေစက်ရှင်ကို၊ ရင်ခွင်ထက်၌၊ တင်လျက်ဘက်ကာ၊ မြင်ကာမက်သည်၊ လက္ခဏာကို၊ တွက်စစ်ပြီးငြား၊ ဆယ်လစေ့လျှင်၊ သားရွှေစင်ကို၊ မြော်မြင်ဘွားသော်၊ ခေါ်ငြားနာမ၊ ခမည်းတော်လေ၊ ပီတာဘမှာ၊ သုရိယကုမ္မာ၊ တကမ္ဘာကို၊ တွင်ခေါ်ကြစေ။ ။ ဘွဲ့နာမည်ကို၊ သာကြည်စေအောင်၊ ပေးတော့သည်လေ။

ဖဆာဖဆာဖဆာ

## နှစ်ရာ့လေးကျိတ်သော နို့ထိမ်းသည်ကို ခွဲဝေ၍ ရွေးချယ်စန်း။

၂။ ။ပေးတုံလေကော၊ ရွှေပြည်ဗာရာ၊ စိုးပိုင်ပါကော၊ နရာလဘာ၊ ခမည်းတော်မှာ၊ တွေးမျှော်ဆလို့၊ သားလှသည်းချာ၊ ပုလဲညွှာနှင့်၊ တနာရီတည်း၊ ကွာမဝေးဘဲ၊ မွေးသည့်ပုတ္တာ၊ ဘွားဘက်တော်ကို၊ တွေ့ရှာကြချေ။ စေတုံလေကော၊ ရှာဘွယ်စုံစမ်း၊ မင်းမှုထမ်းတို့၊ အဝန်းကြီးကျယ်၊ မြို့ရွှေပြည်မှာ၊ မတ်ငယ်မတ်ကြီး၊ အသီးသီးတို့၊ ရင်သွီးများစွာ၊ သားရတနာလျှင်၊ ငါးရာဘွားဘက်၊ များသူငယ်ကို၊ ရသည်တွက်ကြောင့်၊ ဆက်သတုံလေ၊ စာရင်းကျယ်နှင့်၊ ရှာဖွေဆောင်ကာ၊ နန်းတော်သာမှာ၊ ငါးရာသောသား၊ လောင်းတော်ထံ၌၊ ရံကာထားလို့၊ မင်းဖျားရာဇာ၊ မိန့်အာဏာနှင့်၊ ချို့စွာဧကြည်နို့ထိမ်းသည်ကို၊ ရွေးချယ်ရမည်၊ ဆုံတုံလေကော၊ မိပ္ပါယ်ခွဲခြမ်း စို့မည်းဘွယ်၊ နို့ထိမ်းသည်ကို၊ ရွေးချယ်ခန်း၌၊ ကျမ်းဂန်အရ၊ ဝိဇယကုမ္မာ၊ ထိုကဗျာမှာ၊ ဆိုကာပြလည်း၊ ထိုမှတခန်း၊ သုရိယကုမ္မာ၊ ဤကဗျာကို၊ ဆရာထွန်းလျှင်၊ စာကျမ်းအရ၊ တေမိဇာတ်တော်၊ နိပါတ်လာဖြင့်၊ ညွှန်းကာပြမည်၊ မိန်းမနို့သည်၊ ရှိကြပေလည်း၊ ခွဲဝေတုံလတ်၊ သူငယ်ခဘင်း၊ အစို့ပျင်းကော၊ နို့ပင်းကပ်လည်း၊ သမြတ်တိုလျက်၊ နားမလည်ကော၊ သူငယ်တို့လျှင်၊ အစို့ခက်လို့၊ မထွက်နို့ရည်၊ သမြတ်ရှည်ကော၊ ဆင်စွယ်နို့မျိုး၊ နို့တောင်းသိုးလည်း၊ အကျိုးမရှိ၊ သူငယ်တို့မှာ၊ စို့နေခါဝယ်၊ နှာကိုဖိလို့၊ ပိဖပ်နှာခေါင်း၊ နို့ဘူးတောင်းသည်၊ ကြောင်းကြောင်းမြည်လျက်၊ နို့ရည်ထွက်၍၊ နို့သက်ခံတုံ၊ မျိုမကုန်ကော၊ နို့အုံထီးထီး၊ နို့ဘူးသီးလည်း၊ ကြီးသည်အဖျား၊ လူမမည်ကော၊ သူငယ်များတို့၊ စို့သောခါတုံ၊ လျှာမလုံ၍၊ အဟုံပြင်းပြင်း၊ သူငယ်တို့မှာ၊ စို့နေခါဝယ်၊ ဘယ်ညာဆင်း၍၊ ခံတွင်းပစပ်၊ စီးယိုကျလျက်၊ ထိုမှတခန်း၊ မစို့အပ်ပေ၊ သမြတ်ရှည်ကော၊ နို့မြွေငန်းလည်း၊ ယို့ရွှမ်းထွက်ပြန်၊ သနားဘွယ်လေ၊ သူငယ်တို့မှာ၊ စို့တိုင်းအံလို့၊ ညှီနံတတ်သည်၊ နို့ငါးစွယ်တို့၊ စို့လေတုံမြောက်၊ နို့ရည်ပေါက်လျှင်၊ ကောက်ကွေ့တုံထ၊ စို့ကာထောက်သော်၊ တအောင့်လောက်မှ၊ တပေါက်ရလို့၊ မဝခင်ပင်၊ ပျင်းတတ်ပေကော၊ သူငယ်တို့မှာ၊ မစို့ချင်လို့၊ ထို့ပြင်တပုံ၊ နို့ဖရုံလျှင်၊ နို့ဟုံပြင်းပြင်း၊ အလိုလိုပင်၊ စီးယိုဆင်း၍၊ ခံတွင်းမှာငုံ၊ မျိုမကုန်အောင်၊ ယိုတုံသွက်သွက်၊ နို့စီးလာသော်၊ ထွီးကာမြက်လို့၊ ခြေလက်ကျောက်ကံ၊ မျက်ဖြူလံ၍၊ မှောက်လှန်ကုန်းကော့၊ ။ တချို့တို့မှာ၊ မာတြာပင်၊ ဆိုရှာကြရေ။

၃။ ။ဆိုရှာကြကော၊ ထိုမှတရပ်၊ နို့ထိမ်းရွေးချယ်၊ နည်းတသွယ်ကို၊ ခွဲဝေမှတ်လော သမြတ်တိုငယ်၊ အရပ်ရှည်ကော၊ ထိုသည်မိန်းမ၊ က္ကတ္တိယ၏၊ ပသေရင်၌၊ တင်ကာပိုက်၍ တိုက်တုံလေမြို့၊ ရင်ခွင်ပေကာ၊ မော်ကာစို့၍၊ ထိုသို့သူငယ်၊ လူမမည်တို့၊ လက်ရှည်တတ်ငြား၊ သို့ကြောင်းလျှားကြောင့်၊ ပယ်ရှားလေတုံ၊ တချို့ပုံလေ၊ ပိန်ကြုံလျှော်ပါး၊ က္ကတ္တိယကော၊ မိန်းမများတို့၊ အသားမတင်၊ သူငယ်တို့ကို၊ နို့တိုက်ကျင်သော်၊ နာကြင်တတ်သည်၊ တချို့မေလေ၊ မျိုးနွယ်ကြမ်းကြုတ်၊ က္ကတ္တိယကော၊ မိန်းမယုတ်၌၊ စို့ထုတ်နို့ရည်၊ ထိုသူငယ်လည်း၊ စိတ်နေကြမ်းကြုတ်၊ မထောက်ချင့်ဘဲ၊ အကျင့်ယုတ်မည်၊ သို့ဖြစ်ပေ၍၊ ရွေးချယ်မယူ၊ တချို့သူလျှင်၊ ဆူဆူဝဝ၊ သူရုပ်ပုံမှာ၊ ဗုတ်ထုံမ၏၊ ပသေရင်၌၊ နို့ရည်ကိုလျှင်၊ စို့စေချင်၍၊ တင်ကာတိုက်က သားချစ်သက်နှံ၊ ခြေလက်ဆွံ၍၊ ထုံကျံတတ်သည်၊ ထိုသည်မိန်းမ၊ က္ကတ္တိယကို၊ ကျမ်းကပယ်ဟု၊ မှတ်လေကသီး၊ သားကောင်းရတနာ၊ စောလောင်းလျာတို့၊ ကောင်းရာရှီးက၊ ကုသျှီခြောင်းဆိုး၊ မိန်းမမျိုးတို့၊ အကျိုးမရှိ၊ ထိုနို့ရည်များ၊ စိုပေငြားသော်၊ ခါးစပ်ဘိ၏၊ က္ကတ္တိတို့မှာ၊ အသားဖြူလည်း၊ ပူပူနွေးနွေး၊ အသားမဲလည်း၊ အေးသည်နို့ရည်၊ သို့ဖြစ်ပေ၍၊ ဆိုလေသမျှ၊ ထိုက္ကတ္တိကော၊ မင်းမိန်းမတို့၊ ရာဇာ့ပုတ္တာ နို့ထိမ်းရာမှာ၊ ရှီးကာမသွင်း၊ မိန်းမဖျင်းတို့၊ စာရင်းမဝင်၊ သို့ရာတွင်မူ၊ ထို့ပြင်တနည်း၊ ရင်ခေါင်းစွဲနှင့်၊ ဝမ်းခဲဝမ်းနာ၊ မချမ်းသာကော၊ ပန်းနာခြောင်းဆိုး၊ မိန်းမမျိုးနှင့်၊ အကျိုးအကန်း၊ ဆိုးအနွမ်းက၊ မစွမ်းမသံ၊ မလင်းပြန်နှင့်၊ အဆွံ့အအ၊ က္ကတ္တိယတွင်၊ မိန်းမလျှပ်ပေါ်၊ ပြည်တန်းဆာနှင့်၊ နူနာတချက်၊ သမင်ယက်က၊ အကွက်အနီ၊ မြင်မကောင်းအောင်၊ ဖလောင်းကြီးနှင့်၊ ရာသီမဖြောင့်၊ ဥတုကြောင့်ပင်၊ အနှောင့်အရှက်၊ ရှိသည်တွက်ကြောင့်၊ မထွက်နို့ရည်၊ သို့အခြေနှင့်၊ ဆိုပေခဲ့ငြား၊ မိန်းမများကို၊ အပါးမှာမှ၊ ဟတ်ကာထိုင်ကော၊ မကိုင်ရပါ၊ ဓေသဒ္ဒါ၊ စို့မညောင်းအောင်၊ နို့ကောင်းရှာသော်၊ ခြောက်ဖြာဆိုးညစ်၊ စင်သည်ဖြစ်၍၊ အပြစ်မဆို၊

ရှည်မတိုကေ၊ ညိုမဖြူငြား၊ ကြုံမဆူကေ၊ ထူးမပါဘဲ၊ သားကောင်းမိခင်၊ လင်ကောင်းမယား၊ ရှိရှိသမျှ၊ က္ကတ္တိယကေ၊ မိန်းမများတွင်၊ ငါးပါးမချို့၊ စနေထွင်ကေ၊ ရွှေရင်စို့နှင့်၊ စို့တို့မညီး၊ တိုမရှည်ကေ၊ ငယ်မကြီးဘဲ၊ နို့သီးမှာမုံ၊ ပန်းကြာငုံသို့၊ နို့အုံလှပ၊ သောက်မစို့ဘဲ၊ အောက်သို့ဆွဲကေ၊ တွဲမကျခဲ့၊ မစူရမည်၊ သို့အကြောင်းကြောင့်၊ စို့ကောင်းဘွယ်လျှင်၊ နို့သည်မိန်းမ၊ နေနှင့်ညတို့၊ နှစ်ရာ့လေးကျိတ်၊ နန်းရိပ်ခိုလောက်၊ စို့မညီးဘွယ်၊ နို့ထိမ်းသည်ကို၊ ရွေးချယ်ကောက်တော။

၄။ ။ရွေးချယ်ကောက်ကေ၊ တယောက်မိန်းမ၊ မင်းသားတော်လေ၊ ကုမ္မာရကို၊ ယယယုယု၊ နံ့သာရည်လေ၊ ရွှေကတိုးဖြင့်၊ ရေချိုးပြု၍၊ ကြည့်ရှုကြရာ၊ တယောက်မှာက၊ ဇာမရီသားမွေး၊ ထိုသူငယ်ကို၊ ယပ်လေသွေး၍၊ အမွှေးနံ့သာ၊ လိမ်းကျံကာဖြင့်၊ ဖြေဖျော်တုံထိုက်၊ တယောက်နို့သည်၊ စို့ပါစေဟု၊ ဖြေကာတိုက်လို့၊ ပျော်ပိုက်စေမြောက်၊ ထိုသည်နောက်၌၊ တယောက်ကျူအေး၊ တေးကဗျာလျှင်၊ ကျွေးကျော်ကျင်၍၊ ဧယင်လွှဲလို့၊ ဤကဲ့သို့ဇီ၊ တနာရီလောက်၊ ဆေးတသောက်မှာ၊ လေးယောက်စီလျှင်၊ နာရီခြောက်ဆယ်၊ နို့သည်ရွေးကောက်၊ ထိုလေးယောက်နှင့်၊ မြှောက်တုံပေသော်၊ လေးဆယ်နှစ်ရာ၊ ဤနည်းနာဖြင့်၊ ကျမ်းလာအရ၊ ထွန်းဆရာလျှင်၊ ညွှန်းကာပြလို့၊ များလှရှင်လူ၊ အကြင်သူလည်း၊ ထို့တူတနည်း၊ သနားဘွယ်လေ၊ သားငယ်မွေးသော်၊ အရေးတစုံ၊ ထိုအခိုက်မှာ၊ ကိုယ်၌ကြုံ၍၊ ယိုတုံနို့ရည်၊ မွေးမိခင်လေ၊ ရွှေရင်ခွက်က၊ မထွက်ချေသော်၊ ကလေဝါရ၊ က္ကတ္တိယသည်၊ မိန်းမနို့ရည်၊ ရသည်ဖြစ်လည်း၊ မတိုက်လေနှင့်၊ ရွေးချယ်စီစစ်၊ ဗာရာပြည်က၊ ဇကေရာဇ်ကေမင်းစစ်မုတ်ချ၊ မဟုတ်ကြလည်း၊ မနုဿလျှော်ရာ၊ မာတြာကပ်စွဲ၊ အနည်းနည်းကို၊ ရွေးချယ်ကာဖြင့်၊ တိုက်ပါသင့်သည်၊ အဇာကပ်စွဲ၊ အနည်းနည်းကို၊ ရွေးချယ်ကာဖြင့်၊ တိုက်ပါသင့်သည်၊ အဇာတသတ္တု၊ ထိုဝတ္ထုကို၊ ထောက်ရှုလေလေ၊ ဤသည်၌တုံ၊ နို့ထိမ်းသည်ကို၊ အကျယ်ချဲ့လို့၊ စေ့အစုံဖြင့်၊ အကုန်ဆိုသည်၊ ထိုခါဝယ်၌၊ ရွှေပြည်သနင်း၊ ကာသိန်မင်းမှ၊ သားရင်းရတနာ၊ နို့ထိမ်းသည်ကို၊ ခွဲဝေရွေးလို့၊ ပေးပြီးခါမှ၊ လက္ခဏာပါဒ၊ အစစကို၊ ဖြဟ္မဏာရှစ်ဘော်၊ မြတ်ဆရာအား၊ ဘတ်ပါစေလို၊ ဘခင်ဆိုသော်၊ ထိုဖြဟ္မဏာ၊ တတ်ပညာကြောင့်၊ ဆရာမြောက်ကေ၊ ပါမောက္ခတို့၊ ပါဒစကြာ၊ လက္ခဏာကို၊ တွက်ကာဆင်ခြင်၊ နာဂတံကို၊ ဉာဏ်မျက်စိဖြင့်၊ သိမြော်မြင်၍၊ ဗေဒင်အရ၊ မလှန့်မခြောက်၊ မပင့်မြှောက်ဘဲ၊ လျှောက်တင်ကြရေ၊ ဒီပါကမ်းငူ၊ ကျွန်းဇမ္ဗူမှာ၊ ထီးဖြူရိပ်တွင်၊ ဘိသိက်တင်ကေ၊ ဘုရင်အထွတ်၊ ရေမြေသခင်၊ နေအသွင်သို့၊ ရှင်မင်းမြတ်လေ၊ ဩရသံရတနာ၊ သားရွှေလွှာ၏၊ ဇာတာဆန်းလက်၊ ဆဲ့နှစ်လီလေ၊ ရာသီစက်တွင်၊ ဂြိုဟ်ထွက်ဂြိုဟ်ဝင်၊ ညှိဆင်ခြင်သော်၊ သိမြင်သမျှ၊ တကာသားကို၊ ဟောပြောရလျှင်၊ ဇကေရာဇာ၊ပဒေသရာဇာ ဆယ်ဆတိုးလို့၊ တန်းခိုးသာ၍၊ ဒီပါလေးသွယ်၊ အဝှန်းကျယ်သည်၊ ကျွန်းငယ်နှစ်ထောင်၊ ရံဆောင်ပတ်ဝန်း၊ လေးကျွန်းဒီပါ၊ မဟီချာတွင်၊ ရာဇာတုမရာဇ်၊ မင်းတဆူဟု၊ ထီးဖြူစိုက်လျက်၊ တတိုက်စကြာဝဠာ၊ အချုပ်မိုးလို့၊ အုပ်စိုးကာသည်၊ စကြာမန္ဒာတ်၊ လေးကျွန်းနတ်လျှင်၊ မချွတ်ဖြစ်မည်။ ။ကျမ်းဗေဒင်ကို၊ ကျွမ်းကျင်အားနှင့်၊ ဟောကြသည်လေ။

ဖ္ဃဃဖ္ဃဃဖ္ဃဃ

## သုရိယကုမ္မာသတိုးသားသည် ရံငါးရာနှင့် မင်္ဂလာရေကန်တွင် နေစံပျော်ပါး၍ ရေကစားတော်မူခန်း။

၅။ ။ဟောကြလေကေ၊ ထိုသည်ဖြဟ္မဏာ၊ တတ်လိမ္မာ၍၊ ဆရာမြောက်ကေ၊ ပါမောက္ခအား၊ သဟာသရတနာ၊ ငွေသပြာလျှင်၊ ဆုတော်လည်းချ၊ သားသက်ဝေလေ၊ ရေကစားရံ၊ ငါးပါးရွှေကြာ၊ ရေကန်သာမှာ၊ စိုက်ကာလည်းထား၊ ကြက်သရေနှင့်၊ တင့်တယ်ငြားလျက်၊ မင်းသားနန်းစံ၊ သတိုးသားလျှင်၊ ငါးရာရံပျာ၊ ရေကန်ရှိရာ၊ သွားလေပါ၍၊ ရံခါပျော်ပါး၊ များခြွေရံနှင့်၊ ရေကစားတို့၊ မင်းသားနန်းလျှာ၊ သမယဖြင့်၊ ကာလကြာသော်၊ သံဆရာပန်းဖဲ၊ ကာသိန်ပြည်မှာ၊ ငွေဆင်းရဲ၍၊ တွေးတောဆင်ခြင်၊ ငါ့မှာလျှင်လေ၊ ကျွမ်းကျင်လိမ္မာ၊ သူတကာထက်၊ ပညာသတ္တိ၊ ဒြပ်ရှိလျှက်၊ ဓနိဓနာ မရှိပါကေ၊ ဥစ္စာပစ္စည်း၊ လူတကာထက်၊ သာ၍မွဲကေ၊ ဆင်းရဲခြင်းရာ၊ လက္ခရာမှာ၊ ပညာကိုထောက်၊ မဆင်းရဲသက်မွေးလောက်လည်း၊ ပေါက်မြောက်အောင်သာ၊ လူသူကြားမှာ၊ သွားလာကာဖြင့်၊ ပေါ်ပေါက်ထင်ထင်၊ လူသိမြင်အောင်၊ ငါလျှင်မစွမ်း၊ ပညာထွန်းလည်း၊ လူစွမ်းသတ္တိ၊ ငါမရှိ၍၊ မသိမမြင်၊ ညိုဆင်ခြင်သော်၊ မထင်တန်ခိုး၊ ငါ့ပညာလေ၊ သုံးကာညှိုးလို့၊ ကျိုးမခံရ၊ ငါတမူလေ၊ လူဗာလသို့၊ မူလဆုံးရှုံး၊ လူစတုံးကေ၊ လူသုံးလူဖျင်း၊ ဖြစ်ရခြင်းမှာ၊ မင်းရှေ့စိုးခွင်၊ သိမမြင်၍၊ မထင်မပေါ်၊ ငါ့ပညာကို၊ သိပါလေစေ၊ စိတ်ကရည်၍၊ ကြံစည်အားထုတ်၊ သံတန်ဆာကို၊ ဘော်မှာသွင်းပျာ၊

ငါးကြင်းလုပ်၍၊ နတ်ဖုတ်သွင်းကာ၊ ရေကံသာမှာ၊ လွှတ်ကာလည်းထား၊ သုရိယတွင်၊ နတ်လုလင်သို့၊ ရှင်မင်းသားမှာ၊ ဘွားဘက်ငါးရာ၊ ခြံရံကာဖြင့်၊ ကန်တော်သို့သွား၊ ပဒုမ္မာလေ၊ ရေကြာရွက်မှာ၊ ဝှက်ကစားက၊ ငါးကိုလည်းမြင်၊ ပျင်ကာလည်းလုပ်၊ သွင်အရုပ်ကို၊ အဟုတ်ထင်၍၊ လိုချင်ဝိုင်းဝန်း၊ ဘွားဘက်တော်တို့၊ လိုက်ကာဘမ်းက၊ ကူးသန်းကာပြေး၊ ဝိဉာဏ်ဝင်ကေ၊ အရှင်ကဲ့သို့၊ ဘမ်း၍လည်းရ၊ မင်းသားကျော်လေ၊ ဘော်တစုနှင့်ကြည့်ရှုကြသော်၊ ငါးကမဟုတ်၊ သံတန်ဆာကို၊ ဘန်ကာလုပ်ကေ၊ ငါးရုပ်တကယ်။ ။ပုံသဏ္ဍာန်လေ၊ မှန်မယုတ်ကေ၊ ဟုတ်တော့သည်လေ။

# ငါးကြင်းရုပ်ကို ဆင်းသုတ်အောင်ကြံစည်၍ ကန်လယ်မှာ ပျံသုတ်လျက် စွန်ရုပ်နှင့်ထိုးဆောင်စန်း။

၆။ ။ဟုတ်တော့သည်လေ၊ သိလေသောခါ၊ မင်းသားကျော်မှာ၊ များစွာအံ့သြ၊ သည်ဆရာကို၊ ဘွေရှာငြားဟု၊ ပေးသောအာဏာ၊ မိန့်ရွှေဗျာကြောင့်၊ ပြည်ရွာလှည့်ပတ်၊ ရပ်ကိုလည်ကေ၊ စည်မောင်းခတ်က၊ လက်တတ်ပညာ၊ သံဆရာမှာ၊ ကျွန်တော်လုပ်သည်၊ ခံတုံလေကေ၊ ဘုန်းကြွယ်မင်းသား၊ စံပျော်ရာလေ၊ ထံတော်ပါးကို၊ ခေါ်ငြားဆောင်သော်၊ ထိုဆရာကို၊ ရတနာများမြောင်၊ မင်းသားမောင်မှာ၊ တထောင်ဥစ္စာ၊ သပြာကျေးလျှင်၊ ဆုပေးပါသော်၊ ဆရာလက်သွား၊ ငွေများမြောင်လေ၊ တထောင်ရကေ၊ ကြွယ်ဝချမ်းသာ၊ ထိုခြင်းရာကို၊ ကြော်ငြာစကား၊ အဆင့်ဆင့်လျှင်၊ သတင်းကြားက၊ စကားအရ၊ လူ့လောကမှာ၊ ယောမတိုင်းသား၊ ဉာဏ်ဆန်းပြားကေ၊ ယန္တရားဆရာ၊ ပညာတတ်လှ၊ လူစပြောင်ကေ၊ မောင်သိပ္ပလျှင်၊ စိတ်ကကြံရာ၊ ဉာဏ်ပညာနှင့်၊ သံဆရာပန်းဖဲ၊ သာမညလူ၊ ကံစထူကေ၊ သူဆင်းရဲလျှင်၊ ငါးကလေးတကောင်၊ သံကိုခုတ်လို့၊ လုပ်တတ်ယောင်နှင့်၊ တထောင်ဥစ္စာ၊ ငွေသပြာလျှင်၊ သူ့မှာလည်းရ၊ ဆုတော်ချကေ၊ ငါကမှန်စွာ၊ သုတက်သာအောင်၊ ပညာဂုဏ်ထုတ်၊ ယခုဆိုကေ၊ ထိုငါးရုပ်ကို၊ ထိုးသုတ်လေအောင်၊ သိန်းငှက်ယောင်သို့၊ ကြံဆောင်တော့မည်၊ ဝဲကာပျံအောင်၊ သဏ္ဍာန်ရုပ်ကို၊ လုပ်တုံလေမက၊ ထိုသည်အခါ၊ မင်းသားကျော်မှာ၊ ပျော်ပျော်ပါးပါး၊ ရံငါးရာလေ၊ အတော်များနှင့်၊ ကစားကြရာ၊ ရေကံချာမှာ၊ လွှတ်ကာလည်းထား၊ အဟံပျင်ကေ၊ သံရှင်ငါးကို၊ ယန္တရားဆရာ၊ ပညာနှင့်လုပ်၊ သိန်းစွန်ရုပ်လျှင်၊ ထိုးသုတ်ပါသော်၊ ပဥ္စာသတ၊ ကုမ္မာရတို့၊ ဖြဖြဝန်းရံ၊ လိုက်ကြပြန်သော်၊ ဝဲပျံထိုးသုတ်၊ ငါးကြင်းဟံလေ သံအရုပ်ကို၊ စွန်ရုပ်နှင့်သည်၊ လျှင်မနေကေ၊ ရလေသောခါ၊ ရှင်မင်းကျော်၏၊ ထံတော်မှာဆက်၊ ဝဲကာပျံကေ၊ သိန်းစွန်ငှက်လျှင်၊ အသက်ဝိဉာဏ်၊ မရှိဟံကို၊ သိပြန်သောခါ၊ ထောပနာ၍၊ များစွာအံ့သြ၊ မောင်လုလင်လေ၊ ရှင်မင်းသားမှာ၊ ငါးလုပ်သူထက်၊ သိန်းငှက်ဆရာ၊ ဉာဏ်ပညာပင်၊ သာ၍နက်လို့၊ ထွက်ပေါ်ပါစေ၊ သည်ဆရာကြောင့်၊ ပြည်ရွာပေါင်းကို၊ စည်မောင်းလှည့်ဟု၊ ဆိုပေတုံပြန်၊ စေတမန်တိုပ၊ နိုင်ငံဌာနေ၊ ။ ပရိယာယ်ဖြင့်၊ သိစေကြောင်းကို၊ စည်မောင်းလှည့်ရေ။

၇။ ။စည်မောင်းလှည့်ကေ၊ ပြည်သူပြည်သား၊ ကြီးငယ်မဟူ၊ ရွှေပြည်သူလေ၊ သြော်လူများတို့၊ ငါးကိုထိုးသုတ်၊ ဝဲကာပျံသည်၊ သိန်းစွန်ရုပ်ကို၊ လုပ်နိုင်သူအား၊ ပြနိုင်ငြားက၊ ငါးရာငွေဖြူ ရတနာလေ၊ သပြာဆုကို၊ ခုပင်ယူလေ၊ လုပ်သူဆရာ၊ ဟုတ်မှန်ပါသော်၊ သပြာတထောင်၊ ဤယခုတွင်၊ ဆုလက်ဆောင်ဖြင့်၊ ဘုန်းရောင်ထွန်းပ၊ တုမမျှသည်၊ သုရိယကုမ္မာ၊ ခြေတော်စက်အောက်၊ စံပျော်ရာလေ၊ ထံတော်မှောက်ကို၊ ရောက်လေသောခါ၊ သူကောင်းတော်လျှင်၊ ပြုပါလိမ့်မည်၊ သည်အကြောင်းကြောင့်၊ စည်မောင်းလှည့်ဟု၊ ရွှေပြည်နိုင်ငံ အောင်နကသံတွင်၊ မကျမကြွင်း၊ သို့အခြင်းနှင့်၊ မြို့တွင်းမှာစေ့၊ ငွေကိုတမူ၊ ယူမည်သူလေ၊ လူမတွေ့က၊ လှည့်၍လာကာ၊ မြို့ပြင်ဘက်မှာ၊ ထွက်၍ဆော်သော်၊ ဆရာလက်သွား၊ ပညာပြောင်းကေ၊ မောင်သိပ္ပနှင့်၊ တွေ့ကြသောခါ၊ ငွေသပြာကို၊ လွယ်ကာကိုင်မူ၊ စည်လည်သူတို့၊ ခေါ်ယူဆောင်လို့၊ လောင်းနန်းရံ၏ထံတော်သို့လျှင်၊ ပို့လေသောခါ၊ ထိုဆရာကို၊ ဆိုကာရွှေနှုတ်၊ ဝဲကာပျံကေ၊ သိန်းစွန်ရုပ်ကို၊ နတ်ဖုတ်သွင်းထွယ်၊ အနောင်လုပ်ကေ၊ ဟုတ်တော့သည်လား၊ မေးလေသောခါ၊ ထိုဆရာက၊ ကျွန်တော်အားထုတ်၊ သိန်းစွန်ရုပ်ကို၊ လုပ်ပါတော့သည်၊ ဧကဝုတ်ကေ၊ ဟုတ်ပါရေဟု၊ လျှော်ကလေသောခါ၊ လောင်းကုမ္မာက၊ အာကာအထက်၊ တယောက်တီးလျှင်၊ စီးကာတက်ရံ၊ သိန်းငှက်ရုပ်သည်၊ သစ်ကိုခုတ်လို့၊ လုပ်နိုင်မည်လော၊ ကိုယ်လိုရာကို၊ ဆိုကာပြောလို့၊

မေးသောအခါ၊ ထိုဆရာမှာ ကိုယ်တော်ရွှေဘုန်း၊ ကျွန့်လက်ရုံးကို၊ အသုံးပြုကာ၊ ကြိုးအားထုတ်လို့၊ လုပ်ရသော်မူ၊ ဗာရာရွှေပြည်၊ သာယာစည်လျက်၊ အကျယ်ထွက်၍၊ ဂဏန်းဖွဲ့သော်၊ တဆဲ့နှစ်ယူဇနာ၊ တာခရီးလျှင်၊ ကြီးကျယ်စွာသား၊ ကိုယ်တော်နေသည်၊ ကာသိန်ပြည်ကို၊ မြို့စွယ်မြို့လက်၊ လေးမျက်နှာက၊ ရုံကာထိုးကော၊ သံကြိုးခက်လို့၊ သိန်းငှက်တို့နှယ်။ ။ ထက်အာလိန်မှာ၊ တိမ်ကိုခွဲကော၊ ဝဲစိမည်လေ။

ဏ္ဍ ဏ္ဍ ဏ္ဍ

**အထက်ကောင်းကင် စက်မောင်းနှင်သို့**
**ငှက်ဆင်နှင့်ပျော်ပါး၍**
**ကစားစန်း။**

၈။ ။ဝဲစိမည်လေ၊ ဆိုလေသောအခါ၊ အိုဆရာလေ၊ ငါတကိုယ်တည်း၊ စီးမြဲလောက်အောင်၊ ပြုကြံဆောင်ကော၊ တကောင်ငှက်ကြီး၊ လုပ်၍ပီးပါ၊ တကျေးပြည်ရွာ၊ ပြီးသောခါ၌၊ ဆရာကြီးကို၊ ငါပီးမည်ဟု၊ မိန့်ရွှေသံသာ၊ ထိုစကားကို၊ ဆိုသောခါလျှင်၊ အကြာဆုံးပ၊ တပက္ခနှင့်၊ အာမခံထွယ်၊ သွားတုံလေ၍၊ ခြွေရံများစွာ၊ ဘွေကာရှာလျက်၊ ငါးရာလက်သွား၊ တပည့်များနှင့်၊ ဆောက်ဒါးကရိယာ၊ သံတန်ဆာကို၊ ယူကာမနေ၊ တောမြိုင်ခြေကို၊ သွားလေပြီးခါ သစ်ကိုရှာသော်၊ များစွာသစ်ကောင်း၊ ပြိုင်ခမောင်းနှင့်၊ မျောက်ခေါင်းမျောက်ချော၊ သင်းဂနက်ခေါ်၊ ဝင်းညက်စွာလေ၊ ပြဝါသားက၊ ပင်ခါးကြက်ရိုး၊ တောင်မှင်းကျိုးနှင့်၊ သစ်ကတိုးစွန်ခြီ၊ ငလျက်နီကော၊ ရမနီဂန့်ဂေါ်၊ အောက်ချင်းစာလည်း၊ ကျန်းပါလှသည်၊ ထိုသစ်ပေါင်းကို၊ မကောင်းပယ်လို့၊ ရှာဘွေတချက်၊ တောဂနိုင်လေ၊ စုံမြိုင်နက်မှာ၊ သရက်နှင့်ပေါက်၊ သစ်ကြောင်ဒေါက်က၊ ပတောက်လက်ထုတ်၊ သစ်နဂုတ်ကော၊ သစ်ပုတ်ပင်ဖြူ၊ သစ်မဥ္ဇူနှင့်၊ အအူသျှသျှား၊ သဘမ်းသားက၊ ဆောင်းရားထင်းရှူး၊ ထူးထူးလက်ပံ ငှက်လုပ်ရုံလျှင်၊ အလွန်ညံ့လှ၊ သစ်သားသော့၍၊ ပေါ့သည်ပင်မှန်၊ ဒါးခုတ်ပြန်၍၊ လုပ်ရုံမကောင်း၊ သို့အကြောင်းကြောင့်၊ ၎င်းသစ်သားအပေါင်းများကို၊ ပယ်ရှားပြီးခါ၊ တောမြိုင်ကြောင်းမှာ၊ အကောင်းရှာသော်၊ မာလည်းမာစွ၊ လှလည်းလှလို့၊ ပေါ့လည်းပေါ့ပြန်၊ ခံလည်းခံကော၊ အလွန်လျောက်ပတ်၊ သစ်ကဝတ်ကို၊ လက်တတ်ဆရာ၊ ပိသုကာတို့၊ တွေ့ခါချက်ချင်း၊ ဒါးနှင့်မြင်းတို့၊ အရင်းကခွတ်အဖျားဖြတ်၍၊ ချောမွတ်စေလို၊ အကျန်ကိုလျှင်၊ အခွံကိုခွါ၊ ထိုဆရာမှာ၊ အကာကိုပစ်၊ လွှဖြင့်တိုက်၍၊ အနှစ်ကိုသာ၊ ကိုယ်လိုရာကို၊ ထိုခါဆက်စပ်၊ ငှက်ဆင်တကောင်၊ လှလေအောင်ကို၊ တောင်လက်တပ်၍၊ နဝရတ်အမောက်၊ လျှပ်လျှပ်တောက်မျှ၊ မြကျောက်နီလာ၊ ဝဇီရာနှင့်၊ ဂီဝါလည်ဟန်၊ အနုအလှ၊ ရှုမဝအောင်၊ မြတောင်ဖန်နှင့် မြီးဆံကွကွ၊ မြပန်းခိုင်လျှင်၊ ပြိုင်ကာကျသို့၊ ပါဒခြေမှာ၊ နီတာကော၊ ခန္ဓာကိုယ်လုံး၊ ညိုရွှေဖြူနီ၊ ဆေးပန်းကျီးနှင့်၊ ရေးချီဖုံးလို့၊ မျက်လုံးကျောက်နီတောက်လျှံထိန်ကော၊ လုံးညီပြောင်ညီး၊ တထွီးထွီးကော၊ နှုတ်သီးသန္ဓာ၊ တင့်တယ်စွာဖြင့်၊ ဆရာအချုပ်။ ။ ယည်ငှက်ဆင်ကို၊ စီရင်လုပ်ကော၊ သရုပ်သဏ္ဍာန်၊ ပျံလုတည်းလေ။

၉။ ။သရုပ်မယေသဏ္ဍာန်၊ ဟုတ်အမှန်ဖြင့်၊ လုပ်ကြံသေသတ်၊ ပြီးလေတုံသော်၊ ကြိုးစုံတတ်၍၊ စမ်းသပ်ကြည့်ကာ၊ ထိုဆရာမှာ၊ များစွာလက်သား၊ တပည့်များနှင့်၊ မင်းသားအထံ၊ သွားဆက်ပြန်သော်၊ နန်းရံအိမ်ရှေ့၊ ယာဉ်ငှက်ဆင်ကို၊ ရှုမြင်ကြည့်လို့၊ စီး၍ပျံချင်၊ဒိုးသို့လေ့အောင်၊ ကြိုးဆွဲငင်ကို၊ သင်ပါဟုဆို၊ လုလင်ပျိုအား၊ ထိုဆရာကြီး၊ ငှက်ယာဉ်ထွင်လေ၊ တင်တုံပြီးမှ၊ ခရီးကောင်းကင်၊ မိုးဝလာလေ၊ အာကာထက်ကို၊ တက်လိုချင်သော်၊ ဤပင်ကိုဆွဲ၊ ဤကြိုးတွဲပါ၊ ဝေးစေချင်သော်၊ ဤပင်ကိုကိုင်၊ ဤကထိုင်ပျာ၊ ငှက်ယာဉ်ကိုလှုတ်၊ သတိုးညာလေ၊ မဟာမျိုးမှာ၊ ဤကြိုးတုတ်လို့၊ သုတ်သုတ်ပျံ၍၊ ရှင်မင်းမောင်မှာ၊ တောင်နှင့်မြောက်ကေ နောက်အရှေ့ကို၊ လှည့်စေလိုသော်၊ ထိုအခါ၌၊ ကိုယ်တော်လောင်းမင်း၊ ဤကြိုးငင်၍၊ ဤပင်တင်းလော ဆင်းစေလိုလျှင်၊ ကျွန်သခင်မှာ၊ ဤပင်ကိုလှုတ်၊ ဤကြိုးတုတ်ဟု၊ သရုပ်မကြွင်း၊ ထိုငှက်ယာဉ်တွင်၊ ကြိုးကိုင်ခြင်းကို၊ စာရင်းကမ္ပည်း၊ မှားမလွဲအောင်၊ ရေး၍ထားကျင်၊ သင်လည်းသင်ကော၊ ကြိုးငင်ကြိုးဆွဲ၊ အနည်းနည်းကို၊ မလွဲမမှား၊ မင်းလုလင်ကို၊ သင်ကာမှတ်ကော၊ တတ်လေငြားက၊ လျှောက်ကြားသည်မှာ၊ ပြည်အောင်ချာကို၊ နောင်လာအုပ်စိုး၊ ဆောက်စိုက်ထူကော၊ ထီးဖြူမိုးလို့၊ နေမျိုးသရဖူ၊ စိုးမည်သူကော၊ သည်းအူပတ္တမြား၊ ကန်းခိုးပေါ်ထင်၊ တို့သခင်ကော၊ အရှင်သားလေ၊ သင်ကြားသည်နည်း၊ နေ့မကြာခင်၊ လေ့လာခဲ့၍၊ ကြိုးဆွဲကြိုးငင်၊ ယည်ငှက်ဆင်နှင့်၊ ထက်ခွင်ကိုသည်၊ တက်တုံပေလည်း၊ ရွှေပြည်အောင်ချာ၊ နဂရာကို၊ အာကာထက်က၊ ထီးဝန်းသွင်သို့၊ မြင်ကာလ၌၊ ထိုကဆက်လက်၊ ထက်ဝဠာကို၊ မြှင့်ကာတက်က၊ ငှက်ဆင်ပင်ဖြစ်၊ ဝါယောမည်ကော၊ လေခါတ်တိုက်သော်၊

မြေ၌လျှောသက်၊ အဇ္ဈောလေ၊ အာကာထက်က၊ ခက်ပါတတ်သည်၊ ကိုးယူဇနာ၊ မိုးကိုကျော်၍၊ အာကာထက်ကို၊ မတက်လေနှင့်၊ သေသေချာချာ၊ ရှင်မင်းသားကို၊ သင်ကြားမှာကော၊ လောင်းလျာသုရိယ၊ လျှောက်တင်ဆိုကော၊ ထိုနေ့ကပင်၊ အစပြုကျင်၊ ယာဉ်ငှက်ဆင်နှင့်၊ ထက်ခွင်ကိုသာ၊ တက်လေပါ၍၊ ပျံကာသွားလား၊ လက်သစ်တောင်တာ၊ ယူဇနာလေ၊ မြှင့်ကာသွားလို့၊ မင်းသားရာဇာ၊ ။ ပြည်ဗာရာတွင်၊ အာကာထက်က၊ ငှက်နှင့်ပျော်ရေ။

## သုရိယကုမ္မာ၊ မျိုးမဟာသည်၊ မိုးအဇ္ဈောထက်စွင်က ငှက်ဆင်နှင့်မြှင့်ကျင်၍၊ လွင့်စိုင်သွားသောအခန်း။

၁၀။ ။ငှက်နှင့်ပျော်ကော၊ ထိုရော်ကာလ၊ အိမ်ရှေ့စံမှာ၊ လွန်အားရ၍၊ ယောမမြို့သား၊ ပညာဟုံလေ၊ ဂုဏ်တပါးနှင့်၊ ယန္တရားအတတ်၊ လက်မှုပညာ၊ တုမမြော်ကော၊ ဆရာမြတ်ဟု၊ ဆုလတ်မဲနာ၊ မြို့ရွာစားကြေး၊ သုရိယကုမ္မာ၊ ဥပရာမှာ၊ ဆုတော်ပေးလို့၊ ဆဲ့လေးငါးခြောက်၊ ထိုအခါလေ၊ ရွယ်တော်ရောက်လျက်၊ နောက်လိုက်နောက်ပါ၊ ငါးရာများကော၊ ဘွားဘက်တော်နှင့်၊ မင်္ဂလာကန်၊ ပျော်ပါးစံ၍၊ ခါရံမပျက်၊ ထက်အာကာကို၊ စကြာငှက်နှင့်၊ တရက်တရက်၊ အဆင့်ဆင့်ကော၊ မြှင့်ကာတက်၍၊ နေ့ရက်ကြာက၊ ဥဿဘနှင့်၊ ဂေါယဂါဝုတ်၊ ငှက်ဆင်ယာဉ်နှင့်၊ စိုင်တိုင်းတက်ကော၊ ရက်မယုတ်ဘဲ၊ ဂါဝုတ်ထက်ကျော်၊ မိုင်တရာသို့၊ ရောက်တော်မူက၊ ဘခင်နေက၊ ရွှေပြည်မကို၊ ထိုကကြည့်လျှင်၊ ထီးဝန်းသွင်မျှ၊ မြင်သည်ကာလ၊ စိတ်ရည်သန်ကော၊ ကြံကာဆလို့၊ ကာသိဂ်မည်၊ ဘခင်ပြည်ကို၊ အမွေချဲ့လျှင်၊ ကြည့်မမြင်အောင်၊ ငှက်ဆင်ယည်နှင့်၊ ထက်ဝဠာကို၊ မြှင့်ကာတက်မည်၊ စိတ်ကြံစည်၍၊ ငှက်နှယ်ပျံ့ဝဲ၊ တက်ကြိုးမျှင်ကို၊ မိုးပြင်ထဲ၌၊ ဆွဲငင်ပြန်ကော၊ သိန်းစွန်လင်းဒ၊ ပမာနသို့၊ ဗာရာဏပြည်၊ ဘခင်ပြည်ကို၊ ခွက်နှယ်အသွင်၊ အာကာပြင်က၊ မြင်ခင်ရေသိ၊ ဝါယောက်မည်ကော၊ လေသင်တုန်းဟု၊ မုန်တိုင်းထိ၍၊ မွှိပတ်လေ့ကာ၊ ရှေ့မျက်နှာကို၊ စကြာငှက်နှင့်၊ လွင့်လို့ပါကော၊ အာကာထက်က၊ သက်ကြိုးမျှင်ကို၊ ဆွဲငင်ချလည်း၊ မကျသောခါ၊ ရှင်မင်းကျော်မှာ၊ ကြံရာခဲခက်၊ မပျံနိုင်ကော၊ ဈာန်ယာဉ်ငှက်နှင့်၊ ကြောက်မက်ဘွယ်သာ၊ မြေကမ္ဘာက၊ ဝေးကွာတရတ်၊ ရမ်းပေါက်တွင်ထွယ်၊ အနောက်လေနှင့်၊ မြောက်လေခတ်၍၊ ရမတည်နိုင်၊ ငှက်ဆင်ယည်နှင့်၊ လွင့်စိုင်လက်လွတ်၊ အဇ္ဈောလေ၊ အာကာသက၊ ကျမတတ်ကော၊ လေဓာတ်လွန်ကဲ၊ ပျံနိုင်ခဲလို့၊ ဘေးအန္တရာယ်၊ တွေ့တုံပေ၍၊ သည်းကြွေလောင်ကျွမ်း၊ ဘေးကိုမြင်သော်၊ မရွှင်လန်းဘဲ၊ ပင်ပန်းရွံ့ကြောက်၊ မျိုးသမ္ဘိန်မှာ၊ စိုးရိမ်းရောက်လည်း၊ ယောကျ်ားဟူသည်၊ အရေးဆုံကော၊ တွေ့ကြုံရှိလည်း၊ သတိတည်၍၊ ခိုင်ကြည်ခဲကျိတ်၊ ရဲရင့်စိတ်ဖြင့်၊ အံကြိတ်ခဲကာ၊ မလွဲသာကော၊ အာကာထက်မိုး၊ ငှက်ဆင်ယည်မှာ၊ လက်ကိုင်ကြိုးဖြင့်၊ လိုစိုးမရ၊ ထက်ဝဠာလေ၊ အာကာသက၊ ကမ္ဘသကာ၊ လေသင့်ရာကို၊ လွင့်ကာမနေ။ ။ ထက်ဗဟိုရ်လေ၊ တိမ်ညိုကြားက၊ သွားလေရေလေ။

၁၁။ ။သွားတုံလေကော၊ လူ့ပြည်ရပ်ခွင်၊ အောက်မြေပြင်က၊ များဖျင်ဘွားဘက်၊ မင်းသားကျော်မှာ၊ အာကာထက်သို့၊ ငှက်နှင့်တက်စ၊ ပဌမက၊ တကွငါးရာ၊ လူပျိုတော်တို့၊ ရှုမျှော်နေကျင်၊ ယိုင်ငှက်ဆင်နှင့်၊ ထက်ခွင်အာကာ၊ တက်လေပါကော၊ ဝေးကွာသဖြင့်၊ အဆင့်ဆင့်လျှင်၊ မြင့်သောနေရာ၊ နေ့တိုင်းခါသို့၊ မြင်ပါသေးလျှက်၊ ထိုထက်လွန်ပျာညာ၊ ပျံကာတက်က၊ ထက်သို့ရောက်လျှင်၊ အာကာပြင်မှာ၊ မထင်တချက်၊ ယည်ငှက်ဆင်ကို၊ မြင်တချက်နှင့်၊ မြှင့်ရုံတက်ခါ၊ လူ့ပြည်ရွာက မျှော်ရှုမျှော်ရှု၊ ရုံကငါးရာလေ၊ ဖော်တစုတို့ တဦးပြ၍၊ တဦးကြည့်သော်၊ ရှု၍တောင်ပင်၊ ယာဉ်ငှက်ဆင်ကို၊ မမြင်သောခါ၊ လေပြင်းလာကော၊ များစွာကျွန်ပေါင်း၊ အဘိုးထိုက်တန်၊ အမြင်သံကော၊ မော်ရှုကြည့်ကော၊ ငွေ့ငွေ့မျှသာ၊ မြင်လိုက်ပါ၍၊ လွင့်ကာပျောက်သွား၊ ရှင်မင်းပျို၏၊ ထိုကြောင်းလျားကို၊ ဘဖွားပြည်ရှင်၊ မွေးမိခင်ကို၊ လျှောက်တင်တုံငြား၍ လန့်တကြားဖြင့်၊ နှစ်ပါးမိဘ၊ သားကိစ္စကြောင့်၊ ထိတ်လှန့်လုံး၊ စိတ်စက်ချုံးသို့၊ ပြုံးခနဲသာ၊ စံမြန်းပျော်ကော၊ နန်းတော်ထက်က၊ ဆင်းသက်လာ၍၊ မျက်နှာချီလှည့်၊ ထက်အာကာကို၊ မော်လို့ကြည့်ကော၊ မြူငွေဆံခြမ်း၊ နှမ်းတလုံးသွင်၊ ယာဉ်ငှက်ဆင်ကို၊ မမြင်လိုက်ရ၊ အဇ္ဈောလေ၊ အာကာသမှာ၊ မြမြမှိုင်းမှိုင်း၊ မြူခိုးဆင်ကော၊ ရှစ်ခွင်တိုင်းက၊ ယိဆိုင်းမှုံပြာ၊ ခိုးဝလာနှင့်၊ မိုးရွာမည်သွင်၊ မြူမင်းလွင်ကို၊ မြင်လေသောခါ၊ မွေးမယ်တော်နှင့်၊ ပီတာခမည်း၊ သဇင်ခိုင်ယောင်၊ ရွှေလည်ဆွဲကြောင့်၊ ဝမ်းနဲဝမ်းနု၊ မွေးသည်မိခင်၊ ချိမရွှင်အောင်၊ ရင်ကိုထုလို့၊ သားဦးရွှေစင်၊ မိခင်နှင့်ကင်း၊ ရွှေနို့ရှင်မျှာ၊ ရင်ဟင်းလင်းနှင့်၊ နန်းတွင်းနန်းပြင်၊ ရွှေရင်သွေးကို၊ ကြည့်မမြင်ကော၊ မိခင်မယ်တော်၊ ဘယ်သူလာပျာ၊ ခေါ်လာစဘို့၊ ဘယ်သူဖျော်ကော၊ ပျော်နိုင်ဘို့ဟု၊ ဤသို့ကေတမ်းယမ်း၊ သားဝမ်းပင်လေ၊ သဇင်ပန်းကြောင့်၊ အလွမ်းလေဗွေ၊ လွမ်းနဘေက၊ လွမ်းလေရစ်

ဝိုင်း၊ ရေပြင်ကျယ်ကော၊ ပင်လယ်လှိုင်းသို့၊ ကသိုဏ်းတန္တု၊ မိမျက်ရှုကော၊ သားဦးဘုန်းခေါင်၊ နန်းလုံးမောင်က၊ တိမ်ထောင်ခရီး၊ ထက်ကောင်းကင်မှာ၊ ငှက်ဆင်စီး၍၊ ရပ်ဝိဠာနေ၊ အဘယ်ပြည်သို့၊ သွားလေသနည်း၊ ထက်ဗဟိုရ်လေ၊ တိမ်ညိုထဲမှာ၊ ဘေးအန္တရာယ်၊ မှန်တကယ်လျှင်၊ ဖြစ်လေသလား၊ သက်ထက်ပင်လေ၊ ကြင်ကာချစ်ကော၊ ရင်၌သားကြောင့်၊ မွေးဖွားသောသူ၊ မိမာတာမှာ၊ ဗျာပါကြီးလို့၊ မီးသို့ပူကော၊ သည်းအူကြွေလုမတတ်တည်းလေ။

## သားမင်းပျို့သုရိယကြောင့်၊ မိနှင့်ဘ–အပူဆွေး၍ ကြွေးငိုတော်မူသောအခန်း။

၁၂။ ။သည်းအူမယေကြွေလု၊ မွေးမိခင်မှာ၊ ရင်ကိုထုသို့၊ မျှော်ရှုခါခါ၊ ထက်အာကာကို၊ မော်ကာကြည့်လျှင်၊ သားရွှေစင်နှင့်၊ ငှက်ဆင်လည်းကင်း၊ ထက်အာကာဘွေ၊ ဝါယောမည်ကော၊ လေပြင်းပြင်းနှင့်၊ ဟင်းလင်းအဇ္ဈာ၊ ခိုးမှုံပြာဖြင့်၊ ဘယ်ညာပတ်ဝိုင်း၊ ထက်ဗဟိုရ်မှာ၊ တိမ်ညိုဆိုင်း၍၊ မှိုင်းမှိုင်းမှုံရီ၊ အတန်တန်လေ၊ ကြည့်ဘန်များကော၊ မျက်ကြောသီလို့၊ ဒါလီရွှေတုံး၊ သားပန်းပင်လေ၊ သဇင်ကုံးကို၊ အဆုံးလည်းချ၊ ရွှေနို့ရှင်မှာ၊ ရင်ကိုမလို့၊ တသမျှော်တမ်း၊ သားမင်းပျိုကို၊ ငိုကာလွမ်းရေ၊ တောင်နန်းဒေဝီ မဟေသီဟု၊ မြှောက်ချီတင်ထား၊ သောင်းခြောက်ထောင်လျှင်၊ ရံဆောင်ပြားလို့၊ မိဖုရားပင်၊ ဖြစ်တုံကျင်လည်း၊ မေလျှင်မှန်စွာ၊ မစံသာအောင်၊ ငယ်ခါကစ၊ သက်အရွယ်လေ၊ ငါးဆယ်ကျမှ၊ ဇကေပုတ္တာ၊ မရပါကော၊ အင်္ဂါချို့ယွင်း၊ သို့အခြင်းကြောင့်၊ သားရင်းရတနာ၊ ရပါစေကြောင်း၊ ဆုပဋ္ဌနာကို၊ ပြုကာတောင်းကော၊ နန်းလောင်းနန်းလျာ၊ ရတနာပတ္တမြား၊ တယောက်သားကို၊ ပေါက်ဘွားတုံမြောက်၊ ရထားစကြာ၊ သိကြားလာပျာ၊ ဆက်ကာရောက်ဘို့၊ ဝမ်းမြောက်သာရွှင်၊ ငါမိခင်မှာ၊ သုတ်သင်ချီးမြှောက်၊ မျက်ရှုသဘွယ်၊ သက်နုနယ်က၊ အရွယ်ရောက်လို့၊ ရွှေ့နောက်ရံကာ၊ ရေကံသာမှာ၊ ပျော်ပျော်ပါးပါး၊ များရံရွှေနှင့်၊ ရေကစားက၊ ငါးနှင့်စွန်ရုပ်၊ အဟံလုပ်လို့၊ ထိုးသုတ်ယူအောင်၊ မေ့သားမောင်ကို၊ သွယ်ဆောင်ကာမှောင့်၊ နေမဖြောင့်ကော၊ အနှောင့်အရှက်၊ ခုတကယ်လေ၊ ပြုသည်တွက်ကြောင့်၊ ငှက်ဆင်ကိုတောင်း၊ သားသက်ဝေလေ၊ ရွှေနန်းလောင်းကို၊ လမ်းကြောင်းပြသ၊ ကြိုးဆွဲကြိုးငင်၊ ယာဉ်ငှက်ဆင်ကို၊ သင်ကာပြလို့၊ သုရိယသားတော်၊ အဇ္ဈာလေ၊ အာကာထက်မှာ၊ ငှက်နှင့်ပျော်ကော၊ မြင့်စွာအထက်၊ မိုးအပေါ်ကို၊ တိုးကာတက်သို့၊ အခက်ကြီးဆုံး၊ ကြက်သီးတုံအောင်၊ ကြိုက်ကြုံသည်ထွက်၊ သမုဒ်ကျယ်ကော၊ ပင်လယ်ကြောမှာ၊ သဘော်ပျက်လည်း၊ လက်ဆုပ်လက်ကိုင်၊ ရနိုင်သေးလျက်၊ ထက်တခွင်မှာ၊ ငှက်ဆင်ပျက်က၊ ခက်ခက်ခဲခဲ၊ အသက်ခန္ဓာ၊ ဘေးဘုမ်းကွာ၍၊ ချမ်းသာရေးနှင့်၊ ဝေးနိုင်သမျှ၊ သားသက်ဝီလေ၊ သုရိယကြောင့်၊ စန္ဒဒေဝီ၊ မဟေသီလျှင်၊ ပထဝီမြေထဲ၊ သူရှုးပမာ၊ မထူးသာဘဲ၊ လူးကာလဲကော၊ ။ငိုပွဲခံတော်မူ၏တည်းလေ။

၁၃။ ။ငိုပွဲမယေခံကော၊ ခြွေရံများလှ၊ ယိုမျက်ရည်ကို၊ ဆည်မရဘဲ။ ရှင်မ-နှင့်မူ၊ အတူတူကော၊ နန်းသူမောင်းမ၊ ဆွေးဗျာပို၍၊ ကြွေးငိုကြက၊ မွေးဘရည်ော်၊ ခမည်းတော်မှာ၊ ဖြေဖျော်မနိုင်၊ လွန်ဝမ်းနဲကော၊ သဲကမ်းယိုင်သို့၊ ဖြိုင်ဖြိုင်မျက်ရည်၊ ထွက်ကာစိုကော၊ ငိုလတ်တေက၊ ရွှေပြည်ကြငှန်း၊ စိုးစံမြန်းကော၊ ရွှေနန်းသခင်၊ ငါမှာလျှင်လေ၊ ဘုရင်အစစ်၊ ရာဇာဌာနေ၊ ဗာရာပြည်မှာ၊ ဧကရာဇ်လျှင်၊ ဖြစ်ပါတုံမြောက်၊ လက်ရုန်းထောင်သော်၊ ဘုန်းရောင်တောက်လည်း၊ သားထောက်မြေးခံ၊ နည်းတုံပြန်၍၊ မွေ့ခံနန်းညောက်၊ သားတယောက်မျှ၊ မပေါက်မဘွား၊ သည်ကြောင်းလျှားကြောင့်၊ ပြည်သူပြည်သား၊ အလေးမူ၍၊ ဆွေးပူမကင်း၊ ရွှေ့တော်လာပျာ၊ ကြွေးကြော်ခြင်းကြောင့်၊ မကင်းနေ့ည၊ မဌဂီလေ၊ အင်ညီမျှအောင်၊ သီလသမ္ဘာ၊ ဆောက်တည်ပါသော်၊ သမ္ဘာရင့်ညောင်း၊ နောင်ပွင့်ရံလေ၊ ဆုပန်တောင်းကော၊ အလောင်းသားလှ၊ တို့မောင်နှံမှာ၊ ရွှေ့ကံထောက်ကော၊ တယောက်ရက၊ မွေးဘင်လျှင်၊ ဘယ်လောက်ပင်လေ၊ သာရွှင်ဝမ်းမြောက်၊ ဘ-သက်ဝေမှာ၊ အရွယ်ရောက်က၊ စိုက်ဆောက်ထီးဖြူ နန်းရဝေနှင့်၊ ရွှေပြည်မြတ်ကို၊ အပ်မည်ဟူ၍၊ မှတ်ယူတုံမြောက်၊ ဆောင်ကြာပျော်လေ၊ တောင်ညာဘွားကော၊ သားတယောက်ကို၊ အမြောက်တလုံး၊ ငါရာဇာမှာ၊ ပမာနှုံးလို့၊ လက်ရုံးတဆူ၊ အားကိုးမူလည်း၊ သည်းအူနန်းညောက်၊ မြစ်ပင်လယ်မှာ၊ ဆားလှေမှောက်သို့၊ မမြောက်အကြံ၊ မိုယ်းတိမ်ယံမှာ၊ ကြိမ်ဘန်သွားလား၊ ငှက်ဆင်ယိုင်နှင့်၊ ပျိုကစားက၊ ဝါယောခါတ်လေ၊ ခက်တုံပေ၍၊ အဘယ်ဒေသ၊ ဘယ်ဌာနဌ်၊ ကျစိုင်လေသည်၊ သားရင်းချာ၏၊ ခြင်းဇာတိကို၊ မသိချေဟု၊ မျက်ရည်စီးယို၊ ကပ်ဦးခါက၊ မဟာသမတ၊ မင်းမှစ၍၊ နရထီးဆောင်း၊ မင်းတို့မည်သည်၊ ယိုမျက်ရည်ကို၊ မြေသို့ခအောင်၊ မကျကောင်းဟု၊ အကြောင်းထောက်ထွေ၊ သောကမီးကို၊ ချုပ်ဆည်းဖြေသို့၊ မွေးသည်မိခင်၊ တောင်နန်းရှင်က၊ ဘဝင်ညိုးချုံး၊ ကြီးနီဝါကို၊ မီးမှာအုံးသို့၊ နှလုံးတော်ဆူ၊ သားသည်းအူကြောင့်၊ ဆွေးပူလောင်မီး၊ အူသည်းပျိုအောင်၊ ငိုကာညီးကော။ ။ယိုစီးမျက်ရည်၊ ကြွေတော့သည်လေ။

၁၄။ ။ယိုစီးမယေမျက်ရည်၊ ရတက်ပွေ၍၊ လက်ရွှေနှင့်မ၊ ကျမျက်ရည်ကို၊ ဖြေမရကော၊ ဆယ်ဆလွမ်းကြင်၊ သားပန်းပင်လေ၊ မိခင်ရင်သွေး၊ ပုလဲကသွယ်၊ ရွှေးတသွယ်ကို၊ လည်ဝယ်ဆွဲလို့၊ ယည်ကျေးရူပ၊ ရှုမဝအောင်၊ သုရိယ ခေါ်တွင်၊ နေလုလင်သို့၊ ရှုမြင်မဝ၊ မိခင်မယ်တော်၊ ဘွားမြင်ပါကော၊ သားတော်လှကို၊ လောကပါလာ၊ မိုးဣန္ဒာလျှင်၊ သာသနာငါးထောင်၊ စီးပွားဆောင်၍၊ ကောင်းအောင်စောင့်တတ်၊ တန်ခိုးပေါ်ထင် မိုးဘုရင်ကော၊ ရှင်နတ်မြတ်တို့၊ ကြည်ညွတ်စိတ်က၊ သားတမျှသို့၊ စောင်မကြည့်ရှု၊ ဘေးဘယာလေ၊ ဝေးကွာမှုဖြင့်၊ ယခုခါလျှင်၊ မိရင်ခွင်ကို၊ ဝင်ပါစေသား၊ တောင်းဆုပန်ကော၊ မိဋ္ဌာန်ငြားလို့၊ သားရှင်ရောက်ကြောင်း၊ လက်ဆယ်ချောင်းကို၊ ဦးခေါင်းမှာတင်၊ မွေးမိခင်မှာ၊ စိတ်တွင်ကြံဆ၊ ခပ်သိမ်းသူနှင့်၊ တူမမျှကော၊ သုရိယကုမ္မာ၊ မိသည်းချာမှာ၊ တရွာတပြည်၊ ဘေးဘျမ်းကွာ၍၊ အာကာသက၊ ကျတုံလေကော၊ ကြီးငယ်မဟူ၊ ငါသည်းအူကို၊ မြင်သူသနား၊ ရင်၌ဘွားကော၊ သားရင်အသွင်၊ စိတ်ကထင်၍၊ ကြင်ကြင်နာနာ၊ မိသည်းချာကို၊ ရှိပကြစေ၊ ကို့ရွာပြည်သို့၊ မြင့်ရှုည်မကြာ၊ ချမ်းသာစွာဖြင့်၊ ပြန်ကာရောက်စေ၊ ပန်းသပြေ နှင့်၊ ညောင်ရေလည်းလောင်း၊ သားနန်းလျှာလေ၊ ကျန်းမာကြောင်းကို၊ ဆုတောင်းပြုထွေ၊ မကြံသာကော၊ မာတာဘတို့၊ နေရရေလေ ပါရမီရင့်နု၊ မြတ်စိန္တေလေ၊ သဗ္ဗညုကို၊ စံပြုအကြောင်း ပန်ဆုတောင်း သည်၊ အလောင်းသူမြတ်၊ ဘုရားလျာလေ၊ စောသာမိကော၊ ဗောဓိသတ်ဟု၊ မိုးနတ်တမျှ၊ မျိုးသမ္ဘိန်လေ၊ သုရိယက၊ သကုနတွင်၊ ယာဉ်ငှက်ဆင်နှင့်၊ ထက်ခွင်၌သာ၊ လွင့်ကာပါလည်း၊ မဟာသတိုး၊ ဇာမရီသို့၊ သာဂီမျိုးမှာ၊ ထက်မိုးပေါ်တိမ်၊ ညှိုးကာပိန်၍ စိုးရိမ်တွေတိ၊ သေဘေးဆုံ၍၊ တွေ့ကြံဘိလည်း၊ သတိတမန်၊ ညိုဝေဘန်၍၊ ဉာဏ်မြေကတုတ်၊ ပညာစွန်း ကို၊ ချွန်းသို့အုပ်လျက်၊ ကြိုးလှုတ်ကြိုးငင်၊ ထက်တခွင်မှာ၊ ငှက်ဆင်ပင်ဖြစ်၊ ဝါယောမည်ကေ လေနှင့်တိုက်၍၊ မဖျိမာမည်၊ တိုက်အလယ်တွင်၊ ရွှေပြည်ဗာရာတိုင်းအောင်ချာ၏၊ အာကာထက်က၊ မျိုးနရိန်လေ၊ သူရိယမှာ၊ ဒွါရဝတီ ဋ္ဌာနေစပ်ကြား၊ ရိုးမတောင်နှင့်၊ မြိုင်ချောင်တောမှာ၊ မင်းသားနန်းနွယ်။ ။ ငှက်ယာဉ်သာနှင့်၊ အာကာသက၊ ကျတော့သည်လေ။

ဏ္ဍာဏ္ဍာဏ္ဍာ

**သုရိယမင်းလုလင်သည် ထက်စွင်ကငှက်ဆင်**
**နှင့်စွန်ကဲ့သို့ပျံဝဲ၍ သံတွဲမြို့စရှိင်**
**နယ်တွင် ရိုးမ**
**တောင်ခြေနားဋ္ဌ ကျသောကြောင့်**
**လွမ်းတ–ငိုညီး၍ သွားသောတောစခန်းဖွဲ့။**

၁၅။ ။ကျတုံလေကော၊ ဘုန်းကြွယ်မင်းလှ၊ ထက်အာကာက လျှောကာကျလည်း၊ ဘေးဘယဝေး၊ မေးမသန်းကော၊ အေးချမ်းရေးနှင့်၊ ဖြည်းညှင်းလှစွာ၊ ကျသောခါ၌၊ ယာဉ်သာငှက်ဆင်၊ ထက်ကသွင်သို့၊ မရှင်စက်ကျိုး၊ မြီးသည်တန်လေ၊ ပျံသည်ငှက်သို့၊ တောင်လက်ကျိုး၍၊ ဘရိုးဘရာ၊ ကျခြင်းရာကြောင့်၊ ကြံဋ္ဌါခဲခက်သို့အတွက်နှင့်၊ ဖျက်ကာရောပေါင်း၊ ယာဉ်ငှက်ဆင်ကို၊ ညောင်ပင်ခေါင်း၌၊ အလောင်းနန်းလျာ၊ နောက်နောင်ခါလျှင်၊ လိုသော်ရစေ၊ အသီးသီးကို၊ ထားပြီးဝယ်၌၊ သွားမည်စခန်း၊ ခရီးလမ်းကို၊ စိတ်မှန်းဖြောင့်လှည့်၊ တမ်း၍ကြည့်သော်၊ နောက်ရှေ့မျက်နှာ၊ မသွားသာကော၊ သေလာညိုမှောင်၊ ရိုးမတောင်နှင့်၊ ဖိုးခေါင်တောင်တန်း၊ နှစ်မျက်နှာက၊ ပတ်ကာဝန်းလို့၊ သွားလမ်းမသာ၊ မြောက်မျက်နှာမှာ၊ ဟေမာမြိုင်ချောင်၊ မြူခိုးမှောင်ကော၊ တောတောင်ထူထပ်၊ အတန်တန်လေ၊ ရံကာပတ်လို့၊ တောင်ရပ် ဒီသာ၊ ဒက္ခိဏာမှာ၊ သီဒါကမ်းခြေ၊ ရေပြင်ကျယ်ကော၊ ပင်လယ်မြစ်ကမ်း၊ ရှေ့နောက်ဘယ်ညာ၊ လေးမျက်နှာကို၊ မျှော်ကာမှန်းလို့၊ ယော်သမ်ပြီးလျှင်၊ ထက်ကောင်းကင်က၊ ငှက်ဆင်နှင့်သည်၊ မြို့တော်တည်ကော၊ ရွှေပြည်မကို၊ မြင်ခသည် စု၊ မှတ်ရည်ပြီးခါ၊ တောင်မျက်နှာသို့၊ စကြာကွန်းမြန်း၊ ရိုးမဆိုကော၊ ထိုတောင်တန်းကို၊ မှန်း၍ပြီးသော်၊ မင်းသားကျော်မှာ၊ အဘော်မဲ့ဘဲ၊ တောင်မြိုင်ညိုမှာ၊ တကိုယ်တည်းလျှင်၊ အရေးတစုံ၊ အခဲဆုံ၍၊ တွေ့ကြုံတုံလိုက်၊ ဇာဒါတိုင်လေ၊ မခိုင်ကျိုး အောင်၊ ညိုးသည်ခစ်၌၊ ဖြစ်ထိုက်ရာရာ၊ ဘေးဘယာကို၊ တွေးမျှော်ထောက်လို့၊ မကြောက်သာကော၊ ရောက်ရာရောက် ကြောင်း၊ မဟာနွယ်လေ၊ ရွှေနန်းလောင်းမှာ၊ ခြေညောင်းလက်ဆန့်၊ ပန်းဟိုက်နွမ်းဖို့၊ သစ်ရိပ်ညိုတွင်၊ ခိုကာတန့်လို့၊ အခွန့်ရှည်စွာ၊ သွားလေပါက၊ ဟေမာရကုံ၊ မြူခိုးချုံလို့၊ နွယ်ခြံထွေးရှက်၊ ညွှန့်ဖူးဆင်ကော၊ ပင်ပေါ်ထက်က၊ သစ်ရွက်လျှော်

ချိန်၊ အခါကြိမ်၍၊ သူရိန်နေမင်း၊ မှောင်ကိုပယ်ကော၊ ရောင်ခြည်ချင်းလို့၊ ပူပြင်းထိန်လျှံ၊ သူရကံလေ၊ ဂိမ္ဘန်သမယ၊ ချိန်မာသဥ္၊ ညနေညိုညို မ-အဘိုကို တ-ဆိုကျော်ကျူး၊ ဥဩညိုရောင်၊ ကုက္ကလောင်တို့၊ တောင်မြောက်ကူးသို့၊ မြူးတူးကြွေးကျော်၊ ငှက်မောင်နှံလေ၊ တွန်သံများကို၊ ကြားသောခါ၌၊ လောင်းလျှာသုရိယ။ ။ မိဘနေကော၊ ရွှေပြည်နန်းကို၊ လွမ်းကာတရေ။

လွမ်းကာတကော၊ နန်းမအောင်ချာ၊ နဂရာတွင်၊ ရတနာရောင်ထွန်း၊ မှန်ဂင်းတောင်ကော၊ ပြောင်ပြောင်ရွှမ်းလို့၊ ကြငှန်းရိပ်ညိမ်၊ နန်းကာသိန်မှာ၊ ရာဇိန်မွေးဘ၊ ညီလာသဘင်၊ ချိန်ခါတွင်လေ၊ ခိုဝင်ကြတော၊ များလှသောင်းသောင်း၊ ရွှေကျိုးသွယ်ကော၊ စလွယ်ပေါင်းနှင့် ထီးဆောင်းစော်ဘွား၊ ရာတပါးဟု၊ မင်းသားမင်းမြေး၊ သီတာဥဂ္ဂင်၊ ညီလာဝင်ကော၊ သဘင်ပွဲမှာ၊ ခမည်းမင်းမြတ်၊ လောကနတ်က၊ ဩရသ်ရတနာ၊ မောင့်ကိုသာလေ၊ မျှော်ပါလိမ့်မည်၊ နန်းရဝေမှာ၊ မွေးသည်မိခင်၊ ရွှေနို့ရှင်လျှင်၊ သဇင်ပန်းခက်၊ သားနန်းလျှာလေ၊ ငါ၏ထွက်ကြောင့်၊ တရက်မဟူ၊ ကျွတ်ကျွတ်ဆူပျာ၊ ပူပါလိမ့်မည်၊ နန်းရွှေပြည်မှာ၊ အငယ်ကပင်၊ နေလသွင်သို့၊ ရွှေစင်ပုလဲ၊ တသက်တွင်လေ၊ တရင်သောက်ကော၊ တယောက်တည်းလျှင်၊ ရင်သွေးရတနာ၊ မောင့်မှာသော်လေ၊ ငယ်ခါကစ၊ ဘွားဘက်တော်လျှင်၊ ငါးရာခလို့၊ နေ့ညဘန်ဘန်၊ မြရေကန်မှာ ပျော်စံကစား၊ ခါတပါးတွင်၊ ငါးကိုရပြန်၊ သက်ဝိဥာဏ်သို့၊ သိန်းစွန်ထိုးသုတ်၊ ဆရာမွန်တို့၊ သစ်ကိုဖြတ်ခုတ်၊ အသက်ရှင်သို့၊ ငှက်ဆင်ရုပ်ကို၊ လုပ်၍ပေးပါ၊ တောင်းခြင်းရာကြောင့်၊ ပညာထူးကဲ၊ ယာဉ်ငှက်ဆင်လေ၊ သွင်အရုပ်ကို၊ လုပ်ကာပေး၍၊ ကြိုးဆွဲကြိုးငင်၊ တတ်အောင်သင်ကော၊ ငါလျှင်ပျော်ပါး၊ နေ့မကျဲကို၊ ပျံကစားလို့၊ ပယ်ရှားကာရှောင်၊ မြတ်ဆရာလေ၊ မှာစကားကို၊ နားမထောင်ဘဲ၊ တိမ်တောင်အထက်၊ ငှက်ယာဉ်ပျံနှင့်၊ အလွန်တကို့၊ အထက်မိုးပြင်၊ သက်ကြိုးမျှင်ကို၊ ဆွဲငင်ကာချ၊ တိမ်ဗဟိုရ်မှာ၊ လိုမရ၍၊ မကျသောခါ၊ အာကာဘွေတွင်၊ လေလျှင်လွှင့်က၊ လွင့်လို့ပါလည်း၊ ခန္ဓာသက်သည်၊ ပျက်မကွယ်ဘဲ၊ ဤသည်နေရာ၊ ကောင်သေလာနှင့်၊ ဟေမာတောဝ၊ အာကာတွေက၊ မြေမှာကျကော၊ သကုနငှက်၊ လွန်ကျန်းခိုင်လည်း၊ စက်ယည်ကြိုးလျှင်၊ ကျိုးပိုင်းပျက်လို့၊ အထက်အာကာ၊ တက်ကာလွှားလို့၊ မသွားသာကေထိုခါရကြောင်း၊ ယာဉ်ငှက်ဆင်ကို၊ ညောင်ပင်ခေါင်းမှာ၊ စုပေါင်းစဲထွေ၊ ထားခဲ့ပေကော၊ ကြံစည်ခက်ခဲ၊ ဗာရာမည်ကော၊ ရွှေပြည်ကျေးနှင့်၊ ဝေးနိုင်သမျှ၊ ဘယ်ဌာနေလေ၊ ဘယ်ဒေသမှာ၊ မိဘရွှေပြည်၊ ရှိလေသည်ဟု၊ ရိပ်ခြေတစိ၊ ပြည်ဗာရာကို၊ ရည်ရော်မှန်းကော၊ လမ်းမသိဘဲ၊ ဘဝမိနှင့်ကွာ၊ ဟေမာဝါမှာ၊ ပြည်ရွာနှင့်ဝေး၊ သွားဘက်ကျွန်တော်၊ ရံငါးရာလေ၊ အဘော်ကွဲလို့၊ လုံးချည်းတကိုယ်၊ ငါမင်းပျိုမှာ၊ မြိုင်ညိုတောထဲ၊ လွမ်းပူတုံလေ၊ ကြုံတုံခဲ့ကော၊ ဝမ်းနဲမပြေနိုင်တော့ဘူးလေ။

၁၆။ ။ဝမ်းနဲမယေမပြေ၊ နန်းရဝေမှာ၊ ရွှေစည်ဆော်ယွမ်း၊ ညီလာဝင်ကော၊ သဘင်နန်းမှာ၊ နန်းတွင်းနန်းပြင်၊ သားသည်းချာလေ၊ ရွှေလှော်ဥကို၊ ရှုမမြင်ဘဲ၊ သေရှင်ကိစ္စ မသိရ၍၊ စိတ်ကညိုးငယ်၊ ငါ့ကြောင့်မူလေ၊ လူမသိအောင်၊ ပူလိမ်မည်လေ၊ အတည်အမြဲ၊ သားရွှေစင်နှင့်၊ မိခင်တွဲ၍၊ ဆင်းရဲငြိုငြင်၊ တောမြိုင်ခွင်တွင်၊ သေရှင်မတတ်၊ ရသေ့မွှန်မှာ၊ ပျံကာရှိုးကော၊ ဈာန်ကြိုးပြတ်ယောက်၊ မိုးရပ်ကောင်းကင်၊ ယာဉ်ငှက်ဆင်လျှင်၊ လေရှင်မုန်တိုင်း၊ ခတ်ချိုးလှိုင်းသို့၊ ကျိုးပိုင်းထွားညက်၊ သမုဒ်ကျယ်လေ၊ ပင်လယ်ကြောမှာ၊ သဘော်ပျက်သို့၊ အသက်မသေ၊ ဤနေရာလေ၊ ဤဌာနမှာ၊ ကျလာပေကော၊ ကြံစည်မမြောက်၊ ဘွားဘက်များစွာ၊ ရံငါးရာလေ၊ ဘော်တယောက်မျှ၊ နောက်လိုက်မပါ၊ ဟေမဝါက၊ ပြည်ရွာဌာနေ၊ ရှိလေသည်ကို၊ ရိပ်ခြေမသိ၊ အကြင်သူလေ၊ လူမထွိကော၊ မွေးမိမမြင်၊ ချစ်မြတ်ကြင်ကော၊ ဘခင်မကြား၊ တောင်သေလာလျှင်၊ ဟေမာတောမှာ၊ ဘ-ဘွားမိခင်၊ သားရွှေစင်ကို၊ မြင်ပါခလိုက်၊ တကာဆိုကော၊ ငိုကာရှိုက်လို့၊ လောင်းစစ်မင်းကျော်၊ တောဟေမာက၊ ပြည်ရွာတခြား၊ မနေသာကော၊ တွေ့ရှာသွားလို့၊ သစ်ကျားဘေးရန်၊ အတန်တန်ကို၊ မရွံမကြောက်၊ ရိုးမတောင်နှင့်၊ ဖိုးခေါင်အောက်က၊ စမ်းချောက်အင်းအိုင်၊ ဂနိုင်ထိုထို၊ မြိုင်ညိုညိုမှာ၊ တကိုယ်တော်တန်း၊ ဘော်မပါကော၊ ယော်ကာယမ်းလို့၊ ပန်းရိန္ဒမ်းကာ၊ လှန်းလေပါကော၊ ဟေမဝါမြိုင်၊ သေလာဆိုင်မှာ၊ တောင်စိုင်ပတ်ဝန်း၊ ဘော်ကွဲသူတို့၊ ဆွေးပူလွမ်းအောင်၊ ပန်းငှက်သီးခိုင်၊ ရိပ်မြိုင်မြိုင်နှင့်၊ စမ်းအိုင်ထူးပေါက်၊ နွေရာသီမှာ၊ ရီမနောက်ဘဲ၊ နတ်သောက်တွင်းကန်၊ ကဘယံမှာ၊ ဈာန်ကမ္ဘဌာန်း၊ ဘာဝနာဖြင့်၊ ရှာကြိုးပန်းကော၊ ဗဟန်းကျောက်ဖျာ၊ ဆေးကြိတ်ရာနှင့်၊ ဝိဇ္ဇာဇော်ဂျီ၊ တာပသီတို့၊ မှီခိုင်ကျိန်းအောင်၊ ကျောက်အန္တဂူ၊ သလင်းဖြူကော၊ လှိုင်ဂူခေါင်းနှင့်၊ အလောင်းမင်းလှ၊ တန့်နားကာနေ၊ ပန်းမောဖြေသို့၊ သွားလေကလျှင်၊ ဒွါရဝတီ၊ နာမချီကေ ဌာနေ နီးဟပ်၊ သာမောလှိုင်ကော၊ တောမြိုင်စပ်တွင်၊ တန့်ရပ်ပြီးလျှင်၊ သပြေပင်၌၊ နေဝင်ဆည်းဆာ၊ မသွားသာ၍၊ နာကာခို တွယ်၊ ရိပ်ဆာယာမှာ၊ အိပ်ပျော်ငြားကော၊ မောပန်းဖြေရေ။

ဖဿဖဿဖဿ

## ရန်သူကြံခဲ့သော်
## စွန်ကဲ့သို့ပျံဝဲသော သံတွဲမြို့၏အထူးပွတ္တိကို
## အနည်းငယ်ပြခန်း။

၁၇။ ။ပန်းမောဖြေကော၊ နားနေတုံလတ်၊ မြို့ဒွါရံကို၊ သံနှင့်တွဲကော၊ နည်းထုပွတ်ကို၊ စပ်ဟပ်ကာရန်၊ ကျမ်းအလာလေ၊ စာအရဖြင့်၊ ပြကာညွှန်မည်၊ ကက္ကုသံမြတ်စွာ၊ လက်ထက်တော်က၊ များစွာလူပေါင်း၊ နှစ်-နှစ်သောင်းလျှင်၊ မြင့်ညောင်းသက်ရှည်၊ ထိုခါဝယ်၌၊ ရွှေပြည်နဂရ၊ သမုတ်ခေါ်သည်၊ ဥတ္တရာပထ၊ နဂရကို၊ ပိုင်သစိုးခြင်း၊ ကံသမင်းမှာ၊ သားရင်းနှစ်ယောက်၊ တဝမ်းပေါက်နှင့်၊ ထိုနောက်တသီး၊ ချစ်မညီးကော၊ သွီးတော်လှ၊ နန်းပင်တိုင်ကို၊ အပိုင်ရကော၊ ဒေဝကဗ္ဘော၊ ဆောင်ကြာပျော်လေ၊ တောင်ညာဘွားတို့၊ ထွန်းကားရာတွင်၊ ခမည်းတော်မြတ်၊ နတ်ရွာစံကော၊ လွန်ပြန်လတ်က၊ ဩရသ်တွင်ပြီး၊ သားတော်ကြီးလျှင်၊ ထီးနန်းဆက်ခံ၊ သဟောက်ညီလေ၊ နရိန်ငွေမှာ၊ အိမ်ရှေ့စံလို့၊ ရုပ်ဟံရှုပ်၊ နန်းပင်တိုင်မှာ၊ ပြိုင်မမျှကော၊ ဒေဝဂဗ္ဘော၊ ဆောင်ကြာပျော်လေ၊ တောင်ညာဘွားသို့၊ ထွန်းကားရာတွင်၊ ခမည်းတော်မြတ်၊ နတ်ရွာစံကော၊ လွန်ပြန်လတ်က၊ ဩရသ်တွင်ပြီး၊ သားတော်ကြီးလျှင်၊ ထီးနန်းဆက်ခံ၊ အဟောက်ညီလေ၊ နရိန်ငွေ့မှာ၊ အိမ်ရှေ့စံလို့၊ ရုပ်ဟံရှုပ၊ နန်းပင်တိုင်မှာ၊ ပြိုင်မမျှကော၊ ဒေဝဂဗ္ဘာ၊ နှမတော်လျှင်၊ အခါသမယ၊ မြင့်တာရှည်လေ၊ နေကာလ၌၊ ဥပသာဂရ၊ နာမတွင်ငြား၊ စောဘုန်းမိုကော၊ ထိုမင်းသားနှင့်၊ ယည်ပါးလေတုံ၊ နှစ်ဦးစပ်ကော၊ ဂဗ္ဘာကြံလို့၊ ဥတုံပရ၊ သွီးလှကို၊ ပဋ္ဌမဘွားမြော်၊ နောက်တခါ၌၊ ရတနာပတ္တမြား၊ တယောက်သားကို၊ ပေါက်ဘွားပြီးမှ၊ နှစ်ယောက်ရလျှင်၊ ပုတ္တရင်သွေး၊ ဋင်းနည်းဖြင့်၊ သုံးလေးငါးခြောက်၊ ခုနစ်ယောက်နှင့်၊ ရှစ်ယောက်သောသား၊ ကိုးယောက်ဘွားလျက်၊ နောက်ဘွားတုံလိုက်၊ သားတကျိတ်ကို၊ မွေးမိမာတာ၊ ဘွားတုံပါလည်း၊ မောင်တော်မှန်ဂင်း၊ နှစ်ပါးမင်းတို့၊ သတင်းစကား႟ဘွားမြင်မြော်ကော၊ ခြင်းရာများကို၊ မကြားမသိ၊ အရိပ်မိအောင်၊ ပရိယာယ်များစွာ၊ အဖြာဖြာဖြင့်၊ ကြံကာလည်းဆာ၊ မိန်းမငယ်နှင့်၊ လဲလှယ်ပြ၍၊ နာမသညာ၊ သတို့သားကို၊ ထားခြင်းရာက၊ ဝါသုဒေဝ၊ ဗလဒေဝါ၊ စန္ဒာဒေဝ၊ သုရိယမည်ရှိ၊ အဂ္ဂိဒေဝ၊ ဝရုဏ္ဏနှင့်၊ အဇ္ဇုန-သဇ္ဇန၊ အမည်ရသည်၊ ယတပဏ္ဍိတ၊ အင်္ကုရဟု၊ ဒသပါတိတ်၊ သားတကျိတ်နှင့် သွီးတော်လှ၊ မြပန်းခိုင်သို့၊ အဥ္စနကို၊ နောက်မှမြင်ဘွား၊ ကုသိုလ်ဟုံလေ၊ ဂုဏ်သတ္တိနှင့်၊ တကျိတ်သားတို့၊ ကြီးပွားသောခါ၊ ဦးရီးတော်၏၊ ပြည်ရွာနန်းထီး၊ အသီးသီးကို၊ ဖျက်ဆီးတိုက်ခိုက်၊ မင်းအဖြစ်သို့၊ စင်စစ်ရောက်ခါ၊ ခမည်းတော်နှင့်၊ မယ်တော်တို့အား၊ နန်းဝေယျာန်မှာ၊ စံကာထားလို့၊ မင်းသားညီနောင်၊ ဇမ္ဗူတောင်မှာ၊ ဘုန်းရောင်ထွန်းလှိုက်၊ ထီးစိုက်နန်းတည်၊ အပြည်ပြည်ကို၊ လှည့်လည်တိုက်လို့။ သိမ်းပိုက်ပြီးမှ၊ ဒွါရဝတီ၊ တိုင်း႑ာနီသို့၊ ချီလာကြ၍၊ များလှဗိုလ်ပါ၊ စစ်အင်္ဂါနှင့်၊ ပတ်ကာဝန်းရံ၊ တိုက်မည်ကြံသော်၊ ရန်သူလက်ထဲ၊ မြို့သံတွဲလျှင်၊ စွန်ကဲ့သို့သာ၊ ပျံဝဲကာဖြင့်၊ သမုဒ္ဒရာအလယ်၊ သောင်ကျွန်းစွယ်တွင်၊ တည်နေတုံမြော်၊ ရန်သူပြန်သော်၊ တဘန်ရောက်က၊ ထိုနောက်တခါ၊ တိုက်မည်လာလည်း၊ ဘွေရှာမရ၊ အလီလီကော၊ သုံးကြိမ်ကျက၊ ဂဏှဒီပါ၊ သညာတွင်မြဲ၊ ရသေ့ထံလေ၊ ပန်ကာမေး၍၊ နည်းနာအရ၊ ဝဲမပျံအောင်၊ သံနှင့်တွဲကော၊ တိုက်ခဲ့ကြမှ၊ ရတော့လေသည်၊ သို့ဖြစ်ပေ၍၊ နာမည်မချို့၊ ရန်သူကြံသော်၊ ပျံကာဝဲကော၊ သံတွဲမြို့ဟု၊ လူတို့ခေါ်ကြ၊ လေးမျက်နှာကို၊ ထွက်ကာလှမ်းကော၊ တံခါးဝကြောင့်၊ ဒွါရဝတီ၊ တိုင်း႑ာနီဟု၊ သည်တွင်ဘိ၊ ရှေ့ကျမ်းဂန်မာ၊ ညွှန်သို့ရှိကော၊ သိကြပါစေ။ ။ကြောင်းခြင်းရာကို၊ ကဗျာဆန်းနှင့်ညွှန်းပြရေလေ။

၁၈။ ။ညွှန်းကာပြကော၊ ဒသဝါတိ၊ အမည်ရှိသည်၊ တကျိတ်ညီနောင်၊ ဇမ္ဗူတောင်မှာ၊ သုံးထောင်ခြောက်သောင်း၊ ဘရာဇာဟု၊ အာဏာချင်းကော၊ မင်းအပေါင်းတို့၊ ထောင်းထောင်းထွားညက်၊ စက်လက်နက်နှင့်၊ အသက်ကိုသတ်၊ ပြည်ထီးနန်းကို၊ သိမ်းမြန်းလတ်၍၊ ပတ်လည်ရံဝိုင်း၊ ဇမ္ဗူ့ သပြေ၊ ပံသုမြေမှာ၊ တည်သမိုင်းနှင့်၊ တိုင်းအသွယ်သွယ်၊ ပြည်အချို့ချို့၊ မြို့အသီးသီး၊ ထီးအဆောင်ဆောင်၊ သိမ်းကာအောင်၍၊ ညီနောင်ဆယ်ဦး၊ ဆယ်ဘို့ပြု၍၊ ဝေစုသင့်ရာ၊ သံတွဲမြို့က၊ အုပ်စိုးကာဖြင့်၊ စံပျော်ကာလ၊ ထိုမင်းသီးသီး၊ သားသွီးတို့၊ ပျက်ကိန်းကျသော်၊ ကဏှဒီပါယန၊ အသိလွန်၍၊ ဘိဉာဏ်ရကော၊ တာပသတွင်ငြား၊ ရသေ့အားကို၊ ပြစ်မှားကျူးလွန်၊ အမှုကံကြောင့်၊ ခိုက်ရန်ဖြစ်မြော်၊ သူတို့ချင်းချင်း၊ ပျက်စီးခြင်းသို့။ လက်ငင်းရောက်၍၊ ထိုနောက်ပြီးမှ၊ ပရောဟိတ၊ နှမတော်လေ၊ အဥ္စနနှင့်၊ တူကွပေါင်းဘော်၊ မြို့ဝေသာက၊ ပြည်ရွာထီးနန်း၊ အခန်းခန်းကို၊ သိမ်းမြန်းပိုက်ထုတ်၊ တမင်းမူကော၊ ထီးဖြူချုပ်လို့၊ စိုးအုပ်စည်လာ၊ မင်းဆက်ဆက်တို့၊ ဆင်းသက်ကာဖြင့်၊ နွယ်လာဝံသ၊ ခတ္တိယတို့၊ ဒွါရဝတီ၊ ပြည်ႆာနီကို၊ ခွန်ဆီစိုးရ၊ အယုဇ္ဈဟု၊ နရသနင်း၊ လူတကာကို၊ အာဏာချင်းကော၊ မင်းမြတ်ရာဇာ၊ ကြီးတန်းခိုးနှင့်၊ စိုးစည်ခါ၌၊ တောင်ညာထွတ်ထား၊ မိဖုရားမှာ၊ သားရတနာ၊ နေပျော်လှုံကော၊ ရွှေဘုံနန်းမှာ၊ မထွန်းပါဘဲ၊ မီတာထွင်ပြီး၊ ရှုမငြီးကော၊ သွီးတော်လှ၊ တယောက်ရက၊ ကဥ္စနဒေဝီ

အမည်မှဲ့လို့၊ ရွှေဘွဲ့ချီကော၊ ဒါလီပုလဲ၊ ရှုမရဲအောင်၊ ရင်သွေးရတနာ၊ သွီးတော်ကို၊ မာတာပီတာ၊ မိနှင့်ဘတို့၊ ယုယမြတ်လေး၊ မျက်ရှုဆင်ကော၊ သုတ်သင်မွေးက၊ ယည်ကျေးရှုပ၊ ရှုမဝအောင်၊ မန္ဒချိန်ရွယ်၊ ရောက်တုံလေသော်၊ တင့်တယ်ချောမော၊ မညိုမဖြူ၊ ကြံမဆူကော၊ ထူမပါးဘဲ၊ စောမင်းသွီး တိုမရှည်လေ၊ ငယ်မကြီးကော၊ စံသီးရှုပ၊ မျက်ထားချိုကော၊ ကိုယ်ဟံလှနှင့်၊ မိန်းမကျက်သရေ၊ အင်ငါးသွယ်ကော၊ တင်ကျယ်ခါးစီး၊ ပန်းကြာညိုသို့၊ ကိုယ်နံ့မွှေးလို့၊ ပွန္နေးဆောင်းခါ၊ နွေမှာအေးချမ်း၊ အသားညှံ့စွာ၊ သူ့ခန္ဓာမှာ၊ နုဝါဂွမ်းသို့၊ ပထွန်းကိုယ်ရောင်၊ ဆံကေသီမှာ၊ ဆီမလိမ်းဘဲ၊ စိမ်းညိုပြောင်နှင့်၊ သုံးဘောင်ကကျူး၊ တထွာကူးသို့၊ နဖူးပါးပြင်၊ ကြောခြင်ခြေလက်၊ လည်ဆက်မိတ်ဖျား၊ သွတင်ပါးနှင့်၊ ရင်ခါးပက်ခုံး၊ ကာယဆိုကော၊ တကိုယ်လုံးကို၊ စုံရုံးတုံလိုက်၊ မုန်းစရာကို၊ ရှာစီးစစ်က၊ အညစ်မထင်၊ အဖြစ်စင်ကော၊ ချစ်ခင်သနား၊ သူ့ကိုမြင်ကော၊ ရှုချင်ငြားသို့။ ယောကျ်ားဟူက၊ စိတ်အလိုမှာ၊ ဖိတ်ယိုကျအောင်၊ မိန်းမကြက်သင်္ဂေ။ ။ နုချောယည်သို့။ ကဥ္စနလျှင်၊ လှတော့သည်လေ။

၁၉။ ။လှတော့သည်လေ၊ အရွယ်လည်းရောက်၊ နန်းရိပ်ခိုကော၊ ပျိုဆတောက်ဟု၊ တယောက်သွီး၊ ရှုမညီးကို၊ မင်းကြီးဘုရင်၊ ဘခင်မှာက၊ တပင်မြနန်း၊ လှအဆန်းဖြင့်၊ ကြဌန်းဗိမာန်၊ ဝေဇယျာန်သို့၊ နေစံစလောက်၊ စိန်ဖန်မှန်နှင့်၊ စီမံဆောက်သို့၊ တယောက်သွီး၊ ရှုမညီးကို၊ မင်းကြီးဘုရင်၊ ဩရသဟု၊ သားလှထင်၍၊ ချစ်ခင်မြတ်လေး၊ အစေခံကော၊ ခြွေရံပေးလို့။ ပုလဲစိန်ကျောက်၊ ထိန်ထိန်တောက်မျှ၊ လက်ကောက်လက်ကြုတ်၊ ကိုယ်သဇင်မှာ၊ ဆင်ယင်ဝတ်ကော၊ လက်စွပ်ဘိုးတန်၊ နှမ်းခြည်ထိုးလို့၊ ပန်းမျိုးရံကော၊ နားပန်နားဋောင်း၊ လျှပ်နွယ်ပြောင်းကော၊ ရောင်မောင်းမောင်းနှင့်၊ ကျောက်ကောင်းမွမ်းမံ၊ သုဝဏ္ဏလေ၊ ရွှေနှင့်မြမှာ၊ နေလဟံသို့၊ ဘိုးတန်ပုလဲ၊ ကြိုးသိင်္ဂီနှင့်၊ သိန်ကာဆွဲကော၊ လည်ရွဲတန်းဆာ၊ ဆန်းကြည်စွာဖြင့်၊ ကွန်ချာနဂါးပတ်၊ အထပ်ထပ်နှင့်၊ ဘယပ်ဘယက်၊ တပြောင်ပြောင်ကော၊ ရောင်လိတ်လက်တိ၊ ပန်းခက်ပန်းနွယ်၊ အသွယ်သွယ်ဖြင့်၊ အထွေအထူး၊ ဆံဆူးဆံထိုး၊ အမျိုးမျိုးကော၊ ခါးကြိုးတန်ဆာ၊ ဒွါဒရာကို၊ ဆင်ကာလည်းဝတ်၊ လှကဥ္စန၊ ငွေတောင်ပျော်ကော၊ မနော်နတ်သို့၊ အထွက်လည်းတင်၊ နန်းတပင်နှင့်၊ ဘခင်မြှောက်ချီး၊ ချစ်သွီးကို၊ အထိမ်းအယူ၊ အခြွေအရံ၊ အစေခံကော၊ ကျွန်ဂုမ္ဘတို့၊ နေ့ညဝန်းရံ၊ နန်းဝေယျာန်မှာ၊ လေသွန်နှင်းသောက်၊ ပြတင်းပေါက်ကို၊ လှိုက်ထောက်နွဲ့ကော၊ ရှုကြည့်မျှော်သော်၊ မွှေ့လျော်စလောက်၊ တပင်တိုင်လေ၊ မြယည်နန်းကို၊ အဆင်းဆောက်သို့၊ တယောက်စံသီး၊ ချစ်သွီးကို၊ အထီးလျှင်ဆို၊ မမြင်လိုကော၊ ယင်ဘိုကိုမျှ၊ ပင်နန်းခွင်ကို၊ မဝင်ရဘဲ၊ သုမနမည်၊ ဒါပန်းသည်လျှင်၊ ဆန်းကြည်စုရုံး၊ မကျန်လေ၊ ပန်းမှန်ကုံးသို့၊ ပန်းကပုံးဆင်လျက်၊ ကဥ္စနဒေဝီ၊ ပန်းသီညီအောင်၊ ချိန်ကာစက်သို့၊ အသက်တမျှ၊ သွီးလှကို၊ မွေးဘမိခင်၊ မျက်ရှုဆင်၍၊ တပင်နန်းမြင့်၊ ဆန်းတကြည်လေ၊ ပန်းနွယ်ရစ်ကော။ ခုနစ်ဆင့်နှင့်၊ တင့်တင့်တယ်တယ်၊ ထားတုံလေကော၊ မေကဥ္စနနုရွှေကိုယ်မှာ၊ ပျိုဖြစ်စက၊ လှချင်-ပချင်၊ ကိုယ်ကိုပျင်လို့။ ဆင်ယင်ချောမော၊ နတ်အလားသို့၊ ဝတ်စားတန်ဆာ၊ ဆန်းကြယ်စွာနှင့်၊ နံ့သာပန်းမန်၊ အသီးသီးကို၊ လိမ်းသုတ်ကျန်၍၊ စံစံပပ၊ တပင်တိုင်လေ၊ ယည်နန်းမမှာ၊ ကဥ္စနမေ။ ။ များခြွေရံနှင့်၊ ပျော်စံမြန်းကော၊ တခန်းနေရေ။

ဖ္ဖဖ္ဖ

## သုရိယနန်းနွယ်ပန်းသည်၏ နေအိမ်တွင် တဲမှီကာ နေထိုင်ရ၍ မေကဥ္စနပြုနဂိုနှင့်၊ မြူရှိုရှို လုပျိုစကားပြောခန်း။

၂၀။ ။တခန်းနေကော၊ နန်းနွယ်နန်းဘွား၊ သုရိယတွင်၊ နန်းလုလင်ကော၊ ရှင်မင်းသားက၊ ပန်းမောလည်းဖြေ၊ စခန်းချွေ၍၊ လှမ်းလေသောခါ၊ တောင်မျက်နှာက၊ သမုဒ္ဒရာကမ်းခြေ၊ ရေပြင်ကျယ်ကော၊ ပင်လယ်ဆီးကာ၊ ရှေ့မျက်နှာက၊ သေလာညိုမှောင်၊ မိုးတမျှသို့၊ ရိုးမတောင်တို့၊ ရံဆောင်ပတ်ဆီး၊ လောကခံတွင်၊ စံမညီးကော၊ ပြည်ကြီးရခိုင်၊ နှံ့ကျော်လှိုင်၍၊ မဏ္ဍိုင်ဝန်းပတ်၊ သမိုင်းချီးသည်၊ ဒီလေးရပ်တွင်၊ တရပ်အဝင်၊ လွန်ပေါ်ထင်၍၊ ခေါ်တွင်နာမ၊ ကျော်ပေါက်ပြကော၊ ဒွါရာဝတီ၊ မြို့ဌာနီကို၊ သာဂီမင်းလှ၊ သုရိယလျှင်၊ စိတ်ကညိုးငယ်၊ ဖူးစာဘန်ကော၊ ရှေးကံထောက်တို့၊ ရောက်တုံလေသော်၊ တဲနေစရာ၊ မြို့တော်သာမှာ၊ ဘွေရှာကာလ၊ ပန်းသည်ဆိုကော၊ ဒါအိုမ၏၊ နေထရိပ်ငြိမ်၊ ဗိမာန်အိမ်တွင်၊ တဲမှီရကြောင်း၊ ဒါပေါင်ရှင်ကို၊ မြင်လေတုံငြား၊ ကို့ဝမ်းတွင်လေ၊ ကြင်သို့သွားကော၊ သားမြေးအသွင်၊ စိတ်ကထင်၍၊ လုလင်ငဲ့မြေး၊

ဘယ်အရေးကြောင့်၊ ရပ်ဝေးကလာ၊ ပေါင်အိမ်မှာလျှင်၊ တဲလှာသနည်း၊ ကြောင်းကုန်စင်ကို၊ ကျွန်ကြောင်းရေးကို၊ ဖြည်းဖြည်းသာသာ၊ နက်ဖြန်ခါမှ၊ ပြောပါရစေ၊ ဆိုတုံလေကော၊ ထိုသည်အခါ၊ လှေကားခုံက၊ ခြေစုံရပ်လို့၊ တက်လတ်ခေါ်ဗျာ၊ အိမ်ပေါ်အတွင်း၊ ဘိုးဒါပေါင်မှာ၊ ချိုင်ပေါင်ဟင်းနှင့်၊ ခုချင်းရောင်းရာ၊ တောင်းခြင်းခေါ်ကော၊ ငလဝါပေါင်းစောက်၊ မင်းသားမောင်ကို၊ ဖင်ထောင်ခြောက်နှင့်၊ သောက်ပါစားပါ၊ ကျွေးဟင်းရာနှင့်၊ ရလာလက်သုတ်၊ တခွက်လုပ်လို့၊ ငရုပ်အတန်၊ ပေးလေပြန်ကော၊ ဘုန်းကံကြီးငြား၊ မောင်လုလင်ကော၊ ရှင်မင်းသားလည်း၊ နွမ်းပါးခစ်တွင်၊ စားတုံကျင်၍၊ နေဝင်ပြီးနောက်၊ ထိုသည်အိမ်မှာ၊ အိမ်ချိန်ရောက်က၊ သပေါက်တထည်၊ အလယ်ထွားညက်၊ အနားပျက်နှင့်၊ ပြော့ထက်မှာသိပ်၊ သုရိယကုမ္မာ၊ မင်းသားကျော်မှာ၊ စက်ပျော်အိပ်ကော၊ ။ ရွှေစိတ်မရွှင်နိုင်တော့ဘူးလေ။

၂၁။ ။ရွှေစိတ်မယေခရွှင်၊ အိပ်တုံကျင်၍၊ နေဝင်မိုးသောက်၊ တနေ့ရောက်က၊ စောစောထ၍၊ သုမနပန်းသည်၊ ဥယျာဉ်တောသို့၊ သွားတုံလေ၍၊ ညို-ရွှေ-ဖြူ-နီ၊ ပန်းခဘင်းကို၊ ညှာချင်းစီ၍၊ ကုံးသီတုံလျက်၊ နေ့တိုင်းပမာ၊ မေ့ကဥ္စာကို၊ သွားကာဆက်၍၊ ချက်ချင်းမကြာ၊ ပြန်၍လာကော၊ အိမ်မှာရောက်လျှင်၊ လောင်းကျော်ထင်က၊ ဒါရင်ပေါင်မ၊ ရေးအရာကို၊ မေးပါရစေ၊ ပုပ္ဖမာလာ၊ ပန်းများစွာကို၊ ဈေးမှာသွားထွေ၊ ဝယ်လိုသူလေ၊ လူအပေါင်းကို၊ ရောင်းခီရေလား၊ မေးလေသောခါ၊ ရှင်မင်းသားကို၊ ပြောခြင်းရာက၊ ဈေးမှာသွားရောင်း၊ ပန်းအပေါင်းကို၊ မရောင်းပါချေ။ အကြောင်းသည်က၊ ဤပြည်သခင်၊ ထီးနန်းရှင်ဟု၊ ဘုရင်မင်းကြီး၊ သွီးတော်လှ၊ နန်းပင်တိုင်မှာ၊ ကဥ္စနကို၊ ပေါင်မမနေ၊ ပန်းမာလာကို၊ နန်းတော်ထက်မှာ၊ ဆက်ရရေဟု၊ ပြောသည်ကာလ၊ လောင်းသမ္ဘိန်လေ၊ သုရိယက၊ ကဥ္စနပဖါ၊ လှကလျာဟု၊ သညာနာမ၊ သတင်းတော်ကို၊ ကြားပါရက၊ ဘဝရှေးခါတူနှစ်ဖြာလျှင်၊ လှူဒါကောင်းမှု၊ ဘုရားဂူမှာ၊ ဆုယူတောင်းကော၊ အကြောင်းပြုသို့၊ တဦးရုပ်သွင်၊ တဦးဝင်လေ၊ မမြင်ကြငြား၊ လှသက်ဝေလေ၊ တင့်တယ်ခြင်းကို၊ သတင်းကြားနှင့်၊ မင်းသားလုလင်၊ မေမ္ဘိန်းရှင်ကို၊ ကြင်ချင်သည်စိတ်၊ စေတသိက်ကို မကြိတ်နိုင်ပြီ၊ ဥယျာဉ်သာကို၊ ကျွန်တော်တစစ်၊ လိုက်ပါရစေ၊ ဆိုတုံပေ၍၊ မနေတူကွ၊ ပန်းသည်ဆိုကော၊ ဒါအိုမနှင့်၊ သွားကြပြီးခါ၊ ပန်းတကာကို၊ ပင်ပေါ်အထက်၊ မင်းသားကျော်မှာ၊ လွှားကာတက်လို့၊ လှမ်းလျက်ကိုင်ဆွဲ၊ ပန်းသည်ဒါကို၊ ဆွတ်ကာပေးကော၊ မွှေးနံ့လှိုင်စွာ၊ ယူ၍လာပျာ၊ အိမ်မှာရောက်လျှင်၊ ပင်နန်းရှင်ကို၊ ဆင်ခြင်သည်စိတ်၊ လေပြင်းထံတွင်၊ တန်းခွန်ရိပ်သို့၊ တဆိတ်ဆွဆွ၊ ပန်းသည်ဆိုကော၊ ဒါအိုမကို၊ ကုံးရပါစေ၊ ပြောတုံလေကော၊ အရွယ်ရောက်စ၊ ပေါင်ချစ်သူကော၊ မြေးဖြူလှလေ၊ ကဥ္စနတွင်၊ လှပိုင်ပြင်နှင့်၊ တပင်မင်းသွီးဖြစ်တုံပြီး၍၊ စိတ်ကြီးဝင်မြောက်၊ မြေးဖြူစင်ကော၊ သင်လျှင်ကုံးကော၊ ပုန်းကုံးလှောက်ကို၊ ပျိုပေါက်နန်းစံ၊ ကေသာဆံမှာ၊ ပန်မည်အပြင်၊ ကိုင်လို့ပင်လေ၊ ကြည့်ချင်လိမ့်မည်၊ ဇကဝုက်ကော၊ မဟုတ်ချေလေ၊ သေသေချာချာ၊ ပေါင်မမှာက၊ ငယ်ခါကပင်၊ တတ်လိမ္မာလေ၊ ဆရာမြတ်ထံ၊ လက်ထပ်သပ်သို့၊ တော်ဝင်ပန်းကုံး၊ နန်းတော်သုံးကို၊ ငါကုံးတတ်သည်။ ။ မောင်လုလင်လေ၊ ပေါင်ရှင်မြီးမှာ၊ ငြိမ်းငြိမ်းနေလေ။

ဖြဴ**ဖြဴ**ဖြဴ

## အဆန်းအထူး၊ လှမ်းမဆုံးအောင် ပန်းကုံးစန်း။

၂၂။ ။ငြိမ်းငြိမ်းနေလေ၊ ဆိုသည်ကာလ၊ မင်းလူပျိုမှာ၊ ဒါအိုမကို၊ ကုံးရစေကြောင်း၊ နောက်တဘန်လေ၊ ထပ်မံတောင်းသော်၊ မကောင်းနွမ်းညှိုး၊ ပန်းအဆိုးနှင့်၊ ပိုးထိုးလောက်ကိုက်၊ ဟောင်းအညစ်ကို၊ ပစ်လိုက်တက်စား၊ ငါးကြီးမေမှာ၊ ပီးလေငြားက၊ မင်းသားလုလင်၊ သာမညဖြင့်၊ ကုံးပြကျင်သော်၊ မြင်သည်ကာလ၊ ရွယ်ဝယာလေ၊ သေခါနီးကော၊ ဝါကြီးမမှာ၊ မြီးလှသက်နှံ၊ ပန်းကုံးရံလေ၊ တတ်ပြန်ရကား၊ သို့ဖြစ်ငြားလျှင်၊ ပန်းများလှစွာ။ နက်ဖြန်ခါပင်၊ ကုံးပါဟုဆို၊ စိတ်နုပျို၍၊ ချိုချိုပြုံးပြုံး၊ ဒါပေါင်အိုမှာ၊ ကိုယ်လျှင်ကုံးကော၊ ပန်းကုံးကိုလျှင်၊ လှကဥ္စာကို၊ နန်းတော်ထက်မှာ၊ ဆက်ပြီးကျင်မှ၊ လျှင်စွာပြန်မြောက်၊ မိမိနီကော၊ နေအိမ်ရောက်က၊ စားသောက်အိပ်နေ၊ နေရောင်ခြည်လျှင်၊ မှောင်ကွယ်ပြီးနောက်၊ ရှေ့မျက်နှာက၊ ထွက်ပေါ်ဝင်းကော၊ မိုးလင်းသောက်သော်၊ တယောက်မြီးဖြူ တဲနီသူကို၊ ခေါ်ယူပြီးမှ၊ ပန်းသည်ဆိုကော၊ ဒါအိုမမှာ၊ သုရိယကုမ္မာ၊ မင်းသားကျော်နှင့်၊ ဂန္ဓာနံ့လှိုင်၊ ပန်းဥယျာဉ်မှာ၊ ကိုင်ကာလှမ်းညွတ်၊ ပုပ္ဖမာလာ၊ လှရာရာကို၊ ရွှီးကာဆွတ်လို့၊ စလတ်ခတ္တာ၊ ဆတ်သဝါနှင့်၊ နော်ဇာကျက်ရုံး၊ နန်းတော်သူဆင်၊ ပန်းတော်ဝင်ကော၊ သဇင်ကုံးနှင့်၊ ဂမုန်းနှင်းဇီ၊ သရဖီကော၊ နာရီရင်ဂတ်၊ နီဝတ်ဆံနှင့်၊ ပွင့်ပြန်လတ်ကော၊ ဖက်ဆွတ်ကန့်ကော်၊ ရန့်ဖြာလို့၊

ရင့်မာပုန်းညက်၊ ဥယျာဉ်သာတွင်၊ ပင်ပေါ်ထက်မှာ၊ ကရမက်နံ့ကြူ စန္ဒကူတို့၊ ပန်းဖြူပန်းနီ၊ ပန်းရွှေပီနှင့်၊ နွေနီကြိုင်ရွှမ်း၊ ရွှေတူငွေတူ၊ ဒဝေကြူကော၊ မဥ္စူပန်းက၊ နမ်းတိုင်းလည်းဧ၊ တ-တိုင်းမွှေးလို့၊ သည်းတော်စွယ်တော်၊ အဝေရာကော၊ ရွှေဝါပတောက်၊ သရဖီမာလာ၊ ကတ္တိပါလေ၊ နီဝါရွှမ်းကော၊ ပန်းကြက်မောက်နှင့်၊ ခေါက်ရန်းခေါ်တွင်၊ ဂေါ်သဇင်ကော၊ တော်ဝင်ဘွဲ့ရ၊ ကေသာဆံမှာ၊ ပန်းတိုင်းလှကော၊ စံကားစမွယ်၊ အသွယ်သွယ်လျှင်၊ ဖြူရွှေဝါဝင်း၊ ထုံပျံ့ကြိုင်ကြိုင်၊ ရနံ့လှိုင်ကော၊ ဥယျာဉ်တွင်းမှာ၊ အင်ဂြင်းရိုးနီ ညှာချင်းစီလို့၊ ရာသီမလတ်။ ။ ပန်းမျိုးစုံစွာ၊ လှရာရာကို၊ ရွီးကာဆွတ်ကေ။

၂၃။ ။ရွီးကာဆွတ်ကေ၊ ပွင့်ချပ်မာလာ၊ အဖြာဖြာလျှင်၊ များစွာပန်းပေါင်း၊ သုဝဏ္ဏောလေ၊ ရွှေပန်းတောင်းမှာ၊ သွန်းလောင်းကာဖြည့်၊ ကောင်းရာရာကို၊ ရွီးကာထည့်လို့၊ ပြန်လှည့်လာမြောက်၊ ပန်းသည်နီကော၊ အိမ်မှာ ရောက်က၊ ဘုန်းတောက်မင်းကျော်၊ ပန်းများစွာကို၊ ညှာစုရုံးလို့၊ ကုံးမည်ခါ၌၊ စိတ်မှာတဘန်၊ မိဋ္ဌာန်ဟံက၊ ဇကံရကြောင်း၊ ဗုဒ္ဓဥာဏ်ကို၊ ဆုပန်တောင်းကော၊ အလောင်းစင်စစ်၊ ယခုခါလေ၊ ငါလျှင်ဖြစ်သို့၊ ပေါင်းထိုက်ဇကံ၊ နန်းပင်တိုင်မှာ၊ ကဥ္စနကို၊ ရမည်မှန်သော်၊ ညှာတံစုရုံး၊ ပွင့်ချင်းစီကော၊ ဤပန်းကုံးမှာ၊ သုံးဆဲ့တဘုံ၊ ရုပ်မျိုးစုံလျှင်၊ အကုန်ထင်ရှား၊ နန်းသုံးရတနာ၊ ပန်းကုံးမှာလျှင်၊ ပေါ်စေသားဟု၊ မနေမိဋ္ဌာန်၊ အပ်စကြာနှင့်၊ သိမ်ကာရုံးလို့၊ ကုံးလိုက်ပြန်သော်၊ ဘုန်းကံကြီးငြား၊ ဗေါဓိဉာဏ်ကို၊ ပန်ဆုတောင်းကော၊ အလောင်းသားတို့၊ တောင့်တသည်တိုင်း၊ မဆုတ်ဆိုင်းဘဲ၊ တုန္နိုင်းမမြော်၊ လောင်းနန်းရံလေ၊ မိဋ္ဌာန်ကုံးကော၊ ပန်းကုံးမှာက၊ မဟာပံသု၊ မြေကမ္ဘာလျှင်၊ တည်ကာပြုလို့၊ မေရုမဏ္ဍိုင်၊ လေးရောင်ဆိုင်နှင့်၊ တောင်စည်ရစ်ပတ်၊ ခုနစ်ထပ်ကော၊ နဝဒါတ်ရေယည်၊ ခုနစ်အိုင်မှာ၊ ရက်လှိုင်ခံထွင်း၊ ဆင်နွှားမြင်းပျံ၊ ကေသရံဟု၊ ပြွန်လေးစင်းက၊ စီးဆင်းထွက်ကာ၊ နီဆေးထမ်းကော၊ ပန်းကျောက်ဖျာမှာ၊ ဖေါက်ခါလည်းဝင်၊ ဂူဥမင်နှင့်၊ ထို့ပြင်တခန်း၊ လောင်းဘုန်းဝေလေ၊ ကုံးသည်ပန်းမှာ၊ ထူးဆန်းလှစွာ၊ လေးကျွန်းချာကို၊ တည်ကာလည်းပြု၊ တောင်ဗဟိုရ်လေ၊ မြင်းမိုရ်ဦးမှာ၊ စတုမဟာရာဇ်၊ ထက်နတ်ပြည်လျှင်၊ တည်တုံလိုက်လို့၊ ကသစ်ပွင့်ရာ၊ ဝတီသာနှင့်၊ ယာမာတုသိ၊ ပါရမီကို၊ စုံညီဖြည့်ငြား၊ ဘုရားလျာလေ၊ သူတော်ကောင်းကော၊ လောင်းနတ်သားတို့၊ စံစားနေဟံ၊ ဝေဇယျန်နှင့်၊ ဗိမာန်ဘုံထွတ်၊ ရွှေငွေမြဖန်၊ အတန်တန်ကော၊ မှန်ပြဿဒ်နှင့်၊ ထက်နတ်ခြောက်ရွာ၊ အကုန်ပေါ်လို့၊ ဗြဟ္မာရူပ၊ အရူပနှင့်၊ နေလသွားဟံ၊ စမကျံကော၊ ခူဝံကြယ်ကြီး၊ အသီးသီးလျှင်၊ စမ်းစီးနက္ခတ်၊ စက္ကဝါကို၊ လက်ျာပတ်ကော၊ သတ္တဗီသျှမျိုင်းမတာရာ၊ တောင်မြင်းမိုရ်ကို၊ ခိုကာရစ်ကော၊ ဂြိုဟ်ရှစ်ဖြာနှင့်၊ အာကာထက်ရပ်၊ ပြောစမှတ်ဖြင့်၊ လောကဓါတ်ဇေယျုံမြေခုံပထဝီ၊ သူရကာယ်ပြိတ္တာ အကုန်ပေါ်လို့၊ ရတနာပန်းကုံး၊ သုရိယကုမ္ဘာ၊ လောင်းမင်းကျော်လေ၊ သမ္ဘာဘုန်းနှင့်၊ သုံးဆဲ့တဘုံ၊ အလုံးစုံလျှင်၊ အကုန်ထင်ထင်၊ ပန်းကုံးတွင်၌၊ ရှုလျှင်မဆုံး။ ။ များလူရှင်တို့၊ မြင်မဝကော၊ မြပန်းကုံးလေ။

၂၄။ ။မြပန်းကုံးလေ၊ တုန္နန်းမရ၊ ရှုမဝအောင်၊ သုရိကုမ္ဘာ၊ မိဋ္ဌာန်ဆိုပျာ၊ ထိုပန်းကုံးကို၊ ကုံးပြီးခါမှ၊ အက္ခရာသေးသေး၊ သဝန်လွှာနှင့်၊ မှာစာရေးလို့၊ ပန်းထဲ၌တွင်၊ ထည့်ပြီးကျင်မှ၊ ဒါရှင်လက်ဝေ၊ ပေးအပ်လေသော်၊ ပန်းသည်ပေါင်မ၊ ရုပ်မျိုးစုံကို၊ မြင်တုံငြားသော်၊ အံ့ဩကျလည်း၊ အောက်လျှော့မခံ၊ ဗေါ်ကြွားစားပျာ၊ ဝါပြောဟံက၊ ညှာတန်စုရုံး၊ မြေးဖြူစင်လေ၊ နင်လျှင်ကုံးကော၊ ပန်းကုံးသေချာ၊ ငါအဒါလျှင်၊ နေရာတကျ၊ ဝယ်ကာလက၊ လှပဆန်းထူး၊ ပန်းတကုံးကို၊ ကုံးသည်ခြင်းရာ၊ သင့်ပန်းကုံးထက်၊ ဆ-ထက်သာလို့၊ ခုမှာသော်က၊ ကာယဟုဆို၊ ငါ၏ကိုယ်ကို၊ လိုမရကော၊ အိုခလို့သာ၊ ပန်းသည်မမှာ၊ လှလှပါသို့၊ ဝမ်းသာအားရ၊ နန်းပင်တိုင်မှာ၊ ကဥ္စနကို၊ ပုပ္ဖမာလာ၊ ဤပန်းခက်ကို၊ ဆက်သပါသော်၊ ငါလျှင်အိုမ၊ ယခုခါလေ၊ ဆုတော်ရမည်၊ မှတ်တုံပေ၍၊ အငယ်ကပင်၊ ချစ်ကျွမ်းဝင်ကော၊ ကြင်ရာဇနီး၊ ကိုယ့်အိမ်ရှင်လေ၊ လင်ဝါကြီးကို၊ ကြောင်းရီးခြင်းရာ၊ အဖြာဖြာကို၊ မှာကာထားပြီး၊ ဆံကေသီမှာ၊ အုံးဆီလိမ်းလို့၊ မဲစိမ်းထမိန်၊ ပိတ်အကျီနှင့်၊ နှင်းဇီခါးကြိုး၊ ပုဆိုးပိုင်းလှစွာ၊ တံဗက်ဝါမှာ၊ ကြာလိပ်ပိုးနှင့်၊ ရုပ်မျိုးထောင်ရာ၊ မကပါကော၊ ရတနာပန်းကုံး၊ အုပ်၏ပမာ၊ ဂြုတ်ရွှေဝါနှင့်၊ အုပ်ကာဖုံးလို့၊ ခပြုံးခသွင်၊ လှမ်းသွားကာဖြင့်၊ နန်းတော်ထက်မှာ၊ ပန်းဆက်ဝင်ကော၊ မွှိန်းရှင်မေလှ၊ နန်းပင်တိုင်မှာ၊ ကဥ္စနလည်း၊ ထိုညခါတွင်၊ အိမ်မက်မြင်လို့၊ သဇင်ပန်းဖူး၊ ပွင့်ငုံလည်းဆင်၊ မေ့ပန်းပင်ကို၊ မောင်လျှင်ခူးဟု၊ ဆန်းထူးအိမ်မက်၊ စက်ရာတွင်လေ၊ မြင်သည်ချက်ကို၊ တွက်ဆဆင်ခြင်၊ နေစည်တွင်၌၊ ဒါရှင်ပေါင်မ၊ လှကိုယ်ပိုင်နှင့်၊ ကဥ္စနလက်မှာ၊ ဆက်လာခါဝယ်၊ များလှပျိုတော်၊ နန်းတော်သာမှာ၊ ပန်းယာနောက်ရှေ့၊ အလှကဥ္စာ၊ ဂြုတ်ရွှေဝါက၊ ထုတ်ကာကြည့်သော်၊ နေ့တိုင်းနှင့်မူ၊ ပုံမတူကော၊ မဥ္စူကျက်ရုံး၊ မွှေးပျံ့ကြိုင်ကော၊ ခိုင်ပန်းကုံးမှာ၊ သုံးဆဲ့တဘုံ၊ ရှုမကုန်အောင်၊ ရုပ်ပုံလည်းပါ၊ လှကဥ္စာမှာ၊ ကိုင်ကာစေ့စေ့၊ ပေါင်းပျိုတော်နှင့်၊ ရှုမျှော်ကြည့်ကော၊ မောင်၏လက်ရာ၊ ပန်းရွှက်လွှာမှာ၊ ဝ-က်ကာထည့်ကျင်၊ စာကိုမြင်သော်၊ ဆောင်ခွင်ထဲဝယ်၊ ဤပန်းကုံးကို၊ ကြည့်အုံးမည်ဟု၊ ပရိယာယ်

ထုတ်ဆို၊ ဆောင်ခွင်နန်းကို၊ ဝင်လှမ်းခိုပျာ၊ တကိုယ်တည်းသာ၊ ကမ္ဘလာလေ မွေ့ရာထဲမာ၊ လဲပြီးခါမှ၊ ဖြေကာဖွင့်လှစ်၊ ။ မောင်၏စာကို၊ သာတိတ်ခိုးကော၊ တိုးတိုးဘတ်ကော။

၂၅။ ။တိုးတိုးဘတ်ကော၊ ပါလတ်ခြင်းရာ၊ ဓိပ္ပါယ်မှာက၊ အကာတိမ်ထဲ၊ ရန်သူကြံသော်၊ ပျံကာဝဲကော၊ သံတွဲမြို့သူ၊ နန်းပင်တိုင်မှာ၊ ကဥ္စနဟု၊ လှပြာဖြူလေ၊ အတူတကွ၊ ချစ်အာရုံနှင့်၊ ကြံချင်လှ၍၊ မောင်ကခုခါ၊ မေတ္တာစာဖြင့်၊ ကြားမှာထိုက်သည်၊ အကြောင်းပေကာ၊ ရွှေပြည်နဂရ၊ တိုင်းဌာနီလေ၊ ကာသိဂ်ဟု၊ ဗာရာဏသီ၊ ပြည်ပူရီမှာ၊ ရွှေအိမ်ကြငှန်း၊ သားမျိုးစုံကော၊ ရွှေဘုံနန်းကို၊ စံမြန်းစိုးရ၊ ခမည်းတော်လေ၊ ရာဇာဘနှင့်၊ သက်မျှကြင်ရာ၊ တောင်နန်းပျော်ကော၊ မယ်တော်မြတ်လေ၊ နန်းဝေယျံမှာ၊ စံလို့မွေးကော၊ ရင်သွေးသားလှ၊ ဘွဲ့တော်ချီကော၊ သုရိယဟု၊ နာမတွင်ခေါ်၊ ငါမင်းကျော်မှာ၊ အဘော်မစုံ၊ နန်းရွှေဘုံမှာ၊ ခိုလှုံပျော်ပါး၊ သံတွဲပြည်မှာ၊ လှကဥ္စနလေ၊ ယည်ပါခြင်းကို၊ သတင်းကြားနှင့်၊ စားသောက်အိပ်နေ၊ မပျော်ပေ၍၊ ရုပ်ရည်ကိုမျှ၊ မေသက်ရှင်ကို၊ မကြင်ရလည်း၊ မြင်ရစေချင်၊ ထက်ကောင်းကင်က၊ ငှက်ဆင်ယာဉ်ကြီး၊ ငါမင်းကျော်မှာ၊ ပျံကာစီးလို့၊ ရပ်ဝီးဌာနေ၊ မေတို့ပြည်ကို၊ ရောက်သည်နေ့က၊ နှမေညိုဝင်း၊ စံမြန်းပျော်ကော၊ နန်းတော်တွင်းက၊ သတင်းကြေင်းရေး၊ ခွန်းမမေးဘဲ၊ ကွမ်းဆေးမပီး၊ မင်းသွီးဟု၊ စံသီးနတ်မျိုး၊ ကြငှန်းဇေယျံ၊ နန်းရွှေဘုံက၊ လှဂုဏ်ကိုးကော၊ တညိုးငယ်ငယ်၊ ငါမင်းကျော်လေ၊ အာဂန္တုမှာ၊ သူ့တိုင်းပြည်၌၊ တာရှည်မြင့်ကြာ၊ မနေသာကော၊ မိရွှာဘပြည်၊ မေမွှိန်းရှင်ကို၊ မကြင်ရဘဲ၊ ပြန်ပါမည်ဟု၊ ဆင်ခြေစုရုံး၊ စကားသွယ်ပျာ၊ ရွှေပန်းကုံးမှာ၊ စာလုံးအက္ခရာ၊ ဆုံးသောခါလျှင်၊ ကဥ္စာအလှ၊ နန်းရိပ်ခိုကော၊ ညိုနှမမှာ၊ ရွှင်ပြစိတ်တွင်၊ စီရင်ကုံးကော၊ ပန်းကုံးရှင်ကို၊ မြင်ချင်သည်စိတ်၊ ကာမဂုဏ်မှာ၊ အာရုံဖိတ်လို့၊ ဆိတ်ယောင်ဆွယောင်၊ မောင်ခေါ်သံကို၊ ညံညံနားမှာ၊ ကြားမိယောင်သို့၊ ထင်ယောင်ထင်မှား၊ မေမွှိန်းရှင်မှာ၊ ရွှင်ပျော်မြူးကော၊ ထူးမိငြားသို့။ စိတ်ထားစိတ်နေ၊ မတည်ကြည်ကော၊ ရယ်ရယ်ပြုံးပြုံး၊ ပွင့်ခြင်းစီကော၊ ဤပန်းကုံးကြောင့်၊ ဆန်းထူးအိမ်မက်၊ နိမိတ်ထင်ပျာ၊ မေမြင်ချက်ကို၊ အထွက်လည်းပေါ်၊ မေသက်လျာနှင့်၊ ဖူးစာဘက်ရှင်၊ နန်းဝေယျာန်တွင်၊ လွန်ဆန်းထူးသည်၊ ပန်းကုံးရှင်ကို၊ မေကြင်ရမည်။ ။ ရှင်မင်းကျော်ကို၊ မျှော်ကာတမ်းကော၊ လွမ်းမိရေလေ။

၂၆။ ။လွမ်းမိရေလေ၊ မေကဥ္စန၊ ပန်းကုံးရတနာ၊ ဂမုန်းညာကို၊ ဘယ်ညာလှည့်ပျာ၊ ကြည့်မဝဘဲ၊ မေလှဆုံထုံး၊ ပန်စေချင်၍၊ စီရင်ကုံးကော၊ ပန်းကုံးဤမျှထူး၍လှမှ၊ အေးမြလှိုင်ကြူ၊ ဤပန်းကုံးကို၊ ကုံးလုပ်သူက၊ လူထက်မက၊ လှပရုပ်ရည်၊ လွန်တင့်တယ်ကော၊ နတ်နှယ်လှမည်၊ မှတ်တုံပေ၍၊ ရုပ်ရည်ပိုင်ပြင်၊ ပန်းကုံးရှင်ကို၊ မြင်ချင်စိတ်က၊ တ-တ-တနှင့်၊ ထ-ယောင်ထိုင်ယောင်၊ နန်းမြညောင်မှာ၊ ပဇောင်မသိ၊ မောင်ကိုမျှော်ပျာ၊ ယော်ကာယမ်းကော၊ စမ်းသတ်မိလို့၊ တရိရိလွမ်း၊ အံ့ဩဘွယ်လေ၊ ဤသည်ပန်းလျှင်၊ ထူးဆန်းလှပ၊ ပြုလုပ်စီရင်ပန်းကုံးရှင်ကို၊ မမြင်ရကော၊ ကဥ္စနပဖါ၊ စိတ်မပျော်၍၊ အိပ်ရာခန်းဆောင်၊ မြကြာညောင်က၊ ပဇောင်ကြံစည်၊ ပန်းကုံးရှင်ကို၊ မြင်ရမည်ဟု၊ နှမေသက်နှံ၊ အထွက်ခံသော်၊ အကြံလည်းရ၊ ညောင်စောင်းမွေ့ရာ၊ သလွန်သာက၊ မြန်စွာထသို့၊ ဆောင်တွင်းကပြင်၊ ထွက်ပြီးကျင်မှ၊ ဒါရှင်ကော့ကော့၊ ပန်းသည်ဆိုကော၊ အိုပေါင်မလေ၊ ကာလမြင့်ကြာ၊ မေပါးမှာလျှင်၊ တခါရန်ထူး၊ ဤပန်းခက်သွင်၊ မဆက်ဘူးဘဲ၊ ထူးထူးဆန်းဆန်း၊ ယနေ့ခါသည်၊ မေသက်ဝေကို၊ ဆက်သည်ပန်းမှာ၊ လေးကျွန်းမြင်းမိုု၊ တောင်ဗဟိုရ်နှင့်၊ ထိုထိုများလှ၊ နေလနက္ခတ်၊ ဆဲ့နှစ်ရပ်ကို၊ ယှဉ်ပတ်သွားလား၊ လနှင့်ကြယ်ကော၊ နေရထားနှင့်၊ မကြားဘူးအင်၊ အသွင်ကို၊ မမြင်ဘူးကြ၊ ဝိလေသဖြင့်၊ လှပဆန်းထူး၊ ရုပ်မျိုးထောင်ရာ၊ မကပါကော၊ နန်းတော်သုံးဟု၊ ပန်းကုံးသေချာ၊ ဘယ်ဆရာလျှင်၊ ကုံးပါသနည်း၊ မသိဟံသို့၊ ဘန်လို့မေးက၊ အိုလည်းရှင်မ၊ ပန်းသဇင်ခိုင်၊ နန်းပင်တိုင်မှာ၊ ကဥ္စနလေ၊ ပေါင်မဒါအို၊ ငါ့မြေးပျိုက၊ ပန်လိုစေချင်၊ မသေခင်ကို၊ မေမြင်ရအောင်၊ ပန်းလက်ဆောင်ကို၊ ဒါပေါင်ကြံစည်၊ မိမိဉာဏ်နှင့်၊ စီမံလုံးပျာ၊ ကုံးပါရေဟု၊ ဆိုသည်ကာလ၊ အလှကဥ္စာ၊ မှတ်ခြင်းရာမှာ၊ သာတယဖြင့်၊ ငါကချိုသာ၊ မေးတုံပါသော်၊ မှန်ရာမပြော၊ ဤဒါအိုကို၊ ဆဲဆိုငြားလို့၊ စကားထိယာယ်၊ ကြောက်လန့်ဘွယ်လျှင်၊ ကြံစည်မေးမှ၊ ပန်းကုံးစီရင်၊ မောင်ရုပ်သွင်ကို၊ မေမြင်ရမည်။ ။ လှကဥ္စာမှာ၊ စိတ်မှာမှတ်ပျာ၊ မေးလတ်တေလေ။

၂၇။ ။မေးလတ်တေလေ၊ မေလျှင်မဆို၊ ဤပန်းကိုလျှင်၊ ဒါကုံးသည်၊ မှန်တုံပေကော၊ မဘွေမရာ၊ ကြိုးသိဂ်ါနှင့်၊ဤပန်းကုံးကို၊ ဆံထုံးမှာလျှင်၊ ငါတို့မိန်းမ၊ က္လတ္တိယတို့၊ စိတ်ကလည်းထက်၊ ခေါင်းကေဆံမှာ၊ မပန်အပ်ပါ၊ လူနတ်သခင်၊ မွေးသရီလေ၊ စေတီများနှင့်၊ ဘုရားရှင်ကို၊ တင်သည်ပန်းကုံး၊ မိန်းမဟူကော၊ လူဆံထုံး၌၊ ပန်သုံးမအပ်၊ ဘခမည်းတော်၊

သိသောခါလျှင်၊ ရာဇဝတ်ကို၊ မလွတ်စေအောင်၊ ပန်းသည်ဆိုကော၊ ဤအိုမမှာ၊ ငါ့ကိုဆောင်ရေ၊ နောက်နောင်ကြောက်ရွံ့၊ မကြံဝံ့အောင်၊ ရင်ညွန့်အတူ၊ မေ၏နန်းမှာ၊ ပန်းကုံးသူကို၊ ဘမ်းယူကွတ်ညှပ်၊ ကြောနှင့်ရင်မှာ၊ ဒါဏ်ရာငါးရာလျှင်၊ နာနာခတ်ဟု၊ ဆိုလတ်သောခါ၊ နန်းမြည်ပိုမှာ၊ ပျိုတော်များတို့၊ သောသောဆာပျာ၊ ဝန်းယာကိုင်ကြ၊ ဒါပေါင်အိုမှာ၊ ထိုကာလမှ၊ ငါကမကုံး၊ ဤသို့လည်းဆို၊ ငိုလည်းငိုပျာ၊ လဲပြိုရုံးကော၊ ခပ်ပုံးလည်းရယ်၊ ကဥ္စာပျိုလေ၊ ညိုပျာချောမှာ၊ ပြောလတ်တေကာ၊ ဝါချည်ရက်ကန်း၊ ဆေးထမ်းရွှေဝါ၊ ဆန္ဒင့်ဝါသို့၊ ခဝါတန်းက၊ ဝါဂွမ်းလိုလို၊ ဝါချင်လိုကော၊ ဝါဆိုကုန်ထ၊ ဝါဒါပေါင်ကို၊ ဝါခေါင်လဥ္စ၊ ဝါမ-ရှီထွင်၊ ပေါင်မိခင်လျှင်၊ ဘွားမြင်၍ပေ၊ သက်န်းဝါကို၊ ခဝါဖွတ်သို့၊ ဝါတတ်သည်လား၊ ဝုက်ကွယ်မထား၊ မေ၏ထံမှာ၊ မှန်ရာပြောက၊ များပြားရတနာ၊ ငွေသပြာလေ၊ ဆုတော်ချမည်၊ ဆိုတုံပေကော၊ အိုလေရှင်မ၊ နန်းလုရိပ်မြိုင်၊ တပင်တိုင်မှာ၊ ကဥ္စနလေ၊ ပေါင်မတို့နီ၊ ထိုသည်အိမ်မှာ၊ တဲမှီလည်းရောက်၊ လှတင့်တယ်ကော၊ အရွယ်မြောက်လို့၊ တယောက်လုလင်၊ ပန်းများဖျင်ကို၊ စုံလင်စုရုံး၊ သူ၏ဉာဏ်နှင့်၊ ကြံလို့ကုံးကော၊ နန်းသုံးရတနာ၊ ပန်းကုံးတော်လျှင်၊ မှန်ပါတော့သည်၊ သို့ဖြစ်ပေ၍၊ မဘွေမရာ၊ ငါအဒါမှာ၊ ဗွာလီဗွာဇွတ်၊ ဤပန်းကုံးကို၊ မကုံးတတ်ပါ၊ ဒါဏ်ငါးရာလျှင်၊ ချမ်းသာစေရေး၊ အသုံးခံကော၊ ကျွန်အိုမကို၊ ရှင်ကပေးဟု၊ ငိုလည်းငိုမြောက်၊ ကြက်သီးဝှန်းပျာ၊ အလွန်ကြောက်လို့၊ ပန်လျှောက်သောခါ၊ လှကဥ္စာလျှင်၊ ပြုံးကာလည်းရယ်၊ သို့ဖြစ်ပေသော်၊ ထိုသည်လုလင်၊ ဤအသွင်ကို၊ စီရင်ကုံးကော၊ ပန်းကုံးရှင်က၊ နှင်နှင်ကရ၊ မဟုတ်လှပါ၊ ဝတိန်သာမှာ၊ ဣန္ဒာတွင်ငြား၊ အာနာနှိမ်ကော၊ ဒေဝိန္ဒာဟု၊ သိကြားရာဇာ၊ မဟုတ်သော်မူ၊ မဟာစက္ကဝတ်၊ ဥတ္တရပြုပ္ပါ၊ လေးဒီပါကို၊ အာဏာချင်းကော၊ မင်းမဏ္ဍတ်မှ၊ ကုံးတတ်နိုင်မည်၊ သို့ဖြစ်ပေ၍၊ ထိုသည်လုလင်၊ ဉာဏ်ဆန်းထူးကော၊ ပန်းကုံးရှင်ကို၊ မြင်ပါရအောင်၊ အဒါပေါင်လျှင်၊ ယူဆောင်ပို့ပါ၊ ဆိုသောခါလျှင်၊ မောက်တော်ရှင်မ၊ လှကိုယ်ပိုင်နှင့်၊ ကဥ္စနလေ၊ ရှင်မပြောထွေ၊ စကားသည်က၊ အလွယ်မဟုတ်၊ ရှင်မမောက်တော်၊ ဘရာဇာမှာ၊ အာဏာထုတ်လို့၊ ရွှေရုပ်တသီး၊ သဇင်ခိုင်သို့၊ ကဥ္စနဟု၊ ငါ့သမီးကို၊ အထီးဟုဆို၊ မမြင်လို၍၊ ယင်ဘိုကိုမျှ၊ တပင်တိုင်လေ၊ ရိပ်မြိုင်နန်းမှာ၊ မသန်းရဟု၊ ခွန်းဟပြီးခါ၊ ပင်နန်းတော်မှာ၊ များစွာဝန်းရံ၊ အတန်တန်ကော၊ အိမ်ဖန်တော်သား၊ တံခါးထောင့်မှာ၊ အစောင့်ထားလို့၊ သိကြားရာဇာ၊ ကိုယ်တိုင်လာလည်း၊ ဝင်ရာမရ၊ သွင်းမည်ဆိုသော်။ ။ ထိုအတွက်ကြောင့်၊ ခက်ပါလှရေ။

၂၈။ ။ခက်ပါလှကော၊ ပေါင်မပြောခါ၊ လှကဥ္စာမှာ၊ မာယာပရိယာယ်၊ အသွယ်သွယ်နှင့်၊ ကြံစည်၍သာ၊ ဒါပေါင်အိုကို၊ ဆိုနှိုးနှော့ပျာ၊ ပြောခြင်းရာက၊ များစွာဝန်းရံ၊ အတန်တန်လျှင်၊ အိမ်ဖန်တော်သား၊ တံခါးစောင့်သူ၊ ယခုလူတို့၊ စုံတစ်မျှ၊ မရှိငြားအောင်၊ နှီးနှော့ကြံစည်၊ ပြုကြမည်က၊ ပြန်လေအဒါ၊ ဤတညကော၊ နက်ဖြန်ခါတွင်၊ ရတနာပန်းကုံး၊ တကုံးကုံးလို့၊ ဂမုန်းစွယ်တော်၊ မကုံးပေဘဲ၊ ရွှေပန်းတောင်းမှာ၊ သွန်းလောင်းကာဖြင့်၊ ယူလာရမည်၊ ထိုခါဝယ်၌၊ တွေ့သည်ရှေးဦး၊ မေ၏ထံမှာ၊ စောင့်ဖန်ထားကော၊ တံခါးမှူးတို့၊ ကြည်နူးမြတ်လေ၊ တောင်းမပန်လည်း၊ လွန်လှတင့်သည်၊ တပွင့်ပေး၍၊ ထိုနည်းတူစွာ၊ တံခါးစောင့်သား၊ တယောက်အားကို၊ ပေးသောခါလျှင်၊ ပန်ပါရကြောင်း၊ ဝန်းယာတောင်းက၊ ပန်းတောင်းကိုပစ်၊ ထိုသည်အခါ၊ အိုအဒါလေ၊ ချွာကာလဲ၍၊ ဒူဟဲတိုက်က၊ အပြစ်လည်းရ၊ ဘခင်ထံမှာ၊ ကျွန်ုပ်မလျှင်၊ မုတ်ချသွားမြောက်၊ ဒါပေါင်အိုနှင့်၊ ငိုလို့လျှောက်သော်၊ တယောက်မထား၊ တံခါးစောင့်သူ၊ အများလူတို့၊ သိမ်းယူငြားလို့၊ ဘဘွားရာဇာ၊ ခမည်းတော်လျှင်၊ ထားပါလိမ့်မည်၊ ထိုခါဝယ်၌၊ မောင်မေတူကွ၊ အဒါပေါင်လျှင်၊ အောင်သွယ်ကောင်းကော၊ ပေါင်းပါရမည်၊ ပြောပြပေသော်၊ ပန်းသည်ပေါင်ပါ၊ ဤအကြံလျှင်၊ လျှော်ကံလှဟု၊ အာမခံခါ၊ ရတနာလေ၊ သပြာများမြောင်၊ ငွေတထောင်ကို၊ ဒါပေါင်ယူလေ၊ နောက်နောင်ဝယ်၌၊ အောင်သွယ်ကောင်းကော၊ မေနှင့်မောင်သာ၊ အကြောင်းပါလို့၊ ပေါင်းဘော်ရမှ၊ ကွယ်ဝဥစ္စာ၊ ဤထက်သာအောင်၊ ဆုတော်ချမည်၊ ဆိုတုံပေ၍၊ စာခွေသဝန်၊ မောင်၏ထံကို၊ မေပြန်ပေးချင်၊ စက္ကူပြင်၌၊ ရွှေမှင်ကိုစွဲ၊ ပျိုကညာမှာ၊ လိုရာရေးလို့၊ ဆေးပီယခေါ်၊ အနုကျော်သို့၊ ချိုသာဝစန၊ ဆောင်ဘုံပေါ်က၊ မှာတော်သလို့၊ ကဥ္စနပဖါ၊ နန်းတော်သာက၊ ကွမ်းယာလိပ်ဆေး၊ ပိုးပုဝါနှင့်၊ ထုပ်ကာပေးလို့၊ ငွေကြေးများမြောင်၊ ပန်းလက်ဆောင်လျှင်၊ တထောင်ဥစ္စာ၊ ရလေပါသော်၊ အဒါပန်းသည်၊ သက်အရွယ်လျှင်၊ ရှစ်ဆယ်ကကျော်၊ ထိုအခါမှ၊ ကံပေါ်၍ပ၊ ငွေများမြောင်လျှင်၊ တထောင်ရမှ၊ ထသို့ကချင်၊ သွားလေကျင်ကော၊ အိမ်တွင်ရောက်ခါ၊ ရတနာလေ၊ သပြာများမြောင်၊ ပန်းလက်ဆောင်လျှင်၊ တထောင်ဥစ္စာ၊ ရလေပါသော်၊ အဒါပန်းသည်၊ သက်အရွယ်လျှင်၊ ရှစ်ဆယ်ကကျော်၊ ထိုအခါမှ၊ ကံပေါ်၍ပ၊ ငွေများမြောင်လျှင်၊ တထောင်ရမှ၊ ကသို့ကချင်၊ သွားလေကျင်ကော၊ အိမ်တွင်ရောက်ခါ၊ ရတနာလေ၊ သံပြာများမြောင်၊ ပန်းလက်ဆောင်လျှင်၊ တထောင်အနက်၊ တကျပ်ငွေကို၊ ဈေးဝယ်ဖျက်လို့။ ဝက်သားဟင်းလျာ၊ ဝယ်ပြီးခါမှ၊ အိမ်မှာရောက်လျက်၊ အနားယူကော၊ နာဂူအိုးနှင့်၊ မသိုးချက်လို့၊

တခွက်ကေထည့်ကာ၊ စားပြီးမှလျှင်၊ သုရိယကုမ္မာ ဉပရာကို၊ ခြင်းရာကြောင်းရေး။ ။ ပြော၍ပြီးခါ၊ ငွေသပြာနှင့်၊ စာကိုပေးရေ။

၂၉။ ။စာကိုပေးကေ၊ ရေးထည့်အက္ခရာ၊ မေ၏စာကို၊ ဖြေကာဖွင့်လှစ်၊ ရှင်မင်းကျော်မှာ၊ အသာဘတ်လို့၊ ပါလတ်ခြင်းရာ၊ အကြောင်းမှာက၊ မောင်တော်မင်းဖျား၊ ဗာရာပြည်မှာ၊ ရွှေနန်းဘွားလေ၊ မှာထားအက္ခရာ၊ ပန်းကုံးထဲမှာ၊ မောင်ရေစာကို၊ ဘတ်ခါပြီးမှ၊ ပန်းသည်အိမ်မှာ၊ တဲမှီရှိဟု၊ မေသိရလို့၊ ညှိဆဆင်ခြင်၊ သို့ရာတွင်မူ၊ ယခင်ရှေ့က၊ ပေါ်ရဏဖြင့်၊ ပြောကြသည်မှာ၊ ယောကျ်ားဆိုကေ၊ လူပျိုကြိုက်မှ၊ စစ်စစ်လာရေ၊ ကညာပျိုစစ်၊ ရှိလှအသရေ၊ မိန်းမငယ်တို့၊ သေအောင်ကြိုက်လည်း၊ ကြည့်လိုက်ရုံသာ၊ မောင်နေရာကို၊ မေသာစစ်ပျာ၊ ထိုက်မလာလေ၊ တဖြာထိုမှ၊ ဣတ္ထိယကေ၊ မိန်းမမှာမူ၊ ကုန်ရောင်းနေကေ၊ ဈေးသည်မနှင့်၊ မူလတူလို့၊ ဝယ်သူရောက်မှ၊ မြတ်ကြောင်းရှာပျာ၊ ရောင်းပါရသို့၊ မေကဈေးသည်၊ မောင်ဝေဈေးသွား၊ နှစ်ဦးနှစ်လေ၊ တူသဘောဖြင့်၊ လောကဓမ္မဒါ၊ ငွေသပြာနှင့်၊ ဝတ်ကာဆင်မြန်း၊ ထူးအထွယ်လေ၊ စမွယ်ပန်းကို၊ ဆွတ်လှမ်းရသည်၊ သို့ဖြစ်ပေ၍၊ ဈေးသည်နှမ၊ နန်းပင်တိုင်မှာ၊ ကဠ္ဌနကို၊ သုရိယဘုန်းခေါင်၊ နန်းလုံးမောင်လျှင်၊ သုံးဆောင်လိုက၊ ဈေးဦးဝံကို၊ ကန္တာချယောင်၊ နှမသက်နှံ၊ ပင်နှင်ဇီမှာ၊ ခါညီသင့်လို့၊ ပွင့်မလွန်ခင်၊ ပန်ပါခလိုက်၊ ရေးစာခွေနှင့်၊ မှာပေရှောင်းကေ၊ ကြောင်းသနစ်ကြောင့်၊ လောင်းစစ်မင်းကျော်၊ လှကဠ္ဌာကို၊ တခါရန်ထူး၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ဘူးဘဲ၊ ကြည်နူးဝမ်းက၊ မေသက်ရှင်ကို၊ ကြင်ချစ်စိတ်လျှင်၊ ဖိတ်ယိုကျသို့၊ ပေါင်မပန်းသည်၊ မောင်နှင့်မေကို၊ အောင်သွယ်ကြိုးဆောင်၊ ငွေတထောင်ကို၊ ဒါပေါင်ယူလေ၊ အရာရာမှာ၊ ဝယ်ကာဖြုံးပျာ၊ သုံးပါချေဟု၊ ဆိုသည်ကာလ၊ ပန်းသည်မမှာ၊ အားရနှစ်သက်၊ လွန်စုံမက်လို့၊ ထိုရက်တတန်၊ ကုန်လေသော်၊ ရောင်လျှံထွန်းတောက်၊ နေသူရိန်လေ၊ ပြောင်ထိန်ဝင်းလေ၊ မိုးလင်းသောက်က၊ ထပ်လှော်ကတဘန်၊ စာသဝန်ကို၊ ကာရံဆန်းနှင့်၊ ပန်းကုံးဟံမှာ၊ ဓမ္မဝိဇယျ၊ လောင်းကုသနှင့်၊ သတ္တထာနု၊ ကျွန်ုပ်ကေ၊ ဤဝတ္ထုကို၊ ဘတ်ရှုလေပြန်၊ နန်းတော်သုံးဟု၊ ပန်းကုံဟံကို၊ အယံအကျဲ၊ ဉာဏ်နှင့်တွေးလို့၊ ချိုအေးသံမြ၊ တနည်းစီလျှင်၊ ရေးစီပြလျှက်၊ သုရိယကုမ္မာ၊ ပန်းကုံးခန်းမှာ၊ ထွန်းဆရာလျှင်၊ အရာတခန်း၊ စာနိဒါန်းနှင့်၊ သာဆန်း၍ပ၊ ဝဇနမာလာ၊ နားတန်းဆာလေ၊ စာပန်းကုံးဖြင့်၊ ကုံးလို့ပြမည်၊ ရှေ့ကအဟံ၊ လောင်းပွင့်ရန်မှာ၊ ပန်းမှာစုရုံး၊ မေသက်နှံလေ၊ ကေဆံထုံးမှာ၊ ပန်းကုံးဆင်မည်၊ စိတ်တော်ရေပျာ၊ ရွှေနာရဏီ၊ ကြိုးသဂီနှင့်၊ ထိုးသည်စုရုံး။ ။လောင်းဆုတော်ပန်၊ လောင်းနန်းရံမှာ၊ မိဋ္ဌာန်ကုံးရေ။

၃၀။ ။မိဋ္ဌာန်ကုံးကေ၊ နန်းသုံးရတနာ၊ လွန်ဆန်းထူးကေ၊ ပန်းကုံးမှာက၊ ကမ္ဘာ၍မြေ၊ စကြာဝဠာရိုက်ညောင်း၊ ခေတ်တသောင်းကေ၊ တိုက်ပေါင်းတည်လို့၊ မြစ်ရေသမုဒ္ဒရာ၊ ရေသီဒါနှင့်၊ ဒီပါလေးကျွန်း၊ လေးရောင်ရွှန်းစို၊ လယ်ဗဟိုရ်မှာ၊ မြင်းမိုရ်နန်းက၊ တောင်ကျွန်းသပြေ၊ တသောင်းမြေမှာ၊ ပတ်လည်ဝန်းရံ၊ ရာပြည်ထောင်ကေ၊ ဆောင်ဆောင်နန်းနှင့်၊ စံမြန်းနေဟံ၊ မြောက်ဟေဝန်မှာ၊ ရေကန်ထူးမြတ်၊ ကုဏ္ဍာလာနှင့်၊ နဝဒတ်ကို၊ ရန်ပတ်ရစ်ခွေ၊ တောင်ငါးသွယ်တွင်၊ ရွှေရောင်ငွေရောင်၊ တပြောင်ပြောင်နှင့်၊ အရောင်မြမြသုဝဏ္ဏာလေ၊ ကေလာသ၌၊ ဒေဝကိန္နရီ၊ လှဒေဝီတို့၊ ဟံချီယုယ၊ လက်ခြေအင်္ဂါ၊ ဒက်ရွှေဝါလေ၊ တန်းဆာလှနှင့်၊ ကဟံခုန်ဟံ၊ သံပာစားလို့၊ ပြဒါးပြန်နှင့်၊ မဟာန္ဒဂီ၊တောဇော်ဂျီတို့။ လောကီဈာန်လမ်း၊ တောင်ဝေဘူမှာ၊ ရွှေဂူနန်း၌၊ ဗဟန်းရွှေဝါ၊ ဘီယန္တာလေ၊ ကာဆေးမြစ်ကို၊ ရွေးစစ်ရှာပျာ၊ သေလာတောင်ထိပ်၊ သလင်းဖြူနှင့်၊ လှိုင်ဂူရိပ်၌၊ ဆေးကြိတ်နေပုံ၊ အလုံးစုံလျှင်၊ အကုန်ထင်ထင်၊ လောင်းဘုန်းလျှံလျှင်၊ ဉာဏ်နှင့်ကုံးကေ၊ ပန်းကုံးတွင်၌၊ မျှားဖျင်သောင်းသောင်း၊ ကျေးငှက်ပေါင်းလည်း၊ ဉဒေါင်းကြိုးကြာ၊ ချိုးလင်းပြာနှင့်၊ ပျံကြွမတတ်၊ နန်းသုံးတော်ဝင်၊ ပန်းကုံးထွင်လေ၊ မြင်ပြန်လတ်လို့၊ ပြဿဒ်ဘုံပျံ၊ ဝေဇယျန်ကေ၊ ဗိမာန်ဘုံထွတ်၊ အထပ်ထပ်နှင့်၊ ထက်နတ်ခြောက်ရွာ၊ ဗြဟ္မာနှစ်ဆယ်၊ ပထဝီလေ၊ သီလာထဲမှာ၊ ငရဲပြည်နှင့်၊ သူရကာယ်ပြိတ္တာ၊ အကုန်ပေါ်လို့၊ ရေမှာပျော်ပါးယမုန္နာနှင့်၊ သီဒါကြားမှာ၊ နဂါးတို့ဘုံး၊ ဂဠုံပျော်ပါး၊ ပင်ခက်လံလေ၊ လက်ပန်တောနှင့်၊ မင်းသားသုရိယ၊ ဘုန်းတော်ဟုံလေ၊ ဂုဏ်တေဇကြောင့်၊ ဧကတီသာ၊ ဘုံသုံးရွာမှာ၊ ရှိရာသမျှ၊ ထိုပန်းကုံးတွင်၊ စိတ်မှာထင်ကေ၊ မြင်တုံကြလို့၊ သုရိယတွင်၊ လောင်းကျော်ထင်လျှင်၊ စီရင်သည်ပန်း၊ ဝတ်ဆံလယ်မှာ၊ သပြေကျွန်း၌၊ ရွှေနန်းနဂရ၊ ပန်းပွင့်လယ်မှာ၊ တည်ကာချလို့၊ ကဠ္ဌနပဖါ၊ လှကလျာလျှင်၊ စံပျော်နေဟံ၊ နန်းမြညိုမှာ၊ ပျိုတော်များတို့၊ ငါးရာရံ၍၊ သဏ္ဍာန်မလွဲ၊ ပန်းကုံးထဲမှာ၊ ရှုကြည့်မဆုံး။ ။ရှေ့လက်ရာထက်၊ သာအောင်ကုံးရေ။

သာအောင်ကုံးကေ၊ ဘုန်းကြောင့်ဖြစ်ပေါ်၊ ထိုအခါတွင်၊ ရတနာပန်းကုံး၊ အံ့မဆုံးကို၊ နန်းလုံးမျက်ဖျော်၊ မိကဠ္ဌာအား၊ ဆက်ပါတော့မည်၊ သို့ဖြစ်ပေ၍၊ ဆန်းကြယ်ပြုလုပ်၊ ပန်းကုံးလှစွာ၊ ရတနာကို၊ သပြာဂြုတ်နှင့်၊ ဖုံးအုပ်ပြီး

လျှင်၊ ၎င်းပြင်ကို၊ များဖျင်ပန်းပေါင်း၊ ကျွဲရိုင်းနုသီး၊ ပြောက်အပြိန်းကော၊ နီပန်းတောင်း၌၊ သွန်းလောင်းယူကာ၊ သွားလေပါသော်၊ ကဌာပျော်စံ၊ နန်းဝေယံမှာ၊ ဒွါရံမုတ်ဝ၊ ရှေးဦးစွာလေ၊ ဝင်ကာလ၌၊ ပဋမတံခါး၊ စောင့်နေငြားကော၊ ယောကျ်ားနာမည်၊ ၎င့်တာတေကို၊ ဒါမေအိုကြီး၊ ဆိုကာမိန်းလို့၊ ၎င့်မြီးလူပျို၊ ပန်းကြာညိုကို၊ လိုချင်သလား၊ ပန်းသည်အိုမှာ၊ ဆိုကာပြောကော၊ စကားလည်းမေး၊ တခက်ပေးလို့၊ မြတ်လေးစွယ်တော်၊ နောက်တယောက်ကော၊ မောင်တောက်ကျောကို၊ ကောက်ကာလည်းရွေး၊ ခိုင်ရွှေတူကို၊ ကိုင်ယူမြှင့်ပျှာ၊ တပွင့်ပေးက၊ နန်းထဲနန်းပြင်၊ မုက်ဒွါရံမှာ၊ စောင့်ဖန်သားတို့၊ အများမြင်သော်၊ လိုချင်ကြောင်းရေး၊ တောင်းကိုဆွဲလို့၊ ပေးပါပေးပါ၊ ပန်းရကြောင်းနှင့်၊ တောင်းကြခါဝယ်၊ ချွာကာလဲထိုက်၊ ဒူးဟဲတိုက်လို့၊ အပြစ်လည်းရှာ၊ လှကဌာလျှင်၊ ထိုင်ရာကထ၊ ၎င့်ထံခိုကော၊ ဒါအိုမအား၊ ၎င့်ကိုမှန်စွာ၊ သင်တို့များသည်၊ အားမနာလို့၊ ကရော်ကမည်၊ မထေလေးစား၊ ပန်းများစွာကို၊ ဝန်းရာလုကော၊ ပြုကြငြားလျက်၊ အားချင်းမတန်၊ နန်းဝေယျန်မှာ၊ ခြွကာလေ့လဲ၊ ဘခမည်းကို၊ ပြေး၍လျှောက်မည်၊ ရာဇဒါဏ်လေ၊ မှန်မလွတ်ကော၊ ကပ်စိမည်ဟု၊ ဆိုပေတုံပြီး နန်းဝေယျန်လေ၊ ဗိမာန်မြင့်က၊ မင်းသွီးလျှင်၊ မစီးထမ်းစင်၊ နန်းသို့ဝင်ကော၊ ဘုရင်မင်းကြီး၊ မြင်လေကျင်သော်၊ ဘရင်သွီးမှာ၊ ကြောင်းရီးခြင်းရာ၊ ဘယ်ထွက်တာကြောင့်၊ တန်းဆာမဆင်၊ ထမ်းစင်မစီး၊ ရွှေထီးမဆောင်း၊ နန်းရိပ်ခိုလေ၊ ညိုနွဲ့နောင်းမှာ၊ ပျိုပေါင်းရံကာ၊ ဘော်မပါဘဲ၊ လာလေသနည်း၊ ။ မွေးဘခင်လျှင်၊ တင်လို့မေးရေ။

၃၁။ ။တင်လို့မေးကော၊ ရင်သွေးရတနာ၊ သွီတော်မှာ၊ ပန်ထွာတုတ်မြောက်၊ မာယာလည်းပို၊ ဘဘုန်းမော်ကို၊ ၎ိုလို့လျှောက်တော၊ တယောက်ဘခင်၊ မြင်းမှိုရ်တောင်သို့၊ ဂုဏ်ရောင်ထူးကော၊ ကျေးဇူးရှင်လေ၊ ဆင်ခြင်စည်းစား၊ ဘဘုရားမှာ၊ ခန့်ထားကာစေ၊ သွီးမေကို၊ အငယ်ကပင်၊ စံမြန်းပျော်ကော၊ နန်းတော်ထက်မှာ၊ ပန်းဆက်ဝင်လို့၊ ဒါရှင်ကော့ကော့၊ အသက်အရွယ်၊ ကြီးတုံပေကော၊ ပန်းသည်မလျှင်၊ မေလှတံထံခွင်၊ နန်းတော်သာမှာ၊ လှမ်းကာတက်လို့၊ ပန်းဆက်ဝင်ကော၊ လမ်းတွင်ဆီးငြား၊ ဒွါရဝန်လေ၊ စောင့်ဘန်သားတို့၊ တံခါးမုတ်ဝ၊ ဒေါင့်တိုင်းကလျှင်၊ ၎င့်ကိုလည်းပေး၊ သူ့ကိုပေးဟု၊ သဲသဲသောင်းသောင်း၊ ပန်းရကြောင်းကို၊ တောင်းကြသောခါ၊ ဆင်ပန်းခိုင်လေ၊ ကြိုင်ကြိုင်မွှေးကို၊ မပေးပါသော်၊ ဝန်းယာပေါင်းစု၊ ခေါင်းကိုလည်းလှမ်း၊ တောင်ကိုဘမ်းပျှာ၊ ပန်းကိုလုလို့၊ ခုမခံနိုင်၊ ယိမ်းကာယိုင်ကော၊ လွင့်စိုင်နန်းထဲ၊ သွန်မှောက်ပန်းမှန်၊ အားမတန်ကော၊ ခြွခြွလဲလို့၊ ဒူးကွဲထိပ်ပေါက်၊ ဒါပန်းသည်မှာ၊ တစ္ဆေခြောက်သို့၊ သေပျောက်မတတ်၊ နန်းဝေယျာန်မှာ၊ ကျန်ပြန်လတ်ကော၊ မအပ်မလျှော်၊ စိတ်ပူရာတွင်၊ လင်းပြာတတောင့်၊ အိမ်ဂေဟာတွင်၊ စာလည်းမှောင့်သို့၊ အနှောင့်အရှက်၊ ခုတလီလေ၊ ဤအချက်၌၊ ကြံထွက်တွေးဆ၊ ရေးမလှကော၊ မွေးဘဘုရင်၊ စံမြန်းပျော်လို့၊ နန်းတော်ထက်တွင်၊ ရှိလျက်ပင်ကို၊ မျက်မြင်ဤသို့၊ သူတို့ကုန်လေ၊ ပြုတုံမြို့မှ၊ နောင်ဘို့နောင်ခါ၊ မြင်းမှိုရ်သွင်လေ၊ ဘခင်မြတ်လျှင်၊ နတ်ရွာပျော်သော်၊ ဆိုရာမရှိ၊ ခုမျက်မြင်နှင့်၊ ဆင်ခြင်ညှိက၊ သိပါရမည်၊ ဒါပန်းသည်ကို၊ မတေလေးစား၊ ယခုများ၌၊ ပြုငြားသည်မှာ၊ သွီးတော်လေ၊ ငါတယောက်ကို၊ ထောက်မညှာကော၊ မနာအားပါး၊ သွီးပျိုလေ၊ မေ့ကိုထားဘိ၊ ဘဘွားဘုရင်၊ ပြည်ကြီးရှင်ကို၊ မမြင်မကြောက်၊ မထောက်မညှာ၊ အားမနာလို့၊ ပြုပါဝံ့သည်၊ လူတို့ပြည်မှာ၊ တကယ်ဆိုလျှင်၊ မွေးထားကျင်ကော၊ အရှင်ရှိက၊ ခွေးတကောင်လေ၊ ကြောင်ထမကို၊ ဒေါသမာန်ဝင်၊ နှိပ်စက်ချင်လည်း၊ ပရိယာယ်ဖြင့်၊ ကြံစည်ထမြောက်၊ ဘ-ပီတာကို၊ ၎ိုကာလျှောက်တော၊ တယောက်ဘုရင်၊ သူ့ဘခင်မှာ၊ ဆင်ခြင်ထောက်တွေး၊ ရင်းအမြစ်ကို၊ မစစ်ဆေးဘဲ၊ ရင်သွေးဖြစ်လျှက်၊ သွီးငယ်ကို၊ ချစ်သည်တွက်ကြောင့်၊ တဘက်စကား၊ လျှောက်ချက်များနှင့်၊ မျက်ပွားမာန်ပါ၊ တံခါးစောင့်သား၊ လူအများကို၊ မထားပါဘဲ၊ ရာဇာမင်းကြီး၊ ထိုက်ကာတန်ဟုံ၊ ပြစ်ဒါဏ်ပီးလို့၊ တထီးရတနာ၊ သွီးတော်မှာ၊ လိုရာမရှား၊ ပျိုတော်များနှင့်၊ ပျော်ပါးစံလေ၊ ဆိုထိုက်ပေကော၊ ထိုသည်ကာလ၊ ပင်နန်းပိုင်ကော၊ ကဋ္ဌနမှာ၊ အားရဝမ်းသာ၊ ဘခင်ထံက၊ တဘန်လှည့်လို့၊ ပြန်၍လာပျှာ၊ ဇရာသက်ရွယ်၊ ဒါပန်းသည်နှင့်၊ ကြံစည်တိုင်ပင်၊ မောင်လုလင်ကို၊ ဆောင်တင်ပို့ပါ၊ ကွမ်းယာဆေးနှင့်၊ ပေးလို့မှာကော၊ အဒါပေါင်မ၊ နန်းဝေယျာန်က၊ ပြန်ပြီးမှလျှင်၊ သုရိယကုမ္မာ၊ မင်းသားကျော်ကို၊ ခြင်းရာစကား၊ မှာတော်ပုံကို၊ အကုန်ပြောကော၊ မင်းသားဘုန်းမို၊ နန်းပင်တိုင်မှာ၊ ကဋ္ဌနဟု၊ လှပြာညိုကို၊ လူပျိုလှည့်ရန်၊ ဆန်းတကြည်လေ၊ ရွှေပန်းကုံးကို၊ ကုံးစီမံသော်၊ ကာရံကျယ်ပွား၊ ပန်းကုံးဟံလေ၊ အလွှန်များသည်၊ ဥာဏ်ဒါးသံလျက်၊ အလျှံထားလည်း၊ ထက်တိုင်းမဆို၊ ဤဝတ္ထုကို၊ ဘတ်ရှုသူလေ၊ လူအများတို့၊ နားမှာချိုအောင်၊ တိုတိုနှင့်သိမ်း၊ ဒဏ္ဍာရီနှင့်၊ ဆင်ခြီများသော်၊ ကြားသူညီးမည်၊ သို့ဖြစ်ပေ၍၊ ဤသည်နိဒါန်း၊ ဤဝတ္ထုကို၊ စပ်ပြုစီကော၊ ဤအခန်း၌၊ မြနန်းရိပ်ခို၊ လောင်းတော်သုရိယ၊ ကဋ္ဌနဟု၊ လှပြုံးချိုကို၊ လူပျိုစကား၊ ပြောခြင်းဟံကို ကာရံချောနှင့်၊ စာသားပရိယာယ်၊ ရိပ်ခြေမှုဖြင့်၊ မပြေချေသော်၊ တော်မည်မဟုတ်၊ မလျော်ရာကို၊ ဘော်ကာထုတ်က၊ ဖရုဿဝါစာ၊ ဟုတ်လှပါလည်း၊ လျှော်ရာချင့်နှိုင်း၊ ဥာဏ်ချိန်ခွင်မှာ၊ တင်ကာခိုင်းလို့၊ မရိုင်းစေရ၊ လူပျိုသူငယ်၊ စိတ်က

ကြည်အောင်၊ ရိပ်ခြေပြမည်၊ သိကြပါစေ၊ ထိုခါဝယ်၌၊ ပန်းသည်ပေါင်မ၊ လောင်းသမ္ဘိန်လေ၊ သုရိယကို၊ ညအချိန်ခါ၊ ဆောင်းလေပါ၍၊ နန်းတော်သို့ရောက်၊ ကဥ္စနဆို၊ လှနဂိုလေ၊ ပျိုဆတောက်နှင့်၊ နှစ်ယောက်တူစုံ။ ။ တောင်းဆုပန်လေ၊ ရွှေ့ကံငွေကြောင့်၊ တွေ့လို့ကြုံရေ။

တွေ့လို့ကြုံကော၊ အာရုံရမ္မဏ၊ တဦးရုပ်သွင်၊ တဦးမြင်သော်၊ ကြင်ချစ်ကြလို့၊ သုရိယကုမ္မာ၊ ပျိုလူပျိုတို့၊ ဆိုစကားဖြင့်၊ ပြောခြင်းရာက၊ ဝင်းဝါအသား၊ အင်ငါးပါးနှင့်၊ မပါးမထူ၊ နန်းပင်တိုင်မှာ၊ လှယည်ကျေးကော၊ သံတွဲသူလေ၊ လူတို့ဘာသာ၊ ဓမ္မတာမှာ၊ ပမာစကား၊ တင့်ခါဝတ်ဆင်၊ နတ်အသွင်ကို၊ ဝင်ကာစားဟု၊ ပြောမြစဥ်လာ၊ တနည်းမှာလည်း၊ မွှေးစွာကြိုင်ရွှမ်း၊ သစ်သီးပန်းတို့၊ ထုံးလမ်းပြည့်ဝွန်၊ ပွင့်ချိန်တန်သော်၊ ပွင့်ပြန်တုံပြီး၊ သီးချိန်တန်ကော၊ တဘန်သီးဟု၊ သက်ကြီးစကား၊ သက်ငယ်များတို့၊ ကြားရနည်းနာ၊ ပမာပြုကော၊ မြနှင့်ရွှေက၊ လနှင့်နေသို့၊ အရွယ်လည်းတင့်၊ စမွယ်ပွင့်သို့၊ မေနှင့်မောင်နှံ့၊ မျိုးချင်းတူ၍၊ လူချင်းနှုံးလည်း၊ ဘုန်းချင်းတန်ကော၊ ကံချင်းလည်းမျှ၊ အလှချင်းညီ၊ သက်အရွယ်လျှင်၊ ငယ်မကြီးဘဲ၊ သီးပွင့်ချိန်မှာ၊ လောကီအာရုံ၊ ကာမဂုဏ်ကို၊ ပျော်လှုံတူကွ၊ ထီးဖြူရိပ်တွင် ဘိသိက်တင်ကော၊ ရေစင်လောင်းလို့၊ ပေါင်းပါကြမည်၊ ပြောတုံလေသော်၊ နှမေပျိုချော၊ မောင်လျှင်ဆိုကော၊ ထိုစကားကို၊ ချိုပျားအသွင်၊ မျိုကာစားသို့၊ နားမှာဝင်လည်း၊ အကြင်ရှိကြ၊ ဣတ္ထိယကော၊ မိန်းမတို့မှာ၊ ဓမ္မတာက၊ မာယာလေးဆယ်၊ ပရိယာယ်တသိန်း၊ ဣန္ဒြေကို၊ တည်ကြည်သိမ်းလို့၊ စောင့်ထိန်းသည်ဖြစ်၊ လူပျိုမောင်ကို၊ သေအောင်ချစ်လည်း၊ မကြိုက်သည်သွင်၊ မချင်သည်လို၊ ရှင်မင်းသားကို၊ စကားဆိုလို့၊ လူပျိုယောက်ျား၊ တရပ်နေကော၊ တပြည်သားကို၊ မောင်ဘွားအသွင်၊ မိကဥ္စန၊ ကျွန်တော်မမှာ၊ စိတ်ကထင်လို့၊ သားလင်ပြုကာ၊ ယခုခါ၌၊ ပေါင်းဘော်မည်ချက်၊ အင်မတန်လေ၊ အလွန်ခက်လို့၊ ကြံတွက်စရာ၊ အခင်းမှာက၊ ခြင်းရာတစိ၊ အလင်းသေချာ၊ မောင်မင်းကျော်၏၊ ရင်းဇာတိကို၊ မသိသည်ချက်၊ သူတပါးလင်၊ သူများကြင်ကော၊ သဇင်ခက်ကို၊ ကြင်ဘက်မျက်ရှု၊ မေမွှိန်းရှင်လေ၊ သဇင်ဥမှာ၊ လင်ပြုဘို့ချက်၊ သူ့သက်နှံ့ကို၊ အလွန်ခက်ကော၊ ရှက်ပါတော့သည်၊ ။ နှုတ်သံချိုနှင့်၊ မေပျိုချောမှာ၊ ပြောလတ်တေလေ။

၃၂။ ။ပြောတုံလေကော၊ နန်းနွယ်မင်းသား၊ နှုတ်သံချိုနှင့်၊ ဆိုစကားမှာ၊ ပျိုချောနှမ၊ ပဌမက၊ စ၍တဘန်၊ မောင်နှင့်မေတို့၊ ဂဟေမျှလို့၊ ရအောင်ကြံကော၊ အကြံတုံးမြောက်၊ အဆုံးရောက်မှ၊ နှုံးထောက်ဥပမာ၊ ချက်ပြီးတုံငြား၊ ခူး၍ထားကော၊ စားမည်ခါ၌၊ ရသာအစစ်၊ ပျားမုန့်ချိုကို၊ မမျိုလိုက်ဘဲ၊ ပစ်သင့်မည်လား၊ ကဥ္စနမဟော၊ လှနဂေလေ၊ မေစည်းစားလော၊ တိုင်းကားသာစည်၊ မောင်တို့နေကော၊ ရွှေပြည်ဌာနီ၊ မြို့ကာသိန်မှာ၊ သက်ဝီမြောက်သား၊ နန်းငွေရွှေဘောင်မှာ၊ လက်ဆောင်စားကော၊ မယားပကတိ၊ ချစ်သက်နှံ့လျှင်၊ အမှန်ရှိက၊ ပူဆိပူဆာ၊ မေတို့ပြည်ကို၊ ဘယ်အမှုကြောင့်၊ ယခုလာမည်၊ ကြင်ရာသက်ထား၊ ကို့မယားနှင့်၊ ပျော်ပါးစံထွေ၊ မိဘပြည်ဘောင်၊ ရွှေနန်းဆောင်မှာ၊ မောင်နေမည်ပ၊ ခုဝယ်မှန်စွာ၊ ငါမင်းကျော်မှာ၊ အဘော်မစုံ၊ နန်းရွှေဘုံမှာ၊ ခိုလှုံစံ၍၊ ဓမ္မဒါလေ၊ မပျော်မွေ့ကော၊ မေ၏အဆင်း၊ နန်းပင်တိုင်မှာ၊ ကဥ္စနဟု၊ လှပခြင်းကို၊ သတင်းလည်းကျော်၊ ကြောင်းရင်းပါလို့၊ ဘော်ကွာရှိကွဲ၊ ငါမင်းပျိုမှာ၊ တကိုယ်တည်းလျှင်၊ ပျံ့ဝဲကောင်းကင်၊ ယာဥ်ငှက်ဆင်နှင့်၊ နှစ်ယောက်တူစုံ၊ တွေ့လို့ကြုံကော၊ အာရုံလည်းရစ်၊ ချောကိုယ်ပိုင်နှင့်၊ ကဥ္စနကို၊ မောင်ကချစ်လျက်၊ မကြိုက်မေပျို၊ ငြင်းဆံဆိုကော၊ အလိုလည်းကြီး၊ နန်းမြညိုမှာ၊ တကိုယ်တည်းကော၊ ပျိုကြီးလုပ်ထွေ၊ မြင့်တာရှည်သော်၊ အခြေမလှ၊ အဘိုးမတန်၊ အရွယ်လွန်ကော၊ အိုပြန်ရလို့၊ လောကဘာသာ၊ ဓမ္မဒါလေ၊ ယရာဝါသ၊ မှုကိစ္စကို၊ စိတ်ကတစိ၊ ရိပ်မသိဘဲ၊ ပဋိရူပ၊ ဣတ္ထိယကော၊ မိန်းမတို့မှာ၊ မောင်တရာပင်၊ ရှိပါတုံဘိ၊ ချစ်ကျွမ်းဝင်ကော၊ လင်မရှိက၊ သီရိအသရေ၊ ဘုံလောကီမှာ၊ ဂုဏ်သိန်မြင့်လို့၊ မတင့်တယ်ဟု၊ စာပေကျမ်းဂန်၊ ရှေးသူမွန်တို့၊ ညွှန်သည်အရ၊ ဣတ္ထိယကော၊ မိန်းမဟူသည်၊ ဒုက္ကန်တည်ကော၊ ဆိုင်သည်တမျှ၊ လှပမျိုးမှန်၊ အဘိုးတန်ကော၊ ဝံကောင်းကလည်း၊ ရောင်းတတ်မှစွံ၊ စွံတတ်မှမြတ်၊ သက်ကြီးသူအို၊ ပြောအဆိုကို၊ မေပျိုမှတ်လို့၊ လက်ကိုပိတ်ပင်း၊ မကြိုက်မလို၊ မာယာပို၍၊ ဆိုမငြင်းနှင့်၊ နှင်းပါအပ်ပါ၊ ဝယ်မည်ဆိုလည်း၊ သိုကာဝှက်လို့၊ လက်ဝါးကာကော၊ ရက်ကြာလေများ၊ ဝယ်ချင်သူလေ၊ လူလျှင်ရှားက၊ မှားပါတတ်သည်။ ။ ပမာဆိုလို့၊ ညာပျိုချောကို၊ ပြောတော့သည်လေ။

၃၃။ ။ပြောတုံလေကော၊ နှမေညိုဝင်း၊ အပျိုဓမ္မဒါ၊ လိုချင်ပါလည်း၊ ဆိုကာငြင်းက၊ ကိုယ်ချင်းရှိုင်ကာ၊ လှကဥ္စာနှင့်၊ ထိုင်ကာအပါး၊ ပျိုလူပျိုလေ၊ ထိုစကားဖြင့်၊ ဆိုပြောကြရာ၊ ဇမ်းလက်ာဖြင့်၊ မေသာတလှည့်၊ မြကြာညောင်မှာ၊ မောင်တလှည့်နှင့်၊ ဖွဲ့နွဲ့ပြောဆို၊ ညည့်ဗဟိုရ်လေ၊ သုံးဗိုကျူးမြောက်၊ နာရီဆော်ကော၊ ခါတော်ရောက်လို့၊ မိုးသောက်ချိန်တန်၊ ကြက်ဦးတွန်သော်၊ ဘုန်းလျှံမင်းသား၊ နန်းဝေယျာန်က၊ ပြန်လေငြားကော၊ ငါးပါးရှုပ၊ မျက်ထားချိုကော၊ ကိုယ်ဟံလှနှင့်၊

ကဥ္စနပဖါ၊ ပျိုကညာစစ်၊ စက်ရာဆောင်ခွင်၊ ရွှေရင်ပြင်မှာ၊ လက်တင်ပြီးခါ၊ အဖြာဖြာကို၊ ဝန်းယာထွက်လို့၊ စက်အိပ်ပျော်သော်၊ ရောင်ဝါဝင်းလျှံ၊ နေဗိမာန်လေ၊ အတန်မြင့်မှ၊ လှကဥ္စာမှာ၊ နိုးကာထလို့၊ မောင်းမပျိုတော်၊ ရံငါးရာနှင့်၊ မွေ့လျော်ပျော်ပါး၊ ကဥ္စာမေမှာ၊ နေပါငြားက၊ စိတ်ထားစိတ်နေ၊ မတည်ကြည်ကော၊ ရယ်ရယ်ပြုံးပြုံး၊ ကို့ကိုယ်ကိုလေ၊ ချိုနှလုံးဖြင့်၊ မောင်ဘုန်းလူပျို၊ ချစ်ကြိုက်ငြားလို့၊ ပြောကာဆိုသော်၊ မေပျိုညိုဝင်း၊ မလိုပါဟု၊ ဆိုကာငြင်းလို့။ ဝမ်းတွင်းစိတ်မှာ၊ မာန်ဆံပါပျာ၊ မာယာပြုထွယ်၊ ကိုယ့်တိုင်းပြည်ကို၊ ပြန်လေသလား၊ တကယ်ဆိုသော်၊ မေပျိုမှားဟု၊ သဘောစိတ်က၊ လှကဥ္စာမှာ၊ တွက်ကာဆလို့၊ ဤညအခါ၊ မေ့လင်ရှာလျှင်၊ လာပါစေဦး၊ အထူးထူးကို၊ စိတ်ကူးလျက်ပင်၊ နေမင်းဝင်ကော၊ သန့်စင်ရေမိုး၊ ပျိုကညာလျှင်၊ ကိုယ်မှာချိုးလို့၊ မွှေးမျိုးစုံစွာ၊ ထုံနံ့သာနှင့်၊ စမွယ်ကရမက်၊ သရခန်လေ၊ သစ်ကြံပိုးမှာ၊ ကတိုးစွက်လို့၊ ကိုယ်လက်မျက်နှာ၊ အသီးသီးကို၊ လိမ်းပြီးခါမှ၊ စက်ရာညောင်စောင်း၊ အုံးမွေ့ရာလေ၊ ကော်စောကောင်းမှာ၊ လဲလျောင်းပြီးခါ၊ မိကဥ္စာလျှင် မောင်တော်လာနိုး၊ ဆောင်ကြာပေါ်က၊ သာတိတ်ခိုးဖြင့်၊ မျှော်ကိုးမျှော်ယောင်၊ မုန်းလေအောင်သို့၊ ဘုန်းမော်ရွှေကိုယ်၊ ညည့်ဗဟိုရ်မှာ၊ မေပျိုရှိရာ၊ ဆောင်သဥ္စာကို၊ လာတော်မူဦး၊ စိတ်အဝင်မှာ၊ သာရွှင်မြူးလို့၊ စိန်ချူးကြာညောင်၊ ပ-ကာပြောင်ကော၊ လ-ရောင်ဝင်းဝင်း၊ ဆောင်းလေသွန်လေ၊ မှန်ပြူတင်းကို၊ လင်းလင်းထောက်လျှက်၊ မောင်မလာကော၊ ကြာသည်တွက်ကြောင့်၊ သုံးချက်စည်တော်၊ ရိုက်ညောင်းဆော်သော်၊ လောင်းတော်သုရိယ၊ ဘုန်းတော်ဟုံနှင့်၊ ကုမ္မာရလည်း၊ လှကဥ္စာပျို၊ နန်းမြညိုသို့၊ လူပျိုလှည့်ရန်၊ သွားလေပြန်ကော၊ ဝေယျာန်မြနန်း၊ တပင်တိုင်လေ၊ ယည်ကြငှန်းမှာ၊ လှလွန်းရူပ၊ နန်းကညာပျို၊ ပန်းကြာညိုသို့၊ အိုနှမဟု၊ ချိုမြသာယာ၊ ခေါ်လေပါသော်၊ ကဥ္စာပျိုလှ။ ။ မောင်ခေါ်သံကို၊ ပင်စံနားမှာ၊ ကြားမဝလေ။

၃၄။ ။ ကြားမဝကော၊ နှမကဥ္စာ၊ လှယည်စွာဖြင့်၊ ထိုင်ရာကထ၊ မင်းလူပျိုကော၊ အိုမောင်လှလေ၊ ညနက်မိုက်မှောင်၊ နန်းမြဆောင်မှာ၊ သန်းခေါင်ချိန်လျော်၊ ညည့်ဆည်းဆာတွင်၊ လာတုံမြောက်၍၊ မကြောက်မရွံ့၊ ရောက်လာပြန်ကော၊ အလွန်ရဲဝန့်၊ သည်ကိုပင်လေ၊ မေလျှင်အံ့လို့၊ မရွံ့မကြောက်၊ သန်းခေါင်လွန်ကျော်၊ နန်းဆောင်ကြာကို၊ မောင်တော်ရောက်ကော၊ တယောက်လုံးချည်း၊ မကြောက်ဘဲလျှင်၊ ရဲဆေးစားထွေ၊ လာလတ်တေလား၊ နှုပ်ဖြူငှါနှင့်၊ မာယာသွေးကော၊ မေးလေငြားသော်၊ မင်းသားဥပရာ၊ ပြောသည်မှာက၊ ရုပ်ဝါရူပ၊ နန်းပင်တိုင်မှာ၊ ပြိုင်မမျှကော၊ ကဥ္စနတွင်၊ မေ့ရုပ်သွင်ကို၊ မောင်မြင်ကတဲ၊ အသည်းမှာလေ၊ စွဲကာရဲလို့၊ ရဲဆေးအခြား၊ မရှိငြားဘူး၊ ရီးစားကိုစွဲ၊ စစ်သူရဲတို့၊ ဆီး၍ကာလည်း၊ အလာမပျက်၊ ဒါးလက်နက်နှင့်၊ တားလျက်ပင်မိုး၊ အတန်တန်ကော၊ လှံလက်နက်နှင့်၊ ဆီးလျက်ပင်ထိုး၊ ဒါးလေး လှံလေ၊ ဘေးရန်မျိုးကို၊ ဆံကျိုးလောက်ပင်၊ ထီမထင်ကော၊ မောင်လျှင်မတွန့်၊ မေ့ကိုလို၍၊ သက်ကိုစွန့်ကော၊ ဝန့်ဝန့်ရဲရဲ၊ မေချစ်မောင်လေ၊ သန်းခေါင်လောက်မှာ၊ တယောက်တည်းလျှင်၊ ပုလဲဒါယူ၊ ကဥ္စာဖြူနှင့်၊ အတူပေါင်းမည်၊ ညည့်သန်းခေါင်မှာ၊ ဇောင်မကြောက်ဘဲ၊ မောင်ရောက်တေလေ၊ သေမည်မထင်၊ ရှင်မည်မထောက်၊ အဝေးရံလေ၊ ဘေးဒါဏ်လောက်ကို၊ လန့်ကြောက်ပြီးထွေ၊ မလာနေသော်၊ နှမေထံပါး၊ တယောက်မောင်လေ၊ သန်းခေါင်လောက်မှာ၊ ရောက်မည်လားဟု၊ စကားဆိုသံ၊ မေ၏နားမှာ၊ ကြားရပြန်သော်၊ အလွန်နှစ်ချစ်၊ သို့လျှင်ဖြစ်လည်း၊ ကြိုက်ပင်ကြိုက်ငြား၊ ဣတ္ထိယကော၊ မိန်းမများတို့၊ လင်သားအာရုံ၊ ကာမဂုဏ်ကို၊ မကြုံဘူးငြား၊ ကညာဆိုကော၊ အပျိုချောတို့၊ ကြောက်အားတွန့်ရွံ့၊ သတ္တိညံ့၍၊ မဝန့်လိုလို၊ ဝန့်လိုလိုနှင့်၊ အပျိုတို့စိတ်၊ တဖိတ်ဖိတ်နှင့်၊ မဆိပ်နိုင်တုံ၊ တဏှာဟုံဖြင့်၊ အာရုံထိခိုက်၊ သ-ရာပကော၊ ဖဿဖြစ်လို့၊ သံလိုက်နှင့်အပ်၊ သဟဇာတ်တို့၊ ဓါတ်သဘာဝ၊ ဖြစ်တုံကြလို့၊ ကဥ္စနပဖါ၊ ထိုအခါတွင်၊ မာယာပရိယာယ်၊ နှုပ်မူရာနှင့်၊ သူဇာချောမှာ၊ ပြောလတ်တေလေ။

၃၅။ ။ပြောလတ်တေလေ၊ ရုပ်ရည်အင်္ဂါ၊ လက္ခဏာနှင့်၊ ဗာရာပြည်သား၊ မောင်ဘုန်းခေါင်ကော၊ တောင်နန်းဘွားလေ၊ ယောကျ်ားဟူရာ၊ ဓမ္မဒါမှာ၊ ပြောရာစကား၊ နှုပ်မှာပျားသွင်၊ ပမာတင်ကော၊ ဝမ်းတွင်မျှားသို့၊ မယားမရှိသားမရှိဟု၊ ပြောဘိများစွာ၊ ပဋ္ဌမကော၊ အစခါက၊ သကာအချို၊ မထောက်မညှာ၊ နောက်အခါမှ၊ တမာလိုသို့၊ အပျိုက္ကန္ဒြေ၊ အလိုပြေလျှင်၊ မတည်ပျက်အောင်၊ ဖျက်တုံပေ၍၊ ကိုယ့်ပြည်ကိုယ့်ရွာ၊ ပြန်လေပါသော်၊ လင်ကွာမိန်းမ၊ လောကဘုံမှာ၊ သိန်ဂုဏ်ညှိုးကော၊ ကျိုးမလှဘဲ၊ မုတ်ဆိုးမသည်၊ ဖြစ်တတ်တေစု၊ ယုံကြည်ဘို့ချက်၊ မေသက်နှံမှာ၊ အလွန်ခက်လို့၊ တချက်ထိုမှ၊ မေနှင့်မောင်တော်၊ အကြောင်းပါလို့၊ ပေါင်းဘော်ကြလည်း၊ မွေးဘရာဇာ၊ မျက်မာန်ပါသော်၊ မကွာနောက်ထပ်၊ ရာဇဝတ်လျှင်၊ ကပ်ပါတော့မည်၊ သို့ဖြစ်သည်ကြောင့်၊ တကယ်ဇော်၊ ကျွန့်ကိုသာလျှင်၊ မေတ္တာရစ်လို့၊ ချစ်ရိုးမှန်မူ၊ နိုင်ငံသာလှ၊ ဗာရဏာက၊ မိဘနှစ်ပါး၊ ပရိယာယ်ကော၊ မှူးမတ်များနှင့်၊ ရထားမြင်းဆင်၊ စီမံပြင်လို့၊ ဘခင်အထံ၊ အကြောင်း

ပြန်၍၊ တောင်းခံခလိုက်၊ မောင်တို့ဌာနေ၊ ဗာရာပြည်ကို၊ မေလျှင်လိုက်မည်၊ ဆိုတုံလေသော်၊ ပျို့ရွယ်ရောက်စ၊ နဂိုယည်၍၊ ကိုယ်ပိုင်လှကော၊ ကဥ္စနနှမေ၊ မောင့်စကားကို၊ ထောင်နားတည်လော၊ ရွှေပြည်သာလှ၊ နဂရကော၊ ဗာရာဏသီ၊ တိုင်းဌာနီဟု၊ သညီကြိုင်မွှေး၊ မေတို့နေကော၊ ရွှေပြည်ကျေနှင့်၊ ဝေးကွာခြင်းရာ၊ အကြောင်းမှာက၊ သီဒါနဝဒတ်၊ အတန်တန်လေ၊ ရံကာပတ်လို့၊ တောင်ထပ်ဟေဝန်၊ ဆီးခြင်းဟံကြောင့်၊ တောင်းခံရန်လေ၊ အကြောင်းမလျော်၊ ပြည်ဗာရာက၊ လာနိုင်ခဲ့လို့၊ ပျံ့ဝဲကောင်းကင်၊ မောင့်မှာလျှင်က၊ ငှက်ဆင်ယာဉ်ကြီး၊ မိုးတိမ်ယံက၊ ဈာန်ယာဉ်စီးလို့၊ ရပ်ဝီးဌာနေ၊ မေ့ပြည်ရွာကို၊ အာကာသက၊ လာရသည်လေ၊ တာရှည်မြင့်ကြာ၊ အဖြာဖြာကို၊ ထွက်ကာတိုင်းလို့၊ ချင့်နှိုင်းစာပျာ၊ ဘာသောညာသော၊ လှကဥ္စာမှာ၊ ရှာမပြောနှင့်၊ စကားဥပမာ၊ နောင်ခါလာကော၊ နောင်ခါဈေးကြောင်း၊ ထောက်မညာနှင့်၊ ပေါက်ရာရောင်းဟု၊ လမ်းကြောင်းထုံးရှို၊ သို့ဖြစ်ဘိ၍၊ ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်၊ ရှေးစကားကို၊ ထင်ရှားထောက်က၊ ကြောက်လျှင်သေခဲ့၊ ရဲလျှင်မင်းဖြစ်၊ မကင်းစသာ၊ အရင်းရှာသို့၊ ခြင်းရာစစ်က၊ နှစ်ချစ်သြဇာ၊ ပျော်ရာနိဗ္ဗာန်၊ လောကဓံမှာ၊ ထုံးစံစကား၊ ရှမ်းကြိုက်သောခါ၊ နွားချောရာလေ၊ ပမာလားသို့၊ နှစ်ပါးမောင်မေ၊ နှစ်တရာကို၊ သစ္စာလောင်းလို့။ ပေါင်းကြမည်လေ။

၃၆။ ။ပေါင်းကြမည်လေ၊ နှမတလှည့်၊ ချစ်ကြိုးနှောင်ကော၊ မောင်ကလှည့်ဖြင့်၊ ညည့်သန်းခေါင်ကျော်၊ အဆောင်ပေါ်မှာ၊ လောင်းတော်သုရိယ၊ လှချောယည်လေ၊ ကဥ္စနကို၊ စိတ်ကရည်စူး၊ နန်းပင်တိုင်မှာ၊ ပြိုင်မမှုကော၊ ယည်ကျော့မှုးလေ၊ ရွှေဖူးဇာဒါ၊ နှစ်ဦးပါလို့၊ မြူးပျော်ချိန်သင့်၊ လနှင့်ကနေ၊ မြနှင့်ရွှေလေ၊ ဂုဏ်ရည်တင့်သို့၊ မေနှင့်မောင်နှံ၊ အောင်ပါလေကော၊ သပြေပန်းနှင့်၊ ရေဖြန်းခံ၍၊ ပျော်စံစက်လျောင်း၊ ဆောက်စိုက်ထူကော၊ ထီးဖြူဆောင်းလို့။ ပေါင်းပါကြမည်၊ အသွယ်သွယ်လျှင်၊ ချစ်ဘွယ်စကား၊ မေသက်နှံ့ကို၊ ပြောတန်များက၊ သဘောကြည်ညို၊ မောင်မေပျိုတို့၊ နှစ်ကိုယ်ရှိုင်တွဲ၊ လသာပြောင်ပြောင်၊ မြကြာညောင်လေ၊ ခြင်ထောင်ထဲမှာ၊ သားမွေးတော်စောင်၊ ထည်ခြင်းထပ်လို့၊ ဆတ်ကျရောင်ကို၊ မောင်လျှင်တပိုင်း၊ ချစ်ကြိုးသွယ်ကာ၊ မေတပိုင်းဖြင့်၊ ရစ်သိုင်းကာချုံ၊ ချစ်အာရုံနှင်၊ တူစုံမကွဲ၊ သားမွေးကမ္ဗလာ၊ ရတထွာလေ၊ မွေ့ရာထဲမှာ၊ လဲလျောင်းတူကွ၊ စက်တော်ခေါ်ကော၊ ပျော်တုံကြလို့၊ ဤမျှရိပ်ခြေ။ ။ ပျိုလူပျိုလေ၊ နှစ်ကိုယ်ကြိုက်ကို၊ ဆိုလိုက်တေလေ။

၃၇။ ။ဤတွင်တွင်ကော၊ ဤတွင်ယခု၊ ဤသို့စီကော၊ ဤဝတ္ထုကို၊ စပ်ပြုခြင်းရာ၊ အရင်းရှာသော်၊ နှစ်ဖြာမျက်စိ၊ ဝိဉာဏ်ရှိလည်း၊ မသိမြောက်တောင်၊ ကုလားဗုန်းက၊ မြဒိုးအောင်မှာ၊ ယခေါင်ဝိပါက်၊ ပြုစီမံကော၊ ကံအတွက်ကြောင့်၊ စက္ခုကွယ်ကျင်၊ မျက်မမြင်မှာ၊ သင်ပါအံ့ငှါ၊ ဤကဗျာကို၊ စီပါတောင်းပန်၊ အကြောင်းပြန်လို့၊ ကာရံစုရုံး၊ ပန်းကိုသီယောင်၊ စီရင်ကုံးကော၊ ထုံးရာဇဝင်၊ ကမ္ဘာတွင်လို၊ ပေါ်ထင်ခဲ့ရာ၊ သုရိယနှင့်၊ လှကဥ္စာကို၊ ကဗျာသံညှင်း၊ ကျွန်ုပ်စီကော၊ ဤသာခြင်းကို၊ ရင်းနှီးတုံပြီး၊ အလုံးကြီးကော၊ အုံးသီးခွံနီ၊ ကြောင်ရီကိုကြက်၊ တရောတ့ကို ဟံအောင်လုပ်ကော၊ ကြေးရုပ်ငှက်နှင့်၊ သက်မွေးအံ့ငှါ၊ အရွှာရွှာမှာ၊ ဆိုကာကျူအေး၊ ဝမးတထွာကို၊ ရှာသို့ကျွေးကော၊ သက်မွေးချမ်းသာ၊ များမကြာခင်၊ မရကာသန္ဓ၊ ငါဘဝင်လေ၊ ဇောလျှင်ကျလို့၊ ဘဝတဘန်၊ ကုန်လေပြန်ကော၊ ကာရံမယွင်း၊ ကဥ္စနဒေဝီ၊ လောင်းသုရီလေ၊ ဤသာခြင်းလျှင်၊ တိန်ဖျင်မြုပ်ကွယ်၊ ရှိနေသည်ကို၊ စစ်တွေမြို့ထဲ၊ မြူနီစီပါယ်၊ ခေါ်တုံပေကော၊ ထိုသည်ဈေး၌၊ ငွေကြေးများစွာ၊ ရင်းနှီးကာဖြင့်၊ သမာဇီဝ၊ သက်မွေးရန်လေ၊ လမ်းမှန်ကျအောင်၊ ကာလမြင့်ရှည်၊ ဒုက္ခန်တည်၍၊ ကြီးငယ်ပေါ်ပုံ၊ ဝံအစုံကို၊ ရန်ကုန်ဘင်္ဂလား၊ မြို့အသွယ်သွယ်၊ အပြည်ပြည်ကို၊ ကုန်စည်သွားလို့၊ စီးပွားဘွေရှာ၊ ငွေသပြာနှင့်၊ ဥစ္စာပွားမှု၊ ပြုကြံဆောင်ကော၊ အောင်သာဦးက၊ ယခုလင်္ကာ၊ နုကဗျာကို၊ စီပါတောင်းပန်၊ အကြောင်းပြန်၍၊ ထုံစံရှိရာ၊ ဉာဏ်ပူဇော်လေ၊ ပညာပီသ၊ ရတနာလေ၊ သပြာကြေးကို၊ ပေးကာလ၍၊ အာစရိယာ၊ ကျွန်ဆရာလျှင်၊ ဦးစွာပဌမ၊ မြဒိုးအောင်တွင်၊ မျက်မမြင်ကို၊ သက်ရှင်ရေးနှင့်၊ စီပေးခသည်၊ သုရိယာသာခြင်း၊ မူရင်းကိုသာ၊ စီးစစ်ကာဖြင့်၊ ဘွေရှာကာလ၊ အနည်းငယ်လေ၊ အလယ်ကလျှင်၊ ရပေတုံငြား၊ ရင်းအဖျားကို၊ များစွာစီကုံး၊ ဤကဗျာလေ၊ ရာဝင်ထုံးကို၊ ပြည်သုံးပါစေ၊ အသစ်လုပ်လို့၊ ထုတ်လိုက်ပေကော၊ ကြီးငယ်မဟူ၊ ဤပြည်သူတို့၊ ဝယ်ယူဘတ်က၊ ကို့သဘောနှင့်၊ ပြောတတ်ကြ၏၊ အာစရိယာ၊ ထွန်းဆရာက၊ ကဗျာအဖျင်း၊ နာပျော်ညင်းကော၊ သာခြင်းပင်ဖြစ်၊ ကြီးအငယ်လေ၊ ပြည်လုံးကြိုက်အောင်၊ ထိုက်ရာလျှော်ရာ၊ ဉာဏ်ကွန်ချာနှင့်၊ ကြံကာတွေးလို့၊ ရေးရပါရေ၊ မြတ်စွာဘုရား၊ ရွှေနုတ်တော်က၊ ထုတ်ဘော်ဟောကော၊

တရားဒေသနာ၊ ခြသေ့်ဆီကော၊ သိင်္ဂီနှစ်သို့၊ ဖြစ်တုံပါလည်း၊ ကမ္ဘာလုံးသား၊ လူများစွာလေ၊ ရာတပါးတို့၊ သဘောကျသည်၊ ဇကေဝုစ်ကော၊ မဟုတ်ပေဘူး၊ သွယ်သွယ်ဝဝ၊ အစစကို၊ တောက်ဆတုံလိုက်၊ လောကခွင်မှာ၊ ဇာပင်ဖြစ်လည်း၊ မကြိုက်သူရှား၊ ကြိုက်လူများသျှင်၊ တော်ငြားတော့သည်၊ သို့ဖြစ်ပေ၍၊ ဤဝယ်တရပ်၊ စခန်းဖြတ်၍၊ တန့်ရပ်ကြလေ၊ နောက်ကိုဆန်းက၊ လွမ်းအပွေသည်၊ နံဘေချင်းထပ်၊ ကြောင်းခြင်းရာကို၊ စာနံပါတ်ဖြင့်၊ မစပ်မိခင်၊ ယခုတွင်၌၊ ချင်ရာပြောထွယ်၊ ။ ဘတ်သူရွတ်သူ၊ နားထောင်သူလေ၊ လူအများတို့၊ နားကြလေလေ။

တခန်းရပ်

ဖြဆဖြဆဖြဆ

၃၈။ ။ဤသို့မယေခြင်းရာ၊ အဖြာဖြာဖြင့်၊ ကဗျာသမိုင်း၊ ရာဇဝင်လေ၊ စာတင်တိုင်းကို၊ ဖြတ်ပိုင်းပြီးမှ၊ ကဥ္စနပဖါ၊ လွမ်းခြင်းရာကို၊ ဆန်းကာပြမည်၊ ထိုခါဝယ်၌၊ မောင်မေတူကွ၊ အုံးချင်းပြိုင်၍၊ လည်ချင်းဘက်ကော၊ စက်ပျော်ကြလို့၊ လောဘအာရုံ၊ သောတာပန်နှင့်၊ ဈာန်ကိုရလည်း၊ မနှင့်ကြုံသော်၊ မေထုံကျော့ကွင်း၊ ကိလေသာလေ၊ တဏှာညွတ်မှာ၊ ဝတ်ကာဆင်းလို့၊ မကင်းနိုင်ပါ၊ ပုထုဇန်လေ၊ အယည်ဖြစ်ငြား၊ ဇောဝသီနှင့်၊ လောကီအားဖြင့်၊ မင်းသားရာဇာ၊ ထိုအခါတွင်၊ လူးလာခေါက်သန်း၊ တပင်တိုင်လေ၊ ကဥ္စာနန်းကို၊ ချီလှမ်းပြီးလျှင်၊ ညည့်ဇီဝင်၍၊ ပျော်ရွှင်စားသောက်၊ အကျွမ်းဝင်ကော၊ အပင်ပေါက်လို့၊ နှစ်ယောက်တူစုံ၊ တဏှာဟုံဖြင့်၊ အာရုံလည်းရစ်၊ လင်နှင့်မယား၊ အကြင်အားဖြင့်၊ ထင်ရှားဖြစ်လို့၊ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာ၊ လောင်းမင်းကျော်လျှင်၊ မေတ္တာချင်းရှက်၊ ကဥ္စာဖြူနှင့်၊ အတူစက်လို့၊ စပ်ရှက်ပေါင်းဘော်၊ အတန်ကြာသော်၊ ကလျာရူပ၊ လှချော့ယည်ကော၊ ကဥ္စနမှာ၊ ဂဗ္ဘာနူပ်ငုံ၊ ရလေတုံသော်၊ ကြုံလည်းကြုံလျက်၊ ရွှေကမူနှင့်၊ မတူဝေးက၊ ပန်းလေးတက်လို့၊ လျှို့ဝှက်မရ၊ ပန်းသည်ဆိုကော၊ ဒါအိုမနှင့်၊ မျှားလှပျိုတော်၊ ရံငါးရာတို့၊ ထိုခါကာလ၊ တိုင်ပင်ခံကော၊ ကြံတုံကြလို့၊ မိန်းမဇာတိ၊ ပင်နန်းပျော်စံ၊ ကိုယ်ဖြစ်ဟံကို၊ အမှန်သိလို့၊ သတိလည်းရ၊ ကိုယ်ဖြစ်ဟံကို၊ မျှော်ထောက်ဆက၊ အလှကဥ္စာ၊ ထိုအခါ၌၊ မသာညှိုးခြောက်၊ စိတ်မငြိမ်ကော၊ စိုးရိမ်ရောက်လျက်၊ လန့်ကြောက်များစွာ၊ တညည့်ခါ၌၊ ခြင်းရာစကား၊ လှကဥ္စာမှာ၊ ဘော်ကာပြောလို့၊ မင်းသားနန်းရံ၊ ချစ်သက်နှံ့ကို၊ မပြန်စေရ၊ ကို့လက်ရာကြောင့်၊ ခက်ပါလှဟု၊ ကဥ္စနပဖါ၊ မင်းသားကျော်နှင့်၊ နှစ်ဘော်တူကွ၊ နေရောင်ဝါလေ၊ ပေါ်ကာထွက်အောင်၊ စက်ပျော်ကြက၊ မောင်းမပျိုတော်၊ ရံငါးရာတို့၊ ညီညာတူကွ၊ ပြောတိုင်ပင်၍၊ တို့ရှင်မသည်၊ လင်ရလေပြန်၊ ကြောင်းခြင်းဟံကို၊ မပန်မကြား၊ ဤခြင်းရာကို၊ ငါတို့ထားက၊ မင်းဖျားရာဇာ၊ ရာဇဝတ်ကို၊ မလွတ်သာဘဲ၊ ကပ်ပါတော့မည်၊ သို့ဖြစ်ပေ၍၊ မနေသွားမြောက်၊ ပြည်ရာဇာလေ၊ ခြေတော်အောက်မှာ၊ လျှောက်ပါခိမည်။ ။ ပျိုတော်ဟူကော၊ နန်းသူများတို့၊ သွားကြသည်လေ။

၃၉။ ။သွားကြလေကော၊ မနေလျှင်လျား၊ သီဟာဥဂ္ဂင်၊ ညီလာခွင်ကို၊ ဝင်ကာသွားလို့၊ မင်းဖျားရာဇာ၊ ရွှေတော်သာတွင်၊ ပန်ထွာတုတ်မြောက်၊ ကဥ္စနပဖါ၊ သမီးတော်၏၊ ခြင်းရာများကို၊ ပန်ကြားလျှောက်က၊ တယောက်ဘုရင်၊ မွေးဘခင်လျှင်၊ သဘင်သီဟာ၊ ပလ္လင်ပေါ်မှာ၊ စံပျော်တုံထိုက်၊ မျူးမတ်ဗိုလ်ပုံ၊ ညွတ်ခိုလှုံ၍၊ စုံသည်ခိုက်မှာ၊ မထိုက်မရာ၊ သမီးတော်၏၊ ခြင်းရာစကား၊ အကြောင်းသတင်း၊ မကောင်းခြင်းကို၊ ဘမင်းကြားက၊ နားမသက်သာ၊ မျက်မာန်ပါ၍၊ ယမ်းမှာမီးကျ၊ ပမာနသို့၊ ဒေါသကြီးစွာ၊ သမီးပျိုကို၊ ဆဲဆိုငြားလို့၊ ပြောခြင်းရာက၊ ရာဇာထွတ်ထား၊ ငါမင်းဖျားမှာ၊ အင်အားမြေးမြစ်၊ နည်းသည်ဖြစ်၍၊ ချစ်လို့မဝ၊ သမီးတော်လေ၊ ရတနာကျောက်ကော၊ တယောက်ရက၊ သားလှအသွင်၊ စိတ်ကထင်၍၊ တပင်နန်းမြင့်၊ ခုနစ်ဆင့်ထက်၊ အတင့်အတယ်၊ ပျိုကညာလေ၊ ငါးရာများနှင့်၊ ထားတုံလေသော်၊ ပြည်ပြည်ထောင်ချင်း၊ အမင်းမင်းကို၊ သတင်းစကား၊ လှခြင်းဟံကို၊ လွန်ကျော်ဇောလို့၊ ရထားမြင်းဆင်၊ မျှားဖျင်ရတနာ၊ ပို့ကာဆက်၍၊ လက်ဆောင်တော်နှင့်၊ ရပါလိုကြောင်း၊ ကျွန်းဇမ္ဗူမှာ၊ ထီးဖြူဆောင်းဟု၊ မင်းပေါင်းတကာ၊ တောင်းခံသော်လည်း၊ ကညာပျိုစစ်၊ ငါ့ရင်သွေးကော၊ သမီးချစ်နှင့်၊ မထိုက်မတန်၊ မှတ်တုံပြန်၍၊ စံစံပပ၊ ရံငါးရာနှင့်၊ ထားကာလ၌၊ ကဥ္စနတွင်ပြီး၊ ငါမင်းကြီးမှာ၊ သမီးမိုက်မှား၊ ကမြင်းသံကော၊ လင်းပြန်မှုကို၊ ပြုလိုငြား၍၊ တံခါးစောင့်သား၊ သူတို့များကို၊ မထားစေချင်၊ မာယာဆင်၍၊ တင်သည်ကာလ၊ သူ့ခြင်းရာကို၊ ငါမသိကော၊ ရိပ်မကျလို့၊ မျှားလှဗိုလ်ပါ၊ စောင့်အရံလေ၊ အိပ်ဖန်သားကို၊ မထားပါကော၊ ငါလျှင်လည်းမှား၊ စောင့်ထိန်းသူကို၊ သိမ်းယူထားလို့၊ အားရစိတ်တွင်၊ သူ့မှာလျှင်လေ၊ ပြုချင်တိုင်းပြု၊ မလျှော်ရာကို၊ လောမာမှုဖြင့်၊ ယခုမှသာ၊ အမှုပေါ်ကော၊ မတော်ကြောင်းရေ၊ ငါဘခင်မှာ၊ ကြံအင်ခက်ကော၊ အရှက်ကွဲလို့၊ ရင်သွေးရင်နှစ်၊ ကြင်အချစ်ဖြင့်၊ ဖြစ်၍တကယ်၊ ပစ်လိုက်မည်လေ၊ ဆီကြည်ရွှဲရွှဲ၊ မျိုတုံခဲလည်း၊

သဲနှင့်သျှတ်သျှတ်၊ ပမာပုံသို့။ ငါကြုံလတ်လို့၊ မတတ်ကြံရာ၊ ငါ့မှာသော်လေ၊ ရတနာပုတ္တ၊ တယောက်မျှလျှင်၊ မရကျင်ဘဲ၊ တပင်ရွှေထီး၊ ရှုမညီးကော၊ သွီးမိန်းမ၊ သက်ခန္ဓာလေ၊ ဇရာရောက်မှ၊ တယောက်ရလို့၊ နန်းမတောင်ညာ၊ မျှားမကြာခင်၊ ခန္ဓာအာယတန၊ ရုပ်နာမ်ကွယ်၍၊ သေကာလ၌၊ အဘအုပ်ထိမ်း၊ ချစ်လို့ကြီးကော၊ သွီးလည်းဖြစ်၊ ဆဲမဆိုဘဲ၊ အလိုလိုက်လို့၊ အညစ်အကြေး၊ အတန်တန်ကို၊ ခံလို့မွေးက၊ ကြီးခဲ့လတ်ကျင်၊ ငါဘခင်ကို၊ သူလျှင်တရပ်၊ ကံမြင်းသံလျက်၊ လင်းပြန်ပြုကော၊ ကျေးဇူးဆပ်လို့၊ အဖတ်လည်းတင်၊ ငါဘခင်လျှင်၊ ဂုဏ်အင်ညိုငယ်။ ။ တသက်လုံးတွင်၊ ထုံးရာဝင်လေ၊ တွင်တော့မည်လေ။

တွင်တော့မည်လေ၊ ရွှေပြည်စိုးခြင်း၊ ဘုန်းတော်ရောင်လေ၊ ပြောင်ပြောင်ဝင်းကော၊ မင်းတို့ဟူသည်၊ ဣန္ဒြေကို၊ တည်ကြည်ထိမ်းသိမ်း၊ အသက်ထက်ပင်၊ အရှက်ကြီးလို့၊ သွီးအတွက်၊ မငြိမ်သက်ဘဲ၊ စိတ်စက်မကြည်၊ ထီးနန်းစံမှာ၊ မျက်မာန်ဇောနှင့်၊ ပြောလတ်တေက၊ ခုဝယ်တဘန်၊ သူပြုဟံကို၊ နိုင်ငံစိုးငြား၊ သတိုးဘွားဟု၊ ရာတပါးမင်း၊ ထိုတိုင်းထိုနယ်၊ ထိုထိုပြည်က၊ မိတ်ဆွေချင်းတို့၊ သတင်းကြောင်းလျှား၊ မကောင်းကြားက၊ စကားရှက်ဘွယ်၊ ပြောလိမ့်မည်ကို၊ နည်းငယ်မတွက်၊ ကဥ္စနတွင်ပြီး၊ ခွီးမှာမွီးကော၊ သွီးပျက်နှင့်၊ သွက်လျှောက်သား၊ ထိုလင်မျှားကို၊ မထားအရှင်၊ ဒါးနှင့်တင်၍၊ စီရင်ကွတ်ညှတ်၊ မွေးအမှင်ထောင်၊ ခွေးနှစ်ကောင်ကို၊ သေအောင်သတ်ဟု၊ မင်းမြတ်အာဏာ၊ ပေးသောခါလျှင်၊ သေနာပတိ၊ ကဝိအပေါင်း၊ မှူးမတ်ကောင်းတို့၊ ထုံးဟောင်းနည်းမှာ၊ ပိဋကတ်ဗေဒင်၊ ရာဇဝင်နှင့်၊ ဆင်ခြင်ထောက်၍၊ လျှောက်ခြင်းရာက၊ မဟာနေမျိုး၊ ရာပြည်ထောင်ကို၊ အပေါင်းစိုးကော၊ တန်ခိုးပေါ်ထင်၊ တို့အရှင်လေ၊ ဆင်ခြင်စည်းစား၊ ပြည်ပြည်ထောင်ကို၊ အခေါင်ခြင်းကော၊ မင်းအမျှားတို့၊ တရားဆုံးဖြတ်၊ ထုံးအမှတ်ဖြင့်၊ ဓမ္မသတ်ကျမ်း၊ ထက်ပဝေက၊ သက်သေခန်းမှာ၊ ရဟန်းသဃ်ာ၊ ဆရာသမ၊ ဘိုးဘွားစ၍၊ မိဘသားမြေး၊ ကြီးမားစွာလေ၊ ရာဇဝတ်လျှင်၊ ဆိုက်ကပ်ခဲ့လည်း၊ ပြစ်မပေးအပ်၊ အရေးမှတ်လျက်၊ ဖြတ်ထုံးလည်းရှိ၊ သို့ဖြစ်ဘိ၍၊ မိမိရင်သွီး၊ ချစ်မညီးသည်၊ မင်းကြီးရာဇာ၊ သွီးကျော်လျှင်၊ မတော်တဆ၊ မှားယွင်းကလည်း၊ ဇီဝဆုံးဖြတ်၊ မသတ်အပ်ပါ၊ တရပ်တပြည်၊ တိုင်းဌာနျေကို၊ စိုးသည်မင်းဖျား၊ သူ့ဝမ်းဝင်လေ၊ ကြင်အချစ်ကော၊ ရင်၌သားနှင့်၊ ဖြစ်ပွားခဲ့ရာ၊ သက်ဝိဉာဏ်ကို၊ ကျန်မလတ်အောင်၊ သတ်တုံပါလည်း၊ နောင်ခါတထူး၊ လွန်အကျူးဖြင့်၊ ရန်ဆူးရန်ငြောင့်၊ မှန်မဖြောင့်အောင်၊ အနှောင့်အရှက်၊ ပြည်နှစ်ပြည်လေ၊ ဖြစ်မည်တွက်ကြောင့်၊ သွက်သွီး၊ မယားလင်လေ၊ ကြင်ဇနီးကို၊ မင်းကြီးရာဇာ၊ မသတ်ပါဘဲ၊ ပြည်ရွာကသည်၊ နှင်လိုက်ပေသော်၊ တော်မည်ဟုထင်၊ စံပျော်လွှင်ကော၊ ပလ္လင်အောက်က၊ လျှောက်ကြကျင်သော်၊ ဘုရင်ရာဇာ၊ မိန့်အာဏာက၊ မဟာသေန၊ အမဇ္ဇတို့၊ တင်ကြသည်တိုင်း၊ မဆုတ်ဆိုင်းဘဲ၊ မိုက်ရိုင်းစော်ကား၊ မမြင်ချင်ကော၊ လင်မယားကို၊ လျှင်လျှားမနေ၊ ငါ့နိုင်ငံက၊ မြိုင်ယံအုပ်ကို၊ နှင်ထုတ်စေဟု၊ ရွှေပြည်မင်းမြတ်၊ အမိန့်တော်နှင့်၊ အာဏာစက်ကို၊ တချက်လွှတ်က၊ အမတ်တော်ဝန်၊ သွီးစံကော၊ ဗိမာန်နန်းမှာ၊ ပြန်တမ်းပြန်လို့၊ နိုင်ငံကသည်၊ နှင်ထုတ်စေဟု၊ ကြားလေသောခါ၊ လှကဥ္စာမှာ၊ မသာညှိုးချောက်၊ စိုးလန့်ကြောက်လို့၊ တယောက်ကြင်ရာ၊ မောင်နှံစုံလေ၊ အတူပေါင်းဘို့၊ အကြောင်းပါလို့၊ ပြည်ရွာသည်၊ မွေးဘခင်လေ၊ ကြင်မချစ်ဘဲ၊ နှင်ပစ်တေဟု၊ မျက်ရည်စီးယို။ ။ ကဥ္စာဖြူမှာ၊ ပူမငြိမ်းကော၊ ဟိန်းချင်ိုရေ။

ထထထ

## မောင်နှင်မေ လင်မယားတို့ကို ကြင်မသနား ဘရာဇာက၊ စနမကြာဆိုင်းမနေအောင်၊ တိုင်းပြည်ကနှင်ထုတ်၍၊ သွင်အရုပ် ငှက်ဆင်နှင့် ထက်ခွင်က ပျံသွားတော်မူစန်း။

၄၀။ ။ဟိန်းချင်ိုကော၊ မင်းပျိုသုရိယ၊ ဘုန်းတော်ဟုံနှင့်၊ ကျရမှာ၊ ကိစ္စတစုံ၊ အရေးကြုံလည်း၊ မတုန်မလှုတ်၊ ပင်နန်းနေလေ၊ သွန်းရွှေရုပ်လေ၊ ဒုက္ခတွေ့ကြိမ်၊ ညှိုးကာပိန်၍၊ စိုးရိမ်ပူဆွေ၊ လှမေမှာ၊ မငိုကျွေးနှင့်၊ မွေးဘဘုရင် မောင်နှင်မေကို၊ မနေရဘဲ၊ ပြည်နှင်ကော၊ ထက်ခွင်ခရီး၊ မိုးကောင်းကင်က၊ ငှက်ဆင်စီး၍၊ ရပ်ဝီးနှင်းဘို့၊ ဆောင်ကျင်းယူမည်၊ နန်းသူနှမ၊ မကြောင်းကြနှင့်၊ ခနနည်းငယ်၊ ဘရာဇာ၏၊ အာဏာတိုင်းနှင့်၊ ဆိုင်းလို့နေဟု၊ ဆိုပေပြီးလျှင်၊ လောင်းကျော်ထင်က၊ ငှက်ဆင်ထားရာ၊ ထိုသည်တောသို့၊ သွားပါ၍၊ ပျက်ကာယွင်းယို၊ ဖရိုဖရဲ၊ ယာဉ်ငှက်ဆင်ကို၊ ညောင်ပင်က၊ ပေါင်းစဲပြီးခါ၊ လူသူမျှားနှင့်၊ ယူငြားလာ၍၊ လိုရာကိုဆက်၊ ကာပျက်လည်း၊ နှစ်ဘက်တောင်ဖန်၊ ကွဲ့င်းမကျန်

အောင်၊ မြီးခြေလက်၊ လည်ဆက်ဦးခေါင်း၊ ပျက်ပြိုကျင်ကော၊ ငှက်ဆင်ကောင်ကို၊ ကောင်းအောင်ခန့်ခိုင်၊ နှောင်ချိုင်ဆက်စပ်၊ ရှေးကပုံသို့၊ ကြိုးတတ်၍၊ ထက်ရပ်ကောင်းကင်၊ စက်မောင်းနှင်သို့၊ ငှက်ဆင်သည်၊ တနိုင်ငံကို၊ ပျံကာလွှားလို့၊ သွားတော့မည်ဟု၊ ကြံစည်တောင်းဆုပန်ကော၊ နန်းရံမင်းသား၊ မေချစ်ဆွေလေ၊ ငယ်မယားကို၊ ပြောဟောတိုင်ပင်၊ ယာဉ်ငှက်ဆင်တွင်၊ တင်လေသောခါ၊ ထိုမြို့မှာ၊ များစွာလူပေါင်း၊ မှူးမတ်ကောင်းတို့၊ သိန်းသောင်းများစွာ၊ ကြည့်ကြလာ၍၊ ရံခါရှေးဦး၊ ယာဉ်ငှက်ဆင်ကို၊ မမြင်ဘူးဟု၊ ထူးဝိသေသ၊ ရှုကြည့်ကြသော်၊ များလှခညောင်း၊ ပျိုတော်ဟူကော၊ နန်းသူပေါင်းတို့၊ သောင်းသောင်းများစွာ၊ ငိုခြင်းရာက၊ ကဠာဖြူလှ၊ သနားကျင်ကော၊ သားလင်ရလို့၊ ရှင်မသူ့ပြည်၊ နန်းမြည်ပိုက၊ တို့ကိုပစ်လို့၊ လိုက်တော့မည်လား၊ ဤသည်နေ့က၊ တို့ရှင်မအား၊ ကာလမြင့်ရှည်၊ ရုပ်ပိုင်းပြင်ကို၊ မမြင်ရကော၊ ကြာတော့မည်ဟု၊ ငိုလေသောခါ၊ လှကဠာက၊ မျက်နှာနွမ်းလျှ၊ ယိုမျက်ရည်လေ၊ ကွေကာကျလို့။ လင်လှလုလင်၊ ယာဉ်ငှက်ဆင်မှာ၊ ယူဆင်တုံပြီး၊ ကိုယ်ချင်းရှိုင်ပျာ၊ ပြိုင်ကာစီးလို့၊ ခရီးထက်ခွင်၊ တက်ကြိုးမျှင်ကို၊ ဆွဲငင်ကာလ၊ ထက်ဝဠာလေ၊ အာကာသသို့။ လျှင်ဆွမနေ၊ ပျံတက်လေကော၊ အောက်မြေရပ်ခွင်၊ များလူရှင်တို့၊ မျှော်ကျင်ကြည့်ရှု၊ တရုရုနှင့်၊ တဦးမေးငြား၊ တဦးပြောလို့၊ စကားလည်းဆို၊ ထက်တိမ်ညိုတွင်၊ ဟိုမှာသည်မှာ၊ မိုးအာကာကို၊ မော်ကာကြည့်ပြန်၊ ယ်ပျံငှက်ကို၊ လက်ညှိုးညွှန်၍၊ အလွန်ဝေးလျှင်၊ ယာဉ်ငှက်ဆင်ကို၊ မမြင်ပြီးမှ၊ ကိုယ်စီကိုယ်စီ၊ မိမိအိမ်ကို၊ ပြန်လီကြကော။ ။ တ-သ-မပြေနိုင်ရတော့ဘူးလေ။

၄၁။ ။တ-သ-မယေမပြေ၊ နေကြလေကော၊ မောင်မေတူကွ၊ ငှက်ယာဉ်ပျံနှင့်၊ စျာန်ကစားလို့၊ သွားလေကြက၊ ကဋ္ဌနဒေဝီ၊ မိုးတိမ်ဆီမှာ၊ မှိုင်းရီညိုမြ၊ မြူခိုးမင်းလွင်၊ ထက်ကောင်းကင်တွင်၊ မြင်ပြန်ရက၊ မျှော်တယမ်းယမ်း၊ မေလျှင်နေကော၊ ရွှေပြည်နန်းကို၊ လွမ်းသည်တချက်၊ ယည်ရေထက်မှာ၊ ကြောက်မက်စရာ၊ တချက်မှာကား၊ မဟာပထဝီ၊ ကမ္ဘာမြီနှင့်၊ တိမ်ဆီအာကာ၊ ကွာခြင်းရာကို၊ မျှော်ကာချင့်ထောက်၊ မစဲပူ၍၊ သည်းအူချောက်မျှ၊ လန့်ကြောက်ဂမန်း၊ ယာဉ်ငှက်ဆင်လေ၊ လျင်မြန်လွန်းလို့၊ ဝမ်းပန်းလျှင်မျှ၊ တစိမ့်စိမ့်ကော၊ ကြက်သိန့်ထလို့၊ ဂဗ္ဘကိုယ်ဝန်၊ ပဋိသန်လျှင်၊ ရှိပြန်တုံလျက်၊ အဖြာဖြာကို၊ စာနာထွက်လို့၊ အထက်ကောင်းကင်၊ အာကာပြင်က၊ ငှက်ဆင်နှင့်သာ၊ နန်းစည်ရှင်လေ၊ လင်မယားတို့၊ သွားကြရာတွင်၊ တိမ်ပြာတိမ်နီ၊ ပန်းချီရေးကော၊ ဆေးဖြင့်ချီသို့၊ ပုဇွန်ဆီရောင်၊ နီပြောင်ပြောင်ဖြင့်၊ တိမ်တောင်တိမ်လိပ်၊ အာကာဘွေမှာ၊ နေမိုးရိပ်ကြောင့်၊ တစိတ်ညိုတွင်၊ တစိတ်ပြောင်သို့၊ အရောင်မျိုးမျိုး၊ အရှိအပြား၊ နီအဝါလေ၊ ဖြာလို့ထိုးကော၊ မိုးအာကာပြင်၊ စို့သက်တန်းတို့၊ ပန်းရောင်သွင်နှင့်၊ ဆင်ရုပ်မြင်းရုပ်၊ မနောဘဝင်၊ သဘောတွင်လေ၊ ထင်တိုင်းဟုတ်လို့၊ စိတ်ရှုတ်စရာ၊ လှကဠာမှာ၊ ယည်သာငှက်ဆင်၊ ထက်တခွင်က၊ မရှင်ညှိုးနွမ်း၊ အဖြာဖြာကို၊ မျှော်ကာလွမ်းလို့၊ ချမ်း၍လည်းတုံ၊ လေအေးခတ်နှင့်၊ ထိခတ်ကြုံကော၊ အဟုံပြင်းပြင်း၊ ငှက်ယည်ပျံလေ၊ လျှင်မြန်ခြင်းကြောင့်၊ နတ်ဆင်းရွှေလွှာ၊ မိကဠာလျှင်၊ ချမ်းတော်မူကြောင်း၊ လင်သခင်ကို၊ လျှောက်တင်ရှောင်းသော်၊ ထည်ကောင်းတန်းဆာ၊ ကမ္ဗလာနှင့်၊ လွှမ်းကာပတ်တုံ၊ ဝတ်သိုင်းချုံလည်း၊ မလုံသောခါ၊ တစီစီလေ၊ ဒေဝီဆင်းမှာ၊ ငိုခြင်းရာက၊ ကြမ္မာကြောင်းရင်း၊ မကောင်းခြင်းကြောင့်၊ အဆင်းရုပ်ရည်၊ လှတုံပေလည်း၊ ငယ်ခါကပင်၊ မွေးမိခင်နှင့်၊ မကြင်ရဘဲ၊ ကစားရွယ်လေ၊ ငယ်ဇာတိက၊ မိနှင့်ကွဲလို့၊ ခမည်းဘခင်၊ ကျွေးမွေးပြုကော၊ ကျေးဇူးရှင်က၊ တပင်မြနန်း၊ မြကြငှန်းကို၊ လှဆန်းမောက်မောက်၊ ဝေဇယျန်လေ၊ ဗိမာန်ပေါက်သို့၊ ဆောက်လုပ်ပြီးခါ၊ ရံငါးရာလေ၊ ပျိုတော်မသျှား၊ အစေခံက၊ ခြွေရံများနှင့်၊ စားစားဝတ်ဝတ်၊ စည်းစိမ်ခံ၍၊ ဗိမာန်ထွတ်၌၊ နတ်သွီးဟံ၊ ခပ်သိမ်းကျွန်နှင့်၊ ပျော်စံကာလ၊ နန်းရဝေမှာ၊ လေမိုးစသား၊ နေ-လ-ကိုလျှင်၊ မေမမြင်ကော၊ တပင်စံသီး၊ မင်းသွီးဟု၊ ကြီးကြီးကျယ်ကျယ်၊ မေလျှင်နေကော၊ အရွယ်ရောက်လိုက်၊ ဆဲ့ခြောက်နှစ်သို့၊ သက္ကရာဇ်တွင်၊ ထွက်စစ်ဝင်သော်၊ လင်စိတ်သားစိတ်၊ လွမ်းမပြေကော၊ ငန်းမွေ့ဆိပ်သို့၊ မကြိတ်တော့နိုင်၊ မေ့သိပ္ပံနှင့်၊ ရှေးကံထူးကြောင့်၊ ဖူးစာခိုင်လျှင်၊ ပြိုင်သည်ကာလ၊ ဘနန်းစံမှာ၊ မျက်မာန်ရှုလို့၊ ပြည်ကလည်းနှင်၊ ယာဉ်ငှက်ဆင်ကို၊ ထက်ခွင်တိမ်တိုက်၊ မောင်လျှင်နေကော၊ ပြည်ကိုလိုက်လို့၊ ချမ်းခိုက်ခိုက်တုံ၊ မေလျှင်အေးလို့၊ သေဘေးကြုံကော၊ ရွှေဘုံမထိုက်နိုင်ပြီဘူးလေ။

၄၂။ ။ရွှေဘုံကေစံရာ၊ မေလျှင်ချစ်လို့၊ မလိုက်သာကော၊ ခန္ဓာအသက်၊ ပျက်ပါတော့မည်၊ လင်ဘုန်းကြွယ်ကို၊ လျှောက်လေသောခါ၊ မကြံသာကော၊ ကြင်ရာနှမ၊ နုချောယည်ကော၊ ကဋ္ဌနလေ၊ တောဝဂန္ဓာ၊ ဤနေရာမှာ၊ ပြည်ရွာဌာန၊ မဟုတ်လှဘူး၊ မဖွှိမာမည်၊ တောင်သပြေမှာ၊ အောင်စည်ရိုက်လို့၊ တိုက်အလယ်တွင်၊ ရွှေပြည်ဗာရာ၊ ထိုမြိုင်ချောင်နှင့်၊ ထိုတောင်တန်းကို၊ သန်းလို့ကျွာသော်၊ ရောက်ပါတော့မည်။ သို့ဖြစ်သည်ကြောင့်၊ နှမယည်နု၊ ချမ်းအေးခံကော၊ အားအံ့ပြု

သို့၊ ယခုလိုက်ပါ၊ ဆိုသောခါလျှင်၊ အာကာထက်ရပ်၊ ကဋ္ဌာမေမှာ၊ နေမမြဲအောင်၊ လေအေးခတ်၍၊ သက်ပြတ်ခန္ဓာ၊ ရှည်မကြာဘဲ၊ သေပါတော့မည်၊ အာကာဘွေက၊ အောက်မြေသို့လျှင်၊ သက်စေချင်ဟု၊ လင်ကိုဘန်ဘန်၊ စကားကောင်းနှင့်၊ ပြောတောင်းပန်ကေ၊ ပျံသည်ငှက်ဆင်၊ အထက်မိုးက၊ သက်ကြိုးမျှင်ကို၊ ဆွဲငင်ကာလ၊ တောဟေမာနှင့်၊ မြေမှာကျလည်း၊ ဧမြေလေဓါတ်၊ ဝေးကခတ်၍၊ မည်းဆတ်ဆတ်တုံ၊ ကမ္ဗလာကို၊ လွှမ်းကာထပ်လို့၊ ဝတ်ကာလှုံလည်း၊ မလုံပါနိုင်၊ ကြငှန်းပိုင်ကေ၊ နန်းစည်သခင်၊ မေ့ငယ်လင်လေ၊ သေရှင်မတတ်၊ နေမရွှင်အောင်၊ လေလျှင်ခတ်လို့၊ အဝတ်စွတ်စို၊ မိုယ်းမင်းညိုနှင့်၊ လေချိုတိုက်ဖြန်း၊ စောင်ထည်ရုံကေ၊ ချုံကာလွှမ်းလည်း၊ ချမ်းပါလှသည်၊ မောင်တို့ပြည်ကို၊ နှမေပိုင်ပိုင်၊ မလိုက်နိုင်ကေ၊ ဤမြိုင်ဌာန၊ ဇာတာညှိုးငယ်၊ တာမရှည်ကေ၊ သေပါရမည်၊ သို့ဖြစ်ပေ၍၊ တကယ်ဧကံ၊ မေ့ကိုသာလေ၊ မေတ္တာတိုးလို့၊ ချစ်ရိုးမှန်မူ၊ မီးလျှံမီးပုံ၊ ဘော်ပြီးတုံမှ၊ လှုံပါရကြောင်း၊ ချစ်ငယ်လင်ကို၊ မေလျှင်တောင်းကေ၊ ဖြစ်ကောင်းဖြစ်ခဲ့၊ ဤအရေးလည်း၊ ကြံတွဲချင့်နှိုင်း၊ မေကဆိုလို့၊ မောင့်ကိုခိုင်းကေ၊ တိုင်းနှင့်ဝေးကွာ၊ ရွာနှင့်မနီး၊ နိဗ္ဗြောဆိုင်လေ၊ တောမြိုင်ကြီးမှာ၊ မီးရရန်ရေး၊ မိုယ်းစွေသွန်း၍၊ အလွန်ခဲလို့၊ အဝေးပြည်ရွာ၊ ငှက်ယည်စီးပျာ၊ မီးထင်းရှာလည်း၊ မေသာတယောက်၊ တောမြိုင်အောက်မှာ၊ လန့်ကြောက်စရာ၊ မောင်လျှင်ထားလို့။ မသွားသာကေ၊ ကြံရာအရေး၊ ဤဂနိုင်နှင့်၊ ဤမြိုင်နက်တွင်၊ အခက်ထဲမှာ။ ။ အခဲကြံတော်မူ၏တည်းလေ။

ဏ္ဍာဏ္ဍာဏ္ဍာ

## သုရိယနန်းစည်ရှင်၏ ယာဉ်ငှက်ဆင်
## မြီးအတောင်တို့သည် မီးလောင်ကာမြစ်တွင် ကျွမ်း
## သော်လည်း နစ်မွန်း၍မသေရှာအောင်
## ဓမေယလာ ကယ်ကာမသောကြောင့်
## ပြည်နဂရာဌာနသို့ရောက်စန်း။

၄၃။ ။အခဲမယေ ကြံကေ၊ တူစုံနှစ်ပါး၊ မကြံသာဘဲ၊ ဂန္တာတောမှာ၊ မယားနှင့်လင်၊ ပြောတိုင်ပင်လို့၊ အရှင်မင်းသား၊ ဤမြိုင်ညိုတွင်၊ မေ့ကိုထား၍၊ လျှင်လျားမကြာ၊ မီးထင်ရှာဟု၊ ခါခါဘန်ဘန်၊ ငိုယိုငြားလို့၊ ပြောလေပြန်သော်၊ ဘေးရန်ကိုတွက်၊ နိဗ္ဗြောဆိုင်ကေ၊ ပညောင်ထက်ခွင်၊ ရွက်ကာတင်ငြား၊ လေးတက်ပြောင်လေ၊ ညောင်ခွကြားမှာ၊ မယားကိုလျှင်၊ ရှင်မင်းသားမှာ၊ ထားပြီးကျင်မှ၊ ငှက်ဆင်ယာဉ်ကြီး၊ ထက်အပေါ်မှာ၊ တက်ကာစီးလို့၊ ခရီးကောင်းကင်၊ အာကာပြင်က၊ မျှော်ကျင်လှည့်ကာ၊ ဝေးမကွာဘဲ၊ နီးရာရပ်ကို၊ ကြည့်လတ်ပါသော်၊ မဟာဂစ္ဆာ၊ သမုတ်ကြကေ၊ မြစ်ဝကမ်းခြေ၊ တောင်ဒက္ခေတွင်၊ ရေကြည်ပတ်ဝန်း၊ နယ်ဇမ္ဗူမှာ၊ မြေငူကျွန်းသို့၊ ပျံသန်းပြီးလျှင်၊ တဲလည်စင်၌၊ မီးလျှင်ရကြောင်း၊ မင်းလုလင်မှာ၊ ဝင်ကာတောင်းလို့၊ ကျစ်ပေါင်းစုရုံး၊ ကောက်ရိုးထုံးနှင့်၊ အုံး၍ပြီးလျှင်၊ ယာဉ်ငှက်ဆင်တွင်၊ ကိုင်ကျင်မအား၊ ခြေထောက်မှာလေ၊ ချိုင်ကာထားလို့၊ မင်းသားလုလင်၊ စက်စုံနှိုးပျာ၊ ကြိုးကိုင်ငင်ကေ၊ သက်ရှင်သည်နှေ့၊ ထက်ကောင်းကင်က၊ ငှက်ဆင်ဝဲသို့၊ ရေအေးသီဒါ၊ မြစ်အပေါ်က၊ ကျွာကာပျံသန်း၊ လမ်းစခန်း၌၊ အပန်းတကြီး၊ ကောက်ရိုးမီးတွင်၊ ပြင်းစွာခတ်ကေ၊ လေဓာတ်ဝင်၍၊ ငှက်ဆင်ပြောင်ပြောင်၊ မီးလျှင်လောင်ကေ၊ မင်းခေါင်သုရိယ၊ ထက်ကောင်းကင်က၊ မြစ်တွင်ကျလည်း၊ ကမ္ဗသကာ၊ မကြံသာဟု၊ စိတ်တော်မချ၊ ဘုရားအလောင်း၊ ယောကျ်ားကောင်းတို့၊ ထုံးဟောင်းရဖြင့်၊ အင်ညီမျှကေ၊ သီလသာလျှင်၊ ကိုးကွယ်ရာစစ်၊ ဧဝကံလေ၊ အမှန်ဖြစ်ဟု၊ ပွတ်သစ်လုပ်တော်၊ ဆေးပြီးခါမှ၊ သဒ္ဓါကြည်ဖြူ၊ သိက္ခာမြတ်ကို၊ စိတ်မှတ်ယူ၍၊ ရေးသူသားရဲ၊ ငါးတို့ဘေးလည်း၊ လွတ်ဝေးချမ်းသာ၊ မြစ်သီဒါတွင်၊ စိတ်တော်ရည်စူး၊ သောင်ကမ်းခြေကို၊ မှန်းရည်ကူးလို့။ တလူးလေးလေး၊ တဖွေးဖွေးကေ၊ ဝဲလယ်သီးခေါင်၊ လှိုင်းဘောင်ဘောင်နှင့်၊ မြောက်တောင်ယော်ယမ်း၊ မြို့ပြည်ရွာကို၊ ရည်ကာမှန်းလို့၊ သောင်ကမ်းမမြင်၊ ကျွန်းမော်တွင်၌၊ မတင်မပါး၊ ရေပြင်ကျယ်လေ၊ ပင်လယ်ကြောမှာ၊ မင်းသားလုလင်၊ မျောနေကျင်ကေ၊ ။ မရွှင်ညှိုးနွမ်း၊ ပန်း၏တည်းလေ။

၄၄။ ညှိုးနွမ်းမယေမရွှင်၊ မြစ်ရေပြင်မှာ၊ သေရှင်မတတ်၊ အရေးဆုံလို့ တွေ့ကြုံလတ်ကေ၊ ရှေးဝဋ်ဝိပါတ်၊ အဖြာဖြာကို၊ ပန်းရာတွက်က၊ ဖြစ်ပျက်သမျှ၊ ချက်မကျကေ၊ ငယ်ကကျွမ်းဝင်၊ ပန်းသဇင်သို့၊ ငယ်ကြင်ချစ်စ၊ ဖူးစာနှစ်ခိုင်၊

ကူးကာပြိုင်ကော၊ ကဥ္စနနှင့်၊ မွေးဘဘုရင်၊ မောင်နှင့်မေကို၊ မနေရဘဲ၊ ပြည်ကနှင်လို့၊ ငှက်ဆင်ယာဉ်ကြီး၊ မောင်မေစုံလေ၊ အတူစီးလို့၊ ပြည်ကြီးသာလှ၊ ဗာရာဏကို၊ လာကြလေပြန်၊ မိုးတိမ်ယံမှာ၊ အလွန်အေးလိုက်၊ မောင်ချစ်ဆွေမှာ၊ သေမတတ်ကော၊ လေခာတ်ခိုက်လို့၊ မလိုက်နိုင်မူ၊ ယည်နန်းသူလျှင်၊ မီးပူကင်လို၊ တောင်းပန်းဆိုသော်၊ ထိုထိုမြို့ရွာ၊ ဝေးကွာငြားလို့၊ မသွားသာကော၊ သီဒါပတ်ဝန်း၊ မီးကိုယူ၍၊ မြေငူကျွန်းက၊ ပျံသန်းတုံဘိ၊ ပညာရှိလည်း၊ သတိမမူ၊ မသိသူတို့၊ ဂူကိုမမြင်၊ သတိမူသော်၊ ပြူကိုပင်လည်း၊ မြင်နိုင်တုံဘိ၊ ရှေးလွန်သူလေ၊ လူကြီးများတို့၊ ပြောရိုးရှိလည်း၊ သတိမထား၊ အသိသားကို၊ မှားချင်လျက်ပင်၊ ယာဉ်ငှက်ဆင်၏၊ ခြေတွင်မီးချိုင်၊ မိုးတိမ်းယိုင်ကို၊ ဝဲပျိုင်ကာသွား၊ ငါတဘန်လေ၊ အလွန်မှားလို့၊ စီးသွားမောင်းနှင်၊ ထက်ကောင်းကင်တွင်၊ ငှက်ဆင်လည်းပျက်၊ ရေပြင်ကျယ်လေ၊ ပင်လက်နက်မှာ၊ အသက်ဇီဝေ၊ ညက်ညက်ကြေလို့၊ သေမည်မထင်၊ ဤရေပြင်တွင်၊ ရှင်မည်မသိ၊ လွမ်းအပူနှင့်၊ နန်းသူမိလျှင်၊ ရှိရာသို့သည်၊ မကောင်းဘန်ကော၊ ကြောင်းကံမှောက်လို့၊ မရောက်ချေလေ၊ သေသေရှင်ရှင်၊ မောင်မှာလျှင်လေ၊ ဇာပင်ဖြစ်ဖြစ်၊ ရေပြင်ကျယ်ကော၊ ပင်လယ်မြစ်မှာ၊ ကံထိုက်ရာနား၊ ချစ်ကျွမ်းဝင်ကော၊ ကြင်မယားကြောင့်၊ စိတ်ထားစိတ်နေ၊ မတည်ကြည်ကော၊ သန္ဓေလည်းရှိ၊ ပန်းမဥ္ဇူသို့၊ နန်းသူမိမှာ၊ မသိလူရှင်၊ ပညောင်ပင်တွင်၊ တင်ကာလည်းထား၊ အလွယ်တကူ၊ အဘယ်သူလျှင်၊ ကယ်ယူငြားလို့၊ တခြားမြို့ရွာ၊ သက်ချမ်းသာ၍၊ ရောက်ပါလိမ့်ည်၊ အသွယ်သွယ်လေ၊ ညာဘက်ကိုထွက်၊ ငါမင်းပျိုမှာ၊ ကိုယ့်အသက်ထက်၊ ကြင်ဘက်ကြောင့်မူ၊ ကျွက်ကျွက်ဆူအောင်၊ ပူပါလှသည်၊ ဆားငံရေတွင်၊ မျက်ရည်ရောစွက်၊ နဒီလယ်မှာ၊ ဒီရေ တိုးကော၊ တပိုးတက်မျှ၊ တွက်လိုက်တိုင်းကို၊ တငိုငိုနှင့်၊ ကိုယ်ကိုလှုတ်လူး၊ ဆိပ်ကမ်းခြေကို၊ စိတ်ရည်စူးလို့၊ ကူး၍နေခါ၊ များမကြာတွင်၊ မေဃလာနတ်၊ မြစ်ပင်လယ်တွင်၊ နေစောင့်ကြပ်လျက်၊ ဖြောင့်မတ်သူကို၊ ကယ်ဆယ်လိုကော၊ ထိုသည်ခါတွင်၊ လောင်းကျော်ထင်ကို၊ မြင်လေတုံရှောင်း၊ လူသမာကော၊ သူတော်ကောင်းဟု၊ အကြောင်းကိုသိ၊ သို့ဖြစ်ဘိ၍၊ မွေးမိအသွင်၊ နတ်တို့တန်ခိုး၊ လှိုင်းထမ်းဖိုးနှင့်၊ တိုးလို့တင်ကော။ ကမ်းတွင်ရောက်တော်မူ၏တည်လေ။

**မေကဉ္စာမယားပျောက်ကို၊ ပေါမဝါတောအောက်မှာ**
**နားမထောက်မျှော်တမ်းလျက်၊ သွားရှောက်တို့**
**ရှာလွမ်းခန်း။**

၄၅။ ။ကမ်းတွင်ရောက်တော် မူသော်ခါလျှင်၊ မဟာနွယ်မျိုး၊ ဇာဒါငယ်ကော၊ ကံခေညှိုးလို့။ သတိုးစောထီး၊ တန်ခိုးကြီးလည်း၊ ရှားမီးမရဏ၊ သေကိန်းကျလျက်၊ မြစ်မအလယ်၊ ဇာတာတော်မှာ၊ ဒသာစစ်ကြောင့်၊ နစ်မသေဘဲ၊ မေဃလာနတ်၊ မနေသာကော၊ ကယ်ကာမတ်လို့၊ ကမ်းစပ်ရောက်ခါ၊ ရိပ်ဆာယာမှာ၊ ညောင်ညာပန်းဖြေ၊ အတန်ငယ်လျှင်၊ အိပ်နေပြီးမှ၊ များမကြာခင်၊ နိုးကာထလို့၊ သုရိယကုမ္မာ၊ လောင်းမင်းကျော်မှာ၊ မသာရွှေစိတ်၊ ကြင်ရာတော်လေ၊ ကလျာမိတ်ကို၊ ဘယ်ဆိပ်ဘယ်ကမ်း၊ ဘယ်ဂနိုင်ကော၊ ဘယ်မြိုင်တန်းနှင့်၊ ဘယ်လမ်း၌တွင်၊ ဘယ်ညောင်ပင်မှာ၊ ဆောင်တင်ခဲ့သည်။ နယ်နိမိတ်ကို၊ မရိပ်ချေဘဲ၊ စိတ်နေစိတ်ထား၊ မိမောမောဖြင့်၊ ဘယ်တောဘယ်ချောင်၊ ဘယ်တောင်ဘယ်မြောက်၊ လေးမျက်နှာကို၊ တွေးမျှော်ထောက်လို့၊ အနောက်အရှေ့၊ မြစ်ကမ်းခြေက၊ မှန်းရည်မှတ်ကော၊ ပတ်ပတ်လှည့်လို့၊ ရှုကြည့်ပြီးခါ၊ ရိပ်ဆာယာက၊ စိတ်မှာထင်မှတ်၊ ဂနိုင်စိုစို၊ မြိုင်ညိုညိုမှာ၊ ထိုထိုရုပ်ကို၊ လှည့်ပတ်ပြီးထွယ်၊ မေကဥ္စာလေ၊ ကညာမိကို၊ ရှာခီမည်ဟု၊ ဘုန်းကြွယ်မင်းသား၊ တောအောက်မှာလေ၊ ရှောက်ကာသွားကော၊ ယာတောကိုင်းပြင်၊ တဲလင့်စင်မှာ၊ စာနှင့်နေငြား၊ ကယင်မေကို၊ မေးလေငြားက၊ စကားခိပ္ပါယ်၊ နားမလည်ကော၊ ဟာဟေဟို၍၊ တာတီတီနှင့်၊ ကျီကျီကျာကျာ၊ သူ့ဘာသာဖြင့်၊ ကြီရာမရ၊ ကယင်မေတို့၊ ရွှေမင်းသားဟု၊ ပြောပြီးမှလျှင်၊ စားရစေချင်၊ တောင်းသည်ထင်၍၊ ယူငင်ဆွတ်ပီး၊ နုရင့်မာကော၊ သူ့ယာတောက၊ သခွါးသီးကို၊ စားပြီးတုံထွယ်၊ အတန်ငယ်လျှင်၊ နေကာထသွား၊ တမြောင်ကွာသော်၊ တောင်ယာတောမှာ၊ ယောကျ်ားပျိုအို၊ ကယင်တိုတို့၊ ခေါင်ကိုသောက်စား၊ တွေ့ကာမြင်သော်၊ ရှင်မင်းသားမှာ၊ မယားကြောင်းရေး၊ သိလိုခြင်းကြောင့်၊ သတင်းမေးကော၊ ထီးသုံးနန်းသုံး၊ စကားထုံးကို၊ လုံးလုံးမသိ၊ မရိပ်မိ၍၊ အောက်ကလိအာ၊ အာကလိအောက်၊ သူ့အထိုဖြင့်၊ ခေါင်ကိုသောက်ဟု၊ တယောက်စကား၊ တယောက်နားမှာ၊ ကြား၍နည်းငယ်၊ နားမလည်ကော၊ ဖြစ်မည်မဟုတ်၊ ထိုတောင်ယာက၊ ခွါကာဆုတ်လို့၊ တောအုပ်မြိုင်ယံ၊ သွားလေပြန်ကော၊ မြည်တွန်ရင့်ညောင်း၊ နာပျော်ဘွယ်လေ၊ ဥရွှေဒေါင်းနှင့်၊ ထနောင်းပင်ပေါ်၊ အကိုင်းထက်မှာ၊ တက်နားကာဖြင့်၊ လင်းပြာငြိုးညို၊

မ-အဘိုတို့၊ တ-ဆိုရင့်ကျူး၊ တကျော်ကျော်နှင့်၊ ခေါ်တိုင်းထူးသို့၊ စိတ်ကူးတိုင်းကို။ ။ ချစ်စိတ်ဝင်ကော၊ ကြင်မိတ်ကျွမ်းကို၊ လွမ်းလို့ငိုရေ။

၄၆။ ။လွမ်းလို့ငိုကော၊ နဂိုသည်လှ၊ ကဥ္စာပျိုကော၊ ညိုနှမနှင့် ရှေးကကြောင်းကံ၊ ပေါင်းချိန်တန်၍၊ ဝဲပျံသွားလား၊ ယာဉ်ငှက်ဆင်နှင့်၊ ထက်ခွင်ဖျားမှာ၊ ပျော်ပါးနေခိုက်၊ လေပြင်းတိုက်၍၊ အလိုက်သင့်စွာ၊ မိုယ်းတိမ်မြင့်က၊ လွင့်လို့ပါကော၊ ဖူးစာနတ်မောင်၊ ဝေးခရီးကို၊ နီးအောင်ဆောင်၍၊ မရှောင်မျက်မှောက်၊ မေတို့ပြည်ကို၊ မောင်ဝေရောက်လို့၊ နှစ်ယောက်တူပင်၊ မတွေ့ခင်က၊ မမြင်ရသေး၊ ပန်းသည်အိမ်မှာ၊ မှီကာတဲမှ၊ မေရှိရာကို၊ သိပါရလို့၊ ပဌမအစမ်း၊ ရေးစာခွေ၌၊ ကုံးသည်ပန်းကို၊ ပေးကမ်းလေပြန်၊ ဂဟေဆက်လို့၊ မေလက်ခံ၍၊ စာပြန်စာပေး၊ ဤသို့နည်းဖြင့်၊ ရှည်ဝေးကာလ၊ မကြာရအောင်၊ ပေါင်မပန်းသည်၊ မောင်နှင့်မေကို၊ ဂဟေစပ်ဘို့၊ အောင်ထပ်သွယ်၍၊ မောင်မေတူကွ၊ နှစ်ဦးဆုံ၍၊ တွေ့ကြုံရက၊ ပီယမေတ္တာ၊ နှစ်တရာကို၊ သစ္စာလောင်းထွေ၊ စက်ယာဘုံမှာ၊ တူစုံယောင်းတော၊ ပေါင်းကြမည်ဟု၊ ဂဟေဆက်စပ်၊ နှမဘခင်၊ ပြည်ကြီးရှင်ကော၊ ဘုရင်နတ်က၊ တရပ်တပြည်၊ သွားလေစေကော၊ အခြေလည်းလှ၊ မောင်မေစုံလေ၊ တူတကွလျှင်၊ လာကြပါလျက်၊ စနေဂြိုဟ်လေ၊ မွှေဖြိုဖျက်လို့၊ အဆက်မမြဲ၊ မချမ်းသာအောင်၊ လမ်းမှာကွဲ၍၊ သေဘေးကြုံငြား၊ မြစ်ပင်လယ်မှာ၊ ဘားနှယ်မျောကော၊ ယောကျ်ားလုံ့လ၊ ဝိရိယနှင့်၊ ကံစလည်းကူ၊ မောင်မှာမူက၊ ပူသာပူရ၊ သက်ဇီဝေလေ၊ ရှည်သမျှကို၊ နေရတော့မည်၊ လှသက်ဝေလေ၊ နှမေညိုမြ၊ တောမြိုင်ချောင်လေ၊ ပညောင်ခွမှာ၊ ဧမြေချမ်းကြည်၊ တုံခိုက်ခိုက်နှင့်၊ နေလိုက်ပေကော၊ မသေသော်လည်း၊ တောမြိုင်ညိုမှာ၊ တကိုယ်တည်းကော၊ ငိုကျွေးကြုံကြုံ၊ မောင့်ကြောင့်မူလေ၊ အပူမပျောက်၊ အရေးအရာ၊ ဘေးဘယာကို၊ တွေးမျှော်ထောက်က၊ လန့်ကြောက်ညှိုးပိန်၊ စိတ်မငြိမ်ကော၊ စိုးရိမ်ကြီးလျက်၊ အသက်မသေ၊ မပျက်ပေတည်း၊ အနေခက်လို့၊ ကိုယ်လက်လေးလံ၊ ပင်္ဂိုသန်ကော၊ ရှိုပြန်တုံငြား၊ မိန်းမသားလျှင်၊ ပေါ့ပါးလျှင်မြန်၊ မစွမ်းသံကော၊ အလွန်ခက်ခဲ၊ တငိုငိုနှင့်၊ မြိုင်ညိုအောက်မှာ၊ တယောက်တည်းကော၊ သားရဲဘေးရန်၊ အတန်တန်နှင့်၊ ခန္ဓာသက်သည်၊ ပျက်မကွယ်ဘဲ၊ တာရှည်မြင့်ကြာ၊ မတည်ရာကော၊ သေကာဆုံးမည်၊ ယခုထိလျှင်၊ မရှိချေလေ၊ အကယ်ဒန္တီ၊ သက်ဇီဝေလျှင်၊ သေလို့တွိလည်း၊ ရှိသည်ယွင်းယို၊ ရုပ်ကြွင်းကိုလျှင်၊ သဂြိုဟ်ရစေ၊ စိတ်မှတ်ရည်လျှင်၊ သေအရှင်ကို၊ မြင်မတွေ့ကော။ ။ လွမ်းငွေ့နဘော၊ ထပ်တော့သည်လေ။

ဇဃဇဃဇဃ

## လွမ်းပေါင်း ၅၀–ပွဲ့။

၄၇။ ။လွမ်းငွေ့မယေမပြတ်၊ တမ်းတမပြေ၊ လွမ်းစပွေကော၊ နပေထပ်လို့၊ လွမ်းဓါတ်မီးလောင်၊ လွမ်းသူမောင်မှာ၊ လွခမ်းတောင်ထိပ်ထက်၊ လွမ်းမိုးလည်းဆင်၊ လွမ်းလို့ပင်လေ၊ လွမ်းကျင်ငှက်သို့၊ လွမ်းကျက်လည်းတ၊ လွမ်းစလည်းပွေ၊ လွမ်းမပြေကော၊ လွမ်းသည်ကာလ၊ လွမ်းစသတ်၊ လွမ်းမပြတ်ကော၊ ထပ်ကာလည်းလွမ်း၊ ကြိုးနှင့်ကြိမ်ကို၊ လိမ်ကာလွမ်းယောင်၊ လွမ်းပေါင်းရာကျော်၊ ခါးတန်းဆာကို၊ ချွတ်ကာလည်းထား၊ လွမ်းစပေါ်ကော၊ လွမ်းဗျာများလို့၊ လွမ်းအားတာရှည်၊ လွမ်းမိုးစွေကော၊ နှမေလည်းလွမ်း၊ ယနေ့တိုင်အောင်၊ မေ့အယောင်သို့၊ မောင်လည်းလွမ်းလို့။ လွမ်းစိတ်မမေ့၊ လွမ်းစတည်ကော၊ လွမ်းသည်နေ့က၊ မတွေ့သမျှ၊ မမေ့ရအောင်၊ နေ့ညတိုင်းတန်၊ လတိုင်းလွမ်းကော၊ အလွမ်းပေါင်းရုံး၊ လွမ်းမဆုံးလို့၊ လွမ်းထုံးကိုဖြေ၊ လွမ်းမပြေကော၊ နှမေကိုတမ်း၊ ငှက်ဖိုးခေါင်ယောင်၊ မောင်ကလွမ်းလို့၊ အလွမ်းပေါ်ပုံ၊ လွမ်းမျိုးစုံကော၊ အကုန်လည်းလွမ်း၊ ယခုစီကော၊ ဤအဖွဲ့မှာ၊ ထည့်ကာလွမ်းလို့၊ လွမ်းစရှိလည်း၊ လွမ်းချင်ချင်ကော၊ လွမ်းမျှင်မပြတ်၊ လွမ်းစတွေလေ၊ ပွေလို့ထပ်ကော၊ လွမ်းရဟတ်နှယ်၊ အလွမ်းမျိုးမှာ၊ လွမ်းကြိုးသွယ်လို့၊ လွမ်းလေရစ်ဝိုင်း၊ ရေပြင်ကျယ်ကော၊ ပင်လယ်လှိုင်းသို့၊ လွမ်းတိုင်းတသ၊ လွမ်းစေတီလေ၊ စိန္တေယျမှာ၊ ဆွမ်းဒါနကပ်၊ လွမ်းသမျှကို၊ လွမ်းစဖြတ်မည်၊ မှတ်တုံပေ၍၊ ရှာဘွေပတ်လှည့်၊ မြေကမ္ဘာမှာ၊ ခြေရာစေ့လည်း၊ မတွေ့သမျှ၊ နေ့လကြာအောင်၊ မောင်ရှာပါမည်၊ ထိုသည်တောက၊ သွားတုံလေကော၊ မြိုင်ခြေရိပ်အောက်၊ လမ်းတရှောက်မှာ၊ မကြောက်လုံးချည်း၊ မင်းလူပျိုမှာ၊ တကိုယ်တည်းလျှင်၊ အေးရန့်ချုံ၊ မွှေးပျန့်ထုံသို့၊ အငုံတဆင့်၊ အပွင့်တထပ်၊ တောမြိုင်ခွင်တွင်၊ ပင်လုံးကျွတ်လျှင် ပွင့်ဝတ်စုံလင်၊ ပန်းကိုမြင်ကော၊ ကြင်ရာတော်လှယည်နန်းသူကို၊ လွမ်းရှုတလို့၊ စိတ်ကတမ်းယမ်း၊ မိဘနေကော၊ ရွှေပြည်နန်းကို၊ မျှော်မှန်းတုံလျက်၊ ကိုယ်စံရာကို၊ ပြန်ကာတွက်လို့၊ စိတ်စက်မကြည်၊ ကျမျက်ရည်နှင့်၊ ရွှေပြည်ဗာရာ၊ တိုင်းအောင်ချာမှာ၊ မာတာပီတ၊ သက်ခန္ဓာလေ၊ ဇရာကျလို့၊ မရဏစူဝံ၊ နတ်ရွာစံသော်၊ မွေခံယောကျ်ား၊ မောင့်အပြင်ကို၊ အကြင်သား

လည်း၊ ထင်ရှားမရှိ သို့ဖြစ်ဘိ၍၊ ဘမိသေလွန်၊ တကယ်မှန်သော်၊ မွေခံရံရေး၊ စံဌာနေကော၊ ရွှေပြည်ကျေးနှင့်၊ ဝေးကွာတုံဘိ၊ အဖြာဖြာကို၊ ထောက်မျှော်ညိုက၊ မိခင်ဘခင်၊ မျက်နှာသွင်ကို၊ မမြင်ရဘဲ၊ ငါမင်းပျိုမှာ၊ တကိုယ်တည်းလျှင်၊ တကျေးတပြည်၊ အဝေးနယ်တွင်၊ အခြေမလှ၊ သက်မသေကော၊ စေ့ငယ်မျှဖြင့်၊ ဒုက္ခပူဘန်၊ ခံရပြန်ကော၊ ရှေးကံတခြား၊ နန်းစည်ရှင်မှာ၊ ဇောင်ပင်ညိုးကော၊ ဆိုးလျက်လားဟု၊ မင်းသားနန်းနွယ်၊ အဆွဲပွေ၍၊ သည်းကြွေလောင်ကျွမ်း၊ မိဘနေကော၊ ရွှေပြည်နန်းကို။ ။ လွမ်းတငိုတော်မူ၏တည်းလေ။

၄၈။ ။လွမ်းတမယေငိုကော၊ ရွှေကိုယ်တော်လှ၊ အလောင်းတဆူ၊ သောင်းဇမ္ဗူမှာ၊ တူမမျှကော၊ သုရိယကိုယ်တော်၊ ထိုအခါ၌၊ ယိုကာမျက်ရည်၊ ထွက်ကာစွေ၍၊ ရွှေပြည်ကိုလွမ်း၊ ဟေမဝါက၊ ရည်ရော်မှန်းလို့၊ ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်စိ၊ ဘပီတာတို့၊ ခြေတော်ဦးကို၊ ဖူးမြော်ချင်၍၊ မရွှင်ညိုးနွမ်း၊ နွေအခါလေ၊ ရေကြာပန်းသို့၊ နန်းနှင့်လည်းကွာ၊ မွေးမေတော်ကော၊ ပြည်ရွာနှင့်ဝေး၊ ဘွားဘက်ငါးရာ၊ ရံရွယ်တော်ကော၊ ဆွေညာကွဲလို့၊ တကျေးတနယ်ငါ့မင်းကျော်မှာ၊ ဇာတာဆိုးကော၊ ညိုးငယ်ငယ်နှင့်၊ မျိုးဆွေမရှိ မွေးမိမမြင်၊ ဘခင်မကြား၊ မယားလည်းဆုံး၊ ယာဉ်ငှက်ဆင်လေ၊ မြစ်တွင်တုံးလို့၊ နှလုံးလည်းဆူ၊ စိတ်လည်းပူကော၊ သည်းအူလည်းတင်း၊ ပြိုးလည်းကြူကော၊ နေပူပြင်းလို့။ ထမင်းကငုတ်၊ ရေကမွတ်ကော၊ ဆေးသတ်ဝါသွင်၊ ငါလုလင်မှာ၊ သေရှင်မတတ်၊ ရှေးကပါကော၊ ကြမ္မာဝဋ်ကြောင့်၊ မျိုးမြတ်ဒါလီ၊ မဟာဆီကော၊ သာဂီနွယ်မြစ်၊ မိုးကုတ်ကျောက်နီ၊ ဘိုးထိုက်စိန်လေ၊ ရတီစစ်လျှင်၊ ဖြစ်ပါတုံလျက်၊ ဘိုးမတန်လေ၊ ဖန်ကိုချက်သည်၊ ကျောက်မျက်အသွင်၊ ဇမ္ဗူရာဇ်မှာ၊ မြူညစ်ထင်လို့၊ ဇောင်ပင်ကံဆိုး၊ လူသာမံယောင်၊ မြူဆံကျိုးမျှ၊ တန်ခိုးမထင်၊ ဆိုးရာတွင်လေ၊ ဘုရင်အချုပ်၊ ဤလူ့ပြည်မှာ၊ နာမည်ပုတ်လို့၊ သိန်နှုပ်ကြက်သရေ၊ ဆုတ်လကွယ်သို့၊ ညိုးငယ်တုံလျက်၊ မျိုးသာဂီမှာ၊ ဤအချက်ကို၊ ကြံတွက်တိုင်းပင်၊ နှလုံးထိပ်သို့၊ စိတ်မရွှင်ဟု၊ လုလင်မင်းသား၊ စုံရိပ်မြိုင်လေ၊ ရကိုင်တောမှာ၊ ဉသြဘော်ကွာ၊ သံချိုချိုနှင့်၊ ဆိုကာတကော၊ မကိုရှာသို့၊ ကြင်ရာတော်လှ၊ နုချောယည်လေ၊ ကဥ္စနကို၊ ထိုမှဤမှ၊ လိုက်လို့ရှာသည်၊ ဘယ်မှာမတွေ့၊ တရွေ့ရွေ့ဖြင့်၊ ရှေ့ကိုမှန်းကာ၊ အမောအပန်း၊ တောစခန်းက၊ လှမ်းလို့လာပျာ၊ ကြောင်းရာသိရေ၊ လမ်းဖုံဖုံတွင်၊ လူကြုံမေး၍၊ ပူဆွဲတုံငြား၊ သတိတော်ကို၊ စိတ်မှာထား၍၊ ယောကျ်ားဟူသည်၊ ငိုမည်စိတ်ကို၊ အံကြိတ်ဖြေကော၊ သံဝေတရား၊ နှလုံးထားလို့၊ တတောထွက်ဝင်၊ တပြင်ကိုသန်း၊ တစခန်းနှင့်၊ တလမ်းကိုသာ၊ ကြင်ရာတော်ကို၊ ရှာကာလွမ်းပျာ၊ လှမ်းလို့လာကော၊ ထိုခါကာလ၊ နတ်တို့ဘန်ကော၊ ညွှန်ကာပြသို့၊ နဂရဘုမ္မိ၊ ဂုဏ်သီရိနှင့်၊ ဇာတိချက်ကြွေ၊ မိဘနေသည်၊ ရွှေပြည်ဗာရာ၊ ကုသလံလေ၊ သုကံထောက်လို့၊ ရောက်လေပါကော၊ ဘယ်ရွာဌာနေ၊ ဘယ်တိုင်းပြည်ဟု၊ အတည်မသိ၊ ရောက်ကြုံခိုက်ကော၊ ဖြစ်တုံဘိ၍၊ သတိမထား၊ ပန်းဖူးပန်းခိုင်၊ ရနန့်လှိုင်ကော၊ ဉယျာဉ်တောမှာ၊ ခင်းထားကောင်းစွာ၊ ပန်းကျောက်ဖျာတွင်၊ ညောင်းညာပန်းဖြေ။ ။ ကြင်ကျွမ်းသူကို၊ လွမ်းပူစိတ်နှင့်၊ အိပ်လို့နေရေ။

တခန်းရပ်။

ဏ္ဍာဏ္ဍာဏ္ဍာ

**မင်းလောင်းရှာစန်း။**

၄၉။ ။အိပ်လို့နေကော၊ ဆင်ခြေကိုဖြတ်၊ တခန်းရပ်လို့၊ စပ်ဟပ်ကာရံ၊ နောက်ကိုဆန်းလို့၊ တခန်းညွှန်းမည်၊ နန်းစံထီးဆောင်း၊ သတင်းကောင်းနှင့်၊ မင်းလောင်းဘွေ့ရှာ၊ ကြောင်းခြင်းရာကို၊ ပြိုးကြာသတ်မှု၊ သာခြင်းချိုကော၊ ထိုဝတ္ထုတွင်၊ စပ်ပြုအကျယ်၊ ဆိုလိုက်သည်ဟု၊ ခုဝယ်တဘန်၊ အနည်းငယ်လေ၊ သခ်ေပဖြင့်၊ ပြကာညွှန်မည်၊ နိုင်ငံကြီးကျယ်၊ ဗာရာပြည်ကို၊ ထီးစည်စိုးကာ၊ ပြဟ္မာဒတ်ဟု၊ မြတ်ရာဇာလျှင်၊ သားတော်အတွက်၊ စိတ်ရတက်နှင့်၊ အသက်ခန္ဓာ၊ ဇရာတရပ်၊ မရဏာထပ်၍၊ နတ်ရွာပျော်သော်၊ သတ္တာဒီဝ၊ စေ့ကာလ၌၊ စိန္တဂဝိ၊ မတ်ပဏ္ဍိဟု၊ ရှိသိနောက်မြင်၊ ပညာရှင်တို့၊ တိုင်ပင်ခြင်းရာ၊ ငါတို့ရှင်လေ၊ ဘုရင်မြတ်လျှင်၊ နတ်ရွာပျော်လို့၊ သားတော်မင်းလှ၊ သုရိယဟု၊ ဉပရာဇာ၊ ယခုခါတွင်၊ နန်းလျာထားတင်၊ ယာဉ်ငှက်ဆင်နှင့်၊ ထက်ခွင်အာကာ၊ လေလျှင်လွှင့်လို့၊ လွင့်လျက်ပါ၍၊ ဘယ်ရွာဘယ်ပြည်၊ ဘယ်ဌာနေတွင်၊ သေရှင်ကိစ္စ၊ မသိရကော၊ ကာလမြင့်ကြာ၊ ယခုခါ၌၊ နန်းလျာမထွက်၊ နန်းဆက်လည်းပြတ်၊ ဉပမာကို၊ ထုတ်ကာစပ်က၊ ကွပ်မရှိကြမ်း၊ မြင့်ကြာလွမ်းအောင်၊ ဘရမ်းဘရာ၊ မတည်ရာသို့၊ ပြည်ရွာထီးနန်း၊ အခန်းခန်းကို၊ ရွှေကြိုးသွယ်ပျာ၊ စလွယ်ဝတ်ကော၊ မှတ်ဉာဏ်ကျယ်တို့၊ ကြံစည်တိုင်ပင်၊ လွှတ်သဘင်မှာ၊ စီရင်ခန့်ခွဲ၊ မိတ္ထိလာမည်၊ သာမောစည်ကော၊

ရွှေပြည်ကဲ့သို့၊ ထုံးနည်းရှိရာ၊ စီမံကာဖြင့်၊ မင်္ဂလာရှိငြား၊ မြင်းရထားနှင့်၊ ငါးပါးတန်ဆာ၊ အသီးသီးကို၊ တင်ပြီးခါမှ၊ များစွာဝန်းရံ၊ မှူးမတ်ပေါင်းတို့၊ သောင်းသောင်းညံလို့၊ အောင်လံအောင်မောင်း၊ တီးခတ်ညောင်း၍၊ အောင်ကြောင်းရည်မှတ်၊ ရထားရှင်ကို၊ စီရင်လွတ်ကေ၊ ရစ်ပတ်လက်ျာ၊ ဉယျာဉ်တောကို၊ ထွက်သွားကာဖြင့်၊ ကျောက်ဖျာအနား၊ လောင်းနန်းလျာလေ၊ ခြေတော်ဖျားမှာ၊ ရထားဆိုက်ကပ်၊ ဘဝါးစကြာ၊ လက္ခဏာကို၊ ထွက်ကာဘတ်က၊ အမြတ်တနိုး၊ ဒူရိယာနှင့်၊ ဖျော်လို့နိုးကေ၊ နိုး၍ထခါ၊ မှူးမတ်ပေါင်းတို့၊ ကြောင်းခြင်းရာကို၊ လျှောက်တော်မူငြား၊ မင်းသားနန်းရံ၊ ကိုယ်ဖြစ်ဟံကို၊ ပြန်ကာပြောက၊ အမျှားဗိုလ်ပါ၊ တို့ရှင့်သားဟု၊ သိသောခါလျှင်၊ သာ၍မြတ်နိုး၊ တို့ပြည်ဘောင်ကို၊ အခေါင်မိုး၍၊ စိုးတော်မူပါ၊ ရှင်မင်းကျော်မျှာ၊ ကျင်ရာငယ်ပေါင်း၊ ပျောက်တုံရှောင်းလည်း၊ ကုန်ကြောင်းမြင်းဝေ၊ ရေကြောင်းလှေနှင့်၊ ရှာဘွေပြီးခါ၊ များမကြာတွင်၊ ဆက်ပါတော့မည်၊ လျှောက်တုံပေ၍၊ အောင်စည်ဆော်ယွမ်း၊ မင်္ဂလာလေ၊ ကျောက်ဖျာထိပ်မှာ၊ ဘိသိပ်သွန်းလို့၊ ရွှေနန်းသို့သည်၊ ဆောင်တုံလေ၍၊ ရွှေပြည်ကြငှန်း၊ မြတ်ဥဂ္ဂိုင်ကို၊ ပိုင်သိမ်းမြန်းကေ၊ ငြိမ်းချမ်းစံပျော်၊ သို့ပါသော်လည်း၊ မာတာပီတ၊ မွေးမိဘနှင့်၊ ကဥ္စနပဖါ၊ လှကလျာကို၊ ခါခါလည်းလွမ်း၊ ပြည်ဗာရာလေ၊ ရတနာနန်းမှာ၊ စံမြန်းပြီးထွယ်၊ ချမ်းရိပ်ငြိမ်ကေ၊ စည်းစိမ်မျိုးနှင့်၊ စိုးအုပ်နေ၇ေ။

ဖ္ဖ္ဖ္

**နိဗြောဆိုင်မြို့ကေ ကဥ္စနကြင်ရာတော်သည်**
**လင်ရတနာလာလမ်းကို**
**အစါစါမျှော်တမ်းလျက်**
**မျာအလွမ်းပိုဆွဲ၍**
**ငိုကြွေးတော်မူစန်း။**

၅၀။ ။စိုးအုပ်နေကေ၊ ဤဝယ်တခန်း၊ နောက်တဘန်လေ၊ ကာရံဆန်းနှင့်၊ မြနန်းတော်သူ၊ ကဥ္စာဖြူမှာ၊ ကြူကြူငိုတမ်း၊ မောင်ဆောင်တင်ကေ၊ ညောင်ပင်နန်းက၊ လွမ်းလို့လည်းတ၊ ကြောင်းခြင်းရာကို၊ ကဗျာဆန်းနှင့်၊ တခန်းပြမည်၊ မိန်းမရတနာ၊ လှကဥ္စာဟု၊ ယည်ပါသိခြင်း၊ အသားမှာလေ၊ ဝါဝါဝင်းကေ၊ ရွှေအဆင်းရောင်၊ လင်းလင်းပြောင်လို့၊ ညာတောင်နန်းလောင်း၊ လွမ်းစိတ်လည်းပို၊ နန်းရိပ်ခိုကေ၊ ညိုနွဲ့နောင်းတ၊ လင်ကောင်းမိတ်ဆွေ၊ မီးယူမည်ဟု၊ သွားလေတုံမြောက်၊ နောက်တဘန်လျှင်၊ ပြန်မရောက်လို့၊ လန့်ကြောက်ညိုးပိန်၊ စိတ်မငြိမ်ကေ၊ စိုးရိမ်လည်းကြီး၊ လှမေပျို့မှာ၊ ဆိုငိုညီးလို့၊ စီးတင်းငှက်ဆင်၊ ထက်ကောင်းကင်က၊ မေ့လင်မင်းလှ၊ မီးထင်းရှာလျှင်၊ သွားကာလက၊ ဤမျှတိုင်မြောက်၊ ဦးထိပ်တင်ကေ၊ လင်တယောက်လျှင်၊ မရောက်ခြင်းရာ၊ ဇာတွက်တာကြောင့်၊ ကြာလေသနည်း၊ ကြောင်းခြင်းရာကို၊ ထောက်မျှော်တွေးက၊ တကျေးတပြည်၊ ရောက်တုံလေသော်၊ ကလေဝါရ၊ ချစ်ကြိုက်လို့၍၊ ပျိုမိန်းမတို့၊ ချော့မော့ပေါင်းဘော်၊ ကြောင်းခြင်းရာကြောင့်၊ ကြာလီရေလား၊ တသွယ်ထိုမှ၊ မဟုတ်ကလည်း၊ သုရိယတွင်၊ မေနှင့်မူလေ၊ အတူလျောင်းကေ၊ ငယ်ပေါင်းငယ်လျှင်၊ မကြင်မချစ်၊ မေ့ကိုခုလျှင်၊ ဤညောင်ပင်မှာ၊ တင်ကာပစ်လို့၊ စင်စစ်မနေ၊ မိဘပြည်ကို၊ ပြန်လေသလား၊ မေ့အထင်နှင့်၊ ယွင်းကျင်ယုတ်ကေ၊ မဟုတ်ငြားက၊ သွားလာဘွေရှာ၊ မီးကိုရလျှင်၊ ညမကြာဘဲ၊ ပြန်ကာလာငြား၊ လမ်းစပ်ကြားမှ၊ မီးပွားမီးလျှံ၊ လေပြင်းတိုက်လို့၊ ထိခိုက်ဟံကြောင့်၊ အန္တရာယ်သည်၊ မှန်တကယ်လျှင်၊ ဖြစ်လေသလား၊ အသွယ်သွယ်ကို၊ မေစည်းစားက၊ သည်းဖျားရင်အုံ၊ နှလုံးတုံ၍၊ ညိုးကြုံလန့်စိုး၊ စိတ်မငြိမ်ကေ၊ စိုးရိမ်တိုးလို့၊ တမိုးသောက်လျှင်၊ တနေဝင်ကို၊ ငယ်လင်လာနိုး၊ မိကဥ္စာမှာ၊ မျှော်လင့်ကိုးကေ။ ။ လွမ်းမိုးစွေတော်မူ၏တည်းလေ။

၅၁။ ။လွမ်းမိုးမယေစွေကာ၊ ညိုးငယ်စွာလျှင်၊ ကိုးရာမေ့ငြား၊ ပညောင်ပင်မှာ၊ တင်ကာထားကေ၊ ချမ်းငြားလေတုံ၊ သောကမီးကို၊ ညီးညီးလှုံကေ၊ လွမ်းဟုံကဲမောက်၊ ပန်းမြင့်မှာ၊ ချမ်းတုံပျောက်လို့၊ လန့်ကြောက်စိတ်ဝင်၊ ငိုလို့ပင်လေ၊ နေဝင်မှိုင်းအုပ်၊ တောမြိုင်ညိုမှာ၊ လေးဗိုရုတ်လို့၊ မိုးချုပ်လတ်လျှင်၊ မနေသာအောင်၊ ဘယ်ညာလှည့်လို့၊ ကြည့်မမြင်ကေ၊ ညောင်ပင်ကိုဘက်၊ မြပညောင်မှာ၊ ခွပြောင်ထက်က၊ အသက်ဇီဝေ၊ ပျက်စီးမည်ကို၊ ညာတွယ်လန့်ကြောက်၊ နိဗြောဆိုင်ကေ၊ တောမြိုင်အောက်တွင်၊ ဆင်ပေါက်လည်းအူ၊ မျောက်လည်းကြူကေ၊ သက်ရှူမလှ၊ ကြက်သီးဝှန်ကေ၊ ထိပ်ဆံရွလို့၊ စီးကျမျက်ရည်၊ တုံရှိုက်ရှိုက်နှင့်၊ ငိုလိုက်တေက၊ မသေမရှင်၊ ဤညောင်ပင်မှာ၊ တင်ကာလေ့ထား၊ လင်မင်းပျို

လျှင်၊ ဇာကိုသွားလေ၊ ကျားသားတိရစ္ဆာန်၊ တောလူဝံတို့၊ အူသံမစဲ၊ လင်မင်းကျော်မှာ၊ ကျားစာကျွေးဘို့၊ ထားခဲ့သလား၊ ကြောက်မက်ဘွယ်လေ၊ မေစည်းစားက၊ ဘေးများရန်စွယ်၊ အန္တရာယ်နှင့်၊ တစ္ဆေမှင်စာ၊ တောမြိုင်အုပ်မှာ၊ ဖုတ်ပြိတ္တာက၊ မိစ္ဆာနတ်ရှူး၊ စွယ်ပြူးပြူးဖြင့်၊ ဘီလူးစားစေ၊ မေသက်ဝေလေ ငယ်မယားကို၊ ထားခဲ့သည်လား၊ အကယ်ဒန္တီ၊ ဘီလူးယက္ခ ကျားဗျက္ခာတို့။ လာမတွေလည်း၊ ယနိလွန်သော်၊ နက်ဖြန်ခါလျှင်၊ ဇာကိုကစား၊ ညောင်ပင်ထက်မှာ၊ မသက်သာကော၊ ဇာကိုသွားမည်၊ လင်သားကြင်ရာ၊ တင်ထားပါကော၊ ဆင်းကာမရောက်၊ ဤတောခွင်ဝယ်၊ ညောင်ပင်ထက်မှာ၊ အသက် ပျောက်မျှ၊ တယောက်တည်းသည်၊ ဖြစ်တုံပေကော၊ သေသေရှင်ရှင်၊ တဟုံချင်းဖြင့်၊ ခုံဆင်းချင်လည်း၊ ဝမ်းတွင်းရှိပြန်၊ ပဋိသန်ကြောင့်၊ အလွန်ခဲခက်၊ မေ့ကြောင့်မူက၊ မစုံမက်ပါ၊ အသက်ပင်လေ၊ လင်မင်းဖျား၏၊ သားသန္ဓေကို၊ ဘွားမည် ကိစ္စ၊ မျက်နှာပြင်ကို၊ မြင်ချင်ခလို့၊ ဇီဝမပျက်၊မေ့အသက်ကို၊ ငဲ့ကွက်တွယ်တာ၊ မဟုတ်သော်မူ၊ ဇာပင်ဖြစ်ဖြစ်၊ တောမြိုင် ခွင်မှာ၊ ကျားပင်ကိုက်လည်း၊ ကံထိုက်ရာနား၊ ယခုဝယ်က၊ သန္ဓေသားကြောင့်၊ နှမြောစိုးရိမ်၊ စိတ်မငြိမ်ကော၊ လွမ်းရှိန် မပျောက်၊ ဤညောင်ပင်တွင်၊ လင်မရောက်က၊ စားသောက်ခေါင်းပါး၊ ပဋိသန်လေ၊ ကိုယ်ဝန်သားနှင့်၊ ဆင်းသွားဘို့ခက်၊ မြရိပ်ဆောင်ကော၊ ပညောင်ထက်မှာ၊ တသက်မသေ၊ သားသန္ဓေနှင့်၊ ကြံစည်ခက်ကော၊ နှစ်သက်သေမည်၊ သို့ဖြစ်ပေ၍၊ မှီနေစွဲကပ်၊ ဤညောင်ပင်တွင်၊ ရှင်နတ်မြတ်တို့၊ စောင့်ကြပ်ကြည့်ရှု၊ မေကဥ္စာကို၊ ကယ်ပါဦးဟု၊ ပန်ပြုတောင်းပန်၊ တည်ညံ့နှင့်၊ ငိုသံမပျက်၊ ညဥ့်ရက်ဆက်၍၊ မျက်ခွက်မျက်ရည်။ ။ လင်မင်းကျော်ကို၊ ယိုကာကျအောင်၊ ငိုတ-နေရေ။

ဖဿဖဿဖဿ

## ပြည်ဗာရာဥက္ကဋ္ဌက၊ လုတ္တကတောမုဆိုးသည်
## သားမျိုးကိုတွေအရှာတွင် မေကဥ္စာ
## တောင်ညာလှကို ညောင်စွက
## စောင်မ၍ ဆောင်ချ
## ကာယူစန်း။

၅၂။ ။ငိုတနေကော၊ ရွှေပြည်ဗာရာ၊ တိုင်းအောင်ချာမှာ၊ မိစ္ဆာဇီဝ၊ လူတကာတို့၊ ခေါ်ဝေါ်ထုတ်ကော၊ သမုတ်ကြ လို့၊ လုတ္တကလူမျိုး၊ ထိုမုဆိုးလျှင်၊ သားမျိုးရှာဘွေ၊ တောမြိုင်ခြေကို၊ သွားမည်သောခါ၊ သူမွေးစားကော၊ ခွေးများစွာတွင်၊ ထင်ပေါ်ချက်ဘား၊ ငါနက်ပြားနှင့်၊ ငါးကျား ငါကြောင်၊ ငါနီကြီးကော၊ အမြီးထောင်လို့၊ ဟောင်ကာဟဲငြား၊ ခွေးရဲသားနှင့်၊ မဲကျားရဲကျော်၊ ခွေးပြာခွေးနက်၊ အလွန်ရဲကော၊ ခွေးသံဘက်က၊ ပေါက်နက်တုတ်ဖြူ၊ နေ့တိုင်းအူကော၊ နားကူနားကုတ်၊ တရုတ်ရုတ်နှင့်၊ ခွေးယုတ္တရ၊ ခွေးအန္တက၊ နာမခေါ်ဆို၊ ခွေးဆံဖြုန်းကော၊ ရန်လုံးဖြိုဟု၊ ထိုထိုများစွာ၊ ခွေးအလုံးကို၊ စုရုံးခေါ်၍၊ ကရိယာလေးမြှား၊ ယူအစုံဖြင့်၊ ရဂုံတောကို၊ သွားလားဘွေရှာ၊ ဒရယ်နှင့်ဖွတ်၊ ချေနှင့်ဆတ်ဟု၊ သတ္တဝါကို၊ လိုက်ရှာမရ၊ နေ့မကျန်လေ၊ သတ်ဘန်များကော၊ ရှားပါးလှသို့၊ လုတ္တကကျော်၊ သွားလေပါကော၊ များစွာဖောက်သည်၊ ရောက်ကြပေကော၊ ဒရယ်စိုင်သား၊ ပေးအံ့ငှါလေ၊ မပါငြားကော၊ မယားဗာကြမ်း၊ နှုတ်သရမ်းနှင့်၊ ဇာမှန်းမသိ၊ သျှင်းငါ့ကို လေ၊ ဆဲဆိုဘိက၊ တေမိကရ၊ မယားဆဲပြန်၊ များခဲရန်လေ၊ ဖြစ်ပြန်ရမည်၊ မှတ်တုံပေ၍၊ သေသေရှင်ရှင်၊ တောမြိုင်ခွင် မှာ၊ ဇာပင်ရောက်ရောက်၊ စမ်းချောက်မြောင်ကို၊ ယောင်ကာရှောက်လို့၊ မကြောက်မစိုး၊ ငါမျောက်မျိုးကော၊ မုဆိုးဟက္ကရီ၊ ခွေးတရှိနှင့်၊ ကြီရာမရ၊ ငါဆ-ငါယာ၊ မနေသာကေ ဘွေရှာကာလ၊ နေသူရိန်လေ၊ ဝင်ချိန်ကျလို့၊ ရုက္ခညိုလွင်၊ ပညောင် ပင်မှာ၊ ခိုဝင်ပြီးထွေ၊ အရွက်သိတ်သိတ်၊ အခက်ထိပ်၌၊ စက်အိပ်နေသော်၊ ငိုရယ်သည်ပိုင်၊ တညည့်လုံးကို၊ မဆုံးနိုင်ဘဲ၊ တမိုင်ခရီး၊ ဝေးမနီးက၊ ကြားလိုက်မိလို့၊ ဒိဋ္ဌိမုဆိုး၊ ငရဲအိုးလျှင်၊ မိုးလင်းသောခါ၊ ကြားသံစစ်ပျာ၊ လိုက်လို့ရှာကော၊ မော်ကာကြည့်ကျင်၊ ပညောင်ပင်မှာ၊ နတ်သွင်ရှုပ၊ မိန်းမလှကို၊ မြင်ရသောခါ၊ ဖုတ်မိစ္ဆာတို့၊ နာနာဘဝ၊ ငါ့ကိုကြံ၍၊ ဖန်ကာပြဟု၊ စိတ်ကမှတ်ထင်၊ ပြေးမည်ပျင်ကော၊ အသင်မုဆိုး၊ ငါတမူက လူက္ကတ္ထိကော၊ မိန်းမမျိုးဟု၊ ကြောင်းကျိုးစကား၊ ကိုယ်ဖြစ်ဟံကို၊ ချန်မထားဘဲ၊ ပြန်ပြောပြီးမှ၊ ဤညောင်ပင်က၊ လှကဥ္စာကို၊ ဆောင်ကာချကော၊ လုတ္တကလူမျိုး၊ စုံမြိုင်ရိုးက၊ မုဆိုးကိုင်ဆွဲ။ ။ညာဟတ္တာလေ၊ လက်ျာဘက်မှာ၊ တကွက်မဲရေ။

၅၃။ ။တကွက်မဲကော၊ ငရဲလူမျိုး၊ အကျိုးဆောင်ကော၊ မောင်မုဆိုးလေ၊ ပုပ်သိုးညှီနံ၊ မုဆိုးမွန်ကို၊ ရွံ့ပါလှသည်၊

သို့ဖြစ်ပေ၍၊ ရွာပြည်တခြား၊ မုဆိုးမောင်လေ၊ ဆောင်ကတည်းလည်း၊ ဝေးကသွားပါ၊ ဆိုသောခါလျှင်၊ တငါလူမျိုး၊ ယခုဆိုကေ၊ ထိုမုဆိုးလျှင်၊ ထဲခိုးဝမ်းမှာ၊ မှတ်ခြင်းရာက၊ ရုပ်ဝါရူပ၊ ကိန္နရီသို့၊ ဤမိန်းမသည်၊ လှပတင့်တယ်၊ ကြက်သရေနှင့်၊ တကယ်အဟုတ်၊ ငါလျှင်ယူ၍၊ အိမ်သူလုပ်က၊ အယုတ်အမြတ်၊ ဥပမာကို၊ ထုတ်ကာစပ်သော်၊ နတ်နှင့်ကလူ၊ ဇာတ်မတူသို့၊ အဖြူအမဲ၊ ရွှေလင်ပန်းဝယ်၊ ခွေးသငယ်သည်၊ ဂျင်ရေဖြန့်ကေ၊ စွန့်သကဲ့သို့၊ ယည်ကျေးရူပ၊ ဤမိန်းမသည်၊ ငါ့ကိုဖြစ်လျှင်၊ သားလင်ပျင်၍၊ ကြင်မည်မုတ်ချ၊ မဟုတ်လှဘူး၊ ဇီဝအသက်၊ ငါ့ကိုဖြစ်သော်၊ မကြိုက်ပါလျှင်၊ ခန္ဓာဖျက်လည်း၊ အပျက်ခံမည်၊ သို့ဖြစ်ပေ၍၊ တကယ်ဆိုငြား၊ တိုင်းပြည်ဘောင်မှာ၊ ရောင်းပေါင်စားလည်း၊ ဒင်္ဂါးကြေးငွေ၊ ရတော့မည်ဟု၊ မှတ်ရည်ပြီးမူ၊ ခေါ်ဆောင်ယူ၍၊ အတူနှစ်ပါး၊ သီးချိုချိုင်နှင့်၊ ရိပ်မြိုင်တောမှာ၊ သွားကြလေမူ၊ ကဋ္ဌာဖြူလျှင်၊ နန်းသူဖြစ်ငြား၊ က္ကတ္ထိယကေ၊ မိန်းမသားမှာ၊ တောကြားတောင်ထပ်၊ မသွားတတ်ဘဲ၊ ဖတ်ဖတ်ပန်းမော၊ ငရဲသူလေ၊ လူတမျိုးကေ၊ မုဆိုးသားကို၊ နားပါးအမောင်၊ ဤတောတောင်တွင်၊ ကဒေါင်ချောက်ချား၊ ကျောက်ကမ်းပါးဝယ်၊ ရှောက်သွားမတတ်၊ တဝါးပြတ်မျှ၊ မရပ်မနား၊ မုဆိုးမောင်လေ၊ ဇောင်မသွားနှင့်၊ ပန်းမောနွမ်းညှိုး၊ ခေတ္တိယာလေ၊ မဟာမျိုးကို၊ မုဆိုးထောက်ကူ၊ လဲချင်းထူလို့၊ အတူရှိုင်ငြား၊ တောမြိုင်ယံမှာ၊ သွားဘန်များက၊ အသားလည်းနု၊ တဝါးခြေမှာ၊ သွေးရည်ဥလို့၊ အဖုအပေါက်၊ ကုန်းမြင့်မြေမှာ၊ ခြေဘဝါးနှင့်၊ နားကာထောက်၍၊ လျှောက်သွားမတတ်၊ ကျောက်ဆရစ်နှင့်၊ ထိခိုက်လတ်က၊ ဆွတ်ဆွတ်နာကြင်၊ နေမရှင်အောင်၊ ခြေကျင်ခရီး၊ မေလှနုပျို၊ ကာယကိုယ်မှာ၊ ချွေးယိုစီးလို့၊ သက်ကြီးရှိုက်ရှု၊ ပန်းတော်မူ၍၊ နန်းသူချောယည်၊ မလွှားနိုင်ကေ၊ မှိုင်ကာလည်းမော၊ စကဝါပင်ပျို၊ သစ်ရိပ်ချိုတွင်၊ ခိုကာနားကေ၊ တောသားမုဆိုး၊ လက်ကောင်းမျိုးလျှင်၊ ရေမိုးဆောင်ယူ၊ ပေးတော်မူကေ၊ နန်သူညိုတွင် ရေချိုသုံးလို့၊ အန္တိုးဖြေရေ။

## သံတွဲသူကဋ္ဌနကို လုဒ္ဒတမုဆိုး
## ဆောင်ယူ၍
## ပြည်နဂရာတောင်တွင် ရောင်းပေါင်စန်း။

၅၄။ အန္တိုးဖြေကေ၊ နားနေတုံလိုက်၊ နေညိုညိုနှင့်၊ ထိုအခိုက်တွင်၊ သစ်ပင်ထက်မှာ၊ ငှက်တကာတို့၊ ဘာသာဘာဝ၊ တကျော်ကျော်လေ၊ မြူးပျော်ကြလို့။ ဘိုမမောင်နှံ၊ ဝဲကာပျံ၍၊ မြည်တွန်ကျော်ကျွေး၊ ဘော်ကွဲသူတို့၊ စိတ်ပူကျွမ်းကေ၊ လွမ်းမစဲအောင်၊ သဲသဲသောင်းသောင်း၊ ကျေးငှက်ပေါင်းတို့၊ ဥဒေါင်းငြိုးကြာ၊ ကျေးသန္တာနှင့်၊ ကျေးဝါကျေးဂြုတ်၊ ဇီးချိုပင်ဟု၊ ခေါ်တွင်ငြားကေ၊ တောမြိုင်အုပ်က၊ ဗုတ်ရောကျေးရော၊ တသောသောကေ၊ ဥသြဖိုးခေါင်၊ ကုက္ကလောင်နှင့်၊ သောင်ဗီဇုန်းငှက်၊ လှတင့်တယ်ကေ၊ ရွှေအမောက်ဖြင့်၊ သစ်တောက်ငှက်က လင်းကွတ်လင်းပြာ၊ ဟင်္သာရေကြက်၊ ဇီးရက်သာလကာ၊ ငှက်နက်ကျော်ကေ၊ ဟင်္သာငှက်နှင့်၊ တောကြက်တွန်ခါ၊ နွဲ့သံဆော်သို့၊ ကောက်ကရော်ကောက်ကရီ၊ ငှက်မိုးဇီတို့၊ ထပ်တရီထပ်တရာ၊ ထပ်ကြာထပ်ကြီ၊ အလင်္ကာလေ၊ ကဗျာတတ်လို့၊ စာစပ်စီယောင်၊ နှုပ်ချီသံမြ၊ သံစုံခရာ၊ ပုံပမာသို့၊ ကျွေးကျော်ကြလို့၊ ကြားရတိုင်းကို၊ နားမှာချိုကေ၊ နုပျိုကြည်ကွဲ၊ မိကဋ္ဌမှာ၊ ပြည်ရွာနန်းကို၊ လွမ်းမစဲဘဲ၊ ဝမ်းနဲလှိုက်ဖို၊ သည်းပျိုယောင်၊ ကျွေးငိုခြင်းရာ၊ ရွှေပြည်တော်မှာ၊ နေပျော်တုံးက၊ ဘဝါးခြေလေ၊ မြေမကျကေ၊ ဘခမည်းတော်၊ ချီမြှောက်ကာဖြင့်၊ ကညာစံသီး၊ တပင်တိုင်လေ၊ ယည်နန်းမြင့်မှာ၊ မင်းသွီးဟု၊ မှုတ်တီးဖြေဖျော်၊ ကမ္ဘလာလေ၊ ဂွမ်းဝါကဲ့သို့၊ ပန်းမွေ့ရာမှာ၊ နွဲ့ကာလူးလဲ၊ လင်လှလိုကေ၊ ကိုယ်ဆင်းရဲဟု၊ ပြောမြဲမမ္မဒါ၊ ရှိလျှက်ပါကို၊ မွေ့လျော်ကျိန်းအောင်း၊ သိကြားဒေဝါ၊ လျှုတုံပါကေ၊ ဝိဟာကျောင်းကို၊ မညောင်းမညာ၊ စွန်ခွါပစ်ကေ၊ အပြစ်ရှာသို့၊ ကိုယ့်ရွာကိုပစ်၊ လင်မင်းကျော်လေ၊ ခေါ်ရာလိုက်လို့၊ တိမ်တိုက်မိုးယံ၊ ငှက်နှင့်ပျံကေ၊ အလွန်ချမ်းအေး၊ ကြမ္မာငင်၍၊ လင်လည်ဆွဲကို၊ ငိုကျွေးပူဆာ၊ မေ့တွက်တာကြောင့်၊ မီးရှာသွားလေ၊ အန္တရာယ်လျှင်၊ ဖြစ်သည်ကိစ္စ၊ မရောက်လှကေ၊ ကြာလေနည်းကို၊ တွေးမရလေ၊ လင်လှကြောင့်မူ၊ အသည်းအူက၊ ပူပါလှသည်၊ သို့ဖြစ်ပေ၍၊ ရှာဘွေပတ်လှည့်၊ မေ့သခင်လေ၊ လင်လည်နွဲ့ကို၊ တွေ့ရစေကြောင်း၊ ပေါင်းပါရစေ၊ စိတ်ကရည်၍၊ လှည့်လည်ဘွေရှာ၊ တောမုဆိုးနှင့်၊ အားကိုးလာကေ၊ ပါဒါနှစ်ဘက်၊ မေတဆွေလေ၊ ခြေဘဝါးမှာ၊ ဒါးနှင့်ယှက်သို့၊ ပါးလျက်လွှာလွှာ၊ မသွားသာကေ၊ ထိုင်ကာခုဝယ်၊ နှစ်ဘက်ခြေကို၊ လက်ရွှေနှင့်ဖြိုက်၊ ကျမျက်ရည်လေ၊ ကြွေပြစ်ပြစ်နှင့်၊ ရှိုက်၍ငိုတော်မူ၏တည်းလေ။

၅၅။ ။ ရှိုက်လို့မယေဝိုကော၊ မေပျိုပင်ပန်း၊ မရှင်လန်းဘဲ၊ ကြင်ကျွမ်းကိုတ၊ တိုင်းဌာနလေ၊ ရွှေပြည်မနှင့်၊ မိဘကိုလွမ်း၊ မြပန်းဆိုင်လေ၊ ပင်တိုင်နန်းမှာ၊ စံမြန်းနေခါ၊ ကတ္တီပါကော၊ နီတျာသက္ကလပ်၊ အထပ်ထပ်ဖြင့်၊ ခင်းစပ်ကောင်းစွာ၊ နန်းသင်္ဂါမှာ၊ ကတ္တီပါတတ်၊ ရွှေကြိုးသွယ်ကော၊ ခြေဘိနပ်နှင့်၊ မသွားတတ်ယောင်၊ သွားတတ်ယောင်ဖြင့်၊ ဖောင်လည်းတင့်တယ်၊ ပျိုတော်များတို့၊ ငါးရာလယ်မှာ၊ ကြက်သရေပြောင်ညီး၊ ရွှေထမိန်လေ၊ ရွှေခြေချင်းနှင့်၊ မင်းသမီးလျှင်၊ ရွှေထီးနှင့်ကင်း၊ ဤဂနိုင်လေ၊ ဤမြိုင်တွင်းမှာ၊ ခြေနင်းနှင့်ဝေး၊ ဘဝါးခြီမှာ၊ နီထွေးထွေးဖြင့်၊ ဆင်းရဲငြိုငြင်၊ ဤခြင်းအင်ကို၊ မြင်ပါခလိုက်၊ မေ့ကိုကြင်ကော၊ ဘခင်စစ်နှင့်၊ လင်ချစ်မင်းကျော်၊ မကြိုက်လှာဘဲ၊ ဘယ်ရွှယ်ဘယ်ပြည်၊ ဘယ်ဌာနေမှာ၊ ရှိလေသနည်း၊ အဖြာဖြာကို၊ မျှော်ကာတွေး၍၊ ငိုကျွေးနေခါ၊ မုဆိုးသားမှာ၊ ပြောခြင်းရာက၊ ဗျာပါကဲပို၊ ငယ်ပေါင်းလင်နှင့်၊ မိခင်ဘကို၊ တ-လို့ငိုကော၊ အလိုမပြီး၊ ခရီးမပေါက်၊ မြို့ရွာပြည်ကို၊ မေမရောက်ပါ၊ တထောက်ပန်းဖြေများမဝေလွန်း၊ တောစခန်းမှာ၊ လှမ်းကြမည်ဟု၊ ဆိုလေသောခါ၊ မိကဥ္စာလျှင်၊ ထိုင်ရာကထ၊ ဘဝါးနင်းကာ၊ ဖြည်းညှင်းစွာဖြင့်၊ ဟသ်ာမသို့၊ လုတ္တကမောင်၊ ရှေ့ကဆောင်ကော၊ ကဒေါင်ချောက်ချား၊ စမ်းရေအိုင်နှင့်၊ ပန်းမြိုင်တောမှာ၊ သာမောစတွေ၊ ညှာကြောသွယ်ကော၊ စမွါယ်တဆင့်၊ အသွယ်သွယ်ကော၊ ဒဝေပွင့်လို့၊ ပျားနှင့်ပိတုန်း၊ ပန်းဝတ်ဆံကို၊ ခင်ပျာသုံးကော၊ တခိုင်လုံးရွှေ၊ မြိုင်လုံးဝေသို့၊ လေပြေသုံသုံ၊ နှင်းမှုံမှုံဖြင့်၊ ထုံတပျန့်ပျန့်၊ ပန်းချပ်ဝတ်မှုံ၊ လွှမ်းပတ်ချုံကော၊ ရဂုံနံ့မျှ၊ ရနံ့ဖြာထုံ၊ ဂန္ဓာရုံနှင့်၊ တွေ့ကြုံသူများ၊ ပန်းမြိုင်လယ်ကော၊ ထိုသည်တော၌၊ နှာဖျားအေးလှိုင်၊ တကြိုင်ကြိုင်ဖြင့်၊ ဂနိုင်ရိပ်အောက်၊ ကဥ္စာနပဖါ၊ မုဆိုးကျော်တို့၊ ထိုခါရောက်က၊ တလျှောက်ပတ်ကုန်း၊ လမ်းတဆုံးတွင်၊ နှလုံးရမွှာ၊ မြူးရွှင်ကာဖြင့်၊ မွေ့လျော်စလောက်၊ ထိုင်ကာနားကာ၊ သွားလေပါသော်၊ မြို့ရွာရောက်၍၊ လမ်းကောက်ကိုလှည့်၊ မုဆိုးနီကော၊ အိမ်ကိုတွေ့က၊ ရှုကြည့်မျှော်ကျင်၊ မုဆိုးမမှာ၊ ငယ်ကလင်နှင့်၊ နောက်တွင်မိန်းမ၊ လှပရုပ်ရည်၊ ပါလတ်သည်ကို၊ မြင်လေကလျှင်၊ လမ်းဝကဆီး၊ ပိပိထိုင်ပျာ၊ တင်ပျိုကြီးဖြင့်၊ ခရီးရောက်လျက်၊ ချွေးစက်စက်နှင့်၊ အိမ်ထက်ကိုပင်၊ မတက်ခင်လျှင်၊ လင်ကိုပြောငြား၊ အမဲများနှင့်၊ သားငါးမပါ၊ ဇာကိစ္စကြောင့်၊ ဤမျှကြာဟု၊ ခြင်းရာစစ်ဆေး၊ မုဆိုးသားကို၊ မယားမေးက၊ ကြောင်းရေးစကား၊ အိမ်ရှင်မထံ၊ လင်ကခံကော၊ ပြန်ကာပြောရေ။

၅၆။ ။ပြန်ကာပြောကော၊ စကားတောင်ပင်၊ မဆုံးခင်လျှင်၊ အိမ်တွင်ချက်ထား၊ ထမင်းငါးကို၊ အားရနှစ်ချစ်၊ ခုပွဲစာလေ၊ ရိက္ခာဖြစ်မှာ၊ တိုက်တိုက်လည်းစား၊ ဗိုက်ဘားဘားနှင့်၊ သားကောင်မရှာ၊ မယားမျှောင်ကို၊ တောတောင်ကြားမှ၊ သွားကာရှာလို့၊ လာပေသလား၊ သင့်မယားကို၊ မထားငါ့အိမ်၊ ယခုပင်လေ၊ မမြင်ဇီကဲ့၊ ဖြာရီကျွတ်မ၊ ဝမ်းလလနှင့်၊ လွှရုပ်လွှရေ၊ မရှက်ချေဘဲ၊ ကာလေဝါရ၊ ပဋိသန်လေ၊ ရှိပြန်ကမူ၊ သားဘရှာပြန်၊ ငါ့အိမ်ရှင်လေ၊ လင်အဖျာင်းမှာ၊ ဗင်းကြီးခံလို့၊ ယူပြန်သလား၊ မုဆိုးသားကို၊ မယားလည်းဆဲ၊ သွားမဲမဲနှင့်၊ ခွေးဝက်အသွင်၊ ကိုက်မည်ပျင်ကော၊ လင်မုဆိုးကြီး၊ တောခရီးက၊ ချွေးစီးသံယို၊ လာတုံငြားလျက်၊ မယားဆိုသော်၊ သံမှိုထိပ်ထက်၊ ရိုက်ကာနှက်သို့၊ စိတ်စက်လည်းဆာ၊ မယားမိုက်ကို၊ ရိုက်သတ်ပါသော်၊ ကြီးရာမရ၊ ကြေးငွေကုန်ယောင်၊ ဖြစ်တုံကြမည်၊ တစကိုရှောင်၊ လှကိုယ်ပိုင်နှင့်၊ ကဥ္စနကို၊ ချော့မော့ဆောင်ကော၊ လှခေါင်စံသီး၊ မင်းသမီးမှာ၊ ယိုစီးကာထွက်၊ ကျမျက်ရည်နှင့်၊ သေအောင်ရှက်လည်း၊ အိမ်ထက်ကိုမှ၊ မတက်ရဘဲ၊ လုတ္တကကျော်၊ မေကဥ္စာကို၊ ဝယ်ပါစေကြောင်း၊ ကျွဲနွားပမာ၊ ပြည်ဗာရာမှာ၊ လှည့်ကာရောင်းကော၊ အပေါင်းလူရှင်၊ သူဇာသွင်ကို၊ မြင်မြင်သမျှ၊ လှပတင့်တယ်၊ ဆင်းရုပ်ရည်ကြောင့်၊ ဝယ်ချင်ကြလည်း၊ ဂဗ္ဘကိုယ်ဝန်၊ ပဋိသန်လျှင်၊ ရှိပြန်သည်ထွက်၊ လိုချင်ပေလည်း၊ မဝယ်ရက်လို့၊ ရှက်တေတစ၊ မိကဥ္စာကို၊ ထိုကာလ၌၊ မိန်းမတဦး၊ ပြည်တန်းဆာလေ၊ ဗိုင်းဒါမှုကို၊ ပြုကာလည်းစား၊ သက်အရွယ်လျှင်၊ ကြီးလေငြားက၊ ယောကျ်ားလိုလျှင်၊ မခိုဝင်ဘဲ၊ ကိုယ်တွင်ဥစ္စာ၊ မဗိုင်းဒါမှာ၊ အတော်အတန်၊ ကိုယ်နှင့်ရင်း၍၊ ရှိခြင်းဟံကြောင့်၊ အကြံစိတ်က၊ ကိန္နရီယောင်၊ ဤမိန်းမသည်၊ လှပတင့်တယ်၊ ငါလျှင်ဝယ်၍၊ ကလေဝါရ၊ ပြည်တန်းဆာလေ၊ လော်မာမှုကို၊ ပြုစေရသော်၊ လာတလည်းရှိ၊ သူ့ကြောင့်ငါလျှင်၊ ဥစ္စာထုတ်ကို၊ ဆုတ်လို့မိသို့၊ ဣတ္ထိရတနာ၊ ပဒေသာကို၊ ပိုင်ပါတော့မည်၊ ပြတ်ဆတ်ငြား၍၊ ငါးရာငွေနှင့်၊ ဝယ်ကာယူထွေ။ ။ မိကဥ္စာကို၊ အိမ်ပေါ်တွင်းမှာ၊ သွင်းထားရေလေ။

## ကဥ္စနမိနန်းစံသည် ပဋိသန်ကိုယ်ဝန် သားကိုမြင်ဘွားတော်မူစန်း။

၅၇။ ။သွင်းကာထားကော၊ ယောကျ်ားတကာ၊ ရောက်ငြားလာသော်၊ များစွာကြောက်ရှက်၊ သို့အတွက်ကြောင့်၊ ကွယ်ဝှက်ပြီးခါ၊ မိကဥ္စာမှာ၊ မျက်နှာအောင်ချ၊ ရှက်အိုပြို၍၊ ငိုနေကလျှင်၊ မိန်းမဗိုင်းတာ၊ ပြည်တန်းဆာမှာ၊

များစွာစိတ်ညစ်၊ သို့ပင်ဖြစ်လည်း၊ ဝမ်း၌ကိုယ်ဝန်၊ လလျှင်စေ့သို့၊ နေ့သာကျန်ကေ၊ ရင့်သံသည်တွက်၊ ဆဲကာဆို၍၊ သွားကိုကြိတ်ပျာ၊ မနှိပ်စက်ဘဲ၊ နေ့ရက်မကြာ၊ မွေးဘွားခါမှ၊ ဗိုင်းတာအမှု၊ မတိုင်းထွာဘဲ၊ ခိုင်းကာပြုမည်၊ ယခုနေစေ၊ သင်ပျင်ပေလို့၊ ထားတုံလေသော်၊ သန္ဓေတော်သား၊ ပတ္တမြားရွှေဂြုတ်၊ နှုပ်မှာငုံကေ၊ ငုံကာထားလို့၊ ပြောလေပြန်သော်၊ သီးနှံသိုမှီ၊ စပါးကျီမှာ၊ ဘွားချီရမည်၊ ဆိုတုံပေကေ၊ ထိုသည်ကာလ၊ လှကဍ္ဍမှာ၊ တကာယတည်း၊ ညအချိန်ဝယ်၊ စပါးကျီကို၊ မှီတုံငြားလို့၊ ဘွားနိုင်မည်ဟု၊ ကြံစည်မတတ်၊ ကိုယ့်ကိုကိုလေ၊ ဝမ်းကိုမပျာ၊ လက်နှင့်ပွတ်လို့၊ မတ်တတ်မူးမှိုင်၊ မကြံနိုင်ကေ၊ ဖြိုင်ဖြိုင်မျက်ရည်၊ ကြောက်စိတ်ပိုကေ၊ ငိုလတ်တေက၊ သန္ဓေရှိထ၊ ဣတ္ထိယကေ၊ မိန်းမဟူသည်၊ ပဋိသန္ လေ၊ ကိုယ်ဝန်သားကို၊ ဘွားတုံပေသော်၊ မျိုးဆွေလေးပါး၊ လက်သေခေါ်ကေ၊ ဆရာများနှင့်၊ ဆေးဝါးအစုံ၊ စမုံ့နက်ကို၊ ထထိပ်ထက်အုံလို့၊ ရေပူရေနွေး၊ မွေးဘွားသူကို၊ ယူကာပေးကေ၊ ပုလဲကြက်သွန်၊ လိမ်းပွတ်ရုံလျှင်၊ ဒန့်သလွန်ဂြုတ်ကောင်း၊ အမုန့်ထောင်းလို့၊ စုပေါင်းထားကြ၊ တကယ်ဆိုလျှင်၊ လိုသော်ရအောင်၊ စောင်မကြည့်ရှု၊ သားမွေးပြန်သော်၊ သွေးသံနု၍၊ ပြုစုကျွေးမွေး အနည်းနည်းလျှင်၊ အရေးတကြီး၊ လှမေပျိုမှာ၊ တကိုယ်တည်းကေ အချည်းနှီးလျှင် မစီးမစစ်၊ မေတို့နေကေ၊ ရွှေပြည်၌လျှင်၊ သားချစ်ရတနာ၊ ဘွားပါရမူ၊ ငါးရာမောင်းမ၊ ထိန်းယကျွန်တို့၊ ရံကာခလို့၊ ကြောင်းကြည်ဦးပိန်၊ စိုးရိန်နှင့် ဝေး၊ သားဝမ်းဝင်ကို၊ မေမြင်မွေးကေ၊ မခဲမခက်၊ ယခုအခါ၊ အဖြာဖြာကို၊ ဝန်းရာထွက်က၊ အသက်နှင့်စပ်၊ ညည့်သိုင်းယံ တွင်၊ မကြံတတ်ကေ၊ ရင်ဘတ်ကဆာ၊ ဝမ်းကနာလို့၊ ဘယ်ညာထိုးကန့်၊ တရွံ့ရွံ့နှင့်၊ ကြောက်လန့်စရာ၊ မိကဍ္ဍာမှာ၊ ရံခါတထူး၊ မှန်တကယ်လေ၊ သန္ဓေသားကို၊ မဘွားဘူးလို့၊ ခြေဒူးလည်းတုံ၊ ရွှေရင်အုံလေ၊ ခုံတဆတ်ဆတ်၊ ဆီကိုယူပျာ၊ ဘယ်သူပွတ်မည်၊ မတတ်ကြံရာ၊ ကံကြမ္မာကြောင့်၊ ခန္ဓာပျက်မည်။ ။ ဘေးဘယာကို၊ တွေးမျှော်ထောက်ကေ၊ ကြောက် တော့သည်လေ။

၅၈။ ။ကြောက်တော့သည်လေ၊ မေကဍ္ဍန၊ အစစကို၊ ထောက်ဆလိုက်လျှင်၊ ရွှေလင်ပန်းနှင့်၊ ရှင်းသန့်စင်၍၊ ဘွားမြင်မည်သား၊ အလားလားကေ၊ ကျွဲနွားသဏ္ဍာန်၊ ခွေးဝက်ဟံသို့၊ စီမံပြုစု၊ သားဘွားမှု၌၊ ကြည့်ရှုမည်သူ၊ ကဍ္ဍာဖြူကို၊ ဘယ်သူမရှိ၊ ယခုမူလေ၊ လူမသိကေ၊ မစီးမစစ်၊ နွားငယ်-ကျွဲငယ်၊ မေးဘွားဘယ်ကေ၊ တကယ်ဖြစ်လည်း၊ စစ်စစ်စာစာ၊ မီးထင်းဘော်၍၊ ပြုရာသမျှ၊ ကျွဲနွားရှင်တို့၊ ပြုပျင်ကြ၏။ ခုကမေ့မှာ၊ ခါချိန်တန်ကေ၊ ကိုယ်ဝန်သားကို၊ ဘွားမည်ခါ၌၊ ဆရာနှင့်ဝေး၊ ဆေးဝါးမရှိ၊ ခဲခဲမွိလို့၊ မိမိလုံးချည်း၊ ညည့်ဗဟိုရ်မှာ၊ တကိုယ်တည်းဟု၊ ငိုကြွေးစည်တွင်၊ ဘွားမည်ပျင်ကေ၊ ကြင်ပြင်းပြ၊ ဝမ်း၌တည်ကေ၊ သူငယ်ကလည်း၊ ကမ္ဘဇမည် ဝါယောလေကြောင့်၊ အခြေမိုးမြှောက်၊ ခေါင်းဦးစောက်ဖြင့်၊ ထက်အောက်ပြန်ငြား၊ ဝမ်း၌တည်ကေ၊ သန္ဓေသားကြောင့်၊ ခါးကလည်းနာ၊ ရင်မှာလည်းအောင့်၊ ဣန္ဒြေကို၊ တည်ကြည် ဖြောင့်အောင်၊ မစောင့်နိုင်ရှာ၊ ထိုအခါတွင်၊ ဝါခေါင်လကွယ်၊ သန်းခေါင်ညည့်၌၊ နေ့စနေတွင်၊ သားငယ်ကိုဘွား၊ တည်ညံ့လေ၊ ငိုသံများကို၊ ကြားရသောခါ၊ ပြည်တန်းဆာလျှင်၊ လာကာကြောင်းရီး၊ စကားမိန့်လို့၊ ဘွားပြီးသူငယ်၊ ခုမနေနှင့်၊ ပစ်ချေရမည်၊ ဆိုတုံပေကေ၊ အိုလည်မိခင်၊ သားရွှေစင်ကို၊ အရှင်လတ်လတ်၊ ယခုပင်လျှင်၊ ဘွားမြင်လတ် လျက်၊ မအပ်မရာ။ သားပုတ္တာကို၊ မေသာတွန့်ရွံ့၊ ကို့ဝမ်းဝင်ကို၊ ကြင်မချစ်ဘဲ၊ မပစ်ဝန့်ပါ၊ ဆိုသောခါလျှင်၊ နင်သာစင်စစ်၊ တဇကံလေ၊ မှန်မပစ်ကေ၊ နင်းဖြိုက်ယူငင်၊ နင့်ကိုပင်လေ၊ အရှင်လတ်လတ်၊ ငင်ကာထုတ်ပြန်၊ မြေသုသာန်မှာ၊ မြှုပ်နှံ သတ်မည်၊ နင့်မှာဝယ်က၊ သားငယ်တယောက်၊ လက်မလှောက်တာ၊ ငါးယောက်မက၊ ငါ့မှာမွေးထွေ၊ စွန့်ပစ်ပေကေ၊ တဆယ်ကျပြီ။ နင်ကငြင်းဆံ၊ ကမြင်းသံကေ၊ လင်းပြန်မကြီး။ သားလျှင်မွီးလို့၊ ကြောင်းရီးတစိ။ တခုပင်လေ၊ နင်မသိဘဲ၊ မိန်းမကောင်းသွင်၊ သားကိုပင်လေ၊ ရင်ခွင်ပိုက်လို့။ နို့တိုက်ကျင်သော်၊ မြင်မြင်သမျှ၊ ပုရိသတို့၊ စိတ်ကတပ်ခက်၊ တဆိတ်ဆာလေ၊ မေတ္တာရစ်လို့။ မနှစ်သက်က၊ ပြက်ပြက်ပေးဝယ်၊ ငါးရာငွေလျှင်၊ ဆုံးမည်စင်စစ်၊ သို့ကြောင့်ပင်လေ၊ နင်မချစ်ဘဲ၊ ပစ်ခီရမည်။ ။ ညည့်ဗဟိုရ်မှာ၊ ဆဲဆိုမောင်းကေ၊ သတ်ထောင်းစေရေ။

ဖ္ယဆဖ္ယဆဖ္ယဆ

# ကဋ္ဌနုနန်းတော်သူသည် ပန်းခါသူတယောက်သားကို ပေါက်ဘွားလျှင် မကြာစေဘဲ၊ တာတွယ်ကာ ချစ်မသနားရအောင်ပစ်ထား ရန်သွားစန်း။

၅၉။ ။သတ်ထောင်းစေကော၊ မနေပါရ၊ အိမ်ကြီးရှင်ကော၊ မိခင်လှလေ၊ ကျွန်မမွေးဘွား၊ ရတနာလေ၊ ပုတ္တာသားကို၊ သနားကြင်နာ၊ မချစ်သာဘဲ၊ ပစ်ပါရမည်၊ ခိုင်းကာစေကော၊ အလွယ်မဟုတ်၊ လဝါခေါင်မှာ၊ မိုက်မှောင်ချုပ်တို့၊ တိမ်ပုတ်လကွယ်၊ သန်းခေါင်ညည့်၌၊ နေ့စနေတွင်၊ မိုယ်းရေရွာသွန်း၊ ဆိတ်ညံ့ညံ့နှင့်၊ လူသံမကြား၊ သို့ဖြစ်ငြား၍၊ လှမ်းသွားဘွယ်ပင်၊ လမ်းမမြင်ကော၊ ဘယ်တွင်ရှေ့နောက်၊ သားသူငယ်နှင့်၊ မေတယောက်လျှင်၊ တောင်မြောက်မသိ၊ ခဲခဲမွဲလို့၊ ယောင်တိယောင်ယမ်း၊ စပါးကျီက၊ ထွက်ချီလှမ်းရန်၊ လမ်းစမ်းမမြင်၊ မြို့ပြည်ခွင်တွင်၊ ဘယ်တွင်ကထား၊ မေတကိုယ်လျှင်၊ ဘယ်လိုသွားမည်၊ သွေးသားလည်းနု၊ သားသန္ဓေကို၊ ဘွားသည်မှုကြောင့်၊ ယခုကျွန်မ၊ မီးထင်းပင်လေ၊ မကင်ရခင်၊ မိုယ်းကလည်းရွာ၊ ရှေ့တောင်လေနှင့်၊ ချမ်းသည်အားကြောင့်၊ မသွားသာကော၊ လင်းဝါမိုးသောက်၊ ရောက်ပြီးမှသာ၊ သားမျက်နှာလေ၊ ရွှေလွှာဥကို၊ ရှုပြီးခါမှ၊ ပစ်ရပါဇီ၊ ညည့်မိုက်မှောင်ကို၊ နေရောင်ချင်း၍၊ မလင်းမှီလျှင်၊ လီလီဘန်ဘန်၊ သည်းညည်းခံဟု၊ တောင်းပန်ကာလ၊ ဟက်ကရီကော၊ ပြာရီမမှာ၊ ငါ့ကိုခုခံ၊ ငြင်းပယ်ဆန်ကော၊ လင်းပြန်မကြီး၊ လကွယ်ဝါခေါင်၊ သားတကောင်ကို၊ ရောင်ကာမွှီးလို့၊ ကြီးကြီးကျယ်ကျယ်၊ ရက်ကောင်းရာကို၊ ကျောင်းမှာမီးလို့၊ ရွှီးကာချေ၍၊ ဘယ်သည်ဘယ်ဝါ၊ ဘယ်နံသာဟု၊ ရှာရှာဘွေဘွေ၊ ချမ်းသောပူသော၊ မိုက်မှောင်သောဟု၊ နားမလည်လေ၊ သွားလေလျှင်မြန်၊ မြေသုဿန်မှာ၊ ရုပ်နာမ်နှစ်ဝ၊ တစ္ဆေစာလေ၊ မြေမှာလှဲပျာ၊ ဝဲပစ်ခလော၊ ညည့်အခါက၊ လင်းရောင်ဝါတွင်၊ ပစ်ပါရစီ၊ နင့်ဆင်ခြီမှာ၊ ရာဂျီလည်းကပ်၊ ကြီးကျယ်စွာလေ၊ ရာဇဝတ်ကော၊ လူသတ်မှုသည်၊ ဖြစ်ပါစေဟု၊ မှတ်ရည်တုံဘိ၊ မျှောက်မအသွင်၊ သျှောက်နှင့်မြင်ကော၊ သားရှင်မိမှာ၊ လူသိရှင်မြင်၊ ပစ်မည်ပျင်ကော၊ နင်ငမိုက်ကော၊ အပြစ်ရအောင်၊ ငါ့ကိုလည်းလိမ်၊ ခုမနီနှင့်၊ ဆင်းလီပြာမ၊ ခေါင်းဆံပင်ကို၊ ကိုင်ငင်ချလို၊ မိန်းမချင်းချင်း၊ နှစ်ယောက်စုံလေ၊ ဖြစ်တုံလျှင်လည်း၊ ကိုယ်ချင်းမစာ၊ သုခမျှာကို၊ ပြုရာအချက်၊ အနည်းငယ်လေ၊ တွယ်တာ၍ပင်၊ မငဲ့ကွက်ဘဲ၊ ရက်စက်စိမ်းကား၊ ယခုခါ၌၊ ပြုရာများကို၊ တရားသံဝေ။ ။ ပွင့်ချင်းတူကော၊ လူမိန်းမတို့၊ ရကြံစေလေ။

၆၀။ ။ရကြံစေလေ၊ ထိုသည်အခါ၊ မိကဋ္ဌာမှာ၊ ကြံရာမတတ်၊ နဖူးပြင်ကို၊ လက်တင်ခတ်လို့၊ မီးရပ်သွေးစစ်၊ အအေးခစ်၍၊ ဖြစ်သည်ဘဝ၊ ညည့်မိုက်မှောင်နှင့်၊ ဝါခေါင်လမှာ၊ မိုးကလည်းဆွေ၊ လကကွယ်ကော၊ လေကလည်းထ၊ ညည့်ကသန်းခေါင်၊ ကျမိုးမှောင်တွင်၊ လျှပ်ရောင်လိပ်လက်၊ ခနပြက်လို့၊ အခက်အခဲ၊ ခေါင်းဆံပင်ကို၊ ငင်ကာဆွဲကော၊ လဲရာကထ၊ ဖွဲပြာမှုန်ကော၊ ဆံပြေကျလို့၊ သားလှကိုညှာ၊ တံဗက်ဝါနှင့်၊ ဘက်ကာသိုင်းချုပ်၊ လွှန်ကြင်နာ၍၊ ရင်မှာအုပ်လျက်၊ တုံလှုပ်တိမ်းယိုင်၊ မသွားနိုင်ကော၊ ဖြိုင်ဖြိုင်မျက်ရည်၊ စီးကျယိုလို့၊ ငိုလိုက်တေက၊ လူ့ပြည်လောက၊ ငါတမူလေ၊ လူဖြစ်ရလည်း၊ ဒုက္ခမျိုးမျိုး၊ ငရဲအိုးထက်၊ ကဲပိုးကာတက်၊ အဆိုးလည်းလွန်၊ ကျိုးပေးသံကော၊ ကံနှိပ်စက်လို့၊ စိတ်လက်မအေး၊ သနားကြင်ကော၊ သားရင်သွေးကို၊ စွဲကပ်သန္ဓေ၊ တည်သည်ကစ၊ စိတ်ဒုက္ခသည်၊ နေ့ညတိုင်းမှာ၊ တညိုးညိုးနှင့်၊ ထဲခိုးဆာပူ၊ တရွှေ့ရွှေ့ဖြင့်၊ မေ့အမူကို၊ လူသူသိကြ၊ စံတဆွေမှာ၊ သန္ဓေစွဲကော၊ လေးငါးလက၊ မွေးဘတောင်ပင်၊ မချစ်ခင်ကော၊ နှင်ကာလည်းပစ်၊ သည်အပြစ်ကြောင့်၊ ပြည်၌တောင်မှ၊ မနေရဘဲ၊ ထိုကတဘန်၊ မောင်ဆောင်တင်ကော၊ လင်နှင့်ကွဲလို့၊ ပူဆွဲတချက်၊ တောမြိုင်ထဲတွင်၊ ဆင်းရဲမျိုးနှင့်၊ မုဆိုးလက်၌၊ အရှက်လည်းကွဲ၊ မုဆိုးမလျှင်၊ အိမ်ကဆဲလို့၊ ကျွဲနွားကိုယောင်၊ ဤပြည်ဘောင်မှာ၊ ရောင်းပေါင်ကာစား၊ ပေးငွေငါးရာ၊ ပြည်တန်းဆာလေ၊ ဝယ်ကာထားလို့၊ ကျားကိုကြောက်ကျင်၊ တောမဝင်ဘဲ၊ ကျောင်းတွင်ကပ်ခို၊ ကျောင်းပုဂ္ဂိုလ်က၊ ဆဲဆိုကာငြိုး၊ ကျားထက်ပင်လေ၊ ကျောင်းရှင်ဆိုးသို့၊ တိုးကာတိုးကာ၊ ယခုခါ၌၊ ဥပမာပုံ၊ အဆိုးထက်မှာ၊ အညှက်အုံသို့၊ ဆယ်ကြိုးဆယ်လ၊ ဝမ်း၌လွယ်ပျာ၊ သားရွှေခဲကို၊ မွေးပြီးမှလျှင်၊ တချက်ပင်လေ၊ မမြင်ရသေး၊ အသက်ထက်ပင်၊ ဆ-ထက်ကြင်ကော၊ သားရင်သွေးကို၊ မဲသည်ဖြူသည်၊ သားသက်ဝေ၏၊ ရုပ်ရည်ကိုမျှ၊ ညည့်မှောင်တွင်လေ၊ မမြင်ရသေး၊ အဘနှင့်သည်၊ ရုပ်ရူပက၊ တူတော့မည်ဟု၊ မှတ်ရည်ကာမျှ၊ တချက်ပင်လေ၊ မမြင်ရဘဲ၊ လွ-လွလေးလေး၊ မသေခင်လေ၊ ရှင်ရဲရဲလျှင်၊ ခွေးဝက်သို့နှယ်။ ။ မွေးမိခင်လေ၊ ကြင်မချစ်ဘဲ၊ ပစ်ရမည်လေ။

ပစ်ရမည်လေ၊ မျက်ရည်ယိုစီး၊ ရေးတကြီးဖြင့်၊ ဟီးချကာငို၊ တကာဆိုလို့၊ အိုအိုသားလှ၊ ဩရသလေ၊ လောကလူ့ရွာ၊ မနုသတ္တာ၊ ဒုလ္လဘကို၊ ရတုံလှာကော၊ မဟာမျိုးစစ်၊ အဘိုးထိုက်လျှင်၊ ဖြစ်ပါတုံလျှက်၊ နင်၏ကြောင်းကံ၊ မကောင်းဟံလေ၊ စီမံချက်ကြောင့်၊ တရက်တောင်မှ၊ ငါမိခင်လေ၊ ရွှေရင်နို့ကို၊ မစို့ရဘဲ၊ ဘဝတပါး၊ အလောင်းသားမှာ၊ ပြောင်းသွားရမည်၊ သို့ဖြစ်ပေ၍၊ သည်းကြွေလောင်ကျွမ်း၊ သားသည်းအူကို၊ ကြုကြုနမ်းလို့၊ ဇာမှန်းတစိ၊ ယမ်းမသိဘဲ၊ မွေးမိနှင့်မူယနေ့မွေးသည်၊ မေ့သည်းအူမှာ၊ ကံတူကျိုးပေး၊ ညည့်သန်းခေါင်လေ၊ မိုက်မှောင်ထဲမှာ၊ လက်ဝဲလက်ျာ၊ မမြင်သာကော၊ အာကာတိမ်တောင်၊ ထက်မိုးပေါ်က၊ ပြိုးကာပျက်ကော၊ လျှပ်စက်ရောင်ဖြင့်၊ ပြောင်တုံတချက်၊ မှောင်တချက်နှင့်၊ တချက်မမြင်၊ တချက်ထင်ကော၊ သားရှင်ကိုပွေ့၊ မီးရပ်သွေးကြောင့်၊ ဧတစိမ့်စိမ့်၊ တဖြိန့်ဖြိန့်ကော၊ ဘိမ့်ဘိမ့်ကိုယ်လက်၊ တောမြိုင်ခွင်လေ၊ ညောင်ပင်ထက်မှာ၊ အသက်ခန္ဓာ၊ ကုန်လေသော်၊ မဟာဒုက္ခ၊ သားသူငယ်နှင့်၊ ဤသည်ညည့်မှာ၊ မတွေ့ကြဘဲ၊ အေးမြလေဘို့၊ အသက်ဇီဝေ၊ ရက်တာရှည်အောင်၊ မသေလို့လျှင်၊ ဤသို့မုချ၊ လင်အပူမှာ၊ သားပူထပ်ကော၊ ဝဋ်ဒုက္ခနှင့်၊ တွေ့ရတော့သည်၊ ဆိုတုံပေ၍၊ ငိုမြည်တမ်းတ၊ တဇာဇာနှင့်၊ ကြင်ရာကိုတ၊ ရှေ့ရှုရာကို၊ ဘယ်ညာယမ်းပျာ၊ လှမ်းကာလဉ်၊ သားကလည်းငို၊ ရီးကစိုကော၊ ကယိုကပါး၊ လူမမည်ကော၊ သူငယ်သားလည်း၊ နားမလည်ရှာ၊ နို့ရည်ရှာကော၊ ဘယ်ညာစမ်းသတ်၊ တပွတ်ပွတ်နှင့်၊ အမြတ်ကိုတို့၊ ကျေးဇူးရှင်လေ၊ မိခင်နို့ကို၊ မစို့ရခင်၊ ပြည်တန်းတက၊ အာဏာပြင်းကော၊ သေမင်းငင်သို့၊ မိခင်နှင့်သား၊ မြေသုဿန်မှာ၊ ရုပ်နာမ်ထားမည်၊ သွားကြလေသော်၊ လကွယ်ဝါခေါင်၊ မိုးမှောင်ပိတ်လွှမ်း၊ သားဒါလီကို၊ ချီကာလှမ်းလည်း၊ စမ်းစမ်းမိုက်မှောင်၊ ညည့်သန်းခေါင်မှာ၊ တောင်မြောက်မသိ၊ သနားဘွယ်လေ၊ သားငယ်မိတို့၊ သွားမိသွားရာ၊ မြို့ဗာရာမှာ၊ မဟာလမ်းမ၊ ကျကာလဉ်၊ ကဥ္စနပဖါ၊ သားဝမ်းဝင်လေ၊ ရွှေရင်နှစ်ကို၊ မချစ်သာဘဲ၊ ပစ်ပါရမည်၊ သို့ဖြစ်သည်ကြောင့်၊ ကြံစည်မတတ်၊ သည်းဘဝင်ခုံ၊ ရွှေရင်အုံကို၊ ဖုံဖုံခတ်လို့၊ မတ်တတ်လဲသွယ်၊ သားရွှေစင်ကြောင့်၊ မြေတွင်လူးကော၊ ရှူးသိရေလေ။

၆၁။ ရှူးသိရေလေ၊ နို့ရည်စက်လက်၊ တစိုစိုလေ၊ ယိုကာထွက်လို့၊ ချစ်ကြိုးတန်းလန်း၊ သာမဥ္စူကို၊ ကြုကြုနမ်းလို့၊ စမ်းသပ်ပြီးလျှင်၊ ကို့ရင်ခွင်မှာ၊ တင်ကာတက်ပိုက်၊ မိနို့ရည်ကို၊ စို့စေတိုက်က၊ သားချစ်ရွှေစင်၊ တပျုတ်ပျုတ်နှင့်၊ စုတ်ကာငင်ကော၊ မိခင်စေ့စေ့၊ လျှပ်ရောင်လာတွင်၊ ငုံ့ကာကြည့်က၊ သူ၏ဘခင်၊ ရုပ်ပိုင်းပြင်နှင့်၊ အသွင်လည်းတူ၊ လှယည်ကျေးက၊ ငါ့သည်းအူမှာ၊ ဖြုဖြုဖွေးဖွေး၊ သဇင်ခိုင်ယောင်၊ ရွှေလည်ဆွဲအား၊ မွေးမိငါလျှင်၊ ရုပ်ပိုင်းပြင်ကို၊ အထင်အရှား၊ မဟုတ်ငြားလည်း၊ မိုက်သောမှောင်တွင်၊ လျှပ်ရောင်ထင်သော်၊ အသွင်ရူပ၊ ခဏတာလေ၊ မြင်ရပါလျက်၊ မွေးဘဖြစ်သူ၊ ကိုယ့်သည်းအူကို၊ အဖြုအမဲ၊ တချက်ပင်လေ၊ မမြင်ရဘဲ၊ ဝမ်းကပင်လေ၊ ဘခင်ကွဲလို့၊ ဤကဲ့သို့လျှင်၊ ဖြစ်ရအင်ကို၊ ဆင်ခြင်ထောက်တွေး၊ သည်းလောင်ဆူလေ၊ ပူမစဲ၍၊ လဲသေမတတ်၊ ခုနစ်ခွေကော၊ နေရဟတ်သို့၊ ရင်ဘတ်မှာဆို့၊ လွမ်းပူဟုံလေ၊ ပုံကာပို့ကော၊ ငါတို့မောင်နှံ၊ ဖြစ်ပျက်ဟံကို၊ ပုံစံနှိုင်းစာ၊ ရှေးအခါက၊ ပဋာစာရီ၊ လှနှင်းဇီမှာ၊ ဒါလီကျော့မှူး၊ မိခင်ဘခင်၊ သားနှင့်လင်ကြောင့်၊ မြေတွင်လူး၍၊ ရှူးသွက်သွက်ခါ၊ ဆိုပါသော်လည်း၊ ဓမ္မဒါထုံးနည်းသူ့မှာသော်က၊ သေကာကွဲလို့၊ ထူးကဲခြင်းရာ၊ ငါ့မှာသော်က၊ ကြင်ရာလင်လှ၊ တယောက်ကျူကော၊ သားဦးဘနှင့်၊ ပီယချစ်ခင်၊ မျက်ရှုဆင်၍၊ ကြင်ပါကြဆဲ၊ လမ်းစပ်ကြားတွင်၊ ချစ်ငယ်လင်နှင့်၊ မျက်မြင်ကွဲလျက်၊ ရင်သွေးပတ္တမြား၊ တယောက်သားကို၊ ပေါက်ဘွားသန့်စင်၊ မျက်နှာမြင်ကော၊ အရှင်ရဲရဲ၊ သဇင်ခိုင်ယောင်၊ မိလည်ဆွဲကို၊ မွေးဘွားပါလျက်၊ ကျားသံဘက်တူ၊ မပျက်တူလေ၊ သူနှိပ်စက်လို့၊ တရက်တောင်မျှ၊ မိဝမ်းဝမ်းနှင့်၊ မကြင်ရဘဲ၊ လွလွလေးလေး၊ မိမျက်မြင်လေ၊ ရှင်ရဲရဲပင်၊ ခွေးဝက်တို့နှယ်၊ သားပန်းပင်လေ၊ ရွှေရင်နှစ်ကို၊ ပစ်နိုင်မည်ဟု၊ သေရှင်မတတ်၊ ရွှေရင်အုံကို၊ လက်စုံခတ်လို့၊ မတတ်ကြံရာ၊ မချစ်သာကော၊ ပစ်ပါရမည်၊ သို့ဖြစ်ပေ၍၊ နှမေကဥ္စာ၊ မပဋာထက်၊ သာ၍ထူးကဲ၊ မေတမူလေ၊ ပူမစဲဟု၊ ရင်သွေးကိုဖယ်၊ အသွယ်သွယ်ကော၊ မျက်ရည်စက်နှင့်၊ အသက်ခန္ဓာ၊ ရှည်မကြာခင်၊ သေပါဟုဆို။ ။ သားရွှေစင်ကို၊ ရင်ခွင်ပိုက်ကော၊ ရှိုက်လို့ငိုရေ။

၆၂။ ။ရှိုက်လို့ငိုကော၊ စီးယိုမစဲ၊ မျက်ရည်ရွှေးနှင့်၊ ရင်သွေးဟူက၊ သတ္တဝါတို့၊ မေတ္တာရစ်ကော၊ ချစ်မဝဘဲ၊ မိဘတံထွာ၊ သားတကာနှင့်၊ တရာနှစ်ကဲ၊ ကိုယ်ချင်းရှိုင်ကော၊ လည်ချင်းဆွဲလည်း၊ ရောင့်ရဲမထင်၊ ချစ်အာရုံလေ၊ မကုန်ရက်ကော၊ စုံမက်ကျင်လည်း၊ အကြင်သူများ၊ အရေးတစုံ၊ သေဘေးဆုံ၍၊ တွေ့ကြုံငြားက၊ ပျားထက်အချို၊ ကိုယ်ထက်အမြတ်၊ လောကဓါတ်မှာ၊ နှံစပ်မရှိ၊ ဆယ်လလွယ်၍၊ မွေးသည်မိလည်း၊ မချိခစ်ကြုံ၊ သားဝမ်းငုံအား၊ အာရုံကိုသတ်၊ စိတ်သဒ္ဒါသည်၊ မေတ္တာမျိုးနှင့်၊ ချစ်ကြိုးဖြတ်လို့၊ မိုးနတ်အများ၊ သူဇာလင်လေ၊ ရှင်သိကြားတို့၊ ခန့်ထားစေလွှတ်၊

အဝေးဒါဏ်နှင့်၊ ဘေးရန်ဖြောင့်အောင်၊ မြို့စောင့်နတ်အား၊ စောင့်ကြတ်ကြည့်ရှု၊ တိုင်တန်းပြု၍၊ သားဦးနှင့်လည်း၊ အကြောင်းဟုံလေ၊ မကုန်သိကော၊ တွိရစေဟု၊ မှတ်ရည်ပြီးလျှင်၊ ငိုခြင်းစီပျာ၊ ချီကာနမ်းလို့။ မိဝမ်းထဲက၊ သားရှင်နေလိုက်၊ လိပ်ပြင်သာယောင်၊ မေတ္တာငွေ့ကို၊ ထည့်ချုံလိုက်လို့၊ စွန့်ပစ်ပြီးခါ၊ နတ်တကာတို့၊ ကူညီဝိုင်းကော၊ မှိုင်းမပါဟု၊ မာတာမိခင်၊ ချိမရွှင်ကော၊ ရွှေရင်ပေါက်ဘွား၊ တငိုငိုနှင့်၊ သားကိုထားလို့၊ မသွားရက်ရက်၊ သွားရက်ရက်နှင့်၊ သက်ရှုမဖြောင့်၊ ချစ်အာရုံလေ၊ ထုံသည်စိတ်ကို၊ အံကြိတ်အောင့်လို့၊ တောင့်၍ဖြေကာ၊ မကြံသာကော၊ ပြန်ကာလည်းသွား၊ လမ်းစပ်ကြားမှာ၊ သားပူလင်ပူ၊ နှစ်ပါးရှုက်လို့၊ ကျွတ်ကျွတ်ဆူကော၊ သည်းအူမှာဆို့၊ သားမိခင်မှာ၊ ရင်မို့မို့နှင့်၊ ရွှေနို့ရှင်မ၊ ပြည်တန်းဆာ၏၊ ဂေဟာမှောက်ကို၊ ရောက်ကာလ၌၊ သားလှနှင့်ကင်း၊ မွေးမိခင်မှာ၊ ရင်ဟင်းဟင်းဖြင့်၊ စီးဆင်းသက်ထွယ်၊ သွက်သွက်မြည်အောင်၊ နို့ရည်စက်စက်၊ သားလည်းအူလေ၊ စို့သူဝီးလို့၊ စီး၍ထွက်လည်း၊ လက်ဖြင့်တားဆယ်၊ တရားဖြေကော၊ သံဝေဂကိုး၊ ဖြစ်ပျက်ဟံမှာ၊ ကံအကျိုးဟု၊ တညိုးငယ်ငယ်၊ နေရလေကော၊ ပါရမေဟုံ၊ မပြည့်စုံ၍၊ ကိုးဂုဏ်နဝ၊ ဗုဒ္ဓဉာဏ်ကို၊ မှန်မရကော၊ ပန်သဆုတောင်း၊ သုရိယရာဇာ၊ ဘုရားလျာလေ၊ စောသာဂီကော၊ ဗောဓိလောင်းက၊ အပေါင်းဗိုလ်ပါ၊ ခြံရံကာဖြင့်၊ အောင်ချာ၌နေ၊ မိဘပြည်ကို၊ ထီးစည်မိုးကာ၊ စိုးစံပျော်သော်၊ အခါတပါး၊ ပန်းရနံ့လှိုင်၊ သင်းပျံ့ကြိုင်ကော၊ ဥယျာဉ်တောသို့၊ ရထားမြင်းဆင်၊ စီမံပြင်လို့။ အုပ်သင်သောင်းသောင်း၊ ကိုယ်ရံတော်ကော၊ ဗိုလ်ပါပေါင်းနှင့်၊ အလောင်းမင်းကျော်၊ သွားလေပါသော်၊ ရမ္မာနိယ၊ မွေ့လျော်လှကော၊ စိတ္တရဂီဝါ၊ ဆန်းကြည်စွာဖြင့်၊ သာယာပျော်ပါး၊ သင်းပျံ့ကြိုင်ကြိုင်၊ နှင်းနံ့လှိုင်ကော၊ ဥယျာဉ်တောမှာ၊ သားတော်သည်းချာ၊ ပုလဲညှာကို၊ ပင်ပေါ်အောက်က။ ။ ကမ္ဘလာနှင့်၊ လွှမ်းကာရရေ။

၆၃။ ။လွှမ်းကာရကော၊ သုရိယတွင်၊ မွေးဘခင်မှာ၊ ဆင်ခြင်စည်းစား၊ လူမမည်ကော၊ သူငယ်သားလျှင်၊ မွေးဘွားပြီးမှ၊ ဥယျာဉ်လာတွင်၊ ငါလျှင်ရလို့၊ ဘခင်မိခင်၊ မရှိကျင်သော်၊ အကြင်မိန်းမ၊ သက်နုနယ်နှင့်၊ ပျို့ရွယ်ကပင်၊ သာမိကလင်၊ မကျင်ရှိဘဲ၊ သားလျှင်မွေး၍၊ ရင်သွေးပင်ဖြစ်၊ သူ့ဝမ်းဝင်ကို၊ ကြင်မချစ်ဘဲ၊ ညည့်မိုက်သန်းခေါင်၊ လူရိပ်မိလို့၊ မသိအောင်လျှင်၊ ယူဆောင်ပြီးထွယ်၊ မှန်စစ်စစ်ကော၊ ပစ်လှာသည်လား၊ ဤသို့မဟုတ်၊ တောင်ယာခတ်ကော၊ လယ်လုပ်လင်မယား၊ သားကိုဆောင်ကာ၊ ရိပ်ဆာယာမှာ၊ သိပ်ကာထားလို့၊ မအားသည်ခစ်၊ ကိုင်းယာပြင်တွင်၊ ထွင်အားထုတ်ကော၊ လုပ်နေဆစ်ကို၊ ငှက်မိုက်ဟိတ်ည်၊ တိရိစ္ဆာန်ကော၊ သိန်းစွန်ချီကာ၊ ဥယျာဉ်သာမှာ၊ ချ-လှာသည်လား၊ လူမမည်ကော၊ သူငယ်သားကို၊ မွေးဘွားရသူ၊ ဆုံးကာပျောက်လို့၊ ဘယ်လောက်ပူမည်၊ ကံတူကျိုးပေး၊ ငါနှင့်ဆုံ၍၊ တွေ့ကြုံခဲ့မှ၊ မွေးစားမည်ပ၊ ပုလဲစိန်မှာ၊ စိုးရိမ်နှောင်းကော၊ မကြောင့်ကြနှင့်၊ ဘယမထိ၊ ဘေးမရှိဘဲ။ ပကတိသာ ထွိခြင်းရာကို၊ ထောက်စာလိုက်မူ၊ ဘုန်းကံဟုံနှင့်၊ ဂုဏ်သတ္တိကော၊ ရှိသောသူဟု၊ မှတ်ယူပြီးခါ၊ ဥယျာဉ်သာမှာ၊ ပတ်ကာလှည့်လို့၊ မမွေ့လျော်ဘဲ၊ နို့ဆာမွတ်မည်၊ မှတ်တော်တည်၍၊ ခြွေရွှေဝန်းရံ၊ လျှင်စွာပြန်၍၊ ဝေယန်နန်းမ၊ ဆောက်စိုက်ထူကော၊ ထီးဖြူအောက်ကို၊ ရောက်ကာလ၌၊ ကောက်ရတုံငြား၊ သက်နုနယ်ကော၊ သူငယ်သားကို၊ မင်းဖျားရာဇာ၊ ကိုယ်တိုင်တော်လေ၊ ချီကာပွေ့၍၊ ရှုကြည့်ပါသော်၊ ရုပ်ဝါရူပ၊ လှချောယည်ကော၊ ကဠုနနှင့်၊ သားလှသည်းအူ၊ ရူပရောလို့၊ ယောဆွဲတူ၍၊ ကြင်သူနှမ၊ ဖူးစာပြိုင်ကော၊ ကဠုနကို၊ လွမ်းစလည်းပေါ်၊ သို့ပါသော်လည်း၊ မြွက်ကာပမာ၊ သနားဘွယ်လေ၊ သားငယ်လှလျှင်၊ အာဟာရခါတ်၊ စို့စရာလေ၊ နို့ဆာမွတ်မည်၊ မှတ်တုံပေ၍၊ စေကာခန့်ထား၊ မြို့ရွာပြည်ကို၊ လှည့်လည်ငြားလို့၊ များပြားမိန်းမ၊ ဣတ္ထိယလျှင်၊ နှစ်ရာ့လေးကျိတ်၊ နန်းရိပ်ခိုလောက်၊ သားညိုသားဖြူ၊ နို့ကောင်းသူကို၊ ရွေးယူကောက်လို့၊ စိတ်ကျောက်ဂီဝါ၊ တိန်တောက်ကာဖြင့်၊ ရတနာပုခက်၊ တင်လျှက်ပြီးမှ၊ မင်းရာဇာမှာ၊ သာတော်လှကို၊ ကဠုနကုမ္မာ၊ ဘွဲ့တံဆိပ်ကို၊ နှိပ်ပြီးခါမှ၊ ဝမ်းသာရွှင်ပျ၊ ကဠုနတွင်၊ မေ့ရုပ်သွင်ကို၊ ရှုမြင်ရသို့၊ သုရိယကုမ္မာ၊ ။ နေ့မကြာလေ၊ မွေ့လျော်ငြားကော၊ သားနှင့်ပျော်ရေ။

၆၄။ ။သားနှင့်ပျော်ကော၊ နန်းလျှာမင်းသား၊ လူမမည်လေ၊ ရွယ်မမြောက်ကော၊ တယောက်သားကို၊ များစွာရံခ၊ စို့ပါစေဟု၊ နို့သည်မတို့၊ ယသူယို့သူ၊ ချောမော့သူနှင့်၊ သူယူငါချ၊ တယောက်ကသည်၊ တယောက်လှယ်ကော၊ ရွှေထုတ်ရသို့၊ မ-စပြုပျင်၊ မွေးဘခင်မှာ၊ သုတ်သင်ကျွေးမွေး၊ ဆ-နဝါလေ၊ ရောဂါဝေးလို့၊ ကြီးခဲတုံလတ်၊ တဆတ်ဆတ်ကော၊ ထိုင်တတ်ထွားတတ်၊ လှမ်းကာယိုင်၍၊ တန်းကိုင်တတ်ကော၊ ရပ်တပ်ကပင်၊ အသာသာလေ၊ ထ-ကာသွားလို့၊ ဘဝါးသင်ကော၊ ကြာတင်လ၌၊ သက္ကရာဇ်ဖြင့်၊ ထွက်စစ်တုံမြောက်၊ လှပတင့်တယ်၊ သက်နုနေကော၊ အရွယ်ရောက်လို့၊ ဝတ်စားဆင်ယင်၊ လူပျိုတော်လေ၊ အဘော်များနှင့်၊ ပျော်ပါးရွှင်သော်၊ မိခင်မေလှ၊ ကဠုန၏၊ ရူပရုပ်သွင်၊ မျက်နှာပြင်

ကို၊ ရှုမြင်တုံလတ်၊ တဏှာအဟုံ၊ ကာမဂုဏ်မှာ၊ အာရုံတပ်လို့၊ စိတ်မြတ်နိုးကာ၊ မိမာတာကို၊ သားတော်မင်းသား၊ အ-ကာလ၌၊ လ-သာသာနှင့်၊ ရွာလယ်သွားလို့၊ နေပြားဌာန၊ ပြည်တန်းဆာ၏၊ အိမ်ပေါ်ထက်ကို၊ တက်ကာလ၌၊ ယောက်မကြက်ဝင်၊ အိမ်ခြင်မကြွင်း၊ စဘိုထက်မှာ၊ ကြက်ဥတင်းက၊ ခရင်းဆန်ဒုံ၊ ပြုပ်မြုံတို့၊ အကုန်မကြွင်း၊ အိမ်တွင်းအိမ်ပြင်၊ သဲသဲအူအူ၊ ဖွေးဖွေးဖြူကော၊ လူအသွင်သို့၊ များဖျင်ကျွေးဟိုက်၊ နုဟဲတိုက်က၊ မဖြစ်ဘူးမြဲ၊ ထူအကဲဟု၊ ကြံတွေးပြီးခါ၊ သားမင်းကျော်မှာ၊ အိမ်ပေါ်တွင်းက၊ ဆင်းသက်လာ၍၊ တခါထပ်လောင်း၊ နောက်တရက်မှာ၊ တက်တုံရှောင်းလည်း၊ ဂုဏ်းနည်းတူ၊ သောသောဆူကော၊ သည်းအူသားလှ၊ တတိယတွင်၊ စိတ်ကကြံရွယ်၊ တက်တုံလေသော်၊ ရှေ့နှယ်လည်းကောင်း၊ ပေါက်တူးဒါးလှံ၊ ကြွင်းမကျန်အောင်၊ ဝန်ဆန်ပေါင်းတို့၊ သောင်းသောင်းကြွေးဟိုက်၊ ဒူးဟဲတိုက်လည်း၊ သားချစ်မဆင်း၊ ညည့်သန်းခေါင်တွင်၊ ခန်းဆောင်တွင်းကို၊ အတင်းဝင်မည်၊ ကြံတုံလေသော်၊ ထိုသည်ကာလ၊ ဆိုခဲလေတုံ၊ အလုံးစုံလေ၊ ဟူသမျှကို၊ ဇီဝနတ္ထိ၊ သက်မရှိဘဲ၊ မွေးမိကိုလျှင်၊ ပရံလူလေ၊ သူတပါးတို့၊ မယားထင်ကော၊ ဇောင်ပင်မင်းသား၊ ကာမဂုဏ်ကို၊ အာရုံကျူးကော၊ ရူးလျက်လားဟု၊ ထူးခြားအောင်သာ၊ ဟောကြခါမှ၊ အိမ်ပေါ်ကသက်၊ သားမင်းကျော်မှာ၊ များစွာရှက်လို့၊ ကွယ်ဝှက်ပြီးခါ၊ နားထောင်ပါသော်၊ ထိုခါတဘန်၊ မိမာတာမှာ၊ ခြင်းရာရေးနှင့်၊ ငိုကျွေးဟံကာ၊ နန်းရံမောင်လှ၊ အငယ်ကပင်၊ မေနှင့်လျှင်လေ၊ ကြင်ဘက်မျှကော၊ သုရိယခေါ်၊ လင်မင်းကျော်နှင့်၊ ကွဲကွာခဲ့ပြား၊ သွယ်ပိုးယူဆောင်၊ မုဆိုးမောင်လျှင်၊ ရောင်းပေါင်စားလို့၊ သားတယောက်လျှင်၊ ဘွားမြောက်ခြင်းလည်း၊ မကြင်ထိုက်ရ၊ ငါ့ကြမ္မာလေ၊ ဇာဒါညစ်ကော၊ စွန့်ပစ်ရလို့၊ သောကမီးနှယ်၊ ကြီးတုံပေလည်း၊ မနေပါရ၊ တနေ့ဆယ်ကြိမ်၊ ဆဲကာကျိန်ကော၊ အိမ်ရှင်မက၊ ပုရိသများ၊ ဤမြို့သူလေ၊ လူယောကျ်ားဟု၊ သူ့သားသူ့လင်၊ မြင်မြင်သမျှ၊ ပုရိသကို၊ စိတ်ကနှစ်ချစ်၊ သူတို့ကိုလေ၊ အလိုလိုက်လို့၊ ပျော်ပိုက်ရမည်၊ ခိုင်းကာစေကော၊ မဘွယ်အမှု၊ မေတမုံလေ၊ စုံတဦးနှင့်၊ မပြုတုံထွေ၊ ငါးရာငွေလေ၊ ဆုံးသည်အတွက်၊ မေ့ကိုမူလေ၊ သူနှိပ်စက်လို့၊ နေ့ရက်မဟူ၊ ကျွက်ကျွက်ဆူကော၊ အပူမပျောက်၊ သားလင်ပူမှာ၊ ကူကာလှောက်လို့။ မောက်ကာလည်းထပ်၊ မေသက်ဝေကို၊ ပျို့ရွယ်မှတ်လို့၊ မအပ်မရာ၊ လူပျိုလှည့်ဘို့၊ မေ့ထံလာကော၊ တော်ပါလျက်လား၊ တိတ်နမိတ်သံ၊ ဟောကြော်ဟံကို၊ ထရံနားမှာ၊ မကြားလားလေ၊ မေ့သားသက်ဝေ၊ မွေးသည်မိဟု၊ မသိချေဘဲ၊ ဖြစ်လေသလား၊ မေ့ပုတ္တာလျှင်၊ ဖြစ်ပါငြားက၊ မပြစ်မှားအပ်၊ ဆယ်ကိုးလကြင်၊ ရွှေနို့ရှင်ကော၊ မိခင်မြတ်ဟု၊ မှတ်၍သွားလေ၊ မဟုတ်ချေဘဲ၊ ကလေဝါရ၊ ဣတ္ထိယကော၊ မိန်းမလည်းမှတ်၊ လှည့်ချင်ကြလို့၊ ညည့်ဗဟိုရ်မှာ၊ မြေ့ကိုပတ်ကော၊ ရပ်လူပျိုတို့၊ ယခုမုံလေ၊ ဖြစ်တုံမြို့သော်၊ သင်တို့ကိုကား၊ မေလျှင်လိုမည်၊ မဆိုထားနှင့်၊ သိကြားရာဇာ၊ ထက်ပြဟ္မာနှင့်၊ စကြာမဏ္ဍာတ်၊ မြတ်သောဂုဏ်နှင့် ဖြစ်တုံလတ်လည်း၊ မတတ်စိတ်တွင်၊ သားဘခင်လေ၊ လင်ကလွဲကော၊ ဖွဲ့လှောက်ထင်လို့၊ မေလျှင်မလို။ ။ ခြင်းမျိုးစီကော၊ ဆင်ခြီတို့နှင့်၊ ဤသို့ငိုရေ။

၆၅။ ။ဤသို့ငိုကော၊ ထိုထိုစကား၊ သားရွှေလှော်လျှင်၊ နားမှာကြားက၊ ငါမှားတော့သည်၊ မှတ်တုံလေ၍၊ ရွှေပြည်တော်ရှင်၊ ဘဘုရင်ကို၊ မိခင်ကြောင်းရေး၊ အရင်းရှာ၍၊ ခြင်းဇာတိကို၊ သိအောင်မေးမည်၊ စိတ်မှတ်ရွယ်ပျာ၊ ပြန်လေတုံမြောက်၊ စံမြန်းပျော်ကော၊ နန်းမှာရောက်လို့၊ မိုးသောက်ခါလျှင်၊ သားရွှေစင်က၊ ကြောင်းအင်စစ်ဆေး၊ မွေးမိခင်ကို၊ သိချင်မေးရေ၊ လေးပါးအရောင်၊ မြင်းမိုရ်တောင်ထက်၊ ဂုဏ်ရောင်မက၊ ခမည်းတော်ကော၊ ပီတာဘလေ၊ လောက၌မူ၊ အကြင်သူတို့၊ လူမနုဿ၊ လုပ်သမျှမှာ၊ မိဘနှစ်ပါး၊ များသိသာအောင်၊ ရှိပါငြားလျက်၊ သားလှသည်းချာ၊ ကျွန်ုပ်မှာက၊ ပီတာဘခင်၊ ရှိပါကျင်လျက်၊ မိခင်နတ္ထိ၊ ခြင်းဇာတိမှာ၊ မရှိသည်ထက်၊ မသိရာပင်၊ သာ၍ခက်ဟု၊ အထက်ပဝေ၊ ထုံးရှိသည်ကြောင့်၊ မွေးမေမိခင်၊ ကြောင်းဇာဒါကို၊ သိပါချင်ဟု၊ ဦးတင်ညွတ်ခ၊ မေးကာလ၌၊ သုရိယကုမ္မာ၊ ဘပီတာမှာ၊ ချန်ကာမထား၊ ထုတ်ပြန်ကာဖြင့်၊ မှန်ရာပြောလို့၊ ငါ့သားရွှေစင်၊ သင့်မိခင်ကို၊ ကြောင်းအင်ဇာတိ၊ အခြင်းအရာ၊ အလင်းရှာ၍၊ ငါမသိကော၊ ကိတ္တိမသား၊ ဥယျာဉ်တောကို၊ ထွက်သွားကာလ၊ သင့်ကိုရလို့၊ မွေးဘငါသည်၊ နားမလည်ရကော၊ ငယ်ခါတည်းက၊ မွေးစားရေဟု၊ ပြောလေသောခါ၊ သားရွှေလှော်မှာ၊ မာတာမိခင်၊ ရွှေနို့ရှင်ကို၊ တွေ့မြင်ခဲငြား၊ ဖြစ်ပုံပျက်ပုံ၊ ခြင်းမျိုးစုံလေ၊ ကုန်စကားကို၊ ပြောလေသောခါ၊ သို့ဖြစ်သော်မူ၊ ရတနာထမ်းစင်၊ မြင်းဆင်ရထား၊ အုပ်စိုးပိုင်ကော၊ ယည်ငါးပါးနှင့်၊ သွား၍ဆောင်ချေ၊ မှူးမတ်တို့ကို၊ ခိုင်းလို့စေသော်၊ မနေချက်ချင်း၊ ပြည်တန်းဆာ၏၊ အိမ်ပေါ်တွင်းမှာ၊ အဆင်းရွှေတူ၊ ကဥ္စာဖြူကို၊ ဆောင်ယူလာမြောက်။ ။ လင်မင်းကျော်လေ၊ စံပျော်မြန်းကော၊ နန်းမှာရောက်တေ။

၆၆။ ။နန်းမှာရောက်ကော၊ တယောက်ကိုပင်၊ တယောက်လျှင်လေ၊ မြင်သည်ကာလ၊ ကျမျက်ရည်ကို၊ ဆယ်

မရကော၊ ငယ်ကချစ်ကြင်၊ ငယ်ကျွမ်းဝင်လေ၊ ငယ်လင်မယား၊ ချစ်အာရုံနှင့်၊ ဖြစ်တုံငြားလို့၊ ဆယ်ကားမရ၊ တွေ့ကြုံကြသော်၊ ကာလမြင့်ရှည်၊ ကွဲကွာနေလို့၊ မောင်မေရွှေကိုယ်၊ လွမ်းဗျာပါနှင့်၊ နန်းတော်ထက်မှာ၊ ဘက်ကာငိုကော၊ ထိုထိုမွမ်းဖျင်၊ များလူရှင်တို့၊ မြင်သည်ကာလ၊ မောင်နှင့်မေကြောင့်၊ မျက်ရည်ကျလို့၊ သုရိယမင်းကျော်၊ ဖြစ်ပျက်ရာကို၊ စစ်ကာဆေးလို့မေးလေပါသော်၊ ကဥ္စာနမ၊ ကိုယ်ဖြစ်ဟံလေ၊ မှန်သမျှကို၊ ပြောပြမဖြစ်၊ တရှိုက်ရှိုက်နှင့်၊ လင်ချစ်ကိုလည်း၊ ကြောင်းကုန်စင်ကို၊ ဦးတင်မြှောက်လို့၊ လျှောက်လတ်တေကား၊ ထိုသည်အခါ၊ မေ့ကိုသာလျှင်၊ မောင်တော်ဘုရား၊ ပဉ္စောင်ပင်မှာ၊ တင်ကာထားလို့၊ သွားသည်ကာလ၊ မိကဥ္စာလေ၊ ကျွန်တော်မလျှင်၊ မျှော်တနေခါ၊ မရောက်လာ၍၊ စိုးကာနေမြောက်၊ မိုးလင်းသောက်သော်၊ တယောက်မုဆိုး၊ ငရဲသူလေ၊ တောလူမျိုးလျှင်၊ သွယ်ပိုးယူဆောင်၊ ဤပြည်ဘောင်မှာ၊ ရောင်းပေါင်းစားခါ၊ ပြည်တန်းဆာလျှင်၊ ဝယ်ကာလည်းထား၊ ရှိကိုယ်ဝန်လေ၊ သန္ဓေသားကို၊ ဘွားသည်ကာလ၊ ပြည်တန်းဆာလေ၊ ဗိုင်းတာမ-မှာ၊ ကျွန်မမြင်ဘွား၊ ပတ္တမြားသို့၊ သားကိုပစ်ချေ၊ ဆဲဆိုမောင်းလို့၊ သတ်ထောင်းစေကော၊ မနေရခါ၊ ညည့်မှောင်မိုက်မှာ၊ ပစ်ရပါ၍၊ ပူဗျာသောက၊ တနားတဗီ၊ စိတ်ငြိမ်ငြိမ်နှင့်၊ မနီရဘဲ၊ မိန်းမပျက်လား၊ သူ့လင်သားကို၊ ပြစ်မှားအမ၊ အခင္ဘေနှင့်၊ ကာမေသုကို၊ မပြုသည်တွက်၊ မေ့ကိုမူလေ၊ သူနှိပ်စက်လျက်၊ ခုထက်တိုင်အောင်၊ ဆယ်ဆကြင်ကော၊ ငယ်လင်စစ်ကား၊ မေချစ်မောင်ဟု၊ ဆုံးအောင်စကား၊ ဖြစ်ပျက်ဟံကို၊ ပြန်ကာပြောသော်၊ မင်းသားရာဇာ၊ လင်မင်းကျော်လည်း၊ ကြင်ရာကိုထား၊ ကျွန်းမြေငူမှာ၊ မီးယူသွားလို့၊ ပြန်ငြားလာကျင်၊ ယာဉ်ငှက်ဆင်လျှင်၊ လမ်းတွင်ပြောင်ပြောင်၊ မီးလျှင်လောင်၍၊ အတောင်အလက်၊ ထက်အာကာလေ၊ မိုးပေါ်ထက်က၊ ကျိုးပျက်ကာလ၊ မြစ်ပင်လယ်လေ၊ ရေမှာကျကော၊ ရှေးကကြမ္မာ၊ အဏ္ဏဝါမှာ၊ ခန္ဓာမပျောက်၊ သက်ချမ်းသာလို့၊ ကမ်းမှာရောက်က၊ တယောက်ကျင်ရာ၊ မေ့ကိုရှာလို့၊ လာသည်ကာလ၊ ဤနိုင်ငံလေ၊ ဉယျာဉ်အောက်ကို၊ ရောက်လေကလျှင်၊ ပန်းလှမောဟိုက်၊ ညောင်းညာဖြေပျာ၊ အိပ်နေခိုက်တွင်၊ ဆိုက်ရောက်ကြုံလှာ၊ နန်းလောင်းရှာလို့၊ ဤရွာဤပြည်၊ ငါမင်းကျော်မှာ၊ စံပျော်မြန်းလို့၊ နန်းမှာနေကော၊ လှည့်လည်သွားလာ၊ ဉယျာဉ်တောကို၊ ထွက်သွားကာလ၊ သားသည်းအူလေ၊ ဝေဘူကျောက်ကို၊ ကောက်လို့ရဟု၊ နှမတလှည့်၊ မောင်တလှည့်ကော၊ ဖွဲ့ကာနွဲ့ကာ၊ အဖြာဖြာလေ၊ ချင်းရာပေါင်းရုံး၊ ။ ဖြစ်ပျက်ဟံကို၊ မောင်နှံ့နှောကော၊ ပြောမဆုံးလေ။

၆၇။ ။ပြောမဆုံးကော၊ နန်းလုံးကြက်သရေ၊ သားသက်ဝေ၏၊ အခြေကိုစစ်၊ ဧဝကံလေ၊ မှန်မချို့ကော၊ တို့ရင်နှစ်ဟု၊ ချစ်လို့မဝ၊ သားပုတ္တက၊ မိလှမာတာ၊ ရင်းအချာကို၊ ရွယ်လယ်သည်တွက်၊ အမိဇကာ၊ မသိပြန်၍၊ အလွန်ရှက်လည်း၊ အထက်စကား၊ အဆက်များတွင်၊ မမှားရှေ့နေ၊ မသေဘူးငြား၊ ဆေးဆရာလျှင်၊ လွန်စွာရှားလို့၊ ပြစ်မှာကျူးလွန်၊ မနောကံကို၊ တောင်းပန်ပြီးမှ၊ ကာယဝစီ၊ ခါသုံးလီကော၊ ဦးနှိမ်ချလို့၊ ကံတော့သောခါ၊ မိမာတာက၊ သားတော်ကိုမူ၊ ချစ်အာရုံနှင့်၊ စုံစုံမက်မက်၊ ဖြစ်ပျက်ဟံကို၊ ပြန်ကာကြည့်ကော၊ စေ့စေ့တွက်က၊ ကြက်သိန့်လည်းထ၊ မိမေတော်နှင့်၊ ငယ်ခါတည်းက၊ ကွဲကွာကြလို့၊ ယခုမှသာ၊ မသေကံကော၊ ရှေးကံရှိလို့၊ တွိရပါဟု၊ မာတာမိမြတ်၊ သားမင်းပျိုအား၊ ကိုယ်ကိုပွတ်လို့၊ လွမ်းဆွတ်တာရှည်၊ လွမ်းသမျှကို၊ လွမ်းစဖြေကော၊ ထိုသည်ကာလ၊ ဖူးစာနှစ်ခိုင်၊ ပူးကာပြိုင်ကော၊ ကဥ္စနကို၊ သုရိယရာဇာ၊ လင်မင်းကျော်က၊ မသာမကြည်၊ ပြန်တန်းဆာလေ၊ လော်မာမှုကို၊ ပြုလေသည်ဟု၊ မှတ်ပေတုံငြား၊ စုံတဦးကို၊ မကျူးလွန်ဟု၊ မှတ်စကားကို၊ မေပြောလေတုံ၊ မောင်မယုံကော၊ မီးပုံအတွင်း၊ မိဌာန်ဆို၍၊ မေပျိုဆင်းမည်၊ ပြောတုံလေသော်၊ ကြီးကျယ်မီးပုံ၊ နန်းတော်ဦးမှာ၊ ပြုပြီးတုံမှ၊ မောင်ယုံပါစေ၊ ညီးအဟုံနှင့်၊ မီးပုံတွင်းကို၊ ခုန်ဆင်းမည်စု၊ တကေဇကံ၊ မောင်အပြင်လေ၊ ကြင်တထူးကို၊ မေကျူးလွန်မူ၊ မကျံကိုယ်လုံး၊ ဤမီးအရောင်၊ ညီးပြောင်ပြောင်လေ၊ လောင်ကာဆုံးပါ၊ ထလုံးသောဆန်၊ သူတထူးကို၊ မကျူးလွန်မူ၊ အလျှံပြောင်ရဲ၊ ဤမီးဟုံလေ၊ ပူမည်ဝေးလို့၊ ချမ်းအေးစေသား။ ။ မိဌာန်ဆိုပျှာ၊ ထိုမီးတွင်းကို၊ ဆင်းကာသွားရေ။

၆၈။ ။ဆင်းကာသွားကော၊ လူများထိတ်လန့်၊ မကြည့်ဝန့်ဘဲ၊ ကြောက်ရွံ့ဆုတ်ကာ၊ မိကဥ္စာမူ၊ သစ္စာမိဌာန်၊ ဆန်းမယွင်းအောင်၊ မှန်ခြင်းဟံကြောင့်၊ မီးလျှံရဲရဲ၊ သီတဂူသို့၊ ပူမည်ဝေးလို့၊ အမွေးထပင်၊ ခြည်တမျှင်မျှ၊ မီးတွင်မညစ်၊ ပတ္တမြားရောင်ဝါ၊ ရတနာကို၊ ညွန်မှာနှိုက်သို့၊ ပွင့်သစ်ပန်းပင်၊ ထိုခြင်းအင်ကို၊ မြင်လေတုံကြ၊ ခပ်သိမ်းသူလေ၊ ရှင်လူများတို့၊ အံ့သြကျလို့၊ သုရိယရာဇာ၊ လင်မင်းကျော်လည်း၊ ထိုခါပြီးမှ၊ သားမိခင်လေ၊ ကြင်နှမကို၊ စိတ်ကယုံကြည်၊ ဂုဏ်သရေနှင့်၊ မပေဟထွတ်ဖျား၊ ကြဌန်းဆောင်ကြာ၊ နန်းတောင်ညာမှာ၊ လကျ်ာထားကော၊ မိဖုရားရတနာ၊ မြှောက်အပ်ရာ

ဟု၊ မင်္ဂလာသဘင်၊ ပွဲကြီးဆင်လို့၊ ရေစင်ဖြန်းဆွတ်၊ အစီအပြောင်၊ သောင်းခြောက်ထောင်နှင့်၊ တောင်နန်းအပ်ကော၊ အဋ္ဌတ်လည်းတင်၊ အောင်ပန်းဆင်၍၊ တောင်ခွင်နန်းမ၊ အစိုးရကော၊ ကဥ္စနဒေဝီ၊ မဟေသီဟု၊ ဘွဲ့ချီနာမ၊ လှထက်လှကော၊ ရှုပနိဂ္ဂါပင်၊ သက်နုနယ်က၊ အရွယ်ရင့်မြောက်၊ ကဥ္စနဆို၊ လှနဂိုမှာ၊ ပျိုဆတောက်သို့၊ ဆိုလောက်မတတ်၊ သားသက်ဝီ ကို၊ အိမ်ရှေ့အပ်လို့၊ ပြဿဒ်ပြောင်ပြောင်၊ နန်းသုံးဆောင်ကို၊ အခေါင်လွှမ်းဖြိုး၊ သနားကြည်ဖြူ မျှားပြည်သူကို၊ ထီးဖြူမိုးလို့၊ တန်းခိုးနေလ၊ ထွန်းတောက်ပကော၊ သုရိယရာဇာ၊ တောင်ကျွန်းငှလေ၊ ဇမ္ဗူတွင်းမှာ၊ သတင်းကျော်လို့၊ ထိုခါပြီးမှ၊ အကုသိုလ်ဟုံ၊ အလှည့်ကုန်လို့၊ ရှေးပုညကြောင့်၊ သုခကြီးကျယ်၊ တက်သစ်နေသို့၊ ကြက်သရေဂုဏ်၊ ထက်နတ် ဘုံလေ၊ ပုံတနိုင်းသို့၊ တိုင်းရွှေဘုံမှာ၊ တူစုံမောင်နှံ၊ သားနန်းရံနှင့်၊ ပျော်စံသက်လုံး၊ ထက်ပဝေကာ၊ သက်သေပြကော၊ ဝတ္ထုထုံးကို၊ နိဂုဏ်းခပတ်၊ အဆုံးသတ်လို့၊ ဓါတ်ဦးရာဇ်တောင်၊ တပြောင်ပြောင်နှင့်၊ အောင်မင်္ဂလာ၊ တန်ခိုးရွာမှာ၊ နေပျော်မြန်းကော၊ ထွန်းဆရာလျှင်၊ ဆန်းစွာစီရင်၊ ရာဇဝင်ကို၊ ပေါ်ထင်အောင်ပြု၊ ကဥ္စနဒေဝီ၊ မဟေသီကော၊ ဤဝတ္ထု၌၊ ရှေးဦးခေါ်ညွှန်း၊ မျှားရှင်လူတို့၊ မြေငူကျွန်းဟု၊ မောင်ဂွန်းခေါ်တွင်၊ ယခုလျှင်က၊ ငှက်ဆင်နှင့်မူ၊ မီးကိုယူလို၊ ရှင်လူခေါ်ညွှန်း၊ ခုတမူလေ၊ မြေငူကျွန်းဟု၊ မောင်ဂွန်းလည်းတွင်၊ ယာဉ်ငှက်ဆင်လျှင်၊ မြစ်တွင်ပျက်ဆုံး၊ ကိုယ်ခန္ဓာလျှင်၊ ကျတုံကျင်လို့၊ ငှက်ဆင်တုံးဟု၊ လူ့ထုံးဝေါဟာ၊ မည်သညာဖြင့်၊ ခေါ်ဝေါ်တုံကျင်၊ လှချောယည်လေ၊ ကဥ္စနကို၊ ညောင်ခွ တွင်၌၊ တင်ကာထားပြန်၊ ထို့ဌာနကို၊ ညောင်ခွကန်ဟု၊ အမှန်ပကတိ၊ ယခုတွင်လေ၊ အမြင်သားကော၊ ထင်ရှားရှိဟု၊ သိကြပါစေ။ ။ ဤကဗျာတွင်၊ ဆရာထွန်းလျှင်၊ ဘော်ညွှန်းရေလေ။

၆၉။ ။ဘော်ကာညွှန်းကော၊ မော်ဂွန်းတွင်ကာ၊ ဤကဗျာကို၊ အောင်ချာနဂရေ၊ မြို့ရွှေထွေမှာ၊ ရောင်းဝယ်မစဲ၊ မြူနီစီပါယ်ကော၊ ထိုသည်ဈေး၌၊ သဲသဲသောင်းသောင်း၊ ကြီးငယ်မဟူ၊ ဝယ်လာသူလေ၊ လူအပေါင်းကို၊ ကောင်းသောစကား၊ ချိုသာစွာလေ၊ ဆိုကာပြောလို့၊ စီးပွားဘွေ့ရှာ၊ လူဘာသာဖြင့်၊ ဥစ္စာပွားမှု၊ ပြုလုပ်ကြံဆောင်၊ တယောက်မောင်လေ၊ အောင်သာဦးက၊ ယခုအခါ၊ နုကဗျာကို၊ စီပါတောင်းပန်၊ အကြောင်းပြန်၍၊ ကာရံလည်းကောင်း၊ လူတကာတို့၊ နာပျော် ကြောင်းဖြင့်၊ အပြောင်းအနု၊ ခုတလီလေ၊ ဤဝတ္ထုကို၊ စပ်ပြုစီကာ ထုတ်လိုက်ပါလည်း၊ အင်္ဂါသုံးပါး၊ စီသူဘတ်သူ၊ ပုံနှိပ်သူတို့၊ ပြည့်စုံငြားမှ၊ ချိုပျားပမာ၊ နားသောတမှာ၊ သာယာသင့်မြတ်၊ ကဗျာသံကို၊ ကာရံစပ်အောင်၊ မဘတ်တတ် ဘဲ၊ အချွတ်အလွဲ၊ ရှိတုံခဲ့သော်၊ နည်းဥပမာ၊ ပြုစရာက၊ မှော်ဝါမလင်း၊ သန်းခေါင်တွင်းဟု၊ အရင်းဦးစွာ၊ စီကုံးပါလည်း၊ မှော်ဝါမလင်း၊ သစ်ခေါင်းတွင်ဟု၊ ချင်းဖင်လွဲယောင်၊ ဤကဲ့သို့သော၊ ဘတ်ကြပါမူ၊ ကဗျာချောမော၊ ရေးကူးသူနှင့်၊ ဆိုသူမှားကော၊ ချောနိုင်တော့မည်၊ ဧကဝုစ်ကော၊ မဟုတ်ချေလေ၊ လွယ်ယောင်နှင့်ခက်၊ တိမ်ယောင်နက်သို့၊ အချက်ကျကျ၊ အမြွက်ပြသော်၊ မာဂဓဘာသာ၊ ပါဠိဂါထာမှာ၊ သဒ္ဒါတချက်၊ မြန်မာဘာသာ၊ ဖွဲ့စီရာမှာ၊ ကဗျာခက်ဟု၊ အထက်ပဏ္ဍိ၊ လွန်လိမ္မာ၍၊ ပညာရှိကော၊ ကဝိသူမွန်၊ ပညာဝန်တို့၊ ပြဿန်ခဲ့ရာ၊ အဖြာဖြာနှင့်၊ စာနာထောက်ချင့်၊ ကဗျာသံကို၊ ကာရံသင့်အောင်၊ ဉာဏ်နှင့်စုရုံး၊ ရှေးဆရာ၏၊ နည်းနာထုံးဖြင့်၊ စီကုံးမည်ဝေး၊ တလုံးအက္ခရာ၊ ကျလျော့ရာကို၊ ဖာကာ ဖြည့်လို့၊ ထည့်နိုင်သူရှား၊ တစိယေပင်၊ သိမမြင်ကော၊ လူလျှင်မျှားမည်၊ သို့ဖြစ်ပေလည်း၊ ရွှေပြည်ရက္ခ၊ အမည်ရကော၊ ဓညဝတီ၊ တိုင်းဌာနီမှာ၊ စာစီပညာ၊ အဖြာဖြာကို၊ သင်ပါမည်သူ၊ ကျွန့်ထံမှူ၌၊ တလူမရောက်၊ နှစ်ကောဇာလေ၊ မြင့်ကြာ မြောက်လို့၊ ဤလောက်တောင်ပင်၊ တို့ရခိုင်လေ၊ ပညာမျိုးကို၊ မထိုးထွင်လို့၊ မြော်မြင်နှံ့စပ်၊ ဆရာထုံးမှီ၊ စာကုံးစီကော၊ ဤအတတ်ကို၊ သတ်မှတ်သူရှား၊ သို့ဖြစ်ငြား၍၊ သိကြားလိမ္မာ၊ တတ်လိုပါသော်၊ ဆရာအထံ၊ စာစီရန်ကို၊ နည်းခံရစဉ်၊ ဤကဗျာကို၊ စီကာလုပ်လို့၊ ထုတ်လိုက်ပေကော၊ ကြီးငယ်မဟူ၊ အရပ်ရပ်မှာ၊ ဘတ်နာသူတို့၊ မှတ်ယူဆင်ခြင်၊ နဖူးပြင်မှာ၊ လက်တင်တုံပြီး၊ ဝတ္ထုလုံးစုံ၊ နှုံးမတန်အောင်၊ ဘုန်းကံကြီးကော၊ မင်းသို့မင်းသား၊ သုရိယကုမ္မာ၊ ရှေးသူတော်လေ၊ လောင်းလျာများမှ၊ ပျက်ပြားရသော်၊ တို့သူငါမှာ၊ ပြောရာမရှိ၊ ရှေးထုံးရှေးစံ၊ ဖြစ်ပျက်ဟံကို၊ ဝေဘန်ညှိ၍၊ သိကြစေငှါ၊ အသစ်လုပ်လို့၊ ထုတ်လိုက်ပါသည်။ ကောဇာကြိုက်ကြုံ၊ သက္ကရာဇ်ကို၊ တွက်စစ်တုံသော်၊ ဂဠုန်နှင့်ကျား၊ ဟိုင်းနဂါးနှင့်မိုယ်း သားပစ္စုန်၊ အမှုန်ညင်းညင်း၊ ကန်ရာသီလေ၊ ဤအတွင်းမှာ၊ သာခြင်းစာအုပ်၊ နိဂုဏ်းချုပ်လို့၊ ထုတ်လိုက်တော့သည်။ ။ ပြည်ရခိုင်လေ၊ ခရိုင်လုံးမှာ၊ သုံးကြလေလေ။

ဖ္ဌဏ္ဍဖ္ဌဏ္ဍဖ္ဌဏ္ဍ

## (အဆုံးတပုဒ်တွင်၊ နိဂုံးချုပ်ဇာတ်သိမ်း)

၇၀။ ။ သောင်းလကျ်ာလေ၊ မြေဇမ္ဗူဒိပ်မှာလား၊ ဒေါင်းစကြာနေ၊ တဆူနိုပ်သည်နှယ်၊ သပြေငူရိပ်လကျ်ာ

တောင်မှာလေပျာ၊ အသရေဂုဏ်ဟိတ်ကယ်နှင့်၊ ကြက်သရေဆောင်၊ ဂဇ္ဈဘာမြစ်မငယ်ရေပြင်ကျယ်တဲ့၊ ငွေပင်လယ်ပတ် ကာဝန်းပါလို့၊ မြေပြင်ကျယ်လကျ်ာကမ်းမှာလား၊ မြတ်ဘဂဝါ၊ ဓါတ်တော်ထွန်းတယ်၊ လင်းသစ်လိုပ။ ပြောင်တယ်လေပျာ၊ ကျွန်းဦးရာဇ်တောင်၊ နယ်နိမိတ်တွင်ဖြင့်၊ ရွှေတံဆိပ်ကေနှင့်၊ သဝေနှိပ်သည်နှယ်၊ ရိပ်ဆာယာပိတ်ကာမိုးပါလို့၊ ကျော် အညာရွှေ၊ ရွှေကိုးတွင်ဖြင့်၊ မညိုးရှာပြည်၊ ရခိုင်ဘွားသူမို့၊ အမျိုးမှာ ရွှေခိုင်သားပေမဲ့၊ တေးကဗျာရေးတာများကိုလား၊ ငယ်သောခါ ဝါသနာနှင့်၊ ဘတ်စရာဇာတန်စာအုပ်က၏တို့ကို၊ ဗမာလိုကဗျာအလုပ်ကေနှင့်၊ ဆရာကျွန်ုပ်ပြုကြံဆောင် တယ်၊ ယခုတိုင်အောင်ဖြင့်၊ ပြတ်မကင်း၊ ကဗျာသာခြင်းကိုလေလေ၊ ပန်းမာပုံတန္တုးလို၊ ရှေးဆရာနည်းနာထုံးရယ်နှင့်၊ ထက်ပဝေသက်သေနိဂုဏ်းကိုလား၊ စီကုံးကာကဗျာသံနှင့်၊ တူမောင်နှံ့ငှက်ဆင်စီးပါလို့၊ စံနဂရာကို၊ ပျံလာတဲ့ခရီးမှာလား၊ မီးယူကာမြေငူကလှမ်းပြန်တော့၊ ယာဉ်ငှက်ဆင်မြစ်တွင်၊ ကျွမ်းသောကြောင့်၊ ညောင်နန်းမှာ၊ မေတကိုယ်တည်းသာပ၊ လင်ရတနာ၊ ကြင်ရာကွဲတာဖြင့်၊ မုဆိုးမောင်၊ ယူဆောင်ခဲ့သောကြောင့်၊ သနားဘွေသားငယ်ကိုမွေးပြန်တော့၊ ရင်သွေးကို ကြင်မချစ်ရအောင်၊ တစ္ဆေစာမြေမှာပစ်စေတော့၊ အပြစ်ကေ-ပူမငြိမ်းတဲ့အောင်၊ သံတွဲသူ ပူတဲ့ကိန်းကိုပျာ၊ သိမ်းစို့ဇာတ် လမ်းရယ်နှင့်၊ ကြီးအငယ်မိတ်ဆွေပေါင်းတို့ရယ်၊ ထိမ်းလို့ဘတ်စမ်း။

ဤတွင်ရွှေ့ကား၊ သုရိယနှင့်ကဥ္စနသာခြင်း၊
ရခိုင်ရာဇဝင်-ဝတ္ထုပြီးပြီဖြစ်သည်။

## စကားချီး

**"လူမျိုးတမျိုး၏ယဉ်ကျေးမှုတိုးတက်မှု ဘဝသရုပ်ကို ရေးသားကြရာတွင်၊ ရေးသားကြသော စာပေ-ပညာ အဆင့်အတန်းကို အကဲခပ်ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်"ဟု ကမ္ဘာ့ပညာရှိကြီးများက မှတ်ချက်ချကြလေပြီ။**

ထို့ကြောင့် ကျွန်ုပ်တို့ရှေးရခိုင်စာဆိုတော်ပညာရှိကြီးများဖြစ်ကြသော ဥက္ကာပျံ မဟာပညာကျော်အမတ်ကြီးများနှင့် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်ခန့်လောက်က ပေါ်ထွက်လာခဲ့သော တန်ခိုး-ဆရာထွန်းစသော စာဆိုတော်ပညာရှိကြီးများသည် ရခိုင်ပျို့, ကဗျာ, လင်္ကာ, သာခြင်းတို့ဖြင့်၊ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးတိုးတက်မှုဘဝ သရုပ်ကို ဖော်ထုတ်ခဲ့ကြသဖြင့်၊ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအထိ၊ ကျေးလက်တောရွာများနှင့်တကွ၊ ရခိုင်ပြည်အရပ်ရပ်တွင်၊ နွှားထိမ်း, ကျွဲကျောင်း, လောင်းစီး, ဖောင်မျှော, စာရေး, စာချီ, ကုန်သည်, ပွဲစား, လယ်သမားပါမကျန်, ရခိုင်ပီပီ၊ ရခိုင်ပျို့, ကဗျာ, လင်္ကာ, သာခြင်းတို့ကို နှစ်ချိုက်စွာ ဖတ်ရှုကြပြီး၊ မိမိတို့ဘဝပျော်ရွှင်မှု၊ ချမ်းသာသုခကို၊ ခံစားခဲ့ကြသော်လည်း၊ ဒုတိယကမ္ဘာစစ်ကြီး၊ မီးတဟုန်းဟုန်းတောက်လောင်ပြီးနောက်၊ တိုင်းပြည်မငြိမ်မသက်၊ စီးပွားရေးလည်းပျက်ခဲ့ကြသဖြင့်၊ နောက်ထပ်ဆက်လက်ကာ စာမူများကို မရိုက်နှိပ်ကြတော့ဘဲ။ ရှေးရခိုင် ပျို့, ကဗျာ, လင်္ကာ, သာခြင်းတို့မှာ၊ ပျောက်ကွယ်လုနီးပါးမတတ်ဖြစ်နေသောကြောင့်၊ ရှေးခေတ်ကကဲ့သို့ ရခိုင်သာခြင်းများကို ဖတ်ရှုသူများ တဖန်များပြားလာစေရန်ကိုဂုင်း၊ ရည်ရွယ်လျက်၊ ကျွန်တော်သည် စီးပွားရေးကို ပဓါနာမပြုဘဲ၊ ကိုယ်စိတ်အပင်အပန်းခံကာ အရပ်ရပ်စာမူများကို ကြေးငွေအကုန်အကျခံပြီး ရှာဖွေစုဆောင်းလျက်၊ ထုတ်ဝေနေပါကြောင်း။

အစိန္တေယျာ ထိန်ဝေဖြာသည် ရှိန်တေဇာမြတ် တုမကိုင်နှ်ချာ
ဦးရာဇ်ရတနာဟု မဟာဓါတ်ကို လူနတ်ပြဟ္မာ မညိုးအ
သရေ အကျိုးကျယ်အောင် ကိုးကွယ်ရှာသည် ရတနာ
စေတီ မွေသရီ၏ သညီထွန်းပြောင် ဇမ္ဗူအစစ်
တုမကိုင်နှ်ကဲ့သို့ လူခေတ်ဘောင်မှာ ဦးရာဇ်
တောင်ကျွန်း သာသနာရောင်ခြည် သာ
ယာစည်သည် မြေအဝှမ်းတွင် မန်းမြို့ပမာ
နေခြည်မထိုး ဝေဝေမိုးသည် ရွှေကိုးရွှာ၌ နေပျော်စံမြန်း ရတနာရွှေငွေ ဖြာဖြာဝေသည် အလယ်တန်း
က အဆထွန်း အာစရိသည် မနသိရည်သံ လက်ဝဲရံဟု ဥပ္ပလ
ဝဏ်အလောင်းမိန်းမကောင်း၏ အကြောင်းပါရမီ နိပါတ်
အလာ ဘတ်စရာဖြင့် စပ်ကဗျာစီလိုက်သည့်

# ပဒုမ္မဝတီသာခြင်း

(ရေးသားသူ-ဆရာထွန်း)

# ဥပ္ပလဝဏ်အလောင်း
# ပဒုမ္မဝဒီသာခြင်းကောင်း

**ကဗျာဂီတ စာစီလို့သလိုက်သည့် အာသီသနိဒါန်း**

**ပဏာမစန်း**

**နမောတဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

လောကမယေတန်းဆောင် ထွန်းလင်းပြောင်ကေ ခြောက်ရောင်တော်သစ် လူနတ်ပြဟ္မာ သတ္တဝါတွင် ထွတ်ချာမင်းကေ မှန်ကင်းစိုက်သို့ သုံးတိုက်လောက ဂေါမဟု လောကဇေဋ္ဌ လောကသာဂ လောကဝိဓု လောကုတ္တရ လောကသာမိ လောကဓိပဒိ လောကီဥက္ကဋ္ဌ လောကတ္တယ လောကရတနာ ထင်အပေါ်ဖြင့် မင်္ဂလာရွှေကုံး ဘဝဂ်လျှံကေ ဘက်စုံနှုန်းလည်း သုံးလောကဓာတ်မနှုန်းအပ်သား သတ္တသင်္ခါရ ဩကာသဟု လောကသုံးခွင် ဘုံသုံးပြင်ဝယ် မမြင်ဘက်ရှား ခပ်သိမ်းသူလေ နတ်လူများတွင် နှစ်ပါးမရှိ သုံးရပ်ဘောင်မှာ မြတ်ခေါင်ထိသည် မုနိင်းတန် ဇဂ္ဂဟု တံခွန်အထွတ် မြတ်စိန္တေလေ သဗ္ဗညုကေ သုံးလူနတ်နှင့် မြတ်ဓမ္မစက် ဝိမုတ္တံလေ လွန်ထက်မြတ်ကေ ဖိုလ်မင်္ဂရှစ်တန် အဘိဥာဏ်နှင့် နိဗ္ဗာန်ပရိယတ် ပိဋကတ်က ကရမတ်ရှင်ကျော် မြတ်သင်္ဃာဟု ရတနာသုံးလူနတ်ဘောင်တွင် ခေါင်တုလွတ်ကေ အမြတ်ဆုံးကို ဦးလုံးကေသာ ပညာရှင်တို့ မြင်မညီးအောင် ဆင်ပြီးခါမှ စကြာဝဠာတောင်တန်းပတ်ရံဝန်းကေ လေးကျွန်းဗဟိုရ် လေးရောင်ချဉ်းကေ တောင်မြင်းမိုရ်ထက် ကဲပိုထူးမြတ် တသက်လျှာပင် လုပ်ကာဆင်လည်း ပြေလတ်ခြင်း၌ာ မစွမ်းရာသည် မာတာပီတု ကျေးဇူးဟုန်လေ ဂုဏ်အရကို ချီးကျူးပြီးခါ ဝန္ဒနာဖြင့် ပန်ထွာရှေးဦး ထုံးကေသိဖြင့် သုံးကြိမ်ပြု၍ မေရုဆယ်ပြန် နှုန်းမတန်အောင် ကဲလွန်မြတ်လှ တတ်စေချင်၍ သွန်သင်ပြသည် အာစရိယာ ကွန့်ဆရာကို ပဏာညွှတ်ထွား ရှိဦးပန်ကေ ကံသုံးပါးဖြင့် ငါးအနန္တ ထုံးကေဆံမှာ ပန်ပြီးမှလျှင် ဥပ္ပလဝတ် ထေရ်ရီမွန်လျှင် ဥာဏ်ပါရမီ မရင့်မှီက ဝသီဝါသနာ အညီပါ၍ များစွာသောသား ပစ္စေကဗုဒ္ဓါ မြတ်ငါးရာကို မြင်မျှော်ဘွားသည် ကြောင်းလျှာထုပ္ပတ် ပဒုမ္မဝတီ တွင်အညီဖြင့် ဤသည်ဇာတ်ကို နိပါတ်ဒေသနာ အင်္ဂုတ္တိုရ်တွင် ထုတ်ဆိုညွှန်းကေ ကျမ်းအလာနှင့် ကဗျာဂီတ မာလာသရဘီ ပန်းကိုသီသို့ ကုံးစီပြမည် သူရသတီ လှဒေဝီလျှင် ဝဇီလှုပ်ရှား ပဋိဘန်လေ ဥာဏ်မြူးကွန့်အောင် ကွန့်နှုတ်ဖျား၌ မှီငြားချဉ်းကပ် ဖြောင်ကာမတ်လျက် လိုအပ်သမျှ ဇာနညာဏံ ဟာသဥာဏ်ကို ကြံတိုင်းရအောင် စောင်မပါလေ၊ ။ စိတ်ကြံဆောင်ကေ အောင်စေသောဝ်လေ။ ။

ဖြဆဖြဆဖြဆ

## ပဒုမ္မဝဒီ ပါရမီပြည့်ခဲ့သော
## ရှေးဘဝအကြောင်း

မြတ်သယမ္ဘူ ထွတ်မှန်ကူဟု နတ်လူမကိုင်ရှ် ဦးထိပ်တွင်လေ တင်ကာစိုက်လို့ သုံး-ရှစ်ဝိဇ္ဇာ လေးသစ္စာကို ဆရာမရှိ ညာယတိဖြင့် မိမိကိုယ်တိုင် ဥာဏ်ပညာကို ညိုကာထွန်းကေ သိစွမ်းနိုင်၍ ဘက်ပြိုင်သူဝေး နတ်နှင့်လူတွင် တဆူတည်းလျှင် ခမည်းလုတ တုမမျှကေ သုဂတဂုဏ် ရှေးအကျိုးကြောင့် ပြည့်ဖြိုးစုံ၍ ဘုံလောကဓာတ် ဘက်မပေါ်အောင် ကျော်နှံ့စပ်လျက် အထွတ်မှန်ကူ သယမ္ဘူဟု တဆူဗုဒ္ဓနုတ္တံရကကောသလတိုင်း သမိုင်းတွင်ဘိ ဘုမ္မိရတနာ လွန်သာယာကေ သာဝတ္တိ၌ ဒက္ခိတောင်စွန် ဇေတဝန်တွင် အလွန်ထင်ရှား အရိယာလေ သင်္ဃာများနှင့် တရားစည်ကြီး ဘုံသုံးရွာကို ဆော်ကာဟီး၍ တီးတော်မူရာ ထိုအခါတွင် မဟာဥပ္ပလဝဏ်လက်ဝဲရံဟု ပြင်းထန်တေဇ ဘိက္ခုနီကေ ထေရ်ရီမ၏ ရှေးကဖြည့်မှီပါရမီကို စုံစီမပြ တဘဝတွင် ပဒုမ္မဖြစ်ငြား ပစ္စေကာလေ ငါးရာသားကို မြင်ဘွားလေဟန်ကျောင်းပုံစံကို အပါဒဏ်အဆို အင်္ဂုတ္တိုရ်အရ သာခြင်းသီ၍ ဖွဲ့စီပြမည် ပဒုမ္မအလောင်းမိန်းမကောင်းက ကျမ်းဟောင်းအလာ ဤကမ္ဘာမှ ပြန်ကာထွက်ကိန်း ဂဏန်းထိမ်းမူ တသိန်းကမ္ဘာ ထိုအခါ၌ ကိုးဖြာသောဂုဏ် မြတ်အကျိုးကြောင့်

ပြည့်ဖြိုးစုံသည် ပဒုမ္မုတ္တိုရ် ခေါ်ဆိုတုံငြား ဘုရားလက်ထက် ရွှေနှုတ်တော်က ထုတ်ဘော်မြွက်၍ ဇေတဒက်ရ ဘိက္ခုနီကေ
ထေရ်ရီမ,ကို မျက်ဝထင်ထင် ခါတနေ့၌ ဖူးတွေ့မြင်၍ လိုချင်ညွတ်ပြောင်း ထိုပုဂ္ဂိုလ်၏ဆုကိုတောင်းကေ ဂုဏ်းဘဝ
အရင်းစ၍ ဒါနသီလာ ထုံးဓမ္မတာဖြင့် သုံးဖြာစာဂီ ပါရမီကို အညီဖြည့်ကာ ဤကမ္ဘာတွင် မဟာကဿပ လက်ထက်တော်
ကို ဆက်ကာကျသော် ဗာရဏသီတိုင်းဌာနီတွင် ကိကီမင်းကြီး ချစ်မညီးသည် သို့ခြောက်ယောက် တဝမ်းပေါက်တွင်
တယောက်အဝင် ဖြစ်ခါတွင်၌ ကြာတင်မြင့်ညောင်း နှစ်ရှစ်သောင်းကို ကောင်းသောအမှု ညီအစ်မကေ ဖြစ်ကြသူနှင့်
ဆုယူဆုတောင်း ပါရမီလေ ခါချိန်သင့်အောင် အကျင့်ကောင်းဖြင့် ကူးပြောင်းဘဝ မြင့်မြတ်အသရေ ထက်နတ်ပြည်မှာ
ဖြစ်လေရလို့ ထိုကတခါ စွဲသန္ဓေဖြင့် လူ့ပြည်တွင်းသို့ ဆင်းလို့လာ၍ ရွှယ်ငယ်ဂါမ တခုမှ၌ လုံ့လအားထုတ် ကိုင်းယာခုတ်
သည် လယ်လုပ်သို့း အခစ်ကြုံကေ ဖြစ်တုံပြီး၍ မကြီးအရွယ် တနေ့ဝယ်၌ လယ်ယာသို့သွား စခန်းရပ်ဝယ် လမ်းစပ်ကြား
၌ ငါးပါးရွှေကြာ ရေအပေါ်တွင် အာအာပွင့်ကျင် လမ်းအကွေ့၌ တွေ့ကာမြင်သော် လိုချင်စိတ်တတ် ထိုအခါလေ
ကြာအိုင်တွင်းကို ဆင်းကာဆွတ်၍ ကြာပတ်ကြာရွက် ကြာဖက်နှင့်သည်၊ ။ မေတမူလေ နေပူအုပ်ကေ ထုတ်ယူလေရေ။

ထုတ်ယူလေကေ မြင့်ရှည်မကြာ လယ်ယာတောကို ရောက်သောခါလည်း များစွာပေါက်ပေါက် သလဲနှံတွင်
ဆန်ကိုဖက်၍ သင့်လျှောက်လှစွာ အသီးသီးကို ရွေးပြီးခါမှ ငါးရာပေါက်ပေါက် ကြာရွက်ပေါ်တွင် လှစွာကောက်၍
ရ-မြောက်တုံကေ ထိုခါဝယ်၌ ဟေမဝန္တာ မြိုင်သာယာတွင် ဂန္ဓမာတောင်ဗွေထိပ်ခေါင်၌ ဉာဏ်ရောင်လင်းဝါ ပစ္စေကာ
လျှင် မဟာသမ္မာပတ် ထ-တုံလတ်၍ လောကတ္တယ အဘယ်သူကို ကယ်ယူကောက်ကေ ချီးမြှောက်ရအံ့၊ လောကကိုသည်
ရှုကြည့်ချေသော် လယ်သည်မိန်းမ က္ကတ္တိယ-ကို၌ထိုတွင် မြင်လေကျင်၍ ရှင်ပင်မြတ်စွာ ပစ္စေကာလျှင် စျာန်သမ္မာပတ်
လျှင်မြန်စွာလေ အာကာသက ပြန်ကြွလတ်၍ တန့်ရပ်ထိုတွင် ခံလေကျင်သော် ရှုမြင်တုံလေ မိန်းမငယ်လျှင် ရွှင်ကြည်
သဒ္ဓါ စေတနာနှင့် လှူရာရွေးကောက် လယ်ထဲစင်မှာ မီးကင်ဖောက်ကေ ပေါက်ပေါက်ငါးရာ ပဒုမ်ကြာကို ယူလာတုံ့
ရှောင်း သပိတ်တော်မှာ ထည့်ကာလောင်းလို့ တောင်းဆုတော်ပန် ပြုခြင်းဟန်ကား အကျွန်ုပ်မ ပန်းကြာဖြူကို လှူကာ
ပြုကေ ကုသလကြောင့် ဘဝနောင်ဝယ် ကြာပန်းလယ်မှာ သန္ဓေတည်ကာ ရင့်မာဖွား၍ သွားလေရာတွင် ပါဒတလှမ်း
ကြာတပန်းလျှင် ထူးဆန်းလှစွာ မြေကမ္ဘာမှာ ခံပါစေသား ပဒုံကြာလေ ပမာဏသို့ လှစေသောလေ တခြားထိုနောက်
ပေါက်ပေါက်ငါးရာ ဖြူသဒ္ဓါနှင့် လှူဒါနပြုရ ကုသလကြောင့် ပုတ္တရတနာ ရှင်ဘုရားသို့ သားငါးရာကို ဖွားပါစေသော
ပြုကုသိုလ်ကို ဆုဆိုငြားက ဘုရားမြတ်စွာ စောထွတ်ချာဟု ပစ္စေကာဗောဓိ ယောမုနိက က္ကစ္ဆိတဗ္ဗ ပတ္ထိတံနှင့် ခိပ္ပံမေဝ
သမိဇ္ဈတု သင်ဆိုကာဖြင့် လိုရာဆုကို ယခုလျှင်ဆော ပြည့်စေသောဝ်ဟု ထောပနာသည် ပြုပြီးမှလျှင် ကြွတုံလေကေ
လယ်သည်မိန်းမ နောက်တဖန်လေ ကြံကာဆလို့ ပုပ္ပထုံစွာ ပဒုမ်ကြာကို လှူပါတုံရှောင်း ဤသခင်လေ အရှင်ကောင်းမှာ
ဂုဏ်းရွှေကြာ ပန်စရာလေ ကေသာတင့်ဆုံး ငါတို့သွင်သို့ ပြုပြင်ထုံးကေ ဆံထုံးဆံပင်မရှိလျှင်ဘဲ ဘယ်တွင်ပန်မည်
ခံယူပေလည်း ကွယ်ရာ၌သည် မှန်စင်စစ်ကေ ပစ်လိမ့်မည်လေ တဘွယ်မရာ မေလှူပါသည် နေရာမကျ မေ့ခေါင်းတွင်
လေ ဆင်ပန်မှ-သာလှ-ပါလိမည် မှတ်တုံပေ၍ မနေလျှင်စွာ လိုက်သွားကာဖြင့် ကိုယ်တော်မြတ်လှ ပန်းရွှေကြာကို
ပေးပါခ-ဟု သပိတ်က-မူ လှန်း၍ယူကေ လယ်သူမိန်းမ နောက်တဖန်လေ ကြံကာဆလို့ ပရစေတနာ ပျက်ပြီးခါမှ
ငါလျှင်တမူ ပြန်၍ယူကေ လှူတုံပြီးမှ ငါ့ဒါနလျှင် အထလည်းမြောက် မေတမူလေ ပေးလှူဒါန်းကေ ကြာပန်းလှော်ကို
မြှောက်လို့ပင်ပစ် မသုံးသည်ပင် တကယ်ဖြစ်လည်း လှူလိုက်ပြီးမှ ခုတမူလေ ပြန်ယူခကေ ငါ့လှော်မိုက်သူ တောင်ဇမ္ဗူ
မှာ အတူမရှိ ကိုယ့်စိတ်တွင်လေ ထင်မှတ်မိ၍ သတိသံဝေ နောက်တဖန်လေ ကြံကာဆကေ ရတော့သည်လေ။

ရတုံသည်လေ တကယ်ဇကံ မအပ်ပြန်လျှင် ခံပါတို့လား မေတမူလေ လှူတုံငြားလည်း ပယ်ရှားမည်သာ
အပ်၍သာလျှင် ခံတော်မူသည် မှတ်တုံပေ၍ မနေလျှင်မြန် မလိမ္မာ၍ လွန်စွာမိုက်သည် အပြစ်ဝန်ကို သည်းခံပြီးခါ
ပန်းရွှေကြာကို ခံပါဘုရား နောက်တမူလေ လှူတုံငြားက မြတ်ဖျားထေရ်ကျော် ပြစ္စေကာလျှင် တခါထပ်မံ ခံယူပြန်၍
စျာန်ပျံကြွ၍ ပရစေတနာတိုးစေ၄ါဖြင့် ရွှေကြာပွင့်ဖြူ မွှေးပျန့်ကြူကို ရွှေကူဝမှာ ထားပြီးခါမှ ခြေတော်သုတ်ကျင်
ထိုကြောင်းရေးကို ဝေကပင်လျှင် ရှုမြင်လောက်အောင် ဘိညာဉ်ဆောင်၍ ဘုန်းခေါင်မြတ်ဖျား တန်းခိုးတော်လျှင်
နှိုးဆော်အားကြောင့် မြင်ငြားတုံလေ ထိုမိမေလျှင် ကြည်ကြည်လင်လင် စေတနာရွှင်၍ ထိုတွင်ကာလ ထိုဘဝ၌
ဒါနသီလာ ဘာဝနာကို သဒ္ဓါနှီးရင်း တသက်လုံးကို ကျင့်သုံးခြင်းဖြင့် ပြတ်ကင်းဇီဝေ ခန္ဓာကွယ်သော် လက်ခြေကျောက်
ကန် မှောက်ကန်လှန်၍ ဘောက်ပြန်မရှိ စိတ်သာယာဖြင့် အိပ်ပျော်ဘိသို့ စုတိစိတ်ကျ အနိစ္စဖြင့် ဒေဝလောကေ
ခန္ဓာသစ်လျှင် ဖြစ်တုံလေ၍ နတ်ရွာနတ်ရံ နတ်ဗိမာန်တွင် စည်သံဒုံမင်း နတ်စောင်းညှင်းဖြင့် ခရုသွင်းမှုတ်တီး
အသီးသီးကေ နတ်သို့းနတ်သား ဘုံဗိမာန်မှာ ချွေရံများတို့ ခစားဖျော်ဖြေ ထိုခါဝယ်၌ လူ့ပြည်ဌာန ရင်းနှီးခသည်

ကုသလကမ္ဘ ကြောင်းမညိုးအောင် ကောင်းကျိုးဘန်၍ ဗိမာန်ရွှေဘုံ ခြေဘဝါးနှင့် သွားလေတုံသော် ပဒုမ်ရွှေကြာ ဗိမာန်တွင်းမှာ ထံခြင်းရာကြောင့် ပဒုမ္မာစန္ဒီတွင်သညီဖြင့် ဒေဝီစံသီးဗိမာန်ဘုံမှာ ဂုဏ်ဒြပ်နှင့် နတ်သို့မီးဟု အံ့ချီးမကုန် နတ်ရိပ်ငြိမ်လေ စည်းစိမ်ကြီးကို စံပြီးတုံမှ နတ်ဘုံကသည် စုတေလေသော် လူ့ပြည်သို့သာ မိဝမ်းခေါင်းမှာ ကျဉ်းမြောင်းစွာဖြင့် ခန္ဓာရုပ်နာမ်မဖြစ်ပြန်ဘဲ ယောဝန်နီးစပ် ကြာတောအိုင်နှင့် ပန်းမြိုင်ရပ်တွင် စွဲကပ်ကာတည် ကြာဖူးလယ်မှာ သန္ဓေတစ မေနတ်ဆွေမှာ တည်နေရကေ ဆယ်လနီးသော် ထိုအခါတွင် ဟေမာခရီး ကြာပန်းခိုင်နှင့် အိုင်အနီးမှာ မြိုင်ကြီးစံပျော် ရသေ့ကျော်ဟု ခန္ဓာအသက် ဆန်တစေ့မျှ မငဲ့ကွက်ဘဲ မင်ဖိုလ်ရက်ကို သက်တကိုယ်ကို တက်လိုသဘော နိဗ္ဗာန်ဘုံကို အာရုဏ်စော၍ တောရပ်ဇောကပ် သောမနသီဖြင့် လောကဓာတ်အတွေ့ လူမှုကိုလျှင် မပြချင်ကေ ဓုတင်လေ့လို့ စေ့ဆော်မွေ့လျော် ရသေ့ကျော်သည် သူတော်တို့ထုံး ဆိတ်သာစိတ်ပျော် ရိပ်ဆာယာမှာ သိက္ခာသုံးလို့ ဆုံးဆမုန်းလှ သုံးဘဝက ရုန်းမရနိုင် ညွှန်တဏှာကို ရွံ့ရှာတိကေ ကိလေအိုင်က မထွက်ဝိုင်ဝိမုတ် မဝ်လောကုတ်ကို အားထုတ်တော်မူ ကသိုဏ်းစိတ်ကို နိမိတ်ယူလို့ နိဗ္ဗူကိုရှာ ရသေ့ကျော်ဟု မွေ့လျော်ပြီးထွယ် ထိုရေအိုင်နှင့်၊ စုံမြိုင်အောက်မှာ တယောက်နေရေ။

တယောက်နေကေ ထိုသည်အခါ ရသေ့ကျော်မှာ မွေ့လျော်နေငြား သမယကေ ကာလလျှားသော် တရုံခါဝယ် အိပ်ပျော်ပြီးမှ နံနက်ထ၍ နာဋကမည် တမုံနွယ်ကို ယူပေးပြီးခါ ကြာအိုင်သာသို့ မျက်နှာလုပ်ရေ သုတ်သင်မည်ဟု သွားလေသောခါ ကန်တော်သာမှာ ရွှေကြာပဒုံ ချပ်လွှာစုံကို တငုံကြာဖူး အထူးသဖြင့် ကြီးလွန်းတုံကေ အငုံရင့်လည်း မပွင့်လေတုံ ဤကြာငုံတွင် တစုံတခု ဇဝကံလေ ရှိတန်၏ဟု အမှတ်ပြု၍ ဆွတ်ခူးလေရာ လက်တော်မှာပင် အာအာ လည်းကွဲ ကြာချပ်ရုံကေ ဝတ်ဆံထဲ၌ ပုလဲတမျှ လွန်လှပကေ လွလွလေးလေး ချပ်တရာလေ ဝတ်လွှာထဲမှာ မွေးစသူငယ် ရတုံလေကေ ရွှေကြာနှင့်ပင် အုပ်ယူကျင်၍ ကျောင်းတွင်ရောက်ခါ ထေရ်သခင်လေ ရှင်ရသေ့မှာ တွေးမျှော်ရာကား သတ္တဝါတယောက်ဖြစ်မြောက်သမျှ ဤလူ့ဘုံမှာ ဒုလ္လဘကို ကြုံရရန်ရေး ဝေးကြီးဝေးလို့ ဤခလေးမုံငါနှင့်ဆုံ၍ တွေ့ကြုံ လို့ရှိ ရှေးအတိက ဘမိငါသည် ဇဝကံလေ မှန်စင်စစ်ကေ ဖြစ်ဘူးရေလား ခုဝယ်ပကတိ ရှေးကံဆုံ၍ တွေ့ကြုံရှိမှ မိဘသဘွယ် ဤခလေးကို မွေးရမည်ဟု မှတ်ရည်ပြီးခါ ကြာရွက်ပေါ်မှာ လှဲကာသိပ်ထား နိုးတုံလေသော် ငိုရယ်ငြားက မြတ်ဖျားမထေရ် ညာလက်ညိုးနှင့် ထိုးတုံလေသော် သူငယ်မိန်းမ ရှေးဘဝက ဒါနကျိုးစက် ရသေ့ထေရ်လျှင် ထိုးသည်လက်က ထိုထွက်နို့ရည် စို့သောက်လေ၏ သူငယ်ဘာဝ ငယ်ကာလက အဟာရဓာတ်မျှတလတ်၍ ကြာဖတ် ကြာဖက် ကြာရွက်နှင့်သည် ရသေ့ထေရ်လျှင် မွေးလေတုံမြောက် ပြေးသွားလှည့်လယ် ကစားနေကေ အရွယ်ရောက်က အံ့လောက်ဆရာ သဃ်န်းပေါ်မှာ ပါဒါတလှမ်းကြာတပန်းလျှင် ထူးဆန်းလှစွာ ခံလျက်ပါကေ ပီတာမွေးဘ ရသေ့ကျော်မှာ ဘွဲ့နာမကား ပဒုမ္မဝဒီ ကုမ္မရီဟု စုံညီလက္ခဏာ တဆယ်ကျော်လေ ရွယ်တော်ရောက်လို့ ကြီးမြောက်လာသော် ရုပ်ဝါရူပ ပသာဒက အလှထဲမှာ တကဲသာအောင် ဖြေကာလည်းချ ဖျားတထွာမှာ မော်၍ကွကေ စိမ်းမြကေသာ ခုနစ်ထွာကို ရစ်ကာလည်းထုံး ပိတုံးတောင်လေ အရောင်ရှုံးမျှ သလုံးမြင့်ခေါင်း ဖော့ဖယောင်းသို့ လက်ချောင်းလက်တံ ကြာရိုးဟန်ယောင်က် ပါးတံပါးရစ် လွန်ပြေပြစ်လျက် ကျစ်လစ်မွေ့သိမ် သျှတ္တရဟု ကျမ်းပြညီ၍ ကာဟိန္ဒြေလှမျိုးမေမှာ တို့, ရှေ့, ကြုံ, ဆူညိုမဖြူဘဲ ပါးထူကြီးငယ် ခြောက်သွယ်အပြစ် မြူမတင်လေ မျှင်မသန်းကေ စွမ်းမည်စဘဲ ရိုးဆစ်မထင် ပြစ်မမြင်ကေ ရွှေရင်ဖြူးဖြူး ပန်းငုံဖူးလေ ပဒုံဖူးသို့ အထူးအဆန်း ရှုမခမ်းကေ နှုတ်ခမ်းနီတျာ လျှာပါးပါးနှင့် စကားသာကေ သွားမှာပုလဲ ဖြူဖွေးဖွေးကေ မကြုံမသိတ် စိန်ရတီလို ညီမြိတ်မြိတ်နှင့် လိုင်မိတ်တိုရှည် ဆိုဘွယ်မရှိ ငါးအင်္ဂါလေ ညီညာညွတ်ကေ နတ်ဇာတိမှာ မျက်စိလှညီ မျက်ဖြူနည်းလို့ မျက်မဲနီနှင့် မစီမဝန်း လှတင့်တယ်လေ မေမျက်ခမ်းမှာ သန်းကာပတ်ဝိုက် လှပြုံးချိုကေ မျက်ညိုရစ်နှင့် လျှပ်စစ်ပျက်ယောင် ခပ်မျက်တောင်နှင့် မျက်မှောင်ကွေငြား ဆေးပန်းချီနှင့် ရေးချီထားသို့ ချောမောတင့်တယ်။ ။နတ်မတူလေ လူမမျှအောင် လှတော့သည်လေ။ ။

လှတော့သည်လေ နတ်ပြည်ထက်ရပ် ကုသိုလ်ကုန်၍ ဘုံကြုံးပြတ်ကေ မိုးနတ်သွီး လူတို့ဌာနေ ကြာပန်းလယ်မှာ သန္ဓေမှီးကေ စံသီးရှုပ လှထက်လှလို့၊ မိန်းမဥက္ကဋ္ဌ မြတ်ထက်မြတ်ကေ ညီညွတ်အင်္ဂါ သာထက်သာလို့ ရွှေကြာကိုယ်နံ့ ပျံ့ထက်ပျံ့ကေ နုညံ့သားရေ ချောညက်ပေ၍ အရွယ်မတင့် တင့်ထက်တင့်လို့ မြင့်မြတ်အသရေ တည်ထက်တည်ကေ အနေအထိုင် ယဉ်ထက်ယဉ်လို့ ကိုယ်ပိုင်သဏ္ဌာန် ဟန်ထက်ဟန်ကေ ဘက်စံမမျှ မူရာအစုံ ရှုပါရုံနှင့်၊ ပဒုမ္မာ ဝဏ္ဏာ ကြက်သရေ နတ်မျိုးနွယ်မှာ ပါဒေခြေလက် စည်မပျက်ကေ လည်ဆက်မိတ်ပါး ရင်ခါးပတ်ခုန်း ကာယဆိုကေ တကိုယ်လုံးမှာ နုဖါးပါးပြင် ကြောနှင့်ရင်ဝယ် ထွက်ဝင်မရှိ မိန်းမရတနာ လှခြင်းရာမှာ ကျော်ကိတ္တိနှင့် ရှိရှိသမျှ လူ့လောက၌ ဣတ္ထိယဇာတ် မိန်းမမြတ်တို့ ရအပ်သမျှ ကြာဝတ်လှုံကေ ပဒုမ္မာရှုပသမ္ပတ္တိ လက္ခဏာကြုံပုံ မြတ်သောဂုဏ်နှင့် ပြည့်စုံဘိလို့

မိမိကာယပသာဒကို လှအောင်ဆိုးအောင် မိမိဘန်ကေ ကံတန်ခိုးလျှင် အကျိုးဆောင်မှ အခေါင်အကျူး လှမျိုးစုံတွင် ယဉ်ပုံထူးအောင် ဆည်းဘူးကုသိုလ် လှစေလို၍ တောင်းဆိုသမျှ လှမျိုးစုံကေ ပဒုမ္မကို မွေးဘပီတာ ရသေ့ကျော်မှာ လိမ်မာစေချင် ကညာရွယ်က စာပေသင်လို့ အကြင်မိန်းမ ဣတ္ထိယဟု သိပ္ပအတတ်ဆဲ့နှစ်ရပ်နှင့် လှည့်ပတ်စရာ အသ်တိဟု နိပါတ်လာဖြင့် မာယာလေးဆယ် အစိပ္ပါယ်ကို ခွဲဝေပြီးခါ၊ သင်ပြပါကေ လိမ်မာရေးခြား မိဘမြတ်တို့ ဝတ်ငါးပါးကို စကားခြေငံ ပြောဆိုဟန်နှင့် ရံဘန်ရံခါ ရသေ့ကျော်လျှင် ဟေမာခရီး ရဂုံလှိုင်လေ စုံမြိုင်ကြီးကို သစ်သီးရှာရန် သွားလေပြန်ကေ ဆိတ်ညံစျဉ်ဆာ သင်ခမ်းသာမှာ အဘော်မရှိ မေအပျိုလေ တကိုယ်ထီးလျှင် ပျင်းရိခါခါ အဖြာဖြာကို ရော်ကာယမ်းလို့ လွမ်းစဖော်ကေ ရွှေကြာဖူးငုံ မွှေးပျံ့ထုံကေ ပဒုံပုဏ္ဏရိပ်မြရေကန်က ညံမဆိတ်အောင် ကရဝိတ်ကြိုးကြာ ငှက်လင်းပြာနှင့် ဟသ်ာမောင်နှံ ညနေယံတွင် ကျူးတွန်ညောင်းညောင်း၊ နာပျော်ဘွယ်လေ ရွှေဥဒေါင်းတို့ သောင်းသောင်းသဲသဲ ကြွေးကျော်သံလေ ညံမစဲကေ ပျံဝဲလူးလာ မြူးပျော်ရာကို ရှုမျှော်တုန်းတွင် မွေးဘခင်လျှင် မြိုင်ခွင်ထောအောက် ချစ်သွီးစာ သစ်သီးရှာ၍ ပြန်ကာရောက်က တယောက်သွီး ရှုမညီးလျှင် ဆီး၍ကြို ဆို မျှားအောင်လေ သုံးဆောင်ကြကေ အဟာရဓာတ် မျှကြလတ်လို့ တောရပ်မြိုင်ချေ။ ။ ပဒုမ္မာ့မှာ ပျော်စံမြန်းကေ တခန်းနေရ။ ။

## လုဒ္ဒကလူမျိုး တောမုဆိုးသည် အားကြိုးကြံကာ သားမျိုးကိုအရှာတွင် ပဒုမ္မာနှင့် တွေ့ခန်း

တခန်းနေကေ ရွှေပြည်ဗာရာ တိုင်းအောင်ချာမှာ ရာဇပြာဟ္မာဒတ် တရားပြာဟ္မာစိုရ် မှားမယိုကေ ထိုမင်းမြတ်လျှင် ရှစ်ချပ်ထီးဖြူ အုပ်ကာမိုးလို့ စိုးတော်မူကေ ဗိုလ်လူသတ္တဝါ ရေတွေ့ကြာသို့ သာယာဝပြော ကျွဲနွားလယ်မြေ စားဆန်ရေကေ ရွှေငွေများနှင့် ခိုးသားတန္ဒ အစားဝ၍ ဒါးပြမုဒိန်း ရှင်းရှင်းပြတ်ကေ ကင်းလွတ်ငြိမ်းလို့ ခပ်သိမ်းရှင်လူ ရွှေပြည်သူတို့ မပူမစိုး ကြာနှင့်ရေလေ ပွင့်သည်ပန်းရောင် လန်းမညိုးဘဲ ပွားတိုးရေဆန် ပြည့်ဖြိုးလျှံအောင် ရွာသွန်းမိုယ်း ရေ ဝပြောစည်၍ ရွှေပြည်ဗာရာ ထက်နတ်ရွာသို့ သာယာနေတုန်း ထိုအခါလေ ရွာနိဂုံး၌ လူ့ထုံးဓမ္မတာ လူဘာသာတွင် မိစ္ဆာဇီခက်အခဲဖြင့် သက်မွေးရသည် ပါပကျင့်ခင်း ခပ်သိမ်းသူလေ တို့လူမျိုးတွင် မုဆိုးဟူသည် သတ္တဝါကို ခန္ဓာပြတ်အောင် သတ်တုံပေ၍ မျက်ရည်စီးယို သွေးစိမ်းယိုအောင် ငိုစေတတ်သော ထိုသဘောကြောင့် အများပြောရိုး မသင့်မယူ ကျင့်မတူလေ လူတမျိုးကို မုဆိုးခေါ်ကြ အင်္ဂုတ္တိုရ်မှာ မိန့်ဆိုပြကေ၊ လုဒ္ဒကလူမျိုး ယခုဆိုကေ ထိုမုဆိုးမှာ သားမျိုးရှာချင် သူ့မယားကို ပြောတိုင်းပင်လို့ အိမ်တွင်လည်းမွေး အစာကျွေးကေ အမွေးကိုထောင် တောင်မြိုင်ယံမှာ အလွန်ရဲကေ ခွေးနှစ်ကောင်ကို ဘဲမြှောင်ခေါ်ငြား လေးနှင့်မြှားကေ ဒါးကိုကိုင်ကာ နံနက်စာကို ဝစွာစား၍ သွားလေပါကေ ဘွေရှာမရ သားသမင်တို့ ရှားကျင်လှလို့ ကာလရှည်ကြာ ပစ်သတ်ပါသော် သတ္တဝါများ ကြီးတောတောင်သို့ တိမ်းရှောင်သွားလို့ ရှားပါးလှစွာ မရသာလည်း ရပ်ရွာသို့လျှင် မပြန်ကျင်ဘဲ အိမ်တွင် မယား လက်ခခွဲသာ သားမပါသော် တောမှာကျားထက်ဆိုးငြားတော့သည် ဆဲဆိုပေသော် အသရေအရှက် ငါမတည်ကေ တကယ်ပျက်မည် သို့ဖြစ်ပေ၍ သေသေရှင်ရှင် တောမြိုင်ခွင်မှာ ဇာပင်ရောက်ရောက် ဘေးတန်တန်ကို ရွံ့မကြောက်ဘဲ ခြိမ့်ချောက်-အင်း-အိုင် တောင်လျှင်ဝိုင်းလို့ ခင်စိုင်းဂျိုင်နှင့် ဂနိုင်တောနက် လမ်းမတွင်ကေ တန်းထင်ထက်က ဆင်းသက်ကျသွန် ရေတံခွန်နှင့် ဟေဝန်အနီး စိမ့်စမ်းအိုင်နှင့် ဂနိုင်ကြီးမှာ ခရီးရှေ့နောက် မျက်စေ့လည်၍ ဘယ်ကိုရောက်ဟု တောင်မြောက်မသိ တောအတိဖြင့် သွားမိသွားရာ မုဆိုးသားလျှင် သွားလေပါကေ သူတော်သူကောင်း ကျိန်အောင်းပျော်ကေ ဝိဟာကျောင်းကို အကြောင်းသင့်လျှော် ရောက်လေပါကေ မဟာဣသိမရှိသည်ခစ် သစ်သီးရှာဘွေ တောမြိုင်ခြေကို သွားသည်ခိုက်နှင့် လူမိုက်မုဆိုး လက်ကောင်းမျိုးမှာ ရေမိုးသောက်မည် ရှုကြည့်လေကေ မေပဒုမ္မာ လှရုပ်ဝါကို ထိုခါခဏ မုဆိုးမြင်သော် ပြင်ကတန့်ကေ အံ့ဩကြလို့ ပါဒတလှမ်း ကျောင်းသင်ခမ်းမှာ ကြာပန်းဒုမ္မာ ခံလို့ပါကေ လူသာမစစ် နတ်မိမယ်လေ အကယ်ဖြစ်မည် မှတ်တုံပေ၍ မထေရ်ဆရာရသေ့ကျော်လျှင် ရောက်ပါကြောင်းကို သင်ခမ်းသာလေ ဝိဟာကျောင်းမှာ အောင်းလို့ပန်းဖြေ၊ ။ ငရဲသူလေ လူမုဆိုလျှင် နားလို့နေရေ။ ။

နားလိုနေက မထေရ်တာပသ ပါရမီလေ စာဂီမွေ့ကေ ရသေ့မြတ်က ရအပ်သမျှ ဆွတ်ပြီးမှလျှင် ဖလဖလံ တောဝနံတွင် ချိုချဉ်ငယ်ကြီး ချစ်သွီးတို့ သစ်သီးအမျိုးအရသာမှာ နှစ်ဖြာထိုးကေ ခဖျိုးခဖြည်ရှော်အူနီနှင့် သူတွီသုတွတ်

ဝါးတံချူဖြင့် ရှာယူဆွတ်၍ တပွတ်ကနစိုး အမျိုးမျိုးကေ မှင်းကျိုးသရက် ဖက်သက်တရော် မာလကာနှင့် သြဇာနုရင်း သီးအညှင်းက ယင်းမှင်ကူသျှသျှားဖြူနှင့် မအူမှင်တောင့် ဥဟောင်းကလော သဖန်းခါးက သင်းဘောပဒကာ အဖြာဖြာကေ ရသာချိုအေး တောမြိုင်ကြီးတွင် သစ်သီးသစ်ဖု သစ်ဥသစ်မြစ် သို့ချစ်တို့ ရထိုက်သမျှ ဝါးတံချူနှင့်ယူပြီးမှ လျှင် တာပသကျော် လျင်မြန်စွာလေ ပြန်ကာလာမြောက် စကြီလမ်းကေ သင်ခမ်းနောက်က ရော်လုနီးနီးရှေ့ကဆီး၍ ချစ်သို့ကောင်း သစ်သီးပေါင်းနှင့် ချင်းတောင်းတံချူ လမ်းခရီးက လှမ်းဆီးယူလို့ ပြုပြုငိုငို ပြောဆိုပါသော် ထိုခါပြီးမှ ဤတောသူက လူမိန်းမဟု လုဒ္ဒကမှာ မှတ်လေပါ၍ ပဇာယန ရသေ့ရှင်ကို ဦးလျှင်ချက တာပသကျော် တောသစ်သီး ကို ပေးပြီးခါမှ တကာမုဆိုး လက်ကောင်းမျိုးမှာ တောသို့လည်းလာ သားမျိုးရှာကေ တောမှာခုဝယ် မြင့်တာရှည်အောင် နေပါ့မည်လား လူ့နိုင်ငံကို ခုပြန်ငြားလို့ သွားတော့မည်လား ရသေ့ထေရ်မှာ မေးလေငြားက တောမှာတာရှည် ကျွန်လျှင် နေလို့ အဘယ်အကျိုးရှိအံ့နိုးလိမ့် သားမျိုးတွေရှာ လူတို့ရွာကို သွားပါတော့မည် ပြောတုံလေကေ မထေရ်ဆရာ ဒါယကာမှာ လူ့ရွာဌာန ပြန်လေပါသော် ရောက်ကာလ၌ ငါ့သို့တော် ပဒုမ္မာ၏ခြင်းရာစကား အကြောင်းများကို မပြောမဆို များလူဗိုလ်အား နှုတ်ကိုပိတ်ထွယ် နေနိုင်မည်လား ရသေ့ထေရ်မှာ မေးလေငြားက မပြောစေလို ရှင်ဘုရား က တားကာဆိုသော် နှုတ်ကိုဝိတ်သွယ် နေပါ့မည်ဟု ဆိုလေပြီးခါ တပည့်တော်လျှင် သွားပါတော့မည် လက်ဆယ်ဖြာ ကို ရှက်ကာပြုလို့ ဦးချပေ၍ မနေလျင်မြန် အိမ်ကိုပြန်ကေ အကြံနှင့်သာ မုဆိုးကျော်လျှင် တောမှာစခန်း ခရီးလမ်းကို အမှန်းရစေ ဒါးထိုက်ထွေဖြင့် ထားပေပြီးခါ သွားလေပါကေ နေရွာဌာန ရောက်ကာလ၌ အိမ်မဂေဟာ မယားမှာကား ကြင်ရာငါ့လင် တောမြိုင်ခွင်မှာ သမင်ဒရယ် ဂျီသယ်ကို ရှာဘွေသွားရာ ရက်ခုနစ်လျှင် တွက်စစ်ကြာလို့ တောမှာ တကယ် ယောကျ်ားမိုက်ကို ကျားကိုက်ပေ၍ သေလေသလား မသေသော်လေ ပြန်လာငြားက သားကောင်းများစွာ ဤမျှကြာမှ ရလာလိမ့်မည် မှတ်တုံပေ၍ မျှော်နေသောခါ တောမြိုင်ခွင်က လင်ယောကျ်ားလျှင် ရောက်ငြားလှသော် မပါသားငါး ကလဘဝါးကြောင့် မယားမောင်မဲ ငါ့အိမ်ထက်ကို မတက်ကဲ့ဟု ဆဲဆိုပြီးထွေ၊ ။ ဂေဟာအိမ်မှာ မနေရကေ နှင့်တော့သည်လေ။

နှင်တုံပေကေ အိုလေရှင်မ သင်းမိခင်က ကြင်ရာလှလေ တောဂမြိုင်ကြား သတ်တန်များလျှင် သားသမင်သည် မမြင်ရှားလည်း ယောကျ်ားလုံးလ ဝိရိယနှင့် မရရအောင် မေချစ်မောင်လျှင် ကြံဆောင်ပြီးထွေ ရှာထုံလေကေ စုံခြေ မြိုင်ကြား သွားစခန်းတွင် လမ်းလျှင်မှားလို့ သစ်ကျားခြသေ့ တောမြိုင်ခွင်မှာ ရင်ဆိုင်တွေ့ကေ မေ၏လင်ချစ် ဖြစ်ခလို့ သာ ရသေ့ကျော်လေ ဝိဟာမှောက်ကို ရောက်တုံပါ၍ ချမ်းသာတော့သည် ရသေ့ကြီးမှာ သို့ငယ်က လူ့ပြည်လောက မမြင်ဘူးအောင် အထူးလှဟု လင်ကပြောသော် မယားမှာက တန်ပါအဖျမ်း ယောကျ်ားဝေါ စကားလာကို ငါကြားပျင်းလို့ စင်းစင်းတကယ် တောမြိုင်ခွင်တွင် သင်ငမိုက်ကို ကျားကိုက်သေသော် ငါဝယ်လှလှ အသစ်ပြောင်းကေ လင်ကောင်းရ လို့ စားရသောက်ရ ရွှေဖျင်-ငွေဖျင် လှစေချင်ကေ ဝတ်ဆင်ရမည် ခုမှုသောခါ ဤပြောကေ ဟောက်ကာအသွတ် ယောကျ်ားဟက်ကရီ ငဒုသီကေ ပြာရီကျွတ်မှာ မနတ်မလိမ္မာ ငွေသပြာကို ဘွေရှာကာလ စုတ်စရာလေ ရှာမရကေ ငဆငယာ ဤငပြောမှာ ကြီးရာမရ သားမျိုးဘွေရှာ တောမြိုင်ချာကို သွားပါကလည်း မိန်းမလှရှာ ကြည့်ပြီးခါမှ ရေစာလည်းသိပ် ရသေ့ကျောင်းမှာ ပေါင်းပေါင်းအိပ်လို့ စိတ်ရှိစိတ်ထင် နေပြီးကြင်မှ နင်ပြောကြီး ဆားယောင်ငိုကေ မှိုင်ယောင်ဆွေးမှာ သစ်သီးတခိုင် ပန်းတခိုင်မှ လက်ကိုင်မပါ အိမ်ကိုလာကေ မျက်နှာမျက်ကွက် မှုံတက်တက်ကေ လက်နှင့်ဘဝါး နေ့တိုင်းဝယ်ကေ ဖောက်သည်များတို့ ရောက်ငြားထပ်ထပ် လင်ပြောလေ ဖွဲ့ရာကျွတ်မှာ ဆရတ်ခရေ ဆုတ်လကွယ်ယောင် မသေမပျောက် သားမျိုးမပါ တောကလာကေ အိမ်မှာရောက်လို့ ယောကျ်ားအဖျင်း သင်ငပျင်းတို့ ထမင်းရိပ်ခါ နံနက်စာကို ငါလျှင်မချက် ဤအိမ်တွင်လေ သင်မတက်နှင့် မျက်ခွက်ကိုပင် မမြင်ချင်ဟု လင်ကိုမောင်းမဲ မုဆိုးသားကို မယားဆဲခါ အိုလည်းရှင်မ မဲဟင်းလျှာကို ရှာမရလို့ လုဒ္ဒကလင်မယား ရန်ဖြစ်သံကို တန်တန်ကြားဟု အိမ်ပါးရှင် လူပြောမည်အင်ကို ဆင်ခြင်ငဲ့ကွက် သင်တဘန်လေ မှန်မရှက်လား အမျက်ပြင်းပြင်း တရက်မဟူ ကျွတ်ကျွတ် ဆူကေ ရေပူကျယောင် မိန်းမဗာကြမ်း နှုတ်သရမ်းနှင့် ဇာမှန်းမသိ အရင်တခါ ငါ့လက်ရာလေ သာတုံဘိက ပဇိအုပ်ရုပ် မိန်းမယုတ်မှာ ဘားပြုတ်အသွင် နှုတ်ကလျင်ကေ လင်ကိုဆိုပြော ငါ့လက်ဝါးကို နင့်ပါးရန်ရှာ မာန်ဆန်ပါကေ နာပြန် တော့မည် ယောကျ်ားမှာလေ ဟောက်ကာဟိန်းလို့ ခြိမ်းချောက်ပေလည်း ဟယ်ဟယ်မုဆိုး သင်တကေလေ သေအောင် ငြိုးလည်း မနိုးမေကေ ကြောက်မည်ပြင်ကို ရှင်သည်စိတ်နှင့် အိတ်မထဟု မိန်းမကသည်။ ။ လင်ထက်သာ၍ တပွာတိုး ကေ ဆိုးတော့သည်။

ဆိုးတော့သည်လေ မပြေမျက်မာန် သည်းမခံဘဲ ခဲရန်ဖြစ်ကျင် မဆင်ကျင်ကေ လင်နှင့်မယား ပမာတင်ကေ

ဆင်နှင့်ကျားသို့ မျက်ပွားရန်ဖြစ် ပြင်းထန်စွာလေ ထွီးကာကျစ်ကေ သတ်ရိုက်ကြရာ မယားမှာလေ ရောကထွေးရှက် လင်ကိုဘက်၍ နာချက်ကိုရှာ မဆိုင်ရာကို ကိုင်ကာလည်းထား မဆင်ခြင်ကေ လင်ယောကျ်ားမှာ ဩော်ဟောမသာ သုခမာကို များစွာဖောက်သည် ကိုင်ကာထားလို့ ဗျိုင်ငြားလေကေ မနေရကျင် ကြင်မထောက်ထား လင်ယောကျ်ားကို မယားနှင်လို့ အိမ်တွင်ခဏ မတက်ရကေ ငဆငယာ သွားလာကာဖြင့် ရိက္ခာလည်းကင်း ထမင်းလည်းငတ် မုဆိုးသားကို မယားသတ်၍ လက်လွတ်ဆင်းပြီး ကိုယ့်ကိုယ်ကိုလေ ဆိုငိုညီးလို့ ယီးတီးယားတား ရှက်သည်အားနှင့် စဉ်းစားသောခါ ကျားခေါင်းမှာလေ သန်းရှာသောသွင် ပြည်ဘုရင်ကို ငါလျှင်မနေ ရသေ့ကျောင်းမှာ ပဒုမ္မာကို ဘော်ကာပြကေ လျှောက်တော့မည်ဟု မတ်ငယ်မတ်ကြီး အသီးသီးကို ကပ်နှီးတုံမြောက် သီဟာဉကင် ဘုံပလ္လင်ကို ခိုဝင်လျှောက်တေ ဘုန်းတောက်ပြောက်ဝင်း ရွှေထီးသခင် ပြည်ကြီးရှင်ကေ ဘုရင်မင်းလေ တောတွင်းမြိုင်ချာ ဟေမဝါမှာ ကျွန်တော်မုဆိုး လက်ကောင်းမျိုးလျှင် အားကြိုးတွေကာ တောတရိုး၌ သားမျိုးရှာသော် မဟာဂနိုင် စကဝါမြိုင်တွင် အရည‌ကင် ကျင့်ခုံတင်နှင့် ပျော်ရွှင်ကျိန်းအောင်း ရသေ့ကျော်လေ ဝိဟာကျောင်းကို အကြောင်းသင့်စွာ ရောံသောခါလျှင် ကညာ မိန်းမ က္ကတ္တိယကို တွေ့ရသည်မှာ နတ်သွီးဟု မှတ်မိပါရေ တခါရံထူး ဤလူ့ရွာတွင် သူ့အသွင်ကို မမြင်ဘူးပါ ထူးကဲလှစွာ သူသွားရာမှာ ပါဒါတလှမ်း ပဒုမ္မာလေ ကြာတပန်းလျှင် ကြမ်းပြင်၌သာ ဘဝါးအောက်က ပေါက်လို့ပါရေ တခါတလေ လွင်ပြင်ဝယ်၌ အကွယ်အကာ မရှိပါသော် ခေါင်းပေါ်တရိုး ဒေါင်းကြွမည်ကို တကယ်စိုးလို့ ကြားမိုးပါသည် ထူးအထွေဖြင့် ဝိသေသန မိန်းမလှကို နရဘုန်းလူ ထွက်ချီပြီးလျှင် သိမ်းတော်မူဟု လူငရဲအိုး တောမုဆိုးလျှင် ညွတ်ကျိုးရိုသေ ဆယ်ဖြာလေ ပန်ထွာမြှောက်လို့ လျှောက်တုံလေကေ ရွှေပြည်စိုးကွတ် တန်းခိုးမြတ်သည် ဗြာဟ္မဒတ်မင်း မိုးနတ်ဟန်သို့ ထွတ်မှန်ကင်းက အချင်းအဖျား သူ့စကားကို စဉ်းစားလေတုံ ရွှေနန်းဘုံမှာ အယုံရခက် သို့အတွက်ကြောင့် သတ်သတ် ဆရာ လူတမျိုးကေ မုဆိုးကျော်လေ ကရော်ကမည် မထေလေးစား တင်မြှောက်လေပြန် သင်လျှော်ဟန်သည် မှန်သလား ဟု မင်းဖျားပရမေ၊ ။ မုဆိုးကျော်ကို စစ်ကာဆေးကေ မေးသည့်ရေလေ။

ဖ္ဆာဖ္ဆာဖ္ဆာ

## ဗြဟ္မဒတ်မြတ်ရာဇာသည် နတ်ပမာ ရွှေကြာဘွားကို ဟောမာတော ကျောင်းတော်သာက ပေါင်းဘော်ကာသွယ်ဆောင်ခေါ်၍ ပြည်အောင်ဈာ ရတနာဆောင်စန်းမှာ ဘမရာတောင်နန်းနှင်းတော်မူစန်း

မေးတုံလေကေ သပြေညောင်းရိုက် တသောင်းတိုက်မှာ ဆောင်းစိုက်ထီးဖြူ ဖြန့်ကာမိုးလို့ စိုးတော်မူကေ ဗိုလ်လူဉက္က၌ ပြည်ရာဇာကေ ဗာရာနတ်လေ မအပ်မရာ မမှန်ပါသော် တငါမုဆိုး ကျွန်တော်မျိုးတို့ ဘေးဘိုးမကြွင်း မုဆိုးလိမ်ဟု နှောင်အိမ်သွင်း၍ မင်းရာဇဝတ် ငါးရာစီလေ ကြိမ်ဒါဏ်ခတ်ပါ နောက်တဘန်လေ ထံတော်မှောက်မှာ လျှောက်သောခါ၌ ရာဇာဘုရင် ဗာရာရှင်မှာ ဆင်ခြင်စဉ်းစား မုဆိုးကျော်လေ လျှောက်ရာများမှာ သွားအပ်မအပ် တိုင်ပင်ခံကေ ဝန်ရှင်များနှင့် နှီးနှောလတ်သော် မှူးမတ်သေနာ လျှောက်သည်မှာကား တရားမင်းပေါင်း ဗူးဘဏ္ဍာဖြင့် ပန္နာညောင်းလို့ တသောင်းဇမ္ဗူသပြေငူတွင်ပြ ပိုင်သူဘက်ရှား ပြည်ကြီးသခင် ရွှေထီးရှင်ကေ ဘုရင်ဖျားလေ တောသား မုဆိုး ကျွန်တော်မျိုးလျှင် ကောင်းကျိုးတွေရှာ လျှောက်ခြင်းရာကို လိုက်ပါသင့်သည် တင်တုံပေကေ ယုံကြည်လိုက်စား မုဆိုးသားကို ငြိုးထားသည်မှာ လျှောက်တင်လာနှင့် မှန်ပါသော်က ကျွန်တော်မုဆိုး လက်ကောင်းမျိုးကို ဘေးဘိုးကစ မညှိုးရအောင် ထော်မပြီးထွေ မသေခင်ကို ရွှေပင်ပေါက်အောင် ချီးမြှောက်မည်လေ အကယ်၍လျှင် မဟုတ်ကျင်သော် သုတ်သင်ရှင်းလင်း မုဆိုးမျိုးနွယ် နို့သောက်ရှေမှ သေစာရင်းကို သွင်း၍ပြီးထွေ ကျေးငှက်စာလေ ချက်ကျွာကျွေးကေ ပေးတော့မည်ဟု ရွှေပြည်သနင်း ခြိမ်းကြိုးခြင်းဖြင့် မင်းတို့ထွက်သော် ရက်ရာဇာနှင့် အခါနာရီ တိထိနက္ခတ် နည်းတသွယ် ဖြင့် ရွေးချယ်လတ်၍ မူးမတ်ဝန့်ရှင် လွှတ်သဘင်မှာ စီရင်ခန့်ခွဲ ပြည်ရေးရာကို အပ်ကာလွှဲလို့ လေးပါးဗြူဟာ သေနင်္ဂါကို ဆင်းကာခင်းကျင်း ချပ်မိညိုနှင့် စစ်ဗိုလ်မင်းတို့ ရှေ့ဝင်နောက်တပ် အထပ်ထပ်ကေ ဆင်တင်မြင်းစိုင် ရထားယာဉ်တို့ အစဉ်သင့်စွာ စီမံခြင်းဖြင့် ခင်းပြီးခါမှ ဗာရာပြည်ရှင် ဘုရင်မှန်ကင်း ဘုန်းသမ္ဘာနှင့် အာဏာချင်းကေ မင်းဗြဟ္မဒတ် စောထမွတ်မှာ မှူးမတ်ကိုယ်ရံ အတန်တန်တို့ ခြံရံတုံပြီး ရွှေပြည်ရှင်မှာ ဆင်ယာဉ်စီး၍ ရွှေထီးမိုးကာ မင်းရာဇာနှင့် ဗိုလ်ပါအုပ်ကျက် ဗာရာဏသီမြို့ဌာနီက ချီကာထွက်လို့ မြော်မျက်နှာလေ ရပ်ဒီသာသို့ ဗိုလ်ပါအများ မုဆိုးမောင်လေ ရှေ့ဆောင်သွားလို့ တောကျောင်းဝိဟာ သင်္ခမ်းသာို ဘွေရှာမနေ သွားကြလေကေ လမ်းဝမ်စပ်ကြား မှတ်သိမြင်အောင်

ဒါးလျှင်ထိုက်ကေ သစ်ကိုထားလို့ တောမုဆိုးကျော်ဆောင်သွားရာ၌ လမ်းကာမမှား သို့ဖြစ်ငြားလည်း တောကိုလည်းစုံ ခြုံကိုလည်းဝိုင်း အင်တိုင်းကိုထွင် သစ်ပင်ဖြတ်မြောင်ဘီလာလေ ရံကာပတ်လို့ တောင်ထပ်ကိုကျွာ များဗိုလ်ပါနှင့် ထိုခါမနေ။ ။ မုဆိုးဆောင်ကေ မြိုင်ချောင်လမ်းကို လှမ်းကာလှမ်းကြလေရေ။

လှမ်းလေတုံကေ နွယ်ချုံလွှမ်းကြက် လမ်းနှစ်ဘက်၌ ရှက်နှာမောင်းလိမ် ဆက်ကာမှီကေ နွယ်ကြိန်ပျိုက်တော ဂနိုင်စုံလေ ရဂုံဖျားမှာ လူသွားလူလာ နည်းသည်တာကြောင့် ခြုံခြာထွေးရှုတ် အများသားလှမ်း သွားစခန်းကေ လမ်းမဟုတ်ဘဲ သစ်ငုတ်သစ်ချွန် အတန်တန်နှင့် ပေဝန်အနီး တောခရီးမှာ မင်းကြီးပြဟ္မဒတ်မှူးမတ်များတို့ အသွား ကြပ်လည်း ဆင်တပ်မြင်းယိုင်များ ဗိုလ်ကျိုင်နှင့် စုံမြိုင်တရိုင း လမ်းမမြင်ကေ ခြေကျင်ဆိုးလည်း လက်ညိုင်းညွှန်ရာ တောင်မှာချောင်းဖြစ် ပြည်ရှင်မင်းသုံး ဒါးမတုံးလည်း သင်တုံးစစ်သို့ ဖြစ်ရတော့သည်။ ထိုခါဝယ်၌ ဗိုလ်ခြေများမြောက် ရွှေပြည်ရှင်လေ ခြေကျင်သွားကေ တောတလျှောက်၌ အမြောက်စိန်ပြောင်း တသောင်းသောင်းလျှင် အပေါင်းဗိုလ်ပါ နေဝင်ရာမှာ မှီကာချဉ်းကပ် စခန်းဖြတ်၍ တန့်ရပ်ပြီးခါ ဘမ်းဆီးရှာ၍ သတ္တဝါတောသား သမင်ဒရယ် ဂျီသငယ်က မှီနေငြားကေ ဖွတ်,တား,တောလိပ် ရမိရရာ တောခရီးမှာ ဘမ်းဆီးကာဖြင့် ဘွေရှာတုံပြီး စုံရိပ်မြိုင်လေ ဂနိုင်ကြီးတွင် သစ်သီးသစ်ခက် သစ်ရွက်သစ်နု တောသစ်ဥက ရစုသောင်းပြောင်း လူဗိုလ်ခြေလေ စစ်သည်ပေါင်းနှင့် မှူးကောင်းမတ် ရာ ထိုနေရာမှာ ကျွာ,လွှာကင်,ဖုတ်ချက်ပြုတ်စားသောက် စခန်းထော၌ မြောက်ပေမဝန် မုဆိုးသားနှင့် သွားလေပြန်ကေ လေပြန်ဆော်သွေး တအေးအေးနှင့် နှင်းခဲနှင်းခိုင် အဆိုင်ဆိုင်ကေ တောင်စိုင်မပြတ် တောင်ခပတ်တိ တောင်ထပ်တောင်တန်း ကြီးမြင့်ခေါင်ကေ တောင်ကြားလမ်းနှင့် ထီးနန်းသခင် ကွင်းလွင်ပြင်မှာ ဆင်ထက်ကဆင်း မြင်းနှင့်တခန်း ပလက်ကျီနှင့် ရွက်ချီထမ်း၍ လှမ်းလေတုံရှောင်း ရသေ့ကျော်လေ နေပျော်အောင်းကေ တောကျောင်း ဝိဟာပြည်ဗာရာနှင့် သချ်ာယောဇဏ ဒွါဒသကေ သုံးဝဂါဝုတ် ဆယ်ဥသဘ ဂဏန်းခြေဖြင့် တွက်ရေထုံးမှာ သုံးဂေါသ တွင် တောဝသာခေါင် ဓမ္မိကဟု ဇိနချောင်တွင် တဆောင်ဝိဟာ ကျောင်းတော်သာကို မြင်ခါကာလ မင်းရာဇာမှာ တပ်တာချလို့ ခေတ္တစံမြန်း သစ်ခက်နန်းနှင့် ရံဝန်းများစွာ ပြည်ဘုရင်လေ ရှင်မင်းကြီးမှာ နေပြီးခါမှ လှူဒါဝတ္ထု အစုစုကို ပြုလုပ်စီရင် မှူးမတ်များနှင့် သွားလေကျင်၍ ကျင့်အပ်သိမ်မွေ့ ထေရ်သခင်လေ သျှင်ရသေ့ကို ဝင်၍ပူဇော် ထိုမင်းကြီးမှာ လှူပြီးခါမှ ဣရိယာပထ ရသေ့ကျော်လေ တာပသမှာ မျှတပါကြောင်း သစ်ကျားပြောင်ဆင် တောမြိုင် ခွင်တွင် များဖျင်ငန်တေး မညှဉ်းဆဲဘဲ ကင်းဝေးပါကြောင်း ကင်းသန်းမှက်ခြင်း ထုံးမဝင်ဘဲ သန့်စင်ပါကြောင်း သစ်သီးကြီးငယ် အနီးဝယ်၌ ရလွယ်ပါကြောင်း အေးချမ်းသာယာ ဘေးကျမ်းကွာ၍ ကျန်းမာပါကြောင်း ရသေ့ထေရ်ကို မေးလေရှောင်းကေ။ ။ တောကျောင်းဝိဟာ ဝိဟာ၌လေ။ ။

တောကျောင်းမယေဝိဟာ ရသေ့ကျော်ကို ခြင်းရာကြောင်းရေး ကိုယ်ချမ်းသာလေ ကျန်းမာခြင်းကို သတင်းမေး ကေ ရှင်ရသေ့ကျော် ထိုသူတော်မှာ ဒါယကာမြတ် ဘယ်နိုင်ငံကို ပုဂိစံတွင်လို့ ရံပတ်သဲသဲ ဘယ်အရေးကေ ဘယ်နည်း ကြောင့်သာ ဤဂနိုင်နှင့် ဤမြိုင်အောက်ကို ရောက်လို့လာဟု မေးတော်မူခါ ထိုရာဇာက ဗာရာပြည်မြတ် ပိုင်စိုးကွပ်သည် ဗြာဟ္မာဒတ်ရာဇာ ငြစ်တုံပါလို့ ဟေမာတောကြောင့် ဤမြိုင်လယ်ကို ဗိုလ်ခြေပေါင်းနှင့် ခြေညောင်းလက်ဆန့် လယ်ပတ် အံ့ငှာ တပည့်တော်လျှင် ရောက်ပါတော့သည် သို့ဖြစ်ပေ၍ တာရှည်မြင့်ကြာ မနေသာကေ ပြန်ပါတော့မည် ဆိုတုံပေ၍ ရိုသေညွတ်ကျိုး အဋ္ဌလီလေ တင်ချီမိုးလို့ ရှိခိုးသောခါ ရသေ့ကျော်မှာ သာဓု-သာဓု ပထနာလေ ခေါ်ကာပြု၍ အာယုရှည်စေ ဆုပေးလေကေ မထေရ်မြတ်မွန် ရသေ့ပုံအား တဘန်နောက်ဝယ် လျှော်လတ်သည်က တည်ကြည်သီလ တောရိပ်မြိုင်တွင် အရညနှင့် ဓမ္မမွေလျော် ရသေ့ကျော်မှာ အနာမာသ ဝတ္ထုစသည် ရှိကမအပ် ကျောင်းဝိဟာမှာ သူတော်ထွတ်နှင့် သင့်မြတ်တော့သည် မဟုတ်ပေ၍ ရွှေပြည်ဗာရာ တပည့်တော်နှင့် ထည့်ပါစေချင် ဆိုလေကျင်ကေ သင်ဒါယကာ စကားလာမှာ ပဒုမ္မာတွင်ပြီး ကိတ္တိမကေ ငါ့သို့းကို ဇနီးကြင်တော် ပြုလိုသော်ကြောင့် ခေါ်လိုသလော ရွှေပြည်ရှင်လေ သင်မင်းဖျားမှာ မယားမရှား သားမရှားကေ များစွာရှိပြီး ငါ့သို့းကို မင်းကြီးယခု ဗာရာပြည်မှာ အဘယ်ပြုအံ့ အမှုမလျှော် ဆိုလေပါကေ ကိုယ်တော်မြတ်ဖျား ပြောစကားတွင် ဆားနှင့်ချဉ်သီး ဘုန်းကြီးတကာမ ဣတ္ထိယနှင့် နီးကမအပ် မလျောက်ပတ်သည် မြောက်ကပ္ပလီ ဓာတ်မညီ၍ ဖိန့်ဇီပိုးကောင်း ရှောင်ရန်အဟုတ် ကယုတ်နှင့် နှုန်း ဘက်သုံးမအပ် ဇဝက်လေ ရန်ဘက်ဓာတ်လျှင် ဖြစ်လတ်ရကား တပည့်တော်လေ မဟာဘွားမှာ မယားဇက် များသည်မှန်လည်း ခြွေရံဝန်းပတ် ရှင်ရသေ့ကျော် သို့းတော်ကိုသာ၍မြတ်လို့ ရံပတ်များမြောင် သောင်းခြောက်ထောင် တွင် အခေါင်လည်းတတ် တပြောင်ပြောင်လေ အဆောင်ခန်းနှင့် တောင်နန်းအပ်၍ အထွတ်တင်မည် ဆိုတုံလေကေ ယုံကြည်စေရန် ဗြာဟ္မာဒတ္တ သင်မင်းလှမှာ အာမခံသည် မှန်ပါမည်လား ရသေ့ထေရ်မှာ မေးလေငြားက စကားမရှုံ

ရသေ့ကျော်လေ တာပသကို အာမခံကေ မှန်ပါတော့သည် ဗာရာပြည်ကို စိုးပေတုံငြား တပည့်တော်လေ မဟာဘွားမှာ ဆယ်ပါးမင်းကျင့် မမှားသင့်ပါ ဆိုသောခါလျှင် ပဒုမ္မာမည်ရ သွီးလှကို ဘရသေ့ကျော်ခေါ် လေပါကေ ကညာဖြူဝင်း သင်ခမ်းခေါ် ကေ ကျောင်းတော်တွင်းက မင်းပြောဟ္မာဒတ် ရံမှူးမတ်ကို မတ်တတ်ငဲ့ကွက် ခတ်ရှက်ရှက်ဖြင့် ထွက်တော်မူ လတ် ဥပ္ပပတ်ကေ မိုးနတ်သူပင် စိတ်မှတ်ထင်၍ ဘုရင်မှူးမတ် ဣန္ဒြေလေ တည်မရပ်ကေ။ ။ ကြာပတ်ပဒုံ ထုံလှိုင်သောလေ။ ။

ကြာပတ်မယေလေ ပဒုံသင်းပျံ့ထုံလို့ အာရုံလည်းညွတ် မင်းရာဇာလေ ပြာဟ္မာဒတ်နှင့် မှူးမတ်များစွာ တစိမ့်စိမ့်လျှင် ရှုကြည့်ပါသော် မဟာတာပသ ရသေ့ကျော်လေ ပီတာဘက ငါ့သွီးတော် ပဒုမ္မာကို ဗာရာပြည်ရှင် ဆောင်ကြဥန်းနှင့် တောင်နန်းခွင်မှာ တင်ပါလိုသော ထိုသဘောနှင့် ဆိုပြောတောင်းပန် တသက်နှံမှာ ညာစံမဟေ တကယ်ဖြစ်အောင် လိုက်ပါလေဟု ဆိုသည်ကာလ သွီးလှမှာ မွေးဘပီတာ ရသေ့ကျော်ကို ခွဲခွါပြီးထွေ ဗာရာပြည်လေ တနယ်တကျေး သွီးပျိုမှာ တကိုယ်တည်းက ငယ်သွေးမူရာ မလိမ်မာ၍ မေသာဘဲ့နှယ် ခမည်းတော်ကို ခွဲခွါပစ်ကေ လိုက်နိုင်မည်ဟု ဆိုလေသောခါ ဘပီတာမှာ မျှော်ကာထောက်ထွေး ကြာပန်းလယ်မှာ သန္ဓေစွဲလို့ ငယ်သေးလှစွာ ပဒုမ္မာက ယူကာမွေးတွေ ယခုဝယ်က အရွယ်လည်းရောက် လှပြာညိုမှာ အပျိုပေါက်ဟုဆိုလောက်တော့သည် သို့ဖြစ်ပေ၍ မဘွယ်မရာ သင်ခမ်းသာမှာ မလျှော်မအပ် ဘခင်နှင့်မူ သွီးဖြူမှာ တူနေလတ်က လျှောက်ပတ်တော့မည် ဧကြာဝုတ်ကေ မဟုတ်ချေလေ အကယ်၍လျှင် နေတုံကျင်လည်း ဘခင်ငါက ရုပ်ခန္ဓာလေ ဇရာကျကေ လောကတံထွာ ဓမ္မတာဖြင့် ကညညာပျိုချော သွီးတော်လျှင် ရှိပါငြားလည်း ဆီးတားမနိုင် သွားချိန်တိုင်ကေ အပိုင်စိုးရ မရဏာသံ မင်းတမန်တို့ ဝန်းရံကြက သေရမည်သာ သုံးလူ့ဆွေကေ စိန္တေမြတ်မှ မလွတ်ပါလေ ခန္ဓာဇီဝေ ငါလျှင်သေသော် အနေလည်းကပ် တောဂနိုင်လေ ဤမြိုင်ရပ်မှာ လှနတ်ဘယ့်နယ် သွီးတော်မှာ တကာယတည်း နေပါ့မည်လေ ဘော်ရွေမရှိ လှမေပျိုလေ တကိုယ်တည်းမှာ ကြီး၍လည်းလာ ပန်းသစ်သီးတို့ သွီးတော်မှာ ယရာဝါသ သီးချိန်တန်လျှင် သီးပြန်ရကေ လောကဓမ္မတာ ယခုခါ၌ လူ့ရွာဝေမြောက် ဤဂနိုင်လေ ဤမြိုင်အောက်ကို ရောက်နိုင်သူရှား သို့ဖြစ်ငြား၍ စဉ်းစားကာ ချင့် နောက်နောင်ခါလည်း မမျှော်လင့်နှင့် ပွင့်ချိန်လည်းတန် ပန်ချိန်လည်းကျ သွီးငယ်လေ လိုက်လေမှလျှင် အကောင်း အဆိုး ပေါင်းနှစ်မျိုးတွင် အကြောင်းမြင်ဟု သွန်သင်နားချ ဣသိမြတ်မွန် ရသေ့ပျံမှာ ပြောပြန်ကမူ မိဘစကား နားမထောင်ဘဲ ရှားရှောင်ငြားက နောင်သောကာလ ဘေးဒုက္ခလျှင် မုက္ခတွေ့မည် ရှေးဝေါဟာလေ ပေါရဏဖြင့် ပြောကြသည်ကို မေသွီးလှ ကြားသိရ၍ မိဘစကား တမာနှယ်သို့ တကယ်ခါးလည်း ပျားသကာလို နားမှာချိုလို့ မျိုကာလည်းချ ဘပီတာလေ ဩဝါဒကို၊ ။ အာမခံတော်မူ၏တည်းလေ။ ။

ဖြာဖြာဖြာ

## စမည်းတော်ရသေ့ကျော်၏
## မှာတော်မူပုံ

အာမခံကေ မင်းပြဟ္မဒတ် ပြည်ကပါကေ မှူးတော်မတ်နှင့် သူမြတ်ရသေ့ ပေါင်းစည်းဝေး၍ ဆွေးနွေးတုံမြော် တောမြိုင်လမ်းမှာ တဲနန်းဆောက်လို့ တယောက်ကညာ ပဒုမ္မာနှင့်ရာဇာပြဟ္မဒတ် လ-နှင့်က-နေ မြနှင့်ရွှေကို ဂဟေစပ်သို့ လက်ထပ်မင်္ဂလာမောင်နှင့်မေလေ သည်နှစ်ဦးကို ပြုသောခါ၌ ရတနာထွေထွေ သပြာငွေကို ပုံပေတုံညား ပဒုမ္မာကို တင်ကာထားလို့ မင်းဖျားအာဏာ ရသေ့ကျော်လေ ယုံပါလောက်အောင် ချီးမြှောက်ကာဖြင့် မွေ့လျော်စမွယ် ရက်ခုနစ် ဖြင့် စစ်ထွက်နေ၍ မြင့်ရည်နွမ်းဟောင်း သခ်မ်းကျောင်းကို ထပ်လောင်းအသစ် ဆောက်လုပ်ပြီးခါ ပြည်ဗာရာဟု အောင်ချာနိုင်ငံ ပြန်လိုရေးနှင့် ရသေ့မွန်ကို ကျိုးခွံတုပ်မြောက် ပြဟ္မဒတ်ခေါ် မြတ်ရာဇာမှာ ပန်ထွာမြောက်လို့ လျှောက်သည်ခြင်းရာအကြောင်းမှာကား ကောင်းရာသောလမ်း မင်္ဂကိုလိုကေ ဖိုလ်ကိုမှန်းလျက် ကမ္မဋ္ဌာန်ဘာဝနာ စီးဖြန်းရွတ်လို့ ဒွတ္ထိသာကို ရွံရှာစက်ဆုပ် အသစ်ထပ်မံ မဖြစ်ရန်လေ နာမ်နှင့်ရုပ်ကို ဆုံးချုပ်စေရန် ဘာဝနနှင့် မွေ့လျော်တတ်ကေ မြတ်သူမွန်လေ မြိုင်ယံတောအုပ် ဤဂန္တာလေ ဇနပုဒ်မှာ ကျွန်ုပ်မင်းလှ ခတ္တိယတို့ နေထပျော်ရာ မြိုင်တောအုပ်၌ မဟုတ်ပါလေ ပြည်ရွာတိုင်းကား အမတ်ကျော်ဝုန် လွှတ်တော်ဝန်ကို အပ်နှံထားလို့ ရက်များလကြာ မနေသာကေ ပြည်ရွာနိုင်ငံ အောင်နက်သံကို ပြန်ပါလိုကြောင်း မြတ်ရှင်ပင်ကို ခွင့်လျှင်တောင်းလို့ အကြောင်းလျှောက်ခါ ဒါယကာကေ ရာဇာမင်းဖျား ယခုပင်လေ လျင်တဆောဖြင့် သွားလာချင်သော် ငါဆရာလျှင် ကြောင်းရာစကား

အဖြာဖြာကို မှာတော်ထားမည် နားစေ့စေ့နာ ဤလူ့ရွာမှာ ဖြစ်ပေါ်သမျှ ဣတ္ထိယကေ မိန်းမတို့မူ ခပ်သိမ်းသူမှာ မဖြူသဘော မစ္ဆရိယစိတ်ရာဂနှင့် က္ကသပွါး၍ အများသောလူတခြားသူကို ငြူစူစောင်းမြောင်း မကောင်းစိတ်က ပွင့်ချင်းတူကေ လူမိန်းမတို့ သင့်ကြခဲသည် သို့ဖြစ်ပေ၍ တိုင်းပြည်ရောက်လျှင် ငါ့သည်းချာကို ဆောင်ကြာခန်းနှင့် တောင်နန်းတင်ကေ ယခင်မှီငြား မိဖုရားတို့သဘောမတူ မကြည်ဖြူကေ ငြူစူပြီးမှ မကောင်းဉာဏ်လေ ဝဂ်န္တနှင့် ကြံဆတတ်သည် သတိချပ်၍ မှတ်ရမည်လေ အရွယ်နုသီး ရှုမညီးကေ ငါ့သွီးပဒုမ်ဖြစ်တုံမုတ်ချ ရုပ်ယူပလေ အလွန်လှ လည်း မိန်းမကိုမူ ချစ်အာရုဏ်နှင့် မယုံလီကဲ့မှာခြင်းအင်ကို သင်မမေ့နှင့် အကယ်၍လျှင် ပညာရှိ၍ သိထုံကျင်လည်း အသင်မင်းဖျား သတိထားလော မယားယူစ ကြောင်သေမဟု လောကတံထွာ ပြောခြင်းရာကို ဒါယကာမင်းဖျား အသိသားနှင့် သတိထားလေ။ ။ ပြဟ္မဒတ်ရာဇာသမက်တော်ကို မှာသိရေလေ။ ။

မှာသိရေလေ ရွှေပြည်စိုးကွပ် တန်ခိုးမြတ်ကေ ပြဟ္မဒတ်မင်းသား ငါဆရာလေ မှာစကားကို နားစေ့စေ့နာ ပဒုမ္မာက တောမှာသွားပြီး တောမှာကြီး၍ ကျီးငှက်အသွင် ကိုင်းယာပြင်မှာ ကရင်ချင်းမ ပမာတင်တေ သွင်တမျှသို့ ငါ့မှာသွီးသက်နုနယ်လေ ရွယ်မကြီးသေး ထီးနန်းဆိုလျှင် နေမည်ပြင်ကို မမြင်စဘူး ပြောဆိုကျင်လည်း အသွင်ထူး၍ စိတ်ကူးကွာဝေး နန်းတော်သူနှင့် မတူကွဲကေ အသေးအနု အရှုအကြည့် အနေ့အယဉ် အထိုင်အထ အလှအချော အပြောအဆို ရေမြင်ရှင်မှာ နန်းတွင်ထားကေ ချောအပျိုသို့ ထိုထိုရာရာ ချိုသာသာဖြင့် တာတာတီတီ ဟာဟာဟီဟု ပလီမာယာ မဒုမ္မာလျှင် တတ်မှာမဟုတ် ပြောဟန်ဆိုဟန် နန်းမဆံဘဲ လွန်ကြမ်းကြုတ်လည်း သမုတ္တိနတ် မင်းမြတ် ဘုရင် ငါ့သည်းချာကို မှန်စွာချစ်က ပြစ်မတင်ဘဲ သွန်သင်ဖျယောင်း နန်းမြင့်ဆောင်မှာ သင့်အောင်ပေါင်းပါ အကြောင်းတစုံ မဆိုဆိုကောင်း ညိုနွဲ့နှောင်းမှာ မကောင်းကြံ၍ ရွှေဘုံကသည် သင်ဘုရင်လေ ကြင်မချစ်ဘဲ နှင်ပစ်ပေ သော် ဘယ်သည်မသိ ထိုရွာထိုပြည် ထို့ဌာနီမှာ ဆွေမရှိ၍ မိပဒုံမေ ခဲခဲမွှိကေ ရှိလိမ့်မည်ကြောင့် တကယ်ဆိုလျှင် ရွှေပြည်ရှင်မှာ မနှင်မပစ်ကြင်မချစ်က တော၌ ပျော်စံငါ၏ထံကို တဘန်မချို့ မတ်တမန်နှင့် ပြန်ကာပို့ပါ ဤသို့စေ့စေ့ မှာသရွေ့မှာ ရသေ့ပင်ဖြစ် ငါ့သက်နှံ့ကို အလွန်ချစ်လို့မှာ လိုက်ရသည်ဆိုတုံပေက မထေရ်တာပဿ စိုးရိမ်နှောင်းကေ မကြောင်းကျနှင့် စိတ်ချ၍သာ ပါရမီကို ခါညီပြည့်အောင် ပျော်မွေ့ပါလေ ခြင်းရာဇာတိကြောင်းမျိုးစုံကို အကုန်သိမှ မိမိတောင်ညာ ပဒုမ္မာဇာပင်ဖြစ်ဖြစ် နွမ်းကာလည်းညိုး ကန်းကာကျိုးလည်း တိုးလို့ချစ်လျက် တော၌ပင်ကြီးရသေ့ရှင်လေ ကြင်သွီးနှင့် ဆွီးဆွီးပျိုပျို တူနှစ်ကိုယ်လျှင် မငြိုမငြင်ဘမရာလေ ဆောင်ကြာခန်းနှင့် တောင်နန်းတင်၍ ကြင်ကြင်ချစ်ချစ် ဤခန္ဓာလေ မြေစာဖြစ်မှ ပစ်ကာခွဲမည် ဆိုတုံလေကေ ယုံကြည်စိတ်ချ လှမျိုးစုံလေ ပဒုမ္မာမှာ ညွတ်ခရိုကျိုး မွေးဘခင်ကို ရှိလျှင်ခိုးလို့ ညိုးညိုးငယ်ငယ် နေတုံလေသော် မထေရ်တာပဿ ရှုမညီးကေ သွီးလှကို မွေးတခုဝယ် ကြောင်းကုန်စင်ကို သင်စကားဖြင့် ပြောလိုက်မည်က သူ့ပြည်သူ့ရွာ ရောက်လေပါသော် သည်းချာတချစ် မဟေသီလေ ဒေဝီစစ်လျှင် ဖြစ်လေတုံမြောက် စည်းစိမ်ဟုန်နှင့် လင်ဂုဏ်မောက်လို့ တယောက်သက်ဝေ စိတ်ကြီးဝင်၍ လင်အားကိုးကေ မဆိုးလေ နှင့် ရုံရွှေပရိသာတ် လွန်နူးညွတ်လို့ မှုူးမတ်ကစ မေ၏ထံမှာ ရုံမောင်းမကို ပီယဝါစာ နှုတ်ပျူငှါဖြင့် သာယာချစ်ခင် မေတ္တာဝင်အောင် လင်နှင့်မယား ပမာတင်သော် ယင်နှင့်ပျားသို့ ယောကျ်ားဟုဆို လင်သားကိုလျှင် စိုစိုစွတ်စွတ် နှုတ်ချိုချိုနှင့် ပြောဆိုတတ်မှ လေးမြတ်ပြီးလျှင် မေတ္တာဝင်၍ ချစ်ခင်တတ်သည်။ ။ လှမေပျိုမှာ ဆိုစကားကို မှတ်ထား လေလေ။ ။

မှတ်ထားလေလေ မှာပေပြီးမှ ပဒုမ္မာဟု ဂုဏ်ဝါကြီးကေ သွီးလှလေ မိန်းမဆိုရာ ဓမ္မတာမှာ စကြာမန္တတ် လေးကျွန်းနတ်ဟု မင်းမြတ်ရင်သွေး ချစ်သွီးသည် ဖြစ်ထပြီးလည်း ဇနီးကြင်ယာ လင်အလိုကို မေပျိုစစ်တို့ လိုက်ရပါကေ ဓမ္မာသဘော သားလင်ပေါ်မှာ မော်မပြောနှင့် မယားမေပျို လင်ယောကျ်ားကို ပြောကာဆိုသော် ရေချိုမျက်နှာ ရှေ့ကထား၍ ပြောအပ်ရာလည်း မှတ်ပါသွီး မာနထံကေ မာန်မကြီးနှင့် စံသီးရှုပ သွီးလှမှာ မိန်းမဆိုလျှင် လူပျိုစင်တို့ လင်ကိုကြည်ညို ရှင်ရယ်ချိုလျက် လင်လိုလိုက်တတ် ဣတ္ထိယကေ မိန်းမမြတ်တို့ လင်ဝတ်ငါးပါး လွတ်မမှားအောင် လင်သားစက်ရာ ကန်တော့ကာဖြင့် တထွာလင်အောက် စက်ရာဘုံမှာ အိပ်တုံမြော်၍ မိုးသောက်တုံလိုက် ခုံခုံမင်မင် ထပြီးကျင်မှ ငယ်လင်ချစ်ကို မျက်သစ်တံ ပူစင်စွာယူ၍ ပျူငှာဆက်သ ပဒုမ ၁ဟု တောမှာကြီးကေ သွီးလှလေ မိန်းမလိမ္မာ ဟူရာရာမှာ မတော်တစစ် သည်းမခံဘဲ ခဲရန်ဖြစ်လည်း သတ်ရိုက်မည်ဝေး အဆဲတောင်မှ လင်၏ထံမှာ မခံရပါ မာနမျက်မာန် လင်ယောကျ်ားလျှင် ငေါက်ပြောပြန်သော် သည်းခံပြီးထွယ် ခပြုံးရယ်ကေ သတ်မည်ကိုထား ယောကျ်ားဟူကေ လူအများမှာ အပါးအနပ် မယားမြတ်တို့ လှည့်ပတ်သမျှ ခိုင်းစေရာကို ခံပါရကေ ပုရိသများ ယောကျ်ားသားမှာ မယားအထံ တဏှာကျွန်လျှင် ဖြစ်ပြန်တုံငြား အစေခံကေ ထွန်သည်နွားသို့ မခြားနမူ ယောကျ်ားဟူ

ကေ တူသည်မဝေး တသက်လျာမှာ လုပ်ကာကျွေး၍ မြတ်လေးကြည်ညို သို့ပါကိုလျက် လင်ကိုကလို မကြည်ညိုကေ မရှိမသေ မထေလေးစား ကိုယ်နှင့်ကြင်ကေ လင်ယောကျ်ားကို လားလားမကြောက် မွေးမိဘခင် ထိမ်းမြားကျင်ကေ လင်တယော်ကို ခံတော်လျှောက်ပင် မမှတ်ကျင်ကေ အကြင်မိန်းမ တပေါင်းပေါင်းကေ အထောင်းကျလို့ လောကသံသရာ နှစ်ဖြာစလုံး ခုပစ္စုပ္ပန် တမလွန်ကို ခန္ဓာတုံးလည်း ဆုံးရှုံးပျက်စီးအချည်းနှီးလျှင် ပြုးတီးတတ်သည်။ ထိုမိန်းမထုံး ထိုနိဂုံးကို လုံးလုံးပယ်လို့ ချစ်ကြည်လေးမြတ် ကြက်သရေကို စောင့်သည်နတ်ဟု ယူမှတ်တုံငြား ငယ်ကျွမ်းဝင်ကေ လင်ယောကျ်ားကို ဘုရားတဆူ ကြင်မြတ်နိုးကေ ပုထိုးဂူသို့ မှတ်ယူအမြဲ မိမိလင်ကို ကြင်မြတ်လေးမှ နတ်လည်းကြည်ဖြူ လူလည်းကြည်ညွတ် ဣတ္ထိယကေ မိန်းမမြတ်တို့ နတ်ရပ်ဗိမာန် ရောက်လေဟန်ကို ကျမ်းဂန်လည်းရှိ သို့ီးပန်းပင် ငယ်ကသင်၍ နင်အထိကို သတိလည်းပိုက် လင်ယောကျ်ားကို မြှောက်စားဆိုကေ လင်လိုလိုက်မှ လင်ချစ်တတ်သည် ဣတ္ထိယပုပ် မိန်းမယုတ်သို့ မလုပ်လေနှင့် မှာလေတုံငြား ဘစကားကို မှတ်သားပြီးထွယ် ဘယ်တနေ့မှ မမေ့လေနှင့် ရွှေပြည်ဗာရာ တိုင်းအောင်ချာကို လိုက်ပါတော့လေ။ ။ ရသေ့ကျော်မှာ သည်းချာစစ်ကို မှာလိုက်တေလေ။

မှာလိုက်တေကေ သက်ဝေသည်းချာ ခမည်းတော်ကို ခွဲခွာမည်ရေး အဖြာဖြာကို မျှော်ထောက်တွေးက ဝမ်းနဲ လှိုက်ဖို သို့ီးပျိုလျှင် ငိုယိုခြင်းရာ မေ့မှာသော်ကား ပဒုမ္မာခိုင်ထဲ ကြာပန်းလယ်မှာ သန္ဓေစွဲကေ မွေးမိကြာပင် ဘခင်ရသေ့ နားမလည်ကေ ငယ်ခါတည်းက ကျွေးမွေးတုံပြီး ဘရသေ့ကျော် လက်ဝါးပေါ်မှာ မေသာကြီးလို့ သီးပွင့်ချိန်ရောက် ယခုဝယ်လေ အရွယ်မြောက်လို့ တယောက်သားလင် မင်းဘုရင်နှင့် မေလျှင်ဖူးစာ ဘဝဟောင်းက အကြောင်းပါလို့ ဗာရာရွှေပြည် လိုက်သွားလေကေ ဤသည်ဝိဟာ ကျောင်းတော်သာမှာ ပီတာခမည်း ဘေးဘယာကို တွေးမျှော်ထော် ကေ တယောက်တည်းမှာ ဝမ်းနဲစဘွယ် မွေးဘခင်ကို မေလျှင်ပစ်ကေ လိုက်နိုင်မည်လေ အကယ်၍လျှင် လိုက်တုံကျင် ကေ ဘခင်လုံးချည်း ဤမြိုင်ညိုမှာ တကိုယ်တည်းကေ ခမည်းဘဲ့နှယ် မြင့်တာရှည်အောင် မေမရှိကေ နေလိမ့်မည်လေ တကယ်စင်စစ် နေသည်ဖြစ်လည်း ကိုယ်၌ရောဂါ သွေးလေမနှောင့် အေးကြည်ဖြောင့်လို့ အထောင့်သာသော် တော်ပါ သေးလျက် အဖြာဖြာကို မျှော်ကာတွေးကေ စေ့စေ့တွက်က ကိုယ်ထက်အန္တရယ် ကျရော်ပေ၍ ကိုးဆယ်ခြောက်ဖြာ မကျန်းမာသော် ချမ်းသာမည်ရေး ဤမြိုင်ယံမှာ အလွန်ဝေးလို့ ရေအေးရေပူ အဘယ်သူလျှင် ကူကာမနှေး မေဖြူပမာ ဘယ်သူလာပျာ ယူပါပေးမည် တွေးဆဆင်ခြင် မွေးဘခင်လျှင် အားအင်လည်းနဲ ဇရာကျဟို ကာယကိုယ်လေ အိုတုံခဲလို့ ကျွေးတုံကျွေးလှဲ့ မေတဘန်လေ ပြန်မကြည့်ဘဲ ယနေ့ကပင် မွေးဘခင်ကို မေလျှင်ခွဲထွေ လင်ခေါ်ရာလေ နောက်တော်၌ လျှင် လိုက်နိုင်မည်လေ ဤသည်ယိုထွက် မွေးဘခင်လေ ရှင်ရသေ့ကို အခွဲခက်လို့ ကြင်ဘက်သားလင် မလိုချင်ကေ ဘခင်နှင့်သာ မြင့်တာရှည်လျှင် နေပြန်ပါလည်း နောင်တာအရေး မေတဘန်လေ မြိုင်ယံထဲမှာ ခဲခဲခက်ခက် ရှိမည်ချက် ကြောင့် ကြံတွက်တိုင်းကို မေတမူလေ ပူမအေးကေ ဆွေးလှိုင်းပိုရေ ဘကိုလည်းကြင် လင်ကိုလည်းချစ် ဤသို့ဖြစ်၍ ရှိုက်ရာလည်းငို လှမေပျိုမှာ ဘယ်လိုကပစ် ဘယ်လိုလိုက်ကေ ချစ်ပါရမည် အခက်ထဲမှာ အခဲပွေလို့ ခွဲဝေကာလွတ် ခုတလီလေ ဤအချက်၌ တသက်စာကွမ်း ပြောမြတမ်းမှာ တခြမ်းသမ္ဘရာ ဥပမာသို့ ငယ်ခါကပင် အသက်ရှင်အောင် ဘခင်ချီပိုက် စို့ပါစေဟု နို့ရည်ထွက်အောင် လက်ကိုတိုက်လို့ အညစ်အကြေးအတန်တန်ကို ခံလို့မွေးကေ ကြီးကဲတုံလိုက် ချီးသေးစင်သော် လင်ကိုချစ်လို့ မလိုက်နိုင်ပါ ဘခမည်းကေ ရသေ့ကျော်နှင့် မကွာတူကွ အေးအတူလေ ပူအမျှနှင့် ဗာရာဏမည် တိုင်ဌာနီလေ၊ ။ ရွှေပြည်ဆိုက်အောင် လိုက်ကြမည်လေ။

ဏၜဏၜဏၜ

## လင်နှင့်မယား ကြင်ဆပွား၍ နှစ်ပါးသွားလမ်း တောစခန်း

လိုက်ကြမည်လေ ခြေကိုလည်းဘက် မွေးဘခင်လေ ရှင်ရသေ့မှာ အခွဲခက်အောင် ကြွေးလျက်ထိုခါ ငိုနေပါသော် ထောက်ခေါ်လို့ခဲ ဘာဝနာကို မကွာမြဲကေ ရသေ့ပင်ဖြစ် စီးမျက်ရည်လေ ကြွေပြစ်ပြစ်တိ ချစ်လျက်နှင့်ကွဲ မြလျက်နှင့်ကွာ ဓမ္မတာကို သိပါလျက်သား သို့ဖြစ်ငြားလည်း စဉ်းစားလိုက်လျှင် ငါ့လက်တွင်လေ ကြာပင်ကမွေး ချစ်သို့ီးကို သစ်သီးကျွေး လို့ ကျေးဇူးကလိုသွင် ကျွေးမွေးကျင်ကေ ဘခင်ဟုခေါ်သူနှင့်ငါလေ ရံခါမကွဲ ဤတောအုံမှာ နေခဲ့တုံကေ ရင်သွေးဟူက ချစ်မဝကေ လောကဓမ္မတာ သို့ပါသော်လည်း ငါမျက်ရည်ယို သူတဘန်လေ လွန်ဝမ်းနဲကေ တိုး၍ငိုမည် သို့ဖြစ်ပေ၍ မွေးသည်ဘခင် ငယ်ကပင်လေ သုတ်သင်ပြုစု ပဒုမ္မာဟု ခေါ်နာမနှင့် တပျက်ရှုလေ ယခုအခါ လူ့ရွာသို့လျှင် ငါ့ကို ခေါ်ကေ တော်ပါလျက်သား ပြည်ဗာရာကို ရံခါသွား၍ ချဉ်ဆားထောင်ပင် မရှာကျင်ဘဲ ကြာတင်မြင့်ရှည် ဤတောမှာ

လေ ငါလျှင်နေလို့ အရွယ်ရင့်ကြီး သေလုနီးမှ သွီးကိုမက် ဇနီးဆက်၍ သားမက်တိုင်းပြည် နင့်ကိုချစ်ကေ လိုက်ရမည်လား အကယ်၍လျှင် နင်နှင့်ပင်လေ ငါလျှင်တူကွ ကျောင်းဝိဟာမှာ နေပါကြက မရဏရာဇာ သေမင်းလာသော် ကွယ်ကာပြီးထွယ် ချစ်သွီးလျှင် ဆီးနိုင်မည်လား သေသေရှင်ရှင် ငါ့မှာလျှင်က တောတွင်လည်းကြီး တောသစ်သီးနှင့် ကိုယ်ထီးနေမည် ငါဘခင်ကြောင့် သင်လျှင်စိုးကေ မညိုးပေနှင့် အကယ်စင်စစ် ငါဘခင်ကို နင်လျှင်ချစ်က လိုက်သာလိုက်လေ ဆိုတုံပေကေ ဗိုလ်ခြေရဲမက် အောင်မောင်းဆော်ကေ ခေါ်သည်တွက်ကြောင့် အုပ်ကျက်ဗိုလ်ပါ မနေသာကေ ရာဇာပြာဟ္မဒတ် အကြိမ်ကြိမ်လေ ဦးနှိမ်ညွတ်က မတတ်သာငြား ပဒုမ္မာလေ ငုံကြာဘွားလည်း သနားစရာ ညိုးမျက်နှာနှင့် ပံထွာညွတ်ခ ဘခင်ထံမှာ ဆံဦးလျှော့လို့ ကန်တော့သောခါ ရသေ့ကျော်မှာ ပထနာအောင်ဆု နှုတ်သြဘာနှင့် ခေါ်သာစုဖြင့် နှစ်ဦးဇနီး ရှုမညီးကေ သွီးသားမက် များဗိုလ်လူနှင့် ထူကြင်ဘက်တို့ အသက်ရှည်စေ ကြက်သရေနှင့် သပြေလက်ျာ မြေမျက်နှာတွင် တေဇာတန်ခိုး ရာပြည်ထောင်ကို အခေါင်မိုးလို့ စိုးပါနိုင်စေ ရသေ့ကျော်မှာ ပထနာဆုကို ကျူလိုက်တေလေ ဗိုလ်ခြေရံကာ ထိုရာဇာမှာ ရတနာယာဉ်ကြီး ရသေ့သည်းအူ မြိုင်တောသူနှင့် အတူစီးလို့ ရွှေထီးမိုးကာ ဗိုလ်ခြေများနှင့် သွားလေပါကေ ဝမ်းသာဝမ်းနည်း သွီးလှနှင့်ဘရသေ့တို့ ခွဲခွဲပြီးခါ လိုက်ရပါကေ ဟေမာတောအောက် တမြိုင်နှစ်မြိုင်အဆိုင်ဆိုင်လေ ဂနိုင်အောက်ကို။ ။ သွားရှောက်ရောက်တော်မူ၏တည်းလေ။

သွားရှောက်မယေ ရောက်တော်မူလေပါကေ ဟေမာရဂုံ ဆီးနှင်းချုံကေ မှုံတမှိုင်းမှိုင်း တဆိုင်းဆိုင်းဖြင့် ပင်တိုင်းပင်စောက် မောင်နှင့်မေတို့ ချွေကာလှမ်းကေ လမ်းတလျှောက်မှာ စမ်းချောက်အင်းအိုင် စိမ့်ဂနိုင်နှင့် တောင်စိုင်ပတ်ဝန်း ဘော်ကွဲသူတို့ ဆွေးပူလွမ်းအောင် ပျံသန်းကျေးငှက် တကျော်ကျော်နှင့် ခေါ်နှုတ်ဆက်သို့ အုတ်ကျက်သောင်းညံ အိုးဝေသံနှင့် ကြွေးတွန်ညောင်းညောင်း သုအမည်မှာ ရွှေဥဒေါင်းဟု ရောင်မောင်းမြီးထောင် ပြိန်းပြောင်ပြောင်ကေ စိမ်းရောင်အမွေး အဝါအရွှိ ဆေးဖြင့်ချီကေ ပချီရေးလည်း ဝေးမမှီအောင် ဂျိုးငှက်ကျေးတို့ မွေးအတောင်မှာ ပြောင်တမဲမဲ ပိတုံးတောင်သို့ ရောင်မွေးမွေးနှင့် ကျော်ကြွေးတိုင်းမူ ဆွေးလှိုင်းပူအောင် ဥအူဇအဲ အလွန်သာယာ သံကျော်ကျော်ဖြင့် တွန်ကာကြွေးလို့ ဝဲကာပျံနား ပင်မြင့်သံတွင် ခက်ထံဖျားက ဥသြဘော်ကွာ မ,ကိုရှာကေ လင်းပြာတခန်း ငှက်ဖိုးခေါင်တို့ ကိုယ့်တောင်တန်းကို လွမ်းကာလည်းတ ကြွေးကျော်သံကို ကြားပြန်ရကေ လှပဒုမ္မာ ဘပီတာနှင့် နေပျော်စံမြန်း ကြာတောအိုင်နှင့် ရိပ်မြိုင်ကောင်းတွင် ကျောင်းသင်ခမ်းကို လွမ်းစိတ်နုပျို မျက်ရည်ယိုကေ မေပျိုဖော့ရုပ် ပုဝါဖြူနှင့်သာ ယူသုတ်လို့ ရှုတ်ရှုတ်လည်းငို သူ့နဂိုကို မင်းပျိုဗြာဟ္မာဒတ် ဝမ်းနုမရှင် လွမ်းမူအင်ကို ရှုမြင်လတ်က လှည့်ပတ်ဆိုပြော ပဒုမ္မာဟု ညိုပြာချောလေ ထိုတောထိုမြောင် ထိုမြိုင်ချောင်ကေ ထိုတောင်အထက် ထိုတန်းတင်နှင့် ထိုပင်ခက်မှာ ထိုငှက်မောင်နှံ့ ကြွေးကျော်တွန်သည် အလွန်သာယာ သံကျော်ကျော်နှင့် လင်းပြာလင်းကွက် ထိုပင်ပေါ်မှာ ဟသ်ာငှက်တို့ ပန်းခက်ကိုက်ချီ မှိုင်းမှုံရီနှင့် မိုးစီညိုးညှို့ မြောင်ကဘယ်မှာ တောင်ပန်ခတ်လျက် သစ်ကိုင်းထက်က တောကြက်တွန်ကာ ကော်ကရော်ဟု နှံ့ဆော်မှုတ်ထ ဥလျှင်ပျောက်လို့ ကောက်ကတံဟု ကျောက်ကန်ဘွေရှာ ထိုပင်ပေါ်မှာ ရှုပါနှမ ကျေးတမာတို့ စာခွန့်ကြဟု ညွန်ပြတုံကျင် လွမ်းအင်ပျောက်လို့ ဝမ်းမြောက်ရွှင်အောင် လင်ဖြဟ္မဒတ် ပဒုမ္မာကို ဖြေဖျော်လတ်က လောကဓာတ်မည်တွင် မြေအပြင်မှာ အကြင်သူငါ ဆွေမျိုးကစ မိနှင့်ဘကို ချစ်ကြပါလည်း ငါးရာနှစ်ဆယ် တွက်စစ်ရေသော် ရှစ်သွယ်မေတ္တာ လင်နှင့်မယား ကြင်ဆပွားသော် ထောင့်ငါးရာဟု များဌာဘက်က လေ့အလာဖြင့် မွေ့လျော်ကြကေ လောကထုံးစံ တူမောင်နှံလေ ခြွေရံများနှင့် သွားလေပြန်ကေ မြိုင်ယံတောအုပ် နေမင်းဝင်ကေ မှိုင်းလျှင်ချုပ်က ဥပုတ်တောင်က ပြုံးပတီတို့ နာရီချကေ တောဝမြိုင်အောက် စခန်းထောက်လို့ နှစ်ယောက်မောင်မေ။ ။ တဲသစ်ခက်နှင့် စက်တော်ခေါ်ကေ ပျော်ကြသည်လေ။

ပျော်ကြလေကေ မြိုင်လယ်အတွင်း တောင်သပြေမှာ ရောင်ခြည်ဝင်းလို့ နေမင်းထွက်ခါ တဲရိပ်သာမှာ ဗိုလ်ပါအုပ်ကျက် တပြိုင်နက်လျှင် ချက်ပြုတ်စားသောက် တောမြိုင်အောက်မှာ နှစ်ယောက်မောင်မေ ပွဲတော်တည်ကေ မုံရွှေပြောင်ထီး ဆင်ယာဉ်မြင်းယာဉ် ရထားယာဉ်ကေ ထမ်းယာဉ်စီးလို့ မှူးကြီးမတ်ရာ ခြံရံကာဖြင့် ဗာရာရွှေပြည် ရှေးရှုမှန်းလို့ နန်းဌာနေကို လှမ်းလေသောခါ လမ်းတို့မှာလည်း လာခါတည်းက ခုတ်ကာထွင်ကေ သုတ်သင်ကြလို့ ရှုတ်လှတောအုံ နွယ်ခြုံပိတ်ပေါင်း သွားချီရန်လေ အတန်ကောင်းလို့ တောကြောင်းမြိုင်ခြေ တူနှစ်ကိုယ်မှာ လူဗိုလ်များနှင့် သွားကြလေသော် လေပြေသုံသုံ ပန်းဝတ်မှုံတို့ ထုံတသင်းသင်း ပန်းမျိုးစုံကေ ရဂုန်တွင်းမှာ နှင်းတဝေဝေ နေရောင်ခြည်လေ မှောင်ကွယ်ညိုးကာ မထိုးသာအောင် အပေါ်လွှမ်းကြက် ရွှေစကြာလေ ချီကာလှမ်းကေ လမ်းနှစ်ဘက်မှာ အထက်တရိုး အကိုင်းအခက် မှိုင်းမှိုင်းကြက်ကေ အရွက်မိုးလို့ မပြိုးမပြောင် မြူခိုးမှောင်ကေ နေရောင်ကင်းပျောက် ပန်းမြိုင်လယ်ကို မောင်မေရောက်က ပတောက်ခတ္တာ ဆတ်သဝါနှင့် မုကာသနီ ညာစီစီကေ နာရီရင်ကပ် အနီအဝါ

ကတီပါကေ ရာပွင့်ချပ်နှင့် ဖက်ဆွပ်သရဘီ ပန်းမိုးဇိတေ ရိုးနီအင်ပြင်း ထဲတော်စွယ်တော် အဝေယာလေ ဟေမာတွင်းမှာ သင်းတပျန့်ပျန့် ရွှေတူငွေတူ စမ္ပာယ်ဖြူကို လေယူဖြန့်လို့ ရနံ့မွှေးကြူ သဇင်ဖြူကေ မဥ္စူတထူး ပုဏ္ဏားရိပ်ကေ ဆိတ်ဖလူး က အထူးအဆန်း သာနိုးခေါ်ကေ ဂန့်ဂေါ်ပန်းနှင့် နတ်ပန်းကက္ကရူ ပန်းစက္ကူကေ နှင်းဖြူနှင်းနီ ပန်းနှင်းဆီနှင့် ရွှေပီမာလာ စကဝါက နော်ဇာမိုးစွယ် ကြောက်မြီးရှည်နှင့် ဒဝယ်သော်က ဒေါနကြိုင်အေး ချရားဖြူတို့ ကြူကြူမွှေးကေ မြတ်လေးထပ်တရာ ဒေါင်းဖန်ဝါက သန္တာရိုးနီ ဆဲ့နှစ်လီလေ ရာသီတွင်းမှာ ညာချင်းစီ၍ အနီအဝါ အပြာအမဲ အရဲ အစိမ်း အပြိန်းအပြော် လက်ဝဲလက်ျာ နှစ်မျက်နှာမှာ ဆက်ကာပေါက်လို့ ပင်စောက်ပင်လတ် အထပ်ထပ်ကေ ပြပ်ဝပ် နိမ့်မြင့် အဆင့်ဆင့်လျှင် ဖူးပွင့်မွှေးကြိုင် တလှိုင်လှိုင်နှင့် ပန်းမြိုင်တလျှောက် စမ်းအိုင်ချောက်ကို ရောက်လေသောခါ ပဒုမ္မာမှာ မောင်တော်ဘုရား မေ့ထိပ်တင်ကေ လင်မင်းဖျားလေ မွှေးပြေးထူးဆန်း ဤသည်ပန်းကို ခွဲခြမ်းခေါ်ဝေါ် အဘယ်ပန်းလို့ ပြောစမ်းပါဟု မေးခါကာလ အလှပြုံးချို မ,ဘုန်းမိုကေ ညိုနှမလေ သစ်ခွပန်းထွင် ဂေါ်သဇင်ဟု ခေါ်တွင်တော့သည် ဆိုတုံပေက နှမေညိုမြ နန်းတော်သူသွင် ပန်းသဇင်ကို ဆင်ချင်လှဟု ချိုမြသာယာ ဆိုလေပါကေ လှမ်းကာမှီနိုင် အပင်မြင့်မှာ ဆင်နှင့်ရှိုင်၍ ကိုင်ကာလှမ်းညွတ် ဆင်ပန်ပြီးမှ များဗိုလ်ခြေနှင့် သွားလေကြကေ။ ။ တောဝရကုံ မြိုင်လမ်းတည်းလေ။

တောဝမယေရကုံ လွမ်းဘွယ်စုံကေ ထုံတလှိုင်လှိုင် ညှင်းလေပျံ့နှင့် ဟေမန်တွင်းမှာ သင်းတကြိုင်ကြိုင်ဖြင့် ဂနိုင်ဟေမာမြိုင်သာယာတွင် ရတနာယာဉ်ကြီး နေနတ်ရာဇာ ပဒုမ္မာနှင့် ဆင်တော်စီး၍ ခရီးလာခါ တောင်နန်းလျာမှာ မောင်တော်သခင် ဤမြိုင်ခွင်က ဆင်ခြင်ထောက်တွေး ဗာရာပြည်လေ ဘယ်မျှဝေးဟု မေးလေသောခါ ပဒုမ္မာဟု ပုံတော်လှကေ နှမတော်လေ ဗာရာသာစည် နဂရာမည်သည် ရွှေပြည်အောင်ချာ ဤတောတန်းကို ဖြတ်သန်းကျွာလေ ပျံ့တာခရီး လွန်တရာလေ မကွာနီးလို့ ထီးနန်းတည်ရာ တုပိကာကို မြင်ပါလိမ့်မည် ဆိုတုံပေ၍ ပြုံးရယ်ရွှင်ကာ သွားလေပါကေ ဟေမာလည်းဆုံး ပြည်အောင်ချာတွင် ရွာနိဂုံးနှင့် ကျုံးအတန်တန် သာမောလွန်ကေ ပတ်ရံတံတိုင်း မြူခိုးခြုံကေ မှုံမှိုင်းမှိုင်းနှင့် ဆိုင်းဆိုင်းညီးညီး အသီးသီးကေ ပြည်အင်္ဂါလေ စုံလင်စွာဖြင့် မဟာနဂရ ထီးနန်းတည်ကေ ဌာနေချလို့ ဗာရဏမည် သာမောစည်ကေ ရွှေပြည်ကြငှန်း ကျွန်းသပြေမှာ နာမည်ထွန်းလို့ ရွှေနန်းသုံးဆောင် တပြောင်ပြောင်ကေ အခေါင်မောက်မောက် လျှံလင်းထိန်ထိန် မှန်ကင်းစိန်ကို နေ့ရှိန်ကြောက်လို့ လောင်တောက်ဘွယ်ပင် ဝေးကမြင်ကေ သာရွှင်ဝမ်းက မင်းလှရာဇာ ကြင်ရာတော်ကို ညွှန်ကာပြလို့ များလှဗိုလ်ခြေ ထိုခါဝယ်၌ ရွှေစည်လည်းတီး ရွှေထီးလည်း ဆောင်း မှူးမတ်ပေါင်းနှင့် မင်းကောင်းဘုရင် ကြင်ရာတော်ပါ လာကြောင်းရေးကို ဝေးကမြင်ကေ နန်းတွင်နေပြား မှူးမတ်များနှင့် မြို့သားမြို့သူ ရှင်လူတကာ ကြိုဆိုလှာလို့ ရတနာနန်းမြေ အောင်စည်အမြောက်သုံးကြိမ်ဖောက်လို့ ရောက်တုံလေကေ ရွှေပြည်ဘုရင် ဘုံပလ္လင်မှာ ထိုင်ကြင်တုံပြီး ညီလာခံလေ ဝန်းရံပတ်ကေ မူးမတ်ကြီးကို ကြောင်းရှိ သာယာ ပြောခြင်းရာက မဟာသမဇ္ဇ သေနကသို့ ငါ့ထံခညောင်း ပတ်ဝန်းရံကေ မတ်ဝန်ပေါင်းတို့ တောကျောင်းဝိဟာ သင်ခမ်းသာက ဆောင်တော်မူပြား မိဖုရားနှင့်မင်းဖျားရာဇာ ငါကိုယ်တော်လျှင် မင်္ဂလာဇေယျာအောင်နိမိတ်နှင့်ဘိသိက် ခံမည် သို့ဖြစ်သည်ကြောင့် ရွှေပြည်နဂရာ မြို့တော်သာကို တန်းဆာဆင်ထွယ် မဟာဝန်တို့ စီမံလေဟု မိန့်ထွေအာဏာ ချသောခါလျှင် သေနာပတိ မတ်ကဝိတို့ မိမိဆိုင်ရာစီမံကာဖြင့် ဒွါရာလမ်းတွင် ထိုးခုတ်ထွင်၍ သုတ်သင်သိုက်မြိုက် ငှက်ပျောတစိုင် ကြံတစိုင်စီ ပြိုင်ကာစိုက်လျက် ပတ်ရစ်ရံကာ ဗရန်တာနှင့် ကွန်ချာရာဇမတ် အတန်တန်လေ ကာရံ ပတ်လို့ မြင့်မြတ်ကြက်သရေ။ ။ ထက်နတ်ဘုံသို့ ဂုဏ်မချို့ကေ မြို့ရွှေပြည်လေ။

မြို့ရွှေပြည်လေ သပြေရေချမ်းကြောင်း ဇမ္ဗူလေ ဒွါရာလမ်းမှာ ဖြန်းကာကြဲမြောက် ပန်းပေါက်ပေါက်နှင့် စိုက်ဆောက်အောင်လံ အတန်တန်ကေ ဗိတန်ညောင်ရွက် မျက်နှာကြက်နှင့် လမ်းဆက်လမ်းစပ် အရပ်ရပ်၌ ပြာသာဒ်မုတ်လှိုင် အဆိုင်ဆိုင်တိ ကျေးတိုင်ပြအိုး အမျိုးမျိုးနှင့် မြို့ရိုးတလျှောက် စံမြန်းပျော်ကေ နန်းတော်ရောက်အောင် ဖျင်ပြောက်ဖျင်နီ ဆေးစုံချီကေ ပန်းချီရုပ်ပုံ အလုံးစုံကေ အအုန်သီးသီး တန်းဆာဆင်ကေ စီရင်ပြီးမှ မှုတ်တီးညံညံ ရှုမညီးအောင် ပွဲကြီးခံ၍ အောင်လံဝေဝေ ဆန်းတကြည်လျှင် အောင်စည်အောင်မောင်း တညောင်းညောင်းနှင့် သောင်းသောင်းသဲသဲ ဘိသိက်တင်ကေ သဘင်ပွဲကို မစဲနေ့ည၌ ဖွေးဖွေးဖြူကေ လူအပြည့်တိ တကြည့်အရှု အနုအကြမ်း အဆန်းအရိုး ပြွန်းနှစ်မျိုးနှင့် ဂျွမ်းထိုးတန်းတက် များလူရှင်တို့ အထင်ခက်အောင် မျက်လှည့်လက်လှည့် အံ့မကုန်အောင် စုံအစေ့ဖြင့် ကြည့်ဘွယ်ရှုဘွယ် ဆန်းတကြယ်ကေ အထွယ်အထူး လူ့ပြည်တွင်လေ မမြင်ဘူးအောင် အကျူးအလွန် ပွဲကျင်းပ၍ ပြလေပြန်သော် နိုင်ငံပြည်သား ခပ်သိမ်းသူကေ လူအများတို့ သွားလာအုပ်လျက် ညည့်နေ့ဆက်၍ ပရွက်ပလူ ယောက်ျား,မိန်းမ ကြီးငယ်စသည် တွင်းကပြုယောင် ရှင်လူအပေါင်း တသောင်းသောင်းကေ ဝယ်ရောင်း

စားမြောက် ဈေးတန်းရှောက်၍ သောက်ဘွယ်စားဘွယ် လဘက်ရည်ဆိုင် မုန့်လက်ကောက်ကေ ခေါက်ဆွဲဆိုင်နှင့် မုန့်ဆိုင်ပဲဆိုင် ထမင်းဆိုင်ကေ စောလှိုင်စားကာ လွန်ထူးမြတ်ကေ နတ်ဩဇာသို့ စာနာပရာ ပလာတာလေ ဟာလဝါပူရီ ရှောက်အူနိုနှင့် မုန့်တီမုန့်ဆောင်း မုန့်စိမ်းပေါင်းက မြောက်ပေါင်းမြောက်ပြုတ် ကောင်းညှင်းထုပ်နှင့် ပဲပြုတ်ပဲလှော ဘဲကြက်များကေ ဝက်သားကျွာနှင့် နှမ်းလှောနှမ်းဆုတ် မုန့်ဖက်ထုပ်က တရုပ်ပဲယို ရှောက်သီးချိုကေ ဇီးယိုမုန့်ကြက် မုန့်နှစ်ထပ်နှင့် ထောပတ်ထမင်း ဆီထမင်းက ကောက်ညှင်းအင်ပုပ် ကောက်မဲကောက်လှော ခေါက်ဆွဲကျွာကေ ကြာဆံ သုတ်နှင့် ပုဇွန်ထုပ်ကြော် ပုဇွန်ပြားကို ဆားနှင့်လှော်ကေ စားပါစေကြောင်း ကောက်ညှင်းပေါင်းနှင့် ပြောင်းဖူးမျိုးမျိုး မုရိုးပေါက်ပေါက်ဆင်ဦးနှောင့်မုန့် ထမင်းနဲကေ ကျွဲသည်းမုန့်နှင့် မုန့်တီသာကူ မုန်သာဂူနှင့် အာလူးစီကလိပ်က လေမနိတ်သော်ဒါ တုတ်ကမာကေ ဇိန်ဇာသနပတ် များမြော်ဝတ်ဆံ စားသော်ရန်လေ ကျန်မလပ်အောင် မဏ္ဍာတ် ပတ်လည် ဈေးဆိုင်တည်၍ ရောင်းဝယ်မစဲ ဘိသိက်ခံကေ စံသည်ပွဲမှာ သဲသဲသောင်းသောင်း သင့်ရာလျှော်ရာ ဝတ်ဆင်ခါသည် တန်းဆာကောင်းနှင့် လူပေါင်းကြီးငယ်၊ ပွဲစုံဆင်ကေ ပျော်ရွှင်မှုကို ရှုကြသည်လေ။

ဏ္ဍယ္ကဏ္ဍယ္ကဏ္ဍယ္က

## မိဖုရားငါးရာ ပဒုမ္မာကို မသာမချို မနာလိုဘဲ ကြာစိုသည်အတွက်ကြောင့် ပျက်စီးစေရန် ပျက်ဆီးမည်ကြံစန်း

ရှုကြည့်လေကေ ထိုသည်အခါ ကောင်းမြတ်ရာသည် မင်္ဂလာဇေယျာမှူးမတ်ပေါင်းတို့ ခညောင်းရံကေ မောင်နှံ့ တူစုံ ခါထူးမြတ်လို့ နက္ခတ်ကြုံသော် ရွှေဘုံနန်းမြတ် ဝေဇယံသို့ မှန်ပြာသာဒ်မှာ လက်ထပ်မင်္ဂလာ မတ်ဝန်ကြီးတို့ ပြုပြီးခါမှ မတာနေမျိုး ကျုံးဆောင်သူလေ လူမုဆိုးကို တန်ခိုးအလျှောက် မိုးကိုရောက်အောင် ချီးမြှောက်ပြီးထွေ မုဆိုးကျော်ကို ကိုးရွာစားဟု ခန့်ငြားလေသော် ရွှေပင်လည်းပေါက် စည်းစိမ်ဟုန်နှင့် သိမ်ဂုဏ်မြောက်၍ ဘုံပေါက်တော့ သည် ကြာချပ်ရံလေ ဝတ်ဆံထဲမှ စွဲသန္ဓေကြောင့် ကိုယ်ဝန်နူးညံ့ ကြာဝတ်မှုံကေ ပဒုံနံ့သို့ မွှေးပျံ့ထုံစွာ ပဒုမ္မာကို ရာဇာမင်းလှ မေတ္တာဝင်ကေ ကြင်မဝလို့ ပဒုမ္မဒေဝီ မဟေသီဟု ဘွဲ့ချီသတ်မှတ်အစီအပြောင် သောင်းခြောက်ထောင် တွင် အခေါင်တတ်ကေ အထွတ်လည်းတင် ရှေးယခင်က နန်းတွင်ရှိငြား ဣတ္ထိများကေ မိဖုယားငါးရာ သူတို့မှာကို မြော်ညာဒဝယ် နောက်အလယ်ကေ ဆောင်ငယ်ဆောင်ကြီး အသီးသီးနှင့် မစီးမစစ် မိဖုယားကေ မယားဖြစ်လည်း ပစ်စွန့်လေးပါး မိန်းမယောင်ပင် စိတ်တွင်ကပ်ကေ မမှတ်ငြားဘဲ ပယ်ထားပြီးခါ ပဒုမ္မာနှင့်နှစ်ဖြာတူကွ ထက်အာကာ ဘွေ ကြက်သရေဖြင့် နေနှင့်လရောင် ထလည်းတူပြိုင် ကိုယ်ချင်းရှိုင်ကေ ထိုင်လည်းတူဘက် မေမောင်နှံ့တို့ ပျော်စံစက် လို့ တလက်ရာတည်း ရွှေဟင်းလျာလေ စားတော်ပွဲနှင့် မင်း၏စည်းစိမ် ရွှေနန်းအိမ်တွင် မွေ့သိမ်ချမ်းသာ ပဒုမ္မာကို တောင်ညာထားလို့ စံစားပျော်ကေ ငါးရာမိဖုယား သံချီးတင်ကေ ဒါးပြင်ဆိုးယောင် ထိုးနေငြားလျက် လျှောကျဖြားရေ ပမာနှယ်သို့ ဖြစ်ပေရကား တိုင်ပင်ခံကေ အကြံပြောလို့ ငါးရာထဲတွင် အကဲထင်ကေ မြောက်ပြင်နန်းမ ရှေ့အခါက တောင်ညာရကေ စူလဒေဝီ မဟေသီမှာ ရွှယ်ညီငါးရာ အတော်များကို ပြောခြင်းရာက ရွှေဒါလီတိမ်း တန်းဆာဆင်၍ မြင်မညီးအောင် ရင်သိမ်းတိုင်းကို ခရာပိုသည် အိုအိုအများ ငါနှင့်မူလေ တူနေဘိကေ မိဖုရားတို့ မင်းဖျားဘုရင် ငါတို့လင်မှာ မြိုင်ခွင်တောထဲ တောမှာမွေးကေ ရသေ့သွီးကျီးငှက်ပမာ မလိမ္မာဘဲ တောမှာကြီးကေ စံသီးရှုပ မေပဒုံဟု တောသူမကို ရသည်အတွက် တို့ကိုမလေ မစုံမက်ဘဲ ရက်စက်စိမ်းကား ငါတို့ကိုလေ မှုံရောင်းရောင်းနှင့် ပေါင်းပေါင်းထား လို့ မင်းဖျားစိတ်က ဣတ္ထိယကေ မိန်းမတောင်ပင် မှတ်မထင်ကေ ကြည့်ပင်မကြည့် မေပဒုံလေ ဗုတ်တုံမကို ရသည့်နေ့က မေ့လျော့ပြီးထွေ။ ။ မမြင်ချင်ယောင် ကြင်မချစ်ဘဲ ပစ်ထားရေလေ။

ပစ်တော့သည်လေ ကြက်သရေမျိုး ပဒုမ္မာကြောင့် ငါတို့ညိုးလို့ တန်းခိုးသိမ်ငယ် ဆုတ်လ-ကွယ်သို့ ရှက်ဘွယ် လည်းကောင်း ဣတ္ထိများစွာ ရှိကြပါကေ ငါးရာပေါင်းတို့ ပူးပေါင်းကြံစည် စိတ်မာန်ဆိုးနှင့် ငြိုးကြသည်ကား ပျံလေငှက် ခါး နောက်တခါလေ ရောက်ကာနားမှ မိဖုရားကြီး သတ္တိခြင်းရသာ ထိုခါသိမည် ပဋိရူပ ပဒုမ္မာဟု ဂုဏ်ဝါရှိကေ မိန်းမလှမှာ ကိစ္စတစုံ အရေးဆုံလို့ တွေ့ကြုံတုံရောင်း လဲရာမှာလေ လှဲကာထောင်းမည် အပေါင်းငြိုးငြန် အသီးသီးလျှင် ညီးညုဟန်ကား မေကံညိုးခစ် လျှံလင်းထိန်ကေ စိန်မှန်ကင်းသည် ထင်းလျှင်ဖြစ်သို့ အသစ်အဟောင်း သနစ်စုံလေ ဖြစ်တုံရှောင်းသည် အကောင်းအဆိုး ပေါင်းနှစ်မျိုးကို အကျိုးအပြစ် ပြည်ဘုရင်လေ လင်မင်းကြီးမှာ မစီးစစ်ဘဲ အသစ်ကိုလျှင် အကောင်းထင်ကေ ဟောင်းကျင်တုံလစ် ဇာမရီယောင် သာကီမျိုးလျှင် အဆိုးဖြစ်လို့ အပြစ်ကိုလျှင်

အကျိုးထင်ကေ ဘုရင်မင်းစစ် ငါးစိမ်းမြင်သော် ငါးကင်ပစ်သို့ တော၌နေပျော် ပဒုမ္မာကို ရာဇာဘုရင် ဆောင်းကြင့်နန်းနှင့် တောင်နန်းတွင်လေ တင်ကာမြှောက်စား ငါတို့ကိုသာ ထောက်မညာကေ မြောက်ညာထားလို့ သဘောကြည်ဖြူ မေမတူ ကေ ဆွေကူမျိုးစစ် နန်းတွင်းသူလျှင် ပြင်လူဖြစ်လျက် တော၌နေလို့ မေပဒုံက ရွှေဘုံရိပ်ဖြူ ဆောင်ဂေဟာမှာ တောင်ညာ နှင်းလို့ နန်းတွင်းသူလေ မေမူကံဆိုး ဇာတိဂုဏ်ရှိန် မထောက်ထိန်ကေ သိမ်လျှင်ညှိုးလို့ အမျိုးခြင်းမူ မေပဒုံနှင့် ပုံဥပမာ မေနှင့်သော်က ဝေးကွာခြားနား တွင်းထွက်စိန်လေ ဒေဝီမိကေ အရှိသားနှင့် ပတ္တမြားဖြူ အလားတူလျှင် တောသူတယောက် ဤနန်းဆောင်တွင် ဂုဏ်ရောင်မော်လို့ မလျှော်မပတ် ဘိုးမတန်လေ ဖန်ပုလင်းကို မှန်ကင်းထင် ယောင် မအပ်မရာ ရေနှင့်ဆီကို အညီနှောလည်း မရောရာသို့ တောမှာပျော်ပါး ပဒုမ္မာမှာ တောမှာဘွားကေ တောသား ဘာသာ မနေပါဘဲ သီဟာကနက် ဤနန်းပေါ်ကို လှမ်းကျော်တက်လို့ အချက်မကျ မေပဒုံလေ တောသူမကြောင့် တေဇတန်းခိုး ကြက်သရေလေ မေတို့ညှိုးလို့ မင်းပျိုမင်းနွယ် ဇက်ံပယ်ကေ ရေနံသည်မ ဤနန်းဆောင်မှာ ညာတောင်ရ လို့ မူလသရုပ် မေတို့မှာလျှင် ပမာတင်သော် အမြင်စုတ်လည်း ရွှေထုပ်ပုဝါ ပုံပမာသို့ ရုပ်ဝါနွမ်းညှိုး မေ့မှာလျှင်လေ အမြင်ဆိုးလည်း အမျိုးမှာမူ ရွှေနန်းသူကေ စန္ဒကူ၌ မေတို့မှာလေ မဟာမျိုးကေ ပိုးအစစ်သို့ ဘိုးထိုက်ဘိုးတန် မင်းသုံးဝန်လျှင် မှန်ပါတုံလျက် ပဒုမ္မာဟု ကျီးအာသီးကြောင့် ထီးကနက်က ဆင်းသက်လျှောက နန်းဝေယံတွင် ဟန်မရဘဲ နွမ်းလျညှိုးငယ်။ ။ မေတဘန်လေ ကြံကာတွက်ကေ ရှက်လှရေကေ။ ။

ရှက်လှရေကေ မပြေမျက်မာန် မောဟမဆိတ် ဒေါသစိတ်ကေ ကလျာရူပ ကြာပန်းဖူးငုံ သန္ဓေလုံ့ကေ ပဒုမ္မာမှာ ပုညရှေးသော် မြွေဆိပ်လျှံသို့ ဝက်ကြံကာ မိန်းမပျက်တို့အကွက်ရှာပြု တောင်းဆုဆိုကေ ထိုကောင်းမှုကြောင့် ဥပဓေကံ ဆော်စီမံ၍ သာလွန်တိုက်ခန်း ထိုအခါဝယ် စံပျော်မြန်းကေ နန်းတွင်းနန်းပြင် ထွက်ဝင်လူးလာ ခြေပါဒါမှာ ရွှေကြာပဒုံ ကုသိုလ်ဟုန်ကြောင့် ခံတုံသည်ဖြစ် ပြည်ဘုရင်ကို မစင်စုန်းဟု ကုန်းလျှင်တိုက်မည် ကြံတုံလေကေ မနေချက်ခြင်း လင်မင်းကျော်လေ ခြေတော်ရင်းမှာ ဝတ်စင်းပန်ထွာ လျှောက်ခြင်းရာက တေဇာထွန်းလင်း ပြည်ကြီးရှင်ကေ ဘုရင်မင်း လေ အဆင်းလှစွာ ပဒုမ္မာကို ဝဏ္ဏာရူပ ရုပ်အင်္ဂါလေ ပသာဒကြောင့် နရမှန်ကူ မေတ္တာရစ်ကို ချစ်တော်မူ၍ ယုံယုံစားစား ပန်းကြာညောင်နှင့် ညာတောင်မြတ်ကို နှင်းအပ်ထားလို့ စဉ်းစားဆင်ခြင် သူ့ပုံပြင်လေ အသွင်ကခြား မိန်းမများစွာ ဤလူ့ရွာမှာ လှပါငြားလည်း ထင်ရှားခုံပင် ပဒုမ္မာလေ ကလျာနုကေ သူ့ရုပ်သွင်သို့  မမြင်စဘူး တောဘီလူးသို့ ထူးထူးဆန်းဆန်း ခြေပါဒတွင် ရွှေကြာပန်းလျှင် ချီလှမ်းတိုင်းမှာ ခံလျက်ပါကေ စက်ပျော်သောခါ ဦးခေါင်းပေါ်ကို ဒေါင်းကျော်မည်စိုး ပဒုမ္မာလေ ရွှေကြာမိုးလို့ ဘေးဘိုးစဉ်ဆက် အထက်ထက်က ခုပက်တိုင်ကျင် ဤအသွင်ကို မြင်မည်ကို ထား စကားဟန်လေ ပြောသံများကို ထင်ရှားတထူး လူတကာလေ သူငါနားမှာ မကြားဘူးလို့ စိတ်ကူးဆင်ခြင် သူဖြစ်ဟန်ကို ဉာဏ်နှင့်တွေးလို့ ကြည့်လိုက်ကျင်သော် အသွင်ကထူး တောမြိုင်ခွင်လေ မစင်စုန်းကေ ဘီလူးမသည် ဇက်ံစစ်လျှင် ဖြစ်တုံပေရေ ရုပ်ရေလှပ များလူရှင်လေ မြင်မဝအောင် သူ့မာယာလေ နာနာရုပ်ဖြင့် လုပ်လို့ဆောင်ကေ မင်းခေါင်ရာဇာ နန်းတောင်ညာမှာ လကျ်ာထားလို့ စံစားပါသော် မြင်ကြာမနေ နန်းလုံးသူလေ လူအများကို စားလိမ့်မည်ကြောင့် နှင်ပေမလျှင် ချမ်းသာဆောင်၍ နောင်အကြောင်းမှာ ကောင်းမည်ထင်ဟု လျှောံတင်သောခါ မင်းရာဇာမှာ မာန်ပါဒေါသ မာနဝှန်ကေ ပြင်းထန်ထ,လို့ နရမှန်ငြား ငါနန်းစင်ကေ ကိုယ်တိုင်သွားလို့ တောကျောင်း ဝိဟာ သခ်မ်းသာက ဆောင်တော်မူငြား ပဒုမ္မာလေ သညာရှိကေ မိဖုယားကို ပွားသည်မျက်ငြို မနာလို၍ ဖျက်ဆိုလျှောက်ငြား သံလျက်တော်လေ ငါ၏ဒါးကို ကြည့်ငြားပြီးမြောက် အရာတခါ ငါရာဇာကို လာမလျှောက်နှင့် ဆဲငေါက်သောခါ ကြောက်လန့်ကာဖြင့် မျက်နှာအောက်ချ ဣန္ဒြေလေ မတည်ပျက်ကေ အရှက်ရလို့ ဒေါသတိုးခါ နေလေပါသော် ရာဇာမင်းလှ ကြာဝတ်လှုံ့ကေ ပဒုမ္မာနှင့် ရှေ့ကထက်ပင်။ ။ စိတ်သဒ္ဓါနှင့် မေတ္တာရစ်ကေ အချစ်ဝင်ရေ။

အချစ်ဝင်ကေ ကြင်လို့မဝ စက်ရာဘုံမှာ သူစုံယောင်းကေ ပေါင်းကာလ၌ ရှေးကပြုတန် ကုသိုလ်ကံကြောင့် ရွှေဉာဏ်ထွန်းငြား ပစ္စေကာလေ လောင်းလျာသားကို စွဲငြားသန္ဓေတည်တုံလေကေ ရွှေပြည်ဘုရင် မိမိလင်ကို ဦးတင်တုံ မြောက် ထိုကြောင်းရာကို ပန်ထွာလျှောံက ဝမ်းမြောက်ဝမ်းသာ မင်းရာဇာက ကြင်ရာနှမ သတိုးစိန်မှာ စိုးရိမ်နှောင်းကေ မကြောင်းကြနှင့် အထအနေ သားသူငယ်လေ သန္ဓေဖွဲ့သော် သိမ်မွေ့စေဟု ခြွေရွှေကျေးကျွန် ဝန်းပတ်ရံကေ ထားပြန် ကာလ ယခင်ဆိုကေ ထိုမိန်းမတို့ ဘီလူးမသွင် သူတို့နှစ်ပါး လင်မယားကို မြင်ငြားကျင်သော် စားချင်မတတ် မာန်ကိုဖြစ် လျှင် မလျှော့ကျင်ကေ ဝမ်းတွင်မှတ်လို့ နေလတ်သောခါ များမကြာခင် နဂရာနိုင်ငံ အောင်နက်သံမှာ ပစ္စန္တရာဇ် အစွမ်းဂုဏ်လေ သူပုံဂ္ဂမ်းကေ သောင်းကြမ်းဖြစ်လို့ တိုက်ခိုက်လုဖျက် ထိုရပ်မြေမှာ အနေခက်လို့ ကျေးလက်မြို့စွန် သွက်သွက်ချာကေ ပျက်ကာစီးအောင် ဖျက်ဆီးဟန်ကြောင့် အလွန်စိုးကြောက် ရွှေပြည်ဘုရင် ကိုယ်တို့ရှင်ကို ခိုဝင်

လျှောက်က  ဘုန်းတော်ရာဇာ မနေသာကေ တိုက်ပါလိုငြား ပဒုမ္မာလေ သညာရှိကေ မိဖုရားကို ပြောဟောတိုင်ပင် ကြောင်းခြင်းအင်က ကြင်နာဆပွား ပဒုမ္မာလေ ငုံကြာဘွားကေ မိဖုရားမြတ် နန်းဝေယံမှာ ခြွေရံပေါင်းနှင့် ရှစ်သောင်းထွတ်လေ တိုင်းရပ်နိုင်ငံ ကျေးလက်စွန်ကို ပုံကန်လုဖျက် ရန်စသွယ်ကေ သည်အတွက်ကြောင့် ထွက်၍ငါသည် ခုပုံကန်လေ ရန်စနက်ကို ဖျက်ရမည်ဟု ပြောလေသောခါ ပဒုမ္မာက ခြင်းရာစကား ကိုယ်နှင့်ကြင်ကေ လင်ယောကျ်ားကို လျှော်ငြားခြင်းရာ ညီးလူလူကေ ထီးဖြူရိပ်မှာ မေ့ထိပ်ချာလေ ပြည်ရွာတိုင်းကား လုဖျက်ယူလေ ရန်သူများကို မင်းဖျားရာဇာ တိုက်ကာဖျက်ဘို့ ထွက်လေပါကေ မေ့မှာသော်ကား ပင္စိသန်လေ ကိုယ်ဝန်သားကို မြင်ဘွားချိန်တန် သို့ဖြစ်ဟန်ကြောင့် အကျွန်ုပ်တမျက်နှာလေ ထကာယကို ထားခပြီးခါ၊ ။ မင်းရာဇိန်မှာ စစ်ချီခဲ့သော် ရဲမလျှော်လေ။

ရဲမလျှော်လေ တွေးမျှော်စဉ်းစား အဖြာဖြာကို မျှော်ကာထောက်ကေ ကြောက်သည်အားကြောင့် လျှောက်ကြားသောခါ ရွှေနန်းပျော်လေ ရာဇာမင်းမှာ ပြောခြင်းရာက ပေါ်သည်ရန်မီး စစ်အင်္ဂါနှင့် ငါလျှင်ထွက်ကေ မဖျက်ဆီးက မငြိမ်းမအေး တိုင်းပြည်သူလေ လူခပဲတို့ ပူဆွဲလိမ့်မည် သို့ဖြစ်ချေ၍ ဘယ်သည်ကိုမျှ ညိုးကာပိန်ကေ စိုးရိမ်နှောင်းဗျာ မကြောင်းကြနှင့် မောင်းမမိဿံ ပတ်ဝန်းရံကေ ခြွေရံမရှား အရှိသားကို မိဖုယားသည် ဘယ်ကိုစိုး၍ ညိုးတုံပေလေ ဆိုလေသောခါ ပဒုမ္မာမှာ ခြင်းရာစိုးကြောက် လင်ဘုန်းမိုကို ငိုလို့လျှောက်တေ တယောက်ကြင်ရာ မေ့ထိပ်ချာကေ မေတ္တာဆပွား သက်ဆုံးကြင်သည် လင်ဘုရားလေ ချစ်သားကိုယ်ဝန် ပင္စိသံကို အကျွန်ုပ်မ ပတ္တမြားစိန်ကို ဘွားချိန်ကျသော် လင်လှရာဇာ မရှိပါကေ နန်းမှာနေငြား မြောက်နန်းစံလေ ဝင်္ကာရှိကေ မိဖုရားတို့ မျက်ပွားမာန မေ့ကိုမူလေ ငြူစူကြလို့ ဒေါသရန်ငြိုး မနာလိုကေ ဘုန်းမိုးမင်းဖျား ကြောင်းခြင်းရာလေ မေ့ဇာတိကို အသိသားနှင့် မသွားသင့်ပါ လင်မင်းကျော်လေ ပြန်လာကာလ အကျွန်ုပ်ကို တွေ့ရဘွယ်ပင် မေမထင်ကေ အကြင်တခြား မိဖုရားတို့ ပျက်ပြားလေအောင် သားရွှေစင်ကို မေမြင်ဘွားက ဒေါသထောင်ကေ ကြံဆောင်လိမ့်မည် သို့ဖြစ်ပေ၍ စစ်မြေသို့လျှင် ချီလေကျင်သော် ငယ်လင်ဘုရား မေတမူလေ ဘယ်သူအားကို ကိုးစားပါမည်။ ။ မေ့ကိုမူလေ ရန်သူကြားမှာ ထားခရေလေ။

ထားခရေလေ ငိုသည်ကာလ လှမျိုးစုံကေ ပဒုမ္မကို လင်လှရာဇာ ပြောသည်မှာက တောင်ညာမိဖုရား မေသက်ဝေကေ ရွှေကြာဘွားလေ အပွားအစီး ငါကိုယ်စားကေ ငါ့သားကြီးလည်း အပြီးမရှိ သို့ဖြစ်ဘိ၍ ပြည်ကြီးသေနင်း ဘုန်းသမ္ဘာနှင့် အာဏာချင်းကေ မင်းတို့မည်သည် တိုင်းဌာနီကို စိုးသည်ကာလ မျှားပြည်သူလေ မပူရအောင် ကျမ, ကြံစည် ထွက်ပေါ်ပြန်လေ ရန်စနက်ကို ဖျက်ရသည်လေ နှမေညိုမြ မကြောင်းကြနှင့် မင်းလှငါသည် စစ်မြေပြင်က အလျင်လှည့်ကေ ပြန်ခဲ့မည်ဟု ပြောလေသောခါ ပဒုမ္မာမှာ ပန်ထွာလျှောက်ထွေ မျက်ရည်ယိုကေ ငိုလတ်သည်က အသရေပြောင်ဝင်း လင်သခင်က ပြည်ရှင်မင်းလေ သားရင်းစင်စစ် မရှိစေဘဲ တကယ်ဖြစ်လည်း စစ်မင်းဘုရင် အသစ်တင်ပျာ ချစ်လင်မင်းဖျား တခြားသူလေ လူမြင်တိုင်းကို ခိုင်းပါလားလေ ချစ်သားကိုယ်ဝန် ပတ္တမြားကို ဘွားမည်မှန်လျက် ရန်သူလက်ထဲ မေသက်လျာကို အပ်ကာပေးကေ အရေးမလျော် ပမာဆောင်သော် တကောင်ကြွက်ကေ တမျက်နှာကို တွက်ကာမသနား စစ်မြေပြင်ကို ငယ်လင်သွားက ပြန်ငြားကာလ မေ့ရုပ်သွင်ကို မမြင်ရဟုမှတ်ဆပြီးလျှင် မသွားခင်က ငယ်လင်ခုဝယ် မေ့မျက်နှာလေ ဂွမ်းဝါနုကို ရှုပါလေဟု ဆိုလေသောခါ ဗြဟ္မဒတ်ကေ မြတ်ရာဇာလည်း မသာနှလုံး ကြီးနီဝါကို မီးမှာအုန်းသို့ မပြုံးစိတ်နေ မူးမိုက်ဝေလို့ စစ်မြေသို့ပင် မသွားချင်ကေ ပြည်ခွင်နိုင်ငံ အရေးမှန်လို့ သွားပြန်ရမည် ပဒုမ္မာလေ တွင်နာမနှင့် လှမဟေလေ သပြေမြရိပ် အောင်လံထူကေ ဇမ္ဗူထိပ်မှာ နိမိတ်မလှ နှုတ်ပါးစပ်က ထုတ်ဟတုံရှောင်း လှသက်ဝေမှာ သည်စကားကို မပြောကောင်းလေ အပေါင်းမိန်းမ မေ၏ထံမှာ ရံကာခကေ ကျွန်မမရှား စောင့်နေရန်ကေ အိပ်ဖန်သားနှင့် မင်းဖျားငါသည် နတ်ရုပ်ပုံလေ ပဒုမ္မကို ထားခမည်လေ ဆိုပေပြီးငြား စစ်အင်္ဂါလေ တန်းဆာမျှားကို မင်းဖျားဘုရင် ။ ။ ကိုယ်မှာစွတ်ပျာ ဝတ်လို့ဆင်ရေ။

ဝတ်လေကျင်ကေ တိုက်ဆင်လေးဆယ် မျှားခြွေရွှေကေ စစ်သည်အပေါင်း တသောင်းသောင်းနှင့် အဲမောင်း ငွေလှထီးနန်းစံမှာ ခြွေရံသင်းပင်း ဖြစ်အင်ကျင်းကေ ရှေးဝင်းနော်တပ် အထပ်ထပ်နှင့် မိညွတ်မိန်ညို ချပ်တန်ဆာကို လွှမ်းကာခက်လို့ စစ်မက်ဗိုလ်မှာ မောက်တို မောက်ရှည် နေချွန်ကတီထီးနီထီးစိမ်း ညီးလူလူကေ ထီးဖြူကြီးနှင့် ရွှေပိန်းလေးချကြ် ရန်ကိုနှိမ်ကေ စိန်သံလျက်ဟု စက်ဝန်းပုဏ္ဏန်း မဂန်းကြက်ခြေ လေးထွေဒါးမြတ် စစ်တန်းဆာကို ကိုယ်မှာဝတ်လို့ ဆင်မြတ်ယာဉ်ဖြူ စီးတော်မူ၍ ဗိုလ်လူသိန်းသောင်း မျှားစစ်သည်ကေ ခြွေရွှေပေါင်းလည်း အဲမောင်း တုတ်ဒါးဒိုင်းလွှတ်လွှားနှင့် လေးမြှားလှံ့ရှည် သံဇေလွှစက် မျှားဗိုလ်ကျိုင်မှာ ကိုင်လက်နက်နှင့် သံလျက်ဆောင်ပုတ် ကျောက်အုပ်ခက်ရင်း မျှားစစ်ရန်ကို တိုက်လှံ့ခွင်းကေ ရဲတင်းဝရဇိန် ပေါက်ဆိန်တခန်း အမြဲတမ်းကေ ခဲယမ်းမီးပေါက် ပစ်မကုန်အောင် လုံအလောက်နှင့် အမြော်စိန်ပြောင်း ဗိုလ်သူရဲကေ ခြေသည်ပေါင်းတို့ ချွန်းတောင်းလှံ့မမြဲ ကျန်းခိုင်

အောင် စွဲကိုင်ကြလို့ သကလမည်သာ စာနိဒါန်းကေ ကျမ်းအလာနှင့် ဖြူဟာသေနင်း တိုက်မည်ရေးကို စစ်ပွဲဆင်ပျာ ချီကျင်သောခါ နန်းရွှေဘုံမှာ ပဒုမ္မာက မင်္ဂလာတပ်တော် ရောက်အောင်ကိုလေ ကြိုဆိုကာဖြင့် နောက်တော်ကသာ လိုက်ပြီးခါမှ ပန်ထွာလည်းပြု လင်မင်းကျော်လေ ခြေတော်ဦးကို နှုဖူးညွတ်ခ ခါသုံးလီလေ ဦးနှိမ်ချလို့ ဗျာယကြီးစွာ ရှိုက်ကာပိုကေ ငိုချင်ပါလည်း မင်္ဂလာအကြောင်း စစ်မြေတခို မျက်ရည်ယိုကေ မငိုကောင်းဟု အကြောင်းထောက်၍ လင်လှမင်းကျော် မျက်နှာတော်ကို မော်ကာကြည့်ဗျာ ပူငွေ့ကိုဖြေ နန်းဝေယံကို ခြွေရံများနှင့် ပြန်သွားလေကေ ရွှေပြည်စိုးကွတ် ဘုန်းတော်လျှံကေ ဖြပမ္ဗဒတ်လည်း ရံပတ်များစွာ စစ်အင်္ဂါနှင့် ချီကာသွားမြော် ကျေးလက်ရွာကို ထိုခါရောက်က သင့်လျှော်လျှော်ရာ ရပ်မြေသာမှာ တပ်တာမြေကတုတ် အဆုတ်အခွါ အကွာအကတ် များဗိုလ်ခြေကို နေရာအပ်၍ လုသတ်တိုက်ယူ ရန်စနက်ဖြင့် တိုက်ဖျက်သူကို ဘမ်းယူကြံစည် နေတုံလေကေ သက်ဝေနှမ နန်းရွှေဘုံမှာ ပဒုမ္မာက ဂဗ္ဘကိုယ်ဝန် ပဋိသန်ကို အမှန်ယခု။ ။ သားသန္ဓေလေ ရင့်လေသောကြောင့် ဖွားမည်ပြုရေ။ ။

ဖဿဖဿဖဿ

## ပဒုမ္မဝတီမိဖုယား ပစ္စေကဗုဒ္ဓါဘုရားလျှာလေ ငါးရာသားကို ဘွားတော်မူစန်း

ဖွားမည်ပြုကေ သက်စုသားငယ် လှုပ်လျှားလေသော် အနေမလှ နတ်ရုပ်ပုံသို့ ပဒုမ္မာလည်း မောင်းမမိသံ လက်ပါးစေလေ ရံရွှေများကို ပြောလေပြန်သော် ညာစံမြော်ရ ရန်ငြိုးသိုကေ ထိုမိန်းမတို့ ဂုံယှပရိယာယ် ဝက်ဉာဏ်နှင့် ကြံလတ်တေက ဤသည်အတွက် ပဒုမ္မာကို ငါနှိပ်စက်မည် အချက်လည်းကျ မင်းရာဇာလေ မလာငြားခင် တောသူမကို ပုတ္တရတနာ သန္ဓေသားလျှင် ဖွားသောခါဝယ် ကွယ်ရာတခြား သူ့သည်းချာကို ဝှက်ကာထားလို့ သစ်သားကိုသည် ပြည်ဘုရင်လေ မေ့လင်လှကို တင်ပြမည်ဟု ကြံစည်ပြီးမှ မေပဒုံ၏ ယုံကျွန်မကို ငွေစသပြာ ပေးပြီးခါမှ အံဒါပေါင်လှ လက်သယ်ကျော်ကေ ဆရာမလေ မုက္ခ၂ခုခါ ကျွန်ကြံရာကို လိုက်ပါခဏ မေ့ရန်သူလေ ပဒုမ္မလျှင် ဂုဏ္ဏဝုမ္မီ ရူပါရုံလေ ဂုဏ်သကပ်နှင့် ဒြပ်ရှိလျက် နတ်သ္မီးယောင်ပင် လှခြင်းအင်ကြောင့် ဘုရင်မင်းစစ် မေတို့ကိုတက် ပိုလို့ချစ်ဗျာ မစစ်မစာ မေတို့များကို ထားသည်တာကြောင့် အဒါဗောင်မ ပဒုမ္မာမှာ ပုတ္တာသားကို ဘွားကာလ၌ ကျွန်မကိုပေး သစ်တုံးကိုလေ ထိုသူမွေးဟု သွေးအကျံကျံလိမ်းကာထားပါ ပြောလေပြန်သော် အကြံကိုလိုက် ထိုက္ကတ္တိကေ မိန်းမမိုက်ကို နန်း၌ရှိထ များခြွေရံလေ ကျွန်ဂုံးမကို သူ့ပါးရအောင် ကြေးငွေပေးလို့ ဖျက်သွေးဆောင်ဗျာ လှခေါင်စံသီး ပဒုမ္မာမှာ ပုတ္တာသားကို ဘွားလုနီးတွင် ပျာယိပျာယာ ပြုံးကြည်မှုဖြင့် ပြုကြလှာလို့ ထိုခါကာလ မီးနေအိမ်ကို ပြောင်းချီကြလျက် ပဒုမ္မဒေဝီ လှသိင်္ဂီကို လှည့်လိမ်ပြီးထွေ မြောက်နန်းနေနှင့် လက်သေများမှာ ပြောလတ်သည်က တို့ပြည်တို့ရွာ မိန်းမများတို့ သားထွားရာမှာ စဉ်လာရှေးထုံး မျက်နှာပေါ်မှာ ပဝါဖုံးလို့ နှလုံးမပျို့ နားသောတာမှာ ဂွမ်းဝါဆို့ကေ ငါတို့ထုံးစံ သားငိုသံကို သက်နုံနွေ့နောင်း မျက်နှာမြင်ကေ သန့်စင်ဘွားသော် မကြားကောင်းဟု အကြောင်းဘွေရှာ သုမာယာဖြင့် ဝမ်းမှာကမျှား ထုတ်ကာဆိုကေ နှုတ်ချိုပျားနှင့် ဆိုပြောပြီးခါ ပဒုမ္မာ၏မျက်နှာတော်လှ ထက်ကောင်ကင်မှာ တိမ်စင်လကို ခြုံထပဝါ ကြက်ပြီးခါမှ နားမှာဂွမ်းဆို့ မနာလိုကေ ထိုသူတို့က တချို့ဘွေရှာ သစ်သားငုတ်ကေ ပချုပ်ဖာနှင့် ညီညာကြံ စီ အသင့်နေသော် မဟေညာရ ရူပါရုံနှင့် ပဒုမ္မမှာ ပုတ္တာရှေးဦး စံတဆွေမှာ သန္ဓေသားကို မဘွားဘူး၍ စိတ်ကူးတိုင်ပင် ညိုးကာပိန်ပျာ စိုးရိမ်မြောက်လို့ ကြောက်စိတ်ဝင်ကေ မေလျှင်ဘယ့်နှယ်၊ ။ပဋိသန်လေ ကိုယ်ဝန်သားကို သွားနိုင်မည်လေ။ ။

သွားနိုင်မည်လေ ကြံစည်မရ လင်မင်းကျော်ကို မျှော်ကာတလို့ သားလှရွှေစင် မဘွားခင်ကို မေလျှင်ခုဝယ် ကြောက်စိတ်ပိုကေ ငိုလိုက်သည်က သန္ဓေရှိထ က္ကတ္တိယကေ မိန်းမမမ္မတာ ပဋိသန်လေ ကိုယ်ဝန်သားကို ဘွားမည်ခါတွင် ကြံရာခဲခက် အဖြာဖြာကို တွက်ကာတွေးကေ အသည်းကျက်မျှ အသက်နှင့်စပ် မဘွားနိုင်တွယ် သားသန္ဓေကြောင့် သေပျောက်တတ်ကေ သက်ပြတ်ခန္ဓာ ဆုံးကပ်ပါ၍ ကမ်းမှာယောက်လိုက် ပေါက်သည်သစ်သို့ ဖြစ်သည်မလွှဲ ကိုယ်ဝန်သေတို့ ထို့နှယ်ဘဲဟုပြောမြဲမမ္မတာကို ရှိလျှက်ပါက မေ့မှာယခု ပတ္တမြားသဖွေ သားသန္ဓေကို ဘွားသည်မှုကြောင့် မျိုးစုပေါက်ဖော် ဘနှင့်မိလည်း မရှိပါကေ လင်တော်မင်းဖျား စစ်မြေပြင်ကို တိုက်ကျင်သွားလို့ ချစ်သားသွားရန် ဖြစ်ငြားပြန်ကေ အလွန်ခဲယဉ်းအဆန်းတကြယ် ကြဋ္ဌန်းသယ်နှင့် ဤရွှေနန်းမှာ ကြင်ကျွမ်းချစ်သူ မေ့မှာမူလေ ဘယ်သူမရှိ အမှုဆုံပြာ ခုကြုံရေးမှာ ခဲခဲမှိန့်လို့ မျက်စိတောင်ပင် မေမမြင်ကေ နားတွင်မကြား ဂွမ်းဝါနုနှင့် ပုဝါတို့ကို ဆို့ကြက်ထားလို့ နားနှင့်မျက်စိ ခုတကယ်လေ မေမရှိသို့ မသိမကြား မေနှင့်ကြင်ကေ လင်ယောကျ်ားလည်း ဝေးခြား

စစ်မြေ ယခုခါလေ မေဇာတိကို မသိချေဘဲ ရှိလေဘိခြင်း အစွမ်းထောင်ပြာ ဘုန်းရောင်လိုက်ကေ စစ်တလင်းမှာ လင်မင်းဘယ့်နှယ်ဖြစ်လေသည်ကို နှမေကျွန်မ ယခုမူလေ နန်းသူမိမှာ မသိရဘဲ မောင်ကတရွာ မေမှာတခြား ပဋိသန္ဓေ ကိုယ်ဝန်သားကို မြင်ဘွားမည်ချက် မေသက်နှံမှာ အလွန်ခက်ကေ ကြံတွက်မူးမှိုင် မဘွားနိုင်ကေ အားသည်ခွေပျော့ လူတို့ပြည်ကေ သည်လောကမှာ နေရဘွယ်ပင် မေမထင်ကေ ငယ်လင်ရောက်ခါ ပဒုမ္မာကေ တောင်ညာဒေဝီ သက်ခန္ဓာလေ ပျက်ကွာတုံးကေ ဆုံးလေပြီဟု မြွောက်ချီပြီးထွေ၊ ။ လက်သေခေါ်လေ ဆရာမလျှင် လျှောက်ပလေလေ။

လျှောက်ပ,လေကေ မေပဒုမ္မာ ငိုလေပါသော် ဆရာမေလှ အသက်ကယ်ကေ လက်သယ်မ,မှာ ချိုမြသာကြည် ချစ်ဟန်လိုနှင့် ဆိုလတ်သည်က သားငယ်တယောက် သနားဘွယ်ကို ဘွားမည်လျှောက်နှင့် သည်လောက်တောင်မူ ပဒုမ္မာလေ ကလျာစစ်မှာ စာဖြစ်ပူလေ လူဓမ္မတာ မိန်းမများတို့ သားဘွားရာမှာ သူငါကစ ဟူသမျှကို ဒုက္ခပူပန် ဆင်းရဲခုကေ ထုံးစံအမြဲ အလုံးသူလေ တူမဝေးကေ ဤနည်းစီသာ ရတနာလေ ပုတ္တသားကို ဘွားရပါရေ သို့ဖြစ်ပေ၍ ဘယ်သည်ကိုမျှ လှဒေဝီမှာ စိုးရိမ်နှောင်းကေ မကြောင်းကျနှင့် များလှခွေရံ ငါအဒေါ်လေ ဆရာမ-ကေ ရှိပါရေဝါ ဆိုပြီးခါမှ ကပျာချိတ်ချွတ် ဆီကိုယူပျာ သူအိုမ-မှာ လက်နက်ပွတ်ကေ လှနတ်သက်ဝေ ပဒုမ္မမှာ ဝါစာနှောပျာပြောလတ် တေကေ လက်သေမေလှ ဒါဗေါင်ကျော်ကေ ဆရာမ-လေ နာလှပါသည် သားသန္ဓေကို နှိပ်နယ်ပြုငြား မေသက်ဝေလေ သည်အပါးက တဘဝါးသာ ထ-ကာသွားကေ မလားပါနှင့် ဒါဗေါင်ရှင်မ မေသက်လျှာလေ ကြောက်လှပါဟု သံမြသာချို ရှိုက်ခါဆိုကေ မေပျိုန္ဓေနှောင်း သားသန္ဓေကြောင့် နေမကောင်းကေ ကပြောင်းကပြန် ကြို့လျှင်တက်လို့ အထက်ဆန်ကေ အော့အံမူးယစ် ကိုယ့်ကိုယ်ကိုလေ ဝမ်းကို-မပျာ လက်နဖြိုက်လို့ ခါးကိုက်တင်နာ ဣန္ဒြေကိုမေဝယ်တွက်လို့ မရှက်သာကေ ရင်ကလည်းဆို့ မေသက်ဝေလေ စမွယ်ကုံးမှာ နှလုံးပျို့လို့ ကြို့ထိုးရှုရှိုက် စိတ်နှလုံးမှာ မူးကာမိုက်လို့ ဝမ်း၌ခိုနေ သားသန္ဓေကို ဘွားမည်ကာလ တရွရွကေ ကမ္မဇဝါယော သားပုတ္တာကို လှုပ်ဆော်ငြား၍ မေဘွားသန့်စင် ပစ္စေကာလေ လောင်းလျာသားကို ဘွားမြော်မြင်ရေ။

ဘွားမြော်မြင်ကေ ယင်မ-တသောက် သွေးတပေါက်လျှင် ကျ-မြောက်တုံလိုက် တယောက်စီလေ အညီဖြစ်လို့ သားချစ်အကြီး ရှုမညီးကို ဘွားပြီးတုံမြောက် ထိုသည်နောက်၌ တပေါက်သွေးမှာ တယောက်စီလေ သက်ဝီသားလျှင် ဖြစ်ငြားပါကေ လေးရာကိုးကျိတ် နန်းရိပ်ခိုလောက် ဂဏန်းခြေနှင့် ရေကာမှန်းကေ စွန်းကိုးယောက်တို့ ဖြစ်မြောက်တုံပြီး ရှေ့ဦးမြော်ကေ သားတော်ကြီးနှင့် ပွားစီးတွက်ရေ ဘုရားလျာလေ ငါးရာစစ်လျှင် သားဖြစ်လေ၍ သန္ဓေစတု ရှိတုံရှောင်းကေ ပေါင်းလေးဥတွင် ယခုဖြစ်ပေ ဤအနေကို သံသေတဇ မရွှေ့လမ်းမှန် ရှေ့ကျမ်းဂန်မှာ ညွှန်ကာပြလို့ မိန်းမငါးရာ မသူတော်ကေ မြောက်ညာမိဖုယား မြက်ငြိုလိုသည် ထိုသူများတို့ ယူငြားမကုန် ဘုရာလျာလေ သားတော်များကေ ငါးရာစုံကို အကုန်ကျိုင်းကျတ် ထားပြီးလတ်၍ ပန်းပွတ်သမား သူတို့ထံကို လျှင်မြန်သွားလို့ ငါးရာသောဂျုတ် ပွတ်ကာ လုပ်ငြား ပချုပ်ဖါမှာ ထည့်ကာထားလို့ သစ်သားတခု သွေးစိမ်းကျံပျာ ဘွားဟံပြုလို့ သူ၏ရှေ့မှာ ထားလေပါကေ ပဒုမ္မာမေလှ ရှေ့ပရံက ဆုပန်ပြုကေ ကုသလကြောင့် ပစ္စေကဗုဒ္ဓါ ဘုရားလျာလေ ငါးရာသားကို ဖွါးလေပါသော် ရောဂါမီးယပ် သွေလေတက်ကေ သက်နှင့်စပ်၍ လှနတ်မဟေ သေငယ်ဇောနှင့် မိန်းမောနေကေ ထိုသည်ကာလ နတ်ရုပ်ပုံလေ ပဒုမ္မိမှာ သတိရ၍ ပုတ္တရတနာ သားသက်စုကို ကြည့်ရှုပါသော် မာယာအမူ တုံးတခုကို ပြုသည်တိုင်းသာ လောဟိတနှင့် ရလေပါကေ ဆရာမေလှလက်သေဆိုကေ ဒါအိုမ-လေ ကျွန်မမြင်ဘွား သားပုတ္တာကိုဘယ်မှာထားဟု မေးငြားလေကျင် နင့်မှာဘွားကေ သစ်သားပင်ဟု ဆိုလျှင်ခဏ ရူပါရုံနှင့် ပဒုမ္မ-မှာ ကြားရသောခါ မယုံသာကေ နားမှာဆတ်တတ် ပမာဆိုသော် သံမှိုခတ်သို့ ဆေးသတ်ငါးနှယ် ညောကာယိုင်ကေ မှိုင်သိရေလေ။

မှိုင်သိရေကေ ထိုသည်အခါ ငိုခြင်းရာက မတော်မတရား သစ်တုံးကိုလေ မေပျိုဘွားဟု ကြာလို့ခုမူ ခပ်သိမ်းသူလေ ရှင်လူများတို့ ပြောမယုံအောင် ဖြစ်ပုံကိုတွက် ခုတလီလေ ဤအချက်မှာ ရှက်ကြောက်စရာ စစ်မြေပြင်က လင်ယောကျ်ားလျှင် ရောက်ငြားလှာသော် သားတော်ကိုမျှ ဘွားမြော်ကျင်ဟု မမြင်ရကေ တင်ပြခဲခက် သစ်သားစိမ်းမှာ သွေးလိမ်းပက်၍ ဖြစ်ချက်မလှ ရွှေပြည်ရှင်လေ မေ့လင်မင်းမှာ အရှက်ရအောင် မြင်ကမကောင်း သွေးနီနီနှင့် ဤထင်းချောင်းကို ဝမ်းခေါင်းကတည် သနားကြင်ကေ သားရင်သွေးသို့ မွေးပါသည်ဟု မေကိုခုမူ လိမ်လှည့်ငြားလို့ ပြောလေတုံကေ အယုံမရ လက်သေခေါ်ကေ ဆရာမ-လေ မေလှဒေဝီ ငိုချင်းစီးပျာ တီတီတွတ်တွတ် မျက်ရည်ယိုပျာ ဆိုပြန်လတ်က ယုတ်ပတ်ရှာကြံ မြောက်ညာစံက ငေါက်ပြန်တုံငြား မာနမျက်ငြို မနာလိုကေ ဆဲဆိုပြောရေ သစ်သား အရောင်း သွေးစိမ်းနီနှင့် ဤထင်းချောင်းကို ဝမ်းခေါင်းပုပ်မ နင့်ဝမ်းထဲက မမွေးကမူ ဘယ်ကခုဝယ် ဤနန်းတော်မှာ ရှာကာပြဘို့ ရနိုင်မည်လေ မဘွယ်မရာ ငှက်ခင်ပုပ်သို့ မိယုတ်မာမှာ မင်္ဂလာမဲ့ တောမြိုင်ခွင်တွင် ကြီးကျယ်ခဲ့ကေ

ရသေ့သို့ မိန်းမပြန်ကေ လင်းပျံကြီးမှာ ရ-မိရရာ ကိလေသာကြောင့် တထွာတမိုက်ရ-လိုက်တုံငြား သစ်သားစင်ကို လင်အမှုသို့ နင်ပြုငြား၍ မြင်ဘွားခဲကျင် နင်မွေးငြားကေ သစ်သားပင်ဟု သတင်မတတ် သုခမြာကို နှုတ်လျှာမဲနှင့် ဆဲဆိုလတ်ကေ ပြဟ္မဒတ်ရာဇာ မင်းကြီးမှာလည်း ထိုခါ၌တွင် စစ်မြေပြင်က အောင်မြင်ခဲ့မြောက် နန်းဝေယံကို ပြန်လို့ရောက်ကေ ဝမ်းမြောက်ဝမ်းသာ ။ မြောက်နန်းရှင်မှာ လင်ယောကျ်ားကို လျှောက်ကြားလှာရေ။

ဖြဖြဖြ

## ပြဟ္မဒတ်မင်းရာဇာ ပဒုမ္မာတောင်နန်း
## ရှင်ကိုတောစွင်သို့ ထုတ်နှင်စန်း

လျှော်ကြားလှာကေ ဗာရာပြည်မ ချုပ်အချာနှင့် အုပ်ကာမိုးပျာ အစိုးရကေ သမတန္တေရိုး အသမ္ဘိန်လေ လျှံထိန်ဖြိုးတို့ တန်ခိုးပေါ်ထင် မေနှင့်ကြင်လေ လင်မင်းကြီးကေ ထီးနန်းရှင်လေ ယခင်ရှေ့က ပဒုမ္မာမှ မူရာထူးကေ ဘီလူးမ-ဟု လျှောက်ထခြင်းရာ မယုံပါကေ ပဒုမ္မာမိဖုယား ယခုပင်လေ ဘုရင်သားကို သူစားပြီးလျှင် တုံးကိုပင်လေ ဘွားမြင်သည်ယောင် အဟန်ဆောင်ကေ ဘုန်းခေါင်ယခု သူပြုရာကို ကြည့်ပါဦးဟု တခုသစ်သား သူတို့ပြင်လေ မြင်မကောင်းကေ ထင်းချောင်းများကို ပြငြားလေကျင် ပြည်ဘုရင်မှာ မာန်ဝင်မျက်ပွား မှားအမှန်ကို ဝေဘန်ဆိုင်းပျာ မစဉ်းစားဘဲ လျှောက်ကြားတိုင်းမူ မင်းကြီးယုံကေ ယမ်းပုံမီးကျ တောက်တုံပါကေ ပမာဏသို့ ရာဇာ့မျက်မာန် ထွက်လေ ပြန်ကေ ညာစံမိဖုရား သားမိမေလေ ငယ်မယားကို မင်းဖျားဘုရင် စစ်ကာဆေးလို့ မမေးကျင်ကေ ထုတ်နှင်ကြလေ အမိန့်တော်လေ အာဏာမြတ်ကို မှတ်တုံပေကေ ထိုသည်မိလှ မသူတော်ကေ ကလော်မက အားရနိုက်ချစ် ယားနေရာမှာ လာ၍ချစ်သို့ မိုက်စိတ်နှင့်သာ လွန်ဝမ်းသာကေ အာဏာစကား မေပဒုမ်ကို နှင်တုံငြားက သွေးများနုလိုက် သားရွှေစင် ကို ဘွားမြင်ပြီးကေ မီးယပ်သစ်လျှင် ဖြစ်တုံတရပ် လင်မင်းကျော်က အာဏာမှတ်ကေ ရေငတ်သည်သူ နေထပ်ပူသို့ သွေးဆူမူးမိုက် ပဒုမ္မာမှာ ငိုကာရှိုက်လို့ မချစ်မခင် မေ့ကိုပင်လေ မကြင်မသနား တသွေးသွန်ပျာ ရှေ့ကံထောက်ကေ တယောက်ဘွားက ယောကျ်ားမေ့လင်မနေရဘဲ ပြည်ကနှင်ကေ မေလျှင်နှမ နန်းကခွာ၍ သွားပါရမည် သို့ဖြစ်ပေ၍ ရွှေပြည်စိုးငြား ထီးနန်းရှင်လေ လင်ယောကျ်ားကို လျှောက်ကြားရစေ မေသက်ဝေမှာ သွားလေတုံမြောက်။ ။ လင်မင်း ကိုလေ ငိုလို့လျှောက်လေ။

ငိုလို့လျှောက်ကေ ကျွန်းအောက်ဇမ္ဗူ ဆောက်စိုက်ထူကေ ထီးဖြူစိုးငြား မေဆွေလင်ကေ ရှင်မင်းဖျားကေ မှားသည်မှန်သည် လမ်းနှစ်မည်ကို အနေခွဲခြား ဉာဏ်ပညာကေ မြင်မြော်တိုင်းနှင့် မစဉ်းစားဘဲ တရာစီရင် ရှေးယခင်က ထုံးလျှင်သာကေ မှားလေတုံကေ ပုံဝတ္ထုကို ယခုပြမည် တိုင်းမသာစည် ပေါက္ကံပြည်ကို စိုးသည်ရာဇာ အလွန်လှကေ မေမွန်လှကို စုန်းမဆိုကျင် မနေရဘဲ ပြည်ကနှင်ကေ ဘုရင်တပါးမှားကြီးမှား၍ မိဖုရားလှ ရှမ်းတို့ပြည်က မေမွန်လှမှ ဒုက္ခပူပန် ရင်ကွဲနာနှင့် ခန္ဓာတုံးကေ ဆုံးတူးပြန်ရေ တဘန်ထိုမှ သရေခေတ္တရာ ရွှေပြည်သာကို အာဏာမိုးပျာ အစိုးရကေ ရာဇာဘုန်းခေါင် ဒွတ္တပေါင်က တောင်ညိုရင်သွေး ရှုမညီးကေ သွီးသည်းအူ လွန်လှချောကေ မစောရှုကို တောစူမြိုင်ဝ တနေ့မှာလေ သုံးခါလှလို့ စုန်းမဟုပင် ဂုံးစကားကို ရွှေနားဝင်လို့ ပြည့်ရှင်မင်းဖျား ထိုဘုရင်လေ အထင်မှားကေ ထူးခြားရူပ တောင်နန်းစံလေ သုံးဘန်လှကို ပြည်ကလည်းနှင် ရင်ကွဲနာနှင့် ခန္ဓာတုံးလို့ ဆုံးလေကျင်ကေ ပြည်ရှင်မင်းလှ မသုံးတန်ကြောင့် အားအံကျကေ နောက်မှစီသာ မှားသည်များကို သိငြားပါကေ နည်းနာပုံပြင် ရာဇဝင်လျှင် ထင်ထင်ရှားရှား ရှေးထုံးပုံလေ မကုန်သိကေ အရှိသားကို ယောကျ်ားမေ့လင် ထောက်မထားဘဲ မျောက် သားကိုလေ အိုသည်ထင်လို့ နှင်ပေသလား မဟုတ်ငြားလည်း တောသားယက္ခ အဟုတ်ထင်ပျာ အသွင်ထူးကေ ဘီလူးမ ဟု ရာဇာ့ဘုရင် မြောက်မိဖုရား ဂုံးစကားကို ရွှေနားဝင်လို့ နှင်ပေသလား ပြည်ကြီးရှင်ကေ လင်မင်းဖျားလေ မယားခြင်း ဖြစ် က္ကတ္တိယကေ မိန်းမစစ်လည်း အသစ်အဟောင်း ဖြစ်ဟုရှောင်းလေ အကောင်းအဆိုး ပေါင်းနှစ်မျိုးကို အကျိုးအပြစ် မစီစစ်ဘဲ အသစ်ကိုလျှင် အဟောင်းပြင်ကေ ကောင်းကျင်တုံလစ် အဆိုးဖြစ်လို့ အပြစ်ကိုမူ အကျိုးဟူ၍ ပြည်သူဦးခေါင်း မေ့ဆွေလင်မှာ စီရင်ရှောင်းကေ အကြောင်းမလှ မေ့ကိုပင်လျှင် နှင်ကာချကေ နောင်တတဘန် ယူပြန်မရ မေ့သက်ဝေ လေ ငယ်မယားကို အားပါးကျလို့ မှားပါလိမ့်မည်။ ။ ရှေးပုံပြင်ကို ဆင်ခြင်ငြားကေ စဉ်းစားပေလေ။

စဉ်းစားလေကေ လျှောက်ပေသောခါ ပဒုမ္မာကို ရာဇမင်းဖျား မေ့ရုပ်သွင်ကို မြင်လေငြားသော် သနားချစ်ခင် သို့ဖြစ်ကျင်လည်း သင်မိဖုရား အများသူလေ လူသမုတ်ကေ ဩစ်ငုတ်များလည်း ကျားဖြစ်တတ်သည် လူဝေါဟာလေ

ပေါရာဏဖြင့် ပြောကြပေ၍ ပြည်ကိုစိုးနှင်း ဘုန်းသမ္ဘာနှင့် အာဏာခြင်းကေ မင်းတို့မည်သည် ဣန္ဒြေကို တည်ကြည် ထိမ်းသိမ်းအသက်ထက်ပင် အရှက်ကြီးလို့ ထွက်ပြီးဆင်စွယ် အမိန့်တော်လေ အာဏာမြတ်ကို မှတ်လိုက်ပေသော် ဝင်စေမရှိ သမတမင်းလို အရင်းဆိုကေ ထိုဂတိကြောင့် မိန့်ရှိအာဏာ မဖျက်သာကေ ထွက်ခွါရမည် ငါမင်းဖျားလည်း ရှက်အားပွေ့ရေ ရွှေပြည်စိုးကွတ် မျိုးမဟာလေ သမ္ဘာမြတ်ကေ ဗြဟ္မာဒတ်မိဖုရား ထင်းတချောင်းကို ငေါင်းငေါင်းဘွားဟု စကားမလှ ကြားသမျှကေ တရာ့တပါးမင်းအများတို့ စကားရှက်တွေ ငါရာဇာကို မလျှော်ငြားအောင် ပြောလိမ့်မည်လေ တကယ်သမုတ် စုန်းမဟုတ်လည်း မင်းလုပ်ခဲ့ကျင် ငါဘုရင်မှာ ရာဇဝင်သမိုင်း ကမ္ဘာတွင်အောင် စာတင်ရိုင်းက မြစ်လှိုင်းမော်ကွန်း ကမ္ဘာမြေကေ ပျက်ကျေကျွမ်းလည်း ဥဒါန်းမကြေ ပကတိလျှင် ရှိလိမည်ကို စိုးသည်တွက်တာ ငါရာဇာလေ အာဏာစက်ကို မဖျက်သာကေ ထွက်ခွါရမည် ဆိုတုံပေကေ စိတ်ငယ်တုံပြီး လှမေပျို့မှာ ဆိုကာညီးကေ ယိုစီးမျက်ရည်၊ ။ နွမ်းရိဖိုအောင် ကိုယ်မချိကေ ငိုသိရေလေ။

စီးကျငိုကေ အိုအိုသခင် ရွှေနန်းရိပ်မှာ မေထိပ်တင်လေ ကျွန်လျှင်နင်းသွား ခြေဘဝါးမှာ ပေါက်ငြားရွှေကြာ ခံပေလှာ၍ ရုပ်ဝါရူပ ပဒုမ္မာမှာ မူရာထူးကေ ဘီလူးမဟု သီဟဥကင်ဘုံပလ္လင်မှာ အရင်တခါ ထောက်မညာဘဲ မြောက်ညာမိဖုရား ကောက်ဉာဏ်ရှာ၍ လျှောက်ကာထားလို့ မျက်ပွားရန်ငြို မနာလိုကေ ထိုထိုများဖျင် ကြောင်းကုန်စင်ကို ဘုရင်မင်းဖျား သတိုးညာလေ မျိုးသာကိမှာ အသိသားနှင့် ချီငြားစစ်မြေ ရှင်မင်းစောလျှင် သွားတုံလေကေ သားငယ်သက်နှံ့ဘွားမည်ကြံသော် လိမ်ဉာဏ်ဝက် မေသက်နှံမှာ ငိုသံများကို မကြားရအောင် နားဝမျက်စိ ဂွမ်းနုဝါနှင့် ပုဝါဆီးလို့ ထားပြီးတုံငြားတုံကိုပင်လေ မေမြင်ဘွားဟု ပျက်ပြားစေချင် ဘီလူးမလို့ ကုန်းပြတင်ကေ ဘုရင်မင်းဖျား ရွှေဘုံပျော်မှာ ယုံတော်မှားလို့ သားစားကြူးလှ ဘီလူးမဟု နန်းချကကျင် မေနှမကို ပြည်ကနှင်ကာ မေ့လင်တထူး ရှူးကြီးရှူးလို့ စိတ်ကူးယွင်းချွတ် မွေးဘခင်လေ ရှင်ရသေ့လျှင် ပေးလက်ထပ်လို့ ထက်ကြပ်ပကတိ ရှင်မင်းကြီးမှာ မိမိကိုယ်တိုင် သိမ်းပိုင်တုံငြား မေသက်ဝေလေ ငယ်မယားကို တခြားလူရှင် ငုံးစကားကို ရွှေနားဝင်လို့ ဘုရင်မင်းလှ သားစားကြူးကေ ဘီလူးမဟု ပြည်ကထုတ်နှင် ကြောင်းခြင်းအင်မှာ မေလျှင်စင်စစ် ထုံဂနိုင်လေ စုံမြိုင်ဦးက ဘီလူးဖြစ်မူ နန်း၌ရှိထ မျက်ငြိုသိုကေ ထိုမိန်းမတို့ ဒေါသမျက်မာန် နှိပ်စက်ဟန်ကို ခံပါမည်လော သည်းနှင့်အူကို ခွဲယူငြားလို့ စား၍ပစ်ထွေ ခုထက်ထိကေ ရှိပ့ါမည်လား မိမိလင်ကို ပြစ်တင်ပြောသော် မင်းဖျားနှုတ်ချက် အမိန့်တော်လေ အာဏာစက်ကြောင့် ထွက်စေထွက်စေ ရွှေဘုံနန်းက ပြန်းတမ်းထွေသော် မေပဒုမ္မာ အသူရိန်လေ ပူရှိန်ငွေ့နှင့် နေတွေ့ကြာသို့ မျက်နှာနွမ်းညိုး လက်ဆယ်စုံကို ရုံကာမိုးလို့ ရှိကျိုးညွတ်ခ လင်မင်းကျော်လေ ခြေတော်ဦးကို ဖူးပြီးမှလျှင် စီးကျမျက်ရည် ပြစ်ပြစ်ကြွေဗျာ ထွက်လေသောခါ မင်းကြီးမှာလေ မသာနှလုံး ရွှင်မပြုံးကေ မူးတူးမှိုင်တိုင် နေထိုင်မတက် ဤသို့ဖြစ်ပေ ဣန္ဒြေကို တည်ကြည်မတ်လို့ လှနတ်ရူပ ညိုးရုပ်ပုံနှင့် ပဒုမ္မက ရှေးကပမာ ခြေပါဒါမှာ ရွှေကြာမခံ။ ။ သနစ်စုံလေ ဖြစ်တုံရှောင်းကေ ကြောင်းရင်းကံလေ။

ကြောင်းရင်းကံလေ ဖြစ်ဟန်တုံထ အတိတေလေ လွန်လေခဲ့ကေ ရှေးဘဝက ဒါနဆောက်အူ မြတ်မထေရ်လေ ပစ္စေမြတ်ကို ကြာချပ်ဖြူလျှင် ကပ်လှူပြီးမှ ယဉ်မျိုးစုံကေ ပဒုမ္မာမှာ ပုနတဖန် ကြာပန်းဖြူကို ပြန်ယူချက်ကေ ဝိပါက်ကံကြောင့် မခံရွှေကြာ မြေကမ္ဘာမှာ ခြေသာချလှမ်း သင်းလို့ထုံကေ ပဒုံနံ့လည်း မပျံ့မထုံ ရွှေရုပ်ပုံကေ ညိုးကြုံမဲသန်း ပန်းမဇ္ဈူကို နေပူထိုးယောင် ညိုးကာနွမ်းကေ ရွှေနန်းကသာ ထိုကြောင်းရာကို မြင်တော်မူကြ မျက်ငြိုလိုကေ ထိုမိန်းမတို့ လင်လှအပါး ဝေးမနီးတွင် နေပြီးငြားမှ လျှောက်ကြားခြင်းရာ သူ့ရုပ်ဝါကို ခုယခုတွင် ရှုစမ်းပါလေ ရုပ်ဝါထူးစွ ဘီလူးမမှာ ရှေးကအမှန် ဤမြေပြင်မှာ ခြေလျှင်လှမ်းက ကြာပန်းခံကေ တဖန်ခုက မင်းရာဇာလေ အာဏာကျသော် မရရွှေကြာ မခံလှာကေ မေသာခဏ သူ့မူရာကို မြင်ကာမြောက်ကေ ကြောက်ပါလှဟု နန်းမရိပ်ခွင် ရှင်ရှင်ကျိုးပြာ ပြီးလို့ဝင်ကေ မှိန်းရှင်မေလှ ဝိပါက်ကြုံကေ ပဒုမ္မလည်း စီးကျမျက်ရည် တစိုစိုနှင့် ငိုလိုက်သည်က လူ့ပြည်လောက ဘုံလောကီလေ ဤဘဝမှာ မေလှ၏ကံ ရှေးကဆုတောင်း အမှုဟောင်းက မကောင်းဟန်ကြောင့် အလွန်ရှက်လှ တောမြိုင်ခွင်က မစင်စုန်းကေ ဘီလူးမဟု လင်လှဘုရင် မေသက်ဝေကို မနေရဘဲ ပြည်ကနှင်ကေ ကြောင်းအင်အမူ မေပဒုံကေ ပုံဝတ္ထုဟု ဇမ္ဗူသောင်းခွင် ရာဇဝင်ကေ ပေါ်ထင်လိမ့်မည် ဤခြင်းရာကို ပြန်ကာတွက်သော် ရှက်လှရလေ လူ့ပြည်လောက သက်ဇီဝလေ ရှည်သမျှကို မေလှနဂိုလင်လို့ဆိုလျှင် လူကိုကထား တောမြိုင်ခွင်တွင် မက်လင်သီးကို စီးကသွားဘို့ မှားကြလိမ့်မည် မလိမ်မာလေ အိမ်ရာပြုကေ ပျိုနိုနယ်ဟု မေဝယ်အလား ဣတ္ထိယကေ မိန်းမများတို့ လင်သားနောက်နောင် ဤလူ့ဘောင်မှာ တည်ထောင်ကြငြား ကိုယ်နှင့်ကြင်ကေ လင်ယောကျ်ားကို ချစ်အားကြီးတုံ များများကြုံပျာ မယုံလေကဲ့ မေဖြစ်နည်းကို တွေးလို့ ကြည့်ဟု ဖွဲ့နွဲ့သံချိုတငိုငိုနှင့်။ ။ ညာပျိုမဟော ငိုခြင်းစီ၍

ဤသို့ဖွဲ့ကေ မှာခဲ့သည်လေ။

ဤသို့ဖွဲ့ကေ ပူဇွေ့မပြေနန်းရဝေက ထွက်လေတုံငြား တစာစာကေ ငိုကာသွားရေ ဘဘွားပီတာ တောဟေမာမှာ နေပျော်တုံရှောင်း ရသေ့ကျောင်းလေ ဝိဟာကျောင်းက စုံပေါင်းဂနိုင် တောရိပ်မြိုင်နှင့် တောင်စိုင်လေဆီး ယူဇနာကေ တာလည်းစီးလို့ မေထွီးတယောက် တငေါက်ငေါက်ကေ လန့်ကြောက်စထွေ ဘခင်စုံကေ ဟေဝန်တောကို သွားနိုင်မည်လေ ရှေးငယ်တမုံ နန်းရွှေဘုံမှာ ပဒုံမိဖုရား နာမည်တွင်ကေ လင်မင်းကြီးလျှင် ချီးမြှောက်ထားလို့ ဘဝါးမြေမှာမကျပါကေ ခုမှာတမူ ပဒုမ္မာမှာ ပူဇျာဆက်ကေ ကျွက်ကျွက်ဆူအောင် ရန်သူမိဖုပြား မနာလိုကေ မြွတ်ငြိုးမုန်းပျာဂုံးချောစားလို့ မင်းဖျားမေ့လင် ကြင်မချစ်ဘဲ စွန့်ပစ်နှင်ကေ ပူပင်ပျောင်းညွတ် မေသက်ဝေလေ ခံသည်ဝဋ်ကို ဘမြတ်ပီတာ ရသေ့ကျော်လျှင် မြင်ပါခလိုက် ပဒုမ္မာမှာ ငိုကာဟိုက်လို့ ရင်၌သမြတ် နုလှပ်လှပ်မှာ ဒင်းကျတ်မကံသားသက်နှံကို ဘွားပြန်ပြီးမှ မိရင်ခွင်မှာ တင်ကာပိုက်ပျာ မတိုက်ရလို့ နို့ကရေလို တစိုစိုကေ စီးယိုလို့ကျ မေမွှိန်းရှင်မှာ ရင်ကိုမလို့ ငိုတယမ်းယမ်း ရသေ့ရှင်လေ ဘခင်မြတ်ကို ဆွတ်မျှလွမ်းလို့ မကျွမ်းမသိ ထိုမြို့ရွာမှာ ဆွေညာတိလည်းမရှိတယောက် ကွမ်းကိုပတ်ကေ ရေတပေါက်မျှ သောက်ရာမမြင် လှမေပျိုမှာ ငိုယိုငြားလို့ သွားလေကျင်သော် မြို့ပြင်အနား အဘိုးအိုနှင့် ဒါအိုများတို့ မယားနှင့်လင် ပဒုမ္မာလေ လာသည်ရေးကို ဝေးကမြင်သော် ရှေးလျှင်ဘဝ မွေးမိခင်နှင့် ဘခင်စစ်ကေ ဖြစ်ဘူးခလို့ ပီယချစ်ခင် ကြောင်းရာရေးကို မေးခြင်းအင်က ရုပ်သွင်ရူပ မေသက်ဝေမှာ မျက်ရည်ရွှမ်းကေ နွမ်းလျှလျှနှင့် မေလှနုချော ဘယ်ကလာပျာ ဘယ်ရွာသို့ကေ ဘယ်မြို့သွားလို့ လင်သားသည်းအူ ကွဲလာဟန်နှင့် သဏ္ဍာန်တူဟု နှုတ်ပျူသံသာ မေးလေပါကေ အဒါပေါင်မ ကျွန့်ကိစ္စကို ဖြည်းဖြည်းမှသာ ကြောင်းခြင်းရာကို ပြောပါရစီ ဒါအိမ်ထဲမှာ တဲလို့နေမည် ဆိုတုံလေကေ မြေးငယ်သက်စု ချစ်ကြိုးဆောင်ကေ ပေါက်မျက်ရှုမှာ ယခုတက်လတ်ဒါကြီးအိုမှာ ကိုယ်ကိုပွတ်လို့ သုံးသတ်ရေမိုး သည်ကယူပျာ မြီးဖြူချိုးဟု သူတို့စားရာ ထမင်းချိုင့်လည်း ကျိုင်းလှပါကေ ဟင်းလျာတခွက် မြင်းခြေခွါကို ဝါကြီးချက်ကေ မကျက်တတ်လျှာ ဆားပွာပွာနှင့် ငါးလဝါပေါင်းစောက် ဒါဘိုးပေါင်မှာ ဖင်ထောင်ခြောက်ကို မီးတောက်မှာဖုတ် ချင်းပြေုတ်နှင့် လက်သုတ်သုတ်ရာ မေ့ယော့ငြားလို့ ဆားမပါကေ စားပါဆိုပြီး ဖြိုင်းကန်းမှာကေ ခူးခါပြီးလို့ ငိုငြီးမူမှိုင် မမျိုနိုင်ကေ ဖြိုင်ဖြိုင်မျက်ရည်။ ။ ကျကာယို၍ ထိုဌာနမှာ နေရရေလေ။

ဤသည်လည်းကေ ဤလည်းတခန်း အဖြာဖြာကို ကဗျာဆန်းနှင့် မကြမ်းမကျယ် မေ့ပဒုမ်လေ ပုံဝတ္ထုကို ဘတ်ရှုစေဟု စာပေကျန်းဂန် ရှာဖွေကြံလို့ ကာရံစုရုံး မာလာသရဖီ ပန်းကိုသီသို့ စီကာကုံးလို့ ထုံးဟောင်းဝတ္ထုဖြစ်ပျက်မှုကို ဘတ်ရှုစရာ မြို့ရန်ကုန်က ပုံနှိပ်လုပ်လို့ ထုပ်လိုက်ပါလည်း အက္ခရာရေးသား အနည်းငယ်လျှင် မှားပေငြား၍ ဆိုပြောဘတ်ရွတ် ပျို့ကဗျာလျှင် ကာရန်ပြတ်လို့ မစပ်သောခါ တချို့များမှာ ပြောချင်ရာက ကာရန်လည်းချွတ်ခုဆရာတို့ သာခြင်းဟောင်းလှော့က် မကောင်းတတ်ဟု ကုန်းစပ်စီရင် ပညာရှင်ကို ပြစ်တင်ကဲ့ရဲ့ တချို့များတို့ ပြောခလေ့ဖြင့် စေ့စေ့စပ်စပ် မဘတ်တတ်၍ ယွင်းချွတ်တချက် ပုံနှိပ်သောခါ အက္ခရာတို့ ယွင်းကာယွက်လို့ ပျက်သည့်တရပ်တချို့သူလေ လူအသွတ်တို့ ဝတ္ထုဆင်ခြေ ခိပ္ပါယ်များကို နားမလည်၍ မှာသည်တကြောင်း စပ်ကာရန်ပင် အလွန်ကောင်းလည်း ကပြောင်းကပြန် များမမှန်ကေ အလွန်အယုတ် တချို့သူလေ သူတို့နှုတ်က ထုတ်ဆိုတုံရှောင်း မြေမညီတွင်ဂါရီမောင်းယောင် စောင်းထိစောင်းတောင် ချင်းငထင်မှာ နောက်ဖင်လွဲကေ ခွေးလျှင်ဟောင်သို့ ကထောင်ချောက်ချားတချို့မူလေ သူတို့နှုတ်က ထုတ်ဆိုမှားလို့ စာသွားမသင့် ဖြစ်သဖြင့်လျှင် ထောက်ချင့်စာနာ ဤကဗျာက အက္ခရာစုံစကြာယုံသို့ ပုံတင်နှိပ်ရာ ရှေ့ဟံသာက ဗမာဖြစ်ငြား စာစီဆရာ ဝံသာန္ဒယ်ယိုင် ပြည်မဏ္ဍိုင်က ရွှေခိုင်သားလျှင်ထင်ရှားလည်းဖြစ် ကြောင်းသနစ်ကြောင့် အရစ်ကိုပင့် ကဗျာသံမှာ ကာရန်သင့်လည်း အပစ်ကိုရစ် အကြောင်းမတန်ကောင်းသည်မှန်လည်း ပြန်ပြောင်းဖြစ်လျက် အမြစ်ကိုပေါက် အပေါက်ကိုမြစ် ကြောင်းသနစ်ကို စီစစ်မရှာ ဤနေရာမှာကာရန်မစပ် တချို့သူလေ လူဒိဋ္ဌိတို့ သိမြင်တတ်မှ စာစပ်ဆရာ မသိ၍ါလေ ရှိပါဘို့လား ကလောင်တန်ကိုထွန်ကိုင်းလုပ်ကေ ရေးခြုတ်စားလို့ စာသွားသည့်သည် မသင့်သည်ကို ဆိုဘွယ်မရှိ ပညာရှင်တို့ ဆင်ခြင်ညှိကသိပါသင့်သည် သို့ဖြစ်ပေ၍ တသွယ်တနည်း စပ်ကာရန်လျှင် မမှန်ခဲလည်း ရေးသူကရှံ ဘတ်သူမှန်ကကာရန်လည်းချော ပျို့ကဗျာတို့ သာယာငြားလို့ စာသွားလည်းသင့် ဤခြင်းရာကို စာနာချင့်လို့ သင့်အောင်ဘတ်လေတချို့သည်က လည်လည်ပတ်ပတ် စပ်ကာရန်ကို မှန်မချွတ်အောင် ဘတ်နိုင်မည်ရေး ဝေးကြီးဝေးလို့ ထုံးနည်းမကျတအောင့်လှော့ံမှ တပုဒ်ရလို့ အ,အ-ထီ-အထိုက် ဘတ်တုံပေလည်း မပြေပြစ်က ကညစ်လည်းတုံ ပေလည်းဆုံးကေစီကုံးဆရာ သိကြားသော်လည်း ကောင်းပါနိုင်မည် ဧကဝုစ်ကေ မဟုတ်ချေလေ ခိပ္ပါယ်လက္ခဏာ ပျို့ကဗျာမှာ အင်္ဂါသုံးပါး မချို့တုံဘဲ ပြည့်စုံငြားမှ စာသွားကာရန် ချောမောဟန်ကို ဝေဘန်နှိုင်းညှိ ပညာရှင်တို့ မြင်အသိကို သတိပြုပါ

ပဒုမ္မာကို နဂရဋ္ဌာနေ မြို့တော်တည်ကေ စစ်တွေဘုမ္မိ ဂုဏ်သီရိနှင့် မည်ရှိခဲ့ခြမ်း လမ်းကိုရှောက်ကေ အော်ချေးတန်း၌ မော်ကွန်းမင်္ဂလာ ခေါ်ဝါဩွန်းကေ ပေါ်ထွန်းကာဖြင့် ဝါစာပီယ သဘောချိုချို မျှားလူဗိုလ်ကို ပြောဆိုကြကေ ကောက်ရ-မောင်မောင် ထိုနှစ်ဦးတို့ ပြုကြံဆောင်လို့ သောင်းထောင်းကြေးငွေ ရင်းနှီးပေ၍ ကြီး,ငယ်မဆို မျှားလူဗိုလ်တို့ အလိုပြည့်စေ ပြည်ရခိုင်လေ ခရိုင်လုံးမှာ သုံးစိမည်ဟု ကြေးငွေရတနာ ဉာဏ်ပူဇော်လေ ပဥ္စဝီသ ပေးပြီးမှလျှင် ဥပ္ပလဝဏ် ပါရမီလျှင် စုံညီပြည့်အောင် ဖြည့်ခြင်းဟန်ကို ကာရန်လုံးညီ ရွေးထုံးမှီ၍ ကုံးစီစေရာ ပဒုမ္မာကို ကဗျာယဥ်ဆန်း တန်းခိုးရွှာက ဆရာထွန်းလျှင် စာကျမ်းအလာ သာခြင်းစီကေ ဆင်ချီရှုန်းလို့ ကုံးလိုက်ပါကေ ဤမှာ ဘော်ဩွန်း ပဒုမ္မာကို နာနာရုပ်ဟု နှင်ထုတ်ခန်းမှာ ရုပ်တန့်ကြလေ နောက်ကိုဆန်းက လွမ်းစပွေကေ သည်ထက်လည်း မျှား ပဒုမ္မာမှာ ငါးရာသားတို့ ဘုရားဖြစ်ခါ ဂန္ဓာမာကို ဈာန်သမာပါတ် အဘိဉာဏ်နှင့် ပြန်ကြွလတ်က လုနတ်ကလျာ ပဒုမ္မာမှာ ယမာတခန်း သားသက်ဝေကြောင့် သေအောင်လွမ်းကေ နိဒါန်းကိုလျှင် စပ်ကာရန်ဖြင့် ယဉ်အောင်ချဲ့လို့ မဖွဲ့ခင်ကို ဤတွင်တရပ် စခန်းဖြတ်၍ တန့်ရပ်ပြီးထွယ်။ ။ ဆေးကွမ်းပါသော် ဖြေကာစားကေ နားကြလေလေ။ ။

**တခန်းရပ်**

**ဖဿဖဿဖဿ**

နိဒါန်းကေသွယ်ကာ ပဒေသာသို့ လိုရာတရပ် နောက်ဖြစ်ဟန်ကို စာနံပါတ်နှင့် ဝတ်ကျကာရန် စပ်ရပြန်သော် လိမ်ဉာဏ်ရှိလှ ယခင်ဆိုကေ ထိုမိန်းမတို့ ပဒုမ္မထွတ်ထား ဘုရားလျှာလေ ငါးရာသားကို ဝှက်ထားပြီးခါ မြစ်အင်္ဂါမှာ မျှောကာပစ်ရန် သင်ယောက်ျားကို လျှော့ထားဟန်က ထိပ်ပန်ရာဇာ စစ်ချီခါဝယ် နန်းမှာရှိထ မျှားခွေရံနှင့် ကျွန်တော်မ,တို့ ပြုထနန်းဝယ် စစ်အောင်မြင်သော် ပင်လယ်နတ်ကို ရှိညွှတ်မည်ဟု ဆိုသည်ကတိ စိတ်အကြံနှင့် ဒိဋ္ဌာန်ရှိလို့ ယနေ့ခါဝယ် နတ်ဒေဝါကို ပူဇော်ငြားအောင် သွားရစေဟု လျှော့လေသောခါ မင်းကြီးမှာလေ အာဏာမိန့်လွှတ် ပချုပ်ဖါကို ဆောင်ကာရွက်ပြာ ထွက်လေကြတ်လို့ ရေနတ်ပူဇော် အမည်ရှာလျက် ဂင်္ဂါးမြစ်နားလျှင် မနေကေ ရော်လေငြားက မိဖုယားမျှားစွာ သားငါးရာကို ရေမှာချငြား မြစ်လဟာနှင့် အညာဖျားကို မျှောလေသောခါ ဘုရားလျှာကေ ငါးရာသောသား ခြုပ်မျှားစွာနှင့် ရေမှာမျှောက ဘုရားမျိုးစေ့ ပါရမီကို စုံညီဖြည့်ကေ ပြည့်တော်မူကြ ပစ္စိမကေ ဘဝဆုံးစွန် မှန်တုံမြော်ကေ ရောက်ခြင်းဟန်ကြောင့် ဆားင်ရေကြည် ထိုမြုပ်တွင်း၌ မဝင်ပေကေ ပင်လယ်မြစ်ကြော မျှောလေပြားက ထက်ဖျားအာကာ ဝေဇယံလေ မှန်ပြာသာဒ်နှင့် နတ်ခြောက်ရွာကို စိုးကာပိုင်ခြင်း ကြီးတန်ခိုးနှင့် မိုးနတ်မင်းမှာ အခင်းနေရာ ကမ္ဘလာသည် ငွမ်းဝါအမျှ ရွှေကတ္တဋ္ဌ စည်မျက်နှာသို့ တင်းကာကွြသော် မာဃနတ်မောင် ထောင်စက္ခုနှင့် ဤလုဘော်င်ကို ရှုဆောင်သောခါ ပစ္စေကာကေ ငါးရာသောသား အကြောင်းအင်ကို မြင်လေငြားက လျှင်လျှားမကြာ သိကြားမင်းမှာ အပြင်းလာ၍ ငါးရာအထဲ မြုတ်တိုင်းမှာလေ စာကမ္ဘည်းကို ရေးသည်ခြင်းရာ အကြောင်းမှာက ရာဇာမင်းမြတ် ထီးနန်းစံကေ ဗြဟ္မဒတ်င်လေ သားမြတ်ငါးရာ ဂြုပ်တိုင်းမှာ၌ ပါကာလည်းသွား တခြားသူလေ လူသားချစ်ကေ မဖြစ်ငြားတည်း မိဖုယားရတနာ ပဒုမ္မာက ဘွားမြော်ကုန်ငြား ငါးရာစင်လေ သင်မင်းကြီးကေ ရင်သွီးသားလေ ရှေ့ဖျားတွားပြီး ဤသက်ဝေလေ သူငယ်အားလျှင် သားအကြီးတည်း ပွားစီး ထိုနောက် သွေးတပေါက်မှာ တယောက်စီဖြစ် မင်းကြီးရာဇာ သားသည်းချာလေ ငါးရာစစ်ကို ရေမြစ်ဂင်္ဂါ မြောက်ညာစံနှင့် ကျွန်မမိုက်တို့ ပစ်စွန့်လှာဟု အက္ခရာကမ္ဘည်း မင်းရာဇာလေ သက်ာရှင်းအောင် အလင်းရေးလို့ ပြုတ်ထဲကသည်။ ။ ပချုပ်ဖါလေ ငါးရာစစ်မှာ ထည့်လိုက်တေလေ။ ။

ထည့်လိုက်လေကေ ထိုသည်အခါ မျှောလေပါသော် တငါလူမျှား ပိုက်ကွန်ချာတွင် တိုက်ကာပါးက လျင်လျှားမကြာ ဆယ်ယူပါသော် ငါးရာသောဂြုတ် မယုတ်ရငြား တငါဟူကေ ထိုလူမျှားတို့ ပြောကြခြင်းရာ ဤပါချုပ်ကေ ဂြုတ်ထဲမှာ၌ ပါသည်ကိစ္စ မသိရ၍ မင်းလှဘုရင် ရွှေပြည်ရှင်ကို ထင်ကာရက္ခု ဆက်သ-ပေသော် ကြေးငွေရကေ ဆုချလိမ့်မည် ကြံတုံပေ၍ ထိုသည်အခါ ပိုက်နာယာမှာ တန်ဆာဝတ်စား သစ်လွင်လွင်ကို ဝတ်ဆင်ငြားလို့ ငါးကိုဘမ်းဆီး ပိုက်ဆရာလေ နာယာကြီးလျှင် ထီးထီးမားမား ရှေ့ကသွားကေ လက်သားမျှားစွာ နောက်ကပါကေ ဗာရာပြည်ရှင် နန်းဥကင်ကို ခိုဝင်ပြီးထွယ် လက်ဆယ်ဖြာကို ပန္နာရှက်လို့ ဆက်တုံလေကေ ထိုသည်အခါ ဗြဟ္မဒတ်ဟု မြတ်ရာဇာမှာ ခြင်းရာသိရေး ဖါချုပ်ထဲမှာ ပါခြင်းရာကို စစ်ကာမေးက ခွဲခြားသေချာ ဘယ်သို့ရှိသည် မသိပါဟု ပန်ထွာရှိညွတ် လျှောက်ပြန်လတ်ကေ ဗြဟ္မဒတ်ရာဇာ ခတ္တိယာမှာ ဖွင့်ကာမနေ မှူးမတ်မျှားနှင့် ရှုငြားလေသော် ရွှေပေအက္ခရာ တရွက်စာနှင့် သားတော်တယောက် ဖါချုပ်တိုင်းမူ ငါးရာကြားမှာ သားအကြီးကို စောထီးဘုရင် ရွှက်ပြီးကျင်မှ ထို့ပြင်

တခြား လေးရာကိုးဆယ် ကိုးယောက်ရှိကေ မိမိသားကို မျှားပြားမောင်းမ ဣတ္တိယတို့ အချော့အချီ ငါးရာစီလျှင် စုံညီမခြား ဘ-နန်းစံမှာ ထားပြန်ငြားလို့ ငါးဘမ်းဆရာ ပင်လယ်မြစ်က ပိုက်နာယာကို သပြာများမြောင် ဆုလက်ဆောင် လျှင် တထောင်ဥစ္စာ ထိုမင်းကြီးမှာ ပေးပြီးခါမှ သေနာပတိ အမည်ရှိသော ကဝိစိန္တာ သိလိမ္မာနှင့် ပညာရှိငြား ငါ့ထံခိုသည် အိုမတ်များတို့ မိဖုယားပဒုမ္မာ ဘွားတုံပါကေ ငါးရာသောသား ငါနန်းစံ၏ ဘုန်းကံအားကြောင့် သိကြားရာဇာ ကိုယ်တိုင်လာ၍ အက္ခရာကိမ္ဗည်း ကြောင်းခြင်းရာကို သက်ာရှင်းအောင် အလင်းရေးလို့ မခဲ့၍သာ မဟုတ်သော်မူ ငါမယုံဘဲ ပဒုံမိဖုယား မဘီးလူးမှာ တုံးကိုသွားဟု မယားလည်းဆုံး သားငါးရာတို့ ရေမှာတုံးလို့ ယူကျုံးမရ မိဖုယားငယ် မြေခံနန်းနေတို့ တိုက်သည်ဂုံးကြောင့် ဆုံးဘို့ကျ-မည် သားလှုလက်ရုံး ငါ၏ဘုန်းကြောင့် မဆုံးခဲ့နိုင် ဝတိမ်ပိုင်လျှင် ကိုယ်တိုင်မ,ငြား ရတနာလေ ငါးရာသားကြောင့် မိဖုယားတောင်ညာ ပဒုမ္မာကို ထိုအခါပြီးမှ သားမိမေ လေ ငယ်မယားကို အားလျှင်ကျ-လို့ မြွက်ဟမိန့်တော် နှုတ်ရွှေခွန်းမှာ ညွှန်းခြင်းရာက ပဒုမ္မာတွင်ငြား ညာနန်းနေလေ အသရေရှိကေ မိဖုယားကို လျှင်လျှားမနေ။။ တိုင်းကိုလယ်ကေ ပြည်ကိုပတ်လို့ ရှာကတ်ချေလေ။ ။

## မိဖုရားညာမဟောကို ရှာဖွေ၍ နဂရာပြည်တွင်းကို သွင်းစန်း

ရှာကတ်ချေလေ စေလေသောခါ မတ်မဟာတို့ အသပြာတထောင် ငွေကိုဆောင်၍ ပြည်ဘောင်သာစည် အရပ်ရပ်ကို လှည့်ပတ်လည်လို့ ပြည်သူပြည်သား ခပ်သိမ်းသူကေ သြော်လူများတို့ မိဖုရားရတနာ ပဒုမ္မာကို ပြပါနိုင်သူ ထောင်သပြာလေ ဥစ္စာစုကို ယခုယူဟု ပြည်သူအပေါင်း ကြားစေကြောင်းကို စည်မောင်းသုံးခါ မှူးမတ်ကြီးတို့ ခတ်တီး သော်လည်း မပေါ်မထွက် တယောက်သောသူ ထိုငွေဖြူကို မယူရက်၍ တကွက်မလပ် တရပ်မကြွင်း သို့အခြင်းနှင့် မြို့တွင်းမှာစေ့ ထိုလုလင်တို့ မြို့ပြင်ဘက်ကို ထွက်ခါလှည့်လို့ ရွှေးနှယ်ပမာ ဟစ်အော်ပါသော် ပဒုမ္မာမိဖုရား ထိုခြင်းရာ ကို ကြားပါငြားက သွားလို့လွယ်ကူ ထိုငွေဖြူကို ယူပါပေါင်မ ဤသို့ဆိုသော် ထိုကာလ၌ မြီးလှုသက်ဝေ မင်းကြီးငွေကို ငါဝယ်တွန့်ရွံ့လွယ်တကူလျှင် မယူဝန့်ဟု ကြောက်လန့်၍သာ ဆိုလေပါကေ အဒါမြေးလှု နတ်ရုပ်ပုံလေ ပဒုမ္မကို ပြနိုင်စိမည် စိုးရိမ်မြောက်ကေ မကြောက်ပေနှင့် ယူချေအလျှင် ဆိုလေကျင်ကေ လုလင်မတ်များ စည်မောင်းလယ်ကေ ငွေဒင်္ဂါးကို သွား၍ပြီးမူ စိတ်မယုံကေ တုံတုံလှုတ်လှုတ် ထိုအခါဝယ် ကိုင်ကာဆုတ်က ငွေထုတ်လုလင် ပဒုမ္မာလေ ကြောင်းရာရေးကို မေးလေကျင်သော် သင်လိုက်သမျှ ပြောကာဆိုကေ ထိုမတ်လှုတို့ အိမ်မဂေဟာ လိုက်လို့လာသော် ပဒုမ္မာတွင်ငြား မိဖုရားကို တွေ့ငြားလေကျင် ယာဉ်ထမ်းစဉ်နှင့် ဆောင်တင်လိုကြောင်း မတ်တမန်တို့ လျှောက်ပြန်ရှောင်း ကေ သူကောင်းတမန် လွှန်လိမ္မာလေ ပညာတတ်ကေ မတ်တော်ဝန်တို့ အကျွန်ခုခါ မှန်စင်စစ်ကေ မလိုက်ပါလေ ရာဇာပြည်ရှင် အကယ်၍လျှင် မေ့ကိုပင်လေ ချစ်ခင်ဇကံ တကေမှန်လျှင် ဂေဟံတွင်မြောက် မေလျှင်နေကေ ဤအိမ် ရောက်အောင် ဖျင်ပြောက်ဖျင်နီ များစုံစီနှင့် အညီခုလျှင် ကြောင်းဇင်းခါလေ ဒွါရာလမ်းကို တန်းဆာဆင်၍ မေလျှင် ဝတ်စား တိုင်းဋ္ဌာနီလေ ကာသိန်မြို့က ပုဆိုးများကို ယူငြားပြီးခါ ကျွန့်ကိုလာပျာ ဆောင်ပါခလိုက်။ ။ ကြောင်းမျိုးစုံကို မှာတုံလိုက်တေ။

မှာတုံလိုက်ကေ စစ်ကဲနာခံ မတ်တော်ဝန်ကို လာပြန်တုံမြောက် ကြောင်းခြင်းရာကို ပန်ထွာလျှောက်သော် ဘုန်းတော်ပြောင်ဝင်း ဗာရာပြည်ကို စိုးသည်မင်းလည်း ယင်ပရှင်မ သုအလိုနှင့် ဆိုသမျှကို ပြုကြပြီးထွယ် လှုတောင်ညာ ကို ဆောင်ပါချေဟု ခန့်စေအာဏာ လမ်းဇခါကို တန်းဆာဆင်လတ် ကွတ်စုံကာကေ ရာဇမတ်နှင့် ကြာချပ်ညောင်ရွက် အထက်မှာလေ မျက်နှာကြက်နှင့် တဘက်တသွယ် အိုးညောင်ရေတွင် သပြေရေချမ်း ဝဲလကျာမှာ နံ့သာပန်းနှင့် အိမ်နန်းအရောက် လမ်းတလျှောက်မှာ ဖျင်ပြောဖျင်နီ အထပ်ထပ်လျှင် ခင်းစပ်စီ၍ အညီသိုက်မြိုက် ငှက်ပျောစိုင်နှင့် ကြံစိုင်စိုက်လို့ လမ်း၌စုံလင် အနုအဆန်း ရှုမခန်းအောင် တန်းဆာဆင်လို့ ပဥ္စင်ဒုရိယာ အသီးသီးကို တီးမှုတ်ကာဖြင့် ပဒုမ္မာဒေဝီ မဟေသီကို ထီးနီထီးစိမ်း ရွှေဘိန်းရှစ်ချပ် မိဖုရားတန်ဆာ ဒွါဒရာကို ဆင်ကာဝတ်က လှုနတ်ရုပ ရှုလို့မကုန် ကုသိုလ်ဟုန်နှင့် ပဒုမ္မမှာ မိဘပမာ အဘိုးအိုနှင့် ဒါအိုလှုကို ကန်တော့ကာဖြင့် သပြာများမြောင် ငွေတထောင်ကို ဒါပေါင်ယူလေ လိုသမျှကို သုံးကြချေဟု ပေးလေပြီးမှ မဟေသီလေ ဒေဝီလှုက ငါ့ကုသိုလ်အင် များလူရှင်တို့ ရှုမြင်စေ ငြား စိတ်တော်ကြံကေ ဟန်နှင့်သွားလို့ ရထားဝါးကမ္ဗလာ ယာဉ်သာထမ်းစင် မြင်းဆင်ကြီးတွင် မစီးကျင်သဲ ရှုမြင်လိုငြား ငှက်မဟာသ်ာခြေပါဒါဖြင့် မြေမှာသွားသို့ ဘဝါးနှင့်သာ သွားလေပါကေ ပါဒါချီမြန်း မေသက်ဝေလေ ခြေတလမ်းမှာ ကြာပန်းဝိဝိ တပွင့်စီလျှင် အောက်မြီကသာ တောင်းဆုဆိုကေ ကုသိုလ်စက်ကြောင့် ခံလက်ပါသော များစွာရှင်လူ

ဟူဟူသမျှ ထိုကြောင်းအင်ကို ရှုမြင်ငြားကေ အံ့သြကြလို့ ရှေးကလူဒါ ပစ္စေကာကို ရွှေကြာပွင့်ဖြူ မေလျှင်လှူသော် ပြန်ယူပြီးမှ နောက်တဘန်လေ စိတ်သံညွှတ်လို့ ကပ်လှူခကေ ပရစေတနာ ရှေးအကြောင်းက ကောင်းဘူးပါ၍ ကလျာရူပ ကုသိုလ်ဟုန်နှင့် ပဒုမ္မမှာ ပုညကောင်းမှု ရှေးပရံက ပန်သည်ဆုကြောင့် ယခုအခါ မြေပထဝီမှာ ခြေချီလှမ်းက ပန်းရွှေကြာလျှင် ခံပါတုံမြောက်။ ။ စံမြန်းပျော်ကေ နန်းတော်ရောက်ကေ။

## မိဖုယားငါးရာ ပဒုမ္မာထံ အစေခံကို ကျွန်အရာမှ ပြန်ကာလွှတ်ကြောင်း

နန်းမှာရောက်ကေ မျှားမြောင်တန်းဆာ လမ်းဇခ်ါမှာ မင်းရာသမျှ အစစလျှင် ထက်ကဗိတန် ကာအရံပါ မကျန်ကြွင်းရ တန်းဆာစုံလေ ဟူသမျှကို မိဘသဘွယ် အဘိုးအိုနှင့် ဒါအိုတို့ကို ပေးပို့လေဟု စေလေပြီးနောက် ဆောက်စိုက်ထူကေ ထီးဖြူအောက်၌ ထွန်းတောက်ဘုန်းရောင် လင်းလင်းပြောင်ကေ မင်းခေါင်ဗြဟ္မဒတ် မျှားလူဗိုလ်ကို ကြိုဆိုလွှတ်လို့ လှနတ်ပဒုမ္မာ ဘွေသီဟာလေ ထံတော်ပါး၌ စေားလှာကေ အာဏာမိန့်သံ နန်းရဝေတွင် ခွန်းရွှေနူတ်က တုတ်လတ်ဟန်က ညာစံမြောက်ရ ဝက်မျက်ငြိုမနာလိုကေ ထိုမိန်းမကြောင့် နရထွတ်ထား ဘုန်းသမ္ဘာနှင့် ငါမင်းဖျားမှာ မိဖုယားရတနာ ပဒုမ္မာနှင့် ငါးရာသောသား အသက်ဝိဥဏ် ပျက်စီးရန်ကို ကြံတုံငြား၍ လွမ်မှားမိုက်သည် သို့ဖြစ်ပေ၍ တာရှည်မြင့်ကြာ မထားသာကေ ကြောပေါ်ရင်ဘတ် ဒါဏ်တရာကေ နာနာခတ်၍ မြိုင်ရပ်ကိုသည် ဆိုင်းမနေဘဲ တိုင်းပြည်ကလျှင် နှင်ကြလေဟု မိန့်ရွှေအာဏာ မှတ်သောခါဝယ် ပဒုမ္မာဒေဝီ လှသိင်္ဂီက ပါရမီရင့်မာ ဖြစ်ခြင်းရာကြောင့် သဒ္ဓါတရားလူတကာကို မေတ္တာပွား၍ လျှောက်ထားသည်မှာ ဒါဏ်တရာလေ ရိုက်ကာခတ်ပျာ မသတ်ပါနှင့် ချမ်းသာအရေး ကျွန့်ကိုမူလေ သူညှဉ်းဆဲလည်း ပေးစေချင်သည် ပြည်ကြီးရှင်လေ လင်ယောကျ်ားကို လျှောက်ထားပေကေ ထိုသည်မင်းမြတ် နောက်တခါလေ အာဏာမှတ်လို့ လှနတ်ရူပ ပြည်ကပင်လေ မနှင်ကြောင်းကို တောင်းပန်ခသော် မေလှအထံ ခြေနှိပ်ရန်လေ ကျိုးနွံတုတ်ကွ မြဲဒါသံကေ စေကျွန်မလျှင် လုပ်ကြပါလေ ဆိုတုံပေသော် ရွှေပြည်ဘုရင် မြောက်နန်းစံတို့ ကျွန်ဖြစ်ကြောင်းကို ပေါင်းမျှားဖျင်ကေ လူရှင်သိစေ တိုင်းပြည်လည်းပျာ ပြည်ကိုပတ်ကေ စည်ခတ်လေဟု ဆိုပေသောခါ မင်းအာဏာနှင့် မှူးတော်မတ်တို့ ခတ်တီးဆော်ကေ ပဒုမ္မာမေလှ ထိုနောက်တဘန် မြောက်နန်းစံကို ကျွန်ဒါသက လွှတ်ထစေရန် လင်မင်းကောင်းကို လျှောက်တောင်းပန်၍ နိုင်ငံသိစေ ကျွန်အရာက လွှတ်ပါကြောင်းကို စည်မောင်းလယ်ကေ ပြည်သူခတင်း ကြီး,ငယ်မဆို မျှားထိုထိုကေ အိုအချင်းတို့ မင်းကြီးမယား အင်ငါးပါးနှင့် မိဖုယားတောင်ညာ ပဒုမ္မာကို ငါးရာမိန်းမ သူတို့ဉာဏ်လေ ဝက်န္တနှင့် ကြံဆတုံလိုက် ပဒုမ္မာထံ အစေခံကေ ကျွန်လျှင်ဖြစ်လည်း ကြင်ချစ်မေတ္တာ ရှိခြင်းရာကြောင့် ပြန်ကာလည်းလွှတ် ကျွန်အရာက မှန်စွာလွတ်ဟု ခတ်ကာလည်းတီး အသီးသီးကေ စည်ကြီးလည်းလယ် တိုင်းပြည်သူလေ လူအမျှားကို ကြားသိစေရေ ချစ်ကြည်ဆပွား ကိုယ့်ရန်သူလျှင် ဖြစ်တုံငြားလည်း မပွားမျက်မျမာန် လက်ဝဲရန်လေ ထေရ်မွန်ဆုကို ရမူပန်ကေ ဉပ္ပလဝဏ်အလောင်း ပဒုမ္မာဟု သညာရှိကေ မိန်းမကောင်းက အကြောင်းထောက်မြော် လူတကာကို ချမ်းသာစေတတ် ရန်သူဖြစ်ပြန် မြောက်နန်းစံကို ကျွန်ကလွှတ်ကေ မမြတ်အကျိုး ထိုက္ကတ္တိလေ မိန်းမဆိုးတို့ ပွားတိုးမျက်မာန် မေပဒုံကို ရန်မူရှောင်းလို့ မကောင်းကြံလည်း ပြန်၍ကိုယ်၌ အကုသိုလ်ကေ ထိုအပြစ်ကြောင့် ဖြစ်သည်ကျေးကျွန် လွှတ်တုံပြန်မှ လွတ်ပြန်လေရှောင်း မျှားစုံစီလေ ဤအကြောင်းကို လူပေါင်းသံဝေ။ ။ မိမိဉာဏ်နှင့် ကြံကာဆသော် ရကြစေလေ။ ။

## ပဒုမ္မာမိဖုယား တောင်ညာထားလျှင် သားလှရွှေစင်ပုလဲသွင်ကို ယောဉ်ကျူးခန်း

ရကြစေလေ ထိုသည်ကာလေ ပါရမီဟုန် စာဂီစုံကေ ပဒုမ္မမှာ ပုတ္တရတနာ ပစ္စေကာလေ လောင်းတော်မျှားကေ သားငါးရာမှာ မာတာမေလှ သြရသကို ယုယပြီးလျှင် လက်ခွီးတင်ကေ ပါးပြင်ဘက်ယမ်း ကိုယ့်သည်းအူကို ကြူကြူနမ်း၍ ချိုရွှမ်းနို့ရည် ရင်ခွင်ပိုက်လို့ တိုက်တုံပေကေ ထိုသည်မျှားလှ ဉဏ္ဏကူလေ ပုံတမျှကို ပုတ္တရတနာ လေးရာကိုးဆယ် ထဝမ်းပေါက်ကေ ကိုးယောက်သားကို မိဖုယားငယ် ငါးရာမေနှင့် ထားပေပြီးမှ တောင်နန်းပျော်မှာ ပုတ္တာသားကေ သြရသကို ပဒုမ္မကုမ္မာ ဘွဲ့တံဆိပ်ကို နှိပ်ပြီးခါမှ မင်္ဂလာရက်တွင် ရွှေကြိုးသွယ်ကေ စိန်ချယ်ခတ်လို့

ပုခက်ပြင်မှာ ချတင်ပြီးထွယ် ဧယာဉ်ယာဉ်လေ လွှဲငင်ပြုပျာ ကျူလိုက်မည်ကေ အလယ်ဗဟိုရ်လေးဒီပါကို ရောင်ဝါချင်းကေ တောင်မြင်းမိုရ်၏ ညာကိုခွေရစ် ယူဇနာလေ ထာကိုပေါင်းကေ တသောင်းတိုက် ကောင်းမြိုက်ကြက်သရေ မြင်းမိုရ်တောင်လေ မြရောင်ထွန်းကေ ကျွန်းသပြည်မှာ ရွှေပြည်ဗာရာ တိုင်းအောင်ချာတွင် မဟာသမတ မနုဆိုကေ ထိုမင်းကလျှင် စ၍နွယ်ရိုး ထီးနန်းခရိုင် ယခုတိုင်လျှင် အုပ်ပိုင်စိုးကေ အမျိုးသန့်စင် ဘုန်းတေဇာကေ သမ္မာရှိကေ သာကီဝင်ဟု ပေါ်ထင်တန်ခိုး ကြငှန်းစိုးကေ ဘေးဘိုးဆင်းသက် သားဘုန်းခေါင်လေ မောင်လက်ထက်ကို ကနက္ကဒါန် ညီးလူလူလေ ထီးဖြူကြက်လို့ ရှစ်ချက်ရံကေ ဆက်ဆံစိုးကျင် တန်ခိုးထင်လို့ မေ့လင်မင်းမြတ် ငါ့သားသည်းချာ ဘပီတာလေ ပြဟ္မဒတ်နှင့် သက်မှတ်ကျွမ်းဝင် ငါမိခင်က ကြာတွင်မှီခ ကြာပန်းလယ်မှာ သန္ဓေရလို့ ဒေဝမျိုးနွယ် မောင်ဘိုးတော်လေ စျာန်ပျော်မွေ့ကေ ရသေ့ထေရ်က မွေးမေကိုလျှင် မိဝမ်းဝင်လေ ရွှေရင်ဘွားကေ သားဘခင်နှင့် တူပင်လက်ထပ် ပတ္တမြားရွှေ နှစ်ပြားငွေသို့ ဂဟေစပ်က ပြည်မြတ်ဗာရာ တိုင်းအောင်ချာမှာ တောင်ညာနှင်းအပ် သားရွှေစင်လေ ဘခင်မြတ်နှင့် ပေါင်းစပ်တူစုံ မယားလင်လေ ကြင်မလေ့နှင့် ရင်ငွေ့လှုံကေ မွေ့တုံပျော်ပါး ကြငှန်းထိပ်ခေါင် နန်းရိပ်ဆောင်တွင် မောင်ကိုဘွားသော် ဆင့်ပွားများလိုက် ယင်မတသောက် သွေးတပေါက်မှာ တယောက်ဖြစ်လျက် သားချစ်ငါးရာ မှန်စင်စစ်လျှင် ဖြစ်တုံပါကေ သည်းချာသားလှ ဩရသမှာ နန်းမမွေခံ ဘရိုက်ရာကို နောင်ခါမိုးလို့ ဆက်စိုးခံပျာ ပျော်စံပြီးထွယ် လက်ရုံးထောင်ပျာ ဘုန်းရောင်မိုးကေ စိုးရမည်စု သက်ဝေပုလဲ ပုခက်ယာဉ်မှာ မိခင်လွှဲဝင်ကေ။ ။ ဧလေးယာဉ်ယာဉ် ဧယာဉ်ယာဉ်လေ။ ။

ဧယာဉ်ယာဉ်ကေ လွှဲကြိတ်ကြိတ် နန်းမြည်ိုမှာ သားကိုသိပ်၍ အိပ်ပါမောင်လှ မေ့သည်းအူကေ ပဒုမ္မဟု ချိုမြသာယာ သီချင်းဆိုပျာ သားကိုအိပ်အောင် သိပ်လေပါကေ လေးရာကိုးဆယ် တဝမ်းပေါက်ကေ ကိုးယောက်ဝယ်ဟု သားငယ်များမှ ကိုယ့်သည်းလှလေ ဟူသမျှကို ယုယမြတ်လေး သားကြီးကိုလေ နို့ချိုကျွေးကေ ဤနည်းဖြင့်သာ များခြွေရံကေ ကျွန်ဂုမ္မနှင့် မွေးစပါသော် ပထနာဟေတု ကုသိုလ်ဟုန်လေ ပြုတုံရှောင်းကေ ရှေးကောင်းမှုကြောင့် ပေါင်းစုများစွာ သားငါးရာတို့ ဖျားနာကင်းဝေး လွန်ချမ်းဧလို့ ဘေးကျမ်းလည်းကွာ ဝေးလွန်းစွာဖြင့် ကျန်းမာတုံလတ် တဆတ်ဆတ်ကေ တွားတတ်ထိုတတ် ပြိုင်းပေါက်တတ်ကေ ရတမ်းကပင် သားငါးရာတို့ ထ,ကာသွားလို့ ဘဝါးထင်ကေ များဖျင်တုံလှ ဘုရားလျာလေ ငါးရာသားတို့ ကစားကြ၍ မွေးဘမိခင် လွန်ဝမ်းသာကေ နန်းတော်ထဲ၌ ကျွေးသုတ်သင်လို့ ကြာတင်မြင့်ရှယ် သက်အရွယ်လေ တဆယ်ခြောက်သို့ ရောက်ကြလေသော် ပါရမေထွန်းပ ပစ္စေကာလေ ငါးရာပေါင်းကေ လောင်းဗုဒ္ဓတို့ ဇေဋ္ဌတွင်ငြား မြတ်အစ်ကိုယ်လေ ထိုစကားကို ရွှေနားလည်းခံ ခမည်းကျော်မှာ သည်းချာသားတို့ ကစားရန်လျှင် ရေကန်မင်္ဂလာ ဥယာဉ်သာမှာ ထူးကာလည်းထား ပေါင်းများစွာလေ ငါးရာသားတို့ ပျော်ပါးကြရာ ကာလကြာသော် အခါတပါး ပန်းရိပ်မြိုင်နှင့် ဥယာဉ်တောမှာ ကစားပြီးခါ ရေကန်သာမှာ ရွှေကြာလှပ နေအာရုဏ်တွင် ပွင့်တုံကြကေ ပေါက်ခွရဝေလျှံ ထိုရေကန်မှာ အလွန်ပျော်ပါး ပေါင်းငါးရာလေ လောင်းလျာများတို့ ကစားကြရာ မနက်ခါဝယ် ရွှေကြာလှပ ချပ်ဆင့်စုံကေ ပွင့်တုံကြလို့ ညချမ်းလတ်သော် နေသူရှိန်လေ ရောင်ဟိန်ထိုးလို့ နွမ်းညိုးလျော်ကေ ရွှန့်ကာပိန်ရှုတ် မွှေးမထုံကေ မှုံသုတ်သုတ်နှင့် အလှုတ်မခံ ရှေ့ကနည်းနှင့် ဖောက်လွှဲဟံကို မြင်ပြန်သောခါ ဖြည့်ခဲ့ပါကေ ကမ္ဘာလီလီ ပါရမီလျှင် ဝသီဟေတု တောင်းဆုဆိုင်လေ ကုသိုလ်ပေါင်းလျှင် အကြောင်းပြု၍ ထောက်ရှုရွှေဉာဏ် များစုံလင်လေ ဆင်ခြင်ဟန်က အမှန်ခုမူ ကြာပဒုမ်လျှင် အာရုဏ်တက်စ အသင့်စုံကေ ပွင့်ပုံလှလို့ ခုမှမှန်စွာ ဤကြာပန်းတို့ မလန်းပါဘဲ နွမ်းကာညိုးဘိ ဝိပရိနှင့် အဝိဉာဏက ဥတုစလျှင် နဝကလပ် ရုပ်ဓာတ်မရှိ သို့ဖြစ်ဘိ၍ ဇီဝိတိန္ဒြေ ငါတို့နှယ်လျှင် မတည်ပါ့ဘဲ ရှေးကဟန်နှင့် အမှန်တွဲလို့ ဘောက်လွှဲတုံမြောက် တို့ရုပ်ရေလေ၊ ။ ပျက်မည်ရေးကို တွေးလို့ကြောက်တေ။

ဖဿဖဿဖဿ

## ပဒုမ္မာသည်းချာ သားငါးရာတို့သည် ပစ္စေက
## ဗုဒ္ဓဉာဏ်ကိုရ၍ ဂန္ဓမာဒနတောင်ယံသို့
## ဈာန်နှင့်ပျံသွားတော်မူကြစခန်း

တွေးလို့ကြောက်ကေ ထောက်ထားဆင်ခြင် ငါတို့လျှင်လေ ယခင်ရှေးက ရုပ်နှင့်နာမ်နှင့် ဖောက်ပြန်ခလို့ ခုကတဘန် စြဖ်လှာခဲ့လည်း မမြဲပြန်ကေ ဝိဉာဏ်နံရုပ် ဤခန္ဓာလေ မဟာဘုတ်လျှင် ရေမြုပ်တံလျှပ် ပုံသဏ္ဌာန်သို့

ပျက်ပြန်လတ်၍ နောက်ထပ်တခါ ဖြစ်တုံခဲ့လည်း မမြဲပါထဲ ပမာဉ်ုနည်း ညွှန်တဏှာနှင့် သံသာစက်မှာ ဖြစ်ပျက်မြဲကေ ဆင်းရဲကြီးစွာ အဝိဇ္ဇာနှင့် သလာယတန မဟုတ်ပါကေ ရုပ်ကာယလျှင် ဖဿဝေဒနာ မှန်မကွာကေ တဏှာတဘန် ဥပါဒါဏ်နှင့် ရုပ်နံ့ဆက်လက် သမုပ္ပါဒ်ကေ ရဟတ်စက်က လွတ်ထွက်တွေပင် စံကို့တွာလေ ပမာဏသို့ စမမြင်ကေ နောင်လျှင်ဘဝ အဆက်မပြတ် စက်ရဟတ်မှာ မဝတ်ရအောင် ဝိပဿနာ ပညာကြံစည် အမြင်သံကေ ဉာဏ်ဆီမီးကို ထွန်းညှိမည်ဟု သံဝေလန့်ထိပ် ဖြစ်ပျက်မည်ကို ကြောက်သည်စိတ်နှင့် နိဗ္ဗိန္ဒိဉာဏ် မီးတန်းဆောင်သို့ အရောင်လင်း၍ အရင်းခံကေ အနိစ္စဒုက္ခအနတ္တဟု မှတ်ဆအပ်စွာ အဋ္ဌကလပ် သဟဇာတ်ဖြင့် ဓာတ်လေးဖြာကို ခန္ဓာရုပ်ကိုယ် မှန်မဟုတ်ဘဲ သမုတ်ဆိုလည်း ပုဂ္ဂိုလ်သတ္တဝါ နတ်ဗြဟ္မာက သူငါတပါး သုံးဆယ်စုံကေ တဘုံသားတို့ ယောကျ်ားမိန်းမ သမုတ်ကြလည်း နိစ္စသုခ သုဘမဟုတ် ဓာတ်လေးဖြာလေ မဟာဘုတ်ကို သမုတ်ပညတ် ဘုံလောကီမှာ ဤလေးရပ်ဖြင့် မှတ်၍ တဘန် ဉာဏ်ချိန်ခွင်နှင့် ဆင်ခြင်ထောက်လို့ မတောက်ပြန်အောင် ရုပ်နာမ်ခန္ဓာ ရွံ့စရာကေ အာယာတနာဓာတ် အဟုတ်မှတ်လို့ ဥပတ်-ဋ္ဌီ-တင်မှန်ကျင်မမြဲ ဓမ္မတာလေ သံသရာဝဲမှာ ဆင်းရဲအစု လူနှင့်နတ်ဟု ရုပ်ဝတ္ထုတို့ အသုဘစစ် မူလဖြစ်၍ အနှစ်မပါ ရုပ်နှင့်နာမ်ကို ရွံ့မချစ်ဘဲ ပစ်စရာကေ အကာအတိ ကာယဆိုကေ ကိုယ်မရှိဟု တိလက္ခဏာ ဘုရားလျာလေ ငါးရာပေါင်းကေ လောင်းဗုဒ္ဓါတို့ ဘာဝဏာသုံးတန် အတန်တန်လျှင် မြဲမြံသုံးသတ် နှလုံးကပ်၍ ဆုံးဖြတ်ပိုင်ပိုင် ဉာဏ်သမာဓိ ကြံကာသိသော် ကိလေအိုင်က မဏ္ဍိုင်ဝိမုတ် မဂ်လောကုတ်ကို ပုဒ်ကသိဏ် ပရိကံဖြင့် သတိဉာဏ်နှိုင်း ရှိသည်ကိလေ ပရိဒေလို တိချေပိုင်းလို့ ကသိုဏ်းကိုမူ အာရုဏ်စိတ်နှင့် နိမိတ်ယူလို့ ဆံဖြူမရှိ ဖြစ်ခြင်းပျက်ခြင်းမြိုက်အရင်းကို အလင်းသိအောင် ပဋိဘာက ဥဂ္ဂတဟု ထင်ကြသုံးချက် ရုပ်ကာဆိုင်းကေ ကသိုဏ်းကွက်၌ ဝိတတ်မရှိ လေးဝိထိနှင့် သမာဓိဥပစာ အပ္ပဏာပစ္စဝက် စိတ်တက္ခဏ အဘိဉာဏ်ကေ စျာန်ကိစ္စနှင့် တဝတည်းထုံ ဇောအာရုံသျှင် ဂေါတြတူစိတ် စေတသိက်နှင့် မဂ်ရိပ်ဖိုလ်ခွင် ထိုအခါတွင် ခိုကာဝင်လို့ အရှင်မရှိ ဝဋ္ဋဒုက္ခရင်း မုတ်ချကင်းအောင် အလင်းသိလို့ ဗောဓိဖူးငုံ မိုက်သည်မှောင်ကို။ ။ ဉာဏ်ရောင်လင်းလို့ ပွင့်တော်မူရေ။

ပွင့်တော်မူကေ ပဒုမ်မိဖုရား ပေါင်းများစွာလေ ငါးရာသားတို့ ဘုရားပစ္စေ မှန်စင်စစ်လျှင် နှစ်သချော်နှင့် ထွက်ရေကမ္ဘာ ပဏာန်းကိန်းဖြင့် တသိန်းကြာကေ မဟာစာဂီ အခါညီအောင် ပါရမီဆယ်ပါး ပြည့်လေငြားကေ အပြားသုံးဆယ် ထိုသည်နေ့၌ စေ့တုံပေ၍ လေးသွယ်သစ္စာ ဆဲ့ခြောက်ဖြာကို အင်္ဂါမကြွင်း အပြီးတိုင်လျှင် သိနိုင်ခြင်းဖြင့် မလင်းမိုက်ကာ ဖုန်းလွှမ်းပိတ်သည် အဝိဇ္ဇာကို ပညာလက်နက် ညှိထွန်းပြောင်ကေ ထိုမှောင်မိုက်ကို တိုက်ဖြိုဖျက်လို့ အဋ္ဌေါပုဂ္ဂလံ အရဟံသတ္တာ သမ္မာဗုဒ္ဓ နုတ္တရဟု မုတ်ချစင်စစ် ပစ္စေကာလျှင် ဉာဏ်တော်လင်းကေ မကြွင်းဖြစ်ကကြာ၍ပြကတော့ တက်ကာထိုင်ကေ ထင်းဖိုင်းဖွဲ့လို့ တည့်တည့်မတ်မတ် ပ္လင်္ကြန်နှင့် နေတုံလတ်က ရုံပတ်များစွာ နောက်တော်ပါတို့ ထိုခါတဘန် နန်းဝေယံကို ပြန်တော်မူကြောင်း ရေကန်သာမှာ ပန်ထွာမြောက်မပျာ လျှော်လေရှောင်းက သံညောင်းသာချို ရှင်ပစ္စေတို့ ခွန်းရွှေနှုတ်က ထုတ်မဆိုကေ လူပိုလ်များစွာ ပြန်လေပါ၍ နန်းမှာလည်းရောက် ရွှေပြည့်ရှင်ကို ဦးတင်လျှောက်တေ ဘုန်းတောက်ရာဇာ မြတ်သားကျော်တို့ ကန်တော်၌တွင် နေခြင်းအင်ကို မမြင်စဘူး ထူးထူးဆန်းဆန်း ကြာပဒုမ်လေ ဖူးငုံပန်းမှာ စံမြန်းထက်ဝေ ပေါင်းငါးရာလေ သားတော်လှတို့ နေကြပေကေ ရွှေဘုံဗိမာန် ကျွန်တို့အပေါင်း ပြန်ဘို့ကြောင်းကို လျှောက်တောင်းပန်လည်း ပြန်၍မပြော တိတ်တိတ်ပင်လျှင် နေကျင်ငြားဟု လျှောက်ကြားသောခါ ဘ-ရာဇာက ပြန်ကာမနေ ငါ့သည်းချာလေ ငါးရာပေါင်းကို စောင့်ကြချေဟု မိန့်ကြအာဏာ မှတ်လေပါကေ ပြန်ကာသွားမြောက် ထိုရေကန်ကို ခြွေရံရောက်က ထွန်းတောက်ရောင်ဝါ သူရိယလျှင် ဝင်တော်မူထ တောင်သပြေမှာ။ ။ ရောင်ခြေထွန်းကေ လ-ဝန်းပရေ။

လ-ဝန်းပ-ကေ ထိုညတဘန် ထိုရေကန်မှာ ခြွေရံပိုလ်ခြေ စောင့်လို့နေကေ ထိုသည်အခါ သူရိယာလေ ရောင်ဝါဝင်းလို့ မိုးလင်းပါသော် ငါးရားဘုရား ရှေးကကန်သို့ နေပြန်ငြားက အများပိုလ်ပါ ထိုအခါဝယ် ပန်ထွာတုတ်မြောက် နန်းဝေယံကို ပြန်ပါကြောင်းနှင့် ထပ်လောင်းလျှောက်တေ များမြောက်ညီနောင် မင်းသားမောင်ကေ ဘုန်းရောင်ထွန်းငြား စိုးထွတ်တင်ကေ တို့ရှင်သားလေ သွားချိန်လည်းတံ နန်းဝေယံကို ပြန်ချိန်လည်းကျ ရေကန်သာယာ တက်ကြပါဟု ခ-ယတုတ်မြောက် ခြွေအရံတို့ ပန်းကြားလျှောက်က များမြောက်ငါးရာ ပစ္စေကာတွင် ပဒုမ္မာမည်ထ မြတ်ဗုဒ္ဓါမှာ နှုတ်တော်ဟ-ရေ ရာဇမင်းဖျား ပဒုမ္မာလေ ပုတ္တသားလျှင် တို့ကားအညီ လူစင်စစ်လျှင် မဖြစ်ပြီလေ လေးထီသစ္စာ ပွင့်တုံလိုက်လို့ ပစ္စေကာလျှင် ငါးရာစင်စစ် ငါတို့မှာကေ မှန်စွာဖြစ်ဟု ခွန်းလှိုက်သံသာ ဆိုလေပါသော် တောင်ညာမွေးဘွား ဦးထိပ်တင်ကေ တို့ရှင်သားလေ ဘုရားပစ္စေကာ ဆိုခြင်းရာက ကေသာမုတ်ဆိတ် လွန်သပ္ပါယ်အောင် ဖြတ်ပယ်ရိတ်လို့ ချိတ်ရည်ရောင်ရွှမ်း ဝတ်ဆင်ရာမှာ လျော်သက်န်းနှင့် ရဟန်းပစ္စေကာ လက္ခဏာမှာ

ပရိက္ခရာရှစ်ပါး အလုံးစုံလေ ပါတုံညားလျက် ရှင်သားတို့မှာ ယခုခါက တန်းဆာချောမွတ် မင်းသားဟူကေ လူအဝတ်နှင့် မအပ်မရာ ဝန်ခံပါကေ မလျော်တုံရှောင်း လူတို့မှာလေ ငါဘုရားဟု မပြောကောင်းပါ အကြောင်းလျောက်ခါ ပေါင်းငါးရာတို့ ထိုခါမချွတ် ဦးခေါင်းပေါ်ကို ညာရွှေလက်နှင့် တင်လျက်ပွတ်လို့ သုံးသတ်တုံလေ ဆံမုတ်ဆိတ်လည်း ဖြတ်ရိတ်ပယ်သို့ ချိတ်ရည်သင်္ကန်း ပရိက္ခရာ သပိတ်တော်တို့ ပေါ်လှာထွန်းလို့ ရဟန်းရုပ်ရေ လူရုပ်ပျောက်လို့ ရောက်တုံလေကေ ထိုသည်အတိုင်း အဘိဉာဏ်လေ စျာန်ကသိုဏ်းနှင့် မဆိုင်းမနေ ဂန္ဓမာလေ စံဌာနသို့ ပျံကြွလေကေ ဗိုလ်ခြေအများ ထိုရေကန်မှာ ဝန်းရံသားတို့ သနားစရာ ညိုးမျက်နှာနှင့် ပြန်ကာမနေ သွားကြလေ၍ နန်းဝေရောက်က ခမည်းကျော်နှင့် မေတော်လှကို လျှောက်ကြခြင်းရာ အကြောင်းမှာက ရာဇာမင်းဖျား ရင်သည်းချာကေ ငါးရာသားတို့ ဘုရားစင်စစ် သုံးရပက်ဘောင်တွင် ခေါင်တုလွတ်ကေ အမြတ်ဖြစ်လျက် သိုက်သိုက်မကျန် ကောင်းကင်ယံတို့ ဝဲပျံတုံငြား ॥ ॥ အဘိဉာဏ်လေ စျာန်ကိုရ-ကေ ကြွကာသွားရေ။ ॥

ကြွကာသွားကေ လျောက်ကြားသောခါ မိမာတာနှင့် ရာဇာမင်းဖျား ကြောင်းမျိုးစုံကို အကုန်ကြားက မိန်းမောသေသတ် မေမွန်းရှင်မှာ ရင်လက်ခတ်၍ သက်ပြတ်တွေမူ စံမြန်းပျော်ကေ နန်းတော်ဦးမှာ ရူးတူးမှိုင်တိုင် မနေနိုင်ကေ ခွေယည်ပြောင်းညွတ် ဘုရားမြတ်စွာ သားထွတ်ချာကြောင့် ရူးကာသွတ်သို့ လှနတ်တောင်ညာ ပဒုမ္မာမှာ ငါးရာသောသား ကစားရာလေ ကန်တော်သို့လျှင် ပြေးလို့သွားလို အများဗိုလ်ပါ နော်တော်၌လျှင် လိုက်လေပါသော် ပူဇော်လည်းစုံ မွေးမိခင်မှာ ရင်ကိုထုလို့ ဦးပြီးဆံပြေ နှစ်ဘက်ခြေသည် မြေမှာမကျေ ကန်တော်သာကို ရော်ကာလ၍ သားလှငါးရာ မမြင်ပါကေ ဂျိုးကြာလင်းကွက် စက္ကဝက်နှင့် ရေကြက်ဟသာ ငှက်ဇင်လျော်တို့ ဘာသာဘာဝ တကျော်ကျော်လေ တွန်ကာကျူးကေ မြူးပျော်ကြလို့ အမအဖို တ,ကာဆိုကေ သံချိုသာယာ တစာစာနှင့် ခေါ်ဝါကြပြန် ထိုရေကန်ကေ ဉယျာဉ်ထဲက ကြွေးကျော်သံလေ မည်မစဲ ကျေးတမာမှာ စာခွန်နွဲ့ကျွေးလို့ ဝမ်းဘဲဟသာ ငှက်လင်းပြာတို့ ရေမှာကျက်စား သုဘာသာနှင့် မြူးပျော်ပါးလို့ သောသောညံညံ ထိုဉယျာဉ်လေ ရေကန်တွင်း၌ နေခြင်းဟန်ကို မြင်ပြန်လေက များပူဟုန်နှင့် ပဒုမ္မာမှာ ဗျာယ-ကဲမောက် မီးတောက်ရာမှာ ဆီလာလျောက်သို့ စိတ်နောက်ဗျာဝေ ချာချာလယ်ကေ ထွက်လေတိုင်း ဆွဲ ငွေတဝင်လေ် ရွှေရင်ဝမှာ မီးစခဲသို့ ကြွေးတည်ည် ငိုခြင်းဟန်က ဇာကံနှိပ်စက် ငါ့မှာသော်လေ ဇာဝိပါက်လည်း ဖြစ်ချက်မလှ ဘုရားလျာလေ ငါးရာသားကို ဘွားမြော်ရ-လို့ ကာလမြန်စွာ ဘုံကြင့်နုန်းဟု နန်းတော်သာမှာ ရှည်ကြာအမြဲ ငါးရာအမှန် များခွေရုံနှင့် စံမည်ဆဲတွင် ပုလဲတစု မိသက်ဝေက ရွှေဆင်းတုသို့ ယခုစင်စစ်ဗောဓိငုံဟု ဘုံသုံးပါးမှာ ဘုရားဖြစ်လို့ သိုက်သိုက်မကျန် ဤရေကန်က မပြန်ရွှေနန်း မိုးတိမ်ယံကို စျာန်ဖြင့်လှမ်းကေ ပျံသန်းကြလေ ရွှေစင်ပျက်ကို တချက်ပင်လျှင် မမြင်လိုက်ရ။ ॥ နဖူးစာလေ ကြမ္မာညိုးလေ ကံဆိုးမ-လေ။ ॥

ကံဆိုးမ-လေ မျှော်တယမ်းယမ်း ထက်ဝဋ္ဋာလေ အာကာလမ်းကို မျက်မှန်းချီကာ သားသက်စုကို ကြည့်ရှုမျှော်လည်း မမြော်ပါဘဲ နေသူရိန်လေ ရောင်ဟိန်ပျက်ကေ မျက်စိမွဲမျှ လက်ဝဲလက်ျာ လေးမျက်နှာကေ ဒီသာရှေ့နောက် ဒက္ခိဏာဥတ္တရာ ရပ်မျက်နှာကို ပတ်ကာနှော်ကေ တောင်မြော်လေးပါး ဘုရားများစွာ သားငါးရာကို ရှုမျှော်ငြားက တပါးကိုမျှ မွေးမိခင်မှာ မမြင်ရဘဲ ပျပျမှိုင်းမှိုင်း မြုံခိုချုံကေ မှုံကာဝိုင်းလို့ လှူတိုင်းရင်ခွင် အဝေးရပ်တို့ ဝန်းပတ်မြင်ကေ စိတ်တွင်ပျန့်ပျူ ထဲဘဝင်မှာ မရွှင်မှုနှင့် ဝမ်းနုဝမ်းပါး သားသည်းချာကေ ငါးရာများကြောင့် ပွားသည်အပူ စိတ်မရွှင်ကေ သွေးလျှင်ပျက်လို့ ရတက်ဆူအောင် ကြုကြုညည် မျက်ရည်ယိုကေ ငိုလတ်ဟန်က မရံဘဝ တောင်းသည်ဆိုကေ ကုသလကြောင့် ခုဘဝမှာ သားငါးရာကေ များစွာပုတ္တ ပဒုမ္မာမှာ စုံစွာရက မွေးစကပင် ငါမိခင်လေ များဖျင်ဒုက္ခ သားသည်းအူကြောင့် ဆွေးပူရလျက် ပြည်ကတောင်ပင် မိန်းမယုတ်ကြောင့် ထုတ်ကာနှင်ကေ သားရှင်တို့ကို မနာလို၍ မျက်ငြိုလည်းထား မြစ်လဟာမှာ ပစ်ကာမျှောက ငါ့သားသည်းချာ အာနုဘော်ကြောင့် ခန္ဓာမပျောက် မိမာတာလေ ပြန်ကာရောက်၍ ချစ်လောက်ကြင်နာ နန်းရိပ်ခွင်တွင် သုတ်သင်ကျွေးလို့ မွေးစားပါသော် သည်းချာမျက်ရှု တစုဘော်ရွှေ ရှုစထွေကေ ရွှေဆင်းတုသို့ နုလည်းနုနယ် ရှုစဘွယ်ကေ ငယ်လည်းငယ်သေး မွေးမိခင်နှင့် မွေးဘခင်မှာ လည်တွင်ဆွဲကေ ရွှေခဲရွှေတုံး ရှုမဆုံးကေ ဂမုံးပန်းပင် အရွယ်ရောက်လို့ ကြီးမြောက်ကျင်၍ မိခင်ငါက ဘ,နန်းစံနှင့် ကြံတုံကြရေ ဗာရာကြဋ္ဌန်း ပဒုမ္မာလေ သားတော်ကြီးကို ထီးနှင့်နန်းလျှင် စံမြန်းစိမည် ပေါင်းအများကေ သားတို့ဝယ်က ပြည်အချို့ချို့ ရာ့တပြည်ကေ ဌာနေမြို့ကို ဝေဖို့ပြီးထွယ် အသီးသီးကေ စံစိမည်ဟု ကြံစည်တိုင်ပင် နေတုံးတွင်ကို သားရှင်ငါးရာ မွေးဘခင်နှင့် မိခင်ချစ်ကိုပစ်ပြီးခါမှ ပျံကာမနေ အဘိဉာဏ်လေ စျာန်တရားနှင့် သွားတုံလေကေ မွေးမေကိုယ်ချည်း။ ॥ သားငါးရာကြောင့် ဗျာပါ့တမ်းလေ လွမ်းမစဲလေ။ ॥

လွမ်းမစဲကေ ဝမ်းနည်းကွဲပြို အသည်းပြိုအောင် ဆွဲဆိုတမ်းယမ်း ပုလဲပျိုမှာ ကြွေးငိုလွမ်းရေ ရွှေနန်းရိပ်ခွင်

ငါမိခင်မှာ ချစ်ကြင်မဝ ဘုရားလျှာလေ ငါးရာသားကေ အများရ,လို့ချိုမြသာယာ တည်ည်လေ သံမစဲဘဲ မွေးမာတာ ဟု ခေါ်ဝေါ်တုံကြ ပစ္စေကာလျှင် ခုခါဖြစ်ကေ ပစ်စွန့်ကြက ခုကတမူ နှုတ်သံခြေနှင့် မေတော်ဟူ၍ ပျူပျူငိုငို ဘယ်သူလာကေ ခေါ်လှာစတို့ မိချစ်သူလေ သည်းအူတို့ကို ရှုလို့မကုန် နန်းရွှေဘုံမှာ တူစုံတကွ အများသည်းချာ ပုလဲညှာကေ မေတော်လှနှင့် မွေးဘရာဇာ တူမကွာကေ စံပျော်မည်ဆဲ ယခုပင်လေ အရှင်ကွဲကေ ရင်ထဲလှိုက်ဆူ သည်းနှင့်အူကို ခွဲယူသောသွင် နေမရွှင်ကေ ပွေအင်ဗျာယ ရှေးကခါလေ သားတော်လှကို နန်းဥကင်လေ ရွှေရင်ပြင်မှာ ထွက်ဝင်လူးလာ တသဲသဲနှင့် မစဲပါကေ ခုမှာတဘန် နန်းဝေယံမှာ ဆိတ်ညံတုံမြောက် သားလျှင်ဟူကေ စုံတယောက်မျှ မရောက်မမြင် စံမြန်းပျော်ကေ နန်းတော်ထက်၌ မထွက်ကျင်ကေ သားလျှင်ဟူက ငါးရာအပြင် တယောက်ပင်လေ မမြင်ရသော် မိလှငါသည် သားငါးရာနှင့် ရှင်ကွာကွဲလို့ အေးနိုင်မည်လေ အကယ်၍ပင် ပစ္စေကာလျှင် မြတ်စွာစစ်ကေ ဖြစ်ပါခြင်းလည်း သားရှင်အများ သက်အရွယ်ကေ ကြီးပေငြားမှ ဘုရားဖြစ်ရန် ကျင့်ခြိုခြံပျာ နိဗ္ဗာန်အောင်ဆု အမတ မည် ဌာနပြည်ကို ရစေမှုဖြင့် ပြုကြလေမူ မေမပူကေ သည်းအူတွက်တာ ရွှင်ပျော်မြန်းပျာ လွန်ဝမ်းသာဘို့ ခုမှာသော်ခါ သက်အရွယ်လေ သားရွှေမြ,တို့ ငယ်လှပါကေ စံပျော်မည်ဆဲ ရှင်ပစ္စေလေ ဖြစ်လေနည်းကို ကြံတွေးတိုင်းမူ ဝဲဂယက်မှာ ယက်လှိုင်းဆဲလို့ သည်းအူအများ မွေးမာတာကို ပစ်ကာထားလို့ သွားလိုကြချင် စိတ်ရှိလျှင်လည်း အလျှင်က,ပင် မွေးမိခင်ကို ကြောင်းအင်မပြော သားလှဘုန်းခေါင် မသိအောင်ကေ ကြံဆောင်ငြားလို့ သွားကြလေနည်း ဤအရေးကြောင့် ကြေကွဲမကြည်။ ငါမိခင်မှာ ရွှေရင်ကွဲကေ လဲလုပြီလေ။ ။

လဲလုပြီကေ ဒေဝီမိဖုယား ဖြစ်လေမှန်စွာ ပစ္စေကာကေ ငါးရာသားကြောင့် တရားလက်ကိုင် မီးပရိဒေ သတိဆယ်လို့ မဖြစ်နိုင်ကေ ခွေယိုင်ပျောင်းညွတ် ထုလေမရွှင် နုရွှေရင်ကို လက်တင်ခတ်လို့ သက်ပြတ်ခန္ဓာ ပဒုမ္မာမှာ သေပါတော့လား ပစ္စေကာလေ ငါးရာများကေ ရင်သားနှင့်ကွဲ အလွဲလွဲကေ ဆင်းရဲဘွယ်ပင် မနေခြင်ကေ သေလျှင်မြတ် မည် ဒုက္ခကောင်လေ လောင်စာထပ်မှာ မှတ်တော့လေကေ ရှေးဝယ်အခါ နန်းတော်သာမှာ ငါးရာသားတို့ ကစားရာကို မာတာနို့ရှင် ထွက်လေကျင်သော် စိတ်တွင်ပကတိ သားလှများဖျင် မျက်နှာပြင်ကို မြင်တုံမိ၍ သတိမခိုင် တရားဖြေလို့ မဆယ်နိုင်ကေ မူးမှိုင်မိန်းမော ဟိုက်ကာငိုပျာ ဆိုစကားက ငါ့သားငါးရာ ဘုံသုံးပါး၌ စောသတ္တာသည် မြတ်စွာစင်စစ် ပစ္စေကာလျှင် မှန်စွာဖြစ်လျက် ခွန်းလှိုက်ထုတ်ငြား မိမာတာလျှင် ငါ့၏အားကို တရားဦးစွာ မြိုက်ရသာလျှင် တိုက်ကာ ပြောကေ ဟောသင့်ပါရေ သားတော်ဘုရား ရွှေနှုတ်တော်က ထုတ်ဘော်ဟောက တရားလည်းရ ငါတမူကေ မပူရပါ ခုမှသောခါ ဘုရားစစ်လျှင် သားဖြစ်ရာကို မေတော်မိချစ် စုံတစိမျှ မသိလိုက်ဘဲ သိုက်သိုက်မကျန် စျာန်လျှင်ထ-လို့ ကြွလေပြန်၍ ခြွေရံများစွာ အရော်လာကေ လျှောက်လှာပြီးမှ မေတမူလေ နန်းသူမိမှာ သိပါရလို့ ထ၍လျင်မြန် လိုက်လာပြန်သော် ရေကန်ရပ်မှာ ရတနာလေ ငါးရာသားတို့ ကစားရာတွင် ကြာကိုသာက ငါမိခင်မှာ မြင်လှာရလို့ စိတ်ကဘဲ့နှယ် တရားဖြေကေ ပြေနိုင်မည်လား အသွယ်သွယ်ကို မေစဉ်းစားကေ များထက်များလို့ တရားဆင်ခြင်ပြ နားမဝင်ကေ ကြောင်းအင်ထိုသို့ အချို့ချို့ကို တွက်လို့မကုန် နောမရွှင်လေ ရွှေရင်ထဲမှာ အသည်းတုံကေ ဆွဲတုံပြောင် ညီး ကမ္ဘာဘောင်ကို လောင်သည့်မီးမှ ချမ်းငြိမ်းမည်ထင် ဤလူ့ခွင်မှာ အကြင်မိန်းမ ဣတ္ထိယ-တို့ ပုတ္တာပတ္တမြား ကြင်ဆပွားသည် သားနှင့်မိခင် သူတို့တွင်လေ သေ-ရှင်-ကွာကွဲ ခပ်သိမ်းသူတို့ ရှိတုံခဲ့လည်း ရင်သွေးတယောက် အလွန်အားဖြင့် သားနှစ်ယောက်သာ မေ့မှာသော်က ငါးရာလုံးလုံး တပြိုင်နက်ပင် ပျောက်ပျက်ပြုံးလို့ မနှုံးနိုင်သာ မေပူရာလေ ကမ္ဘာမီးထက် ကြီးလှပါဟု မာတာမိခင် ရွှေနို့ရှင်မှာ သေရှင်မတတ် ရွှေရင်အုံကို လက်စုံခတ်လို့ မတ်တတ်ခွေ နှုံးနေ၍ ရွှင်လေ ရွှေတွင်ချုံးကေ။ ။ နှလုံးမီးတူ ပူတတ်လို့လေ။

ပူလတ်လို့လေ ပူလို့တဖန် များခြွေရံတို့ ကျိုးနွံခယ နန်းဝေယံကို ပြန်မည်ကြောင်းနှင့် တောင်းပန်ကြလည်း ရှုပ-ဆင်းဝါမြကတိုးပုံ လှမျိုးစုံကေ ပဒုမ္မာက နန်းတော်ဝေယံ မေမပြန်ကေ ရေကန်အနား ပန်းရိပ်မြိုင်ကေ ဥယျာဉ် တောမှာ ပျက်ပြားဇီဝေ မနေချင်ကေ မေလျှင်သေလည်း သေစေဒိဋ္ဌလောကဘောင်တွင် နောင်ဘဝမှာ သားလှငါးရာ ပစ္စေကာကို သဒ္ဓါမြတ်လေး တရားနာကေ ဆွမ်းတော်မွေးလို့ ကျွေးပါရစေ အဒိဋ္ဌ်လေ စိတ်ကြံပြုလို့ ဆုကိုရွယ်ကေ မပြေတမ်းယမ်း အသည်းခေါင်မှာ လောင်ကာကျွမ်းအောင် လွမ်းလေလွမ်းလေ တမ်းမပြေကေ နေခုနစ်စင်း အသူရိန် လေ ပူရှိန်ပြင်းသို့ ရင်တွင်းလှိုက်ဖို အသည်းညိုလျှင် ကွဲပြိုမတတ် ငါမိစ္ဆာကေ ပြာမှာဖြတ်ယောင် ထုခတ်မနာ သားသည်းအူကြောင့် အပူမီးလျှင် ကြီးလှပါကေ မြေမှာလူးလဲ ပရိဒေကေ ပွေအဆွဲကြောင့် အထဲကဆူ ကွဲလို့ကျအောင် သဲနှင့်အူမှာ အပူမကံ သူရကံယောင် ဆူလျှံစဲသည်းဘဝင်လေ ရွှေရင်ကွဲလို့ သေပွဲမရဏာပဒုမ္မာမှာ ခန္ဓာတုံးလို့ ဆုံးလေပါသော် များစွာခြွေရံ ငုံးမကျွန်တို့ ဥယျာဉ်အထဲ တသဲသဲကေ ငိုကြွေးကြဟန် ထိုဥယျာဉ်မှာ အသံမစဲ တချို့မှာလေ

နန်းတော်ထဲကို ပြေး၍လည်းသာ ထီးနန်းစံလေ ထံတော်မှောက်မှာ လျှောက်ခြင်းရာက တောင်ညာဒေဝီ ဥယျာဉ်တော်မှာ ခန္ဓာတုံးကေ ဆုံးလေပြီဟု အညီအညာ လက်ဆယ်ဖြာကို ထိပ်မှာမြှောက်လို့ လျှောက်လေပါသော် ဖြဟ္မဒတ္တ မင်းရာဇိန်ကေ နရိန္ဒမှာ သီဟာဘုံပျံ ခြသေ့်ရုပ်ဖြင့် ထုလုပ်ခံပျာ ဖလ်မှန်စီကွတ် ဘုံဥကင်လေ ပလ္လင်မြတ်မှာ မတ်တတ်ငေးမှိုင် ချွေးပြိုင်ပြိုင်နှင့် နေထိုင်မတတ် ကြာပဒုံကို နေဟုန်ခတ်သို့ ပျောင်းညွတ်ရုပ်ဝါ မျက်နှာတော်လေ မသာနွမ်းညှိုး ငါရာဇာမှာ ကံတော်ဆိုးကေ အကျိုးမဲ့စွာ ပဒုမ္မာလေ တောင်ညာဘွားကေ သားငါးရာကို အားတော်ကိုးပြန် ဘရိုက်ရာကို နောင်လာမိုးလို့ စိုးမစံကေ နိဗ္ဗာန်သခင် နတ်နှင့်လူတွင် မှန်ကူစစ်ကေ ဖြစ်လေကျင်သော် ညာတင်မြှောက်စားချစ်ကြင်ရာလေ လက်ျာထားကေ မိဖုရားမြတ် နန်းရိပ်ခိုလေ ညိုနွှေ့နှောင်းဟု ရှစ်သောင်းထွတ်လည်း နောက်ထပ်မကြာ သားငါးရာကြောင့် ပူဗျာနှလုံး ရင်ကွဲနာနှင့် ခန္ဓာဆုံးကေ ယူကျုံးမရ ငါရာဇာမှာ တကာယ-တည်း ဗာရာဏမည် ဤသည်ပြည်ကို စမွယ်အုပ်ချုပ် နန်းပလ္လင်မှာ မင်းလျှင်လုပ်လို့ ကျွန်ုပ်တဲ့နှယ်။ ။ ကြီးအပူကြောင့် ထီးဖြူမိုးပျာ စိုးနိုင်မည်လေ။

ဖွဆလဖွဆလဖွဆလ

## မိဖုရားပဒုမ္မာ၏ ခန္ဓာကာယ ပသာဒကို ဈာပနအလို့ ပြာကျအောင် သင်းဂြိုဟ်ရန် ဆိုသောအခန်း

စိုးနိုင်မည်လေ ဆိုပေပြီးခါ နန်းရဝေ၌ နေမကျော်ကေ ခန္ဓာကာယ မိဖုရားလှစွာ ပဒုမ္မာ၏ ပသာဒကို ပြာကျအောင်သည် လှနဂိုကို သဂြိုဟ်မူလျှင် ပြုရမည်ကြောင့် ရွှေပြည်စက္ခုအတွင်းဝန်ကေ ပြင်ဝန်စုကို ယခုအခါ ဥယာဉ်တော်ကို ချီကာမနေ စံမြန်းပျော်ကေ နန်းတော်ထက်က ထွက်ကြမည်ဟု မိန့်လေသောခါ ပေါင်းစလွယ်မှာ ရွှေချည်ကွတ်ကေ မတ်ဝန်တော်တို့ ခြံကာလည်းရုံ ထွက်လေပြန်သော် ရေကန်အနား သစ်တောပင်စိုင် သီးချိုချိုနှင့် ဥယျာဉ်တောကို ရောက်ငြားလေလျှင် ပဒုမ္မာလေ ခန္ဓာလောင်းကို မင်းကောင်းမြင်သော် ဘဝင်စိတ်ထဲ ညှိုးမရှင်ကေ ပူပင်ဆွဲလို့ မစဲငိုယို လင်မင်းပျိုးမှာ တကိုယ်လုံးချဲ့ အသည်းအူက ပူလို့ဆွဲအောင် မယားလည်းဆုံး သားလည်းဆုံးကေ ပြူကျုံးမရ ငါရာဇာမှာ ကမ္ဘာမီးယောင်ကြီးမော်လှလည်း သမထထုံးဟောင်း မင်းတို့မည်သည် စီးမျက်ရည်ကို မြေသို့ခအောင် မကျကောင်းဟု ဘေးလောင်းဘိုးဘွား ရှေးမင်းထုံးကေ နိဂုံးလားနှင့် တရားကိုဆယ် စိတ်ကိုဖြေကေ ရွှေပြည်စိုးကွတ် မင်းရာဇာလေ ဖြဟ္မဒတ်မှာ မှူးမတ်ကတ်တော် သေနင်္ဂါနှင့် ပဒုမ္မာမေလှ ချုပ်ခန္ဓာလေ ရုပ်ကာယကို ဈာပနမှု သဂြိုဟ်ရန်ကို စီမံပြု၍ ရှုဘွယ်ကြည့်ဘွယ် ဆန်းတကြယ်နှင့် မွှမ်းချယ်ရစ်ပတ် ဝိမာန်မှာ ဖလ်မှန်သွတ်၍ ပြာသာဒ်ရထား ချူးပန်းချူးနွယ် ဆန်းတကြယ်နှင့် ရွှေတလားမှာ ပတ္တမြားမျက်ပျံ ဘဝင်လျှံမျှ ဘက်စံမမြင် လင်းလျှံထိန်ကေ သိမ်မညှိုးဘဲ ထိန်ဖြိုးလွင်အောင် ရှုမြင်မဝ တလားအရံ နယားပျံနှင့် ဇော်ပျံကလို့ လှပအောင်သာ ဆန်းကြယ်စွာဖြင့် ကိန္နရာကိန္နရီ ပန်းချီပန်းပု အမျိုးဆန်းကေ ယိုးပန်းထုလို့ အနုအကြမ်း ရှုမခမ်းအောင် အမွှမ်းတရာ ပန်းဇဝါမှာ နဂဠာဘွာခြည် လွန်ဆန်းကြည်အောင် တွန့်ခွေလိမ်ပတ် ကြာကလပ်နှင့် ပြာသာဒ်အမြောင့် ဒေါင့်ရှစ်ဒေါင့်ဖြင့် အထောင့်အယွမ်း ပိုးကတ္တီနှင့် ဇာချီလွှမ်းလို့ ခိုနန်းအထက် စိန်ပန်းခက်နှင့် မုတ်ထွက်မုတ်ပျံ ကြာလုံကြာချပ် အထပ်ထပ်ကေ ပြာသာဒ်တလျှောက် ထက်နှင့်အောက်တွင် တင့်လျောက်သင့်မြတ် မေသီဒါနှင့် ရာမဇာတ်ကို နိပါတ်စုံထုတ် ရှုစရာလေ ထုကာလုပ်ကေ အရုပ်ပန်းချီ တူအောင်ရေးလို့ ဆေးဖြင့်ချယ်ကေ ဂမ္ဘီသခင်လုလင်လက္ခဏာ လေးစန္ဒာကို ဆွဲကာပြလို့ ရာမလိုက်ဟန် လေယာဉ်ပျံနှင့် ဝဲပျံတထူး သီဒါပျိုကို သိန်းယိုရ်မှုးလျှင် ဘီလူးခိုးပုံ တနည်းတုံလေ ဆေးစုံရေးလိုက် သုကျိတ်ဗာလီ မျောက်သာကီလေ နောင်ညီမိုက်တို့ ကိုက်နေကြဟန် ဟနုမာန်မှာ လုံနှင့်ထိုးလို့ လက်ညှိုးညွှန်ကေ ဝဲပျံနေငြား ခေါင်းဆယ်လုံးကိုယ် ဘီလူးဆိုကေ သိန်းယိုရ်စားကို မြှားတော်နှံ့ပုံ အလုံးစုံကို အကုန်ရေးထု နှစ်ဦးပွဲမ်းကေ ကြမ်းအနုဖြင့် ပန်းပုတလီ ပန်းချီတခြား လေယာဉ်ပျံလေ မှန်တလားကို ထူးခြားဆန်းကြယ်။ ။ မျက်စိတွင်လေ အမြင်ရှုတ်အောင် လုပ်တော့သည်လေ။ ။

လုပ်တုံလေကေ ထိုသည်အခါ ဗာရာရှင်လေ လင်စောထီးကေ မင်းကြီးမှာကား ပဒုမ္မာတွင်ငြား ဝိဉာဏ်ကွယ်၍ သေကာသွားကေ မယားကိုသာ တစေ့စေ့လျှင် ရှုကြည့်ကာဖြင့် နေခါကာလ မတ်တော်ဝန်တို့ ပန်လျှောက်ခလို့ ဥတုဇရုပ် ဖူးဖူးရောင်ကေ အကောင်ပုတ်ကို ဖုတ်သဂြိုဟ်ရန် ခါချိန်တန်ဟု ပန်းကာလျှောက်တင် ထိုဘုရင်မှာ အသင်မတ်များ

ညာမဟေလေ ငယ်မယားလျှင် သေငြားခြင်းရာ ရုပ်ခန္ဓာကို မဟာစျာပနာ ပြုလုပ်ကြသော် သုဘပီတာ ရသေ့ကျော်ကို ပင့်ခေါ်မှလျှင် နောင်အကြောင်းမှာ ကောင်းမည်ထင်ဟု တိုင်ပင်သောခါ ရွှေကြိုးသွယ်လို့ စလွယ်ဝတ်ကေ မတ်လိမ္မာက မဟာတာပသ ရုပ်ခန္ဓာလေ ဇရာကျလို့ ဤမျှမြင့်ကြာ မနေသာကေ ပျံတော်မူမည် ကျောင်းသင်ခမ်းလည်း ဝေးလွန်းသည်ဟု လျှောက်လေသောခါ ကဝိန္ဒာလေ လိမ္မာတတ်ကေ မတ်မဟာတို့ ငါ၏မိဖုယား ပဒုမ္မာလေ ငုံကြာဘွားကို ပျက်ပြားရုပ်နာမ် သဂြိုဟ်ရန်ကို စီမံအံ့ငှာ အကြောင်းမှာကား ရွှေကြာပဒုံ သူလျှင်တည်ကေ သန္ဓေအောင်းလို့ ခေါင်းတွင်ချုံပျာ ကောတုံဘရာဇ် တိုင်းဖြစ်တုံမြို့ ဝတ်လဲတော်ကေ တန်းဆာတို့နှင့် ပုဆိုးဖဲထည် ခေါင်းတွင်ဖြည့်ကေ ထည့်ရမည်လေ တသွယ်ထိုးမှ ဘီးကျောက်ပျံနှင့် ထောက်မှန်စသည် မိန်းမတန်ဆာ ကရိယာက စမ္ပာကတိုး အမွှေးမျိုးကို သွေးလို့ဖြည့်ငြား သုဝဏ္ဏောလေ ရွှေဖလားနှင့် တည်ထားထည့်လေ ပိုးဇာချည်က ရွှေချည်ငွေချည် ဆန်းတကြည်လေ နှမ်းချည်ထိုးလို့ ကြိုးစုံသွယ်ပျာ အပြေအပြစ် ရွှေသုဝဏ်လေ ဇမ္ဗူရာဇ်နှင့် ဘိုးထိုက်ဘိုးတန်ပြုစီမံသည် မဟာလ္လကာ ယဉ်တန်းဆာနှင့် ကိန္နရာတန်းဆာ စုံလင်စွာကို ချုံကာလွှမ်းပတ် ကဝိန္ဒာကေ မဟာမတ်တို့ ကြပ်၍စီမံ သဂြိုဟ်ပြန်သော် နံ့သာကတိုး စကြာမင်းမှာ ထောင်နန်းပျော်ကို ဖိုကျင်ထိုးလို့ အရိုးကိုလျှင် ဆံခါတင်၍ များဖျင်စုံညီ မှုံဒါလီနှင့် ကုမ္မာရီငါးရာ ပျိုကညာတို့ နံ့သာရေချမ်း သဂြိုဟ်ပြီးတုံ ထိုပျာပုံကို စုံအောင်ဖြန်းလို့ လျှုဒါန်းအံ့ငှာ ကျောင်းသင်္ဃာလျှင် တရာချီပင့် အလှူရုံကို မတ်ဝန်ချင့်၍ သဂြိုဟ်မည်ခါ ပြည်ဗာရာမှာ စည်တော်လှည့်လည် ခတ်တီးဆော်ကေ ကျော်ရမည်က ကြီးငယ်မဟူ ရွှေပြည်သူလေ ရှင်လူအလုံး ဗာရာမည်ကေ နယ်ပတ်တုံးမှာ နိဂုံးဇနပုဒ် အလုံးချုပ်လို့ အယုတ်အလတ် အမြတ်မရွေး ပုဏ္ဏားဟူကေ လူဂုဏ်နဲနှင့် သူဌေးသူကြွယ် လုပ်ယာလယ်နှင့် ကုန်သည်ကစ ခပ်သိမ်းသူလေ ဟူသမျှတို့ ပဒုမ္မမိဖုယား ပစ္စေကာလေ ငါးရာသားကြောင့် ပျက်ပြားနာမ်ရုပ် ကြွင်းကျန်ရာလေ မဟာဘုတ်ကို ဖတ်သဂြိုဟ်ရန် မြေသုသာန်ကို လာပြန်ရမည် မတ်ဝန်ပေါင်းတို့ စည်မောင်းလယ်၍ ကြီးကျယ်သဘင် ပွဲစုံဆင်လျက် ဆွဲငင်တလား မဟာဝန်တို့ စီမံငြားလို့ ညာထားကိုလည်း သဂြိုဟ်လေဟု မိန့်ပေတုံပြီး ပြည်ဘုရင်ကေ လင်မင်းကြီးလျှင် ငိုညီးတော်မူ မျက်ရှုဆင်ကေ ကြင်မယားနှင့် သားအပူကို ဘယ်သူဆီးကိုင် မငြိမ်းနိုင်၍ ငြာပိုင်နန်းမ သားမိခင်လေ ကြင်ရာလှဟု ပဒုမ္မဝဒီ မဟေသီကေ ဒေဝီတောင်ညာ မောင့်ကိုလာ၍ ထိမ်းပါးခလိုက် တ,ကာဆိုကေ ငိုကာရှိုက်က မထိုက်မလျော် မတ်ဝန်တော်တို့ ဖြေဖျော်ပြီးမှ မင်းမြတ်အလို ဖုတ်သဂြိုဟ်ရန် ဆိုသမျှကို တစမကျန် မတ်တော်ဝန်တို့ စီမံခန့်ခွဲ အနည်းနည်းဖြင့် စွန့်ကြဲအလှူပေးတော်မူ၍ ပြည်သူအများ လေယာဉ်ပျံလေ မှန်တလားကို ရထားဆွဲငင် ပွဲကြီးဆင်ကေ ဘုရင်စောထီး ပဒုမ္မာလေ ခန္ဓာကြွင်းကို သဂြိုဟ်ပြီးမှ မင်းကြီးဘုရင် နန်းကိုဝင်၍ မရွှင်မပြုံး မယားမေလေ သားရွှေတုံးကြောင့် နှလုံးမပြေ ဖြစ်ပျက်ဟန်မှာ ကံကိုတလို့ နေရလေကေ ဤသည်ဝတ္ထု ပဒုမ္မာမှာ ခန္ဓာသက်လျှင်ဖြစ်ပျက်မှုကို ထောက်ရှုလိုက်သော် တို့သူငါလေ ခန္ဓာကာယ ပုထုဇံလေ ရုပ်နာမ်စစ်လျှင် ဖြစ်သမျှတို့ ပျက်ကြရမည် ဩဃဆုံလေ ဘုံသုံးပါးမှာ ဆုံနွှားလည်သို့ အတည်မကျ တရားဆယ်ကေ သံဝေဂကို ရကြပါစေ။ ။ ထွန်းဆရာက ကျမ်းစာရနှင့် မှားခရေလေ။

အခန်းခန်းကို အဆန်းတကြယ် နိဒါန်းသွယ်ကေ မကျယ်မကျိုး ကျမ်းအလာကေ စာအတိုင်းနှင့် ခိုင်နှိုင်းအညီ လူတကာလေ နာပျော်ညှင်းအောင် သာခြင်းသီကေ ကုံးစီပြသနောက်ကို ဆန်းသော် တခန်းလာကေ ကျမ်းစာရက ထိုကတခါ ပဒုမ္မာမှာ ခန္ဓာကာယ သက်ဝိညာဉ်လျှင် ရုပ်နာမ်ဟောင်းကို ပြောင်းပြီးမှလျှင် ပဋ္ဌပဗ္ဗတာ စိမ်းညိုပြောင်ကေ တောင်ငါးလုံးတို့ ပိတ်ဖုံးကာလေ မဟာနဂို ရာဇဂြိုဟ်ဟု ခေါ်ဆိုသညာ တိုင်းအောင်ချာမှာ ဥစ္စာနည်းငြား လယ်ချောင်းထွန်၍ လုပ်ကြံစားကေ နွမ်းပါးဆင်းရဲ့ မပြည့်စုံ၍ ဂုဏ်သိမ်ညိုးကေ အမျိုးထဲ၌ တည်စွဲသန္ဓေ ဘွားတုံလေကေ အရွယ်ရောက်ငြား အမျိုးတူကေ လူဆင်းရဲနှင့် ပေးထိမ်းမြားက လုပ်စားလယ်ယာ တနေ့ခါဝယ် ကြင်ရာဖြစ်ငြား လယ်တဲစင်မှာ လင်ယောကျ်ားကို အစားဝမ်းစာ ယာဂုကိုလေ ပို့လိုအားဖြင့် သွားလေပါသော် ထိုခါကာက ဟေမဝန္တာ ဂန္ဓမာကေ သောလာယဉ်၌ ဧမြလှိုင်ကြူ နတ်ပန်းဟူကေ မဥ္ဇူပင်ရင်း နန္ဒမူကေ လှိုင်ဂူတွင်းက သားရင်းငါးရာ ပစ္စေကာတွင် ပဒုမ္မာမည်သီး စောဘုန်းခေါင်ကေ နောင်တော်ကြီးက မွေးမိဖြစ်သူ တို့အတွက်ကြောင့် ရတက်ဆူကေ ပူလီသည်လား ကြောင်းကိစ္စကို ဒိဗ္ဗစက္ခု ဉာဏ်ရောင်ဖြာကေ မြော်ကြည့်ရှုက ကြီးထုဗျာပါ ငါတို့များကေ သားငါးရာကြောင့် ခန္ဓာပြောင်းကွယ် မိခင်ရင်းမှာ ချက်ချင်းသေ၍ ဖြစ်သည်ကိစ္စ ကြောင်းကုန်စင်ကို ရှုမြင်ကလျှင် ထော်မ,လိုငြား ခုနစ်ဘော်ကေ ညီတော်များကို ခေါ်ငြားပြီးခါ ဂန္ဓမာက ထိုခါကာလ။ ။ ဈာန်သမာနှင့် ကြွလာကြရေ။

ကြွလာကြကေ မိလှမာတာ ဖြစ်ခဲ့ပါသည် လယ်ယာသူမ ထိုကြောင်းအင်ကို မြင်လေကလျှင် ဒါနကြည်ဖြူ လှူချင်မူ၍ အိမ်သူဖြစ်ငြား ကိုယ်နှင့်ကြင်ကေ လင်ယောကျ်ားကို ပြောဟောတိုင်ပင် ရှုပါကြင်လော အရှင်ပစ္စေကာ

အကာကာသတ ကြွ၍လာကေ မဟာဒါန ကုသလကို ပြုရလေအောင် စိတ်ရည်ဆောင်၍ အမောင်ကြံပါ ထိုစကားကို ဆိုသောခါ၌ ကြင်ရာသားလင် ပြောခြင်းအင်က အရှင်ပစ္စေကာ ဧကေဝုတ်ကေ မဟုတ်ပါလေ အာကာအထက် အခါခါ လေ ပျံကာသန်းကေ ရဟန်းငှက်တာ ဆင်းသောအခါ လှူချင်ပါမူ သဒ္ဓါကြည်ဖြူသင့်ဒါနကို သင်မ,လှူဟု အတူတိုင်ပင် ယာတောပြင်မှာ နေကျင်ကာလ ပစ္စေကတို့ အာကာသက ဆင်းကြွမတ်မတ် ချစ်သားယခင် ရှစ်ပါးပင်ကေ ဆွမ်းလျှင်ရပ်က ကောင်းမြတ်ချက်ပြုတ် အိမ်ကပါကေ ထိုယာဂုတ်ကို သုတ်သုတ်မကြာ နှစ်ဘို့စုပျာ ပြုပြီးခါမှ လင်စာ တဝက် ထားတုံပြန်ကေ ကျန်တဝက်သည် ကိုယ့်တွက်ကိုသာ စေတနာလေ သဒ္ဓါကောင်းနှင့် လောင်းလေပါ၍ ကောင်းစွာ ဦးချ နှစ်တန်ခါတွင် တကာမ၏ ဌာနဂေဟာ အိမ်၌သာလျှင် ဆွမ်းတော်ကျွေးချင် မြတ်ရှင်ပင်ကို ပင့်ကျင်ကာလ ရှစ်ပါးထေရ်လေ ပစ္စေကတွင် ပဒုမ္မတွင်စွာ သားဘုရားမှာ ပြောခြင်းရာက ဒါယကာမ ဆွမ်းတော်လောင်းသော် မကြောင်းကျနှင့် ချက်ထကောင်းစွာ ရှစ်ပါးစာနှင့် နေရာရှစ်ခု အိမ်ဂေဟာမှာ ခင်းကာပြု၍ ဝတ္ထုလှူဒါဆွမ်းဩဇာကို ပြုကာနေလေ မြတ်မထေရ်ကေ ပစ္စေငါးရာ ပင့်ဖိတ်ခေါ်၍ ကြွလာလိမ့်မည် ထိုခါဝယ်တွင် မထေရ်ငါးရာ တန်းခိုးတော် ကို ဒါယကာမ ဆွမ်းတော်ဖြူကို လှူကာလ၌ မြင်ရလိမ့်မည် သားဖြစ်ပေလေ ပစ္စေကမှာ မှာခပေ၍ ကြွလေတုံကျင် လယ်ယာတောမှာ မယားလင်လည်း ပြုပြင်ကိစ္စ အသီးသီးကေ ပြီးကာလ၌ အိမ်မဂေဟာ တူတကွဖြင့် လာကြပါ၍ လှူရာဝတ္ထု ရှစ်ပါးစာလျှင် ဆွမ်းတော်ပြု၍ ရှစ်ခုနေရာ ကိုယ့်အိမ်တွင်း၌ ခင်းပြီးခါမှ မျှော်ကာစောင့်ထွယ် နေတုံလေကေ ထိုသည်အခါ အာရုံချင်း၍ ရောင်လင်းဖြာကေ နောင်တော်ဘုရား ပစ္စေကာလေ ညီတော်များကို ပြောဟောတိုင်ပင် ငါတို့ရှင်မှာ မိခင်ဖြစ်သူ ယခုမူလေ လှူမည်အသင့် တို့များစွာကို မျှော်ကာလင့်၍ ရဲရင့်စိတ်မှာ ရှိခြင်းရာကြောင့် ငါးရာအများ ငါတို့သွား၍ တရားပြသ ကျေးဇူးရှင်လေ မိခင်လှုကို ထောက်မသင့်သည် ငါရှင်များတို့ သွားကြမည်ဟု ပြောလေပြီးခါ ဂန္ဓမာက ပျံကာမနေ။ ။ မိုးတိမ်ယံက ဈာန်ဖြင့်ကြွ၍ လာကြသည်ကေ။

လာကြပေကေ လက်သည်မိန်းမ ထက်အာဏာကို ရှုမြော်ကလျှင် မျက်ဝ-ထင်ထင် ကောင်းကင်ထဲက ကြွခဲ့ကျင်ကေ မြတ်ရှင်ငါရား ပါ၍လာလည်း သားတော်ဘုရား မိမာတာကို မှာစကားကြောင့် များသည်မမှတ် စေတနာ လေ သဒ္ဓါဖြိုးကေ တိုးပြန်လတ်လို့ ရှင်မြတ်ငါးရာ ရောက်လေပါသော် နေရာရှစ်ရပ် ဂေဟာတွင်း၌ အခင်းမြတ်တွင် လျောက်ပတ်သပ္ပာယ် သံဝရနှင့် နေကြပေသော် ပစ္စေဗုဒ္ဓါ ဂုဏ်ရောင်ဖြိုးကေ တန်ခိုးတော်ကြောင့် သာလေသည်ချဲ ရှစ်ပါးစာကေ ဆွမ်းတော်မွှေးလည်း ခူး၍မကုန် မြတ်တန်းခိုး၏ ကြောင်းမျိုးစုံကို မြင်တုံလေက အံ့ဩကြ၍ အားရနှစ်သိမ့် လှူသည်တုန်းတွင် ကိုယ်လုံးစိမ့်မျှ ပီတိဖရဏာ ဆီထိဝါသို့ ရှိပါတုံမြောက် ထိုသည်နောက်တွင် ဝမ်းမြောက်ရွှင်လန်း ဖြူသဒ္ဓါပို လှူပါလို၍ ကြာညိုပန်းကို ရဟန်းပစ္စေကာ သားတော်ကြီးကို ကပ်ပြီးခေါ်မှ ပထနာဆု ဝန္ဒနာကေ ပန်ထွာ ရွှောင်းပျာ တောင်းကာပြုရေ ယခုလှူဒါ ဖြူသဒ္ဓါကြောင့် တပည့်တော်မ အကျိုးဆောင်၍ နောင်ဘဝမှာ ဗုဒ္ဓဘုရား နှုံးမတူကေ သုံးလူ့ဖျား၏ တပါးအထံ အကျိုးစက်ကြောင့် လက်ဝဲရန်လျှင် ဖြစ်ပြန်လိုရှောင်း တမလွန်ကိုယ် ခန္ဓာပြောင်း သော် ဂုင်းကြာညို လှူကုသိုလ်ကြောင့် ကိုယ်မှာနူးညံ့ ပန်းနဂိုလေ ကြာညိုနံ့သို့ မွှေးပျန့်ပါစေ ဆင်းရုပ်ရေလည်း ဤသည်ကြာညို ပန်းတမျှကေ လှပါလိုရေး ထိုထိုဘဝ ဖြစ်သမျှကို လေးဝပါယ်ရွှာ ဝတ်ဆင်းရဲက လွတ်လွဲကွာကေ ချမ်းသာသုခိ လူ့ရပ်နတ်ပြည် အလှည့်လည်လျှင် ဖြစ်လေရလည်း မနဥစ္စာဝပြောစွာလျှင် ရှိပါစေသား မြတ်ရှင်ပင်တို့ သိမြင်ငြားကေ တရားကိုသည် ကွင်းမရှိအောင် သိပါစေဟု မေလျှင်မြွက်ကြား စိတ်ကြည်သံနှင့် ဆုပန်ငြားက ဘုရား ပစ္စေကာ ငါ၏ထံမှာ ပန်သမျှကို ရလေစေဟု ဆိုပေပြီးမှ တရားတော်ကို ဟောကာပြ၍ များလှငါးရာ။ ။ ဂန္ဓမာလေ သေလာယကို ကြွလေပါလေ။

ကြွတုံလေကေ ထိုသည်မိန်းမ စိတ်ကြည်ညိုနှင့် ထိုဘဝမှာ ဒါနသီလာ ဘာဝနာကို မကွာလုံးလ တောင်းဆုဆိုကေ ကုသိုလ်မှုကိုပြုပြီးမှလျှင် ထိုကတခါ ခန္ဓာရွှေ့လို့ စုတေပါသော် တုသီတာမည် နတ်တို့ပြည်တွင် ဖြစ်သည်ကာလ ကုသိုလ်ဟုံလေ မြတ်ပုညကြောင့် သုခချမ်းသာ ကြီးကျယ်စွာနှင့် ရတနာဝေယံ နတ်ဗိမာန်တွင် ပျော်စံမညီး ရှုမကုန်လေ ဘုံပြာသာဒ်မှာ နတ်သ္မီးဟု စံသီးရှုပ နတ်တို့ပြည်မှာ ဖြစ်လေရကေ များလှုခြွေရံ ပတ်ကာဝန်းလို့ နန်းဗိမာန်တွင် ပျော်စံပြီးထွေ နေတုံလေကေ လူ့ပြည်လောက ဩကာသမှာ ဗုဒ္ဓမြတ်စွာ တို့ထွင့်ချာလျှင် ဖြစ်လှာပေါ်ထွန်း တောင်ဇမ္ဗူ ကေ ပဥ္စူကျွန်းမှာ အဝန်းကိုးရာ ယူဇနာနှင့် မဇ္ဈိမာဒေသ ဘုမ္မိနက်သန် အကွက်မှန်ကေ မဏ္ဍလတွင် ချက်မ- ဥကိုင် မြေခရိုင်၌ မဏ္ဍိုင်ကြဌန်း ညောင်ဥကင်လေ ပလ္လင်နန်းမှာ အောင်ပန်းကိုပန် အသမ္ဘိန်လေ လျှံထိန်တောက်လို့ ခြောက်ရောင်လျှံကေ နိဗ္ဗာန်သခင် ငါးပါးမာရ်လေ ရန်ခလုပ်ကို ပယ်ဖြုတ်စင်ကေ ထင်ပေါ်ကျော်ဇော ကိုးပါးဂုဏ်နှင့် ပြည့်စုံငြားလေ ကောသလတိုင်း သမိုင်းတွင်ဘိ ဘုမ္မိရတနာ လွန်သာယာကေ သာဝတ္ထိ၌ မုနိမြတ်စွာ များလူဗိုလ်ကို

မင်္ဂဖိုလ်ဆေးဖြင့် တိုက်ကျွေးပျော်ကေ နေတော်မူခိုက် ပစ္စေကဗုဒ္ဓါ သားငါးရာကေ မေတော်စစ်က အလိုက်သင့်စွာ နတ်တို့ရွာက ခန္ဓာပြောင်းကြွ သာဝတ္ထိမည် တိုင်းဌာနေကေ ရွှေပြည်-မဠ္ဌ ကြွယ်ဝဥစ္စာ ကုသိုလ်တုံလေ ရှေ့ပုညကြောင့် ရ-တတ်ပါကေ ကျော်ညာကိတ္တိ သူဋ္ဌေးကြီးတွင် သွီးရတနာ မီတာစစ်လျှင် ဖြစ်လေပါကေ ရှေးခါပြုထ ပန်းကြာညိုလေ ထိုကောင်းမှုကေ ကုသလကြောင့် ရူပနိကယ် ခြောက်ပြစ်စင်ကေ အင်ငါးဝနှင့် လှနကေမှာ ကိုယ်ဝတ်မွှေးပျံ့ ပန်းနဂိုလေ ကြာညိုနံ့သို့ ညံ့ထွားနုပျို ပသာဒနှင့် ကာယကိုလည်း ကြာညိုအဆင်း ရှုမဝအောင် လှပခြင်းကြောင့် သတင်းနာမ ဘပီတာမှာ ဘွဲ့တော်သကေ ဥပ္ပလဝတ် နာမည်နှိပ်လို့ တံဆိပ်နှံ့ကေ သက်နှံ့ရင်သွီး ရှုမညီးမှာ ကြီးကဲတုံမြောက် ချစ်စဘွယ်ကေ အရွယ်ရောက်က ဆဲ့ခြောက်နဂရ သောဠသတွင် ရာဇာ့ထီးဆောင်း ဘုန်းသမ္ဘာနှင့် တေဇာလင်းကေ မင်းအပေါင်းက အကြောင်းသေချာ ရွှေပေလ္လာနှင့် ဆက်လှာရ-မည် မေမွန်းရှင်ကို လိုချင်ကြောင်းနှင့် တောင်းကြလေ ကေ တပြည်ကိုနှင်း သွီးငယ်ကို ပေးလေလျှင်းက တမင်းက-နာ တရာဇာကို ပန္နာဆက်မြောက် မကင်းအမုန် တမင်းရန် လေ အမုန်ရောက်လို့ တယောက်ကိုသည် ပေးအပ်လေသော် တပြည်က-နာ တပါးမင်းကို ဆောက်နှင်းပါလည်း ပြင်းစွာအမျက် မင်းအများတို့ ဒေါသ-ထွက်၍ စနက်မီးရန် ပျက်စီးဟန်နှင့် အကြံမရ သွီးလှကြောင့် မွေးဘသူဋ္ဌေး။ ။ စိတ်ထဲဆူကေ ပူလို့ဆွဲရေ။ ။

ပူလို့ဆွဲကေ တနည်းတဘာန် အထဲဉာဏ်နှင့် အကြံစကား သွီးပျိုကို ဆိုလို့ပြောရေ ညွှန်ထွားနုပျို ကာယကိုယ်မှာ ကြာညိုအဆင်း ရနံ့လှိုင်ပျာ ကြိုင်ကာသင်းကေ ချစ်ခြင်းမဝ ရှုမညီးကေ သွီးလှလေ ရာဇာ့ထီးဆောင်း မင်းအပေါင်းတို့ အကြောင်းသာချို ဘရင်သွီးကေ သွီးပျိုကို လိုသည်တွက်တာ မင်းအပေါင်းတို့ ထောင်းကြလှာကေ ရာဇာကများ သွီးငယ်လေ မေတပါးကြောင့် သွား၍ဆက်ရန် အလွန်ခက်၍ ဘ-သက်နှံ့မှာ နိဗ္ဗာန်ရမှု ဘိက္ခုနီကေ ထေရ်ရီပြုမှ ယခုဘခင် မင်းပြစ်ဒါဏ်ကေ အမုန်ဝေးလို့ အေးမည်ထင်ရေ ချင်ပါ၏လော သွီးပျိုကို မေးဆိုငြားက ဖြည့်ငြားစုံစီ ပါရမီကေ အညီဖြည့်ကာ ငုံရင့်ကြာသို့ ဖရဏပီတိ လမ်းဥပမာ ဂွမ်းနုဝါလေ ဆီမှာထိသို့ နှစ်သိမ့်စေတနာ ကိုယ်လုံးစိမ့် အောင် ဖိန့်လှပါ၍ ပီတာဘခင် သာသနာမှာ မြတ်ရာမှုကို ပြုပါချဟု ဆိုလျှင်သောခါ ဘပီတာမှာ ဝမ်းသာတုံငြား သွီးဖြူကို ဆောင်ယူသွား၍ တပါးထေရ်ရီ ဘိက္ခုနီကို ကင်မှီတုံမြောက် အကြောင်းပြန်ပျာ ကျိုးနွံလျှောက်က ဝမ်းမြော့ ရွှင်ပ မြတ်ရာဝင်ကေ ရှင်မိန်းမလျှင် ပြုထ-လေကျင် ထိုခါတွင်ဝယ် မင်္ဂင်တရား အကျိုးများကို ကြိုးစားကြံရှာ တရံ ခါဝယ် ပန္နာရသ အမိုက်ချုံကေ ကြုံပက္ခလျှင် ကျ-သည်အညီ ဥပုသ်အိမ်မှာ ထိန်ထိန်ဆီမီး မီးတံဆောင်ကို ပြောင်ပြောင် ညှိ၍ ဝတ်ကြီးဝတ်ငယ် မှုထွေထွေကို ပြုပေမပျက် တံမြက်သုတ်သင် လှဲပြီးကျင်မှ ဝတ်လျှင်တက်လို့ ထွက်ကာစိတ်ကြံ ထွန်းကာညှိကေ ဆီမီးလျှံကို အမှန်ရှေ့ရှု မနောစိတ်နှင့် နိမိတ်ယူ၍ တူရှုမျက်စိ ရှုကြည့်မြင်ကေ ဆင်ခြင်ညှိက ပစ္ဆိမ-မှန် ဆုံးဘဝကို ကျ-ခြင်းဟန်ကြောင့် အခံရင့်မာ ပါရမီကို စုံညီဖြည့်လို့ အပြည့်ပါကေ မြင်မြော်သည်တိုင်း သဒ္ဓဟုံကေ အာရုံနှိုင်းလို့ ကသိုဏ်းတေဇော် ပရိကံဖြင့် ဝေဘန်ပြားလျက် ပွားလေတုံပြန် ကသိဏ်ကြောင့် စျာန်ကိုချက် ခြင်း ကြာမနေကေ ရ-ပေလျဉ်းက အရင်းပြုထွေ ထိုစျာနေကို အခြေစွဲလျက် အဆင့်တက်က မက်ကိုလွန်ဖြတ် တခန်းခိုကေ ဖိုလ်မှာရပ်လို့ အရဟတ္တ အမြင့်သံကေ ဉာဏ်ကိုရလျက် စိတ်ကကြည်ညို မငြင်ငြိုကေ ထိုဖိုလ်နှင့်ပင် အတည်မြဲ၍ လေ့လာကျင်သော် ကင်းစင်ပြစ်ကျိုး ပြည့်ဖြိုးစုံကေ ဂုဏ်တန်းခိုးကြောင့် မြေရှိုးမိုးပျံ့ အဘိဉာဏ်နှင့် စျာန်ကိုစိုးကာ လွန်ဇချမ်းလို့ ဘေးကျမ်းကွာကေ ရဟန္တာမ ကိလေသာကို ခဝါချ၍ ဥပ္ပလဝဏ်၊ ။ ဘိက္ခုနီလေ ထေရ်ရီစစ်လျှင် ဖြစ်လေပြန်ရေ။ ။

ဖြစ်လေပြန်ကေ မကျန်မကြွင်း မိုက်သည်မှောင်တွင် တန်းဆောင်လင်းသို့ သန့်ရှင်းစင်စွာ မတင်ပါအောင် ဌဂ်မာမည် မင်္ဂရေဇနှင့် ဆေးလျှော်လေ၍ ညစ်ကြေးကင်းစွာ အတွင်းရန်ကို ပယ်လှန်ခွင်း၍ ရှင်းရှင်းကွာကေ ခိနာသဝ ဖြစ်လေကလျှင် တေဇထံပြင်း ဘိက္ခုနီကေ ထေရ်ရီချင်းမှာ ကြီးချင်းတန်းခိုး ကသိဏ်လေ ဘိဉာဏ်မျိုးကို အစိုးလည်းရ ပြည့်ဖြိုးစုံကေ ဂုဏ်တေဇနှင့် ဥပ္ပလဝဏ် သုံးလုချာကို ရံကာမြဲကေ လက်ဝဲရံလျှင် ဖြစ်ပြန်သောခါ ထိန်ထိန်ကြိုးလို့ တန်းခိုးရာမှာ မဟာဧကေဒဏ် မှန်တကယ်လေ ရလေချက်ကို ဘော်မြွက်ပြီးထွေ များသူငါလေ ကြားပါရအောင် ပြလိုက်မည်ကေ စိန္တေထံမှာ တရံခါလျှင် ပန်ထွာတုပ်မြောက် ထိုထေရ်ရီမှာ ဤသို့လျှောက်တေ တယောက်မဟူ နတ်နှင့်လူတွင် ပြိုင်သူမရ တောက်လောင်ထိန်ထိန် ခြောက်ရောင်ရှိန်ကေ စိန္တေယျလေ မုတ်ချခုခါ သွီးတော်လျှင် တေဇာတောက်ဖြိုး ကသိဏ်လေ ဘိဉာဏ်မျိုးနှင့် တန်းခိုးဗျာဒိတ်ဟာ ပြချင်ပါဟု လျှောက်တော်မူက သမ္ဗုဒ္ဓါမှာ နှုတ်တော်ဟလို့ ပြစေတော်မူ ထေရ်ဘိက္ခုဟု နိဗ္ဗူအောင်ချာ ရောက်ကြောင်းရှာကေ ငါ၏ချစ်သား ကျင့်သိက္ခာနှင့် မြတ်ရာမှန်းကေ ရဟန်းများတို့ ထင်ရှားခုခါ ငါ့သွီးလျှင် ဗျာဒိတ်ဟာကို ပြပါလိမ့်မည် မြင်ချင်သူကေ ဟူသမျှတို့

ရှုကြလေဟု မိန့်ရွေသံသာ ဆိုလေပါကေ ထိုခါတမူ မြင်ချင်သူကေ ရှင်လူရဟန်း တန်းခိုးတော်ကို ရှုမျှော်မှန်းလို့ တင်းကြမ်းမကန် နေလေပြန်သော် ဥပ္ပလဝဏ်မည်ထ လက်ဝဲရံကေ ထေရ်ပျံမက ဗုဒ္ဓမြတ်စွာ အစိန္တေလေ သဗ္ဗညုဟု လူ့ထွက်ချာကို ပူဇော်ညွတ်ကျိုး ဗျာဒိတ်ဟာကို မြင်မြော်ရအောင် ပြတော့သည်လေ။

ပြတုံလေကေ မထေရ်မိန်းမ ကာယကိုယ်ကို ထိုခဏ၌ ဆယ်လအရွယ် နားမလည်ကေ နို့ရည်သောက်စ သူငယ်ဟန်လျှင် ဖန်ဆင်းပြ၍ များလှတွက်ကိန်း ဂဏန်းထိမ်းကေ နှစ်သိန်းလေးသောင်း ပံသုသေလာ မြေနှစ်လွှာကေ ကမ္ဘာပေါင်းကို ဦးခေါင်းပေါ်ထက် ထိုထေရ်ရီမှာ ချီကာရွက်လို့ တင်လျက်ထိပ်မှာ ဤမြေကြီးကို ထားပြီးခါမှ မထဗျာ ဌာနေ မဟီဘွေမှာ ရှိလေသောသူ အများလူကို မယူမချေ မြေကမ္ဘာတွင် နေရာများမှာ ထားပြီးမှလျှင် မုက္ခခံတွင်း အလုံးစုံကို ငုံကာသွင်း၍ စားခြင်းအတူ များလူရှင်လေ ရှုမြင်ရအောင် ပြတော်မူကေ ငယ်သူဘာဝ ရုပ်ခန္ဓာကို ဘန်ကာပြ၍ ကြီးလှတုံပေ ဤသည်မြေကို မုက္ခေဒွါရ ခံတွင်းဝက ခဏတတန် မှန်မယုတ်ကေ ထုတ်တုံပြန်၍ အလွန် ထူးဆန်း ရှုမြင်သူလေ လူရဟန်းတို့ ချီးမွမ်းအံ့ဩတသောသောကေ ပြော၍မဆုံး များလူရှင်လေ ရှုမြင်တုန်းကို မြတ်ဘုန်း ညီတော် အာနန္ဒာမှာ ပန်ထွာညွတ်ထွား မြတ်ဘုရားကို လျှောက်ကြားခြင်းရာ အကြောင်းမှာက မဟာပါရဝ ခြော်ရောင်ရှိန်ကေ စိန္တေယျဟု ဇိန္နထိပ်ပန် အရဟံကေ နာမံတော်သစ် မြတ်ဆုံးစွန်လေ တံခွန်စိုက်ကေ ရှင်ချစ်သကျ အတုလံကေ သမ္ဗုဒ္ဓလေ ဥပ္ပလဝဏ် ထေရ်ရီမွန်က ရှေးလွန်ကာလ ဘယ်ကုသိုလ်တို့ ပြုဆိုခလို့ ကြီးလှဂုဏ်အင် မြေအပေါင်းကို ဦးခေါင်းတွင်လျှင် ရွက်တင်မြဲခိုင် လဲမယိုင်ဘဲ ပြနိုင်သနည်း ကြောင်းကုန်စင်ကို သိချင်မေးက ဘထွေးတော်သား သူမြိုင်ဘွားကေ ချစ်သားလိမ္မာ တတ်ကျယ်ပွန်ကေ အနန္ဒာလေ မဟာဥပ္ပလဝဏ် လက်ဝဲရံက ရှေးလွန်သော ခါ သံသရာတွင် ဥစ္စာနည်းပါး အမျိုးထဲဝယ် ဖြစ်ခဲ့ပြား၍ တခြားသူသည် ဘုရားတည်သော် ဇောစေတနာ မြေသရွတ် ကို လျှောက်ပတ်စွာလျှင် ခေါင်းမှာရွက်ချီ ဉစ်စေတီကို အညီရည်စူး ကူ၍သာလျှင် ပူဇော်ဘူးကေ ကျေးဇူးပုည ထိုသို့ပြုသည် ကုသလကြောင့် ခုတဝခါ မြေကမ္ဘာကို ရွက်ကာချီနိုင် စိတ်မှာရှိကေ အပြီးတိုင်ဟု မွေးကြိုင်နှုတ်တော် ထုတ်ဘော်ငြား၍ ဟောပြီးသော်မှ ထိုခါကာလ ထိုခဏတွင် ဥပ္ပလဝဏ်ဘိက္ခုနီကေ ထေရ်ရီမွန်ကို ပြင်းထံမြေမိုး ပါရမီလေ ထိန်ထိန်ကြိုးလို့ တန်ခိုးတေဇာ ပြနိုင်ရာမှာ မြတ်စွာနှုတ်မြွက် ထားတုံပေကေ ဧတဒက်ဟု တင်လျက်မုချ လက်ဝဲတော်က ရံကာရဟု ပြသည့်တိုင်းမှာ။ ။ ကျမ်းအလာကေ စာကမွည်းနှင့် မလွဲပါလေ။

## နိဒါန်း နိဂုံး နှစ်မျိုးရုံး၍ ဖုံးပိတ်ခန်း

ဤသို့ကေစုံစွာ ပဒုမ္မာကို ကျမ်းစာအရ အဓိပ္ပါယ်ကို နှုတ်သွယ်ရှုန်းကေ စီကုံးပြလည်းဒ သမ္ဘဖလဝါစာ တချို့ရှုးသွတ် မနူးနပ်တို့ မှတ်ကြပါရေ တဲကြာသံညှင်း အဲသာခြင်းလည်း လိုရင်းလက္ခဏာ ရေးစီပြုကေ ဝတ္ထုသာလျှင် ဒေသနာရင်းမြစ် ဖြစ်မဖြစ်ကို စီးစစ်စရာ ချိန်ကာချင့်ရန် သင့်လှပါရေ မြတ်စွာထွတ်ဖျား ရွှေနှုတ်တော်က ထုတ်ဘော် ဟောကေ တရားဒေသနာ မှန်တုံပါက သာခြင်းတဲခြင်း ဖွဲ့ကာသီ၍ ရေးစီလျှဉ်းသည် သံညင်းကဗျာ ဖြစ်တုံပါလည်း ကြင်နာခြင်းထိုက် သမ္ဘဖလံတဇကံလေ မှန်မဖြစ်၍ အပြစ်နတ္ထိ မကပ်ငြိဟု မှတ်သိရမည် ဝဇီမှုပြစ် ဒုစရိုက်လျှင် မထိုက်ချေသော ကြီး,ငယ်နည်းများ ဘတ်နာသူလေ ထိုလူမျိုးတို့ အကျိုးအားဖြင့် တိုးပွားတော့မည် သို့ဖြစ်ပေ၍ ကြီးကျယ်နက်နဲ ပါဠိဌကထာ လာရှိရာကို ကြားနာခဲလည်း ခြားခွဲဓိပ္ပါယ် နားမလည်သော် စာပေပြောဟော တရားသံကို ကြားပြန်ငြားလည်း သဘောငဲ့ကွက် ပီတိဖြစ်အောင် မနှစ်သက်ကေ အကျိုးဆက်သည် မကြီးကျယ်ဘဲ ဖြစ်ပေရကား လူကြီး,လူငယ် ရွှေခိုင်ပြည်မှာ မိတ်ဆွေများတို့ နာကြားစေဌာ ပဒုမ္မာကို ကဗျာသာခြင်း ဖြစ်တုံလျှဉ်းလည်း သိမ်ဖြင်း စကား ရိုင်းရာရာကို ပယ်ကာထားလို့ ဘုရားဒကာ ဒါနဟူလေ အလှူကောင်းကေ ကျောင်းတကာတို့ ကြားနာစလောက် ဘတ်ရှုပေနိုင် ဝတ္ထုစိုင်ကို ယိုင်အောင်ကောက်လို့ လျှော်ပတ်အောင်သာ ဤကဗျာတွင် ရတနာသုံးဦး အလုံးစုံလေ ဂုဏ်ကျေးဇူးကို ချီးကျူးပြီးခါ ပဒုမ္မာကို ကြားနာကြစေ မြို့ရန်ကုန်က ပုံနှိပ်လုပ်ကေ ထုတ်တော့မည်ဟု စစ်တွေမြို့ထဲ မြူနီစီပေ ခေါ်တုံလေကေ ထိုသည်ဈေး၌ ငွေကြေးပွားစီး အသီးသီးတွင် ရင်းနှီးပေနိုင် ကုန်စုံဆိုင်ဟု ကိုယ်ပိုင်ရောင်းဝယ် ဒုက္ကန်တည်ကေ ဆိုင်သည်မောင်မောင် ရည်ကြံဆောင်ကေ ထိုနောင်တဝ လုပ်တိုင်းအောင်ကေ မောင်ကောက်ရတို့ အညမည် အကြောင်းသက်၍ ပေါင်းဆက်ဆံလျက် နိုင်ငံဌာနီ ရွှေခိုင်ပြည်မှာ ပျောက်ကွယ်အရှင်း တို့ရခိုင်လေ အစဉ်သုံးကေ ထုံးသာခြင်းကို သောင်းထွင်းဌာနေ ပြည်ရခိုင်လေ ခရိုင်လုံးမှာ သုံးစိမည်ဟု သက်သေထုံးတမ်း ရှေးကျမ်း

လာကို ဘော်ကာညွှန်းလို့ အလွမ်းအနု လေးဝတ္ထုကို ရေးပြုစီပါ ငွေတရာလျှင် ပူဇော်သောခါ ဦးရာဇ်တောင်လေ မြတ်ခေါင်ကျွန်းမှာ တန်းခိုးရွှာက ဆရာအကျွန်ုပ် ရွေးလုံးသီလို့ ကုံးစီထုတ်ကေ ပုဒ်အက္ခရာ လူတကာတို့ နာပျော်စေဘို့ ပဒုမ္မာလေ ကဗျာပျို့ကို တချို့ကမ်းတတ် သမ္ဘဖလာ နှုတ်ဝါစာကို မနာအပ်ဟု မှတ်အထင်စော ပရိတ်ကိုပင် သူမသင်ဘဲ ထင်တိုင်းပြောကေ မှတ်သားနားထောင် လောကဘောင်မှာ က္ကနောင်ရာမ ဘဒရနှင့် လက္ခဏာသီဒါ ကိန္နရာငွေတောင် ဘုန်းခေါင်းသုထော်နု ခေါ်သညီနှင့် ဤဝတ္ထုကို ဘတ်ရှုပြီးထွယ် အဓိပ္ပါယ်ကို ယုံကြည်မှသာ မအပ်ရာသည် ဝါစာသမ္ဘ ဖြစ်ပါတော့သည်။ ။ များလူရှင်တို့ အထင်ကပ်ကေ မှတ်ကြလေလေ။

မှတ်ရမည်လေ ဓိပ္ပါယ်လက္ခဏာကြောင်းခြင်းရာဖြင့် ကျမ်းစာအရ သမ္ဘဖလာ ဖြစ်ခြင်းရာကို ဘော်ကာပြလို့ နိစ္စဂီတ ဤနှစ်ဝတွင် ဂီတအရာ ဖြစ်တုံပါလည်း ကာလအလိုက် နှိုက်ချစ်ရာမှာ ဒေသနာလျှင် မှန်စွာဖြစ်၍ ထိုက်ရာ လျော် အများလူလေ ကြားသူကြိုက်လို့ နှိုက်ချစ်ပါအောင် ကဗျာဂီတ သာခြင်းစီကေ ဆင်ခြီတမ်းပျာ ညွှန်းကာပြလို့ ကုသလဓမ္မံ ပဋိစ္စံကေ ကုသလံဓမ္မော ဘုရားမြတ်စွာ စောထွတ်ချာက ထုတ်ဘော်ငြားလို့ ဟောတော်မူရာ သေအချာ ဖြင့် ဒေသနာအရ ဂီတသံချို ကျမ်းအလာကို ကဗျာချဲ့လို့ ဖွဲ့ကာဆိုသော် ကုသိုလ်ပကတိ ဥဒ္ဒိစ္စများ လွင့်ကာပါးကေ ဖြစ်ငြားရှိလို့ မိမိမူလ အကုသိုလ်နှင့် ကုသိုလ်ရမှာ နာတတ်ကြသော် ဘာဝနာကေ မနာမတတ် ကိလေသာလေ တဏှာဖြစ်လို့ အပြစ်ကျ-ဟု မှတ်ကြရမည့် သို့နားလည်အောင် ဓိပ္ပါယ်လက္ခဏာ ဥပမာမှာ တမာပင်ဖျား အကြင်သူတို့ ဆွတ်ယူစားသော် ခါးနိုင်တော့မည် ဇကဝုတ်ကေ မဟုတ်ချေလေ စာပေနှံ့စပ် အရပ်ရပ်ကို မတတ်မမြင် ခတ်လွင်လွင်နှင့် မသင်မကြား နားထူထူနှင့် လူအများတို့ အမှားကိုပင် အမှန်ထင်ကေ မှန်ကျင်တုံလိုက် အမှားဖြစ်လို့ အပြစ်ကိုမူ အကျိုးဟူ၍ အယူပြန်ပြောင်း အချို့သူလေ လူဘူးတောင်းမှာ ကျောင်းကိုကား အိမ် စိန်ကိုကား မြဟက်တရီတို့ နီကိုလ-ဟု မှတ်ကြတော့သည် သို့ဖြစ်ပေ၍ သေသေသပ်သပ် ကဗျာသံဖြင့် ကာရံစပ်သည် သတ္တထာနု ကျွန်ုပ်စီကေ ဤဝတ္ထုကို ဘတ်ရှုကြသူ အချို့မူက လူမလိမ္မာ ဖြစ်ခြင်းရာကြောင့် မေဃလာသည် ကယ်ကာဆယ်၍ ပင်လယ်မြစ်မှာ လောင်းသတ္တနှင့် လှပဖါတို့ ကမ်းမှာရောက်ဟန် ကျွန်ဆိုပြန်သော် တရံတခါထူး ရှေးသာခြင်းမှာ မေဃလာလေ ဆယ်တာများကို မကြားဘူးဘဲ ယခုမှာသာ ကြားရပါကေ မလျော်လေငြား ဤဆရာသည် ဆိုကာမှားဟု ငါ့တပါးမှာ ဘူးခါးသီးသို့ ကြီး၍လာပျာ တောမှာလဲခ ပွဲမှာပြယောင် သူကအမှား မလိမ္မာကို ဘော်ကာပြောလို့ ကြီးမားပြင်ကျယ် ရေပင်လယ်ကို ကူးမည်ကိုကား မဆိုထားနှင့် ချောင်းဖျားကိုပင် ကူးကာမြောက်ကေ မရောက်ကျင်ဘဲ မမြင်ကမ်းခြေ ရေပြင်ကျယ်တွင် နှမေပဖါ သတ္တထာကို မေဃလာသည် မကယ်ဆယ်ဘဲ ခြေကိုကျော်ကန် ကူးခြင်းဟန်ကြောင့် ရောက်ပြန်တော့သည် ငါ့တပါးသွင် များလူရှင်တို့ အထင်ကပ်ကေ မှတ်ရမည်လား အကျယ်အကျိုင်း အလုံးစုံကို ထုံးပုံခိုင်းလို့ အကျိုင်းသံခေ ရှေးဆရာလျှင် ဘော်မပြဘဲ ထားခရေရာ အကျယ်ဝိတ္ထာရ အသေအချာ ရှေးဆရာတို့ ဘော်မပြလည်း သိရမည်မှာ မဟာရာဇာ အာဂစ္ဆာတိ နည်းလေးဆယ်ကို ခွဲဝေညှိလို့ ထိပါရမည် ပဒုမ္မာလင်္ကာ ဤကဗျာကို မနာအပ်ဟု မှတ်ကြပေသော် ဤသည်ပါဠိ ကျမ်းအလာလေ စာအရှိကို သိပါကြလေ။ ။ အာဂုံဆောင်၍ ယုံအောင်ချ-ကေ ပြလိုက်တေလေ။ ။ ဓမ္မပသညီတော-ဂီတုံငတ္တဘိ၊ ဂီတုပသညီတော၊ ဓမ္မောနဝတ္တတိ။ ။ ဤသို့အစရှိ သော ပါဠိလာရှိသည်နှင့် လျော်ညီစွာ သိသာနိုင်မည်။ ။

ဤတွင်ရွှေကာ ရှေးနောက် သိုင်းခြုံစေ့အစုံဖြင့် အကုန်အစင် စက္ကူပြင်မှာ ပုံတင်ရိုက်ငှာ ပဒုမ္မကို စုံစွာစုရုံး သာခြင်း ကဗျာပျို့လင်္ကာဖြင့် စီကာကုံးလို့ အဆုံးတပုဒ် နိဂုံးချုပ်ဖြင့် ဖုံးအုပ်လိုက်မည် အပ်မအပ်ကို ဆုံးဖြတ်ပေလည်း အကျယ်ဝိတ္ထာရ ထက်ပဝေစံ သက်သေခံဖြင့် ညွှန်မပြဘဲ သံခေပ-နည်းကြောင်းခြင်းရာကို သာမညဖြင့် ပြတုံခဲ့လို့ အရေးယူဌာ မဟုတ်ပါကေ ပညာရှိများ ကဲ့ရဲ့မည်ကို စိုးပေငြား၍ စကားရောက်ရာ မပြောသာကေ ပညာမမြင် တချို့လျှင်လေ မစင်တခွဲချေဝမ်းသံကေ ဉာဏ်တပဲ့နှင့် နည်းလမ်းမကျ နှုတ်သရမ်းနှင့် အယမ်းဆ-ကေ မုက္ခဒီပနီ စည်အစီဖြင့် သညီမည့်ရ ပစကျမ်းတတ် မနူးနပ်ဘဲ သွက်သွတ်တုံငြား အကြင်သူလေ လူအများကို သနားမေတ္တာ ကျွန်ဆရာလေ အာစရိလျှင် ရှိခြင်းရာကြောင့် သညာသတိ ပညာဉာဏ်လျှင် မှန်မရှိလည်း သိကြစေလို အနည်းငယ်လေ သင်္ခေပ-ဖြင့် ပြ-ကာဆိုရေ ဘယ်လိုဘယ်ဝါ ကျွန်ဆရာကို ပြောပါကတည်း ထွန်းပရောင်ထင် လ-ကိုမြင်သော် မစင်ခဲနှင့် ဝဲကာစစ်စစ် ထက်အာကာကို ယော်လို့ပစ်လည်း ခေါင်း၌သာပ မိုက်ဗာလနံ ပစ်သူထံလေ ပြန်ကာကျသို့ ရက္ခမဏ္ဍိုင် ရခိုင်စက်ကွင်း အာကာတွေမှာ နေတစင်းသို့ ထွန်းဝင်းတော်ပြောင် ဉာဏ်တန်းဆောင်ကို မြူမှောင်နည်းငယ် ဖုန်းလွှမ်း ကွယ်လည်း ရောင်ခြည်တထောင် ဝေဝေပြောင်လို့ မှောင်မည်မုက္ခ မဟုတ်လှဘူး ဥဒဟရုဏ် တနည်းတုံက ဝေဘူတောင် ဖျား နေတဆူသို့ ရည်တူရှားကေ ပတ္တမြားစစ် တပြည်တန်ကို ရေညွှန်နှိုက်လည်း မညစ်နိုင်ရာ ဤကဗျာကို ဆရာကျွန်ုပ်

ရှေးတလီလေ ကုံးစီထုတ်ကေ သရုပ်သချ်ာ နှစ်ဆဲ့တနှစ် သက္ကရာဇ်လျှင် တွက်စစ်ကြာမှ တခါနောက်ထပ် ကောက်ရ မောင်မောင် ညီနှင့်နောင်သို့ ကြံဆောင်လတ်၍ စပ်ဟပ်နည်းငယ် ရှေးထက်ကျယ်အောင် ဖွင့်ချယ်ပြီးလျှင် အဟောင်း ထက်၌ အကောင်းဖြစ်အောင် အသစ်တင်၍ စီရင်ကုံးလိုက် သက္ကရာဇ်က ဇက်နှင့်ဒွေးအင်္ဂသောမှာဖြတ်၍ သီတင်းကျွတ် က ဆန်းပက္ခ၌ ပေတအကူး ဗုဒ္ဓဟူးတွင် ဒေါင်းယာဉ်ပျံလေ ယုဂန်ဖျားက ရထားနှင်၍ နေဝင်ဆည်းဆာ ချိန်ခါမှီလေ နာရီစက်လျှင် ခြော်ချက်ကျော်တွင် ပညာပွားကြောင်း နတ်ဆိတ်ရွာလေ စာသင်ကျောင်း၌ အပေါင်းသီလ သူတို့မှာလေ စာရေးကြက တွေးဆစီမံ ကလောင်တန်နှင့် ကာရန်ကိုဖြတ် နိဂုံးသတ်သည်။ ။ ဖုံးကွတ်အောင်မြင်တော်မူ၏တည်းလေ။

## (အဆုံးတပုဒ်–နိဂုံးချုပ်–နိမ္မိနှ)

ပစ္စေကာဉာဏ်ကို ရတာမတော့ သတ္တဝါအနန္တရေနှင့် နတ်ပြဟ္မာမြင်သမျှရေတို့ သင်္ခါရရေတော့ နယ်အဝင်လေ ဗျာ ကြံကာဆ-ပါလို့ တကယ်ထင်၊ ။ ရုပ်ကလာပ်ကေတို့ ချုပ်အပြတ်မှာတော့ ဥပါတ်ကေဋ္ဌိ-ဘင်ဟု ကြိမ်ဘန်ဘန်- ဖောက်ပြန်မှုကို တွေးရှုဆင်ခြင်တေလေပျာ ဘေးအစုစုရေလို့ အေးမှုမမြင်။ ။ ကာယရုပ်ကေနှင့် ငါပလို့ လုပ်ရှာကြ ဘာမှမဟုတ်ပါကလား မရဏချုပ်လျှင် ပုတ်ရွံ့စရသာ တမျှရေနှင့် ပသာဒမဟုတ်ပြန် ရုပ်နာမ်ခန္ဓာ မလှသောကြောင့် သုသာန်တစကိုတေ့ ထုတ်ရပြန်၊ မြုပ်နှံသပဖုတ်ကင်ကြတာမတော့ ဗုဒ္ဓဘ်ဂဝတောင်မှ ချုပ်ပျက်အမှန်။ ။ ဇာတိဇရရေ နှင့် ဗျာဒိမရဏရေလို့ ပါဋ္ဌိပြကာ သုတ်မဟာဝါ စကားရေနှင့် အာစရိအဋ္ဌကထာဆရာ ထုတ်ဘော်ကာ ဟောသော ကြောင့် ဉစ္စာစပါးရေနှင့် ကျွဲနွားလယ်ယာကို လောဘစေတနာနှင့် လွန်မက်မောဲ မောဟကိုပယ်မခွာသမျှ ရမက်ဇော သံယောဇဉ်လေလေ၊ သံယောဇာန်စျာန်တရားကို မခိုဝင်သမျှ ကြံမှာစွာ ဟိုယခင်ကလို ဗဟိုရ်ခွင်သဋ္ဌာတက်မှာလား အပျိုစင်မြင်လျှင်ဖြင့် မမက်ပြီးဘူး အတ္တိ-က္ကမသို့ကာယေ-ကေသာလောမာ နခါ-ဒန္တာဟုမှတ်ပြီးလျှင် အရဟတ္တဖိုလ်- နဂိုရွှေပြည်ကြီးကိုလား ပရမတ်အလို ကပ်ခိုလို့မှီခါမှ အိုနာသေ-တကယ်ငြိမ်းရှာကြတေဗျာ ကိန်း-သမ္ဗုဒ်လမ်းရေနှင့် စပ်ကဗျာဘတ်ကာရှုသူတို့ သိမ်းနာမ်ရုပ်စခန်း။ ။

ဤတွင် ရွှေ့က-ပဒုမ္မဝဒီသာခြင်းပြီးပြီ
စာရေးသူ-တန်းခိုးရွာ-ဆရာထွန်း
မူပိုင်စာအုပ်ရှင်။ ။ ဦးအောင်ထွန်းဦး

ပျို့ကဗျာနှင့်-လင်္ကာခြေင်း
နားတော်သွင်းက။
သီချင်း-အဲအံ-ရကန်ရတု။
အနည်းနည်း-ဝေဘန်လျက်။
အစုစုတို့တါင် ယခုအခါ နုကဗျာက၊
သာယာခြေင်၊ အဆန်းအရိုး။
အမျိုးမျိုးကို၊ ပျိုးကာရန်ဖြင့်
ကျွန်ုပ်ဆရာထွန်းသည်။
ကဗျာမော်ကွန်းဆောက်စိုက်ထူလိုက်သော။

မျောက်နှင့်-လူသား
**မယားလုသာခြင်း။**

စာအုပ်ရှင် မူပိုင်-ဦးအောင်ထွန်းဦး

## စကားချီး

လူမျိုးတမျိုး၏ ယဉ်ကျေးတိုးတက်မှု ဘဝသရုပ်ကို ရေးသားကြရာတွင် ရေးသားကြသော။ စာပေပညာအဆင့် အတန်းကို။ အကဲခပ်ကြည့်ခြင်းအားဖြင့်၊ သိသာနိုင်သည်ဟု၊ ကမ္ဘာ့ပညာရှိကြီးများက မှတ်ချက်ချကြလေပြီ။

ထို့ကြောင့် ကျွန်တော်တို့ ရှေးရခိုင်စာဆိုတော်ပညာရှိကြီးများ ဖြစ်ကြသော။ ဥက္ကါပျံ၊ မဟာပညာကျော် အမတ်ကြီးများနှင့်။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ခန့်လောက်က။ ထွက်ပေါ်လာခဲ့သော တန်ခိုးဆရာထွန်း စသော။ စာဆိုတော် ပညာရှိကြီးများသည်။ ရခိုင်ပျို့,ကဗျာ,လင်္ကာ,သာခြင်းတို့ဖြင့်၊ ရခိုင်လူမျိုးတို့၏ ယဉ်ကျေးတိုးတက်မှု ဘဝသရုပ်ကို ဖော်ထုတ်ခဲ့ကြသဖြင့် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအထိ ကျေးလက်တောရွာများနှင့်တကွ ရခိုင်ပြည် အရပ်ရပ်တွင် နွားထိမ်း၊ ကျွဲကျောင်း၊ လောင်းစီးဖောင်မျှော၊ စာရေးစာချီ၊ ကုန်သည်၊ ပွဲစား၊ ပွဲစား၊ လယ်သမားပါမကျန်၊ ရခိုင်ပီပီ၊ ရခိုင်ပျို့,ကဗျာ,လင်္ကာ,သာခြင်းတို့ကို နှစ်ခြိုက်စွာ ဘတ်ရှုကြပြီး၊ မိမိတို့ဘဝပျော်ရွှင်မှု၊ ချမ်းသာသုခကို ခံစားခဲ့ကြသော်လည်း၊ ဒုတိယကမ္ဘာစစ်ကြီး မီးတဟုန်းဟုန်းတောက်ပြီးနောက်၊ တိုင်းပြည်မငြိမ်မသက် စီးပွားရေးလည်း ပျက်ခဲ့ကြသဖြင့် နောက်ထပ်ဆက်လက်ကာ စာများကို မရိုက်နှိပ်နိုင်ကြတော့ဘဲ၊ ရှေးရခိုင် ပျို့,ကဗျာ, လင်္ကာ, သာခြင်း တို့မှာ ကွယ်ပျောက်လုနီးပါးဖြစ်နေသောကြောင့်၊ ရှေ့ခေတ်ကကဲ့သို့၊ ရခိုင်သာခြင်းများကို ဘတ်ရှုသူများ တဖန်များပြား လာစေရန်ကိုရင်း၊ နှောင်းတခေတ် ရခိုင်စာဆိုတော်ပညာရှိများ ပြန်လည်ပေါ်ပေါက်လာစေရန်ကိုရင်း၊ ရည်ရွယ်လျက်။ ကျွန်တော်သည် စီးပွားရေးကို ပဓာနမပြုဘဲ၊ ကိုယ်စိတ်အပင်ပန်းခံကာ၊ အရပ်ရပ်စာမူများကို ကြေးငွေအကုန်အကျခံပြီး ရှာဖွေစုဆောင်းလျက်၊ ကျွန်တော်တဦးတည်းမူပိုင်အဖြစ် စာအုပ်များကို စက်တင်ပုံရိုက်ကာ၊ အဘိုးနှုန်းချိုသာစွာဖြင့် ဖြန့်ချီရောင်းချလိုက်ရပါကြောင်း။

**ကဗျာအစ–မင်္ဂလာ။**

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ရတနတ္တယာနုဘာဝေန သဗ္ဗဘယာဝိနာသန္တု။

မင်္ဂလာဇေယျ၊ မြေဝသုန်ဟု၊ ရွှေဘုံလောကဓာတ်။ ပထဝီမဏ္ဍလာ။ ဤကမ္ဘာလျှင်။ ပေါ်လာလတ်ကော။ ဝေဟပ္ဖိုလ်သား၊ ပြဟ္မာများနှင့်။ တရားမွေ့သိန်။ သုဘကိဏှနတ်။ အာဘဿရာ။ ဈာန်တန်းခိုးနှင့်။ မိုးယံပြဟ္မာတို့။ ယထာရဟ။ ဤလူ့ရွာမှာ။ ဖြစ်လာကြကော။ ရသပထဝီ။ မေဒနီ၏။ မြေဆီမြေလွှာ။ မြေသြဇာကို။ စားခါကာလ။ ကာယကိုယ်မှာ။ အလိုကြီးကော။ မီးရာဂဟု၊ ရသတဏှာ၊ မိုက်မှောင်ဖုံးကပ်၊ ထက်အာကာကို၊ ပျန်ကာရှုံးကော။ ဈာန်ကြိုး ပြတ်က၊ နက္ခတ်နေလ၊ လင်းရောင်ခြည်လေ၊ ပြောင်ဝေကြောင်းကို၊ တောင်းပန်ကြသော်၊ တပေါင်းလခါ၊ ကြောင်းသင့် လျော်လို့၊ ထွက်ပေါ်လာစ။ ပဌမက။ ဝဌာယီ။ ခေါ်သညီဖြင့်။ ဤကမ္ဘာမြတ် ဘဒ္ဒကပ်တွင်။ ကပ်အန္တြ။ အဌမကို၊ ကျသောအခါ၊ ရှေးဦးစွာလျှင်၊ ဘဂဝါအရဟံ။ နတ်မတန်လေ၊ မြတ်သမ္ဗုဒ်ဟု၊ ကက္ကုသန်လျှင်၊ရွှေဉာဏ်ရင့်မာ၊ ပွင့်တုံပါ၍၊ တဖြာနောက်တုံ၊ ဂေါဏဂုဏ်က သုံးဘုံလူ့ဘာ၊ ကဿပနှင့်၊ အန္တြပညတ်၊ ဆဲ့တကပ်တွင်၊ နတ်ဝိသုဒ္ဓခုလောကခံ၊ ပစ္စုပ္ပါန် တွင်၊ သမ္ဗုဒ္ဓေါ်ဟု၊ ဂေါတမနှင့်၊ စတုတ္ထမြောက်၊ လေးပါးနောက်တွင်၊ ပြည့်မြောက်စုံညီ၊ ပါရမီနှင့်၊ ဤကမ္ဘာမြတ်၊ အန္တရကပ်လျှင်၊ ဒွါဒသ်အဝင်၊ ရောက်ကျင်ကာလ၊ နောင်ပွင့်ရန်လေ၊ မှန်တုံခဲ့သည်။ မေတ္တေယျဟု၊ ပဥ္စဗုဒ္ဓ၊ စက်ပါဒါကို၊ ကေသာဖြေလျော့၊ ပဿန္နေဖြင့်။ စိတ်ရည်စူးကော၊ ဖူးပြီးမှလျှင် အကုသလာ။ ကုသလာဟု၊ ဒေသနာဓမ္မော။ သုံးပုံပိဋကတ်၊ ပရိယတ်ကော၊ မြတ်တရားကို၊ မနောကာယ။ ဝစီကံဖြင့်၊ ဆံဦးချလို့၊ သမဏမင်းသား၊ ပုထုဇနာ။ အရိယာလေ၊ သဃ်ာများ ကို၊ သုံးပါးသောကံ၊ ကရိုဏ်းခံလို့၊ သုံးတန်ကာက၊ အဥ္ဇလီလေ။ ချီပြီးမှလျှင် မိဘဆရာ၊ မြတ်သုံးဖြာ၏၊ ဂုဏ်ဝါကျေးဇူး၊ အသချေ်လေ၊ မြေပံသုနှင့်၊ မေရုဆယ်ပြန်၊ နှိုးမတန်အောင်၊ ကဲလွန်များဟုံ၊ တင်ပေဘူးသည်၊ ကျေးဇူးဂုဏ်ကို၊ အာရုံ ရည်မှတ်၊ သုံးပါးကံဖြင့်၊ ကျွန်ရိုညွတ်လို့၊ လေးမြတ်ဦးချ၊ ပြုပြီးမှလျှင်၊ ရှေးကဖြစ်မူ၊ မျောက်နှင့်လူလေ၊ တူနှစ်ပါးကော၊ မယားလုလို့၊ ဝတ္ထုကိုသည်၊ ယခုဝယ်၌၊ အကျယ်ဝတ္ထာရ၊ စုံလင်စွာလေ၊ စီကာပြမည်၊ ပေါရာဏဝတ္ထု၊ ဖြစ်ပျက်မှုကို၊ ဗာဟုများစွာ၊ လူတကာတို့၊ ကြားနာပါစေ၊ ကဗျာသံဖြင့်၊ ကာရန်လုံးကော၊ ကုံးလိုက်မည်လေ။

## အဋ္ဌဝဋ္ဌာတိုင်းပြည်တည်၍ ဗြဟ္မာသက္ကမင်းကြီး ထီးနန်းစံစန်း။

နိဒါန်းမယေသွယ်ကာ။ အောင်ဇေယျာဟု၊ ရတနာသုံးပါး၊ မိခင်မာတာ၊ ဘပီတာနှင့်၊ ဆရာများဟု၊ ငါးအနန္တ ကျေးဇူးတော်ကို၊ မျှော်ထောက်ဆလို့၊ ပက္ခိယအဥ္ဇလီ၊ ဝန္ဒနာလေ၊ ပန်ထွာမှုဖြင့် ဆံဦးနှိမ်လို့၊ သုံးကြိမ်ဦးချ၊ ပြုပြီးမှလျှင်၊ ဇဝနညာဏ်၊ ဟာသဉာဏ်ကို၊ စိတ်ကြံသမျှ၊ စီကုံးဆိုသော်၊ လိုတိုင်းရလို့၊ လောကဓမ္မတာ၊ ယောကျ်ားမိန်းမ၊ မနုဿဟု၊ ရှိကြရာတွင်၊ လော်မာကျင့်ဆိုး။ က္ကတ္တိယကော၊ မိန်းမမျိုးတို့၊ မရိုးမဖြောင့်၊ မိဘနွယ်ရိုး၊ အသရေညိုးအောင်၊ မျိုးမစောင့် ဘဲ၊ စိုးနှောင့်စရာ။ အရွယ်ရောက်လို့၊ ကြီးမြောက်လာသော်၊ မာတာပီတ၊ မိဘနှစ်ပါး၊ ပေးထိမ်းမြားသည်၊ တသားတလင်၊ ရကြကျင်သော်၊ လင်ရှိမယား၊ မှန်စင်စစ်ကော၊ ဖြစ်တုံငြားလျက်။ ယောကျ်ားတကာ၊ မြင်မြင်ရာနှင့်၊ လော်မာပြုပြန်၊ မျောက်မင်းသားနှင့်၊ ဖောက်ပြားဟန်ကို၊ ကာရန်သင့်ညီ၊ ရှေ့တလီ၌၊ ကုံးစီတုံလတ်၊ ဤပြည်သူတို့၊ ဝယ်ယူဘတ်လည်း နံပါတ်ကနဲ။ စာရွက်လှ္ဝာကို၊ ထွက်ကာစစ်ကော၊ ရှစ်ပုဒ်တည်းနှင့် ရေးမစီသာ၊ ယခုခါ၌၊ ခြင်းရာပြည့်စုံ၊ အလုံးစုံလျှင် အကုန်အစင် စုံအလင်ဖြင့်၊ ယခင်ဝတ္ထု၊ မျောက်နှင့်မူလေ။ လူမင်းသားတို့၊ မယားလုကို၊ ဘတ်ရှုကြလေ၊ မြို့စစ်တွေက၊ ပုံနှိပ်လုပ်ကော၊ ထုတ်လိုက်တယ်လေ၊ သပြေဒီပါ။ တောင်ကျွန်းချာတွင်၊ မဟာရဋ္ဌ၊ ထီးနန်းတည်၍ ဌာနေချကော၊ အဋ္ဌဝဋ္ဌားတိုင်း အောင်ချာတွင်၊ ပြဟ္မသက္က၊ သတင်းကျော်ညာ၊ မင်းရာဇာဟု၊ ခေါ်မနာနှင့်၊ သမန္တယ်လာ၊ ဇကေရာဟု၊ တေဇာထွန်းပ၊ တန်းခိုးလျှံဝေ၊ စိုးစမွှါယ်သည်။ ထိုပြည်မကို၊ အဋ္ဌမဋ္ဌာ၊ တွင်ခြင်းရာကား။ ဦးစွာပဌမ၊ ထိုမြို့ပြည်ကို၊ တည်ကာလက၊ ဒေဝပစ္စုန်၊ မိုယ်းအမွှုန်လျှင်၊ လေဟုံပြင်းစွာ၊ ထိန်ထိန်ရိုက်ကော၊ ရှစ်ကြိမ်ရွာလို့၊ ထင်ပေါ်နာမ၊ ထို့ဌာနလေ၊ ရွှေပြည်မကို၊ အဋ္ဌဝဋ္ဌာ၊ တွင်တုံပါကော၊ မဟာနဂရ၊ ယခုဆိုကော၊ ထိုပြည်မကို၊ ကြီးလှအာဏာ၊ စိုးစံပျော်သည်၊ ပြဟ္မသက္ကခတ္တိယလျှင်၊ ဓမ္မဆယ်ပါး။ မင်းကျင့်များနှင့်၊ မမှားမှန်စွာ၊ တိုင်းပြည်သူတို့၊ ပူမညိုးအောင်၊ စိုးစံပျော်သော်၊ ရှည်ကြာသမယ၊ အခါကျလည်း၊ သားမရတတ်၊ မြင့်တာရှည်လေ၊ နေပြန်လတ်က၊ မှူးမတ်ဗိုလ်ပါ၊ တိုင်ပင်ကာဖြင့်၊

ပုတ္တာသက်မျှ၊ ဩရသဟု၊ သားရစေကြောင်း၊ သီလသမ္ဘာ၊ ဆောက်တည်ကာဖြင့်၊ ပန်ထွာပြုလေ၊ သားဆုတောင်းက၊ အကြောင်းသင့်လျှော်၊ ဝတိန်သာ၌၊ ဟေမာဇောတ၊ အမည်ရသည်။ နာမချီးကျူး၊ တဦးနတ်သား၊ ကုသိုလ်ဟုံလေ၊ ကုန်လေငြား၍၊ သက်လျှောမနေ၊ လူတို့ပြည်မှာ၊ မဟေတောင်နန်း၊ ခေမာသီလေ၊ ဒေဝီဝမ်း၌၊ စွဲလမ်းသန္ဓေ၊ တည်တုံလေ၍၊ စေ့သည်ဆယ်လ၊ ဒသမ၌၊ ညာရမိခင်၊ ရတနာလေ၊ နန်းလျှာသားကို၊ ဖွားမြော်မြင်ရေ။

ဖွားမြော်မြင်ကေ၊ ခေါ်တွင်နာမ၊ ခမည်းတော်လေ၊ ရာဇာတမှာ ဒုသျှန္တကုမ္ဗာ။ ဘွဲ့တံဆိပ်ကို၊ ခပ်နှိပ်ပြီးခါမှ၊ မင်္ဂလာရက်တွင်၊ မြဇယင်မှာ၊ တင်ကာကျူငြား၊ ရတနာလေ၊ နန်းလျှာသားကို၊ နာဖျားရောဂါ၊ သူငယ်နာနှင့်၊ မာဒရာကျားဗဟုံ၊ တစုံတခု၊ အမှုကိစ္စမရှိရအောင်၊ တတ်လှလိမ္မာ၊ သမားတရပ်၊ ဟူးရာတတ်ကော၊ ခေတ်ဆရာနှင့် အာကာအရုံ၊ အင်းမန္တာန်ကို၊ စီမံပြီးမှ၊ ကျေးဇူးတုံလေ ဂုဏ်တော်ရှိကော၊ မိနှင့်ဘတို့။ ယုယမြတ်လေး၊ နန်းဝေယန်တွင်၊ ခြွေရံများနှင့်၊ သားရင်သွေးကို၊ မွေးစားလေမြောက်၊ တဆယ်ကျော်လေးရွယ်တော်မြတ်လို့၊ ဆဲ့ခြောက်နှစ်ဝင်ရောက်လေကျင်သော်။ ဘခင်ရာဇာ၊ ပြဟ္မာသက္က၊ သားနန်းရုံကြောင့်၊ ကြံတွေးဆလို့၊ အမဇ္ဇပဏ္ဍိ၊ ပညာရှိနှင့်၊ နှိုင်းညှိဆင်ခြင်၊ သားရွှေစင်အား၊ ဘခင်မင်းဖျား၊ ပြောစကားမှာ၊ ယောကျ်ားအစစ်၊ အဘိုးထိုက်သည်။ အနှစ်ပညာ၊ အရပ်ရပ်ကို၊ မတတ်ပါသော်၊ ပြားမှာပေါက်ဆန်း၊ ပမာတင်သော်၊ ပင်ဇီးကန်နှင့်၊ ပေါက်ပန်းအဆင်း၊ ပညာဟုံလေ၊ ဂုဏ်ထိန်ပြန့်လို့၊ နံ့မသင်းဘဲ၊ ညှံ့ဖျင်းတတ်သည်။ သို့ဖြစ်ပေ၍၊ ရွှေပြည်သာလှ၊ တက္ကသိုလ်လေ၊ ထို၌ာနမှာ၊ သိပ္ပသိပ္ပံ၊ အတန်တန်ကော၊ ဒါး,လုံ့သေနပ်၊ သိုဏ်းအတတ်နှင့်၊ ဒိုင်း,လွှတ်လှိုင်းချက်။ ဆင်တက်မြင်းစီး၊ လေးကြီးပစ်တင်၊ စစ်ပင်စစ်ထိုး၊ လောကီလောကုတ္တရာ၊ ဆဲ့ရှစ်ဖြာကော၊ ပညာမျိုးနှင့်။ စက်ကြိုးယန္တရား။ ထက်မိုးသွားကို၊ သင်ကြားရမည်၊ ဘမင်းကြီးက၊ မိန့်ခွန်းထွေသော်၊ အရွယ်ရောက်စ၊ ဒုသျှန္တဟု၊ သားလှရတနာ၊ ဘရာဇာလျှင်၊ မိန့်မှာသည်တိုင်း၊ မဆုတ်ဆိုင်းဘဲ၊ စံတိုင်းကခွါ ဖွားဘက်တော်လေ၊ ဖော်တပါးနှင့်၊ သွားလေပါ၍၊ ပြည်ရွာတိုင်းမြတ်၊ အရပ်ရပ်တွင်၊ အတတ်ပညာ၊ သာထက်သာကော၊ မဟာနဂိုရ်၊ တက္ကသိုလ်ဟု၊ ထိုပြည်ထိုနန်း၊ သွားစခန်းတွင်၊ တောတန်းတောင်ကြား၊ သွားရာတွင်လေ။ လမ်းလျှောင်မှားလို့၊ မင်းသားနန်းရံ၊ ဖွားဘက်ကျွန်တို့။ ဖန်ဘီလာမည်၊ ထိုတောင်ခြေကို၊ ရောက်တုံလေငြား။ ဖွားဘက်တော်နှင့်၊ ရှောက်ကာသွားကော၊ တောကလည်းကြီး၊ တောင်ဝေဘာလေ။ ဖီလာဆီးကော၊ တြိသီဟ၊ နာမတွင်ငြား၊ နေရောင်ခြည်ကို၊ မှောင်ကွယ်ဖုံးကော၊ သုံးလုံးကြား၌၊ နေငြားမှီအောင်း၊ ရသေ့ကျော်လေ၊ မွေ့လျော်ကျောင်းကို၊ အကြောင်းသင့်ထွေ၊ ဖူးစာဖန်လေ၊ ရှေးကံထောက်ကော၊ ရောက်လီရေလေ။

## ဖာလ်ဘီလာတောင်၊ ဝေဘာရတောင်၊ တြိသီဟအမည်ရသော တောင်ကြီးသုံးလုံးအကြား၌၊ သစ်ရွက်မိုးသော သင်္ခမ်းကျောင်းနှင့်၊ မှီအောင်းစိုနေသော ဝေဒိပ္ပရသေ့ကောင်းနှင့် ပန်းပေါင်းဝတီတို့အကြောင်း

ရောက်တုံလေကော။ ထိုသည်အခါ၊ ထိုဟေမာတွင်၊ သေလာသုံးလုံး၊ ပိတ်ဖုံးရံကာ၊ အလယ်မှာလျှင်၊ နေရာကုန်း၌၊ ကျင့်သုံးသိက္ခာ၊ ဆောက်တည်ကာဖြင့်၊ မွေ့လျော်ကျိန်းအောင်း၊ ပြည်နိဗ္ဗူကို၊ စိတ်ယူမှန်းကော၊ သင်္ခမ်းကျောင်းနှင့်၊ ကျင့်ကောင်းသီလ၊ ညီအမျှဖြင့်၊ ဝေဒိပ္ပမန္တာန်။ တတ်ခြင်းဟန်ကြောင့်၊ ဘိညာဉ်စျာန်ရ၊ ဝေဒိပ္ပဟု နာမတွင်ခေါ်၊ ရိပ်သာယာမှာ၊ သိက္ခာပြည့်ကော၊ ရသေ့ကျော်လျှင်၊ ရှည်ကြာသမယ၊ ထိုဟေမာမှာ။ နေကာလ၌၊ ဒေဝနတ်ရွာ၊ ဝတိန်သာမှာ၊ စန္ဒာတွင်ပြီး၊ အင်ပြည့်စုံကော၊ ဘုံပြသာဒ်မှာ၊ နတ်သမီးလျှင် ညီးစည်းစိမ်ဟုံ၊ ကမ္ဗလာနှင့်၊ တန်းဆာညီးလို့၊ အကျိုးကုန်ကော၊ ထက်ဘုံနတ်ပြည်၊ စုတေ့လေ၍၊ သန္ဓေကူးပြောင်း၊ ရသေ့ကျော်လေ၊ ဝိဟာကျောင်းနှင့်၊ တာပေါင်းသင်္ချာ၊ ဝေးမကွာတွင်၊ စံကားဝါဆန်းကြယ်၊ ပန်းဖူးလယ်မှာ၊ သန္ဓေတစ၊ မိနတ်နွယ်မှာ၊ တည်နေကလျှင်၊ ကာလများဖျင်၊ မကြာခင်၌၊ ရှင်ရသေ့ကျော်၊ သစ်သီးရှာဘို့၊ လာသည်ခါတုံ၊ ထိုအခိုက်တွင်မှာ၊ ကြိုက်ကာကြုံလို့၊ တင့်ထူးဆန်း၊ စံကားဝါလေ၊ မာလာပန်းလျှင်၊ ကြီးလွန်လေကျင်၊ ထိုခြင်းအင်ကို၊ မြင်တော်လေမူ၊ ဤပန်းငုံတွင်၊ တစုံတခု၊ ဇဝကန်ကေ ရှိတန်၏ဟု အမှတ်ပြု၍၊ ဆွတ်ခူးယူကာ၊ ကျောင်းဝိဟာမှာ၊ ရောက်တော်မူက၊ ရသေ့ကျော်ကော၊ တာပသ၏၊ ဟတ္ထလက်တွင်၊ ပွင့်လေကျင်ကော၊ ရွှေစင်အဆင်း၊ ပွင့်ချပ်ရံကော၊ ဝတ်ဆံတွင်းမှာ၊ ဝါဝင်းလှပ၊ နတ်တို့မျိုးနွယ်၊ ပန်းပွင့်လယ်မှာ၊ သူငယ်မကို၊ ရလေသောခါ၊ ရသေ့ကျော်မှာ၊ တွေးမျှော်နှိုင်းဆ၊ ရှေးအဟိုလေ၊ ထိုဘဝက၊ ငါ့သမီးစစ်၊ ချစ်ဇနီးကော၊ ဖြစ်လေသလော၊ ယခုခါဝယ်၊ ငါမကယ်သော်၊ သေကာသွားမည်၊ သူငယ်ဓမ္မတာ၊ နို့ဆာအားနှင့်၊ ငိုသောခါ၌၊ မဟာတာပသ၊ လက်ဟတ္ထကို၊

ပါးစပ်ခံတွင်း၊ မိခင်မာတာ၊ နို့ရွှေဝါသို့၊ ထိုးကာသွင်းက၊ ငိုခြင်းတိတ်ထွေ၊ နို့ကိစ္စလည်း၊ ပြီးရလေကော၊ ဤသည်စကား၊ အကြောင်းများကို၊ စည်းစားတုံလိုက်၊ သူငယ်ငိုသော်၊ လက်ကိုတိုက်က၊ စင်စစ်နို့ရည်၊ ထွက်သည်မုချ၊ မဟုတ်လှဘူး၊ ပါးစပ်ခံတွင်း၊ ရသေ့ကျော်၏၊ ညာလက်ညှိုးကို၊ ထိုးကာသွင်းက၊ လျှာရင်းပါတွတ်၊ ထိုအခါလေ၊ ငုံ့ကာစုတ်က၊ အာလုတ်အာပေါင်၊ ပါးချောင်နှစ်ဘက်၊ အာပေါမည်ကော၊ လျှာရည်ထွက်က၊ မျိုလျှက်ချထွေ၊ အတွေ့ဖသာ၊ အဟာရဖြင့်၊ မျှတုံလေကော၊ သူငယ်ကံဟုံ၊ ရသေ့ကျော်ကော၊ တာပသ၏၊ သီလဂုဏ်ကြောင့်၊ ပြည့်စုံပြီးလျှင်၊ မြင့်ကြာတင်အောင်၊ သက်ရှင်ချမ်းသာ၊ ဤအရာတွင်၊ မှတ်ပါကြလေ၊ ပမာပြသော်၊ လင်းဒငယ်သိုပ။ ဓိပ္ပါယ်လက္ခဏာ၊ လူတကာတို့၊ ယူကြပါလေ၊ သေအချာလေ၊ နေရာတကျလျှင်၊ ဖော်ပြရေလေ။

ဖော်ပြရေလေ၊ ထိုသည်အခါ၊ ရသေ့ကျော်လျှင်၊ ချမ်းသာစေရေး၊ ချစ်သွီးကို၊ သစ်သီးကျွေးလို့၊ မွေးစားလေရာ၊ သူ့ကြမ္မာကြောင့်၊ ရောဂါလည်းနဲ၊ ဖျားနာဝေး၍၊ အေးအေးသာသာ၊ တနေ့တနေ့၊ တရွေ့ရွေ့ဖြင့်၊ ကြီး၍လာသော်၊ မဟာတာပသ၊ ဝေဒိပ္ပဟု မွေးဘရသေ့၊ ခေါ်စဘွယ်မှာ၊ နာမည်ဘွဲ့ကား၊ မှည့်လိုက်သည်မှာ၊ မွေးကြိုင်စွာလေ၊ စံကားဝါပန်းလယ်၊ သန္ဓေတည်၍၊ ရသေ့တုံရှောင်း၊ ထိုအကြောင်းကြောင့်၊ ပန်းပေါင်းဝတီ၊ နာမည်မှည့်ကော၊ ရွှေဘွဲ့ချီလို့၊ ဂေါရီကျူမြောက်၊ ပဋ္ဌာပိုကော၊ ပျိုတယောက်ဟု၊ ဆိုလောက်သောခါ၊ အသားမှာကား၊ စံကားဝါအဆင်း၊ နုပျိုကညာ၊ ကိုယ်ခန္ဓာမှာ၊ ဝါဝါဝင်းလို့၊ ခံတွင်းနီဝါ၊ သွားဒန္တာမှာ၊ ရတနာဘော်ငွေ၊ ပမာနှယ်လျှင်၊ မငယ်မကြီး၊ အသီးသီးကော၊ နှုတ်သီးနှာရောင်၊ ကြီးမပြောင်ဘဲ၊ မျက်မောင်းမျက်ခုံး၊ ပမာတင်သော် မှင်ပျားဒုံးသို့၊ မျက်လုံးမှာမူ၊ မျက်နက်ထူ၍၊ မျက်ဖြူကနဲ၊ စံကားဝါပန်းလို၊ သူ့နဂိုမှာ၊ အနံ့မွှေးလို့၊ ခါးစည်းရင်ချီ၊ ဒုမ္ဗဏီသို့၊ စုံညီလက္ခဏာ၊ လှခြင်းရာမှာ၊ မျက်နှာချိုပြုံး၊ လစန္ဒာလေ၊ ပမာနှုံးမျှ၊ ကိုယ်လှကိုယ်ထည်။ ကြီးမငယ်လေ၊ တိုရှည်ကြုံဆူ၊ ပါးထူမဟုတ်လှခြင်းရာမှာ၊ ချာအချုပ်ဖြင့်၊ ရုပ်ရူပါရုံ၊ မူရာစုံကော၊ သိန်ဂုဏ်ကြက်သရေ၊ ပျိုကညာထိုယ၊ ထိုမိန်းမတို့၊ ရှိကြပေလည်း၊ နတ်နွယ်နတ်မျိုး၊ ဒြပ်ဂုဏ်နှင့်၊ ထက်ဘုံမိုယ်းက၊ ကြိုးပြတ်ကာကျ၊ သန္ဓေသူမှာ၊ လူမကကော၊ အလှခပ်သိမ်း၊ ပြည့်ဖြိုးစုံညီ၊ ဆံတော်သီမှာ၊ ဆီမလိမ်းဘဲ၊ စိမ်းမြညိုပြောင်၊ ပဒုံးရောင်ကို၊ ထုံးနှောင်ပြီးမှ၊ ဆတောက်ဆံကို၊ နောက်လှန်ချကော၊ စံကားစမ္ပါယ်၊ မိုးစွယ်ကျက်ရုံး တောမြိုင်ခွင်မှာ၊ သဇင်ကုံးကို၊ ဆံထုံးထက်တွင်၊ ချပ်ပန်ဆင်သော်၊ ရှုမြင်မဝ၊ ထက်နတ်ရွာက၊ မိုယ်းပေါ်ကျကော၊ ဒေဝကညာထို၊ ဖြစ်တုံဘိ၍၊ မိန်းမရတနာ၊ လှကညာလျှင်၊ မျက်နှာရွှင်ပြုံး၊ တောရိပ်မြိုင်တွင်၊ ခိုင်ဂမုံးမှာ၊ လုံးတန်ရပ်တန်၊ နတ်သဏ္ဍာန်သို့၊ ဟန်ယူပန်ယူ၊ သန္ဓေသူမှာ၊ အမူအရာ၊ အဘိဓါန်ဟု၊ သိရန်ညွှန်းသည်၊ ကျမ်းအလာနှင့်၊ မာယာလေးဆယ်၊ ရသေ့ထေရ်က၊ ပရိယာယ်တသိန်း အပလိန်းအနန္တ၊ ဟူသမျှနှင့်၊ မိန်းမအတတ်၊ ဆဲ့နှစ်ရပ်ကို၊ လေ့မှတ်အောင်သာ၊ ငယ်ခါကစ၊ ပဌမက၊ သင်ပြရာတွင်၊ ထိုခါတွက်စစ်၊ ဆဲ့သုံးနှစ်သို့၊ သက္ကရာဇ်ရွှယ်ရောက်၊ လင်သားကရိယာ၊ မှုထမ်းတော်လေ၊ အခါမြောက်ကော၊ တယောက်ကညာထိုယ၊ ကိတ္တိမကော၊ မီတရတနာ၊ သွီးတော်ဟု၊ ကလျာလှပ၊ ရှုမဝကော၊ ရူပဝတီ၊ နာမည်မှည့်လို့၊ နှစ်ဘွဲ့ချီကော၊ ဒါလီကညာထိုယ၊ မိန်းမလှကို၊ ဝေဒိပ္ပရသေ့၊ ဘခမည်းလျှင်၊ ကျွေးမွေးကြည့်ရှုပြုစုသုတ်သင်၊ ကြာတင်မြင့်ရှည်၊ ဖလ်ဘီလာလေ၊ သေလာယမှာ၊ နေကြသည်လေ။

နေကြလေကော၊ ထိုသည်အခါ၊ မင်းသားကျော်မှာ၊ ဖော်တယောက်နှင့်၊ ရောက်လေပါကော၊ နှစ်ဖြာတူကွကျွန်အရှင်လေ၊ တိုင်ပင်ကြလို့၊ ဒုသျှန္တကုမ္မာ။ ရသေ့ကျော်ကို၊ ဆယ်ဖြာတုတ်မြောက်၊ လက်ဟတ္ထာကို၊ ထိပ်မှာမိုးကော၊ ရှိခိုးလျှောက်ကော၊ တောအောက်မြိုင်မှာ၊ မြတ်ဆရာ၏၊ ပညာရင်နို့၊ စို့အံ့သောငှါး တပည့်ကျော်လျှင်၊ ရှေ့တော်မှောက်သို့၊ ရောက်ရပါဟု၊ ပန်ထွာလျှောက်ဆို၊ ထေရ်ပုဂ္ဂိုလ်က၊ ထိုထိုခြင်းရာ၊ သိလိုရေးကို၊ မေးပြီးခါမှ၊ ပညာသိပ္ပ၊ ဠာရသကို၊ ငါကရသေ့၊ ကျင့်သိန်မွေ့ကြောင့်၊ အလေ့အလာ၊ သင်ကြားမှုကို၊ မပြုပါဟု၊ ဆိုတော်မူလျှင်၊ မင်းလုင်က သိမြင်သတ်မှတ်၊ တတ်မြတ်သမျှ၊ ယနေ့ကသော်၊ တပည့်တော်ကို လင်ကာပြပါ၊ အဖန်ဖန်လေ၊ ထံတော်မှောက်မှာ၊ ပန်လျှောက်ခါ၌၊ မဟာတာပသ၊ ဝေဒိပ္ပမှာ၊ စိတ်ကကြုံစေ၊ တွက်တက်တယ်က သန္ဓေတစ၊ ပန်းဖူးလယ်မှာ၊ တည်ကာရသည်။ ကိတ္တိမတွင်ပြီး။ ရှုမညီးသော။ သွီးတယောက်၊ ယခုဝယ်၌၊ အရွယ်ရောက်လို့၊ ရှိမြောက်ခြင်းရာ၊ အဖြာဖြာကို၊ မျှော်ထောက်ချင့်က၊ မသင့်ပါလေ နောင်ခါကြာလတ်၊ အနာဂတ်၌၊ သက်ပြတ်ဇီဝေ၊ ငါလျှင်သေသော်၊ ကြံစီမမြောက်၊ သွီဖြူလေ၊ သူတယောက်ထဲ၊ တောအောက်မြိုင်မှာ၊ သက်ခန္ဓာလျှင်၊ ပျက်ပါလိမ့်မည်၊ ယခုဝယ်၌၊ ဤသည်မင်းသား၊ ပြည်အောင်ချာက၊ တောင်ညာဖွားနှင့်၊ ထိမ်းမြားဆက်စပ်၊ ပညာသင်၍၊ မြင်ကာတတ်က၊ လက်ထပ်ပြီးထွေ၊ ဆောင်လေစေမှ၊ အခြေလည်းကျ၊ ဤအကြံလျှင်။ လျှော်ကန်လှလည်း၊ လောကလူ့ရပ်၊ ယောကျ်ားမြတ်တို့၊ အတတ်ပညာ၊ ရှေးဦးစွာကော၊ ကြင်ရာကိုကား၊ နောင်ခါနောက်မှ၊ တည်ထောင်ငြားလို့၊ မယားကျွေးမှု၊ သားကျွေးမှုလျှင်၊ တခုပညာ၊ အားကိုးလောက်အောင်၊ တတ်မြောက်ခါမှ၊ ဃရာဝါသ၊ လူတို့ဘောင်မှာ၊ တည်ထောင်ကြသည်။ လောကဓမ္မတာ၊ သို့ခြင်းရာကြောင့်၊ ပညာတော်

သင်၊ ရောက်လာကျင်သည်၊ လုင်မင်းသား၊ ငါ့စကားကို၊ ထောင်နားသေချာ၊ ခါမမေ့အောင်၊ စေ့စေ့နာလေ၊ နေရာနေရပ်၊ ငါအောင်းပျော်သည်။ ကျောင်းတော်မြတ်မှာ၊ သတ်မှတ်ပိုင်းငြား၊ ယောကျ်ားမိန်းမ။ နှစ်ဌာနလျှင်၊ ဝါဒခြားလျက်။ ထားလို့သီးသီးသွီးချောယိုင်၊ လှပန်းခိုင်ကို၊ နိုင်အောင်ထိမ်းလို့၊ တားဆီးကာကွယ်၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ကြအောင်၊ သင်ပြလေကော၊ ထိုသည်ကာလ၊ မောင်မယ်ပျိုတို့၊ နှစ်ကိုယ်ရှိဟု၊ သိတုံကြက လောဘအာရုံးနှစ်ယောက်စုံလျှင်၊ ကြုံချင်တွေ့ချင်၊ ရှုကြည့်ချင်ကော၊ ပြောချင်သည်စိတ်၊ လေပြင်းထန်ထွင်၊ တံခွန်ရိပ်သို့၊ မဆိတ်အာရုံ၊ နှစ်ယောက်စုံလျှင်၊ မကြုံခဲ့ရ၊ စာပေအံသော်၊ အသံများကို၊ ကြားခဲ့ကြလို့၊ ဒုသျှန္တခေါ်၊ မင်းသားကျော်လျှင်၊ စိတ်မှာလောင်ကဲ၊ မရောင့်ရဲဘဲ၊ ချောင်း၍ကြည့်ကျင်၊ မယ့်ရုပ်သွင်ကို၊ မမြင်တချက်။ ရိပ်အသွင်ကို၊ မြင်တချက်နှင့်၊ တပြက်တချပ်၊ ညည့်သန်းခေါင်တွင်၊ မိုယ်းမှောင်နက်မှာ၊ ပြက်သောလျှပ်သို့၊ ချောမွတ်ရူပ၊ သူ့အယူမှာ လူမိန်းမသို့၊ စိတ်ကမထင်၊ နတ်သွီးသို့၊ မှတ်ပြီးကျင်လျက်၊ လုင်မင်းသား။ မယ်သက်နှံကို၊ အသံကြားနှင့်၊ အားရပါးရ၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ရကော၊ စိတ်ကမကြည်၊ နိုင်တော့ဘူးလေ။

မောင့်ဖွဲ့မယ်ဖွဲ့အစရှိသည်တို့ကို  သည်နံပါတ်ကစ၍ဘတ်ပါ။

စိတ်ကမယေမပြေးလှသက်ဝေဟု၊ နှမယ်ညိုမြ။ ပန်းနံ့မွှေးကြူသန္တေယူကော၊ ဖြူနှမလည်း၊ မောင်လုလုင်၊ ရုပ်ပိုင်ပြင်ကို၊ မမြင်ရငြား၊ ပြောဟန်ဆိုဟန်၊ စာပေအံကော၊ အသံများကို၊ ကြားကစိတ်တွင်၊ ကြံဆင်ခြင်လို့၊ ဘခင်ပီတာ၊ တို့ကျောင်းမှာလေ၊ ရောက်လာတုံငြား၊ ဘယ်ဌာနေလေ၊ ဘယ်ပြည်သားဟု၊ ခြားနားမုချ၊ မယ်တမူလေ၊ လူဇာတိကို၊ မသိရပါ၊ ဒိဋ္ဌမျက်မှောက်၊ ရောက်လာသူလေ၊ သူနှစ်ယောက်ဟု၊ မှတ်လောက်စရာ၊ တယောက်မှာကား၊ သာယာချေင်၊ ပြောဆိုဟန်လျှင်၊ အလွန်တရာ၊ အသံသာနှင့်၊ ရုပ်ဝါရူပ။ ယခုခါတွင်။ သူ့အသွင်ကို၊ မမြင်ရလည်း၊ စိတ်ကမှတ်ထင်မျက်နှာမြင်သော်၊ ချစ်ခင်ပါစေ၊ အသံကြားကော၊ သနားစေဟု၊ ရှေးဝယ်တောင်းဆု၊ မယ်ရှုချင်လို့၊ မြင်အောင်ချောင်း၍၊ ကျောင်းဗိမာန်တွင်၊ ထရံပေါက်က၊ ရှောက်ကာကြည့်လို့၊ ရသေ့ဘခင်၊ ဤကြောင်းအင်ကို၊ သိမြင်မည်စိုး၊ ရသေ့ကျော်လေ၊ မွေ့လျော်စိတ်နှင့်၊ အိပ်မနိုးခင်၊ ပြင်ဘက်ကျောင်းမှာ၊ တစောင်းတစိပ်၊ အရိပ်အသွင်၊ မယ်သက်နှံမှာ၊ ထရံပေါက်က၊ နှစ်ယောက်မြင်သော်၊ ဘခင်ပီတာ၊ ရသေ့ကျော်နှင့်၊ ခြင်းရာထူးကွဲ၊ ဆင်ဝတ်ပုံလေ၊ အကုန်လွဲလို့၊ ရောင့်ရဲမပြေ၊ အနဲငယ်လျှင်၊ မြင်ပေခဲ့စွာ၊ အားမရ၍၊ စိတ်ကဖြစ်လျှင်၊ ကျောင်းပြင်ဘက်ကို၊ ထွက်ကြည့်ချင်လည်း၊ ဘခင်မဟာ၊ မြင်လေပါသော်၊ သတ်ပါမည်စိုး၊ ဘယ်တိုင်းပြည်က၊ ဘယ်လူမျိုးဟု၊ နွယ်ရိုးကြောင်းအင်၊ သိလိုရေးနှင့်၊ မေးစမ်းချင်လည်း၊ ဘခင်ကိုကြောက်၊ နတ်မျိုးနွယ်လေ၊ မယ်တယောက်လျှင်၊ ရောက်ရက်ခတ်ကာ၊ သေအချာလေ၊ ရွှေစာရေးလို့ ပေးပြီးခါမှ၊ ခြင်းရာကိုစွ။ မေးချင်လှလည်း၊ မောင်ကအလျင်၊ စမထင်သော်၊ မယ်လျှင်နှမက္ကတ္ထိယကော၊ မိန်းမလော်မာ၊ မယ့်ကိုသာလျှင်၊ မှတ်ပါလတ်မည်၊ တနည်းဝယ်ကား၊ နှမယ်နေရာ၊ ကျောင်းတော်သာကို၊ ရောက်လာယခု၊ သူ့ခမာလေ၊ အာဂန္တုကို၊ ရှေးဦးစကျင်၊ မယ်မတင်သော်၊ မောင်အင်လိမည်၊ ထင်တုံပေ၍၊ သေသေချာချာ၊ တနေ့ခါ၌၊ ခြင်းရာသိရေး။ စက္ကူပြာမှာ။ မှင်ကိုစွဲလို့၊ ရေး၍ပြီးခါ၊ ပေးအံ့ငှါလျှင်၊ အပေါ်ထက်က၊ ရံအကာကို၊ လွှာကာချကော၊ ကျလေတုံကျင်၊ ဖွားဘက်မွန်လေ၊ ငယ်ကျွန်ရင်းလျှင်၊ ချက်ချင်းမြင်သော်၊ လျင်စွာကောက်လျှက်၊ ကိုယ့်သခင်လေ၊ လုင်လက်မှာ၊ ဆက်လေသောခါ၊ တူနှစ်ဖြာလျှင်၊ ဖြေကာဖွင့်လတ်၊ မယ့်ရွှေစာကို၊ သာတိတ်ခိုးကော၊ တိုးတိုးဘတ်က၊ ပါလတ်ခြင်းရာ၊ မယ်သက်နှံ၏၊ စံပျော်ညောင်းသည်၊ ကျောင်းဝိဟာကို၊ ရောက်လာတုံလတ်၊ ဘယ်ဌာနေလေ၊ ဘယ်ပြည်ရပ်က၊ မျိုးဇာတ်နွယ်လာ။ မည်သညာနှင့်၊ ခြင်းရာဇာတိ၊ ကျောင်းတော်သာမှာ၊ ညာတမိကို မသိလျှင်မေး၊ မစင်ကြည်သော်၊ ရေနှင့်ဆေးဟု၊ ထုံးနည်းအရ၊ စတင်ဆိုလို့၊ ငါ့ကိုမေးသည်။ ကလဲ့လှဟု၊ စိတ်ကတကယ်၊ မမှတ်လေနှင့်၊ နှမယ်ပမာ၊ နက်ဖြန်ခါ၌၊ ပြန်စာရေးကော၊ ပေးစမ်းပါလေ။

ပေးစမ်းပါလေ၊ ခြင်းရာသိရေး၊ မောင်ကိုထင်ကော၊ မယ်လျှင်မေးက၊ ပေးသည်အက္ခရာ၊ မယ့်ရွှေစာမှာ၊ ပါသည်အရ၊ မောင်လူပျိုကို၊ မယ်ပျိုစကော။ ပေးလျှင်ကလို။ မေးလျှင်ဆိုဟု၊ အဟိုရှေးက၊ ဝေါဟာရသို့၊ လှပယဉ်ကျေး၊ စက္ကူပြင်မှာ၊ မှင်ဆီစွဲလို့၊ တေးထပ်ကဗျာ၊ ရေးစပ်ကာဖြင့်၊ စီကာလည်းကုံး၊ စကားသွယ်လို့၊ ဆင်ခြေဆုံးကော။ နှလုံးရွှင်ပျော်၊ လက်စွဲတော်ကို။ ပေးကာအပ်ထွေ။ အပေါက်ငယ်က၊ စာခွေကိုသွင်း၊ ကျောင်းဝိဟာလေ၊ ဆောင်တော်တွင်းမှာ၊ နေပျင်းစရာ၊ မယ်မင်းမှာလည်း၊ ပြန်စာကိုငဲ့၊ အခါခါလေ၊ ဖွေရှာကြည့်လို့၊ တွေ့လေသောခါ၊ မောင်၏စာကို ယူကာစေ့စပ်၊ တိုးတိုးသာသာ၊ စက်အိပ်ရာမှာ၊ ဖြေကာဘတ်ကော၊ မြတ်တာပဿ၊ ဇာတ်ဘာဝဖြင့်၊ အရညတင်၊ ဂူဥမင်မှာ၊ မူတင်ကျိန်းအောင်၊ ရသေ့ကျော်၏၊ ဝိဟာကျောင်းမှာ၊ နွဲ့နှောင်းရူပ၊ ဟန်ယုယနှင့်၊ နှမသက်နှံ၊ နားမှာချိုအောင်၊ ပြောဆိုတတ်ကော။ မိုယ်းနတ်ဟန်လေ၊ နိုင်ငံရဋ္ဌ၊ စံဌာနမှာ၊ အဌဝဋ္ဌာ၊ ပြည်အောင်ချာတွင်၊ ဗြဟ္မာသက္ကာ၊ ခမည်းတော်လေ၊ ရာဇာဘမှာ၊ အဂ္ဂမဟာ။ ခေမာမိဖုရား၊ ဆောင်ကြာပျော်လေ၊ တောင်ညာဖွားသည်။ သားသြရသ၊ မောင့်နာမမှာ၊ ဒုသျှန္တကုမ္မာ။

ဥပ္ပရာဟု၊ ပညာမစုံ၊ မလောက်လုံလို့။ ရွှေဘုံသမိုင်း၊ တက္ကသိုလ်လေ။ ထိုသည်တိုင်းသို့ စေခိုင်တုံငြား၊ ဖွားဘက်တော်လေ၊ ဖော်တပါးနှင့်၊ မင်းသားဓမ္မတာ။ စံ၌ာနေလေ၊ ရွှေပြည်နန်းက၊ လှမ်းလို့လာကေ၊ လမ်းတောစပ်ကြား၊ နှမတော်လေ။ လှပါခြင်းကို၊ သတင်းကြားနှင့်၊ လိုငြားသိပ္ပ၊ ထိုကိစ္စမှာ၊ တက္ကသီလံ၊ ဆရာမွန်ကို၊ ရှာကြံမသွား၊ လှနဂိုလေ၊ မယ်ပျိုချောနှင့်၊ နှစ်ပါးတူကွ၊ တသက်လျှာပင်၊ စက်ရာခွင်မှာ၊ မကြင်ရလည်း၊ မြင်ရပါစေ၊ စိတ်ကရည်၍၊ နှမယ်ရှိရာ၊ မောင်လျှင်စစ်ကေ၊ လိုက်လို့လာရေ။ တွေ့ပါလျက်သား။ မောင့်ကိုပင်လေ၊ ကြင်မည်ထားဘိ။ မြင်ငြားတောင်မှ၊ မယ်လှရုပ်သွင်၊ မျက်နှာပြင်ကို၊ မမြင်ရဘဲ၊ ပြင်ပကသာ။ ရသေ့ကျော်လေ၊ ဆရာဖျားမှာ ထားပြီးခါမှ၊ ပညာတော်သင်၊ ကျောင်းထွင်းနေသည်။ မယ်နှမ၏ လှပိုင်ပြင်ကို၊ မမြင်ရငြား၊ ပြောဆိုဟန်သို့။ အသံကြားနှင့်။ သနားချစ်ခင်၊ မေတ္တာဝင်ကော၊ ကြင်ချစ်သည်စိတ်၊ မိုယ်းကြီးစွေသော်၊ ရေဆို့ဖိတ်လျက်။ စက်အိပ်မပျော်၊ ထားကလျာကြောင့်၊ စားသော်မဝင်၊ မောင်ဖြစ်အင်ကို၊ မေးလျှင်မသိ၊ ဒုသျှန္တခေါ်၊ မောင်ဘုန်းမောင်၏၊ ကြောင်းဇာတိကို၊ အမိကစ၊ ချက်တော်ကြွေသည်။ ရွှေပြည်မနှင့်၊ ဝံသမျိုးနွယ်၊ မယ်လျှင်မေးလို့။ ပေးစာခွေတွင်၊ သေသေချာချာ၊ ခြင်းရာများကို၊ မောင်ပြောပါပြီး၊ သို့ရာတွင်မူ၊ စံကျောင်းသူက၊ လူမနုဿ၊ ဟုတ်သမျှနှင့်၊ မိဘမျိုးဆွေ၊ မယ်လျှင်နေသည်။ ရွှေပြည်ကစ၊ က္ကတ္တိယကော၊ မိန်းမဟုဆို၊ လှနဂိုက၊ အပျိုစင်စစ်၊ ဖြစ်မဖြစ်နှင့်၊ သနစ်ဖော်ထုတ်၊ ကညာဆိုကော၊ အပျိုဟုတ်က၊ တောအုပ်မြိုင်မှာ၊ ရသေ့ကျော်၏၊ ကျောင်းတော်တွင်းမှာ၊ လုံးချင်းနေဟု၊ နှမယ်ပျိုမိ၊ ကြောင်းဇာတိကို၊ မောင်သိလောက်အောင် စာတစောင်ကို၊ ရောက်အောင်မကြာ၊ ဟုတ်မှန်ရာကို၊ ပြန်ကာရေးလို့၊ ပေးစမ်းပါဟု၊ မောင့်စားလည်းဆုံး၊ များထိုထိုကေ၊ အပျိုထုံးဖြင့်၊ ချိုပြုံးနှစ်သိန့်တည်းလေ။

## စာပေးစာပြန်၊ နှစ်တန်သော ပျိုလူပျိုတို့သည်၊ မြူချိုစကား တူနှစ်ကိုယ် ပြောဆိုကြသောအခန်း။

ရှင်ပြုံးမယေ နှစ်သိန့်၊ တဖိန့်ဖိန့်နှင့်။ ပီတိသောမန၊ လှနဂိုလေ မယ်ပျိုချောမှာ၊ သဘောကျလို့၊ စိက်ကရှင်လန်း၊ ကျောင်းဝိဟာလေ၊ စက်ရာခန်းမှာ၊ ထလမ်းကားပက်လက်၊ ရင်ပေါ်ထက်တွင်၊ စာရွက်ကိုတင်၊ တသက်သက်ဖြင့်၊ တွက်ခြင်းအင်ကား၊ အကြင်လောက။ က္ကတ္တိယကော၊ မိန်းမဘာသာ။ သက်ဇီဝေလေ၊ တဆယ်ခြော်သို့၊ ရွယ်ရောက်လာသော်၊ ကြင်ရာလင်သား၊ လူမှုကိုဆောင် ဤလူ့ဘောင်မှာ၊ တည်ထောင်ငြားသည်။ အများခြင်းရာ၊ မယ့်မှာသော်ကား၊ ကျောင်းတော်အတွင်း၊ မယ်အပျိုမှာ၊ တကိုယ်ချင်းဖြင့်၊ နေပျင်းစရာ၊ ယခုခါ၌၊ ဖူးစာဘခင်၊ နန်းစည်ရှင်ကို၊ မယ်လျှင်တည်ထောင်၊ အထွဋ်တင်လေ။ လင်မျက်ရှုလျှင်။ ပြုရအောင်ကို၊ ကြံဆောင်ပါမည်၊ စိတ်အနေဖြင့်၊ ရယ်ရယ်ပြုံးပြုံး၊ လှမယ်ပျိုမှာ၊ ချိုနှုလုံးဖြင့်၊ စီကုံးအက္ခရာ၊ ရေးသည်မှာကား၊ မောင်တော်ဘုရား အဌဝဋ္ဌာ၊ ပြည်အောင်ချာက၊ တောင်ညာဖွားလေ၊ စကားခြင်းရာ မောင်ကရေး၍ ပေးသည့်စာတွင်၊ ပါသည်အရ။ ကြောင်းကိစ္စကို၊ သိရပါပြီ၊ တော၌ာနီထွင်။ သက်ဝီညိုမြ၊ ကျွန်ုပ်မ၏၊ မူလဇာတိ၊ ခပ်သိမ်းသူလေ၊ လူမိန်းမသို့၊ ဘနှင့်မိကြောင့်၊ ပဋိသန္ဓေ တည်သည်မှုချ၊ မဟုတ်လှဘူး၊ ပုပ္ဖမာလာ၊ မြိုင်တောမှာ၌၊ စံကာဝါပန်းငုံ၊ ထူးတဆန်းဖြင့်၊ ကြီးလွန်းတုံ၍၊ တစုံတခု၊ ဇဝကန်ကော၊ ရှိတန်၏ဟု၊ အမှတ်ပြု၍၊ ဆွတ်ခူးပြီးခါ၊ ဘခမည်းကော၊ ရသေ့ကျော်၏၊ ကျောင်းတော်ဝိဟာ၊ ရောက်သောခါ၌၊ လက်မှာပွင့်ထွေ၊ ပန်းဝပ်လယ်တွင်။ သန္ဓေတစ၊ ကျွန်ုပ်မကို၊ ရလေသောခါ၊ ဘရသေ့လျှင်၊ မွေးစားကာဖြင့်၊ ကြမ္မာအလျှောက်၊ အရွယ်ရောက်ကေ၊ ကြီးမြောက်၍လာ၊ ဘွဲ့သညာဖြင့်၊ ခေါ်ဝေါ်တုံရှောင်း၊ ပန်းဖူးလယ်မှာ၊ သန္ဓေအောင်း၍၊ ပန်းပေါင်းဝတီ၊ ဘွဲ့ထူးချီလျှက်၊ တလီထိုမှ၊ ရုပ်ရယ်လှလို့၊ ရူပဝတီ၊ နှစ်မည်ဖွဲ့၍၊ နှစ်ဘွဲ့ချီဟု၊ တာပသီမည်၊ ကျေးဇူးရှင်လေ၊ ဘခင်ပြောလို့၊ ကြားဘူးသည်သာ၊ ရှည်လမြင့်ကြာ၊ ကျောင်းဝိဟာ၌၊ တခါရံထူးသ အကြင်သူလေ၊ လူတယောက်လျှင်၊ မရော့ဘူးဘဲ၊ ထူးထူးထွေထွေ၊ မောင်ဘုန်းမော်လျှင် ဖော်တယော်နှင့်၊ ရော့လာပေကော၊ ရုပ်ရည်ကိုပင်။ မောင်လုင်ကို၊ မမြင်ပါရသို့ခြင်းရာကြောင့်၊ မေတ္တာချင်းဝှေ့။ လူချင်းတွေ့အောင်၊ ယနေ့လွန်သော်၊ နှက်ဖြန်ခါ၌၊ နေဝါမွန်းတဲ့၊ ရသေ့ထေရ်ကို၊ ရိပ်ခြေကြည့်လို့၊ မယ်၏ဆောင်ခွင်၊ တလလျှင်မျှ၊ ခနဝင်ပါ ရှင်ရသေ့ထေရ်၊ မမြင်စေနှင့်၊ တကယ်စင်စစ်၊ ထိုခြင်းအင်ကို၊ မြင်သည်ဖြစ်က၊ သတ်ရိုက်လိမ့်မည်၊ ဤခြင်းရာကြောင့်၊ ပိန်ကာညှိုးကော၊ မယ်စိုးသည်ဟု၊ စာခွေစီရေး၊ ရှေးကဟန်သို့၊ ကြံကာပေးကော၊ လက်စွဲတော်လျှင်၊ ကိုယ့်ရှင်လက်သို့၊ ဆက်လက်ကျင်သော်၊ သာရှင်ပျော်မွေ့။ ဖြေလှပ်ကာဖြင့်၊ ဘတ်ကာကြည့်က၊ မယ်၏ကြောင်းရာ၊ ခြင်းဇာတိကို၊ သိရပါကော၊ မှာစာအရ၊ နေသူရိန်လေ၊ အချိန်ကျက၊ ဒုသျှန္တကုမ္မာ၊ အချက်ရှာသော်၊ ဆရာတာပသ၊ ချိန်နေ့လယ်၌၊ စာပေပြလို့၊ ထကာသွားလျက်၊ ကျောင်းတော်သာလေ၊ ဝိဟာထက်မှာ၊

ကိုယ်လက်သုတ်သင်၊ ကုဋ္ဋီဝင်သော်၊ လုင်မင်းသား၊ မယ့်ဆောင်ခွင်ကိုးဝင်ကာသွားက၊ စကားတောင်ပင်၊ မပြောခင်ကို၊ ရှင်ရသေ့ကျော်၊ ထွက်လာခဲ့၍၊ တွေ့လေပါသော်၊ မလျော်မိုက်လှ။ အရိုက်ကျအောင်၊ မိန်းမယောကျ်ား၊ တဦးထံသို့၊ လွန်ကာကျူးကော၊ မကူးငြားနှင့်၊ သီးခြားသတ်မှတ်၊ ထားသည်ရင်မှာ၊ မွတ်မွတ်မနေ၊ သင်တဖန်လေ၊ လွန်ကာကျူးကော။ ကူးသွားရေလေ။

ကူးတော့သည်လေ။ မေးလေပြီးခါ၊ ကြိန်သပြာနှင့်၊ နှိမ်ကာရိုက်မည်၊ ပြုတုံလေကော၊ သေအောင်လန့်ကြောက်၊ ကြောင်းခြင်းရာကို။ ပန်ထွာလျှောက်တော၊ မိုးသောက်ခါဝယ်၊ တပည့်ငယ်မှာ၊ စာပေရေးရိုး။ ကလောင်ထိုးသည်။ မှင်အိုးပျောက်ကွယ်၊ မြန်မကြာလေ၊ မျက်ပွားမာန်အိုက်၊ တပည့်တော်ကို၊ သတ်ကာရိုက်လည်း၊ ပြစ်မရှိထွေ။ တပည့်တော်လျှင်၊ နာဒါဏ်ကျအောင်၊ ခံရမည်ဟု၊ လျှောက်လေသောခါ၊ ရသေ့ကျော်က၊ သင့်မှာတဖန်၊ ကလောင်တန်က၊ ကျန်သေး၏လော၊ မြတ်မထေရ်လျှင်၊ မေးလေငြားက၊ ဘယ်သောအခါ၊ ကလောင်တန်လျှင်၊ ထိန်ပြန်ဘောက်လို့၊ မပျောက်ပါဟု၊ လျှောက်တော်မူက။ ဤနေ့ကလျှင်၊ စ၍နောက်ဝယ်၊ မှင်အိုးပျောက်သော၊ မပျောက်သောဟု၊ နားမလည်တည်း။ သွားသည်ဖြစ်က၊ အရိပ်ကျလိမ့်ခုကတခါ၊ ငါဆရာလျှင်၊ ချမ်းသာမနေ၊ ဆဲမရိုက်ပဲ၊ ပယ်လိုက်မည်ဟု၊ ဆိုပေပြီးခါ၊ လွှတ်လိုက်ပါကော၊ ချမ်းသာလည်းရ၊ ထီးနန်းစည်ဟု၊ ယည်မျက်ရှုမှာ၊ ဒုဿန္တနှင့်၊ ရှုပဝတီ၊ လှနှင်းစီတို့၊ လောကီအာရုံ ကာမဂုဏ်ဖြင့်၊ ကြုံကာကြိုက်ချစ်၊ နှစ်ယောက်စုံမှာ။ မေထုံစိတ်နှင့် မေတ္တာရစ်လို့။ အသိုက်အအုံ၊ ဖြစ်လေတုံကော၊ ပုံဥပမာ၊ ပြုစရာကား၊ မိဂမည်တွင်၊ ချီသမင်ကို၊ စားချင်အားကြီး၊ ကျားဗျက္ဃာမှာ၊ လျှာရည်စီးလို့၊ တားဆီးဆို့ပိတ်၊ မြတ်ဆရာထေရ်။ သတ်ပါမည်ကို။ ကြောက်သည်စိတ်ကြောင့်၊ မြွေဆိပ်သဘွယ်၊ ဖြေကာသိတ်လည်း၊ စိတ်မပြေကော၊ မောင်မယ်တူစုံ၊ ရင်ငွေ့လုံ၍၊ မကြုံရဘဲ၊ ကျောင်းတော်သာလေ၊ ဝိဟာထဲ၌၊ လက်စွဲတော်သည်၊ မောင်နှင့်မယ်ကို၊ အောင်သွယ်လုပ်ပြီး၊ ပျိုလူပျိုလေ၊ ထိုခပ်သိမ်းသို့၊ သွီးရဲစား၊ အဖြစ်အားဖြင့်၊ စာသွားစာပြန်။ အတန်တန်လျှင်၊ အတန်ရှည်ကြာ၊ ပျိုမောင်မယ်တို့၊ ရိပ်ခြေကြည့်ကော၊ တနေ့ခါ၌၊ ဆရာမထေရ်၊ ကျိန်း၍နေကော၊ ထိုသည်အခါ၊ ပျိုကသာလျှင်၊ မှာစာအရ၊ ထွင်းဆောင်ခွင်က အပြင်ဘက်ကို၊ ထွက်ကာလ၍၊ ဝေဒိပွမည်၊ ရသေ့ထေရ်လျှင်၊ ရပ်ခြေလည်းကျ၊ ကျိန်းနေရာက၊ လျှင်စွာထို့၊ မိုက်လှတုံပြီး၊ ချစ်သွီးလျှင်၊ ယီးတီးယားတား၊ သေချင်လို၍၊ ဘယ်ကိုသွားဟု၊ မေးသောအခါ၊ ယနေ့သော်၌၊ တပည့်တော်မ၊ သွီးလှမှာ၊ ညအခါတွင်၊ စာရေးကျင်သည်၊ နေဝင်ချိန်လျှောက်၊ ကလောင်တန်လေ၊ အမှန်ပျောက်လို့၊ လမ်းရှောက်ရှာပြန်၊ ကလောင်တန်ကို၊ ပြန်ကာရအောင်၊ ရှာခရေရာ၊ ကလေဝါရ၊ မဟုတ်လှပါ၊ လျှောက်သောခါ၌၊ ဆရာတာပသ၊ ဝေဒိပွက။ မိန်းမဆလယာ၊ မ-ဗိုင်းတာသို့၊ နင့်မှာပျောက်ပြန်၊ ကလောင်တန်ကို၊ ရှာကြံရေရာ၊ ပြောဆိုကျင်သည်၊ နင်မရိုးဘဲ၊ မှင်အိုးဝါလေ၊ မေးခါကာလ၊ ကျွန်ုပ်မမှာ၊ ငယ်ကပင်သာ၊ မှင်အိုးမှာက၊ တခါရုံထူး၊ ယခုဝယ်လေ၊ အရွယ်ရောက်အောင်၊ မပျောက်ဘူးပါ။ ငကိုတောင်မှ၊ ကလောင်ပျောက်မ၊ မာယာဉာဏ်နှင့်၊ ကြံကာဆလို့ မှန်လှစကား၊ နင်မပြောကော၊ ကြောကိုရိုက်မည်၊ ကြိန်သပြာကို၊ နှိမ်ကာမိုးလို့၊ ငြိုးတုံလေကော၊ သေအောင်လည်းကြောက်၊ ထိုအခါလေ ငိုကာလျှောက်ကော၊ နောက်နောင်ရှည်ကြာ၊ ဆောင်ပြင်ဘက်ကို၊ မထွက်ပါပြီ။ တခါတလေ။ သွားမိသည်ကို၊ မထေရ်တာပသ၊ အမည်ရသည်၊ မွေးဘပီတာ၊ ချမ်းသာရေးလျှင်၊ ပေးသင့်ပါဟု၊ ငိုကာ လျှောက်လျှင်၊ နောက်နောင်ကြောက်အောင်၊ ခြောက်ခြင်းအင်က၊ နင်တို့မိန်းမ။ ဣတ္ထိယမှာ။ လွလွလေးလေး။ ကောက်ညင်းကိုလှန်။ စခွန်းဆန်က။ ပြောင်းပြန်စဲယောင်၊ ကလဲကလား။ ဣန္ဒြေယ်ကို၊ တည်ကြည်ဖြောင့်အောင်၊ မစောင့်ငြားဘဲ၊ ယောကျ်ားမြင်က။ ပြည်တန်းဆာလေ၊ ဗိုင်းတာမတို့၊ နင်ကခုဝယ်၊ မလျှော်ရာကို၊ လော်မာကျင့်သော်၊ မသင့်ချေလေ။

ဖ္ဖဴႀဖ္ဖဴႀဖ္ဖဴႀ

**ပျိုလူပျို မယ်မောင်တမိတို့သည်၊ အောင်သွယ်၏ပမာနကဲ့သို့**
**ကမျာဝစန၊ စာအစောင်တို့ဖြင့်၊ ရာတထောင်ပေးပြီး၍**
**မနီးမဝေး အပျိုချောနှင့် နှစ်ကိုယ်ကြားပြောစန်း။**

မသင့်ချေလေ။ ဣန္ဒြေယ်မဲ့၊ ကညာမယ်မှာ၊ လော်လေမှုကို၊ မပြုကြဲ့ဟု၊ ရသေ့ဘခင်၊ ကျောင်းကြီးရှင်မှာ၊ သွန်သင်ဆုံးမ၊ ပြုပြီးမှလျှင်၊ အစခပ်သိမ်း၊ သွီးလှယိုင်၊ သဇင်ခိုင်ကို၊ နိုင်အောင်ထိမ်းကော၊ ငြိမ်းချမ်းကာနေ၊ ထိုခါဝယ်၌၊ ဘုန်းကြွယ်မောင်လှ၊ ဒုဿန္တမှာ၊ တကွနောက်ပါ၊ ဘွားဘက်တော်နှင့်၊ နှစ်ဘော်ကျွန်ရှင်၊ ကြောင်းထိုထိုကို၊ ဆိုနှိုးနှောလို့၊

ပြောခြင်းအင်က၊ ချစ်ခင်ကြည်ဖြူ သန္ဓေသူနှင့်၊ အတူနှစ်ပါး၊ ပျိုလူပျိုတို့ ထိုစကားကို၊ ဆိုပြောရအောင်၊ ဝိဟာဆောင်မှာ၊ ပဇောင်ကြံစေ၊ လှပြာညိုနှင့်၊ နှစ်ကိုယ်နှောကော၊ ပြောရမည်ဟု၊ ဆိုလေသောခါ၊ နောက်တော်ပါးက၊ ကိုယ်တော်ဘုရား၊ လူတို့နေပျော်၊ မြို့ပြည်ရွာနှင့်၊ ဝေးကွာငြားလျက်။ တောကြားမြိုင်ဝ၊ အရညလျှင်၊ ဖြစ်ခလို့သာ။ မြို့ပြည်ရွာကို၊ မှီကာကပ်တွယ်၊ ကျောင်းနှင့်နေလျှင်၊ လိမ်လေပြီးမူ၊ သက်န်းလှူအံ့၊ ပင့်ယူဆော်လှမ်း၊ မြို့ဈေးတန်းတွင်၊ သက်န်းသင်းပိုင်ရောင်သည်ဆိုင်၌၊ ထိုင်ရာကသည်၊ တခနမျှ၊ မထစေနှင့် မှာပေပြီးငြား၊ သက်န်းဝါနှင့်၊ ပေါင်းတတ်ထားကော၊ နှစ်ပါးတူကွ၊ မောင်မယ်ပျိုတို့၊ ပြောဆိုရာတို့၊ သမယခုမူ၊ တောမြိုင်တိုက်တွင်၊ ဖြစ်ပါတုံလည်း၊ တစုံတရာ၊ နည်းလမ်းရှာ၍၊ ကြံပါတော့မည်၊ လျှော်တုံလေကော၊ ထိုသည်ဆိုရွှေ့၊ အတန်ကြာသော်၊ ခါတနေ့၌ ရသေ့သူတော်၊ သာမောလှိုင်ကော၊ တောမြိုင်ကြီးမှာ၊ သစ်သီးရှာနှင့်၊ ဆေးဘော်သွားမည်၊ သို့ဖြစ်ပေ၍၊ အသေအချာ၊ တပည့်များကို၊ စကားမှားလို့၊ သွားလာကူးသန်း၊ ငါမရောက်ခင်၊ သင်တို့လျှင်လေ၊ ကျောင်းသခ်မ်းမှာ၊ ခွဲခြမ်းပိုင်းခြား၊ ငါလျှင်ထားသည်။ ယောကျ်ားမိန်းမ၊ အတွင်းပြင်ကို၊ ဝင်အထွက်လျှင်၊ မလျှက်ကြနှင့်၊ ဌာနခွဲဝေ၊ သင့်အောင်နေဟု၊ မှာပေပြီးငြား၊ ရသေ့ဇော်ဂျီ၊ တာပသီလျှင်၊ လှမ်းချီသွားကေ၊ မင်းသားဒုသျန္တ၊ ဘွားဘက်ကျွန်တို့၊ စီမံခွဲခြမ်း ရသေ့ကျော်လေ၊ လာမည်လမ်းကော၊ မျှော်တန်းပြီးတွယ်၊ တအောင့်လောက်သာ။ စောင့်ရှောက်နေဟု၊ ခိုင်းစေပြီးနောက်၊ ကာထရံကို၊ အသံထွက်အောင်၊ လက်နှင့်ခေါက်က၊ တယောက်ကညာ၊ သူ့အလိုလည်း၊ ထိုအချက်မှာ၊ အကွက်သာ၍၊ နှစ်ဖြာတူကွ၊ မောင်မယ်ပျိုတို့၊ ပြောဆိုကြဘို့၊ ပြင်တက်ကသည်၊ မောင်လျှင်နေလို့၊ နှမယ်တဘက်၊ အတွင်းခွင်က၊ ပြင်မထွက်ဘဲ၊ နှုတ်မြွက်သာချို၊ ချစ်မေတ္တာကို၊ စိတ်မှာထားလို့၊ စကားဆိုမည်၊ အိုလည်းနှမ၊ သန္ဓေယူကော၊ ဖြူနုလှလေ၊ မောင်ကပြောမည်၊ ဆိုစကားကို၊ ချိုနားတည်လေ၊ ရွှေပြည်သာလှ၊ နဂရကော၊ အဌဝဋ္ဌာ၊ တိုင်းအောင်ချာမှာ၊ တောင်ညာနှင်းရံ၊ မောင်ရည်သန်ကော၊ သက်နှံနှမ၊ တောကျောင်းဝိဟာ၊ တိုက်တော်သာက၊ လိုက်ပါတော့လေ၊ သံမြသာချို၊ မောင်ကဆိုသော်၊ မယ်ပျိုနှစ်သက်၊ သို့ပါလျက်လည်း၊ ရှက်ဟန်ကြောက်ဟန်၊ မာယာဘန်ကော၊ ဝဂ်ပရိယာယ်၊ လှမယ်ပျိုမှာ၊ ဆိုစကားဖြင့်၊ ပြောလတ်တည်ကော၊ အိုလေမောင်တော်၊ မယ့်ကိုခေါ်သည်၊ တော်မည်မှတ်ချ။ မဟုတ်လှပါ၊ ထွက်စာနာသော်၊ တောင်ညာမသျှား၊ လက်ညှိုးညွှန်သော်၊ ကြံတိုင်းမြောက်ကော၊ မင်းယောကျ်ားမှာ၊ မယားများမြောင်၊ ရာထောင်မက၊ ကျွန်ုပ်မမူ၊ သဘောတူလည်း၊ တောသူမသား၊ သို့ခြင်းရာကြောင့်၊ မောင်တော်ဘယ်သို့၊ မိန်းမဟူလေ၊ သူတပါးကို၊ ကျောချင်လို့လေ။

ကျောချင်လို့လေ၊ ဤသို့သာချို၊ မယ်လျှင်ဆိုကော၊ လူပျိုမင်းသား၊ ပြောစကားမှာ၊ အချောမတူ၊ အမူမမျှ၊ လူမကလေ၊ ဒေဝမျိုးနွယ်၊ လှမဆုံးကော၊ မဘုန်းဝေလေ၊ မဘွယ်မရာ၊ ပြည်အောင်ချာမှာ၊ ကြင်ရာမျောက်သား၊ တသက်လျှာမှာ၊ လကျ်ာထားသည်၊ မိဖုရားတောင်ညာ မိကလျာလျှင်၊ ရှိပါမည်ဝေ၊ ငါမင်းကျော်မှာ၊ ငယ်ခါတည်းက၊ နည်းနိဿယ၊ အစစကို၊ ပဌမဆရာ၊ သင်ပြပါသည်၊ ပညာတန်ခိုး၊ မပြည့်စုံကော၊ သုံးကာညှိုးလို့၊ အားမကိုးသာ၊ ရွှေပြည်တော်က၊ ထွက်ခွါပြီးထွေ၊ ခမည်းတော်က၊ သည်းချာလှလျှင်၊ သင်ရမည်ဟု၊ ခိုင်းစေ၍သာ၊ တတ်ပညာလေ၊ ဌာရသကြောင့်၊ လာရပါကော၊ ရွယ်တော်နုငြား၊ ရွှေပြည်တော်မှာ၊ နေပျော်မြောက်က၊ မင်းယောကျ်ားတို့၊ မယားကိစ္စ၊ သားကိစ္စကို၊ စိတ်မှာမကူး၊ သက်နှုနေက၊ မရည်စူးဘဲ၊ ဆည်းဘူးပညာ၊ မြတ်ဆရာကို၊ ဘွယ်ရှာသွားလား။ သန္ဓေသူလေ၊ ဖြူညိုဝင်းကို၊ သတင်းကြားနှင့်၊ မင်းသာမောင်တော်၊ မယ့်ထံလာကော၊ ဘယ်ခါခုဝယ်၊ ပြည်အောင်ချာမှာ၊ တောင်ညာမိလျှင်၊ ရှိနိုင်မည်ဟု၊ အကယ်ဒန္ဓိ၊ ကြင်ရာတော်လေ၊ မောင့်မှာရှိက၊ ပူဆိပူဆာ၊ ဘယ်အမှုကြောင့်၊ ယခုလာမည်၊ ပညာလောက်လုံ၊ ကြင်ရာမူကား၊ မစုံသည်ဖြစ်၊ နုရွှေကိုယ်လေ၊ မယ်ပျိုစစ်နှင့်၊ အခစ်သင့်စွာ၊ ကျောင်းတော်သာမှာ၊ နှစ်ဖြာတူကွ၊ ဖူးစာဖန်ကော၊ ကံကူမ၍၊ မောင်ကနန်းနွယ်၊ မယ်ဝယ်နတ်မျိုး၊ ကြက်သရေလေ၊ နေသို့တိုးကော၊ မညိုးမပိန်၊ မစိုးရိမ်ဘဲ ရွှေအိမ်နန်းမ၊ တိုင်းရွှေပြည်တွင်၊ နေနှင့်လသို့၊ နှမနှင့်မောင်ဘုန်းချင်းပြောင်လို့၊ တည်ထောင်သင့်မြတ်၊ ရွှေပြည်ဘောင်တွင်၊ အဆောင်ခန်းနှင့်၊ တောင်နန်းအပ်မည်၊ လှနတ်ကညာ၊ ပေါင်းဘော်ကာဖြင့်၊ ကျောင်းတော်တိုက်က၊ လိုက်စမ်းပါဟု၊ သာယာခြေငံ၊ ခေါ်လေပြန်သော်၊ အလွန်တရာ၊ နှစ်သက်သော်လည်း၊ ငြင်းကာပယ်ဆန်၊ မာယာဥာဏ်နှင့်၊ ကြံကာဆိုပြော၊ သံချိုချိုနှင့်၊ ထိုစကားမှာ၊ ယောကျ်ားဓမ္မတာ၊ မိန်းမပျိုနှင့်၊ နှစ်ကိုယ်တွေ့သော်၊ လှည့်လိမ်ကာဖြင့်၊ ကြင်ရာမျောက်သား၊ လက်ဆောင်စားသည်၊ မယားမရှိ၊ သားမရှိဟု၊ ပြောမိပြောရာ၊ မောင်လူပျိုတို့၊ အလိုပြည့်အောင်၊ တွေ့စခါ၌၊ ဝမ်းမှာကမျှား၊ နှုတ်ဖျားမှာကား၊ သကာပျားသို့၊ စကားတမျိုး၊ သဘောဆိုးနှင့်၊ မရိုးမဖြောင့်၊ မိန်းမမျိုးတို့၊ စိုးလန့်နှောင့်အောင်၊ မစောင့်သစ္စာ၊ ကညာမယ်ကို၊ ပျိုရွယ်ပျက်အောင်၊ ဖျက်တတ်ပါရေ၊ မောင်တော်ဘုရား၊ ယခုလိုလေ၊ ဆိုစကားနှင့်၊ သားမယားနှင့်ပင်၊ တိုင်းဌာနေမှာ၊ ကေတန္ဓိလျှင်၊ မရှိကျင်လည်း၊ မယ်လျှင်တွန့်ရွံ့။ မောင်ဘုန်းဝေကို၊ သေအောင်ကြိုက်လည်း၊ မလိုက်ဝံ့ပါ၊ စိုးလန့်စရာ၊ မယ့်မှာသော်က၊ တခါရံထူး၊ ထီးနန်းဆိုလျှင်၊ နေမည်အင်ကို၊

မမြင်ဘူးဘဲ၊ အထူးအထွေ၊ နန်းရဝေ၌၊ အနေအထိုင်၊ မယိုင်မကျေး၊ တောသူဘာသာ၊ မလိမ္မာကေ၊ မူရာကွဲလို့၊ ရသေ့သို့၊ ငယ်သောခါက၊ တောမှာကြီးလို့ ထီးနန်းမဆန်၊မောင်လှုင်လေ၊ ရှင်မင်းစစ်နှင့်၊ မထိုက်တန်ပါ၊ ဘုန်းကံမမျှ၊ နန်းတောင်ညာမှာ၊ စံပျော်မြန်းလို့၊ ဝမ်းပန်းကျမည်၊ ဒုသျန္တခေါ်၊ မောင်မင်းကျော်မှာ၊ တောင်ညာစံသီး၊ ပဒုမ္မဏီ၊ စုံအညီလေ၊ ဂုဏ်သိမ်မြင့်ကေ၊ မင်းသို့မ်းကို၊ ဇနီးကြင်ရာ၊ ပြည်အောင်ချာမှာ၊ တောင်ညာမဟေ၊ မဟာနွယ်လေ၊ ဆွေမျိုးချင်းလျှင်၊ နှင်းအပ်လေလေ။

## မောင်ဖွဲ့–မယ်ဖွဲ့ ဤကဗျာတွင် ကာစီထည့်လျှင် တလှည့်စီချဲ့လိုက်သည်။

နှင်းအပ်လေလေ၊ လွယ်ယောင်နှင့်ခက်၊ တိမ်ရောင်နက်သို့၊ နှုတ်ထွက်စကား၊ မကြိုက်လေဟန်၊ မထိုက်တန်ဟု၊ တန်ကာပြောသော်၊ မင်းသားဥပ္ပရာ၊ သုခမာက၊ နှုတ်လျှာချိုမြ၊ မောင်လျှင်ဆိုမည်၊ ညိုနှမလေ၊ မယ်နမောင်မူ၊ သပြေငူလေ၊ ဇမ္ဗူအတွင်း၊ အတူတူလေ၊ လူချင်းချင်းမှာ၊ မင်းဆင်းရဲသား၊ အပျိုလူပျို၊ တူနှစ်ကိုယ်ကို၊ မဆိုထားနှင့်၊ ရှေးသရောခါ၊ အကြောင်းပါသော်၊ ဘာသာမတူ၊ ဇာမတူဘဲ၊ လူတိရစ္ဆာန်၊ ဖူးစာဘန်ကေ၊ ရှေးကံဟောင်းကြောင့်၊ ပေါင်းဘော်ဟန်ကို၊ ကျမ်းဂန်အရ၊ လမ်းအမှန်ဖြင့်၊ တန်းညွှန်ပြမည်၊ သီဟရာဇာ၊ ဟေမဝါမှာ၊ ကေသာသီရိ၊ မယ်ကြွတ္တိနှင့်၊ စိတ်ရှိတူကွ၊ အကြောင်းပါလို့၊ ပေါင်းဘော်ကြကေ၊ သီဟဗါဟုံ၊ သို့မ်းတပါး၊ သားယောကျ်ားကို ဘွားတော်မုံရေ၊ တပုံထိုမှ၊ တောမြိုင်ယံက၊ လူဝံမနှင့်၊ ပြဟ္မဒတ္တရာဇာ၊ အကြောင်းပါလို့၊ ပေါင်းဘော်တုံကြ၊ အပွားအစီး၊ သားသို့မ်းကို၊ အပြီးရလျက်၊ အသမုက္ခိ၊ မည်ရှိနာမ၊ အစားကြူးကေ၊ ဘီလူးမနှင့်၊ ပြဟ္မဏဆရာ၊ ပေါင်းဘော်ခါတွင်၊ ငါတို့အလောင်း၊ ပါရမီလေ၊ စုံညီမြောက်ကေ၊ ယောကျ်ားကောင်းကို၊ ဘွားကြောင်းလည်းလာ၊ ကျမ်းစာအရ၊ ထက်ပဝေက၊ သက်သေပြလျှင်၊ လုတ္တကလူမျိုး၊ ငရဲအိုးကေ၊ မုဆိုးကိန္နရာ၊ ပေါင်းဘော်ကာဖြင့်၊ ရဟန္တာလောင်း၊ သားကောင်းနှစ်ပါး၊ ထင်အရှားလျှင်၊ မြင်ဘွားတုံဘိ၊ ကျမ်းအလာကေ၊ စာအရှိလေ၊ အဝိဉာဏ၊ ထိုမှတရပ်၊ တရုပ်ပြည်မှာ၊ လုပ်သည်အပ်နှင့်၊ ဘီလပ်ခြည်မျှင်၊ အင်္ကျီအုပ်ကို၊ ချုပ်စက်တွင်၌၊ အထင်အရှား၊ အကြောင်းပါလို့၊ ပေါင်းဘော်ငြားကေ၊ အများသိမြင်၊ သို့ရာတွင်မူ၊ ထိုပြင်တမျိုး၊ ပေါက္ကံပြည်က၊ မြေဆေးအိုးနှင့်၊ ပဲခိုးဆေးတန်၊ ပေါင်းဆက်ဆံ၍၊ မောင်နှံတူနိုး။ လှေထိုးသားဖါ၊ အထဲမှာ၌၊ မွှေ့လျှော်စပ်ရှက်၊ ဤလူ့ဘောင်မှာ၊ အိမ်ထောင်ဘက်ကေ၊ သက်ရှိသက်မဲ့၊ ထုံးဓလေ့ဖြင့်၊ မရွေ့မုချ၊ ရှေးပဝေက၊ သက်သေညွှန်းကေ၊ ကျမ်းအရနှင့် လောကမျက်မြင်၊ ယခုတွင်၌၊ အထင်အရှား၊ ချစ်ကျွမ်းဝင်ကေ၊ လင်မယားတို့၊ အများထုံးစံ၊ ရှိခြင်းဟန်ကို၊ သက်နှံညိုဝင်း၊ ကြိုက်ရန်ချစ်ရန်၊ မထိုက်တန်ဟု၊ ဆန်မငြင်းနှင့်၊ မင်းသောစိုးသော၊ အမျိုးခြားဟု၊ ပြေရန်မရှိ၊ ချောနဂိုလေ၊ စောပျိုမိမှာ၊ အတိအလင်း၊ သဘောဟူ၍၊ ကြည်ဖြူခြင်းသာ၊ အရင်းမူလ၊ မဠ္ဌာနဟု၊ မောင်ကပြောဆို၊ စကားကိုလျှင်၊ ထားပျိုတမိ၊ နားမှာချိုကေ၊ ကျောကိုစိမ့်မျှ၊ နှစ်သိမ့်နာပျော်၊ သို့ပါသော်လည်း၊ သူတော်အယောင်၊ တူစွာဆောင်လို့၊ ကြောင်သီတင်းထုံး၊ ကြွက်ကိုမြင်သော်၊ ရွှင်ပြုံးပြုံးဟု၊ ရှေးထုံးဒဏ္ဍီ၊ ပဝေဏီသို့၊ ဝသီအလိုက်၊ လူ့ဇရိုက်ဖြင့်၊ မကြိုက်မဆို၊ မလိုမငြင်း၊ မင်းလူပျိုက၊ ပြောဆိုချော့သော်၊ လျှော့တင်းတင်းဖြင့်၊ သံညင်းမယေသာထာ၊ ရှင်မင်းသားကို၊ ပြောခြင်းရာကား၊ မောင်တော်ဘုရား၊ ပြောစကားမှာ၊ အဖျားအရင်း၊ မရှင်းလင်းကေ၊ စီတင်းလိုလို၊ ပါတင်းလိုဖြင့်၊ ဟိုနှယ်သည်နှယ်၊ လှည့်လိမ်လေရန်၊ ကြံစေသလား၊ မောင်တို့ဟူကေ၊ လူယောကျ်ားကို၊ လင်သားအမှတ်၊ မယ့်ကာယံမှား ကံမကြွင်းအောင်၊ နှင်းကာအပ်က၊ စပ်ပမာန၊ ကျေးတမာမှာ၊ အစာဝသော်၊ ဌာနကိုပျံ၊ ပုံသဏ္ဍာန်သို့၊ ကြံပြန်လတ်မည်၊ စိုးလှပေ၍၊ နှမယ်တွန့်ရွံ့၊ ဖူးစာနှစ်ခိုင်၊ ပူးကာပြိုင်၍၊ ကိုယ်တိုင်တွဲကေ၊ မရဲဝန့်လေ။

မရဲဝန့်လေ၊ စွန့်စွန့်စားစား၊ မိန်းမဆိုကေ၊ ပျိုမယ်ချောတို့၊ ယောကျ်ားကိုစွဲ၊ ချစ်အာရုံနှင့်၊ ကြိုက်ကြံခဲ့လည်း၊ မရဲဝန့်တုံ၊ ရဲဝန့်တုံနှင့်၊ တရံတထူး၊ မောင်မယ်စုံလေ၊ မကြုံဘူးလို့၊ မြူးထူးရွှင်ပျော်၊ ဒုသျန္တဆို၊ မင်းလူပျိုမှ၊ ချိုမျက်ထားနှင့်၊ ပြောခြင်းရာက၊ စကားဝါပန်းလို၊ ညာနန်းပျိုဟု၊ နဂိုရ်ပုန့်ပုန့်၊ ချိုပြုန့်ပြုန့်နှင့်၊ မုဒုလက္ခဏာ၊ အသားမှာလေ၊ ဂွမ်းဝါမုန့်သို့၊ နူးညံ့စွာနှင့်၊ ကလျာရူပ၊ ပန်းကြာညိုသို့၊ အိုနှမလေ၊ တူကွနှစ်ပါး၊ ပျိုလူပျိုတို့၊ ထိုစကားကို၊ ဆိုပြောရုံမျှ၊ တယောက်ရုပ်သွင်၊ တယောက်ပင်လေ၊ မမြင်ရကေ၊ စိတ်ကမကြေ၊ ရှိတော့သည်ဂု၊ ကာကွယ်ထားလျှက်၊ ထွင်းဆောက်ခွင့်က၊ အပြင်ဘက်ကို၊ မယ်ထွက်တော်မူ၊ သန္ဓေသူလေ၊ အတူနှစ်ပါး၊ ပြောချင်လိုသည်၊ ထိုစကားကို၊ အားရပါးရ၊ သနားပိုမို၊ များထိုထိုကို၊ ပြောဆိုကြမည်၊ လှည့်လိမ်လေလို့၊ နှမယ်ပျိုချော၊ ထိုစကားတွင်၊ အပါးအနပ် ဖြစ်တုံလတ်လို့၊ မအပ်မရာ၊ မယ့်ကိုခေါ်

သည်။ တော်ပါလျက်လား၊ မောင်လုင်လေ၊ ရှင်မင်းသားလေ၊ ယောကျ်ားမိန်းမ၊ ဥပမာကို၊ ထုတ်ကာပြကေ၊ ဆားနရိုင်ဆီ၊ ယမ်းနှင့်မီးသို့၊ ဘုန်းကြီးတကာမ၊ မနီးရဟု၊ ရှေးကဝေါဟာ၊ ရှိလျက်ပါကို၊ ခေါ်ဝေါ်ပြုပြီး၊ နှစ်ဦးနီးက၊ ချိုသီးနှင့်ဆား၊ နှစ်ခုစုံကို၊ အတူထားသော်၊ လျှာဖျားက္ကန္ဒြယ်၊ မရချေသို့၊ ကလေဝါရ၊ က္ကတ္တိယသည်၊ မိန်းမအလာ၊ မယ့်ကိုမူလေ၊ မှတ်တုံငြားလို့၊ ပြစ်မှားသူ့ထံ၊ ကာမေသုကေ၊ အမှုဝန်ကို၊ ကျူးလွန်တော့မည်၊ ကြံတော့သည်လား၊ မေးလေငြားက၊ မင်းသားဘုန်းဝေ၊ အတန်ငယ်လျှင်၊ က္ကန္ဒြယ်ငဲ့ကွက်၊ စေ့စေ့ထွက်၍၊ ရှက်ဆေးလည်းချေ၊ ပြုံးချိုချိုဖြင့်၊ မယ်ပျိုချောကို၊ ပြောလတ်တေက၊ တကယ်ဇကေန်၊ ဝဂ်ဥာဏ်နှင့်၊ ကြံသည်မဟုတ်၊ နတ်မျိုးနွယ်ကေ၊ သွန်းရွှေရုပ်လေ၊ ကျွန်ုပ်ဥပရာ၊ ယခုအခါ၌၊ မျက်နှာချင်းဆိုင်၊ ရှေ့ဆိုင်ထိုင်ကေ၊ တူပြိုင်နှစ်ပါး၊ စိတ်ထားကြည်ညို၊ နီးနှောလိုသည်၊ ထိုသဘောကြောင့်၊ ဆိုပြောသည်သာ၊ လှသက်လျာက၊ မေတ္တာမထား၊ စိတ်မှာခြားလျက်၊ သဘောကြည်ဖြူ မယ်မတူသော်၊ မောင်မူပြကတော့၊ လက်ဖျားသျှေကို၊ လှရေလို့လည်း တို့မကြည့်ပါ၊ တဲ့တဲ့ပြောဆို၊ ချောနဂိုရ်က၊ အပျိုဘာသာ၊ ပိုမာယာဖြင့်၊ ဆိုကာမြွက်ဟ၊ ဒုသျှန္တဟု၊ ဥပရာဇာ၊ မောင်တော်မင်းသား၊ မယ်နှင့်မူလေ၊ ဖြစ်ပါငြားက၊ မယားအသွင်၊ သဘောထင်လို့၊ ခေါ်ချင်သလား၊ မောင်လုင်မှာ၊ မထင်မှားနှင့်၊ မယားကိုသာ၊ ပြောဆိုကာဖြင့်၊ လိုရာဆန္ဒ၊ ထိုကိစ္စကို၊ ရပါလိမ့်မည်၊ မယ်အပျိုကို၊ အလိုစမ်းလျှင်၊ ဆန်းလှသည်လေ၊ နန်းနွယ်နန်းဘွား၊ မောင်ယောကျ်ားအား၊ မပြောမသိ၊ မထိမနာ၊ မသာမနေ၊ မသေမကြင်၊ ထုံးပုံပြင်မှာ၊ မသင်မတတ်၊ ယောကျ်ားဟူသည်၊ လူအဖျင်းကေ၊ လူပျင်းမှတ်ဟု၊ မြတ်ကဝိန္ဒာ၊ လူလိမ္မာတို့၊ ဆိုကာရှိငြား၊ သတိထားလို့၊ ပြောသင့်တော့သည်။ ဆိုတုံလေသော်၊ ပျိုရွှယ်ရောက်စ၊ သဘောတိုတို၊ စကားချိုကေ၊ အိုနှမလေ မောင်က စိတ်မှာ၊ ချစ်မေတ္တာနှင့်၊ ကြင်နာမြတ်နိုး၊ သန္ဓေသူလေ၊ ဖြူကတိုးကို၊ စိုးစိုးပိုင်ပိုင်၊မောင်လျှင်ဆိုင်က၊ ရှိုင်ပြိုင်နှစ်ပါး၊ ပေါင်းဘော်လိုဟု၊ ထိုစကားကို၊ ပြောရန်မရှိ ကျောင်းတော်သူလေ၊ ဖြူတမိကို၊  မထိခီနိုင်၊ မပိုင်တုံငြား၊ မောင်နှင့်မယ်တို့၊ သည်ကြောင်းလျှားကြောင့်၊ နှစ်ပါးအတူ၊ စံ၌ါနီလေ၊ ရွှေပြည်ဆိုက်အောင်၊ လိုက်တော်မူလေ၊ လူတို့ဓမ္မတာ အရွယ်ရောက်လို့၊ ကြီးမြောက်လာသော်၊ ယရာဝါသ၊ မှုကိစ္စကို၊ ပြုကြစမြဲ၊ ကျောင်းတော်သာလေ၊ ဝိဟာထဲမှာ၊ ကြီးကဲတုံပြန်၊ အရွယ်လွန်သော်၊ သက်နှံ့နှမ၊ တောမြိုင်ယံမှာ၊ အလွန်ခက်ကေ၊ အရှက်ရလိမ့်၊ အဌဝဋ္ဌာ၊ ပြည်အောင်ချာမှာ၊ တောင်ညာနှင်းမည်၊ လိုက်တော်မူဟု၊ ဖြူပြာချောကို၊ ပြောတော့သည်လေ။

ပြောတော့သည်လေ၊ သွယ်သွယ်ဝဝ၊ ပေါင်းဘော်စရာ၊ ကျောင်းတော်သာမှာ၊ ကြောင်းရာပြလို့၊ နှမတလှည့်၊ မောင်တလှည့်လျှင်၊ ဖွဲ့ကာနွဲ့က၊ ဆန်းလင်္ကာတွင်၊ မာယာပရိယာယ်၊ အသွယ်သွယ်နှင့်၊ ဥပါယ်ဝေဝုစ်၊ မြင်းခုံတင်ကို၊ ကိုင်ကာလှုပ်ကေ၊ လုပ်လည်းလုပ်လှ၊ နှုတ်မရလို့၊ မိန်းမပရိယာယ်၊ ကညာဆိုလေ၊ ညာပျိုချောမှာ၊ ပြောလတ်တည်က၊ အရွယ်ရင့်လှ၊ တောမြိုင်ခွင်မှာ၊ လင်မရလည်း၊ စိတ်ကညိုးငယ်၊ မယ်တမူလေ၊ ဆံဖြူကျိုးမျှ၊ မစိုးချေလေ၊ ဆံကေကိုဖြတ်၊ လျှော်ထည်ဝတ်လို့၊ မြတ်တာပသ၊ ရသေ့မဟု၊ သီလဆောက်တည်၊ မွေးဘခင်လေ၊ ရှင်ရသေ့နှင့်၊ အေးအေးနေမည်၊ ဆိုတုံလေကေ တကယ်ဇကေန်၊ မယ်လျှင်မှန်မူ၊ မပြန်ရွှေပြည်၊ မောင်ဘုန်းဝေလည်း၊ လျှော်ထည်သင်္ကန်း၊ မြတ်ရာဝင်ကေ၊ ဝတ်ဆင်မြန်းလျက်၊ ရဟန်းလုပ်ထွေ၊ ချစ်တဲ့သူလေ၊ ဖြူနှမနှင့်၊ တူကွနေမည်၊ အသွယ်သွယ်ဖြင့်၊ ပြုံးရယ်ချိုမော၊ ဆိုကာပြောလို့၊ မင်းသားနန်းနွယ်၊ ဇဝကန်လေ၊ မှန်စကားဖြင့်၊ ပြောလတ်တည်က၊ နတ်နှယ်တမျှ၊ ပန်းဝတ်လယ်မှာ၍ သန္ဓေခလို့၊ ရူပဆင်းဝါ၊ ကိုယ်ခန္ဓာမှာ၊ ညှံ့ကာပျော့ပျောင်း၊ ရသေ့ကျော်လေ၊ ဝိဟာကျောင်းမျှာ၊ ပန်းပေါင်းဝတီ၊ ခေါ်သည်နှင့်၊ ကိန္နရီတမျှ၊ ချောကိုယ်ပိုင်နှင့်၊ ယိုင်နှမလေ၊ သာကြည်ချိုမြ၊ မောင်လျှင်ဆိုမည်၊ ထိုစကားကို၊ ချိုနားတည် လော၊ လူ့ပြည်လောက၊ ကျွန်းဇမ္ဗူမှာ၊ လူဖြစ်ကြသည်။ မိန်းမယောကျ်ား၊ တူနှစ်ပါးမှာ၊ မယားနှင့်လင်၊ လောကတွင်၌၊ ယခင်ထုံးဟောင်း၊ လူ့ဌာနီတွင်၊ လောကီမှုဖြင့်၊ နှစ်ဦးပေါင်းမှ ဆိုးကောင်းအတိ၊ ကျိုးကြောင်းရှိကို၊ သိကြတော့သည်။ မောင်နှင့်မယ်လည်း၊ ထို့နှယ်အတူ၊ အကြင်သူလေ၊ လူ၏ဘဝ၊ ပုထုဇိုင်လေ၊ အယိုင်ကြောင်းနှင့်၊ ပေါင်းဘော်ကြမည်၊ ဂ,န,တစိ၊ ခါးအင်းထို၊ မှန်မသိကေ၊ ပျိုမိသက်နှံ၊ ပွင့်ချိန်တန်က၊ ပွင့်ပြန်တုံကြ၊ သီးချိန်ကျလည်း၊ သီးရတုံကျင်၊ လူ့,ထုံးတန်း လည်း၊ ပန်းသစ်ပင်သို့၊ ဖြစ်ကျင်ရာက၊ မယ်သက်ဝေမှာ၊ တဆယ်ခြောက်သို့၊ ရွယ်ရောက်ငြားလျက်၊ သဘောကြည်ဖြူ တူမတူနှင့်၊ အဖြူအမဲ၊ လှဝတီလျှင်၊ ဤနှစ်ကွဲကို၊ ခွဲလို့ပြောပါ၊ ခါးအချိုကို၊ သိလိုရေးနှင့်၊ မေးသောခါ၌၊ မဟာဥပရာဇ်၊ နွယ်တော်စစ်ကေ၊ ဘုန်းသစ်ဝေလူ၊ ဘရိုက်ရာကို၊ နောင်လာမိုးလို့၊ စိုးမည်သူလေ၊ အဖြူအမဲ၊ ပူအအေးကို၊ ခွဲခွဲခြားခြား၊ မေးစကားမှာ၊ စဉ်းစားဆင်ခြင်၊ ပညာရှင်တို့၊ သွန်သင်ဆုံးမ၊ ကျမ်းဂန်အလာ၊ ရှေးကခါလေ၊ ပေါရာဏမှာ၊ လောကမှုဆောင်၊ လူတို့ဘောင်မှာ၊ အိမ်ထောင်ပြုထွယ်၊ မွေသရီလေ၊ စေတီများကေ၊ ဘုရားတည်နှင့်၊ ဆေးရည်မှင်ထိုး၊ ကောင်းဆိုးမြတ်ယုတ်၊ ပြုလုပ်ကာလ၊ ရှေးဦးစွာလေ၊ နေရာကျအောင်၊ လုပ်ကြတော့လေ၊ သေအချာလေ၊ နေရာကျလျှင်၊ မရချေသော်၊ နောက်ဝေတဘန်၊ ဖျက်လုပ်ရန်လျှင်၊ အလွန်ခဲခက်၊ အုပ်စေတီကို၊ ချီကာရွက်လို့၊ အချက်ကျရာ၊ မပြောင်းသာကေ၊

လွန်စွာခဲခက်၊ မဆိုင်ရာလေ၊ ကိုယ်ပေါ်ထက်မှာ၊ အကွက်ဆေးမှင်၊ ထိုးရာတွင်၌၊ ဖျက်လျှင်မရ၊ ကညာဆိုကော၊ ညာပျို လှဟု၊ မိန်းမတို့မှာ၊ နဖူးစာလျှင်၊ ခြားမှာမရှိ၊ ဦးထိပ်တင်ကော၊ လင်သာမိဟု၊ သိကြရမည်၊ ပညာရှင်တို့၊ ဆင်ခြင်ညှိကေ ဆိုရှိသည်ကြောင့်၊ ဤသည်သုံးပါး၊ မစဉ်းစားဘဲ၊ ပြုသည်ရေးမှာ၊ အလွဲမှုချ၊ ဧဝကန်လေ၊ မှန်စင်စစ်ကော၊ ဖြစ်တတ်လှလျက်၊ ထိုမှတပါး၊ ယောကျ်ားဟူကေ၊ လူအများတို့၊ စကားအရာ၊ အပြောမှာကား၊ သကာအလား၊ သဘောမှာလေ၊ တွေ့လို့ကြုံသော်၊ တမာခါးသို့၊ ယောကျ်ားဟူက၊ မယုံရကော၊ ဣတ္ထိယသား၊ မိန်းမများတို့၊ တသားတလင်၊ ရကြကျင်ကော၊ ကြင်မိန်းမရုပ်ရှုပသည်၊ ပိုးအထည်ကို၊ တရေလျှော်လတ်၊ ခဝါဖွတ်သို့၊ တခုလပ်ခေါ်၊ ပျိုကညာတို့၊ ဖြစ်ပါတတ်လော၊ သို့အနေကြောင့်၊ ထွေထွေရာရာ၊ အဖြာဖြာကို၊ မျှော်ကာထောက်ထွေး၊ လူ့လောကီမှာ၊ ဤကိစ္စကို၊ စိုးရရေလေ။

စိုးရရေလေ၊ နှမယ်ကိုမူ၊ မောင်ဘန်းလူက၊ အဖြူအမဲ၊ တမိပျိုအား၊ သိလိုရေးမှာ၊ မဲသည်မဟူ၊ ပူသည်မဟုတ်၊ မယ့်သရုပ်ကား၊ အုပ်ထိန်းအပြား၊ မှန်စင်စစ်ကော၊ ခုနစ်ပါးတွင်၊ နှစ်ပါးအဝင်၊ မိဘခင်တို့၊ အထင်အရှား၊ မောင်မယ်စုံကို၊ ဂုဏ်သိန်ကြီးအောင်၊ မထိန်းမြားက၊ လင်မယားသစ်၊ ထင်ရှားစစ်လို့၊ မဖြစ်နိုင်ချေ၊ တူမောင်မယ်လည်း၊ ဣန္ဒြေယ်မဲ့။ လူတို့ဘုံမှာ၊ ဂုဏ်ချို့တဲ့လိမ့်၊ ရသေ့ဘခင်၊ ကျေးဇူးရှင်က၊ သင်ပညာမြတ်၊ မောင်လုင်လျှင်၊ အောင်မြင်တတ်က၊ လက်ထပ် လိမ့်မည်၊ မထပ်ချေသော်၊ နှမယ်စင်စစ်၊ မောင်ခေါ်ရာလေ၊ ပြည်တော်ဆိုက်အောင်၊ လိုက်ပါတော့မည်၊ ဆေးမြိုင်ထဲက၊ ရသေ့ထေရ်လည်း သွားသည်ခရီး၊ စကားမှာနှင့်၊ လာချိန်နီးလို့၊ ရွှေကျီးကန်းသာ၊ ကြားခြင်းရာကြောင့်၊ မောင်တော်မင်းလှ၊ ကိုယ့်နေရာမှာ၊ နေပါကြမည်၊ တို့ဇာတိကို၊ သိတုံလေသော်၊ ထေရ်ရသေ့ကျော်၊ ဆတ်ဆတ်နာအောင်၊ သတ်ပါလိမ့်မည်၊ ဆိုတုံပေသော်၊ နှမယ်ညိုမြ၊ မကြောင့်ကြနှင့်၊ မောင်ကထင်ရှား၊ တူနှစ်ကိုယ်တို့၊ ပြောဆိုပြောင့်အောင်၊ အစောင့်ထားကော၊ ဘွားဘက်တော်သည်၊ ယခုထိလျှင်၊ ရှိလီရေဝါ၊ ပြောလေပြီးခါ၊ ကိုယ့်နေရာ၌၊ ထိုခါကာလ ငြိမ်ဝပ်စွာလေ၊ နေပါကြက၊ တာပဿမည်၊ ရသေ့ထေရ်လည်း၊ ဟေမဝန္တာ၊ တောမဟာတွင်၊ ဝိဇ္ဇာဂဒြဲ၊ နာမတွင်ခေါ်၊ တောင်သေလာ၌၊ ဘေ့ရှာစုရုံး၊ ဖျားအနာနှင့်၊ ရောဂါဝေးကော၊ ဆေးအလုံးတွင်။ ဂမုံးနီဝါ၊ ဂမုံးပြာက၊ မဟာကာတွင်းနက်၊ ဒေါင့်သနက်က၊ ကျောက်စက် ကျောက်သွေး။ မျောက်သားလွှဲကော၊ တေလဲဖြူဆို၊ တေလဲညိုနှင့်၊ ထိုထိုများစွာ၊ ဗဟန်းဝါကို၊ ဘေ့ရှာစုဆောင်း၊ ဆေးအပေါင်းနှင့်၊ စားကောင်းသောက်ဘွယ်၊ အသွယ်သွယ်လျှင်၊ လုံးငယ်လုံးကြီး၊ မွှေးချိုစွာလေ၊ မှည့်ဝါရွှမ်းကော၊ ပန်းသစ်သီးနှင့်၊ သွှီးရတနာ၊ ကျောင်းဝိဟာမှာ၊ မျက်နှာမျက်ရိပ်၊ နိမိတ်မလှ၊ စိတ်မချ၍ လျှင်ဆွမကြာ၊ တဘန်လှည့်လို့၊ ပြန်၍လာကော၊ လမ်းမှာစောင့်ကျင်၊ ဘွားဘက်မြင်သော်၊ လျင်စွာသွားလား၊ မင်းသားကျော်ကို၊ ခြင်းရာပြောကော၊ ထိုသောကာလ၊ ငြိမ်ဝပ်စွာလေ၊ နေပါကြက၊ ဝေဒိပ္ပခေါ်၊ ရသေ့ကျော်အား၊ ကျောင်းတော်အနီး၊ လမ်းကဆီးလို့၊ သွှီးကြိုဆို၊ ရသေ့အိုက၊ ထိုထိုခြင်းရာ၊ စစ်ကာဆေးလို့၊ မေးပြီးခါမှ၊ ပညာသိပ္ပ။ အစစကြို၊ အထမြောက်အောင် မယ်နှင့်မောင်အား ကြံဆောင်ပြီးထွေ၊ ရသေ့ထေရ်မှာ၊ မှတ်ရည်မှန်းကော၊ တခန်းနေရေ။ ။

ဤအရာ၌၊ ပညာသင်ခန်း အပျိုလူပျိုတို့၊ တူနှစ်ကိုယ်ပြောဆိုခန်း တို့ကိုရပ်တန့်လိုက်သည်၊ တခန်းရပ်။

ဖ္ဘ္ဘဖ္ဘ္ဘဖ္ဘ္ဘ

## ဒန္တပူရပြည်တည်၍၊ ကာရဏ္ဍကမင်းကြီး ထီးနန်းစံပြီးလျှင် တိုင်းရေးပြည်ရေး သာသနာတော်၏အရေးကို၊ ဆွေးနွေးတိုင်ပင်တော်မူခန်း။

ဤသို့မယေခြင်းရာ၊ စပ်ကာရံကို၊ ယဉ်အောင်ဆန်းလို့၊ နားချမ်းသာအောင်၊ တန်းဆာလည်းဆင်၊ ဖွဲ့စီရင်ကော၊ ဤတွင်ထင်ရှား၊ တခန်းထားလို့၊ စကားဆင်ခြေ၊ ဤကဗျာတွင်၊ စီကာညွှန်းကော၊ တခန်းသွယ်မည်၊ အလယ်ဗဟို၊ တောင်မြင့်မိုရ်၏၊ ညာကိုရာဇ်ခွေ၊ တပြောင်ပြောင်လေ၊ မြရောင်ထွန်းလို့၊ ကျွန်းဦးမြေမှာ၊ သပြေရောက်ထွန်း၊ တောင်ဒီပါ လေ၊ လက်ျာကျွန်းတွင်၊ အဝန်းကိုးရာ၊ ယူဇနာနှင့်၊ လျားမှာတိတိ၊ တောင်မြောက်ဒီသာ၊ ယူဇနာလေ၊ သုံးရာရှိကော၊ မှတ်သိစရာ၊ အနံမှာကား၊ နှစ်ရာငါးဆယ်၊ တွက်စစ်ရေလို့၊ အောင်မြေဌာန၊ မဇ္ဈိမဟု၊ ဣန္ဒြိယစက်ကွင်း၊ တောင်သပြေလေ၊ အောင်မြေတွင်းမှာ၊ မင်းပေါင်းများမြောင်၊ ပြည်တည်ထောင်လို့၊ အခေါင်ပိုင်စိုး၊ ခေတ္တိယာလေ၊ မဟာမျိုးတွင်၊ စိုးအုပ်စံပျော်၊ ရှေးသရော၌၊ ကာလိကရာဇ်၊ သမိုင်းနာမ၊ တိုင်းရဋ္ဌဟု၊ ဌာနသာစည်၊ ဒန္တပူရ၊ မည်နာမ နှင့်၊ နဂရပြည်ကို၊ ထီးစည်စိုးစံ၊ နန်းမွေခံသည်၊ ကာရဏ္ဍက နာမတွင်ခြင်း၊ ထိုသည်မင်းလျှင်၊ အရင်းပဌမ သမတသို့၊

နရဘုန်းလူ၊ ဆောက်စိုက်ထူကော၊ ထီးဖြူဖြန်းကြက်၊ နန်းဂနက်၌၊ ဝန်းလျက်ရံဆောင်၊ မောင်းမပေါင်းလျှင်၊ သောင်းခြောက်ထောင်နှင့်၊ ညာတောင်ထွတ်ထား၊ မိဖုရားလှ၊ လစန္ဒာယောင်၊ ထွန်းဝါပကော၊ စန္ဒဒေဝီ၊ မဟေသီနှင့်၊ ပြည်ဆီပြည်ခွင်၊ တိုင်းနိုင်ငံကို၊ ပိုင်းစံစိုးရ၊ နန်းမြည်ပိုမှာ၊ ထိုကာလ၌၊ သီဟ-ဘမရာ။ ဟံသာ-ပဒုံ။ မရု-မိဂ္ဂါ။ ဂဇာ-သခ်၊ အမည်ရသည်၊ ရာဇပလ္လင်၊ အပေါ်ထက်သို့၊ တက်ပြီးကျင်မှု၊ သဘင်ညီလာ၊ ခံအံ့ငှါလျှင်၊ မှူးတော်မတ်ကြီး၊ အသီးသီးတို့၊ ညီးညီးလျှံမောင်း၊ ပေါင်းနားငွေါင်းနှကင့်၊ ခညောင်းခြံရံ၊ ညီလာခံကော၊ ကာရဏ္ဍကာ၊ နာမတွင်ပြီး၊ စောဘုန်းမိုလေ၊ ထိုမင်းကြီးလျှင်၊ သီးသီးသွယ်သွယ်၊ ခြံရံပတ်သည်။ မှူးမတ်လယ်မှာ။ တင့်တယ်လှစွာ၊ နေပြီးခါမှ၊ စည်လာသမိုင်း၊ သမတကော၊ ရာဇာဂိုဏ်းသို့၊ တိုင်းရေးပြည်ရေး၊ သာသနာလေး သာယာရေးကို၊ ဆွေးနွေးပြီးထွေ။ တိုင်ပင်ခံလို့၊ စီမံငြားကော။ နှီးနှော‌ရေလေ။

နှီးနှောလေကော။ လေးသွယ်အရောင်၊ မြင်းမှိုရ်တောင်ကို၊ များမြောင်ခြံရံ၊ အတန်တန်ကော၊ ယုဂ္ဂါနိက္ကသိန်၊ ကာရဝိန်နှင့်၊ နေမိန်သုဒဿဝိနတ်အဿကဏ်၊ ရံဆည်းကပ်သည်။ အမတ်ပဏ္ဍိ၊ ဉာဏ်ဂဝိန္ဒာ။ လွန်လိမ္မာသည်၊ ပညာရှိတို့၊ ဘမိနှစ်ဖြာ၊ ခမည်းကျော်နှင့်၊ မယ်တော်မင်းကောင်း၊ နတ်တို့ထံသို့၊ ဝိညာဉ်ပြောင်းကော၊ ၎င်းထိုနောက်။ ညီးထီးနန်း။ အခန်းခန်းကို၊ သိမ်းမြန်းအုပ်ချုပ်၊ နန်းပလ္လင်မှာ၊ မင်းလျှင်လုပ်ကော။ ကျွန်ုပ်သတိုး၊ အချုပ်မိုးလို့၊ အုပ်စိုးသည်မှ၊ နေ့ကစ၍၊ အေးမြကြည်ဖြူ ရွှေပြည်သူတို့၊ မပူချမ်းအေး၊ ကုဏ္ဍာအိုင်မှာ၊ ကြိုင်ကြိုင်မွှေးကော၊ ခိုင်တွဲရွှေကြာ။ ပဒုမ္မာသို့၊ ချမ်းသာအေးမြ၊ ရှိပါစကော၊ မိုယ်းကျခါမှီ၊ လရာသီ၌၊ မှိုင်းရီပျပျ၊ တမြမြနှင့်၊ သွန်ချအမ္ဘုန်၊ မြေဝသုန်မှာ။ ပစ္စုန်ဖြိုးဖြိုး၊ တသုံသုံလေ၊ ရုံကာကြိုးကော၊ မိုယ်းကြီးသဲစွာ၊ ရွာ၏လောလေ၊ မိုယ်းလေဝါသံ၊ အဦးအနှောင်း၊ နှစ်ဦးပေါင်းလျှင်၊ ကောင်းကြောင်းမှန်၍၊ လုပ်ကြံအားကြိုး၊ မိလက္ခူကော။ တောင်သူရိုးတို့၊ မျိုးစေ့မြေနှံ၊ လယ်ချောင်းထွန်၍၊ ကောက်ဆံမုယော၊ ကြီးပေါပြန်ကော၊ သီးနှံများက၊ စပါးဆံရေ၊ များထွေထွေနှင့်၊ ရွှေငွေရတနာ၊ ပဒေသာသို့၊ လိုရာမတ၊ ရွှေပြည်သူလေ၊ လူအများတို့၊ လှူဒါနနှင့်၊ သီလကြိုးပန်း၊ မညိုးနွမ်းအောင်၊ ရဟန်းသံဃာ၊ ကမ္ဘဋ္ဌါန်းကို၊ စီးဖြန်းကာဖြင့်၊ သိက္ခာတရား၊ ပွားလျှက်လားလေ၊ သိက္ခာတရား၊ စိတ်မှာထားလျက်၊ ဘုရားဓိပဒိ၊ ယောမုနိ၏၊ ပါဋိမောက္ခ၊ ဝိနည်းကံဖြင့်၊ သံဝရဟု၊ သီလတရား၊ ညီမျှငြား၍၊ ဘုရားမြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါနေသို့၊ ထွန်းပါစလေ၊ လေးဝကဝိ၊ ပညာရှိတို့၊ နှိုင်းညှိဆင်ခြင်၊ ငါဘုရင်ကို၊ လျှောက်တင်ရမည်၊ ရွှေပြည်အောင်ချာ၊ သာသနာလေ၊ သာယာရေးကို၊ မေးတော့သည်လေ။

မေးတုံလေကော၊ ရွှေပြည်ဆီမီး၊ ဂဝိစိန္ဒာ။ သိလိမ္မာသည်၊ ပညာရှိဟု၊ နန္ဒိသေန၊ အမဇ္စသို့၊ စစရာရာ၊ အဖြာဖြာ၌၊ လိမ္မာတတ်ပွန်၊ မှူတော်ထမ်းသည်၊ နန်းရင်းဝန်လျှင်၊ ကြွင်းကျံတုံငြား၊ မတ်ဝန်များနှင့်၊ နှီးနှောတိုင်ပင်၊ စံပျော်ရာလေ၊ ထံတော်မှောက်မှာ၊ လျှောက်ခြင်းအင‌ကော၊ ဘုရင်တဆူ၊ ကျွန်းဇမ္ဗူမှာ၊ ထီးဖြူဖြန့်မိုး၊ ခေတ္တိယလေ၊ မဟာမျိုးတွင်၊ တန်းခိုးထန်ပြင်း၊ တို့သခင်ကော၊ ဘုရင်မင်းလေ၊ အရင်းသမတ၊ ပမာနသို့၊ နရအချုပ်၊ ပြည်နိုင်ငံကို၊ ပိုင်စံအုပ်ကော၊ မင်းလုပ်သည်မှ၊ နေ့ကစ၍၊ ရှေ့ကထက်တိုး၊ တိုင်းပြည်သူလေ၊ ပူမညိုးကော၊ ငွေမိုးရတနာ၊ စွေဖြိုးရွာလျက်၊ လယ်ယာစပါး၊ ကောက်ပဲသီးနှံ၊ သလဲဆံတို့၊ အလွန်ပွားကော၊ ခိုးသားမထ၊ ငစောရနှင့်၊ ဒါးမြမုဒိန်း၊ ရွှေဘုန်းတော်ဟုံ၊ ကိုယ်တော်ဂုဏ်ကြောင့်၊ အကုန်ငြိမ်းလို့၊ ခပ်သိမ်းဥသုံ၊ ပြည့်ဖြိုးစုံလျက်၊ ရွှေဘုံအောင်ချာ၊ ထက်နတ်ရွာသို့၊ သာယာဝပြော၊ ကြီးငယ်မဟူ၊ ခပ်သိမ်းသူကော၊ လူအများတို့၊ စီးပွားချမ်းသာ၊ ဖြစ်ထွန်းရာကြောင့်၊ လှူဒါမကင်း၊ သိတင်းမကွာ၊ ဘာဝဏာနှင့်၊ မွေ့လျော်ရွှင်ပြုန်း၊ ကိုယ်တော်ပါရမေ၊ စံဌာနေလေ၊ တပြည်လုံးတွင်၊ နိဂုံဇနပုဒ်၊ အယုတ်အမြတ်၊ အထုပ္ပါတ်နှင့်၊ ရပ်ကြီးရပ်ငယ်၊ ထွေထွေမကျံ၊ ဘုန်းကိုယ်တော်လေ၊ အာဏာစက်နှင့်၊ အောင်နက်သံတွင်၊ ကျောင်းကံပြသာဒ်၊ အထပ်ထပ်ကော၊ စရပ်နှင့် သိမ်၊ မွေသရီနှင့်၊ စေတီမျိုးမျိုး၊ ပုထိုးလှိုင်ဂူ၊ ရွှေပြည်သူတို့၊ အလှူမပြတ်၊ သာခုသံလေ၊ ညံမလပ်ကော၊ ရပ်ရွာအပေါင်း၊ ထေရ်ပုဂ္ဂိုလ်တို့၊ ဝါဆိုကျောင်းနှင့်၊ ကျင့်ကောင်းယူဆင်၊ ဂူဉမင်မှာ၊ ဓူတင်တေရသ၊ တောရိပ်မြိုင်တွင်၊ အရညနှင့်၊ ဂါမဝါသီ၊ စုံအညီဖြင့်၊ မှီကာဝါကပ်၊ သုတ္တံဘိဓမ္မာ၊ ဝိနယာဟု၊ သုံးဖြာရှိသည်၊ ပိဋကတ်နှင့်၊ ပရိယတ်ကြိုးစား ပဋိကတ်ကော၊ မြတ်တရားနှင့်၊ ဘုရားမြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါထွန်းပ၊ အာကာဘွေမှာ၊ ရောင်ခြည်ပသည်၊ နေလထောင်ရာ၊ မကသာ၍၊ အောင်ချာဌာန၊ ထက်နတ်ပြည်သို့၊ ကြက်သရေမင်္ဂလာ၊ တင့်တယ်ကာဖြင့်၊ သာယာပါသည်။ နန်းမဝန်းလျှင်၊ ငါဘုရင်ကို၊ လျှောက်တင်သည်တိုင်း၊ အလုံးစုံကို၊ ထုံးပုံခိုင်းလျက်၊ မဆိုင်းဇကန်၊ မှန်မမှန်ကို၊ ကြွင်းကျန်မှူးမတ်၊ ညီအညွတ်ဖြင့်၊ သင့်မြတ်အောင်ပင်၊ ငါဘုရင်အား၊ လျှောက်တင်ရမည်၊ မိန့်ခွန်းထွေသော်၊ လေးသွယ်မှူးမတ်၊ တညီညွတ်လျှင်၊ နောက်ထပ်တဘန်း၊ နန်းမဝန်လျှင်၊ လျှောက်ပန်တိုင်းသာ၊ ဧကန္တကော၊ မှန်လှပါဟု၊ တင်တော်မူက၊ မနော‌ရွှင်၍၊ ဘဝင်ဇောမှာ၊ သဘောကျလို့၊ သောမနာကြည်နူ၊ ခေါ်သာခုဖြင့်၊ ယခုအခါ၊ မတ်ဝန်ရှင်တို့၊ တင်သံများကို၊ ကြားရပါသော်၊ ကုဏ္ဍလာအိုင်၊ ဒုမ္မာခိုင်လျှင်၊ မွှေးကြိုင်လန်းလန်း၊ နေစက်ချိန်လေ၊ မှိန်ကာသန်းလို့၊ ညှိုးနွမ်းမည်ခါ၊ ယုံစန္ဒာလျှင်၊

ရောင်ဝါမြမြ၊ မြောက်လေပြည်နှင့်၊ ညနေချမ်းမှာ၊ ထွန်းကာပက၊ သီတဖုန်းလွှမ်း၊ အိုင်ကုဏ္ဍာ၊ ခိုင်ဒုမ္မာလျှင်၊ သာ၍လန်းသို့၊ ချမ်းမြမြ၊ ဘဝင်္ဂန်လေ၊ အမှန်ကျလို့၊ ဟဒယဓာတ်၊ ရုပ်ကလာပ်မှာ၊ ကိန်းဝပ်တုံမြဲ၊ နှလုံးသွေးလျှင်၊ ပုလဲအရောင်၊ ထင်၏တည်းလေ။

ပုလဲရောင်ပင်၊ အရောင်တင်ကော၊ ဘုရင်မင်းလှ၊ သဘောရှင်၍၊ ဘဝင်ဇောမှာ၊ သဘောကျလို့၊ အမဇ္ဇလေးဦး၊ ပေါင်းစလွယ်နှင့်၊ ပြည်စက္ကူတို့၊ စတုမဟာ၊ နတ်ဒေဝါကို၊ ဣန္ဒာတွင်ငြား၊ မိုးသိကြားက၊ လေးဘက်မျက်နှာ၊ စက္ကဝါတွင်၊ ဒိသာစတု၊ လေးကျွန်းခေါင်လေ၊ တောင်မေရုက၊ ကြည့်ရှုဖြောင့်သား၊ အစောင့်ထားသို့၊ လေးပါးဝန့်ရှင်၊ မင်းတိုင်ပင်တို့၊ ပြည်ခွင်မယိမ်း၊ လေှကိုခိုင်အောင်၊ တိုင်ကြိုးထိမ်းသို့၊ ခပ်သိမ်းအမှု၊ ထောက်လှမ်းရှု၍၊ စတုမုက္ခ၊ မြို့နရ၏၊ ဒွါရလေးပြင်၊ ရွှေပြည်ဘောင်လေ၊ အောင်ဂနက်၏၊ ထက်ဝန်းကျင်ကို၊ ဝန့်ရှင်လေးယောက်၊ အကြီးမြောက်အောင်၊ ချီးမြှောက်ခန့်လွှတ်၊ အရာရာလေ၊ ပြည်ရွာရေးကို၊ လွှဲကာအပ်၏၊ မတ်ကြီးလေးဦး၊ နုအကြမ်းကို၊ စူးစမ်းပြု၍၊ အမှုကြီးငယ်၊ အသွယ်သွယ်ကို၊ ဘေတန်လျှင်ဘော၊ ချွေတန်ချွေလို့၊ တည်ကြည်ဖြောင့်မတ်၊ တိုင်းဌာနလေ၊ ပြည်စောင့်ကြတ်လျက်၊ ဓမ္မသတ်ဥပဒေ၊ မနုကျယ်နှင့်၊ သဝေမချွတ်၊ မတ်တော်ဝန်တို့၊ လွှန်ညီညွှတ်အောင်၊ စောင့်ကြတ်ကြပါ၊ တတ်ကြေပွန်ကော၊ မတ်ဝန်များကို၊ စကားမှာလို့၊ သို့ရာတွင်မူ၊ ငါဘုန်းလူလျှင်၊ ထီးဖြူဆောက်နှင်း၊ မင်းဇကရာဇ်၊ မဖြစ်သေးခင်၊ ပညာသင်၍၊ ဝေးခွင်ဌာနေ၊ တက္ကသိုလ်မှာ၊ မိုးခိုရကော၊ ကြာခရေစု၊ ခုဝယ်အခါ၊ ငါရာဇာလျှင်၊ မဟာဧကရာဇ်။ တန်းဆာဆင်ကော၊ အင်ငါးပါးနှင့်၊ စောမင်းစစ်လျှင်၊ ဖြစ်သည်လျှော်စွာ၊ ခမည်းကျော်တို့၊ မွေးလျှော်နေကျ၊ ဆန်းကြယ်လှသည်၊ စိတြဂီဝါ၊ ဥယျာဉ်တော်ကို၊ မွေ့လျော်ပျော်ပါး၊ သွားရအောင်ပင်၊ ဒွါရာလမ်းကို၊ တန်းဆာဆင်လို့၊ စီရင်ကောင်းမွန်မဟာဝန်တို့၊ နှဘန်အခါ၊ ငါရာဇာလျှင်၊ ထွက်တော်မူမည်၊ ရွှေပျာတော်ကို၊ ချွေကာညွှန်းလို့၊ မိန့်ခွန်းတွေသော်၊ ထိုသည်အခါ၊ ရွှေစည်တော်လျှင်၊ ဆော်ကာလည်းညောင်း၊ သုံးဗဟိုလျှင်၊ နေညိုစောင်းကော၊ အပေါင်းမှူးမတ်၊ နန်းပြသာဒ်မှာ၊ တန့်ရပ်ခြင်းစဲ၊ ရှေးထုံးစံလေ၊ မှန်မလွဲကော၊ သိန်းတော်မူ၏တည်းလေ။

## ဥယျာဉ်တော်သို့ ထွက်ချီတော်မူစန်း။

နန်းပွဲမယေသိန်းတော်၊ မူလေပါကော၊ အာကာကောင်းကင်၊ ဝေဟင်ကမ၊ အဇ္ဈောက၊ တိတျာနေ၊ ထောင်ရောင်ခြည်လျှင်၊ မှောင်ကွယ်ပြီးနောက်၊ တောင်သပြေမှာ၊ ရောင်ခြည်ထွန်းကော၊ လဝန်းတောက်လို့၊ မိုးသောက်လင်းဝါ၊ ရောက်သောခါ၌၊ မဟာမတ်ဝန်၊ ဆော်စီမံကော၊ ဝေဘန်ခွဲခြမ်း၊ ဗိုလ်ခြေစုတွင်၊ မင်းမှုထမ်းတို့၊ စုငန်းများစွာ၊ အဖြာဖြာကော၊ အုပ်အာသင်းပင်း၊ ဆင်မြင်းရထား၊ ချပ်မိညိုနှင့်၊ စစ်ဗိုလ်များတို့၊ လေးပါးအင်္ဂါ၊ ပြည့်စုံစွာနှင့်၊ တန်ဆာသီးသီး၊ စုံအလင်လေ၊ ဆင်ယင်ပြီးမှ၊ မြင်းစီးလုင်၊ ဆင်စီးသူရဲ၊ ခြေသည်များစွာ၊ စစ်အင်္ဂါနှင့်၊ ဟူရဖြူဟူရားညို၊ ထိုထိုပုဏ္ဏား၊ ပုရောဟိတလူတကာတွင်၊ ဆရာမြောက်ကော၊ ပါမောက္ခတို့၊ တကွညီညာ၊ အစုံပါလျက်၊ ထွက်တော်မူရန်၊ ဗိုလ်ခြေစုကို၊ ပြုစီမံ၍၊ အောင်လံဝေဝေ၊ ဗဟိုဆော်ကော၊ စည်တော်ယွင်းသော်၊ နန်းရဝေက၊ ပြည်ရှင်မင်းမြတ်၊ မတ်ပေါင်းရံကာ၊ ဂဇာတွင်လေ၊ ဆင်ဟတ္ထိမှာ၊ စီပြီးခါမှ၊ တောင်ညာထွတ်ထား၊ မိဖုရားနှင့်၊ နှစ်ပါးအတူ၊ ထွက်တော်မူ၍၊ ထီးဖြူဖြန့်မိုး၊ တီးမှုတ်မျိုးတွင်၊ မိုရိုးခရာ၊ အဖြာဖြာလျှင်၊ တံမြှာတံရှယ်၊ မုဒိန်စည်နှင့်၊ မြောက်စည်တော်ကြီး၊ စစ်သည်တော်တို့၊ ဆော်ကာတီးလို့၊ မင်းကြီးရာဇာ၊ ဥယျာဉ်တော်သို့၊ ထွက်တော်မူမြောက်၊ တံတိုင်းပေါက်ကို၊ ရောက်တော်မူလျှင်၊ ဆင်နှင့်စီးလို့၊ မင်းကြီးဝင်သော်၊ တပင်သရက်၊ ခက်လက်ပင်စောက်၊ အတန်တန်လေ၊ ကိုးတန့်ကောက်တွင်၊ များမြောက်လှစွာ၊ ဝင်းဝါဝါဖြင့်၊ မှည့်ကာအခိုင်၊ အပင်မြင့်တွင်၊ ဆင်နှင့်သျှည်၍၊ ကိုင်ကာလှမ်းညွှတ်၊ မင်းကြီးကိုယ်တိုင်၊ ထီးနန်းပိုင်လျှင်၊ တခိုင်ဆွတ်လို့၊ သင့်မြတ်နေရာ ရောက်သောခါ၌၊ ဆင်ပေါ်ကသက်၊ အသရေရှိရာ၊ မင်းရာဇာတို့၊ နေရာထက်တွင်၊ ဆွတ်လျက်ယူပြီး၊ သရက်သီးကို၊ သျှက်လှီးပြီးငြား၊ ညာမဟေလေ၊ အသရေရှိသည်၊ မိဖုရားနှင့်၊ နှစ်ပါးအတူ၊ သုံးတော်မူကော၊ မွှေးကြူသြစာ၊ ပျားသကာသို့၊ ရသာချိုမြက်၊ ထီးနန်းစံမှာ၊ လွှန်နှစ်သက်လို့၊ အုပ်ကျက်ဗိုလ်ပါ၊ မတ်ငယ်မတ်ကြီး၊ အသီးသီးကို၊ ခေါ်ပြီးခါမှ၊ ရာဇာပြည်ရှင်၊ ခြင်းရာများကို၊ ပြောတိုင်ပင်ရေ၊ ဘုရင်ငထံ၊ လစန္ဒာကို၊ ဘယ်ညာပတ်ကော၊ နက္ခတ်ရံသို့၊ ကျိုးနွံခယ၊ အမဇ္ဇတို့၊ အစဦးစွာ ဥယျာဉ်တော်မှာ၊ ရသာချိုမြက်၊ နှူးမမှီကော၊ ဤသရက်အား၊ အထက်ကာလ၊ စိုက်ပျိုးစကို၊ သိကြသူသည်၊ ရှိပေသလား၊ အရင်းရှာ၍၊ ခြင်းရာများကို၊ မင်းဖျားမေးတော်မူ၏တည်းလေ။

ဖြဿဖြဿဖြဿ

## ၁၆၈

## သရက်ပင်စောက်၊ ကိုးတန်ကောက်ကို၊ လျှောက်ပတ် ဖြောင့်တန်းနိုင်သော–နည်းလမ်းကို၊ စွဲမြဲမြမ်းမေးမြန်းတော်မူသောအခန်း

မင်းကြီးမယေမေးတော်၊ မူလေပါကော၊ သေနာပတိ၊ ဂဝိထိုထို၊ ဝါးဂွမ်းဟံလေ၊ ဆံမုဆိုးနှင့်၊ သက်ကြီးအိုတို့၊ လျှောက်ဆိုသည်မှာ၊ ဥယျာဉ်တော်တွင်၊ ရသာချိုမြက်၊ မှည့်ခွန်နီကော၊ ဤသရက်သည်၊ အထက်ဘေးဘိုး၊ ဘယ်ကောင်းကျိုးနှင့်၊ မျိုးစေ့လည်းရ၊ ဥယျာဉ်နှစ်လျှင်၊ စိုက်ပျိုစကို၊ မူလဇာတိ၊ သိမည်ကိုထား၊ စကားဟန်လေ၊ ပြောသံများကို၊ မကြားဘူးပါ၊ ချင့်ထောက်စာသော်၊ ကိုယ်တော်မင်းကောင်း၊ ရွှေထီးဆောင်း၏၊ ဘီးလောင်းဘိုးကျော်၊ လက်ထက်တော်က၊ ဆက်ကာရှိကျင်၊ သီတန်ခက်နှင့်၊ သရက်ပင်ဟု၊ ထင်ပါတော့သည်၊ လျှော်တုံလေသော်၊ ရွှေပြည်စိုးကွတ်၊ ထိုမင်းမြတ်က၊ မတ်ကြီးမှူးကြီး၊ စစ်ကဲနားခံ၊ အတွင်းဝန်နှင့်၊ ပြင်ဝန်ကြီးတို့၊ အသီးလည်းလှ၊ ရသာမွန်လေ၊ လွန်ချိုမြသည်၊ ဘန္ဒရဂိုဏ်းဝင် ဤအပင်၏၊ အင်္ဂါကိုထောက်၊ နဝဝင်္ဂန်၊ ပင်ခက်လံထိ၊ ကိုးတန်ကောက်ကော၊ မလျှောက်မပတ်၊ မသင့်မြတ်သည်၊ မှတ်စရာပင်၊ ပမာတင်သော်၊ အကြင်မိန်းမက္ကတ္တိယမှာ၊ ရူပကောင်းလျက်၊ များလူရှင်တို့၊ အမြင်ဖုံးအောင်၊ ဆံထုံးဖျက်သို့၊ သရက်ပင်စောက်၊ ကိုးတန်ကောက်ကို၊ ပပျောက်ဝင်္ဂါ၊ မထောင့်ယွင်းဘဲ၊ ဖြောင့်တန်းစွာလျှင်၊ ဖြစ်ပါလေအောင်၊ ကြံဆောင်ခြင်းငှါ၊ ဗိုလ်မှူးမတ်တို့၊ မတတ်သာလော၊ မယ်စကားကို၊ ကြားကနားမှာ၊ မဟာဝန်လျှင်၊ ထံတော်မှောက်မှာ၊ လျှောက်ခြင်းရာကား၊ ကြံရာခဲခက်၊ ဤအချက်၌၊ သရက်ပင်စောက်၊ မကောက်မထောင့်၊ ရင်းဖျားပြောင့်၍၊ ဖြောင့်တန်းစေငှါ၊ စိုက်ပျိုးပြုသည်၊ ရှေးဦးစွာက၊ ကြံကာရည်စူး၊ ဥယျာဉ်မှူးတို့၊ အထူးပြုပျင်၊ အားအင်ကြိုးလို့၊ စိုက်ပျိုးကျင်သော်၊ ပင်စည်တသျှောင်၊ ခွဆုံရောက်အောင်၊ မကောက်မယွင်း၊ ဖြောင့်တန်းစရာ၊ ပကတိလျှင်၊ ရှိသင့်ပါရေ၊ ခုမှာသော်က၊ ဘန္ဒရဟု၊ နာမာတွင်လျက်၊ စိမ်းညိုလွင်ကော၊ ပင်သရက်လျှင် ကိုင်းခက်လျက်စပ်၊ လုံးပတ်ပင်စိုက်၊ ရိပ်မြိုင်မြိုင်နှင့်၊ ခန့်ခိုင်မြင့်မော်၊ နဝင်္ဂန်လေ၊ ကိုးတန်ကောက်ကို၊ အလျှောက်လွယ်ကူ၊ ဖြောင့်မည်သူကား၊ လူမဆိုထား၊ ဝတီသာကို၊ ပိုင်ကာစိုးလည်း၊ မိုးသိကြားမှ၊ တားနိုင်မည်ပင်၊ မှတ်မထင်ဟု၊ ဘုရင်မေးထွေ၊ မဟာဝန်လျှင်၊ ထံတော်မှောက်တွင်၊ ပံလျှောက်တေလေ၊

## သရက်ပင်ကို–တိုင်ပင်တော်မူခန်း။

ပံကာလျှောက်ကော၊ တယောက်ဘုရင်၊ ကြံဆင်ခြင်လို့၊ ယခင်ရှေးဟောင်း၊ ငါမင်းကောင်း၏၊ ဘီးလောင်းတော်မြတ်၊ တန်းခိုးကျော်သည်၊ ဘိုးတော်နတ်တို့၊ အမှတ်တမဲ့၊ နန်းဝေယံမှာ၊ စံပျော်မွေ့လို့၊ ငါ၏လက်ထက်၊ ဥယျာဉ်တွင်၌၊ ပင်သရက်လျှင်၊ ဆယ်လက်ကာရောက်၊ အမျိုးကမှန်၊ ဘိုးမတန်အောင်၊ ကိုးတန်ကောက်လည်း၊ တယောက်စောထီး၊ ငါမင်းကြီးမှာ၊ ဘီးစကြာစိုး၊ ဘိုးစက္ကဝတ်၊ သမဒအဟံ၊ မကပြန်ကော၊ ဘမဏ္ဍတ်၏၊ ဩရသ်တသီး၊ ပွားအစီးကော၊ သားကြီးရတနာ၊ ငါဇကရာဇ်၊ ဖြစ်ပါတုံလျက်၊ ဒန္တပူရီ၊ ပြည်ဌာနီမှာ၊ ဤသရက်လျှင်၊ မရှက်မကြောက်၊ အဘိုးထိုက်တန်၊ မျိုးမမှန်ဘဲ၊ ကိုးတန်မြောက်အောင်၊ ကောက်ရမည်လော၊ စိတ်သဘောနှင့်၊ မင်းစောရာဇာ၊ ကြံကာတွေးလို့၊ မေးသည်မှာကား၊ ခြင်းရာဤသို့၊ ဤသစ်ပင်လျှင်၊ ဂုဏ်အင်ချို့၍၊ လူတို့အင်အား၊ စွမ်းပကားနှင့်၊ ဖြောင့်သားလေအောင်၊ ကြံဆောင်ခြင်းငှာ၊ ဤအခန်း၌၊ မစွမ်းပါလည်း၊ ပညာသတ္တိ၊ တတ်ကြေပွန်ကော၊ ဉာဏ်မျက်စိလျှင်၊ ရှိကြသောသူ၊ လူတို့လုံ့လ၊ ဝိရိယနှင့်၊ ပယောဂယတ္တရာ၊ တတ်ပညာဟု၊ ဂါထာမန္တာန်း၊ အင်းအံဆေးဝါး၊ မန္တရားက၊ သမားပညာ၊ ဝိဇ္ဇာအတတ်၊ ဣဒ္ဓိပတ်မျိုး၊ ကြီးတန်းခိုးနှင့်၊ ဘိုးထိုက်ဘုန်းတန်၊ တခုခုဖြင့်၊ ပြုစီမံသော်၊ ကြံတိုင်သဘော ဤလူ့ဘုံမှာ၊ စုံတစိလျှင်၊ မရှိလောဟု၊ မေးသောအခါ၊ ထိုသရော်၌၊ ဆယ်ဖြာညွတ်ကျိုး၊ သျက်အာရုံကော၊ လက်စုံမိုးလို့၊ ပြည်စိုးကြီးမတ်၊ လျှောက်လတ်ခြင်းရာ၊ အမင်းမင်းထက်၊ သတင်းကျော်ကော၊ မဟာနွယ်ဘွား၊ တို့ထွတ်တင်ကော၊ အရှင်သားလေ၊ ယောကျာ်းတံခွန်၊ လူရည်ချွန်သော်၊ ဓူဝံနက္ခတ်၊ အာကာဘွေမှာ၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်နိုင်ရာ၊ ရှေးစဉ်လာဖြင့်၊ ပညာရှင်များ၊ မြတ်ပုဂ္ဂိုလ်တို့၊ စပ်ဆိုထားကော၊ စကားရှိသည်၊ သို့ဖြစ်ပေ၍၊ ကြံစေအံ့ငှါ၊ ဤအရာ၌၊ ဆရာပုဏ္ဏား၊ ယခုမုံ၌၊ ပါတုံငြားလို့၊ မင်းဖျားဘုန်းလူ၊ ဤအရေးမှာ၊ မေးတော်မူဟု၊ နည်းယူထောက်ထား၊ လျှောက်စကားကြောင့်၊ ပုရောဟိတ ဗြဟ္မဏအား၊ နရရာဇာ၊ အသီးသီးလျှင်၊ ခေါ်ပြီးခါမှ၊ ခြင်းရာသိရေး၊ သရက်ပင်ကို၊ ဗေဒင်နည်းဖြင့်၊ မေးမြန်းလေတော်မူ၏တည်းလေ။

## ၁၆၉

## ကိုးတန်ကောက်ကျင်၊ သရက်ပင်ကို၊ ဓမ္မဒင်ထွက်စန်း။

မေးတုံလေကော၊ ထိုသည်ကာလ၊ ပညာဉာဏ်နှင့်၊ ပြဟ္မဏတို့၊ သာယမဇ္ဈ၊ ဣရုကစ၊ ကျမ်းဗေဒင်နှင့်၊ ဆင်ခြင်ဆလို့၊ ထိုမှတခြား၊ လောကီလမ်းတွင် ကျမ်းအများက၊ ဟောရဂန္ထ၊ ဝေဒက်နှင့်၊ ဂြဟံသင်္ဂြိုဟ်၊ မုနိစိန္တာ၊ ပညာစက္ခု၊ တွက်ဆင်ခြင်သော်၊ မြင်ကာသိကော၊ နိဂဏ္ဍုဟု၊ ဗါဟုများပြား၊ မန်းဇလ္လာနှင့်၊ စဉ်းစားဆင်ခြင်၊ ဗေဒင်သဘော၊ ခြင်းရာကိုလေ၊ သိလိုရေးကြောင့်၊ မေးစကားနှင့်၊ ဘဝါးနာရီဗီဇနာပါဒ်၊ ထိုသည်နေ့တွင်၊ ပြည့်နက္ခတ်နှင့်၊ သျှက်စပ်ရော၊ နဝင်းတိုင်တွင်၊ ကိန်းစိုင်ထားမှ၊ လိုပါမရှိရာ၊ ပန္နာဇောဆ၊ အင္ဂပညတ်၊ အင်္ဂဇရအေး၊ ဒွေးဒွေးရသ၊ ခဆပဥ္စ၊ လျှော်ရာနှင့်မြှောက်၊ အတာဥစ္စတိုလ်၊ နှုတ်လောက်ဖြို၍၊ ထိုသည်နောက်၌၊ ထောက်ထားဆင်ခြင်၊ ဗေဒင်အလို၊ ဂြိုဟ်ပရိယာယ်၊ အသွယ်သွယ်နှင့်၊ အကျယ်ဝေဘန်၊ ပညာဉာဏ်ဖြင့်၊ ကြံကာဆင်ခြင်၊ ပုဏ္ဏားကျော်လေ၊ ဆရာများတို့၊ ပြောတိုင်ပင်၍၊ သိမြင်သည်တိုင်း၊ မဆုတ်ဆိုင်းဘဲ၊ တိုင်းကြီးသခင်၊ ခြေတော်အောက်မှာ၊ လျှောက်ခြင်းအင်က၊ ဘုရင်ရာဇာ၊ ပြည်တည်ထောင်ကို၊ အခေါင်စိုးမည့်၊ မျိုးမဟာလေ၊ ရသာချိုမြတ်၊ သရက်ပင်စောက်၊ ထက်နှင့်အောက်ကို၊ အကောက်ဖြောင့်သော်၊ ဖြောင့်ရသည်ပင်၊ သို့ရာတွင်မူ၊ အကြင်မိန်းမ၊ ရမည်ရေးလျှင်၊ ခံယဉ်းလှဟု၊ ပုဏ္ဏားလျှောက်သော်၊ မင်းရာဇာလျှင်၊ ခြင်းရာသိရေး၊ နောက်တဘန်လေ၊ ပြန်ကာမေးရေ ခဲယဉ်းပါစေ၊ ဤလူ့ပြည်မှာ၊ ရှိသည်သာမှန်၊ ငါ့ဘုန်းကံကြောင့်၊ စီမံကြံစေ၊ လိုသမျှကို၊ ရစိမည်ဟု၊ ဆိုလေသောခါ၊ ဒါယကာကော၊ ရာဇာဘုရင်၊ စည်းစိမ်ခံ၍၊ စံမည်းကော၊ ပြည်ကြီးရှင်လေ၊ အကြင်မိန်းမ၊ ဣတ္ထိယတွင်၊ မိဘနှစ်ပါး၊ ပေးထိမ်းမြားသည်၊ လင်သားအပြင်၊ မိုးနတ်သားပင်၊ ဖြစ်ငြားကျင်လည်း၊ သားလင်အမှတ်၊ ကိုယ်-နှုတ်-နှလုံး၊ သုံးပါးလုံးဖြင့်၊ လုံးလုံးလွတ်သည် မြတ်သောမိန်းမ၊ ဣတ္ထိယကို၊ မင်းလှကိုယ်တော်၊ ရှာကြံဆလို့၊ ရနိုင်သော်က၊ ဝင်္ဂဘာတောင်၊ ပမာဆောင်လို့၊ ရာထောင်မျှပင်၊ ဝင်္ကန္ဒနှင့်၊ ကောက်လှကျင်လည်း၊ တပင်သရက်၊ ထိုမိန်းမကို၊ မိဋ္ဌာန်ဆို၍၊ ရေကိုပက်က၊ ရက်သတ္တဟ၊ တပါတ်မျှနှင့်၊ ပြောင့်ရတော့မည်။ ဇဝကံဟုထံတော်မှောက်၌၊ ပံလျှောက်လေမူ၊ ရွှေပြည်ဘုရင်၊ ထိုခါတွင်၌၊ သာရှင်ဝမ်းမြောက်၊ ဤသို့ရှိထ၊ ဣတ္ထိယကော၊ မိန်းမလျှောက်ကို၊ ရလော်မက၊ ငါ့ဌာနေလေ၊ ရွှေပြည်မတွင်၊ သိကြပါစေ၊ နှဘန်ခါပင်၊ မတ်တော်ကောင်းတို့၊ စည်မောင်းလည်၍၊ ရှာဘွေရမည်၊ မိန့်တော်ထွေမှ မနေကြာတင်၊ ဥယျာဉ်မြေက၊ ညနေချမ်းတွင်၊ ဆောင့်နန်းခွင်သို့၊ ခိုဝင်လေမြောက်၊ ယုံစန္ဒာလေ၊ ပျော်စံမြန်းကော၊ ညချမ်းရောက်က၊ စားသောက်-အိပ်ပျော်တော်-မူလေ၏လေ။

## နယ်ပြည်တော်အပေါင်းကို၊ စည်မောင်းနှင့်၊ လှည့်လည်ကာဖြင့်၊ သစ္စာရှိသော မိန်းမကို၊ ရအောင်ရှာဘွေစန်း။

စာသောက်မယေအိပ်ပျော်၊ ထိုသရော်၌၊ သူရိယာနေ၊ ဥဏ္ဏာဂူမောင်းလျှပ်၊ ဒေါင်းပြသာဒ်ဟု၊ ရဟတ်နေလျှင်၊ သပြေတောင်ကျွန်း၊ တထောင်ရောင်ခြည်၊ မှောင်ကိုပယ်လို့၊ ပြောင်ဝေထွန်းက၊ ဆောင်နန်းသို့ဝင်၊ မင်းလုင်တို့၊ ဆင်ကျောက်ကုနန်းပေါ်၊ ရတနာကော၊ သပြာများမြောင်၊ ငွေတထောင်ကို၊ ယူဆောင်ပြီးထွေ၊ လူဗိုလ်ခြေတို့။ သိစေကြောင်းကို၊ စည်မောင်းလည်ရေ၊ ပြည်သူပြည်သား၊ ကြီးငယ်မဟူ၊ ခပ်သိမ်းသူကော၊ သြော်လူများတို့၊ ရထားဆင်မြင်း၊ ရွှေငွေတွင်းနှင့်။ ပုရင်းမုတ္တာ၊ အဖြာဖြာကော၊ ရတနာအိုး၊ ဘဏ္ဍာမျိုးကို၊ အစိုးလည်းရ၊ တန်းခိုးပသည်၊ နရသခင်၊ ဆောင်းရွှေထီးနှင့်၊ ပြည်ကြီးရှင်ဟု၊ ဘုရင်မင်းကြီး အမိန်းအာဏာ၊ သြစါဟိတ်နှင့်၊ ဗျာဒိတ်တော်လျှင်၊ နှိပ်တော်မူသည်၊ တီးစည်မောင်း၏၊ အကြောင်းဝယ်ကား၊ ဆန်းကြယ်လှပ၊ စိမ်းမြမြနှင့်၊ စိတြဂီဝါ၊ ဥယျာဉ်သာတွင်၊ ဂန္ဒာမွှေးကြူဘက်မတူသည်၊ မဥ္ဇူသရက်၊ တချို့လုင်၊ လှတုံကျင်လျက်၊ အဆင်ဖျက်သို့၊ ကိုင်းခက်တယောက်၊ ကိုးတန်ကောက်ကို၊ တယောက်၊ ကိုးတန်ကောက်ကို၊ တယောက်မိန်းမ၊ မှန်ကန်စွာလေ၊ သစ္စာရှိသည်၊ ဣတ္ထိယလျှင်၊ စိတ်ကရောက်ရေ၊ တသက်တွင်လေ၊ သားလင်မျှောက်သည်၊ တယောက်တည်းနှင့်၊ ဖောက်လွှဲဖောက်ပြား၊ ယောကျ်ားစင်လေ၊ လုလင်သားကို၊ သုံးပါးသောကံ၊ မကြူးလွန်ဘဲ၊ ဟုတ်မှန်သစ္စာ၊ ရှိပါကြသည်၊ မိန်းမသာလျှင်၊ ဖြောင့်ပါနိုင်မည်၊ ပုဏ္ဏားကျော်လေ၊ ဆရာများတို့၊ ဟောရှိပေ၍ ရွှေပြည်မင်းမြတ်၊ စည်မောင်းလည်၍၊ ရှာစေလွှတ်ကော၊ မြတ်သည်မိန်းမ၊ ဤမြို့ရွာမှာ၊ ရှိပါကြက၊ တွက်ကြွလွယ်ကူ၊ ထောင်သပြာလေ၊ ရတနာစ၍၊ ခြေကြွယူဟု၊ ပြည်သူအပေါင်း၊ သိစေကြောင်းကို၊ စည်မောင်း

ခါခါ၊ ထိုမြို့ရွာကို၊ လည်ကာပတ်လို့၊ ခတ်တီးဆော်ကော၊ မြို့ရပ်ရွာသား၊ ယောက်ျားဟူကော၊ လူအများတို့၊ မယားကိုသည်၊ တိုက်တွန်းလေသော်၊ ငွေကိုဖြစ်လျှင်၊ ထိုမိန်းမတို့၊ လိုကြချင်လည်း၊ သားလင်ကိစ္စ၊ စိတ်မချ၍၊ လောဘအာရုဏ်၊ ကာမဂုဏ်လျှင်၊ မကုန်သည်ဖြစ်၊ ပမာပုံမှာ၊ ဆင်မုံယစ်သို့ ငယ်ချစ်ငယ်ကြင်၊ ငယ်ကျွမ်းဝင်ကော၊ လင်တယောက်တည်း၊ မရောင့်ရဲ၍၊ ဖောက်လဲဖောက်ပြန်၊ ကမြင်းသံကော၊ လင်းပြန်ပြုလို၊ သူတို့ကိုယ်မှာ၊ စီးယိုကဖိတ်၊ ပမာဆွေသော်၊ ငန်းမြွေ ဆိပ်သို့၊ ကိုယ့်စိတ်ကိုမုံ၊ ကိုယ်မယုံကော၊ မေထုံအမှု၊ ပြုလိုဆန္ဒ၊ မိန်းမတကာ၊ ကိလေသာလေ၊ အလယကြောင့်၊ ရာဂမီးဟု၊ ညီးညီးပူ၍၊ မပြုဝန့်ကြ၊ ထိုကာလမှ၊ မိန်းမသတ္တိ၊ များလူရှင်လေ၊ လင်ယောက်ျားတို့၊ ထင်ရှားသိရေ။

ထင်ရှားသိကေ ဣတ္ထိဟူက၊ မယုံရ၍၊ ဠာနသာစည်၊ ထိုသည်ပြည်မှာ၊ မှီနေကြငြား၊ ယောက်ျားဟူကော၊ လူအများတို့၊ မယားနှင့်လင်၊ ကျားနဆင်သို့၊ ငြိုငြင်ရန်ဖြစ်၊ တချို့လျှင်လေ၊ လင်ယောက်ျားက၊ မယားမိုက်ကို၊ သတ်ရိုက် ထောင်းကာ၊ တချို့မှာက၊ ကြင်ရာယောက်ျား၊ သုမယားကို၊ ပြောဟောကဲ့ရဲ့၊ အပြစ်ဖွဲ့ကော၊ ပွဲ့ရွဲ့တဟပ်၊ ကျမတတ်ကော၊ ဆတ်ဆတ်တုံယစ်၊ မယားတဘန်၊ သည်းမခံဘဲ၊ ခဲရန်ဖြစ်လို့၊ သတ်ရိုက်ကြရာ၊ တချို့မှာလေ့၊ ရှင်းကွာကာသွား၊ တချို့လျှင်လေ၊ လင်မယားတို့၊ ကြော်ဟောမောင်းမဲ၊ ဆဲချင်ဆဲကော၊ ဆင်းရဲဒုက္ခ၊ တချို့လင်လေ၊ နှင့်ကာချလို့၊ မိန်းမဝတ် ဆိုက်၊ မင်းကြီးဘုရင်၊ သရက်ပင်ကြောင့်၊ လင်သတ်ရိုက်လို့၊ ရန်ဖြစ်မဆုံး၊ အဖြာဖြာလေ၊ ရွာနိဂုဏ်းနှင့်၊ တမြို့လုံးသူ၊ ကျွက်ကျွက်ဆူကေ ဗရဘူထ၊ ဤသို့ဆိုကော၊ ထိုကာလ၌၊ ကာယသတ္တိ၊ ဒြပ်ရှိသည်၊ ဟတ္ထိဗာလ၊ နာမတွင်ပြီး၊ ထိုမင်းမှာမူ၊ အောင်လံထူကော၊ စစ်သူကြီး၏၊ အိမ်နီးကျခါ၊ အကြောင်းပြန်ကော၊ မောင်းသံများကို၊ ကြားရပါသော်၊ ထိုခါတသီး၊ စစ်သူကြီးမှာ၊ ဇနီးကြင်ရာ၊ ယူမည်ခါ၌၊ များစွာမိန်းမ၊ ထိုမြို့ရွာမှာ၊ ရှိပကြလည်း၊ ဝိတ်ကမယုံ၊ သို့ဖြစ်တုံ၍၊ တဖုံတမျိုး၊ နှလုံးခိုးနှင့်၊ ကြိုး၍ကြံမြော်၊ လူမမည်လေ၊ ရွယ်မရောက်ကော၊ တယောက်မိန်းမ၊ ဣတ္ထိယကို၊ စိတ်ကရည်မှတ်၊ ခါးထမိန်ကို၊ စီကာချပ်လို့၊ မဝတ်တတ်ခင်၊ ငယ်ကပင်လျှင်၊ သုတ်သင်ကျွေးမြောက်၊ ခုနစ်ထပ်ကော၊ ပြသာဒ်ဆောက်လို့၊ စောင့်ရှောက်ခြံရံ၊ အတန်တန်နှင့်၊ ဗိမာန်ဘုံမြင့်၊ ခုနစ်ဆင့်တွင်၊ အတင့်အတယ်၊ မိန်းမများနှင့်၊ ထားတုံလေကော၊ အရွယ်ရောက်မူ၊ သိမ်းပိုက်ယူ၍၊ အိမ်သူမယား၊ ပြုတုံငြားလျက်၊ ယောက်ျားဟူကော၊ ပြောမည်ပြင်ကို၊ မမြင်ရဘဲ၊ သိဂ်မေလျှင်၊ နာမည်တွင်လို့၊ ကြာတင်မြင့်ရှည်၊ အကြောင်းမျှလို့၊ ပေါင်းကြလေကော၊ ထိုသည်နေ့ခါ၊ မြတ်ဘုရား၏၊ ကိုယ်စာတော်ကို၊ ဖူးမြော်ကြမည်၊ ပေါင်းချုပ်ရထား၊ ခြွေရံများနှင့်၊ သွားတုံလေ၍၊ အိမ်ဝယ်မရှိ၊ ထိုခါမူ၌၊ စစ်သူကြီးလျှင်၊ ဇနီးတွင်ငြား၊ ကြင်မယားကို၊ ယောက်ျားတထူး၊ ပြောမည်ပြင်ကို၊ မမြင်ဘူး၍၊ စိတ်ကူးဆင်ခြင်၊ မေသိဂ်လျှင်၊ ငါ့အပြင်ကို၊ အကြင်တခြား၊ ယောက်ျားဟူသည်၊ လူအများနှင့်၊ ရောနှောမရှိ၊ ဤခြင်းရာကို၊ ငါအသိဟု၊ မိမိမျောက်သား၊ ကြင်သက် ထားကော၊ မယားကိုမူ၊ များစွာယုံလို့၊ ငါမုံခုဝယ်၊ သရက်ပင်ကို၊ အမြင့်ပြောင်အောင်၊ ဖြောင့်တုံစေသော်၊ ကြီးကျယ်ဤထက်၊ ရာထူးတက်၍၊ ကြက်သရေဂုဏ်၊ စည်းစိမ်ဟုံနှင့်၊ ပြည့်စုံတော့မည်၊ စိတ်ဘဝင်မှာ၊ အထင်ထပ်ကော၊ မှတ်တုံပေ၍၊ မဖယ်မဆုတ်၊ မတုံလှုပ်ဘဲ၊ ထောင်ထုပ်ဥစ္စာ၊ ရတနာဟု၊ သပြာကိုမူ၊ နေအိမ်တွင်းက၊ ဆင်းကာယူကော၊ လူမောင်းသမား၊ မင်းချင်းများနှင့်၊ စကားခြင်းရာ၊ အသီးသီးကို၊ ပြောပြီးခါမှ၊ သတ္တဒီဝ၊ ခုနစ်နေ့လျှင်၊ စေ့ကာလ၌၊ မတ်ချမနေ၊ သရက်ပင်ကို၊ ရေစင်သွန်းကော၊ ဖြောင့်တန်းစေလေ။

## စစ်သူကြီး၊ ဟတ္ထိဗာလနှင့်၊ ချစ်သူဇနီး၊ မေသိဂ်တို့သည် ရန်တွေ့ကြစန်း

ဖြောင့်တန်းစေလေ၊ ဆိုပေပြီးခါ၊ စည်လယ်သားတို့၊ သွားလေပါကော၊ မကြာမျက်မှောက်၊ စစ်သူကြီးမှာ၊ ဇနီးရောက်က၊ ဝမ်းမြော်ဝမ်းသာ၊ ခြင်းရာစကား၊ ကြင်မယားကို၊ ပြောပြီးခါမှ၊ ဥစ္စာသဟာဿ ထိုငွေဖြူကို၊ ယူကာပြ ကော၊ မိန်းမဓမ္မတာ၊ စိတ်မသာကေ မျက်နှာမလှ၊ မဆိုင်ရာကို၊ ကိုင်ကာရှုတ်ကော၊ လုပ်တတ်စွာလေ၊ ရှေးစကားထား၊ ပြောဟံများမှာ၊ မိတ်ဖျားဝင်ခြင်၊ သူရှင်မယား၊ မင်းထားဥစ္စာ၊ မကိုင်ရာဟု၊ စည်လာပြောကြား၊ ရှေးကဆိုကော၊ ထိုစကား ကို၊ ယောက်ျားအရှူး၊ ကုယောင်ပင်လေ၊ သင်၏နားမှာ၊ မကြားဘူးလား၊ စိတ်ကူးအလွဲ၊ မင်းကြီးဥစ္စာ၊ ရတနာလေ၊ သပြာကြေးကို၊ တပဲမကျန်၊ ခုလျှင်မြန်လေ၊ ပြန်ကာပေးချေ၊ မပေးနေသော်၊ ကပ်မည်ရာဇဝတ်၊ သင်တဘန်လေ၊ မှန်မလွဲကော၊ အမြဲမှတ်ဟု၊ ဆိုလတ်သောခါ၊ လင်ယောက်ျား၏၊ သဘောမှာက၊ မာယာပရိယာယ်၊ အသွယ်သွယ်ဖြင့်၊ လိမ်လည်လှည့်ဖြား၊ ငါ့ကိုတောင်ကော၊ လှောင်ကာခြောက်ကော၊ ပြောခက်ကာပြောလို့၊ ကစားတော့သည်၊ မှတ်တုံပေ၍ ဟယ်မေသိဂ်၊ ငွေများမြောင်လေ၊ တထောင်ယကော၊ ခြွေကြွေပေးငွေ၊ သရက်ပင်ကို၊ နင်လျှင်ဖြောင့်လို့၊ ပြောင့်တုံလေသော်၊

အေထက်မက၊ ဆုတော်ရကေ၊ အဆအရာ၊ မကသာအောင်၊ မြို့ရွာကျေးလက်၊ အကျိုးစက်နှင့်၊ တိုးတက်ဂုဏ်အင်၊ လူ့ဘုံတွင်၌၊ စုံလင်မချို့၊ စည်းစိမ်ဟုံလေ၊ ဂုဏ်မို့မို့နှင့်၊ ငါတို့လင်မယား၊ မနွမ်းပါဘဲ၊ ချမ်းသာပွားမည်၊ နင့်ကိုမုံလေ၊ ငါယုံခဲ့လို့၊ ဆွဲလိုက်သည်ဟု၊ ဆိုလေသောခါ၊ မယားမှာက၊ ခြင်းရာတစိ၊ ကုယောင်ပင်လေ၊ သင်မသိဘဲ၊ တေမိကရ၊ ဤကိစ္စမှာ၊ ငါကိုတောင်ပင်၊ မတိုင်ပင်ဘဲ၊ စိတ်ထင်သမျှ၊ တောမှုလဲသော်၊ ပွဲမှာပြယောင်၊ ရှိုကြတော့မည်၊ မကြာမှီလေ၊ ဤငွေကြေးကို၊ ပြန်ပေးချေဟု၊ ဆိုလေသောခါ၊ လင်ယောကျ်ားက၊ နင်ပြောရာမှာ၊ အင်္ဂနိမိတ်၊ စကားရိပ်က၊ နင်စိတ်ကို မုံ၊ နင်မယုံလို့၊ ဆိုတုံသလား၊ မေးလေငြားသော်၊ ယောကျ်ားမိန်းမ၊ ရှိသမျှတို့၊ လောဘမဆိတ်၊ ပယောကကေ၊ မောဟဟိတ် ကြောင့်၊ စိတ်ကိုပိုင်ပိုင်၊ ပုထုဇဉ်တို့၊ ထုံးစိုင်မရှိ၊ ခပ်သိမ်းသူကေ၊ လူတိုင်းသိဟု၊ မိမိမယား၊ ပြောဆိုဟံကို၊ ကြံစည်စားလို့၊ ယောကျ်ားသားလင်၊ ငါ့အပြင်ကို၊ နင်လျှင်တထူး၊ တခြားသူလေ၊ လူယောကျ်ားနှင့်၊ ရောနှောဘူးလား၊ အထူးစကား၊ မေးလေငြားသော်၊ မယားထိုခါ၊ ပြောသည်မှာက၊ ပညာရှင်များ၊ မှတ်သားရန်ကျင်၊ ပြည္တန်းထားကေ၊ စကားဟုတ်လျက်၊ အကြင်လူလေ၊ သူတပါးကို၊ အပြောခက်လို့၊ တချက်ထုံဟောင်း၊ သစ်ပင်ကောင်းလည်း၊ အခေါင်းအမျက်၊ ကျီးပေါင်ဖျက် ဟု၊ အထက်ဂဝိ၊ သက်ကြီးအိုတို့၊ ပြောဆိုရှိကေ၊ သိသင့်လှသည်၊ ဆိုတုံပေလည်း၊ ယုံကြည်အားထား၊ သုမယားကို၊ ဖောက်ပြားမည်ပင်၊ ဆံတစိတ်မျှ၊ စိတ်မထင်၍၊ နင်ဣတ္ထိယ၊ ရှိသမျှမှာ၊ မိန်းမဘာသာ၊ ဓမ္မဒါဖြင့်၊ ဘာသောညာသော၊ မာယာဥာဏ်လေ၊ ကြံမပြောနှင့်၊ နေ့များမကြာ၊ နက်ဖန်ခါပင်၊ ငါနှင့်မနေ၊ ရှင်မင်းပိုင်ကေ၊ ဥယျာဉ်တော်ကို၊ သွားကြမည်လေ။

သွားကြမည်လေ၊ ခေါ်လေသောအခါ၊ မယားမှာက၊ များစွာဝတ်ဆိုက်၊ ဥယျာဉ်သာကို၊ ငါမလိုက်ဟု၊ အပြစ်လည်း ရှိ၊ ကိုယ့်ဝမ်းနာကို၊ ကိုယ်သာသိသို့၊ မိမိဇာတိ၊ အမျှားယောကျ်ား၊ တယောက်များနှင့်၊ ဖောက်ပြားရှိလို့၊ ရိပ်မိပါစေ၊ လင်ယောကျ်ားကို၊ ပြောတုံပေလည်း၊ ယုံကြည်စိတ်ချ၊ ရိပ်မကျကေ၊ ခက်လှသည်ပင်၊ ကြီးအကျယ်ကေ၊ နာမည်ဘွဲ့နှင့်၊ ငါ၏လင်ကို၊ ဘုရင်စောထီး၊ အောင်လံထူကေ၊ စစ်သူကြီးဟု၊ မြှောက်ချီကာထား၊ ဆင်ပြောင်တမျှ၊ ပမာနကေ၊ ဗလအား ကြောင့်၊ မြှောက်စားသည်သာ၊ မခိုင်မာကေ၊ ပညာသတ္တိ၊ ငယ်ကျွမ်းဝင်လေ၊ မေ့လင်ရင်းလျှင်၊ ဖျင်းမှန်းသိလို့၊ မရှိလိမ္မာ သူခေါ်ရာကို၊ လိုက်ကာသွားလတ်၊ ရှင်မင်းပိုင်သည်၊ ဥယျာဉ်ရပ်မှာ၊ ပရိသတ်လယ်၊ ဣန္ဒြိယ်လေ၊ မေကျင်လည်းပျက် စစ်သူကြီးမှာ၊ လောင်မီးစက်သို့၊ မင်းမျက်တော်ရှ၊ ရာထူးကျ၍၊ ခက်ကြတော့မည်၊ မလိုက်သာဟု၊ ရှောင်ကာကွင်းလို့၊ ငြင်းတုံပေလည်း၊ ယုံကြည်မရှိ၊ မေ့ဇာတိကို သိလောက်အောင်သာ၊ လင်ယောကျ်ားကို၊ ပြောတုံပါက ကရော်ကမည်၊ ကလေဝါရ၊ ပြည်တန်းဆာလေ၊ ဗိုင်းဒါမလျှင်၊ ကျရာရောက်မည်၊ ဤတသက်တွင်၊ ရှက်မပြောဘဲ၊ အတည်အမြဲ၊ သင်နှင့် ငါတည်း၊ ကွာကာကွဲလို့၊ ဆင်းရဲတွေ့မည်၊ သို့ဖြစ်ပေ၍၊ ကြံစည်ရံရေး၊ အရှက်ကွဲလို့၊ အခက်ထဲတုံ၊ အခဲကြံလို့၊ ပုံပမာထုတ်၊ နောက်ကိုဆုတ်သော်၊ လှည်းပုတ်မှာထင့်၊ ရှေ့ကိုတိုးသော်၊ ထမ်းပိုးနှင့်ဟု၊ အခွင့်မသာ၊ ဤခြင်းအင်ကြောင့်၊ လင်ယောကျ်ား ကို၊ ပြောသည်မှာက၊ မရာမဘွယ်၊ မင်းကြီးငွေကို၊ အလွယ်သိမ်းထား၊ စစ်သူကြီးလျှင်၊ မှားကြီးမှားလို့၊ လျှင်လျှားမကြာ၊ ကြောင်းခြင်းရာကို၊ ပံထွာမြှောက်လို့၊ လျှောက်ပြီးခါမှ၊ ပြန်ကာပို့ချေ၊ မပို့နေသော်၊ အသရေပျက်၊ အသက်အန္တရာယ်၊ စစ်သူကြီးမှာ၊ ပျက်စီးမည်ကား၊ သဝေမချွတ်၊ အမြဲမှတ်ဟု၊ ဆိုလတ်သောခါ၊ နင်နှင့်ငါလျှင်၊ ဃရာဝါသ၊ ဤလူ့ဘောင်မှာ၊ တည်ထောင်ကြသည်၊ ကာလရှည်လျား၊ ပြသာဒ်ဘုံမြင့်၊ ခုနစ်ဆင့်တွင်၊ နင့်ကိုထားကေ၊ ယောကျ်ားဆိုလျှင်၊ ငါ့အပြင်ကို၊ အကြင်တခြား၊ ပရံသူလေ၊ လူအမျှားနှင့်၊ ပြောဟောမည်ပြင်၊ နင်ရုပ်သွင်ကို၊ မမြင်ဘူးငြား၊ စောင့်ရံကာလို့၊ ငါလျှင်ထား ၍၊ ယုံစားတော့သည်၊ ဘယ်အခါလေ၊ လော်မာမှုကို၊ နင်ပြုသည်ဟု၊ ကွယ်မဝှက်သာ၊ မေးလေပါကေ၊ ထွယ်ရာကိစ္စ၊ ရိပ်မကျက၊ ဒိဋ္ဌခုပ၊ ငါ၏လင်ကို၊ သိမြင်စေရံ၊ ငါကြင်ဘက်ကို၊ သက်သေခံနှင့်၊ ပြည္တန်ဘော်မည်၊ စိတ်မှတ်ရည်၍၊ မနေလျှင်လျား၊ စက်ခန်းသာကို၊ ဝင်ကာသွား၍၊ ပျော်ပါးစည်ခါ၊ ယောကျ်ားတဦး၊ ပေါင်းတခုစီ၊ စုထားပါကေ၊ ဆာဖါပိုးကောင်း။ ပေါင်းကိုးပေါင်းကို၊ ၎င်းမိန်းမ၊ လင်စစ်သူကို၊ ထုတ်ယူပြလို့၊ ဤမျှတပါး၊ ယောကျ်ားများနှင့်၊ မှောက်မှား မိသည်၊ ယနေ့ခါမှ၊ မေ့ဇာတိကို၊ သိပါလေလေ။

ဖ္ဖၶဖ္ဖၶဖ္ဖၶ

### ဟတ္ထိမာလ–စစ်သူကြီး ထွက်ပြေးတိမ်းရှောင်နေစန်း။

သိပါလေလေ၊ ပြလေသောခါ၊ ပေါင်းကိုးပေါင်း၏၊ အကြောင်းမှာက၊ နင်မှာဘယ်က၊ ရချေသနည်း၊ သိလိုရေးဖြင့်၊ မေးကာလည်းဆို၊ ထိုစကား၏၊သဘောလိုမှာ၊ ကိုယ်ခန္ဓာလွတ်၊ ပမာဆောင်သော်၊ ဆင်ပြောင်ကြီးမှာ၊ အမြီးကျပ်သို့၊

မအပ်မရာ၊ ထိုစကားကို၊ မပြောသာကော၊ များစွာငဲ့ကွက်၊ ရှက်ကြီးရှက်လို့၊ ကြင်ဘက်ကျွမ်းဝင်၊ ပန်းဦးရှင်ကော၊ လင်စစ်သူကြီး၊ မြင်းကိုစီးလည်း၊ ထီးအမမှန်း၊ မစွဲလမ်းကော၊ ခွဲခြမ်းတစိ၊ ယမ်းမသိလို့၊ မိမိလင်အား၊ ပြောကာဆိုကော၊ ထိုစကားက၊ အများလူတို့၊ ဤရွှေမြို့၌၊ တချို့ယောကျ်ား၊ အိမ်ဗိမာန်တွင်၊ မယ့်ထံပါးသို့၊ ပျော်ပါးရန်သာ၊ လာသောခါ၌၊ တောင်းကာသိမ်းထား၊ မယ့်လူပေါင်း၏၊ ခေါင်းပေါင်းများဟု၊ ဘော်ပြောပြီးမှာ၊ ငါ့ကြင်ရာလေ၊ ဗိုင်းဒါမဟု၊ ဒေါသမာန်ပါ၊ တယောက်တွင်ကော၊ ရှောက်လင်များနှင့်၊ ပျော်ပါးကာဖြင့်၊ ငါတကိုယ်တည်း၊ လွန်မြတ်လေးလို့၊ ကျွေးမွေးကာထား၊ မှားကြီးမှားလို့၊ ယုံစားချေမည်၊ မိန်းမလော်မာ၊ ပြည်တန်းဆာကို၊ ခုမှာသိဟု၊ ပဇိကိုက်ကာ၊ ခိုက်ရန်ရှာကော၊ ကြင်ရာမယား၊ ရှက်အားလည်းပို၊ မျက်ရည်ယိုကော၊ ငိုကာပြောလို့၊ အခြားမိန်းမ၊ ဣတ္ထိယဟု၊ ရှိကြသည်မှာ၊ ဤလူ့ရွာတွင်၊ မယ်သာ တယောက်၊ လင်သားအာရုဏ်၊ ကာမဂုဏ်မှာ၊ မလုံလောက်၍၊ သယောက်ယောကျ်ား၊ မျောက်အများနှင့်၊ ပျော်ပါးတော့ သည်။ ဧကေဝုတ်ကော၊ မဟုတ်ချေလေ၊ ရှိလေသမျှ၊ ဣတ္ထိယကော၊ မိန်းမဓမ္မတာ၊ ဟူရာရာမှာ၊ ကြင်ယာလင်သား၊ ချစ်ကြိုးနှောလို့၊ တည်ထောင်ငြားလည်း၊ အများထုံးနည်း၊ တယောက်တေးနှင့်၊ ရောက်ရေးတော့သည်၊ ဇာဘုရားလျှင်၊ ဟောခယေလေ၊ စာပေကျမ်းဂန်၊ အတန်တန်လျှင်၊ လမ်းမှန်အရ၊ မြတ်ဗုဒ္ဓလေ၊ ထုတ်ဘော်ဟောသည်၊ တရားကလည်း၊ သဗ္ဗနဒီ၊ ရှိလီသမျှ၊ အဏ္ဏဝတွင်၊ ဝင်နဒီ၊ မေဒနီဟု၊ ပထဝီမည်တွင်၊ မြေအပြင်မှာ၊ ရေလျှင်အပြည့်၊ ယမုဏ္ဏာဟု၊ ခေါ်သရွေ့လည်း၊ မြစ်ကွေ့မြစ်ကောက်၊ တောင်ဟူသည်လည်း၊ နယ်အတွင်းမှာ၊ ထင်းအခြောက်သာ၊ တယောက်သားလင်၊ ရောက်ရေးကျင်သည်၊ အကြင်များလှ၊ ဣတ္ထိယကော၊ မိန်းမ-မရှိ၊ ယောကျ်ားဖြစ်ကျင်၊ ကျမ်းဂန်တွင်၌၊ သင်မတွီလား၊ ငပိကောင်းသော်၊ လောက်နှင့်သာကော၊ စဉ်လာထုံးဟောင်း၊ ဣတ္ထိကောင်းက အပေါင်းအဘော်၊ သျှောက်နှင့်ပျော်ဟု၊ များစွာပြောငြား၊ ရှေးကဆိုကော၊ ထိုစကားကို၊ ယောကျ်ားအစစ်၊ ဖြစ်ပါတုံလျက်၊ ဘယ်အတွက်ကြောင့်၊ ယခုထက်ထိ၊ စစ်ဘုရင်လေ၊ သင်မသိဘဲ၊ ရှိရှိသမျှ၊ ဣတ္ထိယကော၊ မိန်းမဟူက၊ လူတို့ဘုံမှာ၊ မယုံရကော၊ အစကပင်၊ ဤခြင်းအင်ကြောင့်၊ ငါလျှင်ထင်ရှား၊ မဖြောင့်သာဟု၊ သင်္ဂါသျှင်းအောင်၊ အငြင်းသားနှင့်၊ စကားရိပ်ခြေ၊ ပြောပါသည်လည်း၊ မိပွါယ်မသိ၊ မမေးသင့်ရာ၊ မေးတုံပါ၍၊ မယ့်ဇာတိကို၊ အတိအလင်း၊ သေအချာလေ၊ နေရာချကော၊ ဘော်ပြသျှင်းလည်း၊ ကမြင်းကဲလွန်၊ လင်းပြန်ပြုလုပ်၊ ပြည်တန်းဆာလေ၊ ဗိုင်းဒါမကော၊ မိန်းမယုတ်ဟု၊ ပုပ်ခပ်နှိပ်စက်၊ ခုတကယ်လေ၊ ပြုသည်ချက်မှာ၊ ရှက်ကြောက်စရာ၊ ဤကမ္ဘာတွင်၊ ငါသတံဦး၊ မလျှော်လေရာ၊ လော်မာမှုကို၊ ပြုသည်မုချ၊ မဟုတ်လှဘူး၊ ကိန္နရဝဒီ၊ မာနာဝီနှင့်၊ မေထီပုရပိုဒ်မ၊ သေသောက်ကြူးနှင့်၊ ကျူးလွန်ကြလို့၊ ပဥ္စပါပီ၊ သုန္ဒြီနှင့်၊ ဒေဝီအလျှာ၊ ပဒုမ္မာကော၊ မလ္လာမိဖုရား၊ ခွေးနှင့်မှားလို့၊ ငါးပါးကြီးမှောက်၊ တချို့သော်လည်း၊ တောမှာမျောက်နှင့်၊ တယောက်မိန်းမ၊ ကျမ်းအလာလေ၊ စာအရနှင့်၊ မြသမကုန်နိုင်တော့ဘူးလေ။

ပြလို့မယေမကုန်၊ ဆိုလေတုံကော၊ မာန်ဟုံယစ်ပြီး၊ ထိုခါမူ၌၊ စစ်သူကြီးက၊ ယီးတီးယားတား၊ ငယ်ကျွန်ဝင်လေ၊ ကြင်မယားကို၊ ဆိုပြောသည်မှာ၊ နင်အယုတ်မ၊ နှုတ်ပဇဖြင့်၊ ထုတ်ပြရာက၊ ရှေးခါကာလ၊ သာဒကသာ၊ မိန်းမဣတ္ထိ၊ ဘယ်သူဘယ်ဝါ၊ ဘယ်နံ့သာကို၊ ငါမသိလေ၊ တေမိကရ၊ ယောကျ်ားကိုမြင်၊ အသက်သွင်းသို့၊ လင်များမကို၊ နုလှအရွယ်၊ နားမလေကော၊ ငယ်ခါကစ၊ တထိတ်ထိတ်နှင့်၊ စိတ်မချ၍၊ မိန်းမခြွေရံ၊ အတန်တန်နှင့်၊ ဗိမာန်ဘုံမြင့်၊ ခုနစ်ဆင့်၌၊ အတင့်အတယ်၊ အကြင်ယောကျ်ား၊ မမြင်ငြားအောင်၊ ထားတုံပေလည်း၊ ကလေဝါရ၊ ပုရိသကို၊ စိတ်ကမက်မော၊ နင်တဘန်လေ၊ လင်းပြန်မှုကို၊ ပြုလုပ်ငြားမှ၊ မထားအိမ်တွင်၊ ယခုပင်လေ၊ နင်ကမနေ၊ ငါလျှင်နီသည်၊ နေအိမ်တွင်းက၊ ဆင်းသွားလေဟု၊ နှင်လေသောခါ၊ ငယ်မယားလျှင်၊ ပြောခြင်းရာက၊ ချွတ်ချွာလော်လဲ၊ ယောကျ်ားစင်လေ၊ လင်တယောက်နှင့်၊ မရောက်ရေးသည်။ ငါချေးမုချ၊ မဟုတ်လှသေး၊ ကာကဝတီ၊ ဒေဝီမိဖုရား၊ ဂဠုန်ဆောင်ကျင်၊ လက်ပန်ပင်မှာ့၊ တင်ကာထားက၊ စောင်းသမားနှင့်၊ မလျှော်ရာကို၊ လော်မာကျင့်ကော၊ မသင့်လျှော်ထွယ်၊ ထက်ပဝေကာ၊ သက်သက်သေသာဒက၊ ကျမ်းအလိုနှင့်၊ ထုတ်ဆိုပြမူ၊ ထိုမှတနည်း၊ သူဌေးသမီး၊ စံသီရူပ၊ ပြသာဒ်ဘုံပျံ့၊ ထက်ဆုံးစွန်တွင်၊ ခြွေရံများနှင့်၊ ထားကာလ၌၊ တောကဝိဇ္ဇာ၊ တတ်ပညာနှင့်၊ ပျံလာပြီးမှ၊ သူဌေးကြီးကော၊ သို့မီးလှနှင့်၊ တူကွပေါင်းဘော်၊ ဇာတိလတွင်ငြား၊ သူဌေးသားကို၊ ဘွားမြင်မြော်ရေ၊ တဖြာထိုမှာ၊ ဒါနဝဟု၊ နာမတွင်ခြင်း၊ လွန်ကြီးကျယ်ကော၊ စွယ်ရောင် မြူးလို့၊ ဘီလူးမင်းမှာ၊ ခံတွင်းနှုတ်တုံ၊ နာနာရုပ်ကော၊ ဂြုတ်နှင့်ခုံ၍၊ နှုတ်ငုံဆောင်ထ၊ ရူပရုဏ်နှင့်၊ လူမိန်းမလျှင်၊ ယသုဒ္ဓမ္မံ၊ ဝိဇ္ဇပျန်နှင့်၊ ဆက်ဆံတူကွ၊ ဂြုတ်တွင်းမှာလေ၊ ပေါင်းဘော်ကြသည်။ သာဒကဝတ္ထု၊ နိပါတ်စုံတွင်၊ မုဒုလက္ခဏာ၊ ဒေဝီလျှာကို၊ ရာဇာမွေးဘာ၊ စိတ်မချ၍၊ အ-ကာလခါ၊ အာကာတွေက၊ ရွာသည်မိုယ်းနှင့်၊ ရေချိုးရာတွင်၊ ကညာစံသီး၊ သို့မီးလက်ဖျား၊ ဘပီတာလျှင်၊ ကိုင်ကာထားလည်း၊ မင်းသားနှင့်သာ၊ လိုက်လေပါကော၊ များစွာသာဒက၊ ကျမ်းအလာလေ၊ စာအရနှင့်၊ မိန်းမခပ်သိမ်း၊ မိဘခင်နှင့်၊ သားလင်ထိမ်းလို့၊ ငြိမ်းသည်ဘယ်မှာ၊ အကြင်သူလေ၊ ရှင်လူနားမှာ၊ ကြားဘူးပါ

လိန့်၊ တဏှာရာဂ၊ အာသာ၀ကြောင့်၊ မိန်းမခပ်သိန်း၊ ငြိမ်စေလိုငြား၊ သော့ပေါင်းတရာ၊ သံသေတ္တာနှင့်၊ ပိတ်ကာထားလည်း၊ ယောကျ်ားမိစ္ဆေ၊ ပျက်ကာစီးအောင်၊ ဖျက်ဆီးချေသော်၊ အဘယ်မိန်းမ၊ က္ကတ္ထိယတို့၊ ခံခနိုင်မည်၊ သို့ဖြစ်ပေ၍၊ မနေအတူ၊ စစ်သူကြီးမင်း၊ မေတ္တာကင်း၍၊ သျှင်းလိုမူလည်း၊ ရွာသူကြီးထံ၊ အိမ်ထောင်ဝန်ကို၊ မချန်မထား၊ ခုတဘန်လေ၊ လျှင်မြန်သွားလို့၊ တရားသင့်ရာ၊ ကွာကြပါမည်၊ ဆိုတုံလေကေ၊ ထိုသည်အခါ၊ စစ်ဘုရင်လေ၊ လင်ယောကျ်ားမှာ၊ ထောက်ထားစာသော်၊ ကွာပါကတော၊ ငါတဘန်လေ၊ မှန်မအေးက။ ဘေးရာဇဝတ်၊ မကြာခင်လေ၊ ငါလျှင်ကပ်မည်၊ ရပ်အဖြာဖြာ၊ ရှိုးသားဖြောင့်မတ်။ မိန်းမမြတ်ကို၊ ပတ်ကာရှာလို့။ ရသော်ရစေ၊ မရချေသော်၊ ဤပြည်ဤရွာ၊ ငါမလာဘဲ၊ လွတ်ရာကိုသည်၊ ဘေးဒဏ်ဝေးအောင်၊ ပြေးတော့မည်ဟု၊ ကြေးငွေဥစ္စာ၊ ယူပြီးခါမှ၊ လျှင်စွာမနေ၊ ရှေ့ရှုရာကို၊ ထွက်ခွါငြားကေ၊ သွားလေသည်လေ။ ။

ဤတွင်တဖြတ်၊ စခန်းသတ်လို့-တန့်ရပ်ရန်နိဒါန်း

ဤသို့မယေခြင်းရာ၊ အဖြာဖြာဖြင့်။ ကဗျာဖွဲ့သီ၊ နားသောတမှ၊ နာပျော်ညင်းအောင်၊ သာခြင်းစီကေ၊ ဤသည်ဝတ္ထု၊ မျောက်နှင့်လူလေ၊ တူနှစ်ပါးကေ၊ မယားလုလို့။ ဖြစ်မှုပျက်ဟန်၊ အတန်တန်ကို၊ ကာရန်သင့်စွာ၊ ရည်ရွယ်ခြင်း၏၊ အရင်းမှာက၊ လူ့ရွာလောက၊ ရှိသမျှကေ၊ မိန်းမယောကျ်ား၊ ခပ်သိမ်းသူလေ၊ လူအများတွင်၊ မယားကောင်းလင်၊ ခံရသူလေ၊ လူအများတို့၊ သျှားလှကျင်ရေ၊ လင်ကောင်းမယား၊ ခံရဟန်လေ၊ အလွန်များဟု၊ တရားကျမ်းဂန်၊ ပြဋ္ဌန်တုံငြား၊ ယခုဆိုကေ၊ ထိုစကားလည်း၊ ထင်ရှားစေငှါ၊ ဤကဗျာတွင်၊ ဘော်ကာနဲငယ်၊ သခေ်ပဖြင့်၊ ပြလိုက်မည်ကား၊ အစိန္တေမုနိ၊ ဗောဓိသတ္တ ဗျာဒိတ်တော်ကို၊ ရခါစက၊ သာရမဏ္ဍ၊ ထိုကမ္ဘာမှ၊ ပြန်ကာတွက်ရေ၊ လေးသင်္ချာနှင့်၊ သိန်းနေကမ္ဘာ၊ ရှည်ကြာလျှင်းသည်၊ အတွင်းမှာ၌၊ ဖြစ်ရာသမျှ၊ ဘုရားသယမ္ဘူ ဟောတော်မူသည်၊ လူဘဝက၊ သုံးရာလေးဆယ်၊ သုတ်နိပါတ်တွင်၊ ဇာတ်ကြီးဝယ်၌၊ ဝေသန္တရာ၊ မဟောတစစ်၊ တော၌ကိန္နရာ၊ သညာမည်ရှိ သောတ္ထိသေန၊ လေးဘဝသာ၊ မြတ်သည်မိန်းမ၊ ဘရိယကို၊ ရဘူးပါကေ၊ အမရာမဒ္ဒီ၊ ကိန္နရီတဝ၊ မိန်းမချင်းမူ၊ စံမတူကေ၊ သမ္ဘူလဟု၊ မိန်းမရတနာ၊ မဟာဥက္ကဋ္ဌ၊ ထိုသည်က္ကတ္ထိယ၊ ပနိတတို့၊ မိန်းမကရိယာ၊ မမြင်သာသည်၊ အင်္ဂါ့ဗုက်ကွယ်၊ ကြက်သရေကို၊ ရွှေငွေဥစ္စာ၊ ထုတ်သပြာနှင့်၊ ပေးကာမရ၊ ရာဂကဲလွန်၊ မပြင်းထန်ကေ၊ ဘိုးတန်မဟု၊ သမ္ဘူလဒေဝီ ကိန္နရီနှင့်၊ မဒ္ဒီအမရာ၊ ဤကမ္ဘာတွင်၊ လွန်စွာပေါ်ထင်၊ တော်ဝင်ရာကို၊ ရှာကကောက်ကေ၊ လေးယောက်ဝင်ရေ၊ အကြင်မိန်းမ၊ က္ကတ္ထိယတို့၊ ရူပနိကေ၊ နတ်သွီးတမျှ၊ မှတ်ထင်ရအောင်၊ လှတုံပေလည်း၊ ကလေဝါရ၊ ပြုလုပ်ကြလျက်၊ မိဘနှစ်ပါး၊ ပေးထိမ်းမြားသည်၊ သနားချစ်ခင်၊ မိမိလင်ထက်၊ မြင်မြင်သမျှ၊ ပုရိသကို၊ မိန်းမတို့သည်၊ ကြိုက်နှစ်သက်ကေ၊ တတ်မကံပေ၍၊ ဆိတ်ကွယ်ရာတုံ၊ အစစ်ကြုံသော်၊ မေထုံဝတ္ထု၊ ပါယ်လေးဘုံကို၊ စုံမည်ကြောင်းနှင့်၊ မကောင်းမှုကို၊ ပြုကြစမြဲ၊ သည်အရေးကြောင့်၊ လေးယောက်သာရ၊ ထို့အပြင်ကို၊ ကြင်မိန်းမတို့၊ လေးဝတော်တွင်၊ ဝင်မည်ကိုထား၊ အကျင့်သမား၊ သင့်မှန်ပါသည်၊ တော်အပါးမှာ၊ ကပ်ငြားမကျ၊ လေးယောက်ဆိုကေ၊ ထိုမိန်းမတို့၊ လေးဝတော်တွင်၊ ဝင်ခြင်းအင်ကား၊ လင်ကိုကြည်ညို၊ ရှင်ရယ်ချိုလျက်၊ လင်လိုလိုက်ငြား၊ မိမိကြင်ကေ၊ လင်ယောကျ်ားထက်၊ နတ်သားကိုပင်၊ ရမည်မြင်လည်း၊ မကြင်မတတ်၊ တခြားသူလင်၊ ယောကျ်ားစင်ကို၊ မစင်ဖတ်သို့၊ ထင်မှတ်တုံငြား၊ ကိုယ်နှင့်ကြင်ကေ၊ လင်ယောကျ်ားလျှင်၊ နွမ်းပါးဆင်းရဲ၊ သေဘေးကြုံအောင်၊ ဖြစ်တုံခဲလည်း၊ မခွဲတူကွ၊ အေးအတူလေ၊ ပူအမျှကေ၊ က္ကတ္ထိယဇာတ်၊ မိန်းမမြတ်လျှင်၊ လေးရပ်ခေါ်တွင်၊ တော်မှာဝင်ဟု၊ မှတ်ကျင်ကြလေ၊ ယခုဝယ်၌။ ရွှေပြည်ဘုရင်၊ သရက်ပင်ကို၊ အကြင်မိန်းမ၊ ကိုးတန်စုံကို၊ အကုန်ပြောင့်အောင်၊ ဖြောင်မပြခင်၊ ဤမျှတရပ်၊ စခန်းဖြတ်၍၊ တန့်ရပ်ကြလေ၊ ဘတ်ရွတ်သူနှင့်၊ ဆိုသူများကို၊ မောပန်းဖြေကေ။

## နိဇင်္ဂလရွာတွင် ဟတ္ထိမာလစစ်သူကြီးနှင့် မသစ္စာဝါဒီတို့ တွေ့ဆုံငြား၍၊ စကားပြောဆိုစန်း

မောပန်းဖြေလေ၊ နားနေပြီးမှ၊ နောက်ဆိုရန်လေ၊ ကျန်အခန်းကို၊ ဆန်းလို့ပြမည်၊ ဗာလဟတ္ထိ၊ စစ်သူကြီးလျှင်၊ မီးရာဇဝတ်၊ အလိုလိုလေ၊ ကိုယ်မှာကပ်ကေ၊ သက်လွတ်ချမ်းသာ၊ ရှေ့ရှုရာလေ၊ ရပ်ရွာတခြား၊ အိမ်ဂေဟာက၊ ထွက်ခွါသွားကေ၊ များများမကြာ၊ မြို့တော်သာနှင့်၊ မကွာမနီး၊ ဇင်္ဂလခေါ်၊ နာမကျော်သည်၊ ရပ်ရွာကြီးကို၊ ခရီးသင့်စွာ၊

ရောက်လေပါကော၊ ညောင်းညာပြေမြောက်၊ မြကန်ပေါင်နှင့် ပညောင်အောက်မှာ၊ တယောက်တေးသာ၊ အတွက်ခံကော၊ ကြံစဉ်းစားလို့၊ နေသောခါ၌၊ ထိုရွာရပ်သူ၊ အများလူတွင်၊ အယူဖြောင့်မှန်၊ သဘောဖြောင့်ဖြောင့်၊ တရားစောင့်၍ ဇောဖြောင့်ကြံလျက်၊ တော်တန်ဖြောင့်သား၊ ကိုယ်နှင့်ကြင်ကော၊ လင်ယောကျ်ားနှင့်၊ စိတ်ထားစိတ်နေ၊ တည်ကြည်မြဲထူး၊ သူ့သားသူ့လင်၊ လူပျိုစင်ကို၊ ကြင်ချစ်ဟိတ်နှင့်၊ စိတ်မကူးဘဲ၊ ထူးဝိသေသ၊ ကျင့်ဇာဂီလေ၊ သင့်ညီမျှ၍၊ များလှလူတကာ၊ မသစ္စာဟု၊ ထိုရွာရပ်သား၊ ယခုဆိုကော၊ ထိုမိန်းမကို၊ ခေါ်ကြပြောလို့၊ ထင်ရှားကြော်ငြာ၊ ထိုအခါတွင်၊ ရပ်ရွာမိန်းမ၊ ဣတ္ထိယတို့၊ နေကညိုညို သုံးသောက်လို၍၊ ရေချိုခတ်မည်၊ ကိုယ့်နေအိမ်က၊ ညီအညွတ်လျှင်၊ လာလတ်ပေ၍၊ ကြီးငယ်မပြတ်၊ တလုံးစီလျှင်၊ ချီကာခတ်၍၊ လျှောက်ပတ်တင့်တယ်၊ သွားကြလေသော်၊ ထိုသည်အခါ၊ မယ်သစ္စာလျှင်၊ ရှုမျှော်ကြည့်ကျင်၊ မြကန်ပေါင်လေ၊ ပညောင်နီးတွင်၊ သူစိမ်းမြင်ကော၊ ဆင်ခြင်စဉ်းစား၊ ဤယောကျ်ားကား၊ ရွာသားမဟုတ်၊ သရုပ်ရူပ၊ သူ့မူလမှာ၊ မင်းခယောကျ်ား၊ လခစားလျှင်၊ ဖြစ်ငြားမည်ပင်၊ သို့ရာတွင်မူ၊ အသွင်ရူပ၊ မူမလှကော၊ ကိစ္စကြီးစွာ၊ ဘေးရန်တွေ့ကော၊ ရောက်၍လာဟု၊ လက္ခဏာရသည်၊ သူ့စိတ်တွင်လေ၊ တွေးကာမှတ်လို့၊ မေးလတ်တေက၊ ရေကန်ပေါင်ထိပ်၊ ပညောင်ရိပ်၌၊ ဆိတ်ဆိတ်ခိုးထွယ်၊ ထိုင်၍နေသည်၊ ဘယ်ပြည်ဘယ်ရွာ၊ ဘယ်ကလာ၍၊ ခြင်းရာဘယ်သို့၊ ယခုမူ၌၊ ရှိတုံမြို့၍၊ မယ်တို့ရပ်ရွာ၊ ဤနေရာကို၊ ရောက်ပါသနည်း၊ ဤသို့ဆို၍၊ သိလိုမေးသော်၊ အိုလည်းနှမ၊ မောင်ကိစ္စကို၊ ပြောပြတုံဘိ၊ ကြောင်းကုန်စင်အား၊ သင်နှမလျှင်၊ မုချသိလည်း၊ ကျိုးရှိမည်ပင်၊ မဟုတ်ကျင်၍၊ မချင်သဘော၊ သို့ဖြစ်ငြားလို့၊ သွားသာသွားလေ၊ စိတ်ဘဝင်မှာ၊ မရွှင်စောနှင့်၊ ပြောလိုက်တော့လေ။ ။

ပြောတုံလေကော၊ ထိုသည်အခါ၊ မယ်သစ္စာက၊ မောင်တော်ယောကျ်ား၊ စကားပြောသည်၊ သဘောမဟုတ်၊ မေးတုံပြန်ကော၊ အကျွန်ုပ်လျှင်၊ သရုပ်မူလ၊ ဣတ္ထိယသည်၊ မိန်းမပင်ဖြစ်၊ အရင်းရှာ၍၊ ခြင်းရာရေးကို၊ မေးစီစစ်က၊ ပြောထိုက်သမျှ၊ ကိုယ့်ခြင်းရာကို၊ ပြောပါရမည်၊ ကိစ္စကြီးငယ်၊ ရှိတုံပေသော်၊ ပြီးလွယ်သင့်ရာ၊ ကျသောခါလည်း၊ ပြီးပါရမည်၊ မိန်းမယောကျ်ား၊ မခြားနားကော၊ လောကဝယ်၌၊ ကြီးငယ်သောင်းပြောင်း၊ အကြင်သူလေ၊ လူအပေါင်းတွင်၊ ဦးခေါင်းတရာ၊ အကြောင်းမှာကား၊ ပညာတခု၊ ကိစ္စကြီးငယ်၊ ရှိတုံလေသော်၊ ဘယ်အမှုမှ၊ တခုမဖယ်၊ ပညာသည်ကို၊ ကြီးငယ်ဘယ်မှာ၊ ဆိုနိုင်ရာဟု၊ ပညာရှင်များ၊ ရှေးယခင်က၊ စီရင်ရှိသည်၊ အသိသားနှင့်၊ မပြောမဆို၊ ဘယ်ပုဂ္ဂိုလ်လျှင်၊ အလိုပြည့်မည်၊ မသိချေသော်၊ သိလွယ်အောင်မေး၊ ခြေနှင့်မစင်၊ လိမ်းကျင်ခဲ့သော်၊ ရေတွင်ဆေးဟု၊ ပြောမြဲရှိငြား၊ ယခုဆိုကော၊ ထိုစကားကြောင့်၊ မပြောမပြီး၊ မတီးမမြည်၊ မည်သမုတ်ကော၊ စည်ပုတ်ကေဟု၊ ဆိုပေရကား၊ ပြောစကားကို၊ ပတ္တမြားရွှေငွေ၊ ပေးတုံပေလို့၊ မဝယ်ရပါ၊ ဆိုသောခါမှ၊ ပညာရှိလှ၊ ဤမိန်းမအား၊ သိရအောင်သည်၊ ငါ့ရေးရာလေ၊ ခြင်းရာများကို၊ ပြောသင့်ပေဟု၊ မှတ်ရည်ပြီးမှ၊ ရေးအရာကို၊ မေးကာဆိုကော၊ အိုနှမလေ၊ ကိစ္စကြောင်းအင်၊ ဤပြည်ရှင်မှာ တင်ကာမြှောက်ချီ၊ ငါတမူက၊ စစ်သူကြီးတည်း၊ ရွှေထီးသခင်၊ ဥယျာဉ်တွင်၌၊ တပင်သရက်၊ အခက်တရောက်၊ နဝင်္ဂန်လေ၊ ကိုးတန်ကောက်လို့၊ မလျောက်မပတ်၊ မသင့်မြတ်၍၊ ဖြောင့်မတ်စေ၍၊ ဗေဒင်လမ်းကော၊ ကျမ်းအလာနှင့်၊ သစ္စာရှိထ၊ တယောက်ထက်ပို၊ လင်မလိုကော၊ ထိုမိန်းမလျှင်၊ စိတ်ကဓိဋ္ဌာန်၊ ဖြောင့်စေကြောင်းဖြင့်၊ ရေလောင်းသွန်းသော်၊ ဇကန်ပျောက်မည်၊ ဟောရှိသည်ကြောင့်၊ ရွာပြည်လှည့်ကာ၊ မိန်းမကောင်းကို၊ စည်မောင်းခတ်လို့၊ ပတ်ကာရှာကော၊ ငယ်ခါတီးက၊ ငါ့မှာလျှင်ကေ အိမ်ရှင်မအား၊ မြဲလှကြိမ်ဘန်၊ အတန်တန်နှင့်၊ ခြွေရံမသျှား၊ စိတ်လက်ဖြောင့်အောင်၊ အစောင့်ထားလို့၊ ယောကျ်ားဟူက၊ ငါ့အပြင်ကို၊ မမြင်ရကော၊ ဇကေသားလင်၊ ငါသာထင်၍၊ အကြင်ဥပမာ၊ ကျားခေါင်းမှာလေ၊ သန်းရှာသောနှယ်၊ ဘုရင်ငွေကို၊ အလွယ်တကူ၊ ဆွဲ၍ယူလျက်၊ အိမ်သူမယား၊ သူ၏အားကို၊ စကားခြင်းရာ၊ ပြောသောခါ၌၊ များစွာငြင်းခုံ၊ သို့ပါတုံလည်း၊ ယုံကြည်အားထား၊ သရက်ပင်ကို၊ နင်ဖြောင့်သားက၊ ပြောင့်ငြားလိမည်၊ စကားသွယ်၍၊ မနေရငြား၊ အဘန်ဘန်လေ၊ ပြောဘန်များက၊ မယားငြင်ပြို၊ သူ့စိတ်ကိုမူ၊ သူမယုံကော၊ ငြင်းခုံမလွတ်၊ ရှိပြန်လတ်က၊ မတတ်သာငြား၊ ငါ့ပြင်လူကို၊ လင်မျှောင်ထားသည်၊ ယောကျ်ားကိုးယော်၊ သူနှင့်သင့်ကော၊ အကျင့်ဘောက်လို့၊ တယောက်တပေါင်း၊ ပိုးခေါင်းပေါင်းကို၊ တောင်းယူထားမှ၊ သက်သေခံလေ၊ ငါ့ထံပြကော၊ ပုရိသများ၊ ယောကျ်ားသားတို့၊ မယားကိုလျှင်၊ ငါသာလင်ဟု၊ အရှင်ခံငြား၊ ငါတဘန်လေ၊ အလွန်မှားဟု၊ များစွာစိတ်နာ၊ မင်းရာဇာ၏၊ မဟာရာဇဝတ်၊ မလွတ်သာအောင်၊ ဆိုက်ကာကပ်လို့၊ ကင်းလွတ်စိမ့်ငှါ၊ မိန်းမကောင်းလည်း၊ ရကြောင်းရှာမည်၊ ငါလာသည်ဟု၊ ပြောလေသောခါ၊ မသစ္စာက၊ ဟတ္ထနီအဝင်၊ မိန်းမပုတ်ကော၊ ယုတ်သောလင်ကို၊ ထင်ထင်သိရ၊ သူမိန်းမသို့၊ လောကနှစ်တွင်၊ ပကတိဖြင့်၊ ရှိကြကျင်ကော၊ အကြင်များလှ၊ ဣတ္ထိယကို၊ မှတ်လှတော့မည်၊ ရိုးသားဖြောင့်စွာ၊ မှန်သစ္စာလေ၊ ငါ့ဇာတိကို၊ သိစေမည်လေ။

## ၁၇၅

## မယ်သစ္စာသည်၊ စစ်သူကြီးကတော်ယောင်ဆောင်၍ မှိုင်းမှောင်ညိုလွင်၊ သရက်ပင်ကိုးတန်ကောက်ကို၊ အဘိုးတန်လောက်အောင် စိတ်အကြံနှင့်၊ ဓိဋ္ဌာန်၍ဖြောင့်စန်း။

သိစေ့မည်လေ၊ မှတ်ရည်တုံပြီး၊ မောင်ရင်းအတူ၊ သဘောယူကော၊ စစ်သူကြီးလေ၊ ရီးတီးရားတား၊ အစကပင်၊ ပြမပြောဘဲ၊ သဘောယူကော၊ လိုပါဆန္ဒ၊ ဤကိစ္စနှင့်၊ စိတ်ကညိုးငယ်၊ ဆံဖြူကျိုးမျှ၊ မစိုးပေနှင့်၊ တကယ်ဧကန်၊ သည်တိုင်းမှန်မူ၊ အဗန္တရ၊ နာမခေါ်တွင်၊ သရက်ပင်လျှင်၊ ကောက်ချင့်မျှက၊ ကောက်ပါကလည်း၊ ကျွန်မသစ္စာ၊ ကျံမယွင်းကော၊ မှန်ခြင်းရာကြောင့်၊ ပြောင့်ပါရမည်၊ ဆိုတုံလေကော၊ အိုလေနှမ၊ ဥယျာဉ်ာလေ၊ ဆိုင်ရာဆိုက်အောင်၊ လိုက်ပါတော့လေ၊ သဟာသဆောင်၊ ငွေများမြောင်ကော၊ တထောင်ကိုမှု၊ ငါ့နှမမှာ၊ ခြေကြွယူလို့၊ စစ်သူကြီးမ၊ ဝတ်ဆင်သာသည်၊ လှပတန်းဆာ၊ ကရိယာကို၊ လိုသော်ပေးမည်၊ ဆိုတုံလေသော်၊ နှမယ်သစ္စာ၊ လိုက်လေပါကော၊ မြို့တော်သို့ရောက်၊ ပြည်ဘုရင်ကို၊ ကြောင်းအင်ကိုလျှောက်က၊ ဝမ်းမြောက်ဝမ်းသာ၊ ရွှေပြည်သူလေ၊ နေလူပေါင်းကို၊ စည်မောင်းဆော်လို့၊ ပွဲတော်ကျင်းပ၊ ဥယျာဉ်သာမှာ၊ ခင်းကာပြက၊ မယ်လှသစ္စာ၊ ထိုအခါ၌၊ လိုရာစင်စစ်၊ ရေအိုးသစ်နှင့်၊ ခုနစ်ကန်ပေါင်း ခုနစ်မြောင်က၊ ရေဆောင်ရမည်၊ တောင်းတုံလေသော်၊ မင်းစောလုင်၊ မကြာခင်လေ၊ ဆောင်ကြင်သီးသီး၊ ခုဒိဋ္ဌလေ၊ ကိစ္စပြီးက၊ စစ်သူကြီးကတော်၊ ဝတ်တန်းဆာကို၊ ကိုယ်မှာဝတ်ဆင်၊ ရေအိုးစက်ကို၊ ခေါင်းထက်တင်၍၊ လာကျင်တုံလတ်၊ သရက်ချိုလေ၊ ထိုပင်အောက်မှ၊ စောက်စောက်ရပ်လို့၊ ဝမ်းမှတ်စိတ်က၊ အဓိဋ္ဌာန်ဖြင့်၊ ကြံပြီးမှလျှင်၊ အဋ္ဌဒိသာ၊ ရပ်မျက်နှာကို၊ ရှုကာစောင့်ကြပ်၊ စတုမဟာ၊ ဝတိန်သာမှာ၊ က္ကန္ဒာနတ်နှင့်၊ ဒဋ္ဌရဋ္ဌ၊ ဝိရူဋ္ဌက၊ ဝိရူပက္ခ၊ ကုဝေရဟု၊ တေဇမဟိဒ္ဓိ၊ ကုသိုလ်ဟုန်လေ၊ ဂုဏ်အကျိုးကြောင့်၊ တန်းခိုးရှိသည်။ ဒေဝိဒေဝိန်၊ ကြီးစည်းစိမ်နှင့်၊ ကျော်ရှိန်သတင်း၊ သာသနာကို၊ စောင့်ကာကြပ်သည်၊ မိုယ်းနတ်မြင်းတို့၊ အရင်းအစ၊ လူ့ဘဝကို၊ ရလှတုံဘိ၊ ကောင်းဆိုးနှစ်ပါး၊ ကြောင်းကျိုးများကို၊ ပိုင်းခြားသိသို့၊ မိဘနှစ်ပါး၊ ပေးထိမ်းမြားသည်၊ လင်သားအပြင်၊ သူတပါးကော၊ ယောက်ျားလင်အား၊ မခင်မမင်၊ မကြင်မချစ်၊ မနှစ်မသက်၊ မမက်မမော၊ နှုတ်ဝစီလေ၊ ဤစကားလျှင်၊ မမှားဧကန်၊ ကျွန်ုပ်မလျှင်၊ မုချမှန်မူ၊ ကိုးတန်မက၊ ကိုးဆယ်ပင်လျှင်၊ ကောက်ကျင်ကလည်း၊ မှန်လှဖြောင့်စွာ၊ မယ့်သစ္စာကြောင့်၊ ပြောင့်ပါစေသား၊ စိတ်ကြည်သန်နှင့်၊ ဓိဋ္ဌာန်ငြားလို့၊ သဘောရိုးရိုး၊ ပရိသတ်လည်း၊ ကြက်သရေလေ၊ နေသို့တိုးကော၊ ရေအိုးရွှကကာ၊ ပင်ရုက္ခာကို၊ လကျ်ာခုနစ်ထပ်၊ ပတ်၍ပြီးထွယ်၊ သရက်ပင်ကို၊ ရေစင်ကောင်းဖြင့်၊ လောင်းတော့သည်လေ။

ဖြဴဖြဴဖြဴ

## မသစ္စာ ရေစင်လောင်းသောကြောင့် မြင်မကောင်းအောင် အကောက်ဝင်သော၊ သရက်ပင်ကိုးတန်တွင်၊ စုနစ်တန်ဖြောင့်တန်းရာ၊ မသစ္စာအား ဆုတော်ချစန်း

လောင်းဘုံလေကော၊ ဆိုပေတုံခဲ့၊ ၎င်းနည်းဖြင့်၊ ပြောင်း၍ချီကျင်၊ တနေ့တွင်လေ၊ ရေစင်ခုနစ်၊ လင်သားအာရုဏ်၊ စိတ်ကိုယုံလို့၊ လောင်းတုံလစ်က၊ ခုနစ်ရက်စေ့၊ ထိုသည်နေ့၌၊ နှစ်တွေကြွင်းကျံ၊ ကောက်ကိုးတန်တွင်၊ ခုနစ်တန်အကောက်၊ ဖြောင့်တန်းသည်ကို၊ မြင်လေမြောက်က၊ ရောက်ပေါက်ကြငြား၊ ပွဲရှုသူလေ၊ လူအများတို့၊ အံ့အောမဆုံး၊ ပျားပိတုံးသို့၊ ရုန်းရင်းခတ်မျှ၊ ဩဘာသံလေ၊ ညံမစဲအောင်၊ ပေးတုံကြက၊ မသစ္စာမယ်၊ ကျန်နှစ်ကောက်ကို၊ နောက်ထပ်ပေးလို့၊ လောင်းသည်ရေစင်၊ ပင်လုံးဖြောင့်အောင်၊ မပြောင့်ကျင်ဘဲ၊ တပင်သရက်၊ အထက်တလျှောက်၊ ခက်ဖျားအောက်က၊ အကောက်နှစ်တန်၊ ကျန်မြဲကျန်ကော၊ ဝေဘန်စဉ်းစား၊ ငါတဘန်လေ၊ အကြံမှားဟု၊ မင်းဖျားဘုရင်၊ ပြည်ကြီးရှင်အား၊ လျှောက်တင်ခြင်းရာ၊ လူတကာကို၊ အာဏာစိုးထွတ်၊ ဆင်ယျာဉ်မြင်းယျာဉ်၊ ရထားယျာဉ်ကို၊ ပိုင်စိုးရသည်၊ လောကနတ်လေ၊ သတ်သော်ကသေ၊ ဇီဝိန်ဖြတ်လို့၊ မသတ်ချေသော်၊ သက်ရှယ်ချမ်းသာ၊ ကျွန်တော်မလျှင်၊ နေရပါမည်၊ ဤသည်သရက်၊ အထက်တရောက်၊ ကြွင်းနှစ်တန်လေ၊ ကျန်အကောက်ကို၊ မည်မျှလောက်ရေ၊ ခတ်ကာပြောင်းလို့၊ လောင်းတုံပေလည်း၊ ပြောင့်မည်မုချ၊ မဟုတ်လှပါ၊ လျှောက်သောခါ၌၊ ခြင်းရာတစိ၊ ဘယ်သို့ရှိဟု၊ သိသိသာသာ၊ ငါရာဇာ၏၊ ခြေတော်အောက်မှာ၊ လျှော်စမ်းပါဟု၊ မိန့်တော်မူက၊ ဟုတ်အမှန်လေ၊ ကျွန်ုပ်မသည်၊ ငယ်ကထိမ်းမြား၊ လင်ယောကျ်ားနှင့်၊ ရိုးသားဖြောင့်မတ်၊ ဟိသစ္စါလေ၊ မှန်မချွတ်လည်း၊ မင်းမြတ်သခင်၊ သရက်ပင်ကို၊ ဖြောင့်ကျင်ကာလ၊ ခုတဘန်လေ၊

ကျွန်ုပ်မလျှင်၊ ဗလာဟတ္ထိ၊ စစ်သူကြီး၏၊ ဇနီးအယောင်၊ အသွင်ဆောင်၍၊ မျှားမြောင်သီးသီး၊ တန်ဆာမွမ်းဖျင်၊ စုံအလင်ကို၊ ဆင်တုံပြီးကော၊ စစ်သူကြီးကတော်၊ လုပ်ပြီးခါမှ၊ ကိုယ်တော်အရှင်၊ သရက်ပင်ကို၊ ဖြောင့်ကျင်ကာလ၊ ပဌမဦ၊ နဝဝင်္ဂန်၊ ကောက်ကိုးတန်တွင်၊ နှစ်တန်မဖြောင့်။ ခုနစ်တန်လေ၊ အမှန်ပြောင့်ကော၊ အနှောက်အသျက်၊ အနဲငယ်လေ၊ ရှိသည်တွက်ကြောင့်၊ အသက်သခင်၊ သရက်ပင်ကို၊ ကျွန်လျှင်ပိုင်ပိုင်၊ အလုံးစုံလေ၊ အကုန်ပြောင့်အောင်၊ မဖြောင့်နိုင်ပါ၊ ကြွင်းကျန်တုံမြောက်၊ ကျန်နှစ်ယောက်ကို၊ မျှားမြောက်မိန်းမ၊ ယခုရှိသည်၊ က္ကတ္တိယတို့၊ စိတ်ကကြောက်ရွံ့၊ သရက်ချိုလေ၊ ထိုပင်နားကို၊ မသွားဝန့်ဘဲ၊ ကြောက်လန့်တုံငြား၊ မသစ္စာကို၊ ပယ်ကာထားကော၊ တခြားမိန်းမ၊ ဒုနီယာမှာ၊ ရှာမရကော၊ ရာဇာဘုရင်၊ ထိုကြောင်းအင်ကြောင့်၊ အကြင်မိန်းမ၊ က္ကတ္တိယလျှင်၊ ငါ့အလိုတော်၊ ဖြည့်နိုင်ပါ၍၊ လင်မှာသာလျှင်၊ ရှိကျင်သလား၊ မေးလေငြားက၊ လင်သားပကတိ၊ မိဘနှစ်ပါး၊ ပေးထိမ်းမြားကော၊ ထင်ရှားရှိလို့၊ ဟတ္ထိဗာလ၊ နာမတွင်ပြီး၊ စစ်သူကြီးနှင့်၊ မနီးမဟပ်၊ မစပ်မဆိုင်၊ ခယင်ဝါးကို၊ ဒါးနှင့်ရိုင်သို့၊ ဦးကိုင်ဘုရင်၊ ရွှေပြည်ရှင်ကို၊ တင်ကာလည်းလျှောက်၊ အဗ္ဘန္တရ၊ သရက်မွန်ကို၊ ကိုးတန်ကောက်ကို၊ မျက်မှောက်ဝင်္ဂ၊ ခုနစ်တန်လေ၊ မိဋ္ဌာန်ဖြောင့်လို့၊ ပြောင့်တုံကော၊ အာကမိန်းမ၊ သင်တမူလေ၊ ဇမ္ဗူကျွန်းမှာ၊ ထွန်းကာပလို့၊ က္ကတ္တိယဇာတ်၊ မိန်းမမြတ်တွင်၊ အထွတ်လည်းတင်၊ ငါဘုရင်လေ၊ လိုအင်ဆန္ဒ၊ ယနေ့တုံ၌၊ ပြည့်စုံရသို့၊ မသစ္စာမယ်၊ သင်မကိုလည်း၊ အလိုပြည့်အောင်၊ ငါဖြည့်ပေအံ့၊ အရွယ်နုသီး၊ ငယ်မကြီး၍၊ သွီးအရာ၊ ငါမင်းကြီးမှာ၊ ထားပြီးခါမှ၊ မြို့ရွာစားကျေး၊ သင်၏လင်ပါ၊ ဆုတော်ပေးလို့၊ ရင်သွေးမှတ်ပြီး၊ ပြည်ဘုရင်လေ၊ ရှင်မင်းကြီးမှာ၊ မင်းသွီးတန် ဆားစုံအလင်လေ၊ ဆင်ကာဝတ်ကော၊ လွှတ်လိုက်ပါရေ။

ဖြဆဖြဆဖြဆ

### ဟတ္ထိဗာလ စစ်သူကြီးမှာ၊ ဇနီးမယား၊ ကျင့်ဖောက်ပြားသည်ကို၊ လူအများသိကြ၍၊ အရှက်ရသောကြောင့်၊ မိန်းမဟူက၊ ညီးငွေ့လှသဖြင့်၊ ရသေ့လုပ်မည်အလို့နှင့်၊ တောကြီးမြိုင်ညိုသို့ တကိုယ်တေး ကပ်စိုစန်း။

လွှတ်လိုက်ပါကော၊ ရာဇပြည်ရှင်၊ ဘုရင်ချီးမြှောက်၊ ညီးညီးတောက်မျှ၊ ကြီးမြောက်တော်မုံ၊ စည်းစိမ်ဟုံနှင့်၊ ပြည့်စုံလေဘိ၊ ထိုခါတုံလေ၊ ဂုဏ်သတ္တိနှင့်၊ ဟတ္ထိဗာလ၊ နာမတွင်ပြီး၊ မျှားဗိုလ်လူတွင်၊ စစ်သူကြီးလျှင်၊ ဇနီးမယား၊ ကျင့်ဘောက်ပြားဟု၊ တိုင်းသားပြည်သူ၊ ရှင်လူတကာ၊ သိခြင်းရာကြောင့်၊ မသာစိတ်က၊ က္ကန္ဓြယ်လေ၊ မတည်ပျက်ကော၊ အရှက်ရလို့၊ မိန်းမဟူသည်၊ ဤလူ့ပြည်မှာ၊ သာနှယ်သာချေး၊ တယောက်ကြင်ကော၊ တလင်တည်းနှင့်၊ ရောင်းရဲမရှိ၊ အမြောက်အမြား၊ ယောကျ်ားသားနှင့်၊ ဘောက်ပြားဘိ၍၊ က္ကတ္တိဟုဆို၊ နာမည်ကိုပင်၊ သူ၏နားမှာ၊ မကြားချင်အောင်၊ စိတ်တွင်ကြံဆ၊ ရတုံလေကော၊ သံဝေကနှင့်၊ ကြံဆပြီးခါ၊ ဤလူ့ရွာမှာ၊ ဃရာဝါသ၊ မှုကိစ္စကို၊ ဒိဋ္ဌခွါရှောင်၊ ငါကြံဆောင်၍၊ တောတောင်မြိုင်ထွေ၊ ဇကောဇာလေ၊ ပျော်ကာမွေ့လို့၊ ရသေ့ရဟန်း၊ ကမ္မဋ္ဌာန်းနှင့်၊ စီးဖြန်သရစ္ဆာယ်၊ ကျောင်းသခ်မ်းဖြင့်၊ ငြိမ်းချမ်းနေသော်၊ အခြေလည်းကျ၊ ဤအကြံလေ၊ လျှော်ကန်လှဟု၊ နရမှန်ဂင်း၊ စိုးပိုင်နင်းသည်၊ မင်း၏အထံ၊ အကြောင်းပြန်လို့၊ တောင်းပန်ပြီးမှ၊ ရာထူးစသည်၊ ထိုမှမျှားမြောင်၊ အိမ်ထောင်ဗလိဘောက၊ ရှိသမျှကို၊ စိတ်ကစွန့်ပစ်၊ မနှစ်ချစ်ဘဲ၊ အပြစ်လည်းမြင်၊ မြိုင်ခွင်တောသို့၊ သွားလေကျင်ကော၊ စိတ်တွင်ကြံဆ၊ သူတော်တကာ၊ ကျိန်းအောင်ရာလေ၊ ထိုဌာနက၊ ဓမ္မိကတောင်၊ သစ်သီးစုံနှင့်၊ ပန်းစုံပွားသည်၊ တောမြိုင်ချောင်တွင်၊ တခေါင်ရှေးဗာ၊ ရသေ့ကျော်လေ၊ တာပသတို့၊ ထာဝရပကတိ၊ ကသိုဏ်းစျာန်နှင့်၊ ဇက်ရှိဟု၊ သိသည်တိုင်းသာ၊ သတင်းနာလို့ႁ သွားပါလေမြောက်၊ ဓမ္မိကမည်၊ ထိုတောင်ခြေကို၊ မသေရောက်က၊ လျှောက်ကာစူးစမ်း၊ ထိုသေလာမှာ၊ နေရာစမ်းသော်၊ ပန်းမှန်မွေးတုံ၊ ဖူးပွင့်ငုံနှင့်၊ မြူးခုန်ကျေးငှက်၊ ပင်ပေါ်ထက်က၊ နှုတ်ဆက်သည်ဟန်၊ ကျွေးကျော်သံကို၊ ကြားပြန်လေကော၊ ပုထုဗိုင်ကော၊ အယည်ကြွင်းကော၊ မကင်းလှလို့၊ စိတ်ကနုပျို လွမ်းမှုပိုလည်း၊ သိတ်မျိုပြီးမှ၊ ထိုတောင်ခြေလေ၊ မြောင်ရှယ်ဝတွင်၊ တပသကျိန်းအောင်း၊ သခ်မ်းကျောင်းလည်း၊ ပေါင်း၍နွှမ်းတွယ်၊ တက်ကာခိုလို့၊ ထိုသခ်မ်းမှာ၊ ပန်းညောင်ဖြေရေ။

### မဟိဒ္ဓိခေါ် သော ဇော်ဂျီအစန်း

ပန်းညောင်းဖြေကော၊ နေလေတုံဘိ၊ ထိုမြိုင်ချောင်လေ၊ တောင်ဓမ္မိမှာ၊ မဟိဒ္ဓိခေါ်၊ ဇော်ဆရာလျှင်၊ ရှယ်ကြာအာယု၊ ဆေးတော်ဝါးတော်၊ နည်းဖြာဖြာနှင့်၊ ဘော်ကာစုလို့၊ အာယုဝဍ္ဍန။ အာကာသနှင့်၊ ကာယသိဒ္ဓိ၊ ခနသိဒ္ဓိ၊

ပီယသဒ္ဒါ၊ အစရှိသည်၊ သိဒ္ဓမျိုးမျိုးကြီးတန်းခိုးနှင့်၊ မြေရှိုးမိုးပျံ၊ အင်းမန္တာန်ကြောင့်၊ ဘိဉာဏ်တန်းခိုး၊ သိဒ္ဓိမျိုးကို၊ အစိုးလည်းရ၊ ပညာဟုံလေ၊ ဂုဏ်တေဇကြောင့်၊ ကာယစခန်း၊ သိဒ္ဓိလမ်း၌၊ စမ်းလိုသူများ၊ ဇော်ဆရာလျှင်၊ မော်မပြော လေ၊ တုတ်-ဒါး-ဝါးချွန်၊ လှံတန်ဆူးဆောက်၊ သံပေါက်ဆိမ်နှင့်၊ ချိန်ကာပေါက်လော၊ အမြောက်-ဒါး-လှံလာသမျှကို၊ အာမခံလို့၊ အော်လံသေနပ်၊ မိုးသီးမျှသာ၊ စိတ်ကာမှတ်လို့၊ သံပူခတ်တွင်းလျှောင်၊ တောဆင်ပြောင်နှင့်၊ ငါးကောင်ပင်နင်း၊ မဟိဒ္ဓိခေါ်၊ ငါဆရာမှာ၊ ဂါထာအင်းကြောင့်၊ မီးတွင်မှာပစ်၊ မြစ်ပင်လယ်ကေ၊ ရေမှာနစ်လည်း၊ မနစ်မလောင်၊ တောဆင်ပြောင်ကို၊ ယင်ကောင်သာမှတ်၊ ပညာဟုံလေ၊ ဂုဏ်သကပ်နှင့်၊ ဒြပ်သိဒ္ဓိ၊ အတတ်ရှိ၍၊ မဟိဒ္ဓိခေါ်၊ ဇော်ဆရာဟု၊ ကျော်ညာသပ၊ ထိုနေ့ကလျှင်၊ မနုသဝနေ၊ ဝေဘူတောင်မှာ၊ သူယောင်တောသို့၊ သွားတုံလေ၍၊ နတ်နေ့တမျှ၊ နမူနာမျှောင်၊ တူစွာဆောင်သည်၊ သူယောင်မနှင့်၊ တူကွနှစ်ပါး၊ တောဌာနီမှာ၊ ဇော်ဂျီများတို့၊ ပျော်ပါးကြရာ၊ ခုနစ်ရက် ကေ၊ စစ်ထွက်ကြသော်၊ ဓမ္မတာဘာဝ၊ ပန်းသစ်သီးမျိုး၊ နွမ်းရိညှိုးကေ၊ ပုတ်သိုးကြလို့၊ မရဏဇီဝေ၊ ပျက်ကြလေကေ၊ ဇော်တေငါ့မှာ၊ ဆေးဝါးအစွမ်း၊ ဂါထာမန်း၍၊ မွမ်းမံကာဖြင့်၊ ကညာတူအောင်၊ အမှုဆောင်သည်၊ သူယောင်တပါး၊ ယူဆောင်ထားလို့၊ ပျော်ပါးစရာ။ နာနာရုပ်တု၊ ဂြုတ်ထဲမှာ၌၊ ထည့်ယူဆောင်က၊ ဓမ္မိကဟု၊ မြရွှေတောင်မှာ၊ ပန်းမြောင် အဝ၊ ပညောင်အောက်မှာ၊ မြကျောက်ဖြာတွင်၊ ဘော်နှစ်ပါးလျှင်၊ ပျော်ပါးရအောင်၊ တာပဿကေ၊ ပန်းမြောင်ဝကို၊ ဆင်းတော့မည်ဟု၊ မနေလျှင်စွာ၊ တောင်ထိပ်ထက်က၊ ဆင်းသက်လာသော်၊ ညောင်းညာပန်းဖြေ၊ သခ်မ်းငယ်၌၊ တက်နေ ခိုမှီ၊ ထိုခါမှု၌၊ စစ်သူကြီးလျှင်၊ မုတ်ဆိတ်ကြောင်နီ၊ တောပျော်မှီသည်၊ ဇော်ဂျီဆရာ၊ ခါယခု၌၊ တဦးလာသည်၊ ခြင်းရာကိစ္စ၊ ဘယ်သို့ရှိဟု၊ မသိရ၍၊ ပုန်းထဝှက်ကွယ်၊ သူ့ခြင်းရာကို၊ ငါယခုလျှင်၊ မြော်ရှုနေအံ့၊ ထိုသည်အခါ၊ ဇော်ဆရာလျှင်၊ ကျောက်ဖျာအထက်၊ ရိပ်သာယာမှာ၊ အသာတက်လို့၊ ထက်ဝေထိုင်ကာ၊ သူ့မှာပါသည့်၊ နာနာရုပ်ဂြုတ်၊ ဖွင့်ကာထုတ်ကာ၊ လူရုပ်ပြီစွာ၊ ဣတ္ထိယာဟု၊ ကညာပျိုစစ်၊ ဆဲ့ငါးနှစ်သို့၊ ပြေပြစ်လက္ခဏာ၊ ဂြုတ်ရွှေခွက်က၊ ထွက်လို့လာကေ၊ မဟာတာပဿ၊ ဂြုတ်ဖြင့်ယူဆောင်၊ ဝေဘူတောင်က၊ သူယောင်မနှင့်၊ တူကွနှစ်ပါး၊ လင်မယားသို့၊ စားဘက်အိပ်ဘက်၊ ညောင်ရိပ်သာ လေ၊ ကျောက်ဖျာထက်မှာ၊ ပေါင်းဘက်တူစုံ၊ ဒွေးဘော်ပြုလို့၊ နှစ်ဦးလုံးကေ၊ အာရုဏ်ရမ္မဏ၊ ဇော်ဂျီအိုမှာ၊ ဖိုကာနွမ်းကေ၊ ပင်ပန်းလှလို့၊ ဟဒယမွေ့လျော်၊ ဇော်ဆရာလေ၊ ကျောက်ဖျာထက်မှာ၊ အိပ်စက်ပျော်ရေ။

အိပ်စက်ပျော်ရေ၊ ထိုရော်အခါ၊ ပေဝန္တာ၌၊ စံပျော်နေမှီ၊ ညာဏ်ဂမ္ဘီနှင့်၊ ဂန္ဓာရီဝိဇ္ဇာ၊ ထက်ဝင္ဂါလေ၊ အာကာ လမ်းက၊ ပျံသန်းလာလို့၊ မဟာရက္ခေ၊ ဗုဒ္ဓဟေတွင်၊ ထိုညောင်ပင်မှာ၊ ခိုဝင်ကာနား၊ မ-သူယောင်မယ်၊ ဇော်ဂျီဘေကို၊ မြင်လေငြားက၊ ငါးပါးအာရုဏ်၊ ကာမဂုဏ်မှာ၊ စုံစုံမက်မက်၊ နှုတ်ခွန်းဆက်လို့၊ အိပ်စက်နေခိုက်၊ ဇော်ဂျီအိုလေ၊ ထိုဇာတိကို၊ မသိလိုက်အောင်၊ ကြိုက်ချစ်နှစ်လီ၊ ဂန္ဓရီနှင့်၊ တူညီသဘော၊ ရွှေဂြုတ်သူဟု၊ အမှုလုသည်၊ မိန်းမချောနှင့်၊ ရောနှောပေါင်းဘက်၊ စပ်သွျက်မြူးပျော်၊ ထိုကြောင်းရာကို၊ ဟောင်းကာယိုယွင်း၊ သခ်မ်းတွင်က၊ စိုးမင်းမြောက်ချီ၊ တောမြိုင်ငူက၊ စစ်သူကြီးလျှင်၊ အနီးထင်ထင်၊ အပြီးမြင်ကေ၊ ဆင်ခြင်နှိုင်းဆ၊ လူ့ဌာနီလေ၊ ဤလောက၌၊ မိန်းမဟုဆို၊ ကာမဂုဏ်လေ၊ အာရုဏ်စိတ်လျှင်၊ ဖိတ်ကာယိုမျှ၊ ဤလိုသားချေး၊ တယောက်ဆက်ဆံ၊ တောက်မပြန်ဘဲ၊ အလွန်ခဲဟု၊ ဝမ်းထဲမှတ်ကာ၊ ကြည့်နေပါသော်၊ ဝိဇ္ဇာဂန္ဓရီ၊ တူနှစ်ကိုယ်လေ၊ ညိုနွဲ့နှောင်းနှင့်၊ ပေါင်းဘော်မှီ၍၊ ဇော်ဂျီအိုလျှင်၊ မနိုးခင်ကို၊ ကောင်းကင်ခရီး၊ ဈာန်ယာဉ်စီးလို့၊ ဝေးနီးလိုရာ၊ သွားလေပါကေ၊ ထိုခါကာလ၊ နေညိုညိုနှင့်၊ သုံးဗိုလ်ကျက၊ တာပဿဆရာ၊ နိုးလေပါကေ၊ နာနာရုပ်လှ၊ ထိုမိန်းမလည်း၊ အပါးကသာ၊ ရှိသောခါ၌၊ လိုရာတပါး၊ သွားပါတော့မည်၊ သို့ဖြစ်ပေ၍၊ နတ်နှယ်တမျှ၊ ထိုမိန်းမကို၊ ဥုံဖွမန်းမှုတ်၊ မန္တာန်စုတ်လို့၊ ဂြုတ်တွင်ထည့်ကာ၊ သွားမည်ခါ၌၊ ဝင်ကာဝှက်ကွယ်၊ ချောင်းကြည့်နေမည်၊ အမည်တွင်ပြီး၊ စစ်သူကြီးလျှင်၊ ခိုမှီနေရာ၊ သခ်မ်းထက်က၊ ထွက်လို့လာလျှင်၊ ဆရာဇော်ဂျီ၊ တာပသီမှာ၊ မဆီမလျော်၊ ခပ်သိမ်းယောကျ်ား၊ သားမယားကို၊ ထမ်းသွားကာဖြင့်၊ သေလာညိုမှောင်၊ ဘယ်တောတောင်သို့၊ ဆောင်ကာသွားမည်၊ စဉ်းစားလိုက်မူ၊ သင်နှင့်ငါလေ၊ သဘာဝကေ၊ မူလတူဟု၊ နှုတ်ဖြူသံသာ၊ ပြောသောခါ၌၊ ဆရာဇော်တေ၊ တန့်ရတ်ထွယ်ဖြင့်၊ ဤသည်တောင်မှာ၊ သင်နှင့်ငါလေ၊ ခါယနေ့လျှင်၊ တွေ့ရပါကေ၊ ခြင်းရာကိစ္စ၊ ရှိသမျှကို၊ သိကြရစေ၊ ကြောင်းကုန်စင်ကို၊ စုံလင်ငြားအောင်၊ ပြောကြမည်ဟု၊ ခေါ်လေသောခါ၊ ဇော်ဆရာနှင့်၊ နှစ်ဖြာတူပြိုင်၊ ကျောက်ဖျာထက်မှာ၊ တက်ကာထိုင်လို့၊ ဂနိုင်တောကြီး၊ လူမနီးတွင်၊ သင်သီတယောက်၊ ဘယ်ဌာနေလေ၊ ဘယ်ပြည်မြို့က၊ ဘယ်သို့ရောက်လေ၊ ချင့်ထောက်စာနာ၊ သင်ပြောရာမှာ၊ ငါနှင့်တမူ၊ သင့်မူလသည်၊ တကွတျဟု၊ ခုမူဆိုချက်၊ သင့်နှုတ်ထွက်နှင့်၊ အနက်မကျန်၊ တူကြဟန်ကို၊ ချန်ကာမထား၊ ဟုတ်မှန်ရာကို၊ ပြန်ကာပြောပါ၊ ဇော်ဆရာလျှင်၊ ခြင်းရာသိရေး၊ တောမြိုင်ထဲတွင်၊ စစ်သူကြီးကို၊ မိန်းတော့သည်လေ။

မိန်းတုံလေကေ၊ ဇော်တေဆရာ၊ ကျွန့်စကားကို၊ ထောင်နားနာပါ၊ ကာလိက်တိုင်း၊ ကျူးသုံးတန်နှင့်၊

ပတ်ရံဝိုင်းသည်၊ သမိုင်းနာမံ၊ ထက်နတ်ထံသို့၊ ဒန္တပူရ၊ ရွှေပြည်မကို၊ စိုးရပိုင်စံ၊ သူ့ဘုန်းကံနှင့်၊ ကာရန္တမင်း၊ နန်းဝေယန်တွင်၊ ထွက်မှန်ဂင်းမှာ၊ လက်ရင်းမြှောက်ချီ၊ ကျွန်တမူလေ၊ စစ်သူကြီးပါ၊ မင်းကြီးစံရာ၊ ဥယျာဉ်သာမှာ၊ ပျိုးကာစိုက်ပေါက်၊ အမ္ဗတ္ထရုံ၊ သရက်မွန်လေ၊ ကိုးတန်ကောက်ကို၊ မလျှောက်မပတ်၊ စိတ်ကမှတ်၍၊ ဖြောင့်မတ်စေငှါ၊ ပုဏ္ဏားကျော်တို့၊ ထွက်ခါကာလ၊ လူ့တိုင်းခွင်မှာ၊ ကြင်မိန်းမလျှင်၊ ပူရိသများ၊ သူ့လင်သားဟု၊ ယောကျ်ားကိုမြင်၊ မလိုချင်ကော၊ ငြိုငြင်စိတ်က၊ အာလယပြတ်၊ သုံးပါးကံဖြင့်၊ အမှန်လွတ်လို့၊ မတတ်မမက်၊ မနှစ်သက်ဘဲ၊ တသားကြင်ကော၊ တလင်တည်းနှင့်၊ မြဲသည်မိန်းမ၊ သရက်ပင်ကို၊ ရေစင်လောင်းလို့။ ဖြောင့်ကာလ၌၊ မုတ်ချပြောင့်မည်၊ ဟောရှိသည်ကြောင့်၊ ရွာပြည်ပတ်ကာ၊ စည်မောင်းခတ်လို့၊ လှည့်ပတ်ရှာကော၊ ကျွန့်မှာတမူ၊ မိန်းမဟူက၊ လူတို့ဘုံမှာ၊ မယုံရဟု၊ စိတ်ကလည်းမှတ်၊ ခါးထမိန်ကို၊ စီကာချပ်လို့၊ မဝတ်တတ်ခင်၊ ငယ်ကပင်လေ၊ သုတ်သင်ကျွေးမြောက်၊ သက်နုနယ်ကော၊ အရွယ်ရောက်သော်၊ အမြောက်အများ၊ စောင်အဘန်လေ၊ ခြွေရံထားလို့၊ မယားလည်းပြု၊ သည်အမှုကြောင့်၊ တဦးငါ့ပြင်၊ သူ့မှလျှင်လေ၊ သားလင်ဆက်ဆံ၊ စုံတစိမျှ၊ မရှိတန်ဟု၊ သန္နိထံကျ၊ ကိုယ့်မယားကို၊ အားကိုးလှလို့၊ သဟာသဆောင်၊ ငွေတထောင်ကို၊ ယူဆောင်လိုက်ငြား၊ ငယ်ကျွန်းဝင်လေ၊ ကြင်မယားကို၊ ပြောလေသောခါ၊ လက်ဖျားခါလို့၊ ပြောရာစကား၊ ငါ့မှာလျှင်လေ၊ လင်ယောကျ်ားကော၊ အများရှိကြောင်း၊ ပေါင်းကိုးပေါင်းကို၊ အကြောင်းသင့်မျှ၊ သက်သေခံလေ၊ မှန်အဟုတ်ကော၊ ထုတ်ယူပြက၊ မိန်းမကြောင့်သည်၊ ဣန္ဒြယ်လျှင်၊ မတည်ထွားညက်၊ ခပ်သိမ်းသူလေ၊ လူအများတို့၊ သည်ကိစ္စကြောင့်၊ မိန်းမဆိုလျှင်၊ မမြင်ချင်ကော၊ မကြင်မချစ်၊ အိမ်ထောင်စုကို၊ အကုန်ပစ်လို့၊ အောင်မြိုက်နိဗ္ဗူ၊ ဆုထူးယူကော၊ မြိုင်ငူတောကျောင်း၊ ယူမြင်မြော်သည်၊ သူတော်ကောင်းဟု၊ အပေါင်းသမုတ်၊ ရသေ့လုပ်မည်၊ လာတုံပေ၍၊ ဤသည်စခန်း၊ တွေ့ကြုံကျင်သည်၊ ကျောင်းသခ်မ်းလည်း၊ ဟောင်းနွမ်းယွင်းယို၊ တက်ကာခိုကော၊ ထိုသည်အခါ၊ ဇော်ဆရာလျှင်၊ တောင်ပေါ်ခြေရင်း၊ သိဒ္ဓိဟုံနှင့်၊ မြောင်စုံဆင်းလျက်၊ လေညင်းခံကာ၊ ညောင်ရိပ်သာလေ၊ ကျောက်ဖျားထက်မှာ၊ တက်ပြီးခါလျှင်၊ နာနာရုပ်လှ၊ သင့်မိန်းမကို၊ ဂြုတ်ကထုတ်ယူ၊ ပျော်တော်မူ၍၊ ကြည်ဖြူစုံမက်၊ ပေါင်းကာတက်လို့၊ အိပ်စက်နေခါ၊ များမကြာတွင်၊ ဝိဇ္ဇာဂန္ဓာရီ၊ မိုးတိန်ဆီက၊ ချီကာလာမြောက်၊ ဤညောင်ပင်ကို၊ ခိုဝင်ရောက်က၊ သင့်မျှောက်သားတော်၊ သင့်ကြင်ရာနှင့်၊ နှစ်ဘော်တူကွ၊ ချစ်ကြိုးသွယ်၍၊ ချစ်ရည်လူးကော၊ ရွှင်မြူးကြလို့၊ ဆန္ဒပြည့်ခါ၊ ထိုဝိဇ္ဇာလျှင်၊ ပျံကာလည်းသွား၊ ဤကြောင်းအင်ကိုန၊ ငါမြင်ငြားလို့၊ လင်များမိန်းမ၊ ဣတ္ထိယကို တာပဿဆရာ၊ ထမ်းဆောင်ကာဖြင့်၊ သေလာညိုမှောင်၊ အဘယ်တောင်ကို၊ ဆောင်ကာသွားမည်၊ သင်နှင့်ငါလေသဘာဝလျှင်၊ တူလှသည်ဟု၊ ဆိုပေတုံခဲ့၊ ဆရာဇော်ဂျီ၊ တာပသီလေ၊ ဤကြောင်းရေးဟု၊ အမေးဖြေတော်မူ၏တည်းလေ။

**မဟိဒ္ဓိဇော်ဂျီနှင့်၊ ဟတ္ထိဗလစစ်လူကြီးတို့သည်၊ သဘောတူညီကြ၍၊**
**နှစ်ယောက်သောကိုယ်ကာယမှ ၊ သွေးသားကြေးညှော်ကိုထုတ်လျက်၊**
**မိန်းမလုပ်ပြီးခါ၊ မွေ့လျော်ပျော်ပါးစန်း။**

အမေးမယေဖြေကော၊ ဇော်တေတသီ၊ စစ်သူကြီးတို့၊ ကြောင်းရီးဥသုံ၊ နှစ်ယောက်စုံလျှင်၊ တူတုံလေကျင်၊ ငါနှင့်သင်လျှင်၊ အကြင်မိန်းမ၊ ဣတ္ထိယကိုယ်၊ စိတ်ကနှစ်သက်၊ တပ်မက်စရာ၊ စုံတစိမျှ၊ မရှိပါဟု၊ သိသာခြားနား၊ တေဇော်အိုကို၊ ထုတ်ဆိုပြောက၊ ရင်းဖျားအလယ်၊ ယုံလောက်ထွေလျှင်၊ အခြေပါဒ၊ ရှိနိုးလှဟု၊ မာနစိတ်ညစ်၊ ဂြုတ်ရွှေဝါကို၊ ကျောက်မှာပေါက်ကော၊ မြောက်ကာပစ်လို့၊ ဖြစ်ပျက်ခြင်းတူ၊ သင့်ကိုမူကား၊ မှတ်ယူစရာ၊ ငါလျှင်ပြောမည်၊ ထောင်နားနာလေ၊ လူ့ရွာလောက၊ ယခုရှိသည်၊ ဣတ္ထိယဟု၊ မိန်းမတကာ၊ မလျှော်ရာကို၊ လော်မာသည်ချေး၊ ဤကြောင်းရေးကြောင့်၊ သွေးသားကြေးညှော်၊ သင့်ခန္ဓာက၊ အတော်အတန်၊ ယူကုန်းပြန်လို့။ တဘန်မှန်စွာ၊ ငါ့ခန္ဓာက၊ ကြေးညှော်သွေးသား၊ ထိုနည်းတူလျှင်၊ ထုတ်ယူငြားမျှ၊ ဆေးဝါးမွမ်းမံ၊ သြောင်းဥုံခံ၍၊ မန္တာန်မန်းမှုတ်၊ မိန်းမရုပ်ကို၊ လုပ်၍ပြီးလျှင်၊ ဝိညာဏ်ဆက်၍၊ အသက်ဝင်အောင်၊ ငါလျှင်မန်းမှုတ်၊ ခြေချုတ်ဂါထာ၊ တတ်ပညာဖြင့်၊ ထူးစွာဆန်းကြည်၊ မိန်းမလှကို၊ ရလိမည်လေ၊ ထိုသည်အခါ၊ တယောက်တလှည့်၊ နေ့နှင့်ညည့်ဝယ်၊ မွေ့ကာပျော်လျက်၊ ပေါင်ဘော်ရလျှင်၊ တို့အပြင်ကို၊ အကြင်တခြား၊ ယောကျ်ားသားနှင့်၊ ဘောက်ပြားတော့မည်၊ ဇကဝုစ်ကော၊ မဟုတ်ချေလေ၊ အဘယ်ကြောင့်နည်း၊ သင်ကဆိုလို့၊ ငါ့ကိုမေးမူ၊ တို့သွေးတို့သား၊ ကိုယ်ခန္ဓာက၊ ကြေးညှော်ထုတ်၍၊ လုပ်သောအားကြောင့်၊ ပြောသောအခါ၊ စစ်မှူးကျော်က၊

မျှော်ကာထောက်ဆ၊ ဤအကြံလေ၊ လျှော်ကန်လှဟု၊ တူကွနှစ်ပါး၊ ပြိုင်သဘောဖြင့်၊ ဆေးဝါးရှာသော်၊ တောင်လုံးကျော်က၊ နှံ့ခွါနှံ့ဆွတ်၊ သန်းခေါင်ယံတွင်၊ သျှံနက္ခတ်နှင့်၊ ဆယ်ထပ်တပြီး၊ ဇော်ဂျီဦးထုပ်၊ ရုပ်မျိုးသုံးပါး၊ သမန်းကျားက၊ မြင်းသွားဆင်အံ၊ ဂုဏ်ကမံကို၊ ရှာကြံစုဆောင်း၊ အမုန့်ထောင်းလျက်၊ ၎င်းဆေးတို့၊ ငါးတို့ဘို့မှ၊ သူတို့နှစ်ပါး၊ သွေးသားကြေးညှော်၊ ထည့်ကာလောင်းလို့၊ ပေါင်းပြီးခါမှာ၊ ဆန်းစွာလှပ၊ နတ်ရည်တူလေ၊ လူမိန်းမသို့၊ စိတ်ကူးအောင်သည်၊ လုပ်တုံလေသော်၊ သည်းခြေတလုံး၊ ထည့်သုံးစရာ၊ ဘွေရှာမရ၊ တောမြိုင်ညိုမှာ၊ ထိုကာလ၌၊ မျောက်မတကောင်၊ တတ်ကာနှောင်လို့၊ ခုတ်ထောင်သတ်ပုတ်၊ နတ်ရည်တူယောင်၊ အမူလှကော၊ မိန်းမရုပ်မှာ၊ ယူနှုတ်သည်းခြေ ၊ ထည့်တုံလေ၍၊ ကြီးငယ်အင်္ဂါ၊ အသီးသီးလျှင်၊ ပြီးသောခါမှာ၊ ဂါထာစုပေါင်း၊ သြောင်ဥုံခံကော၊ မန္တာန်ကောင်းနှင့်၊ သက်ပြောင်းကိုယ်ခွါ၊ ဂါထာခြေချုပ်၊ မန်းမှုတ်ထပ်ထပ်၊ သိဒ္ဓိလမ်းမှာ၊ ကမ်းကိုကပ်လို့၊ နတ်သွီးနှယ်၊ ဝိဉာဏ်ဝင်လို့၊ အရှင်စစ်ကော၊ ဖြစ်တော့သည်လေ။

ဖြစ်တော့သည်လေ၊ ရုပ်ရေပိုင်ပြင်၊ သူ့အသွင်ကို၊ ရှုမြင်မဝ၊ နယကိန္နရီ၊ လှသိင်္ဂီလေ၊ ဒေဝီမသို့၊ ရူပကြွက်သရေလှတင့်တယ်ကို၊ မြင်လေကာလ၊ အမဇ္ဇနှင့်၊ တာပသတေဇော်၊ ရှင်ဝမ်းသာ၍၊ နှစ်ဖြာတူကွ၊ ပြောဆိုကျင်ကော၊ တိုင်ပင်ကြလို့၊ မိန်းမတယောက်၊ ငါနှင့်သင်လေ၊ လင်နှစ်ယောက်လျှင်၊ ဖြစ်မြောက်ခြင်းရာ၊ လက္ခဏာကြောင့်၊ မွေ့လျော်ပျော်ပါး၊ ညည့်အခါလေ၊ အိပ်ပျော်ငြားက၊ ယောကျာ်းနှစ်ယောက်၊ တယောက်တဘက်၊ အိပ်စက်ပျော်ပါး၊ မိန်းမငယ်ကို၊ အလယ်ထားမည်၊ သဘောစိတ်က၊ အမဇ္ဇလျှင်၊ အပြဟ္မစရိယာ၊ မယ်ထုံမှုကို၊ ပြုလိုပါမူ၊ သိသာစေလို၊ ပြောမဆိုဘဲ၊ ငါ့ကိုလက်တို့၊ မှန်မချို့အောင်၊ ထိုသို့ပြကထေ့၊ လက်တို့မှန်ကာ၊ နောက်ကိုလှုံ၍၊ ပြန်မကြည်တန်း၊ ငါလေ့တို့တူ၊ သင်မူထိုနည်း၊ ဂတိမြဲဟု၊ ဤကဲ့သို့သာ၊ ပြောကြရ၍၊ မွေ့လျှော်နှစ်ပါး၊ မိန်းမငယ်ကို၊ အလယ်ထားလို့၊ ပျော်ပါးကြရာ၊ အတန်ကြာသော်၊ ဝါနရိန္ဒ၊ နာမခေါ်ဆို၊ မျောက်ညိုတကောင်၊ ပင်ပညောင်က မှောင်ကာနေဝင်၊ တယောက်တို့ရှောင်း၊ တယောက်စောင်းသည်၊ ကြောင်းခြင်းအင်ကို၊ သိမြင်တုံလေ၊ ပုန်းဝှက်ကွယ်လို့၊ ညာဘက်နှစ်ဘက်၊ တပြိုင်နက်လျှင်၊ လက်နှင့်မနေ၊ နှစ်ယောက်စုံကို၊ သိန်ဂုဏ်ချို့အောင်၊ တို့လိုက်လေသော်၊ ဇော်တေစစ်သူကြီး၊ အသီးသီးတို့၊ ပြောပြီးအကြောင်း၊ ကိုယ့်ဘက်ဆီကို၊ ကိုယ်စီးစောင်းက၊ အကြောင်းခွင့်သာ၊ ထိုအခါတွင်၊ ပေါင်းတော်မှီဝဲ၊ ဤသို့နည်းဖြင့်၊ မြင့်မြဲရှည်စွာ၊ အတန်ကြာသော်၊ နှစ်ဖြာတူကွ၊ သံသယမကင်း၊ လက်တို့ခြင်းကို၊ ရှင်းလင်းအောင်လျှင်၊ ပြောကြကျင်သော်၊ ငါလျှင်မတို့၊ သင့်ကိုသော်လေ၊ ငါမတို့ဟု၊ ဤသို့ဆိုမှု၊ အကြင်လူသည်၊ ရန်သူပေါ်ပေါက်၊ သို့ဖြစ်မြောက်၍၊ နောက်နောက်ညည၊ လက်တို့ကမူ၊ အရကြိုးပန်း၊ ဘမ်းစတန်းဟု၊ မှန်း၍နေခါ၊ ရောင်ခြည်မြောက်လို့၊ မှောင်ရောက်လာသော်၊ လာနေကျမျောက်၊ ရောက်လျှင်မကြာ၊ နှစ်ယောက်ကုန်းကို၊ စုံမချို့အောင်၊ တို့လိုက်ပါသော်၊ နှစ်ဖြာတူကွ၊ ကမန်းကတန်း၊ ရောထွေးစမ်းကော၊ ဘမ်းဆီးကြလို့၊ ရသည်မျောက်မိုက်၊ မီးဖြင့်မြိုက်၍၊ သတ်ပစ်တော့မည်၊ ထင်းပုံထွယ်ဖြင့်၊ ဖုတ်လေတုံငြား၊ စစ်သူကြီးကို၊ ဇော်ဂျီအိုလေ၊ ထိုနှစ်ပါးတို့။ သွေးသွားတို့ထုတ်၊ ဆေးနှင့်ပင်လေ၊ ပျင်ကာလုပ်ကော၊ ရွှေရုပ်လိုပင်၊ လှတုံကျင်လည်း၊ အကြင်မိန်းမ၊ တောမျောက်ညိုကို၊ စိတ်ကိုညွှတ်အောင်၊ တပ်မက်လှလို့၊ အဂ္ဂိယတွင်၊ လောင်မီးပုံမှာ၊ ခုန်ကာဆင်းလို့၊ ကျန်ကြွင်းမနေ၊ သေတုံလေကော၊ ဤသည်သာကော၊ တောမျောက်နှင့်မူ၊ အလိုတူကော၊ လူမိန်းမတို့။ ဖြစ်ရခြင်းမှာ၊ မျောက်သည်းခြေလေ၊ လုပ်သညာ်တုံးမှာ၊ တလုံးပါလို့၊ ခန္ဓာဇီဝေ၊ သေတုံလေကော၊ ဇော်တေတသီ၊ စစ်သူကြီးတို့၊ ညီးငွေ့စက်ဆုတ်၊ ဘာဝနာနှင့်၊ ပျော်ကာမွေ့ကော၊ ရသေ့လုပ်လို့၊ တောအုပ်ဟေမှာ၊ ထိုနေရာတွင်၊ မွေ့ကာပျော်ပါး၊ နိဒါန်းသွယ်၍၊ ဆင်ခြေတန်းကော၊ တခန်းထားလို့၊ မင်းသားနှင့်မျောက်၊ ပန်းပေါင်းဝတီ၊ လှသိင်္ဂီလေ၊ ဒေဝီမြောက်ကော၊ တယောက်မိန်းမ၊ က္ကတ္တိယကို၊ ခုကြသောဟံ၊ စပ်ကာရန်ကို၊ ယဉ်အောင်ခုဝယ်၊ ပန်းကိုသီယောင်၊ ဆင်ခြီလုံးကော၊ ကုန်းလိုက်မည်လေ၊ တခန်းရပ်။

## ဖါလ်ဘီလာ တောစခန်းကျောင်းက၊ ပန်းပေါင်းဝတီနှင့်၊ နန်းလောင်းသာကီ၊ ဒုဿန္တကုမ္မာတို့သည်၊ ပညာမှာ အထမြောက် အရွယ်ကလည်းရောက်သောကြောင့်၊ တယောက်သောတပည့်ကြီးနှင့်၊ သမီးကိုဆက်စပ်၍ လက်ထပ်စခန်း။

ကုန်းလိုက်မည်လေ၊ ဆင်ခြေစီယဉ်၊ အစည်မပြတ်၊ ကျွန်းသစ်ပျိုင်ကို၊ ခိုင်လုံးနိုးယောင်၊ လျှာထိုးစပ်သို့။ မလပ်စေရ၊ ဝါကျညီအောင်၊ ကုန်းစီပြမည်၊ ဝေဒိပ္ပခေါ်၊ ရသေ့ကျော်လျှင်၊ မွေ့လျှော်ကျိန်းအောင်း ဖာန်ဘီလာလေ၊ ဝိဟာကျောင်းမှာ၊ ပန်းပေါင်းဝတီ၊ ကုမ္မာရီနှင့်၊ သာကီမောင်လှ၊ ဒုဿန္တတို့၊ သိပ္ပပညာ၊ အဖြာဖြာကို၊ လေ့လာကျွမ်းကျင်၊

ထိုခါတွင်၌၊ ရှင်ရသေ့ကျော်၊ တွေးစာနာသော်၊ အခါအခွင့်၊ ယခုသင့်လို့၊ သီးပွင့်ချိန်တန်၊ တူမောင်နှံ့အား၊ ထုံးစံရှိရာ၊ ကျောင်းတော်သာမှာ၊ ပညာသင်ပြီး၊ တပည့်ကြီးအား၊ သွီးချာချာ၊ တပည့်မင်းသား၊ သွီးချောကို၊ ပြောသည်မှာက၊ ငါလျှင်ထိမ်းမြား၊ ယနေ့ကပင်၊ သင်နှင့်သင်သည်၊ လင်မယားတည်း၊ မယားနှင့်လင်၊ ဆိုရာတွင်၌၊ အကြင်အချစ်၊ ဆိုသွန်းကာကျိုး၊ နွမ်းကာညှိုးသော်၊ သစ်သစ်ဟောင်းဟောင်း၊ သက်တရာကို၊ ဆက်ကာပေါင်းက၊ ကောင်းလျှင်လည်းစံ၊ အကြောင်းအကျိုး၊ ပေါင်းနှစ်မျိုးဖြင့်၊ ဆိုးလျှင်ခံကော၊ ကိုယ့်ကံအလျှော်၊ မကျန်းမမာ၊ မချမ်းသာဘဲ၊ ဖျားနာရောက်လည်း၊ တယောက်လဲမူ၊ တယောက်ထူကော၊ ချမ်းပူအမျှ၊ ချစ်ကြည်ဖြူလို့၊ တူတကွကော၊ မူလကပင်၊ ပမာတင်လျှင်၊ လင်နှင့်မယား၊ ယင်နှင့်ပျားသို့၊ ဆင်ကျားသတွေ၊ ပရုံလူသို့၊ မာန်မူယစ်လေ၊ မဖြစ်စေနှင့်၊ မသွယ်မလှုံ၊ သစ္စာနှံ့သည်၊ မောင်နှံ့နှစ်ပါး၊ ဟိသစ္စံလေ၊ မှန်စကားကို၊ နှံ့ထားဝံခံ၊ ငယ်ကျွမ်းဝင်သည်၊ လင်တယောက်ထက်၊ ဘောက်မပြန်ဟူ၊ ဟုတ်မှန်စကား၊ တယောက်ဝန်ခံ၊ တယောက်ထံ၌၊ နှံ့ကာထားလေ၊ မင်းသားထုံးစံ၊ နန်းဝေယဉ်မှာ၊ ခြွေရံမသျှား၊ အလွန်များလည်း၊ သည်ကြားရင်သွေး၊ ငါ့သွီးကို၊ အကြီးအထွတ်၊ တပြောင်ပြောင်လေ၊ အဆောင်ခန်းနှင့်၊ တောင်နန်းအပ်လို့၊ အထွတ်တင်လေ၊ ငါ့စကားကို၊ သျှားမဖယ်နှင့်၊ အကယ်၍ပ၊ မချစ်မခင်၊ မလိုချင်ဟု၊ ငြိုငြင်ကလည်း၊ သင့်နှမတူ၊ ငါ့သည်းအူကို၊ ကလူနှိပ်စက်၊ မိန်းမပျက်ဟု၊ ရက်ရက်ရဲရဲ၊ ချိမ်းမောင်းမဲလို့၊ ညှော့ဆဲပုတ်ခတ်၊ မပြုအပ်ရာ၊ ပမာဆောင်သော်၊ တကောင်ကြွက်ကော၊ တမျက်နှာကို၊ ထောက်စာမချို့၊ ငါ၏ထံကို၊ ပြန်ကာပို့ဟု၊ ဤသို့ခြင်းရာ၊ စကားမှာလို့၊ ဆရာပါရမေ၊ ရသေ့ထေရ်မှာ၊ အန္တေဝါသိ၊ အမည်ရှိသည်၊ မိမိတပည့်၊ အိမ်ရှေ့ဥပရာ၊ မဟာမျိုးကော၊ သတိုးညာအား၊ ခြင်းရာကိစ္စ၊ အဖြာဖြာလေ၊ မှာသမျှကို အာမဝန္တာခံ၏တည်းလေ။ ။

ဖွဲ့ဖွဲ့ဖွဲ့

## သမီးတော်အား ရသေ့ကျော်မှာတော်မူပုံ။

တာမယေတန်တန်၊ မြတ်ဆရာလေ၊ မှာသမျှကို၊ လှလှခံကော၊ ဆင်းကြံညီမျှ၊ သွီးလှကို၊ မွေ့ဘငါသည်၊ ချစ်စိတ်ဖြာကော၊ မေတ္တာရစ်၍၊ မှာလိုက်မည်က၊ အထည်ထောင်ချ၊ သားလင်ရကော၊ လောကထုံးစိုင်၊ လက်ကိုင်ဘမိ၊ များလူရှင်တို့၊ မြင်အသိကော၊ လင်ရှိမိန်းမ၊ ဟူသမျှအား၊ စိုးရပိုင်ဆိုင်၊ ဆံဦးကိုင်ကော၊ နိုင်သူသားလင်၊ သာမိကဟု၊ ရှိကြကျင်၌၊ ပေါက်ထင်စိတ်လွှတ်၊ စုံတခုကို၊ မပြုအပ်တည်း၊ ဝတ္တရားတိုင်း၊ အလုံးစုံကို၊ ထုံးပုံနှိုင်း၍၊ မရိုင်းစေရ၊ ဦးထိပ်တင်လေ၊ သားလင်ရှိသည်၊ ထိုမိန်းမတို့၊ ကိစ္စကြီးငယ်၊ ရှိတုံပေသော်၊ မဖယ်မဆံ၊ အကြောင်းပြန်လို့၊ တောင်းပန်ကာလ၊ သင့်မသင့်ကို၊ အခွင့်ရမှ၊ ကိစ္စကြီးငယ်၊ စုံတခုကို၊ ပြုအပ်ပေရေ၊ ရိပ်ခြေဆယ်ပါး၊ စိတ်နေများကို၊ ခြားနားတစိ၊ မရိပ်မိကော၊ က္ကတ္တိယစစ်၊ မိန်းမမိုက်တို့၊ အပြစ်မကင်း၊ အလိုလိုလေးဆဲဆိုခြင်းနှင့်၊ မသျှင်မပြတ်၊ ငြင်းမလွတ်သို့၊ မြတ်သည်မိန်းမ၊ က္ကတ္တိယတို့၊ လင်လှမင်းပျို၊ မျက်နှာညိုသော်၊ အလိုဆန္ဒ၊ ဘယ်မကျဟု၊ မျက်စမျက်ရိပ်၊ ပေါင်းဘော်ရာ၌၊ ဖေါင်းတော်ညိတ်ကော၊ စိတ်အလိုသည်၊ ဘယ်သို့ရှိဟု၊ သိတတ်စေလေ၊ လူ့ပြည်လောက၊ က္ကတ္တိယကော၊ မိန်းမလက္ခဏာ၊ ခြင်းရာမှာက၊ စကြာမန္တာတ်၊ လေးကျွန်းနတ်ဟု၊ မင်းမြတ်ရင်သွီး၊ ရှုမညီးသည်၊ သွီးပင်ဖြစ်၊ မငြင်းမညို၊ လင်အလိုကို၊ အိုယောင်လိုက်မှ၊ အပြစ်လည်းလွတ်၊ လောကဝတ်နှင့်၊ ညီညွတ်တော့သည်၊ သို့ဖြစ်ပေ၍၊ အငယ်ကပင်၊ သွီးလှကို၊ မွေးဘသင်သည်၊ လင်ဝတ်ငါးပါး၊ ထိုတရားကို၊ မှတ်သားပါစေ၊ ညချိန်ရောက်လျှင်၊ လင်နောက်ကလေ၊ ထလျှင်မဌမံ၊ ငယ်ကကြင်သည်၊ လင်မထမှီ၊ ကိစ္စမှုခင်း၊ ရှိပေလျှင်းက၊ မပျင်းမရိ၊ စိစိစပ်စပ်၊ မှုကြီးငယ်ကို၊ ပြုပေအပ်လို့၊ လင်မြတ်စုံမက်၊ မနှစ်သက်ငြား၊ နားမချိုကော၊ ထိုစကားကို၊ မပြေမဆို၊ လင်မင်းပျိုလျှင်၊ ကြည်ညိုစုံမက်၊ နှစ်သက်စကား၊ ပြုံးရယ်ခြင်းကို၊ အရင်းထားလို့၊ ပြောဆိုရမည်၊ လင်ဝတ္တရား၊ ဤငါးပါးကို၊ မှတ်သားလေလေ၊ တသွယ်ထိုမှ၊ က္ကတ္တိယကော၊ မိန်းမအတွက်၊ မိန်းမမြတ်တို့၊ ကျင့်ဝတ်ကိုသည်၊ လင်သခင်လေ၊ ကြင်ကာချစ်အောင်၊ မှာလိုက်မည်က၊ ကိုးဆယ်ခြောက်ဖြာ၊ ဝေဒနာလေ၊ တွေကာညှိုးနွမ်း၊ လင်သခင်လေ၊ မရွှင်လန်းကော၊ ပင်ပန်းကာမူ၊ ရွှေနို့ရှင်လေ၊ မိခင်ရင်းနှင့်၊ မယွင်းတူအောင်၊ ကျင့်မူရမည်၊ ရှက်ကြောက်တွေနှင့်၊ ရိုသေလေးမြတ်၊ အဝတ်အစား၊ ကိုယ်နှင့်ကြင်သည်၊ လင်အပါးက၊ သွားလားကာလ၊ မွေးသည်မိခင်၊ ရှေ့နောက်မြင်၍၊ ကြင်နာလှကော၊ နှမနှင့်သည်၊ ကိုယ့်မူလကို၊ တူရမည်လေ၊ ကြီးငယ်မှုခင်း၊ တွေ့ကြုံလျှင်း၍၊ တင်းတင်းကျပ်ကျပ်၊ လင်အကြံ၏၊ ဉာဏ်နှင့်ကျပ်၍၊ မကြံတတ်အောင်၊ ထွေလပ်တုံရှောင်း၊ ထိုခါဝယ်၌၊ မိတ်ဆွေရင်းကော၊ ခင်ပွန်းကောင်းနှင့်၊ အကြောင်းတူအောင်၊ လင်အမှုကို၊ ပြုကာဆောင်လေ၊ ထိုနောက်တသွယ်၊ လင်အပါးကို၊ သွားခါဝယ်၌၊ ရိုသေလေးမြတ်၊ ကျွန်၏ဝတ်ဖြင့်၊ တင်းကျပ်တောင့်မာ၊ ညောင်းညာစစ်ကြုံ၊ ဖြစ်တုံအဟုတ်၊

ထိုခါဝယ်၌၊ ဧကေဝုတ်လျှင်၊ ခြေသုတ်လက်နေ၊ ရိုသေတုတ်ကွ၊ အစေခံကော၊ အိမ်ကျွန်မသို့၊ မူလတူစေ၊ ညနေရိပ်၍၊ အိပ်ခါဝယ်၌၊ ပြည်တန်းဆာမ၊ ပမာနသို့၊ စစရာရာ၊ အဖြာဖြာကို၊ ငါမှာသမျှ၊ သို့မီးလှမှာ၊ လောကသံသရာ၊ နှစ်ဖြာကောင်းကျိုး၊ တိုးတက်တိုးအောင်၊ မညိုးကြက်သရေ၊ အရာရာမှာ၊ မျှော်ထောက်ချင့်ကော၊ ကျင့်ပါလေသော်၊ လူ့ပြည်မလောက်၊ စုတေ့သလေ၊ နတ်ပြည်ရောက်လို့၊ သုံးယောက်ပုဂ္ဂိုလ်၊ လင်ရိုသေမ၊ ဣတ္ထိယနှင့်၊ ရာဇာဘိကျွ၊ ဤသို့ဟူ၍၊ အလှူမလို၊ ကျမ်းအဆိုမှာ၊ ပုဂ္ဂိုလ်သုံးပါး၊ တသက်ဝီမှာ၊ ဤစကားကို၊ မှတ်သားပြီးထွယ်၊ လင်ခေါ်ရာလေ၊ ပြည်တော်ဆိုက်အောင် လိုက်ပါလေလေ။

လိုက်ပါလေလေ၊ မှာပေတုံငြား။ ပန်းပေါင်းဝတီ၊ လှသက်ဝီမှာ၊ ဤစကားကို၊ ကြားလေသောခါ၊ ထုံးစဉ်လာဖြင့်၊ ဝမ်းသာဝမ်းနည်း၊ ရှေ့နောက်စာလေ၊ ထောက်မျှော်တွေးလို့၊ ယိုရွဲမျက်ရည်၊ ဤသို့ဆိုလို့၊ ငိုလတ်တေက၊ အရွယ်နုသီး၊ ငယ်မကြီးကော၊ သို့မီးရတနာ၊ ဘပီတာအား၊ ခွဲကာဘဲ့နှယ်၊ သူ့ဌာနလေ၊ ရွှေပြည်ဆိုက်အောင်၊ လိုက်နိုင်မည်လေ၊ အငယ်ကပင်၊ ဆယ်ဆကြင်ကော၊ ဘခင်ရသေ့၊ ပဋိသန္ဓေ၊ ပန်းဖူးလယ်မှာ၊ တည်ကာတွေ့၍၊ မယ့်ကိုဆောင်ယူ၊ မွေးတော်မူကော၊ အပူမအေး၊ အနည်းနည်းဖြင့်၊ ညစ်ကြေးမစင်၊ ကပ်တွေးမြင်သော်၊ သုတ်သင်ပြုစု၊ ခါယုခတိုင်၊ သစ်ဥသစ်မြိုက်၊ ကိုယ့်ရင်သွီးကော၊ သို့မီးစစ်သို့၊ မလစ်ကမ်းပေး၊ မစားတတ်ခင်၊ ဝါဘတ်ကျွေးလျက်၊ မွေး၍လာတုံ၊ ထွေးကာရှုက၊ ကျေးဇူးဟုန်ကို၊ စုပုံထားမြောက် တောင်မြင်းမိုရ်ထက်၊ ပိုလို့မောက်မည်၊ ဤမျှလောက်ပင်၊ ကျေးဇူးအင်ကို၊ မမြင်တုံဘိ၊ မသိရာရောက်၊ ညစ်ကြေးစင်၍၊ သုတ်သင်ပြီးကော၊ ကြီးမြင့်မြောက်က လင်နောက်ကိုသည်၊ မွေးဘခင်ကို၊ ကြင်မချစ်ဘဲ၊ လိုက်သွားလေသော်၊ အခြေမလှ။ ကျေးဇူးရှင်ကော၊ ဘခင်ကလည်း၊ ရူပခန္ဓာ၊ မသင့်လျှော်အောင်၊ ရင့်ရော်ယိုယွင်း၊ ဇာတိပါသော်၊ ဇရာလမ်းကြောင်း၊ မကျန်းမမာ၊ မချမ်းသာဘဲ၊ ရောဂါအန္တရာယ်၊ နာဗျာဓိလျှင်၊ ကပ်ငြိတွယ်သော်၊ အဘယ်သူသည်၊ ပေးကမ်းပြုစု၊ ကျွေးမွေးမှုဖြင့်၊ ကြည့်ရှုမည်လေ၊ အကယ်နတ္ထိ၊ မယ်မရှိကော၊ တေမိကရ၊ မွေးဘခင်ကို၊ ကြင်မချစ်ဘဲ၊ ပစ်ရာကျလို့၊ မိဘဂုဏ်ထူး၊ မဆည်းဘူးကော၊ ကျေးဇူးမသိ၊ မယ်ဣတ္ထိကော၊ ကိတ္တိမသွီး၊ ငယ်ကပင်လေ၊ သုတ်သင်ကျွေးလည်း၊ အချေးနှီးသာ၊ သို့မီးရင်းချာ၊ ဧကေဝုတ်ကော၊ မဟုတ်ပါလို့၊ ကြင်နာခြင်းနဲ၊ ဝမ်း၌ဝင်၍၊ ကြင်မမွေးက၊ သွေးသားမစင်၊ ဖြစ်တုံလတ်၍၊ မြင့်မြတ်ဂုဏ်အင်၊ ကျွေးမွေးပြုသည်၊ ကျေးဇူးရှင်ကော၊ ဘခင်ကိုပစ်၊ အသင်ထက်ပင်၊ ဆထက်ကြင်၍၊ လင်နှင့်လိုက်ဟု၊ အပြစ်မယ့်ကို၊ များလူဗိုလ်တို့၊ ဆိုမည်ဆက်ဆက်၊ သို့အတွက်ကြောင့်၊ နှစ်ဘက်နှစ်ပုံ၊ အခက်ထဲမှာ၊ အခဲကြုံလို့၊ မယ့်မုံထင်ရှား၊ ထုံးပုံစံမှာ၊ မှံစင်စစ်ကော၊ သစ်ပျစ်ဝါးသို့၊ အလားတူလှ၊ မယ့်မူလမှာ၊ ဘကိုလည်းကြင်၊ လင်ကိုလည်းခက်၊ မယ်သက်ဝေမှာ၊ သည်အတွက်ကြောင့်၊ ဘယ်ဘက်ကိုပစ်၊ မယ်တကိုယ်မှာ၊ ဘယ်ကိုလိုက်မှ၊ အပြစ်အေးမည်၊ ဤအနေကြောင့်၊ ခွဲဝေစဉ်းစား၊ မပိုင်းခြားနိုင်၊ မျက်ရည်ယိုလို့၊ ငိုကာညီးကော၊ ဟီးချမှိုင်ရေ၊ ဆိုတုံလေကော၊ ထိုသည်အခါ၊ ရသေ့ကျော်က၊ ကြင်နာစုံမက်၊ ငါ့အတွက်ကြောင့်၊ ငဲ့ကွက်ဌေါတာ၊ မနောသာကော၊ ငါ့မှာသော်က၊ ပဋ္ဌမကော၊ အစကပင်၊ လူမနီးကော၊ တောကြီးခွင်သို့၊ ခိုဝင်ကာထွက်၊ ကိုယ်အသက်ကို၊ ငဲ့ကွက်မရှိ၊ ယခုမုံ၌၊ အိုတုံပြီးမှာ၊ ပူဆီပူဆာ၊ ငါ့ခန္ဓာကို၊ တွေတာမက်မော၊ မနှမြောကော၊ နာဖျားရောဂါ၊ ဖြစ်ချိန်မြောက်လို့၊ ဆိုက်ရောက်လာသော်၊ သင်သားသွီး၊ ရှိတုံပြီးလည်း၊ တားဆီးနိုင်မည်၊ ဧကေဝုတ်ကော၊ မဟုတ်ချေလေ၊ အကယ်၍ပ၊ နင်နှင့်မူလေ၊ တူနေကလည်း၊ ငါ့ဇီဝသက်၊ နေ့ရက်တွက်စစ်၊ ဆယ်ကိုးနှစ်တွင်၊ တဖြစ်ပြောင်းထွယ်၊ ငါလျှင်သေသော်၊ ကြံစေရံချက်၊ ငါ့ထက်ပင်လေ၊ နင်လျှင်ခက်မည်၊ သို့ဖြစ်ပေ၍၊ မသေမှီခင်၊ ငါ့မျက်မြင်လေ၊ နင်လျှင်မနေ၊ လင်ခေါ်ရာသို့၊ သာသည့်ခစ်မှာ၊ လိုက်ပါလေလေ၊ ဂဟောစပ်ဆက်၊ ကျောင်းတော်သာမှာ၊ ပေါင်းဘော်ဘက်သည်၊ ရက်ခုနှစ်စေ့၊ ဤသည်နေ့၌၊ အရှေ့မြောက်ယွမ်း၊ စက်နှစ်ဖြာလေ၊ ထွက်ခွါလှမ်းရုံ၊ ကံတော့ပန်းသည်၊ ငါဆရာအား၊ ဟတ္ထားလက်နှင့်၊ ဆက်ကြစေလေ။

## မောင်မယ်တူစုံ– အောင်ဇေယျဟု–ရွှေဘုံပြန်စန်း နှစ်ပါးသွား။

ဆက်ကြစေလေ၊ ဆိုသည်ကာလ၊ ဒုသျန္တဟု၊ ဥပ္ပရာဇာ၊ နန်းလျာမင်းသား၊ ရှေးဦးစွာလေ၊ ထလာငြား၍၊ မနောကာယ၊ ဝဇီကံဖြင့်၊ ဆံဦးလျှော့လို့၊ အာစရိယ၊ မြတ်ဆရာ၏၊ ပညာကျေးဇူး၊ ဆပ်မကုန်အောင်၊ ဂုဏ်အထူးကို၊ ချီးကျူးပြီးခါ၊ တပည့်တော်လျှင်၊ ပူဇော်ဦးချ၊ ဆံကေသာကို၊ ဖြေကာလျှော့ဟု၊ ကံတော့သောခါ၊ မြတ်ဆရာက၊ သာခု သာခု၊ ငါဆရာကို၊ ပဏာပြုကော၊ အာယုရှည်စွာ၊ သပြေညာဝယ်၊ ရွှေကြာမန္တမ်း၊ အချပ်တရာ၊ ပဒုမ္မာလေ၊ ရေမှာလန်းသို့၊ တင့်ဆန်းအသရေ၊ ပွင့်သစ်ပန်းသို့၊ လန်းလန်းဝေလျက်၊ သွားလေရာရာ၊ ဘယာဘေးတို့၊ ဝေးလို့ကွာလျက်၊ စကြာရထား၊

ခြေရင်းမှာလေ၊ လက်ျာရာဇ်ကော၊ ဆိုက်စေသားဟု၊ မနောတလီ၊ သဘောညီလျက်၊ ဝဇီချိုအေး၊ ဆုပဌနာကို၊ ပြုကာပေးကော၊ ရင်သွေးရတနာ၊ သွီးတော်လည်း၊ ပဇာရနာ၊ တကြိမ်နှစ်ကြိမ်၊ ဆံဦးနှိမ်လေ၊ သုံးကြိမ်ချလို့၊ ကံတော့သောခါ၊ ဘပီတာက၊ သာခုသာခု၊ သွီးတော်မှာ၊ ပဏာပြုကော၊ အာယုဆက်သွယ်၊ မပျက်ပေဘဲ၊ သက်ရှယ်ချမ်းသာ၊ လွန်အေးချမ်းလို့။ ဘေးဘျမ်းကွာလျက်၊ ကျမ်းမာပကတိ၊ ရှိပါစေသော၊ ကိုးဆယ်ခြောက်ဖြာ၊ မရောက်လာကော၊ ကွာစေသားဟု၊ မနောကြည်အေး၊ သွီးတော်ကို၊ ဩဘာကျူကော၊ အောင်ဆုပေးက၊ လက်စွဲတော်မှ၊ ရှင်မင်းသား၏၊ ဘွားဘက်ကျွန်လျှင်၊ ကျိုးနွံခယ၊ ကျေးဇူးမွန်လေ၊ အနန္တကို၊ ကြံဆရည်ဖူး၊ မြတ်ဆရာ၊ ဂုဏ်တော်ထူးကို၊ ချီးကျူးပြီးလျှင်၊ ထံတော်သာမှ၊ ပန်ထွာပြုလို့၊ ဆံဦးတင်ကော၊ ရှင်ရသေ့ကျော်၊ ထောမနာ၍၊ သာခုသာခု၊ တပည့်အင်္ဂါ၊ လက္ခဏာနှင့်၊ ညီညာမှုနှင့်၊ အာယုဝဏ္ဏ၊ နာမတွင်ငြား၊ ကြေးငွေဟိန်ကြောင့်၊ ဂုဏ်သိန်မွှေးသည့်၊ သူဌေးသားသို့၊ လေးပါးသောဆုယခုတုံ၌၊ ပြည့်စုံမှုဖြင့်၊ အာယုဝဏ္ဏ၊ သုခဗလ၊ ဤလေးတန်ကို၊ ဇကန်မုတ်ချ၊ ငါ့တပည့်မှာ၊ အပြည့်ရလို့၊ အဌဇေယျုံမင်္ဂလံကော၊ အောင်သံရွှေနား၊ ကြားစေသားလေ၊ မနောချိုညောင်း၊ နှုတ်ဘိသိက်တင်၊ စိတ်ကြည်လင်အောင်၊ ရေစင်လောင်းလို့၊ တောကျောင်းပျော်စံ၊ ရသေ့ပုံ့က၊ ကျွန်ရှင်သုံးဘော်၊ ဘေးဘယာလေ၊ ဝေးကွာစေကြောင်း၊ နောင်တာအရှည်၊ အောင်ပါစေဟု၊ ညောင်ရေလောင်းမည်၊ ကောင်းသည်အခါ၊ ကျောင်းတော်သာက၊ မကွာတူကွ၊ အောင်ဇေယျုံလေ၊ ရွှေဘုံနန်းကို၊ လှမ်းလေကြဟု၊ သံမြချိုအေး၊ အခွင့်ပေးကော၊ လှေးမြားအစုံ၊ ယူပြီးတုံမှ၊ တူစုံမောင်နှံ၊ သွားလေပြန်ကော၊ ငယ်ကျွန်နောက်လိုက်၊ အလှသက်ဝေ၊ ကျမျက်ရည်လေ၊ ကြွေပြစ်ပြစ်နှင့်၊ ဘချစ်ပီတာ၊ ရသေ့ကျော်ကြောင့်၊ မသာစိတ်က၊ ဖန်ဘီလာမည်၊ ထိုတောင်ခြေက၊ သွားလေကြကော၊ မောင်ကရှေ့တည်၊ သုံးယောက်လယ်က၊ မယ်ဝယ်နောက်လိုက်၊ ဘွားဘက်တော်လေ၊ ဘော်တပါးနှင့်၊ တောမြိုင်တိုက်တွင်၊ လမ်းပျိုင်လမ်းကောက်။ စမ်းမြောင်းချောက်နှင့်၊ တောင်အောက်တောင်ထက်၊ မောင်နှင့်မယ်တို့၊ သွားသည်လမ်းမှာ၊ တောတောင်ဆက်လို့၊ တက်တုံသက်တုံ၊ မှိုင်းမှုံမှုံဖြင့်၊ ရကုန်မြိုင်ယံ၊ ဆည်းကြံကြံနှင့်၊ လူသံမကြား၊ သောသောဆူညံ၊ တောလူဝံတို့၊ အူသံများကို၊ ကြားရတိုင်းမှာ၊ နှလုံးတုံကော၊ မယ်မုံလန့်ထိပ်၊ နှစ်ယောက်လယ်က၊ ကြောက်သည်စိတ်နှင့်၊ သစ်ရိပ်တို့မှာ၊ မခိုသာကော၊ သေလာတလျှောက်၊ ဟေမာအောက်၌၊ လမ်းကောက်လမ်းကွေ့၊ ပတောက်ချောက်နှင့်၊ ချောက်မြောင်တွေ့လို့၊ အလှည့်အပတ်၊ အထပ်ထပ်ကော၊ ဖတ်ဖတ်လည်းမော၊ မယ့်ဘုန်းမောင်လေ၊ မောင်ဘုရားလျှင်၊ တန့်နားမေးဖြေတော်မူပါဦးလေ။ ။

## မင်းသွီး–မင်းသားနှစ်ပါးသွားတောစခန်း

တန့်နားမယေ ပန်းဖြေ၊ စခန်းချွေကော၊ ဝေဝေဆာဆာ၊ တောင်ထိပ်ပေါ်၌၊ စကဝါပင်ပျို၊ ဆာယာရိပ်၌၊ ချွေးသိပ်ခိုကော၊ ထိုသည်အခါ၊ ဝဲယာဘက်ဟု၊ လေးမျက်နှာကို၊ ရှုမျှော်ကြည့်ကျင်၊ မြူးခိုးချုံလို့၊ မှုံမှိုင်းမှိုင်းနှင့်၊ ဆိုင်းဆိုင်းမြင်ကော၊ ကောင်းကင်ထိအောင်၊ စိမ့်မြိုင်ချောင်နှင့်၊ မြောင်နဂပတ်၊ တောင်ထပ်ထပ်တွင်၊ တောင်ထွတ်စွင့်စွင့်၊ အဆင့်ဆင့်၂နှင့်၊ မြင့်တုံနိမ့်တုံ၊ ရှုရဂုံတွင်၊ သံစုံရောယှက်၊ သောင်ထိပ်ချာဝယ်၊ ပင်ပေါ်ထက်က၊ ကျေးငှက်တိရိတ်၊ ကြွေးကြော်သံလေ၊ ညံမဆိတ်အောင်၊ ကရဝိတ်ကြိုးကြာ၊ သာလိကာနှင့်၊ ပမာဖေါင်းကား၊ ဗုံမတီးကော၊ ဇီရက်များနှင့်၊ ဥဩဘော်ကွာ၊ ခေးကာတကော၊ မ-ကိုရှာလျက်၊ လင်းပြားဝါးရောင်၊ ကုက္ကလောင်က၊ ဖိုးခေါင်ကျူးကျော်၊ သံသာသာနှင့်၊ တွန်ကာလည်းကျူး၊ ဆိုတယောင်ယောင်၊ ဖိုမ မောင်တို့၊ တကောင်ထူးလို့၊ တောင်ပီဇူးငှက်၊ ဘီလုံးငှက်နှင့်၊ တောကြက်လည်းတွန်၊ ခြိုးမောင်နှံတို့၊ ကူသံသာသာ၊ ဥရွှေဒေါင်းတို့၊ သောင်းသောင်းညာကော၊ ဟင်းသာဖိုမ၊ စမ်းမြောင်ကမ္ဘယံ၊ သဲသောင်စွန်တွင်၊ ဝဲပျံကြလို့၊ က-ယောင်ခုံယောင်၊ မွေးမှင်ထောင်လျက်၊ မြီးတောင်ကော့ကော့၊ ကျူးကျော်တွန်ရန်၊ လည်ဆံမော့လို့၊ ဖိုမမောင်နှံ၊ သံသောင်ယံက၊ ဝဲပျံကာတက်၊ ရွက်သစ်ဆင်ကော၊ ပင်ပေါ်ထက်က၊ ငှက်တိရစ္ဆာန်၊ ကြွေးကြော်သံကို၊ ကြားပြန်တုံငြား၊ တဲခိုနေကော၊ မောင်မယ်နားမှာ၊ ကြားမိတိုင်းချို၊ စိတ်နုပျို၍၊ ငိုယိုမတတ်၊ ငယ်စဉ်အခါ၊ မယ်စံပျော်သည်၊ ကျောင်းတော်မြတ်ကို၊ လွတ်ဆွတ်တ-ကာ၊ ဘခမည်းဟု၊ ရသေ့ကျော်လျှင်၊ တကာယတဲ၊ တကိုယ်ချေးလျှင်၊ ဝမ်းနဲစရာ၊ ကျောင်းဝိဟာမှာ၊ ရှိပါလိမ့်မည်၊ အသွယ်သွယ်ကို၊ တွေ့လေသမျှ၊ စီးမျက်ရည်လေ၊ ကြွေကာကျကော၊ လင်လျှမင်းကျော်၊ ထိုခြင်းရာကို၊ မြင်တော်မူက၊ လွမ်းပြာပြေအောင်၊ ဖြေကာချော့လို့၊ အလှကလျှာ၊ တောစခန်းဖြင့်၊ လှမ်းလို့လာကော၊ ပန်းတော်မူငြား၊ မောသလားလေ၊ တောကြားတောလမ်း၊ တောစခန်းမှာ၊ ကြမ်းနိုင်သမျှ၊ ဣတ္ထိယကော၊ မိန်းမအသွင်၊ ပြုပြီးကျင်မှ၊ ကြင်ကြင်လှလှ၊ မောင့်ဌာနေလေ၊ ရွှေပြည်ဆိုက်အောင်၊ လိုက်ပါတော်ဟု၊ သံမြသာချို၊ မောင်ကဆိုသော်၊

ပျိုမယ်နှမ၊ မောင်လျှင်နေကော၊ ရွှေပြည်ကျအောင်၊ မည်မျှခရီး၊ ဝေးနီးသလည်း၊ တမိပျိုက၊ သိလိုမေးသော်၊ အိုလည်းလှဆုံး၊ လစန္ဒယောင်၊ ထွန်းဝါပကော၊ မြဂမုန်းလေ၊ တောင်ကုန်းထက်ဖျား၊ ဤနေရာက၊ သက်ကာသွားကော၊ ထိုတောကိုဝင်၊ ထိုပြင်ကိုသန်း၊ ထိုလမ်းကိုရှောင်၊ ထိုသည်မြောင်နှင့်၊ ထိုတောင်ကိုလျှောက်၊ အောင်ချာဌာနေ၊ မောင်တို့နေသည်၊ ရွှေပြည်ရောက်မည်၊ တယောက်မနေ၊ သည်စခန်းက၊ လှမ်းကြမည်ဟု လေပြေသုံသုံ၊ နှင်းမှုံမှုံနှင့်၊ ရဂုံတလျှောက် မောင်နှင့်မယ်တို့၊ မြိုင်ခွင်တောလမ်း၊ သီကရီလေ၊ ချီကာလှမ်းကော၊ စခန်းချွေတော်မူ၏တည်းလေ။

စခန်းမယေချွေကော၊ ပန်းဖြေနေနား၊ တွေးလျက်ကာညံ၊ ကျေးငှက်သံကို၊ နာခံငြားလို့၊ သွားလေသောခါ၊ လမ်းမဂ္ဂါတွင်၊ ရသာမွေးကြည်၊ ကျေးငှက်များတို့၊ စားသုံးတေနသည်။ လုံးငယ်လုံးကြီး၊ အဖြီးဖြီးကော၊ သစ်သီးမှည့်ဝါ၊ တွေ့သောခါ၌၊ နောင်ပါစေကျွန်၊ ပင်ခက်လံတွင်၊ တက်ပြန်ကိုင်းညွှတ်၊ သီးမှည့်ဝါကို၊ ရှိကာဆွတ်လို့၊ ဆက်ကပ်တုံလေ၊ မောင်နှင့်မယ်တို့။ ရယ်ရယ်ပြုံးပြုံး၊ အဟာရကို၊ ဝစွာသုံးလျက်၊ နှလုံးရမွှာ၊ တတောဝင်လေ၊ တပြင်သန်းလေ၊ လှမ်းလို့ လာသော်၊ တောင်ယာကိုတွေ့၊ ငှက်ပျောခိုင်တို့။ ဖီးစိုင်မှည့်လျက်၊ ကိုင်ဖဲ့ယူသျှောင်၊ ဖကယင်တို့၊ စာနှင့်မောင်းလို့၊ နှံုးသောင်းပိလော၊ ကျောက်ဖရုံကို၊ ဆွတ်ပုံထားကော၊ ဆုခါးပိန်ခြောက်၊ စပါးနီလေ၊ မှည့်ချိန်ရောက်လို့၊ စားသောက်ပျော် ရွှင်၊ ကိုင်းယာပြင်မှာ၊ ကယင်တောလူ၊ ပွေးတိထူနှင့်၊ တောင်သူပလောင်၊ လူတမျိုးတို့၊ ရှိုးရှိုးချောင်မှာ၊ ခေါင်ရည်ကိုသောက်၊ နှလုံးခြောက်လို့၊ မူးနောက်ခါလဲ၊ သူ့ကြင်ရာလျှင်၊ မျက်နှာပြင်မှာ၊ စာမင်မဲနှင့်၊ တွဲကာလေ့ထူ၊ ဗေါက်တဆောင်တွင်၊ သောက်ခေါင်အိုးနှင့်၊ တောင်ရိုးသူတို့၊ အမူခြားကွဲ၊ ကြွေကြိတ်ဆံကို၊ ဝတ်ပန်ဆွဲလို့၊ ခွေးသားကိုသုံး၊ အိမ်ကပါသည်၊ ဝါးပြားထားနှင့်၊ စားမမုန်းဘဲ၊ သူ့ထုံးအတိုင်း၊ လူတပိုင်းကော၊ ချင်းရိုင်းအမျိုး၊ အက္ခရာတင်၊ မျက်နှာပြင် မှာ၊ စာမှင်မဲနှင့်၊ ပရဲထိုးလို့၊ ကိုးရိုးကားရား၊ နှမတော်လေ၊ ရွှေလွှာဥမှာ၊ ရှုပါလောဟု၊ မင်းသားနန်းရံ၊ လက်ညှိုးညွှန်သော်၊ အလွန်အံ့အဲ၊ တိရိစ္ဆာန်လောက်၊ ယဉ်မကျေးဘဲ၊ ခွေးမွေးတောင်သူရှိ၏ဟူ၍၊ မယ့်မူနားမှာ၊ ကြားဘူးပါသည်။ တခံရံထူး၊ လူ့အသွင်ကို၊ မမြင်ဘူးဟု၊ ရွှင်မြူးရယ်ကာ၊ ပြောပြီးခါမှ၊ သုံးတော်တူကွ၊ ဓမ္မိကဟု၊ ပုပ္ပရွှေတောင်၊ လမ်းရဂုံနှင့်၊ ပန်းစုံပေါ်သည်၊ တောသာခေါင်ကို၊ မယ်မောင်နှစ်ဘော်၊ လက်စွဲတော်နှင့်၊ တက်ကာလည်းသွား၊ ရနံ့လှိုင်ထွယ်၊ ပန်းမြိုင် လယ်လေ၊ ထိုသည်တောမှာ၊ နှာဖျားအေးကြိုင်၊ တလှိုင်လှိုင်နှင့်၊ အခိုင်တဆင့်၊ အပွင့်တထပ်၊ ရင်းဖျားဆုံးအောင်၊ ပင်လုံးကျွတ်လျှင်၊ ပြဿတ်အဟန်၊ နတ်တို့ဖန်သို့၊ အင်ကြင်းရိုးနီ၊ မငုံတချို့၊ ငုံတချို့နှင့်၊ မှုံလို့ရီကော၊ ရာသီမလင့်၊ မာလာဂန္ဓာ၊ ရနံ့ဖြာ၍၊ ကန့်ဂေါ်ပွင့်လို့၊ ရင့်ရော်ကြွေလွန်၊ တချို့ကျန်ကော၊ အလွန်ထူးဆန်း၊ သစ်ခွပန်းတို့၊ လန်းလန်း ဝေဝေ၊ မှုံဝတ်ရည်နှင့်၊ ရွှေတူငွေတူ၊ စမွေဖြူကော၊ မဥ္ဇူခိုင်ဆင့်၊ ညာစိန်းခေါ်တွင်၊ ဂေါ်သဇင်တို့၊ ပင်ပေါ်မြင့်မှာ၊ ရင့်သည်အင်ုံ၊ ပွင့်မကုန်ကော၊ ထုံကာထပ်လောင်း၊ အပေါင်းပုဏ္ဏမိန်၊ ခါတော်မှီကော၊ ရာသီပြောင်းလို့၊ ဆောင်းနှောင်း နွေဦး၊ ဆီပွလူးနှင့်၊ ပွင့်ဖူးခေါ်ညို၊ လက်တန်တိုနှင့်၊ လူဗိုလ်ခေါ်ဝေါ်၊ ပန်းတမျိုးကော၊ မိုယ်းတိမ်ပြာနှင့်၊ မာလာသရဖီ၊ ဇလပ်နီက၊ ကတ္တရီမြိုက်ကိုင်း၊ ပန်းမိုယ်းစွေတာ၊ ဒဝေမှိုင်းလို့၊ ပွင့်တိုင်းမလတ်၊ ဖူးပွင့်ထပ်လျက်၊ ခတ်ကာစုရုံး၊ မွှေးပန်းခိုင် မှာ၊ ချိုချိုသုံးကော၊ ပိတုန်းနှင့်ပျား၊ လိပ်ပြာများတို့၊ နားတုံပျံတုံ၊ ပန်းဝတ်မှုံမှာ၊ အာရုံခံစား၊ ပန်းမြိုင်လယ်လေ၊ ထိုသည်တောမှာ၊ မနောရွှင်ပျော်၊ ယခုဆိုကော၊ ထိုသုံးယောက်တို့၊ ရောက်လေပါကော၊ မွေ့လျှော်သောစိတ်၊ နှလုံးတည်းလေ။

မွေ့လျှော်မယေနှလုံး၊ မောင်မယ်ပျိုတို့၊ ရေချိုသုံးလို့၊ ရွှင်ပြုံးသာယာ၊ ပန်းမျိုးစုံတို့၊ ပွင့်ဗုံများကို၊ မြင်သောခါ၌၊ မောင်တော်ဘုရား၊ ထိုပန်းတန်လေ၊ ပွင့်ဟန်များကို၊ ပျိုချောတထူး၊ ပန်မည်ပြင်ကို၊ မမြင်ဘူး၍၊ ထူးဝိသေသ၊ ဆံကေသာ မှာ၊ ပန်ပါရအောင်၊ မောင်လှဘုန်းမော်၊ ဆွတ်ယူလှမ်းလို့၊ ပေးစမ်းပါဟု၊ သာယာချိုညောင်း၊ ဆင်တော်ရုံလေ၊ ပန်းမန်တောင်းကော၊ ငယ်ပေါင်းဘွားဘက်၊ ပင်ပေါ်ထက်မှာ၊ တက်ကာကိုင်းညွှတ်၊ ခိုင်ရွှေတူကို၊ ရွေးယူဆွတ်လို့၊ မြဝတ် ကေသာ၊ ဆံထုံးတွင်လေ၊ မြင်မငြီးအောင်၊ ဆင်ပြီးခါမှ၊ ညောင်းညာပန်းဖြေ၊ အမောပြေအောင်၊ နားနေတုံကြ၊ ထိုနေရာ က၊ တခါထလို့၊ ကန္တရမြိုင်၊ ပန်းဂနိုင်က၊ ပညာတော်လုံး ကြင်ရာစုံ၍၊ ရွှေဘုံပြန်ခန်း၊ နေပြည်တော်ကို၊ ရည်ရော်မှန်းလို့၊ လမ်းမှာသစ္စာ၊ နှံခြင်းရာက၊ မောင်တော်မင်းစစ်၊ နောင်တော်၌လျှင်၊ လိုက်သာလိုက်ရ၊ တထိပ်ထိပ်နှင့်၊ စိတ်မချပါ၊ အကြောင်းသော်က၊ မောင်တော်ဘုရား၊ မင်းယောကျ်ားမှာ၊ မယားမရှား၊ သားမရှားဘဲ၊ အများရှိရာ၊ တိုင်းပြည်ဘောင်ကို၊ ဆောင်ယူမြောက်လို့၊ ရောက်သောခါ၌၊ ဝန်းယာကုန်းတိုက်၊ နန်းတော်၌လျှင်၊ အပြစ်ရှာလတ်၊ လင်မကြင်ဘဲ၊ နှင်ကာလွှတ် ကော၊ သေမတတ်ရှက်၊ အသွားလွန်သော်၊ အပြန်ခက်မည်၊ သို့ဖြစ်ပေ၍၊ ယုံကြည်လောက်အောင် နန်းလုံးမောင်မှာ၊ နောင်မဖောက်ပြား၊ ချစ်ပါသော်က၊ သစ္စာထားပါ၊ ဆိုသောခါ၌၊ မသာန္တမ်းညိုး၊ လှနကေလေ၊ မယ်မစိုးနှင့်၊ ဆိုးလို့မပစ်၊ သန္ဓေသူလေ၊ ဖြူကတိုးကို၊ တိုးလို့ချစ်မည်၊ ဘိုးထိုက်ဘိုးတန်၊ မောင်သက်နှံ၏၊ မှန်ရာစကား၊ မယ်၏ထံမှာ၊ နှံကာထားမည်၊

ယွင်းမှာဖောက်ပြန်၊ နောက်တဘန်၌၊ မမှန်ချွတ်ယွင်း၊ မဟာဆီလေ၊ စေတီမင်းသို့၊ မြေခွင်းမျိုစေ၊ မြတ်စိန္တေမှာ၊ ကျိန်ရေကိုတိုက်၊ ကတို့ဆီလျှင်၊ မိုယ်းရီဖြစ်မှ၊ အချစ်ကိုမုန်း၊ မဒ္ဒီညာစံ၊ မဖီဆန်ကော၊ ဝေဿန်ထုံးကို၊ ပတ္တမြားကျောက်သံ၊ အရောင်ပျောက်၍၊ မတောက်လျှံဘဲ၊ ကောက်ဆန်စပါး၊ အစစ်ကြုံ၍၊ ဖြစ်တုံငြားမှ၊ ပျိုချောကိုသည်၊ ဤခန္ဓာလေ၊ မြေမှာတုံးမှ၊ မုန်းတော့မည်လေ၊ ယုံကြည်အားထား၊ တောကျောင်းသူမှာ၊ ဆံဖြူကျိုးမျှ၊ မစိုးငြားနှင့်၊ ကြိုးစားပြီးခါ၊ မောင်နေပျော်မည်၊ ပြည်တော်ဆိုက်အောင်၊ လိုက်ခဲ့ပါဟု၊ ခေါ်တော်မူက၊ တောမြိုင်ခွင်မှာ၊ မယ်လျှင်နွမ်းကော၊ ပင်ပန်းလှလျက်၊ ဝေးလှမြေတာ၊ တောခန့်ဝါကို၊ တခါရုံထူး၊ မယ်သက်ဝေမှာ၊ ခြေဘဝါးနှင့်၊ မသွားဘူးပါ၊ မောင့်ပြည်ရွာကို၊ ဘယ်ခါရောက်မည်၊ မေးတုံလေကော၊ နှမယ်ညိုမြ၊ မကြောင်းကြနှင့်၊ ဤကသွားမြောက်၊ ညောင်ညိုပင်ကို၊ ခိုဝင်ရောက်က၊ နားထောက်ပန်းဖြေ၊ ညောင်ညိုညိုမှာ၊ ရေချိုသုံးကော၊ အနုံဖြေမည်၊ ပြေတုံပေပေ၍၊ သွားလေတုံမြောက်၊ ဗုဒ္ဓဟေလေ၊ ရုက္ခေအောက်ကို၊ ရောက်လေသောခါ၊ မြကျောက်ဖျာ၌၊ သုံးဖော်ကျွန်ရှာ၊ ပြောတိုင်ပင်၍၊ ခိုဝင်တန့်ရပ်တော်မူ၏လေ။

ဖဆဖဆဖဆ

## ပန်းပေါင်းဝတီသနွှေသူသည်၊ လူမင်းသားကိုပစ်၍၊ တောမျောက်ကို၊ ကြိုက်ချစ်ပြီးလျှင်၊ သဖန်းပင်ထက်သို့ တက်၍လိုက်စန်း။

ခိုဝင်မယေတန့်ရပ်၊ စခန်းသတ်၍၊ ဝမ်းမှတ်စိတ်ဝယ်၊ နောက်တော်ပါကော၊ ဘော်တပါးကို၊ ပြောလတ်တေက၊ ဤသည်စခန်း၊ ညောင်ညိုလမ်းမှာ၊ နန်းသူဒေဝီ၊ သီကရီကော၊ ချီကာလှမ်းလို့၊ ပန်းခဲ့ပြီကြောင့်၊ ဤသည်ကျောက်ဖျာ၊ ထက်အပေါ်မှာ၊ တက်ကာနှစ်ဦး၊ စက်တော်ခေါ်ကော၊ ပျော်ကာကျူးမည်၊ သို့ဖြစ်ပေ၍၊ အန္တရာယ်ဘေးကျမ်း၊ ဤစခန်း၌၊ မှဲ့သန်းညှိုးပိန်၊သတို့စိန်တို့၊ စိုးရိမ်စရာ၊ ရှိပါသလား၊ တိုင်ပင်တော်လေ၊ မူပါငြားက၊ စဉ်းစားဆင်ခြင်၊ ကြည့်လိုက်ကျင်သော်၊ အကြင်ဝန၊ ဟူသမျှ၌၊ ဂန္ဓရလေးပါး၊ အရေးများတွင်၊ သားငါးပုတ်ဟောင်၊ အကောင်လှီးဖျက်၊ သွီးစက်စက်နှင့်၊ မြိုင်နက်ကန္တာ၊ မဟုတ်ပါကော၊ သူတော်သူကောင်း၊ နေပျော်ရာကော၊ ဝိဟာကျောင်းလည်း၊ အဟောင်းအသစ်၊ တဘက်မြောင်စီ၊ နှစ်ဆောင်စိုက်လျက်၊ မှိုင်းမိုက်ညိုလွင်၊ ဤညောင်ပင်လည်း၊ ခိုဝင်သာလှ၊ ဤစခန်းလျှင်၊ လမ်းလည်းကျလျက်၊ စိတ်ကညှိုးပိန်၊ စိုးရိမ်စရာ၊ စုံတစိမျှ၊ မရှိပါဟု၊ လျှောက်တော်မူဘိ၊ ရသေ့ကျော်တို့၊ ကျောင်းတော်ရှိ၍၊ သိသိသာသာ၊ မြတ်သူတော်တို့၊ ကျောင်းမှာပကတိ၊ ရှိမရှိကို၊ သိသာရစေ၊ ရှုကြည့်ချေဟု၊ စေလေသောခါ၊ သစ်သီးရှာလျှင်၊ သွားပါတော့သည်၊ စုံတစိမျှ မရှိချေဟု၊ လျှောက်လေသောခါ၊ နှမတော်နှင့်၊ ကျောက်ဖျာအထက်၊ အမောဖြေကာ၊ ငါကိုယ်တော်လျှင်၊ ပျော်ကာစက်မည်၊ သက်တော်စောင့်စေ၊ ဆိုတုံပေ၍၊ လက်စွဲကျွန်တို့၊ အလွန်မနီး၊ ခရီးဝေးစွာ၊ လာခြင်းရာကြောင့်၊ ညောင်းညာမောပန်း၊ ညောင်ရိပ်ချမ်း၌၊ စခန်းခိုတွယ်၊ ကျောက်ဖျာထက်၌၊ လျောင်းစက်လေကော၊ လေပြေလေညင်း၊ သုတ်ဖြူးခြင်းကြောင့်၊ ပျော်ခြင်းမက၊ စိတ်သာယာနှင့်၊ အိပ်ပျော်ကြကော၊ တာပသထေရ်၊ ပြုလုပ်နေသည်၊ ဇော်တေစစ်သူကြီး၊ တောခရီးက၊ သစ်သီးဘွေရှာ၊ ကျောင်းသခ်မ်းသို့၊ ပြန်လှမ်းလာကော၊ သုံးဘော်တူကွ၊ မယားနှင့်လင်၊ ကျွန်အရှင်တို့၊ ညောင်ပင်ရိပ်မျှာ၊ အိပ်ပျော်ကြ၍၊ တာပသမည်၊ ရသေ့ထေရ်ကို၊ မြင်လေသောခါ၊ ပြောကြရာက၊ ဘယ်ရွာဘယ်ပြည်၊ ဘယ်ဌာနေက၊ လာသည်ကိစ္စ၊ မသိရကော၊ မိန်းမပါလာ၊ မူအရာမှာ၊ ရူပဝဏ္ဏ၊ အလွန်လှလျက်၊ မူလဇာတိ၊ မသင့်လျှော်ကော၊ ကျင့်ဇာရိကို၊ သိရအောင်သည်၊ ရိပ်ခြေမျှကို၊ ကြည့်ကြမည်ဟု၊ နေလေသောခါ၊ မျှားမကြာတွင်၊ စဉ်လာရှေးက၊ ရာမလက်ထက်၊ ထိုအဆက်၌၊ အမြွက်အတိတ်၊ စကားရိပ်ဖြင့်၊ ငသုကြိတ်မည်၊ မြောက်သာကီ၏၊ ဗာလီအမျိုး၊ တန်းခိုးရှိငြား၊ ထိုတောမြိုင်လေ၊ လှိုင်ခြေအောက်မှာ၊ မျောက်မင်းသားလျှင်၊ ကျက်စားမြူးပျော်၊ လှည့်လည်လာကော၊ မဟာရုက္ခေ၊ ဗုဒ္ဓဟေတွင်၊ စိန်းညိုလွင်ကော၊ ညောင်ပင်အနီး၊ သဖန်းတွင်ကော၊ ပင်ပေါ်ကြီးက၊ သွီးမောင်နှံ၊ အိတ်ပျော်ဟန်ကို၊ ကြိုက်နှစ်သက်၍၊ လှမ်းလျက်ဆွတ်ပြီး၊ သဖန်းသီးမှည့်၊ တလုံးဖွဲ့လျက်၊ ဇီတော့ရွှေကာ၊ ပစ်လိုက်ပါသော်၊ ကိုယ်ပေါ်မှာကျ၊ မယ်သက်ဝေလေ၊ နိုးလေကဖြင့်၊ မျက်ဝထင်ထင်၊ ပါးပျိုက်ပျောင်လေ၊ နှာရောင်ကောက်နှင့်၊ မျောက်ကိုမြင်သော်၊ နှင်နှင်ကရ၊ လူမိန်းမကို၊ ငဆမျောက်အို၊ အလိုလိုလေ၊ မယ့်ကိုဘာကြောင့်၊ စမ်းသလည်းလေ၊ မေးကာလည်းဆို၊ ထိုမျော့်အိုက၊ ပင်ပျိုမှည့်ပြီး၊ သဖန်းသီးကို၊ အကြီးတလုံး၊ စားသုံးစရာ၊ လှမ်းကာညွှတ်ကော၊ ဆွတ်ပြီးခါမှ၊ ဂါထာစီမံ၊ မျောက်မန္တာန်ဖြင့်၊ ဉုံခံပြီးတွယ်၊ မယ့်ထံခွင်လေ၊ မြေတွင်ကျအောင်၊ မန်းချရေလေ။

မန်းကာချကော၊ ငဆမျောက်အို၊ မယ်အပျိုကို၊ အလိုဇာဖြစ်၊ စမ်းသလည်းလေ၊ ဤသို့နည်းဖြင့်၊ လေးကြိမ်မရောက်၊ သုံးကြိမ်မြောက်လျှင်၊ မျောက်၏မျက်ချစ်၊ ဆင်သည်ဖြစ်၍၊ နောက်၌ပေးကမ်း၊ သီးသဖန်းကို၊

လှမ်းကာကောက်ငြား၊ တလုံးကိုလေ၊ သုံးမျိုးစာက၊ စိတ်ထားစိတ်နေ၊ မတည်ကြည်ကေ၊ ကလေဝါရ၊ မျောက်လုင်နှင့်၊ ပြုပျင်လှ၍၊ ဥဒုမ္ဗရခေါ်တွင်၊ သဖန်းပင်ကို၊ မယ်လျှင်ကြည့်ကာ၊ လက်နှင့်ယပ်လို့၊ သက်လတ်ခေါ်ကေ၊ မလာကာလ၊ ဣတ္ထိယကေ၊ မိန်းမမတန်၊ ယောကျ်ားဟန်သို့၊ ကြံကာတတ်မြောက်၊ အထက်ရောက်က၊ နှစ်ယောက်လူးကာ၊ မမြူးသာလို့၊ မဟာရက္ခေ၊ ဗုဒ္ဓဟေထွင်၊ ညောင်ပင်ကြီးသို့၊ ကူးပြီးကျင်မှ၊ လင်နှင့်မယား၊ အကြင်သူလေ၊ ရှင်လူများသို့၊ နှစ်ပါးမြူးကာ၊ လူမိန်းမလျှင်၊ မျောက်နှင့်ပျော်လို့၊ မွေ့လျော်ပြီးငြား၊ တယောက်ဆန့်သာ၊ ညောင်ခေါင်းမှာလေ၊ သွင်းကာထားက၊ ကြောင်းလျားစုံလင်၊ မကောင်းမှုလျှင်၊ ပြုပျင်အင်ကို၊ ရှင်ရသေ့ကျော်၊ တူနှစ်ပါးလျှင်၊ မြင်သောခါ၌၊ များစွာစက်ဆုတ်၊ လူမလောက်ကေ၊ မျောက်နှင့်ယုတ်လို့၊ သရုတ်လက္ခဏာ၊ နောက်ခြင်းရာကို၊ ကြည့်ပါကြမည်၊ နေတုံလေကေ၊ ထိုသည်ကာလ၊ နေမှိန်မှိန်လေ၊ အချိန်ကျက၊ ဒုဿန္တကုမ္ဘာ၊ နိုးသောခါ၌၊ ရှုမျှော်ကြည့်ကျင်၊ အပါးတွင်၌၊ မမြင်တုံငြား၊ ငယ်ကျွမ်းဝင်လေ၊ ကြင်မယားကြောင့်၊ ဘွားဘက်ငယ်ကျွန်၊ ညောင်ပင်အောက်တွင်၊ ဟောက်ကာမွန်လို့၊ အလွန်အိပ်ပျော်၊ နှိုးပြီးကာမှ၊ ကြင်ရာတော်လှ၊ သင့်ထိပ်တင်လေ၊ သခင်မနှင့်၊ တူကွနှစ်ဘော်၊ ကျောက်ဖျာထက်မှာ၊ စက်တော်ခေါ်ကေ၊ နိုးသော်ကာလ၊ ကြင်ရာတော်ကို၊ ရှာမရကေ၊ ခက်လှတော့သည်၊ သို့ဖြစ်ပေ၍၊ ရိပ်ခြေဇာတိ၊ သင်တဘန်လေ၊ မှန်မသိလော၊ မေးလေငြားသော်၊ အပြောရခက်၊ ကြင်ရာတော်လေ၊ ညာပန်းခက်လျှင်၊ ကိုယ်လက်သုတ်သင်၊ တောသို့ဝင်ဟု၊ ထင်ပါတော့သည်၊ သို့ဖြစ်ပေ၍၊ ရှာဘွေစေ့ငေ၊ တကျော်ကျော်နှင့်၊ ခေါ်ဝေါ်ကြလို့၊ ထိုမှဤမှာ၊ လှည့်လည်ကာဖြင့်၊ ဘယ်မှာမရ၊ တောရိပ်မြိုင်တွင်၊ ခိုင်ဂမုံးကို၊ အဆုံးချလို့၊ စီးကျမျက်ရည်၊ စောမင်းပျိုလျှင်၊ ထိုအခစ်မှာ၊ ငိုလိုက်တေက၊ နန်းနွယ်နန်းဘွား၊ ဥပရာလေ၊ ငါမင်းသားမှာ၊ မယားဟူက၊ သာမညကေ၊ မိန်းမကညာ၊ ဧကဝုတ်ကေ၊ မဟုတ်ပါလေ၊ စကဝါပန်းလယ်၊ သန္ဓေတည်ကေ၊ နတ်နွယ်တမျှ၊ နတ်မိန်းမနှင့်၊ ရူပနိကေ၊ လှရာဝယ်၌၊ သာမည်မထင်၊ လူ့ပြည်တွင်ဝယ်၊ အကြင်မိန်းမ၊ လှချင်လှသည်၊ ငါ့ကြင်ရာတော်၊ သူကိုနှုန်းက၊ ရှုံးရပါမည်။ မနော်ဟရီ၊ နတ်ဒေဝီလည်း၊ မှီမည်မထင်၊ သူ့အသွင်က၊ ဆင်ရံမလို့၊ လှပြုန့်ချိုကေ၊ နဂိုရ်မှန်စွာ၊ ကိုယ်ခန္ဓာမှာ၊ စကဝါပန်းငုံ၊ မွှေးပျံ့ထုံသို့၊ အာရုံရမ္မဏ၊ တက်မက်လှအောင်၊ မိန်းမဓမ္မတာ၊ နတ်ကညာသို့၊ ရပါတုံလျက်၊ ရှေးကဘန်ကေ၊ ကံဝိပါက်ကြောင့်၊ ဖြစ်ချက်မကောင်း၊ နှစ်လတာလေ၊ မြင့်ကြာညောင်းအောင်၊ မပေါင်းလိုက်ရ၊ ငါမင်းကျော်မှာ၊ ကံတော်ညှိုးကေ၊ ဆိုးလေစွဟု၊ ဟိန်းချငိုတော်မူ၏ တည်းလေ။ ။

ဖဆာဖဆာဖဆာ

## မျောက်မင်းသားကို၊ မြှားနှင့်တင်၍၊ စီရင်သတ်ဖြတ်ပြီးလျှင်၊ မီးနှင့်သင်္ဂြိုဟ်ရာ၊ ထိုမင်းသွီးသည်၊ မီးပုံတွင်းကို၊ စုန်ဆင်း၍လိုက်စန်း။

ဟိန်းချမယေငိုသော်၊ ထိုအခါ၌၊ နောက်ပါခြွေရံ၊ အစေခံက၊ ဝေဘန်ထောက်ထား၊ လျှောက်စကားမှာ၊ ပျောက်ငြားဇက်၊ တကယ်မှန်မူ၊ ရွှေဥဇာစဉ်းစား၊ ကျွန့်ထိပ်ထားကို၊ သစ်ကျားခြသေ့၊ မြိုင်တောငူသို့၊ ဆောင်ယူခဲ့လည်း၊ ကျွေးကြော်ငိုသံ၊ ကျွန်တို့နားမှာ၊ ကြားသင့်ဟန်လျက်၊ ဇက်ထင်ရှား၊ အိပ်ပျော်ဟန်ကြောင့်၊ မှံမကြားက၊ သွေးသားနဲငယ်၊ တွေ့သင့်ပေ၏၊ အစွယ်ပြူးပြူး၊ သားစားကြူးသည်၊ ဘီလူးသဘက်၊ ဆောင်ယူပါလည်း၊ ဟောကြော်သင့်လျက်၊ ထော်ချင့်လိုက်လျှင်၊ သူ့သခင်လေ၊ ရှင်ရသေ့ထံ၊ သွားမည်ရေးလည်း၊ ခဲယဉ်းဟံကြောင့်၊ ပြန်ရန်မသင့်၊ အတန်တန်ကို၊ ဉာဏ်နှင့်ချင့်က၊ လူနှင်မနီး၊ စုံရိပ်မြိုင်လေ၊ ဂနိုင်ကြီးမှာ၊ ဘမ်းဆီးမှောင့်တတ်၊ နေစောင့်ကြပ်ကေ၊ စုန်းနတ်ကဝေ၊ တစ္ဆေမှင်စာ၊ ဖုတ်ပြိတ္တာနှင့်၊ ဥပါသံဘက်၊ ဘမ်းဆီးယူဆောင်၊ ဤတောတောင်မှာ၊ မျှောင်ကာဝှက်လည်း၊ နှစ်သက်အစာ၊ ဖုတ်ကလှာနှင့်၊ စကောစာကျွေး၊ ခေါ်စာပေးမည်၊ အေးအေးသာသာ၊ လှဝဒီလေ၊ ဒေဝီနတ်ကို၊ လွှတ်လိုက်ပါဟု၊ ပန်ထွာရိုကျိုး၊ ပညောင်ပင်ကို၊ ရှိလျှင်ခိုးလို့၊ ယိုးမိယိုးရာ၊ ကိုးမိကိုးရာ၊ ကိုးတုံပါကေ၊ ရာဇာမင်းသား၊ ငယ်ကျွန်ဆိုကေ၊ ထိုစကားကို၊ သဘောမကျ၊ အားမရလည်း၊ လောကဓံတရား၊ ကြိုက်ကြိန်ငြား၍၊ မိမောသေသတ်၊ ရသေ့ပုံမှာ၊ စျာန်လတ်လွတ်ယောင်၊ မတတ်ကြံကာ၊ ကြင်ရာတော်ကို၊ မျှော်ကာတန်းကေ၊ လွမ်းခြင်းရာက၊ ဖာန်ဘီလာတောင်၊ ရွှေကျောင်းဆောင်တွင်၊ မယ်မောင်တူကွ၊ ရှေးဦးစွာလေ၊ တွေ့ပါကြက၊ ရူပရုပ်သွင်၊ မျက်နှာပြင်ကို၊ မမြင်ကြငြား၊ တူမောင်နှံတို့၊ အသံကြားနှင့်၊ သနားစုံမက်၊ တဦးမေတ္တာ၊ တဦးမှာလေ၊ ချိပ်ကာဆက်လို့၊ နေ့ရက်များမြောင်၊ ရုပ်ရူပကို၊ မြင်ရအောင်ဟု၊ ကြံဆောင်ရည်စူး၊ အထူးထူးဖြင့်၊ ဖူးစာနှစ်ခိုင်၊ မပြိုင်ရဘဲ၊ တူနှစ်ဖြာလေ၊ မေတ္တာရစ်ကေ၊ အချစ်စွဲလို့၊ မြင့်မြဲရှည်ကြာ၊ သုံးနှစ်ကျော်မှ၊

ဆရာရသေ့၊ တူမောင်မယ်ကို၊ ဂဟေစပ်ကော၊ လက်ထပ်ပေးလို့၊ စွဲသည်မေတ္တာ၊ တသက်လျှာမှာ၊ သစ္စာမြဲကော၊ မခွဲပါဟု၊ သုံးခါအာမ၊ ဆရာထံမှာ၊ ခံခဲ့ရလို့၊ တူကွမောင်နှံ၊ ပြည်တော်ပြန်ကော၊ ဟန်ပန်ရရ၊ အင်ပြည့်စုံ၍၊ ရွှေဘုံနန်းကို၊ လှမ်းခဲ့ကြက၊ ဌာနမရောက်၊ နားခိုဝင်ကော၊ ညောင်ပင်အောက်မှာ၊ ပျောက်ခြင်းမလှ၊ မြစ်ပင်လယ်မှာ၊ ဆားလှေမှောက်ယောင်၊ ပျောက်လေရလို့၊ ထော်ဆလိုက်လျှင်၊ ဤတောခွင်မှာ၊ ဆင်ပြောင်သစ်ကျား၊ လိုက်မမှီအောင်၊ ကိုက်ချီသွားလည်း၊ သွေးသွားခြေရာ၊ စုံတစိမျှ၊ တွိသင့်ပါလျက်၊ ယက္ခစွယ်ပြူး၊ သားစားကြူးသည်၊ ဘီလူးမိစ္ဆာ၊ ဘမ်းစားပါလည်း၊ ဟိုက်အော်ကြော်ဟဲ၊ သွေးရဲရဲနှင့်၊ မကွဲမကွာ၊ ငါတမူလေ၊ နန်းသူမိကို၊ သိသင့်ပါလျက်၊ ဝိဇ္ဇာဇော်ဂျီ၊ တာပသီတို့၊ ဆောင်လီသည်ပင်၊ ခုဒိဋ္ဌကော၊ စိတ်ကထင်ရေ၊ ဘခင်နေရာ၊ ကျောင်းတော်သာသို့၊ ပြန်ကာမသွား၊ သွားချင်ပြန်သည်၊ မှန်မသိကော၊ မိန်းမသားလျှင်၊ တောအဆောင်ဆောင်၊ စမ်းကျမြောင်နှင့်၊ တောင်အထပ်ထပ်၊ ကျောင်းဝိဟာကို၊ ပြန်ကာခေါက်လို့၊ မရောက်တတ်၍၊ မြတ်ရသေ့ကျော်၊ ထံတော်သာ၌၊ မျက်နှာပြချက်၊ ပန်းပေါင်းဝတီ၊ ကြောင်းစုံစီလေ၊ ဤစကားကို၊ အပြောခက်လို့၊ အထက်နေရာ၊ ကျောင်းတော်သာသို့၊ ငါလျှင်မသွား၊ တခြားထိုမှ၊ ပြန်တော်ပြန်လည်း၊ ဟန်မရ၍၊ မွေးဘွားနိုင်ငံ၊ ငါမပြန်ဟု၊ ဘန်ဘန်ငိုကြွေး၊ သနွေသူလေ၊ အမူချောသည်၊ မယားရေးကြောင့်၊ ပူပွဲကြုံတော်မူသိရေလေ။

ပူပွဲမယေကြုံကော၊ ရဂုံစခန်း၊ မြရိပ်ဆောင်ကော၊ ညောင်ညိုလမ်းမှာ၊ အပန်းတကြီး၊ ဆိုငိုညီးလို့၊ ဇနီးကြင်သူ၊ မယားပူကို၊ ကူကာပန့်ထောက်၊ ဘွားဘက်ကျော်က၊ နားတော်လျှောက်လို့၊ တယောက်မယား၊ ပျောက်မငြားလို့၊ တရားလက်လွတ်၊ စောဘုန်းမိုမှာ၊ မငိုအပ်ပါ၊ နီးစပ်မကွာ၊ ရသေ့ကျော်တို့၊ ထောက်မျှော်နှိုင်းညို၊ ခုတဘန်လေ၊ ရောက်ဟန်ရှိလို့၊ ယုံကြည်အားရ၊ သဘောကျလို့၊ တူကွမကွာ၊ သွားလေပါ၍၊ သမ္မာစာရ၊ တာပသဟု၊ သီလဘာဝဏာ၊ ညီမျှကာဖြင့်၊ တော်မှာပျော်မွေ့၊ ထေရ်သခင်ကော၊ ရှင်ရသေ့လေ၊ တပည့်တော်မှာ၊ ကျောင်းတော်တွင်းက၊ ဆောင်ကျင်းလာသည်၊ ကြင်ရာတယောက်၊ သစ်ရိပ်ချိုနှင့်၊ ညောင်ညိုအောက်က၊ ပျောက်ခြင်းမလှ၊ စက်ပျော်ရာတွင်၊ ပျောက်ပါခ၍၊ မရဘွေ့ရှာ၊ သို့တွက်တာကြောင့်၊ ဆရာအရှင်၊ တွက်ဆင်ခြင်လို့၊ ဗေဒင်ပညာ၊ ထောက်မျှော်မှန်းကော၊ ဟောစမ်းပါဟု၊ သိသာကြောင်းရေး၊ မင်းလုင်မှာ၊ ဗေဒင်မေးကော၊ ရသေ့ဇော်ဂျီ၊ တာပသီက၊ လောကီဗေဒင်၊ ဆိုရာတွင်၌၊ အကြင်သောသူ၊ လူမလိမ္မာ၊ ယုံကြည်ကာဖြင့်၊ ပညာရှိများ၊ ကြံဆင်ခြင်သော၊ ဗေဒင်မျိုးကို၊ မကိုးကား၍၊ အဟောဗေဒင်၊ ထိုကြောင်းလမ်းကို၊ မကျွမ်းကျင်ကော၊ အသင်မင်းသား၊ ထင်အရှားလျှင်၊ မယားမိန်းမ၊ ဣတ္ထိယကို၊ စိတ်ကမက်မော၊ သင်တဘန်လေ၊ အလွန်မှားလို့၊ မယားမိန်းမ၊ သင့်ကိုမကြင်၊ မမြင်ချင်ကော၊ လင်သစ်ရလို့၊ စိမ်းမြညိုလွင်၊ ထိုညောင်ပင်မှာ၊ ခိုဝင်ပကတိ၊ ယခုရှိ၏၊ မြင်သိအောင်သည်၊ ပတ်ကာလှည့်ကော၊ ကြည့်ကြချေဟု၊ ဆိုလေကာတုံ၊ ရှင်မင်းသားမှာ၊ များမယုံလည်း၊ တူစုံမကွာ၊ လက်စွဲတော်နှင့်၊ ပြန်လာပြီးမှ၊ ထိုညောင်ပင်ကို၊ ခိုဝင်လှည့်ကော၊ ကြည့်ကာလ၌၊ ရုက္ခညောင်ညို၊ ထက်မှာခိုလို၊ မျောက်ညိုသာမြင်၊ ထိုညောင်ခေါင်းမှာ၊ ခိုအောင်းဝင်လို့၊ မမြင်မယ်ကို၊ မောင်ဘုန်းမိုက၊ ညာပျိုတမိ၊ ငါ့ကြင်ရာတော်၊ ညောင်ပင်ပေါ်တွင်၊ ဘယ်မှာရှိမည်၊ ဆိုတုံပေလည်း၊ ထိုသည်အခါ၊ ငယ်ကျွန်တော်လျှင်၊ ဘယ်ညာပတ်ကျင်၊ ညောင်ပင်ထက်သို့၊ တက်မည်ပျင်သော်၊ ယခင်ထိုမျောက်၊ သွားကိုဖြေးကာ၊ ခစ်ရန်ရှာလျက်၊ ဖြေးကာခြောက်က၊ ထိုမျောက်ညိုပင်၊ ရှင်မ လင်တည်း၊ သခင်မင်းလှ၊ လေးစန္ဒာနှင့်၊ နှံကာလွှတ်ကော၊ သတ်ပါတော့ဟု၊ သံမြသံချို၊ လျှောက်တင်ဆိုကော၊ ဘုန်းမိုးလုင်၊ ထိုသည်မျောက်ကို၊ ခြောက်မည်ပျင်လို့၊ လေးတင်သောခါ၊ ညောင်ခေါင်းတွင်းက၊ ကမြင်း မလျှင်၊ လျှင်ဆွလာ၍၊ ကြင်ရာကိုလွှတ်၊ သတ်ချင်လိုသော်၊ ငါကိုသတ်ဟု၊ ဆိုလတ်ပြီးခါ၊ ခြိုရင်ကာသို့၊ သူ့မှာသျှောက်လျှင်၊ မျောက်ကိုပင်လေ၊ ကိုင်ငင်ဘက်ပြန်၊ ရှေးကခံကေး၊ နန်းရံလုလင်၊ ထိုကြောင်းအင်ကို၊ မြင်လေပြီးမှ၊ ငယ်ကျွမ်းဝင်ကော၊ ကြင်မယားကို၊ အံ့သြောကျလျက်၊ ငါထက်အပြင်၊ မျောက်ကိုပင်လေ၊ ကြင်ကာဘဲ့နှယ်၊ ကာမဂုဏ်မှာ၊ အာရုဏ်ရစ်ကော၊ ချစ်လီရေလေ။

ချစ်လီရေလေ၊ မဖွေမရာ၊ လူကိုမလောက်၊ ခိုးသည်လျှောက်မှာ၊ မျောက်နှင့်သာလျှင်၊ မလျှော်အမူ၊ ကာမေသုကို၊ ပြုကာကျင့်ဘိ၊ မင်းသားလုင်၊ ပညောင်ပင်မှာ၊ မျက်မြင်တွိလည်း၊ ပီတိနှိုက်ချစ်၊ ရိုးကပင်လေ၊ ခြင်ဆီခိုက်မျှ၊ ချစ်စိတ်မပျောက်၊ ဒေါသမာန်လေ၊ မှန်မရောက်ဘဲ၊ မျောက်ကိုဘက်ကာ၊ နေခြင်းရာကို၊ မြင်သောတဘန်၊ မယ်ချစ်လင်မှာ၊ ကြင်မယားကို၊ ပြောလတ်ဟံက၊ မောင်နှံတူကွ၊ စက်တော်ခေါ်လို့၊ မွေ့လျှော်ကြကော၊ အလှသက်ဝေ၊ ပျောက်သွားလေ၍၊ ရှာဘွယ်မရ၊ မောင်မှာမူလေ၊ ပူဒုက္ခနှင့်၊ မိန်းမကြက်သရေ၊ ရှက်ကြောက်ဘွေ့ကို၊ တကယ်မထောက်၊ မျိုးမတူလေ၊ သူကမျောက်ကို၊ လျှောက်ထားလျှောက်လင်၊ ပြုလုပ်ကျင်လျက်၊ ညောင်ပင်ထက်ဝယ်၊ မျောက်ကိုဘက်လျက်၊ တက်လို့နေကော၊ တော်ပေသလား၊ မောင်တမူက၊ လူမင်းသားလေ၊ သွားလည်းသွားကြဲ၊ ပဇပြဲနှင့်၊ ပါးလည်းပျိုက်ပျောင်၊ နက်ခြောက်မြောင်သို့၊ မျက်ချောင်စောက်စောက်၊ နှစ်ရောင်ကောက်နှင့်၊ ကြောက်ဘွယ်စရာ၊ ဤသည်မျောက်ကို၊

မကြောက်ပါဘဲ၊ ထက်ကာဘက်တွယ်၊ မယ်လျှင်နေသည်၊ အခြေမလှ၊ ရှင်လူတကာ၊ မြင်သောခါ၌၊ တောမှာမျောက်နှင့်၊ လျှောက်ခိုးမဟု၊ ပြောကြလိမ့်မည်၊ သို့ဖြစ်သည်ကြောင့်၊ ရွှေပြည်အောင်ချာ၊ ယခုခါ၌၊ သွားပါရအောင်၊ ပင်ပညောင်က၊ ကိုယ်ရောင်ဝင်းပ၊ မငြင်းသာကေ၊ ဆင်းပါတော့ဟု၊ တာဝတိယံ၊ ခါသုံးတန်လျှင်၊ ကြိမ်ဖန်ထပ်ကာ၊ မိမိမမ၊ တတော့တော့နှင့်၊ ချော့မော့ခေါ်သော်၊ ခေါင်းသာလှုပ်ပြ၊ မျောက်ကိုဘက်ကာ၊ ပင်ထက်ပေါ်က၊ ခေါ်မရကေ၊ တူကွဘက်နေ၊ ယခုတွင်၌၊ သူ့လင်သျှောက်ဟု၊ မျောက်မသေသော်၊ ဘဲ့နှယ်ပင်ခေါ်၊ ဘုန်းကိုယ်တော်လျှင်၊ ရမှာမုတ်ချ၊ မဟုတ်လှပါ၊ ဗန္ဓရမျောက်၊ သက်ခန္ဓာကို၊ ဖျက်ကာဖျောက်မှ၊ တယောက်ကြင်ရာ၊ သူ့ကိုခေါ်လို့၊ ရပါလိမ့်မည်၊ လျှောက်တုံလေကော၊ ဆောင်လွယ်ယူငင်၊ လေးကိုတင်၍၊ စီရင်တော့မည်၊ ရော်တုံလေကော၊ ထိုသည်ခါတွင်၊ မျောက်မယားမှာ၊ ပြောခြင်းအင်က၊ မယ့်လင်ကိုလွှတ်၊ သတ်ချင်လိုကေ၊ ငါ့ကိုသတ်ဟု၊ ပတ်ကာလည့်ကား ရင်ခွင်ပေါ်၌၊ တင်ကာဖက်တွယ်၊ ထိုသည်မျောက်နှင့်၊ မျောက်လို့နေကော၊ ပစ်မည်ဟူက၊ မျောက်ခန္ဓာကို၊ ရှာမရအောင်၊ မင်းလှလုင်၊ လေးကိုတင်၍၊ ဝန်းကျင်ပတ်လာ၊ အချက်ရှာသော်၊ ဘယ်မှာမရ၊ မယ့်ခန္ဓာမှာ၊ လွဲကာမှားကော၊ မြှားတသွားလျှင်၊ ထိုအပေါက်က၊ မျောက်ကိုမြင်ကော၊ ဘဲ့နှယ်ပင်ဖြစ်၊ လေးစန္ဒာကို၊ ငင်ကာပစ်က၊ မျောက်မိုက်ထံမှာ၊ မှန်လေပါကော၊ နှစ်ဖြာတူကွ၊ မြေကမ္ဘာမှာ၊ ခွေကာကျကော၊ မိုက်လှမျောက်သည်၊ မယ်သက်ဝေက၊ နာသည်မမှတ်၊ ရွှေရင်အုံကို၊ လက်စုံခတ်လို့၊ ဖြတ်ဖြတ်လူးယား၊ မယ့်ခန္ဓာလေ၊ သေပါအသက်၊ ထွက်ပါယခု၊ ဘယ်အမှုကြောင့်၊ သေလုနှိပ်စက်၊ မယ့်ကြင်ရာ၏၊ ခန္ဓာသက်ကို၊ ရက်ရောကွတ်ညှပ်၊ ဇီဝိန်ဖြတ်လို့၊ သတ်လေသနည်း၊ အသည်းအူက၊ ပူလို့ဆွေးကော၊ ငိုကျွေးလေတော်မူ၏တည်းလေးလေ။ ။

ကျွေးကာငိုကော၊ အိုအိုဘုရား၊ သူဇာလင်ကော၊ ရှင်သိကြားနှင့်၊ နတ်များကယ်သော်၊ မသေပါရ၊ ဝတိန်ပိုင်လေ၊ ကိုယ်တိုင်မပါ၊ သတ္တဝါကို၊ ထောက်ညှာစီစစ်၊ ကျွန်ုပ်မလင်၊ တောမြိုင်ခွင်မှာ၊ မျော်ပင်ဖြစ်လည်း၊ အပြစ်ဆယ်ပါး၊ အမှားမရှိ၊ လူတို့ဝံကို၊ ဆံတစိမျှ၊ လက်ထိရည်စူး၊ တောဌာနီတွင်၊ ဤတသက်မှာ၊ မဖျက်ဘူးပါ၊ နှစ်ဦးချစ်ခင်၊ ပညောင်ပင်ဝယ်၊ ခိုဝင်နေဆဲ၊ ယခုမူ၌၊ ရန်သူခွဲလို့၊ မကွဲသင့်ပါ၊ မယ့်မှာသော်က၊ စကဝါပန်းထဲ၊ ပဋိသန္ဓေ၊ ငြိကာတွယ်ကော၊ တည်ကာစွဲလို့၊ မွေးဘွားအစ၊ ပဌမက၊ မိဘထင်ရှား၊ မရှိငြားဘဲ၊ သနားမြတ်လေး၊ မိဘခင်သို့၊ ရှင်ရသေ့လျှင်၊ ကျွေးမွေးသုတ်သင်၊ ပညာသင်ကော၊ အကြင်အခါ၊ လက်စွဲတော်လေ၊ ဘော်တယော်နှင့်၊ ရောက်ပေါက်လာကော၊ ဘရမာယောကျာ်း၊ ဤမင်းသားလျှင် သနားနှစ်ချစ်၊ မယ့်ကိုမြင်သော်၊ ကြင်မြတ်နိုးကော၊ နောက်ပိုးကြိုက်လို့၊ သုံးနှစ်ကျော်လျှင်၊ ပညာသင်လည်း၊ ဘဝင်မကျ၊ ထေရ်သခင်လေ၊ ရှင်ရသေ့ကော၊ မြတ်မွေးဘလျှင်၊ ရှေးကထုံးတည်း၊ တပည့်ကြီးဟု၊ သမီးနှင့်သား၊ လက်ထပ်ပါကော၊ ဆရာသမား၊ မိဘစကား၊ မပယ်သျှားသာ၊ သူ့ကိုလျှင်လေ၊ ကြင်မချစ်ဘဲ၊ လိုက်လို့လာကော၊ ဖူးစာဘက်ရှင်၊ ဤညောင်ပင်ဝယ်၊ ခိုဝင်နေခစ်၊ တွေ့ကာကြုံကော၊ တူစုံချစ်လို့၊ ထိုက်ရာမှာနား၊ လူနှင့်မျောက်သော်၊ အကြောင်းပါ၍၊ ပေါင်းဘော်ငြားလို့၊ လင်မယားစစ်၊ ထင်ရှားဖြစ်လျက်၊ နှစ်သက်သြစာ၊ ပျော်ရာနိဗ္ဗာန်၊ လောကခံတွင်၊ ထုံးစံစကား၊ သျှမ်းကြိုက်ငြားက နွားချောတော့သည်၊ ယခုခါမျှ၊ ငါမယ်လှမှာ၊ လင်ရသည်ဟု၊ မှတ်ရည်ပြီးခါ၊ တူပျော်ပျော်လေ၊ ပေါင်းဘော်နေခစ်၊ ယခုမူ၌၊ ရန်သူစစ်လျှင်၊ ပစ်ကာစွန့်လွှတ်၊ မယ်ချစ်လင်ကို၊ လေးတင်သတ်လို့၊ သက်ပြတ်ဇီဝေ၊ သေရလေကော၊ မနေရမူ၊ မယ့်ကြင်ရာကို၊ ခန္ဓာဖြတ်လို့၊ သတ်သောသူလည်း၊ အတူမမြဲ၊ သူ့မှာသော်လေ၊ ကြင်ဘော်ဝေးလို့၊ ကွဲပါစေလေ၊ မြစ်ပင်လယ်တွင်၊ မနေအပြင်း၊ ရေမှာဆင်းကော၊ ရေမင်းလင်းသျှူး ဘမ်းသွယ်ယူလို့၊ ရန်သူမိကျောင်း၊ ချောင်းပါစေလေ၊ အိမ်မှာနေကော၊ အန္တြာယ်ခပ်သိမ်း၊ ပြောင်ပြောင်ညီးသည်၊ လောင်မီးမိုးကြိုး၊ ချိုးပါလေစေ၊ တောကိုသွားလည်း၊ တောမှာနေသည်၊ သွားစွယ်ထက်ငြား၊ ခြင်္သေ့ကျားတို့၊ စားပါစေလေ၊ ပြင်ကိုသွားက၊ ငမ်းကျားမြွေနှင့်၊ မြွေပွေးမြွေဟောက်၊ ငန်းဝါပြောက်တို့၊ ပေါက်ပါလေစေ၊ အကြိမ်ကြိမ်လေ၊ ကျိန်စာပေးလို့၊ ဆဲကာနေကော၊ ထိုသည်အခါ၊ သူ့လင်ရင်းကော၊ ရှင်မင်းကျော်က၊ ကြင်နာနှစ်ချစ်၊ အသည်းမှာလေ၊ စွဲကာကြိုက်လို့၊ အပြစ်ကိုပင်၊ အကျိုးထင်ကော၊ သိမြင်တုံလျက်၊ မိန်းမပျက်ကို၊ အသက်အသွင်၊ သူ့စိတ်တွင်၌၊ လုင်မင်းလှ၊ နတ်နှယ်အတူ၊ သန္ဓေသူလေ၊ လူမိန်းမကို၊ ရခတတ်သည်၊ တိုင်းဌာနေမှာ၊ မျိုးဆွယ်မိဘ၊ ရှိသမျှကို၊ ပြသလိုချင်၊ ကြောင်းခြင်းအင်ကြောင့်၊ မျက်မြင်ဒိဋ္ဌ၊ မျောက်နှင့်မူလေ၊ တူတကွလျှင်၊ ရာဂသျှက်စပ်၊ လေးကိုငင်ကော၊ တင်ကာလွှတ်လို့၊ သတ်ကာလည်းပစ်၊ မိန်းမမိုက်က၊ အချစ်မပြေ၊ မျောက်သေကောင်ကို၊ မျှောင်ကာဘက်လို့၊ ဆဲလျက်နေလည်း၊ မပြေအာသာ၊ ရွှေပြည်တော်ကို၊ လိုက်ပါတော့ဟု၊ ချောမော့ခေါ်ရေ ။

ချော့မော့ခေါ်ကော၊ ရုပ်ဝါရူပ၊ မြင်မြင်သူလေ၊ ဟူသမျှဟု၊ ပုရိသမျက်ရှု၊ အသက်စုသို့၊ စက္ခုဝိညာ၊ ကျက်စားရာကော၊ စကဝါအဆင်း၊ အသားမှာလေ၊ ဝါဝါဝင်းလို့၊ အရင်းမူလ၊ သန္ဓေသူကော၊ လှရူပလေ၊ ဘဝရှေးဟောင်း၊ ဖူးစာဘန်ကော၊ ကံအကြောင်းကြောင့်၊ တောကျောင်းဝိဟာ၊ တိုက်တော်သာမှာ၊ နှစ်ဖြာတူကွ၊ ရုပ်ပိုင်ပြင်ကို၊ ရှုမြင်ကြက၊ ပီယမေတ္တာ၊

ထောင်ငါးရာထက်၊ ပိုကာလည်းများ၊ အချစ်တွေကို၊ မြစ်ရေကြောမှာ၊ မျှောတော့မည်လား၊ မူရာပိုကော၊ ညာပျိုချောလေ၊ နှစ်ပါးမိဘ၊ တည်ထောင်ချလို့၊ ရအပ်သည့်လတ်၊ လှသက်ဝေမှာ၊ မပယ်အပ်ပါ၊ ဇာတ်ချင်းလည်းတူ၊ မောင်နှင့်မူက၊ လူချင်းလည်းဟုတ်၊ နတ်မျိုးနွယ်လေ၊ သွန်းရွှေရုပ်နှင့်၊ အချုပ်မူလ၊ လူတရာလျှင်၊ အစကကောင်း၊ ခနပေါင်းလို့၊ အနှောင်းမတိုင်၊ မောင်နှင့်မယ်တို့၊ ဂဟေကူးလို့၊ ဖူးစာပြိုင်ကော၊ ဆုံးတိုင်မရောက်၊ ဤညောင်ပင်မှာ၊ ခိုဝင်ဆိုင်းကော၊ တပိုင်းလောက်တွင်၊ မျော်နှင့်ကလူ၊ ဇာတ်မတူကော၊ အမူကွဲပြား၊ ခပ်သိမ်းသူလေ၊ ရှင်သူနားမှာ၊ ကြားလို့မကောင်း၊ သို့အကြောင်းကြောင့်၊ ငယ်ပေါင်းကြင်ရာ၊ ရွှေပြည်တော်မှာ၊ ဘမရာရွှေညီ၊ မဟေသီဟု၊ ဒေဝီအထွတ်၊ သောင်းခြောက်ထောင်မှာ၊ အခေါင်ထွန်းအောင်၊ တောင်နန်းအပ်လို့၊ ပြတတ်ဝေယံ၊ မောင်းမပေါင်းတို့၊ ခညောင်းရံလို့၊ ပျော်စံရအောင်၊ ဤပညောင်က၊ စံဆောင်နဂရ၊ ရွှေပြည်တော်ကျေး၊ ယူဇနာလေ၊ ဘာမဝေးပါ၊ မြိုင်ကျေးဌာနီ၊ သီကရီလေ၊ ချီကာလည်းလှမ်း၊ တောကန္တာမှာ၊ မောကာပန်းကော၊ မောင်ထမ်းယူမည်၊ ပျိုလှနကော၊ နှမယ်တပါး၊ ပန်းပေါင်းမယ်လေ၊ ငယ်မယားကို၊ ချော့သောခါ၌၊ မနာမချို၊ မကြည်ညိုကော၊ ဆိုကာလည်းငြင်း၊ ကြားပြင်းသည်နေ၊ နားနှစ်ဘက်ကို၊ ပိတ်လျက်နေကော၊ နှမယ်ညိုမြ၊ တရက်မကွာ၊ တသက်လျှာကို၊ ပေါင်းပါတော့ဟု၊ ချိုမြသာယာ၊ ဆိုပြီးခါမျှ၊ မောင်သာမခွဲ၊ မယ်သက်လျှာလျှင်၊ ကွာကာဝေးအောင်၊ လွဲကာလည်းဖေ၊ ခွဲတော့မည်လား၊ မြိုင်ခြေတောဖျား၊ ပြည်နိုင်ငံကို၊ မောင်ပြန်သွားကော၊ အစာလည်းငတ်၊ ကျားသစ်ဆင်တို့၊ ကိုက်ငင်သတ်က၊ သက်ပြတ်ဇီဝေ၊ နှမတော်မှာ၊ ခန္ဓာဆုံးကော၊ တုံးရမည်ကြောင့်၊ နှမယ်လိုက်ပါ၊ တစာစာနှင့်၊ ခေါ်လေသောခါ၊ ဘရဝါကော၊ ပမာအလား၊ မယ့်ရန်သူကော၊ လူမင်းသားလေ၊ မယားဟူ၊ ကဏ္ဍတ္ထိယကော၊ မိန်းမသျှား၊ အရှိသားနှင့်၊ သူများကြင်ရာ၊ လိုချင်ပါ၍၊ မရာမအပ်၊ မယ့်ငယ်လင်ကို၊ လေးတင်သက်ကော၊ သကစ်ပြတ်ဇီဝေ၊ လင်လျှင်သေသော်၊ ကြွင်းလေတုံပြန်၊ ရုပ်အကျံကို၊ ကျေး-စွန်-ဋွင်းတ၊ မစားရအောင်၊ များလှစုပုံ၊ ထင်းမီးအုံလို့၊ အကုန်မကြွင်း၊ လူတို့ကိုလေ၊ သဂြိုဟ်ခြင်းသို့၊ မယွင်းမယို၊ ဖုတ်သဂြိုဟ်မှ၊ မယ်ပျိုစင်စစ်၊ မောင်ဌာနေကော၊ ရွှေပြည်ဆိုက်အောင်၊ လိုက်ပါတော့မည်၊ ဆိုတုံလေကော၊ ယုံကြည်စိတ်ချ၊ ဘွားဘက်တော်ကို၊ ခေါ်ပြီးမှလျှင်၊ ထိုမှဤမှ၊ ထင်းမီးရှာလို့၊ များစွာစုပုံ၊ ပြုပြီးတုံမှ၊ အဟုန်ပြင်းပြင်း၊ ကျံမကြွင်းအောင်၊ ထင်းမီးနှင့်တိုက်၊ ထိုမျောက်အကောင်၊ တပြောင်ပြောင်လေ၊ လောင်သည်ခစ်၌၊ လင်ချစ်ကောင်မ၊ စိတ်ပူဘန်ကော၊ ကြံကာဆလို့၊ လောကလူ့ပြည်၊ လူဖြစ်ပေတည်း၊ တာရှည်ခုမူ၊ အတူတကွ၊ ဤလူ့ပြည်မှာ၊ မနေရကော၊ ကာလမြင့်ရှည်၊ မယ်လျှင်နေလို့၊ အခြေမလှ၊ ချစ်သောသူနှင့်၊ တူတကွလျှင်၊ ဘဝတပါး၊ အကြောင်းပါသော်၊ ပေါင်းဘော်ငြားတို့၊ ပြောင်သွားပါစေ၊ သို့ဖြစ်ပေ၍၊ မနေစင်စစ်၊ ရှည်မကြာခင်၊ သေကာလိုက်မည်၊ စိတ်မှတ်ရည်၍၊ မညှာမတွေ၊ ခုံးဆင်းသေကော၊ ထိုသည်အခါ၊ လင်မင်းသားနှင့်၊ ဘွားဘက်တော်တို့၊ ဟိုက်အော်ပြီးထွယ်၊ ကြီးအဟုန်နှင့်၊ မီးပုံတွင်းမှာ၊ ခုန်ဆင်းရေဟု၊ ဆိုသည်ကိုကြား၊ ရသေ့ကျော်လေ၊ ဘော်နှစ်ပါးတို့၊ စကားထူးထွယ်၊ မယုံကြည်၍၊ မနေလျှင်စွာ၊ သခ်မ်းတွင်းက၊ ဆင်းလိုက်လာသော်၊ လောင်ကာလည်းကျွမ်း၊ ထိုကြောင်းလန်းကို၊ တန်တန်မျက်မြင်၊ ဖြစ်ခဲ့ကျင်၍၊ ဇောင်ပင်အုံ့သြ၊ လင်လှမင်းပျို၊ ကြောင်းထိုထိုကို၊ ငိုယိုပြောက၊ တရားပြကျင်၊ ငါတို့လျှင်ကား၊ မျက်မြင်ကိုယ်တွေ့၊ အခစ်ကြုံကော၊ ဖြစ်တုံခဲ၍၊ ရသေ့လုပ်ကျင်၊ ငါတို့သွင်ကို၊ အသင်မင်းသား၊ တရားယူလို့၊ သူတော်ထုံးကို၊ နှလုံးထားလျက်၊ မယားယူက၊ သွေးသားကိုလျှင်၊ ဆေးနှင့်ပင်လျှင်၊ ပျင်တုံကြလည်း၊ မိန်းမဓမ္မတာ၊ ဤနည်းသာဟု၊ ပြောကာဆိုထွယ်၊ မီးထင်းသေသော်၊ ကြွင်းသည်အရိုး၊ အမျိုးမျိုးကို၊ ညိုးညိုးငယ်ငယ်၊ ကောက်တုံလေသော်၊ ထိုသည်ကာလ၊ တာပဿဟု၊ နာမတွင်မြောက်၊ ရှင်ရသေ့က၊ ဒွေးနှစ်ယောံတို့၊ ထောက်ကာမျှော်တွေး၊ သိလိုရေးဖြင့်၊ ဘယ်နည်းဘယ်မျိုး၊ ဘယ်အကျိုးကို၊ ရည်ကိုးမျှော်ထောက်၊ ရိုးများစွာကို၊ ရှာစုရုန်းကော၊ ကုန်းကာကောက်လေ၊ မျောက်ရိုးလူရိုး၊ ဤနှစ်မျိုးကို၊ ခွဲလို့ရွေးချေ၊ သိလိုလှ၍၊ ကောက်ပရေလေ၊ မထေရ်တာပဿ၊ ရွေးချေရှာ၍၊ ခွဲကာပြပါ၊ ဆိုသောခါ၌၊ ငါမသိချေ၊ သင့်မှာဝယ်က၊ အဘယ်ကိစ္စ၊ ရှိနိုးလှဟု၊ မြွက်ဟလိုက်ကြျူ ရှင်ရသေ့က၊ မေးတော်မူကော၊ လူရိုးမျောက်ရိုး၊ နှစ်မျိုးနှစ်ဝ၊ ခွဲလို့ရက၊ င့ါဆရာလျှင်၊ နာမ်နှင့်ရုပ်တို့၊ မပုတ်ခင်ကို၊ လုပ်လျှင်စင်စစ်၊ ဝိဥာဏ်ဝင်ကော၊ အရှင်ဖြစ်မည်၊ စင်စစ်မနေ၊ မြတ်ဆရာ၏၊ ထံတော်ပါးကို၊ သွားတော့မည်ဟု၊ ဆိုလေသောခါ၊ မင်းသားကျော်အား၊ ဆရာဇော်ပျံ၊ ရသေ့မွန်ကော၊ အလွန်တရာ၊ မ-ကိုချစ်လို့၊ မိုက်ဘက်ပါကော၊ နန်းလျာမင်းသား၊ ပညာရှိလည်း၊ သတိထားလေ၊ မယားကိုမူ၊ သန္တေသူဟု၊ လူကိုမလောက်၊ တောမျောက်ကိုကြိုက်၊ ကြီးအဟုန်နှင့်၊ မီးပုံတွင်းကို၊ ခုန်ဆင်းလိုက်လည်း၊ အချစ်မပျက်၊ မိန်းမညှက်ကို၊ အသက်ထက်ပင်၊ ကြင်ထက်ကြင်ကော၊ အသင်မင်းသား၊ မှားထက်မှားလို့၊ ယောကျာ်းတန်းခိုး၊ စက်မိုးကြိုးသို့၊ အကျိုးကိုရှုတ်၊ မိန်းမယုတ်ကြောင့်၊ သိမ်နုတ်ကြက်သရေ၊ မှန်စင်စစ်ကော၊ မဖြစ်စေနှင့်၊ အခြေအမြိုက်၊ ရှာစီစစ်က၊ နှစ်သက်သမျှ၊ ခပ်သိမ်းသူတို့၊ တူတကွရာ၊ သင်ကချစ်ခင်၊ သူမကြင်သော်၊ ခင်မင်စရာ၊ သူ့ခန္ဓာမှာ၊ ဘယ်မှာရှိသည်၊ သို့ဖြစ်ပေလျှင်၊ ငြိတွယ်ကာကပ်၊ ကိလေသာလေ၊ တဏှာဝဋ္ဋကြောင့်၊ အမြတ်တနိုး၊ မယားဟူ၍၊ ယူကာကောက်ကော၊

လူမျောက်ရိုးကို၊ ထုတ်ပိုးပြီးခါ၊ သင့်ဆရာလျှင်၊ ဘယ်မှာရှိသည်၊ ဘွဲ့နာမည်ပါ၊ မေးလေကာလ၊ ဝေဒိပ္ပဟု၊ နာမတွင်သည်၊ ဖာလ်ဘီလာလေ၊ တောင်တော်စောင်းမှာ၊ ကျောင်းနှင့်နေဟု၊ ပြောလေကာလ၊ ငါနှင့်သော်လေ၊ သဟာယကော၊ မှန်လှတော့သည်။ သို့ဖြစ်ပေ၍၊ မနေတူကွ၊ ငါတို့ကလည်း၊ လိုက်ကြတော့မည်၊ ဆိုတုံပေ၍၊ ဇော်တေမဟိဒ္ဓိ။ ဟတ္ထိဗာလ၊ တာပသတွင်၊ ကျွန်ရှင်နှစ်ပါး၊ လေးယောက်စုံလေ၊ အတူသွားကော၊ သာမောရိပ်မြိုင်တောလမ်းတော့လေ။

## မျောက်နှင့်မင်းသား–မယားလုစန်း။

သာမောမယေရိပ်မြိုင်၊ သွားစခန်းမှာ၊ တောလမ်းရှိုင်၍၊ အစိုင်သင့်စွာ၊ ထိုလေးယောက်တို့။ ရောက်လေပါကော၊ ပဇာယန၊ အသီးသီးဖြင့်၊ ပြုပြီးမှလျှင်၊ ဒုသျန္တကုမ္မာ၊ ခြေပါဒါမှာ၊ ဆယ်ဖြာတုတ်မြောက်၊ မြတ်ဆရာကို၊ ငိုကာလျှော်ကော၊ တယောက်ထီးလေ၊ စုံရိပ်မြိုင်လေ၊ ဂနိုင်ထဲမှာ၊ ဇေကစာရ၊ အရညနှင့်၊ ရုက္ခမူလေ၊ ဓူတင်ကျင့်ဝတ်၊ ပဋိပတ်ဖြင့်၊ မြတ်မထေရ်လေး၊ အန္တေဝါသိ၊ မည်ရှိထွင်ပြီး၊ တပည့်ကြီးဟု၊ သို့မ်းနှင့်သား၊ ဂဟေစပ်လို့၊ လက်ထပ်ပါ၍၊ ဆရာမြတ်ဖျား၊ အဖြာဖြာကို၊ မှာတော်ထားလို့၊ နှစ်ပါးမောင်နှံ၊ ပြည်တော်ပြန်ကော၊ နိုင်ငံတော်ကြီး၊ နေမှိန်မှိန်နှင့်၊ ရောက်ချိန်နီးမှ၊ ပင်ကြီးပညောင်၊ တောသာခေါင်တွင်၊ မယ်မောင်နှစ်ပါး၊ လက်စွဲတော်ကော၊ အဘော်သားနှင့်၊ ပန်းမောညောင်းညာ၊ အိပ်စက်ပျော်သော်၊ အတော်ကြာမှ၊ တပည့်တော်လေ၊ နိုးကာထက၊ ပုပ္ပဝတီ၊ ကြင်သူမိလျှင်၊ မရှိပြီကြောင့်၊ ဤမှထိုမှာ၊ လိုက်လို့ရှာကော၊ ဘယ်မှာမတွေ့၊ ဤသခင်လေ၊ ရှင်ရသေ့လျှင်၊ ညွှန်၍ပြချက်၊ မျောက်တကောင်နှင့်၊ ညောင်ပင်ထက်မှာ၊ ဘက်ကာလည်းနေ၊ တပည့်ငယ်လျှင်၊ ထွေထွေရာရာ၊ ချော့မော့ခေါ်လည်း၊ မနာမလိုက်၊ သူလျှင်လိုလျှင်၊ ထိုမျောက်မိုက်ကို၊ မြှားပစ်မည်ကြံ၊ သူသာလှည့်လို့၊ ရှေ့ကခံလည်း၊ နှံကာလွတ်ထွယ်၊ မျောက်မိုက်သေသော်၊ လိုက်မည်အမှတ်၊ အဘန်ဘန်လျှင်၊ ခေါ်ပြန်လတ်က၊ လှည့်ပတ်ပြောဆို၊ မီးသင်္ဂြိုလ်မှ၊ လိုရာလိုက်မည်၊ သူဆိုလေကော၊ ယုံကြည်ပြီးမုံ၊ မီးထင်းပုံ၍၊ အဟုန်ပြင်းစွာ၊ တိုက်လေပါသော်၊ သူသာအပြင်း၊ လောင်မီးပုံမှာ၊ ခုံကာဆင်းကော၊ ချက်ခြင်းလည်းသေ၊ ကျွန်ုံကြင်ရာလေ၊ ခန္ဓာတုံးကော၊ ဆုံးပါရေလေ၊ ယုံကြည်စေရန်၊ သူရုပ်နာမ်က၊ ကြွင်းကျန်အရိုး၊ အမျိုးမျိုးကို၊ ထုတ်ပိုးယူလာ၊ မြတ်ဆရာလျှင်၊ ဖွင့်ကာပြကော၊ ကြည့်ရှုပါဟု၊ ငိုကာလျှော်တင်၊ ထိုခါတွင်၌၊ ရှင်ရသေ့ကျော်၊ ပြောသည်မှာကား၊ ခြင်းရာကိစ္စ။ ရှိသမျှကော၊ မိန်းမဓမ္မတာ၊ ညီမဝေးကော၊ ဤနည်းသာလေ၊ ဘဇာအကျိုး၊ ဤအရိုးကို၊ ထုတ်ပိုးယူလာ၊ ရောကာနှစ်မျိုး၊ မျောက်နှင့်မူလေ၊ လူအရိုးကို၊ ခွဲလို့သိချင်၊ ဆိုရာတွင်၌၊ ဤလျှင်မျောက်ရိုး၊ ဤသည်တမူ၊ ခပ်ဖြူဖြူက၊ လူအရိုးဟု၊ နှစ်မျိုးနှစ်စား၊ ခွဲပြငြားကော၊ မင်းသားလုင်၊ လျှောက်ခြင်းအင်က၊ ခေါ်တွင်မည်ရှိ၊ အာစရိလေ၊ အဋ္ဌမျိုးမျိုး၊ ဤအရိုးကို၊ ထုတ်ပိုးယူလာ၊ အကြောင်းမှာက၊ ဆရာသခင်၊ ကျေးဇူးရှင်၏၊ ဂုဏ်အင်တေဇော်၊ အာနုဘော်နှင့်၊ ဂါထာမန္တာန်၊ အာနိသံကြောင့်၊ ရုပ်နာမ်ထင်ရှား၊ ဖြစ်ငြားစေချင်၊ ဆရာရှင်လျှင်၊ စီရင်ပေးပါ၊ တစာစာနှင့်၊ ပူဆာသောခါ၊ ကျင့်သိမ်မွေ့ကော၊ ရသေ့ကျော်က၊ မရာမဘွေ၊ မင်းသားငယ်မှာ၊ သေသူကိုပင်၊ ရှင်ပြန်ချင်ဟု၊ မမြင်ဘူးငြား၊ မကြားစဘူး၊ သင်လျှင်တကယ်၊ မယားသေသော်၊ သည်းခြေရူးလား၊ စိတ်ကူးတိုင်းပြော၊ တပည့်ငယ်ကို၊ ဆိုလေငြား၍၊ ထူးခြားသတ္တိ၊ ဒြပ်ရှိသည်၊ မဟိဒ္ဓိခေါ်၊ ဇော်ဆရာနှင့်၊ နှစ်ဘော်တိုင်ပင်၊ နာမ်နှင့်ရုပ်ကို၊ ပြုလုပ်ကျင်သော်၊ အောင်မြင်နိုင်မည်၊ သက်ရှင်ပေလည်း၊ ထိုသည်မိန်းမ၊ ကြတ္တိယသည်၊ ဗန္ဓုရဆို၊ နောက်နောင်ကိုလည်း၊ မျောက်ကိုသာလျှင်၊ လိုမည်ထင်ဟု၊ တိုင်ပင်ပြီးခါ၊ မင်းသားကျော်အား၊ ခြင်းရာစေ့စုံ၊ ပြောဆိုငြားလည်း၊ မျှားမယုံသော်၊ ကြုံမှသိမည်၊ စမ်းကြည့်လေဟု၊ ကြံစေမယုတ်၊ အရိုးထုတ်ကို၊ နာမ်ရုပ်လက္ခဏာ၊ ထင်ရှားပေါ်အောင်၊ ဆရာတာပသ၊ အာစရလျှင်၊ ဝေဒိပ္ပမန္တာန်၊ ဂါထာပျန်ကို၊ ဉုံခံမန်းမှုတ်၊ ခုနစ်အုပ်လျှင်၊ ရုပ်ကိုဝေဘန်၊ နာမ်ကိုတယောက်၊ သက်ပျောက်ကိုယ်ကွာ၊ ထိုပညာဖြင့်၊ ခန္ဓာသစ်သည်၊ ရှေးအဟန်သို့၊ သဏ္ဌာန်သစ်ကော၊ ဖြစ်တော့သည်လေ၊ ။

ငါးဦးသော-ရသေ့ကောင်းတို့နှင့်၊ ဇာတ်ပေါင်းခန်း၊ ငါးဦးသော ရသေ့ကောင်းကား ဆရာကြီးဖြစ်သော။

(၁) ဝေဒိပ္ပရသေ့၊ (၂)မဟိဒ္ဓိရသေ့၊ (၃) ဟတ္ထိဗာလရသေ့၊ (၄) ဒုသျန္တရသေ့၊ (၅) အညတရသေ့။

ဖြစ်တုံလေကော၊ ထိုသည်အခါ၊ ရသေ့ကျော်တို့၊ ခေါ်ကာလည်းပြ၊ ဒုသျန္တဟု ဥပရာဇာ၊ အထင်အရှား၊ ကြင်မယားကို၊ မြင်သောခါ၌၊ ခန္ဓာဇီဝေ၊ မီးပုံတွင်းမှာ၊ ခုံဆင်းလေ၍၊ ဤသည်လောက၊ ဤဘဝမှာ၊ မရလုံးလုံး။ ချအဆုံးဖြင့်၊ နှလုံးပိုက်ကာ၊ မောင်နေပါကော၊ သေကာလည်းပျောက်၊ နောက်တဖန်လေ၊ ပြန်ကာရောက်သို့၊ မဖောက်မပြန်၊ ရှေ့အဟံသို့၊ သဏ္ဌာန်ရုပ်သွင်၊ ပန်းပေါင်းမယ်လေ၊ ငယ်မယားကို၊ မင်းသားမြင်ကော၊ ခင်မင်နှစ်သက်၊ ကျုံးကာဘက်ရန်၊ စုံမက်မြတ်နိုး၊ ရတနာလေ၊ သပြာအိုးသို့၊ ပြေးလို့ဟပ်လာ၊ ထိုအခါဝယ်၊ မကြာမျက်မှောက်၊ တယောက်မယား၊ ငါ့သက်ထားဟု၊ ထွက်ငြားလိုက်လာ၊ ထိုမျောက်အားကို၊ မင်းသားကျော်လျှင်၊ သတ္တဝါမျောက်၊ ဆိုတုံမြောက်လည်း၊ လူလျှောက်နီးနီး၊

ကြီးသည်တွက်တာ၊ နောက်တော်ပါးအား၊ ခေါ်ဝေါ်ပြီးမူ၊ လေးမြားယူကော၊ အတူနှစ်ယောက်၊ ယခုဆိုကော၊ ထိုသည်မျောက်နှင့်၊ တယောက်မိန်းမ၊ ဣတ္ထိယကို၊ လုကြသောခါ၊ ရသေ့ကျော်တို့၊ ထွက်ကာပြိုင်ငြား၊ သင်တို့များသည်၊ တရားအတိုင်း၊ မရိုင်းစေရ၊ ငါတို့လျှင်လေ၊ စီရင်ထုံးဖြင့်၊ ဆုံးဖြတ်ချအံ့၊ လောကဥပဒေ၊ မနုကျေးနှင့်၊ ခွဲဝေပိုင်းခြား၊ ထုံးဓမ္မသတ်နှင့်၊ ဆုံးဖြတ်ငြားမူ၊ မင်းသားတယောက်၊ အလယ်မှာထား၊ ထိုခါဝယ်၌၊ ခေါ်စေငြားက၊ မင်းသားကိုပစ်၊ မိန်းမပျက်မ၊ မျောက်ဘက်လိုက်က၊ နှစ်သက်ဩစာ၊ ထုံးစည်လာမှာ၊ ပျော်ရာနေစေ၊ ရသေ့မြတ်တို့၊ ဆုံးဖြတ်ပေကော၊ ဘုန်းကြွယ်မ်ငေးလှ။ ရှုံးကာထိုင်ကော၊ လက်မှုချလို့ တောကမျောက်သည်၊ ယူဆောင်လေကော၊ ထိုသည်ကာလ၊ မင်းသားဒုသျှန်၊ အိမ်ရှေ့စံမှာ၊ သံဝေဂနှိုင့် မိန်းမဟူက၊ ငါ့နှမနှင့်၊ ငါ့မိသူ့မိ၊ အကြင်သူလေ၊ လူဇာတိမှာ၊ အမိဧကော၊ အဘဗဟုတ်၊ သိန္ဓိပုဒ်ဖြင့်၊ ရုပ်တွက်ရာတွင်၊ ကမ္ဘာထုံးဖြင့်၊ အသုံးဝင်လို့၊ အကြင်အခါ၊ မမငါလျှင်၊ ရာဇာဧကရာဇ်၊ မင်းသွေးစစ်ကော၊ ဖြစ်ပါတုံလျက်၊ မယားဟူကော၊ ရန်သူတွက်ကြောင့်၊ အရှက်ကြီးရ၊ လူ့လောကီလေ၊ ဤဘဝမှာ၊ မိန်းမဟူသည်၊ ခြေလက်မက၊ စလို့ပယ်မည်၊ ရွှေပြည်နိုင်ငံ၊ ငါလျှင်ပြန်လို့၊ ပိုင်စံအုပ်ချုပ်၊ နန်းပလ္လင်မှာ၊ မင်းလျှင်လုပ်ကော၊ မယုတ်မိန်းမ၊ သောင်းခြောက်ထောင်ဆို၊ ကညာပျိုလေ၊ ထိုမောင်းမနှင့်၊ ပေါင်းကြသောခါ၊ လျှပ်ပေါ်မှာကို၊ ဆိုရာမရ၊ ဣတ္ထိယဟု၊ မိန်းမစည်းလဲ၊ တယောက်တည်းနှင့်၊ တောထဲမြိုင်ကြီး၊ လူမနီးတွင်၊ ထိန်းကျောင်းမနိုင်၊ တောမြိုင်အောက်တွင်၊ မျောက်နှင့်ထိုင်၍၊ နိုင်ငံမရောက်၊ တပိုင်းလောက်တွင်၊ မျောက်နောက်ကိုလိုက်၊ ငါ့ကိုပစ်မှ၊ ထီးနန်းတည်သည်၊ သမိုင်းတည်သည်၊ တိုင်းပြည်မပြန်၊ ဘမွေခံ၍၊ မှန်ကြဌန်းနှင့်၊ နန်းမစံဘဲ၊ မြိုင်ယံတောအုပ်၊ ရသေ့လုပ်လို့၊ ကျွန်ုပ်နေမည်၊ ဆိုတုံလေကော၊ ခြွေရံနောက်ပါ၊ ဘွားဘက်တော်လည်း၊ ကိုယ်တော်အဟုတ်၊ ရသေ့လုပ်က၊ ကျွန်ုပ်နောက်ပါ၊ ဘိုးသူတော်လျှင်၊ လုပ်ပါတော့မည်၊ ဆိုတုံလေကော၊ မထေရ်တွင်ပြီး၊ ရသေ့ကျော်လေ၊ ဆရာကြီးတို့၊ သီးသီးသွယ်သွယ်၊ ထိုတောင်ခြေတွင်၊ ဖန်ရည်ဆိုးစွန်း၊ လျှော်သက်န်းနှင့်၊ ရဟန်းရသေ့၊ နှစ်ဦးစုံလေ၊ လုပ်တုံခဲ့၍၊ သိန်မွေ့နိဿယ၊ သမထကို၊ ပြသလေပြန်၊ ကသိုဏ်းစျာန်ကို၊ ခြိုးခြံတုံငြား၊ ဘာဝနာနှင့်၊ မကွာငြားအောင်၊ ငါးဦးနေတော်မူလေ၏လေ။

ငါးဦးနေကော၊ ဤသည်ဝတ္ထု၊ ဖြစ်ပျက်မှုကို၊ ပြုစုစီကုန်း၊ ပြီးကာအောင်ကော၊ တစောင်လုံးတွင်၊ အဆုံးတပုဒ်၊ နိဂုံးချုပ်လို့၊ ဖုန်းအုပ်လိုက်မည်၊ ဘတ်ရှုသူလေ၊ လူသီးသီးကော၊ ကြီးအငယ်တို့၊ ဤသည်ထုံးတန်း၊ အခန်းခန်းက၊ ကျမ်းမှာမလာ၊ စာမှာမတွေ့၊ ရှေ့အတိတေ၊ လွန်လေတုံပြီး၊ အသီးသီးကော၊ လူကြီးမိဘ၊ ပြောပြကြသည်။ ပေါရဏာပူရံ၊ လမ်းအမှန်ဖြင့်၊ တန်းညွှန်ကာပြ၊ သက်ကြီးအိုတို့၊ ပြောဆိုကြသည်။ မုက္ခဒီမနီ၊ ဝဇီအထွက်၊ ဖြစ်အပျက်ကို၊ စစ်ထွက်ကြည့်က၊ တရားလည်းရ၊ သတိဉာဏ်ကော၊ သံဝေဂနှင့်၊ ပဥ္စငါးဦး၊ ရသေ့ထူးတို့၊ ရည်စူးမဂ်ဖိုလ်၊ မြို့ကိုခွာကော၊ ရွာကိုထားလို့၊ တောမှာခိုကော၊ ထိုထိုသောထုံး၊ သာခြင်းစီသည်၊ ဤနိဂုံးကို၊ နှလုံးမှာထား၊ ကြီးငယ်မဟူ၊ အကြင်သူလေ၊ ရှင်လူများဟု၊ နောက်သားနောင်လာ၊ နည်းယူကာဖြင့်၊ သူတော်သူကောင်း၊ ထုံးဟောင်းကိုစစ်၊ လမ်းညွှန်ရာကို၊ မှန်းကာလိုက်လို့၊ ဖြစ်ထိုက်သောသူ၊ ဖြစ်စေဟူ၍၊ မှတ်ယူပြီးခါ၊ ဤကဗျာကို၊ စီကာလည်းပြ၊ နောက်သားနောင်လူ၊ ယောကျ်ားဟူသည်၊ ပူရိသတို့။ မိန်းမအထံ၊ ချစ်စုံမက်လို့၊ အသက်နှံ့လျက်၊ ကျွန်ခံစာရင်း၊ မကင်းသမျှ၊ ကြိုးအားထုတ်ကော၊ လုပ်ကျွေးရလို့၊ မိန်းမဆိုသူ၊ ဉပမာကို၊ ထုတ်ကာပြက၊ လနှင့်တူလျက်၊ လှမူခေါ်ဆို၊ သူ့နဂိုကား၊ အိမ်ကြိုအိမ်ကြား၊ မွေသရီလေ၊ စေတီများနှင့်၊ ဘုရားရင်ပြင်၊ သန့်စင်ဘုရား၊ မစင်ရသာဟု၊ ပမာမမက်၊ တပြောင်ပြောင်လေ၊ အရောင်လှနှင့်၊ ပထွန်းတက်သို့၊ မချွတ်တူထွယ်၊ မိန်းမသည်လည်း၊ မျိုးနွယ်သန့်စွာ၊ စကြာမဏ္ဍာတ်၊ တာဝတိန်ပါ၊ ဂုဏ်သိန်မွှေးကော၊ လေးသိန်နတ်ဟု၊ မင်းမြတ်မဟူ၊ လူငနုနှင့်၊ အမူဆိုးလှ၊ ဒွန်းစန္ဒက၊ ခွေးဝက်စသည်၊ မျောက်ကမလွတ်၊ မိန်းမဟူသည်၊ သူတပါးနှင့်၊ မှားယွင်းတတ်လို့။ မချွတ်ခုမူ၊ ရှိရှိသမျှ၊ ဣတ္ထိယတို့၊ လနှင့်တူဟု၊ မှတ်ယူရမည်၊ မာနသည်ကား၊ ချစ်ကြည်စွန်းငြိ၊ မိမိလင်လေ၊ ကြင်မှန်းသိက၊ ပြည်ကြီးသနင်း၊ စကြာမင်းကို၊ အိမ်တွင်းကျွန်သွင်၊ ဣတ္ထိယတို့၊ စိတ်ကထင်လို့၊ အကြင်လူများ၊ ယောကျ်ားသားတို့၊ မယားယူစ၊ အိမ်ရာထောင်သော်၊ ကြောင်သေမှဟု၊ ပြောကြစကား၊ ယောကျ်ားဟူကော၊ ဩော်လူများတို့၊ မယားကြင်ရာ၊ တည်ထောင်ပါသော်၊ တခါမလွတ်၊ သံသရာနှောင်၊ အတည်ထောင်တွင်း၊ မောင်ငဆတို့၊ ကျသည်မှတ်ပါ၊ သို့တွက်တာကြောင့်၊ ဃရာဝါသ၊ မှုကိစ္စကို၊ ရှောင်ကြနိုင်စေ၊ မရှောင်ကြည်သော်၊ သက်သေနိဂုဏ်း၊ ပန်းပေါင်းမယ်လေ၊ ဤသည်ထုံးကို၊ နှလုံးမှာထား၊ ငါနှင့်တူသည်၊ လူယောကျ်ားတို့၊ မယားကိုမူ၊ ကာမဂုဏ်ကြောင့်၊ မယုံသင့်ချွေ၊ ယုံသူများတို့၊ မှားလိမ့်မည်လေ၊ ဤသည်ဝတ္ထု၊ ဖြစ်ပျက်မှုကို၊ ရှေ့ဦးတလီ၊ အကျဉ်းရုန်းလို့၊ ကုန်းကာစီကော၊ ခုဤတခါ၊ နှစ်ကောဇာကို၊ တွက်ကာစီစစ်၊ သက္ကရာဇ်က၊ တစ်နှစ်ကိုးသုံး။ ဂဏန်းထုံးဖြင့်၊ စီကုန်းကာလေ၊ စီကုံးကာလေ၊ မြောက်လေပျံ့နှင့်၊ ဟေမန္တဟု၊ လ-တပိုတွဲ။ ဆန်းတုံခဲ့၍၊ ချမ်းအေးခါမှီ၊ ထိုရာသီတွင်၊ ဋီကာလည်းဆင်၊ ကုန်းစီရင်သည်၊ အောင်မြင်ပြီးဆုံးတော်မူ၏တည်းလေ။ ။

သာခြင်းဆုံးပြီး။

အဆုံးတပုဒ်မှာ၊ ဖုံးအုပ်ကာဖြင့်၊ နိဂုဏ်းချုပ်စရာ၊ ကဗျာအငိုတေး။

ဘုံလောကီ ဤဌာနတွင်ဖြင့်၊ ကြုံငြားပြီ၊ မည့်နာမရေနှင့်၊ မနုသာလူတို့ရွှာ၊ ပုရိသရေနှင့်၊ က္ကတ္တိယဘာဝ၊ မိန်းမမှာမြောက်အများပါကလား။ ယောကျ်ားမှာ။ ကျောက်ပတ္တမြားလိုပ၊ ထောက်ထားလို့သိကြပါ။ လင်မယားရယ်လို့၊ ထင်အရှားသာပ။ တသားတလင်။ တယောက်ထဲရေနှင့်၊ မယားဟာ မရောင့်ရဲနိုင်ဘူး၊ လှောက်ကဲကာလိုချင်တာနှင့်၊ ငြိုငြင်ကာ-မောက်အပွားသာပ၊ နှစ်ကိုယ်ရှိုင်ကာ၊ သယောက်ထားပြီးလျှင်၊ ယောကျ်ားလင်မြင်မသိတော့အောင်၊ ဘောက်ပြားဉာဏ် ခင်တမိတို့မှာ၊ ကလိသူအလွန်များသောကြောင့်၊ မယားကို မယုံကြလေနှင့်၊ ပုံပြတော့ဝတ္ထုဟာကို၊ ဘတ်ပြုကာဖြင့်၊ ရှုပါငြား၊ ယောကျ်ားဆိုလျှင်၊ လေလေ၊ ဆတောက်များအပျို၊ မျိုမတတ်သာပ၊ မအပ်ကေမှုအရာနှင့်၊ နမူနာယူကာ၊ မှီရမှာဖြင့်၊ ရတနာသိင်္ဂီအညီစံယူပြုရလျှင်၊ အမရာ-ကိန္နရီ။ မဒီသမ္ဘူလတို့လို၊ ယူဆကာလင်တယောက်ကေနှင့်၊ မဘောက်မပြန် တကယ်ကြင်လို့၊ သရက်ပင်ကိုးတန်ကောက်ကိုလား၊ ထက်အောက်ကေ၊ မကြုံပြောင့်တော့အောင်၊ စိတ်ကြုံကာ။ မိဋ္ဌာန်လို့၊ ဖြောင့်လေတော့၊ ခုနစ်တန်အမှန်ပြောင့်သောကြောင့်၊ စောင့်သစ္စာကျိုးအကြောင်းရေ ဆိုးကောင်းနှစ်ဖြာ။ ယူကာဆလိုက်တော့၊ လူဆိုလျှင်၊ ဘယ်တွင်လောက်တော့မည်။ မျောက်ကိုပင် ကြင်ကာကြိုက်သောကြောင့်။ မနေသာ။ သေကာလိုက်ခဲ့တေ။ အမိုက်မသ့ုနမူကို၊ စာရှုသူမင်းအများရေတို့။ မယားအယုတ်မ ထုံးကိုလား၊ စကားလုပ်လို့ မသုံးကြစေနှင့်။ ရွှေခိုင်ပြည်။ မိတ်ဆွေအလုံးတို့ရေ အဖျားတပုဒ် နိဂုံးချုပ်ပါဆုံး။ ။

ဤတွင်၍ကား။ သရက်ပင်ကိုးတန်ကောက်သာခြင်းဟူ၍ဝင်း၊ မျောက်နှင့်မင်းသားမယားလုသာခြင်းဟူ၍ဝင်းပြီး၏။

ဒသပက ဘဂဝနှင့် နာထမုနိ
မာရဇိဟု ကြိတွဲငှထား သုံးလူ့ဖျားလျှင် ငါးပါး
စန္ဒာပါရမီစေ့ ဓါညီမြွှေ၍
မြွှေစဉ်အခါ စန္ဒာသူရိယ သင်္ဂဟာအား
ထောက်မသင်္ဂြိုဟ်လျက် ကိုယ်တော်စား သွန်းလုပ်ခဲ့သော

# မဟာမြတ်မုနိဘုရားကြီးသမိုင်း

# ဦးရာဇဝေတော်ဘုရားကြီးသမိုင်း

## နှစ်ဆောင်တွဲ

ရေးသားသူ–တန်းစိုးရှာ ဆရာထွန်း

မူပိုင်ရှင်-ဦးအောင်ထွန်းဦး

# မဟာမြတ်မုနိ ဘုရားကြီး သမိုင်းသစ်

**ပဏာမ**

**နမောတဿ သတ္တန္နံ ဗုဒ္ဓါနံ ဘဂဝန္တာနံ အရဟာန္တော နံ သမ္မာသမ္ဗုဒ္ဓါနံ၊ ရတနတ္တယာနုဘာဝေန သဗ္ဗဘယာ ဝိနာသန္တု။**

ရတနာရောင်ရှိန် ထွန်းတောက်ထိန်စိမ့် သူရိန်နေမင်းရောင်ခြည်ချင်းလည်း မလင်းမိုက်မှောင် တိုက်ခန်းချောင်၌၊ ရာတောင်မက မှောင်ကြီးကျသား မောဟအဝိဇ္ဇာ ထောင့်ငါးရာဟု တဏှာမှောင်တိုက် မိုက်ထက်မိုက်ကို ဖွင့်လှိုက်တန်ဆောင် ဉာဏ်စက်ရောင်နှင့် အမှောင်မသန်း အရောင်ထွန်းလျက် ညောင်နန်းဗုဒ္ဓဟေ ပလ္လင်ဘွေထက် ကိလေရာဂ ငြိတွယ်ကြသည် ပဉ္စသတ ဧကသဟဿ ကြွင်းမကျန်အောင် ဉာဏ်အရဟတ် လွန်ထူးမြတ်သား ပရမတ်ဝိဇ္ဇာ ထွန်းလင်းဖြာလျက် မဟာနာယက မြတ်သကျနှင့် အပါယဘေးကျွမ်း မေ့မသန်းသား အေးချမ်းရာရပ် ပို့ပေတတ်သည် ဓာတ်သဘာဝ မြတ်ဓမ္မဟု မှတ်ချပရမတ် ပိဋကတ်နှင့် ပဗ္ဗဇိတ ဒုလ္လဘ၌ ကြုံရရန်ရေး အလွန်ခဲလည်း ဘေးသင်္ခါရ ဝဋ်ဒုက္ခမှ မုက္ခုလွတ်လို မြတ်ရာခိုသား ပုဂ္ဂိုလ်မည်ရှိ ကျော်ကိတ္တိနှင့် သမုတိပညတ် ပရမတ်ဟု သုံးရပ်ရတနာ မြတ်သုံးဖြာအား သုံးခါသုံးကြိမ် ဆံဦးနှိမ်မှ ဂုဏ်သိန်အနန္တစုံညီမှုလျက် များလှကျေးဇူး ခြတောင်မေရုသို့ အာယုတကပ် လုပ်ကျွေးဆပ်လည်း ပြေလတ်ခြင်းငှါ မစွမ်းရာသား မာတာပီတု မြတ်နှစ်ဦးအား ကြည်နူးစိတ်မှာ စေတနာဖြင့် ဝန္ဒနာမသက္ကစ္စနှင့် ထိုမှတဖြာ ကျွန့်ကိုသာလျှင် မန္ဒာခိဋ္ဌဒသကက သိပ္ပဂုဏ်အင် ပြည့်စုံလင်အောင် ပဲ့ပြင်နိစ္စ ကွပ်ဆုံးမ၍ ပြသသင်ကြားဆရာများအား သုံးပါးဒွါရ ပဏာမဖြင့် ယတလီ အစချီ၍ ဝဇီဝိညတ် မနောကတ်လျက် ညွှတ်ပဏာ ဤသို့စသား ဗုဒ္ဓဓမ္မာမြတ်သယ်ာနှင့် မာတာပီတ မိဘနှစ်ပါး ဆရာများပါ ငါးအနန္တ မကျန်ရအောင် ဦးချသီးသီး ပြု၍ပြီးမှ စောထီးလှူဘအတုလ၏ ဂုဏ်ကျေးဇူးကြီးအထူးကို ချီးကျူးပြီးခါ သမိုင်းစာဟု မဟာမုနိ တုပ္ပတ္တိကို သိသိသာသာ မျိုးလေးဖြာအား ဝါစာသီလိင္ဂလက်ာရဖြင့် ဝစနမာလာ ဤသည်စာကို သာသနာငါးထောင် တည်လေအောင် လျှင် လှူဘောင်မော်ကွန်း ဆရာထွန်းက ဘော်ညွှန်းသာချို စီကုံးဆိုအံ့ မငြိုမငြင် ပြည့်စုံလင်သည် အောင်မြင်ဇေယျာရှိစေသော်ဝ်။

သောင်းမဏ္ဍလာ သည်ကမ္ဘာဝယ် မြေချာဦးစွန်း ပေါ်လာထွန်းသော် မြပန်းအရောင် တပြောင်ပြောင်နှင့် တောင်ဒီပါကျွန်း ပလ္လင်နန်း၌ မင်္ဂပန်းသစ္စာ ပွင့်လန်းဖြာလျက် သမ္မာသမ္ဗုဒ္ဓ နုတ္တရတု သမန္တစက္ခု သဗ္ဗညုတ သဟဇတ် သမ္ပယုတ် တိတ်အချုပ်ဖြင့် စိတ္တုပ်ကရိယာ အဘိညာနှင့် လက္ခဏာလေးအင်ဗောဓိပင်၌ အိပ်ပင်လက်ရ ဖြစ်ပြီးမှလျှင် ဒိဗ္ဗစက္ခုဉာဏ်ဖြင့်ရှုက မြူနုပရမာ နှုံးစရာသား သတ္တဝါဗိုလ်လူ ကျွတ်ထိုက်သူကို ချွတ်ယူဆောင်တင် ဖောင်မဂ္ဂင်ဖြင့် အောင်မြင်ဆယ်ဖို့ ခေမာမြို့သို့ ကူးတို့ဖောင်ပျံ အရောက်ဆန်၍ နိဗ္ဗာန်တူရူ ပို့တော်မူအံ့ မှတ်ယူပြီးမှ မြတ်သကျလျှင် ဒေသစာရီ ကြွကာချီ၍ နဒီသာလှ မည်နာမနှင့် အစိရဝတီ မဟီမြစ်ဖျား မြစ်နဖူး၌ ရှည်ကြူးကာလ သာဝတ္ထဟု နာမပျံ့မွှေး လွန်ထူးကဲသား သူဌေးကြည်ဖြူ ဆော်လုပ်လှူသည် နိဗ္ဗူလမ်းညွှန် ဇေတဝန်က ထေရ်မွန်အများ တပည့်သားနှင့် ဘုရားတံထွာ ဓမ္မတာဖြင့် ရသာမြိုက်ဆေး တိုက်ကာကျွေး၍ ညစ်ကြေးတဏှာ ရှိသူငါကို ဌဂ်ါမင်္ဂရည် ဆေးလျှော်ထွေဖြင့် ရွှေပြည်ဝိဝဋ်အရိမဒ်သို့ ပို့လွှတ်နေ့ယံ ကျွတ်ပွဲခံ၍ နိဗ္ဗာန်သခင် နေ့ခါတွင်၌ သံသရာစက်ကျင်လည်ဘက်တည်း အထက်ဘဝ သုံးလှူဘနှင့် သဟာယစစ် ဆက်တိုင်းဖြစ်၍ ဖူးထိုက်ချိန်ကျ ကြိုက်ကြိမ်ရသည့် စန္ဒသူရိယာမင်းရာဇာ၏ ချင်းရာထုပ္ပတ် သရုပ်ဇာတ်ကို စပ်ဟပ်မိပွါယ် စီရင်သွယ်ပိမ့် အန္တယ်အရိုး ကြဌန်းစိုးသား အမျိုးသန့်စင် သာကီဝင်ဟု ဘုရင်ကနက် မင်းဆက်ဆက်တို့ ဆင်းသက်စဉ်လာ ပြည်ညောဝယ် ကံရာဇာကြီး လူစောထီးက သွီးသားချစ်မြေးမြစ်စ၍ ရေတွက်ဖွဲ့သော် နှစ်ဆယ့်ရှစ်ဆက် ထိုအချက်တွင် တက်သစ်နေသွင် စိုးတံ့ကျင်သည် ဓညဝတီပြည်ပူရီကို ခွန်ဆီမိုးကာ စိုးစံပျော်သော် သမ္မာရင့်ညောင်း စောမင်းကောင်း၏အလောင်း ပဋိသန်ရှိလေပြန်သော် တရံရော်၌ ရာဇာခတ္တိ မင်းသီရိလျှင် နိမိတ်ထင်ထင် အိပ်မက်မြင်၏ ကောင်းကင်ဌာန အာကာသ,က ပ,ဘန္ဒရာ

မြလျှံဝါသည် စန္ဒာသူရိယ နေနှင့်လ,ကို အရယူပြား မိဖုရားအား မင်းဖျားပရမေ ပေးတုံပေဟု မြင်ထွေအိပ်မက် သည်အတွက်ကြောင့် ကနက်ရတနာ နန်းသိင်္ဂြိ သီဟာသဘင် ညီလာဝင်သော် ဘုရင်မင်းမြတ် မေးပြန်လတ်က အမတ်ဝိမလာ ဒေဝကျော်တို့ ပြန်ကာတုံ့ခေါက် ဤသို့လျှောက်သည် လက်မြှောက်ဦးထိပ်တင်ကာတည်း။

## မင်းသီရိရာဇာ မြင်တော်မူသော အိပ်မက်အရကို အစျက်ကျ ဒေဝကျော် အမတ်တို့ လျှောက်တင်စဏ်း

တသောင်းဤမြေ မြရောင်ဝေသား သပြေဘုမ္မိ ဂုဏ်သီရိနှင့် ဒက္ခိသာခေါင် လက်ျာတောင်က ညာသောင် ဘက်ကမ်း တက်ကာလှမ်းလျက် မင်္ဂလမ်းဖိုခွင် ခိုကာဝင်၍ ချစ်ရှင်ဆူဆူ ပွင့်တော်မူသည် နိဗ္ဗူကူးဆိပ် ဇမ္ဗူဒိပ်၌ ဘိသိက်အောင်မြေ ထီးနန်းတည်၍ ဌာနေလည်းချ တိုင်းရက္ခဟု ဓညဝတီပြည်ဌာနီတွင် သာကီနွယ်ရိုး ဖြူရိပ်မိုးသည် သတိုးမဟာ မြတ်ရာဇာ. . . ။ မြင်တော်မူချက် မငြိမ်သက်ဘဲ အိပ်မက်ခြင်းရာ လက္ခဏာကို ကျမ်းစာခိပ္ပါယ် တွေ့ဘူး သည်ကား နေကိုဆွတ်ယူ ပေးတော်မူသော် မတူနှုန်းဘက် ရာဆ,တက်၍ ဘုန်းကြက်သရေ ကြီးကျယ်တောက်ပ သားကောင်းရအံ့ လ,ကိုယူကာ ပေဏမက်ပါက စကြာစိုးလိုက် မင်းနှင့်ထိုက်သား ကြင်ချစ်တသီး ရှုမညီးသည် သ္မီးရတနာ ရတုံပါအံ့ ခုမှာသော်က သုပိန္နတွင် နေလအစုံ ဆွတ်တုံပြီးပြား မိဖုရားကို မင်းဖျားပရမေ ပေးမက်သည်တွင် ခိပ္ပါယ်ကို ထောက် ကျွန်တို့လျှောက်အံ့ ထက်အောက်မြေပေါ် သပြေညာဝယ် တေဇာထန်ပြင်း အမင်းမင်းထက် သတင်းကျော် ကြား သားယောက်ျားနှင့် သုံးပါးတိုက်ဘောင် အမိုက်မှောင်၌ လ,ရောင်ပမာ သတ္တဝါကို ချမ်းသာပေးနိုင် အပြီးတိုင် အောင် ပြိုင်သူမလာ ခြောက်ရောင်ဖြာလျက် ဝိဇ္ဇာရှစ်တန် ပွင့်တုံပြန်၍ သယမ္ဘူစစ် မှန်ကူဖြစ်လျက် မကိုင်ရှုထွတ်ထား မြတ်ဘုရားနှင့်၊ ရှင်သားသက်ဝေ ကြုံကြိုက်ပေ၍ တွေ့မည်အကြောင်း ကောင်းသောမင်္ဂလာ ဖြစ်တုံပါဟု နှာ်းတော်ပန် လျှောက် မတ်နှစ်ယောက်အား တယောက်တစီး ဆင်ဟတ္ထီးနှင့် ယိုစီးမတတ် ရောင်စုံလျှပ်သည် လက်စွပ်ထောင်တန် အမွန်ရတနာ မင်းရာဇာက ဆုတော်ချီးမြှောက် ထိုသည်နောက်၌ ခြောက်ပြစ်ရှင်းကွာ ဆင်းကလျာဟု ဝိမာလဒေဝီ မဟေသီလျှင် ပါရမီရင့်မှာ သားနန်းလျာကို မာတာမိခင် ဘွားမြော်မြင်က ကောင်းကင်မိုင်းအုံး မီးရှူးရောင်ဝေ လ,နေ ကြယ်စုံ မြူးခုံပျံသန်း လျှပ်ပန်းအရောင် အာကာဘောင်ဝယ် ပြောင်တညီးညီး အရောင်စီး၍ ကြယ်ကြီးဥက္ကာ နောက်မျက်နှာက ပျံလာတုံပြီး ညီးညီးရောင်ဖိတ် သပိတ်တမျှ နန်းသီဟတွင် ပါသာဒထွတ် မြပြာသာဒ်၌ ကျလတ်ပြီး လျှင် ဘွားမြော်မြင်သည်. . . ။ ကြောင်းအင်နိမိတ် ထူကဲတည်း။

## စန္ဒာသူရိယသားတော်ကို ဘွားမြင်မြော်သောအခါ မြင်တော်မူသော တိတ်,နိမိတ်အရကို ဝိမလအမတ်ကျော်နှင့် ဓမ္မဒဓေယျတို့ လျှောက်ပြတော်မူစဏ်း

မြတ်မင်္ဂလာ ပွင့်လန်းဖြာသား ကမ္ဘာကျယ်ဝှန်း တည်လာထွန်း၍ ကြာပန်းငုံညှာ ပဒုမ္မာတွင် ပရိက္ခရာရှစ်ပါး နတ်သိကြားထက် ဘုရားတို့သာ ဆင်ထိုက်ရာသား ကမ္ဘာတည်ထွန်းနိမိတ်ပန်းဟု သက်န်းရွှေကြာ ငါးစုံပါ၍ ဗြာဟ္မာပညတ် ဘဒ္ဒကပ်ဟု မြတ်ထက်မြတ်ရာ ဤကမ္ဘာတွင် ဥပမာပုံ ကြာမဒုမ်လျှင် တငုံပွင့်လွန် တငုံကျန်သို့ ဖောင်ပျံကူးတို့ လေးကြိမ်ပို့သည့် ရွှေမြို့အောင်ဆိပ် ဇမ္ဗူဒိပ်၌ ဖြူရိပ်မိုးကာ တိုင်းရက္ခာဝယ် စန္ဒာသူရိယ ထိုမင်းလှကို ဘွားစကပင် နိမိတ်ထင်၍ ရောင်လွင်ညီးညီး ပဲ့တင်တီးမျှ ကြယ်ကြီးဥက္ကာ ကျချင်းရာကြောင့် ပီတာအထွတ် ခမည်းမြတ် လျှင် ထုပ္ပတ်နှိုင်းညှိ မိန့်တော်ရှိက ဝိမလခေါ်ဝါ မတ်မဟာလျှင် ဆယ်ဖြာလက်မြှောက် ဤသို့လျှောက်၏ မိုးအောက်မြေ ချာ သပြေညာဝယ် တေဇာထွန်းတောက် ထီးဖြူအောက်၌ တယောက်အထွတ် သမုနတ်ဟု မင်းမြတ်ဘုရင် ပြည်ကြီးရှင်။ နောက်ခွင်မျက်နှာ ရပ်ဒီသာက ဥက္ကာပျံလတ် နန်းတော်ထွတ်၌ ပြာသာဒ်ထက်မှာ ကျ-ချင်းရာက မဇ္ဈိမာဒေသ ပြည်ချက်မဝယ် ဗုဒ္ဓမျိုးစေ့ ဤယနေ့၌ ဘွား၍သန့်စင် မျက်နှာမြင်၍ အရှင်မင်းဖျား ယခုဘွားသည် သားနှင့်အညီ တနာရီတည်း ပါရမီပြည့်ပြား ယနေ့ဘွား၏နောင်သောအခါ ကြယ်ဥက္ကာသို့ မဇ္ဈိမာဒေသ သမုတ်ကြသည် ချက်မ- ချိုင် ပြည်မဏ္ဍိုင်က ရခိုင်ပူရ မြို့ညေသို့ ဗုဒ္ဓဇိနာ ထက်အာကာက ကြွလာလိမ့်မည် ထိုခါဝယ်၌ ပရမေထွတ်ထား မြတ်ဘုရားနှင့် ရှင်သားသက်ဝေ ဖူးတွေ့ပေလိမ့် လျှောက်လေသောခါ မင်းရာဇာက မြို့ရွာက်ကျွေး ဆုတော်ပေး၍ ရင်သွေးရတနာ နန်းလောင်းလျှာအား စန္ဒာသူရိယ နေနှင့်လကို အစပြုကာ မတ်မဟာတို့ သညာတံဆိပ်ဘွဲ့တော်နိုပ်၏

နန်းရိပ်ခိုလောက် သားတယောက်ကို စိန်ကျောက်ရတနာ ရံစီကာသည် မဟာပါသာဒ ပြာသာဒ်မ-ထက် ကာလမြင့်ကြာ မွေးမြူပါသော် သက်မှာပြည့်မြောက် နှစ်ဆဲ့ခြောက်သို့ ရောက်လတ်သောခါ ခမည်းတော်က သည်းချာစန္ဒသူရိယအား ရာဇာဘိသေ သွန်းတုံပေ၍ ရွှေပြည်တိုင်းမြတ် အရပ်ရပ်ကို နှင်းအပ်ကာလ ကြင်သက်မျှသည် စန္ဒမာလာ တောင်နန်းညာနှင့် နှစ်ဖြာတူကွ ပြည်ဧည့်၌ နေလအတူ စိုးတော်မူသည်။ ရိပ်ဖြူကနက် ဖြန့်မိုးတည်း။

ပေါ်ဦးကမ္ဘာ တိုက်စကြာဝဠ် အချဗဟို တောင်မြင့်မိုရ်၏ သားကိုခွေရစ် မော်ကွန်းစိုက်လျက် ထွန်းလိုက်ကြက်သရေ ကျွန်းသပြေတွင် အလယ်မဏ္ဍိုင်မြေခရိုင်၌ ဥကိုဘွေထိပ် ဗောဓိရိပ်ဝယ် ဖိတ်ဖိတ်ရောင်တင် ပေါက်ပလ္လင်က သံကျင်ဆူးငုတ် ပြောင့်ခလုတ်ကို ပယ်ဖြုတ်သုတ်သင် ရှင်းအောင်မြင်သည် ချစ်ရှင်မြတ်စွာ ထွက်မဟာနှင့် တနာရီတည်း ကွာမဝေးအောင် မွေးဘွားတုံဘိ ကျော်ကိတ္တိနှင့် သူရိယရာဇာ တိုင်းရက္ခာဝယ် မဟာနရိန် အသမ္ဘိန်ဟု လျှံထိန်ပြိုးပြက် ရွှေနန်းထက်၌ ကနက်ရတနာ ဖြန်ကြက်ကာဖြင့် အာဏာနှင်းနှိပ် သတင်းဟိတ်နှင့် ဖြူရိပ်မိုးကာ စိုးစံပျော်သော် သက်တော်ထင်ရှား ငါးဆယ့်ငါးသို့ ရောက်ငြားသောခါ ထိုသရော်၌ ကမ္ဘာဝသုန် လှုပ်တုံသွက်သွက် အိုးထိန်းစက်သို့ ရှစ်ဘက်ဂြိုဟ်ကြီး ခရီးငါးပါး အကောက်သွားလျက် သုံးပါးခြောက်စု ဥတုရာသီ မညီဆုတ်သည် ထူးကဲအတိတ် နိမိတ်သုံးချက် ထင်သည်တွက်ကြောင့် ထက်မျက်ပညာ ဓမ္မာဇေယျ နာမတွင်ကာ မဟာအမတ် လျှောက်ပြန်လတ်၏ လောကဓာတ်မြေချာ သပြေညာဝယ် ဇကေရာန္နုံး တေဇာဘုန်းနှင့် နန်းလုံးကြက်သေရ တက်သည်နေသို့ ရွှေပြည်ဥက္ကင်၌ရှင်မင်းမြတ်၊ ထက်ရပ်အာကာ ရစ်လက်ျာဖြင့် တာရာနက္ခတ် လှည့်လည်ပတ်သည် နေနတ်ရထား ယန္တရားတို့ အသွားမညီ စက်ရာသီဝယ် ဗာဟီသို့ယွမ်း ပိဓိလမ်းဖြင့် ဒေါင်းနန်းဗိမာန် အသွားလွန်၍ မိုးစွန်တိမ်လယ် နက္ခတ်ကြယ်တို့ နေကိုတုပြိုင် မသွားနိုင်၍ အစိုင်တစစ် မှန်မဖြစ်ဘဲ လ,နှစ်နာရီ နဝင်းအိမ်ဝယ် ဇီဇနာပါဒ် နက္ခတ်ဂြိုဟ်သွား ဆုတ်ယုတ်ငြားလည်း မင်းဖျားပြည်သူ ဆာပူနတ္ထိ ပြစ်မရှိလည်း မြေကြီးလျှင် လှုပ်ရာတွင်လည်း အကြင်အခါ ပထဗျာဟု မဟာပံသု ကလပ်စုတွင် ဥတုနှင့်ဓာတ် ထိခိုက်လတ်၍ ရပ်မတည်နိုင် ယွမ်းကာယိုင်လျက် မခိုင်ပြိုကွဲ လှုပ်စမြဲတည်း ပျားစွဲခြင်းရာ အကြောင်းမှာက ချိုစွာအရည် ထားခဲ့ပေ၍ ပျံ့သည်ဖြစ်ငြား တိုင်းတပါးက များပြားရတနာ လက်ဆောင်သာလျှင် ဆက်လာလိမ့်မည် မချွတ်ပေတည်း အရည်ကိုယူ ပျံ့လေမှာကား တူရူဒီသာ ပျားပျံ့ရာသို့ မျက်နှာပြုမြဲ ခေါင်းတော်ဆေး၍ စွန့်ကြဲအလှူ ပြုတော်မူဟု ထုံးစုံနည်းနာ ရှေးကျမ်းစာနှင့် လျှောက်ခါကာလ ထိုခဏ၌ စန္ဒသူရိယာ မင်းရာဇာမှ အောင်ချာဌာနေ ရခိုင်ပြည်၌ နယ်ပယ်နှံ့စပ် အရပ်ရပ်တွင် ပြာသာဒ်တန်ဆောင်း ထိန်ထိန်မောင်းအောင် သိမ်ကျောင်းဇရပ် အထပ်ထပ်လျှင် တပ်မဟာရံ အတန်တန်နှင့် ရေကန်ရေတွင်းဆင်းတုရုပ်ပွား ဘုရားသပ္ပါယ် စေတီတည်၍ ကြီးကျယ်အလှူပြုတော်မူသည်. . . ။ နတ်လူသာခု ကောင်းချီးတည်း။

ဏ္ဍဏ္ဍဏ္ဍ

## စန္ဒသူရိယ မင်းရာဇာသည် ဗုဒ္ဓရမ္မဏ ပီတိဖြစ်၍တားမြစ်သောများလူမိုလ်အားတောရှိစကား

ပတ္တမြားမှန်ကူ နတ်နှင့်လူတွင် ရည်တူဘက်ရှား နှစ်ပါးမရှိ မြတ်ခေါင်ထိသည် မုနိငါးတန် ဇေက္ကံဟု တန်းခွန်ဖြစ်ငြားတို့ထွတ်ထားနှင့် ထင်ရှားကျိုးစက် ပစ္စည်းဆက်၍ အထက်ကမ္ဘာရှည်မြင့်စွာက ပါသည်ကြောင်းရင်း သို့ဖြစ်ခြင်းကြောင့် ထန်ပြင်းစေတနာ မိုယ်သို့ရွာလျက် စန္ဒာသူရိယ နရိန္ဒက ပုညကရိယာ သဒ္ဓါတိုးပွား အကျိုးအားနှင့် ဘုရားဆောက်ဦများစွာလှူလည်း ကြည်ဖြူသဒ္ဒါ စေတနာလျှင် ရေလာမစဲ မရောက်ရဲဘဲ လှော်ကဲပီတိ တိုးပွားဘိ၍ မုနိထွတ်ထား မြတ်ဘုရားကို မျက်ဝါးထင်ထင် ဖူးမြော်ချင်၍ ဆင်ခြင်စဉ်းစား ဘုံသုံးပါး၌ ဘုရားဓိပတိ ရှိမရှိကို သိသိသာသာ သတင်းနာသော် သချာကျယ်ဝှန်းသပြေကျွန်းတွင် အဝန်ကိုးရာ မဇ္ဈိမာ၌ မြေချာဥက္ကင် ဗောဓိပင်နှင့်ပလ္လင်ရတနာ ပေါက်တုံပါ၍ မဟာပရဝ လောကထွတ်ထား မြတ်ဘုရားလျှင် အများသတ္တဝါ ဝေနေယာအား ဒေသနာရေအေးတိုက်ကာကျွေး၍ ကျွတ်ပွဲခံရှာ မူခြင်းရာကြောင့် ပြာဟ္မာလူနတ် ဘုံသုံးရပ်၌ လောကဓာတ်နဂရသောဌသဝယ် ရာဇာ့ထီးဆောင်း မင်းအပေါင်းတို့ သောင်းသောင်းမွှမ်းဖျင် အောင်ပွဲဝင်ဟု ကြောင်းအင်ကျော်ငြား သတင်းကြားက များပြားရိပ်ငြား နန်းစည်းစိမ်ကို နှောင်အိမ်သွင် စိတ်ကထင်၍ ဘုရင်တုမရာဇ် မင်းအဖြစ်ကို နှစ်ချစ်သဘော မမက်မောဘဲ ဗုဒ္ဓေါမြတ်စွာ စောထွတ်ချာအား အာသာမပြေ ဖူးချင်ပေ၍ ရဝေနန်းမြတ် မြပြာသာဒ်၌ မှူးမတ်ဗိုလ်ပါ စည်းဝေးကာဖြင့် စန္ဒာသူရိယ မိန့်တော်ဟ၏ ငါ့ထံမပြတ် ရံဆည်းကပ်လျက် ဓမ္မသတ်ကျမ်းစာ တတ်စွမ်းကာဖြင့် မဟာသေနအမဇ္ဇဟု နာမဘွဲ့တတ် အိုးမှူးမတ်တို့။ ။ တမွတ်ကြငှန်း ပြာသာဒ်နန်း၌ ရံဝန်းစိုးကွပ် မှူးဆုံးဖြတ်၍ တိုင်းရပ်ပြည်သူ

ဗိုလ်လူခပ်သိမ်း မပူငြိမ်းအောင် ထိမ်းသိမ်းလိုက်ပါ ငါရာဇာလျှင် ဘဂဝါအထွတ် သုံးလူ့နတ်ကို ရိုညွတ်ကြည်ညို ဖူးချင်လို၍ ဗဟိုရ်မဋ္ဌေ တိုက်အလယ်၌ ရွှေပြည်တိုင်းမြတ် အရပ်ရပ်ကို လှည့်ပတ်ရှာထွေ သွားတော့မည်ဟု မိန့်လေတုံမြောက် မတ်တယောက်က ထောက်ထားဆင်ခြင် လျှောက်ကာတင်၏ ဘုရင်စောထွတ် လောကနတ်တို့ မအပ်မရာ နန်းပြည်ရွာကို စွန့်ခွာသဖြင့် မသွားသင့်ဟု ထောက်ချင့်စာန လျှောက်သောခါ၌ မသာသည်စိတ် မျက်မာန်ရိပ်၍ အဟိတ်တိရစ္ဆာန် တောလူဝံသို့ မတ်ဝန်မဟုတ် ဤယူယုတ်ကို နှင်ထုတ်ကြလေ မိန့်တော်စေ၏ ထိုသည်ပြီးနောက် တနေ့မြောက်က ထီးအောက်ပလ္လင် နန်းရင်ပြင်၌ တိုင်ပင်ခံရာ အဥ္စနာဟု မြောက်ညာမိဖုရား လျှောက်ကာထားက မြင်းဖျားဘုရင် ရှေ့အသွင်သို့ ရှင်မကြည်ညို တောသို့ရှိသည်. . . ကိုယ်တော်မျက်မာန် ထန်ပြင်းတည်း။

ရှေးအတိတေ လွန်လေသောခါ တောင်မျက်နှာ၌ ရက္ခာပူရ သမုတ်ကြသည် ဓညဝတီ ခေါ်ညီသာစည် ရခိုင်ပြည်၌ အမည်နာမ စန္ဒသူရိယာ မင်းရာဇာမူ မြတ်စွာထွင့်ထား သုံးလူ့ဖျားကို များစေတနာ သဒ္ဓါဗလဝ အားကြီးလှ၍ စိတ်ကပြင်းထန် ငါ့အကြံကို ရန်ဆူးရန်ငြောင့် ပင်ကာမှောင့်၍ အနှောင့်အရှက် သင်တို့ဖျက်ဟု ကန့်ကွက်တိုင်းဝေ တောသို့စေသည် မြောက်နေနန်းမ အဥ္စနနှင့် များလှတတ်မွန် မတ်ဝန်ခုနစ်ယောက် ထိုနောက်သော်တုံ နန်းရွှေဘုံ၌ တစုံတယောက် ခြေတော်အော်ဝယ် မလျှောက်ဝန့်ကျင် မတင်ဝန့်ကြ ထိုကာလ၌ နရပတိ မည်ရှိတွင်ခေါ် ဘိုးမင်းကျော်က ထုတ်ဘော်သံချို ဤသို့ဆို၏ အဟိုစဉ်လာ မဟာသမတ ပဌမက စ၍ဆင်းသက် အဆက်ဆက်၌ ကနက်စံပျော်မင်းရာဇာအား ပမာပုံပြ လိပ်စူဌတို့ ကာလမြင့်ကြာ ကျက်စားပါလည်း ခန္ဓာကိုယ်ချည်း ပြည်ခွင်ထဲက ထွက်မြဲထုံစံမရှိပြန်တည်း နိုင်ငံစိုးခြင်း ထိုသည်မင်းလည်း နန်းတွင်းနန်းပြင် ထွက်ဝင်လူးလာ ဥယျာဉ်သာထက် ပြည်ရွာရပ်ခြားတိုင်းတပါးသို့ သွားရိုးနတ္ထိ ထုံးမရှိလည်း မုနိပရမေ ပွင့်ထုံပေလည်း အဘယ်ဌာနေ အဘယ်ပြည်၌ ရှိသည်မုက္ခ မသိရဟု စန္ဒသူရိယာ မင်းရာဇာအား ဘိုးတော်နရပတိ ဆိုသည်ရှိသော် မသိမလိမ္မာ ငါ့ဘိုးတော်ကို တောမှာနေစေ မိန့်တော်ထွေ၍ မရယ်မပြုံး နှုလုံးမသာ စန္ဒရာနှင့် ဖလ်ဝါနေဝန်း ရာဟုဘမ်းသို့ ညှိုးနွမ်းမရွှင် မကြည်လင်၍ ရှေးသွင်အလား မင်းခမ်းနား၌ တရားသဘင် စီရင်ကွပ်ညှပ် မဆုံးဖြတ်ဘဲ ပြာသာဒ်ရတနာ နန်းသိင်္ဂါတွင် ညီလာမခံ မထွက်စံဘဲ သလွန်သဥ္စာတိုက်ခန်းသာသို့ ရာဇာဘုရင် ခိုကာဝင်၍ ငါလျှင်ထင်ရှား ဘုံသုံးပါး၌ ဘုရားဗုဒ္ဓ ဒုလ္လဘကို အရကြိုက်ကြံမင်းဖြစ်တုံလျက် သုံးဘုံပရမေ မြတ်စိန္တေကို ငါဝယ်မုက္ခ မဖူးရက ဓညရက္ခာ တိုင်းအောင်ချာကို အာဏာစိုးချုပ်ထီးဖြူအုပ်၍ မင်းလုပ်ပြီးထွေ စိုးလျက်နေသည် ငါဝယ်နတ္ထိ ကျိုးမရှိဟု မိမိကာယ ဇီဝိတ-ကို စိတ်ကမက်မောမနှမြောဘဲ ဇောစိတ်တုပ္ပတ် အာရုဏ်ညွတ်လျက် သက်ပြတ်ဇီဝေ သေပါစေဟု ရေစာမစား ထဝမသွားဘဲ နွမ်းပါးညှိုးလျော်သလွန်ပေါ်ထက် ကိုယ်တော်လျောင်းစက် ခွန်းမမြွက်ဘဲ သုံးရက်မြောက်ခါ မိတ်ကလျာဟု တောင်ညာနန်းမ အစိုးရသည် စန္ဒမာလာ ဆင်းကလျာက များစွာပူပင် မိမိလင်ကြောင့် မရွှင်ညှိုးနွမ်း မီးခိုးသန်းသို့ တောင်နန်းမဟာ ဆင်းကလျာလျှင် ကြံကာစဉ်းစား ဤမင်းဖျားသည် တရားသက်ဝင် ဘုရားရှင်အား ဖူးမြင်စိတ်ဓာတ် ဇောကြည်ညွတ်၍ ကပ်တုံစွဲပြန် ဥပါဒါန်ကြောင့် ရုပ်နာမ်ညှိုးလျက် ဥပ္ပါဒ်ဖြစ်မည် မချွတ်ပေတည်း ကြီးကျယ်နက်နည်း ဤအရေးကို ဆွေးနွေးတိုင်းထွာ လွန်လိမ္မာသည့် ပညာရှိနှင့် ကြံသော်သင့်ဟု နန်းမြင့်ကြက်သရေ လှမြတေသည် မဟေညာရ မှတ်ပြီးမှလျှင် ဓမ္မဇေယျ တွင်နာမဖြင့် အဂ္ဂမဟာ ပညာဝါနှင့် တောင်ညာလှချော တူနှီးနှော၍ ပြောဟောတိုင်ပင် လျှောက်ဦးတင်သည်။ ဘုရင်မင်းဖျားထံတော်တည်း။

ဏ္ဍ ဏ္ဍ ဏ္ဍ

## စန္ဒသူရိယမင်းသည် ပြင်းထန်သော သဒ္ဓါဇောမြောက်လျက် ပေါက်ပေါက်ပန်းမာလ်နှင့် စိဋ္ဌာန်၍ မြတ်စွာဘုရားကို ပင့်ဘိတ်မံခဏ်း

ဗန္ဓုကာလ ကေသရနှင့် တိန,ဟူသည် လေးဆူအရိုး ခြင်္သေ့မျိုးတွင် တန်ခိုးကြီးစွာ ကေသရာတို့ ရတနာမဥ္ဇူကျောက်လိုဏ်ဂူက ထွက်ပြူသောဟန် ကွန့်မြူးခံသို့ နိုင်ငံစိုးခြင်း အမင်းမင်းတို့ ဝပ်စင်းပန်ထွာ ရတနာနှင့် မန္တာသက ဆက်လှာကြသည် နရတမွတ် ပြည်သူနတ်။ ။ သုံးရပ်ဘုံသူ သုံးမည်လူတွင် မှန်ကူသင်းကျစ် ဓမ္မရာဇ်ဟု မကိုဋ်ပ်တ္တမြားမြတ်ဘုရားကို မင်းဖျားပရမေ ဖူးလိုပေက ရဝေယဉ်ဆန်း ပြာသာဒ်နန်းကို သန့်ပြန့်စင်စွာ ပြုပြီးခါမှ နံ့သာမွှေးကြည် ဆွတ်ဖြန်းပေ၍ ဝေဝေဖြိုးဖြိုး ရေချမ်းအိုးနှင့် အမိုးဗိမာန် ကြက်ကာရံလျက် တံခွန်ကုက္ကား မလေးပွားဟု ဘုရားတန်ဆာ တင့်တယ်စွာဖြင့် နိတျာခေါင်ရမ်း ဖန်ရည်စွမ်းသည် သက်န်းသပိတ် ပရိက္ခရာစုံလင်စွာနှင့် ရသာဆွမ်းအုပ် သင်ပုတ်

ရေချမ်း ဆန်ပန်းပေါက်ပေါက် ဖျင်ပြောက်ဖျင်နီ ခင်းစီထပ်ထပ် ပန်းချပ်မျက်ကွင်း နန်းတော်တွင်း၌ သန့်ရှင်းစီရင် တန်းဆာဆင်၍ ရေစင်ပန်းဆိုင် ဆီမီးတိုင်နှင့် မွှေးကြိုင်ပန်းမာလ် နေ့မကျန်ကို စီမံပြီးငြား ရှင်မင်းဖျားက ဘုရားသပ္ပါယ် မြတ်စိန္တေအား မှန်ရည်ပြီးလျှင် ပူဇော်ချင်လော ကိုယ်တွင်သီလ အဌင်္ဂနှင့် ညွတ်ခကျိုးနွံ နေ့မကျန်အောင် ပန်းမာလ် ပေါက်ပေါက် ချီကာမြှောက်၍ ဝမ်းမြောက်စိတ်သန် စိန္တေယျံကို ဓိဌာန်၍သာ ပင့်တုံပါမူ စကြာဝဠာရပ်ခြား ဆီးကာ ငြားလည်း မင်းဖျားရာဇာ သုံးလူချာအား ပါရမီပြည့်စုံ ဖူးထိုက်ကြုံက ဥမုံမုတ်ချ သတ္တမဟု ဒီဝ,ရေတွက် ခုနစ်ရက်တွင် ဆက်ဆက်မကြာ သုံးလူ့ချာလျှင် ကြွလာလိမ့်မည် လျှောက်ထုံလေက ရွှေကြာနေလှမ်း နှင်းရည်ဖျန်းသို့ ရွှင်လန်းကြည်လင် ယခုပင်လျှင် ချစ်ရှင်မြတ်စွာ များသယ်ာနှင့်ကြွလာသည့်သွင် စိတ်ကထင်လျက် လျှောက်တင်သမျှ မှုကိစ္စကို တစမကျန် ပြုစီမံ၍ ဦးဆံဆေးကာ ဖြူစင်စွာလျှင် တန်ဆာဝတ်စား ဆင်ယဉ်ငြား၍ သုံးပါးသရဏာ ရှစ်ဖြာသီလ အဌင်္ဂကို ဆယ်ချောင်းလက်စုံ ကြာပဒုံသို့ အာရုံစိတ်မှတ် သုံးလူ့နတ်ကို ရှိညွတ်ကျိုးနွံ ပင့်ခြင်းဟန်က ငါးမာရ်ကုန်ခမ်း ခြောက်ရောင်ထွန်းသည် အောင်ပန်းသခင် မြတ်ရှင်ပင်။ ။ သောင်ခွင်မြစ်ကမ်း နစ်ကာမွမ်းသည် ပင်ပန်းကြီးစွာ သတ္တဝါအား ဒေသနာရေအေး အမြိုက်ဆေးကို တိုက်ကျွေးအံ့ငှါ မဇ္ဈိမာက ကြွပါရှင်စော မြတ်ဗုဒ္ဓောဟု မနောစိတ်သန် ပင့်ဘိတ်မံ၍ ဓိဌာန်သစ္စာပြုခြင်းရာကား သမ္မာစာဂ ငါ့သီလလျှင် ဂုဏဖြိုးဖြိုး ကြီးတန်ခိုးကြောင့် ကိုးနာဂုဏ် ပြည့်ဖြိုး စုံသည့် သုံးဘုံပရမေ မြတ်ဗုဒ္ဓေကို ငါဝယ်ခုမုံ ဖူးထိုက်ကြုံ၍ ပဒုံရွှေစက် ရာရှစ်ထက်နှင့် ရက္ခသာစည် ဤသည်ပြည်သို့ ကြွမည်ဇကံ တကယ်မှန်မူ အရဟံသတ္တာ ဘဂဝါအား သဒ္ဓါရည်လျက် ဤပန်းခက်တို့ ရက်သတ္တလည် မပြေရနန်း ပွင့်သစ်ပန်းသို့ လန်း၍တင့်တယ် ရှိပါစေဟု စိတ်ရည်ဓိဌာန် ပြုတုံပြန်က ပန်းမာလ်ထူးဆန်း မညှိုးနွမ်းဘဲ လန်းကာသာ ရွှင်ရှိခြင်းအင်ကို မြင်လေသောခါ မင်းရာဇာသည်. . .။ သဒ္ဓါပီတိ နှစ်သိမ့်တည်း။

သေဌ္ဌဇေဌ္ဌ အမည်ရလျက် ဒေဝနတ်လူ မိုးသူဗြာဟ္မာ ဘုံသုံးရွာတွင် အချာဦးစွန်း လ,ပြည့်ဝန်းသို့ ထွန်းသည် ဉာဏ်ရောင် ဆောက်ထောင်စိုက်လား တန်းဆောင်မက လင်းပြောင်ပ-လျက် မမျှသူရိန် ထိန်ထက်ထိန်၍ မမှိန်နေလ ပ-ထက်ပ-သည် မရာဘက်ကင်း မင်းထက်မင်းဟု မှန်ကင်းတုလွတ် မြတ်ထက်မြတ်၍ လူနတ်ဆရာ သာထက်သာလျက် ဂုဏ်ဝါသတင်း သင်းထက်သင်း၍ လျှံဝင်းကိုယ်ရောင် ပြောင်ထက်ပြောင်သည် ဦးသျှောင်သင်းချပ် မှတ်ထက်မှတ်လျက် လူနတ်မကိုင်ရ ဖြစ်ထက်ဖြစ်သည် ရှင်ချစ်မြတ်စွာ စောထွတ်ချာလျှင် မဟာနဂရ ကျော်ပေါက်ပြလျက် ကောသလတိုင်း သမိုင်းတွင် သိသာဝတ္ထိမုနိမြတ်စွာ မွန်ထေရ်ပေါင်းရံ၍ ဇေတဝန်ရောင်မောင်း သူဌေးကျောင်းတွင် ကျိန်းအောင်းမွေ့ လျော ထိုသရော်၌ လေးဘော်ပရိသတ် လူနတ်များစွာ ခြံရံကာဖြင့် ရတနာပလ္လင် မြတ်ဥက္ကင်ထက် ရောင်ထင်ပ- ထွန်းလပြည့်ဝင်းသို့ တင့်ဆန်းက္ကန္ဒေ သပ္ပာယ်နေသော် ရွှေပြည်ရက္ခ မြို့ခညက စန္ဒသူရိယ ဒါယကာလျှင် ပဋ္ဌနာကြဲဖြန်း ပေါက်ပေါက်ပန်းတို့ ပျံ့သန်းရုံးရုံး ပျားပတုံသို့ ဘုန်းတော်ကြောင့်သာ ထက်အာကာက မြတ်စွာဘုရား ခြေတော်ဖျား၌ ကျငြားတုံမြောက် တဖြောက်ဖြောက်နှင့် ပေါက်ပေါက်ရတနာ ဖြစ်တုံလာ၍ မြတ်စွာရှင်ချစ် ဘမို့နစ်မျှ မဖြစ်ခဲ့ဘူ လွန်ဆန်းထူးဟု ဖူးမြော်ကြသူ နတ်နှင့်လူတို့ ဟူဟူသမျှ အံ့သြကြလျက် တချို့ကသာ မှတ်ခြင်းရာက ဗြာဟ္မာမိုးနတ် ထက်ဘုံရပ်က ဖျားလတ်တုံမြောက် ပန်းပေါက်ပေါက်ဟု ဝမ်းမြောက်ဝမ်းသာ တချို့မှာလည်း အသာယူကောက် ဤပေါက်ပေါက်တို့ စိန်ကျောက်နှင့်မူ သဏ္ဌာန်တူဟု နတ်လူရောနှော တသောသောနှင့် ပြောဟောကြရာ သုံးလူချာလျှင် ကြောင်းရာဇာတိ ဉာဏ်ဆီမိနှင့် သိမြင်တော်မူ သယမ္ဘူက ရွှေဇမ္ဗူရာဇ် လှော်ဥသစ်သို့ ခြောက်ပြစ်မသန်း ရှုမခန်းသား နှုတ်ခန်းနှစ်ဖြာ ဝစီယာဝယ် နိတျာရွှေသား ပတ္တမြားကွက်လယ် နေခြေအဆင်း ရဲရဲမျှဝင်း ခံတွင်းတော်ထွတ် လျှာတော် မြတ်နှင့် နဝရတ်စီအုပ် သွန်းရွှေကြုတ်၌ ကုမုတ္တရာ ပွင့်သောကြာသို့ သွားတော်လေးဆယ် စွယ်တော်လေးချောင်း မောင်းလှအရောင် အာကာဘောင်ဝယ် ပြောင်တဝင်းဝင်း လျှပ်ရောင်လင်းသို့ ရှင်းရင်းပရမေ ပြုံးတုံလေသည်. . .။ အံ့ဘွယ်ထူးဆောင် ထူးဆန်းတည်း။

အနန္တစကြာဝဠာ အာဏာဇာတိ ခါတ်ဝိသယ သုံးလောကတွင် ဓမ္မသာမိ သမ္မောဓိဟု မရှိဆရာ မိမိသာလျှင် သိသာနိုင်တတ် အထုပ္ပတ်ကြောင့် မြတ်သမ္ဗုဒ္ဓေါ နတ္တာရောဟု ပုဒ်ဟောထာ လာသည်အတိုင်း ဉာဏ်ကသိုဏ်းဖြင့် မဆိုင်းကုန်စင် ကြွင်းမဲ့မြင်သည် ဗုဒ္ဓက်ျုရ စိန္တေယျဟု လောကပရမေ ပြုံးတုံလေသော် ရှိသည်များစွာ ထေရ်သယ်ာတွင် ညီတော်အာနန် လျှောက်တောင်းပန်၏ အရဟံအစ သုဂတေဟု နဝဂုဏ်းပေါင်း အစုံပေါင်း၍ ထုံညောင်းဘဝဂ် မိုးကြိုးစက်တို့ ဒြာရဟတ္တမတ် ထားသံလျက်နှင့် ဖလ်စက်တဆူ ဥဏ္ဏာဂူသို့ သယမ္ဘူဉာဏ် အမြင်သန်နှင့် ဆက်ဆံပေါင်း ဘက် အကြောင်းဆက်သည် ဖိုလ်မဂိသခင် နိတ်ဗ္ဗာတ်ရှင်. . .။ အရှင်ဤမျှ သမယဟု နှစ်လစုပေါင်း မြင့်ကြာညောင်း လည်း အကြောင်းဝိသေ မရှိချေဘဲ စိန္တေထွတ်ဖျား စောဘုရားလျှင် သောမနဿ ရွှင်ပ-ဝမ်းသာ မပြုံးပါသည် ခုခါ

အံ့လောက် ပန်းပေါက်ပေါက်တို့ သွန်းမြှောက်သောသွင် ကျချင်းအင်ကြောင့် ရှင်ပင်ပရမေ ပြုံးတုံလေသည် မွှေးကြည် ထူးဆန်း ပေါက်ပေါက်ပန်းလျှင် ကြောင်းလန်းဘယ်သို့ ရှိတုံမြို့ဟု လူတို့အထွတ် သုံးလူနတ်ကို ရှိညွှတ်သုံးလီ လက်ဦးချီ၍ ညီအာနန္ဒါ လျှောက်လေပါသော် မဟာသကျ ဥတ္တမက ထုတ်ဟ-သံချို ဤသို့ဆို၏ ငါ့ကိုတောင်းပန် ညီအာနန် နာခံ၍သာ စေ့စေ့နာလော ဇလာတွင်မြောက် ပန်းပေါက်ပေါက်သို့ သွန်းမြှောက်သောတွင် ကျလှာကျင်သည် ကြောင်းအင် လက္ခဏာ ခိပ္ပါယ်မှာကား ရက္ခပူရ တိုင်းရဌက စန္ဒသူရိယာ မင်းရာဇာမူ ဘဂဝါထွတ်ထား ငါဘုရားကို တိုးပွားစေတနာ ဖူးချင်ပါ၍ ပင့်လာတုံမြောက် ယခုရောက်သည် ပေါက်ပေါက်ပန်းမလ် ဖြစ်သည်မှန်၍ ဝေးလွန်ရပ်ခြား တိုင်းတပါးသို့ ဘုရားငါသည် ကြွတော့မည်ဟု ဆိုလေသောခါ ထေရ်မဟာနှင့် များစွာပရိသာတ် လူနှင့်နတ်က မအပ်မရာ တိုင်းရက္ခာ တွင် ကြောင်းရာပတ္တိ ဘယ်သို့ရှိဟု ကြားသိချင်ရာ လက္ခဏာကို ပညာဆင်ခြင် သိတုံကျင်၍ ရှင်သာရိပုတ္တရာ ထေရ် မဟာလျှင် နေရာတော်က အသာထလျှက် ပါမဟတ္တာ ပခုံးမှာ၌ ဖလ်ဝါရောင် ရွှမ်းလျှော်သက်န်းကို ဖြန့်ဝန်းယှငင် အသာတင်၍ ခိုဝင်တုံပြား မြတ်ဘုရားကို ညွှတ်တွားဝန္ဒနာ ပါဌ်ဂါထာဖြင့် ချင်းရာထပ်လှော့က် ဤသို့လျှောက်သည် လက်မြှောက်ဦးထိပ်တင်ကာတည်း။

## ကုမာနန္တာရိကောလီရော၊ ဖုဒ္ဒေါကိဒိသာကောဘဝေ၊ ဝိတ္တာရေနဂါ–တံသောတုံ၊ ဏ္ကစ္ဆိသာမိစက္ခုမာတိ။ ။

တထကဌ အတုလဟု ဇိနအရဟံ နာမံတော်သစ် ဘုံသုံးတိုက်၌ မကိုဋ်သရဖူ ဖြစ်တော်မူသည် နတ်လူဆီမီး သမ္မောခိကြားသိချင်းရာ ယခုခါ၌ မဟာမဇ္ဈိမ သောဠသဟု ချက်မခရိုင် ဘွေမဏ္ဍိုင်က ရခိုင်ပူရီ ပြည်ဌာနီသို့ ကြွချီအံ့ငှါ အကြောင်းမှာက ချင်းရာတစိ ဘယ်သို့ရှိလိမ့် သူရိယရာဇာ ပင့်သည်မှာလည်း ကြောင်းရာထူးကဲ ဘယ်အရေး ကြောင့် ပစ္စည်းဆက်လက် အကျိုးဆက်နှင့် အထက်ကမ္ဘာ ရှည်မြင့်စွာက ချင်းရာထူးကဲ ဘယ်အရေးကြောင့် ဝေးခြား မြေတာ တိုင်းရက္ခာသို့ စကြာချီမြောက် အဘယ်လောက်မှ နောက်သမ္ဘုဒ္ဓေ ပြန်ကြွပေလိမ့် အမည်ထင်ရှား သတင်းများမှ မကြားစဘူး လွန်ကဲ့ထူးသား ဝေးကျူးရင်ကွာ တိုင်းရက္ခာကို ပမာမမူ ရေးမယူသင့် ရေးယူခြင်းကြောင့် အလင်းသိချင် မြတ်ရှင်ပင်သည် ထင်ထင်ရှားရှား ထုတ်ဘော်ကြားမှ အများသံဃာ ကြောင်းချင်းရာကို ကြားနာရမည် တောင်းပန်လေ သော် စိန္တေဗုဒ္ဓရွှေနှုတ်ဟ၏ ငါ့ကိုကျိုးနွံ လက်ျာရံသည် ထေရ်ပုံမဟာ သာရိပုတ္တရာ နာလောချစ်သား ငါဟောကြား အံ့ ဝေးခြားပြည်ရွာ သမုတ်ကာဖြင့် ရက္ခာပူရ မြို့ဧည့်သို့ ငါကြွတော့မည် အကြောင်းသည်ကား ဤပြည်ဌာန မဇ္ဈိမ၌ ကမ္ဘဇရပ် ကြွင်းမဲ့ချုပ်၍ အနုပ္ပဒိဝေသော နိဗ္ဗာန်ပြည်သို့ ငါဝယ်မှန်စွာ် စံလေပါက နောင်ခါကြာလတ် အနာဂါတ်၌ မြတ်သာသနာ ငါ့ရိုက်ရာလျှင် မဇ္ဈိမဒေသ ဤဌာန၌ ကာလမြင့်ရှည် မြဲမတည်ဘဲ ပျောက်ကွယ်၍သာ တိုင်းရက္ခာ၌ သာသနာခွန့်ရှည် မြဲမတည်ဘဲ ပျောက်ကွယ်၍သာ တိုင်းရက္ခာ၌ သာသနာခွန့်ရှည် တည်လိမ့်မည်ကြောင့် ငါဝယ်ကြွသွား ငါ့ကိုယ်စားဟု ရုပ်ပွားမဟာ ရတနာနှင့် သာသနာသည် မြင့်ကာရှည်အောင် တည်သည်တကြောင်း တနည်းလောင်းသော် အသောင်းမက အသိန်းမျှသား အနန္တစကြာဝဠာ တိုက်များစွာသို့ အာဏာတော်ဖြန့် နှံ့မည်တဖြာ တနည်းမှာတုံ ဘဂဝါလူ့ဘငါမကြွက စန္ဒသူရိယာ ဒါယကာလျှင် သဒ္ဓါတရား အားကြီးပြား၍ ဆုံးပါးခန္ဓာ ပျက်ပေရာလိမ့် ငါလျှင်ထင်ရှား ကြွပေပြားမှ မင်းဖျားရာဇာ ဒါယကာလည်း သဒ္ဓါဇောမျှ တရားရ၍ ငါ့ကိုတောင်းပန် ပြုလေပြန်သော် သယမ္ဘူနတ်တဆူဓာတ်ကို လူနတ်ပြာဟ္မာ ကိုးကွယ်ငှါလျှင် ငါ၏ကိုယ်စား ရုပ်ထုထားက အများသတ္တဝါ နောက်နောင်လာတို့ တဏှာလောဘ ကာမေယဉ်၌ မျောကြွနစ်မွန်း လှည်းဘီးဝန်းသို့ ကျွန်းကိုမအောင် သောင်ကိုမပါး မြစ်လယ်ကြားက ကမ်းနားမရောက် လမ်းမပေါက်ဘဲ တောင်မြောက်လေးပါး အတွေးမှားလျက် ရွေးခြားမမြင် သူကန်း သွင်သို့ မတွင်ခရီး ခဲခဲမွှဲ၍ ရှိကြများစွာ သတ္တဝါတို့ နတ်ရွာဗိမာန် နိဗ္ဗာန်လမ်းထောက် စခန်းပေါက်၍ ရောက်ကြလိမ့် မည် ကြောင်းခိပ္ပါယ်ကို စိန္တေဗုဒ္ဓ ရွှေနှုတ်ဟသည် သံမြသာယာချိုအေးတည်း။

အခွန့်ရှည်စွာ သံသရာဟု တဏှာပင်လယ် အပြောကျယ်လျက် ဒီရေမြစ်ကြီး ဘီလာဆီး၍ ပြည်ကြီးကမ်းခိုင် မရောက်နိုင်ဘဲ မိမှိုင်ပင်ပန်း ဤဘက်ကမ်းက မျက်ကမ်းမျှော်ဆ ကျန်လစ်ကြသည် များလှထပ်ထပ် ဘုံသုံးရပ်၌ လူနတ်ပြာဟ္မာ သတ္တဝါကို ခေမာသောင်ခွင် ဆောင်လိုချင်၍ မဂ္ဂင်ရှစ်ပါး ထိုတရားကို သဘော်လှေယာဉ် ရွှေဘောင်ဆင် လျက် ယူတင်တုံပြား ဂုဏ်တော်များနှင့် ခုနစ်ပါးဗောဇ္ဈင် ရွက်ဖြူဆင်၍ လွှင့်ကျင်လိုဘိ သမ္မာခိနှင့် သတိပဌာန် ရွက်ကြိုးထမ်းလျက် မြဲကျန်းခိုင်မာ ဘာဝနာကို အချာတက်မ တက်ပြီးမှလျှင် များလှသောင်းကြမ်း လိုက်လံထမ်းသည် ငါးမန်းငါးဆင် ဘေးများဖျင်လျှင် လမ်းတွင်အတိ ဘမ်းငင်ဘိသို့ ဇာတိစ,ခါ ဗျာဒိလာလျက် ဇရာမရဏ ဝဲသြယဉ်၌

နောက်ကတစစ် စဉ်တိုင်းလိုက်လည်း သုစရိုက်ဆယ်ပါး လေခတ်အားဖြင့် ငါးပါးကာမဂုဏ် မြစ်ကြောစုံလျက် ယမုန်သီဒါ ထောင့်ငါးရာသည် တဏှာရာဂ လှိုင်းကြီးထ,လည်း ဝီရိယလျှင် တက်မ,စင်က ငါလျှင်ယိုင်မှူး ကိုင်ကာကူး၍ ကျွန်းဦးခေမာ နိဗ္ဗူတာသို့ အပါငါသည် ဆောင်ပို့မည်ဟု သခေ်္ယသချ်ာ မရေသာအောင် ဆယ်ဖြာသုံးလီ ပါရမီကို အြည်ဖြည့်ကာ ဘုံသုံးရွာ၌ မဟာသေဌ် အတုလံဟု ဖောင်ပျံသခင် အောင်လံရှင်က သဃ်ာအများ တပည့်သားတွင် တရားအရာ လွန်လိမ္မာ၍ သေနာပတိ စစ်သူကြီးဟု မြှောက်ချီးတင်ပြား ငါခန့်ထားသည် ချစ်သားမဟာ သာရိပုတ္တရာ။ ရက္ခာပူရ သမုတ်ကြသည် ဓညဝတီ ခေါ်ညီ သာစည် ရခိုင်ပြည်၌ ဆိုလေသမျှ ကြောင်းကိစ္စကြောင့် ငါကြွ၍သာ သာသနာကို နောင်ခါတာရှည် ထားလိမ့်မည်တည်း ခုဝယ်တခါ ငါနှင့်သာလျှင် စန္ဒာသူရိယ ထိုမင်းလှနှင့် တွေ့ကြရန် ရေး မဟုတ်သေးတည်း ရှည်ဝေးကာလ သမယဟု များလှသိန်းသန်း ဂဏန်းသချေ် တွက်ရေမရ မည်နာမနှင့် တည်ထ ပျက်ပြို ထိုထိုကမ္ဘာ ဆက်များစွာက သဟာယစစ် ခင်ပွန်းဖြစ်၍ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ သာသာကြည်ကြည် အဆွေခင်ပွန်း မိတ်ကြင်ကျွမ်းတည်း တဝမ်းတည်းမွေး တသွေးတည်းပင် တရင်တည်းနို့ ဝေ၍စို့လျက် မချို့နောင်ရင်း အူတုံဆင်းသည် ညီရင်းအစ်ကို ပမာလိုသို့ နှစ်ကိုယ်တစိတ် အရိပ်မပြား ဖြစ်ခဲ့ငြား၍ ရှည်လျားအထက် သံသာစက်က် ဆက်သည်ပစ္စည်း အကြောင်းရေးကြောင့် ဝေးခြားမြေတာ ဖြစ်ကြပါလည်း သဒ္ဓါဇောပွင့် ငါ့ကိုပင့်လျက် အခွင့်သင့်ထွေ ငါကြွပေ၍ ခွန့်ရှည်မြင့်ကြာ သာသနာနှင့် မဟာရုပ်ပွား ငါ့ကိုယ်စားကို တည်ထား၍သာ တိုင်းရက္ခာ၌ သုံးပါပတ်လုံး သီတင်းသုံးမည် သို့ဖြစ်သည်ကြောင့် မထေရ်အများ ငါ့ချစ်သားတွင် သဘောရည်တူ သွားလိုသူကို အတူတကွ လိုက်ခဲ့ ကြဟု မြွက်ဟ,ချီးကျူ အခွင့်ပြုသြည်။ ပုံ့ပျူသာယာ အေးအေးတည်း။

ဖဿဖဿဖဿ

## အစိန္တေယျ မုနိန္ဒသည် ဓညဝတီသို့ ကြွချီတော်မူစဏ်း။

သတ္တသင်္ခါရ သြကာသဟု လောကသုံးဘုံ အလုံးစုံကို အကုန်အစင် ကွင်းမေ့မြင်၍ ခေါ်တွင်နာမ လောကဝိဒူ လောကုတ္တရာရ လောကဇေဋ္ဌ လောကသာမိ လောကဓိပတိ အမည်ရှိလျက် တြိလူတွင် ဘက်မမြင်သည့် မဂ္ဂင်ယာဉ်မှူး တင်ဆောင်ကူး၍ ကျွန်းဦးနိဗ္ဗာန် အရောက်ဆန်လျက် သံသရာစက် ဘုံသုံးကွက်က လွတ်ထွက်ခွါကန် ခေါက်မပြန်သည် အောင်လံသခင် ဖောင်ပျံရှင်ဟု အဌဂ်မာ မဂ်နဝါကို တက်ကိုစိုးရ သမ္ဗုဒ္ဓက၊ မြွက်ဟချီး အခွင့်ပေးသော် ညစ်ကြေး တဏှာ ကိလေသာကို ခဝါရှော်ဖွပ် အရဟတ်နှင့် ပညတ်တွင်ဘိ သမုတိဟု ရှိသည်အများ ထေရ်သဃ်ာတို့ ညီညာဖြဖြ တိုင်ပင်ကြ၏ ဗုဒ္ဓဘုရားထံတော်ပါး၌ တရားရသာ မြိုက်သြဇာကို နားမှာဝဝကြားနာရသည် သာဝကအပြား ငါ့ရှင်များ တို့ ဘုရားသုံးလူ့ သဗ္ဗညုသည် ယခုအခါ ဒေသစာဖြင့် ရက္ခာပူရ မြို့ဓည၌ ထွန်းပ-ရောင်ဝါ သာသနာနှင့် ရတနာရုပ်ပွား ကိုယ်တော်စားကို တည်ထားတော့မည် သို့ဖြစ်ပေ၍ ဤသည်အခိုက် ငါတို့လိုက်က အမြိုက်တရား နတ်လူများကို ဟောသည်ကာလ ကြားနာရမည် အမှတ်တည်၍ မထေရ်မြတ်မွန် ငါးရာရံလျက် စံဥပမာ ပြုစရာကား ကြာအိုင်အတွင်း ဟသ်ာမင်းလျှင် သက်ဆင်းစံလျက် ပျံကာတက်သို့ အထက်ဝေယံ ပြသာဒ်ပျံနှင့် တိမ်စွန်အာကာ ကြွလေပါသည် အံ့အာသရဲ မကုန်တည်း။

## သမ္ဗုဒ္ဓတ မြတ်ဗုဒ္ဓလျှင် ဓညဝတီပြည်ဌာနီ နဂရသို့ ဒေသစာရီ ချီကာကြွ၍ မောရပဗ္ဗတ သေလာဂီရိ နှစ်မည်ရှိသော ကျောက်တော်တောင်ထိပ်ထက်တွင် လျှောသက်လျက် နှုတ်မြွက်တော်မူစန်း

ဘဂဝန္တံသာဝတ္ထိယံ၊ သဗ္ဗသယံပရိယိတွာ၊ အာဂတွာဓညာတီယံ၊ နဂရေမောရပဗ္ဗတေယာပေတိ အစရှိသော သီဟဠပါရာဇိက အဌကထာ အနက်လာအရကို အချက်ကျယောဇနာသော် ဘဂဝန္တေ၊ ဘုန်းတော်ခြောက်ပါး မြတ်ဘုရား သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်မဖျှိမေမှ။ သဗ္ဗသယ်ာသ၊ ခပ်သိမ်းသော တပည့်သားသဃ်ာ-ရဟန်းတော်တို့သည်၊ ပရိယ်တွာ၊ ရှေ့နောက်ဘယ်ညာ ခြံရံလျက်။ အာဂတွာ၊ ဒေသစာရီ ကြွချီတော်မူလေ၍၊ ဓညဝတီယံ၊ ဓညဝတီပြည်ဌာနီ၌၊ မောရပဗ္ဗတေ၊ ရွှေဥဒေါင်းတစစ် ရှေးအခါက မွေ့လျော်ရာ ဖြစ်သောကြောင့် မောရပဗ္ဗတအမည်ရှိသော တောင်၌ ယာပေသိ၊ ဣရိယပထ မူတသပ္ပါယ် မြတ်မဟေလျှင် ရပ်နေတော်မူလေ၏။

မဟာပရမတ် သာတုလွတ်သား အရဟတ္တမြတ်ညာဏကို စိုးရသေဌ်နင်း တရားမင်းဟု မှန်ကင်းတန်းဆောင် လျှံလင်းပြောင်သို့ ခြောက်ရောင်တော်ထွန်း သုံးတိုက်ခန်း၌ မလွှမ်းမိုက်မှောင် နေစက်ရောင်ထက် ရာထောင်မက ထွန်းလင်းပသည့် ဗုဒ္ဓပါရကူ သယမ္ဘူကဘိက္ခူများစွာ ရံပတ်အထပ်ထပ်ဖြင့် မြတ်အတုလသုဂတက ရက္ခမဏ္ဍိုင် တိုင်းရခိုင်၏ ခရိုင်အဝင် ရော်လေကျင်သော် ထိုသရော်၌ ထင်ပေါ်ဂီရိ မည်ရှိမြင့်ခေါင် ကျောက်တော်တောင်တွင် ဘုန်းခေါင်မြတ်မွန် ပြာသာဒ်ပျံနှင့် စျာန်ယာဉ်လျှောသက် တောင်ထိပ်ထက်က လက်ဝဲလကျ်ာ လေးမျက်နှာဟု ဒီသာရှေ့နောက် တောင်မြောက်လေးပါး ရှုလေငြားသော် စပါးသီးနှံ့ သလဲဆန်းတို့ အလွန်ပွားကာ ကောက်ပင်များကို ဘုရားသခင် ရှုကာမြင်သော် နောက်တွင်မကွာ အာနန္ဒာအား သာယာသံချို ဤသို့ဆို၏။ ပုဂ္ဂိုလ်များလှ သာဝကတွင် ရ-တုံငါးချက် ဧတဒဂ်က ထက်မျက်လိမ္မာ ပညာလျှင်လျှား မြဲငြားသတိ ရှိသည်လုံ့လ ဉဿဟနှင့် ဗုဒ္ဓထွတ်ဖျား ငါဘုရား၏ ထံပါးမြတ်လေး မပြတ်မြဲလျက် လုပ်ကျွေးတတ်ငြား အကြားအမြင် ဤငါးအင်ကြောင့် ငါလျှင်နှုတ်မြွက် ဧတဒဂ်ဟု တင်လျက်ငါးခါ ရတုံပါလျက် ကြောင်းရာတိုးပွား အကျိုးများသည် ညီဘွားလိမ္မာ အာနန္ဒာ. . . ရက္ခာပူရ သမုတ်ကြသား ဓညဝတီ ဤဌာနီကား မြေဆီသြဇာ ကောင်းခြင်းရာကြောင့် ကိုင်းယာအထဲ တိုးပွားကဲ၍ ကောက်ပဲသီးနှံ့ သလဲဆန်ကြောင့် ဓညံပြည့်ဝ ကုန်လော်ငြ၍ ဓညဝတီ ငါးဘွဲ့ချီ၍ ဌာနီနဂရ ဤပြည်မကို မိန့်ဟဟောကြား ငါတပါးသာ ပြည်ဓညာဟု သညာတံဆိပ် ခပ်မနှိပ်တည်း အတိတ်ရှေးခါ ဤကမ္ဘာ၌ ဘဂါထွတ်ထား ဂုဏ်ကိုးပါးဖြင့် ဘုရားမြတ်မွန် ကက္ကုသံနှင့် တဘန်နောက်တုံ ဂေါဏဂုဏ်က ခေါ်တုံနာမ ကဿဖဟု ဗုဒ္ဓဘဂဝါ မြတ်နောင်တော်တို့ ရက္ခာပူရ ဤပြည်မ-ကို ဓညဝတီတိုင်းဌာနီဟု ဘွဲ့ချီသတ်မှတ် မော်ကွန်းတပ်၍ ခပ်သ-တံဆိပ် ရွှေဗျာဒိပ်ကို နှိပ်ဘူးကြပြီ ဤဌာနီဝယ် မြေဆီတိုးပွား မိုယ်းသွန်းငြား၍ စပါးကောက်ပင် စိုက်ပျိုးကျင်သည် မြေပြင်တင်းကြမ်း နှံ့မခမ်းတည်း ရဟန်းတရား ရှာကြိုးစားသည် ချစ်သားထေရ်ကျော် သဃ်ာတော်တို့ ရှုမြော်စေ့စေ့ ယခုကြည့်လော မြေ၏ချက်ချာ မဇ္ဈိမာနှင့် ချင်းရာမူလ မတူကြတည်း ဓညသာစည် ဤဌာနီ၌ ဆန်ရေစပါး လွန်ပွားများလည်း ပြည်သားပြည်သူ ဗိုလ်လူတကာ မသမာဘဲ သစ္စာမရှိ မသိတရား စကားမမှန် ကျန်းဂန်မသိ မရှိအကျင့် အသင့်မယူ မဖြူနှလုံး မသုံးသီလ မျက်မာနနှင့် ပါပ-ဆိုးသွမ်း ကြမ်းတမ်းခက်မာ ရှေးအခါ၌ ရက္ခာဘီလူး နေခဲ့ဘူး၍ ကြူးသည်အစား သားငါးလှီးဖျက် သူ့သက်ခန္ဓာ ညာတာမရှိ ပြုတတ်ဘိဟု မုနိဇိနော် ကြောင်းရာဘော်၍ ရှင်ကျော်ဤသို့မိန့်၏တည်း။

ကာမသဝေါ အဝိဇ္ဇောနှင့် ဒိဋ္ဌောကစ သုံးလောကဝယ် ဩဃလေးဖြာ ပွက်ပွက်ငြာလျက် လဟာည္ဆန်ပြောင်း ရေယနောင်း၌ တပြောင်းပြန်ပြန် တဘန်ဘန်လျှင် ရုပ်နာမ်နှစ်ပါး ပေါင်းရှင်ငြား၍ သွားလာမဆုံး လမ်းမတုံးဘဲ သုံးဆဲ့တမည် ဘုံစဉ်မွှေလျက် လှည့်လည်မျောပါး နတ်လူများကို ရထားလက္ခဏာ ယာဉ်စကြာနှင့် တင်ကာဆောင်လှန်း မှာဘက်ကမ်းက အောင်နန်းသာစည် ဘေးမဲ့ပြည်သို့ ပို့ပေနိုင်တတ်သာ့ထုလွတ်သည် လူနတ်မျက်ရှု သဗ္ဗညုဟု ကေတုမာလာ ဘဂဝါက သာယာချိုမြ ဆိုမြွက်ဟ လောဘတဏှာ အဝိဇ္ဇာကြောင့် ပိတ်ကာမှောင်ကျ သုံးလောကကို နိဗ္ဗိန္ဒဉာဏ် အရင်းခံ၍ တွန်းလုံဖြိုဖျက် မလိုရက်ဘဲ ဖိုလ်မဂ်ချမ်းသာ လမ်းကိုရှာလျက် သမာဆန္ဒလုံ့လရင်းခံ ထက်သံကြီးမား ငါဘုရား၏ ထံပါးတော်မြတ် မှီချမ်းကပ်လျက် လိုအပ်သမျှ ပြည့်စုံကြသည် သာဝကပေါင်း သူတော်ကောင်းတို့ အကြောင်းသိစေ ငါမိန့်ပေးအံ့ ဤသည်ဝေမှောင် သေလာတောင်တွင် ယခေါင်အခါ မောရိယာဟု ငါလျှင်တစစ် ဒေါင်းငှက်ဖြစ်၍ သနစ်လက္ခဏာ ကြောင်းခြင်းရာကြောင့် မောရာဂီရိ မည်ရှိနာမ တွင်ပြီးမှလျှင် ကာလမြင့်ကြာ ယခုခါ၌ သောလာဂီရိ တွင်ထုံဘိ၏ ကြားသိကြစေ ကြောင်းတသွယ်ကား ဤသည်မြစ်မ သာဂရကို ဂစ္ဆာဘနဒီသည်နာမည် ခေါ်ကြပေ၏ မြစ်မ-သီဒါ နောက်မျက်နှာတွင် ရေသာကွန့်မြူး ကမ်းနဖူး၌ မြင့်ဖြူးသီခေါင် ထိုသည်တောင်ကို လူ့ဘောင်ဝေါဟာ လူတကာတို့ သီသာပဗ္ဗတ နောင်ကာလ၌ ခေါ်ကြလိမ့်မည် ကြောင်းဓိပ္ပါယ်ကား ငါဝယ်ရှေးကပြဟ္မဏဟုဖြစ်ထသောခါ ထိုသေလာ၏ ဒီသာဥတ္တရ ရပ်ဌာနတွင် များလှသောင်းသောင်း တပည့်ပေါင်းနှင့် တက်ကောင်းဗေဒင် ပညာအင်ကို သွန်သင်ပြသ နေကာလ၌ သခ်ါရဓမ္မတာ ရောက်သောခါလျှင် သီသာတွင်ရှောင်း တပည့်ပေါင်းတို့ ဦးခေါင်းခွံကိုး ငါ့ခေါင်းရိုးကို မြတ်နိုးသနာ ထိုသေလာ၌ ဂူဟာလိုဏ်မုတ် အုပ်ကူလုပ်လျက် သွင်းမြုပ်သိုထား သို့ဖြစ်ငြား၍ ကျော်ကြားနာမံ ခေါ်ခြင်းဟန်ကား သီသံဦးခေါင်း ထိုအကြောင်းကြောင့် ဗင်းနေရာ ထိုသေလာကို သီသာပဗ္ဗတ ခေါ်ကြပေလိမ့် အမတနိဗ္ဗာန် ငါလျှင်စံက ကြွင်းကျန်တုံရှောင်း ဓာတ်မွေပေါင်းတွင် ဦးခေါင်းတော်မြတ် ထိုသည်ဓာတ်က ရှေးဇာတ်ကြောင်းရင်း ဟိတ်ခတ်ခြင်းကြောင့် မင်းကောင်းရာဇာ ဌာပနာ၍ သီသာပဗ္ဗတ သေလာယသို့ ဒေသစာရီ ကြွချီလိမ့်မည် ထိုခါဝယ်၌ ကြီးကျယ်သိုက်မြိုက် ပူဇော်ထိုက်သား ဦးရာဇ်စေတီ မဟေသီဟု သညီထူးမြတ် တွင်တုံလတ်၍ လူနတ်ပြဟ္မာ ကိုးကွယ်ဌါလျှင် နောင်ခါတာရှည် တည်လိမ့်မည်ဟု စန္ဒေမြတ်မွန် လက်တော်ညွှန်၍ ထေရ်ပျံငါးရာ

အာနန္ဒာအား သေလာမည်ရှိ တောင်ဂီရိက မုနိဇိနာ ဟောပြီးခါမှ ပါဒါရွှေစတ် ရာရှစ်ကွက်နှင့် ဆင်းသက်ချီကာ မြို့ဧည့်သို့ မျက်နှာရှေ့ရှူ ကြွတော်မူသော် ပြည်သူပြည်သား လူအများတို့ ဘုရားသခင် သုံးလူ့ရှင်ကို မမြင်စဘူး အသွင်ထူးဟု ရွှင်မြူးခေါ်ပါ ဖူးကြလှာ၍ ပူဇာဝန္ဒန ပြုတုံကြလျက် မိန်းမ,ယောကျာ်း တသောသောဖြင့် ပြောဟောမဆုံး တပြည်လုံးသည်။ အုံးအုံးကျွက်ကျွက်ညံ၏တည်း။

မဟာဓိပတိ တုမရှိသည် မုနိဇိနာ ဘုံသုံးရွာ၌ ဗြာဟ္မာ့ဗြာဟ္မာဒေဝဒေဝါ သာထက်သာလျက် မဟာဓမ္မရာဇ် မှန်ကင်းစိုက်သို့ မကိုင်နှုံသရဖူ ဘက်မတူ၍ ပြိုင်သူနတ္ထိ မြတ်မုနိအား မရှိမှန်စွာ ဉာဏ်မဟာဖြင့် သမ္မာမ္ဗုဒ္ဓေါ နုတ္တရောဟု အင်္ဂေါပုဂ္ဂလံအရ ဟံသတ္တာ ဘဂဝါစိန္တိ ဗောဓိပါရဂူ ဖြစ်တော်မူသည် လူတို့အထွတ် ဝိသုဒ်နတ်က ထေရ်မြတ်သဟ်ာ ရံငါးရာနှင့် ရက္ခပူရ မြို့ဧည့်သို့ ပါဒစကြာ ချီကြွလာသော် စန္ဒာသူရိယ ထိုမင်းလှလည်း လောကထွတ်တင် သုံးလူ့ရှင် ကို ဖူးမြင်လိုသော သဒ္ဓါဇောနှင့် ဘုရားကိုမှတ် သဘောကပ်လျက် ဇောညွတ်ပြီးခါ ပန်းနံ့သာဖြင့် ပူဇာတ,သ နေကာလ၌ ခြောက်ညလွန်၍ ခုနစ်နေ့လျှင် စေ့လေတုံရှောင်း ရှေးအကြောင်းကြောင့် ကောင်းသောသြဘာ မင်္ဂလာနှင့် ကြော်ငြာ စကား သတင်းကြားက ဘုရားဘုရား သောတနားတွင် မနောဒွါရ ကြားကာလ၌ သောမနဿဇောဝိထိဖြင့် ပီတိဖရစာ ဆီထိပါသို့ ရာဇာသနင်း တကာရင်းဟု မင်းဖျားဘုရင် ပြည်ကြီးရှင်သည် မင်္ဂလာတန်းဆာ မဆင်ပါဘဲ လျှင်စွာသွားပြီး တကိုယ်တည်းဖြင့် မိမိကိုယ်တိုင် စီးယာဉ်မြင်းဆင် ရထားယာဉ်နှင့် ထမ်းစင်ပါးက ဗလာမပါ,ပါဘဲ ဘဂဝါထွတ်ထား မြတ်ဘုရားကို ညွတ်ထွားလက်ရှက် လွန်နှစ်သက်လျက် နှစ်ဘက်ရတနာ ဖြက်ပါဒါတွင် မျက်နှာတော်ဟပ် မောသည်းပြတ်မျှ ဖူးညွတ်တွေဝေ မိန့်မောနေသော် စိန္တေမြတ်စွာ လက်ဟတ္ထာဖြင့် အသာသုံးသတ် သင်မင်းမြတ်။ ဇောညွတ်ပြင်းထန် သဒ္ဓါသန်လည်း မလွန်စေရာ ဉာဏ်ပညာနှင့် တိုင်းထွာညှိငြား သတိထား၍ တရားရသာ သင်မင်း နာလော ငါးဖြာမှန်လှ ဒုလ္လဘနှင့် ကြုံရမည်ရေး အလွန်ဝေး၏ ရခဲတုံမူ ထိုငါးစုတွင် ယခုအခါ ဒါယကာကား ဦးစွာ ပဉ္စမ လူ့ဘဝကို ရတုံထင်ရှား ယခုမုံက ပြည့်စုံသိုက်မြိုက် တွေ့ကြုံခိုက်၌ ရထိုက်ခဲ့တုံ ကြုံထိုက်လှခဲ တွေ့ထိုက်လှစွာ နာထိုက်လှထူး ဖူးထိုက်ခဲရ ဒုလ္လဘနှင့် ကြုံရတုံလိုက် ဤအချက်၌ ဖိုလ်မဂ်နိဗ္ဗာန် အရကြုံလော နာခံစေ့စေ့ မှန်အောက် မေ့၍ တနေ့မမှား ငါ့တရားကို မှတ်သားသေချာ မင်းကြီးနာဟု ဒေသနာရေချမ်း ဆွတ်ကာဖြန်းသည်။ မဂ်လမ်းဖိုလ် ခွင့်မြင်လှုတည်း။

မဟာသေဋ္ဌ တုမဲ့လွန်သား နှိုင်းစံဘက်ရှား ဘုံသုံးပါး၌ ဘုရားဟူသည် ဆောက်ဦးရင့်မာ ဖြည့်ခဲ့ပါသား အသာရေဏာဂမ္ဘီရဟု ဉာဏခြောက်တန် သမ္မာသမ္ဗုဒ် နတ်ဝိသုဒ်၏ ဝိမုတ်ရသမြတ်ဓမ္မကို လက်ရလွယ်ကူ စိုးတော်မူ၍ လူတို့ထက်မြတ် နတ်တို့ထက်သာ ဗြာဟ္မာဓိပတိ မုနိဓမ္မရာဇ် တုမကိုင်နှုံဟု ဦးစိုက်တည်ရာ မြတ်ဗုဒ္ဓါက နှုတ်လျှာမွှေးကြူ ဟောတော်မူသော် နာယူရငြား မြတ်တရားကြောင့် မင်းဖျားနရိန် နှလုံးအိမ်ဝယ် ဆီစိဂွမ်းလို ရွှမ်းရွှမ်းစို၍ စီးယိုသက်ဆင်း နှစ်သက်ခြင်းဖြင့် မင်းဗုဒ္ဓက်ူ သယမ္ဘူအား နှုတ်ဖြူသာယာ လျှောက်ခြင်းရာက ဘဂဝန္တံအရဟံဟု နာမံမည်ရှိ ကျော်နံ့ သိလျှက် ဒက္ခိဏေယျ ဝိသေသဖြင့် ပုညကျောင်းဆေး ပစ္စည်းလေးပါး အများကြည်ဖြူ ပေးလှုုသမျှ ခံထိုက်လှလျက် ပါပအစု မကောင်းမှုကို ပြုတော်မမူ စင်ကြယ်ဖြူသည် ရှင်ဆူထွတ်ထားမြတ်ဘုရား။ ။ တိုးပွားနှိုးဆော် တကာကျော်က ကိုယ်တော်မြတ်ဖျား သတင်းများကို နားဝအထဲ ကြားကာတည်းက စွဲစိတ်ကြည်လင် မြတ်ရှင်ပင်ကို မြင်ချင်အာရုဏ် ကြုံချင်စိတ်ကူး ဖူးချင်စိတ်သဘော ဤသို့စော၍ စားသောက်မမြိန် စိတ်မငြိမ်ဘဲ ညှိုးပိန်ပင်ပန်း မရွှင်လန်း၍ ထီးနန်းဉက္ကာင် မခိုဝင်တည်း ဖူးမြင်ရလို တောင်းဆုဆိုလျက် ဗဟိုနန်းမြေ ကြဌန်းလယ်၌ မှန်းရည်၍သာ နေသောခါ၌ ဉပမာပုံ ကြာပဒုံသည် ဉဏ္ဏာဂူရှိန် အသူရိန်ကြောင့် ညှိုးပိန်တော်မူ သီတဂူဟု မပူအေးချမ်း ဆီးနှင်းဖြန်းက လန်းလန်း ရွှင်မြဲ ကြိုင်နန့်မွှေးသို့ ပမည်းပမာ တနည်းမှာတုံ ကြီးစွာအိုး၌ မီးလျှင်မြိုက်က ကျိုက်ကျိုက်လည်းဆူ ထိုရေပူတွင် စန္ဒကူးနံ့သာ နှိုက်လေပါသော် လျှင်စွာခဏ အေးချမ်းမြသို့ နေလအသွင် ဘုရားရှင်ကြောင့် ဤသည်ဘဝ ဤနေ့ကကို ဇီဝခန္ဓာ ရှည်ကြာသမျှ မြတ်ဗုဒ္ဓအား စိတ်ကကြည်ညို ကိုးကွယ်လိုဟု လျှောက်ဆိုသောခါ ဒါယကာ. . ဓမ္မတာအပြား ငါဘုရားသည် အများသတ္တဝါ ဝေနေယျာကို ဒေသနာရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးဝေငှ တရားပြ၍ ထောက်မ သဂြိုဟ် ကယ်ချွတ်လို၍ ထိုထိုပြည်ရွာ ရပ်ခန်းဝါသို့ ဒေသစာရီ ကြွချီရမည် မိန့်တုံလေသော် မပြောအာသာ လျှောက်ခြင်း ရာက အရဟံအစ သုဂတဟု နဝကိုးဂုဏ် ပြည့်ဖြိုးစုံသည် သုံးဘုံပရမေ မြတ်စိန္တေ. . . ။ လှည့်လည်ဒေသစာ ချီကြွပါလျှင် ဆယ်ဝါခန့်မျှ မြတ်ဗုဒ္ဓကို ခယတောင်းပန်အကြောင်းပြန်လည်း မခံအာမခွင့်မရက နောက်မှတခါ ခုနစ်ဝါကို တကာ တော်ကောင်း တောင်းပန်ရှောင်းလည်း အကြောင်းအရာ မရခါ၌ ဗျာပါကဲပို ဤသို့ဆို၏ အိုအိုင့ါကံ လောကခံဝယ် နိဗ္ဗာန်သခင် ဘုရားရှင်အား ငါလျှင်မုတ်ချ တွေ့ကြိမ်ရလည်း အားရစိတ်ပြေ မြင့်တာရှေအောင် ကိုးကွယ်မထိုက်

ငါ့ကံညစ်၍ ဖြစ်ရတုံပါ သို့ချင်းရာကြောင့် ဤရွာဤပြည် စိုးအုပ်နေသည် အဘယ်အကျိုး ရှိအံ့နိုးဟု ညိုးညိုးငယ်ငယ် မြတ်စိန္တေ၏ခြေဝယ်ဦးတိုက် နှမ်းဆိုက်သည် ။ မူးမိုက်တွေဝေနေ၏တည်း။

## ဤကဲ့သို့ အကြိမ်ကြိမ် အပန်ပန် လျှောက်တောင်းပန်သောအခါ ဝက်သားတိုးတောင်ပေါ်မှာ သုံးဝါပတ်လုံး သီတင်းသုံးရန် အာမခံ၍ ထိုဝက်သားတိုးတောင်ပေါ်မှ အတိတ်ဘဝကို ဟောပြတော်မူကြောင်း။

အတုလပရဝ သမ္ဗုဒ္ဓဟု ဥတ္တမမဟာ ဒေဝါဒေဝိန် ရာဇိန်မိပတိ မုနိဓမ္မရာဇ် သုံးခန်းတိုက်၌ ငုံသစ်ရင့်မာ ပွင့်တုံပါသည် သုံးရွာဘုံထွတ် လူနှင့်နတ်တို့ ရိုညွတ်ကျိုးနွံ ဖူးထိုက်တန်သည် ဘက်စံမရ စောသကျက မြွက်ဟသာချို ဤသို့ဆို၏။ အဟိုကမ္ဘာ သံသရာက ပါသည်ကျိုးစက် ပစ္စည်းစက်၍ နှစ်သက်ကြည်ညို ကိုးကွယ်လိုဟု ငါ့ကိုတောင်းပန် အကြောင်းပြန်သည် စန္ဒသူရိယ တွင်နာမဖြင့် မင်းလှရာဇာ ဒါယကာ. . ။ နဂရာဌာနီ သင်၏ပြည်၌ တာရှည်မြင့်ကြာ မနေသာတည်း သုံးဝါခန့်မျှ ငါဗုဒ္ဓကို အားရစိတ်ပြေ ကိုးကွယ်လေလော ဗုဒ္ဓေမှန်ကူ မိန့်တော်မူသော် ပြည်သူတို့ဘ မင်းစန္ဒလည်း အားရစိတ်ကြည် အတန်ပြေ၍ မနေဆောစွာ ထိုအခါ၌ ဝိဟာဗိမာန် ဆောက်လုပ်ရန်လျှင် စီမံခန့်ထား လူအများတို့ သစ်ဝါးကြိမ်နွယ် ရှာဘွေစုဆောင်း ထိုအကြောင်းကို ဂုဏ်ပေါင်းပရမေ ကြားသိလေသော် အဘယ်နေရာ ရပ်ခန်းဝါ၌ ကျောင်းသာဆောက်မည် မေးတုံလေသော် ရွှေပြည်သနင်း တကာမင်းက ဝပ်စင်းထုတ်မြွောက် ဤသို့ လျှောက်၏ လျှံတောက်ကိုယ်ရောင် ဝင်းဝင်းပြောင်သည် မင်းခေါင်းမင်းထွတ် သုံးလူ့နတ်၊ တိုင်းရပ်ပြည်သူ ရှင်လူအများ သွားလာဖူးမြော် လွန်သင့်လျှော်သည် မြို့တော်အတွင်း မြေတလင်း၌ နေခင်းစလောက် ကျောင်းတော်ဆောက်မှ လျှောက်ပတ်မည်ပင် ကျွန်ုပ်ထင်ဟု ဦးတင်ရိုသေ လျှောက်တုံလေသော် စိန္တေဗုဒ္ဓရွှေနှုတ်ဟ၏ ဌာနခန်းဝါ ကျောင်းတော် ရာက မြေတာတခြား မရှာပြားနှင့် သစ်များပင်စည် ခက်ချင်းဆိုင်၍ မွှေးကြိုင်ပန်းမျိုး စုံပြည့်ဖြိုးသည် ဝက်သတိုးတောင် လယ်ထိပ်ခေါင်၌ တန်းဆောင်းဝိဟာ ဆောက်အံ့ငါလျှင် ကျောင်းရာဌာန လျှောက်ပတ်လှ၏ စိမ်းမြညိုပြောင် ထိုသည်တောင်၌ ယခေါင်ကာလ ငါဗုဒ္ဓသည် ရှေးကတထူးနေခဲ့ဘူးဟု ရင့်ကျူးသံဝါ မိန့်သောခါ၌ သယ်ာအများ ထိုစကားကို ကြားလေသရော် လျှောက်နှိုးဆော်၏ ဘုန်းတော်ခြောက်စုံ ဂုဏ်အနန္တ ဆ-အဘိဥာဏ် ကသိဏ်ကို မှောက်လုံစွမ်းနိုင် အပြီးတိုင်လျက် မဏ္ဍိုင်ဝိမုတ် မဂ်လောကုတ်ကို ပိုင်အုပ်စိုးရ ကိုးနဝဟု ဂုဏဖြိုးဖြိုး ကြီးတန်ခိုးနှင့် နေမျိုးဗန္ဓု သဗ္ဗညု။ ယခုအခါ ကျောင်းတော်ရာလျှင် ကောင်းစွာညွှန်ပြ သေလာယဟု စိမ်းမြညိုမှောင် ထိုသည်တောင် ၌ ယခေါင်ရှေးဝယ် အတိတေက နေပေခဲ့ထ ကြောင်းကိစ္စကို လောကသရဖူ ဟောတော်မူရန် ဘိက္ခုအပေါင်းပန်လျှောက် ကောင်းသည်. . . ဆယ်ချောင်းဦးထိပ် တင်ကာတည်း။

စကြာဝဠာ အာဏာဇာတိ ခေတ်ဝိသယ အနန္တတွင် ဓမ္မသာမိ သမ္ဗောဓိဟု ဝိသိတ-ဂုဏ် ဘဝက်ခြုံမျှ သုံးတုံပရမေ စိန္တေပရမတ် အရဟတ်သခင် ဘုရင်မိပတိ မုနိဓမ္မရာဇ် ဘုံသုံးတိုက်၌ မကိုင်ရှသဖွယ် မြတ်စိန္တေကား ကိလေသာစက် ရှိသည်ချက်ကို ပယ်ဖျက်ကွပ်ညှပ် မင်နှစ်သတ်၍ ထွက်လွတ်အောင်မြင် ကြေးညော်စင်သည် ငါ့ရှင် သာမဏ သာဝကတို့. . . ကာလရှေးခါ ဤပြည်သာတွင် ပဘာဝန္တ အမည်ရသည့် ငါကတစစ် မင်းလျှင်ဖြစ်၍ ကြီးလျက်ရိပ်ငြိမ် နန်းစည်းစိမ်ကို မွေ့သိမ်ချမ်းသာ ခံစားခါ၌ ရောဂါအန္တရ ကပ်ဆိုက်ကြ၍ များလှသီးသီး မတ်ကြီး မတ်ငယ် ဆုံးပျက်သေသော် သံဝေယူမြောက် စိုးလန့်ကြောက်လျက် တွေးထောက်ဆင်ခြင် မသေခင်၌ အသွင်ရူပ အမူလှလည်း ကမ္ဘဇရုပ် မရဏာချုပ်က ပုတိကာယိန် ခန္ဓာအိမ်လျှင် ဟောင်ညှီသိုးပုပ် အနံ့ယုတ်နှင့် အဟုတ်မချွတ် ဖြစ်သတတ်ကြောင့် အမြတ်တနိုး မစင်အိုးကို ပျားအိုးအသွင် စိတ်ကထင်သို့ ပုံပြင်နည်းနာ ငါ့ခန္ဓာသည် ပဇာနတ္တိ ကျိုးမရှိဟု သတိသံဝေ ရတုံပေလျက် သေကြေဖြစ်ပျက် သည်အတွက်ကြောင့် ဝိဘက်ဝိစာ များစွာမကင်း ထိန်လန့်ခြင်း ဖြင့် နန်းတွင်းနန်းပြင် မမွေ့ရှင်၍ ဘုရင်တုမရာဇ် မင်းအဖြစ်ကို စွန့်ပစ်ပြီးခါ တောသို့ခွါ၍ သမာသူကောင်း ရှေးမျှင်း ကြောင်းကို မစောင်းစေရ သမထနှင့် တီသဇာရီ ဇောပသိကြောင့် လောကီဈာန်ရ တာပသဟု နာမသညာ ငါဖြစ်ခါ၌ သေလာတောင်ရိုး ဝက်သတိုးတွင် သာနိုးပျော်ကာ ကျောင်းဝိဟာနှင့် ငါလျှင်တလီနေခဲ့ပြီတည်း ပါရမီသမ္ဘာရ နုစဉ် ကလျှင် ထိုမှတစစ် ငုံးငှက်ဖြစ်ကို ရှင်ချစ်ဘုရား တပည့်သားအား ဟောကြားတုံရှောင်း ဤအကြောင်း၌ စကားပရိယာယ်

အခိပ္ပါယ်ဖြင့် ဤသည်လင်္ကာ သမိုင်းစာကို တိုင်းထွာဆင်ခြင် ကျယ်မည်ထင်၍ စီရင်မပြပေလာယဖြင့် ကဏ္ဍဂုရုငုံးဝတ္ထုကို မပြုမပြင် ဉာဏ်ချိန်ခွင်ဖြင့် ဤတွင်ခြားနား ပြကာထားသည်. . .။ နာကြားသူတို့ သိကြောင်းတည်း။

အစိန္တေယျ မုနိန္ဒဟု လောကတိုင်းရပ် မန္ဒိုင်းအပ်သား အမြတ်ဥကိုင် သုံးခရိုင်တွင် ပြိုင်သူမရ ဘက်မမျှသည် ဓမ္မသာမိ သမ္မောဓိဟု ယောမုနိန္ဒော မြတ်ဘုရားက ငါ့သားရင်၌ ရဟန်းစစ်ဟု မှေးရစ်ရှက်ကာ အဝိဇ္ဇာနှင့် တဏှာမှောင်ကြီး ကာလှောင်ဆီးက လောင်မီးအသွင် စိတ်ကထင်၍ ဓူတင်မကွာ ဆော်တည်ကာဖြင့် သမ္မာဇရ သီလပါရိ သုဒ္ဓိဖြူစင်ထိုလေးအင်နှင့် အဋ္ဌင်္ဂမာ အင်္ဂါရှစ်ပါး မင်္ဂတရားဖြင့် တက်ပွားကိလေ ရှိတုံပေလည်း ညာခြွေဖြတ်ချ ပြတ်ပြီးမှလျှင် ပါပမည်ရှိ မကပ်ငြိဘဲ ဒိဋ္ဌိကထာ စင်ကြယ်စွာဖြင့် ခိနာသဝ အမည်ရသည် သာဝကများ ငါ့ချစ်သားတို့. . . ရှေးသောကာလ ငါဗုဒ္ဓလျှင် သုကရတွင်လျက် ဝက်မင်းဖြစ်၍ နောက်လိုက်နောက်ပါ ရံငါးရာနှင့် ဘာသာဘာဝ နေပျော်ကြရာ ထိုအခါ၌ မိစ္ဆာယွင်းချွတ် ဒေဝဒတ်က ဖြစ်လတ်မှန်စွာ ကျားဗျဂ္ဃာတည်း မည္ဟာတမရား ဝက်အများကို ဘမ်းစားသောခါ ငါ့ကိုသာလျှင် မှီကာကပ်ခို ပြောလာဆိုသော် ထိုထိုသောဝက် ကျား၏လက်၌ အသက်တစ်ချောင်း မပျက်ကောင်းဟု အကြောင်းမြော်ထောက် ရန်လုံလော်အောင် များမြောင်ဘော်ပေါင်း ခေါ်စုဆောင်း၍ တွင်းခေါင်းဥမင် တူးပြီးကျင်မှ ခိုဝင်နေငြား ထိုသည်ကျားလျှင် စားအံ့သောငှာ လိုက်လံရှာက ညီညာပေါင်းဘက် တွင်းမှထွက်၍ ဝက်ပေါင်းဘော်ရွှေ ဝှဲ့ပက်လေသော် သေကြေပျက်ပြုံး ကျားလျှင်ဆုံးက တောလုံးသွားလာ ဝက်အများတို့ ကျက်စားသောခါ လွန်စွာတိုးပွား လူအများတို့ သွားလာကြိုက်ကြုံ တွေ့လေတုံက ရဂုံမြိုင်ချောင် ဤတောတောင်၌ များမြောင်ပြည့်ဖြိုး ဝက်ပွားတိုး၍ ဝက်သတိုးတောင် ခုတိုင်အောင်လျှင် လူ့ဘောင်တွင်ခေါ် တနည်းသော်က သေလာညိုမှောင် ထိုသည်တောင်၌ ကျောက်ဆောင်တစ်ခု ဝက်တုအလား ထုလုပ်ထားသို့ သားနို့တိုက်ဟန် သဏ္ဍာန်မချို့ ရှိတုံမြို့၍ ဝက်သားတိုးတောင် ထိုနောင်တချက် တောင်ထိပ်ထက်၌ ကြောက်မက်ဘွယ်ရာ ကျောက်သေလာလျှင် ကေသာသဏ္ဍာန် ဟောက်သောဟန်သို့ ပုံစံရုပ ပူတုံလှ၍ သီဟရာဇာ တောင်သေလာဟု ခေါ်ဝိတထူး ဘီလူးရင်ဆိုင် သုံးဦးပြိုင်လျက် မထိုင်မတ်တတ်ရက်စောက်ရပ်ဟန် ရုပ်ပုံစံလျှင် သဏ္ဍာန်ပကတိ ကျောက်ဆောင်ရှိ၍ တြိယက္ခဂူမ္ဘဏ္ဍတောင် စုံမြိုင်ချောင်ဟု လူ့ဘောင်ဝေါဟာ တောင်ဖြစ်ဘိ၍ သီရိဂုတ္တတွင်နာမနှင့် ကတညုတောင် ခုတိုင်အောင်လျှင် လူ့ဘောင်ဝေါဟာ လူတကာတို့ သညာမည်ပေး အနည်းနည်းဖြင့် ခေါ်မြဲချီးကျူး ပညတ်ပြု၏ ယခုတခါ ထိုတောင်မှာပင် ဝိဟာဗိမာန် ဇေတဝန်ကို ဆောက်ပြန်တုံရှောင်း ငါကျိန်းအောင်းက နောက်နှောင်းနှင့်ရှေ့ ပြကတေ့လျှင် ရသေ့ငုံးစစ် ဝက်တဖြစ်နှင့် အသစ်ယခု အကြောင်းပြု၍ ပေါင်းစုချင့်ချိန် ပေါင်းလေးကြိမ်လျှင် ကပ်မှီတုံရှောင်း ငါကျိန်းအောင်းအံ့ အကြောင်းပတ္တိ ဤသို့ရှိဟု မုနိဇိနော် သဃ်ာတော်အား ထုတ်ဘော်ခြားနား ဟောတုံငြားသည်. . .။ ထောင်နားနှစ်သိမ့် ပီတိတည်း။

မြတ်သယမ္ဘူ ထွတ်မှန်ကူဟု နတ်လူအများ ဘုံသုံးပါး၌ ဆုံနွှားလည်ပတ် ချားရဟတ်သို့ ထပ်ကာပြန်ကာ အခါခါလျှင် ခန္ဓာအိမ်ညစ် စွန့်ကာပစ်၍ အသစ်ပြုပြင် ဝိဉာဏ်ဆင်လျက် ထီဘက်ဥပါဒ် အထပ်ထပ်နှင့် ကလာပ်ရုပ်နာမ် ပြတ်ချုပ်ပြန်၍ ဒုက္ခံမည်ရှိ ဝိပရိဖြင့် ဇာတိသန္ဓေ ကပ်ငြိတည်လျက် ရုပ်နှစ်ဆယ်ရှစ် ဘုတ်ဖွဲ့လိုက်၍ ဖြစ်ဖြစ်သမျှ ဝေနေယျတို့ အဋ္ဌကလပ် သဟဇာတ်ကြောင် ခါတ်လေးပါးဆောင် နာမ်ရုပ်ကောင်လျှင် နှောင်အိမ်အတွင်း ညွှတ်ကျော့ကွင်းက မကင်းကြသူ နတ်နှင့်လူကို နိဗ္ဗူအောင်မြေ ငါဆောင်မည်ဟု မှတ်ရည်စူးစူး ဘုရားဆုကို ဆွတ်ခူးပန်ဆင် ဗောဓိပင်ဝယ် အောင်မြင်ဓမ္မရာဇ် တို့ရှင်ချစ်က သနစ်ပြန်ပြောင်း ရှေးဖြစ်ဟောင်းကို သံညောင်းသာယာ ဟောမြွက်ကာဖြင့် ကျောင်းရာလှည့်ပတ် ပြည့်ွန်လတ်သော် မင်းမြတ်ရာဇာ ဒါယကာက ဩဒ္ဒါပြည့်ဖြိုး ရှေးထက်တိုး၍ မြတ်နိုးစေတနာ ကျောင်းဝိဟာကို လျှင်စွာဆောက်ရန် ပြုစီမံက ကောင်းမွန်ကြန့်ခိုင် ကျောင်းထည်တိုင်မူ သရခိုင်နံ့သာ နတ်တို့လာ၍ ပို့လာတုံပြန် ပြုစီမံသော် ဝိသုကမ်နတ် တမျဉ်းခတ်လျက် ပြာသာဒ်ဝေယံ ဇေတဝန်ကို ထေရ်ပျံငါးရာ ရံဝန်းကာဖြင့် နေသာစလောက် ကျောင်းတော်ဆောက်က ထောက်မကူညာ နတ်ဒေဝါနှင့် များစွာလူပေါင်း ပြုလုပ်ရှောင်းသော် ရွှေကျောင်းဝိဟာ ပြီးသောခါ၌ ဘဂဝါမြတ်မွတ် အရဟံက ထေရ်မွန်အပေါင်း ရံခညောင်းလျက် ကျိန်းအောင်းနေကာ ထိုအခါတုံ လေးဖြာကျောင်းဆေး အကြောင်းရေးဖြင့် ပစ္စည်းရပ်ရပ် တကာဝတ်၌ အပြတ်မကင်း မလတ်ဟင်းအောင် ဝါတွင်းဝါပ မြဲနိစ္စလျှင် နေ့ညမပျက် ဝတ်လျှင်တက်၍ တရက်သုံးခါ ဆည်းကပ်လှာသည် စန္ဒာသူရိယ နာမ,သညာ မင်းရာဇာက သဒ္ဓါဇောမြောက် ရွှေပင်ပေါက်သို့ ကဲမောက်စေတနာ မိုးသို့ရွာလျက် များစွာကြည်ဖြူ စွန့်ကြလှူ၏ ပြည်သူပြည်သား လူအများလည်း ဘုရားမြတ်စွာ မြိုက်ရသာကို နားမှာဝဝ ကြားနာရ၍ ဒါနသီလာ ဘာဝနာကို ကိုယ်မှာမပြတ် ဆင်ယင်ဝတ်သည် မွန်မြတ်တန်းဆာ ရတနာသို့ သဒ္ဓါသီလ သုတဇာဂါ ပညာဟီရိ မည်ရှိနာမ ဩတပ္ပနှင့် နေ့ညမကွာ ပြည့်စုံပါ၍ နတ်ရွာဗိမာန် မဆိတ်ညံအောင် နိဗ္ဗာန်လမ်းပေါက် ခရီးမြောက်၍ မျက်မှောက်

ပစ္စုပ္ပန် တမလွန်နှင့် နှစ်တန်ပြည့်ဖြိုး တိုးထက်တိုး၍ အကျိုးဂုဏ်အင် အာနိသင်ကို မျက်မြင်ဒိဋ္ဌ ခံစားရ၍ စန္ဒသူရိယာ မင်းရာဇာသည် ပိုင်ကာစိုးထွေ ရခိုင်ပြည်လျှင် ထိုသည်အခါ ထက်နတ်ရွာသို့ သာယာဝပြော မြတ်ဘုရားက တရားရေမြိုက် ကျွေးကာတိုက်သည်။ အောင်မြိုက်နိဗ္ဗာန် ဖြောင့်တန်းတည်း။

သဗ္ဗညုတ တုမရသား ညာဏဝရဇိန် လင်းပြောင်ထိန်လျက် ဇီဝိန်ချိုးဖျက် မိုးကြိုးစက်သို့ ဖိုလ်မင်္ဂရှစ်ပါး လက်နက်များကို ဘုရားလူ့ဘ အစိုးရလျက် ပါပ,ဆိုးညစ် ဒုစရိုက်ဟု မိုက်အကုသိုလ် ဆဲနှစ်ဗိုလ်လျှင် ပုဂ္ဂိုလ်များစွာ သတ္တဝါတို့ ခန္ဓာပူရ ဝိဉာဏကို နေ့ညမကျန် သူပုန်ရန်သို့ ပုန်ကန်လုဖျက် ဗိုလ်ရဲမက်တို့ လက်သားများမြောင် ရေတွက်ဆောင်သော် တထောင့်ငါးရာ နောက်လိုက်ပါလျက် ဆိုင်လာတိုက်ပြန် ထိုစစ်ရန်ကို ဓမ္မရာဇာ မင်းမြတ်စွာက သောတာပတ္တိ အမတ်ကြီးနှင့် ဆီး၍တိုက်မြောက် ဗိုလ်ငါးယောက်တို့ ကင်းပျောက်ခန္ဓာ နေ၁တခါ၌ သဂဒါဂါမ် အနာဂါမ်နှင့် အာရဟံအမတ် လက်နက်လွှတ်က မလွတ်နိုင်ရာ ထိုအခါ၌ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာသီလာပဒ ပရမနှင့် ကာမရာဂ ဗျာပါဒက မာနဥ္စစ် လူ့ခေတ်တိုက်သည် ငမိုက်စောရ ဒွါဒသဟု အကုသလံ ခုမကျန်သော် ပုံကန်လုဖျက် သုံးထောင်ဝက်ဟု ရမ္မက်ကြီးစွာ နောက်လိုက်ပါသည် ငါးရာတထောင် မြူမိုက်မှောင်တို့ ခွါရှောင်ကွင်းပြန် ကွင်းမကျန် အောင် မဂ်ဉာဏ်စိုက်ထူ အောင်တော်မူသည် အောင်သူများတ တို့သကျက ဓမ္မဒေသနာ ကယ်ချွတ်ပါ၍ စန္ဒသူရိယ တွင်နာမဖြင့် ရှေးကကျွမ်းဟောင်း ခင်ပွန်းကောင်းကို အကြောင်းပြုထွေ ရခိုင်ပြည်၌ ဗိုလ်ခြေသတ္တဝါ ဝေနေယျာအား ကြင်နာမျက်ရှု သားရာဟုသို့ ဂရုဏာသမ္ဘဇဉ် စပ်ရှင်တိုးပွား နှလုံးထား၍ ဟောကြားမြွက်ဖေတာ် မျက်ဆေးကျော်ဖြင့် ဝါတော်သုံးဝါ စေ့သောခါ၌ ပဝါရဏ ပြုပြီးမှလျှင် ဓမ္မဒေသနာ သေနာပတိ စစ်သူကြီးဟု မြောက်ချီးတင်ထား သားကြီးအားကို ဘုရားမြတ်စွာ ဤသို့ခေါ်၏ ပညာတော်ဖြိုး ရွာသည်မိုယ်းသို့ ဆွေမျိုးညာတကာ မာတာပီတု ဘွဲ့ချီးကျူ သည် ဥပဒိဿ နာမတဖြာ မာတာမွေးမိ ကျေးဇူးရှိသည် သာရိမည်ထ ပုဏ္ဏေးမ၏ ပုတ္တရတနာ ဖြစ်ခြင်းရာကြောင့် ငါတည်းခပ်နိုပ် ဘွဲ့တံဆိပ်ဖြင့် သာရိပုတ္တရာ လက်ျာတော်ရံ မထေရ်ပုံ. . . ။ နိုင်ငံသာစည် ရခိုင်ပြေ၌ တွက်ရေသချာ သုံးဝါပတ်လုံး သတင်းသုံးသော် နှလုံးမွေ့လျော် လူတကာတို့ လျှာဒါပြုငြား လွန်ပြန့်ပြော၍ မုယောသီးနှံ စပါးဆန်တို့ အလွန်ပွားကာ ကောက်ပဲများနှင့် ကောင်းငြားရသာ နတ်သုဒ္ဓါသို့ ဩဇာကြိုင်ရွှမ်း သလဲဆွမ်းဖြင့် ဖျင်မွှမ်းပြည့်ဖြ လျှာဒါန်းကြ၏ ဘဒ္ဒကမ္ဘာ မြေမဟာလျှင် တည်လာအစ အန္တရကပ် သတ်မှတ်ရည်ကောက် ဆယ်ခုမြောက်၌ ထွန်းတောက် ဉာဏ်ဝါ ရောင်ခြောက်ဖြာနှင့် နောင်တော်ဗုဒ္ဓ ကဿဖလက်ထက် ရှစ်ဘက်ငြိုဟ်ကြီး ခရီးငါးပါး အကောက်သွား၍ သုံးပါးခြောက်စု ရတုမညီ ရာသီပျက်ပြား တေဇောလွန်လတ် မြေဓာတ်ပျက်ကာ များစွာဝါယော တဟောဟောနှင့် အာပေါတိမ်းရှောင် မိုယ်းမင်းခေါင်သော် ချောင်မြောင်အကြား ကိုင်းယာများ၌ စပါးကောက်ပင် မပေါက်ကျင်ဘဲ မြေပြင်ပြုကတေ့ ခမ်းခြောက်သွေ့က မျိုးစေ့မြေနှံ့ လယ်ချောင်းထွန်လည်း သီးနှံစပါး မထွန်းကားဘဲ အစားငတ်မွတ် ဖြစ်ပြန်လတ်သော် ထေရ်မြတ်သယ်၁ အရိယာအား သဒ္ဓါကြည်ဖြူ မပေးလှူသော် ဘိက္ခုနမျာစွာ ထိုအခါတုံ အဟာရ ဓာတ် ခေါင်းပါးလတ်၍ အရဟတ်ကပ်ခို မြတ်ပုဂ္ဂိုလ်တို့ ထိုထိုပြည်ရွာ လှည့်လည်ကာဖြင့် မဇ္ဈိမာဒေသ ထိုဌာန၌ ဝိဏ္ဏပါဒ်ံ ဆွမ်းကြက်ခံသော် သီးနှံပြောင်းပဲ လှူတုံခဲ၍ သလဲဩဇာ မရပါက ဤရွာဌာနီ ရခိုင်ပြည်သို့ လှည့်လည်ကြွ ကာ ခံသောခါမှ ရသာကြိုင်ရွှမ်း သလဲဆွမ်းလျှင် လှူဒါန်းသွတ်ဖြည့် သပိတ်ပြည့်မျှဏ္ဍ လောင်းတုံကြ၍ ရှေးကယခေါင် ငါးမာန်အောင်သည် နောင်တော်မြတ်ဖျား ဘုရားဆူဆူ ဗုဒ္ဓက်ုတို့ နှုတ်ပျူသာယာ ထောမနာ၍ ဩဘာချီးကျူး ချီးမွမ်း ပြု၏ ယခုထပ်လောင်း ရှေးအကြောင်းနှင့် အဟောင်းထက်တွင် အသစ်ထင်၍ ငါလျှင်လည်းကောင်း ချီးမွမ်းရှောင်းဟု ကောင်းသောအတိတ် ယုံတံဆိပ်သို့ ခပ်နှိပ်နာမ ဗျာဒိပ်ရသည်. . . ဓညဝတီဌာနီတည်း။

သမ္ဗန္ဓကတော ပြည့်စုံသောဟု ကျမ်းဟောဂါထာ လာသည်အတိုင်း ပမာနိုင်းက တံတိုင်းစကြာဝဠာ အဏ္ဏဝါနှင့် ဒီပါစတုမေရုဗဟိုရ် လေးရောင်စိုသည် မြင်းမိုရ်မက များလှဆောက်အုံ အံ့မကုန်အောင် ဂုဏ်အနန္တိ ဘက်မရှိသည် အတိဥက္ကဋ္ဌ နုတ္တရလျှင် ထုတ်ဟ,သံသာ မိန့်ချင်းရာက စန္ဒသူရိယ နာမ,တွင်ကာ ဒါယကာ။ ။ ဝါတော်သုံးကြိမ် စေ့လေပြီကြောင်း ဌာနီရပ်ခြား တိုင်းတစ်ပါးသို့ ဘုရားဓမ္မတာ သတ္တဝါကို ကြင်နာသောအား ငါကြွသွား၍ တရားအေးကြည် တိုက်ကျွေးပေအံ့ ဆိုလေသောခါ မင်းရာဇာက မျက်နှာညှိုးပိန် စိတ်မငြိမ်ဘဲ စိုးရိမ်ဗျာပါ စိန္တေယျာ၏ မျက်နှာတော်နု ရွှေလျှော်ဥကို ရှုံကာရှုကာ မသက်သာ၍ သုံးရွာသေဋ္ဌ်နင်း ခြေတော်ရင်း၌ ဝပ်စင်းကျိုးနွံ လျှောက်တောင်း ပန်၏ မကြံစည်အပ် ဉာဏ်တော်မြတ်နှင့် နတ်ဝိသုဒ္ဓ စိန္တေယျဟု ဇိနမာရ်နှိမ် အသမ္ဘိန်၏ လျှံထိန်တိုးပွား တန်းခိုးများ လျက် ကိုးပါးဂုဏ်ဝါ ဘုန်းခြောက်ဖြာဖြင့် လက္ခဏာရှစ်ဆယ် ပြည့်စုံပေသည် မဟေထွတ်ထား မြတ်ဘုရား. . . . ။ တိုးပွားစေတနာ ဒါယကာသည် သဒ္ဓါတရား အာရုဏ်အားဖြင့် ဘုရားကိုယ်တော် စောဘုန်းမော်လျှင် ဆိုတော်မူချက်

သုံးဝါထွက်ကို သုံးရက်နာရီ သုံးဗီဇနာ ထင်မှတ်ပါ၏ မြို့ရွာတစ်ပါး ကိုယ်တော်သွားက တအားညှိုးငယ် စိတ်မပြေဘဲ ကိုးကွယ်ကြည်ညို ယခုလိုဖြင့် မှီခိုစရာမရှိပါ၍ ပမာအရ ပုံတင်ဆ,က အဘမဲ့သား ရေနည်းငါးသို့ တူပြားတော့မည် သို့ဖြစ်ပေ၍ စိန္တေမြတ်မွန် ကျောင်းဗိမာန်ထက် ထပ်မံသုံးဝါ ကျိန်းအောင်းပါမှ သက်သာရမည် လျှောက်တုံလေသော် ရွှေပြည်ရက္ခ မြို့ခေညကို ပိုင်သ,အာဏာ ထီးဖြူကာသည် ရာဇာသေဌ်နင်း တကာမင်း. .။ အရင်းပဋိဉာဉ် ဥယောဇဉ်ကြောင့် ရခိုင်ပူရ ပြည်ဌာန၌ ထော်မ,သဂြိုဟ် သုံးဝါဆို၏ ထိုထိုရပ်ခြား ပြည်တိုင်းကားတွင် ဘုရားထုံးတမ်း ကြွမြဲလမ်းဖြင့် နစ်မွမ်းကြသူ များဗိုလ်လူအား ကယ်ယူဆယ်သင့် ဖြစ်သဖြင့်လျှင် ခွင့်မပြုသာ ဆိုသောခါ၌ များစွာလှောက်ကဲ မရောက်ရဲ၍ ဖောက်လွဲဖောက်ပြန် ပုထုဇန်လျှင် အမှန်မကင်း သို့ဖြစ်ခြင်းကြောင့် ပြင်းစွာလှိုက်ဖို စိတ်နုပျို၍ ငိုယိုမတတ် ပျောင်းခွေညွတ်မျှ မြတ်သမ္ဗုဒ္ဓ အတုလအား စန္ဒသူရိယာ မင်းရာဇာသည် ။ ချင်းရာ၍သို့လျှောက်၏တည်း။

## မြတ်စွာဗုဒ္ဓနှင့် စန္ဒသူရိယသည် အတိတ်ဘဝက သဟာယစစ်ခင်ပွန်း ဖြစ်ခဲ့ကြောင်းကို ဟောပြတော်မူစကား

မဟာဝီရိယ ကြီးလှံ့လဖြင့် ဉာဏစက္ခု ဗောဓိဆုကို ရမှုကြိုးပမ်း ရွက်ဆောင်ထမ်းလျက် လမ်းကြောင်းတည်ထွင် ဘုံသုံးပြင်ကို မစင်ပုံကြီး ထင်ကုန်ညီး၍ မီးဆဲ့တဘုံ ကာမဂုဏ်ကို အာရုဏ်ပိုင်းဖြတ် မဂ်ရည်ဆွတ်လျက် သတ်ချင်လိုသော ထိုသဘောဖြင့် များလှသချ်ာ တွက်ရေမရ အတိတ်ကပင် ဒါနစာဂီ ပါရမီကို အညီဖြည့်တုံ ပြည့်ဖြိုးစုံ၍ ဘုံလောကဓာတ် မြတ်ထက်မြတ်လျက် အထွဋ်ရတနာ လောကနာယက ဒေသနာရေချမ်း ဆွတ်ခါဖြန်းသော် ညှိုးနွမ်းစိတ်ပြေ လျှောက်လတ်သည်က ပရမမေဗုဒ္ဓ ယခုကြွသော် နေလ-မမြင် ဂူဥမင်သို့ မြူတင်မောဟ မဖုံးရအောင် ဗုဒ္ဓရုပ်ပုံသဏ္ဌာန်သို့ တဆံမခြား ကိုယ်တော်စားဟု ရုပ်ပွားမဟာ သာသနာကို နောင်တာအရှည် ထားခဲ့ပေမှ စိတ်ဖြေကြည်လင် ကိုယ်တော်ရှင်ကို မြင်ချင်အာရုဏ် ကြုံချင်သဘော ဤသို့စောသော် ရုပ်ပွားဆင်းတု သဗ္ဗညုကို ကြည့်ရှုဖူးကာ ချင့်နိုင်းစာ၍ အာရမ္မဏ ပြုခဲ့ရသော် အေးမြစိတ်မှာ ဒါယကာလျှင် သက်သာရမည် လျှောက်တုံလေသော် သုံးမည်လှူဘ အတုလက ဉာဏပြီးပြက် ဉာဏ်ရောင်စက်ဖြင့် အထက်ဘုရား နောင်တော်များတို့ ကိုယ်ပွားရတနာ ပြု၍သာလျှင် ထားပါသလော မထားလောဟု ဘုရားဓမ္မတာ ရှုကြည့်ပါသော် ကြောင်းရာထင်ထင် ထားကြအင်ကို သိမြင်၍သာ ဒါယကာအား သာယာနှစ်သိမ့် ဤသို့မိန့်၏ ခပ်သိမ်းသတ္တဝါ ဝေနေယျာတို့ နောင်လာစီးပွား ရည်မှတ်သား၍ ကိုယ်စားမဟာ သာသနာကို တကာတော်မင်း တောင်းပန်ခြင်းကြောင့် အရင်းအမြစ် ရှာစီစစ်က ရထိုက်သင့်သည် ထားခဲ့ပေအံ့ လွန်လေဘဝ အတိတ်ကပင် သဟာယစစ် ခင်ပွန်းဖြစ်၍ ချစ်စိတ်ကြည်ယုံ ငါ့ရုပ်ပုံကို သင်မုံတထူး ကိုးကွယ်ဘူးဟု ချီးကျူးမြွက်ဟ ဤသို့ပြသော် စန္ဒသူရိယာ တကာတော်က ပန္နာကျိုးနွံ လျှောက်တောင်းပန်၏ မာရံဇိန မာရ်ငါးဝကို တစမလတ် အောင်မြင်တတ်သည် နတ်ဝိသုဒ္ဓိ မြတ်မုနိ. .။ အတိရှေးခါ ဖြစ်ခြင်းရာကို ထုတ်ကာစုံလင် ဟောစေချင်ဟု ဘုရင်ရာဇာ ဒါယကာလျှင် ပန်ထွာတောင်းပန် အကြောင်းပြန်သော် အလွန်တရာ သံသာသာဖြင့် ဗြဟ္မာမက သာယာလှလျက် မိန့်ဟရွှေခွန်း ဤသို့ညွှန်း၏ သိမ်းစွန်းလွန်လေ အတိတေက ခွန့်ရှည်ကမ္ဘာ သင်နှင့်ငါသည် နဂရာဌာနီ တိုင်းကာသိန်ဟု နသီဗာရာ ရွှေပြည်သာတွင် ရွာဇဂ်လ ရပ်ဒေသ၌ ဂေါတ္တအနွယ် ကိုင်းယာမြေဝယ် လယ်သည်တစ်အတူဖြစ်က အလိုက်ဘာသာ ဓမ္မတာဖြင့် ကိုင်းယာရတု လယ်ထွန်ပြု၍ မိုယ်းဦးဝါသန် အခါလွန်သော် ထွန်ကိုသိမ်းရှောင်း နွားအပေါင်းကို ထိမ်းကျောင်း၍သာ နေသောခါ၌ ယုတ်မာဆိုးသွမ်း ကြမ်းတမ်းမိုက်ရူး သေးသောက်ကြူးတို့ဖြူးထူးစိတ်သွင် နွားကိုမြင်သော် စားချင်အားကြီး လျှာရည်စီးမျှ ဘမ်းဆီးယူပြား သင်၏နွားကို ခိုးငြားယူဆောင် ကြိုးချီနှောင်၍ တိမ်အောင်ပြုလုပ် သေတင်းကုတ်၏ တောအုပ်ခြံမှာ ထားလေပါသော် ဖွေရှာမရ ရှိတတ်ကလျှင် သင်ကတခါ ငါ့ထံလာလျက် ပြောကာငိုယို အကြောင်းဆိုသော် နွားကိုတမူ သိစေဟူ၍ တောင်သူတွက်ရိုး လက်ဆစ်ချိုးလျက် အကျိုးအပြစ် ရှာစီစစ်က တိုက်ရိုက်သိမြင် တောခြုံတွင်၌ ရှင်ပြဝမ်းသာ ရှိခြင်းရာကြောင့် ဝါစာသံချို သင်ကဆို၏ အဟိုဘဝ ဖြစ်သမျှလည်း တူကွမကွာ ရပ်ရွာမကွဲ တချက်တည်းလျှင် အမြဲမသွေ ဖြစ်ရစေဟု ကြည်ကြည်ညိုညိုတောင်းဆုဆို၍ အဟိုဘဝ ဖြစ်စဉ်ကပင် တူကွမပျက် ကြောင်းရင်းဆက်ဟု ဘော်မြွက်ဤသို့ မိန့်တုံမြို့သည်. . .။ လူတို့ထိပ်ဦး ညွှန့်ဖူးတည်း။

သမုဒယတွင်နာမဖြင့် ဒုက္ခဟူသည် နိရောမည်သား မဂ်ရည်ဆွတ်ဖြန်း သစ္စာပန်းလျှင် လန်းလန်းပွင့်ရန်

ခါချိန်တန်က ဝတ်ဆံစွင့်စွင့် ငုံအာရင့်၍ ပွင့်တော်မူပြန် ဗောဓိဉာဏ်ကြောင့် ကြွင်းကျန်မရှိ အလွန်သိလျက် ဣဒ္ဒိဝိတယမကသခင် ဘော်စင်သပြာ ရတနာအစစ် ပြည်ထိုက်ပတ္တမြား ခေါင်ထွတ်ဖျားက ရှစ်ပါးသံသာ ကျူးရင့်ကာဖြင့် မဟာဝိဟိဂ်နာမ,သမိုင်း ရက္ခာတိုင်းကို ကျော်လှိုင်းပေါက်ပြ အစိုးရသည် သူရိယာစန္ဒာ ရာဇာသနင်း တကာမင်း. . .။ ကြောင်းရင်းမှန်စွာ တဖြစ်မှာလည်း လယ်ယာစပါး ညိုးနွမ်းငြီးအောင် လုပ်စားသက်မွေး ဖြစ်တုံခဲ့၍ သင်လည်း ထိုအခါ ငါ့ထံမှာလျှင် စပါးကျိုးနွံ့ အငှားခံလျက် လယ်ထွန်ကိုင်းခုတ် အမှုရှုတ်ကို ပြုလုပ်ကြရာ ထိုအခါဝယ် ရွာနှင့်လယ်များ ချောင်းလျှင်ခြား၍ မှာထားသံချို စကားဆို၏ အစ်ကိုငါကား ရွာသို့သွား၍ လိုပါးရှိရာ တညကြာအောင် ယူပါအုံးမည် သင်တုံသည်က ဤဝယ်ခဏ နေလိုက်တော့ဟု ငါကချင်းရာ စကားမှာသော် နှစ်ဖြာတူကွ မနေရဘဲ တခဏတာ ကွဲရပါသော် နောင်တော်ကိုယ်စား ရုပ်ပုံများကို လုပ်ထားခဲ့နော် လွမ်းစပေါ်သော် ရှုမြော်ရစေ တောင်တုံးလေက ငါဝယ်အဟုတ် ရွံ့ကိုလုပ်၍ အရုပ်ထင်ရှား ငါ့ကိုယ်စားကို ပေးထားခဲ့ရာ ရုပ်ပုံတော်ကို ကိုင်းယာလယ်ပြင် အထဲတွင်၌ ညောင်ပင်အရင်း မြေတလင်းဝယ် သန့်ရှင်းကောင်းစွာ ထားပြီးခါမှ ငါလျှင်ပြန်ခေါက် မရောက်သမျှ အောက်မေ့တလျှင် ယူဆ,အာရုဏ် ငါ့ရုပ်ပုံကို သင်မုံ့ရှုကာ နေခဲ့ပါ၏ ငါလျှင်ရောက်က ထိုခဏ၌ ရုက္ခစိုးချင်း ညောင်နတ်မင်းလျှင် ချက်ချင်းမကြာ ရုပ်ပုံလျာကို ယူကာမနေ သိမ်းထားလေ၏ ခွန့်ရှည်ဘဝ အတိတ်ကပင် မင်းလှဘုရင် ငါ့ရုပ်သွင်ကို ကြည်လင်ရွှင်မြူး ကိုးကွယ်ဘူး၏။ တထူးမှတ်ရာ တနည်းမှာလည်း ပြည်သာနဂရ ကလိင်္ဂတွင် ဗြာဟ္မာဘာဝိ အမည်ရှိသည် ခတ္တိယစစ် ငါလျှင်ဖြစ်က နောက်လိုက်မကွာ သင်က,သာလျှင် ဇေယျာနန္ဒိ အမတ်ကြီးဟု ကပ်နှီးစင်စစ် ငါ့ထံဖြစ်၍ အချစ်ကြည်ယုံ နန်းရွှေဘုံထက် တူစွာမကွာ စံစားပါသော် အိုနာသေခြင်း လူ့ခဘင်းကို ထင်လင်းမြင်က သတိရ၍ များလှရိပ်ငြိမ် မင်းစည်းစိမ်ကို မအီမူးယစ် မနှစ်ချစ်ဘဲ စွန့်ပစ်တုံမြောက် တံထွေးပေါက်သို့ လန့်ကြောက်သံဝေ ငါရပေ၍ ရွှေငွေစီကွပ် နန်းပြာသာဒ်ကို အမတ်ဖြစ်သူ သင့်ကိုလှူလျက် ငါမူမှန်စွာ တောထွက်ပါသော် မကြာနောက်ထပ် သင်အမတ်လည်း နန်းရပ်ထီးဖြူ သိမ်းမယူဘဲ အတူတစစ် ငါ့နောက်လိုက်၍ မြိုင်တိုက်ရဂုံ ပန်းရိပ်မြုံဝယ် ခိုလှုံကပ်ချမ်း သစ်သီးဆွမ်းဖြင့် အားရမ်းသိပ်သည်း ဖြည့်တင်းခဲ့လျက် ရသေ့ဘဝ တာပသဟု တောရဆောက်တည် ဝတ်လျှော်ထည်နှင့် မြင့်ရှည်တွက်ကိန်း နှစ်တသိန်းဟို စောင့်ထိမ်းသီလ တူတကွဖြင့် သင်နှင့်ငါသည် နေဘူးပေဟု စိန္တေမြတ်မွန် ဘော်ထုတ်ညွှန်၍ အနန္တရပစ္စက္ခနှင့် ဘဝထပ်ထပ် စ,မလွတ်အောင် စပ်ဟပ်ဂဟေ ဆင်ကာသွယ်လို့ အဆွေဗန္ဓုဖြစ်သည့်မှုကြောင့် ယခုအခါ သာသနာဝယ် ဒါယကာအဖြစ် သင်မင်းစစ်သာ ခံထိုက်လှသည် အပြည်ပြည်၌ ထီးစည်စိုးကာ မင်းတို့မှာကား ငါ၏ရိုက်ရာ သာသနာကို သဒ္ဓါသောလျှောက် ဆော်ပင့်ထောက်၍ ချီးမြှောက်ရုံသာ ဆိုက်ခြင်းငှာကြောင့် ပြည်ရွာတိုင်းကာ မင်းအများအား ဘုရင်ရုပ်ထု သွန်းလုပ်ပြုသော် ကောင်းမှုတိုးပွား အကျိုးများအောင် ကိုးပါးရတနာ ဘိုးများစွာနှင့် နှိုးဆော်စာရေး လာမည်နည်းကို မနေ့မဖင့် ပေးလိုက်သင့်ဟု လှိုက်ဖွင့်မြွက်က ဘဂဝါသည်. . .။ ထုတ်ဘော်ဤသို့ ဟောလတ်တည်း။

ကပ္ပသဟ သောဠသဟု များလှတွက်ကိန်း တသိန်းကမ္ဘာ သချ်ာဆဲ့ခြောက် ဤမျှလောက်က ဖြည့်မြောက်ပါရမီ သုံးဆယ်ညီလျက် ဝသီမပျက် ကျိုးဝိပါက်လျှင် ဆက်ကာဆက်ကာ ထပ်လျက်ပါသော် ရွှေကြာပဒုံ ချပ်လွှာစုံ၍ အာရုဏ်ခါသင့် ငုံအာပွင့်သို့ ရင့်ပါရမီ ကျင့်စာဂီလျှင် ခါညီပြည့်စုံ သုံးပါးဘုံဝယ် ပြိုင်သူဘက်ကင်း တရားမင်းက ကြောင်းရင်းရှေးဝယ် ဖြစ်ဘူးသည်ကို အကျယ်မပြ သင်္ခေပဖြင့် ခွန်းဟမြွက်ကာ ဟောလေပါသော် စန္ဒာမင်းလှ သူရိယက ရွှင်ပြ-ဝမ်းသာ ကိုယ်စားတော်ကို ထိုခါလျှင်မြန် သွန်းလုပ်ရန်လျှင် နိုင်ငံစိုးချင်း အမင်းမင်းအား သတင်းသချာ ရွှေပေလွှာနှင့် ခြင်းရာတဘန် မှာလိုက်ဟန်က နိုင်ငံ၌ာနီ ရာ့တပြည်ဝယ် အရှည်ပိုင်စိုး ထီးဖြူမိုးလျက် သတိုးနွယ်လာ ဇကရာသို့ တေဇာထန်ပြင်း အဆွေမင်းတို့ ရှင်ရင်းလူ့ဘ အတုလလျှင် ဓညဝတီ ဌာနီသာစည် ကျွန်ုပ်ပြည်၌ ရွှေကိုယ်တော်စားရည်မှတ်သား၍ ဘုရားရုပ်ထု သွန်းလုပ်ပြုအံ့ ဝတ္ထုများစွာ အဖြာဖြာတွင် ရတနာကိုးပါး ရွှေငွေများနှင့် ဘုရားရှင်ကျော် ကိုယ်စားတော်ကို ပူဇော်အံ့လောက် ဆော်ပင့်ထော်၍ ချီးမြှောက်လိုသူ ကျွန်းဇမ္ဗူဝယ် ထီးဖြူဆောင်းချင်း မိတ်ဆွေမင်းအား သတင်းရွှေစာ သဝန်လွှာနှင့် ကြားမှာလိုက်သည် မြတ်မျိုးနွယ်ဟု ပြည်ထောင်တိုင်းကား ရာတပါးကို မှားကြား၍ပေစာသွားစေက အပြည်ပြည်ထောင် မင်းကုန်အောင်တို့ များမြောင်ဥစ္စာ ရတနာနှင့် ရက္ခာပူရ သမုတ်ကြသည် ဓညဝတီ ပြည်ဌာနီသို့ ကိုယ်စီကိုယ်ငှ ရောက်လာကြသည် ရာဇသေနင်း အမင်းမင်းတို့ ဆောင်ကျင်း၍လာ ရတနာက မသာရကန် နီဖလံနှင့် စိန်ရုံပုလဲ ကြောင်မျက်ရွဲက မြခဲဂေါ်မုတ် ဥသဘယား ပတ္တမြားမုနိ ဇောတိနဝရတ် မျက်မြတ်ဣန္ဒနီ စိန်ဝဇီရာ ရတနာမြတ် နဝရတ်ကိုးပါး ရွှေငွေများကို စုငြားချိန်သွင်း ဆဲ့ငါးတင်းတည်း နတ်မင်းတကာ ဒေဝရာတို့ ရတနာမြုတေ တင်းငါးဆယ်တည်း ရွှေ,ငွေစုဆောင်း နှစ်ဦးလောင်းက တင်းပေါင်းတွက်ရေ များရွှေငွေလျှင် ခြောက်ဆယ်

ငါးတင်း စာရင်းအရ ထိုကာလ၌ ဝေဘူလမည် တောင်၌နေသား ခွန့်ရှည်မြင့်ကြာ သုံးကမ္ဘာဆက်သွယ် အသက်ရှည်လျက် ခေါ်ထွေသညညာ စူဋ္ဌာရဋ္ဌာ နာမတွင်ပြီး နတ်မင်းကြီးလျှင် ကပ်နှီးပြီးခါ စောင်မလာ၏ စန္ဒသူရိယ နာမ-တွင်ခြင်း ထိုသည့်မင်းလည်း ခပင်းများစွာ ရတနာစုံပုံ ပြည့်ဖြိုးစုံသော် သုံးဘုံအထွဋ် အတုလွတ်ကို ဦးညွတ်တုံ မြောက် အကြောင်း လျှောက်သည်. . . လက်မြှောက်အဥ္စလီတင်ချီတည်း။

## ဘုရားသွန်းစကား

ဓမ္မိသာရ သုံးလောကဝယ် ဒေဝဒေဝိန် ရာဇိန်ဓိပတိ သီရိပဝရ လောကနာထံ အရဟံဟု ဉာဏ်အမျိုးမျိုး စုံပြည့်ဖြိုးလျက် တန်ခိုးဣဒ္ဓိ တုမရှိသည် တြိနာယကာ ကိုးကွယ့်ရာသား မဟာနွယ်မျိုး ကျော်လွှမ်းဟိုးသည် တန်းခိုး ထန်ပြင်း ဘုန်းရောင်လင်းလျက် နေမင်းဗန္ဓု သဗ္ဗညုဟု နှုံးတုမရ သုံးလူ့ဘကို သူရိယရာဇာ ဒါယကာက ရတနာပေါင်း ပြည့်စုံကြောင်းကို ဦးခေါင်းညွှတ်ခ လျှောက်ပန်သ-သော် သာသနဒါယကာ မင်းရာဇာ. . . ။ ရတနာကိုးပါး ပြည့်စုံငြား က ကိုယ်စားတော်ပြု ငါ့ဆင်းတုကို ကရုဏာညွတ နာမ-မြင့်ခေါင် ထိုသည်တောင်၌ အောင်မြင်မြောက် အပြီးရောက်အောင် ချီးမြှောက်၍ပေ သွန်းလုပ်လေဟု စိန္တေမြတ်ဖျား မိန့်တော်ကြားသော် ဘုရားဒါယကာ မင်းစန္ဒာနှင့် တရာမင်းပေါင်း တသောင်းအမတ် ရံဆည်းကပ်လျက် တိုင်းရပ်ပြည်သူ ဖွေးဖွေးဖြူမျှ ရှင်လူဝန်းပတ် အထပ်ထပ်နှင့် မိုးရပ်အာကာ နတ်ဒေဝါတို့ မြတ်စွာဘုရား တို့ထွတ်ထားသည် ဖြည့်သောစုံစီ ပါရမီကြောင့် ကူညီစောင်မ စည်းဝေးကြ၍ ကရုဏာညွှ တောင် မြရိပ်ဆောင်သည် ထိပ်ခေါင်အထက် ပြောင်ပြောင်လက်သား သွန်းစက်ရတနာ မဟာမုနိ မြတ်ဗောဓိကို အာဒိအစ သမယလျှင် နှစ်,လ,ရက်ကို စစ်တွက်ဆိုသော် ဘုန်းမိုလှူ့ဖျား ဘုရားရှင်တိုး နေမျိုးဝံသ အဥ္စနလျှင် ပါနသိန္ဓု ဆ,ဘသျှူးကိန်း ဖြိုချ,ပြီးမှ မုနိပေတ ဇေယသက္ကရာဇ် လ,ရက်,နှစ်ကို တွက်စစ်လေရာ ဝိသခ်ါနှင့် စန္ဒာကြိုက်ကြုံ ကဆုံလပြည့် ဆင်မင်းနေ့ဝယ် ညဥ့်၏နံနက် နေဝန်းထွက်၍ ဒေါင်းစက်ဖလ်ရှိန် အသူရိန်လျှင် ပူဟိန်ပြင်းပြင်း ရောင်ခြည်ချဉ်းသော် သန့်ရှင်းကိုယ်ရိပ် လျှံဖိတ်ထွက်သွား ရှစ်ဘဝါးနှင့် ပိုင်းခြားလက်သစ် တွက်ကာစစ်သော် ဆဲ့နှစ် မှန်တေမာ မုယောတလုံး သုံးကာနှမ်းမည် ခြောက်ဆံခြည်တည်း မြတ်သည်အခါ မင်္ဂလာတွင် မဟာရုပ်တု သွန်းလုပ်ပြု၍ ဗာဟုများစွာ လှူ့တကာနှင့် ဗြာဟ္မာမိုးနတ် အထပ်ထပ်တည့် တိုင်းမသိလျှင်  မိမိကုသိုလ် အကျိုးလို၍ ထိုထိုများစွာ မင်းတကာလည်း ရတနာကိုးမည် မဏိရည်ကို ရွှေခွက်ငွေခွက် ကိုယ်စီရွက်၍ ချီလျက်သွန်းလောင်း ဣတ္ထိပေါင်းတွင် ရှစ်သောင်းအချာ နန်းတောင်ညာနှင့် အာကာသစိုး ဘုမ္မဇိုရ်းက ပိသနိုးဒေဝါ နတ်တကာတွင် တေဇာကြီးငြား တန်ခိုးအားနှင့် သိကြားဝရဇ္ဇ် ဝိသုကြံုက ဂဠုံနဂါး လူအလားသို့ ကိုးပါးရတနာ ရွှေသိင်္ဂါဖြင့် ဒေဝါလူနတ် သွန်းလောင်း လတ်သည်. . . ။ လှူ့ထွတ်ပရမေတော်ကြောင့်တည်း။

သမ္မာသမ္ဗုဒ္ဓ နုတ္တရဟု အတုလဝိဂြိုဟ် ကျမ်းအလိုဖြင့် မိဆိုလာရှိ အာစရိတို့ ပါဠိတော်ရ မာဂထကို အတ္ထယောဇနာ မြန်မာသိလွယ် ပရိယာယ်ဖြင့် ဓိပ္ပါယ်မကျန် ဖွင့်ချယ်ပြန်မူ သမ္မာကောင်းစွာ ဆရာမရှိ ပကတိဖြင့် မိမိအလို ကိုယ်တော်တိုင်သာ ဆင်ခြင်ကာဖြင့် သစ္စာညဥ့်ယ မြတ်ဓမ္မကို အာရဟတ္တမဂ် ဉာဏ်ရောင်စက်ဖြင့် ပြက်ပြက် ထင်ထင် ကြွင်းမဲ့စင်အောင် သိမြင်နိုင်ရာ လက္ခဏာကြောင့် သမ္မာသမ္ဗုဒ် နတ်ဝိသုဒ္ဓ အမည်ရသည် လောကမှန်ကူ သယမ္ဘူ၏ တဆူကိုယ်စား မြတ်ရုပ်ပွားကို အများလူနတ် သွန်းလုပ်လတ်သော် မြတ်သောအဂ်ါ ဦးခေါင်းတော်လျှင် ကောင်းစွာမစေ့ မချောမြွေဘဲ ချို့တဲ့ခြင်းရာ လက္ခဏာကြောင့် သုံးခါစေ့အောင် ပြုကြံဆောင်လည်း ယခေါင်ပမာ မအောင်ပါသော် စာနာမြော်တွေး ဤအရေးက ခက်ခဲစရာတို့နှင့်သာလျှင် မရာမအပ် သုံးလူနတ်နှင့် သင့်မြတ်တော်တန် အကြောင်းပြန်၍ တောင်းပန်မှသာ သင့်လျှော်ရာဟု ချင့်မြော်ကြံတွေး ဤအရေးကြောင့် ကြေးသွန်းသွား အများဗိုလ်ပါ မြတ်ဗုဒ္ဓါအား ပန်ထွာကျိုးနွံ့ အကြောင်းပြန်၍ တောင်းပန်သောခါ လောကနာဟု မဟာပရမတ် အတုလွတ်က မြတ်သည် အာလုပ်ကြာဂမုတ်မှ ဘော်ထုတ်သည်မှာ ဒါယကာတို့ ပဇာကိစ္စ မကြောင့်ကြနှင့် သီသ,ရွှေလျော် ဦးခေါင်းတော်သည် ဆော်ကာမစေ့ ရှိပြန်ခဲ့သော် ငါ၏တာဝန် သင်တို့ဉာဏ်နှင့် မတန်ရှင်းရှင်း စိုးရိမ်ခြင်းကို ပျောက်ကင်းကြစေ မိန့်တုံပေ၍ မပေထွတ်ထား ဘုရားလှူ့ဘ အတုလလျှင် စန္ဒသူရိယာ မင်းရာဇာအား ရတနာပလ္လင် ပြုစီရင်ဟု ဗုဒ္ဓက်ုရ မုနိန္ဒ၏ မိန့်ဟ,စကား နတ်တို့ကြားသော် ဘုရားမြတ်စွာ ထွတ်မဟာ၏ ရတနာပလ္လင် မြတ်ဥကင်ကို သို့လျှင်မနေ လုပ်သင့်သည် ဟု ကြံစည်ရုံးစု တိုင်ပင်ပြု၍ စတုမဟာ နတ်ဒေဝါတို့ ရတနာပလ္လင် ပြုစီရင်သည် ရောင်လွင်ဖြိုးမောက် မြေကပေါက်သို့ စောက်တဆဲ့ငါး မိုးတိမ်ကြားသို့ ငွါးငွါးစွင့်စွင့် ဖျူးဖျူးမြင့်လျက် မြပွင့်စိန်ခြေ ဆန်းတကြည်ဖြင့် ရွှေငွေပုလဲ ရောင်စွဲစွဲ

နှင့်ပလ္လင်ခံ ညဉ့်လေးယံတွင် စီမံပြုငြား မြတ်ကိုယ်ပွားကို နတ်များမပြင် လူမတင်ဘဲ ရုပ်ရှင်ပရမေ ပလ္လင်ဘွေ၌ထက် ဝေဖွဲ့ကာ နေခြင်းရာကို ဗိုလ်ပါလူများ ဝင်လေငြားက အံ့သြချီးကျူး ကောင်းချီးပြုသည်. . . ။ သာဓုသာဓု ညံ၏တည်း။

သုံးပါးဘဝ သုံးလောကတွင် ပြာဟ္မာ့ပြဟ္မာ ရာဇာ့ရာဇာ ဒေဝဒေဝါ စက္ကစက္ကီ လောကီစကြာ ရတနာထက် ထောင်ရာမက ထူးမြတ်လှသား ဓမ္မစကြာ စိုးပိုင်ပါသည်။ မဟာစက္ကဝတ် မန္ဒထွတ်ဖျား ဦးနှစ်ထားသည် ပတ္တမြားသင်း ကျစ် မြတ်ဦးရာဇ်ဟု မင်းစစ်မင်းမွန် အလွန်ထူးမြတ် သာတုလွတ်သည် အထွတ်ဦးစွန်း ဘုန်းရောင်ထွန်းလျက် လေးကျွန်း မဏ္ဍိုင် ခရိုင်မက ဩကာသဟု ဇေတဝ်ီသာ ဘုံသုံးရွာတွင် နှုံးရာဘက်ကင်း ဘုန်းရောင်လင်းသည် မင်းဓိပတိ သမ္မောဓိ၏ မုနိမဟာ ဘဂဝါအား ရတနာပလ္လင် ဘွေထိပ်ပြင်၌ မြင်လေသောခါ မင်းတကာနှင့် စန္ဒာသူရိယ အံ့သြကြ၍ ဗုဒ္ဓထွတ် ထား မြတ်ဘုရားအား သွား၍လျှောက်ခါ ဝဲလက်ျာ၌ မဟာထေရ်မွန် နှစ်ပါးရံလျက် အရဟံထွတ်တား တမွတ်ဖျားဟု ဘုရားရှင်တော် ကြွပြီးသော်မှ ညီတော်မြတ်စွာ မဟာမုနိ ညွှတ်ဘိအမှန် ငုန့်၍ခံဟု မြတ်မွန်ဘုန်းတူ မိန့်တော်မူက တူတုံပီပြင် ဝိဉာဉ်ရှင်သို့ ဦးတင်သောဟန် ငုန့်၍ခံက မြတ်မွန်ဇိနော် ရင်ငွေ့တော်ကို ယူတော်မူလျက် ခုနစ်လက်ခုတ် အဟုတ်ပြည့်ပြည့် ခေါင်း၌ထည့်သော် စေ့လခေါင်းတော် ပလ္လင်ပေါ်က ကိုယ်တော်ချက်ချင်း လျှောကာဆင်းမှ ထွတ်သကျ ၏ ပါဒနှစ်ဘော် ဘမိုးတော်၌ ကော်ယော်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပြီးသော် တပည့်တော်သည် ကြွတော်မူရာ နောက်တော် သာ၌ မကွာတူကွ လိုက်ချင်စွဟု ဦးချတုံမြှောက် ပြန်ကြားလျှောက်က သမ္ဗုဒ္ဓလည်း မြွက်ဟ-ချိုသာ မိန့်တော်လာ၏ မဟာမုနိ မည်ရှိတွင်ခေါ် ငါ့ညီတော်လျှင် ငါနောက်တွင်၌ တူပင်မကွာ မလိုက်သာတည်း ဤမှာညီချစ် ပျော်ကာပိုက်၍ စင်စစ်မခြား ငါ့ကိုယ်စားလျှင် ညီဘွားသက်ဝေ နေလိုက်ပေဟု မိန့်လေထုံသော် ဆင်းထုတော်လည်း ညှိုးလျော်နွမ်းလျှ ထိုချင်းတ-ကို မြင်ရ-တုံငြား နတ်လူများတို့ အံ့သြဘွယ်တိ တိုင်းမသိတည်း မုနိမဟာ နောင်မြတ်စွာနှင့် ရတနာဘွေချက် ပလ္လင်ထက်၌ တက်၍သပ္ပါယ် ထက်ဝယ်နေသော် ကြက်သရေရွှေလျော် ကိုယ်စားတော်နှင့် ညီတော်နောင်ရင်း နှစ်ပါးမင်း သို့ တင့်ခြင်းမက တင့်တယ်လှလျက် သကျဇိနော် မြတ်နောင်ကျော်ဝယ် ရောင်တော်ခြောက်မျိုး ဖြာ၍ထိုးလျက် တန်းခိုးမဟိဒ္ဓိ မတန်ညှိဘဲ ပကတိခြောက်ဘော် ရောင်ခြည်တော်နှင့် ညီတော်ရုပ်ပွား ကိုယ်တော်စား၌ မြတ်သောအင်္ဂါ ရတနာနှင့် စန္ဒာသူရိယ တူပြိုင်ပ-၍ နေလနှစ်ပါး ထွက်ပေါ်ညားသို့ ဘုရားသုံးလူ့ သဗ္ဗညုနှင့် ဆင်းတုကိုယ်စား တူမခြားဘဲ ဘုရားနှစ်ဆူ ပွင့်တော်မူသို့ နတ်လူပြာဟ္မာ ထင်မှတ်သာအောင် ရောင်ဝါခြောက်သွယ် ထွက်ကြပေ၏ အံ့ဘွယ်သဘင် ဤကြောင်းအင်သည် တို့ရှင်သကျ သမ္ဗုဒ္ဓ၏ ဒသသုံးလီ ပါရမီကို အညီမကွာ ဖြည့်ခဲ့ပါသည်. . . ကမ္ဘာ စဉ်ဆက် ကောင်းကျိုးတည်း။

**ဓဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓါဂုဏာ အစိန္တိယာ၊ အစိန္တိယေ၊**
**ပသန္နေ နဝိပါကော ဟောတိ အစိန္တိယော။ ။**

(ဤသို့ဟောကြားသော ပတျာဝတ္ထုဂါထာဖြင့် မြတ်စွာဘုရားသခင်၏ ဂုဏ်တန်ခိုးတို့ကို မကြံအပ်-မကြံစည်နိုင် ဟူ၍ သိအပ်မှတ်ယူရာ၏)

မဟာရက္ခေ ဗုဒ္ဓပေဟု မြူတေသီရိ ညောင်ဗောဓိ၌ မြင်သိအကုန် အင်ပြည့်စုံ၍ ဆံမြုံမုံညင်း ကျန်မကြွင်းဘဲ ဉာဏ်ထွင်ဖောက်ကာ အဝိဇ္ဇာဟု မိစ္ဆာနှောင်တိုက် မြူမှောင်မိုက်ကို ပယ်လှိုက်ခုတ်လျက် နေမင်းထွတ်သို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆက်ကာဆန်၍ အရဟံဇိန လျှံထိမ်ပ-လျက် လောကသရဘူ သယမ္ဘူအတုလ သမ္ဗုဒ္ဓအစစ် ဓမ္မရာဇ်မှန်ကူ ဖြစ်တော်မူသည် နတ်လူထွတ်ထား မြတ်ဘုရားနှင့် ကိုယ်စားတော်ပြု သွန်းလုပ်ထုသည် ရုပ်ထုရတနာ ဥပမာက မဟာသာမိ ပြာဟ္မာကြီး၏ အနီး၌ဝယ် ပြာဟ္မာငယ်သို့ သပြေမဏ္ဍလာ လေးဒီပါကို အာဏာစိုးခြင်း စကြာမင်းမူ ထံရင်းအနီး သားတော်ကြီးသို့ ကပ်နီးတူရာ ဥပမာဖြင့် ဖူးလှာကြငြား နတ်လူများတို့ သဘောမကွက် မနောခွက်တွင် နှစ်သက်သောမန ဖြစ်တုံကြ၏ စန္ဒသူရိယာ မင်းရာဇာက သဒ္ဓါနှစ်သိမ့် ပီတိစိမ့်မျှ ဆီထိဂွမ်းသို့ ရွှမ်းရွှမ်းစို၍ စီးယိုသက် ဆင်း နှစ်သက်ခြင်းဖြင့် လှိုက်ဖွင့်ခွန်းဟ သို့ကြိမ်းပ၏ ဒီပ-အောင်မြေ မြရောင်ဝေသည် သပြေတောင်ကျွန်း သောင်းတိုက် ခန်း၌ ထီးနန်းစိုက်သည် ရာ့တပြည်တွင် ငါ့နှယ်မင်းဖျား အလွန်သျှား၏ ဘုရားမှန်ကူ သယမ္ဘူဟု နှစ်ဆူဗုဒ္ဓ စိန္တေယျ၏ သာသနဒါယကာ ရင်းတကာလျှင် ငါသာမုချ ခံထိုက်လှ၏ ထိုမှတပါး မင်းအများတို့ ဘုရားဒါယကာ ငါ့ပမာလျှင် ဘယ်မှာနတ္ထိ ခံသူရှိဟု မိမိကိုယ်ကိုကြိမ်းပ-ဆိုသော် ထိုထိုအများ ရာ့တပါးလည်း မင်းဖျားပရမေ နှုတ်ရွှေခွန်းကျူ မိန့်ခွန်းပြု၍ သာဓုခေါ်သံ တည်းညံနှင့် ထူးဝိသေသ ထိုကာလ၌ ဗုဒ္ဓပရမေ မိန့်တုံပေ၏ အပြည်ပြည်တောင် နန်းဆောင် ဆောင်ဝယ် ဘုန်းရောင်ထွန်းပ အစိုးရသည် ရာဇာသနင်း တကာမင်းတို့ များခြင်းဥစ္စာ ရတနာမွန် ကြွင်းအကျန်ကို တဘန်နောက်ထပ် မသုံးအပ်တည်း အမြတ်ကိုမြော် တကာတော်တို့ လျော်အောင်မြှောက်ချီး သိမ်တော်ကြီးကို အပြီးခုဝယ်

ဆောက်သင့်သည်ဟု ပရမေဇီနာ ထွတ်မဟာသည်။ . . ။ မြတ်စွာဤသို့ မိန့်၏တည်း။

ဖဃဖဃဖဃ

## တန်းဆောင်းတော်ကြီးကို ပြီးမြောက်အောင် စီးမြှောက်၍ ဆောက်တော်မူစန်း

သီရိပရဝ မြတ်ပုညကြောင့် ဂုဏဖြိုးဖြိုး ကြီးတန်ခိုးနှင့် မြေမိုးကောင်းကင် ဘုံသုံးပြင်ဝယ် မမြင်ဘက်လျား နတ်လူများတွင် နှစ်ပါးမရှိ မြတ်ခေါင်ထိသား မုနိငါးတန် ဇဇဂ္ဂဟု တံခွန်အထွတ် ဖြစ်ပြန်လတ်၍ ကြံအပ်စရာ မရှိပါသည် သမန္တာစက္ခု သဗ္ဗညုက ဆင်းတုရွှေလှော် ကိန်းအောင်းလျော်သည် သိမ်းတော်ဆောက်ရန် မိန့်ခွန်းညွှန်သော် နိုင်ငံပြည်မ စိုးပိုင်ကြသည် တစ်ရာ့တစ်ပါး မင်းအများတို့ အားရဝမ်းမြောက် သိမ်တော်ဆောက်က အံ့လောက်စရာ သည်တိုင်းမှာလျှင် ရတနာထွေထွေ မျက်စုံခြယ်သား ရွှေတိုင်ငွေတိုင် နံ့သာတိုင်နှင့် စိန်ခိုင်မြခက် ပြိုးပြိုးပြက်မျှ အထက်ရစ်မှန် အောက်၌ဖန်တည်း နံရံရစ်ပတ် အထပ်ထပ်တိ ပြာဿဒ်ဘုံမြင့် အဆင့်ဆင့်နှင့် အတင့်အတယ် ပြီးတုံလေသော် နတ်ပြည်စိုးခြင်း သိကြားမင်းက မှန်ကင်းတုယင် နေလ-သွင်လို့ မျက်ရှင်ပတ္တမြား တတ်ကာထားမျှ နဂါးရေနတ် ဒဠှိရဠက သုံးတတ်မှန်စွာ ခြံရံကာဖြင့် သန္တာဖာလ်မှန် တံတိုင်းရံ၏ လက်ပန်သာမော ပျော်စံစားသည် ငှက်များသနင်း ကဠုန်မင်းလည်း တင့်ခြင်းလှဆုံး မြပွက်လုံးဖြင့် ပိတ်ဖုံးခြံရံ အတန်တန်လျှင် ဗိမာန်ညီးညီး သိမ်တော်ကြီးသည် ပြီးလေသောခါ ထိုသရော်၌ စန္ဒသူရိယ မြတ်ဗုဒ္ဓကို ညွတ်ခ-တုံမြောက် ဤသို့လျှောက်၏ ခြောက်ပါးရောင်ဝါ ဘုန်းခြောက်ဖြာနှင့် လက္ခဏာယေ် တွက်စစ်ရေသော် ရှစ်ဆယ်အင်္ဂါ ပြည့်စုံစွာဖြင့် မဟာပုရိသ ဓမ္မသာရထိ မည်ရှိတရပ် လောကဓာတ်၌ အမြတ်ရတနာ နတ်ပြာဟ္မာထက် သာလွန်ထူးမြတ် သာထုလွတ်သည် ပရမတ်ထွတ်ထား မြတ်ဘုရား. . . ။ ပတ္တမြားကျော်သံ ကြွင်းအကျန်ကို သုံးရန်မထိုက် သမုဒ်မြစ်၌ စွန့်လိုက်မှလျှင် ကောင်းမည်ထင်ဟု လျှော်တင်ကာလ သမ္ဗုဒ္ဓလည်း ခွန်းဟမြွက်ကာ ဒါယကာ။ ရတနာကျော်သံ ကြွင်းအကျန်ကို ပလ္လင်မဟာအော်၌သာလျှင် ဌာပနာတိုက် ပြုတုံလိုက်၍ ထားလိုက်သင့်သည် မိန့်တုံလေသော် ရွှေငွေသပြာ ရတနာကို များစွာစုမြောက် ပလ္လင်အော်၌ အစော်ထွက်ရေ တောင်ရှစ်ဆယ်လျှင် မြေတာဥမင် ပြုပြီးကျင်မှ များဖျင်ဥစ္စာ ရတနာနှင့် တရာ့တစ်စင်း သမ္ဘာလင်းသည် မင်းမြောက်တန်းဆာ ရတနာဟု အင်္ဂါငါးပါး ခဂ္ဂေါဆဒ္ဒကံ ဉဏ္ဍိသံနှင့် ဝါလံဗီဇဏီ အစရှိသား ခတ္တိယမျိုး နင်းနှိပ်စိုးသည် မင်းတို့တန်းဆာ ပေါင်းငါးဖြာကို သဒ္ဒါရှွင်ကြည် လှူကြလေ၏ မဟေသက္က တေဇထန်ပြီး မိုးနတ်မင်းလည်း တင့်ခြင်းကောင်းမွန် ဦးကေဆံကို စီမံဖန်ဆင်း ရေညှိကင်း၍ သန့်ရှင်းကြည်လင် အောက်မြေပြင်ကို ဖောက်ဖျင်အံ့ငှာ ဆင်ဝတ်ပါသည် ရတနာကျောက်မြတ် ဇောတိရသ်ကို ချွတ်၍မနေ ကံတော်လယ်၌ ရေမှာထည့်ငြား အမြဲထားလျက် လေ့ကားသက်လမ်း ကြေးစောင်းတန်းနှင့် သင်္ကန်းဖန်ဝါ ဖွပ်အံ့ငှာလျှင် နီတျာရောင်ရွှမ်း လွန်ထူးဆန်းသည် ဆေးဒန်းကျောက်ဖျာ မြင်းသီလာကို ကန်တော်အနား ဖန်ကာထား၏ နဂါးမင်းမွန် ရေနန်းစံလည်း စီမံရှေ့နည်း လွန်ထူးကဲအောင် လက်ဆေးတော်ကန် ပြုကာဖန်၍ နိသံပေါင်းစု အကြောင်းပြုသည်. . ။ ကောင်းမှုဒါန စိုက်ပျိုးတည်း။

ရတနာမြတေ တုလွတ်နေသား မပဟေသာရ တိလေကဥ္ဇ ပြိသိဋ္ဌဂုဏ် ဘဝက်တုံမျှ သုံးဘုံပရမေ စိန္တေပရမတ် အရဟတ်သခင် ဘုရင်မိပတိ မုနိဓမ္မရာဇ် ဘုံသုံးတိုက်၌ ငုံသစ်ရင့်မာ ပွင့်တုံပါသည် သမ္မာသမ္ဗုဒ္ဓ အတုလက ခွန်းဟ, လိုက်ကြူ မိန့်တော်မူ၏ ဗိုလ်လူညွတ်ခ အစိုးရသည် စန္ဒသူရိယာ ဒါယကာ. . . ။ ရက္ခာပူရ တွင်နာမနှင့် နဂရသာစည် ဤသည်ပြည်၌ လွန်လေရှေးခါ ဒါယကာမူ ရာဇာတုမရာဇ် ဆဲ့ငါးနှစ်လျှင် မင်းဖြစ်လေပြီ ကြောင်းကျိုးညီ၍ ခုဤတခါ ဒါယကာလျှင် တေဇာထွန်းညီး ဘုန်းကံကြီး၍ စောထီးလူဖျား ငါဘုရား၏ ကိုယ်စားရိုက်ရာ သာသနာကို တကာအစစ် သဒ္ဓါသစ်၍ ခံထိုက်တော့သည် သို့ဖြစ်သောကြောင့် တာရှည်မြင့်ကြာ သာသနာကို ငါလျှင်ခုဝယ် ထားခဲ့မည်ဟု စိန္တေမုနိ မိန့်တော်ရှိသော် သာရိပုတ္တရာ ထေရ်မဟာလျှင် ပန်ထွာကျိုးနွံ လျှောက်ခြင်းဟန်က အရဟံဇိန် အသမ္ဘိန်နှင့် မဟိန္ဒိကော က္ကသရောဟု က္ကန္ဒောက္ကန္ဒာ နာယကာနှင့် ဘဇာဂမန် အတုလံက မြတ်မွန်ဇီနော် စိန္တေယျော်. . . ။ ဤရွာ ဤပြည် ဤဌာနီ၌ ခွန့်ရှည်သာသနာ ဘယ်မျှကြာအောင် မြတ်စွာဘုန်းကြွယ် ထားပါမည်ဟု မထေရ်လက်ျာ လျှောက်သောခါ၌ ရတနာမှန်ကူ မိန့်တော်မူ၏ ဘိက္ခုသယ်ာ အရိယာတွင် ပညာရောင်ညီး တန်ဆောင်မီးသို့ အကြီးတင်မြောက် ငါ၏အော်က တရောက်ရတနာ သာရိပုတ္တရာ. . . ။ သာသနာရောင် ခွန့်ရှည်ဆောင်၍ သုံးထောင်နှစ်ပေါင်း ထားတုံရှောင်အံ့ အကြောင်းစကား မိန့်တော်ကြားအောင် ထားပါလိုသော ထိုသဘောကြောင့် နဂါးသနင်း ဂဠုန်မင်း၌ လူမင်းနတ်မင်း ပြာဟ္မာမင်းတို့ ဝပ်စင်းညီညာ လျှောက်ခြင်းရာက ခြံကာလွှမ်းဖြိုး ဂုဏ်တော်ကိုးကြောင့် ကျော်ဟိုးသတင်း

တန်ခိုးပြင်းသည် ရှင်ရှင်းလူထွတ် အတုလွတ်. . .။ မြတ်သာသနာ ထပ်မံကာဖြင့် ရှည်ကြာများမြောင် နှစ်ငါးထောင်လျှင် ဘုန်းခေါင်ချစ်ရှင် ထားစေချင်ဟု များဖျင်လူနတ် တောင်းပန်လတ်သော် မြတ်သမ္ဗုဒ္ဓေနွှတ်ဟ၏ ဧညဝတီ ဠာနီနဂရ ဤပြည်မက မူလသာသနာ တည်ရာအရင်း ဖြစ်တုံလျှင်း၍ လူ့မင်းနတ်မင်း ဗြာဟ္မာမင်းတို့ ဝပ်စင်းကျိုးနွံ အကြောင်း ပြန်လျက် တောင်းပန်တိုင်းသာ ထားအပ်ရာဟု ရှည်ကြာများမြောင် နှစ်ငါးထောင်လျှင် နော်နောင်တာရှည် ငါထားပေ အံ့ မထေရ်အများ သင်ချစ်သားတို့ မှတ်သားနားနာ ငါးထောင်မှာမူ သာသနာမြတ် ပဋိပတ်နှင့် ပရိယတ္တိ ပဋိဝေဓ လိင်္ဂဝေတု ငါးတို့ပြု၍ ငါးစုသင်္ချာ ခိပ္ပါယ်မှာကား ရိပ်ကာသံချို မြွက်မျှဆိုပိမ့် မင်္ဂဖိုလ်ချမ်းသာ ကျမ်းစာပရိယတ် ပဋိပတ်နှင့်ဓာတ်တော်မွေတော် မြတ်သယ်္ဘာဟု သာသနာပန်းရွက်ဆောင်ထမ်းသည်။ ရဟန်းအသွင် ဤငါးအင်တည်း အကြင်လူတကာ ဤသည်စာကို ဘတ်နာကြငြား မျိုးကောင်းသားတို့ ဘုရားသာသနာ ထားခြင်းရာ၌ များစွာအတိ ပြောရန်ရှိလည်း သိလောက်ရုံမျှ အရိပ်ပြ၏ ဗုဒ္ဓမြတ်စွာ ထိုအခါဝယ် ရှည်ကြာများမြောင် နှစ်ငါးထောင်လျှင် နောက်နောင်တာရှည် တည်ရစ်စေဟု ရွှေကိုယ်တော်မြတ် မိန့်တော်ထားသည်။ အများလူနတ် ရှေ့ဝယ်တည်း။

## မြတ်စွာဘုရား ကိုယ်စားတော်ကို ဖူးမြော်ကြည့်ရှုပြုစုသောသူတို့၏ အကျိုးကို ဟောပြတော်မူခန်း

ဗုဒ္ဓါနံစေတီယံ ဇဂ္ဂိတွာတိသောပိသမ္ဗတ္တိယောလဘန္တိ။ ။ မဟာဥတ္တမ နုတ္တရနှင့် ဗုဒ္ဓသေဋ္ဌ အရဟံဟု နာမံမည်ရ ဝိသေသဖြင့် ဒေဝ-မကိုဋ္ဌ တုမရာဇ်ဟု ဦးစိုက်တည်ရာ နတ်ထက်သာသည် သမ္ဘာထွန်းလင်း ဗြာဟ္မာမင်းတို့ မှန်ကင်း ခိပတိ တုမရှိသား မုနိဆရာ ရဟန္တာတို့ ပီတာအထွတ် အတုလွတ်ဟု ဦးညွတ်တည်ရာ လူ့တကာတို့ ကေသာဦးစွန်း မကိုဋ္ဌပန်းသို့ စိုက်မြန်းဆင်ရာ စောသတ္တာက ရှည်ကြာများမြောင် ကျယ်ပွားဆောင်၍ ငါးထောင်သာသနာ တည်ပြီးခါမှ သာယာသံချို ဤသို့ဆို၏ လူဗိုလ်တကာ မင်းရာဇာနှင့် စန္ဒာသူရိယ နာမ-ခေါ်ဝေါ် ဒါယကာတို့ သဒ္ဓါဗလဝ သောမနနှင့် ငါ့သာသနာ ငါ့သြဇာကို ကောင်းစွာရိုသေ ပြုကြပေ၍ ငြါနှယ်အလား ငါ့ကိုယ်စားကို မပြားစိတ်တွင် ငါ့အသွင်သို့ ကြည်လင်ညွတ်ခ ကိုးကွယ်ကြလော ညီလှမြတ်စွာ မဟာမုနိ မည်ရှိတွင်ငြား ငါ့ကိုယ်စားကို တိုးပွားစေတနာ ငါ့ပမာသို့ သဒ္ဓါကြည်ဖြူ ကိုးကွယ်သူက ဆာပူမရှိ သုဂတိဟု ကြီးဘိချမ်းသာ ပြည့်စုံစွာဖြင့် လူ့ရွာနတ်ထံ လှည့်လည်စံ၍ ရွှေဉာဏ် ထွန်းပ မေတ္တေယျဟု ဇကေဗုဒ္ဓါ ဤကမ္ဘာဝယ် ညီတော်ချစ်ရှင် ပွင့်ခါတွင်၌ ဖူးမြင်တွေ့ကြ ထိုကာလဝယ် သုခကဲလွန် ငြိမ်းရာမှန်သည် နိဗ္ဗာန်အောင်မြေ ရောက်ကြမည်တည်း ဤပြည်ဤရွာ ရပ်ခန်းဝါက ငါဝယ်အမှန် ပျော်ငြိမ်းလွန်က ကြွင်းကျန်ခဲ့သော် ငါ့ညီတော်အား သက်တော်ထင်ရှား ရှိတုံငြားသည် ငါဘုရားလျှင် မဟုတ်ကျင်၍ အထင်စိတ်ဆိုး ငါ့ကိုကိုးလည်း အကျိုးကြီးကျယ် ရှိမည်ယောင်ပင် တို့မထင်ဟု စိတ်တွင်ကြံကာ မိစ္ဆာဝါဒ မရှိကြနှင့် မှားစွအယူ ရှိသောသူတို့ ဆာပူဆင်းရဲ ဒုက္ခဘေးနှင့် လေးပါးအပါယ် သွားလိမ့်မည်ဟု မဟောသရဖူ ဟောတော်မူသော် ဗိုလ်လူတုပ် ကွ ဦးနှိမ်ချ-သည် စန္ဒသူရိယာ မင်းရာဇာလျှင် ချင်းရာတဘန် လျှောက်လတ်ဟန်က သမန္တစက် ဉာဏ်ကွန်ရွက်ဖြင့် ဖြန့်ကြက်လွှမ်းမိုး လူသုံးမျိုးတို့ မြတ်နိုးဆည်းကပ် ကျိုးနွံအပ်သည် မြတ်စိန္တေယော် သုံးလူ့ဘော်. . .။ ညီတော်မုနိ မည်ရှိတွင်ညား ကိုယ်တော်စားက ကိုယ်ပွားရွှေလှော် ဆင်းထုတော်သာ ကိုယ်တော်ထင်ရှား မဟုတ်ညားဟု လျှောက်ထား သောခါ မင်းရာဇာ. .။ ထွေရာဤသို့ မကြံမြို့နှင့် မချို့မယွင်း နှလုံးသွင်းဖြင့် များခြင်းထွေထွေ ရှိလေသမျှ ဆင်းတုစ သည် ဗုဒ္ဓရုပ် သဏ္ဌာန်လုပ်ငြား ငါ့ရုပ်ပွားကို မှတ်သားစိတ်တွင် ငါ့အသွင်သို့ ထင်တုံမချွတ် ကိုးကွယ်အပ်၏ မှတ်လော သေချာ ဒါယကာ. . .။ ကမ္ဘာထွတ်မြတ် ဘဒ္ဒကပ်၌ လူနတ်ပန်းကုံး ကေဆံထုံးသို့ ဘုန်းခြောက်ပါးစုံ ဂေါနာဂုဏ်ဟု လူ့ဘုံထင်ပေါ် နောင်တော်ထွတ်ထား ဘုရားမြတ်စွာ လက်ထက်မှာ၌ ပဥ္စာလရာဇ် ထီးနန်းစိုက်၍ သမိုက်စဉ်လာ တိုင်းအောင်ချာက မဟာစူဠာရဋ္ဌ နာမ,သညာ မင်းရာဇာမူ ကရော်ကမည် မထေလေးစား နှုတ်ရမ်းကားနှင့် ဘုရား မဟုတ် သွန်းထုလုပ်သည် အရုပ်ရကား ဆိုမိမှား၍ ပျက်ပြားခန္ဓာ စုတေပါသော် ဝနာမြိုင်အုပ် ဝိဇ္ဈကုဋ္ဌနှင့် စိတ္တကုဋ္ဌတောင် တောမြိုင်ချောင်တွင် ချောက်မြောင်အကြား ဖြစ်လေငြား၍ ကြီးမားခန္ဓာ ယူဇနာသုံးဆယ် ဦးခေါင်း ဝယ်က ဆယ်ယူဇနာ လျှာမှာထင်ရှား ထုတ်၍ထားသည် ငါးယူဇနာ ခံတွင်းမှာကား သေးစွာငယ်ငြား အပ်နှဖါးမျှ ပမာဏဖြင့် ဝေမာနပြိတ္တာ ဖြစ်တုံပါ၍ ဂေါဏာဂုဏ်မြတ်ဖျား ဘုရားကစ ခုတိုင်ကျအောင် ဒုက္ခကြီးစွာ ခံခြင်းရာကြောင့် ငြါလျှင်ကယ်ချွတ် ပြိတ္တာဝဋ္ဋမှ ကျွတ်လွတ်ချမ်းသာ ရ,လေရာဟု ဘဂဝါဗုဒ္ဓ ရွှေနှုတ်ဟ၍ ထုတ်ပြလှစ်ကာ ဟောသောခါမှ စန္ဒာသူရိယ သတိရသည်. . . ဖျန်းမျှကြက်သိန်း တုံ၏တည်း။

ပေါ်ဦးကမ္ဘာ တိုက်စကြာဝယ် အချာဗဟိုရ် တောင်မြင့်မိုရ်၏ ညာကိုခွေရစ် မော်ကွန်းစိုက်လျက် ထွန်းလိုက်ကြက်သရေ ကျွန်းသပြေတွင် အလယ်မဏ္ဍိုင် မြေခရိုင်ဝယ် ဥကိုင်ဘွေထိပ် ဗောဓိရိပ်၌ ဘိသိက်ရေစင် ဆွတ်ဖြန်းတင်၍ မျှားဖျင်ထွေးရှုတ် ရန်ခလုတ်ကို ပယ်ဖြုတ်ထောညက် ခုတ်ဖြိုဖျက်လျက် မဂ်စတုတ္ထမြတ်ညာဏကြောင့် အပအတွင်း ဘေးရန်ကင်း၍ ကျန်ကြွင်းမရှိ အလင်းသိသည် မင်းကြီးပရမတ် ဗောဓိနတ်က နိပါတ်ဘော်ပြ သာဓကကြောင့် စန္ဒသူရိယ မင်းရာဇာလျှင် ပြင်းစွာလန့်ကြောက် ဤသို့လျှောက်၏ အောက်နှင့်အထက် ဘုံသုံးကွက်တွင် နှိုးဘက်မရှိ ဝိသုဒ္ဓိ. . ။ မသိမမြော် တကာတော်သည် လော်မာမှားယွင်း မှတ်မိခြင်းကို ရှင်ရင်းမြတ်စွာ သည်းခံပါလော မဟာအမည်ရှိ မြတ်မုနိကို ပကတိပင် ကိုယ်တော်ရှင်သို့ ထင်တုံနှစ်သက် စိတ်မကွက်ဘဲ အသက်ထက်ပင် ဆ,ထက်ခင်၍ ကြည်လင်ရိုသေ ကိုးကွယ်ပေအံ့ လျှောက်လေသောခါ ထိုသရော်၌ ညီတော်အာနန် ခွင့်တောင်းပန်၍ ကျိုးနွံတုတ်မြောက် ဤသို့လျှောက်၏။ ထွင်ဖောက်ဉာဏ်ဝါ လင်းရောင်ဖြာလျက် အဝိဇ္ဇာအန္ဓအာသဝဟု မောဟနှောင်တိုက် မှောင်အမိုက်ကို တေဆော်စိုက်တန်းဆောင် လင်းလင်းပြောင်လျက် မဂ်ရောက်ဆီမီးထွန်းကာညိုက မသိရှင်းရှင်း မြူမှောင်ကင်းသည် ရှင်ရင်းသုံးလူ့ သဗ္ဗညု. . . ။ ယခုအခါ လူ့ထွတ်ချာသည် မဇ္ဈိမာတိုက် ဂုရုရစ်သို့ ရှင်ချစ်မြတ်မွန် ကြွချိန်တန်ဟု ခွင့်ပန်သောခါ အာနန္ဒာ. . . ။ ဓဟာသီရိ မြတ်မုနိဟု တြိနာယကာ ငါ့ညီတော်နှင့် စန္ဒာသူရိယ ထိုမင်းလှုကို မိန့်ဟတံဆိပ် ခပ်ကာနှိပ်လျက် ဗျာဒိပ်ငါသည် ထားခဲ့ပေအံ့ နားတည်ရပ်တံ့ ဆိုင်းလင့်ငံ့သော အခွန့်ရှည်ကြာ ဆက်မျှားစွာကဝါသနာအယဉ် ပစ္စည်းယှဉ်လျက် အစဉ်တစစ် ဖူးမြင်ထိုက်၍ ကြုံကြိုက်တွေ့ရ သူရိယဟု စန္ဒတွင်ခြင်း ပြည့်ရှင်မင်း. . . ။ ထွန်းလင်းရောင်ဝါ သာသနာနှင့် မဟာမုနိ ညီဗောဓိကို ပီတိသောမနသ် ငါသို့မှတ်၍ အမြတ်တနိုး မပြတ်ကိုးကအကျိုးကြီးကျယ် ရှိလိမ့်မည်တည်း။ ခွန့်ရှည်မြင့်ကြာ နောင်သောခါ၌ သဒ္ဓါတိုးပွား သင်မင်းဖျား၏ သားမြေးဆက်သွယ်ကိုးကွယ်လေသော် ဤပြည်ဤရွာ သာသနာလျှင် ရောင်ဝါတိမ်မြုပ် ဆုတ်ယုတ်သောခါ ကာလကြာသော် တကာတော်မင်း လူ့မှန်ကင်းက သတင်းကြော်ငြာ ရှေ့ပြည်ရွာကို အာနာစိုးလိုက် ဧကရာဇ်ဟု မင်းဖြစ်လေသော် ငါညီတော်ကို တကာတော်ရင်း ဖြစ်ခဲ့လျှင်း၍ သင်မင်းရာဇာ ပင့်ဖိတ်ကာဖြင့် ထိုရွာထိုပြည် ရောက်တုံလေ၍ စည်ပင်သာယာ သာသနာလျှင် ရောင်ဝါအသရေ ထွန်းလိမ့်မည်တည်း လှည့်လည်ကြွချီပါရမီက ငါ့ညီတော်ရင်း ဝိပါက်ကြွင်းနှင့် မကာင်းမှန်စွာ ဖြစ်ခြင်းရာကြောင့် ဦးစွာပဌမ ဒုတိယနှင့်တတိယရောက် သုံးကြိမ်မြောက်အောင် နောက်ကိုဆက်သွယ် ကိုးကွယ်ပေ၍ သုံးပြည်အေးချမ်း သုံးကြိမ်သွန်းဟု ပြဋ္ဌာန်းဘော်ထုတ် ပြတ်သမ္ဗုဒ်သည်. . . ။ ရွှေနှုတ်ဗျာဒိတ်ကျူးရင့်တည်း။

မဟာပရမေ ရောင်ခြောက်သွယ်နှင့် အသရေသီရိ ဂုဏ်ထူးရှိသည် အတိသေဋ္ဌ တုမဲ့လွန်သား မဟန္တဝိဉ္ဇန်တဏှာဟု သံသရာကမ်းရပ် လက်စ-သပ်၍ ထွက်လွတ်ခွါကန် ရုပ်နှင့်နာမ်ကို ကံ,စိတ်,ဥတု ကြောင်းလေးခုကို မပြုမပြင် မစီရင်အောင် အပင်ကိုပစ် အမြစ်ကိုဖြတ် ဖျက်ဖြိုသတ်သည် အရဟတ်သခင် မြတ်ရှင်ပင်က ဆင်ခြင်ရွှေဉာဏ် အမြင်သံ၍ ပြဋ္ဌန်ထုတ်ဘော် ဟောပြီးသော်မှ ညီတော်ရုပ်ပွား ကိုယ်တော်စားကို မှာကြားသံချို ဤသို့ဆို၏ ငါ့ကိုယ်တော်ခွဲ ငါ့ရင်သွေးသို့ အမြဲမှတ်ဘိ မြတ်မုနိဟု မည်ရှိခေါ်တွင် ငါ့ချစ်ရှင်. . . ။ သွန်သင်မှာကြား ငါ့စကားကို ထောင်နားသေချာ စေ့စေ့နာလော ဤရွာဌာနေ ရခိုင်ပြည်၌ တာရှည်မြင့်ကြာ သာသနာကို မကွာညီချစ် စောင့်ထိမ်းလိုက်လော ထွန်းသစ်ထင်ပေါ် ငါ့ညီတော်ကို ဖူးမြော်ကြငြား လူအများအား တရားဓမ္မေ မဟောလေနှင့် ငါဝယ်မှန်စွာ မဇ္ဈိမာသို့ ချီကာကြွမည် မိန့်တုံလေသော် ရွှေဇမ္ဗူရစ် လွှာဥသစ်သို့ ရှင်ချစ်မဟာ ရတနာလျှင် ပန်ထွာထုတ်မြောက် ဤသို့လျှောက်၏ တယောက်မတူ နတ်နှင့်လူတွင် ပြိုင်သူမရ စောသကျ. . . ။ ဓမ္မဒေသနာ လူတကာအား ရသာအမြိုက် မဟောလိုက်နှင့် တားမြိုက်ခြင်းရာ လက္ခဏာက ကြောင်းရာဘယ်သို့ ရှိတုံမြို့လိမ့် လူတို့အထွတ် သုံးလူ့နတ်သည် မိန့်မှတ်ကျူအေး ခွင့်မပေးဘဲ အရေးကြီးစွာ တားမြစ်ပါဟု ကြောင်းရာသိချင် မေးလျှောက်ကျင်သော် ငါ့ရှင်မုနိ နာတုံဘိလော အတိရှေးခါ ဤပြည်ရွာ၌ ယက္ခာတွင်ညား ဘီလူးပွား၍ နောက်သားနောင်လာ သူတကာတို့ ခက်မာကြမ်းတမ်း နှုတ်သရမ်းနှင့် ဆိုးသွမ်းမိုက်မှား လူဖျက်မျှား၍ စကားမမှန် မုသားကြဲလျက် လိမ်ဉာဏ်ကောက်ကျစ် ပုဏ္ဏာဖြစ်က ညီချစ်အထံ မေးလျှောက်ပြန်သော် မှန်ရာခြားနား ထုတ်ဘော်ဟောလည်း သဘောမတူ မကြည်ဖြူဘဲ ရှုံးသူအများ ဘုရားဟောသည် စကားမမှန် မှားအလွန်ဟု မျက်မာန်မုချ ပဋိက္ခနှင့် ရှုတ်ချဆိုထွေ တချို့ဝယ်လည်း မကြည်မယုံ ဖြစ်ကြတုံလိမ့် ငြင်းခုံစကား မေးလာညားက ခြားနားမှန်ရာ မဖြေပါလည်း မဟာမုနိ ကြောင်းဇာတိကို မသိဆုံးတိုင် မဖြေနိုင်ဟု ဝေမှိုင်မောဟ ကြမ်းကြုတ်ကြ၍ ရှုတ်ချသဂြိုဟ်ကဲ့ရဲ့ဆိုက ထိုထိုလူများ ပါယ်လေးပါးဝယ် ပြေးငြားမလွတ် မြေလက်ခတ်သို့ ဝဋ္ဋဒုက္ခ နစ်မွန်းကြလိမ့် ငါ့ကိုယ်တော်စား သင်ချစ်သားလည်း စကားသတင်း မသန့်ရှင်းဘဲ မသင်းဂုဏ်နံ့ မန့်ကျေးဇူး မကောင်းမှုနှင့် နှစ်ဦးစုပေါင်း မှုအကြောင်းလျှင် မကောင်းမမြတ် ကျိုးမနပ်သည် ထုပ္ပတ်ကိုသိ

မျှော်ထော်ညို၍ မုနိမဟာ ငါ့ညီမှာကို ငါလျှင်တကယ် တားမြစ်သည်တည်း ဤပြည်တိုင်းသူ အများလူတို့ ပြူစူဆိုးညစ် မျက်မှန်ယစ်၍ အသစ်အဟောင်း ဖြစ်တုံရှောင်းလည်း အကောင်းအဆိုး ပေါင်းနှစ်မျိုးကို အကျိုးအပြစ် မစီစစ်ဘဲ အသစ်ကိုလျှင် အဟောင်းထင်၍ ကောင်းကျင်တုံလိုက် အဆိုးဖြစ်လျက် အပြစ်ကိုမူ အကျိုးဟူ၍ အယူလွဲချွတ် စွဲလန်းတတ်၏။ ကြည်ညွတ်သဒ္ဓါ စေတနာနှင့် ဖူးလာတုံငြား လူအများအား စကားမပြော မဟောတရား ထိမ်းစောင့်ငြား၍ ချစ်သသားကဝိ မြတ်မုနိသျှင် တုံဏှိဘာဝေ ဆိတ်ဆိတ်နေဟု ပရမေရှင်ချစ် ဆီးတားမြစ်သည် အပြစ်မွမ်းဖျင် မြင်၍တည်း။

## မြတ်စွာလူ့ဘ အတုလ, သည် မဇ္ဈိမာဒေသသို့ ရှိကြွပြန်လေတော်မူခန်း

ရတနာကြိုင်ရွှမ်း သုံးခိုင်ပန်းတွင် ဦးစွန်းအထွတ် သာတုံလွတ်သား အမြတ်လွန်စွာ ရတနာဟု မဟာပရမတ် သုံးဘုံရပ်တွင် လူနတ်ပန်းကုံး အမြတ်ဆုံးတည်း ဘက်နှူးမရာ ဘုန်းခြောက်ဖြာနှင့် ပြာဟ္မာနှစ်ဆယ် နတ်ပြည်ခြောက်ထပ် လူ့ရပ်မြေပေါ် နှံ့သိကျော်သည် ဇိနော်မြတ်ဖျား မိန့်တော်ထားက ကိုးပါးရတနာပြည့်စုံစွာသည် မဟာမုနိ မည်ရှိညီမွန် နောက်တဘန်၌ လျှောက်ပြန်ခြင်းရာ အကြောင်းမှာက သုံးရွာထွတ်တင် မြတ်ရှင်ပင်။ ဗုဒ္ဓင်္ကုရ အတုလဟု လောက မျက်ရှု သဗ္ဗညုလျှင် ယခုအခါ ဓမ္မတာဖြင့် ညီသာထင်ရှား ဘုန်းနည်းပါး၍ အများပြည်သူ ရှင်လူခပင်း ညင်းခုံခြင်းဖြင့် အလင်းမသိ မှားယွင်းဘိလျက် ဝိစိကိစ္ဆာ ရှိခြင်းရာကို ညီသာပိုင်ပိုင် အဆုံးတိုင်အောင် ဖြေနိုင်စရာ မစွမ်းပါ၍ နောင်တော်သခင် မြတ်ရှင်ပင်လျှင် သွန်သင်ပြသ ဩဝါဒဖြင့် ဆုံးမအံ့ငှာ နောက်တော်သာက လိုက်ပါရစေ ဤသည်ပြည် ၌ ကိုးကွယ်ပူဇော် မြတ်ညီတော်လျှင် နေသော်မသင့် မျှော်ထောက်ချင့်၍ အခွင့်တော်ခံ လျှောက်တောင်းပန်သော် မြတ်မွန်ပုဂ္ဂိုလ် ဤသို့ဆို၏ ငါ့ကိုယ်ရင်ငွေ့ သွန်းလောင်းဖြည့်က ငါ၏ပမာ ကိုးကွယ်ရာဟု မဟာမုနိ မည်ရှိစင်စစ် ငါ့ရှင်ချစ်. . .။ နောက်၌မကွာ လိုက်လိုပါလည်း ရှုကာထောက်ချင့် ခါမသင့်၍ ငါနှင့်တူစွာ မလိုက်သာတည်း စန္ဒာသူရိယ ဤမင်းလှသည် ငါ့ကိုဖန်ဖန် လျှောက်တောင်းပန်၍ တဆံမခြား ငါ့ကိုယ်စားလျှင် ထင်ရှားစင်စစ် ငါ့ညီဖြစ်၍ မလိုက်စသာ ဤပြည်ရွာ၌ စန္ဒာသူရိယ နာမတွင်ရှောင်း တကာဟောင်းကို အကြောင်းပြုကာ ငါ့ရိုက်ရာဟု ရှည်ကြာများ မြောင် ကျယ်ပွားဆောင်၍ ငါးထောင်သာသနာ တည်စိမ့်ငှာလျှင် ညီသာစင်စစ် စောင့်ထိမ်းလိုက်လော သနစ်သေချာ မှာပြီးခါမှ သက်န်းဝန်းရံ ကြွမည်ကြံသော် ပလ္လင်သာထက် လျှောကာသက်၍ ဖြိုးပြက်ရောက်ဝါ ရွှေမျက်နှာလျှင် မသာနွမ်းညှိုး ဆယ်စုံမိုးလျက် ညွတ်ကျိုးသုံးထီ လက်ဦးချီသော် အစိန္တေယျ မုနိန္ဒက သိခ်ရွှေလှော် ဦးခေါင်းပေါ်ကို လက်တော်သုံးသတ် သုံးလူနတ်လျှင် ညီထွတ်ကဝိ မြတ်မုနိနှင့် သူရိယစန္ဒာ ဒါယကာအား ဝါစာချိုမြ ဆိုဆုံးမ၍ များလှသဃ်ာ ရံငါးရာနှင့် အာကာထက်က ဈာန်ဖြင့်ကြွ၍ ဒွါရဝတီဂုဏ်ဆီမချိုက သံတွဲမြို့၌ လူတို့ဝေါဟာ မည်သညာ ခြင့် တန့်တော်မူတောင် မြရိပ်ဆောင်သည် ထိပ်ခေါင်ထက်မှာ ရပ်တန့်ကာဖြင့် ဆံတော်နံတော် အံတော်စေတီ မဟေသီ ဟု မွေသရီခေတ်ကြောင်းထုပ္ပတ်ကို ပုဒ်ဖြတ်ခြားနား ဟောတုံငြား၍ ဘုရားပရမေ ငါးရာထေရ်နှင့် သရေခေတ္တရာ ကြွပြီးခါမှ မဇ္ဈိမာမည် တိုက်အလယ်၌ လေးဆယ်ငါးဝါ ဘဂဝါထွတ်ထား မြတ်ဘုရားလျှင် အများသတ္တဝါ နတ်ပြာဟ္မာ အား ဒေသနာရေအေးတိုက်ကာကျွေးသည် . . .။ ကျွတ်ပွဲခံတော်မူ၏တည်း။

## ပကိဏ္ဏကနှင့် ဝိနိစ္ဆယခန်း

ဤသွင်ကရပ် စကားချပ်၍ သတ်မှတ်စေလို ထုတ်ဘော်ဆိုအံ့ လူဗိုလ်များစွာ မှတ်သားနာလော မဟာမုနိ ဗောဓိလင်္ကာ သမိုင်းစာတွင် မဟာရာဇဝင် ကမ္ဘာတွင်အောင် စာတင်အရ မြတ်ဗုဒ္ဓသည် ဧရက္ခာ တိုင်းအောင်ချာ၌ သုံးဝါဆိုတုံ သို့ကိဒ္ဓမုံလည်း၊ မယုံတချို့ မယုံတချို့နှင့် လူတို့အများ ဝါဒ-ပြားတို့ခြားနားသိစေ ဆုံးဖြတ်ပေအံ့ လေးဆယ့်

ငါးဝါ မဖွှိမာတွင် ဆိုတော်မူကြောင်း စာဟောင်းကျမ်းခိုင် ဝါတော်စဉ်၌ ရခိုင်ပူရ မည်နာမနှင့် ဓညရက္ခာ ပြည်အောင်ချာ လျှင် မပါမဝင် ဤချင်းအင်သည် ကျမ်းတွင်လည်းရှိ ကျွန်လည်းသိ၏ နှိုင်းညှိဆင်ခြင် သို့ရာတွင်မူ အရှင်ဘုရား သုံးလူ့ဖျားတို့ ဖြည့်ငြားစုံညီ ပါရမီက ဂမ္ဘီနက်ဘိ တိုင်းမသိ၍ မုနိပရမေ သုံးလူ့ဆွေသည် လေးဆယ်ငါးဝါ သက်မှာ ရှစ်ဆယ် အတွင်းဝယ်၌ နွေဝါမိုးဝါ ကိုယ်သားကိုယ်ပွား ဤနှစ်ပါးကို ခြားနားဘယ်သူ သိနိုင်မူလိမ့် မှတ်ယူစေမြို့ ဝါဒချို့၍ ငါတို့ဆရာ မိန့်မှာခဲ့ရှောင်း နည်းတကြောင်းက နတ်ပေါင်းပျော်ရာ ဝတီသာတွင် ဒေသနာမြတ် မယ်တော်နတ်ကို ကယ်ချွတ်သောခါ လူ့ပြည်မှာလျှင် ဆွမ်းတော်သုံးညား တရားဟောလည်း တနားမပြတ် ကြားမလပ်တည်း မြတ်ရှိန်တေဇော် စိန္တေယျော်၏ ကိုယ်တော်ကိုယ်ပွား ဤနှစ်ပါးကို ခြားခြားခွဲခွဲ သိနိုင်ခဲ၏ ဒွိဟိတ်ပဋိသန် ပုထုဇာန်တို့ ဉာဏ်ဝိမ့ယုတ် မောဟချုတ်၍ သိမ်းနုပ်ကြငြား လောကီသားတို့ အများလူဗိုလ် သိမည်ကိုလျှင် မဆိုထားဘိ ကမ္မဋ္ဌိဖြင့် ဣဒ္ဓိမျိုးမျိုး ပြည့်စုံဖြိုးသား တန်းခိုးတေဇာ မိုးဒေဝါဟု ဗြာဟ္မာနတ်စစ် ဇာတိခေတ်တွင် သောင်းတိုက်စကြာဝဠာ တရားနာသည် ဗြာဟ္မာနတ်များ မြတ်ဘုရားကို ကိုယ်ပွားကိုယ်တိုင် မသိနိုင်မှ ညွန်အိုင်နစ်ကာ တို့သူငါကို ပဇာနတ္တိ ဆိုဘွယ်ရှိအံ့ နှိုင်းညှိယှဉ်ပြိုင် ပြည်ရခိုင်၌ ကိုယ်တိုင်ဘုရား ဝါဆိုညားလည်း ကိုယ်ပွားဆောင်ကာ မဖွှိမာ၌ ဝါတော်ကပ် နှိုင် အပြီးတိုင်၍ ဘက်ပြိုင်မရ စိန္တေယျသည် . . .။ အနန္တဂုဏ်ဖျင်မွန်းတည်း။

အနန္တဂုဏ် ပြည့်ဖြိုးစုံသား သုံးဘုံလူ့ဘမကုဋ္ဌ၏ ပဉ္စတာလီ အစီအရင် ဝါတော်စဉ်ကို လက်ကိုင်ပြုကာ ပြောကြရာ၌ ကျမ်းစာမြော်မြင် ပညာရှင်တို့ ဆင်ခြင်စရာ အကြောင်းမှာကား ဖြည့်စွာအစုံ မေးဖြေတုံသည် စွယ်စုံကျော်ထင် ထိုကျမ်းတွင်၌ သိရှင်ချင်ကြောင်းရေး ဝါစဉ်မေး၍ ကျီးသေးဆရာ အဖြေစာ၌ ငါးဝါလေးဆယ် တို့ဘုန်းကြွယ်လျှင် ဆိုလေသမျှ ကျမ်းဂန်ပြသည် အဌကတာ ဘိဓမ္မာနှင့် ဋီကာအနု မဓုလက်သန်း နိပါတ်ကျမ်းက ဆန်းယောဇနာ အဖြာဖြာ၌ နေရာဌာန ဘော်ကာပြသည် ဝါဒ-မညီ အလီလီဖြင့် အစီအရင် ဝါတော်စဉ်ကို အခိုင်အမာ မဖြေသာအောင် ဘော်ကာလည်းညွန်း ဝါဆိုခန်း၌ တကျမ်းအလို တကျမ်းဆိုနှင့် ထိုထိုပြည်ရွာ မည်သည်ဝါဟု နေရာနေရပ် မညီညွတ်ဘဲ အချွတ်အလွဲ ဝါဆိုနည်းလျှင် တကွဲတခြား ဝါဒပြား၍ ထင်ရှားပိုင်ပိုင် မဖြေနိုင်တည်း အစဉ်ချကာ ပျို့ကဗျာဖြင့် ဝါတော်အစ ပဌမက မိဂဒါဟုန် ပြဆိုရုံနှင့် ဂုဏ်သမာဓိ ပညာရှိတို့ အသိမပိုင် ပြည်ရခိုင်၌ ကိုယ်တိုင်ဘုရား မရောက်ညားဟု စကားရှုတ်ချ ရဟဖြင့် ပြောကြဆိုခွင့် လျှင်းမသင့်တည်း ထောက်ချင့်နှိုင်းညှိ ယခုရှိသည် မုနိမြတ်စွာ သာသနာလျှင် ဘယ်ရွာဘယ်ပြည် ဘယ်ဌာနီက ဘယ်သည်မင်းဆက် ဘယ်လက်ထက်၌ ရက္ခပူရေ ရခိုင်ပြေတွင် ဓွန့်ရှေသာသနာ ဘယ်ရာဇာလျှင် ပြုလာသနည်း စီစစ်ခဲ့သော် တည်မြဲသာသနာ ကျော်နှစ်ရာတွင် နဂရာဘုမ္မိ ပါတလိ၌ သီရိဓမ္မာလက်ထက်မှာလျှင် သာသနာထောင်တည် အပြည်ပြည်ကို လှည့်လည်ပတ်ဝိုင်း ခန့်စေခိုင်းလျက် ကိုးတိုင်းကိုးပြည် ကိုးဌာနီ၌ ဓွန့်ရှေမြင့်ကြာ တည်စေငှါဖြင့် သာသနာသည် ပြုတုံပေလည်း ရွှေပြည်ရက္ခ မြို့ဓည၌ ထွန်းပသာသနာ တည်ခြင်းရာကြောင့် ဘယ်ခါမည်သူ း တိုးထက်တိုး၍ တန်းခိုးကြီးခြင်း ဘယ်မင်းလက်ထက် ဘယ်သက္ကရာဇ် ဘယ်သည်နှစ်တွင် အသစ်သာသနာ ပြုခြင်းရာကို ကျမ်းစာမရှိ ပါဠိမထွက် ပေတရွက်မျှ အနက်မလာ ဤခြင်းရာကြောင့် မြတ်စွာထွတ်ထား ကြွလာညားသည် ဘုရားလက်ထက် စဉ်မပျက်အောင် ဆက်လက်ရှိရာ သာသနာဟု မှတ်ပါကြလေ ယခုဝယ်၌ မထေရ်သင်္ဃာ သာသနာကို သဒ္ဓါကြိုးပန်း ရွက်ဆောင်ထမ်းသည် ရဟန်းသင်္ဃာ ထေရ်မဟာတို့ ဘယ်ရွာဘယ်ပြည် လာသည်မုတ်ချ မဟုတ်လှဘူး ဗုဒ္ဓဘုရား တပည့်သားက ဆက်ပွားဆင်းသက် ယခုထက်တိုင် မပျက်နွယ်ယိုင် ပြည်ခရိုင်၌ အစိုင်မပျောက် ဤကိုထောက်၍ ကြွရောက်မှတ်ချ မြတ်ဗုဒ္ဓဟု မှတ်ကြံရမည် တနည်းငယ်တုံ ထီးစည်စိုးကာ တိုင်းရက္ခာ၌ စန္ဒာသူရိယ တို့ဗုဒ္ဓနှင့် သဟာယစစ် ခင်ပွန်းချစ်ဟု ရှေးဖြစ်နောက်နှောင်း စီစစ်ရှောင်းသော် အဟောင်းအသစ် အမြစ်အရင်း အခြင်းအရာ မကင်းသာသည် သဟဇာတ ပစ္စယဖြင့် ထောက်မ-သဂြိုဟ် ချီးမြှင့်လို၍ ရွှေကိုယ်တော်စား မြတ်ရုပ်ပွားကို ဘုရားဗုဒ္ဓ နုတ္တရ၏ ရူပ-တော်ထွတ် ကိုယ်တော်မြတ်မှ ဓာတ်ခိုးဓာတ်ငွေ့ ခုနစ်ခွေ့လျှင် ထည့်၍ပြီးခါ ဉာဏ်တော်မှာကား တိုင်းထွာသင့်အောင် ခုနစ်တောင်နှင့် ဆောင်သည် နှစ်မိုက် လက်သစ်မစွန်း မကိုဋ္ဌပန်းကို သွန်းသည်အခါ ဘုံသုံးရွာ၌ ဗြာဟ္မသိကြား လူမင်းများနှင့် နဂါးဂဠုန် ဘုရားဂုဏ်နှင့် အကုန်ပေါင်းစု အကြောင်းပြု၍ လူမင်းနတ်မင်း ဗြာဟ္မာမင်းနှင့် မှန်ကင်းထွတ်ဖျား အမြတ်ထားသည် ဘုရားရှင်ကျော် ရင်ငွေ့တော်ကို ထည့်တော်မူလျက် သွန်းလောင်းချက်ကြောင့် ထက်မျက်တေဇာ မနေသာအောင် မဟာပထဝီ ဘုံမဟီလျှင် တုံ့ချီသွက်သွက် အိုးထိမ်းစက်သို့ အထက်အာကာ အဇတာမှ ရတနာရွှေမိုးယ်း တဖြိုးဖြိုးလျှင် ထိုက်ကြိုးရွာသွန် ထူးကဲဟန်ကို ကျမ်းညွှန်ပြရှောင်း သမိုင်းဟောင်း၌ သွန်းလောင်းဟန်ကို အကျယ်ဆို၏ ဤကိုချင့်ထောက် ရောက် မရောက်၌ ရှေ့နောက်စကား အထားအသို အဆိုအမွှက် အဆက်အဟပ် အစပ်အဆော် လျော်-မလျော်ကို ချင့်မြော်

ထောင့်ထား ရှင်လူများတို့ ယုံမှားသကာ် မရှိသာတည်း ဘဂဝါဗုဒ္ဓေ သုံးလူ့ဆွေတို့ ရည်ရွယ်သည်တိုင်း စက်ဖြင့်ပိုင်းသို့ မဆိုင်းထိုထို ပြီးသည်ကိုလျှင် မဆိုထားဘိ ထုံးနည်းရှိသည် ဗောဓိသတ္တ ဗျာဒိပ်ရဘို့ မဆွဆောက်တည် မိဋ္ဌာန်သည်ကား သွေဖယ်မလွဲ ပြီးစမြဲဟု ထုံးနည်းအရှိ တိုင်းထွာညှိက ဝိစိကိစ္ဆာ မရှိရာသည်. . .။ သိသာခွဲခြမ်း နည်းလမ်းတည်း။

ဤသို့ခြင်းရာ ပျို့ကဗျာဖြင့် လက်ာမော်ကွန်း ဆရာထွန်းက နိဒါန်းလည်းဆင် ပြုစီရင်လျက် ဤတွင်အစ ပဋ္ဌမခန်း ဘုရားသွန်းသည် နိဒါန်း၌တွင် သုံးလူ့ရှင်၏ ဂုဏ်အင်ဒြပ် အတ္တုပ္ပတ်ကို စပ်ကာဆိုညား ထိုစကား၌ အများရှင်လူ ကြားနာသူတို့ မှတ်ယူကြပါ လူတကာတွင် မိစ္ဆာဝါဒ တချို့ကလည်း ဇီဝကင်းကွာ ရုပ်ထုတော်ကို ကြွကာသွားလာ စကားပြောဟု စာသွားလက်ာ ရေးစီပါသည် ယုတ္တာယုတ္တိ မြော်ထောက်ညှိက အဝိဉာဏ နာကလပ် သဟဇတ်ဖြင့် ရုပ်ဓာတ်မရှိ ဇီဝိတိန္ဒြေ စွဲကပ်တွယ်၍ တည်သည်မဟုတ် သွန်းထုလုပ်သည် ရုပ်ထုဘုရား ပြောစကားဟု မကြားဘူးအင် မမြင်စဘူး အပြောထူး၍ စိတ်ကူးရိုင်းစွာ ရေးစီပါသည် ငါတို့ဖြစ်လျှင် မယုံချင်ဟု ဂုဏ်အင်ရှုတ်ချ ပြောဆိုကြလျက် မောဟပြောထူ ထိုသည်လူကို အယူလည်းမှား ကျွန်သနား၏ တရားကျမ်းဂန် ဉာဏ်မရှုံ၍ လမ်းမှန်မသိ ဒိဋ္ဌိအကျင့် ဖြစ်သဖြင့်လျှင် မသင့်အယူ ထိုသည်လူတို့ ဆာပူငရဲ ပြစ်ဝန်လေး၏။ ထုံးနည်းတိုင်းထွာ ညှိနှိုင်းစာသော် သက်ဝါထင်ရှား ရှိတုံညားသည် ဘုရားမဟုတ် သွန်းထုလုပ်ထား ရုပ်ထုကိုယ်စား ဖြစ်ခဲ့ညားလည်း အများရှင်လူ ဘုရားဟူသည် နှိုင်းတုမရ စိန္တေယျဟု အနန္တဂုဏ်ပြည့်ဖြိုးစုံ၍ ယုံမှားသကာ် မရှိသာတည်း ကိုယ်တော်ပြကတေ့ ထက်ဝယ်ဖွဲ့၍ မုံညင်းစေ့တွင်း မဖန်ဆင်းဘဲ စကြာကြွနိုင် အပြီးတိုင်ဟု အခိုင်အမာ ကျမ်းရွှေစာတွင် သမ္မာမရှိ မှားယွင်းဘိသည် ဒိဋ္ဌိဆရာ စုတေခါ၌ မြတ်စွာဘုရား တန်ခိုးအားကြောင့် စကားသိရေး ခေါက်၍မေးက ငရဲအောက်ပြည် သွားရမည်ဟု သူသေထင်ရှား စကားပြော၏။ မှတ်သားစရာ တနည်းမှာလည်း မွေးတော်ဓာတ်များ ဖြစ်ခဲ့ငြားလည်း ဖူးသောဒါယကာ ဇောသဒ္ဓါနှင့် ပါရမီဟုန် အထူးကြုံက သုံးဘုံထွတ်ထား မြတ်ဘုရားသို့ ထင်ရှားမုတ်ချ ဖန်ဆင်းပြ၏ လောကမျက်မြင် ယခုတွင်၌ ဂုဏ်အင်တန်ခိုး စုံပြည့်ဖြိုးသည် ပုထိုးစေတီ မဟေသီတွင် မွေသရီဓာတ် နေကျိန်းဝပ်က လျှပ်စစ်သဏ္ဍာန် နေအလျှံသို့ တရံခါသော် ရောင်ခြည်တော်ကို ဖူးမြော်ရငြား လွန်ထင်ရှား၏ တရားကျမ်းစာ ထုံးနည်းနာနှင့် နှိုင်းကာချင့်ရှု တိုင်းထွာပြုက ဆင်းတုရုပ်တော် ဖြစ်တုံသော်လည်း မြတ်စွာဘုရား တန်ခိုးအားကြောင့် အများနတ်လူ ဖူးမြော်သူတို့ မှတ်ယူတိုင်းပင် စက္ခုတွင်၌ ထင်မြင်စေနိုင် အဘိဉာဏ်နှင့် ကိုယ်တိုင်မဟုတ် သွန်းထုလုပ်သည် ရုပ်ထုဘုရား ပြောစကားနှင့် ကြွသွားသည်ကို များလူဗိုလ်တို့ မဆိုထားညား ဆင်းတုများလည်း တရားကိုယ်တိုင် ဟောစွမ်းနိုင်ဟု အခိုင်အမာ တနည်းမှာလည်း ရှည်ကြာများမြောင် တည်ထားဆောင်သည် ငါးထောင်သာသနာ ကုန်မည်ခါ၌ မွေတော်ဓာတ်များ မြတ်ဘုရားသို့ တရားဓမကန် ဟောမည်မှန်ဟု ကျမ်းဂန်ပေါ်ထင် နာဂဝင်၌ စာတင်ပြမှာ ယခုခါ၌ သက်တော်ထင်ရှား ဘုရားရင်ငွေ့ ထည့်၍သွန်းညား ကိုယ်တော်ပွားကို ဆိုညားစရာ မရှိပါတည်း ဤစာသွန်းစက် စကားမြွက်၍ ထွက်ဆိုတိုင်းလျှင် ရာဇဝင်က တင်သည်အလို စာနဂိုရ်သာ ဆိုသည်မဟုတ် သွန်းထုလုပ်သည် ရုပ်ထုကိုယ်စား ကြွကြောင်းများကို တရားလမ်းမှန် သမ္ဗဒါန်ဟု ကျမ်းဂန်ပါဋ္ဌိ ထွက်ဆိုရှိ၏ ကြားသိချင်သူ ဖွေရှာယူ၍ ပေမူ၌ဝယ် ဘတ်ရှုလေလော လေးဆယ်ကသာ ရှစ်အင်္ဂါဖြင့် မဟာရာဇဝင် ဆိုရာတွင်လည်း မြော်မြင်နှံ့သိ ပညာရှိတို့ နှိုင်းညှိဆင်ခြင် ပြုစီရင်၏ အကြွင်မဏ္ဍို ပညာရှိများ ပြောစကားလည်း ဘုရားနှင့်ပင် မဆန့်ကျင်တည်း ဆင်ခြင်အပ်ရာ ယခုခါ၌ လက်ာစာကျမ်း ဤအခဏ်း၌ ဉာဏ်စွမ်းမသတ် ဖွင့်ချေစပ်က တမတ်ထံရှောင်း စံအကြောင်းနှင့် တသောင်းထိုက်တန် ပျောက်ပျက်ဟန်သို့ ကာရန်ကျယ်ပွား ဘတ်သူများကို အားပါးလည်းနာ တနည်းမှာလည်း ကြားနာကြညား ရှင်လူများတို့ တရားနဂိုရ် နားမှာသိုလည်း စာဆိုကွေ့ဝိုက် မနှစ်ချိုက်က ကြက်တိုက်ကြိုးထိုး စကားမျိုးသို့ အကျိုးဝိသေ မကြီးကျယ်ဘဲ ဆင်ခြေတွန့်လိမ် နှုပ်ဝဇီကြောင့် ဂမ္ဘီရတနာ ဤသည်စာလျှင် ဒေသနာဓမ္မ မဖြစ်ကြဘဲ ယုတ်လျော့လိမ့်မည် သည်ကိုရည်၍ ဤဝယ်တဘန် နိဋ္ဌိတံဖြင့် ကာရန်ပိုင်းဖြတ် နိဂုဏ်းသတ်သည်. . .။ ဘတ်ရွတ်ကြားနာပါလေတည်း။

## နိဂုဏ်းချုပ်

ဘတ်ရွတ်ကြားနာ လူတကာတို့ မဟာမုနိ ထုပ္ပတ္တိကို သိသိသာသာ ဆိုခြင်းရာကြောင့် မဟာမြတ်မုနိ အမည်ရှိသည် ဗောဓိလက်ာ သမိုင်းစာဟု တိုင်းထွာဆင်ခြင် ရာဇဝင်ကို ပေါ်ထင်စေမှု လက်ာပြု၍ ဗာဟုများစွာ လူတကာတို့ ကြားနာကြစေ ထုတ်လိုက်သည်ကား ရွှေပြည်အောင်ချာ တိုင်းရက္ခာတွင် နဂရာဋ္ဌာနေ မြို့စစ်တွေ၌ ကုန်ဝယ်ကုန်ရောင်း လူအပေါင်းကို အကြောင်းထောက်ရှု အောင်သာဦးကား ချိုနုသာယာ ဤလက်ာကို ဆရာစီထုတ် ပုံနှိပ်လုပ်၍ စာအုပ်များ

စွာ လူတကာတို့ ဘတ်နာစေရံ အကြောင်းပြန်၍ တောင်းပန်သည်တိုင်း မဆုပ်ဆိုင်းဘဲ သမိုင်းအရပ်ရပ် ပိဋကတ်အလာ ရာဇပုံရာဇဝင် ပုံပြင်နည်းနာ အဖြာဖြာကို ဘွေရှာစေ့ငု ဘတ်ကြည့်ရှု၍ ဉာဏ်နုဉာဏ်ရင့် မြော်ထောက်ချင့်လျက် နားနှင့်စကား လျှာနှင့်ပျားသို့ အလားဥပမာ ထွန်းဆရာလျှင် ယထာသတ္တိ မိမိစွမ်းအင် ညှိဆင်ခြင်လျက် သိမြင်သမျှ ဥတ္တမဟု ဗုဒ္ဓသုံးလူ့ ဂုဏ်ကျေးဇူးကို ချီးကျူးပြီးခါ သမိုင်းစာဟု လင်္ကာမော်ကွန်း ကဗျာကျမ်းကို ပန်းဂမုံးအင် ကုံးသော သွင်သို့ စီရင်လိုက်သည် သို့ဖြစ်ပေ၍ ယုံကြည်လေးမြတ် နာကြားဘတ်က ထုပ္ပတ်ကိုသိ မြတ်မုနိဟု ဓိပတိထွတ်ထား ကိုယ်တော်စားကို ငါးပါးရုပ်နာမ် ဟုတ်အမှန်နှင့် ဝိဉာဏ်ထင်ရှား မြတ်ဘုရားသို့ မှတ်သားပြီးလျှင် များလူရှင်တို့ ဦးတင်ညွတ်ခ ဖူးမြင်ကြလော ဒေသရပ်ဝေး ရောက်နိုင်ခဲလည်း နဲစွာအဆုံး တသက်လုံးတွင် သုံးကြိမ်ခန့်မျှ ဦးနှိမ်ချ၍ ဖူးကြသောသူ ထိုသူလူတို့ တဆူဇိန မေတ္တယျဟု ဧကဗုဒ္ဓါ ဤကမ္ဘာ၌ နောင်ခါပွင့်ရန် တငုံကျန်သည် မြတ်မွန်ညီလှ မေတ္တယျအား ဖူးရလိမ့်မည် မှတ်ကြလေလော ဤသည်လင်္ကာ သမိုင်းစာကို အခါတွက်စစ် ရက်,လ,နှစ်ဖြင့် သက္ကရာဇ် ကိန်းဂဏန်းထိန်းမှု ကြိန်းနဝ ဒွေးဧကတွင် မိဿရာသီ လစန္ဒီဝယ် ပ ါပြီငါးလုံး စီကာကုံး၍ နိဂုံးခပတ် အဆုံးသတ်သည်။ ကုံးစပ်အောင်မြင်ပါသတည်း။

ဤမဟာမြတ်မုနိဘုရားကြီးသမိုင်းသစ်လင်္ကာကို ရေးစီရာ၌ ရာဇဝင်သစ်ရာဇဝင်ဟောင်း မဟာရာဇဝင် တော်ကြီး ဓညဝတီအရေးတော်ပုံ ဇွင်းပြင်သမိုင်းဟောင်း ၂-စောင် ပုံပြင်အရပ်ရပ် ပိဋကတ်နှင့်လည်း မဆန့်ကျင်ရ အောင် ခိုင်မာရာသို့လိုက်၍ ရေးစီလိုက်သည်။)

**ဤတွင် ရွှေ့ပြီးပြည့်စုံ၏။**

## ကမ္ဗဋ္ဌာန်းသံပေါက်
### နိဒါန်း

ယောကျ်ား,မိန်းမ ကြီးငယ် စသည် များလှလူဗိုလ် ပုထုဇန်ပုဂ္ဂိုလ်တို့ ငါ့ကိုယ်ငါ့သား ငါ့မယားနှင့် ငါ့နွား ငါ့လယ် ငါ့ရွှေငွေက ဆံရေစပါး ငါ့ကျွဲများဟု ပြောကြားမဆုံး ငါတလုံးကို သုံးစွဲသည်သနစ်ကြောင့် မမုန်းနှစ်ချစ် နှလုံးထဲမှာ ရစ်ပြီးလျှင် အတုံးအခဲကြီးဖြစ်သော ဤကိုယ်ခန္ဓာ ရွံစရာ,သံသရာ ဝန်ထုပ်ကြီးကို မစီးမစစ် သတိလစ်လျက် အပြင်ကိုမမြင် အနှစ်ထင်ပြီး ချစ်ခင်တွယ်ကာ သည်ခန္ဓာကို ရသာတိုက်ကျွေး နွားကိုမွေးသကဲ့သို့ အလေးဂရု အရေး ပြုလျက် လေးစုသော ဘုတ်ကလာပ် အဋ္ဌုပ္ပတ်ဖြင့် ရုပ်ဓာတ်,နာမ်ဓာတ် ပရမတ်ပညတ် ဤနှစ်ရပ်တို့ကို အတတ်ကျမရိပ်မိ အမြွက်မျှမသိ၍ သက္ကာယဒိဋ္ဌိကို မပယ်နိုင်ဘဲ ငြိတွယ်သည့်အတွက်ကြောင့် အဆက်မပြတ် စက်ရဟတ်က မထွက် မလွတ်နိုင်သည်ကို ကြီးငယ်အများ၊ အဓိပ္ပါယ်ကို ရိပ်ခြေသိငြားအောင် သတိတရားကို နှိုးဆော်ကာ အကျွန်ုပ်ထွန်းဆရာ က ကျမ်းလာနှင့်လည်း မဆန့်ကျင်၊ ခုဒ္ဒိဋ္ဌမျက်မြင်နှင့် ဆင်ခြင်ကာ နှိုင်းညှိလျက် မိမိတို့၏ ကိုယ်ခန္ဓာအတ္တအား အနတ္တထင်မြင်အောင် ဆင်ခြင်ရန် ကမ္ဗဋ္ဌာန်းသံပေါက်ကို ရေးစီထည့်သွင်းဖော်ပြလိုက်ပါသည်။

ဖဆလဖဆလဖဆလ

### ဇာတိ, ဇရာ ဗျာဓိ, မရဏာတို့တွင် ရှေးဦးစွာ ဇာတိ ပဋိသန္ဓေတည်နေသော ဒုက္ခကိုပြဆိုခြင်း

၁။ ဇာတိသန္ဓေ၊ အစတည်၊ ဖြစ်လေများလှပြီ။
၂။ ဇတိငုတ်တိန်၊ အကြိမ်ကြိမ်၊ ဖျင်းသိန်ခဲ့လှပြီ။
၃။ ဇာတိခွန့်ရှည်၊ သုံးရပ်မည်၊ ရပ်တည်မရပြီ။
၄။ ဇာတိဖျင်းသိန်၊ မကင်းကြိမ်၊ တင်းတိမ်မရှိပြီ။
၅။ ဇတိမမြဲ၊ သံသာဝဲ၊ ဆင်းရဲ ဒုက္ခကြိမ်။
၆။ ဇာတိရှည်စွာ၊ အနေကြာ၊ ပယ်ခွာစွန့်သင့်ပြီ။
၇။ ဇာတိရှည်လျား၊ ရဟတ်ချား၊ ပတ်သွားအလီလီ။
၈။ ဇာတိယွင်းယို၊ မကင်းလို၊ နာ,အိုမဆုံးပြီ။
၉။ ဇာတိမပျက်၊ အထက်ထက်၊ ဆက်လက်လာခဲ့ပြီ။
၁၀။ ဇာတိမငြိမ်၊ အကြိမ်ကြိမ်၊ ကပ်မှီစွဲခဲ့ပြီ။
၁၁။ ဇာတိမပြုန်း၊ ဆက်မတုန်း၊ အဆုံးမတိုင်ပြီ။
၁၂။ ဇာတိမတည်၊ ငြိမနေ၊ နာသေမရှိပြီ။
၁၃။ ဇာတိယိုယွင်း၊ နာအိုခြင်း၊ မကင်းနိုင်ကြပြီ။
၁၄။ ဇာတိခေတ္တ၊ ရှိသမျှ၊ ဘဝမတုန်းပြီ။
၁၅။ ဇာတိမမြုန်၊ မကင်းကုန်၊ ငြင်းခုန်မလွတ်ပြီ။
၁၆။ ဇာတိကိုလျှင်၊ မလိုချင်၊ ငြိငြင်ခဲလှပြီ။
၁၇။ ဇာတိ-ဇာတိ၊ ဇရာဘိ၊ ဗျာဒိအကြိမ်ကြိမ်။
၁၈။ ဇာတိစခါ၊ ဗျာဒိလာ၊ မရဏာမကင်းပြီ။
၁၉။ ဇာတိဇရာ၊ မရဏာ၊ ခါခါတွေ့လှပြီ။
၂၀။ ဇာတိပုညာ၊ ဂုဏ်မာန၊ ဝါဒအလဇ္ဇီ။
၂၁။ ဇာတိတလုံး၊ အခက်ဆုံး၊ ဖျက်ဖြန်းသင့်လှပြီ။
၂၂။ ဇာတိကောက်ပျိုး၊ အလွန်ဆိုး၊ မပျိုးသင့်လှပြီ။
၂၃။ ဇာတိမျိုးစေ့၊ အကျိုးမဲ့၊ ချိုးဖဲ့သင့်ကြပြီ။

၂၄။ ဇာတိဘန်ဘန်၊ ပဋိသန်၊ နေပြန်ခဲ့လှပြီ။
၂၅။ ဇာတိဒုက္ခ၊ ရှုတ်သမျှ၊ သုခမတွေ့ပြီ။
၂၆။ ဇာတိဆင်းရဲ၊ ဘန်လဲလဲ၊ ရန်ဘေးအလီလီ။
၂၇။ ဇာတိရင်းခံ၊ ခဘင်းရန်၊ ပြင်းထန်နှိပ်စက်ပြီ။
၂၈။ ဇာတိပြတ်ရှင်း၊ ဝဋ်ခဘင်း၊ လွတ်ကင်းမရှိပြီ။
၂၉။ ဇာတိရင်းပြတ်၊ ရှင်းရှင်းလွတ်၊ ဝဇ္ဇမရှိပြီ။
၃၀။ ဇာတိရန်သူ၊ မီးအတူ၊ ဆာပူမငြိမ်းပြီ။
၃၁။ ဇာတိကိုသတ်၊ သူတော်မြတ်၊ လူနတ်လက်ဦးချီ။
၃၂။ ဇာတိကင်းကုန်၊ အရင်းမြုံ၊ ရွှေဘုံရပ်ဌာနီ။
၃၃။ ဇာတိသုည၊ ထိုးပြီးမှ၊ သုခမြတ်စည်းစိမ်။
၃၄။ ဇာတိလည်းသေ၊ သန္ဓေမရှိ၊ ဗျာဓိမလာ၊ ဇရာမရောက်၊ မရဏာပျောက်၊ တခေါက်မပြန်ပြီ။
၃၅။ ဇာတိသန္ဓေ၊ အစတည်၊ ဖြစ်လေများလှပြီ။
၃၆။ ဖြစ်လေများလှ၊ တည်မကျ၊ ဘဝအလီလီ၊
၃၇။ သန္ဓေကူးပြောင်း၊ ဘဝပေါင်း၊ သိန်းသောင်းမကပြီ။
၃၈။ ကုဋေသိန်းသောင်း၊ သန္ဓေအောင်း၊ ဝမ်းခေါင်းများလှပြီ။
၃၉။ ရုပ်နာမ်နှစ်ပါး၊ ပေါင်းရောငြား၊ သွားလားမဆုံးပြီ။
၄၀။ အထက်ဘဝက်၊ အောက်နရက်၊ တက်သက်အလီလီ။
၄၁။ လူ့ပြည်နတ်ပြည်၊ လေးအပါယ်၊ ကျင်လည်များလှပြီ။
၄၂။ ကျွဲနွား, ဆိတ်,ဝက်၊ ခြပိုးရွက်၊ ကြက်,ငှက်မကျန်ပြီ။
၄၃။ ခန္ဓာအဟောင်း၊ မကောင်းစွန့်ပစ်၊ ခန္ဓာသစ်၊ ဖြစ်လေများလှပြီ။
၄၄။ နာမရူပ၊ သမူဟ၊ အညမညမှီ။
၄၅။ ရုပ်ဓာတ်,နာမ်ဓာတ်၊ သဟဇာတ်၊ မှီကပ်တူအညီ၊
၄၆။ နမ်သဟဇာတ၊ ပစ္စယ၊ ပစ်ချက်ံတူညီ။
၄၇။ ဒွိဟိတ်-တိဟိတ် သန္ဓေစိတ်၊ နိမိတ်ကိုယ့်ကိုယ်စီ။
၄၈။ သန္ဓေမျိုးစေ့၊ တည်ကာဘွဲ့၊ ကံငွေ့လွှန်မွေ့သိန်။
၄၉။ ငါ၏သနစ်၊ ရှာစီစစ်၊ အဖြစ်များခဲ့ပြီ။
၅၀။ ငါဖြစ်ခဲ့ရာ၊ ဤမြေမှာ၊ နေရာမလတ်ပြီ။
၅၁။ နေရာတရပ်၊ မြေမလတ်၊ ထပ်၍ဖြစ်ခဲ့ပြီ။
၅၂။ ငါတယောက်ဖြစ်၊ ခန္ဓာညစ်၊ တွက်စစ်မရပြီ။
၅၃။ တဘဝလျှင်၊ ဖြစ်ရာတွင်၊ မိခင်တယောက်စီ။
၅၄။ မွေးမိခင်ပေါင်း၊ ရေတွက်ရှောင်း၊ သိန်းသောင်းမကပြီ။
၅၅။ မိခင်နို့ရည်၊ စို့ပါသည်၊ မြစ်ရေမကပြီ။
၅၆။ ဖြစ်လေရာရာ၊ ဘဝမှာ၊ ချမ်းသာမတွေ့ပြီ။
၅၇။ ချမ်းသာနှင့်ဝေး၊ သန္ဓေစွဲ၊ ဆင်းရဲများလှပြီ။
၅၈။ ယခုတဘန်၊ ပဋိသန်၊ နေပြန်ခဲ့ရပြီ။
၅၉။ စက်ဆုတ်ထွေလီ၊ ရွံဘွယ်ရှိ၊ မွေးမိဝမ်းလှောင်အိမ်။
၆၀။ အငွေ့အခိုး၊ အလွန်ဆိုး၊ ပုပ်သိုးနံဟောင်ညှီ။
၆၁။ ကျင့်ကြီးကျင်ငယ်၊ အကြားဝယ်၊ ငါနေခဲ့လှပြီ။
၆၂။ ပူလောင်စပ်ခါး၊ မိခင်စား၊ ရိသျှားတရှိန်ရှိန်၊
၆၃။ မိခင်ဝမ်းခေါင်း၊ ငါကျိန်းအောင်း၊ ကျဉ်းမြောင်းဒုက္ခကြိမ်။
၆၄။ ဒွါစတ္တာလီသ၊ သတ္တာဟ၊ ဆယ်လမစေ့မှီ။

၆၅။ မိုယ်းစိုစွတ်ညား၊ သစ်ခွကြား၊ တောသားမျောက်အညီ။
၆၆။ ဦးခေါင်းထက်တွင်၊ လက်ကိုတင်၊ ငါလျှင်နေခဲ့ပြီ။
၆၇။ ကျင်ကြီးအလယ်၊ ကျင်ငယ်အကြား၊ ငါနေညား၊ ကြီးပွားလာခဲ့ပြီ။
၆၈။ ကြီးပွားရင့်မာ၊ ဘွားသောခါ၊ ချမ်းသာမရပြီ။
၆၉။ အခြေမိုးမြှောက်၊ ခေါင်းဦးစောက်၊ ချောက်သို့ကျအညီ။
၇၀။ ချောက်သို့တွန်းချ၊ ပမာန၊ မွေးဘွားခဲ့ရပြီ။
၇၁။ ပိုးမြွား,မှတ်ခြင်း၊ ကိုင်ခါတွင်၊ လိုက်နှင်မတတ်ပြီ။
၇၂။ ကျင်ငယ်ကပ်လိမ်း၊ ကျင်ကြီးလိန်ကျံ၊ ပြောင်းကာပြန်၊ မှောက်လှန်နေခဲ့ပြီ။
၇၃။ မှောက်လှန်ကုန်းကွ၊ ငါနေရ၊ ဒုက္ခအလီလီ။
၇၄။ စကားပြေပြတ်၊ မပြောတတ်၊ ငတ်မွတ်ရှိခဲ့ပြီ။
၇၅။ ငတ်မွတ်ခေါင်းပါး၊ အလားလား၊ ကြီးပွားခဲ့ရပြီ။

ဖြူးလူဖြူးလူဖြူးလူ

## ဦးရာဇ်တော်ဘုရားကြီး သမိုင်းသစ်လင်္ကာ
### နောက်ဆက်တွဲ

ထိုရောအခါ တောင်လက်ျာ၌ ရက္ခာပူရ သမုတ်ကြသည် ဓညဝတီ ဌာနီသာစည် ရခိုင်ပြည်၌ ရေမြေတမျှ ချမ်းမြကာ မဇ္ဈိမမည် အနောက်ပြည်၌ မှီနေလူပေါင်း စစ်တကောင်းနှင့် ဘလောင်းချိပ်ပန်းဝါ မြို့တို့မှာလျှင် ဝင်ကာခို အောင်း လူအပေါင်းတို့ ပြည်ကောင်းရွာသာ ဖြစ်သောခါ၌ နဂရဌာနီ ရခိုင်ပြည်သို့ အိမ်ခြေထောင်သောင်း ချီကာ ပြောင်း၍ အကြောင်းသင့်ရာ ကျွန်းမြို့ရွာ၌ သာယာစည်ပင် ရပ်တို့တွင်ဝယ် မှီဝင်ခိုနေ အချို့ဝယ်တို့ မြို့တည်ရွာချ အချို့ကလည်း သင်္ဂဟညာ တကာရှိရာအရပ် မှီချဉ်းကပ်လျက် လစ်လပ်လယ်မြေ သပြာငွေနှင့် ဝယ်ရန်ခြမ်းရန် မလိုပြန်တည်း ဝါသန်သမယ ခါမှန်ကျက ထွန်ချစိုက်ပျိုး စီးပွားတိုးအောင် မျိုးစေ့မြေနှံ့ လယ်ချောင်းထွန်က ရှင်သံဖြစ် ထွန်း ချိုင့်ဝှန်းလယ်ယာ ဩဇာထက်သံ ကောက်ဆန်စပါး ကြီးဖွံ့ထွားလျက် စီးပွားဖြစ်ထွန်း မြတ်အစွန်းနှင့် မနွမ်းမရှား စပါးရေဆန် ကော်ခွန်ငွေကြေး အလွန်နည်း၍ အေးအေးချမ်းချမ်း လန်းလန်းရွှင်ရွှင် များလူရှင်တို့ ယခင်အခါ ရှေးဟံသာက မြန်မာမင်းဆို ကြီးအုပ်မိုးလျက် တန်းခိုးအာဏာ စိုးသောခါနှင့် မဟာအင်္ဂလံ ရွှင်ပျော်စံသား လန်ဒန် သခင် အရှင်အင်္ဂလိပ် သတင်းဟိတ်နှင့် နတ်ပြည်တမျှ ပမာနတည်း ရက္ခမဏ္ဍလေ သမိုင်းတည်သည် တိုင်းပြည်မြို့ရွာ ထိုအခါမှ သာယာတုံလစ် စည်ပင်ခေတ်တွင် သက္ကရာဇ်သင်္ချာ တွက်စစ်ပါသော် ထောင့်နှစ်ရာသုံးဆယ် ပြည့်ခါဝယ်၌ ဆန်းသည်မာသ မိုယ်းလေးလဆုံး တန်းဆောင်မုန်း လသာရဒတွင် ဇမြဝေလျှံ မြော်လေးပြန်နှင့် ဝါသန်ကုန်နှောင်း ဟေမန်ပြောင်းလျက် ဒေါင်းနှင့်ယုံပျံ ဘုံနပံဝယ် ကြုံစံကာတွေ့ သောက်ကြာနေ့၌ ညည့်အချိမ်ခါ လေပြင်းလာလျက် မဟာဝေရမ္ဘ မြမြမှိုင်းမှိုင်း မုန်တိုင်းလေပြင်း တိုက်ခတ်ခြင်းဖြင့် မိုးမင်းရွာသွန်း ဝါယောလွန်၍ ပြင်းထန်ကြီးကျယ် ကြောက်မက်ဘွယ်လျှင် လေမုန်တိုင်းကြီး တိုက်ဖျက်ဆီး၍ ကြီးဝါးသစ်ပင် မြေတွင်ပိုင်းကျိုး ရွာတန်းခိုးနှင့် အစိုးရမင်း ဘန်ဆင်းတုံလိုက် လွှတ်ရုံးစိုက်သည် အသစ်စက်စက် ဖြစ်တုံလျက်လည်း ထက်အောက်ပြောင်းပြန် မကျန်မကြွင်း တိုင်းရင်ပါကျွတ် ကျိုးပိုင်းပြတ်က နောက်ထပ်တဘန် မစီမံဘဲ ကျမ်းဂန်စာတင် ရာဇဝင်နှင့် ဆင်ခြင်ထောက်လှမ်း ပုဏ္ဏားကျွန်းဝယ် တခန်းသတ်မှတ် ကင်းချောင်းစပ်က ကင်းတပ်သဖွယ် ရုံးစိုက်တယ်သည် သုံးဆယ်တစ်ခု လူမှုသက္ကရာဇ် ခေတ်ဦးရာဇ်လည်း နှစ်ပေါင်းလေးဆယ် မြင့်တာရှည်အောင် ရွာပြည်ပျက်ပြား ရှိလေညား၍ ဘုရားရှင်ချစ် မွေတော်စစ် ဟု ဦးရာဇ်တွင်ခေါ် စေတီတော်တွင် အပေါ်ဖျားရောက် ထက်နှင့်အောက်တွင် ပေါက်ရောက်မွန်ဖျင် ထက်ဝင်းကျင်၌ သစ်ပင်ကြီးငယ် တွက်ရေများမြောင် နှမ်းပဲညောင်နှင့် ထိုနောင်ပြိုးပြွမ်း ပင်သဖန်းက ကျူပန်းသက်ကယ် ခြုံနွယ်ပိတ် ပေါင်း နှာမောင်းနွှေကြိမ် ကလိန်ဆူးပျစ် အရစ်ရစ်တွင် သစ်မြိုက်ထွေးကြက် စေတီထက်၌ ဂျိဝက်ကျွဲနွား ဆင်ကျားခို နိုင် ကောရကိုင်သို့ ရခိုင်ပြည်ကြီး ပျက်စီးယိုယွင်း ထိုအခင်းကြောင့် ရှင်ရင်းမြတ်စွာ ခေတ်မဟာသည် . . ။ ရောင်ဝါ ကြက်သရေနွမ်းညိုးတည်း။

မဟာသကျ ဘက်မမျှသား လောကဝိဓူ ဂုဏ်တော်ဟူက သုံးဆူလောက သုံးဘဝတွင် ကာမလောက ရူပလောက

အရှုပနှင့် စူဠလောက မဖျှိမတည်း ထိုမှတဖြာ မဟာလောက အနန္တလောကဓာတ် သတ္တလောက သင်္ခါရနှင့် ဩကာသလော ကေအမည်တွင်ဘိ ပိုင်းခြားသိသည် ဇာတိအာဏာ ဝိသယာဟု သုံးဖြာလောက သိတုံလှ၍ လောကဇေဋ္ဌ လောကသာရ လောကသာမိ လောကဓိပတိ လောကိဉဂ္ဂါဌ် လောကတ္တယ လောကအချုပ် လောကုတ္တရာ လောကရတနာ မင်္လာအစစ် အနှစ်သာရ လောကကေတု လောကမျက်ရှု သဗ္ဗညုလျှင် အာယုသင်္ခါရာ လွှတ်သောခါ၌ သတ္တဝါအား နတ်လူများကို သားရာဟုလာ ဉပမာသို့ ဂရုဏာသမ္မာပတ် ရှုကာမှတ်၍ စရွတ်ဓာတု ဓာတ်မွေစုတွင် ပါပကျင့်ညစ် မင်းဆိုးခေတ်တွင် နှစ်ပေါင်းလေးဆယ် လူသတ်နေ၍ ရွာပြည်ပျက်ပြား ဓာတ်မွေများနှင့် ဘုရားကိုထက် ကိုယ်အသက်ကို စုမ္ပက်မြတ်နိုး ရခိုင်မျိုးတို့ မင်းဆိုးမင်းညစ် စိုးမိုးခေတ်၌ အပြစ်မအေး ဖြစ်တုံခဲ၍ အလေးမမူ ရေးမယူဘဲ လူတို့လေးမြတ် မဆည်းကပ်က နတ်လည်းထိုသို့ ရှိတုံမြို့၍ ချို့တဲ့ကြက်သရေ မြတင့်တယ်ဘဲ မြူခြေပိတ်သန်း လပြည့်ဝန်းသို့ ညိုးနွမ်းခေတ်ဝယ် ရုံးစိုက်တည်လျက် စေကာခန့်လွှတ် တလုံးအပ်၍ ဆုံးဖြတ်နိုင်သော ဂုဏ်သဘောနှင့် ရွှေတောတွင်ခြင်း ဝန်ထောက်မင်းက တနင်္ဂနွေ နေ့တို့ဝယ်၌ ရုံနေသီးသီး စာရေးကြီးနှင့် နှောနှီးတိုင်ပင် ဘုရားပြင်သို့ ရုံးတွင်မနေ သွားတုံလေ၍ ကြီးငယ်သစ်ပင် ထိုးခုတ်ထွင်လျက် သုတ်သင်ခုတ်လှဲ ကုသိုလ်ရေးကြောင့် စာရေးစာကိုင် ရုံးလုံးပိုင်သည် ကိုယ်တိုင်ကိုယ်ကြပ် ရာဇဝတ်က တရားမနှင့် ပဋ္ဌမဂါတ်အုပ် ရုံးလုံးချုပ်သည် မြို့အုပ်ရာဇာ ဌာနပုလိပ် ဘေလိပ်ရာရှိ သမာဓိနှင့် မိမိကုသိုလ် အကျိုးလို၍ ထိုထိုစုပ္ပြမ်း မင်းမှုထမ်းတို့ အန္ဒမ်းအနေ ခံတုံပေလျက် စေတီဖျားရင်း အဆင်းအတက် အောက်အထက်ကို သုတ်သင်ခုတ်ဖြတ် ရုံးခွင်လွှတ်သည် တသတ္တဟ တရက်ရလျက် တလလေးရက် ဤနည်းတွက်၍ နေ့ရက်ရှည်လျား ခုတ်ဘန်များက ဘုရားရင်ပြင် ထက်ဝန်းကျင်၌ သစ်ပင်သောင်းပြောင်း ခြုံပိတ်ပေါင်းနှင့် လောင်းရလှဲရ ကြီးငယ်စသည် ရုက္ခသစ်ပင် ကိုင်းယာပြင်သို့ အသွင်တူလိုက် အစဉ်ဖြစ်အောင် အမြစ်ထွင်ရန် ပြုစီမံ၍ သံချွန်သံလှ စူးဆောက်စသည် ဒါးမပေါက်ဆိမ် ရွှယ်ချိန်တူးဖောက် သံရိုးဆောက်နှင့် သံကောက်လွန်ပူ သံတူကရိယာ လုပ်ပြီးခါမှ သဒ္ဓါကြည်ညို များလူဗိုလ်တို့ ကိုယ်စီကိုယ်စီ စူးဆောက်ချီလျက် စေတီထက်တွင် တက်ပြီးကျင်မှ အပင်ကိုခတ် အငုတ်ကိုထွင် အမြစ်စင်အောင် ခုတ်ထွင်ကြရာ ထိုအခါ၌ မဟာစေတီ မဟေသီဝယ် လိန်ကာပတ်ရစ် အထက်ထစ်၌ သစ်မြစ်လွှမ်းကြက် သံကြိုးခက်သို့ ခြုလျက်ရစ်ပတ် အထပ်ထပ်တည့် ရာဇမတ်မြက်ကွင်း ပုံမယွင်းတည်း ပင်ရင်းကရှောက် ရှိုကာဖောက်လျက် ကျောက်ချပ်,ကျောက်လွှာ မြင့်ကာကွာအောင် မဟာညောင်ညို မြစ်ထိုထိုတို့ ရှိုကာဖောက်ထွင်း ယိုကာယွင်း၍ တူရွှင်းဒါးမ လွှနှင့်တိုက်ဖြတ် ဆောက်နှင့်ကြပ်လျက် သွန်းသွတ်လောင်ဆေး ဤသို့နည်းဖြင့် အရေးယူကာ တနေ့မှာ၌ ထွင်ကာစင်အောင် အားကြိုးဆောင်မှ လေးထောင်တလံ ပြီးနိုင်ပြန်၏ သစ်ခွံသစ်မြစ် ခါးရင်နှိုက်မျှ ဦးရာဇ်တော်ခေါ် စေတီတော်လျှင် ထင်ပေါ်ထပ်လောင်း သပ္ပါယ်ကြောင်းကို တဆောင်းတနွေ မြင့်ကာရှေအောင် ကြည်ကြည်ရွှင်ရွှင် ထိုးခုတ်ထွင်သည်. . ။ သုတ်သင်ရှင်းလင်းတော်မူ၏တည်း။

အနဠ္ဍရတနာ ဘုန်းခြောက်ဖြာဖြင့် ဘဂဝါဂုဏ် ဆိုရာတုံ၌ ဆယ်စုံညာဏ နဝလောကုတ္တရာ ရှစ်ဖြာမဂ္ဂင် ဗောဇ္ဈင်သတ္တဆ, သာဓရဏာဉာဏ် ဒွေယမ်ငါးဖြာ သမ္မိဒါနှင့် သစ္စာလေးဝ စရိယသုံးထပ် ဒွေးနှစ်ရပ်ဟု ဩတပ်ဟီရိ ဝိမုတ္တိတပါး ဤတရားကို ပတ္တမြားမျက်ရှင် ထက်မှာတင်သို့ သိမြင်တော်မူ ဘက်မတူ၍ လူတို့ထက်မြက် နတ်တို့ထက်သာ ရဟန္တာနှင့် ပြဟ္မာမှန်ကင်း မင်းတို့မှန်ကူ အောင်သူဓိပတိ မုနိဓမ္မရာဇ် ဖြစ်ထက်ဖြစ်လျက် မကိုဋ်ရတနာ ဘဂဝါဟု ကျော်ညာနာမ အမည်ရသား ဗုဒ္ဓမြတ်စွာ ကိုယ်ခန္ဓာ၏ အင်္ဂါနိမိတ် အစိပ်အပိုင်း သုံးဘုံးတိုင်း၌ တုနှိုင်းမရ သဉပ္ပဟု နိဗ္ဗာနဓာတု စရွတ်စုတွင် ဦးရာဇ်တော်မြတ် မဟာဓာတ်လျှင် ကိန်းဝပ်နေပျော် စေတီတော်သည် ညိုးလျော်ကြက်သရေ မတင့်တယ်၍ သပ္ပါယ်ကြောင်းအင် ထိုးခုတ်ထွင်လျက် အောင်မြင်လျောက်ပတ် လွန်ချောမွတ်အောင် ကျောက်ချပ် ကျောက်လွှာ ပဲ့ကွာယိုယွင်း ချို့တဲ့ခြင်းကို ထည့်သွင်းမွန်းမံ တတ်ကြေမွန်သား ပန်းရန်သမ ရှာပြီးမှလျှင် လက်ခလေးရာ ငွေသပြာနှင့် ခိုင်မာလှပ ပြုပြီးမှလျှင် ကာလတွက်စစ် သက္ကရာဇ်က ဇက်,ဒွေး,တေး,သတ် ရောက်တုံလတ်မှ ဇမ်းပွတ်အင်္ဂတေ ကြီးကျယ်များစွာ လုံးတရာဖြင့် ခိုင်မာကောင်းမွန် လိန်းကာကျံလျက် အလွန်တင့်အပ် ပြီးတုံလတ်က သပ်သပ်ပါယ်ပါယ် ထိုခါဝယ်၌ ရွှေပြည်တော်သူ ဖူးမြော်လူတို့ ကြည်ဖြူမြောက်ချီး စေတီကြီးတွင် ရွှေထီးတင်ရုံ ဇောစိတ်သံ၍ စီမံကြံစည် ရည်သံပေလျက် နေသည်ကာလ သမယတွင် ပန်းကြာသခေါ် ဘိုးသူတော်လျှင် နှိုးဆော်သွားလာ သတင်းကြားနှင့် ဘင်္ဂလားမြောက်ယွမ်း အဝကျွန်းက တိုက်တွန်းလျုခံ သက်,ဖလံတောင် ဗိုလ်မင်းတောင်က များမြောင်ဉစ္စာ ဖြူသဒ္ဓါနှင့် လျှုကာလူပေါင်း စစ်တကောင်းနှင့် ဘလောင်းချိပ်ပန်းဝါ မြို့တို့မှာလည်း ရတနာသုံးပါး နှလုံးထားသည် ယောကျ်ားမိန်းမ ဟူသမျှတို့ များလှကြီးငယ် ရခိုင်ပြည်က လှည့်လည်ကူးပြောင်း လူအပေါင်းတို့ ကောင်းသောစကား အကြောင်းကြားက ဘုရားဘုန်းခေါင် ဦးရာဇ်တောင်အား ယခေါင်ကာလ ဖူးမြော်ခ၍

မိန်းမယောကျ်ား မြောက်အများဖြင့် အင်အားအလျောက် ချီးမြှင့်ထောက်က များမြောက်ရတနာ ရသောခါမှ ပြန်လာတုံငြား ကျွန်းရွာသားနှင့် စကားတိုင်ပင် ထိုခါတွင်၌ တပင်တိုင်ဆရာ ရှေ့ဟံသာက ရောက်ကာကူညီ လူ့လောကီဝယ် ပန်းချီပန်းပု ကြမ်းအနု၌ လက်မှုပညာ လွန်လိမ္မာသား၊ တိုင်းထွာယူပြီး ထီးတော်ကြီးကို အပြီးကြံဘန် ပြုလုပ်ရန်လျှင် စီမံနှိုးဆော် ဘိုးသူတော်နှင့် နှစ်ဘော်တူကွ သွားလေကြ၍ နဂရတွင်ငြား ဘင်္ဂလားတွင် ကုလားလက်တတ် ထံမှာအပ်လျက် ဝန်းပတ်တောင်တာ ကြီးကျယ်စွာဖြင့် သတ္တာဗီသ အစောက်ကမူ ပဉ္စတိံသာ ထုတ်တန်းမှာက ဘီလာကိုးတောင် ဆောင်ကာလှတင့် ဘုံကိုးဆင့်ဖြင့် ကြေးနှင့်သံသား ထူမပါးကို ကုလားပန်းဘဲ မူမလွဲအောင် နည်းပေးဆရာ တိုင်းအတာဖြင့် လိုရာမကျန် ဗိုလ်ဖရံဟု သံကရိယာ အရည်ဖျော်လျက် ထွေရော်ခပ်သိန်း အပြိန်းအဖြောက် ပြင်ကိုဖောက်သို့ အကောက်အဖြောင့် အမြှောင်အယွမ်း ရိုးအဆန်းနှင့် အမွှန်းပန်းခက် ရောပြွမ်းရှက်လျက် အဆက်အဟပ် အစပ်အမြွာ လွန်ခိုင်မာသား မဟာသံထီး သွန်းလုပ်ပြီးက ခရီးပင်လယ် သင်္ဘောလှေနှင့် စစ်တွေရောက်သော် ဘိုးသူတော်လျှင် နှိုးဆော်နှံ့စပ် ဆဲ့နှစ်ရပ်ကို လွှဲအပ်လေတုံ မြတ်သောဂုဏ်ကြောင့် တဘုံစီယူ မြို့သူကြီးတို့ အလှူဆိုလျှင် မငြိုညင်ဘဲ ရွှေ့စင်မွန်းမံ ကျောက်စီရံ၍ စီမံမယုတ် မိုးလုံးလုပ်သည်. . .။ အားထုတ် သူထက်သာအောင်တည်း။

## ရွှေထီးတော်တင် ပြီးအောင်မြင်၍ ရှင်ပင်တုလွတ် ဦးရာဇ်ဓာတ်အား မြတ်သောရွှေသင်္ကန်း ကပ်တော်မူစန်း

အနုတ္တရော ဥတ္တမောဟု ဗုဒ္ဓေါဘဂဝါ သုံးရွာလောက သုံးဘဝတွင် မရတုပြိုင် နှိုင်းရှိုင်ဘက်ကင်း မင်းထက်မင်းမြတ် နတ်ထက်နတ်တည်း ထပ်ရပ်ပြာဟ္မာ သက်ထက်သာအောင် ဝေသာရဇ္ဇ အစိုးရလျက် ဈာနဘိညာ သမ္မာပတ္တိ ဝိမုတ္တိနှင့် ပဋိသမ္ဘိဒါ သိလိမ္မာ၍ အင်္ဂါလေးပါး ဓိပ္ပါယ်များကို ပိုင်းခြားနှိုင်းညှိ နာသူသိအောင် ယုတ္တိဘော်ထုတ် ရွှေအာလုတ်က ပုဒ်အက္ခရာ ရုပ်တွက်ကာဖြင့် သဒ္ဒါအထွတ် အနက်အလို ဝိဂြိုဟ်ဝဇနတ် ဓာတ်နှင့်ပစ္စည်း ဟပ်စပ်ထွေးလျက် ညသ်နည်းမကျ ညှိဝေဘန်၍ လိင်္ဂအံဝေဝုတ် သရုပ်နှိုင်းညှိ နိရုတ္တိဟု ပဋိသမ္ဘိဒါ အင်္ဂါလေးပါး ပြည့်စုံငြားအောင် တရားတော်မြတ် ဟောပြောတတ်၍ အကျွတ်နိဗ္ဗာန် ရနိုင်ပြန်သည် ဘဝန္တကူ သယမ္ဘူ တဆူတုလွတ် ဦးရာဇ်ဓာတ်လျှင် ကိန်းဝပ်ခိုမှီ မွေသရီနှင့် စေတီကြီးတွင် ရွှေထီးအံ့စီရင်ကြစေ မြို့စစ်တွေ၌ တင့်တယ်လျောက်ပတ် မွန်မြတ်စေငှါ တိုက်ဆရာတို့ ဆန်းစွာစီရင် တန်းဆာဆင်၏ ရှုမြင်မရဲ ထူးအကဲလျှင် သစ်စေး သားရိုး အမျိုးမျိုးဖြင့် ဘိုးထိုက်ဘိုးတန် ရွှေမွမ်းမံလျက် ဖာလ်မှန်စီကာ ဝဇီယာနှင့် နီလာဂေါ်မုတ် ဥဿဘယား ပြယိုးယားက ဆန်းပြားတင့်တယ် အံ့သြဘွယ်လျှင် ပန်းနွယ်ပန်းတက် မကန်းကွက်နှင့် သူ့ထက်ငါသာ စီမံကာဖြင့် များစွာဥသုံ အလုံးစုံသည် ကိုးဘုံရွှေထီး အသီးသီးလျှင် ပြီးစီးအောင်မြင် လှေဘောင်တင်၍ စီရင်အံ့ငှါ ထူးထွေစွာလျှင် လှေမှာကြမ်းခတ် ရာဇမတ်နှင့် ဝန်းပတ်ရံလျက် ဗိတာန်ကြက်၍ ဘွေချက်လယ်တွင် ထီးကိုတင်လျက် ဝန်းကျင်ပတ်လည် အသွယ်သွယ်လျှင် ခြည်ဇာပိုးဇာ ဘိုးတန်ရာဖြင့် ကွန်ချာကြာယပ် အထပ်ထပ်တိ ဝန်းပတ်ခြံရံ ထီးတံခွန်က ပန်းမန်စိုက်ထိုး ညောင်ရေအိုးက မျိုးမျိုးစီမံ လှေဘောင်ပျံနှင့် အောင်လံဝေဝေ မြို့စစ်တွေက ရေကြည်မြမြ ရဇ္ဇုဘဟု မြစ်မသီတာ ဆန်တက်လာသော် ရပ်ရွာနီးပါး လမ်းစပ်ကြား၌ တန့်နားချဉ်းကပ် စခမ်းသပ်သော် ရပ်သူရွာသား လူအများတို့ ငါးပါးအင်္ဂါ ပြည့်စုံစွာဖြင့် တူရိယာ ငယ်ကြီး အသီးသီးလျှင် တီးသံမှုတ်သံ ကြေးစည်သံကို ကြားပြန်သောခါ ဆင်းသက်လာသော် ခါရံတထူး မမြင်ဘူးသား အထူးဝိသေ လှေဘောင်ဝယ်၌ အလယ်ချက်မှာ ထူးထွေစွာလျှင် ရတနာရောင်ပြီး ပြောင်ပြောင်ညီးသည် ရွှေထီးတဘုံ တချို့တုံလည်း ကခုန်မြူးပျော် တချို့သော်ကား သူတော်အသွင် သီလရှင်ဟု ဖြူစင်ဝတ်စား အချို့များလျှင် မြို့သားလူကြီး အသီးသီးတို့ ပုတီးလက်ကိုင် လှေဘောင်ယာဉ်၌ ထိုင်ကာတင့်တယ် ဣန္ဒြေနှင့် နေပေတုံကြ ဣတ္ထိယဟု မိန်းမအများ ဆင်ဝတ်စားနှင့် ပျော်ပါးအံ့ဘွယ် ထူးအသွယ်ကို မြင်လေတုံငြား ထိုရပ်သားတို့ ဘုရားပူဇော် ရွှေထီးတော်ကို ဖူးမြော်ပြီးမှ ဆေးကွမ်းစသည် ထိုမှတခြား အစားအသောက် ချီလှမ်းလေမြောက် တရပ်ရောက်သော် ချီးမြှောက်ထောက်ပင့် ထီးကိုးဆင့်ကို ချီးမြှင့်စီရင် လှေဘောင်တင်လျက် ဆောင်တင်ကာပို့ အင်မချို့သည် တမြို့သားလုံး ရှင်လူများတို့ စပ်ကြားလမ်းတည်း ဤသို့နည်းဖြင့် မဝေးမနီး အသီးသီးလျှင် ခရီးထောက်ညား ဆောင်တင်သွား၍ ဘုရားတောင်ခြေ ရောက်ကြလေသော် ရင်ပြင်ပေါ်၌ သင့်လျော်လျှောက်ပတ် ထားပြီးလတ်မှ သတ်မှတ်ပိုင်းခြား လ,ရက်အားဖြင့် ဘုရား ရွှေထီး တင်ရန်နီးသည်. . .။ မြှောက်ချီးဤသို့စီမံတည်း။

မဟာပုရိသ ဓမ္မသာရထိ ပါဠိတော်ရ မာဂထကို အတ္ထယောဇနာ မြန်မာသိလွယ် ဓိပ္ပါယ်မကျန် ဖွင့်ကာပြန်မူ ပုထုဇန်ဟု သုံးဘုံသူတို့ အယူသော့သွမ်း မူဟော့ရမ်းလျက် ကြမ်းတမ်းပျက်ချာ မသမာဘဲ မိစ္ဆာမှောင်တိုက် ဒုစရိုက်ဖြင့် မိုက်မိုက်မဲမဲ သံသာဘေးကို အလေးမမူ ရေးမယူဘဲ နတ်လူပြဟ္မာ သတ္တဝါများ သုံးဘုံသားကို တရားမြိုက်ဆေး ဟောတိုက်ကျွေး၍ ယဉ်ကျေးစေတတ် ဂုဏ်သကပ်ကြောင့် မြတ်သမ္ဗုဒ္ဓ အတုလလျှင် ဓမ္မသာရထိ အမည်ရှိသည် မုနိငါးဦး ရထားမှူးဟု ညွှန်ဖွဲ့ဖူးမကိုဋ် ဓာတ်ဦးရာဇ်အား မင်းစစ်မင်းကောင်း မင်းပေါင်းများစွာ ဆက်လက်ကာဖြင့် ဒါယကာမှန် တကာခံလျက် နိဗ္ဗာန်တောင်းဆု အကြောင်းပြု၍ ယခုခါသော် တကာတော်ဟု မပေါ်သည်ခေတ် သို့စင်ဖြစ်လည်း မှီညစ်ကြက်သရေ မရှိစေဘဲ တိုင်းပြည်သာယာ သာသနာနေဝန်း ထွန်းလင်းသည်ခေတ် ဖြစ်ပါတုံလျက် တို့လက်ထက်တွင် ဆက်လက်ချီးမြှောက် အပြီးမြောက်အောင် တယောက်တည်းအား မစွန်းငြားလည်း အများစုပေါင်း ခုအကြောင်းတွင် လူကောင်းသူမွန် ရှိတုံပြန်ဟု စီမံသည်တိုင်း မဆုတ်ဆိုင်းဘဲ ဖြတ်ပိုင်းအချိန် ခန့်တိုင်းညီအောင် သူရိန်နေမင်း ပူပြင်းထိန်လျှံ ဂိမ္ဗန်သမယ ချိန်ကာလ၌ စိတြမည်မှတ် ကြယ်နက္ခတ်နှင့် စမ်းနတ်ရှင်ပ တန်ခူးလတွင် သုရဇ္ဇဗုဒ္ဓါ စန္ဒရာရဝိ အတိသက္ကရာဇ် နှစ်၏အခါ ဦးရွှေသာဟု ကျွန်းရွာအတွင်း မြို့ပိုင်မင်းလျှင် အရင်းအမြစ်ကြီးမှူးဖြစ်၍ မြို့သစ်မြို့ဟောင်း လူပေါင်းရှင်လန်း ပုဏ္ဏားကျွန်းတွင် ခွဲခြမ်းဝေဘန် စီမံကောင်းစွာ မြို့ရွာလူကြီး စာရေးကြီးနှင့် သူကြီးအဘ ဥက္ကဋ္ဌတို့ စိတ်ကရည်စူး အထူးကြံဘန် ထီးတင်ရန်လျှင် စီမံရွက်ဆောင် ထမြောက်အောင်ကို တောင်ဦးရာဇ်ထက် လူပေါင်းတက်လျက် အုပ်ကျက်များစွာ ရောက်ကြလှာသည် မြို့ရွာထက်ဝန်း လူရဟန်းတို့ ကျွန်းကမ်းရပ်ရပ် ပြည်လုံးကျွတ်လျှင် နှံ့စပ်ခရိုင် ပြည်မဏ္ဍိုင်ဟု ရခိုင်ကြက်သရေ မြို့စစ်တွေက ကြီးငယ်မဟူ ရှင်လူသီးသီး ဘုရားကြီး၏ ရွှေထီးဒါယကာ ပေါင်းများစွာနှင့် ရာဇာစိုးမင်း အသင်းသင်းလျှင် ခဘင်းလူပေါင်း သူတော်ကောင်းတို့ ကုန်းကြောင်းတသွယ် ရေကြောင်းတရပ် လှေပေါင်းထပ်လျက် ရပ်ရှစ်မျက်နှာ ရော်ကြလှာသည် များစွာသီးသီး ရှုမညီးအောင် ပွဲကြီးချိန်းညံ့ သဘင်ခံ၍ စီမံတုံငြား လူကြီးများတို့ ဘုရားရင်ပြင် အထက်တွင်၌ စီရင်ထားအပ် ထီးတော်မြတ်လျှင် ပြာသာဒ်အဟန် နတ်ဝေယျံသို့ ပတ်ရံလူများ ရှုမြော်ညားက ပတ္တမြားမျက်ပုံ ဘဝက်လျှံမှု ဘက်စံမြင် တိမ်မိုးခွင်ဝယ် ကြိုးမြှင်နဂသွဲ့ ထင်သကဲ့သို့ လဲ့လဲ့ပြောင်ရွှမ်း စို့သက်တန်းမှု ရှက်သန်းရောင် ပြေ ကျောက်မျက်ရွဲတို့ ပုလဲတတန့် ရွဲတတန့်လျှင် အကန့်အကွက် ရောပြွမ်းရှက်လျက် အမျက်စိန်ကြောင် ထိန်ထိန်ပြောင်သား တိမ်တောင်အထက် လျှပ်ပြိုးပြက် ကိုးမျက်ခြယ်စီ ဣန္ဒနီဝယ် သိင်္ဂီတစ်ဝက် ဘက်၍ဆေးစုံ ခြယ်သောပုံသို့ ဘုံအဆင့်ဆင့် ဖျူးဖျူးမြင့်လျက် အတင့်အတယ် အပြေအပြစ် အရစ်အမြှောင့် အထောင့်အယွမ်း အဝန်းအဝိုင်း အမွှမ်းတိုင်း၌ လှိုင်းကောက်လှိုက်တွန့် ပန်းညွှန့်ပန်းဖူး အထူးအဆန်း ရှုမခန်းအောင် ခိုနန်းမုတ်ပျံ တော်ခံပွတ်လုံး အုံ့မဆုံးသား ရုပ်လုံးရုပ်ပြား မုတ်လိုဏ်များ၌ နယားရုံဝန်း အထက်ယွမ်းတွင် အကြမ်းအနု ပန်းစုံထုလျက် ခရုပတ်ရစ် ဓနုတိုက်နှင့် စုလစ်တန်တန် မွန်ချွန်ရပ်ရပ် ဖာလ်ပြာသာဒ်သို့ အထပ်ထပ်ဘုံ ကိုးဆင့်စုံဝယ် အကုန်မကြွင်း ပုံအရင်းကား အတွင်းကြေးသံ အပေါ်ယံက ဖာလ်မှန်ကျောက်စီ ဣန္ဒနီနှင့် သိင်္ဂီရွှေသား မွမ်းမံညားလျက် ထွေပြားထူးဆန်း ရှုမခန်းအောင် ချူးပန်းချူးနွယ် ထူးအထွေတည့် ရွှေငှက်မြတ်နား ထက်အဖျား၌ ပတ္တမြားစိန်ဖူးသ ကြယ်သောက်ရှူးနှင့် တောက်မြူးထိန်လျှံ ဝေဇယျန်သို့ သဏ္ဌာန်လှချော မြင်သူမောသည်. . .။ အံ့ဩမကုန်နိုင်ပြီတည်း။

ဖြဃဖြဃဖြဃ

## ဝတီစိုးငြား မိုးသိကြားလျှင် ကုလားအဟန် တူစွာဘန်၍ စီမံပြီး၏ ထီးတော်ကို တင်စဏ်း

မြနန္ဒမူ လှိုဏ်ရွှေဂူဝယ် မဥ္ဇူခိုင်ပန်း ကြိုင်ရနန်းဖြင့် ထက်ဝန်းသင်္ချာ ယူဇနာလျှင် တရာတိုင်အောင် မွှေးနံ့ဆောင်လည်း ဘုန်းခေါင်ဘုန်းဖျား ဘုန်းဘုရား၏ ကိုးပါးသောဂုဏ် သီလဟုန်က ဘုံသုံးဆယ်တစ် ဘဝက်ခိုက်လျက် သောင်းတိုက်စကြာဝဠာ ရပ်မျက်နှာကို ရှုကာကြိုင်အေး ဂုဏ်တော်မွှေးလျက် အဝေးအနီး အသီးသီးလျှင် ခရီးနှံ့စပ် ကြားမထပ်အောင် အာပတ်ခုနစ်ဖုံ ပြည့်ဖြိုးစုံ၍ လုံခြုံနိုင်ဘိ ဂုဏ်ထူးရှိလျက် ပါဋိမောက္ခသံဝရဟု သီလသတင်းဂုဏ်နံ့ သင်း၍ လူမင်းနတ်မင်း ပြဟ္မာမင်းတို့ ဝပ်စင်းဦးခိုက် ပူဇော်ထိုက်သည် ရှင်ချစ်လူ့ဘ အတုလက ပဒပရမနေယျ ပုဂ္ဂိုလ်များထိုထိုတို့ ဖိုလ်အရဟတ် ခိုကာကပ်၍ လူနတ်နိဗ္ဗာန် ထိုက်တန်ရာရာ မြတ်ချမ်းသာကို ရပါလေစေ မှတ်ကာရည်၍ ကိုယ်စားလည်ကိုယ်စား ကိုယ်တော်ထားသည် ဘုရားဓာတု သဗ္ဗညု၏ ဦးရာဇ်တော်ဓာတ် စေတီမြတ်တွင် အထွတ်တင်သည် မှတ်ကာရည်လျက် ကျွန်းနေလူကြီး အသီးသီးတို့ ထီးရတနာ တင့်တယ်ရာကို ရှုကာကြည့်ညား ရှင်လူမျိုးတို့ သိကြားပျော်စံ ဝေဇယျန်လျှင် ဗိမာန်လူ့ရွာ ကျရောက်လှာသို့ ဦးစွာပဌမ အဆုံးကျအောင် နဝကိုးဆင့်

အမြင့်တင့်တယ် တွက်စစ်ရေသော် သုံးဆယ့်ငါးတောင် အစောက်ဆောင်လျက် ထိုနောင်ခုနစ် စိန်ဖူးစိုက်က မကိုဋ်ဆုံးအောင် အစောက်ဆောင်၍ အတောင်ထွတ်သော် လေးဆယ်ကျော်လျှင် အပေါ်သို့မြင့် ဘုံကိုးဆင့်နှင့် တင့်တင့်တယ်တယ် ကြီးအကျယ်ဖြင့် ကြက်သရေပြောင်ပြီး ထီးတော်ကြီးလျှင် အပြီးမြောက်အောင် ကြိုးအံထောင်လျက် ရှေးဆောင်ဦးစီး အသီးသီးလျှင် အကြီးလုပ်ကြ ဥက္ကဋ္ဌတို့ ကာလချိန်တန် ထီးတင်ရန်လျှင် စီမံဆောင်ရွက် တောင်ပေါ်ထက်တွင် စက်ကရိယာပြုပြင်ပါသော် စေတနာသန် ကုသိုလ်ကံနှင့် မြတ်မွန်တော်ဇော် အာနုဘော်ကြောင့် ထိုရော်အခါ ဝတီသာ၌ ဣန္ဒာတွင်ငြား သိကြားဗန္ဓု ဝါဂွမ်းနုလျှင် မာပြုကြမ်းကြွ တင်းမာခြွ၍ ကက္ကဋ္ဌကရိယာ တင်သောခါ၌ ခြင်းရာဘယ်သို့ ရှိတုံမြို့ဟု နတ်တို့မျက်စိ ပိုင်းခြားသိအောင် နှိုင်းညှိဆင်ခြင် ထိုခါတွင်၌ သောင်းခွင်လကျ်ာ ဒက္ခိဏာဝယ် ရက္ခါပူရ ရွှေပြည်မတွင် သီသပပ္ပတာ တောင်သေလာထက် ရတနာလျှံညီး စေတီကြီးဝယ် ရွှေထီးတင်မည် စီမံသည်ကို မြင်လေသောခါ မိုးဣန္ဒာက လွန်စွာခဲညား လူတို့အားနှင့် ဘုရားရွှေထီး ခရီးမမြောက် ပြီးမရောက်က လျှောက်ပတ်ဘွယ်ပင် မဟုတ်ကျင်တည်း ရှင်ပင်မြတ်စွာ ရှိစဉ်ခါက ငါ၏ရိုက်ရာ သာသနာကို တကာသိကြား မကွာအားဖြင့် ထင်ရှားစောင့်လေ ဤသို့ပေလျှင် စိန္တေမုနိ မိန့်တော်ရှိ၏ ဝီရိယထူ ငါလျှင်ကူအံ့ မှတ်ယူပြီးညား မိုးသိကြားလျှင် ကုလားအယောင် အသွင်ဆောင်လျက် မိုးခေါင်ကသာ လာပြီးခါမှ ရတနာသိင်္ဂီ မွေသရီနှင့် စေတီထက်တွင် ငြမ်းကြီးဆင်၍ စီရင်ကာထား အထက်ဖျားဝယ် စိုက်ငြားကြမ်းခိုင် အူချာတိုင်က တူပြိုင်တတ်ကျင် လွန်နှစ်ပင်လျှင် ဆင်ခြေလျှောခံ စောင်းတန်းဟန်သို့ လွန်နှစ်ဘက်စ ဥတ္တရနှင့် ဒက္ခိဏမျက်နှာ နှစ်ဘက်ကာက ကရိယာသံဆက် ရဟတ်စက်တွင် တပ်လျက်ထားကာ တောင်မျက်နှာက ဆောင်ကာယူရှောင်း လူအပေါင်းတို့ ညောင်စောင်းပေါ်တွင် စလောင်းတင်လျက် ငင်ကာရစ်လတ် စက်ရဟတ် လှည့်ပတ်သောခါ ထက်အာကာသို့ တက်ကာလည်သွား တည်ကာထားသည် ဘုရားသင်္ဂီ စေတီဖျားရောက် သပိတ်မှောက်တွင် တင့်လျှောက်အောင်တတ် ပြီးတုံလတ်က နောက်ထပ်တဝ ပဋ္ဌမဘုံ အဝန်းစုံကို ချီတုံယူရှောင်း လူအပေါင်းတို့ ညောင်စောင်းပေါ်တွင် ထက်မှာတင်၍ ပတ်ငင်သောခါ မိုးဒေဝါလျှင် စောင်ကာလိုက်ငြား ငြမ်းအဖျား၌ လူများခိုလောက် စဆွဲဆောက်၍ ဆိုက်ရောက်လာလျှင် ထီးရွှေစင်ကို ဝန်းကျင်ကိုင်လတ် ရိုးတွင်စွပ်လျက် လေးတန်လေးဘက် လွဲမထွက်အောင် သံဆက်ဝက်အူ စွဲတော်မူ၏ ဆောင်ယူတင်မြှောက် တဘုံရောက်က အမြောက်ခုနစ်ကြိမ် ရွှယ်ချိန်ပစ်ဖောက် နောက်ဒုတိယ တတိယနှင့် စတုတ္ထဘုံ ရောက်ပြီးတုံမှ ဘုံပဉ္စမ ဆဋ္ဌမက သတ္တအဋ္ဌ အဆုံးကျအောင် နဝကိုးဘုံ အလုံးစုံကို အကုန်အစင် စက်ဖြင့်တင်၍ နတ်ရှင်သိကြား မ,သောအားကြောင့် ငှက်မနားမြတ် စိန်ဖူးတတ်သည်. . . ။အထွတ်တိုင်တော်မူ၏တည်း။

**ဝေဲအစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊ အစိန္တိယေ ပသန္နနံ၊ ဝိပါကော ဟောတိအစိန္တိယော။ ။**

ပြဘင်္ဂရ သဝိသနှင့် အာဒိစ္စသူရိ ဖါလ်ရဝိဟု မည်ရှိများစွာ ကျမ်းအလာနှင့် မြန်မာအလို နေဟုဆိုသား လူဗိုလ်ပညတ်ခေါ်စမှတ်သည် ပြာသာဒ်လျှံပြောင် ဗိမာန်ဆောင်လျှင် တထောင်ရောင်ခြည် ဆောင်တုံပေ၍ လှည့်လည်ပတ်ဝိုက် တတိုက်စကြာဝဠာ လေးဒီပါကို ရောင်ဝါဖြာရွှမ်း ဆောင်ကာထွန်းလည်း နှစ်ကျွန်းလင်းခိုက် နှစ်ကျွန်းမိုက်၏ မကိုဋ်ပတ္တမြား အထွတ်ထားသည် ဘုရားဘုန်းခေါင် ခြေံသွယ်ရောင်ကား သောင်းထောင်မက စံမျှသည် အနန္တလောကဓာတ် ကျော်နှံ့စပ်လျက် လျှပ်လျှပ်ဝင်းဝင်း ရောင်တော်ချဉ်း၍ ထွန်းလင်းတော်ပ ဝန်းကျင်သည် ဆသဏ္ဏာသခင် ရှင်ပင်ပရမတ် ဦးရာဇ်ဓာတ်ကို အထွတ်ရွှေထီး ညီးနှင့်ပြီးမြောက်အောင်မြင် ထိုခါတွင်၌ အသွင်ကုလား မိုးသိကြားလျှင် ဆင်းညားစီမံ တန်းခိုးဘန်လျက် ကြေးသံကရိယာ လေးလံစွာသား ရတနာကိုးပါး မွန်းမံထား၍ ကြီးမားကြမ်းခိုင် ကြေးသံတိုင်နှင့် ဘုံစိုင်ဆောင်ကျင် ကိုယ်တိုင်တင်သည် ဝင်တွင်ရစ်ပတ် ကြိုးလွန်တတ်လျက် ရဟတ်ကိုလှိမ့် အောက်မြေနိမ့်က မငြိမ့်မရှက် ရွှေ့ရွှေ့တက်၍ အထက်မှိုင်းရီ မိုးတိမ်ဆီ၏ စေတီတော်ဖျား ရောက်လေညားသည် အံ့ဩစလောက် ဤကိုထောက်က ပြီးမြောက်အောင်မြင် ကြောင်းချင်းအင်သည် ရှင်ပင်အထွတ် ဦးရာဇ်ဓာတ်၏ ကြီးမြတ်တန်ခိုး မိုးသိကြားနတ် ဣဒ္ဓိပတ်ဟု မှတ်ကြရမည် ထိုခါဝယ်၌ ရွှေအထက်တွင် စိန်ကျောက်တင်သို့ ရှုမြင်မညီး စေတီကြီးနှင့် ရွှေထီးဆင့်ဆင့် တင့်ထက်တင့်လျက် မြင့်မြတ်ကြက်သရေ ထီးတော်ဝယ်၌ မြေသံညောင်းညောင်း နတ်တီးစောင်းသို့ ခေါင်းလောင်းရာ ကျွာလုံးပတ်မှာကား လောဟာသံကြေး နှစ်ထွာခွဲတည်း ဆွဲလည်းညောင်ရွက် ရွှေထီးထက်၌ ညဉ့်ရက်မလတ် ဆက်မပြတ်တည်း လေခတ်တိုင်းသာ အသံမှာကား တူရိယာငါးသွယ် ထက်နတ်ပြည်က နတ်စည်နတ်စောင်း တီးခတ်ညောင်းသို့ ခေါင်းလောင်းမြေသံ ကြားရဟန်ကြောင့် အလွန်သာယာ လူတကာတို့ သဒ္ဓါဖြစ်ထွန်း ရွှေသက်န်းလျှင် ဖျင်းမွှမ်းပုံယင် ကပ်လှူချင်၍ စီရင်ကောင်းနိုး အမျိုးမျိုးလျှင် သားရိုးသစ်စေး

မံ၍လည်းထား တိုက်သမားတို့ ဘုရားရှင်ဓာတ် စေတီမြတ်ဝယ် ကပ်ရွှေသက်န်း လျှုဒါန်းမပြတ် ပြည်လုံးကျွတ်လျှင် မြင့်မြတ်လှစွာ စေတနာနှင့် ငါငါသူသူ ရှင်လူသိန်းသောင်း ပြည်သူပေါင်းတို့ ကောင်းသောသဒ္ဓါ စေတနာနှင့် နာရကာနာ ရဏီ သိင်္ဂီအစစ် သတ္တုနှစ်ဟု ဘိုးထိုက်ဘိုးတန် မွန်းမံချယ်လယ် တင့်သပ္ပါယ်အောင် ရွှေနှင့်ဘုရား ကပ်လှူပြားသည် မြို့သားကျွန်းသူ မိလက္ခူဟု တောင်သူတောသား လူအများတို့ အင်အားများနှင့် ဘုရားရေးဟု ပြား,ပဲ,မူး,မတ် ကျပ်,ဆယ်,ရာ,ထောင် များမြောင်သောင်းသိန်း ရွှေသိန်းချညား မြို့ကြီးသားတို့ အင်အားအလျောက် အားကြီးမြော်၍ ချီးမြှောက်များစွာ ထိုအခါ၌ ဗိုလ်ပါအုပ်ကျက် လောကီဘက်က ဆောင်ရွက်တခန်း ကျင်လက်ပန်းနှင့် မြေဝန်းရုပ်သီး ရှုမငြီးအောင် ပွဲကြီးသဘင် ကခြေဆင်လျက် ပျော်ရွှင်စားသောက် တောင်အောက်တောင်ထက် ရောပြွမ်းရှက်လျက် နေ့ရက်ညဉ့်ရော ဒရဟောဖြင့် သောသောဆူညံ တီးမှုတ်သံနှင့် ဒုက္ကန်ဆိုင်ပေါင်း ရာထောင်သောင်းတိ ဝယ်ရောင်း သောက်စား တချို့များလည်း တရားတော်နာ တချို့မှာက ရတနာမြတ် သက်န်းကပ်သည်. . .။ တင့်အပ်မင်္ဂလာ ဆင်ပွဲတည်း။

## ရွှေထီးတက်ဖျား ငှက်မနားမြတ် လေမုန်တိုင်းစတ်သောကြောင့် ကျိုးပြတ်တော်မူစန်း

တေဘူမက ဧတိသတိ သင်္ခါရနယ် ဘုံသုံးမည်ဟု သုံးဆယ်တရာ အဝိဇ္ဇာနှင့် တဏှာသမုဒယ အစိုးရလျက် မူလအရင်း သူတို့ချင်းလည်း မကင်းထောက်ရှု ပစ္စည်းပြု၍ နှစ်ဦးမြို့ရှွာ စည်ပင်သာအောင် သတ္တဝါဟူသမျှ အနန္တကို မောဟဝိဇ္ဇာ ပိတ်ဆီးကာလျက် သစ္စာအနက် ဆဲ့ခြောက်ချက်နှင့် မဂ်လမ်း ဖိုလ်လမ်း ထိုစခန်းကို စမ်းသတ်မထင် မသိမြင်အောင် အထင်အရှား ပိတ်ဆို့ထား၍ တပ်ငြားတဏှာ သမ္မာယာကား သတ္တဝါများ သုံးဘုံသားတို့ ပျော်ပါးပါစေ ပြုစုနယ်၌ သူကြွယ်သူဌေး အနည်းနည်းဖြင့် ငွေကြေးပြည့်ဖြိုး ချမ်းသာဆိုးနှင့် မင်းစိုးရာဇာ ထိုထက်သာ၍ နတ်ရွှာ ဝေယျံ ဘုံဗိမာန်တွင် ပျော်စံသီးသီး ဒြပ်ကြီးနှင့် နတ်သမီးနတ်သား စည်းစိမ်များကို ညွှန်ကြားပြသ ပျော်ပါးကြအောင် လောဘတဏှာ ထိုထက်သာ၍ ဗြာဟ္မာလောက ဘုံရူပ၌ အသညသတ် ဝေဟပ္ဖလ သုဘကိဏှာဘုံ အလုံးစုံကို အကုန်ညွှန် ပြ ထားကတ်လှ၍ ဘဝတဏှာ တက်မက်ကာဖြင့် သံသရာရှည်လျား သုံးဘုံသားကို ဘုရားမြတ်စွာ စောထွတ်ချာက ရာဟုလာအလား သဘောထားနှင့် တရားဝိမုတ် ကြိုးအားထုတ်အောင် လောကုတ္တရာ မြတ်ချမ်းသာကို ညွှန်ကာပြထွေ ကြွတုံလေ၍ ကိုယ်စလည်ကိုယ်စား ရေးမှတ်သားသည် မြတ်ဖျားစေတီ မဟေသီ၌ ရွှေနီဖလံ မွန်းမံပြီးလျှင် ရွှေထီးတင် လျက် အောင်မြင်ခါသင့် ဂုဏ်သိန်မြင့်သား တင့်တယ့်တင့်တယ် ကြက်သရေဖြင့် ရွှေသက်န်းရောင် တပြောင်ပြောင်နှင့် တိမ်တောင်အထက် နေဝန်းထွက်၍ ရှေ့ဘက်မျက်နှာ တက်ထွန်းလာသော် ရတနာမြူတေ ကြက်သရေနှင့် ရွှေရောင် နေရောင် ဓာတ်မွေရောင်တို့ ပြောင်ပြောင်ရောရှက် ထိုအထက်တွင် ငှက်မနားမြတ် ဖျားအထွတ်နှစ် တတ်တော်မူညား အမြတ်ထားသည် ပတ္တမြားငမောက် နေရှိန်ကျောက်၌ လောင်ထောက်ဘွယ်အင် များလူရှင်တို့ ရှုမြင်မတတ် ရောက်ရက် ခတ်မှု ဓာတ်မိုးကြိုးစက် လျှပ်ပြိုးပြက်သော် မျက်စိထဲမှာ ပြေးဝင်လှာသို့ ရောင်ဝါပြောင်ညီး ဝေးမနီးက ထီးခေါင်းလောင်းသံ တညံညံနှင့် အလွန်သာယာ ကြားသောခါ၌ စေတနာမိုယ်း သဒ္ဓါတိုး၍ အကျိုးဖလ နိသံသနှင့် ကာလများဖျင် ကြာမတင်ဘဲ ပူးဆင်တစုံ ကျားဂဠုန်တို့ တွေ့ဆုံသောခါ နှစ်ကောဇာတွင် ဝိသာခါပုဏ္ဏမီ မာဝါသီဟု ပြည့်ညီကျော်တက် ဆုတ်ဆယ်ရက်တွင် အထက်အာကာ အဇ္ဈောမှ မဟာပရဝ နာမတွင်ညား လေနတ်သားလျှင် ကစားမြူးတူး အလွန်ကြူးလျက် အထူးပျော်ပါး ကျူးလွန်ညား၍ ယန္တရားရဟတ် ဝါယောဓာတ်ဖြင့် တိုက်ခတ်လေတုံ ပြင်းအဟုန်ကြောင့် ဂဠုန်နဂါး နှစ်ရက်ကြားဝယ် ငှက်မနားမြတ် ကျိုးပိုင်းပြတ်လျက် လုံးပတ်တညို ဗဟိုရ်သံတိုင် လွန်ကြမ်းခိုင်လည်း ယိမ်းယိုင်ယိုယွင်း ချို့တဲ့ခြင်းကား ငါးကြင်းမြီးယပ် ကွင်းမတတ်၍ လေခတ်လေတိုက် လေပြင်းရိုက် က ထိခိုက်တိမ်းယိုင် မခံနိုင်ဘဲ သံတိုင်စောက်ထိုး စိန်ဖူးကျိုးက နှမြိုးနှမြိ ပြည်လုံးသိ၍ ထိထိထောင်းထောင်း ဖြစ်တောင်း ဖြစ်ခဲ သည်အရေးကို တွေးတောကြံဆ နေတုံကြက အစိုးရမင်း ထောက်ပင့်ခြင်းဖြင့် ဖြေညှင်းအာဏာ မိန့်ရွှေစာနှင့် ကျွန်းရွှာရပ်သား ရွှေးကောက်ညားလျက် ဘုရားလူကြီး ခန့်တုံပြီးလျက် ရွှေထီးဆက်ရန် အသင့်ကြံ၍ မံ့နေခိုက် ထိုအကြိုက်တွင် ဆိုက်ရောက်ကောင်းခြင်း မြို့ပိုင်မင်းဟု သတင်းထင်ပေါ် ခုတိုင်ကျော်သည် ဘထော်တွင်ခြင်း မြို့ပိုင်မင်းလျှင် စိုးနင်းနေခေတ် ဓာတ်မွေစစ်ဟု ဦးရာဇ်တွင်ခေါ် စေတီတော်၏ တောင်ပေါ်အထက် နေ့မပြက်လျှင် တက်သက်လူးလာ လူတကာတို့ ပူဆာညိုးနွမ်း မပင်ပန်းအောင် စောင်းတန်းမဟာ လုပ်သင့်ရာသည်. . .။ ချင်ကာ ထောက်ရှု စီမံတည်း။

## ၂၂၄

## ဘုရားရှင် ရင်ပြင်တော်ထက်သို့ တက်သက်ရန် မပင်ပန်းဘဲ ချမ်းသာစွာ ဆင်းတက်နိုင်ခြင်းမှာ စောင်းတန်းတော်တက္ကရာဇ်ကို သစ်မြစ်အောင် လုပ်ဆောင်စဏ်း

အစိန္တိတံ ထုမဲ့လွန်ထား နှိုင်းစံဘက်ရှား ဘုံသုံးပါး၌ အများရှင်လူ ဘုရားဟူသည် မတူတုဘက် ရာဆတက်လျက် ထက်မျက်ဆန္ဒ အာလယလျှင် ဗုဒ္ဓပညာ အစစ္စာက ဖွေရှာတုံဘိ ဗောဓိသတ္တ ဗျာဒိပ်ရတို့ ဆန္ဒထက်စွာ လက္ခဏာကား စကြာဝဠာပတ်ဝိုက် တတိုက်လုံးပြည် မီးကျည်လှန်ဒါး နင်းဘောက်သွားက ဘုရားမျိုးစေ့ ရှိ၏အမှန် ဗုဒ္ဓဉာဏ်ကို နံရံစက္ကဝါ တဘက်မှာ၌ ရပါတော့မည် ညွှန်တုံပေအံ့ မသွေမရှောင် နှရောင်မတွန့် သက်စွန့်ကြိုးစား ကူးဖောက်သွားလျက် ဘုရားဆုကို ယူလိုဆန္ဒ ထက်သံလှ၍ အင္ဂအင်္ဂါ ပြည့်စုံရာကြောင့် ရွှေဗျာဒိတ်ရ ခတ်နှိပ်သလျက် ဗုဒ္ဓဟူသည် လူထက်မက နတ်မမျှဘဲ ဗြာဟ္မာ့ဗြာဟ္မာသာထက်သာသည် မဟာအတုလ သုဂတ၏ ရူပတော်ထွတ် ကိုယ်တော်မြတ်၏ ခေတ်ဦးရာဇ်တော် တုမမြော်အား ဖူးမြော်အံ့ငှာ တောင်သေလာသို့ လျင်စွာတက်လှမ်း မပင်ပန်းဘဲ ဆွမ်းကျွေးပန်းကျွေး အလေးအလံ ဝန်ဆံများဖျင် ဘုရားပြင်သို့ အတင်အချ မပန်းရအောင် ထိုမှတပါး ခရီးသားတို့ သွားလာတောင်မြောက် လေ့နှင့်ရောက်က တံ့ထောက်ပြီးလျှင် မြတ်ရှင်ပင်အား ဖူးမြင်ချင်သူ အကြင်လူတို့ လွယ်ကူတက်မြောက် ထက်နှင့် အောက်သို့ ရောက်ပေါက်စေငှာ လမ်းမဂ္ဂါကို ကျွန်းရွှာရပ်သား ဘုရားလူကြီး အသီးသီးနှင့် အကြီးဥက္ကဌ နာမတွင်ခြင်း မြို့ပိုင်မင်းတို့ ခင်းကျင်းစီမံ ပရန်ခေါ်ညား ဆရာများလျှင် ဘုရားရင်ပြင် အထက်တွင်၌ စတင်လုပ်ကာ မြောက်မျက်နှာဟု သောကြာရပ်က ပဌမလျှင် စ၍ဦးတည် လုပ်ကြသည်တွင် တောင်လယ်ကဘားယံ ရောက်လေပြန်က ဇသံရပ်ကြုံ ဂဠုန်ရန်တွေ့ ပြန်ကာလှေ့သည် နဂါးဝှေ့လမ်း နောက်မြောက်ယွမ်းသို့ ကူးသန်းလှဗည့်ပတ် ရာဟုရပ်၌ သတ်တုံအဆုံး တလမ်းလုံးကို တွက်ကျုံးသချာ အလျားမှာကား ငါးရာသောပေ အနံကျယ်လျှင် ရှစ်ပေတမိုက် နှစ်လက်မမျှ ခန့်မှန်းရ၏ ပြခဲတုံမြောက် လမ်းတလျှောက်၌ အုပ်ကျောက်အင်္ဂတေ အရင်းတည်လျက် ရှည်သွယ်စောက်တန်း ဘုရားလမ်းတွင် တလှမ်းတထစ် တက္ကရာဇ်ဟု ပြေပြစ်လှညီ ထပ်ထပ်စီလျက် စေတီထက်အောက် တောင်ခြေရောက်အောင် ကျောက်အင်္ဂတေ တင့်တယ်မွမ်းမံ နံရံနှစ်ဘက် အထက်ထိရောက် လမ်းတရှောက်လုံး အောက်အဆုံးတွင် တောပုန်းပျော် မွေ့ စွယ်မှင်ကွေ့နှင့် ခြသေ့်နှစ်ကောင် ဆဲ့ရှစ်တောင်ဆီ ဆောင်သည်အစောက် ဟောက်၍နေဟန် ပုံသဏ္ဍာန်သို့ တူဟန်တချက် အထက်တောင်ကုန်း လမ်းအဆုံး၌ နှူးတုမမြင် မြတ်ရှင်ပင်အား ဆင်ဖြူနှစ်စီး မြင်မညီးအောင် ဝင်ပြီး ဖူးဟန် သဏ္ဍာန်တချက် ဆင်နှစ်ဘက်တွင် အထက်လွှမ်းချုပ် ပေါ်ကအုပ်လျက် မုခ်ထွက်မုခ်ဝင် မာရဘင်နှင့် ဆင်ဝင်ခိုနန်း ရိုးမဆန်းလျှင် ခေါင်ယွမ်းအထက် လှမ်းအတက်တွင် ပန်းခက်ဇဝါ အဖြာဖြာဖြင့် ကော်ကာနုက ပြာသာဒ်လှသို့ သတ္တဘုံမြင့် အဆင့်ဆင့်နှင့် လှတင့်သေချာ ဝေယျန္တာမျှ မဟာပါသာဒ ပြာသာဒ်မက စ၍တောင်အောက် လမ်းဆုံးရောက်အောင် တလျှောက်လုံးမူ တက်သက်သူတို့ နေပူတံလျှပ် မိုးစွတ်နှင်းစို ငြိုငြိုငြင်ငြင် မရှိကျင်အောင် ထက်တွင်ပြာသာဒ် ယွမ်းခေါင်းတတ်အံ့ မြတ်ကုသလ တုမမျှကို ပြုကြချင်မူ အကြင်သူတို့ အလှူဟူက ရင်းမူလ၌ ဒါနတွင်ပြီး အပင်ကြီးတွင် အသီးဖလ နံသံသကို စားရစေ၄ါ စေတနာကို ဆော်ကာလည်းနှိုး သဒ္ဓါမိုယ်းဖြင့် မျိုးစေ့ဒါန စိုက်ပျိုးကြဟု မြို့ပြပြည်ရွှာ အဖြာဖြာသို့ ကျော်ညာစကား ပေးသည်များကို ကြားကြလေလျှင် ဒါနရှင်တို့ ငါလျှင်သူရ လာပြီးမှ လျှင် ပဌမတောင်ခြေ အစတည်၍ မြေဝယ်သီးသန့် အကန့်ကန့်ဖြင့် အခွန့်ရှည်စွာ ပေငါးရာကို သဒ္ဓါဗလဝ ဒုလ္လဘအား ရကြသောလူ ပြည်သူအပေါင်း ဆောက်ကြရှောင်းသော် တန်းဆောင်းတော်ကြီး အသီးသီးသည်. . .။ အပြီးတိုင်တော် မူ၏တည်း။

ပံသုသေလာ စက္ကဝါဟု ရံကာပတ်ဝန်း လေးမည်ကျွန်းတွင် ဦးစွန်းချက်တွေ မြင့်မိုရ်တည်၍ ရွှေရောင်ငွေရောင် မြ-ဖာလ်ရောင်ရောင်တို့ လျှံပြောင်ထောက်ထွန်း ကျွန်းလေးကျွန်း၌ မြပန်းအရောင် ပထွန်းပြောင်သား တောင်ဇမ္ဗူ ဒိပ် အောင်နိမိတ်နှင့် ဘိသိက်ကြက်သရေ မြကျွန်းမြေဝယ် ဌာနေလည်းချ မြို့ခညာ၌ များလှရပ်ရွှာ အဖြာဖြာတွင် သဒ္ဓါသီလ ညီအမျှဖြင့် သုတဇာဂါ ပညာဟိရိ မည်ရှိနာမ ဩတပ္ပဟု သတ္တရတနာ မြတ်ဥစ္စာနှင့် လိမ္မာကြသူ ရှင်လူ အပေါင်း သူတော်ကောင်းတို့ ကြောင်းလမ်းတလျှောက် စောင်းတန်းဆောက်လျက် အုပ်ကျောက်မျိုးမျိုး ခိုင်လုံနိုးအောင် သွတ်မိုးသံဖြူ အကြင်သူတို့ မြင်မူနှစ်သိမ့် ပီတိစိမ့်မျှ အနိမ့်အမြင့် အဆင့်ဆင့်တည်း အတင့်အတယ် အဖွယ်အရာ အချာတည်စိုက် ပြေအပြစ်ဖြင့် စုလစ်မွန်းချွန် အတန်တန်နှင့် ဗိမာန်ချင်းထပ် ပြာသာဒ်ချင်းဆိုင် ဘုံချင်းပြိုင်လျက် အစိုင်မပျက် တောင်ပေါ်ထက်သို့ တက်သက်လူးလာ သွားစရာဟု ပမာတူငြား မြင့်မိုရ်ခါး၌ နဂါး ဂဠုန် ဂုမ္ဘဏ်ယက္ခိုက် မဟာရာဇ်နှင့် ကက်ပွင့်ရာ ဝတိန်သာတွင် စူဠာမုနိ ဂုဏ်သီရိနှင့် မည်ရှိတွင်ပြီး စေတီကြီးသို့ ကပ်နှီးတူရာ ဥပမာဖြင့်

မဟာတုလွတ် ဦးရာဇ်ဓာတ်လည်း ပပွတသေလာ တောင်ဘွေချာထက် စူဠာမုနိ မည်ရှိတွင်မှတ် စေတီမြတ်သို့ ဓာတ်ဦးရာဇ်တော် တုမမြော်အား ဖူးမြော်ကြသူ ရှင်လူပရိသာတ် နတ်အသူရိန် တာဝတိန်ကို အာလိန်ကသည် တက်သောနှယ်သို့ တောင်ခြေတလျှောက် အလယ်ရောက်က လမ်းကော်လမ်းကွေ့ နဂဝှေ့ကို တွေ့လေတုံပြန် တောင်ကဘယ်၌ စီမံခြင်းရာ လူတကာတို့ မြတ်စွာသခင် ဓာတ်ရှင်ပင်အား ဖူးမြင်အံ့ငှါ လှမ်းတက်လာသော် ညောင်းညာနွမ်းနေ လမ်းအလယ်၌ ပန်းဖြေအံ့ငှါ ရည်ရွယ်ကာဖြင့် စေတနာမြောက် မြေကပေါက်သို့ ဆောက်လုပ်တင့်တယ် အံ့ထွေထူးဆန်း ရှုမခန်းအောင် ချူးပန်းအစုံ အမွှမ်းခြုံလျက် ဘုံခုနစ်ဆင့် ရှုတိုင်းတင့်အောင် အမြင့်အမြတ် နေပြာသာဒ်သို့ လွှမ်းပတ်ပန်းခက် ပြာဒသာဒ်ထက်၌ ဖိုလ်မင်္ဂရည်မှန်း ရဟန်းတပါး ဟင်းရံများနှင့် ဆွမ်းစားစလောက် စခန်းထောက်ရန် ဆောက်လုပ်စီမံ ရှိခြင်းဟန်ကြောင့် အလွန်တရာ လမ်းမဟာလျှင် သာယာတုံငြား ပုံအလားကား နဂါးရွှင်မြူး ဘုရားဖူးသို့ အထူးအဆန်း လမ်းနဂါးပတ် ပြာသာဒ်အစုံ ဘုံအဆင့်ဆင့် အမြင့်အနိမ့် မထိရေမိုး မထိုးနေခြည် ကြီးငယ်မဟူ ဘယ်သူမဆို သူအိုသူငယ် သက်အရွယ်နှင့် လက်ခြေမစွမ်း အကန်းအဆွန့် ကိုယ်ဝန်တချို့ မိန်းမတို့လည်း နို့စို့သားချီ ကိုယ်စီဝန်ဆံ အလျှုံရုံနှင့် ခြလေးလံဝန်ထမ်း ထိုသည်လမ်း၌ ချီလှမ်းတက်ကျင် ဘုရားပြင်သို့ မပင်မပန်း မနွမ်းမနေ ကြည်ကြည်လင်လင် ရွှင်ရွှင်လမ်းလမ်း ချမ်းချမ်းသာသာ ရောက်နိုင်ပါ၍ ပြည်ရွာရပ်ခြား ဝေးမပါးက အများသူငါ လူတကာတို့ ရတနာသုံးပါး နှလုံးထားနှင့် တရားဝိမုတ် ကြိုးအားထုတ်သည် ဗုဒ္ဓဘာသာ မှန်တုံပါက ရတနာအစစ် ရှင်ချစ်ဘုန်းမော် ဦးရာဇ်တော်အား ဖူးမြင်ထိုက်သူ ရှင်လူတကာ တသက်လျှာမှာ နဲစွာအဆုံး သုံးခေါက်သုံးကြိမ် ညွှတ်ဦးနှိမ်က အစိန္တယျ မုနိန္ဒကို မုချမျက်မြင် ဖူးရသွင်သို့ စိတ်တွင် မှတ်ကာ စေတနာသည်. . .။ ပယ်ရှာတံခါးပိတ်အံ့တည်း။

ဖဣဃဖဣဃဖဣဃ

## ရွှေထီးတော်အထက်ဖျား ငှက်မြတ်နားကို ဆက်ငြာအသစ်တတ်တော်မူစန်း

သုံးပါးဘဝ သုံးလောက၌ မောဟမိုက်မှောင် ဖုန်းလွှမ်းဆောင်သား သန်းခေါင်လတွင် တောအုပ်လယ်၌ ရှစ်နယ်ပတ်ကုန်း မိုယ်းမှောင်ဖုန်း၍ အဆုံးတိုင်မိုက် မှောင်သည်ဖြစ်လည်း လျှပ်စစ်ဓာတ်ရောင် မီးတန်ဆောင်နှင့် ညှိပြောင်ချဉ်းက အလင်းရ၏ မောဟတဏှာ ကိလေသာဟု အဝိဇ္ဇာမှောင်တုံး မှောင်နက်ဖုံးက ပုံနှုံးမရ မှောင်မိုက်ကျလျက် နေ-လ-တန်းဆောင်း ဆီမီးရောင်ဖြင့် ရာ,ထောင်မက ထွန်းတုံကြလည်း မရအလင်း မိုက်မှောင်ခြင်းကို လှစ်ဖွင့်ထွက်ကာ သုံးရှစ်ဖြာဟု ဝိဇ္ဇာဉာဏ်ရောင် လင်းလင်းပြောင်သား မိုက်မှောင်ကင်းကွာ ဉာဏ်ပညာဖြင့် မဟာတက္ကသိုလ် ဝိဇ္ဇာမိုရ်ဟု ပုဂ္ဂိုလ်လူထွတ် အတုလွတ်၏ ဓာတ်ဦးရာဇ်တော် ကိန်းဝပ်ပျော်သား ရှုမြော်မညီး စေတီကြီးဝယ် ရွှေထီးအဖျား ငှက်မြတ်နားလျှင် ပျက်ပြားကျိုးပြတ် ဝါယောဓာတ်ကြောင့် မလပ်မပါယ် မတင့်တယ်၍ ကြက်သရေမင်္ဂလာရှိစေငှါဖြင့် ကျွန်းရွာရပ်သား ဘုရားလူကြီး အသီးသီးနှင့် အကြီးဥက္ကဋ္ဌ စိုးရသနင်း မြို့ပိုင်မင်းလျှင် ကောင်းခြင်းအားထုတ် ဇောမယုတ်ဘဲ အချုပ်ရွှေထီး ပျက်စီးယိုယွင်း တိမ်းယိမ်းခြင်းကို. . .။ အရင်းမူလ မဌမသို့ လှပခိုင်မာ ပြုလုပ်ငှါလျှင် ရတနာသိင်္ဂီ မဟေသီဟု စေတီထက်တွင် ငြမ်းကြီးဆင်၍ စီရင်ထားလျက် တောင်ရှေ့ဘက်တွင် မြေကွက်သာယာ ဝင်္ဂဘာနှင့် မဟာပွဲကြီး အသီးသီးလျှင် မီးနီမီးဝါ မီးပြာမီးညို ထိုထိုမီးဓာတ် မီးရဟတ်နှင့် ပြာသာဒ်သဏ္ဍာန် တံခွန်အလား မီးပန်းများက မီးပွားမီးတောက် မီးပေါက်ပေါက်နှင့် ကွဲပေါက်တက်ထွေ အာကာဘွေက အရွှေအဝါ ပဒေသာသို့ ဖြာဖြာယိုစီး ရှုမညီးအောင် မီးပွဲတရပ် ရုံဇာတ်တခြား ယိုးဒယားနှင့် နဂါးရွှင်မြူး ဘုရားဖူးလာ ဝင်္ဂဘာက ထွက်ကာသွားဟန် ဓာတ်မှန်ပုံနှိပ် အရိပ်ပြပွဲ အနည်းနည်းကို ခပဲများဖျင် လူပုံယင်တို့ မမြင်စဘူး ရွှင်ပျော်မြူးအောင် အထူးအဆန်း ရှုမခန်းသား ပွဲလမ်းသဘင် ပြစဉ်တွင်၌ ထိုအခိုက်တွင် လူမိုက်လူဆိုး သူခိုးဒါးပြ အထကြွအောင် လမ်းကစောင့်ကြပ် အချုပ်ဂါတ်နှင့် ရာဇဝတ်ဝယ် များလှသီးသီး ပွဲတော်ကြီးဖြင့် မြောက်ချီးပြီးခါ စမ္မာသတ္တဒွေးဇကဟု သက္ကရာဇာ နှစ်အခါတွင် ရတနာရွှေထီး ပျက်စီးယိုယွင်းချို့တဲ့ခြင်းကို ဖြည့်သွင်းလှပ တိုင်းထွာကျအောင် မူလအရင်း ပုံမယွင်းတည်း ငါးကြင်းမြီးဝယ် ကွင်းဖြင့်တတ်၍ လေခတ်တိုင်းမွေ့ မုန်တိုင်းဝှေ့လည်း ချို့တဲ့ယိမ်းယိုင် မရှိနိုင်အောင် ခန့်ခိုင်အထူး ကြယ်သော်ရှုးသို့ စိန်ဖူးငှက်မနား တက်တုံညားလျက် ဘုရားရွှေထီး ပြီးစီးအောင်မြင် ရှေ့ယခင်သို့ ဂုဏ်အင်မညိုး တိုးထက်တိုးလျက် မြတ်နိုးပူဇော် ဦးရာဇ်တော်ဟု တွင်ခေါ်အညီ ရွှေသိင်္ဂီနှင့် စေတီရင်ပြင် ထက်ဝန်းကျင်၌ များဖျင် ဆောက်ဦ လှိုဏ်ဂူအမျိုးမျိုး ပုထိုးထပ်ထပ် ရံကာပတ်လျက် ပြာသာဒ်တန်ဆောင်း ထိန်ထိန်မောင်းမဆ သိမ်ကျောင်းစရပ် ပြာသာဒ်ဗိမာန် နတ်ဝေယံသို့ အရံစေတီ ကိန်းပျော်မှီသည် သိင်္ဂီရုပ်ပွား ကိုယ်စားတော်ကြီး အသီးသီးနှင့်

ခရီးရိက္ခာ လူလိမ္မာတို့ သာသနာနဂ္ဂဟ ချီးမြှောက်ကြလျက် ဒါနကောင်းမှု အကြောင်းပြုသည် ဝတ္တုပရိကံ အတန်တန်က ထီးမွန်ကုက္ကား မလေးပွားပန်းခိုင် တံခွန်တိုင်နှင့် မွှေးကြိုင်ထုံသင်း အင်ကြင်ပန်းပင် ထက်ဝန်းကျင်၌ မွန်းဖျင်လှညီ နွေရာသီတွင် ရိုးနီပွင့်စပ် ပင်လုံးကျွတ်လျှင် ပြာသာဒ်အဟန် နတ်တို့ဘန်၍ စီမံသည့်နှယ် အနောက်လေကြောင့် ညာကြွေပြတ်ညား ဘုရားခြေရင်း မွေ့ရာခင်းသို့ ဝါဝင်းလှပ ပန်းစံကလည်း ဒွါဒရာသီ ခါမှီမလင့် ပင်လုံးပွင့်သည်. . . ။ ဂုဏ်မြင့်ပါရမီတော်ကြောင့်တည်း။

ဖ္ဖဃဖ္ဖဃဖ္ဖဃ

## ပကိဏ္ဏကအခန်း

နာမရူပ သမူဟတို့ မူလချင်းရာ အဝိဇ္ဇာနှင့် တဏှာဥပါဒန် ကံသင်္ခါရ ဤငါးဝကြောင့် ဖြစ်ရလေပြန် ဟုတ်အမှန်လျှင် ရုပ်နာမ်ယှဉ်တွဲ ပဌာန်းနည်းတွင် ပစ္စည်းလည်းပြု ဟိတ်ဟေတုဖြင့် စတုဝိသ ပစ္စယတွင် အညမည် ရုပ်နှင့်နာမ်တို့ ဆက်ဆံပေါင်းသင်း အကြောင်းချင်းကို မငြင်းစသာ အရင်းရှာသော် ငါးဖြာနာမ်ရုပ် မဟာဘုတ်ကို ပြုလုပ်တုံငြား လက်သွားအား ဘုရားချစ်ရှင် တိုက်ရိုက်မြင်သော် ဤလျှင်တဖြာ တဏှာယောကျ်ား ပဲခွပ်သားက အမျှားသတ္တဝါ တို့သူငါကို ပူဆာစေရန် အသင်ကြံသား ရုပ်နာမ်ကာယ ကောဋ္ဌသကို မြင်ကပုပ်ညီ တန်လှပြီတည်း နောင်ဤအဟန် အသင်ကြံသည် ရုပ်နာမ်အိမ်ထွတ် မလိုအပ်ဘူး စွဲကပ်စီမံ ဥပါဒန်ကို ခွာကန်ပယ်ဖြုတ် ဖျင်ငင်ထုတ် လျက် နောင်လုပ်မခံ ဗောဓိဉာဏ်ဖြင့် ကံ,စိတ်ဥတု အကြောင်းပြု၍ ပေါင်းစုရုပ်နာမ် နောက်တဘန်၌ ခန္ဓာသစ်သည် မဖြစ်စေဘဲ ရွှေပြည်သာလှ အမတကို ငါကအညီ စိုးလေပြီဟု ဝစီရွှေခွန်း မြောက်သည်ဝမ်းဖြင့် ဥဒါန်းစကား ကျူးရင့် ညားသည် ဘုရားရှင်ချစ် ဗောဓိစစ်၏ ဦးရာဇ်သရဖူ ဓာတ်တဆူအား နတ်လူစီးပွား အကျိုးများအောင် တည်ထားခဲ့ရာ ယခုခါ၌ သာသနာခေတ် သာသည်ဖြစ်၍ အနှစ်ရတနာ ဥစ္စာနှစ်မျိုး ရှေးအကျိုးကြောင့် ပြည့်ဖြိုးကြသူ ရှင်လူတကာ သူသူငါတို့ လှူဒါကောင်းကျိုး ကုသိုလ်မျိုးကို စိုက်ပျိုးကြရာ စေတနာနှင့် ပြည်ရွာထက်ဝန်း ရှေ့ဘက်ကမ်းတွင် လှူဒါန်း စွန့်ကြဲမရောင့်ရဲသား သဲချောင်းတထော် လူသူတော်လျှင် ပူဇော်သီးသီး ပွားအစီးဖြင့် ဇနီးမောင်နှံ နှစ်ဦးကြံလျက် စီမံကပ်လှူ ဒါနဝတ်ဖြင့် ပရမတ်သခင် ဓာတ်ရှင်ပင်၏ ရင်ပြင်တော်မြတ် ဧသံရပ်က ပြာသာဒ်ရိပ်မြိုင် နှစ်ဆောင်ပြိုင် လျှင် ခန့်ခိုင်လှစွာ စီမံကာဖြင့် သမံတလင်း အောက်တွင်ခင်းလျက် သန့်ရှင်းကောင်းမွန် ထူးကဲလွန်အောင် သံကရိယာ ပရန်ဒါဟု ရုံကာဝန်းပတ် အထက်ရပ်၌ ခုနစ်ထပ်ဘုံ အံ့မကုန်အောင် ပန်းစုံလည်းထု သွန်းပုံပြု၍ ပန်းနုတထပ် ပန်းလတ်တခန်း ထူးအဆန်းဖြင့် ပန်းကြမ်းပန်းနွယ် ဝိုက်သန်းရွှေလျက် နဘေသုံးထပ် ပန်းပြာသာဒ်ကို နတ်ဝိသုကံ တန်စီမံသို့ ဗိမာန်ချောမွတ် ပြာသာဒ်နှစ်ဆောင် ပြီးမြောက်အောင်သော် တောင်တော်ထက်မှာ စီမံကာဖြင့် ကျွန်းရွှာ လူကြီးအသီးသီးကို ချီးမြင့်အံ့ဌါ ဖိတ်မံကာဖြင့် သဃ်ာပရိသတ် ရဟန်းမြတ်အား ဆွမ်းကပ်ဆွမ်းလောင်း ကောင်းထက် ကောင်းအောင် အကြောင်းလည်းပြု မြတ်ကောင်းမှုကို သာခုနုမောဒနာ ပြုမည်ခါ၌ ဥစ္စများမြောင် ငွေလေးထောင်ကို ခြောက်ရောင်ထွန်းပေါ် ဦးရာဇ်တော်အား ပူဇော်ပြီးမှ ရေစက်ချ၍ အမျှပေးဝေ သုန္ဒရေဟု ဤမြေနတ်အား သက်သေ ထား၏ ခင်းညားများစွာ သဘောက်ဖျာနှင့် လှူရာတွင်သုံး ပုဂံလုံးဟင်းစား ပုဂံပြားကို ဘုရားဘဏ္ဍာ အလို့ငှါလျှင် နောင်ခါသုံးရန် အိပ်သွန်ဖာမှောက် တပေါက်မထား စွန့်ကြညားသော် ဘုရားအသင်း လူကြီးမင်းတို့ စာရင်းမှာထွေ ထိမ်းထားလေ၏ ကြေးငွေကိုမူ အကြင်သူတို့ လှူသည်ပင်ဆို ဤပုဂ္ဂိုလ်ထက် ပိုမိုငွေကြေး ချမ်းသာရေးနှင့် သူဌေးသူကြွယ် ရှိတုံပေလည်း ငွေကိုစုပုံ များအဟုန်ကို အကုန်စွန့်ကြဲ လှူဝန်ခဲ၏ ငွေကြေးအတွက် လွန်စုမွက်၍ အသက်ဇီဝေ ပျက်စီးသေသည် တွက်ရေမရ များပြားလှ၏ ခနသခင် ဥစ္စာရှင်တို့ မွန်းဖျင်များစွာ ကိုယ့်ဥစ္စာကို တံထွာနည်းတူ နှလုံးမူ၍ ပေးလှူပြီးထွေ ယူကြလေသည်. . . ။ သွားမည်ခရီး ရိက္ခာတည်း။

တထာဂတ် အရဟံဟု ဘဂဝန္တာ စောမြတ်စွာသည် ခြောက်ဝါလွန်နောက် မြောက်ခုနစ်ဝါ ဝတိန်သာ၌ ဒေသနာ မြတ် မယ်တော်နတ်အား ကယ်ချွတ်လိုသော ထိုသဘောကြောင့် မနောမိဋ္ဌာန် စိတ်အကြံနှင့် နတန်အဇ္ဈာ ထက်အာကာ တွင် အဓိဋ္ဌာနိဒ္ဓိ ဝိကုပ္ပနိဒ္ဓိ မနောမယိဒ္ဓိ စွမ်းသတ္တိငြဖုံ ကသိဏတေဇော အာပေါကသိုဏ်း အလှိုင်းမပြတ် ဆိုင်းမရပ်ဘဲ သုံးသပ်တုံဘိ ဂုဏ်သတ္တိကြောင့် ဥပရိကာယ ဟေဋ္ဌိမဝယ် အဂ္ဂဥတ္တက ကိုယ်ကာယမှ ယိုကျကာစီး အသီးသီးလျှင် ရေမီးစုံပင် ထွက်သည်မြင်လည်း ဆင်ခြင်ဝေဘန် အနေကံသာ ဇက်မုကျွ မဟုတ်လှတည်း မြင်ရသီးသီး တူပြိုင်စီးလည်း မီးဓာတ်ရေဓာတ် ပဋိဋ္ဌတ်တို့ ဥပါဒ်ချင်းပင် ထင်ချင်းယှဉ်၍ ရေယာဉ်လည်းစီး မီးလည်းတူပြိုင် မဖြစ်နိုင်တည်း

ဆိုင်သည်မဟုတ် တခုချုပ်လစ် တခုဖြစ်လည်း စစ်စစ်ဇကော် ဝေဘန်ချင့်နှိုင်း ကသိုဏ်းပရိကံ ဝင်စားဟန်၌ လျှင်မြန်ထူးလှ နှိုင်းမမျှ၍ မြင်ရတုံကျင် ဥပါဒ်ဘင်ကို ဆင်ခြင်နှိုင်းညှိ ပညာရှိတို့ သိမြင်လိမ့်မည် ဤသို့နှယ်လျှင် ကြီးကျယ်မြင့်မြတ် စိန္တေဓာတ်၏ ကိန်းဝပ်တည်ရာ မဟာစေတီ လုံးဝန်းညီသား သိင်္ဂီရတနာ ဝဲလက်ျာက အကာအရံ ဗိမာန်ထပ်ထပ် မြေမလတ်အောင် ရစ်ပတ်ခြံရံ တင့်တယ်ဟန်ဖြင့် အလွန်ထူးခြား အံ့ရှစ်ပါးနှင့် ထင်ရှားပြည့်ဖြိုး အမျိုးမျိုးလျှင် တန်းခိုးတော်မြတ် အံ့ရှစ်ရပ်ကို သိမှတ်ချင်သူ ရှင်လူတကာ မှတ်သားနာလော၊ ၁-ကြီးစွာလုံးပတ် မြင့်အရပ်ကို သိမှတ်ချင်သူ တိုင်းတာယူလည်း မတူလုံးပတ် မြင့်အရပ်ကို သိမှတ်ချင်သူ တိုင်းတာယူလည်း မတူလုံးပတ် အရတ်နိမ့်မြင့် တဦးနှင့်မူ မတူတဦးခြားနားထူး၏ ၂-ဓာတ်ကူးပုံနှိပ် အင်္ဂလိပ်ပညာ ကရိယာနှင့် သွင်းကာတံဆိပ် ဓာတ်ပုံနှိပ်လည်း အရိပ်မဝင် ပုံမထင်တည်း ၃-အကြင်သောသူ နိမိတ်ယူလျက် စိတ်မူကြံတွက် အသက်ရှေတို သိစေလိုက ထိုထိုဝတ္ထု တခုခုကို ပြုပြင်ပြီးခါ နံ့သာရည်ဖြန်း သန့်ပြန့်လှငြား သစ်သားဖြစ်စေ ဝါးဖြစ်စေလျှင် သေသေချာချာ ဘော်မပါဘဲ တောင်ထွာယူလျက် စေတီထက်တွင် အသာတင်လျက် ကြင်လင်ရိုကျိုး လက်စုံမိုး၍ တန်ခိုးတေဇ ပြတော်မူပါ မိဋ္ဌာန်ကာဖြင့် နံ့သာဆီမီး ထွန်းညှိထားပြန် ပဒက်သံဟု ပတ်ရံခုနစ် လက်ျာရစ်ဖြင့် ဦးတိုက်ပြီးခါ တောင်အထွာကို ယူကာစေ့စေ့ တိုင်းတာကြည့်က ကိုယ်၏သက်ဖြစ် သနစ်မုတ်ချ သိသာရလိမ့် နည်းပြထုတ်ဘော် သို့ဆိုသော်လည်း ကရော်ကမည် မလုပ်လေနှင့် ၄-တထွေအံ့မျိုး ဆောင်း,နွေ,မိုးဟု ကြောင်းသုံးခုဖြင့် ဥတုသုံးလီ ရာသီဆဲ့နှစ် သက္ကရာဇ်လျှင် တနှစ်ကူးပြောင်း ရက်ပေါင်းသုံးရာ ခြောက်ဆယ်သာတွင် ဘယ်ခါတချက် တရက်မပြတ် စေတီဓာတ်ကို အမြတ်ရည်စူး ဘုရားဖူးသား လူနဲမျှားသာ ခွဲခြားရမည် မလတ်ချေတည်း နေ့ဝယ်ကားလူ ညဥ့်မူကားနတ် ရက်မလတ်တည်း မှတ်ဘွယ်အကြောင်း ဖူးသူပေါင်းတို့ ခေါင်းလောင်းထိုးသံ ကြားရပြန်၏ ၅-သကြိန်အတာ အခါသမယ အချိန်ကျသော် သီလဥပုသ် စိတ်ကိုယ်နှုတ်ဖြင့် အားထုတ်မချို့ ငါတို့သူငါ နေကြရာတွင် ရပ်ရွာမွမ်းဖျင် ထက်ဝန်းကျင်က ဖူးမြင်အံ့ငှါ တက်၍လာသည် များစွာလူပေါင်း တီးခတ်ညောင်းလျက် ကြေးမောင်းအိုးစည် သံကျယ်ကျယ်နှင့် နံ့ပြွမ့်မှုတ်ခတ် စေတီမြတ်ကို ပတ်ကာသွားပြန် တီးမှုတ်သံဟု သဒ္ဒထိုထို အလိုလိုလျှင် ဒိုးရှိုဖက်ပါ တဘက်ကာသို့ မျက်နှာတူရှု ရောက်ခါမူ၌ တီးသူလက်ပေါက် အသံပျောက်၏ အမြောက်ပင်ဖောက် မြေသံပျောက်လျက် မျက်မှောက်ကိုယ်တွေ့ ဆိုသရွေ့ကို မမေ့မှတ်သား အံ့တပါးက ၆-ဘုရားဖူးလူ ပြည်သူအပေါင်း သိန်းသောင်းသချီ ထီးတင်ခါ၌ ရောက်လာတုံကျင် ဘုရားပြင်ပြင်ဝယ် ခိုဝင်နေရာ မသာယာဟု ဘယ်ခါမရှိ မြင်မသိတည်း ၇-မုနိဇိနော် စေတီတော်၏ အပေါ်ဖျားရစ် အညစ်အကြေး ရစ်ထွေးမေးရှုက် ညောင်မြစ်ကြက်၍ ခက်ခက်ခဲခဲ ငြမ်းမေ့ဘဲနှင့် ညစ်ကြေးသုတ်သင် ထို့ပြင်တနည်း လေးလေးလံလံ မြတ်မွန်ရုပ်ပွား ဘုရားသံထီး ချီးမြှင့်လိုလျှင် ပြုစီရင်က အောင်မြင်သည်ချေး ဘေးမေ့အေး၏ ၈-တနည်း ထိုမှ ပဒုတ္တစိတ် နိမိတ်မကင်း ယိုယွင်းဖျက်ဆီး စေတီကြီးလျှင် ပျက်စီးစေငှါ လူမိစ္ဆာတို့ ဋ္ဌာပနာတိုက် ဖွင့်လှစ်တော့မည် ကြံတုံပေက ကြီးကျယ်ဒိဋ္ဌ မိုးမှောင်ကျလျက် ဇီဝပျက်စီး ချက်ချင်းပြီးလျှင် လောင်မီးမိုယ်းကြိုး အမျိုးမျိုးတို့ ပစ်ချိုးပျက်ပြား အံ့ရှစ်ပါးသည်. . . ॥ ထင်ရှားစုံတော်မူ၏တည်း॥

နမောတဿ ဘဂဝတနှင့် အရဟော သမ္မာသမ္ဗုဒ္ဓဿဟု နမောတစ ပဏာမဖြင့် ပဉ္စဒေဝါ ငါးဖြာသောနတ် နှုတ်ကရွတ်လျက် ရိုညွတ်ဦးချ ပြုကာလ၌ တပါဒစီ ဝါကျသီ၍ သုံးလီဒွါရ ပဏာမဖြင့် မြွက်ဟချီးကျူး ကန်တော့ဖူး၏ ထူးဝိသေသ သမ္မာဒ္ဓတို့ နှုတ်ကမိန့်မြွက် ဓမ္မစက်ဟု အနက်ကျယ်ပြော မြွက်ကာဟောသည် နမောတဿ ဂမ္ဘီရ၏ ပဏာမဂုဏ် ပြည့်ဖြိုးစုံသည် သုံးဘုံလူ့ထွတ် အတုလွတ်၏ ဓာတ်မွေရတနာ မြတ်သည်မှာက တေဇာတန်ခိုး အံ့ရှစ်မျိုးနှင့် ပြည့်ဖြိုးကာစုံ မြတ်သောဂုဏ်ကြောင့် သုံးဘုံမကိုဋ် ဦးနှိမ့်ထိုက်သည် ဦးရာဇ်စေတီ သိင်္ဂီနီ၌ ပါရမီဆည်းပူး ဂုဏ်ကျေးဇူးကြောင့် ထူးဝိသေသ ပြဆိုခဲ့ငြား အံ့ရှစ်ပါးသည် ထင်ရှားမျက်မြင် ဖြစ်တုံကျင်၏ မယုံလျှင်စမ်း အံ့ကမန်းတည်း ထက်ဝန်းရံကာ ထောမနာ၍ များအံ့စွာဆော်ဦ ရွှေပြည်သူတို့ အလျှုဒါန ပူဇော်ကြသည် များလှကရိယာ ထက်မှာမက ဟေဠိမဟု ပစ္ဆိမဒီသာ နောက်မျက်နှာဝယ် သေလာတလျှောက် တောင်ချေအောက်၌ တည်ဆော်သိမ်ကျောင်း မထေရ်ပေါင်းတို့ မှီအောင်းခိုရန် ရေကန်ကြီးငယ် ကြာငါးမည်နှင့် ရုက္ခေရိပ်ချမ်း ဆိပ်ကမ်းသာယာ လှေနာဝါတို့ ဘယ်ခါမလတ် အထပ်ထပ်တည့် အရပ်ဒီသာ ရှစ်မျက်နှာက ရောက်လှာကြညား ဘုရားဖူးသူ ရှင်လူပရိတ်သတ် မှီချမ်းကပ်ရန် စရပ်သာလာယံ ဗိမာန်ထပ်ထပ် လမ်းနီးစပ်၌ မန္ဒတ်ခွန့်ရှဉ် အသွယ်သွယ်လျှင် ချမ်းကြည်ပြည့်ဖြိုး ရေအိုးရေခွက် စင်ပေါ်ထက်၌ ရေတွက်များစွာ လျှုဒါသီးသီး ဆိုင်ကြီးဆိုင်ငယ် ဈေးနာတည်၍ ရောင်းဝယ်ဆက်လက် ချောင်းတဘက်က အုပ်ကျက်ဗိုလ်ခြေ ရုံးစိုက်တည်လျက် နာမည်ပေါ်ထွန်း ပုဏ္ဏားကျွန်းမြို့ ဂုဏ်မချို့တည်း အောင်မျို့မင်္ဂလာ သာသနာလည်း သာသည်အခေတ် ဤသို့ဖြစ်၍ တနှစ်တခါ ချီးမြှောက်ကာဖြင့် ကျွန်းရွာရပ်သား ဘုရားအသင်း

မြို့ပိုင်မင်းနှင့် ပေါင်းသင်းညီမျှ ပွဲတော်ချ၏ ဂါမနိဂုဏ်း ရွာအလုံးလျှင် သုံးဆယ်နှစ်ရပ် သတ်မှတ်ပါဝင် အပေါ်တွင်၌ ဂုဏ်အင်ပြည့်ဖြိုး ရှေ့အကျိုးကြောင့် တန်းခိုးသူကြီး အသီးသီးတွင် အကြီးဥက္ကဋ္ဌ တင်မြှော်ကြ၏ ထိုမှများစွာ သူကြီးမှာကား လျော်ရာချင့်ထောက် ချီးမြှောက်မြှောက်လျက် အထောက်အသင်း လူကြီးမင်းတို့ စာရင်းသတ်မှတ် အရပ်ရပ်တွင် နှံ့စပ်လှေပေါင်း လှေပြိုင်လှေငုံးတို့ လှေကောင်းလှေလျှင် ရေချောင်းတွင်၌ ပေါ်ထင်ကျော်ကြား လှေအများနှင့် တခြားမြို့ပိုင် နယ်ခရိုင်က လှေနိုင်လှေလျှင် ရောက်ကြကျင်သည် များဖျင်လှေပေါင်း မြစ်ရေချောင်း၌ လောင်းချင်းပြိုင်မြောက် ပန်းတိုင်ရောက်မှ နှစ်ခေါက်ရှုန်းနိုင် တရက်ပြိုင်လျက် လှေနိုင်ရှေးကောက် အင်အားထောက်၍ နောက်ဒုတိယ တရက်ချသော် ပဋ္ဌမန်ပါတ် သတ်မှတ်စာရင်း လှေနှစ်သင်းတွင် လှေတင်းချင်းပြိုင် နယ်ခရိုင်၌ လှေနိုင်ပေါ်တွင် လှေဘုရင်ဟု လှေလျှင်ကိုရွေး တသဲသဲနှင့် လှေပွဲသဘင် ရေထဲတွင်၌ ပျော်ရွှင်မြူးတူး မင်းလွင်ကျူးလျက် တန်းခူးခါမှီ လရာသီ၌ လောကီဘာသာ ဓမ္မတာဖြင့် နာဝါချင်းရှိုင် လောင်းချင်းပြိုင်လျက် ငါနိုင်သူရှုံး တပြုန်းပြုန်းနှင့် ဘက်နှုံးလှေလှော် ရေအပေါ်ဝယ် ရွှင်ကာပျော်မွေ့ လုပ်ကြံမေ့အောင် လှေဖွဲ့သံချို ဆိုသူတဖြာ လွှာသူဘဝ က,သူအပေါင်း တသောင်းသောင်းနှင့် မောင်းတဟီးဟီး ခတ်တီးမည်ံ အောင်လံဝေဝေ ပြိုင်လှေပြိုင်လောင်း ရေချောင်းမလတ် ပရိတ် သတ်များ ပွဲရှုသားတို့ ဘုရားဖူးသူ အချို့မူလည်း အလှုမစဲ စွန့်ကြဲဒါန အချို့ကလည်း ရွှင်ပဝမ်းမြောက် တောင်အောက် တောင်ထက် တက်သက်မစဲ မဏ္ဍာပ်ထဲ၌ ပွဲနေပွဲထိုင် မြို့ပိုင်မင်းဖျား သူကြီးများနှင့် တရားသဖြင့် မြော်ထောက်ချင့်လျက် စာရင်းစွဲကိုင် အနိုင်ဆုံးလောင်း အောင်မောင်းအောင်လံ ဆုမွန်ရတနာ သပြာငွေကြေး ချီးမြှောက်ရေးဖြင့် လှေပွဲ တရက်ဇာတ်ပွဲသဘင် ကျင်လက်ပန်းပွဲ အလှူပွဲနှင့် ထီးပွဲတရတ် အဆုံးသတ်သည်. . . ။ ဦးရာဇ်တော်မြတ်ပွဲတော်တည်း။

ဗောဓိသတ္တ သမ္ဘာရကြောင့် တိံသပါရမီ ပြည့်စုံညီအောင် သုံးလီစရိယ ပဥ္စမဟာ ပရိဇာဟု ငါးဖြာသီးသီး စွန့်ခြင်းကြီးတွင် ဇနီးမယား သွီးသားနှင့် ရထားမြင်းဆင် ကိုယ်တွင်လီးဖျက် ခြေလက်အင်္ဂါ သက်ခန္ဓာကို ညှာတာမရှိ စွန့်ကြဘိ၍ ဗောဓိမဟာ ပင်ရိပ်သာ၌ သစ္စာလေးတန် အသိဉာဏ်နှင့် ညေယမံငါးပါး သိမြင်ငြားသည် ဘုရားဗောဓိ ယောမုနိ၏ ပကတိထူးမြတ် မွေတော်ဓာတ်ဟု စရွှတ်အချိန် အသမ္ဘိန်နှင့် သမ္ဘိန္နမြတ် လူနှင့်နတ်တွင် အထွတ်သရဖူ မှန်ကူအစစ် ဓာတ်ဦးရာဇ်ကို လူ့ခေတ်ပြည်ဘောင် မှန်ကင်းထောင်သို့ ပြောင်ပြောင်တောက်ညီး စေတီကြီးအား မြှောက်ချီးတုံလိုက် ကူးသက်ကရာဇ်တွင် တနှစ်တကြိမ် အချိန်ရောက်ခါ မဟာပွဲကြီး ပြုလုပ်ပြီးမှ မြှောက်ချီးတုံလစ် ထိုလ,နှစ်တွင် စီစစ်ရေတွက် ငွေထွက်ငွေဝင် စာရင်းတင်လျက် တိုင်ပင်ပြီးညား ရပ်ရွာများက ဘုရားလူကြီး အသီးသီးတို့ စီးစီးစစ်စစ် မလစ်မဟင်း စာရင်းအင်းကို ရှင်းလင်းသတ်မှတ် ဦးနံပါတ်နှင့် ငွေအပ်ငွေထုတ် ဇယားလုပ်၍ ငွေချုပ် ငွေထိန်း စ,ခပ်သိမ်းကို မတိန်းစေနိုင် စာရင်းကိုင်က ခန့်ခိုင်မလိုက် စာရင်းစစ်နှင့် အမြစ်အရင်း အပြစ်ကင်းရန် ရှင်းလင်းစုံလင် မှတ်ပုံတင်လျက် တိုင်ပင်စီစစ် နှစ်ချုပ်စာရင်း ယုံမှားကင်းအောင် ရှင်းလင်းပြုလုပ် ပုံနှိပ်ထုတ်၏ ကရုတ်ကရက် ရှေးအထက်သို့ ယွက်ယွက်လျှော့လျှော့ ပေါ့ပေါ့စားစား မရှိညားဘဲ ပြည်သားပြည်သူ စိတ်ကြည်ဖြူ၍ အလှူတော်ငွေ ချီးမြှင့်သည်ကို ပျားရည်ဆိပ်ခတ် ထောပတ်စိန်ပါ မစားသာသို့ ပမာပုံထောက် ကြောက်ကြီးကြောက်၏ ချီးမြှောက်သမျှ ပဲမူးစကို တွက်စစုဆောင်း လူကြီးကောင်းတို့ ငွေပေါင်းရတနာ ထိုသပြာနှင့် လျော်ရာကိုလုပ် ခေါင်ချုပ် သူကြီး စီးစီးစစ်စစ် မလစ်ကြည့်ရှု အမှုကိစ္စ ရှိပြန်ကလည်း ဆောင်ကြသောသူ သဘောတူမှ ထုတ်ယူသုံးစွဲ ဤထုံးနည်း ဖြင့် အလွဲသုံးညား မပြုမှားဘဲ ဘုရားပူဇော် လူသူတော်တို့ အလှူတော်ငွေ ကျန်ရှိသည်ကို စစ်တွေနဂရ မြို့တော်သာ၌ ဘဏ္ဍာတော်သိုက် ငွေဘဏ်တိုက်တွင် မလစ်မဟင်း အပ်နှင်းသွင်းလျက် အရင်အပွား ဘုရားငွေပေါင်း တသောင်းနီးမျှ ခန့်မှန်းရ၏ ဂ,န မသိ လူဒိဋ္ဌိတို့ မိမိတမူ မကြည်ဖြူလည်း မလှူဘာသာ မနေပါဘဲ ပြည်ရွာနှံ့ပြား လူကောင်းများအား စကားကျိုးမဲ့ ဂုတ်ချိုးဖွဲ့လျက် မငဲ့မကွက် သဒ္ဓါပျက်အောင် ရှိုဝှက်သုံးစား မတရားဘဲ ဘုရားလူကြီး ငွေဖြုန်းတီးဟု မစီမစစ် ထိုလူမိုက်တို့ အပြစ်ဘွေရှာ အပါယ်ရွာကို ပတ္တရလိုက် သေသည့်ဖြစ်အံ့ စီစစ်ခွဲခြမ်း လူဟော့ရမ်းတို့ နှစ်လမ်း မရှိ ငါးဂတိတွင် ပြိတ္တာပြိတ္တာ ဘဝမှာတည်း များစွာထိုထို လူပုဂ္ဂိုလ်တို့ ကုသိုလ်စင်စစ် ကျိုးမဖြစ်လည်း အပြစ်ကိုဝယ် မရောက်စေနှင့် ရည်ရွယ်ချက်မှာ စေတနာကား မဟာရံဝိုင်း ဗိတာန်ဆိုင်းသို့ တံတိုင်းသတ်ရံ တချို့ကြံ၏ မြတ်မွန်ဓိပတိ တုမရှိလျှင် သီရိအသရေ ရှိပါစေဟု ရွှေသက်န်းမြတ် တချို့ကပ်အံ့ လျှပ်စစ်ဓာတ်မီး စေတီကြီး၌ ထွန်းညီးပြောင်လျှံ ပူဇော်ရန်လျှင် စီမံတချို့ မီးထွန်းတို့၌ ရွှေမြို့စစ်တွေ မှီချမ်းနေသည် သူကြွယ်သူဌေး အနည်းနည်းဖြင့် ငွေကြေးငါးရာ ရည်ရွယ်ကာဖြင့် စေတနာဗလဝ ငါးထောင်မျှလျှင် ရလောက်နိုင်ဘိ ရည်ရွယ်ရှိ၏ လက်ရှိကြေးငွေ မလိုချေတည်း ရင်းတည်တွက်စစ် တသောင်းဖြစ်က တနှစ်ငါးရာ ငွေသပြာကို လွယ်ကာနှစ်စိုင်ထုတ်သုံးနိုင်လိမ် ရခိုင်ပြည်သူ များရှင် လူတို့ အလှူဝတ္ထု တဦးဦးလျှင် ယခုဖြစ်နီး ပြောင်ပြောင်ညီးအောင် အကြီးအကျယ် မြင်ရမည်ကား ကြာမည်မုတ်ချ

မဟုတ်လှတည်း ထိုမှတရက် သတင်းကျွတ်နှင့် တာမြတ်သကြ်န် ခါချိန်တန်သော် စီမံခြင်းရာ နတ်ဆိပ်ရွာနှင့် ခေါ်ဝေါ် ရှေးဟောင်း ရေပေါက်ချောင်းက လူကောင်းများစွာ ပေါင်းသင်းကာဖြင့် မဟာစေတီ မဟေသီကို အညီရည်မှန်း မှီကာချမ်းသည် ရဟန်းလူရှင် သူတော်စင်တို့ အဌင်္ဂီက အင်ညီမျှအောင် သီလဆောက်တည် ဥပုသ်သည်နှင့် ပျို့ရွယ် ငယ်ကြီး အသီးသီးလျှင် ဝေးနီးဂါမ ရပ်ဌာနက မိန်းမယောကျ်ား လူအများတို့ ဘုရားဖူးရန် လာကြပြန်သော် ဖိတ်မံ လှူဒါန်းဆေးနှင့်ကွမ်းက ဆွမ်းပန်းကျွေးမွေး ဤအရေး၌ လေးလေးလံလံ ပေးလှူရန်လျှင် ဝန်ဆန်အများ ဘောဇဉ်ငါးနှင့် ထမ်းညားချီကာ ရွာကလာလျက် သေလာပေါ်ထက် ချီကာတက်သည် ရေခွက်ရေအိုး အမျိုးမျိုးလျှင် လူတို့ပရိက္ခရာ ကရိယာနှင့် စေတနာမှန် သဒ္ဓါသန်၍ အလွန်ဝန်လေး ကြံနိုင်ခဲလျက် ကျွေးမွေးသုံးရက် နေ့မပျက်ဘဲ တောင်ထက် တောင်အောက် အမြောက်အများ ရောက်သူအားလျှင် သုံးစားမကုန် ဝလောက်လုံအောင် ပြည့်စုံဤသို့ ရှိတုံမြို့၍ လူတို့သောင်းသဲ များမနဲဘဲ ရပ်ဝေးရပ်နီး အသီးသီးက ပုတီးဝတ်ဖြူ စွဲကာယူ၍ ကြည်ဖြူစေတနာ လာပြီးခါမှ သဗ္ဗာယသ အဟာရကြောင့် ကြောင့်ကြမရှိ သမာဓိနှင့် မိမိတရား ဖြိုးခြံငြားလျက် ဘုရားသိင်္ဂီ မွေသရီနှင့် စေတီရင်ပြင် ထက်ဝန်းကျင်၌ စည်ပင်ခြင်းရာ ဤနှစ်ရွာက အဟာရဓာတ် ထောက်ပင့်လတ်၍ မမွတ်မလျှား မခေါင်းပါးသည် ကြောင်းလျှားကိုထောက် နတ်ပြည်လှောက်ကို ရောက်ရုံမတန် ဆွမ်းကျိုးသန်သည်. . . ။ နိဗ္ဗာန်ကြောင်းလမ်း စောင်းတန်း တည်း။

နိဒါန်း။ ။ အောင်မြေဝသုန် အောင်ဇေယျုန်ဟု ရွှေဘုံဌာနေ ရခိုင်ပြည်၌ ကြီးကျယ်ခန်းနား အချုပ်အားဖြင့် ကိုယ်ပွားရတနာ မဟာမုနိ သီရိပဝရ အတုလထွတ်ထား ရွှေကိုယ်စားနှင့် ဘုရားရှင်ချစ် မွေတော်စစ်ဟု ဦးရာဇ်ရတနာ မဟာစေတီ သိင်္ဂီနှင့် စိန်ဝဇီရောင် ထိန်ထိန်ပြောင်လျက် အခေါင်အထွတ် အဖူးတတ်သို့ ပဗ္ဗတသီသာ တောင်သေလာ ထက် အချာတည်စိုက် တိမ်တရစ်မျှ မကိုင်မှီစွင့်စွင့် ရှုတိုင်းတင့်လျက် အမြင့်ဆောင်ကာ တောင်တရာထက် မဟာရွှေထီး ညီးညီးပြောင်ပြောင် အမြင့်ဆောင်လျက် အတောင်တွက်ရေ လေးဆယ်နှစ်နှင့် ဖြစ်သည်မှန်စွာ ပါးစတ္တာဖြင့် မြင့်ကာ စောက်ဆောင် တပြောင်ပြောင်နှင့် တောင်စေတီကြီး ရွှေထီးလည်းဆင့် မြင့်ထက်မြင့်လျက် တင့်ထက်တင့်တယ် ရွှေထက်ရွှေသို့ ဝေဝေမောက်မောက် ဝေဘူကျောက်နှင့် ငမောက်ပတ္တမြား နေရထားထက် ဘုရားရှင်ဓာတ် လွန်တင့်အပ် သား မြင့်မြတ်တုံမြို့ ဂုဏ်မချို့သည် ငါတို့ပြည်ရွာ တိုင်းရက္ခာ၏ မင်္ဂလာကြက်သရေ အံ့ရှစ်မည်နှင့် ကြီးကျယ်မြင်မြတ် အထုပ္ပတ်ကို ဘတ်ရွတ်စေငှါ စပ်ဆိုရာ၌ လင်္ကာပရိယာယ် ချီးကာချယ်၍ ဆိုသည်မုတ်ချ မဟုတ်လှတည်း ဒိဋ္ဌမျက်မြင် ဤချင်းအင်တို့ အထင်အရှား သို့ဖြစ်ငြား၍ ဝေးခြားပြည်ရွာ လူတကာတို့ ကြားကာဝမ်းမြောက် ချမျက်မှောက်တွင် မရောက်ဘူးအင် မမြင်ခဲ့ဘူး စေတီထူးကို ရည်စူးစိတ်က ဥဿုနှင့် ဖူးရစေငှါး လူတကာတို့ တခါတခေါက် လာကာရောက် က အံ့လောက်ထင်ရှား အင်ရှစ်ပါးနှင့် ဘုရားစေတီ မဟေသီအား မြှောက်ချီးလည်းပြု လှူကောင်းမှုဟု ဝတ္ထုပရိကံ ရှိခြင်းဟန်ကို ပြည္ဆန်ထိုထို စာအဆိုနှင့် မပိုမနဲ မလွဲဇကော် ထူးကဲဟန်ကို ဖူးရန်လာက ရှုမြင်ရ၍ သောမနပီတိ ဝါဆီ ထိသို့ ရှိတုံရွှင်မြူး အကျိုးထူးကို ဖူးသူဟူသမျှ ခံစားရမည် သို့ဖြစ်သည်ကြောင့် ကြီးငယ်မဟူ ရွှေပြည်သူတို့ ကြည်ဖြူ ရွှင်လန်း ဆရာထွန်းလျှင် တိုက်တွန်းခြင်းရာ ဤသည်စာကို ကြားနာကြညား ဩော်-လူများတို့ ဘုရားဖူးကာ တရားနာ လျက် လှူဒါဝတ္ထု တခုခုလျှင် မြတ်ကုသလ ပြုပါကြလော ဒါနဟုဆို လှူကုသိုလ်ကား မင်္ဂဖိုလ်တိုင်အောင် ထောက်ပင့် ဆောင်လည်း အားထောင်အားထား မကိုးစားသာ အကြောင်းရှာသော် ပါယ်ရွာတံခါး မပိတ်ညားတည်း စဉ်းစားမြော်ချင့် အလျှော်သင့်လျှင် ကိုယ်ကျင့်တရား ယွင်းမမှားအောင် သုံးပါးနှုတ်ကိုယ် စိတ်ဟုဆိုသား ဖရိုဖရဲ မကြဲစေရ ကွပ်ဆုံးမ ၍ သီလသတင်း ညီမျှခြင်းသာ လိုရင်းကြီးမှတ် အပြီးသတ်လျက် လူနတ်နိဗ္ဗန် သုံးတန်တံခါး ပွင့်တုံငြား၍ လေးပါးအပါ ယေ အပါယ်တံခါး ပိတ်တုံငြားလျက် အားကိုးနိုင်မည် သို့ဖြစ်သည်ကြောင့် ယုံကြည်အားရ စိတ်လက်ချ၍ ဒါနရင်းခံ သီလကံကို ဖြိုးခြံကြပါ ကျင့်သိက္ခာသာ ပါဏာဒိပါတ် သက်သတ်ခိုးခြင်း မှားယွင်းအိပ်ရာ သေစာသောက်စား မုသားမဆို အကုသိုလ်လျှင် ကိုယ်တွင်မကပ် ကုသိုလ်ဓာတ်သာ ဥပါဒ်တော့သည် သို့ဖြစ်ပေ၍ ကြီးငယ်ခပင်း ကြော် အချင်းတို့ ဝါတွင်းဝါပ အဌင်္ဂကို နိစ္စမကွာ ဆောက်တည်ပါက ပါယ်ရွာကင်းလွတ် ရှင်းရှင်းပြတ်လျက် လူနတ်နိဗ္ဗာန် ရောက်မည်မှန် ဟု ကျမ်းဂန်အရ လမ်းညွှန်၏ များလှရှင်လူ အကြင်သူတို့ စင်ဖြူသီလ မကျင့်ကြဘဲ ဒါနပျိုးပြန် အကျိုးကံကြောင့် မိုးယံနတ်ပြည် ငါစံမည်ဟု မရည်အပ်ရာ ဥထံမှာ၌ မကြာလွယ်ကူ ပေါက်မည်ဟူလည်း အဖြူအမဲ သိနိုင်ခဲသား ဖွဲနု ဖျင်းခွံ ရောသောဆန်သို့ မစံစားသာ သီလပါမှ ပမာပုံထောက် အားကိုးလောက်လျက် ဆင်ပေါက်စွယ်စုံ အားကိုယုံသို့ ပြည့်စုံနိုင်ရာ ဘာဝနာကား ပညာသမာဓိ နှစ်လမ်းရှိ၏ မိမိလိုရာ ဆင်ခြင်ကာဖြင့် အင်္ဂါညီညွတ် ပေါက်နိုင်တတ်မူ ဆိုအပ်စရာ မရှိပါလည်း ပါယ်ရွာစာရင်း လွတ်ကင်းရည်စူး စေတီထူးကို ဖူးလာကြပါ ထွန်းဆရာလျှင် ညွှန်းကာစီကုံး

ဤစာထုံးကို နှလုံးတိုက်တွင် ထားစေချင်သည်. . .။ နိသင်အကျိုးဖွန့်ဖြိုးတည်း။

## ရပ်ရွာ၏ အဘွားပွတ္တိနှင့် နိဂုံးချုပ်

မြကျွန်းသပြေ မြရောင်ဝေသား မြရည်ရွှမ်းစို မြရိပ်ခိုသည် မြလိုပြောင်ရွှမ်း မြရည်စမ်းသို့ မြပန်းမင်္ဂလာ မြပမာလျှင် ရတနာမြရောင် စိမ်းမြပြောင်သည် ဘုံဆောင်မြနန်း မြကြွင့်နန်းနှင့် တောက်ထွန်းမြကျောက် မြခုံလောက်လျှင် ဆောက်စိုက်ကျမ်းခိုင် သုံးလုံးတိုင်ထက် မဏ္ဍိုင်ဗဟို လေးရောင်စိုသား မြင့်မိုရ်လကျာ ဒက္ခိဏာဟု ငါးရာဒီပ ရံထ, ပတ်ဝန်းသပြေကျွန်းထက် ရွှေနန်းလည်းတည် ရွှေပြည်လည်းချ တိုင်းရက္ခဟု ဓညဝတီပြည်ဌာနီ၌ နဒီမြစ်မ မှိုင်းမြမြနှင့် ရဇ္ဇုဘကမ်းခြေ ပစ္ဆိမေတွင် နယ်ပယ်ကျယ်ဝန်း ဓာတ်ရောင်ထွန်းသား ကျွန်းဦးရာဇ်တောင်တပြောင်ပြောင်နှင့် ဘုန်းခေါင်မြတ်စွာ သာသနာလည်း သာယာပြောကျယ် အလွန်စည်ကား ရွာငယ်ရွာကြီး အသီးသီးတွင် ဝေးနီးကြော်ငြာ တန်းခိုးရွာဟု ခေါ်ဝါတုံဘိ ထုပ္ပတ္တိကို သိသိသာသာ စီစစ်ရှာသော် ရွာတည်စဦး ပကတူးက ညွှန်ဖူးညိုလွင် ထမ်းကိုးပင် လျှင် ထင်ထင်ရှားရှား ရှိတုံငြား၍ အများလူတကာ ထမ်းကိုးရွာဟု ခေါ်ဝေါ်တုံငြား ကာလလျားသော် စကားရွေ့တိုး ရွာထန်းကိုးကို တန်းခိုးသညာ ရွေ့ပြောင်းကာဖြင့် ခေါ်ဝါကြကြောင်း လူအပေါင်းတွင် သူဟောင်းပြောဟန် အနေကံနှင့် ဇကံသရုပ် ဟုတ်,မဟုတ်ကို ကျွန်ုပ်သိလို သက်ကြီးအိုအား မေးဆိုစူးစမ်း ရွက်ထက်ဝန်း၌ ထန်းပင်ကိုထား ထန်းငုတ်များ မှ ထင်ရှားတထူး မတွေ့ဘူးဟု အထူးအထွေ ပြောတုံလေက ရွာတည်စတွင် ထန်းကိုးပင်လျှင် မထင်မရှား သို့ဖြစ်ငြား၍ တခြားနည်းနာ စူးစမ်းရှာသော် ရက္ခာပူရ သမုတ်ကြသည် ဓညဝတီ တို့ဌာနီကို ရာပသိန်သတ် တိုက်တုံလတ်က စစ်ကွပ်စစ်ဗိုလ် တန့်ရပ်ခိုလျက် ဗဟိုနေထွက် တပ်မော်ဘက်သို့ ကူးလျက်သွားကာ ထိုနေရာ၌ များစွာစစ်ဗိုလ် တန့်ခိုခဲ့ရာ လက္ခဏာကြောင့် ရပ်ရွာတည်ချ ထို့ဌာနကို လောကဝေါဟာ တန့်ခိုရွာဟု ခေါ်ဝါအစ ခုကာလမှ ဝါဒလွှဲကာ တန်းခိုးရွာဟု အက္ခရာနဲငယ် လွှဲပြောင်းသည်ကို ရှာဘွေစီစစ် အောက်မြစ်ရွှေ့ပေါက် ဤမျှလောက်သာ ရွှေ့နောက် စကား ကွဲပြားငြား၏ ဘုရားလှူထွတ် ဦးရာဇ်ဓာတ်လျှင် ကိန်းဝပ်ကာနေ ထိုတောင်ခြေက စနေဂြိုဟ်စောင့် နောက် တောင်ထောင့်ဝယ် ဖြောင့်ဖြောင့်ခရီး ဝေးနီကိုထောက် ငါးမိုင်လောက်တွင် အနောက်မျက်နှာ ဆီး၍ကာသား သေလာ ညိုမှောင် နိုင်ငံတောင်၏ မြိုင်ချောင်တန်ဆူး နှာမောင်းဆုံးတွင် အုံးအုံးရိပ်မြိုင် ခက်ချင်းဆိုင်လျက် ပင်စိုင်ဝေမောက် တောင်မြောက်အလျား ရွာတည်ထားလျက် နေညားအုပ်ကျက် ကျေးငှက်ပျံ့ဝဲ ပြိန္နဲသရက် ရောထွေးရှက်သား အထက် ရှေးဝယ် ရပ်ရွာတည်သည် အခြေလည်းကျ မြေလည်းလှလျက် ဒေသရပ်ရွာ လက္ခဏာနှင့် အင်္ဂါညီညွတ် မြေသမတ်၌ နေရပ်စုဝေး စီးပွားရေးတွင် ကျွဲနှင့်ကားနွား စပါးနှင့်လယ် လှေနှင့်ကားချောင်း ကျောင်းနှင့်သင်္ဃာ ကြာနှင့်ရေကန် တံခွန်ကုက္ကား ဘုရားနှင့်ဂူ တို့ရပ်သူတို့ လူနှင့်စရပ် မဏ္ဍာပ်နှင့်ပွဲ ခါမစဲဘဲ စာပွဲသဘင် ပျော်ပွဲဆင်လျက် အားအင် လက္ခဏာ အိမ်ခြေမှာကား တရာကျော်မြောက် နှစ်ရာအောက်တည်း အထော်အထား လောကီအားဖြင့် စီးပွားချမ်းသာ သက်မွေးရှာသည် လယ်ယာအလုပ် ဇောမယုတ်ဘဲ လောကုတ္တရာ အားထုတ်ခါလျှင် ရတနာသုံးပါး နှလုံးထားနှင့် ဘုရား,တရား,သင်္ဃာ ရတနာဂုဏ်ကြီး သုံးပါးမီကို ညီးညီးမိုးကာ တန်းခိုးရွာဝယ် ခေါ်ဝါခွဲခြမ်း အလယ်တန်း၌ မှီချမ်း ဉာတိ ဘနှင့်မိတို့ ဇာတိဝံသ ဗုဒ္ဓဘာသာ မြန်မာနွယ်ရိုး ရခိုင်မျိုးတည်း မညိုးမသုံ ဘမိဂုဏ်ကြောင့် လောက်လုံပညာ ဆည်းဘူးရှာလျက် မာခိန္ဒာဌ ဒသက-က စ၍ထိုးထွင် အကျိုးထင်အောင် စာသင်စာဟော စာပြောစာစီ စာကိုမှီ၍ လောကီဘာသာ ဓမ္မတာဖြင့် သမာဇီဝ ကျင့်သီလနှင့် ညီမျှစေရေး ဝမ်းကိုကျွေးလျက် သက်မွေးချမ်းသာ လမ်းကိုရှာ၏ သံသရာဝန်လေး အကြွေးမတင် သန့်ရှင်းစင်အောင် သုတ်သင်စေငှါ ဤသည်စာကို ဆရာကျွန်ုပ် စီကုံးလုပ်သည်. . . ဖုန်းအုပ်အောင်မြင်နီး၏တည်း။

ဇမ္ဗူဒီပါ မြရောင်ဖြာသား လကျာတောင်ခွင် မြေအပြင်၌ ပြည်ခွင်အပေါင်း ထွက်စစ်ရှောင်းက ရှစ်သောင်း လေးထောင်များမြောင်ဌာနီ အပြည်ပြည်တွင် အမည်နာမ တည်ကာချသည် ရဋ္ဌသမိုင်း ဝေမှိုင်းမှိုင်းနှင့် တိုင်းဝိဟိဂ် အမည်နာမ တည်ကာချသည် ရဋ္ဌသမိုင်းဝေမှိုင်းမှိုင်းနှင့် တိုင်းဝိဟိဂ် အမည်ရသည် ဓညဝတီပြည်ဌာနီဟု သာကီမျိုး ကောင်း မင်းအလောင်းနှင့် မင်းပေါင်းတကာ ပျော်စံရာသား အောင်ချာဌာနီ ရခိုင်ပြည်တွင် ကြီးကျယ်ခန်းနား အထွတ်ထားသည် ဘုရားစေတီ ရွှေသိင်္ဂီနှင့်လောကီလှူဘောင် ဦးရာဇ်တောင်ဟု ဓာတ်ရောင်ထွန်းကာ ကျွန်းဒီပါတွင် ကျော်ညာဟိုးဟိုး ရွာတန်းခိုးနှင့် ကောင်းကျိုးချမ်းသာ လမ်းနှစ်ဖြာကို ဘွေရှာကြိုးပန်း ဆရာထွန်းဟု ခေါ်ညွှန်းသမုတ် အကျွန်ုပ်သည် စာလုပ်ဆရာ ငယ်ခါကစ မိဘဘိုးဘွား ဆွေမျိုးများတို့ ထားသည်နာမည် တွင်ခေါ်သည်ကို သိစေခြင်းငှါ

ရှေးဆရာတို့ နည်းနာအရ ဘော်ထုတ်ပြအံ့ အစအဆုံး သုံးဆယ်သုံးတွင် သုံးလုံးသော၀ နေရာကျလျှင် ပူးတိုင်ပင်၍ ထိုပြင်ဒဏ္ဍစ ပဉ္စမကို ဇဂ္ဂဆင့် ထက်ကလွှင့်လျက် ပုလဲပွင့်ဟန် ဒွေးဖြင့်ရံမှ ဌာန်ဩဠှစ ဒုတိယတွင် ရကိုကပ်ကျင် ဂုရုထင်အောင် အငင်ပြုလုပ် အကျွန်ုပ်၏ နာမ်ပုဒ်အမည် ထင်ရှားပေလိမ့် ဤသည်လင်္ကာ သမိုင်းစာကို ရာဇပုံရာဇ ၀င် မဟာ၀င်က ဗေဒင်ပိဋကပ် အရပ်ရပ်နှင့် ညီညွတ်စုံလင် မဆန့်ကျင်အောင် စီရင်နိုင်းညှိ ပညာရှိတို့ နှစ်သိန့်စေရန် ညှိ၀ေဘန်လျက် စီမံပြုလုပ် အကျွန်ုပ်လျှင် အအုပ်အခံ ဟုတ်အမှန်ဖြင့် ကာရံစပ်အပ် မစပ်အပ်နှင့် သတ်ညွှန်းသတ်ပုံ တော်သင့်ရုံလျှင် ပြည့်စုံစေငှါ ဤသည်စာတွင် သုဘာသိတ ပိယ၀ါစာ သစ္စာမချွတ် ဓမ္မ၀တ်နှင့် ညီညွတ်အောင်သာ စီရင်ပါ၏ တဖြာထိုမှ ခဲယဉ်းလှသား ပဒ၀ါကျ ပဒတ္ထနှင့် ဒေါသအပြစ် ရွေးချယ်စစ်က ရှစ်နှင့်ကိုးခု ခြောက်တွယ်စုသား ဂိုဏ်းဟုမည်ရ ပါသဒနှင့်ဒီဃရသ အစစတို့ ညီမျှစေရန် ဌာန်နှင့်ကရိုဏ်း ဂိုဏ်းနှင့်နက္ခတ် ဓာတ်နှင့်ပစ္စည်း သမာသ်တွဲ လျက် ညသ်နည်း၀ေဘန် လိင်အ၀ေဝုတ် မုတ်ချဉပဇာ အဖြာဖြာဖြင့် ပသာဒဩဇာ မဓူရက အဋ္ဌဗျတ္တိ သမာဓိသီလေသ ဂုဏဆယ်ပါး များပြားကျယ်၀န်း အခန်းခန်းတည်း အညွှန်းဥပဒေ အထွေထွေကို ၀ေ၀ေဘန်ဘန် ဂ၀ေဉာဏ်ဖြင့် ကြေပွန်တတ်သိ ပညာရှိဟု ကဝိတဆူ ပြုလုပ်သူတို့ ကျွန်မူဆင်ခြင် ပြုစီရင်သည် ဤလင်္ကာရ ဇ၀နတွင် အစအဆုံး တစောင်လုံးကို သုံးသပ်ဆင်ခြင် မြော်မြင်ချင့်ထောက် သင့်လျော်လောက်အောင် ရှေ့နောက်စကား အထားအသို အဆိုအမြွက် အဆက်အဟပ် အစပ်အဆော် လျော်-မလျော်ကို မြော်ခေါ်ချင့်ချိန် ဉာဏ်ကဒိန်နှင့် ရေတိမ်ရေနက် ချိန်ကာစက်သို့ ထက်မျက်ပညာ ကျွန့်ထက်သာသည် ဆရာမြတ်မွန် ပညာ၀န်တို့ လွန်သော်ကန္တုတ် ထံသော်ချုပ်၍ ယုတ်သော်တဘန် ဖြည့်လောင်းမံလော အကျွန်ကြည်နု တောင်းပန်ပြု၏ ဗဟုဇနာ လူတကာတွင် ပညာနဲပါး အချို့များ တို့ နားမှမလယ် အဓိပ္ပါယ်ကို ရိပ်ခြေနိုင်းညှိ တပိုင်းသိနှင့် မိမိစိတ်တွင် ပြုပြင်ချင်၍ ထိုမှတဖြာ ကရိယာ ခြောက်ဆယ် အသွယ်သွယ်ကို ခွဲ၀ေပိုင်းခြား ခြောက်ပါးအစပ် အသတ်ခြောက်နည်း ကိုယ့်ဉာဏ်တည်း၌ အမည်းအဖြူ မသိမူဘဲ အယူမှော်မှား ပြုပြင်ညားက အလားဥပမေ ပရိယာယ်နှင့် ထိုင်နေတုံညား အတော်သားကို ထသွားချေမိ ကျိုးမှန်းသိသို့ မိမိအားခွန် မစွမ်းသန်ဘဲ ကန်ကာအားကျိုး စွမ်းကုန်တိုးလည်း ခြေကျိုးလူနာ နေရာမကျ ပမာဏသို့ ရှိကြလိမ့်မည် သို့ဖြစ်ပေ၍ ဤသည်လင်္ကာ သမိုင်းစာကို တိုင်းထွာဆင်ခြင် ပြုစီရင်သည် မျက်မြင်ထင်ရှား ဖြစ်ခဲ့ညား၍ စကားမပို စုဆိုမစိုက် တိုက်ရိုက်မှန်ကန် စပ်ကာရံဖြင့် ပစ္စုပ္ပန်မျက်မှောက် ဤမျှလောက်သာ နောက်နောင်ကြာလတ် အနာဂါတ်ကို စာစပ်ခြင်းငှါ မသင့်ရာတည်း ဤစာပြုရ ကုသလကြောင့် ဗုဒ္ဓသာသနာ စည်ပင်သာလျက် ရောင်၀ါပွင့်လင်း တ၀င်း၀င်း ဖြင့် မင်းနှင့်ပြည်သူ စိတ်ကြည်ဖြူ၍ တအူဖြောင့်ဖြောင့် ကိုယ်စောင့်တရား သဘောထားနှင့် အများသတ္တ၀ါ ဘေးကျမ်း ကွာလျက် ချမ်းသာသုခ ကုသလကြောင့် ရကြပါစေ ပန်ဆုရည်၏ ပြုသည်ကုသလ ဤပုညကို မိဘဆရာ ညာတကာနှင့် သုံးရွာဘုံဆူ အမျှယူလော ကြည်ဖြူစိတ်သန် မိမိဉာဏ်ဖြင့် စီမံပြုလုပ် အကျွန်ုပ်လည်း အားထုတ်လုံ့လ ဝိရိယနှင့် ဓမ္မစေတီ ပါရမီကြောင့် ဤသာသနာ အတွင်းမှာ၌ ဝိဇ္ဇာစရဏ သမ္ပန္နနှင့် ညီမျှသည်ကို ဖြစ်ရလို၏ သံချိုသာယာ ပျို့ကဗျာဖြင့် မြတ်စွာသုံးလူ့ ဂုဏ်ကျေးဇူးနှင့် ဓာတုတော်စစ် တုမကိုင်္ဃသို့ ဦးရာဇ်ရတနာ သမိုင်းစာကို ဇေယျချီးကျူ စီကုံးပြုသည် ခုသက္ကရာဇ် တစ်,စ,ကိုး,သုံး လူတို့ထုံးဖြင့် လေးလုံးဂဏ စဉ်သင့်ချလော မာသမှာတုံ ညို့မှိုင်းအုံနှင့် ပစ္စုန်ရွှေမိုယ်း စွေဖြိုးရွာသွန်း ဒွေး၀ါသန်ဟု ကံနှင့်ဒွါရ ကွဲပြားကြလျက် သမဏဇာတ် ရဟန်းမြတ်တို့ ၀ါကပ်၀ါဆို အလိုဆန္ဒမသမဘဲ ဒွိဟကွဲပြား နှစ်မျိုးခြားလျက် မိုယ်းသားပစ္စုန် မြူးပျော်ခုန်သည် မေထုံကရကင်္ဃနှစ်တိထိဆဲ့သုံး စီကာဆုံးသည်. . . .။ နိဂုံးခါးပတ် သတ်၏တည်း။

## ဆရာထွန်း ကမ္ဘဋ္ဌာန်း သံပေါက်

### (ဇရာခဏ်း)

(မှတ်ချက်။ ။ဇာတိ,ဇရာ,မရဏ စသည် ကမ္ဘဋ္ဌာန်းသံပေါက်များကို စာအုပ်ငယ်တစ်ခု ပြုလုပ်နိုင်ပါသော်လည်း မပြုလုပ်ဘဲ သက္ကာယသတ်ခန်း ကမ္ဘဋ္ဌာန်းကို အရိန္ဒမာ လင်္ကာတွင်၎င်း၊ ဇာတိပဋိသန္ဓေနေခန်း ကမ္ဘဋ္ဌာန်းကို မဟာမြတ်မုနိသမိုင်းတွင်၎င်း၊ ဇရာ၏အခန်းကို ဤစာအုပ်တွင်၎င်း၊ ယခုမျက်မြင်ထင်ရှား ဘုရားဟောအရ နှစ်ပါးနှိုင်းဆ၍ အသီးအသီး ခွဲခြမ်း၍ ထည့်သွင်းဖော်ပြလိုက်ပါသည်။)

၁။ ဇာတိနောက်မှ၊ ဇရာကျ၊ ဘော်ပြသံပေါက်စီ။
၂။ ခန္ဓာအကြောင်း၊ ပညာလောင်း၊ အပေါင်းသုခမိန်။
၃။ သူငါကစ၊ ဟူသမျှ၊ မူလမတူပြီ။
၄။ တနေ့ထက်ကား၊ တနေ့လျှား၊ ရွေ့လျားလာခဲ့ပြီ။
၅။ မယားကိုကျွေး၊ သားကိုမွေး၊ ဆင်းရဲများလှပြီ။
၆။ ခန္ဓာကာယ၊ ဇရာကျ၊ ယိုလျော့အားခွန်ပိန်။
၇။ ကာယဟုဆို၊ ငါ၏ကိုယ်၊ အိုပြန်ရလေပြီ။
၈။ တနေ့တနေ့၊ တရွေ့ရွေ့၊ ရှေ့ကိုမဗျိုပြီ။
၉။ အရိုးခေါခေါ၊ အကြောင်ပြိုင်းပြိုင်း၊ ခါးကိုင်းကိုင်း၊ နားထိုင်း မျက်စိသီ။
၁၀။ ဆံဖြူသွားကျိုး၊ အဘိုးမတန်၊ ငါ့ရုပ်နာမ်၊ ရွံဘွယ်ကောင်းလှပြီ။
၁၁။ သားရေပိန်ကြုံ၊ အားခွန်ကုန်၊ လူပုံမပေါက်ပြီ။
၁၂။ လူပုံမပေါက်၊ ဂုဏ်မရောက်၊ တောမျောက်ပုံအညီ။
၁၃။ တောမျောက်အယောင်၊ ပါးပြိုးပြောင်၊ မျက်ချောက်စောက်လှပြီ။
၁၄။ မျက်ချောက်စောက်စောက်၊ နှာရောင်ကောက်၊ ချိန့်ချောက်ပေါ်ခဲ့ပြီ။
၁၅။ ချိန့်ချောက်မြင့်နိမ့်၊ မရှုချိ၊ မျက်စိမှုံသီသီ။
၁၆။ အထအထိုင်၊ ယိမ်းကာယိုင်၊ မိန်းမှိုင်ရှိခဲ့ပြီ။
၁၇။ သွားလာလိုချင်၊ ခြေကိုင်င်၊ လျင်လျင်မရပြီ။
၁၈။ တောင်ဝေးထောက်ကန်၊ ခြေဆွံ့ဆွံ့၊ ချွန်ကာလဲခဲ့ပြီ။
၁၉။ ကာယဟုဆို၊ ငါ၏ကိုယ်၊ လဲပြိုမတတ်ပြီ။
၂၀။ လဲပြိုမတတ်၊ ကိုယ်ကိုမတ်၊ မရပ်နိုင်ခဲ့ပြီ။
၂၁။ နဖူးပါးပြင်၊ ကြောနှင့်ရင်၊ မှင်သံမရှိပြီ။
၂၂။ အသွေးအသား၊ ခမ်းခြောက်ညား၊ စာသောက်မဝင်ပြီ။
၂၃။ ရသာချိုပျား၊ သုံးဆောင်ညား၊ ချဉ်ခါးမသိပြီ။
၂၄။ ချဉ်ခါးတစိ၊ စားမသိ၊ မရှိသွားဒတ္တာ။
၂၅။ သွားအေးသွားနာ၊ မစားသာ၊ များစွာကိုက်ခဲပြီ။
၂၆။ နာကြင်ကိုက်ခဲ၊ တအေးအေး၊ ဆင်းရဲများလှပြီ။
၂၇။ သွားတချောင်းပြုတ်၊ နှစ်ချောင်းလှုပ်၊ အနှုတ်ခက်တော့သည်။
၂၈။ လှုပ်တကြွက်ကြွက်၊ မနှုတ်ရက်၊ ပြုတ်ထွက်လှုခဲ့ပြီ။
၂၉။ သေသာသေချင်၊ မအိုချင်၊ အရှင်ဒုက္ခများလှပြီ။
၃၀။ ပျို့ရွယ်တုံးက၊ ငါ့ကာယ၊ အိုရမထင်ပြီ။
၃၁။ ယခုခါပ၊ အိုပြီးမှ၊ ဟီးချမှိုင်တော့သည်။
၃၂။ သုံးရာစုဆောင်း၊ အရိုးပေါင်း၊ ထင်းချောင်းပုံအညီ။

၃၃။ အသွေးခမ်းခြောက်၊ ဝမ်းနှစ်ခေါက်၊ ဒူးကောက်ခြေသိန်သိန်။
၃၄။ အသားပြောင်ပြိုက်၊ အထိုက်ထိုက်၊ ဆစ်မျက်ပေါ်ခဲ့ပြီ။
၃၅။ အကြောတွန့်ခွေ၊ အရေတွန့်လိပ်၊ မုတ်ဆိတ်ဆံမူ၊ အလွန်ဖြူ၊ ရွံသူများလှပြီ။
၃၆။ စီးပွားဉစ္စာ၊ ငွေသပြာ၊ ဘွေရှာမတတ်ပြီ။
၃၇။ သားမယားလုံး၊ အကုန်မုန်း၊ အသုံးမကျပြီ။
၃၈။ သားမယားပင်၊ မကျွေးချင်၊ ဆဲနှင်ကြလေပြီ။
၃၉။ ကျင်ငယ်ကျင်ကြီး၊ ထွက်ယိုစီး၊ ထိန်းသိမ်းမနိုင်ပြီ။
၄၀။ ရှက်ကြောက်စရာ၊ ငါ့ခန္ဓာ၊ ရွံရှာစက်ဆုတ်ပြီ။
၄၁။ ရွံရှာစက်ဆုတ်၊ ခန္ဓာရုပ်၊ သိုးပုပ်နံဟောင်ညှီ။
၄၂။ စက်ဆုတ်ဘွယ်ပင်၊ မသေခင်၊ အမြင်ဆိုးလှပြီ။
၄၃။ အမြင်ဆိုးလှ၊ ကိုးဒွါရ၊ ယိုကျတစီစီ။
၄၄။ ရုပ်နာမ်တွယ်ကျင်၊ မသေခင်၊ အရှင်ပုတ်တော့သည်။
၄၅။ အရှင်ပုပ်သိုး၊ အမြင်ဆိုး၊ မြတ်နိုးမအပ်ပြီ။
၄၆။ မြတ်နိုးတစစ်၊ ဘိုးမထစ်၊ ဆိုးညစ်ခန္ဓာအိမ်။
၄၇။ သေမင်းတံခွန်၊ ငါ့သီသံ၊ အလံထူစိုက်ပြီ။
၄၈။ တံခွန်အတူ၊ အလံဖြူ၊ စိုက်ထူလွှင့်လေပြီ။
၄၉။ မရဏမင်း၊ သေစာရင်း၊ တင်သွင်းရှိလေပြီ။
၅၀။ စာရင်းသွင်းသွတ်။ ငြမ်းမလွတ်။ သတ်ချိန်နီးခဲ့ပြီ။
၅၁။ အလျားတလံ။ အနံတတွာ။ အကာအတိ၊ နှစ်မရှိ။ ညစ်ကျိုင့်ါကာယိန်။

**ဇရာဒုက္ခအကြောင်း ကမ္ဗဋ္ဌာန်း သံပေါက်ပြီးပြီ။**

**ပြီးပြီ။**